www.burmeseclassic.com

# ပုံပြ

# ကုန်းဘောင်ပြပွဲတော်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ညိုမြ

(၁၀ ဧပြီ ၁၉၁၄– ၂၉ စက်တင်ဘာ ၁၉၈၅)

မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်မြို့ သောတာပန်ရွာ၌ အဖ မင်းတိုင်ပင် အမတ် တီပီအက်စ်ဘွဲ့ရ အမိန့်တော်ရ ရှေ့နေ ဦးသာဇံ၊ အမိ ဒေါ်အုံ့(ဒေါ်ရွှေအုံ့) တို့က ၁၉၁၄ ခုနှစ် ဧပြီလ ၁၀ ရက် သောကြာနေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးသိန်းတင် ဖြစ်သော်လည်း ကလောင်အမည် **ညိုမြ**သည်ပင် အမည်ရင်းကဲ့သို့ တွင်သည်။

ရွှေကူရွာ ဆရာလှိုင်၏ မူလတန်းကျောင်း၊ ကြက်သွန်ဈေးရွာ ဆရာတော် ဦးဉာဏကျောင်းတို့တွင် စတင် ပညာသင်ခဲ့၏။ ၁၉၂၁ ခုနှစ်တွင် မုံရွာမြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်း (အထက–၁)၌ မူလတန်းပညာကို တတိယတန်း အောင်သည်အထိ ဆည်းပူးသည်။ ၁၉၂၃ ခုနှစ်တွင် မန္တလေး ကယ်လီကျောင်းသို့ ပြောင်းသည်။ ထိုကျောင်းတွင် သတ္တမတန်း အောင်မြင်သည်ထိ နေခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် မုံရွာမြို့ ဗုဒ္ဓဘာသာ အထက်တန်းကျောင်း၌ အဋ္ဌမတန်းမှ ဒသမတန်းထိ ဆက်လက်ပညာသင်ခဲ့ရာ ၁၉၃၂ ခုနှစ်တွင် ဆယ်တန်းအောင်သည်။ ၁၉၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက် ပညာသင်သည်။ ၁၉၃၈ ခုနှစ်တွင် ဝိဇ္ဇာ(အင်္ဂလိပ်စာ ဂုဏ်ထူးတန်း)ဘွဲ့ ရခဲ့သည်။ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၈ ရက် နေ့တွင် အင်္ဂလန်နိုင်ငံသို့ သတင်းစာပညာအတွက် ပညာတော်သင် သွားရောက်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြောင့် အင်္ဂလန် တက္ကသိုလ်များ ပိတ်ထားသဖြင့် အမေရိကန်ပြည်ထောင်စု အီဗာဆင်မြို့ရှိ နော့သ်ဝက်စတင်း တက္ကသိုလ်တွင် သတင်းစာပညာ သင်ယူခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် မဟာသိပ္ပံ (သတင်းစာပညာ)ဘွဲ့ ရခဲ့သည်။

၁၉၃၅–၃၈ ခုနှစ်များတွင် ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ လုပ်သည်။ အမေရိကန်ပြည်ထောင်စု ယေးတက္ကသိုလ် အရှေ့ပိုင်းဌာန မြန်မာစာ နည်းပြဆရာ၊ စစ်သတင်း မြန်မာလို ထုတ်လွှင့်သူ၊ မြန်မာသတင်းစဉ် ထုတ်ဝေသူ(၁၉၄၂–၄၃)၊ ဝါရှင်တန်ဒီစီ မြန်မာ့ရေးရာ အကြံပေးပုဂ္ဂိုလ်(၁၉၄၃–၄၄)၊ အိန္ဒိယပြည် အာသံပြည်နယ် လီဒိုမြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ စိတ်ဓာတ်စစ်ဆင်ရေးဌာန အကြီးအကဲ(၁၉၄၄–၄၅) အဖြစ် အမှုထမ်းခဲ့ပြီး အမှုထမ်းလောကမှ အပြီးအပိုင် နုတ်ထွက်ခဲ့သည်။ မြန်မာပြည် ပြန်ရောက်ပြီးနောက် ၁၉၄၆ ခုနှစ်တွင် အိုးဝေသတင်းစာ ထူထောင်ခဲ့သည်။ ၁ ဖေဖော်ဝါရီ ၁၉၄၇ ခုနှစ်တွင် ဒေါ်ခင်သန်းနွယ်နှင့် လက်ထပ်သည်။ ၁၉၅၃ ခုနှစ်တွင် အင်္ဂလန်၊ ဂျာမနီ၊ ယူဂိုစလားဗီးယား၊ ၁၉၅၄ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် စင်ကာပူ၊ ၁၉၅၅ ခုနှစ်တွင် မာလာယု၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့ သွားရောက်ခဲ့သည်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ(၁၉၅၇–၅၈)၊ မုံရွာမြို့နယ် ပါလီမန် လွှတ်တော်အမတ်(၁၉၆၀) အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၈–၁၉၇၄ ခုနှစ်များတွင် အိုးဝေဂျာနယ်ကို ထုတ်ဝေခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ချီးမြှင့်ခံရသည်။

၁၉၃၃ ခုနှစ် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည့်အချိန်မှစ၍ "ညိုမြ" ကလောင်အမည် ခံယူကာ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ ဂန္ထလောက မဂ္ဂဇင်းတို့တွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေးများ ရေးခဲ့သည်။ ၁၉၃၅–၃၆ ခုနှစ် ဇန်နဝါရီလ အိုးဝေမဂ္ဂဇင်းတွင် ပါရှိသည့် "ငရဲခွေးကြီး လွှတ်လာပြီ" ဟု အနက်ရသော အင်္ဂလိပ်လို ရေးသည့် ဆောင်းပါးသည် ညိုမြ၏ အပြောင်မြောက်ဆုံး သမိုင်းဝင် သရော်စာတစ်ပုဒ်အဖြစ် ထင်ရှားသည်။ ၁၉၄၆ ခုနှစ်တွင် အိုးဝေသတင်းစာ ထူထောင်သောအခါ "ဘုန်းကြီးကျောင်းသား မောင်သုမန"ကလောင်အမည်ခံ၍ သတင်းဆောင်းပါး မြောက်မြားစွာ ရေးသားခဲ့သည်။ ထင်ရှားသည့် စာပေလက်ရာ အချို့မှာ **နမ်းကြာညို**(၁၉၃၈?)၊ **ညိုမြစာစု**(၁၉၃၉)၊ **ဘိန်းငုံကာ**[သုံးစောင်တွဲ](ဖေဖော်ဝါရီ ၁၉၇၄)၊ **ကုန်းဘောင်ရှာပုံတော်** (မေ ၁၉၈၂)၊ **ဤမိုး ဤမြေ** (ဧပြီ ၂၀၀၂) တို့ ဖြစ်ကြသည်။

ညိုမြသည် ၁၉၈၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့ ညနေ ၆ နာရီ ၃၀ မိနစ်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၀၃ ထုတ် ရာပြည့်စာအုပ်များ

၁၈၄။ ရွှေဥဒေါင်း၏ စွန့်ဝံ့သူ
၁၈၅။ တင်မောင်မြင့်၏ မဟာရုံတံတိုင်းကို ဖြတ်ကျော်ခြင်း (This Side of Glory by Gwen Bristow)
၁၈၆။ တင့်တယ်၏ အိုဘယ့်ကံ (The Scarlet Letter by Nathaniel Hawthorne)
၁၈၇။ ဦးရွှေအောင်၏ ရသစာပေ၏ ရသ
၁၈၈။ မောင်ပေါ်ထွန်း၏ မိန်းမတစ်ယောက်၏ ဘဝ
၁၈၉။ ရှုဝ်၏ မိုက်ခဲထွန်းရွှေ ဝတ္ထုတိုများ
၁၉၀။ တက်တိုး၏ နပိုလီယံ (Napoleon by Felix Markham)
၁၉၁။ မောင်မိုးသူ၏ အိပ်ဖိုးဒပ် (Exodus by Leon Uris)
၁၉၂။ မင်းယုဝေ၏ ပထမ မြန်မာများ
၁၉၃။ တင်မောင်မြင့်၏ အချစ်များစွာနဲ့ပါ ဆရာ (To Sir With Love by Braithwaite)
၁၉၄။ ရှုဝ်၏ ငွမ်းပုံ
၁၉၅။ မောင်ပေါ်ထွန်း၏ စံပြခေါင်းဆောင်၊ စံပြခေါင်းဆောင်မှု (သမ္မတလင်ကွန်း၏ အံ့ဖွယ် ခေါင်းဆောင်မှုစွမ်းရည်)
[Lincoln on Leadership by Donald Phillips]
၁၉၆။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ စစ်တောင်းမှာ နောက်ဆုံးတိုက်ပွဲ (Sittang: The Last Battle by Louis Allen)
၁၉၇။ ကျော်အောင်၏ ရာဇာမည်သော ကျား (A Tiger For Malgudi by Narayan)
၁၉၈။ ဒေါက်တာကျော်စိန်၏ ဘဝဟန်
၁၉၉။ မောင်ထင်၏ မြို့အုပ်ပုံပြင်
၂၀၀။ ဦးရွှေအောင်၏ ဗုဒ္ဓ၊ လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်(ကိုယ်ကျင့်ဗုဒ္ဓဝင်)
၂၀၁။ တက်တိုး၏ မေတ္တာမဏ္ဍိုင် (The Sun also Rises by Ernest Hemingway)
၁၆(၃)။ မောင်ပေါ်ထွန်း၏ အဆင့်မြင့် အောင်မြင်သူတို့၏ အလေ့အထများ
၂၀၂။ မောင်ဆုရှင်၏ တီထွင်မှုများသမိုင်း
၂၀၃။ ရွှေဥဒေါင်း၏ စစ်ရှုံးသူ
၂၀၄။ တင့်တယ်၏ လစန္ဒာနှင့် ခြူးပိုက်ဆံ (The Moon and Sixpence by W. Somerset Maugham)
၂၀၅။ မောင်ပေါ်ထွန်း၏ ဘဝခရီးသည်၏ အဖော်မွန် (The Tao At Work by Stanley M. Herman)

## ၂၀၀၄ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ထုတ်ဝေမည့် စာအုပ်များ

၂၀၇။ တင်မောင်မြင့်၏ တောင်ပံမဲ့ သင်းကွဲ တေးဆိုငှက် (To Kill A Mockingbird by Harper Lee)
၂၀၈။ ဒေါက်တာကျော်စိန်၏ စိတ်ပညာဆောင်းပါးပေါင်းချုပ်
၂၀၉။ မောင်ရဲခိုင်၏ ဘဝအလွမ်းအိမ် (A House for Mr. Biswas by V.S. Naipaul)
၂၁၀။ တင့်တယ်၏ ပျိုတို့ အချစ်တော် (Bel Ami by Guy de Maupassant)
၂၁၁။ ဦးမောင်မောင်တင်၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(သုံးတွဲ)
၂၁၂။ မောင်သန်းဆွေ (ထားဝယ်)၏ ရှေ့တော်ဝင် မှတ်တမ်းများ
၂၁၃။ ညီစေမင်း၏ ဟယ်လင်ကဲလား (Helen Keller by Fiona Macdonald)
၂၁၄။ ရွှေဥဒေါင်း၏ ဓားပြကြီး ဦးမိုးသီးနှင့် ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

ရာပြည့်စာအုပ် ၂၀၆

ညိုမြ

# ကုန်းဘောင်ရှာပုံတော်

BURMESE CLASSIC .com

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)

[ ၁၊ ဒီဇင်ဘာ၊ ၂၀၀၃ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၂၀ /၂၀၀၂ (၅) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၁၂ /၂၀၀၃ (၃) ]

❑

ပုံနှိပ်ခြင်း

ပထမအကြိမ် -(မေ၊ ၁၉၈၂) မြန်မာစာပေတိုက်
ဒုတိယအကြိမ် -(မတ်၊ ၁၉၉၇) မြဝတီစာပေတိုက်
တတိယအကြိမ် -(ဇူလိုင်၊ ၁၉၉၇) မြဝတီစာပေတိုက်
စတုတ္ထအကြိမ် -(စက်တင်ဘာ၊ ၁၉၉၇) မြဝတီစာပေတိုက်
ပဉ္စမအကြိမ် -(ဒီဇင်ဘာ၊ ၁၉၉၇) မြဝတီစာပေတိုက်
ဆဋ္ဌမအကြိမ် -(ဇွန်၊ ၁၉၉၈) မြဝတီစာပေတိုက်
သတ္တမအကြိမ် -(ဒီဇင်ဘာ၊ ၂၀၀၃) ရာပြည့်စာအုပ်တိုက်
(၁၊ ဒီဇင်ဘာ၊ ၂၀၀၃)

အုပ်ရေ [၁၀၁၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ

ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ

ဦးကျော်ဆန်း [၀၉၃၂]၊ ရဲအောင်စာပေတိုက်
အမှတ် ၂၊ ချွန်း(၁) လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်

အေဇက်

❑

စာအုပ်ချုပ်

ကိုမြင့်နှင့် ညီဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ

မန္တလေးခေတ် မြန်မာပန်းချီကျော် ဆရာချုံ ရေးဆွဲခဲ့သည့် **ညီလာခံသဘင်**(ရှေ့ဖုံး)နှင့် **လယ်တွန်းမင်္ဂလာတော်**(ကျောဖုံး)
ပန်းချီကားများကို ဝင်းမြင့်ဦး ဒီဇိုင်း ဖွဲ့စည်းသည်။

❑

ရေခံ ပန်းချီများ

**ရှေ့ဖုံး**- အတွင်းရေခံ။ ပိတ်ပေါ်တွင် ရေးဆွဲထားသည့် "မင်းတုန်းမင်း၏ မန္တလေးနန်းတော်" (မူရင်း သတ်ပုံအတိုင်း)
**ကျောဖုံး**- အတွင်းရေခံ။ ဆရာချုံ၏ "မန္တလေး နန်းတွင်းဥယျာဉ်ထဲမှာ" ပန်းချီကား။

❑

တန်ဖိုး

၃၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ နိဒါန်း (ညီမြ) ၁၁
၂။ ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း၊ ထုတ်ဝေသူ၏အမှာ ၁၁
၃။ သမိုင်းအမွေကို လက်ဆင့်ကမ်းလိုက်ပါပြီ ၁၃

**အပိုင်း (၁) ကုန်းဘောင် ဟူသည်**

၁။ ကုန်းဘောင် ဟူသည် ၁၆
၂။ မင်း (၁၁) ပါး ၂၀
၃။ ရွှေရုပ်တု ပူဇော်ပွဲ ၂၅
၄။ မင်းနှင့်ပြည်သူ ၂၈

**အပိုင်း (၂) အလောင်းဘုရား အသံ**

၁။ အလောင်းဘုရား အသံ ၃၄
၂။ မင်းတရားကြီး၏ သခွားသီးလက်ဆောင် ၃၈
၃။ အလောင်းဘုရားနှင့် မယ်ယွန်းစံ ၄၁

**အပိုင်း (၃) ရဲဘော် ၆ ကျိပ်**

၁။ ညောင်ရမ်းမင်းဆက် ပျက်သုဉ်းချိန် ၄၇
၂။ မင်းပြောင်း မင်းလောင်း ၅၂
၃။ ရဲဘော် ၆ ကျိပ် ၅၇
၄။ ပွဲဦးထွက် တိုက်ပွဲ ၆၁
၅။ နောက်ဆုံး တိုက်ပွဲ ၆၅
၆။ ဘွဲ့ရ ရဲဘော်ကြီးများ ၆၇
၇။ တိုင်းရင်းသားနှင့် နိုင်ငံခြားသားတပ် ၆၈


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**အပိုင်း (၄) ကုန်းဘောင် ဗိုလ်ချုပ် (၃) ဦး**

၁။ ဦးကောင်း– အဂ္ဂမဟာသေနာပတိ ၇၂
၂။ မင်းခေါင်နော်ရထာ ခေါ် ဦးတွန် ၇၅
၃။ မဟာသီဟသူရ ခေါ် ဦးသာ ၈၅

**အပိုင်း (၅) နန်းရ သားတော်ကြီး (၃) ပါး**

၁။ မောင်လောက် ခေါ် နောင်တော်ကြီး ၈၉
၂။ မောင်ရွ ခေါ် ဆင်ဖြူရှင် ၉၂
၃။ မောင်ဝိုင်း ခေါ် ဗဒုံမင်း ၉၅

**အပိုင်း (၆) ဘုရားပင့်သော အိမ်ရှေ့မင်း**

၁။ ခမည်းတော်၏ လောင်းရိပ် ၁၁၇
၂။ တောင်အာရှ ဘုရား(၃)ဆူ ၁၁၉
၃။ မင်းရာဇာကြီး၏ ဟံသာဝတီ အောင်ပွဲ ၁၂၄
၄။ ဘိုးတော်ဘုရား၏ ဓညဝတီ အောင်ပွဲ ၁၂၆
၅။ မဟာမုနိ သမိုင်းတော် ၁၃၀
၆။ မုဆိုး ဆတ်သား စားအံ့ ၁၃၇
၇။ အင်္ဂလိပ်သံနှင့် ပြင်သစ်တမန် ၁၄၁

**အပိုင်း (၇) မြန်မာနှင့် စကြာဝဠ**

၁။ မြန်မာနှင့် စကြာဝဠ ၁၄၆
၂။ ကမ္ဘာနှင့် စကြာ ၁၅၀
၃။ ဗုဒ္ဓရာဇာ ၁၅၄

**အပိုင်း (၈) ကုန်းဘောင်ခေတ် နေစောင်းချိန်**

၁။ အလောင်းမင်းတရား မှာတော်ပုံ ၁၅၉
၂။ ဘိုးတော်ဘုရား၏ မှာတော်ပုံ ၁၆၄
၃။ နန်းတွင်း ကောလာဟလ ၁၆၉
၄။ ကုန်းဘောင်ကို မျိုးဖြတ်မည့်သူ ၁၇၁
၅။ အင်္ဂလိပ်က ပါးကိုက်၍ မြန်မာက နားကိုက်ခြင်း ၁၇၈

www.burmeseclassic.com

www.burmeseclassic.com


အပိုင်း (၉) မယ်နုခေတ်

၁။ မယ်နုအကြောင်း သိကောင်းစရာ ၁၈၆
၂။ အင်းဝ အရှင်နှစ်ပါး ညီလာခံ ၁၈၉
၃။ မိဖုရားကြီးက ပေးသော ကွမ်းယာ ၁၉၃
၄။ မောင်းထောင်နှင့် တောင်ငူ ၂၀၀
၅။ ညောင်ကန်မှ ကလတက်ခေါက်သံ ၂၀၆
၆။ ဆရာတော်နှင့် မယ်နု ၂၁၃

အပိုင်း (၁၀) ရွှေဘိုမင်း၏ ခုနစ်ထွေဇာတ်

၁။ ဉယျာဉ်စိုက်တဲ့ မင်းသားကြီး ၂၂၄
၂။ ဟာသကို မြတ်နိုးသူ ၂၂၅
၃။ ဇာတ်လိုက်လည်း သူ၊ လူဆိုးလည်း သူပဲ ၂၂၈
၄။ ရက္ခပိုစာချုပ် အလိုမရှိ ၂၃၀
၅။ ပုဂံမင်း၏ တက်လမ်း ၂၃၂
၆။ ချစ်သမျှကို စေတီ ၂၃၉
၇။ ဝဋ်နှင့်ကြွေးမှာ မလွတ်သာ ၂၄၇

အပိုင်း (၁၁) ဘဝရှင်နှင့် ဘဝ ဆုံးရှုံးသူများ

၁။ ဦးစမှ အစ ၂၅၂
၂။ စကြာမင်းအိမ်တော် ၂၅၄
၃။ ထိရှုံးသူ ဆင်ဖြူမရှင် ၂၆၀
၄။ ကလေးကို ပိုက်၍ ပြေးရသူ ၂၆၅
၅။ လှိုင်ထိပ်ခေါင်တင် နတ်သံ ၂၇၀
၆။ မဟာလူရည်ချွန် ဦးဘိုးလှိုင် ၂၈၁
၇။ ဆွေတော်မျိုးတော် ဒုက္ခသည်စခန်း ၂၈၅
၈။ ရောဝတီနှင့် ဒါလဟိုဇီ ၂၈၉

အပိုင်း (၁၂) မန်းတောင်ရိပ် ခို

၁။ သာစွ လေ ၂၉၈
၂။ စကြာဒေဝီ ၃၀၂
၃။ ရွှေသဇင်၊ ငွေသဇင် ၃၀၄
၄။ ဝန်ကြီး ဦးရန်ဝေးနှင့် ဝန်ကလေး ဦးကောင်း ၃၀၆
၅။ အင်္ဂလိပ်အတွက် မင်္ဂလသုတ် ၃၁၃


www.burmeseclassic.com

www.burmeseclassic.com

၆။ အလှူရေစက် လက်နှင့်မကွာ ၁၁၆
၇။ ဆရာမှတ်ကြီး၏ အင်္ဂလိပ်ကျောင်း ၁၂၀
၈။ ကနောင်မင်း၏ ခဲလေသမျှ ၁၂၇
၉။ နန်းတွင်းသူများ ပြေးကြ လွှားကြ ၁၃၂
၁၀။ ဘိသိက်နှင့် ဒီမိုကရေစီ ၁၃၆

အပိုင်း (၁၃) ကုန်းဘောင်ကွင်းဆက်

၁။ မြင်းမှူးမင်းသား ထိပ်တင်တုတ် ၁၄၀
၂။ အမေငြိမ်း ပြန်လာပြီ ၁၄၇
၃။ မင်းသား ရာဇဝင်ဆရာ ၁၅၀
၄။ နောက်ဆုံး ရွှေစင်ရုပ် ၁၅၄

အပိုင်း (၁၄) လငပုပ် လာပြီ

၁။ လခစား ဘုရင်စနစ်ကို တင်ပြသူ ၁၆၀
၂။ ချစ်သူကြင်ဖက်၊ အာဏာ ဖျက် ၁၆၅
၃။ ဝိသာခါ ဖက်ရှင် ၁၇၂
၄။ စုဖုရားလတ် မြေလူးခန်း ၁၇၉
၅။ သီပေါမင်း၏ သတင်းစာကွန်ဖရင့် ၁၈၃

## ပုံ မာတိကာ

၁။ ကုန်းဘောင်ဆက် မြန်မာ့အင်ပါယာ ၁၅
၂။ ကျေးလက်ကဏ္ဍ ၁၆-၁၇
၃။ ကုန်းဘောင်ခေတ် မြန်မာနန်းတွင်း ရှခင်း၊ ကုန်းဘောင် ပွဲသဘင်နှင့် ၁၂ ရာသီ အလှူပွဲများ ၃၂-၃၃
၄။ မြန်မာစစ်တပ် ၇၂-၇၃
၅။ အမရပူရ နေပြည်တော် ၉၆-၉၇
၆။ မြန်မာ အရာရှိလောက ၁၀၄-၁၀၅
၇။ မြန်မာ့ဆင်ဖြူတော် ၁၀၄-၁၀၅
၈။ တောင်အာရှ ဘုရားသုံးဆူ ၁၂၀-၁၂၁
၉။ မြန်မာ့လက်ရာ ၂၂၄-၂၂၅
၁၀။ ရတနာပုံ နေပြည်တော် ၂၇၂-၂၇၃၊ ၃၀၄-၃၀၅
၁၁။ ဝိသာခါ ဖက်ရှင် ၃၄၄-၃၄၅
၁၂။ ကုန်းဘောင်ခေတ် မင်းခမ်းမင်းနား ပုရပိုက်တော် ၃၆၆-၃၇၉
၁၃။ ပါတော်မူကဏ္ဍ ၃၈၆-၃၈၇

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

မြန်မာပြည်သည် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ် လက်အောက်သို့ လုံးလုံးလျားလျား ကျရောက်ခဲ့ရာ ထိုအချိန်တွင် ကုန်းဘောင်ခေတ် ကုန်ဆုံးခဲ့သည်။ ယခုအချိန်မှ ပြန်ကြည့်သော် ထိုခေတ်နှင့် နှစ်ပေါင်းတစ်ရာခန့် ကွာဝေးခဲ့ပေပြီ။

နယ်ချဲ့လက်အောက်ခံ ကျွန်ဘဝ၌ မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်းနှင့် မြန်မာ့ဂုဏ်ရောင် တောက်ပြောင်ခဲ့သော ကုန်းဘောင်ခေတ်ကို မမေ့နိုင်ကြ။ ဗုဒ္ဓတရားတော်ကို အမှူးထား၍ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုများ အစွမ်းကုန် ဖူးပွင့်ဝေဆာခဲ့သော ခေတ်ဖြစ်လေသည်။ ထိုခေတ်က ပေးခဲ့သော ဇာတိမာန်ဖြင့် မြန်မာတို့သည် အချုပ်အချယ် အမျိုးမျိုးတို့မှ ရုန်းကန်လွတ်မြောက်ခဲ့သည် မဟုတ်လော။

ကျွန်တော်သည် မြန်မာလူမျိုးတစ်ဦး အနေဖြင့် ကုန်းဘောင်ခေတ်ကို လွမ်းဆွတ်၏။ ထိုခေတ်၏ ဗဟိဒ္ဓအဆောင်အယောင်များ ဖြစ်သော ထီးနန်း စသည်တို့ကား ထီးကျိုး စည်ပေါက် နယ်ချဲ့အောက်၌ ပျက်ပြားခဲ့လေပြီ။ သို့သော် ကုန်းဘောင်သမိုင်း၊ ကုန်းဘောင် ယဉ်ကျေးမှု၊ ကုန်းဘောင်စိတ်ဓာတ်တို့ကား ကျွန်တော်တို့နှင့်အတူ ကျန်လျက်ပင် ရှိနေသေးသည် မဟုတ်လော။

ထို့ကြောင့် ကျွန်တော်သည် မကွာဝေးလှသော မြန်မာ့အတိတ်သမိုင်းနယ်မြေ၌ ရှာပုံတော် ထွက်ခြင်းဖြစ်ပါသည်။ ယခု ကာလအတွင်း မြန်မာလူငယ်များသည် လမ်းလျှောက်ခြင်း၊ တောင်တက်ခြင်း၊ လေ့လာရေး ခရီးထွက်ခြင်းများ ပြုကာ ကိုယ့်တိုင်းပြည် အကြောင်းကို ပိုမိုရင်းနှီးစွာ သိရှိအောင် ကြိုးစားသကဲ့သို့ပင် ဖြစ်ပါသည်။

**ညိုမြ**

နိုင်ငံ့ဂုဏ်ရည် (၂)

ဝိဇ္ဇာ (ရန်ကုန်)၊ မဟာသိပ္ပံ (ချီကာဂို)

ဧပြီလ၊ ၁၉၈၂ ခု

## ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း ထုတ်ဝေသူ၏ အမှာ

[၁]

နာမည်ကျော် စာရေးဆရာတစ်ဦးက သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းကို တစ်ခါက မေးဖူးသည် ဆို၏။

'သမိုင်းကို ဘာကြောင့် သင်ရတာလဲ ဆရာ'

ဒေါက်တာသန်းထွန်း၏ အဖြေမှာ တိုတိုပင်။

'မအ အောင်လို့'

[၂]

အ သောသူများကား ကျွန်ဘဝ ရောက်ရပြီးလျှင် လျှင်သောလူများက သခင်အဖြစ် ဗိုလ်ကျ စိုးမိုးနေကြသည်။ ကမ္ဘာ့ဇာတ်ခုံကြီးတွင် ရှုမြင်နိုင်လေသည်။ အ သူများက ပြည်ပဩဇာခံ သွယ်ဝိုက်သော ကျွန်ဘဝကို ဆွဲချနေကြပေသည်။ အမျိုးသား ဇာတိမာန် အစဉ်အလာကို မသိလျှင် ဒုက္ခရောက်နိုင်၏။ သမိုင်းကြောင်းကို နားလည်ရမည်။

ယနေ့ ဖြစ်ပေါ် ပြောင်းလဲနေခြင်း အရပ်ရပ်သည် မိုးပေါ်က ကျလာခြင်း မဟုတ်ပေ။ သမိုင်းကြောင်း၏ ကောင်းမွေ၊ ဆိုးမွေများပင် ဖြစ်လေသည်။ အနာဂတ်ကို ဖန်တီး တည်ဆောက်နေကြသူများသည် အတိတ်သမိုင်းကြောင်းကို မှန်ကန်စွာ ချဉ်းကပ် လေ့လာ၍ သိရှိ နားလည်ထားရန် လိုအပ်သည်။ သမိုင်းသည် အရေးပါသော ဘာသာရပ် မှန်၏။ သို့ရာတွင် ကျမ်းလေးတွေက များ၏။ တော်ရုံတန်ရုံ အခြေခံနှင့် မတိုးနိုင်။ ပျင်းစရာကောင်းသည်။ ခက်ခဲသည်။ သမိုင်းသည် အုပ်ချုပ်သူ ရှင်ဘုရင်မင်းမြတ် တစ်ဦးတည်း၏ ရာဇဝင် မဟုတ်ပေ။ နိုင်ငံတော်အဝန်းကာကွယ်သူများ၊ စိုက်ပျိုးသူများ၊ ရောင်းဝယ် ဖောက်ကားသူများ၊ ပညာရေး၊ ကျန်းမာရေး ဖြည့်ဆည်းပေးနေသူများလည်း ပါဝင်လှုပ်ရှားခဲ့ကြသည့် ဇာတ်ကြောင်း ဖြစ်၏။ ကိုယ့်သမိုင်းကို ကိုယ်ရေးကြခြင်း ဖြစ်၏။ စိတ်ဝင်စားဖွယ် ကောင်းပါ၏။ အကြောင်းအချက် အထောက်အထား အကိုးအကားတွေနှင့် ပြုစုကြရသဖြင့် လူတိုင်းကိုတော့ မဆွဲဆောင်နိုင်။ ပညာရှင်များ၊ ပညာတတ်များ၊ ဉာဏ်ရည်မီသူများ၏ နယ်ပယ်သာ။

သတင်းစာဆရာ ဆရာညိုမြက တိုင်းပြည်ထူထောင်ပုံ၊ နိုင်ငံဖွဲ့စည်းပုံ၊ ပြိုကွဲပုံတို့ကို သုတေသနပြု လေ့လာပြီး မကွယ်လွန်

www.burmeseclassic.com

မိ ရေးသားခဲ့သည့် ဤ "ကုန်းဘောင်ရှာပုံတော်"ကမူ လူတိုင်းနှင့် အရသာ တွေ့လောက်အောင်ပင် ထူးထူးခြားခြား သွက်လက် ပေါ့ပါးလှသည်။ သမိုင်းတော့ သမိုင်းဖြစ်၏။ သို့သော် စိတ်ကူး ယဉ် ဝတ္ထုတွေထက် ဖတ်လို့ကောင်းသည့် စာအုပ်မျိုး ဖြစ်နေ၏။ ကျွန်တော်သည် ည ၈ နာရီခွဲလောက်မှာ စပြီး ဖတ်လိုက်ရာ စာအုပ်ကြီးကို လက်ထဲက မချနိုင်ဘဲ မိုးလင်းသွား၏။ ဩော်.... ကျွန်တော်မို့လား၊ မဟုတ်ပါ။ ကျွန်တော့်သူငယ်ချင်း၏ အမေ အသက် ၇၀ နီးနေသည့် မွန်အမျိုးသမီးကြီး တစ်ယောက်။ သူ သည်လည်း ညိုမြ၏ "ကုန်းဘောင်ရှာပုံတော်" ကို မိုးအလင်း မနားတမ်း ဖတ်လိုက်မိသည် ဆို၏။

'ကောင်းလိုက်တဲ့ စာအုပ်ကွယ်၊ တို့ငယ်ငယ်က ပွဲကြည့် ခဲ့ရတာထက် ပိုပြီး ရသပေးနိုင်သေးတယ်။ လွမ်းစရာလည်း ပါ၊ ရယ်စရာလည်း ပါ၊ အံ့သြစရာ၊ ရဲရင့်စရာ၊ ကြောက်ရွံ့ ထိတ်လန့်စရာတွေလည်း ပါ၊ ဇာတ်ပွဲတွေ၊ ရုပ်ရှင်တွေထက် အများကြီး သာတာပဲ'

ဦးအောင်ဇေယျမှ သီပေါမင်းအထိ ဇာတ်ကောင်တွေက အသက်ဝင်လှသည်။ ငချစ်ညို၊ မဟာသီဟသူရ၊ ပေါ်ဦး၊ မြတ်ထင်၊ ကျော်ရွှေ၊ စသည်.... စသည်....။



[၃]

အမှတ် (၆၆) ခြေမြန်တပ်မဋ္ဌာနချုပ်ကို စတင် ဖွင့်လှစ် ထူထောင် ကြသော ကာလ။ တပ်မမှူးက စာကြည့်တိုက်ကို ဦးစားပေး တည်ထောင်ပေး၏။ စာများများ ဖတ်ကြမှ အရည်အသွေး တိုးတက်လာမည်။ စာဖတ်ဖို့ရာ အထူးအားပေး၏။ စာအုပ်တွေ ဝယ်ဖို့ စာရင်းလုပ်ကြသည်။

'အရာရှိတွေ၊ မင်းတို့ ဖတ်ခဲ့ကြတာတွေထဲက ဝယ်ရမယ့် စာအုပ်၊ ဝယ်သင့်တဲ့ စာအုပ် စာရင်းပြုစုပြီး စာကြည့်တိုက် အရာရှိ ကို ပေးကြ'

စာကြည့်တိုက် တည်ထောင်ရန် တာဝန်ပေးခြင်း ခံရ သည့် အရာရှိမှာ ကျွန်တော့်သူငယ်ချင်း ဖြစ်၏။ အရာရှိ တော် တော် များများက **ကုန်းဘောင်ရှာပုံတော်၊ ညိုမြ**။ ဤစာအုပ်ကို ဝယ်ရန် စာရင်းပေးကြ၏။ ဟိုအရာရှိ စာရင်းမှာလည်း ပါ၊ ဒီ အရာရှိစာရင်း စာအုပ်စာရင်းမှာလည်း ပါ။ လူကြိုက်များလှချည့် လား။

ကျွန်တော့်သူငယ်ကျင်းက မရှင်းသဖြင့် ဗျူဟာမှူး တစ်ယောက်ကို မေးသည်။

'ဒီစာအုပ်က လူကြိုက်များလှပါလား ဗိုလ်မှူးကြီး'

'အရာရှိတိုင်း ဖတ်ရမယ့် စာအုပ်၊ တပ်မတော်သားတိုင်း ဖတ်သင့်တဲ့ စာအုပ်၊ လူငယ်အားလုံး မဖြစ်မနေကို ဖတ်သင့်တဲ့ စာအုပ်၊ ပထမ ၅ မျက်နှာလောက်သာ စ ဖတ်လိုက်၊ သူ့ဘာသာ သူ ဆက်ပြီး ဆုံးအောင် ဖတ်သွားပါလိမ့်မယ်'

'မြန်မာမှန်ရင် ဖတ်သင့်တဲ့ စာအုပ်ပေါ့'

'ဟုတ်တယ်၊ ဟုတ်တယ်'

တယ်ညွှန်းကြပါကလား။

ပထမအကြိမ် ဤစာအုပ် ထွက်စက တန်ဖိုး ၅၀ ကျပ် မျှသာ ဖြစ်သော်လည်း ဝယ်သူ မရှိလှပါ။ စာအုပ်ကြီးက ထူထဲ ကြီးမားလှ၏။ လေးမယ့် ပုံပဲ။ လူ မသိကြ။

တစ်နှစ်၊ နှစ်နှစ်အတွင်း ကောင်းမှန်း သိသွားပြီး ဝယ်ယူ သိမ်းဆည်းကြတော့ စာအုပ်ဈေးကွက်မှာ ကုန်ပြီ။ မရှိတော့။ အဟောင်းဈေးမှာ ၂၀၀၀ ကျပ်။ ကံသင့်မှ ရနိုင်မည်။ ဈေးနှုန်းသာ ရှိပြီး စာအုပ်မှာ အလွန်တရာ ရှားပါး၏။ စာဖတ်သူ အင်အားက များလာပြီး အနှစ် ၂၀ ကာလအတွင်း စာဖတ်ပရိသတ်က အဆင့် အတန်းလည်း ပိုပြီး မြင့်မားလာ၏။ အရေအတွက်လည်း များစွာ တိုးပွားလာ၏။ ကုန်းဘောင်ရှာပုံတော်ကို တဖွဖွ တောင်းဆိုလာ ကြသဖြင့် မြဝတီစာပေတိုက်သည် ချစ်စွာသော စာဖတ်ပရိသတ် ၏ လိုအင်ဆန္ဒ ပြည့်ဝစိမ့်သောငှာ ဆရာဦးညိုမြ၏ အမွေစား အမွေခံ ပုဂ္ဂိုလ်များထံ အကြိမ်ကြိမ် အခါခါ သွားရောက် တောင်း ခံ၍ အကောင်းဆုံး ထုတ်ဝေနိုင်အောင် အစွမ်းကုန် စီစဉ် ကြိုးပမ်း ခဲ့ပါသည်။ ဖြူစင် စေတနာ မှန်ကန်ပါ၏။

ဤစာအုပ် ယခုကဲ့သို့ ထုတ်ဝေဖြစ်အောင် အဘက်ဘက် မှ အားပေး ကူညီခဲ့ကြသူတွေ များစွာ ရှိပါသည်။ သုဓမ္မ မဏိ ဇောတ ဓရ ဦးစန်းမောင် (မုံရွာ)၊ အမျိုးသား စာကြည့်တိုက် စာကြည့်တိုက်မှူး ဦးခင်မောင်တင်၊ စစ်မဟာဗျူဟာ လေ့လာရေး ဌာနကြီး၊ ဒုတိယ ဌာနကြီးမှူး ဗိုလ်မှူးချုပ်ကျော်ဝင်း အစရှိသည့် ပုဂ္ဂိုလ်များနှင့် ကျေးဇူးပြုခဲ့သူ အားလုံးကို အထူး ကျေးဇူးတင်ရှိ ပါကြောင်း ဖော်ပြခွင့် ပြုစေလိုပါသည်။ ။

**ချစ်နိုင်**

(ဒုတိယ ဗိုလ်မှူးကြီး ချစ်နိုင်)

ထုတ်ဝေသူ

မြဝတီ စာပေတိုက်

၂၃–၁–၉၇



www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းအမွေကို လက်ဆင့်ကမ်းလိုက်ပါပြီ

၁၉၈၂ ခုနှစ် မေလတွင် မြန်မာစာပေတိုက်မှ ကလောင်ရှင် ညိုမြ၊ ကလောင်အမည်ကွဲ အိုးဝေညိုမြ ပြုစုသည့် **ကုန်းဘောင်ရှာပုံတော်** ကို ရိုက်နှိပ် ထုတ်ဝေခဲ့လေသည်။ ယခု ၁၉၉၇ ခုနှစ် မတ်လတွင် ကာကွယ်ရေးဝန်ကြီးဌာန မြဝတီစာပေတိုက်က ဒုတိယအကြိမ် ရိုက်နှိပ် ထုတ်ဝေလိုက်ပြီ ဖြစ်ပါသည်။

မြန်မာစာပေတိုက်မှ ရိုက်နှိပ်ပြီး ဖြစ်သည့် ဤသမိုင်းသုတေသနကျမ်းကို မြဝတီ စာပေတိုက်က ထပ်မံ ရိုက်နှိပ်လိုက်ခြင်းသည် "သမိုင်းဟူသည် ထပ်ကျော့ ဖြစ်လေ့ရှိသည်" ဟူသော အဆိုကို သူ့နည်းသူ့ဟန်ဖြင့် အတည်ပြုလိုက်သကဲ့သို့ ရှိသွားလေသည်။ နိဒါန်းတွင် (ဦး)ညိုမြက "ကျွန်တော်သည် မြန်မာလူမျိုး တစ်ဦး အနေဖြင့် ကုန်းဘောင်ခေတ်ကို လွမ်းဆွတ်၏။ ထိုခေတ်၏ ဗဟိဒ္ဓ အဆောင်အယောင်များ ဖြစ်သော ထီးနန်း စသည်တို့ကား ထီးကျိုးစည်ပေါက် နယ်ချဲ့အောက်၌ ပျက်ပြားခဲ့လေပြီ။ သို့သော် ကုန်းဘောင်သမိုင်း၊ ကုန်းဘောင် ယဉ်ကျေးမှု၊ ကုန်းဘောင် စိတ်ဓာတ်တို့ကား ကျွန်တော်တို့နှင့်အတူ ကျန်လျက်ပင် ရှိသေးသည် မဟုတ်လော" ဟု နိဒါန်းစကား ဆိုထား၏။

ယခုအခါတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသည် အသစ် အသစ်သော နည်းပညာနှင့် ပစ္စည်းကိရိယာ စသည်တို့ဖြင့် တိုးတက် ဖွံ့ဖြိုး၍ ခေတ်မီသော နိုင်ငံတော်သစ် ဖြစ်ရန် အရှိန်အဟုန် မြှင့်တင် လုပ်ဆောင်ပေးနေသည်။ တစ်ချိန်တည်းမှာပင် မြန်မာ့ရိုးရာ ပွဲလမ်းသဘင်များ၊ ပျောက်ကွယ် လုလု အနုပညာယဉ်ကျေးမှုများကို ရှေ့တန်းရောက်အောင် ပြန်လည် မြှင့်တင်နေချိန် ဖြစ်ပါသည်။ ဦးညိုမြ လွမ်းဆွတ်သည် ဆိုသော ကုန်းဘောင်ခေတ် အမျိုးသားရေး ကိုယ်ပိုင်ယဉ်ကျေးမှု အဆောင်အယောင်တို့ ယခု ပြန်လည်ရှင်သန်နေပြီ ဖြစ်သည်။ ဥပမာ– နယ်ချဲ့တို့ လက်အောက်၌ ပျက်ပြားခဲ့ရသည့် မြနန်းစံကျော် ရွှေနန်းတော်ကြီး အသစ်တစ်ဖန် ပြန်လည် ဖွားမြင်လာသည်။ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး ပြန်လည် တည်ဆောက် ပေါ်ပေါက်လာသည်။

စာမျက်နှာ ၃၃ တွင် ဦးညိုမြက ဆိုပါသည်။ **"အာဇာနည် ပုဂ္ဂိုလ်တို့၏ အကြောင်းကို ကြားနာ လေ့လာရခြင်းသည် မင်္ဂလာရှိ၏။ အမြဲတစေ စိတ်အား တက်ကြွစေ၏။ မိမိ၏ ဘဝနှင့် တိုင်းပြည်၏ သမိုင်းကို ပိုမို လေးနက် အဓိပ္ပာယ် ရှိစေ၏။"** ဤနေရာတွင် ဦးညိုမြ၏ တင်ပြချက်နှင့် မြဝတီ စာပေတိုက်၏ ခံယူချက်သည် ထပ်တူထပ်မျှ ကျပါသည်။ ဤခံယူချက်သည် ပင်လျှင် ဤ**ကုန်းဘောင် ရှာပုံတော်**ကို မြဝတီ စာပေတိုက်က ထပ်မံ ထုတ်ဝေရန် စေ့ဆော်မှုတစ်ရပ် ဖြစ်ပါ၏။

ဆရာဦးညိုမြက ဆက်၍ ညွှန်းသည်။ "အလောင်းမင်းတရားသည် မြန်မာပြည်ကြီးကို သူ့ခေတ် သူ့အခါက ကံဆိုးမိုးမှောင် ကျနေသည့် ဘဝမှ ကယ်တင်ခဲ့၏။ နှစ်ပေါင်း ၁၃၀ တည်တံ့ခဲ့သော ကုန်းဘောင်ခေတ်ကြီးကို စတင် ဖွင့်လှစ်ခဲ့၏။"

၁၉၈၈ ခုနှစ် အရေးအခင်းကြီး မတိုင်မီ နှစ်နှစ်အလိုက ကွယ်လွန်သွားရှာသော ဦးညိုမြသည် မြန်မာပြည်ကြီး ကံဆိုးမိုးမှောင် ကျပုံကျနည်းကို မြင်မသွားခဲ့ရပါချေ။ သူတစ်လူ ငါတစ်မင်းနှင့် ဤမင်းမဲ့စရိုက် အမှောင်တိုက်မှ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်)က အမှောင်တိုက်ကို ရှင်း၍ ပြည်သူတို့ကို အလင်းဆီသို့ ပို့ပေးခဲ့ရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အလင်းကို ပေးခဲ့သည်။ ဤအလင်းအောက်၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေကို မြင်ရမည်။ ယခုအချိန် ဦးညိုမြသာ သေလွန်ရာမှ ရှင်ပြန်ထနိုင်လျှင် ယနေ့ မြန်မာနိုင်ငံကြီး၏ တိုးတက်မှု အဝဝကို တအံ့တသြ မြင်တွေ့ရချိမ့်မည်။

ဦးညိုမြသည် ရေးဖွဲ့ပုံ ညက်၍ ဖတ်သူ မငြီးအောင် ရေးအား ကောင်းသဖြင့် သမိုင်းကို ဖတ်ရငြားလည်း ဝတ္ထုကောင်း တစ်ပုဒ်ကို ဖတ်ရသကဲ့သို့ စိတ်ဝင်စားဖွယ် အပြည့်၊ အနုပညာ အပြည့်ဖြင့် ဖန်တီးသွားပါသည်။ ဝမ်းနည်းစရာတွေ ရေးတော့ အားငယ် လွမ်းဆွတ် ကြေကွဲမိသည်။ ရယ်စရာတွေ ဖော်ပြတော့ ဟားဟားဟီးဟီး အသံထွက်၍ပင် ဖတ်ရင်း ရယ်မိသည်။ ရသ ပြောင်မြောက်လှပါသည်။ မြန်မာရာဇဝင်ကျမ်းများသာ မကတိုင်းတစ်ပါး သမိုင်းသုတေသီများ၏ ရေးသားချက်တို့ကိုပါ မှီငြမ်း၍ နှိုင်းယှဉ်ထားလေရာ အချို့အချက်များ၌ ပြည်တွင်းအမြင်နှင့် နိုင်ငံခြားအမြင်၊ ကောက်ချက်ချမှု၊ သုံးသပ်မှုတို့ အပေါ်၌ ဝိဝါဒ ကွဲပြားမှုများ အနည်းအကျဉ်း ပါကောင်းပါမည် ဖြစ်သည်။ နှစ်ဖက်မြင်လျှင် ပို၍ အမြင်စုံသည်ဟု ယူဆကာ မိမိ၏ ကိုယ်ပိုင်အမြင်ပါ ပေါင်းစပ်၍ သုံးဖက်မြင် သမိုင်းစာအုပ်အဖြစ် ဖန်တီး၍ စာရှုသူတို့ ဗဟုသုတကို ကြည်နူးမှုနှင့် ယှဉ်၍ ရှာနိုင်ကြပါစေ။ သတင်းစာဆရာကြီး ဦးညိုမြ၏ စေတနာကို မြဝတီ စာပေတိုက် အနေဖြင့် ဤသို့ သမိုင်းအမွေကို လက်ဆင့်ကမ်းလိုက်ပါသတည်း။ ။

**စာတည်းမှူးချုပ်၊ မြဝတီ စာပေတိုက်**
**ကာကွယ်ရေး ဝန်ကြီးဌာန**

www.burmeseclassic.com



အလောင်းမင်းတရား ဦးအောင်ဇေယျ

www.burmeseclassic.com

www.burmeseclassic.com

ကုန်းဘောင်ခေတ် မြန်မာပြည်မြေပုံ




( စွယ်စုံကျမ်း အတွဲ ၁၊ စာမျက်နှာ ၃၇၄ )

www.burmeseclassic.com

www.burmeseclassic.com



## [ ၁ ] ကုန်းဘောင်ဟူသည်

၁၁၁၅ ခုနှစ်တွင် ဦးအောင်ဇေယျသည် မင်းချစ်ညီနှင့် မှူးမတ်များကို သုတ်သင်ရှင်းလင်းပြီး၍ ချင်းတွင်းနှင့် ဧရာဝတီ အကြား၌ ရှိသော တမ္ဗဒိပ နယ်မြေအားလုံးကို ပိုင်ဆိုင်ခဲ့လေပြီ။ ထိုအခါ မြို့သစ်တည်ထောင်ရန် ညီတော်၊ သားတော်၊ မှူးမတ် စသည်တို့ကို ခေါ်ယူ စိုင်းပြင်းလေသည်။

အောင်။ ။ ယခု ငါတို့ မုဆိုးဘိုကား ထီးဆောင်းနန်းနေရာ ရာဇဌာနီ မင်းနေပြည် အဖြစ်တွင် အပါအဝင် ဖြစ်နေပေပြီ။ လက်ရှိအခြေ၌ မုဆိုးဘိုသည် အလွယ်တကူ သစ်တိုင်ထူ၍ ဆောက်လုပ်အပ်သော သစ်တပ်မျှသာ ဖြစ်နေသည်။ အခြား တစ်ပါးသော ထီးဆောင်းမင်းအပေါင်းတို့ စေလွှတ်သော သံတမန်ကြီးတို့ အရောက်အပေါက် ရှိလာသော်မှလည်း မင်းမြတ်ချင်း အတူတူ ပျူငှာသော လောကဝတ် မကျေပွန်နိုင်ရာချေ။ မြို့တော်တည်သော်မှ သင့်မည်။ မြို့တော်သစ်ကို "ရတနာ သိင်္ဃ"ဟု သမုတ်လိုသည်။

သုခမိန်။ ။"သိင်္ဃ" ဟူသော မဂဓ ဘာသာစကားသည် "လျင်သော"အနက်ကို ဟောသဖြင့် ထိုမင်း၏ စည်းစိမ်သည် "ရှည်မရှိ" ပါဘုရား။

အောင်။ ။ အသို့သော အမည်ကို သမုတ်မှ စည်းစိမ်တော် ရှည်မည်နည်း။

သုခမိန်။ ။ "ကုန်းဘောင်"ဟု သမုတ်သော် ဘုန်းတော်ကြီး၍ သက်တော်ရှည်မည်။ သားတော် အစဉ် မြေးတော် အဆက် ဇေရာဇ်ချည်း ဖြစ်မည် ဟူသော နိမိတ်ဩဘာ ရပါသည်ဘုရား။

အောင်။ ။ အကြောင်း အသို့နည်း။

သုခမိန်။ ။ အရှင့်ဘိုးတော်ဘီတော် အဆက်အနွယ်ကား အလောင်းတော် မဟာသမ္မတမင်းမှ စ၍ ရွှေလက်ထက်တော်တိုင် အာဒိစ္စဝံသ ခတ္တိယ နွယ်လာ သာကီဝင်မင်းတို့၏ အဆက်အနွယ်တော် ဖြစ်လေသည်။ ထိုမင်းဆက်ကို ဟံသာဝတီမင်းတို့ ဖျက်ပြန်လေသောကြောင့် သကျနန်းရိုး–သတိုး အနွယ်တော် ပြတ်လေသည်။ ယင်းသည်တွင် ဟံသာဝတီ မွန်မင်းတို့ကား ရေနှင့် တူလေသည်။ ထိုရေကို ဖြတ်သန်း လွှမ်းမိုး၍ အရှင့်ရွှေဘုန်းတော်ဖြင့် အထက်က သကျနန်းရိုး သတိုးအနွယ်တော်ကို ဆက်ပြန်သည်ဖြစ်၍ ဘဝရှင် မင်းတရားကား "ကုန်းဘောင်"နှင့် တူလေသည်။ အရှင့် သားတော်မြေးတော်တို့ကား နောင်သော် "ကုန်းဘောင် မင်းဆက်" ဟု ဇမ္ဗူဒီပါ လက်ယာမြေပြင်တွင် နေအသွင် လ အသွင် ထင်ရှားတော်မူမည် မလွဲပါဘုရား။

အောင်။ ။ "ကုန်းဘောင်"ဟူသော သင်္ကေတ ပညတ်ဖြင့် မှတ်အပ်သော နိမိတ် ဩဘာ ကောင်းသည်မှ တစ်ပါး အခြား သိအပ်သော အကြောင်းအထူး ရှိပါသေးသလော။

သုခမိန်။ ။ "ကုန်းဘောင်" ဟူသော မြို့တော်ဘွဲ့မည် မှည့်ခေါ်ရသည်မှာ နံပေါ်ဓာတ်ရ အမည်တော်ပင် ဖြစ်ပါသည်။ "ကုန်း" ဟူသော အက္ခရာအလို တနင်္လာနံ ၂ ဂဏန်းကို ယူပါသည်။ "ဘောင်"အလို ကြာသပတေး ၅ ဂဏန်း ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ပဲခူးလှည်း



အညာလှည်း



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကတော်၏ လှည်းယဉ်



ကျေးရွာလှည်းယဉ်

# ကျေးလက်ကဏ္ဍ



လှည်းပြိုင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းသားများနှင့် မြန်မာတို့ ယှဉ်တွဲထုလုပ်ထားသော ပန်းပုရုပ်များ



ရှမ်းပြည်နယ် ရှုခင်း



တောင်တန်းသားများ
စခန်းချချိန်

www.burmeseclassic.com

www.burmeseclassic.com



လူပျိုဝိုင်း



အပျိုဝိုင်း

လူပျိုလှည့်



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| တနင်္လာဂြိုဟ်သက် | ၁၅ |
| ကြာသပတေး | ၁၉ |
| သောကြာ | ၂၁ |
| နံ(၇)ပါးနှင့်စား | ၇ ၅၅ ၇ |
| | ၆၉ |
| မင်း၏မွေးနံ | ၆ |

အကြွင်းကိုရှုသော် အရှင်ဘုရား၏ နံတော် သောကြာ ၆ ပေါ်၍ နံတော် ဓာတ်ရကိန်းဖြင့် မှည့်အပ်သော အမည် ဖြစ်ပါသည်။ ထိုကိန်းဖြင့် အမှုမျိုးကို ဆောင်ပါသော် မင်းညီမင်းသားဖြစ်လျှင် ထီးနန်းရှင် ဖြစ်ပါမည်၊ ရဟန်းဖြစ်လျှင် မင်းဆရာ ဖြစ်ပါမည်၊ သူဆင်းရဲဖြစ်လျှင် ကြွယ်ဝမည်ပါ ဘုရား။

ရတနာသိင်္ခ

ရန်ကြီးအောင်
ကုန်းဘောင် သ ပါလို့
ငါးမည်ရ ပြည်ရွှေဘို
ဘေးရန်က ပြို။
မုဆိုးဘို
ရန်ဖြိုတဲ့ နာသိခ်ရယ်
ဘိုးတော်ဒေသ။

---
ရွှေဘို ဖုံကြီးသံ

အလောင်းမင်းတရား တည်ထောင်ခဲ့သော ပြည်ရွှေဘိုမှာ ၅ မည်ရခဲ့ရာ (၁) ကုန်းဘောင်နေပြည် (၂) ရန်ကြီးအောင် (၃) ရတနာသိင်္ခ (၄) မုဆိုးဘို (၅) ရွှေဘို ဟူ၍ ဖြစ်သည်။ အထက်ပါ ရွှေဘိုဖုံကြီးသံ၌ ပါရှိပါသည့် အတိုင်းပင်။

"ရတနာသိင်္ခ" ဟူသော ဝေါဟာရမှာ အခြားသော နာမည်များထက် အဓိပ္ပာယ်ကောက်ယူရန် ခက်ခဲသကဲ့သို့ ရှိခဲ့ပေသည်။

တစ်ချိန်က ဆရာတော် အရှင်ဝါယမသည် အလောင်းတော် ကဿပလိုဏ်ဂူတော်၌ တရားအားထုတ်နေစဉ် ထူးခြားသော တောထွက် အဘိုးအိုတစ်ဦးနှင့် ကြုံကြိုက်ရာ 'တပည့်တော်တို့ ကုန်းဘောင်မှာ ခေတ်စားခဲ့သော ဆောင်ပုဒ်အချို့ကို အဓိပ္ပာယ်ရှင်းပြပါ ဘုရား' ဟု လျှောက်ထား၏။

ဆရာတော် ။ ။ အဘိုးရဲ့ ပုစ္ဆာကို သိပါရစေ။
အဘိုး ။ ။ "သိင်္ဃဆိုသည် ဆုံလည်ရပ်"၊ "ဘုရားဆိုသည် ရှင်သိဒ္ဓတ်။"
ဆရာတော် ။ ။ အဘိုး မေးတဲ့ လင်္ကာအဓိပ္ပာယ်များကို ကြားဖူးနားဝ ရှိမထားရင် မဖြေနိုင်ပါဘူး။ အခုတော့ အထက်ပါ လင်္ကာအဓိပ္ပာယ်ကို ဦးပဥ္စင်းတို့ ဆရာတော် (ဆဋ္ဌမ ကျော်အောင်စံထား)ထံ ဝတ်ပြုရင်း မကြာခဏ မိန့်ဖူးလို့ အဘိုးအမေးကို ဖြေနိုင်ပါတယ်။

"သိင်္ဃဆိုသည် ဆုံလည်ရပ်" ဆိုတာက ကောဇာ သက္ကရာဇ် ၁၁၁၃ ခုမှာ အင်းဝပျက်၍ အလောင်းမင်းတရား



www.burmeseclassic.com



ဦးအောင်ဇေယျက မြန်မာပြည်အရပ်ရပ် ပြန်လည် တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ဟံသာဝတီ၊ တောင်ငူ၊ အင်းဝ၊ ရှမ်း၊ ယွန်း အရပ်များမှာ ရွှေ ငွေ ပတ္တမြား စသော ရတနာအပေါင်းတို့သည် မုဆိုးဘိုမြို့သို့ စုလာသည်လည်း တစ်ချက်။

စာပေပိဋကတ်၊ ဓာတ်တော်မွေတော် တည်းဟူသော ရတနာအစစ်အပေါင်းတို့ စုလာသည်လည်း တစ်ချက်။

အရပ်ရပ်တို့မှ ရှင်ရဟန်း ပညာရှိများ မုဆိုးဘိုအရပ်သို့ စုရောက်လာသည် တစ်ချက်။

ဤ ၃ ချက်သော ရတနာအပေါင်းတို့ စုဆုံလာသည်ကို ရည်၍ ထိုမြို့ကို "ရတနာသိင်္ဃ"မြို့ဟု ဆိုသည်။

နောက်တစ်နည်းမှာ ခရီးလမ်းကြောင်းတို့၏ ဆုံရာအရပ်ကို (မဂ္ဂသိင်္ဃာတက)ခရီးလမ်းဆုံဟု ဆိုသကဲ့သို့ ရတနာအပေါင်းတို့၏ စုဝေးရာဖြစ်၍ "ရတနာသိင်္ဃမြို့"ဟု ဆိုပေတယ်။ ဝိဂြိုဟ်ပြုရလျှင်–

(ရတနာ၊ သိင်္ဃာန၊ ရတနာ သိင်္ဃဋ္ဌံ)

ဤနေရာ၌ စတုတ္ထအက္ခရာ "ဃ"နှင့် ရတနာသိင်္ဃ၏ ပဝတ္တိ ဖြစ်ခြင်းအရာကို မှတ်ရပေမယ်။

နောက်တစ်နည်းမှာ "ရတနာသိင်္ခ" ဟူ၍ ဒုတိယအက္ခရာ(ခ)ကို ယူလျှင် (လူတို့အတွက် အောင်မြင်ခြင်း ဦးစွန်းသဖွယ်ဖြစ်သော ဇေယျသိင်္ခမင်း၊ ဦးစွန်း ၅ ခုရှိသော ပဉ္စသိင်္ခ နတ်သား)ဟု ခေါ်ဆိုသကဲ့သို့ ရတနာအပေါင်းတို့၏ စုဝေးရာ၊ တိုင်းပြည်တကာတို့၏ အထွတ်ဦးစွန်းသဖွယ်ဖြစ်သော ရတနာသိင်္ခမြို့တော် ဟူ၍ အဓိပ္ပာယ်ယူအပ်ပေသည်။

သိင်္ခသဒ္ဒါကား (ဦးစွန်း)ဟောတယ်။ သိင်္ဃသဒ္ဒါကား (အလျင်အမြန်)ကို ဆိုလိုတယ်။ ဤသဒ္ဒါနှစ်မျိုးမှ မည်သည့်အက္ခရာမဆို သင့်မြတ်ပါတယ် အဘိုး။ ဒါကြောင့် ရှေးသူဟောင်းတို့ စပ်ဆိုရာမှာ–

"မြန်မာ့ထိပ်ခေါင်၊ ဦးစွန်းထောင်၍
ကုန်းဘောင် စံမှတ်၊ နန်းပြာသာဒ်က
သိဒ္ဓတ်တစ်နှုန်း၊ စက်ရှိန်မှုန်းသော
ပျောက်ပြုန်းရန်မျိုး" လို့ ဆိုပါတယ်။

အဘိုး ။ ။ သာဓုပါ.... ကိုယ်တော်လေး၊ သာဓု.... သာဓု။

ဆရာတော် ။ ။ "ဘုရားဟူသည် ရှင်သိဒ္ဓတ်" ဆိုသည်ကား ကပ္ပိလဝတ် နေပြည်တော်ကြီးကို ဗာရာဏသီပြည်၊ ဥက္ကာမုခမင်း၏ သားတော် ၄ ယောက်၊ သမီးတော် ၅ ယောက်တို့ စုစည်းပြီး ဗိုလ်ပါ အလုံးအရင်းနှင့် ပြုစု ထူထောင်ထားကြတယ်။

မင်းသား ၄ ယောက် အချိန်အရွယ် ရောက်လျှင် "တစ်ပါးသူနှင့် အိမ်ထောင်ပြုချေသော် အမျိုးပျက်မည်။ အမျိုးပျက်လျှင် အပြောအဆို အသုံးအစွဲ ပျက်မည်။ ဤသို့ပျက်လျှင် ပြည်ထဲရေး မငြိမ်မဝပ် ရှိမည်။ ဤသို့ဖြစ်သော် တိုင်းသူပြည်သား အပေါင်းတို့ ဆင်းရဲခြင်းသို့ ရောက်မည်" ဟူ၍ အကြံတော် ရှိကြပေတယ်။ ထို့ကြောင့် နှမတော် ၅ ယောက်တွင် အကြီးဆုံးကို အမိအရာ ထား၍၊ အငယ် ၄ ယောက်တို့နှင့် မောင်တော် ၄ ယောက်တို့ အချင်းချင်း အိမ်ထောင်ဖက် ပြုခဲ့ကြတယ်။

ထိုအကြောင်းကို ခမည်းတော်ဥက္ကာမင်း ကြားသိတော်မူသော် 'ငါ့သားတော် သမီးတော်တို့သည်ကား ရဟန်း ရှင်လူ ပြည်သူတို့၏ စီးပွားချမ်းသာကို ငဲ့၍ မောင်နှင့်နှမ ရွေလက်တွဲကာ ပြည်ထဲရေး ထမ်းဆောင်ကြသည်မှာ အလွန် ပြုနိုင်ခဲသော အရာကို ပြုပေစွ'ဟု ချီးမွမ်းစကား ဆိုခဲ့ပေတယ်။

ဤကိုရည်၍ ရှင်အဂ္ဂသမာဓိ စပ်ဆိုရာတွင်–
"သကျဝတ၊ ကုမာရ ဟု
သြဇာသာကြည်၊ နှုတ်ခွန်းရည်ကြောင့်
ပင်စည်ညွန့်ညြောက်၊ မင်းရိုးပေါက်သည်"

ထို "သကျဝတ" စကားကို စွဲ၍ "သာကီဝင်" မင်းမျိုးဟု တွင်ရာ ကုန်းဘောင်ဆက် မြန်မာမင်းများလည်း အပါအဝင် ဖြစ်ပေတယ်။ ပြည်သူတို့ စိုးရိမ်ခြင်း ပျောက်၍ စိတ်ချမ်းမြေ့ခြင်း ဖြစ်သည်ကို **သိဒ္ဓတ်** ဖြစ်သည် ခေါ်ဆိုတယ်။ ဤကိုစွဲ၍ ဘုရားလောင်း သားရတနာ ဖွားမြင်ရာတွင် ငယ်မည် **သိဒ္ဓတ္ထ**ဟု မှည့်ခေါ်ခဲ့တယ်။ ဘုရားအဖြစ်သို့ ရောက်သော် ဗောဓိပင်အောက်၌ စိတ်နှလုံး ချမ်းမြေ့ခြင်း ဖြစ်တော်မူသည်ကို စွဲ၍၊ ဤ ၃ ချက်သော သိဒ္ဓတ်ကိုရည်၍ "ဘုရားဆိုသည် ရှင်သိဒ္ဓတ်"ဟု ဆိုပါတယ်။

အဘိုး။ ။ သာဓုပါပဲ....ကိုယ်တော်လေး၊ သာဓု....သာဓု။



www.burmeseclassic.com

www.burmeseclassic.com



## သမြေညီ ရွှေဘိုပန်း

ရွှေဘိုနယ်မြေနှင့် ပတ်သက်၍ ဦးသောင်း (ရေဦး)၏ သုတေသန ဆောင်းပါး၌ အောက်ပါ အချက်အလက်များ ပါရှိ၏။

ခရစ်သက္ကရာဇ် ၃ ရာစုလောက်က ပျူလူမျိုးတို့သည် ဟန်လင်းကြီးမြို့ကို စတင် ထူထောင်နေထိုင်ကြသည်။ ထိုပျူတို့သည် စီးပွားရေးနှင့် ယဉ်ကျေးမှုတို့၌ အထက်တန်းကျသည်ဟု ဆိုရပေမည်။ ရွှေ ငွေ ကျောက်သံပတ္တမြားတို့ ဝတ်ဆင်၏။ ငွေဒင်္ဂါး သုံးစွဲ၏။ အလှူအတန်းများ သိုက်မြိုက်စွာ ပြုလုပ်လေ့ရှိသည်။ မြို့တွင် လူထုသုံးစွဲရန် တိုင်ပေါင်း ၈၀ ကျော် ပါဝင်သော အလှူတင်းကုပ်(ဝါ) မြို့တော်ခန်းမဆောင် ဆောက်လုပ်ခဲ့ပုံကို နောက်ဆုံး တူးဖော်ချက်များက သက်သေခံ၏။

ခရစ်သက္ကရာဇ် ၉ ရာစုတွင် ရှေးဦးမြန်မာ လူမျိုးစုတို့ တိုးဝင် လာကြရာမှ ပျူတို့၏ဩဇာ ပျက်ပြားခဲ့ရသည်။ မြန်မာပြည်အလယ်ပိုင်းတွင် ထင်ရှားသော လွင်ပြင် ၃ ခုရှိရာ (၁) တမ္ဗဒီပတိုင်းရှိ မင်းဘူးလွင်ပြင် (၂) သုနာပရန္တတိုင်းရှိ ကျောက်ဆည်လွင်ပြင်နှင့် (၃) ရွှေဘို ခေါ် မူးမြစ်ဝှမ်းလွင်ပြင်တို့ဖြစ်သည်။ အရိမဒ္ဒန ပုဂံမှ မြန်မာများ တိုးချဲ့ ဝင်ရောက်လာကြခြင်း ဖြစ်သည်။ သို့သော် ရွှေဘိုလွင်ပြင်ရှိ မူလလူမျိုးစု ဖြစ်သော ပျူနှင့် သောက်ကတူး (သစ်ကန်တူ) တို့နှင့် အတူ ရောနှော နေထိုင်ကြလေသည်။ ပုဂံကျောက်စာများအရ ရွှေဘိုတစ်ဝိုက် မူးမြစ်တစ်လျှောက်ကို (၁) လတုယ်တိုက်၊ (၂) မုဆိုးခြုမ်တိုက်၊ (၃) မုဆိုးဖိုဝ်တိုက်၊ (၄) ပင်စည်တိုက်၊ (၅) ညံသာတိုက် စသဖြင့် ခေါ်ဝေါ်လေသည်။

သောက်ကတူးတို့၏ မြို့တော် တကောင်းကို သင်းတွဲပြည် ဟုလည်း ခေါ်၏။ အနော်ရထာမင်းက ထိုပြည်နယ်ကို စတင် သိမ်းပိုက်ခဲ့ရာ နန်းတောင်းများ(ဝါ) နားတောင်းများမင်း လက်ထက်မှ ငြိမ်ဝပ်ပိပြား ရှိသည်။

ပုဂံခေတ်မှ စ၍ ရွှေဘိုနယ်မှာ မြန်မာပြည်၏ ရှေ့တန်းစစ်မြေပြင် မကြာခဏ ဖြစ်ခဲ့ရသည်။ မြေဒူး၊ ခက်သင်နှင့် တယောက်တင် အရပ်တို့မှာ ထင်ရှားသော မြန်မာ ခံတပ်မြို့များ ဖြစ်၏။ မွန်ဂိုဘုရင် ကူဘလာခန်၏ တပ်များ ဝင်ရောက်ချိန်က မြေဒူးနှင့် တကောင်းမြို့များ ရန်သူလက်သို့ ခေတ္တ ကျဆုံးခဲ့ရသည်။ တရုတ်များကား ထိုအချိန်က ပီကင်းမြို့တော်ပါ ကျဆုံးကာ ကူဘလာခန် မင်းဆက်များ လက်အောက်၌ နှစ် ၂၀၀ မျှ နေခဲ့ကြရသည်။

ပုဂံခေတ် ကုန်ဆုံးပြီးနောက် မြန်မာပြည်တွင်း၌ ရှမ်း၊ ရခိုင်၊ မွန်၊ မြန်မာ စသည်တို့၏ ပဒေသရာဇ် အချင်းချင်း နယ်လုပွဲများ ဆင်နွှဲကြရာ ရွှေဘိုနယ်မြေသည် စစ်တလင်းပင် ဖြစ်ရပြန်သည်။ မြောက်ပိုင်းမှ မောရှမ်းများ ထိုးဖောက်ချိန်တွင် မြေဒူး၊ ငရန်၊ စည်ပုတ္တရာ၊ စည်သာ၊ တပရင်း၊ ဟန်လင်းကြီး စသော ခံတပ်များမှ ခုခံကြရသည်။ ထိုမြို့များ ကျဆုံးသည်လည်း ရှိခဲ့၏။ စစ်ပွဲများ၌ မကြာခဏ ပါဝင် တိုက်ခိုက်ရသောကြောင့် ရွှေဘိုသားတို့ စစ်ဘေး စစ်ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိလာကြ၏။

ခရစ်သက္ကရာဇ် ၁၆၀၀ တွင် ပဲခူးမြို့တော် ကျဆုံးရာ ဘုရင့်နောင်၏သားတော် ညောင်ရမ်းမင်းသည် အင်းဝ၌ ပြန်လည်နန်းထိုင်ကာ မြောက်ပိုင်းနယ်မြေများကို စည်းရုံးသိမ်းသွင်းသည်။ တောင်ငူမှ ပါလာသော ကုလားလူမျိုး၊ ပုဏ္ဏားလူမျိုးတို့ကို မြေဒူးမြို့၌ နေရာချထားခဲ့သည်။ အနောက်ဘက်လွန်မင်းသည် သံလျင်၌ ပေါ်တူဂီ ငဇင်ကာတို့ကို နှိမ်နင်းပြီးနောက် ဥရောပ လူမျိုး၊ နီးဂရိုး လူမျိုး စသည်တို့ကိုလည်း ရွှေဘိုသို့ပင် ပို့လေသည်။ ချမ်းသာ၊ မုံလှ၊ ချောင်းရိုး၊ နဂါးဗိုလ်၊ တပရင်း၊ ကျိုက်သင်း အရပ်တို့မှာ ထိုခေတ်မှ စ၍ ဘရင်ဂျီအများစုတို့ နေထိုင်ရာဖြစ်သည်။

သာလွန်မင်းတရား လက်ထက်တွင် ဇင်းမယ်မှ ယွန်းစုများ၊ ကောင်းဟန်စုများလည်း ရောက်ရှိလာပြန်သည်။ နွားဘက်ရွာ၊ သစ်ရာပင်ရွာ၊ သဖန်းဆိပ်ရွာများ၌ နေရာရရှိကြ၏။ စနေမင်း လက်ထက်တွင် ရခိုင်ပြည်မှ လူ ၂၀၀ ကျော် ခိုလှုံရောက်ရှိလာကြရာ စည်သာနှင့် စည်ပုတ္တရာ၌ နေထိုင်ကြ၏။ ထိုသူအပေါင်းတို့သည် အများအားဖြင့် မြန်မာ့တပ်မတော်တွင် သေနတ်ကိုင်တပ်စုများ ဖြစ်လာ၏။

ရွှေဘိုတစ်ဝိုက် ဟူသည် စတုရန်းမိုင် ၅၇၁၄ ခန့်ရှိရာ ရတနာသိင်္ခနယ်၊ တပရင်းနယ်၊ စည်ပုတ္တရာနယ်၊ မြေဒူးနယ်နှင့် ပဥ္စာလ ၅ မြို့ နယ်မြေများ ပါဝင်၏။ မြင်းစစ်သည်များ ပေါ်ထွက်ရာ မြင်းနယ်မြေများ ဖြစ်သည်။ မူးမြစ်ဝှမ်းလွင်ပြင် ဖြစ်၍ စားရေရိက္ခာ လုံလောက်၏။ တောင်တန်းငယ်များ၌ သစ်တော ဝါးတောတို့နှင့် သယံဇာတပစ္စည်း ကြွယ်ဝ၏။

ရွှေဘိုသားတို့သည် ထိုသို့ ရေမြေသဘာဝ အခြေအနေ ကောင်းခြင်းကြောင့် လုံ့လ ဝီရိယကောင်းလျက် ရှုပ်ရှုပ်ချွံချွံ ရှိကြ၏။ ဟံသာဝတီရောက် မင်းလက်ထက်တွင် မွန်တို့ မြန်မာနယ်ကို လွှမ်းမိုးလာသည်ကို ရွှေဘိုမှ ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com

ဇေယျက အပြီးအပိုင် တွန်းလှန်ပစ်ခဲ့သည်။ မင်းသုဝဏ်က ထိုခေတ်ကို သရုပ်ဖော်သည်ကား–

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို.....။

*

## [၂] မင်း (၁၁) ပါး

မြန်မာသမိုင်းတွင် တိုင်းပြည်တစ်လုံးတစ်စည်းတည်း ရှိစေရန် လေးကြိမ်မျှ စည်းရုံးခဲ့ရသည်။ (၁) အနော်ရထာမင်း၊ (၂) ဘုရင့်နောင်၊ (၃) ဦးအောင်ဇေယျ၊ (၄) ဗိုလ်ချုပ်အောင်ဆန်းတို့၏ လက်ထက်တွင် ထိုသို့သော လွတ်လပ်စွာ စည်းရုံးမှုများ အောင်မြင်ခဲ့သည်။ (**စွယ်စုံကျမ်း**)

မြန်မာနိုင်ငံကြီးကို တတိယအကြိမ် စည်းရုံးခဲ့သော ဦးအောင်ဇေယျမှသည် သီပေါမင်းအထိ မင်း (၁၁)ပါးတို့၏ ကုန်းဘောင်မင်းဆက်မှာ သက္ကရာဇ် ၁၁၁၄ ခု မှ ၁၂၄၇ နှစ်အထိ နှစ်ပေါင်း ၁၃၃ နှစ် ရှည်ခဲ့၏။ ဤမင်းဆက်ကို မုဆိုးဘို၊ ရန်ကြီးအောင်၊ ကုန်းဘောင်၊ ရတနာသိဃ်၊ ရွှေဘို ဟု နာမည်အမျိုးမျိုး မှည့်ခေါ်သော ကုန်းဘောင်မြို့မှ အလောင်းဘုရားကြီး ဦးအောင်ဇေယျ စတင် တည်ထောင်ခဲ့သဖြင့် ကုန်းဘောင်မင်းဆက် ဟု ခေါ်တွင်သည်။ ထိုကုန်းဘောင်မင်းတို့တွင် အလောင်းဘုရား၊ နောင်တော်ကြီး၊ ဆင်ဖြူရှင်၊ စဉ့်ကူးမင်း၊ ဖောင်းကားစား မောင်မောင်၊ ဘိုးတော်ဘုရား၊ ဘကြီးတော်၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ ဖြစ်ကြသည်။ ထိုမင်းများတွင် စွမ်းရည်သတ္တိ၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော မင်းကောင်းမင်းမြတ်များလည်း ပါဝင်၍၊ မင်းသာမန်များလည်း ပါဝင်သည်။

ကုန်းဘောင်ဘုရင်တို့သည် မြန်မာပဒေသရာဇ်ခေတ်၏ နောက်ဆုံးပိုင်းဖြစ်၍ လည်းကောင်း၊ မင်းဆက် မများဘဲ မှတ်သားရန် လွယ်ကူ၍လည်းကောင်း ယခုတိုင် မြန်မာတိုင်း လိုပင် လက်ချိုး ရေတွက် ပြသနိုင်သည်။ အောက်ပါ တေးထပ်အရ သိနိုင်၏။

**ကုန်းဘောင်မင်းဆက် တေးထပ်**

၁။ ဦးအောင်ဇေယျ အမှူးမြောက်
ထူးတစ်ယောက် တင်မူ
၂။ (ဦးလောက်) ပ ဘုရင်တစ်ဆူ
၃။ ဆင်ဖြူရှင် စခန်း
၄။ စဉ့်ကူးမင်း ကောင်းစားမိ
၅။ ဖောင်းကားညီ လုတဲ့ ရွှေနန်း
၆။ ဦးဝိုင်း ပ၊ ပထမခေါင်ပျော်
၇။ မြနော်ခင်တော် ရေဖျန်း
အမရဆောင်ပေါ် ဇွဲကြင့်နန်းမှာ လ
ရွှေစာတမ်း ဖွဲ့ပြန်
၈။ ကုန်းဘောင်ပျော် နေလိုဝင်း
၉။ ရွှေဘိုမင်းသား မြတ်ပုဂံ
ချမ်းအေးဖို့ ပန်းမွေးပန်
မန္တ လေးစံ တောင်လက်ရုံးရယ်နှင့်
၁၀။ မင်းတုန်းမင်း
၁၁။ သီပေါ်အရှင်
ထီးနှင့်ပလ္လင်
ဆယ့်တစ်ဆက် အုပ်စိုးတင်
မုဆိုးဘုရင် စခန်းမို့လေး။

**၁။ အလောင်းမင်းတရား**

သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ဟံသာဝတီမွန်တို့သည် အင်းဝပြည်ကြီးသို့ ချီတက်လာကြပြီးနောက် မင်းနှင့်တကွ တိုင်းပြည်အလုံးကို တိုက်ခိုက်သိမ်းယူသွားသဖြင့် ဒုတိယ မြန်မာနိုင်ငံကြီး ပျက်စီးရလေသည်။ ဦးအောင်ဇေယျသည် မုဆိုးဘိုရွာမှ ထန်းလုံးတပ် ဆောက်လုပ်ကာ လက်ရွေးစင်သူရဲကောင်း ခြောက်ကျိပ်ရှစ်ယောက်တို့နှင့် မြန်မာ့ဦးစွန်းထူထောင်ခဲ့သည်။ ဦးအောင်ဇေယျသည် မြောက်ဘက်မှ ကွေ့ရှမ်းများနှင့် တောင်ဘက်မှ မွန်တို့ကို နှိမ်နင်းပြီးလျှင် မြန်မာနိုင်ငံကြီးကို တပေါင်းတစည်းတည်း ဖြစ်အောင် စည်းရုံးထူထောင်ခဲ့သည်။ ရခိုင်ပြည်ကို ချန်လှပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းကျုံး အုပ်စိုးတော်မူသည်။ ၁၁၂၀ ပြည့်နှစ်တွင် မဏိပူရ ကသည်းမြို့ကို အောင်မြင်တော်မူသည်။ ၁၁၂၁ ခုနှစ်တွင် ယိုးဒယားနိုင်ငံထိ ချီတက်တိုက်ခိုက်သော်လည်း မအောင်မြင်ဘဲ ပြန်ခဲ့ရာတွင် လမ်းခရီး၌ နတ်ရွာစံတော်မူသည်။


www.burmeseclassic.com

www.burmeseclassic.com



အလောင်းဘုရားလက်ထက် အင်္ဂလိပ်များ၊ ပြင်သစ်များတို့နှင့် ဆက်ဆံမှုများ ရရှိခဲ့သည်။ သံလျင်တွင် ဗရှုနီအမျိုးရှိသော ပြင်သစ်တစ်စုတို့ နေထိုင်ကြ၍ ပုသိမ်အနီး ဟိုင်းကြီးကျွန်းတွင် ဗရုတ်အမျိုးရှိသော အင်္ဂလိပ်တို့ နေထိုင်ကြသည်။

ဖွင့်လှစ်ရန် အရှေ့အိန္ဒိယကုမ္ပဏီအား မြေကွက်များ ပေးသည်။ နိုင်ငံတော်အတွင်း လွတ်လပ်စွာ ကုန်သွယ်မှုကိုလည်း ခွင့်ပြုလေသည်။ အင်္ဂလိပ်တို့က နှစ်စဉ် မြန်မာမင်းအား ခဲယမ်းမီးကျောက်များ ရောင်းချရန်နှင့် မြန်မာ့ရန်သူများကို ကူညီအားပေးခြင်း မပြုရန် ဖြစ်လေသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ နေထိုင်ကြသော အင်္ဂလိပ်နှင့် ပြင်သစ် နှစ်ဦးလုံးတို့ပင် သစ္စာမတည်ကြချေ။ မွန်နှင့်မြန်မာတို့ အရေးတွင် သာသည့်ဘက်မှ ပါဝင်လေ့ရှိသည်။ အလောင်းဘုရားလက်ထက် အာမီးနီးယန်းလူမျိုး အန်တိုနီယို ဆိုသူမှာ "မင်းရဲကောင်းပုံ" ဘွဲ့နှင့် အမှုတော် ထမ်းရွက်သည်။

## ၂။ နောင်တော်ကြီး

အလောင်းဘုရား နတ်ရွာစံသော် သားတော်ကြီးဖြစ်သော အိမ်ရှေ့မင်း ထီးနန်း ဆက်ခံလေသည်။ ငယ်မည်မှာ မောင်လောက် ဖြစ်သည်။ သို့သော် ညီတော်များက ခေါ်ဝေါ်သည့်အတိုင်း ရာဇဝင်တွင် နောင်တော်ကြီးမင်းဟု တွင်ရစ်သည်။ ၁၁၂၅ ခုနှစ်တွင် နောင်တော်ကြီးမင်း ကွယ်လွန်သဖြင့် ညီတော် မြေဒူးမင်း နန်းတက်သည်။ နောင်သော် ဆင်ဖြူ ရရှိသဖြင့် ဆင်ဖြူရှင်ဘွဲ့ကို ခံယူလေသည်။ ဆင်ဖြူရှင် မင်းတရားသည် ရွှေဘိုမြို့၌ ၂ နှစ်မျှ နန်းစံပြီးလျှင် အင်းဝမြို့သို့ ရွှေ့ပြောင်း စံနေတော်မူသည်။

## ၃။ ဆင်ဖြူရှင်

ဤမင်းလက်ထက် ဇင်းမယ်၊ မဏိပူရ၊ ယိုးဒယား နိုင်ငံတို့ကို အောင်မြင်တော်မူသည်။ ယိုးဒယားကို တိုက်ခိုက်ပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ အယုဒ္ဓယမြို့တော်ကို မြန်မာတို့က တစ်နှစ်နှင့် လေးလတိုင်တိုင် ဝန်းရံထားသော်လည်း မြို့တွင်းမှ မပြတ်မလပ် ခုခံနေလေရာ နောက်ဆုံးတွင် မြန်မာတို့က ယိုးဒယားမြို့ရိုး အောက်သို့ ဥမင်ကြီးများ ဖောက်လုပ်ဝင်သော အခါမှ အယုဒ္ဓယမြို့ ကျဆုံးလေသည်။

၁၁၂၇ ခုနှစ်မှ ၁၁၃၀ ပြည့်နှစ်အတွင်း တရုတ်တို့နှင့် စစ် ၄ ကြိမ်တိုင်တိုင် ဖြစ်ခဲ့သည်။ ကောင်းတုံ၊ ဗန်းမော်၊ ကျိုင်းတုံမြို့များကား စစ်မြေပြင်အရပ်များ ဖြစ်သည်။ နောက်ဆုံး၌ တရုတ်–မြန်မာ စစ်ပြေငြိမ်းစာချုပ်ကို မြန်မာတို့ဘက်မှ ဝန်ကြီးမဟာသီဟသူရက တာဝန်ယူ၍ ကောင်းတုံမြို့တွင် ချုပ်ဆိုခဲ့သည်။ ထိုစစ်ပွဲကြီးများ အပြီးတွင် တရုတ်–မြန်မာ ကူးသန်းရောင်းဝယ်မှုများ တိုးတက် ကောင်းမွန်လာခဲ့သည်။ ထိုမှစ၍ တရုတ်နှင့် မြန်မာနိုင်ငံတို့ ၁၀နှစ်တစ်ကြိမ် သံတမန် အဆက်အသွယ် ထားရှိလေသည်။ ဆင်ဖြူရှင်မင်းသည် ၁၁၃၆ ခုနှစ်တွင် ရွှေတိဂုံ စေတီတော်မြတ်ကြီးကို အမြင့် ၃၂၆ ပေအထိ မြှင့်တင် ဆောက်လုပ်တော်မူသည့်အပြင် ထီးတော်အသစ်ကိုလည်း တင်တော်မူသည်။

ဆင်ဖြူရှင်မင်း လွန်ပြီးနောက် သားတော် စဉ့်ကူးမင်းသား ၅ နှစ်၊ နောင်တော်ကြီး၏ သား ဖောင်းကားစား မောင်မောင် ၇ ရက် အသီးသီး ဆက်လက် နန်းစံခဲ့သည်။ ထိုနောက် အလောင်းဘုရား၏ စတုတ္ထသားတော်ဖြစ်သော ဘိုးတော်ဘုရား နန်းတက်သည်။

## ၆။ ဘိုးတော်ဘုရား

ဘိုးတော်ဘုရားမှာ သာသနာရေး၊ ပညာရေးနှင့် တိုင်းပြည်ဝပြောသာယာရေးတို့ကို အားပေးတော်မူသော ဘုရင်ဖြစ်သည်။ ဘိုးတော်ဘုရားသည် အောင်ပင်လယ်ကန်၊ နန္ဒာကန်တို့ကို ထပ်မံပြုပြင်တော်မူသည့်အပြင် မိတ္ထီလာကန်တော်ကြီးကိုလည်း အသစ် ဆည်ဖို့တော်မူသည်။ ၁၁၄၅ ခုနှစ်တွင် နိုင်ငံတော် စစ်တမ်းများကို စီစဉ် ရေးသားစေသည်။ ဤစစ်တမ်းများမှာ ယခုခေတ် သန်းခေါင်စာရင်း ကောက်ယူပုံနှင့် တူလှသည်။ မြန်မာနိုင်ငံရှိ လူနေအိမ်ခြေ၊ မြေယာအကျယ်အဝန်း၊ အသီးအနှံ အထွက်၊ အခွန်အကောက် စသည်တို့ကို စစ်ဆေး မေးမြန်းပြီးလျှင် စာရင်းတင်ထားခြင်းဖြစ်သည်။ ထိုစစ်တမ်းသည် ဘိုးတော်ဘုရားစစ်တမ်း ဟု ထင်ရှားသည်။ ထိုနှစ်မှာပင် အမရပူရ မြို့သစ် တည်၍ ပြောင်းရွှေ့ စံနေတော်မူသည်။

သာသနာရေးနှင့် စပ်လျဉ်း၍ မင်းကွန်းစေတီ၊ မင်းကွန်းခေါင်းလောင်းကြီးတို့ကို ပြုလုပ် လှူဒါန်းတော်မူသည်။ ထိုမှတစ်ပါး မြို့ပေါင်း ၆၅ မြို့သို့ ပိဋကတ်တော်အစုံနှင့် တစ်မြို့လျှင် သံဃာ ၅ ပါးစီ သာသနာပြု စေလွှတ်တော်မူသည်။ မင်းကြီးသည် မျိုးမတ်ပညာရှိများကို အိန္ဒိယ

www.burmeseclassic.com

ပြည်သို့ စေလွှတ်၍ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်း အစရှိသော ကျမ်းပေါင်း ၁၀၀ ကျော်တို့ကို ဆောင်ယူလာစေပြီးလျှင် မြန်မာဘာသာသို့ ပြန်ဆိုစေသည်။

၁၁၄၆ ခုနှစ်တွင် ရခိုင်ပြည်ကို သားတော်အိမ်ရှေ့မင်းအား စေလွှတ် သိမ်းပိုက်အောင်မြင်တော်မူ၍ မဟာမုနိရုပ်ပွားတော်ကြီးကို မန္တလေးမြို့သို့ ပင့်ဆောင်ခဲ့သည်။ ရခိုင်ပြည်ကို သိမ်းယူပြီးနောက် စစ်တကောင်းနှင့် ရခိုင်နယ်ခြားအရေးနှင့် စပ်လျဉ်း၍ မြန်မာနှင့် အင်္ဂလိပ်တို့ မသင့်မတင့်ဖြစ်ကြသည်။ ဘိုးတော်ဘုရားလက်ထက် ၁၁၇၄ ခုနှစ်တွင် အမေရိကန်သာသနာပြု ဆရာယုဒသန်နှင့် ဇနီးတို့ ခရစ်ယာန် အယူဝါဒ ပြန့်ပွားစေရန် ရောက်ရှိလာသည်။ မြန်မာငွေဒင်္ဂါးများကို ဘိုးတော်ဘုရား လက်ထက်တွင် စတင်သွန်းလုပ်သည်။

## ၇။ ဘကြီးတော်

ဘိုးတော် လွန်ပြီးနောက် မြေးတော် ကုန်းဘောင် ခြောက်ဆက်မြောက် ဘကြီးတော်ဘုရား နန်းတက်သည်။ ဘကြီးတော်သည် ၁၁၈၅ ခုနှစ်၌ ထီးနန်းကို အမရပူရမှ အင်းဝမြို့သို့ ပြန်လည်ပြောင်းရွှေ့သည်။

ဤမင်းလက်ထက် ၁၁၈၅ ခုနှစ်တွင် အင်္ဂလိပ်နှင့် မြန်မာတို့ ပထမစစ် ဖြစ်ပွားသည်။ စစ်ဖြစ်ရခြင်း အကြောင်းမှာ မြန်မာပိုင်ဖြစ်သော အာသံနှင့် မဏိပူရနယ်မှ စော်ဘွားများ ထောင်ထားခြားနားသည့်အခါ အင်္ဂလိပ်တို့က မိမိတို့ပိုင်နက်အတွင်းက လက်ခံ၍ အားပေးအားမြှောက် ပြုလေသည်။ မြန်မာတို့က လိုက်လံဖမ်းဆီးရာတွင် မသင့်မတင့်ဖြစ်ကြသည်။ ၁၁၈၅ ခုနှစ်တွင် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်း (ရှပူရီကျွန်း)ပေါ်၌ အင်္ဂလိပ်တို့က စစ်တပ်တည်ဆောက်သည်မှ စ၍ ထိုကျွန်းကို သူ ပိုင်သင့်သည်၊ ငါ ပိုင်သင့်သည်ဟု ငြင်းခုံရင်း စစ်စတင် ဖြစ်ပွားလေသည်။ ဤစစ်ပွဲတွင် မြန်မာတို့ အရေးနိမ့်သဖြင့် ရန္တပိုစာချုပ်အရ ရခိုင်နှင့် တနင်္သာရီနယ်များကို အင်္ဂလိပ်သို့ ပေးလိုက်ရ၏။ အာသံ၊ မဏိပူရနှင့် ကချာနယ်တို့ကို မနှောင့်ယှက်ပါဟု မြန်မာတို့က ကတိပြုရ၏။ ထိုစစ်ပွဲများတွင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော မြန်မာ စစ်ဗိုလ်ချုပ်ကြီး မဟာဗန္ဓုလကို နိုင်ငံခြားသားများပင် ချီးကျူးကြသည်။

## ၈။ သာယာဝတီမင်း

သာယာဝတီမင်း လက်ထက်တွင် ရန္တပိုစာချုပ်ကို အသိအမှတ် မပြုသဖြင့် အင်္ဂလိပ်တို့နှင့် တင်းမာမှု ဖြစ်ခဲ့သည်။ အောက်ပြည် ဒဂုံသို့ အလုံးအရင်းနှင့် စုန်ဆင်းကာ မြန်မာ့အင်အား ပြခဲ့သည်။ စိတ်ဓာတ် ခိုင်မာထက်မြက်သော ဘုရင်ဖြစ်၍ သူ့လက်ထက်တွင် နိုင်ငံခြားသားတို့က စစ်ဆင်ခြင်း မရှိခဲ့ချေ။

## ၉။ ပုဂံမင်း

ပုဂံမင်းလက်ထက် ၁၂၁၃ ခုနှစ်တွင် ရန်ကုန် ဟံသာဝတီဝန်ကြီး ဦးအုပ်က အင်္ဂလိပ်သင်္ဘော ကပ္ပိတိန် လူဝစ်နှင့် ရှက်ပဒ် တို့ကို ညှဉ်းပန်း နှိပ်စက်ပါသည်ဟု အကြောင်းပြအရေးဆိုသည်မှ အစပြု၍ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ရပြန်သည်။ မြန်မာတို့ အရေးနိမ့်သဖြင့် မြေထဲမြို့မှ စ၍ အောက်မြန်မာနိုင်ငံ တစ်ခုလုံးကို ၁၂၁၄ ခုနှစ် နတ်တော်လတွင် အင်္ဂလိပ်တို့ သိမ်းယူလေသည်။

## ၁၀။ မင်းတုန်းမင်း

၁၂၁၄ ခုနှစ် နန်းတက်တော်မူသော မင်းတုန်းမင်းမှာ ကုန်းဘောင်မင်းဆက်တွင် တော်ဖြောင့်၍ သီလ၊ ပညာ၊ အမြော်အမြင်နှင့် ပြည့်စုံသော မင်းကောင်းမင်းမြတ် တစ်ပါးဖြစ်သည်။ ၁၂၁၈ ခုနှစ်တွင် မန္တလေးမြို့ကို စတင်တည်ထောင်ပြီးလျှင် ၁၂၁၉ ခုနှစ်တွင် ပြောင်းရွှေ့ စံနေတော်မူသည်။ မင်းတုန်းမင်းသည် သာသနာရေး၊ ပညာရေးတို့ကို အထူး အားပေး ချီးမြှင့်တော်မူသည်။ လောကမာရဇိန်၊ ကျောက်တော်ကြီး စသော စေတီရုပ်ပွားတော် များစွာတို့ကို တည်သည်။ ရွှေတိဂုံစေတီတော်တွင် ထီးသစ် တင်တော်မူသည်။ ပိဋကတ်သုံးပုံ ပါဠိတော်မြတ်ကို ပဥ္စမသင်္ဂါယနာနှင့် ကျောက်ထက်အက္ခရာ တင်၍ ကုသိုလ်တော်၊ လောကမာရဇိန် စေတီ ပရိဝုဏ်အတွင်း စိုက်ထားတော်မူသည်။ မြန်မာနိုင်ငံအတွင်း ပထမပြန် စာမေးပွဲများကိုလည်း ပြုပေးလေသည်။ ပညာရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းစာပေများကိုသာမက နိုင်ငံခြားစာပေတို့ကိုပါ အားပေးလိုရကား ခရစ်ယာန် ဘုန်းကြီး ဆရာမှတ်ကြီးကို မြေရာနှင့်တကွ အင်္ဂလိပ်စာသင်ကျောင်း ဆောက်ပေးပြီးလျှင် သားတော်များကို သင်စေသည်။ ပြင်သစ် ဘရင်ဂျီဂိုဏ်းအုပ် ဘိဂန္ဒတ် ကိုလည်း ချီးမြှောက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းသည် အင်္ဂလိပ်များနှင့် အသင့်အတင့် ဆက်ဆံတော်မူသည်။ အင်္ဂလိပ်တို့နှင့် ကူးသန်းရောင်းဝယ်ရေး စာချုပ် နှစ်ကြိမ်တိုင် ချုပ်ဆိုခဲ့သည်။ သို့ရာတွင် ကျွန်းသစ်၊ ရေနံ၊ ကျောက်နီ စသော ကုန်များကို မိမိတစ်ဦးတည်း ပိုင် လုပ်၍ တူးဖော် ထုတ်လုပ် ရောင်းချသည်။

၁၂၂၃ ခုနှစ်တွင် သဿမေဓ အခွန်တောင်းခံပြီးလျှင် အမှုထမ်း၊ အရာထမ်းတို့ကို ရွာစား၊ မြို့စား မပေးတော့ဘဲ လစာ၊ ရိက္ခာများ ချီးမြှင့်တော်မူသည်။ ကင်းဝန်မင်းကြီးကို သံကြီးအဖြစ် ခန့်၍ အင်္ဂလန်ပြည်၊ ပြင်သစ်ပြည်၊ အီတလီပြည်များသို့ စေလွှတ်ခဲ့သည်။ လူငယ်လူရွယ်ကလေး များစွာတို့ကို နိုင်ငံခြားသို့ ပညာတော်သင်များ အဖြစ်ဖြင့်လည်း စေလွှတ်ခဲ့သည်။

မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသား အိမ်ရှေ့စံမှာ အုပ်ချုပ်စီမံရေး၊ ပြည်တွင်း လုံခြုံရေး၊ စစ်တပ်များ ခေတ်မီလက်နက် တပ်ဆင်ရေး၊ နိုင်ငံတော်အတွင်း စက်မှုလက်မှု ထွန်းကားရေးတို့ကို အမြဲတစေ ဂရုစိုက်ကာ မင်းတုန်းမင်းအား အကူအညီ ပေးခဲ့သည်။ အိမ်ရှေ့မင်းသားမှာ မြင်ကွန်းနှင့် မြင်းခုံတိုင်မင်းသားတို့၏ လုပ်ကြံခြင်း ခံရသဖြင့် ရည်ရွယ်ချက် အထမမြောက်လေ။ ၁၂၄၀ ပြည့်နှစ်တွင် မင်းတုန်းမင်း နတ်ရွာစံတော်မူသည်။

### ၁၁။ သီပေါမင်း

မြန်မာနိုင်ငံတွင် နောက်ဆုံး စိုးစံတော်မူသော သီပေါမင်းမှာ မင်းတုန်းမင်း၏ သားတော်တစ်ပါး ဖြစ်သည်။ ၁၂၄၀ ပြည့်နှစ် သီပေါမင်း နန်းတက်သောအခါ မင်းသား မင်းသမီး ၄၀ ကျော်တို့ အသတ်အဖြတ် ခံရသည်။ သို့ရာတွင် ဤကိစ္စမှာ သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့ မသိရှိရဘဲ မင်းတုန်းမင်း၏ မိဖုရားကြီးဖြစ်သော ဆင်ဖြူမရှင် မိဖုရားကြီးနှင့် အလိုတူသော မှူးမတ်များ ဆန္ဒအရ ကွပ်မျက်ပစ်သည်ဟု နိုင်ငံသမိုင်းများတွင် ဆိုသည်။

သီပေါမင်းလက်ထက် အင်္ဂလိပ်တို့နှင့် တတိယအကြိမ် စစ်ဖြစ်ရသည်။ ဤ တတိယစစ်ပွဲ ဖြစ်ပွားရသည့် အကြောင်းများအနက် ဘုံဘေဘားမား သစ်မှုမှာ တစ်ခု အပါအဝင် ဖြစ်သည်။ တောင်ငူနယ်တွင် သစ်လုပ်သော ဘုံဘေဘားမား ရောင်းဝယ်ရေးအဖွဲ့က သစ်လုံးရေ ၈ သောင်းကို ထုတ်ယူလျက်နှင့် ၃ သောင်းသာ စာရင်းပြလေသည်။ မြန်မာ အစိုးရတို့က စစ်ဆေး သိရှိသဖြင့် ကုမ္ပဏီအား ၂၃ သိန်း ဒဏ်ရိုက်လေသည်။ ကုမ္ပဏီက မကျေနပ်သဖြင့် အင်္ဂလိပ်အစိုးရကို တိုင်ကြားရာ အိန္ဒိယ ဘုရင်ခံချုပ် လော့ဒပ်ဖရင်က နောက်ဆုံး ရာဇသံ ပေးပို့သည်။ မြန်မာတို့က ကျေနပ်လောက်အောင် ပြန်ကြားသော်လည်း လက်မခံဘဲ အထက်မြန်မာနိုင်ငံသို့ ချီတက်လာပြီးလျှင် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် မင်းနှင့်တကွ တိုင်းပြည်ကို သိမ်းပိုက်သည်။

*

ကုန်းဘောင်ခေတ် တစ်ခုလုံးကို ခြုံ၍ ကြည့်လိုက်လျှင် ဝမ်းသာစရာ၊ အားရစရာ အချက်များလည်း ပါဝင်သည်။ ဝမ်းနည်းစရာ အကြောင်းများလည်း ပါဝင်သည်။ အလောင်းဘုရားကြီး၊ ဆင်ဖြူရှင်၊ ဘိုးတော်ဘုရားနှင့် မင်းတုန်းမင်းတို့မှာ မြန်မာတို့ ဂုဏ်ယူ ပြောပလောက်သော မင်းများ ဖြစ်ကြသည်။

ကုန်းဘောင်ခေတ်တွင် မြန်မာနိုင်ငံကို အကျယ်ဆုံး အထိ တိုးချဲ့ စည်းရုံးနိုင်သည်။ သာသနာရေးကို အထူးဂရုစိုက်၍ ပြုစုခဲ့ကြသည်။ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြသည့် အပြင် သားကြီးငါးကြီး စားသောက်မှု၊ အရက်သေစာ သောက်စားမှုတို့ကို တားမြစ်ခဲ့သည်။ ဤခေတ်တွင် ရဟန်းပညာရှိ၊ လူပညာရှိနှင့် စာဆိုတော်များ အများအပြား ပေါ်ထွန်းခဲ့သည်။ မဇ္ဈိမဒေသမှ ယူဆောင်လာသော ဆေးကျမ်း၊ ဓာတ်ကျမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ ကျုံးဝန် ဘုမ္မဇေယျ၊ လက်ဝဲဘိ နန္ဒသူ၊ ကင်းဝန်မင်းကြီး၊ ယောအတွင်းဝန် အစရှိသော ဓမ္မသတ် ဆရာကြီးများ၊ ကျမ်းပြုပုဂ္ဂိုလ်ကြီးများ ပေါ်ထွန်းခဲ့သည်။ ဦးတိုး၊ မြဝတီမင်းကြီး ဦးစ၊ ကျည်းကန်ရှင်ကြီး၊ ဝက်မစွတ်နဝဒေး၊ မင်းကြီးကတော် ခင်ဆုံ၊ စာဆို ဦးမင်း၊ ဖိုးသူတော် ဦးမင်း၊ အနောက်နန်းမတော် မမြလေး၊ လှိုင်ထိပ်ခေါင်တင် အစရှိသော စာဆိုတော်များ၊ ဦးကြင်ဥ၊ ဦးပုည အစရှိသော ပြဇာတ်ရေးဆရာများ ပေါ်ထွက်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် တေးထပ်၊ လေးဆစ်၊ သဖြန်၊ ဘောလယ်၊ ယိုးဒယား သီချင်းကြီးများ စသည်တို့ မြန်မာစာပေတွင် သစ်ဆန်း ပေါ်ထွက်လာခဲ့သည်။

ပညာရေးနှင့် စပ်လျဉ်း၍ မြန်မာစာပေသော မက



www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်မင်းများ၏ ဘွဲ့တော်နှင့် ငယ်နာမည် စာရင်း

ခမည်းတော်– မောင်ညိုစံ
မယ်တော် – ရှင်ညိမ်းအောင်

(၁) အလောင်းမင်းတရား ဦးအောင်ဇေယျ

(၂) နောင်တော်ကြီး
မောင်လောက်

(၅) ဖောင်းကားစား
မောင်မောင်

(၃) ဆင်ဖြူရှင်
မောင်ရွ

(၄) စဉ့်ကူးမင်း
မောင်ရဲလှ

(၆) ဘိုးတော်ဘုရား
မောင်ဝိုင်း

ရခိုင်နိုင် အိမ်ရှေ့မင်း
(ခမည်းတော်လက်ထက် နတ်ရွာစံသည်)

(၇) စစ်ကိုင်းမင်း
ဘကြီးတော်
(မောင်စိန်)

(၈) သာယာဝတီမင်း
မောင်ခင်

(၉) ပုဂံမင်း
မောင်မောင်

(၁၀) မင်းတုန်းမင်း
မောင်လွင်

(၁၁) သီပေါမင်း
မောင်ရေစက်

[ အရှင်နိဗြောဓ ရေး၊ မင်းဆက်ရာဇဝင် သံခိပ်မှ ]

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ် စာပေ၊ အင်္ဂလိပ် စာပေများကိုလည်း လေ့လာလိုက်စားလာကြသည်။ မန္တလေးမြို့တွင် အင်္ဂလိပ်စာသင်ကျောင်းပင် ပေါ်ပေါက်ခဲ့သည်။ ထိုမှတစ်ပါး ကုန်းဘောင်ခေတ်တွင် စစ်မှုထမ်းများကို ဘောင်းဘီများ ဝတ်ဆင်စေ၍ အီတလီလူမျိုး၊ ပြင်သစ်လူမျိုး ဆရာများနှင့် ကြပ်မတ် သင်ကြားစေသည်။ ရှေးအခါက မင်းမှုကိစ္စအတွက် ခြေလျင်တော်၊ လှေလျင်တော်များကိုသာ အသုံးပြုသော်လည်း ၁၂၃၅ ခုနှစ်က စ၍ ကြေးနန်းရုံးတော်များ ပေါ်လာသည်။ မင်းတုန်းမင်းလက်ထက်၌ စက်မှုလက်မှု လုပ်ငန်းများကို သင်ကြားရန် နိုင်ငံခြားသို့ ပညာတော်သင်များ စေလွှတ်သည်။ နေပြည်တော်တွင် ရက်ကန်းရုံတော်ကြီး၊ ဆန်ကြိတ်ရုံများ၊ လက်နက်လုပ်စက်ရုံ၊ လွှစက်ရုံ၊ သကြားချက်ရုံ၊ ဖန်ချက်ရုံ စသည်ဖြင့် စက်မှုလက်မှု ရုံပေါင်း ၅၀ ကျော်တို့ကို စတင် လုပ်ကိုင်နေလေပြီ။ ထိုမှတစ်ပါး မန္တလေးမြို့ နန်းတော်အတွင်းရှိ စာပုံနှိပ်စက်မှ ရိုက်နှိပ် ထုတ်ဝေသော "ရတနာပုံ နေပြည်တော် သတင်းစာ"အမည်ဖြင့် သတင်းစာပင် ပေါ်နေလေပြီ။

ဤအကြောင်းအရာများကား မြန်မာတို့ ခေတ်ကို အမီလိုက်လာပုံ၊ တိုးတက်လာပုံကို ပြသသဖြင့် ဂုဏ်ယူဖွယ်ရာများ ဖြစ်တော့သည်။ ကုန်းဘောင်ခေတ်တွင် ဝမ်းနည်းစရာ အဖြစ်အပျက်များကား နောင်တော်ကို ညီတော်များက ပုန်ကန်ခြင်း၊ ခမည်းတော်၊ ဘထွေးတော်များကို သားတော်၊ တူတော်များက ပုန်ကန်ခြင်းများနှင့် နန်းတော်ထဲတွင် သူ့ဘက် ငါ့ဘက် ဟူ၍ အကွဲကွဲ အပြားပြား ဖြစ်နေကြခြင်းများ ဖြစ်သည်။

မြန်မာဘုရင်က ပြင်သစ်တို့အား အထူးအခွင့်အရေးများ ပေးပြီးလျှင် မဟာမိတ်စာချုပ်များ၊ စီးပွားရေးစာချုပ်များ ချုပ်ဆိုသည်ကို အင်္ဂလိပ်တို့က အထူး မခံမရပ်နိုင်ဖြစ်ကြသည်။ မြန်မာနိုင်ငံတော် အထက်ပိုင်းကို ပြင်သစ်တို့ သိမ်းပိုက်ခြင်း၊ သို့မဟုတ် သြဇာလွှမ်းမိုးခြင်းများ ပြုလုပ်မည်ကို စိုးရိမ်မကင်း ဖြစ်ကြသဖြင့် အင်္ဂလိပ်တို့က မြန်မာနိုင်ငံအထက်ပိုင်းကို တစ်နည်းနှင့် မဟုတ် တစ်နည်း သိမ်းယူလိုက်ကြခြင်း ဖြစ်သည်။

ဤသို့အားဖြင့် အနောက်လက်နက်နိုင်ငံကြီးများ စားခွက်လုမှုကြောင့် မြန်မာနိုင်ငံသည် ထီးသုဉ်း၊ နန်းသုဉ်း၊ မင်းသုဉ်း ပြီးနောက် ကျွန်ဘဝတွင် စုံးစုံးမြုပ်ခဲ့ရလေသည်။

*

(ဤကုန်းဘောင်မင်းများ၏ အကျဉ်းချုပ်ကို စွယ်စုံကျမ်းမှ ကိုးကားပါသည်။ "ကုန်းဘောင် ရှာပုံတော်"စာအုပ်၌ ထိုမင်း ၁၁ ပါးတို့ လက်ထက်တွင် လူသိနည်း၍ စိတ်ဝင်စားဖွယ်ကောင်းသော ဖြစ်ရပ်တို့ကို ရှာဖွေကာ မီးမောင်းထိုး ပြသခြင်းဖြစ်ပါသည်။ သာမန် သမိုင်းစာအုပ်များ၌ ကြုံတွေ့ရသော ရာဇဝင် အချက်အလက်များကို သမားရိုးကျ တင်ပြနည်းမျိုး မဟုတ်ဘဲ ကုန်းဘောင်ခေတ်၏ ဇာတ်ဆောင်သူများကို ရုပ်ရှင်၌ မြင်ရသလို အသက်ရှိစဉ်က အတိုင်း ရှာဖွေ တင်ပြသော ရွှကွက်ရှခင်းများ ဖြစ်ပါသည်။)

*

## [၃] ရွှေရုပ်တု ပူဇော်ပွဲ

မင်းတုန်းမင်းကြီးသည် စံနန်းတော်ဆောင် ဘုရားခန်းအတွင်းရှိ ဆွေတော်မျိုးတော်၏ ရုပ်တုတော်များကို ဦးချပူဇော်နေ၏။ လဆန်း ၁ ရက်နေ့တိုင်း ထိုရွှေရုပ်တုများကို ပူဇော်မြဲတည်း။

ရွှေရုပ်တုတော်ပေါင်း ၁၅ ပါး ရှိသည်။ ကုန်းဘောင်မင်းဆက်ကို စတင်ထူထောင်သူ အလောင်းမင်းတရားကြီးမှ စ၍ ပူဇော်ခြင်း ဖြစ်သည်။ တစ်ဦးစီ အနုမောဒနာပြုသော ဂါထာများကို ရွတ်ဆိုရသည်။

ထိုအချိန်၌ နန်းတော်ဆောင် ရှေ့ခန်းတွင် မိဖုရားခေါင် စကြာဒေဝီ တစ်ဦးသာလျှင် ဘုရားစင်၌ လည်းကောင်း၊ ဆွေတော်မျိုးတော် ရုပ်တုများ ရှေ့၌ လည်းကောင်း ဆီမီးများ ထွန်းညှိကာ ဝေယျာဝစ္စ ပြုလျက် ရှိနေသည်။ မင်းတုန်းမင်း ရွတ်ဆိုသော ဂါထာကား–

| | |
|---|---|
| **ဝိနဋ္ဌသာသနက္ကာရော** | – မွန်သူပုန်တို့ကြောင့် ပျက်စီး ညှိုးနွမ်းသော သာသနာတော်ကို ကောင်းစွာ ပြုစုတော်မူထသော၊ |
| **အနာထာနံ** | – ကိုးကွယ်ရာမဲ့ကုန်သော တိုင်းသူပြည်သား လူအများတို့၏ |
| **သုနာထတော** | – လွန်စွာ ကိုးကွယ်ရာဖြစ်ထသော၊ |
| **မံဝံသ ရက္ခတော** | – ငါတို့အနွယ်ကို စောင့်ထသော၊ |
| **ပုရာမာပကော** | – သိကြားမင်း၏ အယုဇ္ဈမရုပ်ပြည်ကြီးနှင့် တူစွာ ရတနာသိင်္ဃ ကုန်းဘောင် နေပြည်တော်ကြီး |



www.burmeseclassic.com

www.burmeseclassic.com



ကို ဖန်ဆင်း တည်ထောင်တော်မူထသော

**ယောရာဇာ** – အကြင် ဘဝရှင်မင်းတရားကြီးသည်

**အထိ** – ရှိ၏။

**တံ** – ထို ရတနာသိယ် ကုန်းဘောင်မြို့တည် နန်းတည် ဘဝရှင် အလောင်းမင်းတရားကြီးကို

**နမေ နမာမိ** – ရှိခိုးပါ၏။

ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်သူ အလောင်းမင်းတရားကြီးမှ စ၍ မိဘဘိုးဘွား ဆွေတော်မျိုးတော်တို့အား ရွှေရုပ်တုများ ပြုလုပ်ပူဇော်သော အလေ့အထကို သက္ကရာဇ် ၁၂၁၅ ခု တပို့တွဲ့လဆန်း ၉ ရက်နေ့မှ စ၍ မြန်မာပုဏ္ဏားများနှင့် စတင်ခဲ့သည်။ ဘိသိက်တော်ပြုခွင့်ရသော ပုဏ္ဏားများက ယင်းရုပ်တု ပူဇော်ရန် ဂါထာ ပါဠိအနက် မိတ်လင်စုံတို့ကို နှုတ်တက်အရ ကျက်ရသည်။

တပို့တွဲလ ကျသည့်အခါ မြန်မာပုဏ္ဏားတို့ကို ခေါင်းဆောင် လုပ်သူက နန်းတွင်း ရုပ်တုတော်များ ရှိရာတွင် ကြီးကြပ် ပူဇော်စေရသည်။ မင်းရုပ်တုအသစ် ထုလုပ်သည့်အခါ ပုဏ္ဏားများက ဂါထာအသစ် စပ်ဆို ဆက်သရသည်။ လဆန်း ၁ ရက်နေ့ ရုပ်တုပူဇော်ပွဲ၌ ပုဏ္ဏားများတက်ရန် မလိုချေ။ ရှင်ဘုရင်နှင့် မိဖုရားတို့သာလျှင် မိသားစုကိစ္စ တစ်ရပ် အနေဖြင့် ဆောင်ရွက်တော်မူကြသည်။

ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့နှင့် တကွ ဘွားတော်၊ မယ်တော်များကို ရုပ်တုပြုလုပ် ကိုးကွယ်ခြင်း၊ ထိုရုပ်တုများကို ဌာပနာခြင်းတို့ကား မြန်မာရာဇဝင်၌ ကြုံတွေ့မြဲ ဖြစ်သည်။ ယေဘုယျအားဖြင့် ထိုသို့ ကိုးကွယ်ရာတွင် မင်းဆက်တိုင်း ထုလုပ်ကိုးကွယ်ကြမည်ဟု မျှော်လင့်မည်ပင်။ ရှည်လျားသော ပုဂံမင်းဆက်မျိုးအတွက်ကား စုံလင်စွာ ထုလုပ်ရန် ခဲယဉ်းပေမည်။ ပန်းထိမ်ပန်းပု အတတ်မှာလည်း ခေတ်တိုင်း ထွန်းကားသည် မဟုတ်၍ အခက်အခဲ ရှိပေမည်။

ကုန်းဘောင်မင်းဆက် ရုပ်တုများနှင့် ပတ်သက်၍ ကျွန်တော် တအံ့တသြ ကြုံတွေ့ရသည်ကား မုဆိုး (၁၁) ဆက်၌ မင်းတုန်းမင်းက မင်း(၃)ဆက်ကို အသိအမှတ် မပြုဘဲ ဝိုင်းပယ်ထားခြင်း ဖြစ်လေသည်။ ရုပ်တုပြုလုပ်ကိုးကွယ်ရာ၌ (၁) မြေဒူးမင်း (၂) ဖောင်ကားစားနှင့် (၃) ပုဂံမင်းတို့ကို သူတို့ မိဖုရားများနှင့်တကွ ချန်လှပ်ထားခဲ့သည်ကို တွေ့ရ၏။

မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း(တတိယတွဲ၊ စာမျက်နှာ ၈၉)၌ ပါရှိသော မင်းရုပ်တု ပူဇော်စာရင်းကို လေ့လာလျှင် အောက်ပါအတိုင်း ကြုံတွေ့ရ၏။

(၁) အလောင်းမင်းတရားနှင့် မိဖုရားကြီး

(၂) နောင်တော်ကြီးမင်းနှင့် မိဖုရားကြီး

(၃) ဆင်ဖြူရှင်မင်းနှင့် မိဖုရားကြီး

(၄) ဗဒုံမင်းနှင့် မိဖုရား နှစ်ပါး

(က) မိဖုရားခေါင်ကြီး

(ခ) မြောက်နန်းမိဖုရား

[**မှတ်ချက်**။ ။ ဤသို့ မိဖုရားနှစ်ပါး ပူးတွဲ ထည့်သွင်းရခြင်းမှာ မိဖုရားကြီး၌ သမီးတော်များသာ ထွန်းကားသဖြင့် မြောက်နန်းမိဖုရား၏ သားတော် အိမ်ရှေ့ကိုယ်တော် "ရွှေတောင်မင်း"နှင့် ထိမ်းမြားခဲ့ရသည်။ ထိုအိမ်ရှေ့မင်းနှင့် မိဖုရားတို့မှ ကုန်းဘောင်ဆက်များ ထွန်းကားခဲ့ပြန်သည်။ ]

(၅) ပုဂံဘုရင်ခံ [ အိမ်ရှေ့မင်း၏ ညီ ]

[**မှတ်ချက်**။ ။ ထိုမင်းသားကြီးမှာ ရွှေဘိုမင်း၏ ယောက္ခမတော် ဖြစ်သည်။ ထိုပုဂံမင်း၏ သမီးတော်သည် ရွှေဘိုမင်း၏ တောင်ဆောင်တော်မိဖုရား ဖြစ်ရာမှ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ ဖွားမြင်ခဲ့သည်။ ထို့ကြောင့် မင်းတုန်းမင်းက သူ၏ မယ်တော်ဘက်မှ ဘိုးတော်ကိုလည်း ထည့်သွင်း ပူဇော်လို၍ ရုပ်တုပြုလုပ်ခြင်း ဖြစ်သည်။ ]

(၆) ဘကြီးတော် စစ်ကိုင်းမင်း

[**မှတ်ချက်**။ ။ ဘုရင်မင်းမြတ်တို့ကို မိဖုရားခေါင်ကြီးများနှင့် ပူးတွဲထုလုပ်လေ့ ရှိသော်လည်း ဘကြီးတော်၏ မိဖုရားခေါင်မှာ နန်းမတော်မယ်နု ဖြစ်၏။ မယ်နုကို မင်းတုန်းမင်း၏ ခမည်းတော် ရွှေဘိုမင်းက ကွပ်မျက်ခဲ့သဖြင့် ရုပ်တုတော် စာရင်း၌ ထည့်သွင်းရန် ခက်လေတော့၏။ ]

(၇) ရွှေဘိုမင်းနှင့် တောင်ဆောင်တော် မိဖုရား

[**မှတ်ချက်**။ ။ ရွှေဘိုမင်းနှင့် မိဖုရားခေါင် ကျပင်းမင်းသမီးတို့မှ ပုဂံမင်းနှင့် စကြာဒေဝီတို့ကို ဖွားမြင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုဂံမင်းက မင်းတုန်းနှင့် ကနောင်မင်းသားတို့ ရန်ရှာသဖြင့် ရွှေဘိုသို့ ရှောင်တိမ်းခဲ့ပြီး ပုဂံမင်းကို နန်းချခဲ့သည်။ ထိုသို့ နန်းကျခဲ့ရသော မင်းနှင့် သူ၏ မယ်တော်ကို မင်းတုန်းမင်းက ပူဇော်ပသရန် မလွယ်ချေ။ ထို့ကြောင့် ရွှေဘိုမင်းနှင့် မိဖုရားခေါင် နေရာတွင် မင်းတုန်းမင်းက ခမည်းတော်နှင့် သူ၏ မယ်တော်ရင်းကို အစားထိုးလိုက်လေသည်။ ]

(၈) နန်းမတော် စကြာဒေဝီ

[ **မှတ်ချက်**။ ။ မင်းတုန်းမင်း၏ မိဖုရားခေါင် စကြာဒေဝီသည် မင်းတုန်းမင်းထက် ၂ နှစ် စောကာ နတ်ရွာစံသွားသည်။ မင်းတုန်းမင်းထက် အသက် ၂ နှစ် ကြီး၍ အစ်မတော် ဟု ခေါ်စမြဲတည်း။ စကြာဒေဝီ လွန်သောအခါ မင်းတုန်းမင်းမှာ ယူကျုံးမရဖြစ်လျက် တောင်နန်းမတော် နေရာ၌ ဘယ်မိဖုရားကိုမျှ အစားထိုး ခန့်ထားခြင်း မပြုခဲ့ပေ။ စကြာဒေဝီ ရွှေရုပ်တုလုပ်ကာ မင်းတုန်းမင်းက သူ၏ နေ့စဉ် လုပ်ရပ်တို့ကို အမြဲ လျှောက်တင် အမျှဝေလေ့ ရှိသည် ဆို၏။ ]

ဤရုပ်တုတော် စာရင်းတွင် မင်းနှင့်မိဖုရား စုစုပေါင်း ၁၆ ဦး ပါဝင်ရာ ရှင်ဘုရင် ၆ ပါး၊ အိမ်ရှေ့မင်း ၁၊ ဘုရင်ခံ ၁ နှင့် မိဖုရား ၈ ပါး ဖြစ်သည်။

မင်းတုန်းမင်း ထုလုပ် ကိုးကွယ်သော စာရင်းဖြစ်၍ ကုန်းဘောင် ၁၁ ဆက်တွင် မင်းတုန်းနှင့် သီပေါတို့ ပါနိုင်စရာ မရှိတော့ပေ။ ဝိုင်းပယ်သော ဘုရင် ၃ ပါးနှင့် မိဖုရားတို့ကို ထုတ်နုတ် ရေတွက်ပါမူ အထက်ပါ စာရင်းအတိုင်း မှန်နေပေသည်။

မင်းတုန်းမင်းကြီး၏ ဆက်လက် ရွတ်ဖတ် ပူဇော်သံကို ကျွန်တော်တို့ ဆက်လက် ကြားနာကြကုန်အံ့။

| | | |
|---|---|---|
| **တဿ** | – | ထိုအလောင်းမင်းတရားကြီး၏ |
| **ယာအဂ္ဂမဟေသိကာ–** | | အကြင် နန်းမတော်စံ အရှင်မိဖုရားခေါင်ကြီးသည် |
| **ပုတ္တနတ္တာဒိနံ** | – | သားတော်မြေးတော် အစရှိသော ဆွေတော်မျိုးတော်တို့အား |
| **လဒ္ဓသုခါ** | – | ငါတို့ကဲ့သို့ ရွှေမှောက်စင်စင်၊ ပြည်ရှင်မင်းစစ်၊ ဖြစ်အပ်၍သာ ရအပ်သော ချမ်းသာရှိကုန်သည် |
| **ဟောန္တု** | – | ဖြစ်စေကုန်သတည်း။ |
| **ဣတိ** | – | ဤသို့ |
| **နာထတိ** | – | တောင့်တတော်မူအပ်၏။ |
| **တံ**။ | – | ထိုဘဝရှင် အလောင်းမင်းတရားကြီး ဘုရား၏ တောင်နန်းမတော်စံ အရှင် မိဖုရားခေါင်ကြီးကို |
| **အဟံ**။ | – | ငါသည် |
| **သဒါ**။ | – | အခါခပ်သိမ်း |
| **နမာမိ**။ | – | ရှိခိုးပါ၏။ |

မင်းတုန်းမင်းက တစ်ပုဒ်ရွတ်၍ပြီးတိုင်း အသင့်ရှိသော ကြေးစည်ကို ထုသည်။ မိဖုရားကြီး စကြာဒေဝီသည် ဘုရားခန်း ဝေယျာဝစ္စများ ရွက်ဆောင်ရင်း မင်းတရားကြီးကိုလည်း ရံဖန် ယပ်ခတ်ပေးသည်။

ဆွေတော်မျိုးတော် ပူဇော်ပွဲဖြစ်၍ အခြားသော ပရိသတ် အသိုင်းအဝိုင်း မလိုအပ်ဘဲ မင်းနှင့် မိဖုရားကြီးသာ သက္ကစ္စမြောက် ကိုယ်ထိလက်ရောက် ပူဇော် ဆုတောင်းကြသည်။

မင်းတုန်းမင်းနှင့် စကြာဒေဝီတို့အဖို့ ဦးအောင်ဇေယျသည် ကျေးဇူးတော်ရှင် မှန်၏။ ဤကုန်းဘောင်ဆက်ကို သူ ထူထောင်ခဲ့သဖြင့် ဤထီးနန်းစည်းစိမ်ကို မြေးတော် အစဉ် မြစ်တော်အဆက် စံစားနေရသည် မဟုတ်လော။ သူတို့အဖို့ကား ဦးအောင်ဇေယျကို ကျေးဇူးတင်ထိုက်ပါပေသည်ဟု ဆိုဖွယ်ရှိ၏။

သို့သော် မင်းတုန်းမင်း ရွတ်ဆိုသော ဂါထာအနက်ကို ပြန်လည် သုံးသပ်ပါလျှင်–

(၁) မွန်သူပုန်တို့ကြောင့် ပျက်စီးညှိုးနွမ်းသော သာသနာတော်ကို ကောင်းစွာပြုစုထသော၊

(၂) ကိုးကွယ်ရာမဲ့ကုန်သော တိုင်းသူပြည်သား လူများတို့၏ လွန်စွာကိုးကွယ်ရာ ဖြစ်ထသော၊

(၃) ငါတို့၏ အနွယ်ကို စောင့်ထသော၊

(၄) သိကြားမင်းဘုံနှင့်တူသော ပြည်ရွှေဘို နေပြည်တော်ကြီးကို ဖန်ဆင်း တည်ထောင်ထသော

– စသဖြင့် ပါရှိသည်။

အထက်ပါ အလောင်းမင်းတရား ဂါထာ၌ ပါရှိသော ဂုဏ်ပုဒ် ၄ ခုတို့တွင် နံပါတ် ၃ အချက်သာလျှင် ဆွေတော် မျိုးတော်တို့နှင့် သက်ဆိုင်ကာ ကျန်ဂုဏ်ပုဒ်တို့မှာ ပြည်သူလူထု အကျိုးသာလျှင် ဖြစ်နေသည်ကို တွေ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးနန်းတော်မှ မျှော်မှန်းရော်ရမ်းကာ ဘေးလောင်းတော် ဦးအောင်ဇေယျကို ဤလို ပူဇော်ကန်တော့တိုင်း မင်းတုန်းမင်းနှင့် စကြာဒေဝီတို့ အဖို့ ရတနာသိခ်မြို့ကို လွမ်းဆွတ် သတိရသည်။ သူတို့ နှစ်ဦးစလုံးသည် ငါးမည်ရပြည်ရွှေဘိုဌ ရေစက်ဆုံစည်းကာ ထီးနန်းစိုက်ထူခဲ့ကြသည် မဟုတ်လော။ စကြာဒေဝီ၏ မိဖုရားခေါင်ဘဝမှာ ရွှေဘိုမှ စခဲ့သည်။ ကနောင်နှင့် လှိုင်ထိပ်ထားတို့ အတွက်လည်း ရွှေဘိုဌပင် အိမ်ရှေ့အိမ်တော် ထူထောင်ပေးခဲ့သည်။

ရွှေဘိုတွင် အလောင်းမင်းတရားကြီး အတွက် အမှတ်တရ ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့သည်။ ဘေးလောင်းတော် စံမြန်းခဲ့ရာ နန်းတော်တိုင်များကို ဘုရားဆင်းတုတော်ပေါင်း ဆူရေ ၁၀၅၊ ရဟန္တာ ရုပ်တုတော်ပေါင်း ၉၅ ထုလုပ် ရွှေချစေခဲ့သည်။ ၎င်းတို့ကို ရွှေဘိုနှင့် ကျောက်မြောင်းနယ် အတွင်းရှိ ၄၉ ရွာသို့ ဝေခွဲ ပင့်ဆောင် ကိုးကွယ်စေခဲ့သည်။ ကျေးရွာအသီးသီးမှ ယောကျ်ား၊ မိန်းမ ကခုန်တီးမှုတ် ကြိုဆိုကြသည်။ ဘုရင်နှင့် မိဖုရားတို့ကလည်း အထည်အလိပ် မျိုးစုံ ဝေငှ ပေးကမ်းကာ ဘေးလောင်းတော်ကို ရည်စူး အမျှဝေခဲ့သည်။

**နန္ဒာရေဝန်းရယ်က**

အခြားသော စီမံကိန်းမှာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအတွက် ရတနာသိခ် မြို့နယ်တွင် မဟာနန္ဒာကန်၊ ကြိုးကြာကန်၊ ဆင်းကွပ်ကန်၊ ကတူးကန်၊ ပလိုင်းကန်မှ စ၍ ကန်တော်၊ ဆည်တော်များကို အသစ် ထပ်မံ ဆည်ဖို့ လုပ်ဆောင်စေပြီးလျှင် ကျောက်စာကမ္ပည်း ထိုးမှတ်တော်မူခဲ့သည်။

**ချစ်၍ ခေါ်ရာ**

မင်းတုန်းမင်းက နန္ဒာကန်တော်ကြီးကို ဘေးလောင်းတော် လက်ထက်ကလို ဆွတ်ပျံ့ဖွယ်အောင် ပြုပြင်မွမ်းမံပြီးနောက် ပွဲလမ်းသဘင် မျိုးစုံ ခင်းကျင်းကြသည်။ အလောင်းမင်းတရားကြီး ရှိစဉ် ထိပ်တန်းစာဆိုတော်မှာ စိန္တကျော်သူ ဦးဩ ဖြစ်သည်။ သူက ဗဒုံမင်းသား ဦးဝိုင်း၏ အကြီးတော် ဖြစ်ခဲ့သည်။ ဗဒုံမင်းသားက မယ်လွန်းမယ်ကို မေတ္တာတိမ်းမပ်ရာတွင် စိန္တကျော်သူက ***ချစ်၍ခေါ်သည်*** ရတုကို ရေးပေးခဲ့သည်။ ကန်နန္ဒာ၏ သာယာပုံကို အတူရှုစားရန် မောင်က မယ်ကို ဖိတ်ခေါ်ခြင်း ဖြစ်သည်။

ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့
မပျောင်းနွဲ့နှင့်၊ အံ့ဖွယ်အတိ
တိုင်းမသိသား၊ ပြည်ကြီးတန်ဆာ
ကန်နန္ဒာမူ၊ ရာဇာများပန်း
မှန်နန်းများရှင်၊ ဖန်စီရင်၍
ညာခွင်ချောင်းရိုး၊ ကိုးဆယ့်ကိုးက
ရေမိုးယှက်လည်၊ စီးလာသည်ကို
ဆီးဆည်သယ်ဖို့၊ တောင်ကဲ့သို့ပင်
မို့မို့ညိုယောင်၊ သင်းကန်ပေါင်နှင့်
ရေတောင်မောက်လာ၊ လွမ်းဖွယ်သာသည်
ရောက်ခါ မြင်တော်မူလိမ့်မည်။

စိန္တကျော်သူမှာ ဗဒုံမင်းသား၏ အကြီးတော်အဖြစ် မလွဲသာ၍ ရည်းစားစာ ရတုကို ရေးပေးခဲ့ရသော်လည်း သတို့သမီး မယ်လွန်းမယ်ကလည်း လာပြန်သေးသည်။ သူ့အတွက် ပြန်စာကိုလည်း ဦးဩကပင် အောပေးပါဆို၍ မရှောင်သာ ရေးရပြန်သည်မှာ–

**နန္ဒာကန်တော်ကြီး၏ ရေလွှဲပေါက်**



www.burmeseclassic.com

www.burmeseclassic.com



ချစ်၍ခေါ်ရာ၊ လိုက်ချင်ပါလည်း
နော်ဇာရွှေကုံး၊ တစ်ခိုင်ရုံးကို
လုံးလုံးမယ်ထွေး၊ မပိုင်သေးခဲ့
မဝေးဘူးဆို၊ မြို့မြောက်ဟိုတွင်
မြင်းမိုရ်တောင်လောက်၊ ကန်ပေါင်မောက်နှင့်
ယင်သောက်ရုံမှူး၊ မြူ မကျသား
ချမ်းမြ ရေကြည်၊ ကြာငါးမည်လည်း
ထောပည်ဟင်းရမ်း၊ ဖြူးပြောက်မွမ်းလျက်
ဆွတ်လှမ်းမလွယ်၊ ကုံးသီသွယ်သို့
လွမ်းဖွယ်သာယာ၊ ကန်တော်မှာသည်
ရောက်ခါ မြင်ရပေလိမ့်မည်။

အလောင်းမင်းတရားကြီး ခေတ်က စပ်ဆိုခဲ့သော ထိုရတုကဗျာသည် ခေတ်အဆက်ဆက် စိမ်းလန်းလျက် ယခုအချိန် နန္ဒာကန်ပေါင်ရိုးရှိ မြက်ခင်းသဖွယ် စိုပြည်နေပေသည်။ ကမ္ဘာ့အဆင့်အတန်း၌ အတုယူလောက်သော ဤရေးနည်းရေးဟန်မှာလည်း စိတ္တ ကျော်သူအတွက် သမားဂုဏ်မြောက်လှပါပေသည်။

စကြာအဝေဒိအဖို့ အပျော်ဆုံးခရီးမှာ ကျောက်မြောင်းမှ အမရပူရ နေပြည်တော်သို့ "ပြည်ကြီးမွန်" ကရဝိက်ဖောင်တော်ကြီးနှင့် လှေတော်သံများ နှခံကာ စုန်ဆင်းခဲ့ရခြင်းပေတည်း။ ကျောက်မြောင်းတွင် တစ်ညနားကာ ရေ၊ ဆီမီးများ ပူဇော်ကြ၏။ မင်းကွန်း၌ တစ်ည စံကာ ဘုရားဖူးကြ၏။ ရေစုန်နှင့် ရေဆန်ကား ခရီးတစ်မျိုးစီပင် ဖြစ်တော့သည်။ ရတနာသိင်္ဃသို့ ဆန်တက်စဉ်က တိုင်းပြည်အခြေ မကောင်းပါချေ။ ယခုမူကား ဧရာဝတီ လေပြည်အေးနှင့် အတူ တိုင်းပြည်လည်း သာယာအေးချမ်း ရှိချေပြီ။

အမရပူရသို့ ပြန်ရောက်သောအခါ ဥပုသ်နေ့တိုင်း ဥပုသ်သည်တို့နှင့် ကုလားကုန်သည်၊ တရုတ်ကုန်သည်တို့ကို ထမင်းကျွေးတော်မူသည်။

ရွှေဘိုခရီးကား လွမ်းစရာ၊ သတိရစရာတွေ များလှစွာ၏။

*

## [၄] မင်းနှင့် ပြည်သူ

ဦးအောင်ဇေယျ၏ တိုင်းကျိုးပြည်ကျိုး ရွက်ဆောင်မှုများကို သူ၏အနွယ်တော် ဆွေမျိုးသာမက သာမန်တိုင်းသူ ပြည်သားတို့ကလည်း ကျေးဇူးမမေ့ပါ။ ပြည်သူတို့၏ အသည်းတစ်နေရာတွင် ဦးအောင်ဇေယျ ရုပ်ကလေးများ ကပ်လျက် ပါရှိသကဲ့သို့ အမြတ်တနိုးပါပေ။

ဦးစွာပေါ်သော ကုန်းဘောင်သီချင်းမှာ ၁၉၀၀ ပြည့်နှစ်၌ပင် မြန်မာရုပ်သေးလောက၌ ရေပန်းစားခဲ့သည်။ ထိုသီချင်းကို ရေးစပ်သူမှာ အချုပ်တန်းဆရာဖေ၏ တပည့်ဆရာဉာဏ်ဖြစ်လျက် သီဆိုသူမှာ ဆရာပု ဖြစ်သည်။ ဆရာပုက ရုပ်သေးမင်းသမီး ကြိုးကိုင်ဖြစ်၍ သူ့ကို "အမေပု"ဟုလည်း ခေါ်ကြသည်။

ထိုသီချင်းကို "ပြည်ကုန်းဘောင်"ဟူ၍ပင် ခေါ်ဆိုလျက် ဦးအောင်ဇေယျနှင့် ပြည်ရွှေဘိုကို အမွှမ်းတင် ဖွဲ့ဆိုသည်။ မြန်မာဘုရင် ပါတော်မူပြီးနောက် ဦးဆုံး အမျိုးသားစိတ်ဓာတ်ကို ဆွဲလှုပ်လိုက်သော သီချင်းဖြစ်၏။ အခြားထူးခြားချက်မှာ အင်္ဂလိပ်နယ်ချဲ့ အစိုးရလက်အောက်တွင် မြန်မာသီချင်းတစ်ပုဒ် အရေးယူစစ်ဆေး ဖြတ်တောက်ခဲ့ရသည်မှာလည်း ဤ"ပြည်ကုန်းဘောင်သီချင်း"ပင် ဖြစ်သည်။

မမြို့မိုးကြည် ရေးသားပြုစုသော "မြန်မာ့လွတ်လပ်ရေးနှင့် တေးဂီတ"ခေါ် စာအုပ်၌ ထိုသီချင်း ဖော်ပြပါရှိလျက် ကိုယ့်ဘုရင် ကိုယ့်သခင်ကို တမ်းတမျှော်ခေါ်ရင်း ဇာတိမာန်စိတ်ဓာတ်များ ရင့်သန်ပွားများလာအောင် ဖန်တီးလိုက်ခြင်းဖြစ်သည်။ ထိုအချိန်က မြန်မာ အများစုတို့မှာ သိုက်၊ တဘောင်၊ နက္ခတ်၊ ဗေဒင်တို့၌ အထူး စိတ်ဝင်စားကြရာ—

"သစ္စာ အကျင့်မှန်၊ ကုသလ သစ္စံ
တမံ အစောင့်ထား၊ မုဆိုး တစ်ကျိပ် ငါး"

ဟူသော သိုက်စာ တဘောင်အရ ဦးအောင်ဇေယျမှ အစ မုဆိုးဘိုမင်းဆက် ၁၅ ဆက်အထိ ရှိသည်။ ယခု ပါတော်မူသွားသော သီပေါမင်းအထိ ၁၁ ဆက်သာ ရှိသေး၍ မင်းဆက် ၄ ဆက် ကျန်ရှိသေးသည်။ ဤ ၄ ဆက်သော မင်းတို့က မြန်မာတို့အား ကျွန်ဘဝမှ ကယ်တင်ကြလိမ့်မည် စသည်ဖြင့် ဆိုကြလေသည်။ ထို သိုက်တဘောင်ကို ရည်ညွှန်းသော အောက်ပါ စာပိုဒ်များကို နယ်ချဲ့အစိုးရက ဖြတ်တောက်ပစ်ခဲ့သည်။

ဘုန်းရောင်လင်းလို့
တဘောင်သီချင်း ပေါ်သကို
ယင်းကနက် ရွှေဘို



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက် မပြေသကို
ဇေကဒသ တွေးကြ ထိုထို။

*

### ပြည်ကုန်းဘောင် သီချင်း

၁။ မွေးမေလေး ဖျက်
မြောက်ဘက်ကတဲ့ ပြည်ကုန်းဘောင်
မောင် ဆောင်လို့ သွားပါတော့
ရွှေဓားကိုင် မောင်ရဲ့လေး။

၂။ ပြည်ကုန်းဘောင်ဌာန၊ သာစွ
ပန်းခရေညို၊
လွမ်းစရာ့ ရွှေဘို
တော့တော့တော့ ဆောင်ပါ့ တမင်ဆို
ရှင့်ရှင့်ရှင့် သျှောင်ပွ လင်အစ်ကို
ခင်ပျို့မေ တစ်ပါး
ရွှေဓားကိုင် အစ်ကို
ငါးမည်ကျို့တဲ့ မြို့ကြီးရန်ပြို
သည့်လောက်တောင် ထူးလို့
ရောက်ဖူးပေါင် ဆို
နန်းစိုက်ပြည် ဗဟို
ကျမ်းသိုက် ညီသကို။

၃။ မွေးမေဖျက်လို့ မြောက်ဘက်မှာ ခို
ရွှေသမ္ဘာ၊ တေဇာ၊ နေဝါ အရောင်လို
ဦးအောင်ဇေယျ ပထမ အုပ်စိုးသကို
အစ မုဆိုးဘို
ရှင့် တစ်ဘုန်းဆောင်
ကုန်းဘောင် ပြည်ရွှေဘို။

၄။ တစ်တော ဝင်ဝင်
တစ်ပင် ထွက်ထွက်
တစ်ခက် ခိုခို
ရောက်ဖူးတယ် ဆိုရအောင်
ပြည်ရွှေဘို မြို့ငယ်
ကျုပ် လိုက်ခဲ့မယ် လေး။

၅။ တစ်တော ထွက်ဝင်သကို
တစ်ပင်ငဲ့ ရိပ်ခို
ချောနွဲ့ ခင်အပျို
လင်သည်နိုပ် အစ်ကို
စာတင်ရုံးဆောင် မနှုန်းပေါင်
ဘုန်းရောင်ဖြာသပ နေမင်းလို
ရာဇဝင်ထုံးနှောင် မဆုံးအောင်
ကုန်းဘောင်သာစွ ပြည်ရင်းကို
ပြည်ရင်းကို၊ နေမင်းလို
နေမင်းလို၊ ပြည်ရင်းကို
မွေးမေဖျက်လို့ မပျက်ပါသကို။

၆။ ပျိုတစ်ဘုန်းဆောင်လို့
ထိုကုန်းဘောင်မို့
ဘုန်းရောင် လင်းလို့
တဘောင်သီချင်း ပေါ်သကို
ယင်းကနက် ရွှေဘို
မင်းဆက် မပြေသကို။

၇။ ဇေကဒသ တွေးကြထိုထို
ရန်မလို ရန်ပြို
သဏ္ဍာန်ဆို အမှန်ကို
ခုတစ်ဖန် နီးပေါ့
ရန်ကြီးအောင်မည့် အစ်ကို
တော့ တစ်ဘုန်းဆောင်
ကုန်းဘောင် ပြည်ရွှေဘို။

ဆရာပုက ရုပ်သေးပွဲများတွင် ထိုသီချင်းကို ဆိုရင်း စကားပဒေသာများ ညှပ်ကာ ဝေဝေဆာဆာ အထူး နှစ်ခြိုက်တက်ကြွစွာ ပြောဟောသီဆို၏။ ထိုအချိန်က ကြားနာရသူ ပရိသတ် အပေါင်းမှာ နှစ်ထောင်းအားရသည် ၁ ာမက ထိခိုက်နာကျင်စွာ ခံစားရသည်ဟုပင် ကြားသိရ၏။

သီချင်း၏ အဓိပ္ပာယ်မှာ နက်နဲ ကျယ်ဝန်းရုံသာမက အစွမ်းထက်မြက်သည်။ သီချင်း၏ အာနိသင်ကား နယ်ချဲ့အစိုးရအတွက် ကောင်းကွက်မရှိဘဲ ဆိုးကျိုးဆိုးပြစ်များသာ ခံစားဖွယ် ရှိလေသည်။ ထို့ကြောင့်ပင် ဆရာဉာဏ်ကို ခေါ်ယူ စစ်ဆေးခြင်း၊ အိမ်ကို လာရောက်ရှာဖွေခြင်း၊ သီချင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်တောက်ခြင်းများ ပြု၍။ ဆရာဉာဏ်က ဘုရားသိုက်စာ ရှိသည့်အတိုင်း ရေးခြင်း ဖြစ်သည်ဟု ဆိုသည်။

ထိုသီချင်းကို ဆရာပုသာမက အခြား ဦးဖူးညို အစရှိသော အနုပညာသည်ကြီးများကပါ ရိုင်းပင်းသီဆိုပေးရာ မြန်မာပြည်တစ်ခွင်လုံး လှည်းနေလှေအောင်း မြင်းဇောင်း မကျန် ပျံ့နှံ့သွားခဲ့သည်။

## ကုန်းဘောင် အိပ်မက်

အဆိုတော်မေရှင်က "ရှေးဘုရင်" သီချင်းကို စစ်ကြိုခေတ် (ဝါ) ကျွန်ခေတ် မှောင်မိုက်ကြားမှ လွမ်းအားပိုမိသည်ကား–

ဩော်– စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်
မှဆိုးဆက်ရယ် စိုးမိုးလို့ရယ်
နေညိုတော့ကွယ်၊ ရွှေဘိုလွမ်းတယ်....
ဩော်– အလောင်းဘုရားရယ်
ကောင်းစားတယ်၊ အကြောင်းများရယ်
အခုတိုင် ထင်ရှားတယ်....။

ရွှေဘိုတွင် အလောင်းဘုရား ထွန်းညှိခဲ့သော ထန်းပင် ထန်းလုံး မီးရှူးတိုင်ကြီးများသည် ကျွန်ခေတ်အမှောင်ထုကို ထိုးဖောက်ကာ မျိုးချစ်မြန်မာ အပေါင်းတို့၏ တော်လှန်ရေး မီးမောင်းကြီးများ ဖြစ်ခဲ့သည် တကား။

ရှေးဘုရင်များရဲ့ တေဇာရယ်
မမေ့နိုင် တွေးမှိုင်ကာ ဆွေးတယ်
စိတ်ဘဝင် .... မရွှင်လန်းနိုင်တော့တယ်။

စာရေးဆရာ နန်းညွန့်ဆွေ၏ စိတ်ကူးသည် လိပ်ပြာသဖွယ် ကုန်းဘောင်ဉယျာဉ်တော်ကြီး အတွင်း၌ တဝဲလည်လည် ကျက်စားနေတတ်၏။ သူ၏ "ကုန်းဘောင်အိပ်မက်" ဆောင်းပါး၌–

"အင်္ဂလိပ်အစိုးရ၏ လက်အောက်ခံ ကျွန်ဘဝတွင် ကျွန်တော်တို့အား မွေးဖွားခဲ့ရာ ကုန်းဘောင်ခေတ်နှင့် လက်တစ်ကမ်းစာမျှသာ ဝေးကွာရကား ကုန်းဘောင်ခေတ် အသွင်ကို မမြင်လိုက်ရစေကာမူ အသံဗလံကလေးများကိုမူ ခပ်လှမ်းလှမ်းမှ ကြားခဲ့ရပါသည်။

နန်းတော်ရှေ့ ဆရာတင်
နန်းတော်စမုတ်ခံ
ထုတ်ပြန်ရေးခြယ်–လှယ်ပြမည်။
မကြည်အောင်–မိခင် ဖခင်
ဘိုးအေဘွားအေ မီခဲ့သည်
စီးကျမျက်ရည်
ရွှေနန်းတော်တိုင်ကို
မှီကာ ငိုမိသည်။"

*

စာရေးဆရာ နန်းညွန့်ဆွေက "ကုန်းဘောင်အိပ်မက်" ခေါ်ဆောင်းပါး၌ သူ၏ အစွဲအလမ်းကို အောက်ပါအတိုင်း ဆက်လက် ဖော်ပြသည်။

"ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်း ကိုယ့်ဘုရင် ကိုယ့်အရှင်နှင့် နေလိုက်ရသော ဘဝအကြောင်းကို လူကြီးသူမများက အားပါးတရ ပြောပြသောအခါတွင် မေးစေ့ကလေးကို လက်နှင့် ထောက်၍ ကျွန်တော်တို့ ကလေးဘဝက နားထောင်ခဲ့ကြရပါသည်။ မည်သို့သော အကြောင်းကြောင့်ပင် ဖြစ်စေ ကိုယ့်ဘုရင် ကိုယ့်အရှင် ဖမ်းဆီး ခေါ်ဆောင်သွားသည်ကိုကား မနှစ်မြို့နိုင်ပါချေ။ ထိုသို့ စဉ်းစားရင်း ကျွန်တော်သည် ငယ်စဉ်က ကျောင်း၌ စာသင်ရစဉ် ရာဇဝင် ဆရာကြီး ပြောသွားသော စကားများကို ကြားယောင် လာပြန်ပါသည်။ ဆရာကြီးက–

'လောကမှာ ချီးမွမ်း ကဲ့ရဲ့တာဟာ အကြောင်း မဟုတ်ဘူး။ အောင်မြင်တာ ဆုံးရှုံးတာဟာ အဓိက ဖြစ်တယ်။ ဥပမာ ပြောရရင် မြန်မာနိုင်ငံလုံးကို တိုက်ခိုက် အောင်မြင်လာခဲ့တဲ့ ဟံသာဝတီ မွန်တွေကို ရွှေဘိုက ဦးအောင်ဇေယျဟာ ရွာပေါင်း ၄၆ ရွာကို ထန်းလုံးတပ် ကာပြီး ခုခံ တိုက်ခိုက်တယ်။ ဒီအခါမှာ သူ့ရဲ့ဖခင်ဟာ အားချင်းမမျှ လက်နက်ချင်း မမျှသဖြင့် ဆင် အိပ်ရာ ဆိတ်နှိုးသလို မလုပ်သင့်ကြောင်း၊ အလျှော့ပေးလိုက်သင့်ကြောင်း ပြောပြပေမဲ့ ဦးအောင်ဇေယျက နားမထောင်ဘဲ ဆက်လက် တိုက်ခိုက်ခဲ့တယ်။ နောက်ဆုံးမှာ ရန်အပေါင်း အောင်မြင်ပြီး မင်းအဖြစ်ကို ရောက်တော့ အားလုံးက ဝိုင်းပြီး ***မြန်မာနိုင်ငံကြီးကို တတိယအကြိမ် တည်ထောင်ဖန်တီးနိုင်ခဲ့တဲ့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ*** ရယ်လို့ ချီးကျူးဂုဏ်ပြုတယ်။

www.burmeseclassic.com



'ဒီအတိုင်းပဲ၊ ဂျွန်ဆရာစံ အင်္ဂလိပ်အစိုးရကို လယ်သမားတပ်ကြီး ဖွဲ့ပြီး ပြန်လှန်ခုခံ တိုက်ခိုက်ခဲ့တယ်။ တဖြည်းဖြည်းနှင့် အင်အား ဆုတ်ယုတ် နည်းပါး ဆုံးရှုံးသွားတဲ့ အခါကျတော့ လူတွေက ဆရာစံကို ဆင် အိပ်ရာ ဆိတ် နှိုးရမလားလို့ အပြစ်တင်ကြတယ်။ ***ငှက်ပျောသီး စားလို့၊ အားတက်တဲ့ ဆရာစံသည် ငါးရက် ဆက်ရက် မဆာပြန်သည်*** စသည်ဖြင့် သရော်ကြတယ်။ အကယ်၍သာ ဆရာစံသည် အင်္ဂလိပ် အစိုးရကို အနိုင်ရရှိပြီး မြန်မာပြည်ကြီးကို လွတ်လပ်အောင် လုပ်ပေးနိုင်ခဲ့လျှင် ***မြန်မာနိုင်ငံကြီးကို စတုတ္ထအကြိမ် စည်းရုံးတည်ဆောက်ခဲ့တဲ့ ကျေးဇူးရှင်ကြီး ဆရာစံ*** ရယ်လို့ ချီးမွမ်းကြမှာ အမှန်ပဲ' ဟု မိန့်ကြားသွားပါသည်။

ကျွန်တော်သည် ဆရာကြီး၏ စကားကို ယနေ့တိုင် ကြားယောင်လျက် ရှိနေပါသည်။

ဤသို့အားဖြင့် ကျွန်တော်သည် ကုန်းဘောင်ခေတ်ကို မကြာမကြာ အိပ်မက် မြင်မက်မိပါသည်။ အိပ်မက် ဆိုသည့်အတိုင်း ကတောက်ကတက် တောင်ရောက် မြောက်ရောက် ဖြစ်ခဲ့ပါသည်။ လက်ဝဲသုန္ဒရ အမတ်ကြီး အကြောင်း စဉ်းစားမိလျှင် သနားမိပါသည်။ ပခန်းမင်းသားကြီး အကြောင်းကို တွေးမိလျှင် ကရုဏာ သက်မိပါသည်။ ဘိုးတော်မင်းတရားကြီး၏ သားတော် အိမ်ရှေ့ ရွှေတောင်မင်းကြီး ရွက်ဆောင်ခဲ့သော ရာဇဝင် သုတေသနအဖွဲ့၊ ကျောက်စာအဖွဲ့၊ စာပေအဖွဲ့၊ ဇာတ်သဘင်အဖွဲ့များ အကြောင်းကို စဉ်းစားလိုက်မိသောအခါ အားတက်မိပါသည်။

နိုင်ငံတော်တွင် အေးအေးမနေဘဲ ယိုးဒယားသို့ လေးကြိမ်တိုင်တိုင် ချီတက်တိုက်ခိုက်နေသော ဆင်ဖြူရှင် မင်းတရား အကြောင်းကို တွေးမိလျှင် စိတ်ပျက်မိပါသည်။ သို့ရာတွင် တရုတ်စစ်သည်များ မြန်မာနိုင်ငံတွင်းသို့ ကောက်ကွေ့လှည့်ပတ်ကာ ဝင်ရောက် တိုက်ခိုက်လာသောအခါ ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက် အောင်မြင်သော တိမ်ကြားမင်းခေါင်၊ ဗလမင်းထင်၊ မင်းရဲသီဟသူ စသည့် ဗိုလ်မှူးများ၏ သူရသတ္တိကို ဖတ်ရှုရသော အခါတွင်မူ လွန်စွာ အားတက် ချီးမွမ်း ဂုဏ်ယူမိပါသည်။

အိပ်မက်ထဲတွင် အားတက်ရသည်ကလည်း အကြိမ်ကြိမ်၊ ရှင်လန်းရသည်လည်း အခါခါ၊ စိတ်ပျက်ရသည်လည်း အခေါက်ခေါက်၊ ဝမ်းမြောက်ရသည်လည်း အသွယ်သွယ်၊ မျက်ရည်မဆည်နိုင်သည်လည်း အရပ်ရပ်နှင့် ကျွန်တော်၏ ကုန်းဘောင်အိပ်မက်သည် တလည်လည်နှင့် ပြီးဆုံးသည် မရှိပါ။"

## ကုန်းဘောင် စိတ်ဓာတ်

အမရပူရမြို့ ဂန္ဓာရုံဆရာတော် ရှင်ဇနကာဘိဝံသကားဝက်လက်နယ်သား ဖြစ်သည်။ သရိုင်ရွာသား တောသားကလေး မောင်ဒွေးလွင်အဖြစ် သူ၏ဇာတိမာန်ကို **တစ်ဘဝသံသရာ** စာအုပ်၌ ဘုန်းကြီး ၂ ပါး ဆွေးနွေးခန်းသဖွယ် ဖော်ပြထားပုံမှာ–

ဦးဓမ္မ ။ ။ အထက်နိုင်ငံမှာ ဘယ်နယ်ကို သဘော အကျဆုံးလဲ။

တပည့် ။ ။ ဟဲ....ဟဲ ....ဒါကတော့ ရွှေဘိုနယ်ပေါ့ ဘုရား။

ဦးဓမ္မ ။ ။ ကိုယ့်ငါးချဉ်တော့ ကိုယ်ချဉ်မှာပေါ့နော်။

တပည့် ။ ။ အကြောင်းမဲ့ မဟုတ်ပါဘူး၊ အကြောင်းလည်း ရှိပါတယ်။

ဦးဓမ္မ ။ ။ ဘာအကြောင်းလဲ ကိုယ်တော်။

တပည့် ။ ။ အရှင်ဘုရားပဲ စဉ်းစားကြည့်ပါလား၊ တပည့်တော်တို့ ကျွန်ဘဝ မရောက်ခင် ရာဇဝင် အထင်ရှားဆုံးမင်းဟာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ မဟုတ်ပါလား။

ဦးဓမ္မ ။ ။ ရိုးရိုးအသံနှင့် ပြောပါ ကိုယ်တော်၊ ကိုယ်တော်က ရွှေဘိုအကြောင်း ပြောခါမှ အသံကျယ်လာလိုက်တာ။

တပည့် ။ ။ ကျယ်မှာပေါ့ ဘုရား၊ ဇာတိသွေး ဇာတိမာန် ဆိုတာ ထိမ်ချန်လို့ ရကောင်းတာ မဟုတ်ပါဘူး။

ဦးဓမ္မ ။ ။ ဦးအောင်ဇေယျ ဘုန်းလက်ရုံးကြီးတာနှင့် ကိုယ်တော်နှင့် ဘာဆိုင်တုံး။

တပည့် ။ ။ ဦးအောင်ဇေယျရဲ့ ထန်းလုံးတပ်မြို့တည်တုန်းက ဘယ်နယ်သားတွေ ပေါ်မယ် ထင်



www.burmeseclassic.com

www.burmeseclassic.com

# ကုန်းဘောင်ခေတ် မြန်မာနန်းတွင်း ရှုခင်း



ရှင်ဘုရင်နှင့် ဝန်ကြီး



မိဖုရားကြီးနှင့် အပျိုတော်



မင်းသားနှင့် လက်စွဲတော်



မင်းသမီးနှင့် အပျိုတော်





ဝန်ကတော်၏ အစေခံ

www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်ခေတ် နန်းတွင်း အဆင်တန်ဆာများ



www.burmeseclassic.com

www.burmeseclassic.com

# ကုန်းဘောင်ပွဲသဘင်



အရှင်နှစ်ပါး၏ ပွဲကြည့်ဆောင်



အိုးစည်ပွဲ

မြေပိုင်းဇာတ် (ကုန်းဘောင်ခေတ် နန်းတွင်း ပုရပိုက်ဖြူ မှ) ပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com

# ကုန်းဘောင် ပွဲသဘင်



ကုန်းဘောင်ခေတ်ဦး
မြန်မာ့ဆိုင်းဝိုင်း



ယိမ်း (အင်း၀)



ဇာတ်ပွဲ

ကြည့်ချင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းအငြိမ့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းချက်နှင့် သိုင်းကွက်နင်းသူ လက်ဝှေ့မောင်များ



ကုန်းပိုးပွဲ

# ကျေးလက်ကဏ္ဍ



လူပျိုဝိုင်း

ရေအိုးစင်





ခြင်းဝိုင်း

www.burmeseclassic.com

www.burmeseclassic.com





အလှူပွဲများ





စစ်ကိုင်းတောင်ရိုး၌ ကထိန်ပွဲကျင်းပစဉ်



www.burmeseclassic.com

ဘုရားပွဲသို့
မင်းသား ထွက်လာစဉ်

www.burmeseclassic.com



အိမ်ရှေ့မင်းနှင့် မိဖုရား



အိမ်ရှေ့စံ ကနောင်မင်းသားကြီး



တပင်တိုင်မင်းသမီး



မြေးတော်၏ နားသ မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



တုံး၊ ရွှေဘိုနယ်သားတွေချည်း မဟုတ်ပေဘူးလား။

ဦးခမ္မ ။ ။ ဒါတော့ ဟုတ်မှာပေါ့ ကိုယ်တော်။

တပည့် ။ ။ ရွှေဘိုနယ်သား မှန်လျှင် ဒီရာဇဝင် မမေ့စကောင်းဘူး ဘုရား။

ဦးခမ္မ ။ ။ အနို့...ကျွန်ဘဝ ရောက်တော့လည်း အဲဒီ ရွှေဘိုမင်းဆက်ပဲ မဟုတ်လား။

တပည့် ။ ။ မှန်ပါတယ်၊ မူလလူကြီးတွေရဲ့ အရှိန်ကို ယူပြီး "ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသလေး ဘာလေး"နှင့် ရွှေဘိုသွေး ပျောက်သွားလို့ သူတစ်ပါး လက်အောက် ရောက်ရတာပါ။

ဦးခမ္မ ။ ။ လက်နက်မှ မရှိဘဲ ရွှေဘိုသွေးကော ဘာ တတ်နိုင်မှာလဲ ကိုယ်တော်။

တပည့် ။ ။ ရွှေဘိုသွေး ပီသလျှင် အင်္ဂလိပ်နှင့် ပထမ စစ်ကိုပဲ မဖြစ်ရအောင် ကြိုးစားမှာပဲ၊ မရှောင်သာလို့ စစ်ဖြစ်ရလျှင်လည်း ရန္တပို စာချုပ် ချုပ်ပြီးတဲ့နောက်တော့ "ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော" ဆိုတဲ့ ဂုဏ်ပုဒ်တွေဖြုတ်ပြီး မင်းရော၊ မိဖုရားတွေ ရော တစ်နိုင်ငံလုံး အလုပ် လုပ်ရမှာပေါ့ ဘုရား။

ဦးခမ္မ ။ ။ ကိုယ်တော်မှာ ယခုထိ ရွှေဘိုသွေး ရှိသေး သလား။

တပည့် ။ ။ တပည့်တော်က ကျောင်းတိုက်မှာ သစ်ပင် က သစ်ခက်တို့ ဘာတို့ ဖြတ်စရာရှိလို့ ရွှေဘိုက ကိုရင်ကို ဖြတ်ခိုင်းတဲ့ခါ "ငါ ရွှေဘိုသားလို့ ကြုံးဝါးပြီး တစ်ချက်တည်း နှင့် ပြတ်အောင်ဖြတ်" လို့ ခိုင်းတာပဲ။

ဦးခမ္မ ။ ။ ဒီတော့ ယခုထိ ရွှေဘိုသွေး ရှိသေးတာပေါ့ နော်။

တပည့် ။ ။ သာသနာမြှင့်တင်လိုတဲ့ စိတ်တွေ ပြင်းပြ နေတာလည်း မြန်မာသွေး၊ ဘာသာသွေး နှင့် ရွှေဘိုသွေး မကင်းဘူး ဘုရား။

ဦးခမ္မ ။ ။ သာဓုပါ ကိုယ်တော် သာဓုပါ။ ရွှေဘိုသား လည်း ပီ၊ မြန်မာတိုင်းဖွားလည်း ပီ၊ ဗုဒ္ဓ ဘာသာလည်း ပီပါပေတယ်။

သို့လျှင် အလောင်းမင်းတရားနှင့် ပတ်သက်၍ တစ်မြို့ တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသကဲ့သို့ မြန်မာပြည်ကြီးကို သူ့အခါက ကံဆိုးမိုးမှောင်ဘဝမှ ကယ် တင်ခဲ့ပုံကို ပြောမကုန်နိုင်အောင် ရှိနေတော့၏။

အာဇာနည် ပုဂ္ဂိုလ်တို့၏ အကြောင်းကို ကြားနာ လေ့လာရခြင်းသည် မင်္ဂလာရှိ၏။ အမြဲတစေ စိတ်အား တက်ကြွစေ၏။ မိမိ၏ဘဝနှင့် တိုင်းပြည်အကြောင်းကို ပိုမိုလေးနက် အဓိပ္ပာယ်ရှိစေ၏။ ဤမြေ ဤရေကို သူတို့၏ သွေးချွေးတို့ဖြင့် သွန်းလောင်း ဖွံ့ဖြိုးစေခဲ့သည် မဟုတ်လော။ သူတို့အသံ၊ သူတို့အကြောင်းကို ထပ်လောင်း ကြားနာရခြင်း သည် ကျွန်တော်တို့အဖို့ စိတ်သစ်မွေးကာ အားသစ်လောင်း သကဲ့သို့ ဖြစ်တော့သည်။

ထို့ကြောင့် ဟောင်းနွမ်းဖုန်တက်ကာ အရောရော အနှောနှော ဖြစ်နေသော သမိုင်းစာပေတို့ကို ကျွန်တော်တို့ သည် အတတ်နိုင်ဆုံး ဆေးကြော သုတ်သင်သင့်၏။ ကုန်း ဘောင် ပရမေ ဦးအောင်ဇေယျမှ စ၍ ဇာတ်ဆောင်သူ အပေါင်းတို့ကို သဘာဝအတိုင်း ရုပ်လုံးဖော်သင့်ပေသည်။ အထူးသဖြင့် ကျွန်တော်သည် အလောင်းဘုရား အသံကို ကြားချင်၏။ သူ့ကို တွေ့ဖူး မြင်ဖူးသူတို့၏ ဖော်ပြချက်များ အတိုင်း ရှုလို မြင်လို၏။

---

စစ်လှေ



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၂ အလောင်းဘုရား အသံ

## [၁] အလောင်းဘုရား အသံ

**(အင်္ဂလိပ်သံမှူး ဘေကာ၏ မှတ်တမ်းမှ ဘာသာပြန်ယူသည်)**

၁၇၅၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့ ညနေ ၄ နာရီတွင် အလောင်းမင်းတရားကြီးက ညီလာခံတစ်ခု ကျင်းပရာတွင် ကျွန်တော့်အား ဝင်ရောက် ခစားခွင့်ပြုမည်ဟု ကြားသိရပါသည်။ ထို့ကြောင့် ညနေပိုင်းတွင် မြန်မာအရာရှိ ဆယ်ဦးခန့်နှင့်အတူ လက်ဆောင်ပဏ္ဏာများ ယူဆောင်ကာ နန်းတော်သို့ သွားရောက်ပါသည်။ ဆက်သရန် လက်ဆောင်တော်တို့တွင် ယမ်းသေတ္တာ ၄၊ နှစ်လုံးပြူး ၂၊ ကာဘိုင် သေနတ် ၂၊ ရွှေချမှန် ၁၊ မြေနီအိမ် ၂၊ ရေမွှေးပုလင်း ၆ တို့ ပါရှိသည်။ အင်္ဂလိပ်ဘုရင်ခံ ထံမှ စာချွန်တော်ကိုလည်း ကလပ်တစ်ခုနှင့် ရှေ့မှ ယူဆောင်ခဲ့ကြပါသည်။

မြို့တော်တံခါးမှ ဝင်ပြီးနောက် လမ်း၏ ဝဲ–ယာတွင် ဆင်တပ်၊ မြင်းတပ်များနှင့် လူသူအများ စီတန်းလျက် ရှိနေကြပါသည်။ တံခါးအနီးသို့ ရောက်သောအခါ နန်းတော်လှေကားအထိ အမြောက်ပေါင်း ၂၀၀ ခန့် ဝဲ–ယာ ချထားသည်ကို တွေ့ရပါသည်။ ရှင်ဘုရင်မှာ ရာဇပလ္လင်သို့ ရောက်တော်မူပြီ ဖြစ်၍ ကျွန်တော်တို့က ဒူးထောက်ကာ ၃ ကြိမ် အလေးပြုကြသည်။ နန်းတော်လှေကားအနီးသို့ ရောက်လျှင် တီးမှုတ် ကခုန်သူများက ဆီးကြို အသုံးတော်ခံကြသည်။ ကျွန်တော်တို့ကို သေနတ်ကိုင် စစ်သား ၂၀ က လက်ခံကာ နေရာပေးကြသည်။

ဒူးထောက်၍ အလေးပြုခြင်းကို ၃ ကြိမ်၊ ၃ ခါ ပြုလုပ်ရခြင်းမှာ ကျွန်တော်တို့အဖို့ အကျင့်မရှိသဖြင့် မလွယ်ကူပါ။ ကျွန်တော့်အနေဖြင့် ငြင်းပယ်ခွင့် ရှိသော်လည်း ချစ်ကြည်ရေး ပျက်ပြားမည်ကို စိုးရိမ်မိပါသည်။ မြန်မာတို့က ကျွန်တော်တို့သည် အောက်မြန်မာပြည် စစ်ပွဲတို့၌ ပဲခူးသားမွန်တို့ဘက်မှ ကူညီသည်ဟု လည်းကောင်း၊ အင်္ဂလိပ်သင်္ဘောများက မြန်မာတို့ကို ပစ်ခတ်သည်ဟု လည်းကောင်း မသင်္ကာ ဖြစ်နေကြ၏။ ထို့ကြောင့် ဤအရေး၌ သူတို့ထုံးစံကို ကျွန်တော်က ပစ်ပယ်လျှင် ကောင်းစွာ တွေ့ဆုံ ဆွေးနွေးခွင့်နှင့် အလိုရှိသော စာချုပ် ပြုလုပ်ခွင့်များ ပျက်ပြားဖွယ် ရှိလေသည်။

အချို့က ကျွန်တော် ဒူးထောက်ခြင်းကြောင့် အင်္ဂလိပ် ကုမ္ပဏီအစိုးရ၏ သိက္ခာကျဆုံးသည်ဟု ကဲ့ရဲ့ကြပေမည်။ ကျွန်တော့်အနေနှင့် ဖြေဆိုလိုသည်ကား 'မြန်မာပြည်၌ ဤသို့ ရှင်ဘုရင်ကို အလေးပြုရသည့် ထုံးစံရှိနေသည်ကို အများသိပြီး ဖြစ်သည်။ ထိုထုံးစံကို လိုက်နာသော အစဉ်အလာများလည်း ရှိခဲ့ပြီးပြီ။ မိမိ၏ ယဉ်ကျေးမှု ထုံးစံများ မပျက်ပြယ်လိုသော မင်းညီမင်းသားများနှင့် အယူသီးသော တိုင်းပြည်တစ်ခုလုံး ပြုပြင်ပြောင်းလဲနိုင်ရန် အင်အားကြီးသူ၊ တရားပြကောင်းသူများသာ တတ်နိုင်ပေသည်။ ကျွန်တော်ကား ထိုသို့ စွမ်းဆောင်နိုင်သူ မဟုတ်ပါ'

ထိုမှတစ်ပါးလည်း ကျွန်တော်၏ အစိုးရက ဤကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မှာကြားခြင်း မရှိပါ။ မြန်မာမင်းနှင့် နားလည်ညီမှု ရရှိရန် ကျွန်တော့်အနေဖြင့် ခရီးရှည်လာရောက်ပြီးနောက် လူမှုရေး ပြဿနာတစ်ခုကြောင့် အရေးပျက်ရခြင်းကို မလိုလားပါ။ ထိုပြဿနာကို အချိန်ယူကာ အလိမ္မာနှင့် ဖြေရှင်းနိုင်ကြပါသည်။

အခမ်းအနားနှင့် လျော်ညီစွာ ဝတ်စားဆင်ယင်ထားသည့် အရာရှိများ အကြားမှ ကျွန်တော်တို့ ရှေ့တော်သို့ ဝင်ရသည်။ ပလ္လင်တော်နှင့် အနီးကပ်ဆုံးတွင် သားတော် ၂ ဦးတို့က ဝဲ–ယာ ရှေ့ဆုံးမှ ခစားကြပါသည်။ ကျွန်တော်များက အလေးပြုပြီးနောက် ဘုရင်က ကျွန်တော့်အား အတန်ကြာ ရှုစားလျက် မိန့်တော်မူသည်မှာ–

www.burmeseclassic.com


ဘုရင် ။ ။ အကြည်တော်၊ သင်တို့၏ ဘုရင် ကျန်းခံ့သာတော်မူပါ၏လော။

သံမှူး ။ ။ ဥရောပမှ နောက်ဆုံး ကြားသိရသော သတင်းများအရ ကျန်းမာတော်မူကြောင်းပါ ဘုရား။

ဘုရင် ။ ။ သူ၏ သက်တော် အဘယ်မျှရှိသနည်း။

သံမှူး ။ ။ ၇၂ နှစ် ရှိပါပြီ ဘုရား။

ဘုရင် ။ ။ အိမ်နီးချင်း ပြည့်ရှင်များနှင့် သင့်မြတ် ငြိမ်းချမ်း ရှိကြပါ၏လော။

သံမှူး ။ ။ ရန်သူတော် ဖြစ်သော ပြင်သစ်တို့နှင့် စစ်မက် ဖြစ်ပွားပြီးသည်မှာ ၆ နှစ်ခန့် ကြာခဲ့ရာ ယခုအခါ ငြိမ်းချမ်းသာယာလျက် ရှိပါသည်။

ဘုရင် ။ ။ (အတန်ကြာ ရပ်နားတော်မူပြီးနောက်) အသင်တို့လူမျိုး မစ္စတာပိုက်ဟော စီးနင်းလိုက်ပါသော သင်္ဘောကို ရန်ကုန်၌ ငါရှိစဉ်က ကောင်းစွာ ကူညီ စောင့်ရှောက်ခဲ့သည်။ လိုအပ်သမျှ ပေးကမ်း ထောက်ပံ့ခဲ့သည်။ ထို့နောက် ငါသည် နေပြည်တော်သို့ ဥပုသ်သီတင်း ဆောက်တည်ရန် ပြန်လာခဲ့သည်။ ထိုကာလအတွင်း အရေးတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ငါတို့မြန်မာများကို ကူညီပါရန်နှင့် အကယ်၍ ထိုသို့ မကူညီနိုင်စေကာမူ ပဲခူးသားများဘက်သို့ မလိုက်ပါရန် သူ့အား ငါ မှာကြားခဲ့သည်။ ထိုမှာကြားချက်အရ ကျင့်သုံး ပါမည်ဟု သူ ကတိပြုသော်လည်း အရေးပေါ်သောအခါ သင်တို့ကပင် ငါတို့အား စတင် ပစ်ခတ်သည်ဟု ကြားသိရသည်။

သံမှူး ။ ။ ပိုက်ဟော၌ မိုက်မှားမိသော အပြစ် ရှိကြောင်း ကျွန်တော်မျိုး ဝန်ခံပါသည်။ ထို့အတွက်လည်း အလွန်တရာ ဝမ်းနည်းမိပါသည်။ ဤသို့သော ရမ်းကားမှုအတွက် ကျွန်တော်များ၏ အကြီးအကဲ ဖြစ်သော မစ္စတာဘရွတ်သည် အရှင်ဘုရားထက်ပင် ပို၍ မခံမရပ်နိုင်ဖြစ်သည် မလွဲပါ။ သို့သော် ဤကိစ္စကို ကောင်းစွာ စုံစမ်းစစ်ဆေးပါလျှင် ပဲခူးသားတို့က အတင်းအကျပ် ခိုင်းစေ၍ လည်းကောင်း၊ သို့မဟုတ် ကျွန်တော်များ၏ မဟာရန်သူဖြစ်သော ပြင်သစ်တို့၏ ပရိယာယ် ဂယက်များကြောင့် လည်းကောင်း ပိုက်ဟောမှာ ဤအဖြစ်မျိုးသို့ ရောက်ရသည်ဟု ယူဆဖွယ် ရှိပါသည် ဘုရား။

ဘုရင် ။ ။ ဤကိစ္စ၌ သင်တို့၏ အကြီးအကဲ မစ္စတာဘရွတ်၏ ပယောဂလည်း ပါရှိသည် မဟုတ်လော။ သူ၏ အကြံပေးချက်ကြောင့် မဟုတ်လော။

သံမှူး ။ ။ မစ္စတာဘရွတ် အဖို့ လူ့ဘဝတွင် ဤအမှုမျိုး စိတ်မချမ်းသာစရာ ကြုံတွေ့ဖူးမည် မဟုတ်ပါ ဘုရား။ (ရှင်ဘုရင် စိတ်တော်ကျေအေးစေဖွယ် အချက်အလက်များကို ကျွန်တော်က ရှာဖွေ သံတော်ဦးတင်ပါသည်။)

ဘုရင် ။ ။ ကုမ္ပဏီ အစိုးရထံမှ စာချွန်တော်ကို ဖတ်ရှုတော်မူစေ။

သံမှူး ။ ။ (ရှင်ဘုရင်က အောက်ပါစာပိုဒ် မတိုင်မီ ငြိမ်သက်စွာ နားထောင်တော်မူ၏။) အကြည်တော်မင်းတရားကြီး၏ ပြည်တွင်းပြည်ပ ရန်သူတော်အားလုံးကို ချေမှုန်းနိုင်စေရန် အရှေ့အိန္ဒိယကုမ္ပဏီမှ လိုအပ်သော ကူညီထောက်ပံ့မှု မျိုးစုံကို ပေးစွမ်းနိုင်ပါသည်။ ဤကုမ္ပဏီအစိုးရသည် တန်ခိုးအင်အားကြီးမားသည်ဖြစ်၍ အကြည်တော်နှင့် ရွှေလမ်းငွေလမ်းဖောက်ကာ မဟာမိတ်စာချုပ်များ ပြုလုပ်သင့်လှပေသည်။

ဘုရင် ။ ။ (ဟက်ဟက်ပက်ပက် ရယ်မောတော်မူရာ ဝယ် ပရိသတ်များလည်း ပါဝင် ရယ်ကြသည်။) ဟား ဟား၊ သင်တို့အကူအညီကို ငါ တောင်းခံဖူးသလော၊ ငါ၏ ရန်သူတော်များကို နှိမ်နင်းရာတွင် သူတစ်ပါး၏


www.burmeseclassic.com

www.burmeseclassic.com



အထောက်အပံ့ကို လိုလားခဲ့ဖူးသလော၊ မည်သူမျှ ဤသို့ မထင်မြင်စေလို။ ငါသည် သုံးနှစ်ကြာ ကာလအတွင်း အရပ် ၄ မျက်နှာရှိ ရန်သူတော် မျိုးစုံတို့အား သူတစ်ပါးထံမှ သေနတ်တစ်လက်၊ အမြောက်တစ်ခုမျှ အကူအညီ မယူဘဲ အောင်တော်မူခဲ့သည် မဟုတ်လော။ နေပြည်တော်မှ ၃ လခရီး ချီတက်ရသော နယ်မြေများသာတည်း။ ငါတို့ အင်းဝ မြို့တော်ကို ဖျက်ဆီး၍ မြန်မာဘုရင်ကို လည်း ဖမ်းဆီးသွားသော ပဲခူးသားတို့ကို ငါသည် ဝါးရင်းတုတ် လက်နက်နှင့်ပင် တိုက်ထုတ်နိုင်ခဲ့သည် မဟုတ်လော။ တစ်လအတွင်း အောက်ပြည်သို့ ငါ ကိုယ်တိုင် အလုံးအရင်းနှင့် ချီတက်အံ့။ ယခု လည်း ဒဂုံ၌ ငါ၏တပ်တော်များ အခိုင်အမာ ရှိသည်။ ငါတို့ ပဲခူးအထိ ချီတက်ကာ သင်းတို့တစ်မြို့လုံး ငတ်မွတ်အောင် ဝိုင်းဝန်းအံ့။ တစ်နိုင်ငံလုံး ငါ့လက်အောက်တော်သို့ ရောက်ရန် ပဲခူးတစ်မြို့သာ ကျန်တော့သည်။ ပဲခူးမြို့ကို ရပြီးလျှင် ပြင်သစ်လူရှုပ်(ဘော်ရနို)ကို ရှာဖွေ ဆုံးမတော်မူမည်။

သံမှူး ။ ။ (ကုမ္ပဏီမင်းထံမှ စာချွန်ကို ဆက်လက်ဖတ်ရှုလျက်) ယခု ကျွန်ုပ်တို့ အစိုးရက စေလွှတ်သော သံတမန်များသည် လိုအပ်သော စာချုပ်၌ အကြည်တော်၏ တံဆိပ်တော် ခတ်နှိပ်ရာတွင် သက်သေများ သဖွယ် အသုံးချတော်မူနိုင်ပါသည်။

ဘုရင် ။ ။ (ယခင် တစ်ခါလိုပင် ကျယ်လောင်စွာ ရယ်မောရာ ပရိသတ်များလည်း လိုက်ပါရယ်ကြသည်) ဤသဝဏ်လွှာကို ရေးသူသည် ရူးသွပ်လေသလော။

သံမှူး ။ ။ (စာကို အပြီးတိုင် ဖတ်ရှုသည်)။

ဘုရင် ။ ။ အသင် အင်္ဂလိပ် ကပ္ပိတန်ကြီး၊ ငါ၏ လက်သုံးတော်ဓားကို ရှုလော့။ ငါ၏ ရန်သူများကို ဤဓားတော်နှင့် အဆက်မပြတ် ဆုံးမတော်မူခဲ့သည်မှာ သုံးနှစ်တိုင် ရှိချေပြီ။ သုံးရဖန် များသဖြင့် ဓားပင် တုံးသယောင် ရှိချေပြီ။ နောင်ကိုလည်း ရန်သူများ လွင့်ပါး ပျောက်ကွယ်သည့်တိုင်အောင် ဤအတိုင်း သုံးရဦးမည်သာ။ ကူညီထောက်ပံ့ရေးကို မပြောပါနှင့်။ ငါ့ကို ဘာမျှ ကူညီရန် မလို။ ငါတို့၏ ဘိုးဘွား အမွေအနှစ် နိုင်ငံတော် တစ်ရပ်လုံးကို အလုံးစုံ ပြန်လည် သိမ်းပိုက်ရန် တစ်မြို့သာ ကျန်ရှိသော အချိန်၌ ငါသည် သူတစ်ပါး အထောက်အပံ့ကို လိုအံ့လော။ ငါသည် ပဲခူးသားများကို ဤအနည်း ချေမှုန်းပစ်နိုင်သည် (လက်ဝါးတော် နှစ်ခုကို ဖျစ်ညှစ် ပြတော်မူသည်)။

သံမှူး ။ ။ အရှင်မင်းကြီး၏ စွမ်းပကားကို အကြွင်းမဲ့ ယုံကြည်ပါသည်။ သို့သော် ကျွန်ုပ်တို့ အင်္ဂလိပ်များ အနေဖြင့် စေတနာ့ဝန်ထမ်း သဘော အသုံးတော်ခံလိုခြင်းကို အထင်လွဲတော်မူခြင်း မဖြစ်စေလိုပါ။

ဘုရင် ။ ။ ဤမှာ ရှုလော့၊ (အင်္ကျီလက်ကို ပခုံးအထိ ပင့်၍ လက်မောင်းကြွက်သားများကို ပြတော်မူသည်။ ထို့နောက် ပုဆိုး ခါးတောင်းကျိုက်ကာ ခြေသလုံးများကိုလည်း ပြတော်မူသည်) လူတစ်ထောင်မှာ ငါလို ယောကျ်ားတစ်ယောက် တွေ့နိုင်မည် မဟုတ်။ ငါ တစ်ဦးတည်းစွမ်းအားနှင့် ပဲခူးဘုရင်လို မင်းမျိုး ၁၀၀ ကို ချေမှုန်းပစ်နိုင်သည်။ ငါသည် မှန်သော သစ္စာစကားဆိုပါ၏။ ပဲခူးသည် ငါ့အဖို့ လေးလံသော ဝန်ထုပ်တစ်ခု ဖြစ်သည်။ ထိုပြဿနာဝန်ထုပ်ကို ငါကား လုံးဝ မသယ်ပိုး မထမ်းဆောင်လိုပါ။ နိုင်ငံတော် တစ်ရပ်လုံး အေးငြိမ်းသာယာ ရှိစေရန်သာ အရှေ့ထောက်ပံ့ ဆင်နွှဲနေရသည်။ သင်တို့ အေးအေးမနေ၍သာ ငါ ချီတက်နေရသည်။ ငါသည်

www.burmeseclassic.com



ဂန္ဓာလရာဇ်နယ်အထိလည်း ချီတက်ခဲ့ပြီ။ တရုတ်ဘုရင်က ငါ့အား ဆန်းပြားသော လက်ဆောင်တော်များလည်း ဆက်သ လိုက်သည်။ (ထို လက်ဆောင်တော်အချို့ ကို အင်္ဂလိပ်သံမှူးအား ပြသတော်မူသည်) အခြားတစ်ဖက်၌ ငါသည် ကသည်းပြည် ကိုလည်း ငါကိုယ်တိုင် ချီတက်နှိမ်နင်းကာ ကသည်းဉပရာဇာကို ခေါ်ဆောင်ခဲ့သည်။ သင့်နောက်က ထိုင်နေသူမှာ ထိုကသည်း မင်းသားပင် ဖြစ်သည်။ ကသည်းမင်းသမီး များလည်း ပါလာသည်။ ဟောဟိုမှာ သူတို့ ပဲ။ ဟဲ့....ရှေ့တိုး ခစားကြစမ်း။

သံမှူး ॥ ॥ (ရှင်ဘုရင်က ထိုသို့ အမိန့်တော်ရှိသော အခါ မင်းသမီးများသည် ကျွန်တော်တို့ ရှေ့နားမှ ဖြတ်ကျော်ကာ ပလ္လင်အနီး၌ ဒူးတုပ်ကြသည်။ ကသည်းမင်းသမီးမှာ ၁၇ နှစ်ခန့် ရှိလျက် လွန်စွာ သန့်ပြန့် ကြော့ရှင်း လှပေသည်။ မျက်နှာ သွယ်၏။ သူ၏ လှုပ်ရှားပုံမှာ ခံ့ညား သိမ်မွေ့ပါပေသည်။ သူ၏ မောင်တော်မင်းသားမှာ ၂၁ နှစ်ခန့် ရှိ၏။ ကသည်းပြည်၌ ပုန်ကန်မှုကင်းစေ ရန် ထိုမောင်နှမ ၂ ဦးကို အာမခံအဖြစ် မြန်မာနန်းတော်၌ ထိန်းသိမ်းထားခြင်း ဖြစ်ပေသည်။ သူတို့သည် ပဲခူးသားများ ထက် ပိုမို အသားဖြူကြလေသည်။ သို့သော် ဥရောပ တိုက်သားများလောက် ကား မဖြူပေ)

ဘုရင် ॥ ॥ ငါကိုယ်တော်မြတ်မှာ အရင်းအချာ ဆွေမျိုး တော်ပေါင်း ၁၀၀ ကျော်ရှိသည်။ ညီတော် တစ်ပါးလည်း ရှိသည်။ ဟောဟိုမှာ (ညီ တော် ရှိရာသို့ လက်ညှိုးညွှန်သည်)။ သား တော်၊ သမီးတော် ၉ ပါးရှိသည်။ သား တော်ကြီး ၂ ပါးကတော့ အရွယ်ရောက်ပြီ။ ကသည်းပြည် တိုက်ပွဲမှာ သူတို့လည်း သတ္တိပြောင်ခဲ့သည်။ တတိယ သားတော် က လူပျိုပေါက် ဖြစ်သည်။ ဟောဒီမှာ သူပင် ဖြစ်သည်။ အခြား သားသမီးများ ကား ငယ်ကြသေးသည်။

သံမှူး ॥ ॥ အရှင်မင်းကြီး၏ သားတော် သမီးတော် များသည် ခမည်းတော်၏ရိုက်ရာကို အခွန့် ရှည်စွာ ဆက်ခံ ထိန်းသိမ်းနိုင်ကြမည်ဟု မျှော်လင့်ပါသည်။ အရှင်မင်းကြီး၏ ပြိုင် ဘက်ကင်းသော စံနမူနာသည်လည်း ရှေး ဘုန်းကံ ပါရမီတို့ကြောင့် နတ်သိကြား တို့ စောင့်ရှောက်ကြရခြင်း ဖြစ်ပါသည်။ တရုတ်ပြည်ကြီးမှ ဆက်သသော ပဏ္ဏာ တော်များသည် မွန်မြတ် ဆန်းပြားလှပေ သည်။ သို့သော် ကျွန်တော်များ ကုမ္ပဏီ အစိုးရသည်လည်း အထူးထူးသော ဥရော ပ ထွက်ကုန်တို့ကို နေပြည်တော်သို့ ပို့ ဆောင် ဆက်သခွင့် ရရှိမည်ဟု မျှော်လင့်ပါ သည်။ ထိုပဏ္ဏာတော်တို့သည် တရုတ်တို့ ထက် သာလွန်ထူးကဲသည် မဆိုနိုင်စေကာ မူ တန်းတူဟု ခေါ်ဆိုရမည် မလွဲပါ။

ဘုရင် ॥ ॥ သင်တို့ ချုပ်ဆိုလိုသော စာချုပ် အချက် အလက်များ ရှိပါသလော။

သံမှူး ॥ ॥ ဤမှာ အဆင်သင့် ရှိပါသည်။

ဘုရင် ॥ ॥ မည်သည့် ဘာသာဖြင့် ရေးသား ပါရှိ သနည်း။

သံမှူး ॥ ॥ အင်္ဂလိပ်ဘာသာပါ ဘုရား။

ဘုရင် ॥ ॥ မြန်မာလို ဘာသာပြန်ပြီး နက်ဖြန်ခါ ပြန်ယူခဲ့ပါ။

*

၁၇၅၇ ခု ဩဂုတ်လ ၁၉ ရက်နေ့တွင် မင်းတရားကြီးက အမိန့်ရှိတော်မူခဲ့သည့် အတိုင်း အရှေ့အိန္ဒိယ ကုမ္ပဏီက မြန်မာဘုရင်နှင့် စာချုပ်လိုသော အချက်အလက်တို့ကို ဘာသာပြန်ဆို၍ "ဂရေဂေါရီ" အမည်ရှိသော အာမီနီယံ အတွင်းဝန်က မင်းတရားကြီးထံ ဆက်သ၏။ မင်းတရား ကြီးမှာ ကျန်းခံ့သာတော်မူခြင်း မရှိဟုဆို၍ ထိုအတွင်းဝန်မှ တစ်ဆင့် ဘုရင်နှင့် အင်္ဂလိပ်သံမှူးတို့ အပြန်အလှန် စကား ဆိုကြသည်မှာ အောက်ပါအတိုင်း ဖြစ်၏။

ဘုရင် ॥ ॥ အဘယ်နည်း၊ ကုမ္ပဏီ အစိုးရက မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်နက်တွင် ၃ နေရာ၌ နေခွင့်ရလိုသည် ဆိုပါကလား။ ထိုခွင့်ပြုချက်ကို အကြောင်းပြု၍ နှစ်စဉ် ထူးဆန်းသော ပဏ္ဏာတော် ဆက်သပါမည် ဆိုသည်။ အဘယ်သို့သော ပဏ္ဏာတော်ပေးနည်း။

သံမှူး ॥ ॥ ကုမ္ပဏီအစိုးရက ပဏ္ဏာတော်၏ အမည်ကို မဖော်ပြခြင်းမှာ မင်းတရားကြီး ကိုယ်တော်တိုင် တောင့်တသော ပဏ္ဏာတော်ကို စိတ်ကြိုက် ဖော်ပြတောင်းတော်မူနိုင်ရန် ဖြစ်ပါသည် ဘုရား။ ဥရောပတိုက်ထွက် ပစ္စည်းတို့ မင်းတရားကြီး လိုအပ် နှစ်သက်ရာ မြွက်ဆိုပါက အမိန့်တော်အတိုင်း နာခံရန် ဖြစ်ပါသည် ဘုရား။

ဘုရင် ॥ ॥ ငါ လိုအပ်သည်မှာ သေနတ်များ၊ အမြောက်၊ စိန်ပြောင်းများ ဖြစ်သည်။ သင်တို့ ပေးနိုင်သော ပဏ္ဏာများတွင် ဤပစ္စည်းများ ပါဝင်နိုင်သလော။

သံမှူး ॥ ॥ ပါဝင်ပါကြောင်း ကျွန်တော် အာမခံနိုင်ပါသည် ဘုရား။

ဘုရင် ॥ ॥ ယနေ့မှ သီတင်း ၆ ပတ်ကြာလျှင် ငါသည် အောက်ပြည်သို့စုန်၍ ပဲခူးမြို့ကို စစ်မက်အလုံးအရင်းနှင့် ဝန်းရံ ပိတ်ဆို့မည်။ ထို့ကြောင့် သင်တို့ထံမှ ပဏ္ဏာတော်များကို တစ်နှစ်တစ်ခါ ပေးဆက်သည်ထက် ယခုအမြန် ငါလိုအပ်ချိန်တွင် ရရှိ အသုံးချတော်မူလိုသည်။ သင်တို့ကုမ္ပဏီအတွက် နဂါးရစ်စွန်း ဟိုင်းကြီးကျွန်း၌ လည်းကောင်း၊ ပုသိမ်မြို့၌ လည်းကောင်း၊ ဒဂုံမြို့၌ လည်းကောင်း စခန်းချရန် နေရာပေးမည်။ ရန်ကုန်၌ ငါ မြို့သစ်တည်မည်။ သံလျင်မြို့ကိုကား ဖျက်ဆီး ချေမှုန်းပစ်မည်။ ထိုအရပ်၌ မည်သူ့ကိုမျှ နေခွင့်ပြုတော့မည် မဟုတ်။ ပဏ္ဏာတော်များနှင့် ပတ်သက်၍ အသင်တို့ ဆက်သနိုင်မည် ဆိုလျှင် ယခုလက်ငင်းပင် သေနတ် ၁၀၀၀ နှင့် အမြောက် ၂၀ အလိုတော် ရှိသည် မောင်မင်း။

သံမှူး ॥ ॥ သေနတ် ၁၀၀၀ ဆက်သရေးကိုကား ကျွန်တော်မျိုး အနေနှင့် လက်ငင်း အာမခံနိုင်စွမ်း မရှိပါဘုရား။ ဤစာချုပ်ကို လက်ခံတော်မူမည် ဆိုပါက ကျွန်တော်မျိုး ဟိုင်းကြီး ကျွန်းသို့ ပြန်လည်ရောက်ရှိချိန်တွင် ထိုအရပ်၌ အဆင့်သင့်ရှိနေသော သေနတ် ၇၅ နှင့် အမြောက် ၆ လက်တို့ကို ချက်ချင်း ဆက်သနိုင်ပါသည်။ ထိုမှ မဒရပ်သို့ သင်္ဘော အထူးစေလွှတ်ပါက နောက်ထပ် အမြောက် ၁၄ လက်နှင့် သေနတ် ၅၂၅ တို့ အမြန် ဖြည့်စွက် ရရှိနိုင်ကြောင်းပါ ဘုရား။ အင်္ဂလိပ် အကြီးအကဲဖြစ်သူ မစ္စတာ ဘရွတ်သို့လည်း အရှင်မင်းကြီး အလိုတော်အတိုင်း သေနတ် ၁၀၀၀ ထိ တိုးမြှင့် ဆက်သပါရန် ကျွန်တော်မျိုး ထောက်ခံ တောင်းဆိုပါမည်။ မစ္စတာ ဘရွတ်လည်း အရှင်မင်းကြီးကို များစွာ ရိုသေကိုင်းရှိုင်းပြီး ဖြစ်ပါသည်။

*ဩဂုတ်လ ၂၂။*

ထိုနေ့ ညနေ ၄ နာရီက ရှင်ဘုရင်ထံသို့ အခစား ရောက်ပါသည်။ သို့သော် မင်းတရားကြီးမှာ ထိုနေ့က များစွာ အားလပ်ဟန် မရှိပါ။ တစ်နာရီကျော်မျှ စောင့်နေပြီးမှ ကျွန်တော်၏ အရေးကို မေးမြန်းတော်မူပါသည်။ အင်္ဂလိပ်သင်္ဘောများ သစ္စာဖောက်သည်ဟူသော စွပ်စွဲချက်များနှင့် ပတ်သက်၍ သူတို့အဖို့ ပြေလည်ဟန် မတူပါ။

ဘုရင် ॥ ॥ ငါ့အနေဖြင့် အင်္ဂလိပ်တို့ လိုအပ်သော အခွင့်အရေးများကို လိုက်လျောပေးကမ်းခဲ့သော်လည်း သင်တို့၏ တုံ့ပြန်မှုသည် ဆိုးရွားလှချေသည်။ ငါ့အနေဖြင့် မစ္စတာ ဗိုက်ဟောကို အပြစ်မရှိဟု ယူဆတော်မူသည်။ မစ္စတာဆွန်း ခေါ် သင်တို့ အဖွဲ့ဝင်သည် ပြင်သစ်သင်္ဘော ကပ္ပိတန် ဘော်ရှိနှင့် ကြံရာပါတစ်ဦး ဖြစ်ကြောင်း အခိုင်အမာ သိရှိရသည်။ သို့သော် သူတို့ မည်မျှစဉ်းလဲယုတ်မာစေကာမူ ငါ၏တပ်မတော်က သူတို့၏ အင်အားကို ဖိနှိပ်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သင့်တို့အား ငါသည် ဘယ်နည်းနှင့် အကြွင်းမဲ့ ဆက်လက် ယုံကြည်နိုင်ပါမည်နည်း။ သို့သော် ငါက ဆက်လက် သည်းခံပါဦးမည်။ သင်တို့သည် အဘယ်မျှ မဟာမိတ် စစ် မစစ်ကို ဆက်လက် လေ့လာပါမည်။ ထို့ကြောင့် ယခင်ကလိုပင် ငါနှင့် သင်တို့ အချင်းချင်း ရန်မမူဘဲ မိတ်မပျက် ဆက်ဆံကြမည်။ ပုသိမ်နှင့် ဒဂုံ၌ သင်တို့ ယခင်အတိုင်း နေထိုင်ခွင့် ပြုပါသည်။ သင်တို့၏ ခြေလှမ်းများကို ကြည့်ကာ ကောင်းလျှင် ကောင်းသလို၊ မကောင်းလျှင် မကောင်းသလို ငါ စီရင်မည်။

သံမှူး ။ ။ ကုမ္ပဏီ အစိုးရ၏ ပန်ကြားချက်များကို လိုက်လျောတော်မူပါက လက်နက်များ ဧကန် ရရှိမည် ဖြစ်ပါသည် ဘုရား။

ဘုရင် ။ ။ အေး၊ ထို နားလည်မှုကို အခြေခံ၍ ဟိုင်းကြီးကျွန်းနှင့် ပုသိမ်၊ ဒဂုံတို့တွင် သင်တို့အား ငါက နေထိုင်ခွင့် ပြုခြင်း ဖြစ်သည်။ (မင်းတရားကြီးက သူ၏သတ္တိ ခွန်အားနှင့် အောင်မြင်မှုများကို အကျယ်တဝင့် မိန့်တော်မူနေသဖြင့် ကျွန်တော်တို့ အဖို့ ဘာမျှ ဆက်ပြောခွင့် မရဘဲ မှန်ပါဘုရား ဟူ၍သာ အလိုက်သိစွာ လိုက်လျောနေရပါသည်)

*

## [၂] မင်းတရားကြီး၏ သခွားသီးလက်ဆောင်

၁၇၇၅ ခုနှစ်၌ အင်္ဂလိပ်သံမှူး ဘေကာသည် ရွှေဘိုမြို့၌ အလောင်းမင်းတရားကြီးကို ဖူးမြော်ပြီးနောက် စာချုပ်ကိစ္စတို့ကို အောက်ပြည်သို့ စုန်ဆင်းတော်မူချိန်မှ အပြီးသတ်ကြရန် သဘောတူခဲ့သည်။

**( ၁၇၅၇ ခုနှစ်၌ အလောင်းမင်းတရားကြီးသည် ဟံသာဝတီကို သိမ်းပိုက်ပြီး နေပြည်တော်သို့ ပြန်ရာတွင် ဟသ်ာတ၌ အင်္ဂလိပ်အရာရှိ လက်စတာ (Lester)နှင့် တွေ့ဆုံသည်။ အောက်ပါတို့မှာ ထိုအရာရှိ၏ မှတ်တမ်းမှ ကောက်နုတ်ချက်များ ဖြစ်၏။)**

**နွေလိုင်လ ၂၃။**

ယနေ့နံနက် ၇ နာရီတွင် ဘုရင်၏ ရှေ့တော်သို့ ဝင်ခွင့်ရမည်ဟု **အင်တိုနီယို** (လက်ထောက် ပုသိမ်ဝန်)က ပြောသည်။ ကရဝိက်ဖောင်တော်ပေါ်၌ ဆုံကြမည်ဖြစ်ရာ မြန်မာထုံးစံအတိုင်း ရှေ့တော်သို့ မဝင်မီ ဖိနပ်ချွတ်ခြင်း၊ ဓား၊ သေနတ် စသော လက်နက်များကို အပြင်၌ ထားခဲ့ခြင်းများကို လိုက်နာရမည် ဆိုလေသည်။ ထိုအချက်များကို ကျွန်တော် သဘောမကျသော်လည်း ယခင်က သံအရာရှိများ လိုက်နာခဲ့ပြီး ဖြစ်၍ မိမိ၏ကုမ္ပဏီ အရေးကိစ္စများ ပြေလည်ရေးကို ရှေးရှုရကာ သဘောတူညီလိုက်ပါသည်။

ကရဝိက် ဖောင်တော်ပေါ်တွင် ဘုရင့်ရှေ့တော်သို့ ရောက်ရာ ကျွန်တော်က အောက်ပြည်၌ အောင်ပွဲဆင်တော်မူခဲ့သည်များကို များစွာ ဝမ်းမြောက်ဝမ်းသာ ချီးကျူးကြောင်း တင်လျှောက်ပါသည်။

ရှင်ဘုရင်က ယခင်တစ်ခါ **မစ္စတာဒိုင်းရား** (Mr. Dyer)ဆိုသူ လက်သို့ ကျောက်သံပတ္တမြား စီခြယ်သော ရွှေပြားသဝဏ်လွှာ တစ်ခုကို အင်္ဂလိပ်ဘုရင်ထံ ဆက်သရန် ပေးအပ်ခဲ့ကြောင်း၊ ထိုရွှေသဝဏ်၌ မြန်မာမင်း၏ တံဆိပ်လက်မှတ်များ ပါရှိကြောင်း မိန့်ဆိုတော်မူသည်။

သံငယ်အရာရှိ လက်စတာက တင်လျှောက်ရာတွင် "ယခုကိစ္စမှာ ဘင်္ဂလားမြို့ရှိ ကုမ္ပဏီ ဘုရင်ခံချုပ်နှင့် ကတိစာချုပ်ပြုလုပ်ရန်သာ ဖြစ်ကြောင်း၊ ယခင်စာမှာ ဘုရင်နှစ်ပါး ရွှေလမ်းငွေလမ်းဖောက်သည့် သဝဏ်လွှာသာ ဖြစ်ကြောင်း၊ ယခု အရေးတော်ပုံတွင် အင်္ဂလိပ်တို့သည် အလောင်းမင်းတရားကြီး၏ အမှုတော်ကို ထမ်းရွက်ကာ အကျိုးဆောင်ခဲ့သည် ဖြစ်၍ ယခုစာချုပ်ကိုလည်း ဘုရင် ခွင့်ပြုချက် အမှတ်အသား ရလိုပါကြောင်း"များ ပါရှိ၏။

ဘုရင် ။ ။ ငါတို့အတွက် ခဲယမ်းမီးကျောက် လိုအပ်သဖြင့် မကြာခင် လများက မဒရပ်မြို့သို့ မြန်မာသင်္ဘော စေလွှတ်ခဲ့သည်။ ထိုသင်္ဘောကို မဒရပ်ဘုရင်ခံက ဖမ်းချုပ်ထားသည် ဆိုခြင်းမှာ မှန်ပါသလား။

သံငယ် ။ ။ မဒရပ်မှ မည်သို့သော သတင်းမျှ မရရှိပါ။ အကယ်၍ ဖမ်းချုပ်သည် မှန်ခဲ့သော် အရှင်မင်းတရားကြီးနှင့် ပတ်သက်ကြောင်းကို မဒရပ်ဘုရင်ခံက လုံးဝမသိ၍ ဖြစ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



(ထိုအချိန်၌ သံငယ်သည် အလွန် အနေကျပ်သဖြင့် အနီးရှိ ထိုင်ခုံနိမ့်ကလေး တစ်ခုကို ဆွဲယူကာ ထိုင်လေသည်။ မှူးမတ်များက ရယ်ကြသဖြင့် မင်းတရားကြီးက မေးရာ ကျွန်တော် ညောင်းဟန်ရကြောင်း လျှောက်ကြသည်။ ဤတွင် မင်းတရားကိုယ်တိုင် သလွန်မှ ထလာကာ ကျွန်တော် ထိုင်နေပုံကို ကြည့်လျက် ဟားတိုက်ရယ်တော်မူသည်။)

ဘုရင် ။ ။ ဟား....ဟား.... အင်္ဂလိပ်တွေက ဒူးထောက် မထိုင်တတ်ကြပဲကိုး။

သံငယ် ။ ။ ကျွန်တော်များ ခလေ့ထုံးစံတို့မှာ တစ်မျိုးစီဖြစ်၍ အကျင့် မရှိသောကြောင့် ဖြစ်ပါသည်။

ဤတွင် မင်းတရားကြီးက 'တံစက်မြိတ်နေရာ ကြမ်းပြင်လွတ်တွင် ကြိုက်သလို ထိုင်ပါ'ဟု ခွင့်ပြုတော်မူသည်။

သံငယ် ။ ။ ကျွန်တော့်အား ယခုကဲ့သို့ အခွင့်အရေး ပေးသနားခြင်းမှာ မကြုံစဖူး ထူးကဲသော ခွင့်ပြုချက်ဖြစ်၍ ကျေးဇူးတော် ကြီးလှပါပေသည်။

ဘုရင် ။ ။ အေး၊ ပုသိမ်မြို့ဝန်ကိုလည်း လိမ္မာရေးခြားရှိတဲ့အတွက် မကြာခင်ကပဲ "မင်းကြီး နော်ရထာ"ဘွဲ့ ပေးသနားလိုက်တယ်။ (အနီးရှိ ပုသိမ်မြို့ဝန်ကို ညွှန်ပြ မိန့်ဆိုခြင်း ဖြစ်သည်)

ဘုရင် ။ ။ အင်္ဂလိပ်ရှင်ဘုရင်က ငါတို့ကဲ့သို့ စစ်မြေပြင်ကို ထွက်တော်မူပြီး ဒိုင်းလွှား မပါဘဲ စစ်ဆင်လေ့ရှိလား၊ မင်းတို့လူမျိုးတွေက စိန်ပြောင်းလက်နက်များကို ကောင်းစွာ အသုံးချတတ်ကြရဲ့လား၊ အဝေးမှာရှိတဲ့ လူတစ်ယောက်ကို သေနတ်နှင့် မလွဲတမ်း ချိန်ပြီး ပစ်သတ်နိုင်ရဲ့လား၊ မင်းတို့ တိုင်းပြည်မှာ မိုးမှန်မှန် ရွာရဲ့လား၊ ငါတို့ ပြည်မှာလို ရာသီဥတု ညီညွတ်ရဲ့လား၊ မင်း ပခုံးမှာ တပ်ဆင်ထားတဲ့ တန်ဆာပလာတွေက ဘာအဓိပ္ပာယ်ရှိလဲ၊ ကုမ္ပဏီ အစိုးရက မင်းကို လခ ဘယ်လောက်ပေးသလဲ၊ မင်းတို့က ငါတို့ မြန်မာတွေလို ထီးကွင်း မထိုးကြဘူးလား။

(ဤတွင် မင်းတရားကြီးက ခါးတောင်းကျိုက်ကာ သူ၏ပေါင်မှ ထိုးကွင်းများကို ပြသည်) မင်းလက်တွေကို ပြစမ်းပါဦး။ (ဤတွင် မင်းတရားကြီးက ကျွန်တော်၏ လက်များကို ကိုင်တွယ်ကြည့်ပါသည်) အင်း၊ မင်းလက်တွေကလည်း မိန်းမလိုပဲ၊ တယ် ပျော့ပျောင်းသကိုး။ ယောကျ်ား ဆိုတာ ထိုးကွင်းထိုး ခံနိုင်ရတယ်ကွယ့်၊ နောက်ပြီး မင်းတို့ပြည်မှာ ရေခဲရှိသလား။

မင်းတရားကြီး၏ အထက်ပါ မေးခွန်းများကို ကျွန်တော်က အားလုံးပင် ဖြေဆိုပါသည်။ ဘုရင်နှင့်ပရိသတ်များက သဘောကျဟန် ရှိပါသည်။ နောက်ဆုံး ရေခဲမေးခွန်းနှင့် ပတ်သက်၍ 'ယခု အရှင်ရဲ့ ဖောင်တော်စီးရာ ဧရာဝတီမြစ်ကြီးလိုပဲ လန်ဒန်မြို့တော်မှာ သိမ်းမြစ်ကြီး ဖြတ်သန်းစီးဆင်းပါတယ်၊ ဆောင်းတွင်းမှာ သိမ်းမြစ်ဟာ ရေခဲပြင်ကြီးဖြစ်သွားပါတယ်၊ အဲဒီမြစ်တွင်း ရေခဲပြင်ပေါ်မှာ ကျွန်တော်တို့ မီးပုံကြီးတွေ လုပ်ပြီး ကျွဲနွားများကို တစ်ကောင်လုံးဖုတ်ကင်ကာ ပျော်ပွဲစားလေ့ ရှိကြပါတယ်'ဟု လျှောက်တင်သောအခါ ဘုရင်နှင့်တကွ အားလုံးပင် ဟက်ဟက်ပက်ပက် ရယ်မောကြပါသည်။

ဘုရင် ။ ။ မင်းတို့ အင်္ဂလိပ်တွေကို ပုသိမ်မြို့ လာရောက် နေထိုင်ကြဖို့ ငါက ခွင့်ပြုပြီး ဖြစ်ပါလျက် ဘာကြောင့် မြစ်ဝက ဟိုင်းကြီးကျွန်းကို ဒါလောက် စွဲလမ်းနေကြတာလဲ။

သံငယ် ။ ။ ဟိုင်းကြီးကျွန်းဟာ ပုသိမ်မြစ်ဝမှာ အချက်အချာ နေရာကောင်းတစ်ခု ဖြစ်ပါတယ်။ ယခုအချိန်မှာ ကျွန်တော်များ ပြင်သစ်နှင့် စစ်ဖြစ်နေပါတယ်။ ဒါကြောင့် ဟိုင်းကြီးကျွန်းဟာ ပြင်သစ်လက်ထဲ ကျရောက်သွားလျှင် ပင်လယ်ကူးသင်္ဘောများ လွတ်လပ်စွာ သွားလာနိုင်မည် မဟုတ်ပါ။ အရှင်မင်းကြီး ပုသိမ်မြို့ကို ဖိတ်ခေါ်လို့ ကျွန်တော်များ လာရောက် နေထိုင်ချင်ကြပါတယ်။ ဟိုင်းကြီးကျွန်းမှာ ကာကွယ်ရေး တပ်ဖွဲ့ကလေးတစ်ခု အစောင့်အရှောက်ထားခဲ့လျှင် ပြီးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင် ။ ။ ငါတို့ မြန်မာပြည်ကို တစ်ကမ္ဘာလုံးက လာရောက် စစ်ဆင်ကြပါစေ၊ ငါက အားလုံး မောင်းထုတ်ပစ်နိုင်တယ်။ မင်းတို့ အင်္ဂလိပ်တွေက ပြင်သစ်ကို ကြောက် သလား။

သံငယ် ။ ။ အင်္ဂလိပ်နှင့် ပြင်သစ်ဟာ တစ်ဦးပေါ် တစ်ဦး မေတ္တာ ကင်းမဲ့နေပါတယ်။ သို့သော် ပြင်သစ်ကို ကြောက်ရွံ့တဲ့ အင်္ဂလိပ် လူမျိုးရယ်လို့တော့ ယခုတိုင် မွေးဖွားသေးဟန် မရှိပါ။

ဘုရင် ။ ။ ယခု ငါတို့ ဟံသာဝတီ အောင်မြင် သိမ်း ပိုက်ခဲ့ပြီ၊ လက်နက် ခဲယမ်းမီးကျောက်တွေ အများကြီး ရခဲ့တယ်။ မွန်ဘုရင်နှင့် ဆွေတော်မျိုးတော်၊ မှူးမတ်တွေကိုလည်း သုံ့ပန်းအဖြစ် ဖမ်းဆီး ခေါ်ဆောင်ခဲ့တယ်။ ယခုလို အောင်တော်မူချိန်မှာ အင်္ဂလိပ်များ လိုအပ်တဲ့ စာချုပ်ကိုလည်း ဘုရင်၏ တံဆိပ် ခတ်နှိပ်ပေးတော်မူမည်။ သို့သော် နောက်စခန်းသို့ ဆိုက်ရောက်တော်မူမှ အစစ ပြည့်စုံမည် ဖြစ်၍ နောက်တော်က လိုက်ခဲ့လော့။

**ဇူလိုင် ၂၆၊ ၁၇၅၇ ခုနှစ်။**

ယနေ့နံနက် ၁၀ နာရီတွင် ဘုရင်က ဖောင်တော်သို့ လာရန် ဆင့်ဆိုသည်။ လွန်ဆေးခေါ် မြန်အောင် ဆိပ်ကမ်း၌ ဖြစ်သည်။ လက်ထောက်မြို့ဝန် အင်တိုနီယိုက စာချုပ်ပြုလုပ် ပြီးစီးလျှင် သူနှင့် ပုသိမ်မြို့ဝန်ကိုလည်း တံစိုးလက်ဆောင် ပေးရမည်ဟု သတိပေးပါသည်။ သူတို့ မပါလျှင် အလုပ် မဖြစ်၍ ငွေပိဿာ ၂၀ ပေးမည်ပြောရာ လက်မခံ၊ ပိဿာ ၃၀ အထိ တိုးမြှင့်ပေးမှ လက်ခံပါသည်။

ကရဝိက်ဖောင်တော်မှာ ထွက်ခါနီးနေမှ ကျွန်တော် နောက်ကျရောက်လာသည်ကို ရှင်ဘုရင်က ကျေနပ်ပုံ မပေါ် ပါ။ ဆိုင်ရာ လေ့သမားများကို ဒဏ်ခတ်မည် ဆိုပါသည်။

ဘုရင် ။ ။ ဟိုင်းကြီးကျွန်းက ဆန်များ မွန်တို့ထံ ထောက်ပံ့ခဲ့ကြောင်း သိရတယ်။ ဒါကြောင့် နောက်ထပ် ဤသို့ မဖြစ်ပွားရအောင် မင်းတို့ တာဝန်ခံရမယ်။

သံငယ် ။ ။ ကောင်းလှပါသည်၊ တာဝန်ခံ ယူပါမည်။

ဘုရင် ။ ။ မင်းတို့ ပုသိမ်ကို လာရောက်နေထိုင်ကြ ပါ။ စာချုပ်ကို တံဆိပ်တော် ခတ်နှိပ်ပြီးပြီ။ လိုအပ်သည်များကို အင်တိုနီယိုနှင့် ဆက် လုပ်ကြစေ။ ငါကိုယ်တော်မြတ်လည်း မဒရပ်မြို့ကို သွားချင်တယ်၊ ကျောက်သံ ပတ္တမြားတွေ သေတ္တာကြီးနှင့် ထည့်ပြီး အများကြီး သယ်ဆောင်သွားမည်။

သံငယ် ။ ။ ကောင်းပါသည်၊ ကုမ္ပဏီ အစိုးရက ဝမ်းသာစွာ ကြိုဆိုပါမည်။

ဘုရင် ။ ။ ၂ ပိဿာ အမြောက်ဆန်နှင့် ငါ့ကို ပစ် လျှင် မရဘူး၊ ငါက သေနတ်ပြီးရုံမက အမြောက်လည်း ပြီးတယ်၊ မင်း ယုံရဲ့ လား။

သံငယ် ။ ။ မှန်ပါသည်။

တစ်နေ့ကလို ရောက်တတ်ရာရာ မေးခွန်းများကို ဆက်လက်မေးမြန်းနေစဉ် ဖောင်တော်ဆိပ်ကမ်းမှ ခွာနေပြီ ဖြစ်၍ ကျွန်တော်လည်း အလေးပြုကာ ဆင်းခဲ့ရပါတော့ သည်။ မင်းတရားကြီးက ကျွန်တော့်အား ပေးသော လက်ဆောင်တို့မှာ လိမ္မော်သီး ၁၈၊ ပြောင်းဖူး ၂၄၊ သခွား သီး ၅ ဖြစ်ပါသည်။

*

## [ ၃ ] အလောင်းဘုရားနှင့် မယ်ယွန်းစံ

အလောင်းဘုရားနှင့် မယ်ယွန်းစံတို့ကား မောင်နှမ တစ်ဝမ်း ကွဲ ဘဝမှ "ဆွေချင်း ထပ်လျှင် မြတ်၊ မျိုးချင်း ခြံလျှင် လုံ" ဟူသော မြန်မာစကားပုံအရ အကြင်လင်မယား အဖြစ် သို့ ရောက်ကြသူများ ဖြစ်သည်။

အလောင်းဘုရား၏ မယ်တော် စောငြိမ်းဦးနှင့် မယ်ယွန်းစံ၏ ဖခင် ဦးဖြိုးမြတို့မှာ မောင်နှမအရင်း ဖြစ်၏။ ဦးဖြိုးမြသည် မုဆိုးဘိုနှင့် ၁၀ မိုင်ခန့်ဝေးသော စည်ပုတ္တရာ မြို့တွင် ထောင်မှူးဖြစ်သည်။ သူတို့နှစ်ဦး လက်ထပ်စဉ်က သတို့သား မောင်အောင်ဇေယျ (အလောင်းဘုရား အလောင်း လျာ) မှာ ၁၉ နှစ်၊ သတို့သမီး မယ်ယွန်းစံမှာ ၁၇ နှစ် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို ငယ်လင် ငယ်မယားတို့မှ ပေါက်ဖွားသူတို့မှာ သားတော် ၆ ပါး၊ သမီးတော် ၃ ပါး ဖြစ်၏။ အားလုံး ၉ ပါး ဖြစ်၍ နဝရတ် ၉ ပါးနှင့် နှိုင်းယှဉ်ကာ "ရတနာမဏ္ဍိုင်၊ ပင်ရင်းခိုင်၍၊ ရောင်ဆိုင်ဖြိုးဖြိုး၊ လေဖြာမြိုးလျက်"စသဖြင့် စပ်ဆို ချီးကျူးခဲ့ကြသည်။ ထိုသို့ မြင်တော်မူသော သားတော် သမီးတော်များ၏ ထူးခြားသော ကုသိုလ်အဟုန်မှာ ရွှေလက်ထက်တော်အတွင်း တစ်ဦး တစ်ယောက်မျှ ဖိတ်စဉ် ပျက်စီးခြင်း မရှိချေ။

သားတော်များကား (၁) မောင်လောက် ခေါ် နောင်တော်ကြီး ဘုရင်၊ (၂) မောင်ရွှ ခေါ် ဆင်ဖြူရှင်ဘုရင်၊ (၃) မောင်ပိုး ခေါ် အမြင့်မြို့စား၊ (၄) မောင်ဝိုင်း ခေါ် ဘိုးတော်ဘုရား၊ (၅) မောင်စိုး ခေါ် ပခန်းမြို့စား၊ (၆) မောင်ဖိုးရှင် ခေါ် ပင်းတလဲမြို့စားတို့ ဖြစ်၍၊ သမီးတော် ၃ ပါးတို့ကား (၁) မယ်သာ၊ (၂) မယ်မြတ်လှနှင့် (၃) မယ်အိပ်တို့ ဖြစ်သည်။

*

ဦးအောင်ဇေယျ ကိုယ်တိုင် ထွန်ယက်လုပ်ကိုင်သော ယာခင်းမှာ ယခု တည်ရှိသော "ရွှေတန်းစာ"ဘုရားပတ်လည်တွင် ရှိ၏။ "ထိုယာခင်းအနီး ဘုရားပျက်ကို ရာဖွေပြင်ဆင်ပါက သင့်အလိုအတိုင်း ပြည့်စုံအံ့"ဟူသော အိပ်မက်အရ ဦးအောင်ဇေယျသည် ဇနီးမယ်ယွန်းစံနှင့်အတူ ပေါက်တူးနှင့် တူးရွင်းများ ကိုင်ဆောင်ရှာဖွေကြသည်။ ကျယ်ဝန်းပြန့်ပြူးသော မြေအပြင်၌ တောင်ပို့တစ်ခု တွေ့၍ စည်းခြံ ကာရံထားခဲ့သည်။ အိမ်သို့ရောက်လျှင် မယ်ယွန်းစံက (ဟဲ့သား...မောင်လောက်၊ မောင်ရွှ၊ မောင်ပိုး၊ မောင်ဝိုင်းရို့၊ ငါ့သားများ စားရဖို့သာ ပြင်ထားကြပေတော့။ မောင်တို့ အဖေက ဥစ္စာသိုက် တွေ့ခဲ့၍ စည်းချကာရံထားခဲ့သည်'ဟု ပြက်ရယ်ပြု၏။

နောက်တစ်နေ့၌ ရပ်သူရွာသား ပန်းရန်သမားတို့နှင့် သွားရောက်တူးဖော်သော် ဌာပနာတိုက်နှင့်တကွ စေတီဟောင်းတို့ကို တွေ့၍ ဦးအောင်ဇေယျက ထပ်မံ ပြုပြင်တည်ထား ကိုးကွယ်လေသည်။ ဘုရား ပြင်ပြီး၍ မကြာမီပင် ဦးအောင်ဇေယျ၏ လက်ရုံးမှ မီးရောင်တောက်ခြင်းများ ဖြစ်ပေါ်လာ၏။

ထိုနှစ် (၁၁၁၁) တွင် အင်းဝ ရွှေနန်းရှင်ဘုရင် ကိုယ်တိုင် မြင်တော်မူသော အိပ်မက်ကား "မြောက်အရပ်သို့ ရှုစားရာ၊ အရှေ့အရပ်မှ နေဝင်မာန်သည်၊ ကြယ်တာရာ အပေါင်း ခြံရံလျက်၊ အနောက်အရပ်သို့ ကြွမြန်းသည်"ဟူ၍ ဖြစ်၏။ အမတ်များက မြောက်အရပ်၌ မင်းလောင်းပေါ်မည့် နိမိတ်မှန်း သိသော်လည်း ဘုရင်ကို ကြောက်ရွံ့၍ 'နေမှာ အင်းဝဘုရင်၊ ကြယ်တာရာများမှာ ပဒေသရာဇ်မင်းများ ခစားပုံ'ဟူ၍ လျှောက်တင်၏။

တစ်နေ့သောအခါ ဦးအောင်ဇေယျသည် တောသို့ ယာထွန်သွားရာ နေမြင့်သောအခါ ခေတ္တနားနေ၏။ သစ်ပင်ရိပ်တွင် လဲလျောင်းရင်း အိပ်ပျော်သွား၏။ ထိုအခိုက် အိမ်မှ ထမင်းပို့လာသော အစေခံ မငြိမ်း ရောက်လာ၏။ ဦးအောင်ဇေယျ၏ လက်ယာလက်ရုံးမှ အခိုးအလျှံနှင့် မီးတောက်ထလာသည်ကို မြင်သော် အူယားဖားယား ချဉ်းကပ်ကာ မှိမိ၏ တဘက်ဖြင့် မီးကို ပုတ်သတ်၏။

ဦးအောင်ဇေယျ အိပ်ရာမှလန့်နိုးက 'အသို့နည်း' ဟုမေးရာ ကျွန်မက 'အရှင့်လက်မှ မီးခိုးမီးတောက်မြင်၍ ငြိမ်းသတ်မိသည်'ဆို၏။ ဦးအောင်ဇေယျလည်း 'သည်အတိုင်း မှန်လျှင် တောစကား တောမှာ ပျောက်စေ၊ ရွာမရောက်စေနှင့်' ဆိုကာ နှုတ်ပိတ်စေ၏။ သူ့အဖို့၌ကား စကြာရတနာကို မျှော်လင့်ချိန်တွင် ရရှိသော စကြာမင်းကဲ့သို့ ပြန့်ကျယ်သော ပီတိရလျက် ဣန္ဒြေမပျက် နေလေသတည်း။

အစေခံမလည်း အိမ်သို့ပြန်လာပြီးနောက် ဆင်ခြင်သည်ကား "ငါတို့၏အရှင်သည် ဘုန်းပညာနှင့် ပြည့်စုံသည်။ မြောက်ဘက်မှ မင်းလောင်းပေါ်မည် ဟူသော တဘောင်လည်း ထွက်နေသည်။ အရှင့်ကို ရည်ညွှန်းခြင်းကြောင့် မချွတ်ပင် အရှင်သည် ဘုန်းသမ္ဘာရှင် ဖြစ်မည်။ ထို့ကြောင့် ငါသည် ယနေ့မှစ၍ အရှင့်အား ရှင်ဘုရင်သဖွယ် ပြုစုအံ့"ဟု အထူးတလည် ဝတ်ပြုလေသည်။

ဆာစ်ညသ၌ သန်းခေါင်ကျော်လောက်တွင် ဇနီး မယ်ယွန်းစံ နိုးကြားနေခိုက် ဦးအောင်ဇေယျ ညာလက်ရုံးမှ မီးခိုးမီးလျှံများ ထရာ တစ်အိမ်လုံး ထိန်လင်းနေ၏။ မယ်ယွန်းစံ မြင်သော် အနီးရှိ ခြုံစောင်တို့နှင့် အုပ်ဖုံး သတ်ငြိမ်းလေ၏။ ဦးအောင်ဇေယျ နိုးသော် သူ့လက်မှ မီးထတောက်ကြောင်း မယ်ယွန်းစံက ပြောပြ၏။ 'သည်စကား သည်တွင် ပြီးစေ၊ တစ်ပါး မရောက်စေနှင့်'ဟု တားမြစ်ပြန်လေ၏။

မယ်ယွန်းစံက 'ကိုအောင်ဇေယျ၊ ရှင်သည် ဘုန်းကြီးသော မင်းယောက်ျားဖြစ်သည်။ မမေ့မလျော့သော သတိနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံအောင် နေလေ'ဟု ဆိုပြီးလျှင် ထိုနေ့မှစ၍ မင်းတို့၌ ပြုအပ်သော ဝတ္တရားအတိုင်း မယ်ယွန်းစံက ပြုစုလေသည်။

*

တစ်ရွာ၌ နေသော ဦးအောင်ဇေယျ၏ သူငယ်ချင်း တစ်ယောက် အိပ်မက်ရသည်ကား သူတို့ထံသို့ ဝတ်ဖြူစင်ကြယ်နှင့် လူတစ်ယောက် လာကာ 'နက်ဖြန် မိုးသောက်လျှင် သင့်အိမ်သို့ ရှင်ဘုရင်လင်မယား ယာဉ်ကိုစီး၍ တောင်အရပ်က လာလိမ့်မည်။ မင်းတို့၌ ပြုအပ်သော ဝတ္တရားနှင့်အညီ ပြုစုလေ။ သင့်အား စောင်မ ကြည့်ရှုသွားလိမ့်မည်'ဟု မှာကြားလေသည်။ အိပ်ရာမှ နိုးသောအခါ လူကြီးမိဘများကို ပြောပြပြီးနောက် သိကြားတို့ နှိုးဆော်ချက်အတိုင်း စားသောက်ဖွယ်ရာများ ခင်းကျင်းကာ စောင့်စားနေ၏။

ထိုသူငယ်ချင်းထံမှ အကြွေးငွေ ၅၀ ကျပ် ရရန်ရှိ၍ ဦးအောင်ဇေယျ ဇနီးမောင်နှံတို့ လှည်းယဉ်နှင့် ထွက်ခဲ့ကြရာ ထိုရွာသို့ နံနက်ခင်းပင် ရောက်ကြ၏။ ရှင်ဘုရင်ကို စောင့်မျှော်နေသူက 'ငါ့အိပ်မက်၌ ရှင်ဘုရင် လင်မယား လာမည်ဆိုရာ ယခုကား အောင်ဇေယျတို့လင်မယား ပေါ်လာသည်။ အောင်ဇေယျတော့ ရှင်ဘုရင်စော် နံတဲ့လူ' ဟု ဆီးကြိုနှုတ်ဆက်၏။

ဦးအောင်ဇေယျက 'မင်းပြောသည့်အတိုင်း မှန်လျှင် နိမိတ်ကောင်းသည်။ မင်းစကားကို ငါက ပူဇော်ထိုက်သည်။ ထို့ကြောင့် ငါတို့ကို ပေးရန်ရှိသော အကြွေးငွေကို စာရင်းပယ်မည်။ မပေးပါနှင့်တော့'ဟု ဆို၏။

ခင်းကျင်းထားသော စားသောက်ဖွယ်တို့ကို သုံးဆောင်ပြီးနောက် ဦးအောင်ဇေယျက 'မင်းပြောတဲ့စကားကို မင်းအိမ်မှာပဲ ပြီးပါစေကွယ်၊ တစ်ပါးကို မပေါက်ကြားစေလင့်' ဟု သူငယ်ချင်းအား နှုတ်ပိတ်ပြီး ပြန်သွားလေသည်။

မြောက်ဘက်တွင် မင်းလောင်းပေါ်မည် ဟူသော တဘောင်တို့ ခေတ်စားလာ၏။

မြောက်ဘက်တစ်ခို၊ မုဆိုးဘို
မိုးခိုပါစို့၊ ညည်းနှင့်တို့၊
တိုင်းရက်သည့် ပက္ကလာ
မိုးရွာသည်နှင့် အသင့်ပဲ။
တို့မေလေး မကျေဖျက်
မြောက်ဘက်ကယ်တဲ့ ဟိုတစ်ခို
ပြေးစို့ နှစ်ကိုယ်။
ဆိုင်းစိုစိုက
ရန်လုံးဖြိုပါတဲ့
ပြည်ရွှေဘို ထိုမြို့မှာ
မိုးခိုစို့လေး။

ပေါ်ပေါက်သမျှ တဘောင်တို့မှာ အများအားဖြင့် မုဆိုးဘိုသား ဦးအောင်ဇေယျသို့သာ ဦးတည်နေကြ၏။ ထို့ကြောင့် သူ၏ သူငယ်ချင်းများအိမ်သို့ အလည်သွားလျှင် 'ဟော့ အောင်ဇေယျ၊ မင်းလာလျှင် တယ်ပြီး ရှင်ဘုရင်စော် နံသကွာ၊ မလာပါနှင့်။ တို့တစ်တွေ ရာဇဝတ်သင့်ကုန်ပါ့မယ်'ဟု ကျီစယ်ပြောဆိုလေ့ ရှိကြ၏။

ထို တဘောင် သတင်းများကို နေပြည်တော်က ကြားသိရာ စဥ့်ကိုင်တွင် အင်းဝဘုရင်၏ နောင်တော်သဖွယ် သူကောင်းပြုထားသူ သတိုးမင်းခေါင် ခေါ် တောင်ငူရာဇာက မောင်အောင်ဇေယျကို ခေါ်ယူ စစ်မေး၏။ 'ရှင်ဘုရင်စော် နံသည် ဆိုကြသည်၊ ဆိုသည့်အတိုင်း မှန်သလော'ဟူသော မေးခွန်းကို ဖြေသည်ကား 'ဤစကားကို ရွှေနားတော်ကြား ပြောဆိုကျော်ကြားခြင်းမှာ မလိုသူတို့ ကုန်းချောခြင်းသာ အရင်းခံ ဖြစ်ပါသည်' ဟူ၏။

တောင်ငူရာဇာက မောင်အောင်ဇေယျ၏ ရဲရင့်တည်ကြည်ခြင်း၊ ရုပနိကာယ် ကောင်းခြင်းတို့ကို ထောက်ရှုကာ ယာယီယတြာများ ပြုလုပ်၏။ မုဆိုးဘိုကို ရွှေဘိုဟု အမည်ပြောင်းစေ၍ ထိုအရပ်ရှိ ရွှေတန်းစာစေတီ၏ မြောက်ဘက်တွင် ကိန်းချေတဲနန်း ဆောက်စေရသည်။

*

ဦးအောင်ဇေယျသည် မုဆိုးဘို အရပ်၌ ရိုးရိုးကုပ်ကုပ် တောင်သူလုပ်ငန်းနှင့် တင်းတိမ်နေသူ မဟုတ်။ တိတ်နိမိတ်များကို သူကိုယ်တိုင် ယုံကြည်သည်ဖြစ်၍ အထွတ်အထိပ်သို့ ရောက်ရန် လိုအပ်သော စည်းရုံးရေး၊ လေ့လာရေးများကို အမြဲအားထုတ်လျက် ရှိ၏။ အင်းဝမြို့ အရေးအခင်းများကို လူထောက်လွှတ်ခြင်း၊ ကိုယ်တိုင်သွား၍ စုံစမ်းခြင်း ပြုလေ့ရှိသည်။

ထိုသို့ လေ့လာရေးခရီး ထွက်ရင်း စစ်ကိုင်းမြို့တွင် မယားငယ်တစ်ယောက် ရှိလေရာ နောင်အခါ မိဖုရားငယ် တစ်ဦး ဖြစ်လာသည်။ ဦးအောင်ဇေယျသည် မြင်းစီး၍



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းသို့ လာပြီးလျှင် ထိုမယားငယ်အိမ်တွင် နားနေစားသောက်ပြီးမှ ဈေးဝယ်ကာ မုဆိုးဘိုသို့ ပြန်လေ့ရှိသည်ဟု ဦးမောင်ကြီး ရေးသော စာအုပ်၌ ပါရှိသည်။

တစ်ကြိမ်က စစ်ကိုင်းသို့ ထွက်ခွာခါနီးတွင် မယ်ယွန်းစံက သူ့အတွက် ပိုးခါးစည်းကြိုးတစ်ချောင်း ခပ်ကောင်းကောင်း ဝယ်ခဲ့ရန် မှာကြားလိုက်၏။ ဦးအောင်ဇေယျက 'ကောင်းပြီ'ဟု ဝန်ခံခဲ့ပြီး စစ်ကိုင်းဈေးတွင် ရှာဖွေရာ မရချေ။ အင်းဝဘက်သို့ ကူး၍ ရှာမည်ပြုရာ မယားငယ်ကလည်း ပိုးခါးစည်းကြိုးတစ်ချောင်း အပို ဝယ်ယူခဲ့ရန် မှာပြန်တော့သည်။

အင်းဝဈေး၌ ဦးအောင်ဇေယျက မယား ၂ ယောက်အတွက် ပိုးခါးစည်းကြိုးများ ရှာဖွေရာ ရှားပါးခိုက်ဖြစ်၍ တစ်ချောင်းသာ ရလေသည်။ ထို့ကြောင့် ချည်ခါးစည်းကြိုး တစ်ခု အစားထိုး ဝယ်ယူခဲ့လေသည်။ စစ်ကိုင်းသို့ ပြန်ရောက်လျှင် မယားငယ်က ပိုးခါးစည်းကြိုးကို ဦးစွာ ယူလိုက်လေသည်။

[မှတ်ချက်။ ။ အလောင်းမင်းတရားကြီး၌ မိဖုရားခေါင်ကြီး ခင်ယွန်းစံ အပြင် ကိုယ်လုပ်တော် ၆ ဦးရှိရာ စစ်ကိုင်းမြို့တွင် ပိုးခါးစည်းကြိုးနှင့် ပတ်သက်သူမှာ ရှင်ရွှေငယ် ဖြစ်ဟန် တူ၏။

(၁) ရှင်မင်းသူ (သမီးတော် ပဒုမ္မဒေဝီ)

(၂) ကျောက်မြောင်းကတော် (သားတော် မင်းရဲဖျား)

(၃) စိတ္တမဟေ (သားတော် မင်းရဲညွန့်)

(၄) ရှင်မင်းပြေ (မင်းလုစည်သူ သမီး)

(၅) ရှင်ရွှေခဲကြီး (သမီးတော် မင်းရွှေမြ)

(၆) ရှင်ရွှေငယ် (သမီးတော် မင်းညို့မြ)]

မယားကြီး မယ်ယွန်းစံ၏ မှာကြားချက်ကို ဦးအောင်ဇေယျက သတိရ၏။ မယားငယ်ထံမှ ပိုးခါးစည်းကြိုးကို တောင်းဆိုရာ မရချေ။ သို့သော် ဤပိုးခါးစည်းကြိုး တစ်ချောင်းအတွက် အရေးမကြီးလှ၊ နောင်အခါ အခွင့်သင့်ဦးမည် မလွဲဟု နှလုံးပိုက်ကာ စစ်ကိုင်းမှ ပြန်ခဲ့သည်။

မုဆိုးဘိုသို့ ပြန်ရောက်သော မယ်ယွန်းစံသည် သူမှာလိုက်သော ပိုးခါးစည်းကြိုး ရခဲ့၏လောဟု မေးလေတော့သည်။ ဦးအောင်ဇေယျက 'သည်တစ်ခေါက် အဆင်မသင့်၍ မရခဲ့သေးပါ၊ ခေတ္တ အသုံးပြုရန် ချည်ခါးစည်းကြိုး ဝယ်ခဲ့ပါသည်' ဆို၏။

မယ်ယွန်းစံ။ ။ကိုအောင်ဇေယျ၊ ရှင့်ကို ကျုပ် မှာစဉ်က ပိုးကြိုးကို မှာသည်၊ ယခု ဝယ်ခဲ့သည်ကား ချည်ကြိုး ဖြစ်နေသည်။ ကျုပ်လို ဇနီးဟောင်းကိုပင်လျှင် ခါးစည်းကြိုး တစ်ချောင်းကိုမျှ ရှင်က မကြည်ဖြူနိုင်တကား။

အောင် ။ ။ယခု အချိန်မှာ ကာလဒေသ မကောင်းသည့် အခိုက်ဖြစ်၍ ကုန်ဈေးနှုန်း ကြီးမြင့်သည်။ မိန်းမတစ်ဦးကလည်း ပိုးကြိုးကိုပင် မှာသဖြင့် သူ့ကို လက်ဆောင်ပါးခဲ့ရသည်။ ပါရှိသော ငွေမှာလည်း မလုံလောက်ပါ။ ပိုးနှင့်ချည် တစ်စုံသာ ဝယ်နိုင်ခဲ့သည်။ နောင် အခွင့်သင့်က ထပ်မံ ဝယ်မည် သဘောပိုက်မိပါသည်။

မယ်ယွန်းစံ။ ။ကိုအောင်ဇေယျ၊ ရှင့်ကို ကျုပ်က နောင်အရေးမြော်၍ အရှင်သခင်အမှတ်ဖြင့် လုပ်ကျွေးခဲ့သည်ကား ကြာမြင့်ခဲ့ပြီ။ ယခုအချိန် သူလိုငါလို ဆင်းရဲသားဘဝ၌ပင် ရှင့်အလို

ကုန်းဘောင်ခေတ် ဗိုလ်ရွှေခံသဘင်သို့ ရှင်ဘုရင် ထွက်တော်မူစဉ်



ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ရှင် ပြုမူဘိ၏။ နောင် အထွတ် အထိပ်သို့ ရောက်သော် အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ယနေ့မှစ၍ ရှင့်အရိပ်ကို ကျုပ် မခိုလှုံလိုတော့ပါ။ ကောင်းဆိုးဟူသမျှကို နောက်နောင် တိုင်ပင် စိုင်းပြင်းခြင်း မပြု လေနှင့်တော့။

ဤသို့ဆိုကာ မယ်ယွန်းစံသည် ခါးစည်းကြိုးကို လည်း လက်မခံ၊ ဘာကိစ္စမျှလည်း မဆက်ဆံဘဲ မိမိ၏သမီး များနှင့် စည်ပုတ္တရာမြို့ ဆွေမျိုးများထံ သွားရောက်ကာ လယ်ယာလုပ်ကိုင် စားသောက် နေထိုင်လေတော့သည်။

*

ဦးအောင်ဇေယျသည် မုဆိုးဘိုကို ရန်ကြီးအောင်ဟု ထီးနန်း များ စိုက်ထူသမုတ်ပြီးနောက် စည်ပုတ္တရာမြို့နေ မယ်ယွန်းစံ ကို ဆင် မြင်း ဝေါယာဉ်နှင့် သွားရောက် ပင့်ခေါ်စေ၏။ သို့သော် မယ်ယွန်းစံက သမီးတော်များကိုသာ ထည့်လိုက်၍ သူကိုယ်တိုင်ကား မလိုက်ပါချေ။

သာယာသော နန္ဒာကန်တော်ကြီး ရစ်ဝိုင်းရာ ပြည် ရွှေဘိုမြို့တော်ကြီးသို့ "ချစ်၍ခေါ်ရာ၊ လိုက်တော်မူခဲ့၊ မပျောင်းနွဲ့နှင့်"ဟူသော စိတ္တကျော်သူ ရတုအတိုင်း မယ်ယွန်း စံကို ဦးအောင်ဇေယျ နန်းတက်ချိန်၌ ခေါ်ယူပါသော်လည်း မလိုက်မပါသောကြောင့် ရာဇပရိယာယ်ကို သုံးရလေသည်။ ထိုနည်းကား မယ်ယွန်းစံ နေထိုင်ရာ စည်ပုတ္တရာမြို့နယ်ကို တစ်ပါးသော မြို့နယ်များထက် အခွန်ဘဏ္ဍာများ တိုးတက် ကောက်ခံစေခြင်း ဖြစ်သည်။ အခွန် မကျေလည်သူများကို မောင်းတီး၍ လေလံပစ်စေ၏။ ထိုသောအခါ စည်ပုတ္တရာ နယ်တွင် လူသူတို့သည် အိုးကင်း၌ လှော်အပ်သော စပါးကဲ့ သို့ ဆူဆူပူပူ ရှိကြလေသည်။

ရပ်ရွာသူကြီးများ ပေါင်းစု စည်းဝေးကာ အခွန်တော် ကြီးလေးလှကြောင်း ရွှေနားတော်ပေါက်စေရန် မယ်ယွန်းစံ ကို ချဉ်းကပ် စေလွှတ်ကြသည်။ မယ်ယွန်းစံလည်း ရပ်ရွာ သူကြီးတို့၏ အလိုကို မပယ် မငြင်းနိုင်ရကား၊ သူ့လင် ဦးအောင်ဇေယျ ကြိုက်တတ်သော မုန့်ဆန်းကလေးများကို သန့်စင်သော အဝတ်ဖြူတွင် ထုပ်၍ ဦးခေါင်း၌ ရွက်ပြီးလျှင် ပြည်ရွှေဘိုသို့ သွားလေ၏။ ရောက်သော် နံနက်ညီလာခံနှင့် ကြုံကြိုက်၍ သားတော် သမီးတော်၊ မှူးတော်မတ်တော်တို့ အစုံရှေ့တွင် ဝင်ရောက် ခ စားလေသည်။

မုန့်ဆန်းထုပ်ကလေးကို ရွက်လျက် ဝင်လာသော မယ်ယွန်းစံကို အလောင်းမင်းတရား ဦးအောင်ဇေယျ မြင် သော် နေရာထိုင်ခင်း ပေး၍ အကြောင်းကို မေး၏။ မယ် ယွန်းစံက မုန့်ဆန်းထုပ်ကလေးကို ဖြေ၍ ပြ၏။


www.burmeseclassic.com

www.burmeseclassic.com



အောင် ။ ။ဩော်–ငါ့မိန်းမ၊ သည်တစ်ခါ မုန့်ဆန်းကို လက်ဆောင်ပြု၍ မြောက် နန်းမကို လုရန် ပင် လာသည် တမင့်။

မယ်ယွန်းစံ ။ ။ကိုအောင်ဇေယျ၊ ရှင့် မြောက်နန်းကို ရည်မှန်း၍ ကျုပ်လာသည် မဟုတ်၊ ယခု စည်ပုတ္တရာနှင့် စည်သာတစ်ခွင်မှာ မင်းတိုင်းမင်းကြေး အခွဲအခန့် များလွန်းသည်။ ပြည်သူ ဆင်းရဲသားတို့ အလုပ်အကိုင်မှာ အခါတစ်ပါးနှင့် မတူ။ မိုးခေါင်ရေရှားသည်က တစ်ဖက်၊ စစ်ကြီးမက်ကြီး အထွက်အရောက် များ၍ ဆင်းရဲသားတို့ ပြေးလွှား ရှောင်တိမ်းကြရသည်က တစ်ဖက်၊ ခိုးသား ဓားပြ စသည်တို့ကလည်း ကျွဲနွား ဆင်မြင်းတို့ကို မောင်းနှင် သိမ်းယူသွားကြသည်က တစ်ဖက်၊ ဒီလို အပျက်အစီး ရှိနေကြသည့်အတွင်း အခွန်တော် မဆောင်နိုင်သူများကို မောင်းတီး လေလံပစ်ကာ ခြောက်လိုက်၊ ကြိမ်းလိုက်ဖြင့် ပစ္စည်းကို သိမ်းယူသော အလုပ်ကို ရှင်က လုပ်စေသည့်အ ရာမှာ ပြည်ရွာတိုင်းကားကို စည်ကားဖွံ့ဖြိုးအောင် လုပ်သည် မမည်၊ ကိုယ့်ပြည် ကိုယ့်ရွာ ကိုယ်သာ ပျက်စီးစေသည် ဖြစ်ရာ၏။

ရှင့်ကို ကျုပ် အထူး သွန်သင်ရန် မလိုပါ။ ဟံသာဝတီရောက် မင်းတရားကြီးသည် ရှေးမင်းတို့၏ ကျင့်ထုံးကို နှလုံးမမူသဖြင့် ရဟန်းရှင်လူတို့မှာ ညှိုးနွမ်း ဆင်းရဲလှသဖြင့် ဆူပူတော်လှန်ကြရမှ ထီးနန်းကို စွန့်ရသည် အထိ ဖြစ်သည်။ ရှင်ကလည်း မင်းကျင့်တရားများ လေ့လာခဲ့ပြီး ယခု ပြည့်ရှင်မင်း အဖြစ်သို့ ရောက်မှ ရှေးထုံးကျင့်ခန်းများကို မေ့မေ့လျော့လျော့ ရှိနေသည့် အရာမှ ကဲ့ရဲ့ဖွယ်ရာ ဖြစ်သည်။ သို့ဖြစ်၍ ရှင့်လူများပင် ရှင် ခေါ်ယူ ဖျောင်းဖျ၍ ဆုံးမပါဦး။

အောင် ။ ။မယ်ယွန်းစံ၊ ယခု ဤနိုင်ငံကို အုပ်ချုပ်၍ မင်းလုပ်ရသည် ဆိုငြားလည်း အလုံးစုံ ပိပြားသေဝပ် မရှိကြလေသေးပါ။ ခိုးသား ဓားပြ မအေးကြသေးသည့်အခါ ပြည်ရွာ ကစဉ့်ကရဲ လက်ကျဲ အုပ်ချုပ်ရချိန်တွင် ငြိမ်းချမ်းမှု မရှိနိုင်သေးပါ။ ငါ၏ ရှေ့ရောက် မျက်မှောက်မထင် မမြင်ကွယ်ရာမှာ ဖြစ်ကြ ပျက်ကြသည့် အရာကို ငါ မတတ်နိုင်ချေ။ မြို့ဝေးပြည်ကွာ လွတ်ရာပေါက်စား တစ်ပါးအရပ်မှာ နေပြီး ထပ်ကာ ထပ်ကာ တိုင်ကြားလာလည်း အချည်းအနှီးပင်။ မယ်ယွန်းစံ အနေဖြင့် ရွှေဘုံရွှေနန်း စံဆန်းရိပ်ငြိမ် မင်းစည်းစိမ်ကို မြိန်မြိန်ခံစား၍ ဤရွှေနန်းတော်ကြီးတွင်ပင် စံနေပါတော့လော။

မယ်ယွန်းစံ ။ ။အရှင်ဘုရင်က ချီးမြှောက်၍ ဘုန်းကျက်သရေ ရှိလေတုံ့လည်း အရှည်မကြာ ခဏတာကို သာယာနှစ်သက်ပြီး နောင်အမျက်ပွားရန်ကိုလည်း ကျုပ် မလို။ ကိုယ်နှင့်အသက် မပျက်တည်ရှိစဉ် ရသလောက်နှင့် တင်းတိမ် မြိန်သလောက်သာ စားသုံး၍ စိတ်ချမ်းမြေ့ရာတွင် ကျုပ် နေပါတော့မည်။ ကျုပ်နေရာအရပ်တွင် အခွန်ဘဏ္ဍာ အပြင်းအထန် မကောက်ခံအောင် ရှင်က အမှာစာတစ်စောင် ရေးလိုက်ပါ။

မယ်ယွန်းစံကို မလွန်ဆန်နိုင်သည်နှင့် သူကြီး၊ မြေတိုင်း အမှုထမ်းတို့အား လျှော့ပေါ့ အုပ်ချုပ်ကြစေရန် အမိန့်တော် ထုတ်ပေးသည်ဟု ရှေးမိသူတို့ အဆိုရှိသည်။

စိတ်ကောက်နေသော မယ်ယွန်းစံသည် စည်ပုတ္တရာ၌ လင်သားများနှင့် ခွဲခွာလျက် ကြာကြာနေနိုင်ပုံ မရချေ။ ၁၁၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်နေ့၌ ဦးအောင်ဇေယျသည် အင်းဝမြို့ကို သိမ်းပိုက်ပြီးနောက် ကျောက်မြောင်းသို့ ပြန်ရောက်ချိန်တွင် "မိဖုရားခေါင်ကြီး မယ်ယွန်းစံနှင့် သားတော် သမီးတော်တို့ ကြိုဆို ဖူးမြော်ကြသည်" ဟု ရာဇဝင်၌ ပါရှိ၏။ ထိုမှ အညာသီဟတောသို့ မိသားစု အားလုံး ဘုရားဖူး သွားတော်မူကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၃ ရဲဘော် ၆ ကျိပ်

## [၁] ညောင်ရမ်းမင်းဆက် ပျက်သုဉ်းချိန်

ပတ်သာစည်လည်း ထိုးတဲ့
ကိုချစ်လောက်ရယ်
အို– ကိုချစ်လောက်ရယ်
အစ်ကိုဖြစ်ခြင်းကွယ်။
တောင်သမန်မှာ ဖျဉ်းအိုးကွဲ
လင်ကို လင်ချင်းလဲ
လင်ချင်းတူမှ ယူပါ့မယ်
နင်က ရှုနာသယ်။

တိုင်းပြည် ပျက်မည့် ဟံသာဝတီရောက် မင်းလက်ထက် စောစောပိုင်းကပင် ဤတဘောင်သီချင်း ပေါ်နေခဲ့သည်။ အထူးပင် စိတ်ပျက်စရာ၊ နားကြားပြင်းကတ်စရာ အမင်္ဂလာ အပေါင်းတို့နှင့် အပြွမ်းဆုံးသော တဘောင်ပေတည်း။

ဤတဘောင်ကိုပင် သဘင်သည်တို့ ဆို မြည် တီး မှုတ်ကြသည် ဆို၏။ မြို့ရှာ လူသိမ်လူဖျင်း လူငယ်တို့လည်း သီဆို မြည်တွန်ကြ၏။ မိုးထိမှန်စီကျောင်း ဆရာတော်က အဓိပ္ပာယ် ကောက်ယူရာတွင်–

(၁) ***ကိုချစ်လောက်ရယ်၊ အစ်ကိုဖြစ်ခြင်းကွယ်***– ဆိုသည်မှာ ညောင်ရမ်းမင်းဆက်သည် ဆယ်ဆက်သာ ရှိမည်ဟု အဟောရှိသည်။ ယခု ဆယ်ဆက် စေ့ ရောက်ပြီ။ အစ်ကို ဖြစ်ခြင်းကွယ် ဟူသော စကားသံမှာ မသာဒ္ဓ သေသူကို တသငိုကြွေးသော အသံဖြစ်သည်။ မင်းဆက် ဆုံး၍ ပျက်စီးသုဉ်းဖျင်း ချိမ့်မည် ဟူ၏။

(၂) ***တောင်သမန်မှာ ဖျဉ်းအိုးကွဲ***– ဆိုသည်မှာ တောင်သမန်သည် ကြာသပတေးနံ၊ ဖျဉ်း ဟူသော စကားမှာလည်း ၅ တေး၊ မင်း ဧကရာဇ်လည်း ၅ တေးသား ဖြစ်၏။ တိုင်းသူပြည်သား မြန်မာတစ်လွှားမှာလည်း ၅ တေးပင် ဖြစ်ပြန်သည်။ ထို့ကြောင့် ၅ တေးနှင့် မြန်မာတို့သည် ဖျဉ်းအိုးကွဲ ဆိုသကဲ့သို့ ပျက်စီးခြင်းသို့ ရောက်မည် ဟု ဆရာတော်က မိန့်တော်မူ၏။

၁၀၉၅ ခုနှစ်တွင် အင်းဝပြည်၌ တနင်္ဂနွေမင်းနတ်ရွာစံကာ သူ၏သားတော် ကြာသပတေးမင်း (ဟံသာဝတီပါမင်း)နန်းတက်၏။ ၅ တေးမင်းသားမှာ ၁၆ နှစ်သာ ရှိသေး၍ ဝါနုသောကြောင့် မှူးကြီး မတ်ကြီးတို့က သူ့ထက် ဝါရင့်ကာ အရည်အချင်း ပြည့်စုံသော ဘုရင်၏ညီ ဗဒုံမြို့စားကို နန်းတင်လိုကြ၏။ သို့သော် ဝန်ကြီး ဦးပုက ဩဇာကြီးမားစွာဖြင့် ထောက်ခံသောကြောင့် ၅ တေး မင်းသား ထီးနန်းရသည်။

ထီးနန်း သိမ်းပိုက်သော နေ့က နန်းရင်ပြင်တွင် ထမင်းဟင်း ဘောဇဉ်ခဲဖွယ်များ အပြည့် ခင်းကျင်းထား၍ ရှင်ဘုရင်က ထိုထမင်းဟင်းများကို နင်းနယ်ပြီးမှ နန်းတက်တော်မူ၏။ ပညာရှိများက “ဤမင်းလက်ထက် မွတ်သိပ်ရှားပါးချိမ့်မည်”ဟု နိမိတ်ဖတ်သည်။

ရှင်ဘုရင် ဖြစ်ပြီးသော် ဝန်ကြီးဦးပုကို လွှတ်တော်အဆင့်သို့ တိုးမြှင့်ပေး၏။ ငယ်ဆရာ မောင်ဖြိုးကို ရာဇနန္ဒဟု ဘွဲ့နှင်းကာ အတွင်းဝန် ခန့်၏။ မောင်ဖြိုးမှာ မူလတန်း ကျောင်းဆရာမျှသာ တတ်သိ၍၊ ဝန်ကြီးဦးပုကား ပါမောက္ခ သဖွယ် ပညာဉာဏ်ကြီးမားသူ ဖြစ်၏။ သို့သော် မောင်ဖြိုးက ငယ်ဆရာအဖြစ် ပိုမိုရင်းနှီးသူ ဖြစ်၏။ ကတုန်းကတိုက် လုပ်တတ်သူလည်း ဖြစ်သည်။

ဦးပုက တိုင်းပြည်အခြေအနေ မကောင်းသဖြင့် မွန်တပ်များ ချီတက်လာသော် ခုခံရန် အစီအစဉ်များ ကြိုတင် ပြုလုပ်၏။ လူသန်လူကြမ်း အမှုထမ်း ၁၁၀၀ ဖွဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူများကို ကွပ်အုပ်မည့်လူ ၁၀၀ ကိုလည်း ဖွဲ့သည်။ "ရဲတစ်ထောင် နောင်တစ်ရာ စီမံကိန်း" ဟု ခေါ်သည်။ ဤသို့ စီစဉ် ခန့်ခဲ့သော် ရန်သူကို နိုင်လိမ့်မည် ဟူသော ရှေးစကား ရှိခဲ့သည်။

ဤအစီအစဉ်မှာ ပုန်ကန်ရန် စီမံသည်ဟု ရာဇနန္ဒ မောင်ဖြိုးက ရှင်ဘုရင်ကို ကုန်းချော၏။ ရှင်ဘုရင်က သူ့ ဆရာစကားကို ထောက်ခံကာ ဝန်ကြီးဦးပုနှင့် အခြားအရာရှိကြီး ၄ ဦးကို ကွပ်မျက်စေသည်။ ဤကား အရည်အချင်းမဲ့သော ဘုရင်၏ ငယ်ဆရာအတွက် အကွက်ကောင်းပေတည်း။ ရှင်ဘုရင်၏ အနီးကပ်ဆုံး အကြံပေး အဆင့်သို့ ခုန်တက်လိုက်ခြင်း ဖြစ်၏။ ငယ်ဆရာ မောင်ဖြိုးကို ဘုရင်၏ အထိန်းတော်ကြီးနှင့် ထိမ်းမြားစေလျက် ဘုရင့်နောင်ဘွဲ့ဖြင့် ထီးနန်း အဆောင်အယောင်များ ချီးမြှင့်သည်။

တိုင်းပြည်ကာကွယ်ရေးမှာ ထိုအချိန်မှ စ၍ ရေစုန် မျောခဲ့သည်။ ကသည်းသောင်းကျန်းသူများ ပိုမိုအတင့်ရဲကာ မြေဒူးမှ စစ်ကိုင်း ကောင်းမှုတော်အထိ လာရောက် ထိပါးကြသည်။ ကွေ့ရှမ်းတို့လည်း မတ္တရာမှ ရွှေကြက်ယက်အထိ ဆင်းလာသည်။ ထို့ကြောင့် မလွန်မြို့၌ အခိုင်အမာ ချထားသော သတိုးမင်းခေါင်၏တပ်များကို ခေါ်ယူကာ စဉ့်ကိုင်၌ ရပ်တည်စေသည်။ ထိုဗိုလ်မှူးကို "တောင်ငူရာဇာ"ဘွဲ့ ပေးလျက် စဉ့်ကိုင်တွင် နန်းတော်ဆောက်စေကာ ဘုရင်တစ်ဆူ သဖွယ် အုပ်စိုးစေသည်။

ဟံသာဝတီပါမင်း ကိုယ်တိုင် ဗေဒင်ယတြာ ကိန်းခန်းတို့၌ ဝါသနာ ထုံသဖြင့် ရှေးသိုက်စာ၌ "သက်သာပန်းတောင်းသို့ ပြောင်း၍ ရွှေနန်း တည်လတ္တံ့" ဟူသော တဘောင်ကို ကျိန်းချေရန် ဆင်တဲအရပ်၌ ရွှေနန်းတည်ဆောက် စံနေတော်မူ၏။ အမတ်အချို့က "စစ်တောင်းသို့ ကိုယ်တော် ရောက်တော်မူမည့် ကိန်းခန်း ရှိချေသည်"ဟု လျှောက်သဖြင့် စစ်တောင်းက မြေကို ယူစေပြီးလျှင် နံတူသော ဆင်တဲမြို့အနောက်ဘက် မြေပြင်တွင် ထိုစစ်တောင်းမြေကို ဖြန့်ကြဲစေ၍ နန်းဆောက်လုပ်ပြန်၏။

၁၀၉၈ ခုနှစ်တွင် စစ်ကိုင်းချောင်၌ ရှင်ဖြူရုပ်ပွားတော် ပျောက်ဆုံးသဖြင့် ပုဏ္ဏား ဇေယျဖြူနှင့် သံဃရာဇာ ဘုန်းတော်ကြီးကို ကွပ်မျက်တော်မူပြန်၏။ ဘုန်းကြီးနှင့် ဝန်ကြီးဦးပု စသည်တို့ကို အလိုတော်မရှိလျှင် အသက်ကို စီရင်ရိုး မရှိ၊ ရာထူး နုတ်သိမ်းလျှော့ချရိုးသာ ရှိပါသည်ဟု အမတ်တို့က လျှောက်ရာ အမျက်တော်မပြေဘဲ 'ငါ့ရန်သူကို မုန်းရမည်၊ ငါချစ်သူကို ချစ်ရမည်၊ ငါ့ရန်သူကို ရန်သူမှတ်၊ နောက်ထပ် မလျှောက်တင်ကြနှင့်၊ သည်တွင် မြဲမြဲရပ်' မိန့်တော်မူ၏။

ယင်းသောအခါ နေပြည်တော်တစ်ရပ်လုံး ကြောက်ရွံ့ ထိတ်လန့်ကြ၏။ 'ဘဝရှင် မင်းတရားကြီးသည် မင်းကျင့်တရားတို့မှ လျော့ပါးလေသည်။ ကုန်းချောသူ စကားကို နားထောင်တတ်၍ ထိုမင်းကို အားကိုး၍ မဖြစ်နိုင်တော့။ အမျက်တော်ရှိလေတိုင်း တစ်ချက်လွှတ် စီရင် ကွပ်မျက်လိမ့်မည်' ဆိုကာ တစ်မြို့ တစ်ပါးသို့ ပြောင်းသွားကြသည် များ၏။

ဘုရင့်နှလုံးတော် မတည်မတံ့အချိန်တွင် နောင်တော်ကြီး အနေဖြင့် ထီးပြိုင်နန်းပြိုင် အုပ်စိုးခွင့်ရနေသော မောင်ဖြိုး၏ ဩဇာ လွှမ်းနေ၏။ အတွင်းဝန် အပြင်ဝန်၊ မှူးထမ်း ရာထမ်းတို့ကို အမြင့်အနိမ့် အပြောင်းအလဲ များလွန်းသဖြင့် ပရမ်းပတာ ဖြစ်ကုန်၏။ နန်းတော်ကြီးအတွင်း တောင်ဆောင်၊ မြောက်ဆောင် ခွဲခြား သတ်မှတ်မှုများ ပေါ်ကာ ရန်ငြိုးဖွဲ့ကုန်၏။

အမတ်တို့ကို မအပ်မရာသော ဘွဲ့မျိုးစုံ ပေး၏။ ဘုရင်ရာဇာ၊ ဘုရင်လတ်၊ ဘုရင်ထွေး၊ မင်းနေမျိုး စသည်ဖြင့် ခေါ်စေလျက်၊ စာရေးဆရာ ဝန်ကြီး ပဒေသရာဇာကိုပင် "နတ်သျှင်နောင်"ဟူသော စစ်သူကြီးဘွဲ့ တပ်စေ၏။

တစ်ရွာနှင့် တစ်ရွာ၊ တစ်မြို့နှင့် တစ်မြို့ စစ်လက်နက်များ ခွဲဝေပေးအပ်ရာမှ အချင်းချင်း စစ်မက်ထိုးကြ၏။ လူမိုက်များ၊ သူခိုးဓားပြများ အုပ်စိုးသော မြို့ရွာတို့တွင် ထိုသူတို့ကိုလည်း ဘွဲ့ထူးနှင့်တကွ ရာထူး အဆောင်အယောင်များ ပေးရ၏။ ထို့ကြောင့် ဝေါစီး၊ ဆင်စီးလျက် ရွှေထီးမိုးကာ ဓားပြတိုက်သူများလည်း ပေါ်လာ၏။

ဘုရားကျောင်းကန်နှင့် စပ်သော ဝတ္ထုကံမြေများကိုပင် မြို့စားရွာစားတို့အား ခွဲဝေပေးခြင်း၊ အချို့မြို့ရွာတို့ကို လေးငါးဦး တစ်ပြိုင်နက် စားစေသဖြင့် တရားဖြစ်ကာ ရှုပ်ထွေးကုန်၏။ ရဟန်းတို့ကိုလည်း ရွှေသင်္ကန်း၊ ရွှေဒေါက်ခြာ၊ မှန်စီကွမ်းအုပ် စသည်ဖြင့် မအပ်မရာသော အရာများ ပြုလုပ် သုံးဆောင်စေ၏။ ရဟန်းမင်း၊ ရဟန်းနတ်ဝင်သည်၊ ရဟန်းကြီးကြိုက် သေရည်သေရက် စသည်တို့ ပေါ်ပေါက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





ပြည်သူလူထုအတွက် သက်သာဖွယ်မရှိသော အခြေကို ထင်ရှားစေသော တဘောင်တစ်ခုမှာ "အတော်လှော်ရသည်–ပဲငယ်ကို" ဟူ၍ ဖြစ်၏။ ပဲမှာ ကြာသပတေးနံ ဖြစ်၏။ ထိုပဲကို လှော်သည်ရှိသော် စွန်းပြူးသော ပဲတို့သည် မအာနိုင်ဘဲ တူးချစ်ကုန်သကဲ့သို့ ပဲနံဖြစ်သော မြန်မာတိုင်းကြီး အလုံးသည် ပဲလှော်သကဲ့သို့ ပူပြင်းစွာ ရှိကုန်အံ့။ ပူကာမျှ မကသေး၊ တူးချစ်သော ပဲကဲ့သို့ ရှိချိမ့်မည်ဟု ဆိုလိုပေသည်။ ဆိုတိုင်း မှန်နေ၏။

## ဘုရင့်ညံ့ (၃) ပါး

ပုဂံဝန်ထောက်မင်း ဦးတင် ရေးသားပြုစုသော ***"မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း"***၊ ဒုတိယတွဲတွင် မြန်မာရာဇဝင်၌ ညံ့ဖျင်းသော မင်းသုံးပါး အုပ်စိုးစဉ် တိုင်းပြည် ပျက်ခဲ့ရပုံကို အကျယ်တဝင့် သုံးသပ် ဝေဖန်ထားပုံမှာ များစွာ တန်ဖိုးရှိပေသည်။ ထိုမင်းသုံးပါးတို့ကား (၁) ပုဂံခေတ် မင်းခွေးချေး၊ (၂) အင်းဝခေတ် ဟံသာဝတီပါမင်း နှင့် (၃) ကုန်းဘောင်ခေတ် သီပေါမင်းတို့ ဖြစ်သည်။

ဟံသာဝတီပါမင်း ခေတ်အခြေအနေနှင့် ယှဉ်တွဲသုံးသပ်နိုင်ရန် ပုဂံဦးတင်၏ စစ်ဆေးကောက်နုတ်ချက် အချို့ကို အကျဉ်း ဖော်ပြလိုပါသည်။

## ဘဏ္ဍာရေး အခြေအနေ

"စလေငခွေး၊ မင်းခွေးချေး၊ လူရေး ပျက်တော့သည်" ဟု ကဝိလက္ခဏာသတ်ပုံ၌ ပါရှိ၏။ ထိုမင်းကို တရုတ်ပြေးဟု လည်းကောင်း၊ မင်းခွေးချေးဟု လည်းကောင်း၊ နရသီဟပတေ့ ဟူ၍လည်းကောင်း၊ သားမြွာဘ ဟူ၍လည်းကောင်း ရာဇဝင်၌ ၄ မည် ရသည်။

ထိုမင်းလက်ထက်တွင် ဘုရင်၏ ဘဏ္ဍာငွေများ လျော့နည်းလာခဲ့သည်။ တစ်ပြည်လုံးရှိ စိုက်ပျိုးဧကများကို ဘုရင်များ၊ မင်းညီ မင်းသားများ၊ သူဌေးသူကြွယ်များက သာသနာမြေအဖြစ် ပေးလှူကြခြင်းတို့ကြောင့် ဖြစ်သည်။ သာသနာ့မြေများကို အခွန်အကောက် မပြုရကား လယ်မြေ အမြောက်အမြားတို့သည် အခွန်လွတ် ဖြစ်နေ၏။ ထိုအချက်က ဘုရင့်ဘဏ္ဍာကို များစွာ ထိခိုက်သည်။ ထို့ကြောင့် အခြားဌာနတို့၌ အကောက်အခွန် တိုးမြှင့်ခဲ့ရာ တော်လှန်ပုန်ကန်မှုများ ပေါ်ပေါက်ခဲ့သည်။

ဟံသာဝတီပါမင်း နန်းတက်ခါစ၌ပင် ငွေဒင်္ဂါးများ နောက်ထပ် မလုပ်တော့ဘဲ ငွေချိန်ဖြင့် သုံးစွဲခဲ့ကြရသည်။ အစာရိက္ခာ ခေါင်းပါး ငတ်မွတ်၍ သစ်ဥသစ်ဖုများ စားသောက် နေကြရ၍ ပဲခူးသားများကို ခုခံ တိုက်ခိုက်ရန် သေနတ်များ ထမ်းနိုင်ရန် အင်အား ချို့တဲ့ ကုန်ခန်းနေကြ၏။ နေပြည်တော်၌ ရိက္ခာရှားပါးစဉ် နန်းတွင်းသူတို့က အမြတ်ကြီးစား လုပ်နေကြ၏။ ထို့ကြောင့် မြန်မာတို့မှာ ကိုယ်ကိုင်သော လက်နက်ကိုမျှ နေရာတကျ မကိုင်နိုင်၊ မဆောင်နိုင်သည့်အတွက် အင်းဝ အမြန်ပျက်ရလေသည်။

တိုင်းပြည်ငွေကို သုံးဖြုန်းရာ၌ စုဖုရားလတ်က သဘင်သည် လူရွှင်တော် တစ်ဦးကို ငွေ ၁၀၀၀ ကျပ် လက်ငင်း ဆုချခဲ့ဖူးသည်။ သူ၏ ပြက်လုံးမှာ 'မည်သူ့ဆိုင်း ဇာတ် မဆို ပတ်မကြီး တစ်လုံးတည်းသာ ပါရမြဲ ဖြစ်သည်' ဆို၏။

ထိုအချိန်က သီပေါမင်းသည် စုဖုရားကြီး၊ စုဖုရားလတ် တို့ကို ဝဲ–ယာထားလျက် မိဖုရားမြှောက်ပြီးခါစ ဖြစ်သည်။ စုဖုရားလတ်က မိဖုရားအများ ထားသည်ကို မကြိုက်၊ သူတစ်ဦးတည်းသာ ဧကသီ မိဖုရားကြီး ဖြစ်လိုသည်။ ထိုအချိန်၌ သူ့အကြိုက် အထက်ပါ ပြက်လုံးကို ကြားရခြင်းပင်။

ထိုပြက်လုံးမှာ ရှေ့ပြေး နိမိတ်သဖွယ် ဖြစ်သည်။ စုဖုရားလတ်က သူ၏အစ်မတော် တောင်ညာစံ မိဖုရားကြီးကို တစ်လအတွင်း ဖြုတ်ချလိုက်သဖြင့် မယ်တော်ဆင်ဖြူရှင်မက သမီးတော်ကြီးကို သူ့အိမ်တော်သို့ ခေါ်ယူပြောင်းရွှေ့နေစေခဲ့သည်။

ထိုပတ်မကြီး တစ်လုံးသာ ထားရမြဲ စီမံကိန်းကို တစ်လအတွင်း အကောင်အထည် ဖော်လိုက်ရာတွင် သီပေါမင်းမှာ ထိုအချိန်မှ စ၍ စုဖုရားလတ်မှ တစ်ပါး အခြားမိဖုရား မထားရတော့ချေ။ ထုံးစံအရ ရှင်ဘုရင်သည် မိဖုရားများထံ အဆောင်တော်ကူးလေ့ ရှိခဲ့ရာ သီပေါမင်း နန်းသက် ၇ နှစ် အတွင်း၌ စုဖုရားလတ်ကသာလျှင် သီပေါမင်း၏ မှန်နန်းဆောင်သို့ ညစဉ် လာ၍ အိပ်သည်။

ထိုခေတ်က ပြည်သူ့ဘဏ္ဍာ ဖြုန်းတီးပုံမှာ မင်းတရားကြီးက သူနှင့် ရင်းချာသူ ယောကျ်ား၊ မိန်းမများ အလွဲသုံးစားမှု ရောက်က ရှင်ဘုရင်က သနား[illegible]အားကြီးသဖြင့် သူ၏ ဘဏ္ဍာတော်မှ စိုက်ထုတ် လျော်ပေးတော်မူလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ထို့ကြောင့် ငွေစားမှုဥပဒေများ သုံးမရ ဖြစ်ခဲ့သည်။ နန်းတွင်းပွဲတော်များ၌လည်း အထည်အလိပ် ပစ္စည်းမျိုးစုံတို့ကို တောင်ပုံရာပုံ ချထားပြီးနောက် နန်းတွင်းသူ နန်းတွင်းသားတို့အား နှစ်ကြိမ်၊ သုံးကြိမ်ပင် အလိုရှိသည်အလျောက် ကောက်ယူ သနားတော်မြတ် ခံစေသည်။ ငွေများလည်း တစ်ထောင်စီ၊ ငါးရာစီ စသည်ဖြင့် အိတ်မျိုးစုံတို့ကို အတူယူစေသည်။

## ဝါနုခြင်း

တရုတ်ပြေးမင်းသည် ဝါနု အသက်ငယ်၍ အသိအမြင် ဆင်ခြင်တုံတရား နည်းပါး၏။ သူ့ထက် ဝါရင့်သော မင်းသားကြီး သီဟသူကို အမတ်ကြီး ရာဇသင်္ကြံက မထောက်ခံသောကြောင့် မင်းခွေးချေး (တရုတ်ပြေးမင်း) နန်းရခဲ့၏။ သူ့အသက်မှာ ထိုအချိန်က ၁၉ နှစ်သာ ရှိသည်။

ဟံသာဝတီပါမင်းလည်း ၁၉ နှစ်အရွယ် နန်းရ၍ ဝါနုသေးသည်။ ခမည်းတော် တနင်္ဂနွေမင်း၏ ညီတော် ဗဒုံမြို့စားကို ထောက်ခံသော ဝန်ကြီးများ ရှိခဲ့သည်။ သို့သော် ဝန်ကြီးဦးပု၏ စည်းရုံးမှုကြောင့် သူပင် ရသည်။

မဒရပ်ပါ သီပေါမင်းလည်း အသက် ၂၀ ခန့် အချိန်တွင် မမျှော်လင့်ဘဲ နန်းတက်ရသည်။ သူ့ထက် ဝါရင့်သော မက္ခရာ၊ သုံးဆယ်နှင့် ညောင်ရမ်းမင်းသားကြီးများ ရှိနေကြသည်။ ကင်းဝန်၏ ကြိုးပမ်းမှုကြောင့် နန်းတက်ခဲ့ရသည်။ ရတနာဂီရိသို့ ရောက်ပြီးနောက် သူသည် ဝါနုသူ ဖြစ်၍ မှားယွင်းခဲ့ကြောင်း ဝန်ခံသည်။

## အလွဲ အကြံပေးသူများ

တရုတ်ပြေးမင်းသည် ဦးရီး ဘုန်းတော်ကြီးကို လူထွက်စေ၍ သိမ္မစည်း ဟူသောဘွဲ့ဖြင့် အမတ်ခန့်သည်။ ထိုအမတ်၏ တိုက်တွန်းချက်ဖြင့် ပညာရှိအမတ်ကြီး ရာဇသင်္ကြံကို ဒလသို့ နယ်နှင်ဒဏ် ပေးခဲ့သည်။ စည်းစိမ်ကိုလည်း ရုပ်သိမ်းခဲ့သည်။

ဟံသာဝတီပါမင်းသည် ငယ်စဉ်က ဆရာဖြစ်ခဲ့သူ မောင်ဖြိုးကို ရာဇနန္ဒဘွဲ့နှင့် အတွင်းဝန် ခန့်သည်။ ထို့နောက် အထိန်းတော်နှင့် ထိမ်းမြားစေကာ ဘုရင့်နောင်ဟုပင် မြှောက်စားခဲ့သည်။ ထိုသူ၏ ကုန်းချောမှုကြောင့် ဝန်ကြီးဦးပုကိုလည်းကောင်း၊ သံဃရာဇာကို လည်းကောင်း ကွပ်မျက်ခဲ့သည်။

မဒရပ်ပါ သီပေါမင်းသည် မင်းညီမင်းသား ၄၀ ကျော်တို့ကို ဖမ်းချုပ်ခြင်းကို ကန့်ကွက်သော ရေနံချောင်းဝန်ကြီး၊ မကွေးမင်းကြီး၊ မြို့သစ်ဝန်ထောက်တို့ကို ရာထူးမှ ချကာ နောက်တစ်နေ့တွင် သတ်ပွဲကို ရနောင်မောင်မောင်တုတ် စသော အိမ်တော်ပါတို့က ရက်စက်စွာ လုပ်ကြ၏။

## အခွန်အကောက် များခြင်း

တရုတ်ပြေးမင်းလက်ထက် သက်လူမျိုးတို့နေရာ မဇ္ဈိဂိရိအရပ်တွင် ရှေးအစဉ်အလာထက် အခွန်အကောက် ပိုမိုများ၍ ထိုလူမျိုးတို့ ပုန်ကန်သည်။ ပုဂံသို့ တရုတ်ကုန်သည်များ လာရာ လားဝန်တင် ပစ္စည်းများပေါ်တွင် အလားတူ အခွန်ပိုကောက်သဖြင့် စကားများခဲ့သည်။

ဟံသာဝတီပါမင်း လက်ထက်က ပုန်ကန်ခြင်းမှာလည်း အခွန်တိုးကောက်မှုပင် ဖြစ်သည်။ မြန်မာ တောင်သူ လယ်သမားများထံမှလည်း စပါးများကို ၄ စု–တစ်စု ခွဲယူသောကြောင့် လယ်မစိုက်ဘဲ နေကြရာမှ ဆန်စပါး ရှားပါးခဲ့သည်။ နန်းတွင်းတွင် ကျီတော်တို့မှ ဆန်စပါးကို မိဖုရား စသော နန်းတွင်းသူတို့က ဈေးတင်ရောင်းသည်။

မဒရပ်ပါမင်း လက်ထက်၌ ဘုရားပွဲခွန်၊ နတ်ပွဲခွန်၊ သစ်တောခွန်များကို ရုပ်သိမ်းခဲ့ရသည်။ မန္တလေး၌ ထီရုံ ၆၀ ဖွင့်ရာမှ ခိုးသား၊ ဓားပြ ပေါများလာခဲ့သည်။

## လွန်သောအခါမှ နောင်တ

တရုတ်ပြေးမင်းသည် ထီးနန်းနှင့် တိုင်းပြည်ကို စွန့်လွှတ်ထွက်ပြေးပြီးနောက် ပုသိမ်မှအပြန် ပြည်မြို့တွင် အဆိပ်ပါမှန်း သိသော ပွဲတော်ကို စားတော်ခေါ်၍ သေဆုံးရသည်။

ဟံသာဝတီပါမင်းသည် ပဲခူးသို့ ရောက်ပြီးမှ မွန်မင်း ကွပ်မျက်သည်ကို ခံရသည်။ အကျယ်ချုပ် ခံနေရသည့်အတွင်း မပြောသင့်သော စကားကို ပြောခြင်းကြောင့် ထိုသို့ ခံရသည်။ ဖြစ်ပုံမှာ ပဲခူးနယ်တွင် ငါးကြီးတစ်ကောင်သည် ခေါင်းပုပ်၍ သေပြီးနောက် အမြီးတခတ်ခတ် နေသည်။ ထိုအကြောင်းကို ဟံသာဝတီပါမင်း ကြားရာ 'ငါတည်းဟူသော ဦးခေါင်းပုပ်၍ သေပြီ ဖြစ်သော်လည်း အမြီးတည်းဟူသော ငါ၏ အမျိုးသား မြန်မာများသည် မကြာခင် အထွတ်အထိပ် ရောက်လိမ့်မည်'ဟု ပြောသော စကားကို မွန်မင်း ကြားသည့် အတွက် ကွပ်မျက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဒရပ်ပါမင်းမှာ ပါတော်မူပြီးနောက် မဒရပ်မြို့မှ ရတနာဂီရိသို့ ပို့ခံရပြီး မကျန်းမာ၍ ရိုးရိုး ကွယ်လွန်ရသည်။ တရုတ်ပြေးမင်းနှင့် ဟံသာဝတီမင်းတို့ ကဲ့သို့ သေခြင်းဆိုးနှင့် မသေရခြင်းမှာ အင်္ဂလိပ်မင်း ကျေးဇူးပေတည်း။

### သွားလေသူ၏ နောက်ဆုံးစကား

တရုတ်ပြေးမင်း၏ လွဲမှားချက်များကို မိဖုရားစောက ဖျောင်းဖျဆုံးမမှသာလျှင် နောင်တရလေသည်။ သူ၏ သားတော် ပြည်မင်းက အဆိပ်ကျွေးရာတွင် 'ငါသည် နောင်ဘဝများ၌ သားယောကျ်ားဖခင် မဖြစ်ပါရစေနှင့်' ဟု ဆုတောင်းသွားသည်။

ဟံသာဝတီရောက်မင်းက ဝန်ကြီးဦးပုနှင့်အတူ အမတ်ကြီး ၃ ပါးကို ကွပ်မျက်စေရာ ဦးပု မသေမီ ပြောသော စကားမှာ 'ငါတို့ မှူးမတ်တစ်စု သေရသည်ထက် နိုင်ငံပျက်မည်ကို ငါ သနားလိုက်ကဲ့' ဟူ၍ ဖြစ်၏။ အင်းဝ ပျက်ခါနီးမှ မိမိကို နန်းတင်ပေးခဲ့သော ဝန်ကြီးကို သတိရကာ 'ဝန်ကြီး ကိုပု ရှိသော် ဤကဲ့သို့ မဖြစ်လေ' ဟု တမ်းတလေသည်။

သီပေါမင်းလည်း မဒရပ်သို့ သွားမည့် သင်္ဘောပေါ်ရောက်မှ 'ငါ နန်းတက်စက ဦးကောင်း ပြောတဲ့အတိုင်း အင်္ဂလန်ပြည်ကို ချစ်ကြည်ရေးသွားမိရင် ဒီလိုဖြစ်မှာ မဟုတ်'ဟု နောင်တရ၏။ ဦးကောင်းက ယိုးဒယား ဘုရင်သည် ဥရောပသို့ သွားရောက် တိုင်းခန်းလှည့်ရာမှ လူဖြူတို့နှင့် ဆက်ဆံရေး ပိုမိုပြေပြစ်ကာ တိုင်းပြည်ကို လွတ်လပ်စွာ ထိန်းသိမ်းနိုင်သော နမူနာအရ တိုက်တွန်းခဲ့လေသည်။ သို့သော် တိုင်တားမင်းကြီးက 'အရှင်ဘိလပ် သွားနေတုန်းမှာ မှူးမတ်တွေက အခြားမင်းသား တစ်ပါးပါးကို ရှင်ဘုရင် ခန့်ထားလိုက်လျှင် သောင်ပြင်မှာ လွတ်သောခွေးကဲ့သို့ ဘိလပ်မှာ ငတ်၍ သေရလိမ့်မည်'ဟု ဆို၍ အစီအစဉ်ကို ဖျက်ခဲ့ရသည်။

အင်္ဂလိပ်ကို စစ်ဆင်ရေး ကိစ္စ၌ သီပေါမင်းနှင့် စုဖုရားလတ်တို့က တိုက်ချင်သည်။ တိုင်တားမင်းကြီးက အင်္ဂလိပ်ပိုင်နယ်တွင် သူ့လူများ လွတ်ထား၍ တော်လှန်ရန် အဆင်သင့်ဖြစ်နေပြီ ဆို၏။ ထို့ကြောင့် တိုင်တားမင်းကြီးဘက်မှ မဲများအနိုင်ရသွား၏။ ဤတွင် တိုင်တားမင်းကြီး သမက်ကျောက်မြောင်း အတွင်းဝန်က သူ့ယောက္ခမ မျက်နှာ ကို စေ့စေ့ကြည့်ပြီး 'သည်တစ်ခါ နိုင်ငံပါ ဆုံးတော့ မည်' ဆိုကာ ငိုရှာလေသည်။

အို- ကိုချစ်လောက်ရယ်
အစ်ကိုဖြစ်ခြင်းကွယ်
တောင်သမန်မှာ ဖျဉ်းအိုးကွဲ
လင်ကို လင်ချင်းလဲ။

*

ကျွန်တော်တို့ တိုင်းရင်းသားများ အနေဖြင့် ကံမကောင်း အကြောင်းမလှသော ကိုယ့်ဘုရင်ကို ခေါင်းဆောင်များအဖြစ် ကရုဏာမပျက် မေတ္တာပို့ကြရသော်လည်း ထိုမျှ ညံ့ဖျင်းသူတို့အား ခွင့်လွှတ်နိုင်ဖွယ်မရှိချေ။ သူတို့နှင့် မထိုက်တန်သော နေရာကို လက်မလွှတ်ချင်ဘဲ သူတို့ နစ်မွန်းရာသို့ တိုင်းပြည်လူထုကိုပါ ဆွဲငင်သွားလိုသောသဘော ရှိလေသည်။ သူတို့နှင့် အမြန်ဆုံး ကွေကွင်းရခြင်းသည်သာလျှင် တိုင်းပြည်အတွက် သက်သာရာ လမ်းစပေတည်း။

ပြည်သူလူထုအဖို့ ခိုကိုးရာမဲ့ ဖြစ်နေစဉ် ရွှေစည်းခုံ (ပုဂံ)၌ ရွှေပေလွှာ ကျသည် ဟူသော သတင်းတစ်ရပ် ပေါ်လာ၏။ အမှန်မှာ ၁၁၁၄ ခုနှစ်က ရွှေစည်းခုံ စေတီတော် အောက်တွင် ကြက်မ တစ်ကောင်က ဥတစ်လုံးကို ဥချကာ ကတော်သံ ပေးလျက် ပျံဆင်းသွားလေသည်။ ဘုရင့်အမိန့်ဖြင့် တက်ကြည့်ရာ ထူးဆန်းသော ထိုကြက်ဥတွင် စာလုံး ၆ ခု ပါရှိသည်မှာ "ချာဇလာ၊ ချာဂေကာ"ဟူ၍ ဖြစ်၏။ ထိုစာကို ဇရစ်တော်ရှ "ဆရာတော် ဦးစက္ကမဓမ္မ"က အောက်ပါအတိုင်း အဓိပ္ပာယ်ပြန်၏။

၁။ **ချာ** ကစော၊ ဝိပပ္ပတ္တိ၊ သူခိုးတို့သည် ဖျက်ဆီး လုကြမည်ဟု ပြောကြကုန်၏။
၂။ **ဇ** နာလေနာ၊ ဂဝေသန္တိ၊ လူတို့သည် ပုန်းအောင်းရာကို ရှာကြကုန်၏။
၃။ **လာ** လိတော၊ ပတိယာဇတော၊ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်သည် ညှိုးနွမ်းပေလတ္တံ့။
၄။ **ချာ** တံခမ္ဘံ၊ နိဝေသေယျ၊ ဟောကြားအပ်သော တရားတော်ကို လိုက်နာကျင့်သုံး ရာ၏။
၅။ **ဂေ** ကမှာ၊ ပရိသန္တိ၊ အိမ်နေရာမှ ရွှေ့ပြောင်း ကုန်ရာ၏။
၆။ **ကာ** လေယပတ္တေ၊ ဘယာသန္တိ၊ အခါကောင်း သို့ ရောက်သည်ရှိသော် ဘေးအပေါင်းတို့သည် အေးငြိမ်းကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မြေလတ်မြတ်သူ ရေးသော **အလောင်းဘုရား** စာအုပ်၌ ထိုကြက်ဥတဘောင်သည် အင်းဝအပျက်နှင့် ကုန်းဘောင် ခေတ်သစ်ကို ရည်ညွှန်းသော လက္ခဏာရှိသည် ဆို၏။ ထိုတဘောင်ကို ကူးကာ ကင်းဝန်မင်းကြီးက ထိုကာလ သရုပ်ပြလင်္ကာ ရေးသားခဲ့သည်မှာ–

လူ့အကြံ ခက်သည်ဟု၊
ညွှန်းမြွက်သည့် ပမာ
ထက် အဇ္ဈာဝယ်၊ နရာဒုက္ခာ
နတ်ပြသော စာစု၊
ကြက်ဥတွင် အက္ခရာ
ချာ– ဇ– လာ– ချာ– ဂေ– ကာ
သေချာစွာ အမြင်၊ လေတွင် သောရိ
စနေဂြိုဟ် ထိသည်နှင့်၊ ရိရိရှားရှား
ပျက်ပြားမည့် နိမိတ်၊ တိတ်ထွေထွေ
ဝရွှေမြေမှာ၊ ကြုံလေ၍ အမှန်
မွန်ရန်များကြောင့်၊ နိုင်ငံအလုံး
ချောက်ချားသုံးကို၊ လက်ရုံးမီးတောက်
ပွင့်ချိန် ရောက်ပြီမို့၊ မြောက်နဂါးဗိုလ်
မြေအုတ်ဖိုနှင့်၊ ရွှေဘိုသုံးဆူ
မယူနှုန်းမြောက်၊ ဘုန်းရှိန်မောက်ပြီး
ခြောက်ကျိပ်ရှစ်ဦး၊ ရဲဘက်မှူးနှင့်
ရိုက်ကြူးအောင်စည်၊ ထန်းလုံးတပ် တည်၍
ဂုဏ်ရည် မနွဲ့၊ စိုက်ဆောင်ခဲ့သည်
နိုင်ငံချဲ့ ရွှေဘို၊ မြို့ရန် ဖြိုပါကို
ထိုထိုပြည်ထောင်၊ ဘယ့်နှယ်ပင် ထောင်
သော်လည်း
ကုန်းဘောင်ဆိုက၊ ဦးနှိမ်လို့ ချရသည်
မြို့များ မကိုင်၊ ရွှေကုန်းဘောင်။

*

## [၂] မင်းပြောင်း မင်းလောင်း

ဟံသာဝတီရောက် မင်းတရားကြီးလက်ထက်၌ အင်းဝ ရွှေမြို့တော်ကြီး မပျက်စီးမီ ၁၀ နှစ်ကပင် ပေါ်ပေါက်ခဲ့သော တဘောင်တို့တွင် "ဖို ၃–ဖို၊ တစ်ဖို မီးတောက်မည်" သို့မဟုတ် "ဘို သုံးဘို၊ တစ်ဘို မင်းဖြစ်မည်"ဟူ၍ ဖြစ်၏။ ထို ဘိုသုံးဘိုတို့ကား (၁) မုဆိုးဘိုရွာမှ ဦးအောင်ဇေယျ၊ (၂) နဂါးဗိုလ်ရွာသား ရွှေနဂါးနှင့် (၃) အုတ်ဖိုနယ်မှ ကွေ့ကရင် ဂုဏ္ဏအိမ်တို့ ဖြစ်၏။

ကရင်လူမျိုးတို့တွင် စကော၊ ပိုး၊ ဘွဲ၊ ကွေ့ စသည်ဖြင့် အုပ်စုများ ရှိရာ ကွေ့ကရင် ဆိုသည်မှာ မြန်မာတို့နှင့် ရောနှော နေထိုင်သူများကို ခေါ်ဆိုသည်။

အင်းဝနေပြည်တော် နယ်နိမိတ်အတွင်း တစ်စစ ရောက်ရှိခဲ့သော ကရင်တို့သည် စဥ့်ကိုင်မြို့ အရှေ့ဘက် အုတ်ဖိုတောင်ခြေ၌ စုပေါင်း နေထိုင်ကြသည်။ ၁၁၀၉ ခုနှစ်၌ ကွေ့လူမျိုးတို့၏ တပ်ကြီး တစ်တပ်သည် မတ္တရာရှိ မွန်တပ်နှင့်ပေါင်းကာ အင်းဝဘုရင်ကို ပုန်ကန်လေသည်။

ထိုတပ်များကို မြန်မာမင်းက မြှောက်စားခဲ့သူ "သူရိန်စော"ခေါ် ဂုဏ္ဏအိမ်ကပင် အုပ်ချုပ်၍ မင်းပြုလုပ်လေသည်။ အင်းဝပျက်ချိန်တွင် ထိုကွေ့ခေါင်းဆောင် ဂုဏ္ဏအိမ်ကလည်း သူတစ်လူ ငါတစ်မင်း လုပ်လိုလေသည်။

ခင်ဦးစား ဦးချစ်ညိုသည် "ဘိုသုံးဘို"တဘောင်၌ မပါဝင်သော်လည်း ရွှေဘိုနှင့် ခင်ဦးတို့မှာ ဂုဏ်တုဂုဏ်ပြိုင်ဖြစ်၍ မြန်မာချင်းဖြစ်စေကာမူ ကျောင်းတော်က ရန်စများရှိခဲ့သည်။ ထို့ကြောင့် ဦးချစ်ညိုက မွန်နှင့် ပူးပေါင်း တိုက်ခိုက်ခဲ့ရာ ဦးအောင်ဇေယျအဖို့ ခက်ခဲစွာ နှိမ်နင်းခဲ့ရသည်။

### (၁) ဗိုလ်နဂါး

ဘိုသုံးဘိုနှင့် ပတ်သက်၍ နဂါးဗိုလ်နှင့် ပတ်သက်သော တဘောင်ကား–

ရွှေနဂါး ခြုံစရာ
ပိုးဖဲ ကတ္တီပါ
ကတ္တီပါ ရှာပါတုန်း
မိုး တောင်ကချုန်း

ဦးအောင်ဇေယျသည် မင်းလောင်း ရွှေနဂါးကို သိမ်းသွင်းလို၍ သဝဏ်လွှာ ပါးလိုက်ပုံမှာ "အဆွေတော် နဂါးဗိုလ်မင်း၊ ရွှေနဂါးတဘောင်နှင့် ပတ်သက်၍ အဓိပ္ပာယ်ကောက်လျှင် အစ၌ ဟံသာဝတီမင်း မရှိသော် စောင်ကဲ့သို့ ခြုံစရာ ဖဲကတ္တီပါ ရှာနေခိုက် တောင်ဘက် ဟံသာဝတီမှ မွန်များ အလုံးအရင်းနှင့် မိုးသို့ချုန်းကာ ချီတက်လာသည်။ မိုးချုန်းမိုး ရွာလျှင် မိမိ ကြံစည်ဆောင်ရွက်သည့် အမှုမျိုး မအောင်မြင်တတ်ပါ။ ထိုတဘောင်အရ သင်၏အကျိုးပြီး၊ ခရီးမဆုံး ဖြစ်ချိမ့်မည်။ ထို့ကြောင့် အလားအလာရှိသော



www.burmeseclassic.com

www.burmeseclassic.com



နဂါးဗိုလ်မင်း၏ ဥာဏ်အား၊ ကြံအားတို့မှာ နှမြောဖွယ်ဖြစ်သည်။ ကျွန်ုပ်ထံ ဝင်၍ အမှုကို ထမ်းဆောင်သော် မြေကြီးအန်တုနှင့်တူသော အကျိုးကို ခံစံရမည် ဖြစ်သည်"ဟူ၏။

နဂါးဗိုလ်က ထိုစာကို ဖတ်ရှုပြီးသော် လက်ခုပ်လက်ဝါးတီး၍ ရယ်လေ၏။ သူ၏မှတ်ချက်ကား 'မောင်အောင်ဇေယျ၏စာမှာ အပြစ်မကင်းသော်လည်း အကျိုးစီးပွားအလို့ငှာ ပြောသောကြောင့် အပြစ်မဆိုသာချေ။ တဘောင်စနည်းတို့မှာ အဓိပ္ပာယ်ကောက်ယူလိုသော သူ၏ အလိုသာ ပဓာနဖြစ်သည်။ ဒွါဓိပ္ပာယ၊ တျာဓိပ္ပာယ စသည်ဖြင့် အနက်နှစ်သွယ်၊ သုံးသွယ် ထွက်နိုင်သော ဝေါဟာရ သံတူတိစကားမျိုး ဖြစ်သည်။ ရွှေနဂါး ခြံစရာဖြစ်သော ဖဲကတ္တီပါ ရှာနေတုန်းတွင် ရွှေနဂါး၏ ဘုန်းသမ္ဘာကြောင့် ကောင်းကင်ရိုက်ဟည်း၊ ပွဲတင်တီး၍၊ မိုးကြီး ချုန်းလာရသည်ဟု ကောက်ယူသော် မှားအံ့လော။ မောင်အောင်ဇေယျက မဟာမိတ်ပြုလိုသော်ကား ကျွန်ုပ်ဖို့ မငြင်းဆန်ပါ။ သူ့ထံ အညံ့ခံရမည်ဆိုခြင်းကား မထိုင်ခင် ခြေဆင်းသူနှင့် တူသဖြင့် ထိုစကားကို ကျွန်ုပ် မနှစ်သက်နိုင်'ဟူ၏တည်း။

မကြာမီ ရွှေနဂါးမှာ အဖျားရောဂါနှင့် ကွယ်လွန်သဖြင့် ပြဿနာတစ်ခု ရှင်းသွားလေသည်။

## (၂) ကွေ့မင်း

**ကွေ့နှင့် မွန်စပ်ကြား မုဆိုးဘို၏ ကြားနေဝါဒ**

သက္ကရာဇ် ၁၁၁၄ ခုနှစ် ကဆုန်လဆန်း ၈ ရက်နေ့၌ မုဆိုးဘိုမြို့သို့ မွန်ဥပရာဇာ စေလွှတ်သော လူ ၃၀ ရောက်လာ၏။ ထိုနေ့၌ပင် ကွေ့မင်း ဂုဏ္ဏအိမ်က စေလွှတ်သော လူ ၂၀ လည်း ရောက်လာကြ၏။ အကြောင်းကား ထိုမင်း ၂ ဦးတွင် တစ်ဦးဦးကို ဦးအောင်ဇေယျက လက်အောက်ခံအဖြစ် သစ္စာခံစေလိုခြင်း ဖြစ်သည်။

အလောင်းမင်းတရားသည် ပရိယာယ်၌ လိမ္မာတော်မူသည့်အတိုင်း ပျူငှာချေင်စွာ ကြိုဆို၍ သင့်တင့်လျောက်ပတ်သော တဲကနားနှင့် နေစေသည်။

အောင်။ ။ ယခု ရောက်လာသော မင်းမှူးမတ်တို့မှာ ကျွန်ုပ်အား သစ္စာရေတိုက်ရန် တစ်နေ့တည်း ဆုံစည်း ရောက်လာသောကြောင့် အရေးအခွင့် မသင့် ဖြစ်ချေသည်။ သစ္စာတော် ခံယူခြင်း ကိစ္စများသည် ပေါ့ဆသော အရာ မဟုတ်ဘဲ လေးနက်စွာ နှလုံးသွင်းရမည် ဖြစ်၏။ ယခု မင်းနှစ်ပါး ဆိုင်လျက်ရှိရာ နှစ်ပါးစလုံးကိုပင် ပြိုင်တူ ကျွန်ုပ်က သစ္စာ မခံစကောင်းပါ။ ညီ သား ဆွေမျိုးတို့နှင့် ယခုည တိုင်ပင်ပါရစေဦး။ နံနက်မိုးသောက်လျှင် သင်တို့အလိုနှင့် သစ္စာခံရမည့် အရာကို အပြီးအစီးရွက်ဆောင်ပါမည်။

ထိုည၌ ဖခင် မင်းညိုစံနှင့် မိခင် စောငြိမ်းဦးတို့သည် သားတော်ထံသို့ ဦးစွာ လာရောက်ကြလေသည်။

ဖခင်။ ။ အထက် အောက် နိုင်ငံအားလုံး ပဲခူးမင်းသစ္စာကို ခံကြရကုန်ပြီ။ သူတို့မှာလည်း မရေမတွက်နိုင်သော လက်နက်ကိရိယာ၊ ဆင် မြင်း သူရဲ သူခက် အင်အား များလှသည်။ ငါတို့ မိသားစုမှာရှိသော ဥစ္စာရွှေငွေကို တစ်ဝက်ခွဲပေးပြီး ပဲခူးမင်း၏သစ္စာတော်ကို ခံယူလျှင် သင့်မည် ထင်သည်။

အောင်။ ။ မည်သည်ကိုမျှ စိုးရိမ်တော် မမူပါနှင့်၊ ယောကျ်ားကောင်းတို့ မည်သည်မှာ လုံ့လဝီရိယ အကြံအစည်ကို လျှော့မြဲ မဟုတ်ပါ။ တစ်တိုင်းပြည်လုံး ခံသော်လည်း ကျွန်တော်တို့ ကြောက်ရွံ့ဖွယ် မရှိပါ။ လူ နည်းသည်၊ များသည်မှာ ပဓာနမဟုတ်၊ လုပ်ရည် ကြံရည်သာ ပဓာနဖြစ်သည်။ ပြည်သူပြည်သားများ အကျိုး၊ သာသနာတော်၏ အကျိုး၊ ဆွေတော် မျိုးတော်တို့၏ အကျိုးကို ရွက်ဆောင်ပြီး မင်းဇကေရာဇ်အဖြစ်နှင့် ခမည်းတော်တို့ကို ကျေးဇူးဆပ်ပါမည်။

ဖခင်။ ။ ငါ့သား ပြောပုံမှာ ယောကျ်ားပီသလှသည်။ လက်ရုံးတော်လည်း မီးတောက်ဖူးသည်။ ဇာတာစန်းလဂ် အိပ်မက်တော်များတွင်လည်း မင်းဖြစ်အံ့သော နိမိတ် ထင်ရှားလှသည်။ ငါလည်း ငါ့သား ခြသေ့်စီး၍ ကောင်းကင်ယံသို့ တက်သည်ကို ပြည်သူအပေါင်းတို့ ကြည့်ကြစဉ် ကောင်းကင်မှ တက်၍ ရွှေတန်ဆာ ဘုရားနိုင်ပြင်တော်တွင် ဘုရားသခင်အား ရှိခိုးပူဇော်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်မက်တော်မူဖူးသည်။ မချွတ်ဧကန် မင်းအဖြစ်ဖြင့် သာသနာတော်ကို ချီးမြှင့်ရမည့်သူ ဖြစ်ပေသည်။ မြန်မာပီပီ နောက်မဆုတ်တမ်း ကြံပါလေ။

သို့လျှင် မိဘနှစ်ပါး အားရဝမ်းသာ ဖြစ်ကြ၏။ သူတို့ ပြန်သွားပြီးနောက် ရဲဘော်ရဲဘက်တို့နှင့် လျှို့ဝှက်စွာ တိုင်ပင်လေသည်။

အောင်။ ။ ယခုလို ခေါ်သည်မှာ သံတမန်များ ရောက်လာပြီး သစ္စာခံရန်အရေး ဆွေးနွေးရန် ဖြစ်၏။ မည်သို့ ကြံစည်သင့်သနည်း။

သားတော်ကြီး။ ။ ပဲခူးသားတို့ အင်းဝကို ရသည်မှာ လူရည်ကောင်း၍ မဟုတ်ပါ။ အင်းဝရွှေနန်းရှင်ကလည်း ကံမကောင်း၊ မြန်မာအပေါင်းတို့ကလည်း ပေါ့လျော့နေခိုက်မို့ ရန်သူလက်သို့ ရောက်ရခြင်း ဖြစ်ပါသည်။ သူတို့အများ ချီလာသော်လည်း ကျွန်တော်တို့ ခံနိုင်အောင် ခံမည်။ မည်သူ့ သစ္စာကိုမျှ မခံလိုပါ။ ရန်သူကို အညွှံ့ခံမည့်အစား အသက် အသေခံမည်။

အောင်။ ။ မတ္တရာ အုတ်ဖိုက ကျေးရွာမ်းတို့ အတွက်တော့ မည်သို့ စီမံသင့်သလဲ ညီတော်။

ညီတော်။ ။ မတ္တရာ အုတ်ဖိုမှာ နီးလှသည်။ မုဆိုးဘိုနှင့် တစ်စခန်း နှစ်စခန်းသာ ရှိသည်။ မရီးတော်၏ခင်ပွန်း စည်သာမင်းကြီး (ဦးစည်းစိမ်) လည်း အင်းဝမှအပြန်တွင် ယခု ကျေးရွာမ်းတို့ လက်၌ ရှိသေးသည်။ အခိုက်အတန့်အားဖြင့် ကျေးသစ္စာကို ခံယူပြီး သူတို့နှင့် ပေါင်းကာ ပဲခူးသားတို့ကို ခံတိုက်မည်။ မွန်တို့ကို နိုင်ပြီးလျှင် မြောက်ဘက်တစ်ခွင် သိမ်းပိုက်ရေးကို သင့်သလို ကြံစည်အပ်ပါသည်။

အောင်။ ။ (ခေါင်းခါလျက်) မင်းတို့ပြောသော အရေးလည်း သင့်ပါ၏။ သို့သော် သစ္စာခံပြီးမှ ဖီဆန်လျှင် ကမ္ဘာတစ်လျှောက်လုံး သစ္စာမဲ့ဟု ပြောထုံး ဖြစ်ရစ်တော့မည်။ ဘယ်သူ့သစ္စာမျှ ခံယူဖွယ်မရှိ။ ယခု သစ္စာတိုက်လာသော မင်းနှစ်ပါးလည်း တစ်ဦးကိုတစ်ဦး အညှံ့ခံမည် မဟုတ်၍ အရေးအမြန် ပြီးဖွယ်မရှိ။ ယင်းသို့ အရေး မပြီးမပြတ် ကြာလတ်သော် မုဆိုးဘိုရွာသည် သစ်နှစ်ပင်ကြားပေါက်သော ဝါးကဲ့သို့ စစ်နှစ်ဖက်ညှပ်၍ အားကြီးရာကိုသာ ပါပြီးလျှင် အစဉ်သဖြင့် နှစ်ဦးသော မင်းတို့၏ သစ္စာကိုသာ အလဲအလှယ် ခံနေရမည့် အဖြစ်သို့ အမြဲ ရောက်နေမည် မချွတ်တည်း။

ယခု မုဆိုးဘိုရွာလည်း အသင့်အတင့် ကျုံး၊ မြောင်း၊ ကတုတ် စသော မြို့၏ အင်္ဂါရပ်များနှင့် အညီ တည်ရှိပြီး ဖြစ်လျက် တစ်ဦးဦး၏ သစ္စာကို ခံချေသော် နောင်အရေးကို မမြင်ရာ ရောက်ချိမ့်မည်။ သို့ဖြစ်သောကြောင့် နှစ်ဦးစလုံး၏ သစ္စာကို မခံရအောင် ဥပါယ်တံမျဉ်ဖြင့် ငါ ပြောဆိုပါမည်။

နောက်တစ်နေ့ နံနက်တွင် သံတမန်နှစ်ဦးကို အစုံအညီ ခေါ်တော်မူ၍–

အောင်။ ။ ဟံသာဝတီမင်းနှင့် ကျေးမင်း နှစ်ပါးစလုံးမှာ ဘုန်းလက်ရုံးကြီးသော အရှင်ချည်းဖြစ်၍ မုဆိုးဘိုက သစ္စာမခံ၊ တင်းမာခုခံ၊ ခြားနားနေနိုင်မည် မဟုတ်ပါ။ တစ်ဦးဦး၏ သစ္စာကို ခံမှသာ မုဆိုးဘိုရွာမှာ "ရေလည်း မနောက်၊ ကြာ မပျောက်" ဆိုသကဲ့သို့ အေးငြိမ်းချမ်းသာစွာ နေနိုင်မည်ဖြစ်သည်။ ယင်းသို့ ဖြစ်သောကြောင့် ဘုန်းလက်ရုံးကြီးမားသော မင်းနှစ်ပါးတို့ ယှဉ်ပြိုင်ရာတွင် တစ်ဦးကိုတစ်ဦး နှိမ်နင်းနိုင်သည့်အခါ ရောက်မှ သာလျှင် သစ္စာကို ခံပါရစေ။ လက်ရုံးရှင် နှစ်ဦးတို့ ဘုန်းချင်း ပြိုင်တော်မူကြပါဦး၊ ယခုမှာ နှစ်ဦးနှစ်ဖက်၏ သစ္စာကို သောက်ချေသော် လောကဓမ္မတာ မဟုတ်၍ မတည်မြဲနိုင်ပေရာ။ မင်းနှစ်ပါးတို့ကလည်း လိမ်လည်စဉ်းလဲသော သဘောနှင့် ပြောသည် သာဟု သဘောရကာ ယုံကြည်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကွေ့သံမှူး။ ။ ယခုလို ဆိုလေသော စကားသည် သဘော သကန်နှင့် ညီညွတ်ပါပေသည်။ ခေါင်း တစ်လုံးတွင် အိုးနှစ်လုံး မရွက်နိုင်သကဲ့သို့ ဖြစ်ချေ၏။

မွန်သံမှူး။ ။ သစ္စာရေသောက်ခြင်းမှာ မခဲယဉ်း၊ သစ္စာ တည်ဖို့ရန် ခဲယဉ်း၏။ အငိုလွယ်၍ အရှိုက် ခက် ဆိုသကဲ့သို့ ဖြစ်ချေသည်။ သည် တစ်ကြိမ် သည်အတိုင်း ရှိပါစေတော့။

## (၃) မိခင်ဩဇာခံ ခင်ဦးစား

ခင်ဦးစား ဦးချစ်ညိုကား ဦးအောင်ဇေယျနှင့် သင့်မြတ်မှု မရှိသောကြောင့် နောက်ဆုံးတွင် မွန်များနှင့် ပူးပေါင်းသွား သော်လည်း အင်းဝပျက်စဉ်က သူသည် အညံ့မခံဘဲ မိမိ ဇာတိချက်ကြွေ ခင်ဦးနယ်သို့ ပြန်ကာ မင်းလောင်းတစ်ဦး အနေဖြင့် တပည့်နောက်လိုက်များ သိမ်းသွင်းနေ၏။ ဤ တွင် ဦးချစ်ညိုသည် သမိုင်းဝင် တဘောင်ရ မင်းလောင်း ကား မဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် "ဖို-တစ်ဖို မီးတောက်မည်" ဟူသော တဘောင်၌ (၁) နဂါးဗိုလ်မှ ရွှေနဂါး (၂) မုဆိုးဘိုမှ ဦးအောင်ဇေယျ (၃) မတ္တရာအုတ်ဖိုမှ ကွေ့မင်း ဂုဏ္ဏအိမ် ဟူသော (၃)ဦးကိုသာ ရည်ညွှန်းသည်။

ထိုတဘောင်သည် လွန်ခဲ့သော ၁၀ နှစ်ကျော်မှပင် စတင် ပေါ်ပေါက်ခဲ့သည်။ အင်းဝ ပျက်သောအခါ ဟံသာ ဝတီသို့ မပါသော မြန်မာအရာရှိ၊ အရာခံ စသည်တို့သည် ထိုဘို (၃)ဘိုထံ ကြိုက်ရာရွေးချယ် ပါဝင်ကြသည်။ ဦးချစ်ညို ကား ဩဘာနိမိတ် မရသော တစ်သီးပုဂ္ဂလ မင်းလောင်းဟု ဆိုရပေမည်။ အလားတူ မုဆိုးချုံမှ ဦးတွန်လည်း မင်းလောင်း ပြိုင်ပွဲ၌ ဝင်နွှဲလိုသည်။ သို့သော် သူသည် ရှမ်းပြည်နယ်မှ အပြန် ဦးအောင်ဇေယျနှင့် ဆုံတွေ့ရာမှ တစ်စင် မထောင် တော့ဘဲ နောက်လိုက်ဖြစ်သွားသည်။

အင်းဝ ကောင်းစားစဉ်က ခင်ဦးစား ဦးလုံသည် နေပြည်တော်၌ မင်းကြီးကျော်စွာ ဟူသော ဘွဲ့နှင့် အမှုတော် ထမ်းသည်။ ဇနီး ဒေါ်ဇံကလားသည် နက္ခတ်ဗေဒင် တတ် မြောက်၏။ သူတို့၌ သား ၃ ယောက်ရှိရာ မောင်ချစ်ဝ၊ မောင်ချစ်ညို၊ မောင်ချစ်မြတို့ ဖြစ်၍ သားအလတ် မောင်ချစ် ညိုကို အင်းဝဘုရင်ကပင် "လက်ယာပျံချီ" ဘွဲ့ ပေးကာ ခင်ဦးစား ခန့်အပ်ခဲ့သည်။

ထိုမိသားစုတွင် မျိုးစပါး ၂ တင်းခွဲကို ကြဲရသော လယ်ကွယ်ရှိရာ ကောက်ရိတ်ချိန်ဖြစ်၍ မိခင်က ကောက် ရိတ် ၅ ယောက်အတွက် ထမင်းထုပ်များ မောင်ချစ်ညိုသို့ ပေးအပ်ကာ လယ်ရိတ်ခိုင်းလိုက်သည်။ မောင်ချစ်ညိုက လူရှာမရသဖြင့် ၅ ယောက် ရိတ်ရမည့်လယ်ကို သူ တစ် ယောက်တည်း ရိတ်ကာ ၅ ယောက်အတွက် ထမင်းထုပ်များ ကိုလည်း သူတစ်ဦးတည်း အဝ စားပစ်လိုက်ရာ ကြားရသူ တိုင်းက သူ့ကို တအံ့တဩ ချီးမွမ်းကြသည်။

အင်းဝဘုရင်၏ လူယုံ တောင်ငူရာဇာ ခေါ် စဥ့်ကိုင် ဗိုလ်မှူးက မင်းလောင်းဆိုသော မောင်ချစ်ညိုနှင့် ဦးအောင် ဇေယျကို ခေါ်ယူ စစ်ဆေး၏။ ဦးချစ်ညိုမှာ အရုပ်အမောင်း ကောင်း၍ စွမ်းပကားကြီးသော်လည်း သူ၏ကျောပြင်မှာ ကျောမွဲကြီးဖြစ်၍ ဥပဓိ ချွတ်ယွင်းသည်ကို တွေ့ရ၏။ ဦးအောင်ဇေယျကမူ သူ့ကို မင်းလောင်း သမုတ်သည်မှာ မလိုသူတို့၏ ချောပစ်ခြင်းသာဟု ဖြေဆို၏။ နေထိုင်ပြောဆို ပုံ ပြေပြစ်လျက် ဆွေမျိုးအသိုင်းအဝိုင်း တောင့်တင်းကြောင်း သိရလေသည်။ တောင်ငူရာဇာက မုဆိုးဘိုရွာ ရွှေတန်ဆာ ဘုရားအနီး၌ ယာယီနန်းတော်တစ်ခု ဆောက်လုပ်ကာ သူကိုယ်တိုင် ခေတ္တ စံမြန်းခြင်းဖြင့် ယတြာချေသည်။ "ယတြာကောင်းလျှင်၊ မင်းလောင်းပျက်သည်" ဟူသည့် အတိုင်း ပြုလုပ်ခြင်း ဖြစ်သည်။

ဦးချစ်ညိုကား မြင်းစီး၊ လှံထိုး၊ ကြိုးပစ် စသော သူရဲကောင်း အတတ်တို့၌ ကျွမ်းကျင်၏။ သူ့မိခင် ဒေါ်ဇံ ကလားက 'ငါ့သား၊ မင်းဖြစ်လိုလျှင် မုဆိုးဘိုသား အောင် ဇေယျကို ဦးစွာ သုတ်သင်ရမည်။ အောင်ဇေယျကား ကိန်း ခန်း ကြီးလှသည်။ အောင်ဇေယျကို စောစောကပင် မသုတ် သင်နိုင်သော် သင့်အဖို့ အခက်ကြုံချိမ့်မည်။ သူ့ကို မရလျှင် အင်းဝသို့ဝင်၍ မွန်တို့ထံ ကျွန်ခံလေ'ဟု ဆို၏။ ဒေါ်ဇံ ကလားကား ဗေဒင်အခါပေး ကောင်း၍ တစ်နေ့သ၌ 'ယနေ့သည် အခါကောင်းသောနေ့ ဖြစ်၍ မုဆိုးဘိုသားကို အဖမ်းအယူ ထွက်လော့'ဟု ဆို၏။ ဦးချစ်ညိုလည်း ညီ မောင်ချစ်မြကို ခေါ်၍ မုဆိုးဘိုရွာဆီသို့ သွားလေ၏။

ထိုနေ့၌ပင် ဦးအောင်ဇေယျလည်း ဦးချစ်ညိုကို ဖြား ယောင်း သွေးဆောင် သိမ်းသွင်းရန် မြင်းစီး၍ ခင်ဦးမြို့သို့ ထွက်ခဲ့၏။ ဦးချစ်ညိုက စစ်မှုစစ်ရေး ကျွမ်းကျင်၍ ဗိုလ်ခြေ တစ်သိန်းသော်လည်း တစ်ယောက်နှင့် ခံနိုင်သူဟု ယူဆ သဖြင့် အသာတကြည် ဆွေးနွေး စည်းရုံးလိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် သူတို့နှစ်ဦး ရင်ဆိုင်မိရာ ဦးချစ်ညိုက ကြိုးကွင်းပစ်ကာ ဦးအောင်ဇေယျ၏ လည်ပင်းကို ရစ်ပတ်လေသည်။ ထိုသို့ ရစ်ပတ် ဆွဲငင်ရာတွင် ဦးအောင်ဇေယျနှင့် တကွ မြင်းလည်း လဲလေသည်။ ဦးအောင်ဇေယျသည် လဲရာမှ ထ၍ ကြိုးကို ဓားနှင့် ဖြတ်နေခိုက် ဦးချစ်ညိုက လှံနှင့် ပစ်သည်။ ထိုလှံကို ဦးအောင်ဇေယျက ဓားနှင့် ကာသဖြင့် လွဲလေသည်။

ဦးချစ်ညို၏ညီ ဦးချစ်မြက အစ်ကိုဘက်မှ ကူညီရန် လိုက်လာ၏။ သို့သော် ထန်းပင်ထက်မှ ထန်းသမားက 'တစ်ဦးချင်း ရန်ဖြစ်နေသည်ကို ဘာလို့ ကူရမည်လဲ' ဆိုကာ ထန်းပင်မှဆင်း၍ ချစ်မြ၏ လည်ပင်းကို ညှစ်၏။ ဤတွင် ချစ်မြက 'ကယ်ပါ'ဟု အော်သည်ကို သူ့အစ်ကို ဦးချစ်ညို ကြားသော် ဦးအောင်ဇေယျကို လွှတ်ခဲ့၍ ညီနှင့် ထန်းသမားတို့ လုံးထွေးသတ်ပုတ်ရာသို့ ပြေးလာ၏။ သို့မှ ထန်းသမားလည်း ချစ်မြကိုလွှတ်ကာ ပြေးလေသည်။ ဦးအောင်ဇေယျလည်း တစ်ဦးနှင့်နှစ်ဦး ဖြစ်၍ မြင်းစီးကာ အပြင်း ဆုတ်ခွာလေသည်။

ခင်ဦးသို့ ဦးချစ်ညိုတို့ ညီအစ်ကို ပြန်ရောက်သော် မိခင်က မေးသည်။

မိခင်။ ။ အောင်ခဲ့၏လော။

ချစ်ညို။ ။ ကျွန်တော် အောင်ဇေယျနှင့် အထွေးထွေး ရှိသည်တွင် ငချစ်မြသည် ထန်းသမားနှင့် အချင်းဖြစ်၍ ကူညီရန် သွားရပါသည်။ ထိုအတောအတွင်း အောင်ဇေယျက မြင်းစီးပြီး ခွာလေသောကြောင့် မအောင်မြင်လေ။

မိခင်။ ။ (ထဘီကို ခါ၍) ဟယ် သားမောင် မှားခဲ့ပြီ၊ ရင်ဘုရင်လုပ်မည့်သူသည် ညီ ဟူ၍ အမှတ်ထားရသလော၊ ညီ ဆိုသည်မှာ ဟောဒီ မိခင် ဝမ်းဗိုက်ရှိသမျှ ရနိုင်သည်။

ချစ်ညို။ ။ ညီက ကယ်ပါ ဆို၍ ကျွန်တော် ကူမိသည်။

မိခင်။ ။ အခါ ရသော သည်ယနေ့တွင်မှ အောင်ဇေယျကို မအောင်မြင်လျှင် သူ့ကို တစ်ကိုယ်ချင်း မခုခံလေနှင့်၊ မနက်ဖြန် အင်းဝသွား၍ မွန်တို့ထံ ဝင်လော့။

သို့လျှင် ထိုနေ့မှ စ၍ ဦးအောင်ဇေယျနှင့် ဦးချစ်ညိုတို့ ရန်မီးပွားကာ ဦးချစ်ညိုသည် ဒလပန်းတို့နှင့် ဆက်သွယ်ခဲ့သည်။

### (၄) ဦးအောင်ဇေယျက ဦးတွန်ကို သိမ်းသွင်းခန်း

ပါဠိဆရာ ဦးစော ရေးသားသော **အလောင်းမင်းတရား** အတ္ထုပ္ပတ္တိ စာအုပ်အရ သူရဲကောင်းဦးတွန်ကား မုဆိုးဘိုရွာအနီးရှိ မုဆိုးချုံရွာသားတည်း။ နောင်အခါ ဘွဲ့ထူးများ တစ်ခုပြီးတစ်ခု ရရှိရာ ထိုဘွဲ့များကို မှတ်သားရ ခက်သဖြင့် သူ့ကို "မုဆိုးချုံဗိုလ်"ဟူ၍ ခေါ်ကြသည် များ၏။ ဦးတွန်ကား ခွန်အားကြီးမားလျက် အရုပ်အမောင်း ကောင်း၏။ ထန်းပင်၊ သစ်ပင်ပျိုများကို သူ့လက်နှင့် ဆွဲနုတ်နိုင်၏။

အင်းဝမြို့တော်ကြီးကို ရန်သူဝိုင်း၍ စနောင့်စနင်း ရှိသည့်အခါက စ၍ ရှမ်းပြည်ရွာသို့ တက်သွားကာ ဆေးဝါး ပယောဂ အပြီးအစီးတို့ကို ရှာဖွေနေခဲ့၏။ အင်းဝပျက်သော် ရှမ်းပြည်မှ ပြန်ခဲ့၍ လူသူ စုရုံးအံ့ဟု မြို့ရွာလှည့်လည်ရာ မုဆိုးဘိုမြို့ပြင် ဇရပ်တစ်ခု၌ ရပ်ဖျက်ထားသော အလောင်းမင်းတရားနှင့် ပက်ပင်း ဆုံမိတော့သည်။

ဦးတွန်။ ။ ငါသည် အင်းဝမြို့တော် အရှည်ခံနိုင်မည် မဟုတ်ကြောင်း၊ သိုက် တဘောင်များ အရလည်း ပဲခူးသားတို့လက်သို့ ရောက်မည့် အကြောင်း ကြိုတင် သိရှိသည်။ ငါလည်း တစ်ပါးကျွန် မခံလို၍ ရှမ်းပြည်တက်သွားပြီး ဆေးဝါး ရှာဖွေ လိုက်စားခဲ့သည်။ ယခု ပြန်လာရာတွင် မုဆိုးဘိုရွာ၌ ကိုအောင်ဇေယျ ဆိုသူသည် ပြောရေးဆိုရေး အရည်အသွေး ရှိသည်၊ ဩဇာအာဏာ ရှိသည်၊ အပေါင်းအသင်း အစည်းအရုံး ကောင်းသည် ကြား၍ ကိုအောင်ဇေယျကို ငါနှင့် အတူ ပူးပေါင်းအမှုထမ်းရန် နားချ သွေးဆောင်လိုသောဆန္ဒ ရှိခဲ့သည်။ ထို့ကြောင့် ငါ လာခဲ့ရာ ယခု ကိုအောင်ဇေယျသည် မုဆိုးဘိုတွင် ရှိသလော။

အောင်။ ။ မိတ်ဆွေ ကြားသိသလို ကိုအောင်ဇေယျ ဆိုသူမှာ မင်းလောင်း ဟူ၍လည်း ကျော်စောသည်။ လက်ရုံးရောင်လည်း အကြိမ်ကြိမ် တောက်ပခဲ့သည်။ အသင်းအပင်း အစည်းအရုံးလည်း ခိုင်ခဲ့သည်။ တပည့်တပန်းများ လည်း များသည်။ နေကြေးငွေလည်း ကုံလုံ ကြွယ်ဝသည်။ ပြောရေးဆိုရေးလည်း လည်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သည်။ ရဲရင့်တည်ကြည်သော နှလုံးလည်းရှိသည်။ “ဖိုသုံးဖိုတွင် တစ်ဖို မီးတောက်မည်။ မုဆိုးဘို အလိုလို နေရင်းဘုန်းတောက်မည့်မင်း”ဆိုသည့် တဘောင်များကလည်း ကိုအောင်ဇေယျကို ရည်ညွှန်းသည်။ ယခု မုဆိုးဘိုရွာကို ထန်းလုံးတပ်ပတ်လည်စိုက်၍ ကျုံး၊ မြောင်း၊ သူရဲရိုစသော မြို့အင်္ဂါနှင့်အညီ မြို့တည်မည် စီစဉ်နေသည်။

ဦးတွန်။ ။ ယင်းသို့ တပြီးကား ကိုအောင်ဇေယျကို ဝင်၍ အမှုထမ်းရသော် သင့်လျော်မည်လော။

အောင်။ ။ ကိုအောင်ဇေယျသည် ယခု လူသူစုရုံးကာ ဆင်မြင်းအင်အား တပ်ဖြည့်နေသည်။ သူ့ရဲကောင်းများ တွေ့လျှင် အခွံအမင် ချီးမြှင့်မြှောက်စား၍ ရာထူး ဌာနန္တရ ပေးလျက်ရှိ၏။ ယခု မင်းလောင်းဟု ကျော်စောလျက်ရှိသော (၁) နဂါးဗိုလ်၊ (၂) အုတ်ဖို၊ (၃) မုဆိုးဘို ဟူသော ရွာသုံးရွာသား မင်းလောင်းတို့တွင် ကိုအောင်ဇေယျကို ကြံရည်၊ ဉာဏ်ရည်၊ လက်ရုံးရည်၊ နှလုံးရည်တို့၌ ပြိုင်ဝံ့သူ မရှိ။ အမှုတော်ကို ထမ်းမည် ရည်ရွယ်သော် မုဆိုးဘိုသို့သာ ဝင်သင့်သည်။

ဦးတွန်။ ။ ကိုအောင်ဇေယျ ဆိုသူ လက်ရုံးရောင်တောက်၍ ရှင်ဘုရင်စော် နံသည်ဆိုသော စကားကိုလည်း ငါ ကြားဖူး၏။ သူ့ကို ရည်၍ သိုက်ဓာတ်နိမိတ် ပေါ်ထွက်ခြင်းလည်း ကြားဖူး၏။ သို့သော် သူ့၌ ဧကရာဇ်တစ်ဆူ ဖြစ်ထိုက်သည့် လက္ခဏာ ရှိ မရှိကို ငါ စုံစမ်းဦးမည်။ ကိုအောင်ဇေယျ ဘယ်တွင် ရှိသည်ကို ငါ သိလိုသည်။

အောင်။ ။ ဤတံခါးဝက ဝင်၍ တစ်ခုသော အိမ်သို့ ရောက်သော် သူ့နေရာဌာနကို တွေ့မည်။

ဦးတွန်သည် ဇရပ်မှ မိတ်ဆွေ ညွှန်ပြသော လမ်းအတိုင်း သွားလေ၏။ အလောင်းမင်းတရားကား ဖြတ်လမ်းမှ အိမ်သို့ အလျင် ရောက်သွားနှင့်၏။ အမှုထမ်းများ၊ သူရဲကောင်းများ ဝန်းရံ ခစားစေ၍ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တင့်တယ်စွာ နေလင့်၏။ ကိုတွန် ရောက်လာ၍ မြင်သော် ဇရပ်မှာကဲ့သို့ တန်းတူရည်တူ မပြုဝံ့တော့ဘဲ ညီလာခံတွင် သင့်လျော်သော အရပ်မှ ပုဆစ်ဒူးတုပ်၍ ခစား၏။

အောင်။ ။ အဘယ်အကြောင်းကြောင့် မိတ်ဆွေသည် ရွှေတော်သို့ ရောက်လာသနည်း။

ဦးတွန်။ ။ ကျွန်တော် မုဆိုးဘိုသို့ ဝင်၍ အမှုထမ်းမည့်အကြောင်းကို ရွာပြင်ဇရပ်၌ လူတစ်ယောက်နှင့် တွေ့၍ မေးမြန်းရာ အရှင်မင်းတရားသည် လက်ရုံးတော်ရောင် တောက်၍ အညာတစ်ခွင် မင်းပြုမည် မလွဲ၍ မုဆိုးဘိုသို့သာ ဝင်စား အမှုထမ်းလေဟု ပြောဆိုသောကြောင့် ကျွန်တော် ရောက်လာရသည်။ ရွာပြင်၌ တွေ့ခဲ့သူသည် ဘဝရှင်နှင့် တူလေဘိသည် တကား။

အလောင်းမင်းတရားလည်း တစ်ဖက်သို့ လှည့်၍ ပြုံးတော်မူကာ ဦးတွန်ကို အဆောင်အယောင်နှင့် တကွ ရာထူး ချီးမြှင့်၏။ ၁၁၈၄ ခုနှစ်၌ စတင်ဖွဲ့စည်းသော ရဲဘော်ခြောက်ကျိပ်၌ ပါဝင်ကာ ခင်ဦးစား ငချစ်ညိုကို အောင်မြင်သော် “သီရိရွှေတောင်”ဘွဲ့ ရရှိ၏။ အင်းဝကို အောင်သောအခါ “မင်းလှမင်းခေါင်”ဘွဲ့နှင့် ဝန်ကြီးဖြစ်လာ၏။

*

## [ ၃ ] ရဲဘော် ၆ ကျိပ်

အင်းဝမြို့တော်ကို မွန်များသိမ်းပိုက်သော ၁၁၁၃ ခု နှစ်ဆန်းချိန်တွင်မှ ဦးအောင်ဇေယျသည် မုဆိုးဘိုမြို့ကို ကာကွယ်ရန် ရဲဘော် ၆ ကျိပ် (အမှန် ၆၈)ကို ဖွဲ့စည်းသည်။ မင်းတရားရွှေထီး လက်ထက်က မြင်းရည်တက် သူရဲကောင်း ၂၈ ယောက် ဖွဲ့စည်းခဲ့သည့် နမူနာအတိုင်း ဖြစ်သည်။

မြင်းရည်တက် ရွေးပုံ ရွေးနည်းမှာ လူ၏ ရင်ဝနှင့် ချိန်သည့်လုံ့ချွန်ကို တစ်ဦးက ကိုင်ထားရသည်။ သူရဲကောင်းဖြစ်လိုသူက ထိုလုံ့ချွန်ရှိရာသို့ ရင်ကော့ကာ ပြေးဝင်ရသည်။ ကြောက်ရွံ့သော အမူအရာ လုံးဝ မရှိစေရ။

လုံ့သွားဆီသို့ အတင်းဝင်တိုးသူမှာ အသက်ကိုစွန့်၍



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရသော်လည်း ကျွမ်းကျင်သော လုံကိုင်က လုံသွားနှင့် နီးလျှင် လျင်စွာ ဖယ်ပေးလိုက်ရ၏။ သူရဲကောင်းလောင်း အား သေးစွန်းလျှင် လုံကိုင်၏အပြစ် ဖြစ်၏။ ထိုသတ္တိစမ်းပွဲ အောင်မြင်ပါမှ ရဲဘော် ၆ ကျိပ်၌ ပါနိုင်သည်။

### တပင်ရွှေထီး လက်ရွေးစင်

ရွှေဘို၌ ရဲဘော် ၆ ကျိပ် ရွေးဟန်မှာ ကြောက်စရာ ကောင်း သော်လည်း သွေးထွက်သံယို မရှိသဖြင့် တော်သည် ဆိုရပေ မည်။ တောင်ငူခေတ်က တပင်ရွှေထီးတို့ သူရဲကောင်း ရွေးနည်းကား လက်ဖျားထိပ်ကို အပ်နှင့်ထိုးသည်။ ရိုးရိုးထိုး သည် မဟုတ်၊ တူနှင့်ရိုက်သွင်းသည်။ ထိုသို့သော လူရည်ချွန် ရွေးပွဲပြုစဉ် မအော်ရ၊ မငိုရ၊ မျက်နှာ မပျက်ရ။

တပင်ရွှေထီး၏ သူရဲကောင်း ရွေးနည်းကို ကာလ ပေါ် သီချင်း ဖွဲ့ဆိုထားသည်။ တပ်မတော် အင်ဂျင်နီယာ တပ်ဖွဲ့မှ ဗိုလ်တင်လှိုင်ထံမှ ရရှိသော ***တပင်ရွှေထီး*** သီချင်း မှာ–

ရွှေမော်ဓောရင်ပြင်မှာပျာ
လက်ဖျားထိပ်ကို အပ်နှင့်စိုက်လို့
တူနှင့်ရိုက်ကာ ရွေးချယ်ပြန်ပါသည်။
မကြောက်မရွံ့ မတွန့်မဆုတ်
မလှုပ်မယှက် ထက်မြက်ကြသည်။
ရန်သူတွေဝိုင်းတဲ့ မွန်တိုင်းနေပြည်
သူရဲကောင်းများနှင့် စွန့်စွန့်စားစား
သွားရောက်ကြလေသည်။

မြန်မာသက္ကရာဇ် ၈၉၂ ခုနှစ်တွင် ကေတုမတီနန်းကို တပင်ရွှေထီး သိမ်းမြန်းခဲ့သည်။ ဟံသာဝတီသို့ ချီတက်ကာ ရွှေမော်ဓောစေတီ ရင်ပြင်တော်ဝယ် နားထွင်းမင်္ဂလာပြုရန် အာသီသ ရှိတော်မူ၏။ သူရဲကောင်း မြင်းရံ ၅၀၀ လိုအပ် သဖြင့် ထိုအရေးတော်အတွက် သတ္တိရှင်များရွေးပွဲ ကျင်းပ သည်။

လိုက်ပါလိုသူများသည် လက်မပေါ်တွင် အပ်တင် လျက် ပေထက်၌ ထုနှက် စိုက်စေရသည်။ အပ်ဝင်စဉ် အနည်းငယ်မျှ တုန်လှုပ်သွားသူအား သူရဲကောင်းဟု မယူဆ ဘဲ ဘုရင်၏ ကိုယ်ရံတော်တပ်သားအဖြစ်မှ ပယ်ပစ်သည်။

ထိုရွေးပွဲ၌ တပင်ရွှေထီး၏ငယ်ကျွန် လက်စွဲတော် မောင်ထွားလည်း ပါဝင်၏။ မောင်ထွား၏ အလှည့်သို့ ရောက်၍ သူ့လက်မပေါ်တွင် အပ်စိုက်ကာ ရိုက်နှက်ကြည့် လိုက်သောအခါ သူသည် မသိမသာ အနည်းငယ် တုန်လှုပ် သွား၏။ ထို့ကြောင့် ဘုရင်၏ ကိုယ်ရံတော်တပ်သား အဖြစ်မှ ထုတ်ပယ်ခံရသည်။

ဤတွင် မခံချင်လှသော မောင်ထွားသည် မင်း တရား ရွှေထီး ရှေ့တော်မှောက်၌ပင် ဓားမြှောင်ဖြင့် သူ့ရင်ကို ခွဲကာ ဝမ်းဗိုက်ထဲမှ အူကို ဆွဲထုတ်ပြသည်။ အူခွေအဆုံး၌ မောင်ထွားသည် မြေပေါ်တွင် ဗုန်းဗုန်းလဲကျ၍ သေဆုံးသွား လေသည်။

ငယ်စဉ်မှစ၍ လက်ပွန်းတတီး နေခဲ့သော ကျွန်ရင်း မောင်ထွား၏အလောင်းကို ကရုဏာသက်စွာ ရှုစား၍ မင်း တရား ရွှေထီး မိန့်ဆိုသည်ကား 'ငထွားငဲ့.... မင်းအပြုအမူ ဟာ သတ္တိရှိတာ မဟုတ်ဘူး၊ မိုက်တွင်းနက်တာ သက်သက် ပဲ'

သတ္တိရှိခြင်းနှင့် မိုက်မဲခြင်း လက္ခဏာကို မင်းတရား ရွှေထီး သရုပ်ခွဲပြပုံကား မှတ်ဖွယ်ပေတည်း။

### ဦးအောင်ဇေယျ၏ လက်ရွေးစင်

ရဲဘော် ၆ ကျိပ်ဝင်တို့အား သူတို့၏ အရည်အချင်း အရ အလောင်းဘုရား၏ အတုလဆရာတော်က ကဗျာ စာရင်း ဖွဲ့ထားသည်မှာ အောက်ပါ အတိုင်းပင်။

ရန်အကြိမ်ကြိမ်၊ တိုက်လှည့်နှိမ်သည်
၁။ (စည်းစိမ်) ရန်လွင့်
၂။ (ငပွင့်) ရန်ဆီး
၃။ (ချင်းတီး) ရန်ဟန့်
၄။ (ငညွန့်) ရန်ရှောင်
၅။ (ငအောင်) ရန်နွေး
၆။ (ပန်းရွှေ) ရန်ဖြို
၇။ (ပန်းညို) ရန်လှည်း
၈။ (ငနည်း) ရန်ထွင်
၉။ (ကျော်ထင်) ရန်ဖြတ်
၁၀။ (ငတုတ်) ရန်ချိုး
၁၁။ (တုတ်ဖြိုး) ရန်နိုင်
၁၂။ (ထော်အိုင်) ရန်ပယ်
၁၃။ (ငဖွယ်) ရန်ဖြတ်
၁၄။ (ကျော်မှတ်) ရန်နှင်



www.burmeseclassic.com

www.burmeseclassic.com



၁၅။ (ငလွင်) ရန်ဝေး
၁၆။ (ငထွေး) ရန်လို
၁၇။ (ထွေးညို) ရှေ့လွန်
၁၈။ (တွေန်) ရှေ့သွား
၁၉။ (ခင်ပါး) ရှေ့တည်
၂၀။ (ရွှေရည်) ရှေ့ခေါင်း
၂၁။ (ငကောင်း) လူကျော်
၂၂။ (ငသော်) လူထွင်
၂၃။ (ပေါ်ထင်) လူမော်
၂၄။ (ပိန်ကျော်) လူလှ
၂၅။ (သာဝ) ကျော်သည်း
၂၆။ (ဆွေနည်း) ကျော်သွေး
၂၇။ (အောင်သလေး) ကျော်ဟိုး
၂၈။ (အိုး) သွေးဆော်
၂၉။ (မှတ်တော်) ပေါ်စ
၃၀။ (ငမြ) ပေါ်ဟောင်း
၃၁။ (ငနှောင်း) ပေါ်ရင်း
၃၂။ (ညိုမင်း) ပေါ်ထင်
၃၃။ (ငသွင်) ညွှန့်လူ
၃၄။ (လွန်းသူ) ညွှန့်လန်း
၃၅။ (ငပန်း) ညွှန့်စက်
၃၆။ (ငအက်) ညွှန့်လှ
၃၇။ (ထွန်းရ) မည်ခေါ်
၃၈။ (ထွန်းကျော်) မည်သာ
၃၉။ (ငရော) မည်ခံ
၄၀။ (ကျော်စံ) စစ်မျှ
၄၁။ (သာဦး) စစ်တက်
၄၂။ (သာမြတ်) စစ်ငင်
၄၃။ (သာထင်) စစ်တက်
၄၄။ (ငခက်) စစ်မြှု
၄၅။ (မြတ်သူ) စစ်ဖြန့်
၄၆။ (မြတ်တွန့်) စစ်ခွာ
၄၇။ (မြတ်သာ) စစ်ဆော်
၄၈။ (ရွှေကျော်) စစ်ကဲ
၄၉။ (ရွှေရည်) စစ်ရင်
၅၀။ (ရွှေထင်) စစ်လိုက်
၅၁။ (ငမိုက်) ရေးယူ
၅၂။ (ညိုသူ) ရေးရှာ
၅၃။ (ငသာ) ရေးကုံ
၅၄။ (စိန်ငုံ) ရေးမြင်
၅၅။ (စည်ပင်) ရေးရောင်
၅၆။ (သာထွန်းအောင်) ရဲဘော်
၅၇။ (လွန်းကျော်) ရဲလှ
၅၈။ (ငရ) အုံ့အော်
၅၉။ (ငထော်) အုံ့အာ
၆၀။ (စံရာ) အုံ့အဲ
၆၁။ (စံခဲ) ဘက်လွတ်
၆၂။ (စံမှတ်) ဘက်ကျော်
၆၃။ (ငထော်) ဘက်ကွာ
၆၄။ (ဖြိုးသာ) ဘက်လျှိုး
၆၅။ (ချစ်ဖြိုး) ဘက်ရှောင်
၆၆။ (ငအောင်) လက်ကောင်း
၆၇။ (ဆုတောင်း) လက်ရ
၆၈။ (ထွန်းမြ) လက်သည်

ဤသို့သည်ဖြင့်၊ ရဲရည်သံသွင်
ကုံတွင်မှုထမ်း၊ ရဲစွမ်းကျော်လှစ်
ခြောက်ကျိပ်ရှစ်တည့်၊ စစ်စစ်တွက်တွက်
မြင်းရည်တက်သည်၊ ပြိုင်ဘက်လွတ်ကင်း
ရဲဘော်သင်း။

ရဲဘော် ၆၈ ဟု ဆိုသော်လည်း ထိုစာရင်း၌ ၆၉ ဦး ဖြစ်နေသည်။ စစ်ဆေးကြည့်ရာ ငအောင်နှင့် သာ ဆိုသူတို့၏ နာမည်များ နှစ်ကြိမ်စီ ပါဝင်နေသည်ကို တွေ့ရ၏။ စာဆိုက နာမည်တွေ များလွန်းသဖြင့် မျက်စိလည် သွားဟန် တူ၏။

ထိုစာရင်းတွင် ၁၀ ဦးခန့်တို့မှာ ဦးအောင်ဇေယျ၏ ဆွေမျိုးရင်းချာများ ဖြစ်၏။ ပျော်ပွဲစားထွက်ရာတွင် လက်သင့်ရာ စားတော်ခေါ်နည်းမျိုး မဟုတ်ပါချေ။ တိုင်းပြည်ကို ရန်သူ့ဖဝါးအောက် ကျဆုံးရာမှ အသက်စွန့်ရန်ကိစ္စ ဖြစ်၍ သေဖော် ညိုရသလို ဖြစ်ပေသည်။ တစ်ချက်မှာလည်း အကြောင်းရှိလျှင် ဆွေမျိုးမိတ်ဆွေအင်အား တောင့်တင်းခြင်းသည် လိုအပ်သော အရည်အချင်း တစ်ခုပင်ဖြစ်လေသည်။ နန်းလျာ ရွေးရာ၌ပင် ဤအချက်ကို အရည်အချင်းတစ်ခု အနေဖြင့် ထည့်သွင်း စဉ်းစားစမြဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော် ၆ ကျိပ်တွင် ထိပ်ဆုံးက ပါဝင်သူ ဦးစည်းစိမ်မှာ ဦးအောင်ဇေယျ၏မရီး "ခင်နှောင်းစံ"၏ ခင်ပွန်းဖြစ်၏။ သူသည် အင်းဝနန်းတော်၌ ဝန်ကြီးအဖြစ် ထမ်းရွက်နေရာမှ တိုင်းပြည်ပျက်ချိန်တွင် ကွေ့ကရင်တို့လက်သို့ ကျရောက်နေ၏။ ရဲဘော် ၆ ကျိပ် ဖွဲ့စည်းစဉ်က သူသည် မလွတ်မြောက်သေးသဖြင့် သူ့အတွက် တင်ကြို နေရာပေးထားခြင်း ဖြစ်သည်။ သူသည် စည်သာမြို့စား ဖြစ်၍ စည်သာမင်းကြီးဟုလည်း ခေါ်တွင်သည်။ နောင်သော် ဗိုလ်ချုပ် မင်းလှစည်သူ တွင်၏။

အခြားသူတို့ကား (၁) ဦးအိုး– ဦးအောင်ဇေယျ၏ ယောက်ဖ၊ (၂) ဦးညွန့်– ခယ်မတော် ခင်နိုင်းစံ၏ ခင်ပွန်း၊ (၃) ဦးပန်း– မရီးတော်၏ ခင်ပွန်း၊ (၄) မောင်စိန်ငုံ– ဘကြီးတော် မင်းညိုတင်၏ မြေး၊ (၅) ဦးညိုလှ– ဘထွေးတော်၊ (၆) ဦးနည်း– ဦးညို၏သား၊ (၇) မောင်ဆွေနည်း– ဦးညို၏ သား၊ (၈) ဦးသွင်– မရီးတော်၏သား၊ (၉) မောင်စံမှတ်– နောင်တော် ဦးအောင်ဖြိုး၏သား။

အင်းဝမြို့ကို မွန်တို့လက်မှ ပြန်သိမ်းပြီးချိန်၌ ရဲဘော် ၁၃ ဦး ကျဆုံးခဲ့ပြီဖြစ်သည်။ ကျန်ရှိသူများအနက် ရဲစွမ်းသတ္တိကြောင့် ထိပ်တန်းတက်လာသူများကား–

၁။ ဦးကောင်း– သေနတ်ဝန်
၂။ ဦးတွန်– မုဆိုးချုံဗိုလ်
၃။ ဦးသာ– မဟာသီဟသူရ
၄။ ဦးနှောင်း– မဟာစည်သူ
၅။ ဦးလွင်– ဗလမင်းထင်

အထူးသဖြင့် (၁) ဦးကောင်း၊ (၂) ဦးတွန်၊ (၃) ဦးသာတို့မှာ ထိပ်တန်းရဲဘော်ကြီးများ ဖြစ်သည်။ ဤ ၃ ဦးတို့မှာ စွမ်းပကားပြည့်စုံလှသဖြင့် သားတော် ၂ ပါး (မောင်လောက်နှင့် မောင်ရွ)တို့နှင့် တန်းတူ စစ်ရေးစစ်ရာ အခွင့်အရေးများ ပေးသနားတော်မူသည်။

မြန်မာပြည်တစ်ဝန်း တိုက်ပွဲများတွင် သူတို့ ပါဝင်သည်ချည်းသာ ဖြစ်၏။ မဟာသေနာပတိအဖြစ် အမြင့်ဆုံး မြှောက်စားခြင်း ခံရသူ ဦးကောင်းကား သံလျင်တိုက်ပွဲ၌ ကျဆုံးသည်။ ဦးတွန် ခေါ် မင်းခေါင်နော်ရထာကား ယိုးဒယားသို့ ချီတက်ရာတွင် အလောင်းမင်းတရား၏ ညာလက်ရုံးပင်။ ဦးသာကား ဆင်ဖြူရှင်မင်း လက်ထက်တွင် ဗိုလ်ချုပ် မဟာသီဟသူရဘွဲ့ဖြင့် တရုတ်စစ်ပွဲများကို အကြိမ်ကြိမ် အနိုင်တိုက်သူ ဖြစ်သည်။ သူတို့ကား တိုင်းပြည်ထူထောင်ဘက် ရဲဘော်ကြီးများအဖြစ် ဆွေတော်မျိုးတော်များထက် မြင့်မားသော အဆင့်တွင် ရှိခဲ့ကြသည်။

ထို ရဲဘော် ၆ ကျိပ်ဝင် အားလုံးတို့အား အလောင်းမင်းတရား လက်ထက်တွင် တစ်ဦးတလေမျှ ကွပ်မျက်ခြင်း မပြုခဲ့ချေ။ သူတို့ကလည်း အလောင်းမင်းတရား အပေါ် သစ္စာတရား ကြီးမားကြပေသည်။ အလောင်းမင်းတရား နတ်ရွာစံချိန်၌ ဒုတိယသားတော် မောင်ရွက ထီးနန်းဆက်ခံလိုရာ တပ်မှူး၊ ဗိုလ်မှူး၊ ရဲဘော်ကြီးများက လက်မခံချေ။ ခမည်းတော်၏ မှာကြားချက်အတိုင်း နောင်တော်ကြီး မောင်လောက်က စ၍သာလျှင် အစဉ်အတိုင်း နန်းတက်ပါစေဟု ဆန္ဒပြုကြလေသည်။ ထို့ကြောင့် မောင်ရွက နောက်ဆုတ်ခဲ့ရသည်။

ဦးအောင်ဇေယျ၏ အနွယ်တော်တို့နှင့် ရဲဘော် ၆ ကျိပ်ဝင်တို့၏ သားသမီးများ ရေစက်ဆုံကြသည်လည်း ရှိ၏။ ဗဒုံမင်းသား (မောင်ဝိုင်း)၏သား ရွှေတောင်မြို့စား အိမ်ရှေ့မင်းနှင့် ဦးတွန်၏သမီး မယ်ရွှေဂုဏ်တို့ ညားကြရာမှ မြတောင်မင်းသမီးကို ဖွားမြင်သည်။ သူကား မိတဆိုး စကြာမင်းသားကလေး၏ မွေးစားမိခင် ဖြစ်၏။

ဦးသာ ခေါ် မဟာသီဟသူရ၏ သမီးကို ဆင်ဖြူရှင် မောင်ရွ၏သားတော် စဉ့်ကူမင်းက မြောက်နန်းမိဖုရား တင်မြှောက်သည်။ ဆင်ဖြူရှင်၏ မိဖုရားခေါင်ကြီးနှင့် ဦးသာ၏ ဇနီးတို့မှာလည်း ညီအစ်မအရင်း ဖြစ်သည်။

အလောင်းမင်းတရားကြီး ရှိစဉ်က အားလုံး တညီတညွတ် ရှိကြသော်လည်း နောက်ပိုင်းတွင် ထီးနန်းလုယက်မှုများ ပေါ်ပေါက်၍ အချင်းချင်း လက်လွန်ခြေလွန် ဖြစ်ကုန်ကြသည်။

*

## [၄] ပွဲဦးထွက် တိုက်ပွဲ

အလောင်းမင်းတရားကြီးသည် ညီတော် သားတော် ဆွေမျိုးတော်တို့အင်အား၊ ဗိုလ်မှူး တပ်မှူးအင်အား၊ ပတ်ဝန်းကျင် အင်အားများ ပြည့်စုံပြီး ဖြစ်နေလေသည်။ ဤသို့ ပြည့်စုံသမျှ ပြည့်ဝ၍ အားရနေသော်လည်း တစ်ယောက်တည်း စိတ်ထင်ရာ မလုပ်ချေ။ အားလုံးသော မိမိ၏ အသင်းအပင်းများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်း၊ ကြံစည်ခြင်း၊ အကြံဉာဏ်များ တောင်းခံခြင်း စသည်တို့ကို အမြဲ ကျင့်သုံးလေသည်။

'ယခု မုဆိုးဘိုမြို့ကို သူတို့ ဝန်းရံလာသည်မှာ ရှမ်းမြန်မာ လူအရောရော ဖြစ်သည်။ ရှမ်းနှင့်မြန်မာတို့မှာ မွန်တို့ဘက်မှ ကြိုးကြိုးပမ်းပမ်း အမှုထမ်းကြမည် မဟုတ်။ မွန်တို့လည်း စစ်တိုက်ရဖန်များ၍ အားအင် ကုန်ခန်းနေကြလေပြီ။ ကျွန်တော်တို့မှာ အရှင့်အရေး ကိုယ့်အရေး ဖြစ်၍ တစ်ယောက်ကို တစ်ရာမတန် အမှုထမ်းကြမည့် သူများချည်း ဖြစ်ပါသည်။ လူနည်းသည့်အတွက် ကြောက်ရွံ့ဖွယ် မရှိပါ'

သီရိရွှေတောင်အား မင်းကျော်ပျံချီသည် ရန်သူ အခြေအနေကို တင်ပြ ဆွေးနွေးလေသည်။ 'ကြောက်ရွံ့ဖွယ် မရှိသည်မှာ မှန်ပါသည်။ သို့ရာတွင် မွန်တို့နှင့် စစ်ကြီး မတွေ့ဖူးသေး၍ တစ်ဦး လုပ်ရည်ကိုင်ရည်ကို တစ်ဦး မသိနိုင်သေးပါ။ သည်တစ်ကြိမ်မှာ အရေးတောင်း၍ သူတို့ကို ပြန်စေမည်။ သူတို့ပြန်မှ ၎င်းတို့ နေရာချထားသော "တည်တော" စသည့် တပ်ငါးတပ်ကို တိုက်သိမ်းမည်။ နောင် အင်းဝသို့ ချီတက်တိုက်သိမ်းမည်။ အင်းဝ ရလျှင် မြောက်ဘက်၊ တောင်ဘက် တစ်လွှားရှိ စော်ဘွားစော်ကန် မြို့ကြီးများကိုပါ မကျန် သိမ်းယူပြီးသော် ဟံသာဝတီတိုင်အောင် လုပ်ကြသင့်ပါသည်'

သီရိရွှေတောင်နှင့် မင်းကျော်ပျံချီတို့ ဆွေးနွေး လျှောက်တင်သံကို ကြား၍ သားတော်လတ်က အကြံပြုပြန်သည်။ 'ဗိုလ်မင်း တပ်မင်းတို့ လျှောက်ထားကြသည်မှာ စစ်ရေးပင် ဖြစ်ပါပေသည်။ သို့ရာတွင် မွန်တို့အား အရေးတောင်းလျှင် သင်တို့အား ကြောက်ရွံ့၍ဟု ထင်မှတ်လိမ့်မည်။ သို့ဖြစ်၍ အရေးမတောင်းဘဲ တပ်နှင့် ကြံ့ကြံ့ခံနေသင့်သည်။ သူတို့ချီတက်လာလျှင် ပိတ်ပိတ်ဆို့ဆို့ တစ်ယောက် မကျန် ခုတ်သတ်မည်။ အရှအန အသေအပျောက်များလျှင် သူတို့ ရွံ့ပါး၍ မြို့သို့ မချဉ်းမကပ် နေလိမ့်မည်။ မနေလျှင်လည်း တိုက်မည်။ နေလည်း အလွန်ပူ၍ ဆင်မြင်းအတွက် ရေရှားသည်။ အဖျားအနာ ထူမည်ဖြစ်၍ မကြာခင် သင်းတို့ ဆုတ်ခွာရလိမ့်မည်' သားတော်လတ်၏ အကြံပြုချက်ကို သားတော်ကြီးက ရဲရင့်ပြတ်သားစွာ ဝင်ပြောလိုက်ပြန်သည်။

'စစ်သဘော ဆိုသည်မှာ သူ နည်းသည် များသည် ကား လိုရင်းမဟုတ်။ စွန့်စားခြင်းသာ အကြောင်းရင်း ဖြစ်သည်။ မြန်မာရဲ့ သွေးအစစ် (နဂါး၏ဦးနှောက် ဖောက်၍ စားလေ့ရှိသော ဂဠုန်ငှက်ကဲ့သို့) သတ္တိနှင့်ပြည့်စုံသော ဗိုလ်မှူး တပ်မှူးတို့နှင့် (စစ်ဦးဘီလူးပါ)ဆိုသလို ထွက်တိုက်မည်။ သင်းတို့ ခံနိုင်မည်လော၊ မခံနိုင်၍ ဆုတ်လျှင် အင်းဝတိုင်အောင် လိုက်လံတိုက်ခိုက်မည်'

အလောင်းမင်းတရားကြီးသည် အားလုံး၏ ဆွေးနွေး အကြံပြုချက်များကို နားဆင်နေလေသည်။ ပြီးသော်ခါးတောင်းကျိုက်ထားသည့် လူတစ်ယောက်ကို မြင်သဖြင့်-

'ကိုယ့်လူ၊ အမှုတော်ကို ကြိုးစားအားထုတ် ထမ်းနိုင်မည်လော'

'ဘုရားကျွန်တော် အမှုတော်ကို ထမ်းနိုင်မည် မဟုတ်ပါ'

အလောင်းမင်းတရားသည် ထိုသူကို ချက်ချင်း ဒေါသမျက်မာန် ရှသွား၏။ ရုတ်ခြည်း ထ လိုက်သည်။ ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်ပြီး သူ့ကျောကို ဓားရှည်နှင့် ခုတ်လိုက်သည်။ ဘေးမှ အသင့် ရှိနေသော ဗိုလ်မှူး၊ တပ်မှူးတို့သည် တကယ် ခုတ်ဖြတ်ပြီ ထင်ကြသဖြင့် စစ်ထွက်မဝံ့ မရှိကြတော့ချေ။ 'ယခုပင် ကျွန်တော်တို့ ထွက်၍ မွန်တို့ကို ဖမ်းဆီး သတ်ညှစ်ပါမည်'ဟူ၍ လျှောက်ထားကြသည်။

အလောင်းမင်းတရား၏ တင်းမာ ရဲရင့်ပြတ်သားသည့် မျက်နှာထားကို မြင်မိကတည်းက မော်၍ မကြည့်ရဲကြချေ။ အမှန်အားဖြင့် စောစောက အမှုတွင် ကြိုးစားအားထုတ်၍ အမှုတော် မထမ်းနိုင်ကြောင်းဖြင့် သွေးကြောင်သူကို ဓားနှင့် ခုတ်သည်မှာ ဟန်ရေးမျှ ဖြစ်သည်။ ဓားပြားနှင့် ချခြင်းမျှ ဖြစ်၏။ စစ်ကို လက်တွန့်မည်စိုး၍ ရဲသွေးနိုးပေး လိုက်ခြင်း သဘောမျှသာ ဖြစ်လေသည်။

'မွန်တို့ ဗိုလ်ခြေအင်အား များသော်လည်း စွန့်စား လုပ်ကြံရည် ငါတို့ကို မတန်ရာ။ တစ်ချင်တစ်ရွေးမျှ စိန်စစ် ကျောက်ကို မြေလုံးတောင် ရှိလင့်ကစား ကြေမွပျက်စီး အောင် မစွမ်းရာသကဲ့သို့ ငါတို့တပ်ကို သင်းတို့ဖျက်နိုင်မည် လော၊ ငါတို့တွင် မျိုးရိက္ခာ အပြည့်အစုံ ရှိသည်။ သင်းတို့ စစ်ညောင်း၍ ရိက္ခာလည်း ပြတ်စေဦး၊ ရေမိုးလည်း ဝေစေဦး၊ စစ်တို့၏ သဘောသည် အဦးအစ ပွဲလမ်းမရှေ့လျှင် အားပျော့သည်။ သို့ဖြစ်၍ ကြံ့ကြံ့ခံလေ၊ သင်းဝို့စစ်နွမ်း သည့်ကာလ ငါကိုယ်တိုင် ထွက်၍ တစ်ဟုန်တည်း တိုက် တော်မူမည်'



www.burmeseclassic.com

 www.burmeseclassic.com 

အလောင်းဘုရားက ထိုသို့ အမိန့်ရှိပြီးသည်နှင့်အညီ သားတော်၊ ညီတော်၊ ဆွေတော်၊ မျိုးတော်၊ ဗိုလ်မှူး၊ တပ်မှူးတို့သည် အားလုံး အသင့်ရှိကြလေပြီ။ ရဲတံခွန်များ တလူလူ ဝင့်ကြွား ရဲရဲစားစား အားမာန်တက်ကြွနေသော မိမိတို့တပ်ကို စစ်သွေးနိုး၍ မြို့ထိပ်က ကြဲ့ကြဲ့ခံရန် ပြင်ဆင်လိုက်ကြလေတော့သည်။

အလောင်းဘုရား ခေတ်အခါက အလောင်းဘုရားကို "ဖိုးအောင်ဇေယျ" ဟု ခေါ်ကြ၏။ ဖိုးအောင်ဇေယျသည် မိမိ၏ ရရှိနိုင်သမျှ၊ နိုင်နင်းနိုင်သမျှ နယ်မြေကို ပိုင်ပိုင်ဆိုင်ဆိုင် နိုင်နင်း ပြီးမြောက်အောင် အုပ်ချုပ်နိုင်သည်။ လုပ်ဆောင်ချက်ကလေးများကလည်း ပြတ်သားစွာ ကွင်းကွင်း ကွက်ကွက် ပေါ်လာလျက် ရှိသည်။ မုဆိုးဘိုရွာကို ၄၇၈ တာရှိသော အဝန်းအဝိုင်းသည် အခြေခံကျသည့် ကာရံမှု အကာအကွယ် ဖြစ်သည်။ ပစ္စင်၊ ရင်တား၊ စကြံများကို တည်ဆောက်ထားခြင်းသည် စစ်အတွင်း ပြင်ဆင်ချက်ပင် ဖြစ်သည်။

မုဆိုးဘိုဝန်းကျင် ဆယ်မိုင်ပတ်လည်ရှိ ရွာပေါင်း ၄၆ ရွာနှင့်တကွ ဆင်မြင်း၊ လက်နက်၊ လူ၊ စားနပ်ရိက္ခာမှ အစ အားလုံး စည်းရုံးသိမ်းဆည်းပြီး ဖြစ်နေခဲ့သည်။ ယခုမုဆိုးဘိုတိုက်ပွဲသည် နှစ်ဖက်စလုံးက လက်နက်အင်အား၊ လူအင်အား ပြိုင်ပွဲကြီး ဖြစ်၏။ စိန်ပြောင်း၊ တူမီးသေနတ်၊ ဓား၊ လှံ၊ တုတ်၊ တံကျင်၊ လေး စသည်တို့ဖြင့် ပြည့်စုံလှသည်။

နောက်လိုက် တပ်သားတို့သည် လူအများ တွန်းရသော လှည်းရထားပေါ်တွင် ကောက်ရိုး အပြည့်ဖြင့် အနောက်နိုင်ငံသားတို့ ထံမှ ဝယ်ယူရထားသော အမြောက်၊ စိန်ပြောင်း အနည်းအကျဉ်းကို တင်၍ လှည်းကတုတ်များ စီစဉ်ထားကြသည်။ ပြီးနောက် နှစ်ဖက်စလုံးမှ ပစ်ခတ်သော စိန်ပြောင်း အမြောက်သံများသည် မိုးအာကာယံထဲ မစဲအောင် ဆူညံလျက် ရှိတော့သည်။

သေနတ် ဟိန်းသံများ ဆက်နေ၏။ ညာသံ ပေး၍ စစ်သွေးဆူကာ အပြေးတက်လာသော အသံများနှင့်အတူ ရန်သူအင်အားသည် ထန်းလုံးတပ်ရင်း အနားသို့ နီးလာလေပြီ။ မုဆိုးဘိုမြို့သား ရဲမြန်မာများလည်း အသင့် စောင့်၍ ရန်သူကိုရင်ဆိုင်ရေးကို အလေးမမူ အားယူလျက်ရှိကြသည်။ တပ်ထိပ်မှ စောင့်နေကြ၏။ ပစ်ခတ် ထိုးခုတ်ကြ၏။ လှည်းကတုတ်များကို မီးရှူး မီးစည်းနှင့် ရှို့လေသည်။

ဤသို့ လေးငါးရက် ဆက်၍ မြို့တွင်းဝင်ရန် ချဉ်းကပ်သော်လည်း ရန်သူများသည် မိမိတို့ဘက်မှ အသေအပျောက် များလွန်းသဖြင့် မချဉ်းကပ်နိုင်ဘဲ ရံမြဲ ရံရုံမှအပ ဘာမျှ ပို၍ မတတ်သာတော့ချေ။

ရန်သူအင်အားသည် မြို့မှာဝန်းရံ၍ တိုးမပေါက်နိုင်ဘဲ ရှိပင်ရှိငြားသော်လည်း တစ်နည်းနည်းနှင့် မြို့တွင်းသို့ ထိုးဖောက်ရန် ဆက်ကြံနေကြ၏။ ရန်သူ ငြိမ်နေလျှင် အားမွေး အကြံထုတ်နေသည်သာ ဖြစ်သည်။ သို့ဖြစ်၍ မွန်တို့ လက်ရွေးစင် အမာခံ၊ အသေခံ သူရဲကောင်း ၁၅၀၀ ကို ရွေးချယ်လိုက်ပြန်သည်။

ညဥ့် သန်းခေါင်ယံတွင် ၎င်းလက်ရွေးစင် သူရဲကောင်း ၁၅၀၀ ကို မြို့တွင်းဝင်ရန် အောင်းဝပ် ပုန်းကွယ်နေစေသည်။ ၎င်းနောက် ချက်ချင်းပင် အရှေ့မျက်နှာက မြေတုန်လှုပ်ခမန်း အမြောက် စိန်ပြောင်းများကို မရပ်မနား ပစ်ခတ်ကြလျက် တပ်တွင်းသို့ ချဉ်းကပ်လာသည်။ ရဲမက်တို့လည်း အရှေ့မျက်နှာတစ်တပ်ကို တစ်လုံးတည်းတက်မည့် ဟန်ဖြင့် အရှေ့မျက်နှာသို့ ဖိ၍ခံကြစဉ်၊ တောင်တပ်က တပ်စီးတပ်နင်း လူနည်း၍ အမာခံ ၁၅၀၀ တို့လည်း လူငါးဆယ်မျှသာ မြို့တွင်းဝင်နိုင်ပြီး တပ်ဆုတ်ရလေသည်။

ထိုစဉ် မြင်းရည်တက် ဆင်နင်းဗိုလ် နန္ဒကျော်ထင်ဘွဲ့ခံ ဦးကျော်စံသည် တပ်တွင်းသို့ နယ်ကျွံ ထိုးဖောက်ဝင်လာသော ရန်သူများကို ထိုးခုတ်ပစ်ခတ်ရာ ရန်သူ ၂၀ ကျော် ကျဆုံးသွားလေသည်။ ရန်သူများမှာလည်း ဒဏ်ရာဖြင့် ပြေးကောင်း၍ လွတ်သူ လွတ်ကြသည်။ ထိုစဉ် အရှေ့မျက်နှာက သန်လျင်ဝန် ကွပ်ကဲ၍ တပ်ကိုမီးတိုက်ရန် လှည်းကတုတ်များဖြင့် လာနေသည်။ ဤသည်ကို အလောင်းမင်းတရားကြီး ကိုယ်တိုင် ခုခံသောကြောင့် မချဉ်းကပ်နိုင်ဘဲ ရှိလေသည်။

အလောင်းမင်းတရားကြီးသည် စိတ်ချရသော လူရင်းဖြစ်သည့် မတ္တရာမွန် သေိုင်းစပ်ကို အမှတ်သညာများ ပေးလွှတ်လိုက်သည်။ သေိုင်းစပ်လည်း အလောင်းမင်းဘုရား မှာကြား မိန့်ဆိုချက်အတိုင်း တပ်ပြင်မှ ရန်သူ့ကောက်ရိုးလှည်းများကို မီးရှို့လေသည်။ ရန်သူ့လှည်းများ မီးလောင်သော် မီးရောင်ဖြင့် ရန်သူများကို ခပ်ထင်ထင် မြင်ကြရသည်။ သူ့မီး သူ့အရောင် အောက်မှ ရန်သူများကို အလောင်းမင်းတရားကြီး၏ ရဲမက်တို့သည် စိတ်ထင်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက် ပစ်ခတ်နိုင်ကြသည်။ ယင်းအကြဲကြောင့် ရန်သူများ ကျဆုံးကြပြန်သည်။ သန်လျင်ဝန်လည်း ကျည်သင့်ကျဆုံးရသည်။

အလောင်းမင်းတရားကြီးလည်း ငသိုင်းစပ်ကို အားရလွန်း၍ သမိန်ပရမ်းဘွဲ့ အမည် ပေးတော်မူလေသည်။ ယင်းသို့ မှဆိုးဘို ပထမစစ်ပွဲတွင် မြန်မာတို့၌ အမြောက်မရှိသေးသလောက် ရှားပါးလှ၏။ သေနတ်ပင် ပြောပလောက်အောင် မရှိသေးချေ။ ရှိသော သေနတ်နှင့် ပစ်ရန်ခဲယမ်းပင် လုံလောက်စွာ မရှိ။ သို့ရာတွင် မြန်မာတို့ဘက်မှ သူမတုအောင် ပြည့်စုံခြင်းတို့မှာ သတ္တိ၊ အကြံဉာဏ်နှင့် ရဲသွေးရဲမာန်များ ဖြစ်၏။ သို့ဖြစ်၍ အလောင်းဘုရားသည် စစ်ကို ညာသံပေးတိုက်သည်ထက် တပ်ဖြန့်ကာ စစ်မျက်နှာဖြန့်၍ သန့်သန့်ခံ့ခံ့ တိုက်နိုင်ခြင်း ဖြစ်သည်။ လက်နက်ခဲယမ်းကို အချည်းနှီး မဖြုန်းတီး၊ ကျိန်းသေပေါက် ရှိမှ ပစ်ခတ်ကြသည်။

ရန်သူတို့အား တပ်ပြင်သို့ ထွက်၍တိုက်ရန် တိုင်ပင်ဆွေးနွေးကြရာတွင် သားတော် သခင်နှစ်ပါးနှင့် မင်းလုစည်သူ (ဦးစည်းစိမ်)၊ မင်းရဲကျော်စွာ (ဦးအို)၊ မင်းကျော်ပုံချီ (ဦးကောင်း)၊ မင်းလှကျော်သူ (ဦးညွန့်)၊ မင်းလှရွှေတောင် (ဦးတွန်)တို့ လျှောက်ထားကြသည့် စကားရပ်တို့မှာ ရန်သူတပ်ကို ပိတ်ညှပ်လိုအားကြီး၍ များစွာ ပြင်းထန်လွန်းနေသည်။ ယခု တပ်တို့ လုပ်ရည်ကြံရည်ကို ကျွန်တော်တို့ သိကြပြီးဖြစ်၍ ကျွန်တော်တို့နှင့် ဆင်စီးချင်း၊ မြင်းစီးချင်း မျက်နှာဆိုင်ဝံ့မည် မဟုတ်။ ယခုပင် ရဲတပ်ကို ထွက်၍ တိုက်သင့်ပါသည် ဆို၏။ 'သင်းတို့ မချဉ်းကပ်ဝံ့၍သာ သည်အတိုင်း ရှံနေကြသည်။ သည်အခါသော် ငါကိုယ်တော်တိုင် ထွက်တိုက်မည်' မင်းလှရွှေတောင်၏ လျှောက်ထားချက်ကို အလောင်းမင်းတရားကြီးက ပြန်၍ မိန့်ဆိုလိုက်လေသည်။

ရှေ့သို့စွန့်စားရန် ဆုံးဖြတ်ကြသည်။ မင်းလုစည်သူ (ဗိုလ်ချုပ်)က အရှေ့မျက်နှာ တပ်နှစ်တပ်၊ မင်းကျော်ပုံချီ (ဗိုလ်ချုပ်)က တောင်မျက်နှာမှ တပ် တစ်ဆယ့်တစ်တပ်၊ နန္ဒယော်ဓာ (ဦးပန်း)နှင့် မင်းရဲကျော် (မောင်စိန်ငုံ)တို့ကို မြောက်မျက်နှာက တပ် တစ်ဆယ့်ငါးတပ်နှင့် ညီတော် သတိုးသခ်သူ (ဗိုလ်ချုပ်)ကို စုစုပေါင်း ၄၅ တပ် စီစဉ်ထားစေ၏။ တပ်ပေါင်း ၄၅ တပ် ဆိုသော်လည်း တပ်သား မများလှဖြစ်၍ 'ငါ နေရာချထားသည့်အတိုင်း စီစဉ်ကြရာတွင် စစ်ရေးငင်လာသော်လည်း မလိုက်နှင့်၊ ကျောက်တိုင်နှင့်အတူ ကြံ့ကြံ့သာ နေ၊ ငါ အောင်သံပေးမှ ရှုပ်ရှုပ်ချွံချွံ ဖိဖိစီးစီး ချဉ်းနင်း ထိုးခုတ်ရမည်' အလောင်းမင်းတရားက ဤသို့ ထပ်မံ၍ မိန့်မှတ်ထားပြန်သည်။ လူနည်းနည်းနှင့် ကျဲကျဲဝိုင်းဆိုသကဲ့သို့ ၄၅ တပ်စလုံး ထွက်၍ မြို့နှင့် ၁၃ တာ အကွာတွင် လက်ယာရစ်ပတ်၍ တပ်စွဲကြသည်။

အပြင်မှ ဝိုင်းရံလျက်ရှိသော ရန်သူတပ်တို့လည်း နှစ်ကြိမ် သုံးကြိမ် စစ်ရေးငင်လာလေသည်။ မြန်မာတပ်က မင်းတရားကြီးအမိန့်ကို နာခံ၍ လိုက်မတိုက်ဘဲ တောင့်တင်းစွာ ကြံ့ကြံ့ခံကြသည်။ ရန်သူတို့သည် စစ်ငင်မရ၍ နေမြဲနေရာမှ မတိုးတက်ဘဲ ရပ်နေရ၏။ အလောင်းမင်းတရားကြီးကား ထွက်မလာသေး။ ထိုသို့ နံနက် နေထွက်သာသာက မွန်းတည့်ချိန်အထိ တစ်ဦး၏ ပျော့ကွက်နှင့် အမှားကို တစ်ဦး အခြေပျက်သည်အထိ စောင့်နေကြစဉ် ....။

၁၁၁၄ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် သောကြာနေ့ မွန်းတည့် နှစ်ချက်တီးကျော် နှစ်မောင်းတွင် အလောင်းမင်းတရားကြီး ကိုယ်တော်တိုင် အောင်တံခွန် လွှားလွှားလွင့်လျက် သားတော်နှစ်ပါး၊ မြင်းရည်တက်များနှင့်တကွ ၄၆ ရွာခေါင်းအစု အမှုထမ်း လက်နက်စွဲ သူရဲအပေါင်း ခြံရံ၍ စည်တော်ရွှမ်းကာ အရှေ့မျက်နှာ လက်ယာတံခါးမှ ရွှေထီးဖြန့်ကာ ထွက်တော်မူလေသည်။ ဤသည်ကို ရန်သူအားလုံး မြင်၍ အံ့အားသင့်စွာ ရတ်တရက် ကြည့်မြင်ရလေသည်။

ထိုစဉ် မမျှော်လင့်သော အတိတ်စိမ်း နိမိတ်တစ်ခုဟု ဆိုလေမည်လား မသိ။ ကောင်းကင်မှ ငှက်တစ်ကောင်သည် စွန်ရဲကိုက်၍ မင်းတရားကြီး ရှေ့တော်တည့်တည့် ဦးခေါင်းငိုက်စိုက် ကျလာသည်။

မင်းတရားကြီး တွေ့မြင်သဖြင့် 'စွန်– အင်္ဂါနံ၊ သိမ်း– သောကြာနံ၊ မွန်လည်း အင်္ဂါနံ၊ ငါလည်း သောကြာသား ဖြစ်၍ ယနေ့ အောင်မြင်တော်မူမည်မှာ မလွဲ' ဟု နိမိတ်ဖတ် အတိတ်ကောက်တော်မူသည်။

'ရဟန်းရှင်လူ ပြည်သူတကာ သာသနာတော်၏ အစီးအပွား၊ ဆွေတော်မျိုးတော်မျိုး အစီးအပွားကို များတော် မြေးတော်အစဉ် မြစ်တော်အညွန့်တိုင် အောင်တော်မူထိုက်သည် မှန်လျှင် သိကြား၊ စတုလောကပါလ သာသနာစောင့်



www.burmeseclassic.com

www.burmeseclassic.com



နတ်တို့ ကူညီဆောင်ရွက်၍ အလွယ်တကူ အောင်မြင်စေသော၀' အလောင်းမင်းတရားကြီးသည် ရွှေကရားဖြင့် ရေစင်တို့ကို မြေသို့ သွန်းဖျန်း ပြီးမြောက်သည်နှင့် တစ်ပြိုင်နက် 'အောင်ခါ ရောက်ပြီ၊ အောင်ချိန် သင့်ပြီ၊ အောင်ခါ တိုင်ပြီ' ဟု အသံဥက္ကဋ္ဌဖြင့် ဟစ်ကြားတော်မူရာ တပ်မတော်သားရဲမက်အားလုံး ကြားကြရ၏။

ထိုစဉ် အောင်စည်အောင်မောင်းတို့ဖြင့် ငြိမ့်ညောင်းသာယာစွာ တီး၍ အသိအမှတ် ပြုကြလေသည်။ တပ် ၄၅ တပ်လုံးလည်း တစ်ပြိုင်နက် ကြေညာ၍ တိုက်ကြတော့သည်။ ပို၍ ရှုပ်ရှုပ်ချွံချွံ ရဲရဲစားစား ထိုးခုတ်ပစ်ခတ် အားကောင်းကြ၏။ တစ်ဦးနှင့်တစ်ဦး မခွဲမခြား မတိုးမရွေ့သာသည်အထိ ထွေးလားလုံးလား ရှိနေကြသည်။

အလောင်းမင်းတရားကြီး ကိုယ်တော်တိုင်သည် လက်သုံးတော်ဓားကြီးကို ဆွဲထုတ်လိုက်သည်။ ဝင့်ဝါကြွားမာန်ထနေသည်။ ခေါင်းဆောင်ကိုယ်တိုင် တက်ကြွ၍ အသက်လုလု လှုရဲသည်ကို ငယ်သားရဲမက်များ မြင်၍ မိမိအသက်ကို ပန်းတစ်ပွင့်လောက်ပင် မမှတ်ကြ။ ပိုပြီး စစ်သွေးသတ္တိ အားပြည့်လာကြသည်။ ရန်သူများ ပို၍ အံ့အားသင့်ကြသည်။

ထိုစဉ် အလောင်းဘုရားသည် မိမိအင်အားကို ယုံ၍ ထိုးစစ်ဖြင့် အရှိန်ရတုန်း အဟုန်ကြီးစွာ တိုက်လေရာ ရန်သူတို့ မခံနိုင်လေပြီ။ အဆီးအတားမရှိ ပျက်ရပြီ။ အရှေ့မျက်နှာက ပျက်သဖြင့် တောင်၊ မြောက်၊ အနောက် စသဖြင့် ကျန်သော မျက်နှာရှိ ရန်သူ အစုံတပ်အားလုံး လုံး၀ ပျက်သွားလေသည်။

**ပွဲဦးထွက် တိုက်ပွဲဝင် ရဲဘော်များ**

ပွဲဦးထွက် မုဆိုးဘိုတိုက်ပွဲတွင် မြို့ပြင် (၄)ရပ် (၄)မျက်နှာ၌ တပ်မ (၄)ခု ချထားခခံရာ တပ်မှူးနှင့် ကွပ်ကဲသူ ဗိုလ်ချုပ်ကြီးများ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။ စစ်တိုက်ရန် အချိန်နာရီ စေ့ရောက်သော် အလောင်းမင်းတရားကြီးကိုယ်တော်တိုင် အရှေ့မျက်နှာမှ ထွက်၍ ဦးဆောင် တိုက်ခိုက်သည်။

**အရှေ့မျက်နှာ**

၁။ မင်းလှကျော်သူ
၂။ ဗလကျော်ခေါင်
၃။ ရဲစက်တံခွန်
၄။ မင်းလှကျော်ခေါင်
၅။ သီရိရွှေတောင်
၆။ ဣန္ဒာဗညား
၇။ ဥဒိန်နန္ဒသူ
၈။ မင်းလှစည်သူ (ဗိုလ်ချုပ်)

**တောင်မျက်နှာ**

၁။ ရဲစက်ကျော်ခေါင်
၂။ မင်းရဲကျော်ထင်
၃။ နန္ဒကျော်
၄။ ငမှတ်ကျော် (ပလိုင်းဗိုလ်)
၅။ အင်းရင်ဘုရင်
၆။ စေည်ပင်
၇။ ငွေတောင်ပေါ်
၈။ နရာသခ်ကျော်
၉။ မင်းရဲကျော်စွာ (ဗိုလ်ချုပ်)
၁၀။ မင်းကျော်ပုံချီ (ဗိုလ်ချုပ်)

**အနောက်မျက်နှာ**

၁။ မင်းလှငယ်
၂။ လက်ယာပုံချီ
၃။ မင်းကျော်ရွှေတောင်
၄။ နန္ဒကျော်
၅။ နေမျိုးရွှေတောင်
၆။ ရန်ခွင်းကျော်
၇။ သီရိကျော်ထင်
၈။ ဗလကျော်ထင်
၉။ ငခက်
၁၀။ နန္ဒယော်ဓာ (ဗိုလ်ချုပ်)
၁၁။ မင်းရဲကျော် (ဗိုလ်ချုပ်)

**မြောက်မျက်နှာ**

၁။ ငရွှေကျော်
၂။ တုရင်ဗလ
၃။ ငဖျော်



www.burmeseclassic.com

www.burmeseclassic.com



၄။ ငထွန်းကျော်
၅။ မင်းရဲစည်သူ
၆။ တုလွတ်ကျော်
၇။ လက်ယာဘီလူး
၈။ ဂဇဗလ
၉။ ဗလရာဇာ
၁၀။ စစ်ကောင်းသီရိ
၁၁။ မင်းရဲကျော်
၁၂။ မင်းကျော်ဇသား
၁၃။ သတိုးသိခ်သူ (ဗိုလ်ချုပ်)

**ကျဆုံးသူများ – ၁၃**

ရဲဘော် ၆၈ အနက် ဘွဲ့ထူး ရာထူး အချီးအမြှင့် ခံရသူပေါင်း ၅၅၊ မပေါက်မမြောက်ခင် ကျဆုံးသူပေါင်း ၁၃ ယောက်၊ ပေါင်း ၆၈ ဖြစ်၏။

ကျဆုံးသူတို့ကား (၁) ငပိုက်၊ (၂) သာဝ၊ (၃) မှတ်ကျော်၊ (၄) ငသော်၊ (၅) စည်ပင်၊ (၆) ငဖျော်၊ (၇) တောတ်ဖြိုး၊ (၈) ထွေးညို၊ (၉) ငစဲမှတ်၊ (၁၀) ထွန်းကျော်၊ (၁၁) ငရော၊ (၁၂) ငတုတ်၊ (၁၃) ငခက်။

*

## [၅]နောက်ဆုံး တိုက်ပွဲ

ယိုးဒယားမင်းသားကြီး ဒင်ရောင်း ရေးသော "မြန်မာနှင့် တိုက်ပွဲများ" စာအုပ်၌ အလောင်းမင်းတရားကြီး ယိုးဒယားသို့ ချီတက်ခန်းကို အောက်ပါအတိုင်း ဖော်ပြပါရှိသည်။

ဟံသာဝတီ မြို့တော်ကို သိမ်းပိုက်ပြီးနောက် အလောင်းမင်းတရားသည် ရတနာသိခ်သို့ ပြန်လည် ချီတက်တော်မူသည်။ မဏိပူရ ကသည်းများ အန္တရာယ်ပြုလျက် ရှိသည်ကို နှိမ်နင်းရန် ဖြစ်သည်။

ပဲခူးမြို့ကို တိုက်ခိုက်စဉ် မွန်စစ်သူကြီး တလပန်းသည် လွတ်မြောက် ထွက်ပြေးကာ သံလျင်မြို့တွင် အခိုင်အမာ ခုခံနေသည်။ မြန်မာတို့က သံလျင်ကို တိုက်ခိုက်သိမ်းပိုက်ပြန်သော် တလပန်းသည် ပြင်သစ်သင်္ဘောဖြင့် အိန္ဒိယပြည် ပွန်ဒီချာရီ ခေါ် ပြင်သစ်စခန်းသို့ ထွက်ခွာခဲ့သည်။ သို့သော် ပင်လယ်မုန်တိုင်းကြောင့် ထိုသင်္ဘောသည် တနင်္သာရီ ကမ်းရိုးတန်းရှိ မြိတ်မြို့၌ ဆိုက်ကပ် ခိုလှုံနေခဲ့ရသည်။

မြန်မာ အာဏာပိုင်တို့က ထိုကိစ္စနှင့် ပတ်သက်၍ တနင်္သာရီဘုရင်ခံထံ တလပန်းအား သူပုန်အဖြစ် ဖမ်းဆီးထားရန်နှင့် ပြင်သစ်သင်္ဘောကိုလည်း ဆိုင်းငံ့ထားရန် အကြောင်းကြားသည်။ သို့သော် ယိုးဒယားလူမျိုး ဘုရင်ခံက "ပင်လယ်၌ ဒုက္ခရောက်၍ ခိုလှုံဝင်လာသော သင်္ဘောကို ချုပ်ချယ်ရန် အကြောင်းမရှိ။ သူပုန်ဆိုသူ တလပန်း အကြောင်းကိုမူ သူတို့ ဘာမျှ မသိပါ"ဟု ပြန်ကြားသည်။

ထိုပြန်ကြားချက်ကို အလောင်းမင်းတရားက လုံးဝနှစ်မြို့ခြင်း မရှိ။ သို့သော် အခွင့်မသင့်ချိန် ဖြစ်၍ ယိုးဒယားတို့၏ ရိုင်းပျမှုကို သည်းခံနေလေသည်။

သက္ကရာဇ် ၁၁၃၃ ခုတွင် အလောင်းမင်းတရားသည် ရန်ကုန်မြို့သို့ ပြန်ရောက်ရှိရာ ရွှေတိဂုံ ဘုရားပွဲတော်ကို အကြီးအကျယ် ကျင်းပလေသည်။ သားတော် မောင်ရွှေနှင့် ဗိုလ်မှူး မင်းခေါင်နော်ရထာ (ဦးတွန်)အား လူ ၈၀၀၀ တပ်ဖွဲ့ကာ ထားဝယ်မြို့ကို သိမ်းပိုက်ရန် စေလွှတ်သည်။ ထိုသို့ ချီတက်ရာတွင် ထားဝယ်နယ် တစ်လျှောက်တွင် ကုန်သည်တို့ ပိုင်ဆိုင်သော သင်္ဘောများသည် ယိုးဒယားပိုင် မြိတ်နယ်ဘက်သို့ ထွက်ပြေးခိုလှုံကြသဖြင့် ခုခံမှု အလွန်နည်းပါးကြောင်း၊ မြိတ်မြို့ရှိ ရန်သူအင်အားမှာလည်း မများလှကြောင်းများကို ခမည်းတော်ထံ အကြောင်းကြား၏။ အလောင်းမင်းတရားက တနင်္သာရီနှင့် မြိတ်ကျွန်းဆွယ် တစ်ခုလုံးကို သိမ်းပိုက်ရန် အမိန့်ပေးလိုက်သည်။

သားတော် မောင်ရွှေနှင့် မင်းခေါင်နော်ရထာတို့သည် တနင်္သာရီတစ်ရပ်လုံးကို အလွယ်တကူပင် သိမ်းပိုက်နိုင်ခဲ့သည်။ ယိုးဒယားတို့၏ တိုက်ရေးခိုက်ရေး လွန်စွာပျော့ညံ့သည်ကို တွေ့ရသဖြင့် ယိုးဒယားပြည်တွင်းသို့ပင် ချီတက်တိုက်ခိုက်ရာ တစ်မြို့ပြီးတစ်မြို့ မြန်မာတို့ ရရှိနေခဲ့သည်။

သို့သော် မြန်မာအနေဖြင့် ယိုးဒယားမြို့တော်အထိ ချီတက်ရန် ရည်ရွယ်ချက် မရှိချေ။ အလွယ်တကူ အနိုင်ရလျက် ရှိပုံကြောင့် တစ်နေ့တခြား ဘဝင်မြင့်ခြင်းကား ရှိနေသည်။ ယိုးဒယား ဗိုလ်မှူးကြီး ခွန်ရန်းဖရပ်က ဦးဆောင်ကာ ဝါချောင်ပင်လယ်ကွေ့တွင် မြန်မာတပ်များကို ဆီးကြို ခုခံသည်။ ထိုတိုက်ပွဲတွင် ယိုးဒယားများပင် မရှုမလှ ဆုံးရှုံးကြရသည်။ မြန်မာတို့ လိုက်လံထိုးခုတ်ရာမှ ပင်လယ်ထဲသို့ ခုန်ချ သေဆုံးကြသူ များလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယား စစ်ကူများကို ဦးဆောင်လာရောက်သူ ဖရားရတနတ် ဗိုလ်မှူးကလည်း ယန္တရားတပ်များ ကျဆုံးကြောင်း သိသော် ဆက်လက် မတိုက်ခိုက်တော့ဘဲ ပက်ချာဗူရီမြို့သို့ ဆုတ်ခွာလေသည်။

ထိုအချိန်၌ အလောင်းမင်းတရားကိုယ်တိုင် ထားဝယ်နှင့် မြိတ်သို့ လာရောက်ရာ ယိုးဒယားတို့ အခြေမလှသည်ကို အခွင့်ကောင်း ယူကာ အယုဒ္ဓယမြို့တော်အထိ ချီတက်သိမ်းပိုက်ရန် ဆုံးဖြတ်သည်။ ထို့ကြောင့် တနင်္သာရီနယ်တွင် တပ်မတော်ကို ပြန်လည် ဖွဲ့စည်းကာ ဆင်ကွန်းစစ်ကြောင်းမှ ရှေ့ဆောင် ချီတက်တော်မူသည်။

မင်းခေါင်နော်ရထာတပ်များသည် ရပ်ဗူရီမြို့သို့ ဦးစွာရောက်ရှိသည်နှင့် တိုက်ပွဲဖြစ်ပွားသည်။ ယိုးဒယားတပ်တို့က ရဲရင့်စွာ တော်လှန်ခုခံကြသည်။ သို့သော် မြန်မာဗိုလ်မှူး မင်းသားမောင်ရှ၏ တပ်များ ထပ်မံ အင်အားဖြည့်နိုင်သဖြင့် ယိုးဒယားတို့သည် အယုဒ္ဓယမြို့တော်အထိ ဆုတ်ခွာကြရလေသည်။

အလောင်းမင်းတရား၏ တပ်များသည် ရပ်ဗူရီမြို့၌ ၄ ရက်ကြာ ရပ်နား အင်အားဖြည့်သည်။ ထိုနောက် ဆူပန်ဗူရီမြို့သို့ ဆက်လက် ချီတက်သည်။

ရပ်ဗူရီမြို့၌ ယိုးဒယားများ စစ်ရှုံးကြောင်း သတင်းရသောအခါ အယုဒ္ဓယမြို့တော်၌ ဗရုတ်ဗရက် ဖြစ်ကုန်သည်။ သူတို့စစ်ဦးစီးများ ညံ့ဖျင်း၍ တိုင်းပြည်ပျက်ရတော့မည်ဟု စွပ်စွဲပြစ်တင်ကြ၏။ ဘုရင်ဖြစ်သူ အာကာတပ်က ပြည်သူလူထု အုံကြွမှုကို ထိတ်လန့်သဖြင့် ရဟန်းဝတ်နေသော မင်းသားကြီး ဥတွန်ပုံကို အခြေအနေ ထိန်းသိမ်းကွပ်ကဲရန် တောင်းပန်ရသည်။

အလောင်းမင်းတရား၏တပ်များ စု၍ ပန်ချာဗူရီမြို့မှ ချီလာသောအခါ စောဖျားမဟာသေန ခေါ် ယိုးဒယားဗိုလ်မှူးကြီးက ဦးဆောင်ခုခံသည်။ ရန်သူများ စုန်ဆင်းရာချာကရပ် မြစ်ကမ်းတစ်လျှောက်တွင် ခံတပ်များ ဆောက်လုပ် ခုခံသည်။ အယုဒ္ဓယမြို့တော်မှာ မြစ်ဆုံ၌ တည်ရှိသဖြင့် ထိုမြစ်တို့က ကျုံး၊ မြောင်းများသဖွယ် မြို့တော်ကို ကာကွယ်လျက် ရှိနေ၏။ မြန်မာတို့က ထိုမြစ်များကိုကူး၍ ခံတပ်များကို တိုက်ခိုက်ရ၏။ သို့ မြစ်ကူးချိန်တွင် ယိုးဒယားတို့က အမြောက် စိန်ပြောင်းတို့ဖြင့် သဲသဲမဲမဲ ပစ်ခတ်သည်။ မင်းသား မောင်ရှနှင့် မင်းခေါင်နော်ရထာ၏ တပ်များမှာ ထိုစစ်ဗျူဟာကြောင့် တစ်နေ့တခြား လုံးပါး ပါးနေ၏။

အလောင်းမင်းတရား၏ တပ်များ ရောက်ရှိချိန်၌ မြန်မာစစ်သည်အင်အား ယုတ်လျော့ကာ ယိုးဒယားတို့နှင့် ဆတူလောက်ပင် ရှိနေသည်။ ယိုးဒယားတို့ကို မြန်မာတို့က ရှေ့နောက်ညှပ်ကာ တိုက်ခိုက်ရာ ဗိုလ်မှူးကြီး စောဖျားမဟာသေနသည် ထိုတိုက်ပွဲ၌ ကျဆုံးသည်။ အယုဒ္ဓယမြို့တော်မြောက်ဘက်ရှိ တာတိုက်လင် ကွင်းပြင်ကို အလောင်းမင်းတရား သိမ်းပိုက်သည်။ မင်းသား မောင်ရှနှင့် မင်းခေါင်နော်ရထာတို့က ဖိုစံတုံး ခေါ် ဇောဓိသုံးပင် စခန်းကို သိမ်းပိုက် အခိုင်အမာနေသည်။

ထိုအချိန်၌ နေပြည်တော်ရှိ တရုတ်လူမျိုးတို့က တရုတ်အမျိုးသား ၂၂၀၀ ပါရှိသော တပ်တစ်ခုဖွဲ့ကာ မြန်မာတို့ကို ထွက်၍တိုက်ကြသည်။ ဖိုစံတုံးစခန်း၌ တိုက်ပွဲဖြစ်ရာ မြန်မာတို့က တရုတ်တပ်ကို ချေမှုန်းလေသည်။ ယိုးဒယားတပ်များ ထွက်ရောက် ကူညီကြသော်လည်း နောက်ကျနေသဖြင့် ထွက်ပြေးရသော တရုတ်တို့နှင့် အရောရော အထွေးထွေး ဖြစ်ကာ အားလုံး ပြေးကြရလေသည်။

တပ်စခန်း နေရာကောင်းများသို့ မင်းသားမောင်ရှနှင့် မင်းခေါင်နော်ရထာတို့ ရွှေ့ပြောင်းကြ၏။ ထိုအချိန်မှစ၍ အယုဒ္ဓယမြို့တော်မှ ယိုးဒယားများ ထွက်မလာတော့ဘဲ မြို့တွင်း၌ပင် အခိုင်အလုံ နေ၏။ မြို့တော်အပြင်၌ မြန်မာတို့သာလျှင် လွှမ်းမိုး ကွပ်ကဲနေလေသည်။

မေလအတွင်း မြန်မာတို့သည် အမြောက်ကြီးများကို ချင်ဘုန်းကြီးကျောင်း အတွင်း၌ တပ်ဆင်ကာ မြို့တော်အတွင်းသို့ နေ့ရော ညပါ ပစ်ခတ်လေသည်။ ကျည်ဆန်တစ်ခုက ယိုးဒယားနန်းပြာသာဒ်ကြီးကို ထိမှန်ကာ ထက်ပိုင်း ကျိုးကျ ပျက်စီးသည်။ ဤတွင် မြန်မာတို့ ချက်ချင်း တပ်များကို ရုပ်သိမ်းကာ မြောက်ဘက်သို့ ဆုတ်ခွာကြသည်။

မြန်မာတို့ ရုတ်တရက် တပ်များ ရုပ်သိမ်း ဆုတ်ခွာချိန်၌ အလောင်းမင်းတရားကြီး နာမကျန်းဖြစ်နေကြောင်းကို ယိုးဒယားတို့ မသိကြလေ။ အတန်ကြာမှ ယိုးဒယားမင်းကြီး ဥတွန်ပွန်က စစ်သူကြီး ၂ ဦး (ရိုးမရာဇာနှင့် သီဟရာဇာ)ကို ချီတက်စေကာ မြန်မာတို့ကို မောင်းထုတ်စေသည်။ မောင်းတပ် နယ်မြေအထိ ယိုးဒယား တပ်များက လိုက်ကြ၏။ သို့သော် မြန်မာတို့ကို မမီလိုက်ပါချေ။ အမှန်မှာ ထိုအချိန်က ယိုးဒယားတို့သည် မြန်မာတို့ကို အထူး ကြောက်ရွံ့ တုန်လှုပ်နေကြသည်။ ထို့ကြောင့် မြန်မာတပ်များသည် အေးအေးသက်သာ ဆုတ်ခွာနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အယုဒ္ဓယမြို့တော်မှ အလောင်းဘုရား နာမကျန်း ရှိသောကြောင့် ဆုတ်ခွာသွားပြီးနောက် မြန်မာတပ်များကို ဒုတိယသားတော် မောင်ရွက ဦးစီး ချုပ်ကိုင်လေသည်။ မင်းခေါင်နော်ရထာကမူ မြန်မာတို့ ဆုတ်ခွာရာတွင် နောက်ဆုံးမှ ကြိုးကြပ်ခုခံရင်း လိုက်ပါခဲ့သည်။

မုတ္တမနယ်မြေ ကင်းရွာတွင် အလောင်းမင်းတရားကြီး နတ်ရွာစံလေသည်။ ထိုအရပ်၌ ၃ ရက်ကြာ ရပ်နားကာ စစ်သည် ဗိုလ်ပါတို့ စုံညီစွာဖြင့် အလောင်းတော်ကို မီးသဂြိုဟ်သည်။ ထို့နောက် အရိုးပြာများကို နေပြည်တော် ရွှေဘိုမြို့သို့ ယူဆောင်သွားသည်။

နောင်တော်ကြီး ခေါ် သားတော်ကြီး မောင်လောက်သည် သက္ကရာဇ် ၁၁၂၃ ခုနှစ် ဇွန်လတွင် ဖခင်၏ ရိုက်ရာထီးနန်းကို ဆက်ခံသည်။

မြန်မာတို့ ယိုးဒယားမှ ဆုတ်ခွာချိန်တွင် နောက်ပိုင်းစစ်တပ်များကို အုပ်ချုပ်သူ မင်းခေါင်နော်ရထာသည် အလောင်းမင်းတရားကြီး နတ်ရွာစံပြီဟု ကြားသိရသောအခါ သူ၏စိတ်ဓာတ် တစ်မျိုးတစ်မည် ပြောင်းသွား၏။ သေနင်္ဂဗျူဟာ စစ်ရေးစစ်ရာတို့၌ သူသာလျှင် ကျွမ်းကျင်လိမ္မာသည်၊ ရန်သူကို ဖယ်ရှားနိုင်သည် ဟူသော မိမိကိုယ်ကို အထင်ကြီးမှု၊ ပလွားစိတ်များ ဝင်လာသည်။ မြန်မာပြည်၌ အရေးပါ အရာရောက်သူ အနေဖြင့် ဆက်လက် ရပ်တည်နေလိုစိတ် ရှိလေသည်။

ထို့ကြောင့် မြန်မာနယ်မြေသို့ သူ၏တပ်များ ပြန်ရောက်သောအခါ ယခင်က စစ်လမ်းကြောင်းများအတိုင်း မသွားဘဲ အင်းဝမြို့သို့ တိုက်ရိုက် ချီတက်လေသည်။ မင်းခေါင်နော်ရထာသည် အင်းဝမြို့တော်ကို ဝင်ရောက်သိမ်းပိုက်ကာ ရှင်ဘုရင်အသစ် နောင်တော်ကြီးကို သစ္စာမခံဘဲ ရှိနေသည်။

အလောင်းမင်းတရား၏ညီတော် သတိုးဥဇနာသည် ပုဂံမြို့စား ဖြစ်နေရာမှ ပုန်ကန်ခြားနားကာ သူ၏တူတော် မောင်လောက်ကို အလားတူစွာ သစ္စာမခံ ရှိနေသည်။

ထိုသို့ မွန်ပြည်၊ မြန်မာပြည် အရပ်ရပ်၌ ထကြွမှုများ ပေါ်ပေါက်နေလေသည်။ သို့သော် အလောင်းမင်းတရား၏ သားတော်များသည်လည်း စစ်ရေးစစ်ရာ၌ ကျွမ်းကျင်သူများ ဖြစ်သည်။ သို့တစေလည်း မြန်မာတစ်ပြည်လုံး ငြိမ်ဝပ်ပိပြားအောင် ၂ နှစ်ကြာမျှ အနှံ့အပြား လိုက်လံ နှိမ်နင်းခဲ့ရသည်။

*

## [ ၆ ] ဘွဲ့ရ ရဲဘော်ကြီးများ

အလောင်းမင်းတရားကြီး အရေးတော်ပုံ ကာလအတွင်း တိုက်ပွဲအသီးသီး ပါဝင် ဆင်နွှဲခဲ့ကြရသော ရဲဘော်ကြီးများသည် ပွဲရတိုင်း ဘွဲ့ထူးသစ်များ ရရှိရာ အချို့မှာ ဘွဲ့(၇) ဆင့်ပင် ဆင်မြန်းခဲ့ကြသည်။ ဘွဲ့သစ်ရတိုင်း ဘွဲ့ဟောင်းကို စွန့်ရ၏။

အောက်ပါတို့မှာ ရဲဘော် (၆)ကျိပ်ဝင်တို့ အနက် ဘွဲ့အမျိုး မျိုးနှင့် ထင်ရှားခဲ့သော သူရဲကောင်း (၃၀)တို့၏ စာရင်း ဖြစ်သည်။ ကျန်ရှိသူများ ဘွဲ့ရကြသော်လည်း သူတို့လောက် မထင်ရှားဟု ဆိုရပေမည်။

| | |
|---|---|
| ၁။ **ငကောင်း–** | ၁။ မင်းကျော်ပျံချီ |
| | ၂။ မင်းလှမင်းခေါင် |
| | ၃။ မဟာသေနာပတိ |
| | ၄။ မင်းလှမင်းကျော်ခေါင် |
| | ၅။ အဂ္ဂမဟာသေနာပတိ |
| | ၆။ သေနတ်ဝန် |
| ၂။ **ငတွန်–** | ၁။ သီရိရွှေတောင် |
| | ၂။ မင်းလှရွှေတောင် |
| | ၃။ မင်းလှမင်းခေါင် |
| | ၄။ မင်းခေါင်နော်ရထာ |
| | ၅။ မုဆိုးချုံဗိုလ် |
| ၃။ **ငသာ–** | ၁။ ရွှေတောင်လှကျော် |
| | ၂။ ရွှေတောင်ထွန်ကဲ |
| | ၃။ မင်းလှရာဇာ |
| | ၄။ မင်းကျော်ထင် |
| | ၅။ မဟာသီဟသူ |
| | ၆။ မဟာသီရိ သီဟသူ |
| | ၇။ မဟာသီရိ သီဟသူရ |
| | ၈။ အသည်ဝန်ကြီး |
| ၄။ **ငစည်းစိမ်–** | ၁။ မင်းလှစည်သူ |
| | ၂။ စည်သာမင်းကြီး (မရီးတော်၏ ခင်ပွန်း) |
| ၅။ **ငဆုတောင်း–** | ၁။ တုလွှတ်ကျော် |
| | ၂။ မင်းငယ်ဇလ |
| | ၃။ သက်ရှည်ကျော်ထင် |



www.burmeseclassic.com

www.burmeseclassic.com



၄။ သီရိသီဟသူ
၅။ နေမျိုးသီဟ ကျော်ထင်
၆။ ကြိုင်းသေည်မြို့ဝန်
၇။ လက်ဝဲဝင်းတော်မှူး

၆။ **သွေင်–**
၁။ ရဲကျော်သူရ
၂။ ဗလမင်းထင်
၃။ ဗလနော်ရထာ
၄။ ကောင်းတုံဝန်

၇။ **ပေန်း–**
၁။ နန္ဒယော်ဓာ
၂။ သက်တော်ရှည်
၃။ မင်းကြီးသက်တော်ရှည်
၄။ တရားမြို့စား

၈။ **ချေင်းတီး–**
၁။ မင်းလှကျော်ထင်
၂။ မင်းကြီးကျော်ထင်
၃။ မဟာပကြံ
၄။ မဟာဥတ္တမပကြံ
၅။ မဟာနန္ဒ သင်္ကြံ
၆။ မဟာဥတ္တမဇေယျ သူရ
၇။ တွင်းသင်းဝန်
၈။ ကြံခင်းမင်းကြီး

၉။ **ပွေင့်–**
၁။ နေမျိုးရွှေတောင်
၂။ မင်းလှရွှေတောင်
၃။ နေမျိုးသီရိဇေယျ
နော်ရထာ
၄။ ဝန်ကြီး

၁၀။ **ရွှေေရည်–**
၁။ ဗလဇေယျကျော်
၂။ မင်းကျော်စည်သူ
၃။ နေမျိုးနော်ရထာ
၄။ မင်းကြီး မင်းကျော်ခေါင်
၅။ မဟာသီရိဇေယျသူရ
၆။ သတိုးမဟာ သက်တော်ရှည်
၇။ ကျောက်ဆည်ဝန်

၁၁။ **ရွှေေခဲ–**
၁။ စစ်ကောင်းသီရိ
၂။ စစ်ကောင်းသီရိကျော်
၃။ မင်းကြီးကျော်
၄။ ဥတ္တမ သီရိသင်္ခယာ
၅။ သိန္နီမြို့ဝန်

၁၂။ **မြေတ်ထွေန်း–**
၁။ မင်းကျော်ဗညား
၂။ မင်းကျော်အာကာ
၃။ မင်းကျော်နော်ရထာ
၄။ မင်းကြီးစွာစောထွေး
၅။ မဟာနန္ဒသင်္ကြံ
၆။ လက်ယာဝင်းမှူး

၁၃။ **ချေစ်ဖိုး–**
၁။ ဗလရာဇာ
၂။ မင်းကြီးရာဇာ
၃။ ဥတ္တမရာဇာ
၄။ စစ်တောင်းမြို့ဝန်

၁၄။ **နှေောင်း–**
၁။ လက်ယာကျော်ထင်
၂။ မင်းလှနော်ရထာ
၃။ မင်းကြီးမင်းခေါင်
၄။ မဟာစည်သူ
၅။ မဟာသီဟသူ
၆။ သတိုးသီရိမဟာဥဇနာ
၇။ မြို့လတ်ဝန်ကြီး

၁၅။ **သွေင်–**
၁။ မင်းငယ်ကျော်
၂။ မင်းရဲနန္ဒသူ
၃။ သတိုးသီဟကျော်

၁၆။ **ဖြေိုးသာ–**
၁။ ဥဒိန်ရဲနိုင်
၂။ လက်ယာကြံတိုင်း
၃။ လက်ယာကျော်စွာ
၄။ ရှေ့ဝင်းတော်မှူး

၁၇။ **ရွှေေထင်–**
၁။ နေမျိုးကျော်ထင်
၂။ မြောင်ဦးစား
၃။ ဝန်ကြီး

၁၈။ **ညေိုမင်း–**
၁။ မင်းကျော်ရွှေတောင်
၂။ ဝန်ကြီး

၁၉။ **မြေ–**
၁။ နန္ဒကျော်
၂။ မင်းကျော်သိဒ္ဓိ
၃။ ဗလဇေယျကျော်ထင်
၄။ အဘယဂါမဏိသူရ
၅။ သူရကျော်ထင်
၆။ ကာမဏိသင်္ကြံ
၇။ နေမျိုးသီဟသိင်္ခသူ
၈။ ညောင်စာရေးမြို့စား



www.burmeseclassic.com

www.burmeseclassic.com



၂၀။ ရွှေရှည်- ၁။ နရာပုံချီကျော်
၂။ ရွှေတောင်မင်းကျော်
၃။ ရွှေတောင်စည်သူ
၄။ ဇေတုကာဘယ
၅။ ဥဒိန်ကျော်သူ
၆။ ဗန်းမော်မြို့ဝန်
၂၁။ ကျော်စံ- ၁။ နန္ဒကျော်ထင်
၂။ မင်းကျော်ဥဒိန်
၃။ မင်းကြီးကျော်ထင်
၄။ မင်းကြီးမင်းကျော်ခေါင်
၅။ မဟာသီရိဇေယျကျော်သူ
၆။ မဟာရာဇသင်္ကြံ
၇။ မဟာသီရိဇေယျသိခ်ယာ
၈။ စစ်ကိုင်းမြို့ဝန်
၉။ ဆင်နင်းဗိုလ်
၂၂။ စေိန်ငုံ- ၁။ မင်းကျော်ထင်
၂။ မင်းရဲကျော်
၃။ မင်းရဲကျော်ထင်
၄။ မူးကပေါက်မြင်းမှူး
၂၃။ ညွှန့်- ၁။ မင်းလှကျော်သူ
၂။ မင်းရဲမင်းကျော်
၃။ အဝဗိုလ်မှူး
၂၄။ ပေါ်ထင်- ၁။ ငွေတောင်ပေါ်
၂။ ရွှေတောင်ကျော်စွာ
၃။ ရွှေတောင်ကျော်စွာကျော်
၄။ သီရိဇေယျသင်္ကြံ
၂၅။ ထွန်းမြတ်- ၁။ ရန်နိုင်သီရိ
၂။ လက်ကြံသိုင်း
၃။ ဗန္ဓုသေနကျော်ထင်
၄။ မင်းကြီးပစ္စောတ
၅။ ရာဇဥဿရော
၆။ ရာဇဥတ္တမကျော်ထင်
၇။ ကောင်းဟန်ဝန်
၂၆။ ပေန်းညို- ၁။ နရာသိခ်ကျော်
၂။ ကျော်ထင်ရွှေတောင်
၃။ သီရိနန္ဒာမိတ်ကျော်ထင်
၄။ ကျော်တင်တရဖျား
၅။ မဟာတရဖျား
၆။ မင်းတုန်းမြို့ဝန်
၂၇။ စံရာ- ၁။ လက်ယာပုံချီ
၂။ မင်းထင်ပုံချီ
၃။ မင်းကြီးဂါမဏိစန္ဒ
၄။ စတုဂါမဏိ
၅။ နေမျိုးဥတ္တမနော်ရထာ
၆။ ပုဂံမြို့ဝန်
၂၈။ သော်- ၁။ နေမျိုးနန္ဒမိတ်
၂။ မင်းကြီးနန္ဒရာဇ်
၃။ နန္ဒဥဿရော
၄။ နန္ဒသာရကျော်ထင်
၅။ မတ္တရာမြို့ဝန်
၂၉။ သွယ်- ၁။ ရန်ခွင်းကျော်
၂။ တုရင်သီဟကျော်
၃။ သီဟရာဇသင်္ကြံ
၄။ နေမျိုးဇေယျသင်္ကြံ
၅။ နေမျိုးကျော်ထင်သခ်
၆။ တောင်ဘက်တိုက်ဝန်
၃၀။ ညိုသူ- ၁။ လက်ယာဘီလူး
၂။ မင်းထင်နော်ရထာ
၃။ ရှေ့ဝင်းတော်မှူး

*

## [ ၇ ] တိုင်းရင်းသားနှင့် နိုင်ငံခြားသားတပ်

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများအား အရည်အချင်းအလျောက် မြောက်စားချီးမြှင့်ခြင်း၊ နေရာပေးခြင်းသည် အဘက်ဘက်မှ တိုးတက်နေသည့် ယခုခေတ်မှသာ မဟုတ်၊ မြန်မာမင်းများ လက်ထက်ကလည်း စစ်ဘက် နယ်ဘက်တို့တွင် တိုင်းရင်းသားများအား အရေးကြီးသော ရာထူးကြီးများတွင် ခန့်အပ်ခြင်းများ၊ ချီးမြှင့် မြှောက်စားခဲ့ကြောင်း သိရသည်။ (**ရွှာသစ်ကြီး သန်းထိုက်၊ အိုးဝေ ဂျာနယ်။ ၁-၁၁-၇၁**)။

သာဓက ပြရလျှင် ဘုရင့်နောင်ခေါ် ဟံသာဝတီ

www.burmeseclassic.com



မင်းတရားကြီး လက်ထက်တွင် မွန်အမျိုးသား အမတ်ကြီး ဗညားဒလအား တိုင်းရေးပြည်ရေး ကိစ္စများ စီမံခန့်ခွဲရန် အတွက် ပညာရှိအမတ်ကြီးအဖြစ် ခန့်ထားခဲ့သည်။ တိုင်းရင်းသားများကို ယုံယုံကြည်ကြည် စစ်ဘက်တွင် တပ်မှူး စစ်ကဲများ ခန့်ထားခဲ့ကြောင်း အောက်ပါ လင်းဇင်းသို့ ချီတက်သော တပ်များတွင် တွေ့ရှိနိုင်လေသည်။

"သီရိဇေယျနော်ရထာ တစ်တပ်၊ ယိုကရက် တစ်တပ်၊ သီရိဓမ္မာသောက တစ်တပ်၊ ဗညားအရိန္ဒမာ တစ်တပ်၊ ဥတ္တမသီရိဇေယျသူရ တစ်တပ်၊ သမိန်ပွန်စည် တစ်တပ်၊ မင်းရဲကျော်ထင် တစ်တပ်၊ သမိန်ဖြတ်စ တစ်တပ်၊ နန္ဒသူရိယ တစ်တပ်၊ ဤတပ်များကို ညီတော် တောင်ငူမင်းခေါင် တပ်မပြု၍ ချီရသည်။ သည်ဆယ်တပ်တွင် ပါသည့် တိုက်ဆင် ခြောက်ရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းတစ်သောင်းနှင့် တစ်ကြောင်းချီရသည်။

"နေမျိုးကျော်ထင် တစ်တပ်၊ သမိန်သံလိုက် တစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ သမိန်ရဲသင်ရံ တစ်တပ်၊ မင်းမဟာ တစ်တပ်၊ သမိန်ဇော်ကရုတ် တစ်တပ်၊ ဘယသင်္ကြံကြီး တစ်တပ်၊ သမိန်ပရမ်း တစ်တပ်၊ ဘယကျော်သူ တစ်တပ်၊ ဤတပ်များကို ပြည်ဘုရင် သတိုးမဟာဓမ္မရာဇာ တပ်မပြု၍ ချီရသည်။ သည်ဆယ်တပ်တွင် ပါသည့် တိုက်ဆင် ခြောက်ရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းတစ်သောင်းနှင့် ချီရသည်။

"ဘယကာမဏိ တစ်တပ်၊ အဲမွန်တယာ တစ်တပ်၊ ဇေယျဘယသင်္ကြံ တစ်တပ်၊ သမိန်လကွန်းအိမ် တစ်တပ်၊ ဇင်းမယ်ဗညားသေဥ်လု တစ်တပ်၊ ဗညားသံလန့် တစ်တပ်၊ ယိုးဒယားက ဩယာ်ပိဿလောက် တစ်တပ်၊ ဩယာ သုဝဏ္ဏလောက် တစ်တပ်၊ ဩယာပိတ်စဲက တစ်တပ်၊ ဤတပ်များကို သားတော် မဟာဥပရာဇာ တပ်မပြု၍ ချီရသည်။ သည်ဆယ်တပ်တွင် ပါသည့် တိုက်ဆင် ခြောက်ရာ၊ မြင်း ခြောက်ထောင်၊ စစ်သည်သူရဲ တစ်သိန်းတစ်သောင်းနှင့် ချီရသည်"ဟူ၍ ဖြစ်သည်။

ထို့အပြင် တိုင်းရင်းသား လူမျိုးများထဲမှ အရည်အချင်း ပြည့်ဝကြသူများကို သူ့နယ် သူ့ဒေသတွင်ပင် ယုံကြည်စိတ်ချစွာဖြင့် ခန့်ထားခြင်း၊ တိုင်းပြည်အန္တရာယ် ပေါ်ပေါက်ပါက ရန်သူအား စုပေါင်း နှိမ်နင်းခြင်း ရှိခဲ့ကြောင်း၊ ဘုရင့်နောင်လက်ထက် မိုးကောင်းသို့ ချီခန်းတွင် တွေ့ရှိနိုင်လေသည်။

"သက္ကရာဇ် ၉၃၆ ခု သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့တွင် မိုးကောင်း၊ မိုးညှင်းသို့ ချီတက်ရန်အတွက် ဗန်းမော်စော်ဘွား တစ်တပ်၊ မိုးမိတ်စော်ဘွား တစ်တပ်၊ ကုန်းဘောင်စော်ဘွား တစ်တပ်၊ သိန္နီစော်ဘွား တစ်တပ်၊

ဦးအောင်ဇေယျ၏ ဂူပြာသာဒ် (ရွှေဘိုမြို့အနီး၌ တည်ရှိသည်)။



www.burmeseclassic.com



မိုးနံ့စော်ဘွား တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ ပုဂံစား တစ်တပ်၊ ဗဒုံစား တစ်တပ်၊ ကန္နီစား တစ်တပ်၊ တပယင်းစား တစ်တပ်၊ မြေဒူးစား တစ်တပ်၊ ကျန်တပ်များကို သမက်တော် အင်းဝဘုရင် သတိုးမင်းစောကို တပ်မပြု၍ ချီရသည်။ သည်တပ် တစ်ဆယ့်ငါးတပ်တွင် ပါသည့် တိုက်ဆင် ရှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ ခြောက်သောင်းနှင့် ချီရသည်။"

## တစ်စိတ်တစ်ဝမ်း

တစ်ဖန် တိုင်းရင်းသားလူမျိုး အားလုံးသာမက မြန်မာ့မြေပေါ်တွင် နေ၍ မြန်မာ့ဆန်ကို စားသော နိုင်ငံခြားသားများဖြစ်သော တရုတ်၊ ယိုးဒယား၊ ကသည်း(ပုဏ္ဏား)၊ ပေါ်တူဂီနှင့် ပသီကုလား (မွတ်စလင်)များလည်း တိုင်းရင်းသားများနည်းတူ တစ်စိတ်တစ်ဝမ်းတည်း ရှိ၍ နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့ကြောင်း ဟံသာဝတီ မင်းတရားကြီးကိုယ်တိုင် လင်းဇင်းသို့ ချီသောတပ်နှင့် သီဟိုဠ်ကျွန်းသို့ ချီသော တပ်များက သက်သေခံလျက် ရှိသည်။

"ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီးတပ်တော်တွင် ဝင်းတော်လေးမျက်နှာ၊ တပ်သားလေးထောင်ကို ရွှေဒိုင်း၊ ရွှေလွှား၊ ရွှေကာ၊ ရွှေလုံ့ စွဲစေ၍ လက်ဝဲလက်ယာ၊ ရှေ့နောက် တစ်ထောင်စီ လိုက်ရသည်။ ရွှေဦးရစ်တွင် ရွှေပန်းပန်စေသော ကုလားပသီ (မွတ်စလင်)လေးထောင်တို့ကိုလည်း သေနတ်ကိုင်စေ၍ လက်ဝဲ လက်ယာ၊ ရှေ့နောက် တစ်ထောင်စီ လိုက်ရသည်။ ဝမ်းဘဲနှုတ်သီး ဦးထုပ်ဆောင်း၍ ဘောင်းနက် (ဘောင်းဘီနက်) ဝတ်စေသော ကုလားဗရင်ဂျီ (ပေါ်တူဂီ)လေးရာတို့ကိုလည်း အမြောက်လေးရာ စွဲစေ၍ လက်ဝဲ၊ လက်ယာ၊ ရှေ့၊ နောက်၊ မြင်း တစ်ရာစီ လိုက်ရသည်။ ရွှေမောက်တို တို့တွင် ရွှေပန်းပန်စေ၍ ရွှေချပ်ဝတ်စေပြီးသော မြင်းသည်လေးထောင် တို့ကိုလည်း လက်ဝဲ၊ လက်ယာ၊ ရှေ့၊ နောက် မြင်းတစ်ထောင်စီ လိုက်ရသည်။ မှူးသား၊ မတ်သား ဆင်စီး လိမ္မာသသူလေးရာတို့ကို တိုက်ဆင်လေးရာနှင့် လက်ဝဲ၊ လက်ယာ၊ ရှေ့၊ နောက် တစ်ရာစီ လိုက်ရသည်။ ရှေ့ဝင်းတော်က သိရိဇေယျကျော်ထင်ကို တပ်မှူး၊ လက်ဝဲရန္တမိတ်ကို စစ်ကဲ ခန့်တော်မူသည်။ လက်ယာ ဝင်းတော်က သက်ရှည်ကျော်ထင်ကို တပ်မှူး၊ လက်ယာနန္တသူကို စစ်ကဲ ခန့်တော်မူသည်။ လက်ဝဲ ဝင်းတော်မှူးက နန္ဒကျော်ထင်ကို တပ်မှူး၊ ဇေယျနန္ဒမိတ်ကို စစ်ကဲ ခန့်တော်မူသည်။ နောက်ဝင်းတော်က ဘယကျော်ထင်ကို တပ်မှူး၊ ဓမ္မသီရိကို စစ်ကဲ ခန့်တော်မူသည်။ ဟံသာဝတီတွင် တရဖျားနှင့် သမိန်စိတ်ပွန်ကို မြို့စောင့် ခန့်တော်မူသည်။ ဗညားလောနှင့် မင်းစည်သူကို အနောက်ပုသိမ်တစ်လွှားကို အစောင့်အနေ ခန့်တော်မူသည်။ ဤသို့ ခန့်တော်မူပြီး သက္ကရာဇ် ၉၃၆ ခု သီတင်းကျွတ်လပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့ လင်းဇင်းသို့ ချီတက်တော်မူသည်။"

## သီဟိုဠ်သို့ချီတပ်

သီဟိုဠ်ကျွန်းသို့ ချီသော တပ်များမှာ–

"သီရိဇေယျကျော်ထင်၊ ဗညားဒလတို့က ရဲရင့်သော တပ်သားများ ရွေးချယ်ရသည်။ ယိုးဒယားသား တစ်ရာ၊ တနင်္သာရီသား တစ်ရာ၊ လင်းဇင်းသား တစ်ရာ၊ ဇင်းမယ်သား တစ်ရာ၊ ကျိုင်းတုံသား တစ်ရာ၊ ကသည်းသား (ပုဏ္ဏား) တစ်ရာ၊ ထားဝယ်သား တစ်ရာ၊ မိုင်းမောသား တစ်ရာ၊ စည်ခွင်သား တစ်ရာ၊ တရုတ်သား တစ်ရာ၊ ရှမ်းစောလုံ ငါးရာ၊ မွန် ငါးရာ၊ မြန်မာ ငါးရာ၊ သည်နှစ်ထောင့်ငါးရာသော ရဲမက်တို့ကို အထူးထူးသော မောက်တို၊ မောက်လှူ၊ မိန်ညို၊ သံချပ်နှင့် ချည်း၊ ရွှေလွှား၊ ရွှေကာ၊ ရွှေလုံ့ စွဲစေ၍ စန္ဒသူရိယကို တပ်မှူး၊ ရာဇဗညားကို စစ်ကဲ ခန့်တော်မူသည်။ ထိုသူတို့ စီးစရာ ဆင်နှစ်စီးနှင့်တကွ ဆုလာဘ် ပေးစရာလည်း ငွေအများ ပေးတော်မူလိုက်သည်။ စစ်သည်တော် နှစ်ထောင့်ငါးရာကို သင်္ဘောငါးစင်းတွင် တစ်စင်း ငါးရာစီ စီးစေ၍ လွှင့်ရသည်"ဟူ၍ မဟာရာဇဝင်ကျမ်းတွင် ဖော်ပြ ပါရှိလေသည်။

## ကျောသား မခွဲ

ဤ စစ်ချီပွဲများကို ကြည့်ခြင်းအားဖြင့် ရှေးမင်းတို့သည် တိုင်းရင်းသားများအား ကျောသားရင်သား မခွဲခြားခဲ့ပေ။ အရည်အချင်းရှိလျှင် ရှိသလိုပင် တိုင်းရင်းသားတို့အား ယုံကြည်စွာဖြင့် တာဝန်ပေးအပ်ခြင်း ပြုခဲ့သည်။ ထို့အတူ တိုင်းရင်းသားအပေါင်းနှင့် နိုင်ငံခြားသားများကလည်း သစ္စာရှိရှိ ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ အန္တရာယ်ဟူသမျှကို ကာကွယ်ခဲ့ကြောင်း သမိုင်းဖြစ်ရပ်များက သက်သေခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com







အတွင်းဝန်ကတော်



အတွင်းဝန်



စာရေးတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၄ ကုန်းဘောင် ဗိုလ်ချုပ် ၃ ဦး

## [၁] ဦးကောင်း– အဂ္ဂမဟာသေနာပတိ

"သေနတ်ဝန် ဆိုသူကို အရဖမ်းပါ၊ သူ့ကို မိလျှင် ငါတို့ မုဆိုးဘိုကို အလွယ်နှင့် ရမည်"

အင်းဝမြို့တော်ကို သိမ်းပိုက်ပြီးသော မွန်ဗိုလ်ချုပ် တလပန်းက အထက်ပါအတိုင်း သူ၏ တပ်သားများကို မှာကြားသဖြင့် သေနတ်ဝန် ခေါ် မြန်မာလူစွမ်းကောင်း ဦးကောင်းသည် မည်မျှ စွမ်းပကားရှိသည်ကို သိနိုင်ပေသည်။

အလောင်းမင်းတရားက သူ့ကို ပထမ ပေးသောဘွဲ့မှာ "မင်းကျော်ပျံချီ"ဖြစ်လျက် နောက်ပိုင်းတွင် "အဂ္ဂမဟာသေနာပတိ" ဟူ၍ အမြင့်ဆုံးသော စစ်ရေးဘွဲ့ထူးကို ရရှိခဲ့သည်။

မွန်–မြန်မာ တိုက်ပွဲကာလအတွင်း သူ့ကို ဦးစွာ မြင်တွေ့ရသည်မှာ အလောင်းမင်းတရားက ခင်ဦးစား မင်းချစ်ညို မတရား ယူဆောင်သွားသော ကျွဲ နွားများကို ဦးကောင်းက မြင်းတပ်သား ၂၀ နှင့် သွားရောက်တိုက်ယူရန် တာဝန်ပေးချိန် ဖြစ်၏။ သို့နှင့် မုဆိုးဘိုသားနှင့် ခင်ဦးသားတို့ ရင်ဆိုင်မိသော် ခင်ဦးသား မင်းချစ်ညိုက ဤသို့ ဆို၏။

'ယောကျ်ားကောင်းသော် ထွက်ခဲ့စေ၊ စီးချင်းကစားမည်။ သေနတ်သမားများက ပွဲကြည့်နေကြ'

ထို့ကြောင့် ရွှေဘိုသားများဘက်မှ မင်းကျော်ဇညားဘွဲ့ခံ ဦးမြတ်ထွန်း ထွက်လာ၏။

ခင်ဦးစား။ ။ ငမြတ်ထွန်းနှင့် ငါ တိုက်ဘက်မတန်၊ ငါ့လုံသာ သွေးစွန်းမည်။

တစ်ဖန် မင်းလှရွှေတောင်ဘွဲ့ခံ ဦးတွန် ထွက်လာ၏။

ခင်ဦးစား။ ။ ငတွန်ငယ်၊ ငါ့လက်စွမ်းကို စဉ့်ကိုင်မှာ နေစဉ်ကပင် နင် သိရင်း ဖြစ်သည်။ နင်နှင့် တိုက်ဘက်မတန်။

ခင်ဦးစားက အထက်ပါအတိုင်း ဦးတွန်ကို တိုက်ဘက်မတန်ဟု ဆိုပြန်သောကြောင့် 'ငကောင်း ထွက်ခဲ့' ဟုဆိုကာ မင်းကျော်ပျံချီဘွဲ့ခံ ဦးကောင်း ထွက်လာရာ 'သည်တစ်ခါသော် ယောကျ်ားကောင်းချင်း တွေ့ကြရပြီ၊ အမောင်တို့တစ်စု ပွဲကြည့်ကာသာနေ'ဟု ဆိုကာ ဦးချစ်ညိုသည် မြင်းကို သူရဲကောင်းတို့ စီးဟန်ဖြင့် အမျိုးမျိုး ကစားပြ၏။ မင်းကျော်ပျံချီက လှံကိုချိန်ရွယ်လျက်သာ ချက်ကောင်းကို ကြည့်နေ၏။

ဦးချစ်ညိုသည် မင်းကျော်ပျံချီ ဆီသို့ လှံလျင် လွှတ်လိုက်ရာ မင်းကျော်ပျံချီ၏ လှံရိုးကို ခတ်မိပြီး စီးသည့်မြင်းကကို စွဲ၏။ သေနတ်လုလင်တို့က ဦးချစ်ညိုအား အသီးသီး ချိန်ရွယ်ကြရာ 'နင်တို့ ကတိ မတည်ကြပါကလား' ဆိုကာ ပြန်သွားလေ၏။

ဦးတွန်ကား ယခု ရွှေဘို ကျောက်မြောင်းလမ်းရှိ ကော့ရွာသား ဇာတိဖြစ်သည်။ ငတွန် တလပန်းဟု ရေးဦးစွာ ကျော်စောသူတည်း။ အင်းဝဘုရင်လက်ထက် စဉ့်ကိုင် တပ်နေ တောင်ငူရာဇာ သိမ်းသွင်းရာတွင် ဦးတွန်နှင့် ဦးချစ်ညိုတို့လည်း ပါကြ၏။ အင်းဝကို မွန်တို့ တိုက်သိမ်းသောအခါ မွန်ဘက်က အမှုထမ်းကြပြန်ရာ ဦးတွန်အား ဦးအောင်ဇေယျသည် တစ်လခန့် ကြာအောင် ဖမ်းဆီးသိမ်းသွင်း၍ မြန်မာဘက် ပါလာသူဟုလည်း အဆိုရှိ၏။

မင်းချစ်ညို ပြဿနာကား ဦးအောင်ဇေယျအား စနောင့်စနင်း ရှိလှ၏။ သူက မြန်မာအချင်းချင်း အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာစစ်တပ်



မြင်းခင်း၊ ဆင်ခင်း သဘင်သို့ ထွက်လာကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



အမည်မသိ ကုန်းဘောင်ခေတ် စစ်သား

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ စစ်ဗိုလ်၊ စစ်သားတို့နှင့် လက်နက်အဆောင်အယောင်များပုံ



စစ်ဗိုလ်မှူး



စစ်ကဲ



စစ်သား



မြန်မာ အမြောက်တပ်သား

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ အမြောက်တပ်











www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ဘုရင်၏
ပြည်ကြီးမွန်ဖောင်တော်



အိမ်ရှေ့မင်း၏
ကရဝိက် ဖောင်တော်



ဝန်ကြီး၏
လှေတော်

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ရေယာဉ်များ







www.burmeseclassic.com

www.burmeseclassic.com



ချိန်တွင် သွေးစည်းလိုသူ မဟုတ်။ ရွာနီးချင်း ဖြစ်ရာတွင် ကျောင်းတော်က ရန်စများကို မေ့ပစ်နိုင်သူ မဟုတ်ချေ။ တစ်သက်လုံး ဂုဏ်တုဂုဏ်ပြိုင် နေလာခဲ့ပြီးနောက် ယခု အချိန်တွင် ဦးအောင်ဇေယျ လက်အောက်၌ ခိုဝင်ရမည်မှာ ဦးချစ်ညိုအတွက် မျိုမကျနိုင်သော အလုံးဖြစ်၏။

မင်းချစ်ညို ထံသို့ ဦးအောင်ဇေယျ အနေဖြင့် သဝဏ်လွှာ ပါးရာတွင်– "မောင်ချစ်ညို၊ ကိန်းခန်းအလျောက် အင်းဝပြည်ကြီး ပျက်စီးတိမ်းယိမ်းလျှင် ငါတို့ မြန်မာ ရဟန်း ရှင်လူ ပြည်သူအပေါင်းတို့ ဆင်းရဲခြင်းဖြင့် နစ်မွန်းလျှော့ပါး ကြရမည်ကို ကယ်တော်မူလို၍ မင်းမျိုးမင်းနွယ်လည်း ဖြစ်သည်နှင့် အညီ၊ မြန်မာ့ဦးစွန်း တည်ထွန်း စိုက်ဆောင် မည် ကြံရည်တော်မူသည့်အတိုင်း ချီတက် လာရောက်သမျှ မွန်စစ်သည်တို့ကို အကြိမ်ကြိမ် လုပ်ကြံ အောင်မြင်တော် မူသည်။ မင်းသည် ကျော်စောသော မြန်မာ သူရဲကောင်း ဖြစ်ပါလျက် ယောကျ်ားမပီ၊ မွန်တို့ထံ ကျွန်ခံလေသည်။ ငါ့ထံသို့ ဝင်၍ အမှုတော်ထမ်းလျှင် သားမယား ဆွေမျိုးနှင့် တကွ သူကောင်း ပြုတော်မူမည်"ဟု ပါရှိ၏။

မင်းချစ်ညိုက ထိုစာဖတ်ကာ "ငါက သူ့ထံ ဝင်စား သော်လည်း ရှေးမဆွကပင် ရန်စရန်ငုတ် ရှိသည်ဖြစ်၍ အသက်အန္တရာယ် မလွတ်ပေရာ၊ ပရိယာယ်သာ ဖြစ်တန်ရာ ၏"ဟု အောက်မေ့မိ၍ "မြန်မာ အချင်းချင်း ရှိမခိုးလို၊ လူမျိုးခြား မွန်ကိုသာ ရှိခိုးတော့မည်"ဟု ခပ်တိုတို ပြန်ကြား ၏။

ဦးအောင်ဇေယျ ကိုယ်တိုင် ခင်ဦးမြို့ကို ချီတက် ဝိုင်းဝန်းခဲ့သည်။ မင်းချစ်ညိုက မြင်းစီးထွက်လာရာ လက် ဖြောင့်သော သူရိန်ဒေဝက သေနတ်နှင့်ပစ်၍ မြင်းကို ထိမှန် လဲလေ၏။ ဦးချစ်ညိုက လဲသောမြင်းကို ထားခဲ့ပြီး တပ် တွင်း ဝင်ကာ နောက်တစ်စီးနှင့် ထွက်လာပြန်၏။ သေနတ် တပ်ကို ရှောင်၍ မြင်းတပ်ကို အတင်းဝင်ထိုးလေသည်။ ဦးချစ်ညို ကြိမ်းဝါးသည်ကား 'နင်လည်း အောင်ဇေယျ၊ ငါလည်း ချစ်ညို၊ ခံနိုင်အောင် ခံ'

ဦးအောင်ဇေယျက ပြန်လည်ဟစ်သည်မှာ 'နင့်ကို သာ ငါရှာသည်၊ နင်လည်း ချစ်ညို၊ ငါလည်း အောင်ဇေယျ၊ နင် ယောကျ်ားကောင်းဆိုလျှင် ထွက်ခဲ့'

ဦးအောင်ဇေယျ ကြုံကြုံခံနေရာသို့ ဦးချစ်ညို ရောက် လာသော် ခေတ္တမျှ အမ်း၍နေပြီးမှ မြင်းဦးလှည့်ကာ ဆုတ်ခွာ သွားလေသည်။

မင်းချစ်ညိုက အင်းဝရှိ မွန်တို့ထံမှ စစ်သည် ၃၀၀၀ အကူတောင်းကာ ခင်ဦးမြို့မှ ခုခံ၏။ သို့သော် စည်သာ မင်းကြီး ဦးစည်းစိမ်က မြို့ကို ဖောက်ထွင်း တိုက်နိုင်၍ ခင်ဦးပျက်ရာ မင်းချစ်ညိုသည် မဟာမြိုင် ကျွန်းတောကြီးသို့ ထွက်ပြေး၏။

အလောင်းမင်းတရားက မင်းကျော်ပုံချီ ဦးကောင်း အား လက်နက်ကိုင် လူ ၂၀၀၀ ပေး၍ လိုက်လံ တိုက်ခိုက် စေ၏။ ကျွန်းတောတပ် ပျက်သော် မင်းချစ်ညိုသည် မွန် ဗိုလ်မှူး ရာဇာဓိရာဇ် ရှိရာ မင်းကင်းမြို့သို့ ပြေးလေ၏။ "ချစ်ညိုကို လက်ရ ဖမ်းရမည်"ဟု အမိန့်တော် ထပ်မံ ရောက်လာသဖြင့် မင်းကျော်ပုံချီက ပြေးရာ နောက်သို့ ကောက်ကောက်လိုက်၏။

မွန်ဗိုလ်မှူး ရာဇာဓိရာဇ်သည် ဦးအောင်ဇေယျ ထံ လက်နက်ချလို၍ ဦးချစ်ညိုအား 'ငါတို့ဆရာ တောင်ငူရာဇာ မရှိတော့ပြီ၊ ဦးအောင်ဇေယျ လက်ရုံးရည်လည်း ဒီရေပမာ တက်နေသည်။ အမှီရှာမှ သင့်မည်'ဟု တိုင်ပင်၏။

ဦးချစ်ညိုက 'ကျွန်တော် မုဆိုးဘိုမင်း၏ သစ္စာကို မခံလို၊ ဗိုလ်မင်းသာ ခံပါလေ'ဆိုကာ မွန်ဥပရာဇာတပ်သို့ ဝင်ရောက်ရာ စစ်ဗိုလ်တလပန်းက မသင်္ကာသဖြင့် ဦးချစ် ညိုတို့ သားအဖအား ထောင်း၍ သတ်လိုက်လေ၏။

သို့လျှင် မင်းကျော်ပုံချီ ဦးကောင်းမှာ အလောင်း ဘုရား မှာတော်မူသည့်အတိုင်း မင်းချစ်ညိုအား အရှင်လတ် လတ် ဖမ်း၍ မဆက်သနိုင် ဖြစ်ရလေသည်။

*

မင်းကျော်ပုံချီ၏ နောက်ထပ် တာဝန်မှာ ချင်းတွင်းနှင့် ဧရာဝတီမြစ်ဆုံတွင် မြန်မာတပ်များ အခိုင်အမာ ချ၍ မွန်တို့ စုန်ဆင်းသည်ကို ဆီးဆို့ ချေမှုန်းရန် ဖြစ်၏။ သီရိရွှေတောင် ဦးတွန်မှာလည်း မူးမြစ်နှင့် ဧရာဝတီမြစ်ဆုံမှ အလားတူ တာဝန်ထမ်းရ၏။ ထို့နောက် အလောင်းမင်းတရား ကိုယ် တော်တိုင် ကျောက်မြောင်းမှ ရေကြောင်း စုန်ဆင်းလာရာ အင်းဝသို့ မရောက်မီပင် မွန်တပ်များ ဆုတ်ခွာ ထွက်ပြေး ကြသည်။

ထိုအချိန်တွင် ဦးကောင်းမှာ မင်းလှမင်းခေါ်ကျော် ဟူသော ဘွဲ့သစ် ရ၏။ ရှမ်းပြည်သို့ ချီတက်စရာတွင် တရုတ်ဥတည်မင်းက ဆက်သသော လက်ဆောင်များကို အလောင်းမင်းတရားအား ဆက်၏။ ရှမ်းပြည်တစ်လွှား



www.burmeseclassic.com

www.burmeseclassic.com



စော်ဘွားမြို့စားတို့ သစ္စာတော်ခံ၍ အရေးတော်ပြီးကြောင်း လျှောက်ထားသည်တွင် အားရတော်မူသောကြောင့် အလောင်းမင်းတရား လက်နှစ်ဖက်တွင် ဝတ်တော်မူသည့် လက်ကောက်ကို ရဲဆုပေးပြီးနောက် "မဟာသေနာပတိ" ဟူသော ဘွဲ့သစ် ပေးတော်မူပြန်သည်။

*

ထိုအချိန်၌ မင်းလှမင်းခေါင် ဦးတွန်မှာ ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်နေရာ ဦးကောင်းအား တိုက်လှေ တစ်ရာနှင့် ရန်ကုန်သို့ဆင်းကာ အင်အားဖြည့်တင်းစေ၏။ ရောက်လျှင် မဟာသေနာပတိလည်း ရိက္ခာဖြည့်တင်းလျက် ရန်ကုန်မြို့ကို အခိုင်အမာ ပြုစေ၏။

ပဲခူးသားတို့၏ စိတ်တွင် မဟာသေနာပတိ ဦးကောင်းနှင့် မင်းလှမင်းခေါင် ဦးတွန်တို့ကို ရလျှင် မြန်မာမင်း၏ လက်ရုံး ၂ ဖက် ပြတ်ပေတော့မည်ဟု အယူရှိကြလေသည်။ ထို့ကြောင့် ဦးကောင်း ရောက်လာကြောင်း ကြားသည်နှင့် တစ်ပြိုင်နက် ရန်ကုန်ကို အရတိုက်ယူရန် ကြိုးစားကြသည်။ သူတို့ ထင်မြင်သည့်အတိုင်း ထိုဗိုလ်ချုပ် ၂ ဦးကို ရအောင် တိုက်နိုင်လိမ့်မည်ဟု မျှော်လင့်ဖွယ်ရာ ရှိခဲ့ပေသည်။

ရန်ကုန်မြစ်တွင်း မွန်ဘက်မှ သင်္ဘော ၇ စင်းတို့ ရောက်နေ၏။ ကုန်းတပ်နှင့် ရေတပ်များ နှစ်ဖက်ညှပ်တိုက်ရန် နေရာယူပြီးနောက် မွန်အုပ်စုဘက်မှ စိန်ခေါ်သည်ကား–

'မင်းလှမင်းခေါင်နှင့် သေနတ်ဝန် ဦးကောင်းတို့၊ မြန်မာသူရဲကောင်း မှန်လျှင် အဘယ့်ကြောင့် မထွက်ဝံ့သနည်း၊ ယောကျ်ားကောင်း မှန်လျှင် စမ်း၍ထွက်ခဲ့လှည့်'

သေနတ်ဝန်၏အမိန့်အရ မြန်မာတို့ဘက်မှ တုံ့ပြန်သံကား 'နက်ဖြန် ငါတို့ ထွက်၍တိုက်မည်၊ နင်တို့ ပြေးပေါက် ရှာလေ၊ ပဲခူးက လွဲ၍ ဘယ်ကို ပြေးနိုင်မှာလဲ'

ထိုအချိန်က အင်္ဂလိပ်နှင့် ပြင်သစ်တို့လည်း အောက်ပြည်၌ ရှိကြရာတွင် မွန်ဒေသဖြစ်၍ လူအင်အားနည်းပါးသော မြန်မာတို့ ခံနိုင်ဖွယ်မရှိဟု တွက်ကြသည်။ ထို့ကြောင့် ပြင်သစ်တို့က မွန်များဘက်မှ ကူညီခဲ့သည်။ အင်္ဂလိပ်တို့ကား စောင့်ကြည့်နေ၏။

မြန်မာတို့က မွန်ရေတပ်ကို ဦးစွာ ဖိ၍တိုက်သည်။ ရေတပ်ပျက်လျှင် မွန်တို့ အားလျော့ကာ ကုန်းတပ်လည်း ကစဥ့်ကလျား ဖြစ်ကုန်၏။ သန်လျင်ဘက်၌ စုပေါင်း အခိုင်အမာ ပြုနေကြ၏။

*

ထိုအချိန်၌ အလောင်းမင်းတရားကြီးကိုယ်တိုင် ရန်ကုန်သို့ ရောက်ရှိ လာတော်မူ၏။ မွန်ဗိုလ်ချုပ် ဗညားဒလက ပြန်လည်ခုခံရာ မြန်မာတပ်သားတို့၏ အနိုင်စာရင်းကား အမြောက်ကြီး ၈၀၊ အမြောက်ငယ် ၁၀၀၊ စိန်ပြောင်း ၁၀၀၊ သေနတ် ၁၀၀၀၊ ရွှေချိန် ၁၀၀၊ ငွေချိန် ၃၀၀ ဖြစ်၏။

အလောင်းမင်းတရားက လက်နက်များကိုသာ သိမ်းယူပြီးနောက် 'မောင်မင်းတို့ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် သန်လျင်ကို အရယူလေ'ဟု မိန့်တော်မူ၏။

မဟာသေနာပတိ ဦးကောင်းလည်း ရက်မဆိုင်းဘဲ နောက်တစ်နေ့တွင်ပင် တိုက်ခိုက်လေ၏။ သို့သော် သန်လျင်ကျုံးမှာ ရေနက်သဖြင့် မကူးနိုင်ရှိလေ၏။ ထိုကျုံးကို ကူးသာရာမှ ကူးရန် ဦးကောင်းသည် မြင်းနှင့် လိုက်၍ကြည့်ရင်း မြန်မာစစ်သားများကို အားပေး ကွပ်ကဲနေ၏။ ဝက်သတ်တံခါးအနီးသို့ ရောက်ရာ ထိုနေရာ ဝဲယာမှာ စိန်ပြောင်း ၂၀ ကျော် ဆိုင်း၍ပစ်ခတ်ရာ မဟာသေနာပတိ၏ ဆီးခြိုက်ကို ထိမှန်လေ၏။

ဒဏ်ရာရသူ ဦးကောင်းလည်း စစ်သားများကို မသိစေဘဲ စစ်ကဲ ကျော်ထင်ရွှေတောင်ကို ဆက်လက် ဦးဆောင်စေ၏။ ဣန္ဒြေမပျက် လူတွဲကာ လှေသို့ဆင်းပြီးလျှင် မြောက်ဘက်ကမ်းသို့ ကူးစေ၏။ အလောင်းမင်းတရားကြီးက သံလျက်စွန်းမှ ကြည့်နေခိုက်ဖြစ်၍ 'ဟဲ့၊ သန်လျင်ဘက်က လှေတစ်စင်း လာတယ်၊ ကြည့်လိုက်ကြစမ်း'ဟု မိန့်တော်မူ၏။

ကမ်းမှ လှေတစ်စင်း အမြန်သွားကြိုဆိုပြီးနောက် 'မှန်လှပါ၊ မဟာသေနာပတိကြီး စိန်ပြောင်းသင့်ခဲ့ကြောင်းပါ ဘုရား'ဟု တင်လျှောက်ရာ မင်းတရားကြီးက 'ဟာ ဆုံးခဲ့ပြီ' ဟု အာမေဍိတ်သံ ပြုတော်မူသည်။

သေနာပတိ ပါသောလှေသို့ ကိုယ်တော်တိုင် ဆင်းကြည့်၏။ မသက်သာသော ဦးကောင်းက 'ကျွန်တော်ယနေ့ပင် ကိုယ်တော်ကိုပစ်၍ သွားရချေတော့မည်'ဟု မချိတင်ကဲ လျှောက်တင်သည်။

အလောင်းမင်းတရားကြီးကလည်း 'မောင်ကောင်းရဲ့ ကိုယ်ကို ကြိုးစား၍ ထုမကြပါ၊ ဆေးသမားတို့ ကြိုးစား၍ ကုကြပါ'ဟု ကြေကွဲစွာ မိန့်ဆို၏။

အနာသည်းသော မဟာသေနာပတိကား ရန်ကုန်မြို့တွင်းသို့ရောက်လျှင် ရွှေတိဂုံစေတီကိုသာ အားပြုရင်း ကွယ်



www.burmeseclassic.com

www.burmeseclassic.com



လွန်လေသည်။ မင်းတရားကြီးသည် ကောင်းတူဆိုးဖက် ရဲဘော်ကြီးအား "အဂ္ဂမဟာသေနာပတိ"ဟူ၍ ဘွဲ့တစ်ဆင့် တိုးကာ အလောင်းကို ထီးဖြူအုပ်လျက် သဂြိုဟ်တော်မူ၏။

ဗညားဒလ အကွပ်အညှပ် ကောင်းသောကြောင့် သန်လျင်မြို့ကို အမြန်မရနိုင် ရှိနေ၏။ မင်းတရားကြီးသည် ရဲရင့်သန်မာသူ ၉၃ ယောက်ကို ရွှေခေါင်းပေါင်း၊ ရွှေခါးစည်း၊ ဆေးရေးပုဆိုး၊ သက္ကလတ်အင်္ကျီများ ကိုယ်စီ သနားတော်မူ၏။ မြို့မတက်မီ စားကောင်းသောက်ဖွယ်နှင့် နေ့ညမဟူ ရှေ့တော်တွင် ကျွေးမွေးတော်မူ၏။

ဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့ မြို့တက်လက်ရွေးစု ၉၃ ယောက်ကို သန်လျင်ဘက်သို့ ပို့ရ၏။ ရဲမက်တော်တို့ကို မင်းတရားကိုယ်တိုင် အားပေးတော်မူလိုက်ပြီး သံလျက်စွန်းက ပွဲလမ်းသဘင်ခံလျက် နေတော်မူ၏။

မြို့တက် လူစုလည်း ၄ ချက်တီးတွင် အနောက်မြောက်ထောင့်မှ တစ်ပြိုင်နက် တက်မိလျှင် အိမ်ရာတဲအုံတို့ကို အနံ့အပြား မီးရှို့၏။ အရံ တပ်တော်များသည် မီးရောင်ကိုမြင်လျှင် ဝင်ရောက်ထိုးခုတ်သဖြင့် လူသူအများသေ၏။ ဗညားဒလမူကား ရှမ်းတံခါးက ထွက်ပြေးလေ၏။

*

## [၂] မင်းခေါင်နော်ရထာ ခေါ် ဦးတွန်

မင်းခေါင်နော်ရထာမှာ အလောင်းမင်းတရားကြီးနှင့် ပြည်ထောင်ဖက် ရဲဘော်ကြီးဖြစ်သည်။ ပွဲကြီးလမ်းကြီး ရှိသမျှကို တပ်ဦးက ရှုပ်ရှုပ်ချုံချုံ တိုက်ခဲ့သည်။ တိုက်ခဲ့လေသမျှလည်း အောင်မြင်သည်သာ များလေသည်။ ယိုးဒယား တိုက်ပွဲတွင်လည်း ရှေ့ချီတာဝန်ခံ တိုက်ရသော ဗိုလ်မှူးကြီး ဖြစ်လေသည်။ ကျေးဇူးသစ္စာကိုလည်း အသက်တမျှ စောင့်သူဖြစ်လေသည်။ ထို့ကြောင့် ယိုးဒယားတိုက်ပွဲ အရေးတော်ပုံမလှ၍ ဆုတ်ခွာသောအခါလည်း အထူး ယုံကြည်အားကိုးတော်မူသည့်အလျောက် အရေးအကြီးဆုံးဖြစ်သည့် နောက်ခံတပ်တွင် ထားခဲ့လေသည်။

ဤသို့ အလောင်းမင်းတရားကြီး အားကိုးသလောက်လည်း ဆုတ်ခွာတော်မူရာတွင် အန္တရာယ် တစ်စုံတစ်ရာ မရှိအောင် သက်စွန့်ကြိုးပမ်း ထမ်းရွက်၍ နေခဲ့လေသည်။ အလောင်းမင်းတရားကြီး ဆုတ်ခွာ သွားစတွင် မင်းခေါင်နော်ရထာသည် ယိုးဒယားမြို့ကို ရံထားသော တပ်များကို ထားမြဲတိုင်း ထားရှိရာ တပ်မှူးများက 'ယခု မင်းတရားကြီး တပ်တော်များကို နုတ်၍ ဆုတ်ခွာသွားသည်ကို ယိုးဒယားတို့ မသိဘဲ နေမည်မဟုတ်။ သိလျှင် ကျွန်တော်တို့ကို ထွက်၍ တိုက်လိမ့်မည်။ ကျွန်တော်တို့မှာ နောက်ခံတပ်မျှသာ ဖြစ်၍ အားနည်းသည်။ ယိုးဒယားတို့၏ စစ်အင်အားကို ခံနိုင်မည် မဟုတ်။ ကြာလျှင် ကျွန်တော်တို့ ဆုတ်ခွာနိုင်မည်ပင် မဟုတ်ချေ။ ယခုကပင် မြောက်ကဝိုင်းရံထားသော ရန်သူတပ်များကို ဖောက်၍ ထွက်မှသင့်မည်' ဟု ဆိုကြလေသည်။

ထိုအခါ မင်းခေါင်နော်ရထာက 'မင်းတရားကြီးဆုတ်ခွာသွားသည်မှာ နှစ်စခန်း၊ သုံးစခန်းမျှသာ ရှိသေးသည်။ ယခု ငါတို့က ထိုးဖောက်၍ထွက်လျှင် တိုက်ပွဲများဖြစ်မည်။ တိုက်ပွဲဖြစ်လျှင် ငါတို့အား ကူညီရသည်နှင့် စခန်းနှောင့်နှေးချေတော့မည်။ မကြောက်ကြနှင့်' ဆိုကာ အလောင်းမင်းတရားကြီး အဆုတ်အခွာ ပျက်မည်စိုး၍ အသက်ကို ပဓာန မထားဘဲ ယိုးဒယားတပ်များ၏ အဝိုင်းကိုသာ ခံ၍ နေလေသည်။ မြို့တွင်းမှထွက်၍ ရံသောတပ်များကိုမူကား ၎င်းကိုယ်တိုင် ခေါင်းဆောင်၍ တိုက်ရာ ယိုးဒယားတပ်များ ပျက်လေသည်။

မင်းခေါင်နော်ရထာ ထွက်၍တိုက်သံကို ကြားလျှင် ၎င်းအား ယိုးဒယားမြို့တွင်းရှိ တပ်အားလုံး ထွက်၍ တိုက်နေပြီ ထင်ကာ မင်းလှနော်ရထာကလည်း မိမိတပ်များနှင့် အဆောတလျင် အကူအညီ လာလေသည်။ မင်းခေါင်နော်ရထာနှင့် တွေ့၍ မင်းလှနော်ရထာအား 'သွေးသောက်မှာ ဘဝရှင်မင်းတရားကြီးကိုသာ မီအောင်လိုက်လေ။ နောက်က အရေးအကြောင်းမှာ ငါ့တာဝန် ထား'ဟု ပြောလေသည်။

မင်းလှနော်ရထာလည်း မင်းခေါင်နော်ရထာ အတွက် စိုးရိမ်မကင်းဖြစ်၍ 'သူတို့ တိုင်းလယ်ပြည်လယ်မှာဖြစ်သည်။ သွေးသောက် မကြာလွန်းစေနှင့်၊ ငါလည်း သွေးသောက်ကို ဆိုင်းငံ့၍သွားမည်'ဟုဆိုကာ ပြန်သွားလေသည်။

ဤသို့ စစ်မြေပြင်တွင် အလောင်းမင်းတရားကြီးသည် လည်းကောင်း၊ စစ်သူကြီး မင်းခေါင်နော်ရထာသည် လည်းကောင်း၊ စစ်သူကြီး မင်းလှနော်ရထာသည် လည်းကောင်း တစ်ဦးကိုတစ်ဦး အသက်ပေး၍ ချစ်ကြည်ပေးစားကြသော်လည်း တပ်မတော်များ ဆုတ်ခွာနေသော အချိန်



www.burmeseclassic.com

www.burmeseclassic.com


တွင် သားတော် မြေဒူးမင်းသည် မင်းခေါင်နော်ရထာထံမှ မင်းတရားကြီး ကိုယ်တော်တိုင် အပ်နှင်းထားသော ယိမ်းနွဲ့ပါး ဓားတော်ကို အတင်းသိမ်းယူခြင်း၊ တပ်တော်များ ဆုတ်ခွာသွားရာ လမ်းတစ်လျှောက်တွင် မြေဒူးမင်းက နောက်တပ်များအား ရိက္ခာမထောက်ရဟု ကြပ်တည်းစွာ တားမြစ်ထားခဲ့၏။ ထို့ကြောင့် မင်းခေါင်နော်ရထာတွင် မြေဒူးမင်းအပေါ်၌ မယုံသင်္ကာစိတ် ပေါ်ပေါက်သည်မှ စ၍ ရှေ့တွင် အရေးအခင်း ကြီးစွာ ပေါ်ပေါက်လာရလေတော့သည်။

## အလောင်းမင်းတရား နတ်ပြည်စံခြင်း

အလောင်းမင်းတရားကြီးလည်း ယိုးဒယားမှ ဆုတ်ခွာလာခဲ့ရာ နှစ်ဆယ့်လေးစခန်းနှင့် မုတ္တမမြို့နယ်အတွင်း ကင်းရွာသို့အရောက် သက္ကရာဇ် ၁၁၂၂ ခု ကဆုန် လပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့ မိုးသောက်ယံတွင် နတ်ပြည် စံလွန်တော်မူလေသည်။ ထိုသို့ နတ်ပြည် စံလွန်တော်မူကြောင်းကို သားတော် မြေဒူးမင်းနှင့်တကွ အတွင်းကျသော ဗိုလ်မှူးတို့မှ တစ်ပါး မည်သူ့အားမျှ မသိစေဘဲ ဖုံးဝှက် ယူလာပြီးနောက် ရန်ကုန်မြို့သို့ ရောက်မှ နတ်ပြည်စံကြောင်း ကြေညာလေသည်။ ရွှေမြို့တော်ရှိ နောင်တော် အိမ်ရှေ့မင်းထံသို့ လူလွှတ်၍ လျှောက်ထားရာ နောင်တော်ကြီး အိမ်ရှေ့မင်းလည်း ခမည်းတော် မရှိတော့ပြီကို ကြားသိပြီး နောက်တစ်နေ့ ၁၁၂၂ ခု နယုန်လပြည့်ကျော် ၉ ရက်နေ့ နန်းတက်လေသည်။

ထိုသို့ နောင်တော်ကြီး နန်းတက်ပြီဟု ကြားလျှင် ယိုးဒယားမှ ဆုတ်ခွာလာသော မင်းခေါင်နော်ရထာလည်း နောင်တော်ကြီးထံ လူလွှတ်၍ “ခမည်းတော်ဘုရား နတ်ရွာစံတော်မူလျှင် ညီတော် မြေဒူးမင်းသည် ဗိုလ်မှူး၊ တပ်မှူးတို့ဖြင့် မုတ္တမ မြသိန်းတန်ဘုရားမှာ သွေးသစ္စာ စည်းကြပ်ကြသည်။ နောက်တပ်များကိုလည်း မျိုးရိက္ခာ မပို့စေရ။ စစ်တောင်း မြို့သူကြီး ခေါင်းအကြီးတို့ကို ဆင့်ဆိုသည်။ ဓားတော် ယိမ်းနွဲ့ပါးကိုလည်း အတင်းသိမ်းယူသည်။ ထွတ်ချာဒေဝီနှင့်လည်း အပြောအဆို ရှိသည်”ဟူသော အကြောင်းများကို လျှောက်ထားလေသည်။

ညီတော် မြေဒူးမင်းကလည်း ‘ယိုးဒယားက တပ်တော်များ ဆုတ်ခွာလာခဲ့ရာ မင်းလှနော်ရထာမှာ ယိုးဒယားနယ်နိမိတ်မှ လွန်သည့်အခါ တပ်မတော်နှင့် ပေါင်းသည်။ မင်းခေါင်နော်ရထာမူကား တမင်သက်သက် နှေးနှေးကန်ကန် ပြု၍ နောက်ချန်ရစ်ခဲ့ပြီးလျှင် လူသူ လက်နက် သိမ်းသွင်းသည်။ စစ်တောင်းသို့ ရောက်ပြီကြား၍ လူလွှတ်ခေါ်စေရာ ငါ မလိုက်ပြီ၊ တောင်ငူကြောင်း သွားမည်ဆို၍ မလာမရောက် နေသည်။ မင်းခေါင်နော်ရထာသည် ခမည်းတော်နတ်ပြည်စံတော်မူပြီ ကြားကတည်းက စိတ်နှလုံး မငြိမ်မဝပ်ဟန် ရှိသည်’ဟု နောင်တော်ထံ လူစေလွှတ် အကြောင်းကြားလေသည်။

## အပြုမှား၍ အထင်မှား ဖြစ်ရခြင်း

ဤသို့ ညီတော် မြေဒူးမင်းက လျှောက်ထားသော်လည်း နောင်တော်ကြီးသည် ထိုစကားကို ယုံကြည်တော် မမူ။ မင်းခေါင်နော်ရထာသည် ခမည်းတော်ဘုရား၏ ပြည်ထောင်ဖက် ရဲဘော်ကြီး ဖြစ်သည်။ ဤသို့ သွေဖည် တိမ်းယိမ်းမည့်သူ မဟုတ်။ အကြောင်းတစ်ခုခုကြောင့်သာလျှင် စိတ်ထောင့်ခြင်း ဖြစ်ရမည်။ မည်သို့ပင်ဖြစ်စေ အသက်မသေစကောင်း ဖြစ်သည်ဟု ဆင်ခြင်က မင်းခေါင်နော်ရထာ တောင်ငူသို့ရောက်လျှင် ဖမ်းဆီး၍ ဆက်ရမည်ဟု ဘထွေးတော် တောင်ငူမင်း သတိုးသခ်သူထံ မှာကြားလေသည်။

တောင်ငူမင်းလည်း ဗလမင်းထင်၊ ဗလပျံချီ၊ ဥဒိန်ပုညာ၊ ဓမ္မတာဗညား၊ ဦးစံလှကြီးတို့နှင့် တိုင်ပင်ပြီးလျှင် ‘မင်းခေါင်နော်ရထာကို ငါ့ထံသို့ရောက်အောင် ငါက အသာအယာ ခေါ်ဆောင်မည်။ မင်းတို့တစ်စုက မိအောင် ဖမ်းရမည်’ဆိုရာ ဗလမင်းထင်တို့ ဗိုလ်ခြောက်ဦးက ‘ပါအောင်သာ ခေါ်တော်မူပါ၊ လက်ရ ဖမ်းဆီးရမည်မှာ ကျွန်တော်တို့တာဝန်ဖြစ်ပါစေ’ဟု ဆိုကြလေသည်။ တောင်ငူမင်းလည်း တရားနာမည့်ဟန် ပြင်ဆင်ခင်းကျင်း၍ မင်းခေါင်နော်ရထာအား တရားနာဖိတ်လေသည်။ မင်းခေါင်နော်ရထာလည်း ဖိတ်ကြားချက်ကို လက်ခံ၍၊ ကြီးကြာကန် ဆင်ကို စီးလျက်၊ နောက်လိုက် အနည်းငယ်နှင့်သာ တောင်ငူမင်း၏အိမ်တော်သို့ သွားလေသည်။ ဝင်းတံခါးတွင် ဆင်မှ ဆင်းသက်၍ တောင်ငူမင်းအား ရိုရိုသေသေ တုပ်ပျပ် နှုတ်ဆက်ပြီးလျှင် တရားနာကြားလေသည်။ တရားနာစဉ်မှာပင် မင်းခေါင်နော်ရထာသည် ဓားကိုမချဘဲ ချပ်ထားသည်ကိုမြင်၍ တောင်ငူမင်းက ‘တရားနာရာမှာ ဓားကြီးတချပ်ချပ်နှင့် မသင့်ပါ၊ ဓားချပါဦးတော့’ဟု ဆိုရာ ‘ကျွန်တော်မှာ အမှုထမ်းဖြစ်ရ၍ချေ

www.burmeseclassic.com



သည်။ နေပြည်တော်သို့ မရောက်သမျှ စားချ၍ မဖြစ်နိုင်ပါ’ ဟု ပြန်ပြောကာ စားနှင့်ပင် တရားဆက်၍ နာလေသည်။ တရားဟောပုဂ္ဂိုလ်လည်း မူလက အချိန်းအချက်ရှိသည့် အတိုင်း တရားကို ရှည်စွာဆွဲ၍ ဟောလေသည်။ ထိုအတွင်း တင်းတိမ်တွင်းမှ စောင့်နေသော ဗိုလ်ခြောက်ယောက်တို့သည် မင်းခေါင်နော်ရထာကို မြင်လျှင် ငယ်ကြောက်များ ဖြစ်သည်နှင့်အညီ အကြောက်မပြေကြ၍ သူ အလျင် ထွက်သင့်သည်၊ ငါ အလျင် ထွက်သင့်သည် ငြင်းခုံနေကြ၍ အချိန် ကြာသွားလေသည်။ သို့လျှင် တောင်ငူမင်းလည်း တရားနာရင်း တင်းတိမ်ဘက်သို့ မသိမသာ မျက်စောင်းထိုး၍ ကြည့်လေသည်။ ထိုအခြင်းအရာကို မင်းခေါင်နော်ရထာ မြင်လျှင် အကြောင်းကိုရိပ်မိ၍ ‘အရှင်ဘုရား၊ ကျွန်တော်မှာ ခရီးမတ်တတ် ဖြစ်ပါသည်၊ တရားပြီးအောင် မနာသာပါ၊ သွားရပါဦးမည်’ ဟုဆိုကာ ရုတ်ခြည်းထ၍ ခါးတောင်းကျိုက်ပြီးလျှင် တောင်ငူမင်း၏ အိမ်တော်ဆင်ယှဉ်သို့ သွား၍ ရုပ်လျက် ကြိုးကြာကန်ဆင်ကို ခေါ်လေသည်။ ဆင်ဦးစီးကလည်း ဆင်ကို အပြင်းကပ်ပေးရာ ဆင်ပေါ်သို့ ခုန်တက်လေသည်။ သို့သော် ဝင်းတံခါးကို တည့်တည့်မထွက်ဘဲ တောင်ဝေါတိုက်သို့ သွားပြီးမှ ဆင်ကို ပြန်လှည့်ပြီးလျှင် အပြင်းထွက်လေသည်။ လမ်းတွင်စိုက်ထားသော စက်ဝိုင်းတိုင်တစ်တိုင်ကို တွေ့၍ လှံနှင့်ထိုးရာ စက်တိုင်ကို လှံစွဲ၍ ထုတ်ချင်းပေါက်လေသည်။ သို့ပြီးမှ ဝင်းတံခါးမှ ထွက်သွားလေသည်။ ဤသို့ ရုတ်တရက် ထ၍ ထွက်သွားသည်မှာ မြန်လွန်းသဖြင့် အိမ်တော်ပေါ်မှ လူများမှာ ဘာမျှမလုပ်နိုင်ဘဲ အံ့အားသင့်၍ ကျန်ရစ်ကြလေသည်။

မင်းခေါင်နော်ရထာလည်း ရှေ့တွင် အရေးအကြောင်း ကြုံတွေ့ရတော့မည်ကို သိ၍ တပ်သို့ပြန်ပြီးလျှင် လူသူ ဆင်မြင်းအင်အား ဖြည့်တင်းပြီးလျှင် ထိုမှ စခန်းရွှေ့၍ တောင်ဘက်လယ်ကွင်း ကန်သစ်ရွာတွင် တပ်စွဲ ချရပ်လေသည်။

## ဦးတွန်၏ သစ္စာ

ထိုအကြောင်းကို နောင်တော်မင်းတရား ကြားသိတော်မူလျှင် ‘မင်းခေါင်နော်ရထာသည် ငါ့ခမည်းတော်နှင့် ပြည်ထောင်ဘက် ရဲဘော်ကြီး ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ငါနှင့် ကွဲကွာရမည် မဟုတ်၊ ငါ အမျက်မရှိ၊ သူကောင်းပြုမြဲပြုမည်။ လာသာလာခဲ့စေ’ ဟု ဆိုကာ မင်းခေါင်နော်ရထာ ယုံကြည်သူ မင်းလှနော်ရထာကို အထူးမှာထား၍ စေလွှတ်လေသည်။ မင်းလှနော်ရထာလည်း ရဲဘော်ရဲဘက်ချင်း နှမြောလှသဖြင့် သွားရောက်ကာ အကျိုးအကြောင်းကို စုံလင်စွာ ပြောကြား၍ ခေါ်ရာ မင်းခေါင်နော်ရထာက–

‘ငါသည် ကျေးဇူးရှင် အလောင်းမင်းတရားကြီးဘုရား မင်းအဖြစ်ကိုယူတော်မူမည် တိုင်ပင်ကြံရည်တော်မူသည် ကာလကပင် အသက်ကို သစ်ရွက်တစ်ချပ်... ပန်းတစ်ပွင့် အနှိုင်း၊ မလေးမစား ငါတို့၏သခင် မင်းအဖြစ်သို့ မရောက်သမျှ လက်မချဟု စိတ်နှလုံးပြဋ္ဌာန်း၍ အမှုတော်နှင့် စပ်သူကို သူ့ရန်သူ တစ်ထောင်စု၊ နှစ်ထောင်စုကိုသော်လည်း တစ်ယောက်ချင်းထွက်၍ အရေးရအောင်ကိုသာ အမှုတော်ကို ထမ်းရွက်သည်။ ငါတို့ ကျေးဇူးသခင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား မရှိလျှင် ယုံယုံကြည်ကြည် ရှိတော်မမူကြ၊ စိတ်တော် နှလုံးတော် နှောင့်နှေးရှိကြ၍ ခရီးလမ်းတစ်လျှောက် ငါတို့တပ်သား အစားအစာ မျိုးရိက္ခာ ထောက်လှမ်းမမီ မိအောင် မြေဒူးမင်းသား ဖျက်ဆီးထားသည် ဖြစ်၍ ရရာရမိ၊ အသက်မသေဝံ့၊ မြို့ရွာများမှာ ရှာဖွေ ယူစားကြရသည်ကိုလည်း ငါ မသင့်မတင့် ကြံလေသည်ဟု ညီတော် မြေဒူးမင်းသားက ကိုယ့်အပြစ် ငုပ်တိမ်လေအောင် နောင်တော်ကို လျှောက်မည်မချွတ်။ သို့ လျှောက်လျှင်လည်း သူတို့မှာ ညီတော်နောင်တော် ဖြစ်ကြ၍ ညီတော်စကားကို နောင်တော် ယူလိမ့်မည် မချွတ်။ ကယ်ဆယ် မစမည့်သူ ငါတို့ ကျေးဇူးရှင် အလောင်းမင်းတရားကြီးဘုရားလည်း ယခု မရှိပြီ။ သွေးသောက်စကားကို ယုံကြည်၍ လိုက်လေသော် ငါ့ကိုယ်နှင့်တကွ သားမယား ဆွေမျိုးပေါက်ဖော်တို့တစ်စု ဆင်းရဲကြီးစွာ တွေ့ရချိမ့်မည် မချွတ်။ ယင်းသို့ ဖြစ်သောကြောင့် ယောကျ်ားတို့မည်သည် ကိုယ့်အသက်ကို လုရေး၌ မထိတ်မလန့်သာပြီ။ ဘုန်းကံအလိုက် တစ်သက်လျှင် တစ်ခါကို ဖြစ်လိုရာ ဖြစ်ပေစေတော့၊ ငါ မလိုက်ပြီ၊ သွေးသောက်သာ ပြန်လေတော့’ ဟု ပြောလိုက်သဖြင့် မင်းလှနော်ရထာလည်း လက်လျှော့၍ ပြန်ရလေသည်။

သို့သော် နောင်တော်ကြီးမင်းသည် စိတ်မလျှော့သေးဘဲ မင်းခေါင်နော်ရထာနှင့် အလွန် သင့်မြတ်သော စစ်ကိုင်းဇေတဝန်ဆရာတော်နှင့် ကျော်ထင်နော်ရထာတို့ကို စေလွှတ်၍ ခေါ်ပြန်ရာလည်း အထက်နည်းအတိုင်းပင် ပြန်ကြား



www.burmeseclassic.com

 www.burmeseclassic.com 

ပြောဆို၊ မလိုက်မလာနေရာ နောင်တော်ကြီးက 'မင်းခေါင် နော်ရထာအား အသာတကြည် ခေါ်သည်မှာ သုံးကြိမ်သုံးဖန် ရှိပြီ။ ရှေ့သို့ခေါ်သော်လည်း လာမည်မဟုတ်။ ငါ၏တာဝန် ကျေတုံ့ပြီ။ မင်းခေါင်နော်ရထာသည် အင်းဝမြို့ကို ဝင် ကောင်း ဝင်မည်' ဟု ဆိုကာ အင်းဝမြို့ကို အင်အား ဖြည့်တင်းထားလေသည်။

## အင်းဝကို တိုက်ခိုက်သိမ်းယူခြင်း

ဤတွင် တစ်ဖက်နှင့်တစ်ဖက် စကားပြတ်၍ အတိအလင်း စစ်ကြေညာသကဲ့သို့ ဖြစ်လာလေသည်။ မင်းခေါင် နော်ရ ထာလည်း ယခုမူကား အကယ်ပင် လုပ်ကြံရတော့မည့် အခြေသို့ ရောက်ပြီ။ ရှေ့သို့ မည်သို့လုပ်ကြံသင့်သည်များကို မိမိတပ်ပါ ဗိုလ်မှူး တပ်မှူးတို့နှင့် တိုင်ပင် ညှိနှိုင်းလေသည်။ အမျိုးမျိုး ကြံကြ၏။ နောက်ဆုံးတွင် အင်းဝသည် အချက် အချာ ဖြစ်သည်။ အင်းဝကို အရယူမည်။ ထိုကမှ တစ်ဆင့် ကြံမည်။ အင်းဝ မရလျှင်လည်း တိုက်ခိုက်ရင်းပင် သေကြ မည်ဟု သဘောတူညီကြကာ အင်းဝကို တိုက်လေသည်။ အင်းဝမြို့တွင်းမှ မြို့စောင့်တပ်များက ခုခံကြသော်လည်း မင်းခေါင်နော်ရထာကို ကြောက်ရွံ့ကြပြီး ဖြစ်သည်နှင့် ကြာ ရှည်စွာ မခံမရပ်ဝံ့ဘဲ အရှုံးပေးကြလေသည်။

မင်းခေါင်နော်ရထာ အင်းဝမြို့ကို သိမ်းသည်ဟု ကြားလျှင် နောင်တော်ကြီးမင်းတရားသည် ဤမျှအထိ ဖြစ် ပွားကျူးလွန်ခဲ့ပြီ ဖြစ်သော်လည်း သူရဲကောင်းတစ်ယောက် ကို နမြောလှသည်နှင့် မင်းလှနော်ရထာကို ထပ်မံ စေလွှတ် ပြန်လေသည်။ မင်းလှနော်ရထာလည်း အင်းဝမြို့တွင်းသို့ ဝင်ရောက်၍ မင်းခေါင်နော်ရထာနှင့် တွေ့ဆုံပြီးလျှင် 'မင်းခေါင်နော်ရထာသည် ရာဇဝတ်တော်ကို ခုံညားလှသော ကြောင့် ခြေရင်းတော်သို့ မရောက်ရှိပြီ၊ မရွံ့မကြောက် ရအောင် ပြောဆိုခေါ်ရဦးမည်၊ အမိန့်တော်ရှိရာ လာပြန်ရ သည်။ သွေးသောက်၌ တစ်စုံတစ်ရာ အန္တရာယ်ဖြစ်ရလျှင် သွေးသောက်ကိုယ်စား သားမယားနှင့်တကွ ငါ အသေခံ မည်'ဟု ယုံကြည်လေအောင် ပြောဆို အာမခံသော်လည်း မင်းခေါင်နော်ရထာသည် 'ငါ မလိုက်ဝံ့ပြီ၊ ဖြစ်လိုရာ ဖြစ်စေ၊ အင်းဝမြို့ကို ငါ တလား ပြုတော့မည်၊ သွေးသောက်သာ ပြန်လေတော့'ဟု ဆိုလိုက်လေသည်။

ဤသို့မှ ခေါ်၍မရသောအခါ နောင်တော်ကြီးသည် "ဤအမှုကား သေးကွေးသည့်အမှု မဟုတ်တော့ပြီ" ဟု ယူဆကာ နေပြည်တော်မှ စစ်သည် ဗိုလ်ခြေအင်အား ကောင်းစွာ စီမံပြီးလျှင် အင်းဝမြို့ကို ဝိုင်းရံပိတ်ဆို့၍ တိုက် စေလေသည်။ ဘုရင်ကိုယ်တိုင်လည်း စစ်ကိုင်းအရောက် ချီတက်၍ အရေးအရာတို့ကို ညွှန်ကြားသည်။ 'မင်းခေါ် နော်ရထာကို ရလျှင် အသက်ကို မသေစေနှင့်' ဟူ၍လည်း သံယောဇဉ်ကြီးစွာနှင့် ကြပ်ကြပ်တည်းတည်း မှာကြားလိုက် လေသည်။

တပ်တော်များလည်း မြို့တွင်းသို့ အရောက်ဝင်လေ သည်။ သို့သော် မြို့တွင်း၌ မင်းခေါင်နော်ရထာနှင့် တွေ့လျှ ကြောက်ရွံ့၍ ပြေးကြပြီးလျှင် မြို့ပြင်ကသာ ရံ၍ နေကြလေ သည်။ တစ်ကြိမ်တွင် မင်းခေါင်နော်ရထာကိုယ်တိုင် ပရိ ယာယ် ဆင်၍ မြို့ပြင်သို့ ထွက်ပြီးလျှင် ရံထားသော တပ်တော်များကို လှန့်၍ တိုက်လေသည်။ တပ်တော်များ လည်း မြို့တွင်းရှိ မင်းခေါင်နော်ရထာ၏ တပ်အားလုံး ထွက် ၍ တိုက်သည် အောက်မေ့၍ ကစဉ့်ကလျား ပြိုထွက်ပြေးကြ သည်။ သို့သော် မင်းခေါင်နော်ရထာ မြို့တွင်းသို့ ပြန်ဝင်လျှ ရံမြဲတိုင်း ရံထားကြပြန်လေသည်။

မြို့တွင်းသားတို့မှာ မြို့ပြင်သို့ ထင်းခွေ၊ ရေခပ်မျှပင် မထွက်ဝံ့ကြ၍ ဒုက္ခရောက်ကြရလေသည်။ ထိုအခါ မင်း ခေါင်နော်ရထာလည်း မြို့တွင်းမှ ကြာရှည်ခုခံပါက မြို့တွင်း သားတို့မှာ ဘေးတွေ့လိမ့်မည်ဟု ဆင်ခြင်၍ ၁၁၂၂ ခု နတ်တော်လပြည့်ကျော် ၁၄ ရက် စနေနေ့ည သန်းခေါင် အချိန်တွင် မိမိ၏ တပ်များနှင့်အတူ အင်းဝမြို့တော်မျက်နှာ ကျောက်ဘုံတံခါးမှ ထွက်လေသည်။ ထိုသို့ မင်းခေါင်နော် ရထာ ထွက်သွားသည်ကို သိလျှင် ရံတပ်မှ ဗိုလ်မှူး၊ တပ်မှူး တို့လည်း အပြင်းထွက်၍ လိုက်ကြလေသည်။ မင်းခေါင်နော် ရထာ ပန်းလောင်းမြစ် တစ်ဖက်ကမ်းသို့ ရောက်သောအခါ မက္ခရာဗိုလ် သီရိရွှေတောင် စွန့်စွန့်စားစား အမိလိုက်လာ သည်ကို မြင်လျှင် မင်းခေါင်နော်ရထာက 'ဟယ် သီရိရွှေ တောင်၊ ပဇာမူ၍ လိုက်လာသနည်း'ဟု မေးလေသည်။ သီရိ ရွှေတောင်က 'မင်းကို ဖမ်းမည်ဟု လိုက်လာသည်'ဟု ပြန် ပြောရာ၊ 'သီရိရွှေတောင်၊ နင် ထမင်းကို မုန်းပြီလား'ဟု ဆိုကာ မြင်းကိုပြန်လှည့်၍ လှံမနှင့် လွှတ်လေသည်။ လှံသည် သီရိရွှေတောင်၏ လက်ယာနံဘေးကိုပွတ်၍ မြင်းနောက် ညောင်းကို စိုက်လေသည်။ သီရိရွှေတောင်လည်း နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်၍ ပြေးရလေသည်။ ၎င်းနောက်မူကား တပ်မှူးတို့သည် အနီးသို့ မကပ်ဝံ့ဘဲ ခပ်ခွာခွာ လိုက်ကြလေသည်။

## မင်းခေါင်နော်ရထာ၏ သတ္တိ

မင်းခေါင်နော်ရထာလည်း နောက်မှပါသမျှ လူများနှင့်အတူ တောင်ဘက်လယ်ကွင်းလမ်းအတိုင်း သွားရာ ကန်သစ်ရွာသို့ ရောက်လျှင် ရှေ့သို့ မချီသေးဘဲ ကန်သစ်ရွာ ဘုန်းတော်ကြီးကျောင်းသို့ တက်၍ တရားနာလေသည်။ တရားဟောဘုန်းကြီးမှာ ကြောက်လန့် တုန်လှုပ်နေရာ 'အရှင်ဘုရားစိုးရိမ်တော် မမူနှင့်၊ ဖြောင့်ဖြောင့်သာ ဟောတော်မူပါ'ဟု လျှောက်ထားကာ မတုန်မလှုပ် တရားဆက်၍ နာလေသည်။ တရားပြီးဆုံးမှ ကျောင်းမှဆင်း၍ မြင်းပေါ်သို့ တက်ပြီးလျှင် လှံမကို ချိန်၍ 'နင်တို့ ဗိုလ်စု တပ်စု ဘယ်မှူ၍ လိုက်လာသနည်း၊ ငါ့လှံချက် မရွေးဘူး'ဟု ကြုံးဝါး၍ မြင်းနှင့် ဖောက်၍ ထွက်လေသည်။ ဝိုင်းရံထားသည့် ဗိုလ်မှူး တပ်မှူးတို့မှာ မျက်နှာချင်း မဆိုင်ဝံ့၍ ကစဥ့်ကလျား ပြေးကြလေသည်။

ထိုအခါတွင် မင်းခေါင်နော်ရထာသည် ကိုယ်လွတ်ရုန်း၍ ပြေးမည်ဆိုသော် ပြေးနိုင်၏။ သို့သော် ကိုယ်လွတ်ကြံတတ်သူ မဟုတ်၍ မိမိနှင့် ပါလာသော တပ်သား၊ တပ်ဗိုလ်များနှင့် သားမယားများကို ရှေ့က ထား၍ မိမိမူကား နောက်ဆုံးမှ ရန်သူတို့အား ဟန့်တားရင်း ဆုတ်ခွာလေသည်။ ကျောက်ဆည်တောင်၊ လေးခရိုင် ဒိုင်းလေးရွာ၊ ရှေ့ဘက် ဝက်လဲတောင် အနီးသို့ ရောက်လျှင် တောင်ကြားလမ်းသို့ ရောက်ပြီးနောက် လမ်းပေါက်လမ်းစ ပျောက်လေသည်။ ဤတွင်မှ မရှောင်သာ မတိမ်းသာဖြစ်၍ နောက်မှလိုက်လာသူတို့၏ ပစ်ခတ်ခြင်းကို ခံရ၍ အထိအခိုက်အရှအန များလေသည်။ မင်းခေါင်နော်ရထာကိုလည်း သေနတ်ကျည်ဆန် ထိ၍ ဒဏ်ရာရရှိလေသည်။

ထိုတွင်မှ မင်းခေါင်နော်ရထာသည် စိတ်လျှော့၍ တစ်ယောက်တည်း ချောင်းကမ်းပါးတွင် ထိုင်၍ မှိုင်တွေနေရာ မြေဒူးသား ငချစ်ကောင်းတွေ့၍ ချုံကွယ်က ချောင်း၍ ဖမ်းမည်ပြုသော်လည်း မကပ်ဝံ့၍ အချက်ကောင်းကို စောင့်နေလေသည်။ ထိုအခိုက်တွင် မင်းခေါင်နော်ရထာသည် ဆီးခြိုက်တွင် ထိမှန်ထားသော သေနတ်ဒဏ်ရာကို လှန်ကြည့်ကာ နာလှ၍ ညည်းညူနေသည်ကို မြင်မှ ချုံမှ ရုတ်တရက် ထွက်ကာ မင်းခေါင်နော်ရထာအား ချောင်းထဲသို့ နောက်မှ နေ၍ တွန်းချလေသည်။

မင်းခေါင်နော်ရထာလည်း လက်ယာလက်နှင့် နောက်ပြန် ဖမ်းလိုက်ရာ ငချစ်ကောင်းကို မိ၍ နှစ်ဦး လုံးထွေးနေလေသည်။ ထိုမှ ငချစ်ကောင်း ကြောက်လန့်၍ 'ကယ်ပါ၊ ကယ်ပါ' အော်ဟစ်သည်တွင် သေနတ်သမားတို့ ပြေးလာ၍ မင်းခေါင်နော်ရထာအား ဝိုင်းဝန်းဖမ်းဆီး၍ သေနတ်နှင့် ပစ်လေသည်။ သို့လျှင် ကုန်းဘောင်ဆက် တည်ထောင်ဦးက အလောင်းမင်းတရား၏ ရဲဘက်တော် စစ်သူကြီး မင်းခေါင်နော်ရထာ ကျဆုံး၍ တစ်ဇာတ်သိမ်းလေသည်။

ဤသို့ ဖြစ်ရခြင်းကား ဗဒုံမင်းသားနှင့် မင်းခေါင်နော်ရထာတို့ ပခုံးချင်းယှဉ်၍ တစ်ဖက်ရန်ကို တိုက်ခိုက်ရာမှ အလောင်းမင်းတရား မရှိသည့်နောက် တစ်ယောက်ကို တစ်ယောက် သင်္ကာမကင်း ဖြစ်မှုကလေးမှအစ မည်မျှပင် ပြန်လည်ယုံကြည်အောင် ကြိုးစားကြသော်လည်း မယုံမှုအမြစ်တွယ်ပြီးလျှင် သူရဲကောင်းကြီးတစ်ယောက် မဆုံးတန်ဘဲ ဆုံးရလေသည်။ (**သူရိယ ဦးသိန်းမောင်**)

## ပဒေသရာဇ် သားကောင်

**[မောင်သော် (မုံရွာ)၏ *ကုန်းဘောင်စစ်တမ်း*မှ]**

နောင်တော်ကြီးမင်း လက်ထက် ဝမ်းနည်းစရာ အကောင်းဆုံး အဖြစ်အပျက်ကား မင်းခေါင်နော်ရထာ ပုန်ကန်ခြင်းဖြစ်လေသည်။ ယင်းပုန်ကန်မှုနှင့် ပတ်သက်၍ မြန်မာရာဇဝင် ကျမ်းများမှာ ဖြစ်ခဲ့ ပျက်ခဲ့သည့်အတိုင်း ရိုးရိုးကြီးသာ ဖော်ပြကြ၏။ အမှန်ကမူ ယင်းအဖြစ်အပျက်ကို အဘက်ဘက်မှ တွေးခေါ် မြော်မြင်၍ ချဉ်းကပ်သင့်သည် ထင်ပါသည်။ သို့မှသာ သင်ခန်းစာ ယူစရာများ ပေါ်ထွက်လာပါမည်။

မင်းခေါင်နော်ရထာ ပုန်ကန်မှုမှာ ယိုးဒယားမှ တပ်များ ဆုတ်ခွာခဲ့သည်မှ အစ ပြုလေသည်။

မြန်မာတို့ ယိုးဒယားမှ ဆုတ်ခွာလာသောအခါတွင် မင်းခေါင်နော်ရထာသည် တာဝန်အရ နောက်ချန်နေရစ်ခဲ့သည်။ မင်းတရားကြီး၏ တပ်မကြီးငယ်များ ကောင်းစွာ ဆုတ်ခွာနိုင်ရန် နောက်ဆုံးမှ ဆုတ်ခံ ခံ၍ လိုက်ခဲ့ရန် ဖြစ်သည်။ ယင်းကဲ့သို့ ဆုတ်ခံ ခံနေခဲ့စဉ် မြေဒူးမင်းသားနှင့် အထင်လွဲကြလေသည်။

မုတ္တမကျေးသို့ ရောက်သောအခါ ဗမာအိုးတပ်များ



www.burmeseclassic.com

www.burmeseclassic.com



က မြေဒူးမင်းတပ်ကို မိ၍ ပေါင်းကြသည်။ မင်းခေါင်နော်ရထာတပ်မှာ နောက်ချန် နေရစ်သည်။ ဤတွင် မြေဒူးမင်းသားက အကြံအစည်ရှိ၍ နောက်ချန်ခြင်း ဖြစ်သည်ဟု ယူဆကာ ကျန် ဗိုလ်မှူး တပ်မှူးများနှင့် မုတ္တမ မြသိန်းတန် ဘုရားမှာ သွေးစည်းကြသည်။ မင်းခေါင်နော်ရထာ၏ တပ်များကိုလည်း ရိက္ခာမပေးရန် ဆင့်ဆိုခဲ့သည်။

မင်းခေါင်နော်ရထာကလည်း မိမိ၏ ကျေးဇူးရှင် ရဲဘက်တော်ကြီး ဦးအောင်ဇေယျ မရှိသည်နှင့် မြေဒူးမင်းသားသည် သူ၏နောင်တော် ဘုရင်သစ်ကို မိမိ မကောင်းကြောင်းကို လျှောက်ထားမည်၊ ထိုအခါ အစ်ကိုသည် ညီ၏ စကားကိုသာ ယုံကြည်မည်ဖြစ်ပြီး မိမိ အကျိုးပျက်စီးမည်မှာ မုချဖြစ်မည်ဟု ယူဆလေသည်။

ဤကဲ့သို့ နှစ်ဦးနှစ်ဖက် အထင်လွဲမှားမှုကြောင့် နောက်ဆုံးတွင် မင်းခေါင်နော်ရထာသည် သူပုန်ခေါင်းဆောင်ဖြစ်လာပြီး နောင်တော်ကြီးမင်းကို တော်လှန် ပုန်ကန်လေတော့သည်။ နောင်တော်ကြီးမင်းလည်း လပေါင်းအတော်ကြာ နှိမ်နင်းရပြီးနောက် မင်းခေါင်နော်ရထာ တိုက်ပွဲတွင် ကျဆုံးသော အခါမှသာလျှင် ပြီးဆုံးသွားလေတော့သည်။

မင်းခေါင်နော်ရထာ ပုန်ကန်ခြင်းကို ပြန်လည်ဆန်းစစ်မည်ဆိုလျှင် နောင်တော်ကြီးမင်း၊ မြေဒူးမင်းသားနှင့် မင်းခေါင်နော်ရထာတို့၏ ဘဝ ဆက်စပ်နေမှုမှ စတင်သင့်သည် ထင်ပါသည်။

မင်းခေါင်နော်ရထာသည် ဦးအောင်ဇေယျ မုဆိုးဘိုကို ထန်းလုံးတပ်ဖြင့် ကာကွယ်မှုပြုစဉ်ကပင် ညာလက်ရုံးအဖြစ်နှင့် စတင်ပါဝင်ခဲ့သူ ဖြစ်သည်။ ငယ်မည်မှာ မုဆိုးချုံ ဗိုလ်ငတွန် ဖြစ်သည်။ လက်ရုံးရည် ထက်မြက်မှုမှာ ထိပ်တန်းစာရင်းတွင် ထည့်သွင်း ထားရသည်အထိ ဖြစ်သည်။ ထို့ကြောင့်လည်း မြင်းရည်တက် ၆၈ ဦး ဖွဲ့ရာတွင် ပါခဲ့သည်။ ပထမ သီရိရွှေတောင်ဘွဲ့၊ နောက် မင်းလှရွှေတောင်၊ နောက် မင်းလှမင်းခေါင်၊ နောက် မင်းခေါင်နော်ရထာ အထိ ဘွဲ့ အဆင့်ဆင့် ချီးမြှင့်ခြင်း ခံရသူ ဖြစ်သည်။

ဤကဲ့သို့ အောင်မြင်မှုများ ရရှိ၍ လည်းကောင်း၊ လက်ရုံးရည်၌ ကျွမ်းကျင်တတ်မြောက်သူ ဖြစ်၍ လည်းကောင်း၊ မိမိကိုယ်ကို မိမိ ယုံကြည်စိတ်ချနိုင်သော အနေအထား၌ ရှိသည်ဖြစ်၍ လည်းကောင်း ပညာမာန ရှိမည်ဟု မင်းခေါင်နော်ရထာကို ယူဆနိုင်ပါသည်။

မာနရှိသူတို့၏ ဓမ္မတာမှာ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကို ဆောင်ရွက်ရန် ဆုံးဖြတ်ပြီးဖြစ်လျှင် ပြောင်းလဲခြင်း ပြုခဲသည်။ ထို့အပြင် တစ်စုံတစ်ရာကို အမှားအမှန် ဆုံးဖြတ်လျှင် မိမိ ဆုံးဖြတ်ချက်ကို အခြားသူ၏ ထင်မြင်ချက်နှင့် ညှိနှိုင်းခြင်းပြုလေ့ မရှိဘဲ တစ်ဖက်သတ် မိမိ မှန်ရမည်ဟု ဆုံးဖြတ်တတ်သည်။

မင်းခေါင်နော်ရထာမှာ အထက်ပါ အမူအကျင့်မျိုး ရှိသည်ဟု ယူဆစရာ ဖြစ်ပါသည်။ မင်းခေါင်နော်ရထာသည် အောင်မြင်သော လက်ရုံးရည်ခေါင်းဆောင် ဖြစ်၍လည်း စိတ်ဓာတ်ပြင်းထန်သော သူလည်း ဖြစ်ဖွယ်ရှိသည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့်အတူ တွဲဖက်၍ မွန်တို့ရန်ကို ခုခံစဉ်က နောင်တော်ကြီးမင်းနှင့် မြေဒူးမင်းသား မောင်ရွာတို့မှာ ကလေးသဖွယ် ငယ်ရွယ်သူများသာ ဖြစ်သည်။ အလောင်းမင်းတရား နန်းတက်စဉ်က နောင်တော်ကြီးမင်းမှာ အသက် ၁၇ နှစ်နှင့် ၉ လ၊ မြေဒူးမင်းသားမှာ အသက် ၁၅ နှစ်နှင့် ၉ လမျှသာ ရှိသေးသည်။ မင်းခေါင်နော်ရထာ၏ စိတ်ဝယ် ထိုသူနှစ်ဦးကို မိမိကျေးဇူးရှင် အလောင်းမင်းတရားကြီး၏ သားပင် ဖြစ်သော်လည်း ကလေးများဟုသာ သဘောထားပေမည်။

မင်းခေါင်နော်ရထာ ပုန်ကန်ချိန်တွင် နောင်တော်ကြီးသည် ဘုရင်ဖြစ်လာသော်လည်း အသက်အားဖြင့် ၂၅ နှစ်နှင့် ၁၀ လသာရှိ၍၊ မြေဒူးမင်းမှာ ၂၃ နှစ်နှင့် ၁၀ လသာလျှင် ရှိသေးသည်။ မင်းခေါင်နော်ရထာ အဖို့ ဤသို့ သဘောထားသင့်သည်ပင် ဖြစ်၏။

မြေဒူးမင်းသားသည် မင်းခေါင်နော်ရထာနှင့် စိတ်ဝမ်းကွဲချိန်တွင် အသက် ၂၄ နှစ်ပင် မပြည့်သေးချေ။ ငယ်ရွယ်သူသာလျှင် ဖြစ်သည်။ သို့သော်လည်း ဖခင်နှင့်အတူ တိုက်ပွဲများသို့လိုက်၍ အောင်ပွဲများရရှိကာ စစ်မှုဝင် ဖြစ်နေချေပြီ။ ငယ်ပင် ငယ်သော်လည်း ပင်ကိုအရည်အသွေး ထက်မြက်သူ၊ ပြည့်ဝသူ ဖြစ်သည်။ ဦးအောင်ဇေယျသည် မြို့ရွာအကြီးအကဲ၏ သားမျှသာ ဖြစ်သော်လည်း မြေဒူးမင်းသားမှာ ဘုရင်၏သား ဖြစ်သည်။ ဖခင်၏ အရှိန်အဝါကလည်း အရိပ်ပမာ မိုး၍ ပေးသည်။ သူသည်လည်း စိတ်ထက်သူသာလျှင် ဖြစ်ပေချိမ့်မည်။

www.burmeseclassic.com



မြေဒူးမင်းသားသည်လည်း မိမိ ဆုံးဖြတ်ချက်သည်သာလျှင် မှန်ရမည်။ ဤအတိုင်း ဖြစ်ရမည်ဟု တစ်ဖက်သတ် ဆုံးဖြတ်သူ ဖြစ်ပေလိမ့်မည်။ မင်းပျိုမင်းလွင်တို့၏ ဓမ္မတာတည်း။

အခြေအနေအရ မြေဒူးမင်းသားသည် မင်းခေါင်နော်ရထာအပေါ်တွင် အထက်စီး ရနေသည်။ အကြောင်းမူ မင်းခေါင်နော်ရထာသည် စစ်ဗိုလ်တစ်ဦးသာလျှင် ဖြစ်ပြီး၊ မြေဒူးမင်းသားမှာ ရှင်ဘုရင်၏သား ထီးလျာနန်းလျာ အိမ်ရှေ့စံ စစ်ဗိုလ်မှူး ဖြစ်လေသည်။

လက်တွေ့အားဖြင့်မူ မင်းခေါင်နော်ရထာသည် အတွေ့အကြုံ ရင့်ကျက်သော၊ တိုင်းကျိုးပြည်ကျိုးကို ဆောင်ရာတွင် အမှုထမ်းသက်ရင့်သော၊ ဝယဝုဒ်မှီ အသက်အားဖြင့် ကြီးသောသူ ဖြစ်သည်။ မင်းသွေး မဟုတ်၍၊ အခြေအနေ မပေး၍သာ ဖြစ်သည်။ လူနှင့် လူချင်း ယှဉ်မည်ဆိုလျှင် မင်းခေါင်နော်ရထာက မိမိ သာလွန်ပြီး ဖြစ်သည်ဟု ယူဆဆုံးဖြတ်ထားပြီး ဖြစ်လေသည်။ ထို့ကြောင့်လည်း “သေမြေကြီး၊ ရှင် ရွှေထီး” သဘောထား၍ စွန့်စားပုန်ကန်မှု ပြုခြင်း ဖြစ်သည်။

နောင်တော်ကြီးမင်းကား အရွယ်နှင့် မလိုက်အောင် သဘောထားကြီးသူ ဖြစ်သည်။ ငြိမ်းချမ်းရေးသမား ဖြစ်ရာ အတတ်နိုင်ဆုံး ပြေလည်အောင် ကြိုးစားသူဖြစ်သည်။ နောင်တော်ကြီးသည် သူ၏ဖခင်လက်ထက်က ရှစ်နှစ်တိုင်တိုင် စစ်တိုက်ခိုက်ခြင်းဖြင့် ပြည်သူတို့ ပင်ပန်းနေကြောင်း သိသည်။ စစ်ကို အနားပေးရန် လိုလားနေသည်။ ထို့ကြောင့် မင်းခေါင်နော်ရထာ ပုန်ကန်စဉ် လက်နက်ဖြင့် ပြန်လည်တိုက်ခိုက်၍ စစ်ဖြင့်ဖြေရှင်းခြင်း မပြုလိုပေ။ စာတစ်တန်၊ ပေတစ်တန် လူလွှတ်၍ ပြေရာ ပြေကြောင်း ဖျောင်းဖျပြောစေပါသည်။

နောင်တော်ကြီးသည် မင်းခေါင်နော်ရထာ၏ လက်ရုံးစွမ်းရည်ကို သိသည်။ ထို့ကြောင့် အထင်ကြီးသည်၊ လေးစားသည်။ မိမိ ဖခင်သည် မင်းခေါင်နော်ရထာနှင့် ပူးပေါင်းလုပ်ဆောင်သဖြင့် အောင်မြင်မှု ရရာရကြောင်း ဖြစ်ခဲ့သလို မိမိနှင့် ပေါင်းဖြစ်လျှင်လည်း ငြိမ်းချမ်းရေး အတွက် အကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း သိသည်။ ထို့ကြောင့်လည်း လူလွှတ်၍ ပြေရာပြေကြောင်း ပြောကြားခြင်း ဖြစ်သည်။

မည်သို့မဆို အောင်မြင်မှုကား မရရှိပေ။ မင်းခေါင်နော်ရထာသည် မည်သူ၏ ပြောဆိုချက်၊ နှစ်သိမ့်ချက်ကိုမျှ လက်မခံနိုင်ပေ။ မင်းခေါင်နော်ရထာသည် မိမိ၏ဆုံးဖြတ်ချက်ကို တရားသေ စွဲကိုင်ထားလေသည်။ ဆုံးဖြတ်ချက်အတိုင်း ပုန်ကန်လေသည်။

ယင်းကဲ့သို့ မင်းခေါင်နော်ရထာသည် တစ်ယူသန် ပုန်ကန်ခြင်းအတွက် အပြစ်ဆိုရန် ခက်ပါသည်။ ထိုစဉ် မြန်မာအုပ်စိုးရေး အသိုင်းအဝိုင်းများ၏ ကျင့်သုံးသောစနစ်က ယင်းကဲ့သို့ ပုန်ကန်ရန် တွန်းပို့ပါသည်။

“မင်းခစား ယောကျ်ား၊ ကမ်းနားသစ်ပင်” ဆိုစကားအတိုင်း မင်းမှုထမ်း တစ်ဦး၏ဘဝ ကောင်းကျိုး၊ ဆိုးကျိုး ဖြစ်ပျက်စေမှုသည် မင်းပေါ်၌သာ တည်နေသည်။ ယခုတစ်ကြိမ် နောင်တော်ကြီးမင်းသည် စိတ်ကောင်းရှိ၍ ပြန်ခေါ်က ရာထူးရင်းအတိုင်း ပြန်ပေးသည် ထားဦး၊ နောက်တစ်ကြိမ် မင်းက စိတ်အခန့်မသင့်၍ ပြစ်ဒဏ်ခတ်မည် ဆိုလျှင် သူ့အသိုင်းအဝိုင်း၊ သူ့လက်ခုပ်အတွင်း ရောက်ပြီမို့ မင်းခေါင်နော်ရထာမှာ လွတ်ကွက် မရှိနိုင်ပေ။

အနာဂတ်တွင် နောင်တော်ကြီးမင်းသည် စိတ်မပြောင်းဟု မည်သူမျှ အာမ မခံနိုင်ချေ။ အကြောင်းမူ မင်းခေါင်နော်ရထာနှင့် ပဋိပက္ခ ဖြစ်ရသူမှာ နောင်တော်ကြီးမင်း၏ လက်ရင်းလူ၊ ညီတော်အိမ်ရှေ့စံ မြေဒူးမင်းသား ဖြစ်နေသည်။ “သူတို့ ညီအစ်ကိုချင်းမို့ သူ့ညီစကားကိုသာ ယုံလိမ့်မည်”ဟု မင်းခေါင်နော်ရထာ ယူဆခြင်းမှာ မှားသည်ဟု ဆိုရန် ခက်ပါသည်။

မင်းခေါင်နော်ရထာ၏ ဘဝတစ်လျှောက်တွင် မင်းပြစ် မင်းဒဏ်မှ ထာဝရ ကင်းပနိုင်မည့် အခြေမှာ သူကိုယ်တိုင် ရှင်ဘုရင် ဖြစ်မှသာလျှင် ကင်းပေလိမ့်မည်။ ထို့ကြောင့် ရှုံးလျှင် အလျှင်သေနှင့် နောက်သေသာလျှင် ကွာခြားမည်၊ နိုင်လျှင် အနာဂတ်ဘဝ သာယာမည်ဖြစ်၍ လုပ်ငန်းတစ်ခုကို မင်းခေါင်နော်ရထာသည် စွန့်၍ လုပ်ကိုင်လိုက်ခြင်းသာ ဖြစ်ပေသည်။

မင်းခေါင်နော်ရထာ ပုန်ကန်မှုဖြစ်ပွားခြင်းအတွက် နောင်တော်ကြီးအဖို့ လည်းကောင်း၊ တိုင်းပြည်အဖို့ လည်းကောင်း များစွာ နစ်နာသည်။ တိုင်းပြည်ထူထောင်ရေးအတွက် အချိန်ကုန်သည်၊ ပစ္စည်းများ ဆုံးရှုံးသည်။ မလိုအပ်ဘဲ လူများ ဖိတ်စဉ်ရသည်။ တိုင်းပြည် တိုးတက်သည်ပင်သည့် နှုန်းထား တုံ့နှေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မဆို သက်ဦးဆံပိုင် ဘုရင်စနစ်ကသာလျှင် ဤအဖြစ်ကို ဖန်တီးပေးလေသည်။ မင်းခေါင်နော်ရထာသည် ပဒေသရာဇ်စနစ်၏ သားကောင်သာလျှင် ဖြစ်ရရှာလေသည်။

## မောင်လောက်နှင့် ဦးတွန်

၁၁၁၅ ခု နတ်တော်လဆန်း ၅ ရက်တွင် ကွေ့မင်း ဂုဏ္ဏာအိမ်ကို လုပ်ကြံရန် သားတော် အိမ်ရှေ့မင်း တစ်တပ်၊ ပင်လယ်ဂါမဏိ တစ်တပ်၊ မုဆိုးချုံဗိုလ် မင်းလှမင်းခေါင် (ဦးတွန်) တစ်တပ်၊ သေနတ်ဝန် မင်းလှမင်းခေါင် (ဦးကောင်း) တစ်တပ် စေလွှတ်၏။ ရှမ်းတောင်တန်း၌ အသွားအလာခက်ခဲသော တောင်သုံးဆင့်အရပ်၌ တောင်ခါးပန်းကို လှည့်၍ တက်ကြသော် တစ်ပယ်ခန့်ရှိသော မြေပြင်ကို တွေ့၍ ဆင်မြင်း အမောအပန်းဖြေရန် နားနေခိုက် ချုံပုတ်ပေါင်းတို့၌ ပုန်းကွယ်နေသော ဂုဏ္ဏာအိမ်တပ်သားများက တစ်ဟုန်တည်း ထွက်၍ ထိုးခုတ်ကြ၏။ ရဲဘော်အများ သေကြသည်။ အချို့လည်း တောင်ကမ်းပါးမှ လိမ့်ကျ ပျက်စီးကုန်၏။

ထိုအခြင်းအရာကို အိမ်ရှေ့မင်း မြင်၍ 'မုဆိုးချုံဗိုလ်က ဆီးခံပါ'ဟု အမိန့်တော်ရှိသည်ကို ဦးတွန်က 'တစ်တပ်လုံး ပျက်၍ ရှိချေပြီ၊ ငါတစ်ယောက်တည်း ခံနိုင်မည်လော' ဆိုကာ ထွက်သွားခဲ့သည်။

နေပြည်တော်သို့ ပြန်ရောက်ရာတွင် မုဆိုးချုံဗိုလ်၏ မချေမငံ ပြောဆိုပုံများ တင်လျှောက်ရာ အလောင်းမင်းတရားက 'ငတွန်ငယ်ကို အရှင်ထားရမည့်လူ မဟုတ်၊ သံခြေချင်းနှင့် ထားလေ'ဟု မိန့်တော်မူ၏။

ယင်းသောအခါ သားတော်လတ် မြေဒူးစား (ဆင်ဖြူရှင် အလောင်း)က လျှောက်ပြန်သည်မှာ 'စစ်တို့၏ သဘောမှာ အင်အားကြီးသည်၊ ငယ်သည်ကို မဆိုသာ၊ အရပ်အနေသာ ပဓာန ဖြစ်ပါသည်။ အရပ်အနေ ကောင်းလျှင် ဘီလုံးငှက်ငယ်သည် စွန်ရဲကို အောင်နိုင်ဖူးသော ထုံးလည်း ရှိပါသည်။ ယခု ရဲမက်တော်တို့ အရေးပျက်ခဲ့ရာမှာလည်း ကျဉ်းမြောင်းခက်ခဲသည့် တောင်ကြားအရပ်ဒေသကို ကြိုတင် မသိမရှိရ၍ သူ့အလုပ်အကြံကို ခံခဲ့ကြရပါသည်။ သည်တစ်ကြိမ် မိုးမိတ်ကြောင်းကို ချီတော်မူပါက ဂုဏ္ဏာအိမ် လွတ်မည် မဟုတ်ပါကြောင်း'ဟု ထုချေလျှောက်ထား၏။

ဤတွင်မှ ဘဝရှင် အမျက်တော်ပြေ၍ မုဆိုးချုံဗိုလ်ငတွန်နှင့် အချုပ်ခံရသူ ဗိုလ်မှူး၊ တပ်မှူးတို့ကို အသက်ချမ်းသာ ပေး၏။ ရမြဲတိုင်းသော အဆောင်အယောင်များနှင့် တကွ ရှေးအတိုင်း အမှုတော်ကို ထမ်းပြန်ရသည်။

ထိုအခါမှ စ၍ မုဆိုးချုံဗိုလ် မင်းလှမင်းခေါင်သည် နှလုံးနာလျက် အမျက်ထား၍ အခွင့်အရေးကြုံလျှင် ပုန်စားပုန်ကန် ပြုမည်ဟု အမှတ်ထားသတည်း။ ထို့ကြောင့် အလောင်းမင်းတရား နတ်ရွာစံသော် သားတော် စစ်ကိုင်းမင်းကို များမကြာမီ ပုန်စားလေသည်။ (ပါဠိဆရာ ဦးစော၏ အဆို)

## ဦးတွန်ကို ကြောက်သူ

"အလောင်းဘုရား အရေးတော်ပုံကျမ်း"၌ လက်နက်ချသူ မွန်စစ်ဗိုလ်က လူစွမ်းကောင်း ဦးတွန်ကို မြင်လိုသည် ဆို၍ အလောင်းဘုရား ကိုယ်တော်တိုင် သူ့အား ထုတ်ပြခဲ့ရသည်။

ပဲခူးဗိုလ်မှူး ဒေါ်စွယ်ယစက်သည် တော်သလင်းလပြည့်ကျော် ၅ ရက်နေ့ ရန်ကုန်သို့ ကျွန်တော်ခံ ဝင်ရောက်လာ၏။ ဘဝရှင်မင်းတရား မြင်တော်မူလျှင်–

ဘဝရှင်။ ။ ဒေါ်စွယ်ယစက်ကား ပဲခူးမင်းတွင် သူရဲကောင်းယောကျ်ား ဟူ၍ ကျော်စောသည်။ ငါ၏ သူရဲကောင်းတို့နှင့် စစ်ပွဲတွင် မတွေ့ကြုံဖူးလော။

ဒေါ်စွယ်။ ။ တွေ့ကြုံဖူးပါသည် ဘုရား။

ဘဝရှင်။ ။ ဘယ်သို့ တွေ့ကြသနည်း။

ဒေါ်စွယ်။ ။ ဘောလယ်တွင် ကျွန်တော်တို့မွန်တပ် မခံနိုင်၍ ရွေ့ချေသည်။ ကျွန်တော်လည်း တပ်ရွေ့လျှင် စစ်ဘုရင်ဖြစ်၍ မြင်းတစ်ရာကျော်နှင့် အစည်းအရုံး မပျက်ဆေရ။ နောက်က မြန်မာတို့ လိုက်လာသည်ကို ဆီး၍ ဟန့်တား၏။ ယင်းသို့စဉ်တွင် အသားခပ်ညိုညို၊ ကိုယ်ခပ်ကိုင်းကိုင်းနှင့် မြန်မာ စစ်ဗိုလ်တစ်ယောက် သျှောင်ကိုဖြေ၍ ဆံပင်ဖားလျားနှင့် ဝတ်လုံချပ်ကာ မပါ၊ တာ ၂၀၀ ကျော်ကွာမြင်းစုက ခွာလျက် ကျွန်တော်ရှိရာ စိုက်စိုက် လိုက်လာပါသည်။ အထောက်တော်ရာက နေပြီး ကျွန်တော် လုံ ၃စင်းနှင့် ဆက်ကာ လွှတ်လိုက်သည်။ မထိမပါး မတိမ်းမရှောင်၊ အကြောက်အရွံ့ မရှိ၊ ပကတိ လိုက်မြဲ လိုက်လာသည်နှင့် ကျွန်တော် အောက်မေ့မိသည်မှာ "လက်တွင်လှံရှင်ပါလျက်နှင့် လက်တုံ့မမူ၊ လူကို အရှင်ဖမ်းသည် ကြံသည့် လက္ခဏာ ရှိချေသည်။ လူလည်း ကြီးကြမ်း



www.burmeseclassic.com

www.burmeseclassic.com



မောက်မာ သန်စွမ်းဟန် ရှိလှသည်။ ဆုတ်မှသာ သင့်တော့မည်”ဟု မြင်းတပ်နှင့် တစ်လုံးတည်း ထွက်ပြေးသည်ကို မလိုက်။ မြင်းရပ်ကာသာ ကြည့်၍ နေရစ်သည်။

ဘဝရှင်။ ။ ထိုသူကို မြင်လျှင် သိမည်လော။

ဒေါ်စွယ်။ ။ မြင်ရသော် သိပါမည်။

မင်းတရားကြီးက အပါးတော်တွင်ရှိသည့် ဗိုလ်မှူး၊ တပ်မှူး၊ မှူးတော်မတ်တော် ငါးကျိပ်ကျော်ကို ပြလေသည်။

ဒေါ်စွယ်။ ။ အလယ်တွင် နေသော ထိုသူကြီးပင် ဖြစ်ပါသည်။

မင်းတရားကြီးလည်း ဒေါ်စွယ်ယစက်က လက်ညှိုးထိုးပြသော မင်းလှမင်းခေါင်ကို ဦးဆံဖြေစေ၍ မတ်တတ်ရပ်လျက် ပြစေပြန်၏။

ဒေါ်စွယ်။ ။ (လက်ဖျား ခါလျက်) သည်လူပင် မှန်လှပါသည်။ ဘောလယ်တွင် တွေ့သည့်နေ့မှ ယနေ့ထက်တိုင် ကြောက်ပါသေးသည်။

ဘဝရှင်။ ။ (ရယ်တော်မူလျက်) တိုက်ပွဲတွင် ရတ်တရက် အဝေးက မြင်လိုက်ကာမျှနှင့် သတိရပေသည်။ တော်ပေစွ။

ဒေါ်စွယ်ယစက်၏ လျှောက်တင်ချက်ကို အားရတော်မူသဖြင့် သန်လျင်ပျက်တွင် ရသည့် သူ၏သားမယား ကျေးကျွန်တို့ကို စိစစ်၍ သူ့အား ပြန်လည် ပေးအပ်တော်မူ၏။ “ဗညားဒလ”အမည်နှင့် သားတော် အိမ်ရှေ့မင်းကို အပ်၍ အမှုတော်ထမ်းစေ၏။

*

## ဦးတွန်၏ မိသားစု

**မင်းခေါင်နော်ရထာ ခေါ် မုဆိုးချုံဗိုလ် ဦးတွန်**

(၁) ရှင်မင်းလှ [ သမီး ]
+
ဗဒုံမင်း

(၂) မဏိစန္ဒ [ သား ]
ဗဒုံမင်း၏ လက်ယာဝင်းမှူး
|
သီရိမဟာစန္ဒာ [ သမီး ]
+
သာယာဝတီမင်း

- ပြည်မင်း
  +
  ခဲပေါင်မင်းသမီး
  |
  ထိပ်တင်တုတ်
- ပခန်းမင်း
  |
  (၁) ကောင်းတုံမင်းသမီး
  (၂) မြင်းခုံတိုင်မင်းသမီး

(၃) ရှင်ရွှေလုံး [ သမီး ]
+
ရခိုင်နိုင် အိမ်ရှေ့မင်း
|
မြတောင်မင်းသမီး
မင်းမြရိုး
+
ဗိုလ်ဆံရှည်
လက်ယာဝင်းမှူး
|
(၁) မင်းမြတ်စိုး [ သမီး ]
(၂) မင်းမြတ်လှ [ သမီး ]
(၃) မင်းမျိုးထွန်း [ သား ]
(၄) မင်းမျိုးညွန့် [ သား ]



www.burmeseclassic.com

www.burmeseclassic.com

## ဦးအောင်ဇေယျနှင့် ဦးတွန်တို့၏ ဆွေစဉ်မျိုးဆက်



www.burmeseclassic.com



## [၃] မဟာသီဟသူရ ခေါ် ဦးသာ

အလောင်းမင်းတရား၏ ရဲဘော် ၆ ကျိပ်ကို စာဖွဲ့ရာတွင် "သော–ရေးကုန်။ စိန်ငုံ–ရေးမြင်"ဟူ၍ ပါရှိရာ၊ အရေးရှိလျှင် အကုန်အစင် မြော်မြင် ဖြေရှင်းနိုင်သော သူရဲကောင်းမှာ "ဦးသာ"ပင်ဖြစ်၏။ အလောင်းမင်းတရား လက်ထက်၌ အရပ်ရပ် တိုက်ပွဲတို့၌ ပြောင်မြောက်စွာ ပါဝင်ခဲ့ရာမှ "မဟာသီဟသူရ"ဟူသောဘွဲ့ ရခဲ့၏။

ဆင်ဖြူရှင်မင်း လက်ထက်၌ ၄ နှစ်ကြာ တရုတ်–မြန်မာ စစ်ဖြစ်ရာ တရုတ်တို့ ၄ ကြိမ်တိုင် ဆုံးရှုံးသဖြင့် ၁၁၃၁ နှစ်၌ တရုတ်တို့ကပင် စစ်ပြေငြိမ်းလိုကြောင်း အရေးတောင်းခဲ့၏။

ထိုအချိန်က တရုတ်ဘုရင်မှာ ချိန်လွန်မင်း ဖြစ်၏။ မာနကြီးသည်။ ဇမ္ဗူတစ်ခွင်တွင် တရုတ်တို့နှင့် ယှဉ်ပြိုင်စွမ်းသူ မရှိ။ မြန်မာကိုလည်း တရုတ်သြဇာခံစေမည်ဟု တရုတ်တပ်ကြီးများ ကျူးကျော်ဝင်ရောက် တိုက်ခိုက်စေခြင်းဖြစ်၏။ ထိုသို့ အထင်ကြီးစွာဖြင့် တိုက်ရာတွင် စစ်ရှုံးရာ တရုတ်များ အကျ နာလှပေသည်။

တရုတ်ကျူးကျော်သူများကို မြန်မာတို့က လိုက်တိုက်ရာ မဲခေါင်မြစ်အထိ ဖြစ်၏။ တရုတ်တပ်မှူးလည်း ထိုတိုက်ပွဲ၌ ကျဆုံး၏။ စစ်ဦးစီး ယူနန်ဘုရင်ခံမှာ တရုတ်ကေရာဇ်ထံသို့ မည်သို့ အစီရင်ခံရမည် မသိအောင်ပင် အရှက်ရ၍ သူ့ကိုယ်သူ သတ်သေ၏။

ဒုတိယအကြိမ် တိုက်ပွဲ၌ တရုတ်စစ်ကြောင်း ၂ ခုကို ကျိုင်းတုံနှင့်ဗန်းမော်သို့ ချီတက်စေရာ ရှုံးပြန်သဖြင့် ယူနန်ဘုရင်ခံသစ် ယန်ယင်ချူးကို ပီကင်းမြို့တော်သို့ လာစေ၍ ချိန်လွန်မင်းက သေစေအမိန့် ချမှတ်ခဲ့သည်။

တတိယအကြိမ် တရုတ်ဘုရင်၏သမက် မင်ဂျူအီကိုယ်တိုင် ဦးဆောင်ချီတက်လာရာ ရှုံးပြန်သဖြင့် ကြိုးဆွဲချသေပြန်၏။ မသေမီပင် ဂျူအီက သူ့ကျစ်ဆံမြီးကို ဖြတ်ကာ သစ္စာမပျက်ကြောင်း ပီကင်းမြို့တော်သို့ ပို့ဆောင် ဆက်သစေ၏။

စတုတ္ထအကြိမ်၌ ပီကင်းနေပြည်တော်မှ ဗိုလ်ချုပ်ဖူးဟင်း ကိုယ်တိုင် ခေါင်းဆောင်လာ၏။ ဤတစ်ကြိမ်လည်း ရှုံးပြန်လေ၍၊ သူကပင် စစ်ပြေငြိမ်းရန် မဟာသီဟသူရသို့ အဆိုပြုခြင်း ဖြစ်သည်။

ယင်းသို့ မြန်မာများက အပြတ်အသတ် နိုင်သည်ကိုပင် တရုတ်ရာဇဝင်များ၌ အသေးအဖွဲ့ကိစ္စပမာ ရေးသားကြ၏။ မြန်မာတို့ပင် ရှုံးလေဟန် ပြော၏။ မည်မျှပင် ဖုံးအုပ်သော်လည်း အထက်ပါ ဖြစ်ရပ်များကား တရုတ်သမိုင်း၌ ထင်ရှားပြီး ဖြစ်လေသည်။

*

စစ်ပြေငြိမ်းကြောင်း လက်မှတ်ထိုးပွဲ၌ တရုတ်တို့က ကောင်းတုံ တိုက်ပွဲတွင် မြို့ထဲမှ ခုခံသော မြန်မာသူရဲကောင်းတို့ကို မြင်ပါရစေ ဆို၏။ ထို့ကြောင့် မြန်မာရဲဘော်တို့နှင့် ရောထွေးနေထိုင်နေသူ ကောင်းတုံမြို့စား ဗလမင်းဒင်နှင့် စံလှကြီးတို့ကို ခေါ်ပြ၏။ ဗလမင်းဒင်မှာ အလောင်းဘုရား၏ ရဲဘော် ၆ ကျိပ်၌ "ငလွင်"ဟု တွင်သူတည်း။

တရုတ်ဗိုလ်မှူးတို့က မြန်မာသူရဲကောင်းနှစ်ဦးကို နှုတ်ဆက်ကာ ကျောသပ်၊ လက်သပ် ပြုပြီးနောက် 'ငါတို့ဘက်က များစွာသော လူတို့နှင့် ကောင်းတုံကို ဝိုင်းဝန်းလုပ်ကြံကြရာ သင်တို့က လူအနည်းငယ်နှင့် မြို့ကို ခုခံကာ ငါတို့ကို နိုင်ပလေသည်။ တော်ပေစွ၊ အသင်တို့ လူမဟုတ်၊ နတ်သားများနှင့် တူပေသည်'ဟု ချီးမွမ်းလေသည်။

တစ်ဖန် တရုတ်ဗိုလ်မှူးတို့က 'တရုတ်ရိက္ခာတပ်များကို မိုင်းတိုင်လမ်းကနေ၍ တိုက်ယူသည့် မြန်မာသူရဲကောင်းကိုလည်း ရှုမြင်ပါရစေ' ဆို၏။ ထို့ကြောင့် ဗိုလ်မှူးမင်းရဲသီဟသူကို ခေါ်ပြရ၏။ 'ချပ်ဝတ်တန်ဆာ ဆင်ထားသည်ကို ချွတ်ပါစေ' ဆို၍ ချွတ်ပြရ၏။ တရုတ်စစ်ဗိုလ်တို့လည်း မင်းရဲသီဟသူ၏ တစ်ကိုယ်လုံးကို စမ်းကြည့်ကာ 'ဤသူကား သံကို သွန်းလုပ်သည်နှင့်အတူ မာချာ တောင့်တင်းလှပေသည်'။ မင်းရဲသီဟသူက လက်ရုံးကိုတန်းကာ 'ဓားနှင့် ခုတ်လော့'ဟုဆို၍ ဓားကမ်း၏။ တရုတ်ဗိုလ်တို့က မခုတ်ဘဲ 'ဤသူသည် လူ မဟုတ်၊ နတ်ဘီလူးကဲ့သို့ ဖြစ်သည်' ဆိုကာ များစွာ ချီးကျူးကြလေသည်။

မြန်မာနှင့် တရုတ်တို့ စစ်ပြေငြိမ်းရာတွင် စစ်ဦးစီးချုပ် မဟာသီဟသူရက ဆင်ဖြူရှင်မင်း၏ သဘောတူညီချက်ကို မစောင့်နိုင်ဘဲ တာဝန်ယူ ရွက်ဆောင်ခဲ့သည်။ ထို့ကြောင့် နေပြည်တော်သို့ မဟာသီဟသူရ ပြန်ရောက်လာသောအခါ အောင်ပွဲရ စစ်သူကြီးအနေဖြင့် ဂုဏ်ပြုချီးမြှောက်ခြင်း မခံရဘဲ၊ တရုတ်တို့ထံမှ ရလိုက်သော လက်ဆောင်ပဏ္ဏာများကို စစ်သူကြီးများနှင့်တကွ သားမယားများပါ



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းတွင် ရှက်၍ နေပူကျဲကျဲတွင် တစ်နေကုန် ရပ်နေစေသော ပြစ်ဒဏ်ခံရသည်။ (**ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်မှ**)

*

စစ်ပွဲကို တာဝန်ယူ ပြီးဆုံးစေသော မဟာသီဟသူရကား ဉာဏ်ပညာကြီးသော စစ်သားဖြစ်သည်။ စစ်အတွေ့အကြုံ ကြွယ်ဝသော မုဆိုးဘိုမှ ရဲဘော် ၆ ကျိပ်ဝင် ဖြစ်သည်။ အလောင်းဘုရားနှင့်အတူ ရပ်တည်ကာ စစ်သက်တမ်း ရှည်ကြာသူလည်း ဖြစ်၏။ စစ်၏ဆိုးရွားမှုကို သူတကာထက် ပိုသိသည်။ စစ်သားကောင်းတို့၏ ထုံးတမ်းမှာ လူအသေအပျောက် အနည်းဆုံးဖြင့် စစ်ကို မြန်မြန်တိုက်၊ မြန်မြန်ပြီးစေလိုသည်။ ဤသဘောတရားအရ မဟာသီဟသူရသည် တရုတ်–မြန်မာစစ်ပွဲကို အနိုင်နှင့် ပိုင်းကာ စစ်ပြေငြိမ်းလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

စစ်ပြေငြိမ်းလိုက်ပြီးနောက် နေပြည်တော်သို့ တိုက်ရိုက် မပြန်သေးဘဲ သောင်းကျန်းနေသော မဏိပူရပြည်သို့ ချီတက် နှိမ်နင်းလိုက်သေးသည်။ ရှင်ဘုရင်က တရုတ်အရေး၌ မကျေနပ်ရှိသည်ကို အမျက်တော်ပြေစေရန် နေပြည်တော်သို့ အောင်ပန်းတစ်ပွင့် အပိုရူးကာ ဆက်သခြင်း ဖြစ်သည်။ သို့သော် မျက်နှာကောင်းကား ရာခိုင်နှုန်းပြည့် ရသည်မဟုတ်ချေ။ နေပူ၌ တရုတ်လက်ဆောင်များကို တစ်နေကုန် ရွက်လိုက်ရသေးသည်။

စစ်တိုက်ချိန်၌ ရှေ့တန်း စစ်စခန်းနှင့် နေပြည်တော်အစိုးရတို့သည် အဆက်အသွယ် အမျိုးမျိုး ထားရှိကာ တိုင်ပင် ဆောင်ရွက်ရစမြဲတည်း။ စစ်ဦးစီးများက စစ်ရေးစစ်ခြေအရ ရွက်ဆောင်ရသည်။ နေပြည်တော် အာဏာပိုင်များကလည်း အဘက်ဘက်မှ လိုအပ်သလို အောင်နိုင်ရေးဖြည့်စွမ်း ညွှန်ကြားရစမြဲပင်။ ဤတွင် ရှေ့တန်းစစ်ဗိုလ်တို့နှင့် နောက်တန်း ဌာနချုပ်တို့ အချင်းချင်း နားမလည်မှုများ ဖြစ်ပေါ်လာတတ်သည်။

ဆင်ဖြူရှင်မင်းနှင့် ဗိုလ်မှူးကြီး မဟာသီဟသူရတို့အဖို့ ထိုသို့သော နားမလည်မှု ကြုံခဲ့ခြင်း ဖြစ်လေသည်။ သို့သော် ရှင်ဘုရင်က နန်းတော်ထဲ၌ စိတ်ကူးယဉ်ကာ အခြေမှန်ကို မသိဘဲ ထုတ်ချင်ရာ အမိန့်များ ထုတ်နေသည်ဟူ၍ကား မဆိုသာပါချေ။ အဘယ့်ကြောင့်ဆိုသော် ဆင်ဖြူရှင်သည် လည်းကောင်း၊ နောင်တော်ကြီးမင်းသည် လည်းကောင်း ခမည်းတော် အလောင်းမင်းတရားနှင့်အတူ တိုက်ပွဲပေါင်းစုံတို့၌ အမြဲတစေ လိုက်ပါခဲ့၍ စစ်ရည်ဝသော စစ်ခေါင်းဆောင်များ ဖြစ်သည်။ အစစ အရာရာ အခြေအနေ သုံးသပ်ကာ မှန်ကန်စွာ ဆုံးဖြတ်ချက်ပေးနိုင်သူများ ဖြစ်သည်။ သေနာပတိ ဦးကောင်း၊ မုဆိုးချုံဗိုလ် ဦးတွန်၊ မဟာသီဟသူရ ဦးသာတို့နှင့် တိုက်ပွဲ အသီးသီးတို့၌ အတူ ဆင်နွှဲခဲ့သော မင်းသားများ ဖြစ်သည်။

ယခု တရုတ်–မြန်မာ စစ်ပွဲ၌လည်း စစ်မြေပြင်သည် နေပြည်တော်နှင့် ကွာဝေးစေကာမူ တရုတ်တို့သည် အင်းဝမြို့တော်ကိုသိမ်းရန် ဦးတည်လျက်ရှိခဲ့သည် မဟုတ်လော။ တတိယအကြိမ် တရုတ်တို့ ဝင်လာစဉ်က အင်းဝနေပြည်တော်နှင့် နှစ်စခန်း၊ သုံးစခန်းမျှသာ ကွာဝေးသောအရပ်သို့ တရုတ်တို့ ကျွံလာကြ၏။ ထိုအချိန်က ဆင်ဖြူရှင်မင်းက အင်းဝမြို့တော်ကို စည်းရုံးရာတွင် မိန့်တော်မူသည်ကား–

'ငါ့နိုင်ငံတော်ကို ပေါက်ရောက်သည် ဆိုသမျှ တရုတ် အလုံးအရင်းတို့သည် ကံကြမ္မာကုန်သည်ချည်း ဖြစ်ခဲ့ပြီ။ ပျူစောထီးမင်း လက်ထက်မှစ၍ ထူပါရုံ နရပတိမင်း လက်ထက်မှ ဤခေတ်တိုင် တရုတ်တို့ အကြိမ်ကြိမ် လာရောက် တိုက်ခိုက်ကြသော်လည်း သင်းတို့ ပြန်လည်ဆုတ်ခွာ သွားရသည်ချည်းပင်။

'ယခု တိုင်းနေပြည်သူများ လုပ်ငန်းမပျက် နေထိုင်စားသောက်နေကြစေ၊ တရုတ်တပ်စုကိုလည်း မည်သူ တစ်စုံတစ်ယောက်မျှ မဆီးမတားစေနှင့်၊ ခြေရင်းတော်သို့ အရောက် လာကြစေ။ စကျင်ဝ–ရွှေကြက်ယက် လယ်ပြင်သို့ ရောက်သည့်ကာလမှ ငါသည် ဘေးလောင်းတော် ပျူမင်းထီးကဲ့သို့ အရေးယူ တွန်းလှန်မည်။ တရုတ်တို့သည် တောမှ မြက်သစ်ရွက်များပမာ မရေမတွက်နိုင် ချီလာသည် ဆိုသည်ကို ငါသည် ညီတော် ၄ ပါးနှင့်အတူ မြစ်ငယ်ကိုဖြတ်ကာ ရွှေကြက်ယက်မှသည် ရွှေတောင်ဦးအထိ ငါကိုယ်တော် စစ်ထိုးမည်'

သို့လျှင် ဆင်ဖြူရှင်မင်းသည် စစ်မက်ကာလ၌ နေပြည်တော်နှင့် ရှေ့တန်း စစ်မျက်နှာကို ခွဲခြားတတ်သူ မဟုတ်ဘဲ ကျရောက်လာသည့်အန္တရာယ်ကို သူကိုယ်တိုင် ဦးဆောင်မှု ပေးစွမ်းနိုင်ကြောင်း ထင်ရှားလေသည်။ သူသည် အခြေအနေကို အေးဆေးတည်ငြိမ်စွာ သုံးသပ်ကာ စစ်ဗိုလ်စစ်သားတို့နှင့် ပြည်သူတို့၏ ဇာတိမာန်ကို လှုံ့ဆော်လျက် ရှုပ်ရှုပ်ချွံချွံ ခုခံ တွန်းလှန်ခဲ့ကြသည်။ ထို့ကြောင့် သူ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ထက်တွင် ရှေ့တန်းနှင့် နောက်တန်း ခွဲခြား အသားယူမှုများ ကင်းရှင်းခဲ့သည်ဟု ဆိုရပေမည်။

တရုတ်တို့ ၄ ကြိမ်မြောက် အရေးနိမ့်ပြီးနောက် စစ်ပြေငြိမ်းရန် စကား ကမ်းလှမ်းသောအခါ စစ်သူကြီး မဟာသီဟသူရက ပြန်ကြားချက် ပြုသည်ကား–

'ငါတို့သခင် နေထွက်ဘုရင်သည် မင်းကျင့်တရားတို့နှင့် ပြည့်စုံသည်ဖြစ်၍ တရုတ်ပြည်၏ နယ်စွန်နယ်ဖျားကို မျှ ထိပါးသည်ကို အလိုတော် မရှိ။

'ဥဒည်မင်းမှာမူကား ပြည်ကြီး ၂ ပြည်ကြား ငါတို့ ကျွန်တော်မျိုး စော်ဘွားငယ်များ စကားကို နာယူပြီးလျှင် ၄ နှစ်တိုင် အကြိမ်ကြိမ် စစ်ဆင်ကာ မြန်မာနိုင်ငံတွင်း ချဉ်းနင်း ဝင်ရောက်လာပုံ မှားလေသောကြောင့် တရုတ်စစ်သည် အပေါင်း ဆုံးပါး ပျက်စီး၍ ဆင်းရဲကြီးစွာ တွေ့ကြလေသည်။

'၃ နှစ်၊ ၄ နှစ်ကို မဆိုထားနှင့်ဦး၊ နှစ်တစ်ရာပင် ငါတို့ တိုင်းနိုင်ငံအတွင်း ချဉ်းနင်းပေါက်ရောက် လာချေသည် ရှိသော် ဤကဲ့သို့ချည်း ဆင်းရဲတွေ့ကြရလိမ့်မည် မချွတ် ဖြစ်သည်'

ဤသည်မှာ တရုတ်–မြန်မာ စစ်ပွဲတွင် မြန်မာတို့က ကျူးကျော်ဆင်နွှဲရန် ဆန္ဒမရှိပုံ၊ ခုခံစစ်ကိုသာ ဆင်နွှဲပုံ၊ ယင်း ခုခံစစ်များတွင် တပ်မတော်သားတို့၏ စိတ်ဓာတ် ခိုင်မာပုံ၊ သုံးလေးနှစ်ကို မဆိုထားဘိ၊ နှစ်တစ်ရာပင် တိုင်သော်လည်း မြန်မာတို့က ခုခံတော်လှန်ရန် အဆင်သင့် ရှိကြပုံကို မဟာ သီဟသူရက ဥဒါန်းတွင်ရစ်စေသည့် မိန့်ခွန်းတည်း။

[အခြေပြ မြန်မာနိုင်ငံရေးသမိုင်း ဒုတိယတွဲ၊ (ပထမပိုင်း) မှ]

*

ယိုးဒယားမင်းသား ချူလာ ရေးသော "ဘဝရှင်" ခေါ် စာအုပ်၌ မြန်မာစစ်သူကြီး မဟာသီဟသူရနှင့် ပတ်သက်၍ မှတ်ဖွယ်အကြောင်းအရာ ရေးသားပါရှိ၏။ ၁၁၃၆ ခု၌ ဆင်ဖြူရှင်မင်းက မဟာသီဟသူရကို စစ်ဦးစီးခန့်ကာ ယိုးဒယားသို့ ချီစေသည်။ ယိုးဒယားတို့က အယုဒ္ဓယမြို့တော်သစ် ထူထောင်ခြားနားကြသောကြောင့် ဖြစ်သည်။ သို့သော် ထိုအချိန်၌ ဆင်ဖြူရှင်မင်းသည် လည်းကောင်း၊ စစ်သူကြီး မဟာသီဟသူရသည် လည်းကောင်း အရွယ်ဟိုင်းလျက် စစ်ရေး၌ လက်ပန်းကျချိန်သို့ ရောက်နေချေပြီ။ ယခင်ကလို အားကြိုးမာန်တက် တိုက်ခိုက်ခြင်း မပြုတော့ချေ။ အလွယ်တကူ နိုင်နင်း၍ မရသောအခါ အပင်ပန်း မခံတော့ဘဲ လက်လွှတ်လိုက်လေသည်။

ချူလာမင်းသား၏ ရေးသားချက်ကား–

"၁၁၇၆ ခုတွင် ပိတ်စနုလောက်မြို့ အနောက်ဘက်တွင် တပ်စွဲနေသော မြန်မာတို့ကို တိုက်ခိုက်ရန် ဗန်ကောက်မြို့မှ ဗိုလ်ချုပ် ချာကရီကို တာဝန်ပေးလိုက်သည်။ မြန်မာ ဗိုလ်ချုပ်ကြီး မဟာသီဟသူရမှာ အသက်အရွယ် ကြီးရင့်ပေပြီ။ ယိုးဒယားက အကြိမ်ကြိမ် ဖိ၍တိုက်ရာ စစ်မြေပြင်၌ အနိုင်ရသော်လည်း မြန်မာတို့၏ ခံတပ်ကိုကား သိမ်း၍ မရနိုင်ဘဲ ရှိနေ၏။ မဟာသီဟသူရက သူ့နေရာကို အမြဲ ပြန်ရောက်နေ၏။ မကြာမီ ဗိုလ်ချုပ် ချာကရီထံသို့ မြန်မာတပ်မှ သဝဏ်လွှာတစ်စောင် ရောက်လာ၏။

"အသက် ၆၀ ကျော် မဟာသီဟသူရက အသက် ၃၉ နှစ်ရှိ ယိုးဒယားဗိုလ်ချုပ်အား စစ်ပြေငြိမ်းရန် အကြံပြု၏။ ထို့ကြောင့် အပစ်အခတ်ရပ်စဲကာ ကွင်းပြင်၌ တပ်ကြီး ၂ ခု ရင်ဆိုင်ကြသည်။ ဗိုလ်ချုပ်ကြီး နှစ်ဦးသာလျှင် မြင်းစီးကာ တစ်ဦးကိုတစ်ဦး ချဉ်းကပ်ကြသည်။

"လက်ဆောင်ပဏ္ဏာများ အလဲအလှယ်ပြုပြီးနောက် မဟာသီဟသူရက မိန့်ဆိုသည်မှာ 'မြန်မာတို့က ယိုးဒယားကို အနိုင်ယူခဲ့သောနေ့များ ကုန်ဆုံးပါပြီ။ ယခု ယိုးဒယား ဗိုလ်ချုပ်မင်းသည် အလွန် စွမ်းရည်သတ္တိနှင့် ပြည့်စုံပါပေသည်။ တစ်နေ့တွင် ဗိုလ်ချုပ် ချာကရီသည် ထို ထူးခြားသော အရည်အချင်းတို့ကြောင့် ယိုးဒယားထီးနန်းနှင့် ထိုက်တန်ကြောင်း ထင်ရှားလာပါလိမ့်မည်'ဟူ၍ ချီးကျူး ပြောဆိုလေသည်။

"မြန်မာဗိုလ်ချုပ်က ဤသို့ မိန့်ကြားချက်မှာ ခြေထိုးသော သဘောဖြင့် ယိုးဒယားတို့ကို သွေးခွဲခြင်းပြုသည်ဟု ဝေဖန်သူများ ရှိခဲ့၏။ မြန်မာဗိုလ်ချုပ်၏ မြွက်ပင့်မှုကြောင့် ထိုအချိန်မှ စ၍ ဗိုလ်ချုပ် ချာကရီသည် သွေးကြီးမွေးကြီး ဖြစ်လာသည်ဟုလည်း ဆိုကြ၏။ သို့သော် ထူးခြားချက်ကား ထိုအချိန်မှ စ၍ မြန်မာတို့က ယိုးဒယားဘုရင် တပ်ဆင်လက်ထက်တော်တွင် ကျူးကျော်တိုက်ခိုက်ခြင်း မပြုတော့ချေ။

"ဗိုလ်ချုပ် ချာကရီအတွက် စစ်ဘုရင် ဟူသောဘွဲ့ တစ်ခု တိုးမြှင့်ရရှိခဲ့၏။ နောင်သောအခါ ရာမဘုရင်အဖြစ် ချာကရီမင်းဆက်ကို ထူထောင်ခဲ့သည်။"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ရေးသားပါရှိလေသည်။

မဟာသီဟသူရသည် ယိုးဒယားဗိုလ်ချုပ် ချာကရီနှင့် စစ်ပြေငြိမ်းခဲ့ပြီးနောက် တပ်များကို ရုပ်သိမ်းကာ မုတ္တမမြို့၌ မိုးခိုနေ၏။ ထိုနှစ် ၁၁၃၈ ၌ပင် ဆင်ဖြူရှင်မင်း နတ်ရွာစံလေသည်။

*

စဥ့်ကူးမင်း နန်းတက်ပြီးနောက် နေပြည်တော်သို့ ပြန်ခဲ့ရန် အမိန့်ရ၍ ပြန်လာ၏။ ရာထူးဟောင်းဖြစ်သော လွှတ်တော်ဝန်ကြီးနေရာကို ပြန်ပေးသဖြင့် ဆင်ဖြူရှင် ခေတ်မှာလိုပင် ဆက်လက် ဆောင်ရွက်ရပြန်သည်။

မဟာသီဟသူရသည် ရဲဘော် ၆ ကျိပ်ဝင်အဖြစ် သူ၏ရှောင်းရင်းကြီး မင်းခေါင်နော်ရထာနှင့် အဖြစ်တူသော အချက် ရှိ၏။ မိမိကိုယ်တိုင် မဟာနွယ် မဟုတ်စေကာမူ သားသမီးများက မင်းသားများနှင့် ညားခဲ့သဖြင့် ဆွေတော်မျိုးတော် စာရင်း၌ ပါဝင်နေလေသည်။

ဆင်ဖြူရှင်မင်းမှာ မဟာသီဟသူရနှင့် မယား ညီအစ်ကို ဖြစ်၏။ သူ၏ဇနီးမှာ မိဖုရားခေါင်ကြီး၏ အစ်မအရင်း ဖြစ်နေသည်။ ထိုအဖြစ်ကြောင့်လည်း အခွင့်အရေးအပို မရပါချေ။ တရုတ်များနှင့် စစ်ပြေငြိမ်းခဲ့သောကြောင့် ဆင်ဖြူရှင်က ဒဏ်ခတ်ရာတွင် ထိုမိဖုရားခေါင်၏ အစ်မကြီးမှာလည်း တရုတ်လက်ဆောင်များကို ခေါင်း၌ ရွက်ကာ တစ်နေ့လုံး နေလှန်းခံခဲ့ရသည် မဟုတ်လော။

သားတော် စဥ့်ကူးမင်း နန်းတက်သောအခါ ဆွေမျိုးနှစ်ထပ်ကွမ်းပင် တော်စပ်လာသည်။ မဟာသီဟသူရ၏ သမီးသည် စဥ့်ကူးမင်း၏ မြောက်နန်းမိဖုရား ဖြစ်လာ၏။ ထို့ကြောင့် သူ့တူသည် သူ့သမက် ဖြစ်လာပြန်၏။ သို့သော် မင်းမှုထမ်း ဟူသမျှမှာ ကမ်းနားသစ်ပင်ဖြစ်၍ မဟာသီဟသူရမှာ အသက်ကြီးမှ အကုသိုလ် ဝင်သကဲ့သို့ ဖြစ်ရလေသည်။

စဥ့်ကူးမင်းသည် ငယ်ရွယ်သူဖြစ်၍ မှူးကြီးမတ်ကြီးများထက် လူပျိုတော်များကို ပိုမို ရောနှော တိုင်ပင်၏။ အလောင်းမင်းတရား ရည်မှန်းချက်အတိုင်း သူ၏သားတော်ကြီးများ အစဥ်အလိုက် ထီးနန်းဆက်ခံရမည် ဖြစ်ရာ စဥ့်ကူးမင်းက မြေးတော်အဖြစ် ကြားဖြတ် နေရာယူလိုက်ခြင်း မဟုတ်လော။ ကျန်ရှိသော ဦးရီးတော် ၄ ပါးတို့က ဘယ်သို့ ကြည်ဖြူနိုင်ပါမည်နည်း။ သို့ဖြစ်ရာ ဦးရီးတော်များကို ရန်သူအနေဖြင့် မြင်လာ၏။ ခမည်းတော် လက်ထက်က ထိုမင်းသားကြီးများကို အဆောင်အယောင် ပြည့်စုံစွာ ပေးထားသော်လည်း သူ့လက်ထက်တွင် ဆက်လက် မပေးလိုတော့။ အဆိပ်ပင်ကြီးများကို ရေမလောင်းလိုတော့။

ဤအချက်နှင့် ပတ်သက်၍ ယောက္ခမကြီး မဟာသီဟသူရနှင့် စတင် သဘောကွဲလွဲခြင်း ဖြစ်သည်။ ဘထွေးတော်ကြီးများကို အထိုက်အလျောက် ရှိသေစွာ ပေါင်းသင်းဆက်ဆံခြင်းသာလျှင် အရှည်ကောင်းကျိုးရှိနိုင်မည်ဟု မဟာသီဟသူရက မြင်၏။ သို့သော် စဥ့်ကူးမင်းက နားမထောင်ပါချေ။ ဘထွေးတော်တို့ကို အိမ်ဟောင်း၌ နေခွင့်ပြုသော်လည်း အခွင့်အရေး အားလုံး ရုပ်သိမ်းပစ်၏။ စစ်ကိုင်း၌ ဘထွေးတော်များ တစ်မြို့တည်း အတူ မနေရဘဲ တစ်ရွာစီ ခွဲခြားနေစေ၏။ နှောင်တော်ကြီး၏ သားတော် မောင်မောင်ကိုလည်း ဖောင်းကားရွာသို့ ပို့၏။

မဟာသီဟသူရကိုလည်း ဝန်ကြီးရာထူးမှ ဖြုတ်ကာ စစ်ကိုင်းသို့ ပို့သည်။ သူ့သမီး မြောက်နန်းမိဖုရားကလည်း သူ့ဖခင်ကို ထောက်ခံသဖြင့် နန်းတော်မှ နှင်ထုတ်ကာ စစ်ကိုင်းတိုင်းသို့ လိုက်ပါ နေထိုင်စေ၏။ သူ့နေရာကို အခြားမိဖုရား တင်မြှောက်၏။ ဤသည်ကို နန်းကျမိဖုရားက စာရေး ရန်တွေ့သဖြင့် စစ်ကိုင်းမှ ပြန်ခေါ်ကာ ရှေ့ဖျောက်စေသည်။

ပညာရှိ သူရဲကောင်းတို့ အပါး၌ မရှိသည်မှ စ၍ စဥ့်ကူးမင်းအဖို့ ကြာကြာခံနိုင်ဖွယ် မရှိသည်ကို အများ ခန့်မှန်းနိုင်ပေသည်။ မဟာသီဟသူရ၏ အကြံဉာဏ်ကို ရယူလိုသော မင်းသားအများပင် ရှိကြ၏။ အလောင်းဘုရား၏ အငယ်ဆုံးသော သားတော် စည်သာမင်းသားက မဟာသီဟသူရကို အားအကိုးဆုံး ဖြစ်၏။

သို့သော် စဥ့်ကူးမင်းလက်ထက်၌ ရာဇဝတ်သင့်ပြီးဖြစ်သော မဟာသီဟသူရ အဖို့ လိမ္မာစွာ မျိုသိပ်နေခဲ့သည်။ စဥ့်ကူးမင်း နန်းကျ၍ ဗဒုံမင်း နန်းတက်သောအခါ တစ်လအကြာတွင် စည်သာမင်းသား၏ လှုပ်ရှားမှုကြောင့် မဟာသီဟသူရနှင့် အပေါင်းပါတို့ကို ၁၁၄၃ ခုနှစ်၌ ကွပ်မျက်လိုက်လေသည်။

ဆင်ဖြူရှင်မင်းသည် စစ်သူကြီး မဟာသီဟသူရနှင့် မယားညီအစ်ကို ဖြစ်၏။ မဟာသီဟသူရ၏ သမီးမှာလည်း စဥ့်ကူးမင်း၏ မြောက်နန်းမိဖုရား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၅ နန်းရ သားတော်ကြီး (၃) ပါး

## [၁] မိဘစကားကို နားထောင်သူ မောင်လောက် ခေါ် နှောင်တော်ကြီး

အလောင်းဘုရား ဦးအောင်ဇေယျ၏ သားတော်ကြီး နှောင်တော်ဘုရား သို့မဟုတ် နှောင်တော်ကြီးသည် နှိမ့်ချသော မာနဖြင့် ရိုးရိုးစား၊ ရိုးရိုးနေတတ်၏။

ရံဖန်ရံခါ မိမိ၏ လုပ်ပိုတော်သားများနှင့် မန်ကျည်းတော၊ မန်ကျည်းပင် အောက်များ၌ ဆား၊ ငါးပိ စသည်တို့နှင့် မန်ကျည်းသီးများကို ထောင်းထု စားသောက်နေလေ့ရှိ၏။ တစ်ခါသော် မှူးမတ်များက 'အရှင့်သား၊ ဤသို့ သိမ်ဖျင်းသော အစားအသောက် အလေ့ကို ရှောင်ကြဉ်တော်မူပါ။ မိမိ၏ဂုဏ်နှင့် မတော် ထင်ပါသည်'ဟု လျှောက်ကြသောအခါ နှောင်တော်ဘုရားက 'ဤကဲ့သို့ သစ်ပင်အောက်၌ မန်ကျည်းသီး စားခြင်းကြောင့် တိုင်းပြည်၌ တစ်စုံတစ်ရာ ဝန်လေးပါသလော'ဟု မေးတော်မူ၏။ ထိုအခါ မှူးမတ်များက 'တိုင်းပြည်၌သော်ကား ဝန်မလေးပါ'ဟု လျှောက်လျှင် 'တိုင်းပြည်၌ ဝန်လေးမည့် ကိစ္စကိုမူကား ငါ ရှောင်ပါအံ့၊ ဝန်မလေးမည့် ကိစ္စ မတားမြစ်လိုပါနှင့်၊ ငါ ကြိုက်တတ်သည်ကို စားပါရစေ' ဟု အခွင့်ပန်ပြန်သော ဟူ၏။

*

ဤနှောင်တော်ကြီးသည် မင်းဟူ၍ မာန်မာန မထားခြင်း၊ အားအင်သန်စွမ်း ယောကျ်ားပီသခြင်းတို့ကို အောက်ပါ အတိုင်း သိရ၏။

နှောင်တော်ဘုရားမှာ ရွှေဘိုနှင့် စစ်ကိုင်း နှစ်ရပ်လုံး တွင်ပင် ပြောင်း၍ စံနေလေ့ရှိ၏။ မိမိမှာ မြင်းကောင်းလည်း ရှိသဖြင့် ငါ စစ်ကိုင်းသွားဦးမည်၊ သို့မဟုတ် ငါ ရွှေဘို သွားဦးမည်ဟု ရုတ်တရက် မြင်းစီး၍ ထွက်လာတတ်၏။ နောက်လိုက်နောက်ပါတို့မှာ ကပျာကသီ မြင်းပြင်၍ လိုက်ရသဖြင့် မမီသည်က များ၏။

တစ်ခါသော် ဤသို့ စစ်ကိုင်းမှ ရွှေဘိုသို့ အပြန် နောက်လိုက်နောက်ပါ အခြွေအရံတို့ ဝေးလံစွာ ကျန်ရစ်ခဲ့သဖြင့် မိမိတစ်ပါးတည်း ခေါ်တော်အရပ်သို့ (ရွှေဘိုမှ ၁၄ မိုင် ကွာသည်) ရောက်လာလေ၏။ ဤအရပ်၌ သခွားယာခင်းတစ်ခင်း တွေ့လျှင် ဆာမွတ်လှသဖြင့် မြင်းကို ယာခင်းပြင်ဘက်မှာ ချိတ်ထားခဲ့၍ ယာတွင်းသို့ ဝင်ပြီးသော် ယာရှင် ယောကျ်ားအား 'သခွားသီး စားပါရစေ'ဟု ကောင်းမွန်စွာ တောင်း၏။ ယာရှင်လည်း မင်းဖြစ်ကြောင်း မသိဘဲ 'အလိုရှိသမျှ စားလေ၊ အပင် အနွယ် အကင်းတို့ကို မပျက်စေနှင့်' ဆို၏။ ထိုအခါ နှောင်တော်ဘုရားသည် သခွားသီးကို ဖြတ်၍မဆွတ်ဘဲ ဆွဲဆွတ်သဖြင့် အပင်အနွယ်များ အုံပါကြွလာပြီးလျှင် အကင်းအပွင့်တို့မှာ အတော်အတန် ပျက်စီးလေသည်။ ယာရှင် မြင်သော် 'နင်သည် စားရုံစား၊ မဖျက်နှင့်ဟု ငါပြောပါလျက် ဖျက်ရာသလော'ဟု ဒေါသဖြစ်၍ သတ်မည် ပုတ်မည် ပြု၏။ နှောင်တော်ဘုရားသည် တစ်စုံတစ်ရာ အမျက်မထွက်ဘဲ 'နင် ယောကျ်ားကောင်းဆိုသော် သတ်ကြအံ့'ဆို၍ နှစ်ယောက်သား လုံးထွေး သတ်ကြ၏။ ယာရှင်သည်သာ အဖန်ဖန် အောက်ကျ၏။ အတော်ကြာသော် ယာရှင်လည်း မောလှပြီဖြစ်၍ မတတ်နိုင်သဖြင့် အဘယ်သို့ သောသူ ဖြစ်လေသနည်းဟု တွေးတောကာ ထိုင်၍ ကြည့်နေ၏။ နှောင်တော်ကြီးကား ပြုံးလျက်ပင် စားမြဲ စားလေ၏။

ဤအတောအတွင်း ယာရှင်မိန်းမသည် ထမင်းပို့ ရောက်လာ၍ ထမင်းတောင်း ရှေ့တွင်ချသော် နှောင်တော်ကြီးက 'ယောက်ဖ၊ ငါလည်း ထမင်းစားပါရစေ'ဟု ဆို၏။ ယာရှင်လည်း ဒေါသဖြစ်၍ 'မစားရဘူး၊ နင်သည် ငါ့သခွား

www.burmeseclassic.com



သီးကို စားလည်း စားသည်၊ ဖျက်လည်း ဖျက်သည်၊ နင့်ကို ထမင်းမကျွေးဘူး၊ သွားလေ' ဟုဆိုရာ မိန်းမဖြစ်သူက မိမိယောကျ်ားအား လက်တို့၍ 'ယာပြင်ဘက်မှာ ရွှေကတောင်နှင့် မြင်းကောင်းတစ်စီး ချိတ်ထားသည်ကို ငါ တွေ့ခဲ့သည်။ လူသာမည မဟုတ်၊ မင်းဖြစ်ပုံ ရသည်။ တွေ့ကရာ မပြောနှင့်'ဟု အသာတိုးတိုးပြော၍ အကဲခတ်နေကြသည်အတွင်း နောင်တော်ဘုရား၏ နောက်လိုက်နောက်ပါများ မီလာသဖြင့် ဝင်ရောက်၍ ရှေ့တော်တွင် ဒူးထောက်ကြမှ မင်းမှန်းသိ၍ ယာရှင်လင်မယားမှာ များစွာ ကြောက်ရွံ့ ရှိခိုး တောင်းပန်လေ၏။

နောင်တော်ဘုရားသည် ပြုံးရယ်လျက်ပင် 'သင်တို့က တောင်းပန် မရှိသင့်၊ သခွားသီးကိုလည်း ငါ စားရသည်၊ သတ်ပုတ်ကြသည်မှာလည်း သဘောတူ ဖြစ်သည်။ ငါကား မင်းဖြစ်သည် မှန်၏။ သို့ရာတွင် မကြောက်လင့်။ ယခု သင့်သခွားသီးများမှာ အလွန် အရသာရှိသည်။ ငါ စံရာ ရွှေဘိုသို့ တစ်ခါလောက် လာရောက် ဆက်ပါဘိ' ဟု မိန့်တော်မူခဲ့သော ဟူ၏။

ထိုနောက် များမကြာမီ ယာရှင်သည် ကောင်းနိုးရာရာ သခွားသီးများကို ဆွတ်ခူးထမ်းဆောင်လျက် ရွှေဘိုသို့ သွားရောက်၍ နောင်တော်ကြီးအား ဆက်သလေ၏။ နောင်တော်ကြီးလည်း ယာရှင်ကို မမေ့ဘဲ ကျေးဇူးတင်စကားပြော၍ ရှေ့တွင် စားတော်ခေါ်တော်မူ၏။ ပြီးမှ ယာရှင် အလိုရှိရာကို တောင်းလေဟု မိန့်တော်မူသောအခါ၊ ယာရှင်မှာ မိမိအရပ်၌ သူကြီး၏ အညှဉ်းအပန်း နှိပ်စက်မှုကို ခံရဖန်များသဖြင့် သူကြီးအာဏာနှင့် လွတ်လျှင် လောကတွင် အချမ်းသာဆုံး ဖြစ်တော့သည်ဟု ထင်မှတ်လျက် တစ်စုံတစ်ရာ မတောင်းဘဲ 'သူကြီးအာဏာနှင့်တကွ မင်းတိုင်းကျေမှ လွတ်လိုပါသည်' ဟု လျှောက်၏။ နောင်တော်ကြီးလည်း 'ဤအတွက်ကား ရစိမ့်မည်၊ အခြား အလိုရှိသည်ကိုလည်း တောင်းဦးလော့' ဟု မိန့်တော်မူသော်လည်း၊ ဤတစ်ခုရလျှင် ကျေနပ်သော ယာရှင်သည် ထပ်၍ မတောင်းတော့ချေ။

ထိုအခါမှ ထန်းရွက်တွင် ယာရှင် အလိုရှိသော အမိန့်တော်ကို ရေး၍ 'ဤစာချွန်ကို သူကြီးအား ပြလေ၊ သင်သည် တစ်ဆယ့်နှစ်မူ မင်းတိုင်းကျေ လွတ်လိမ့်မည်'ဟု ဆို၍ ပေးတော်မူ၏။ သေချာသော ယာရှင်လည်း 'ဤထန်းရွက်နှင့်စာကို ယူသွားခြင်းဖြင့် သူကြီးက အဘယ်သို့လျှင် မင်းမိန့်ဖြစ်ကြောင်း ယုံကြည်အံ့လော'ဟု လျှောက်ပြန်မှ နောင်တော်ကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးရလေ၏။ ဤအခါမှ ယာရှင်သည် စိတ်ချလက်ချ ယုံကြည်သဘောကျ၍ ဝမ်းမြောက်ဝမ်းသာနှင့် ယူဆောင်ခဲ့လေ၏။

မိမိအရပ်သို့ ရောက်၍ သူကြီးကိုပြသော် အကယ်ပင် သူကြီး၏ အဆင့်အဆို မင်းတိုင်းကျေတို့မှ ကင်းလွတ်သဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်လေ၏။

*

ဤယာရှင်မှာ နောင်တော်ကြီးနောက် ဆင်ဖြူရှင်၊ နောက် စဥ့်ကူးမင်း၊ နောက် ဖောင်းကားမင်းတို့ စိုးစံပြီး၍ နောင်တော်ကြီး ညီတော် ဘိုးတော်ဦးဝိုင်း လက်ထက်တိုင်အောင် နေရ၏။

ဘိုးတော်လက်ထက် ကျ၍ အခွန်အတုတ် စသည် တောင်းရာ နောင်တော်ကြီး၏ စာချွန်ကို ပြလေ၏။ ထိုအခါ ဘိုးတော်သည် မိမိ၏ ချစ်လှစွာသော နောင်တော်ကိုယ်တိုင် ရေးသောလက်ရာကို အမွေအနှစ်သဖွယ် အလွန် နှစ်သက်မြတ်နိုးတော်မူသဖြင့် 'ဤစာချွန်ကို ငါ့အား ပေးပါ'ဟု တောင်းရာ မပေးနိုင်ကြောင်း အတင်းငြင်းလေ၏။ ထိုအခါမှ ဘိုးတော်ရိပ်မိ၍ 'ငါလည်း ဘုရင်ဖြစ်ပါသည်။ သူကြီး၏ အဆင့်အဆိုမှ လွတ်ရန် ငါက ထပ်မံ၍ အသစ်တစ်ခု ရေးပေးပါမည်။ ဤစာချွန်မှာ ငါ့နောင်တော် ကိုယ်တိုင် လက်ရာဖြစ်၍ မြတ်နိုး အလိုရှိပါသောကြောင့် တောင်းပါသည်'ဆိုမှ 'ဤသို့ဖြစ်လျှင် ယူတော်မူပါ'ဟု သဘောတူလေ၏။ ၎င်းနောက် ဘိုးတော် ရေးပေးသော စာချွန်ကို သေသေချာချာ ကြည့်ရှု၍ လက်မှတ်လိုနေသည်ကို တွေ့လျှင် 'လက်မှတ် ထိုးတော်မူပါဦး'ဟု လျှောက်သဖြင့် အကယ်ပင် ထပ်မံထိုးရပြန်လေ၏။ ဤအခါမှ အေးချမ်းသာယာစွာ ပြန်လေတော့ သတည်း။

## နောင်တော်ကြီးနှင့် ဦးတွန် တိုက်ပွဲ

**[ အင်္ဂလိပ်သံတမန် အဲဗတ်၏ ကိုယ်တွေ့ ဖော်ပြချက် ]**

နောင်တော်ကြီးမင်း လက်ထက်တွင် အင်္ဂလိပ်များထံ ကပ္ပတိန် အဲဗတ် (Captain Evatt)ကို ၂ ကြိမ် စေလွှတ် ခစားစေခဲ့သည်။ ၁၇၆၀ ခု ဩဂုတ်လ ၂၂ ရက်နေ့၌ အဲဗတ်သည် စစ်ကိုင်းမြို့တော်သို့ ရောက်ရာ နောက်တစ်နေ့၌ပင်



www.burmeseclassic.com

www.burmeseclassic.com



နောင်တော်ကြီးမင်း၏ ရှေ့တော်သို့ ဝင်ရသဖြင့် မြန်မာဘုရင်နှင့် အမြန်ဆုံး တွေ့ခွင့်ရသူဟု ဆိုရပေမည်။ ထိုအချိန်က စစ်ကိုင်း တစ်ဖက်ကမ်းရှိ အင်းဝမြို့တော်ကို မင်းခေါင်နော်ရထာက သိမ်းပိုက်ထားခိုက် ဖြစ်၍ ဘုရင့်တပ်များက ဝိုင်းရံ တိုက်ခိုက်နေပုံတို့ကို အင်္ဂလိပ်သံမှူးကိုယ်တိုင် မျက်မြင် ကြုံတွေ့ခဲ့သည်။

"ကျွန်တော်နှင့်အတူ အင်းဝသို့ လိုက်ပါရန် အန်ထော်နီက ငြင်းဆန်၏။ ထိုအချိန်က အလောင်းမင်းတရား ကွယ်လွန်သည်မှာ မကြာသေး၍ တိုင်းပြည် မငြိမ်မသက်ဘဲ အခြေအနေ ရှုပ်ထွေးနေ၏။ လွန်ခဲ့သော မေလအတွင်း ယိုးဒယားမှ အပြန်တွင် လမ်းခုလတ်၌ မြန်မာဘုရင် နတ်ရွာစံသည်။ သူ၏ ဒုတိယသားတော် မောင်ရွှက ခမည်းတော်၏ ရိုက်ရာကို ခံယူလိုသည်။ သို့သော် တပ်မတော်၌ ပါရှိသော ဗိုလ်မှူး တပ်မှူးတို့က ပထမ သားတော်ကြီး မောင်လောက်ခေါ် နောင်တော်ကြီးသာလျှင် ထုံးစံအတိုင်း နန်းဆက်ခံသင့်သည်ဟု ယူဆကာ မောင်ရွှကို သစ္စာမခံ ရှိနေကြသည်။

ထို့ကြောင့် မောင်ရွှသည် သူနှင့်စိတ်တူသူ တပ်သားများ စုဆောင်းကာ တောင်ငူခေါ် ယိုးဒယားနယ်စပ်ရှိ ဒေသသို့ သွားရောက်၍ သူ့ကိုယ်သူ ရှင်ဘုရင်အဖြစ် ကြေညာလေသည်။

ရှင်ဘုရင်၏ အလောင်းတော်ကို ထိန်းသိမ်းလိုက်ပါသော တပ်မှူး ဗိုလ်မှူးတို့က ဘုရင် နတ်ရွာစံသော သတင်းကို ဖုံးဖိထားကြသည်။ ရတနာသိခ် နေပြည်တော်ရှိ နောင်တော်ကြီး မောင်လောက်ထံသို့သာလျှင် အဖြစ်မှန်ကို အကြောင်းကြား၏။ မှူးကြီးမတ်ကြီးတို့နှင့်တကွ ဗိုလ်မှူးတို့၏ ထောက်ခံချက်ဖြင့် မောင်လောက်သည် အလောင်းမင်းတရား၏ နန်းကို အမြန်ဆက်ခံလေသည်။ ရပ်ကလာပ်တော်ကို မုဆိုးဘိုမြို့သို့ ခမ်းနားစွာ ဆောင်ယူ သင်္ဂြိုဟ်လေသည်။

ပြည်သူ၏ ထောက်ခံမှုကို မရရှိသော မောင်ရွှသည် နောင်တော်ကြီးမင်း ထံသို့ မိမိ အမှားကို ဝန်ခံလျက် လက်နက်ချအပ်ရန် ခွင့်ပန်သည်။ မယ်တော်၏ ကူညီတောင်းပန်ချက်ကြောင့် နောင်တော်ကြီးက မောင်ရွှကို ချမ်းသာပေးလေသည်။

ထိုအချိန်၌ ရန်သူအပေါင်း ကင်းရှင်းပြီဟု ယူဆကာ နောင်တော်ကြီးမင်းသည် ခမည်းတော်ရှိစဉ်က မိမိ၏အမိန့်ကို လွန်ဆန်ခဲ့သော ဗိုလ်မှူးကြီးနှစ်ဦးကို ဆင့်ခေါ်လေသည်။ ထိုဗိုလ်မှူးတို့ကလည်း တစ်စုံတစ်ရာ သံသယမရှိဘဲ ခြေတော်ရင်းသို့ အမိန့်တော်အတိုင်း လာရောက်ကြသည်။ ထိုအခါ နောင်တော်ကြီးမင်းက ရှေ့တော်သို့ မဝင်စေဘဲ ဖမ်းဆီးကာ ချက်ချင်း ကွပ်မျက်စေလေသည်။

ဘုရင်သစ် နောင်တော်ကြီးက ထိုသို့ ပြုခြင်းမှာ တပ်မတော်တစ်ရပ်လုံး မခံမရပ်နိုင် ဖြစ်စေသည်။ ထို့ကြောင့် တပ်မတော်က လူကြိုက်အများဆုံးဖြစ်သော မင်းခေါင်နော်ရထာကို ဘုရင်သစ်အဖြစ် ရွေးချယ် တင်မြှောက်လိုက်ကြ၏။ နောင်တော်ကြီးမင်း၏ သစ္စာကို မခံယူတော့ဘဲ မသေကျန်ရှိသော သူတို့နှစ်သက်ရာ ဗိုလ်မှူးကြီးကို တညီတညွတ်တည်း မြှောက်စားထားခြင်း ဖြစ်လေသည်။

ထို့ကြောင့် မင်းခေါင်နော်ရထာသည် လက်ရွေးစင် စစ်သား ၁၂၀၀၀ နှင့် အင်းဝမြို့တော်ကို တက်ရောက် သိမ်းပိုက်ကာ နောင်တော်ကြီးမင်းကို တော်လှန်လေသည်။ မြန်မာပြည် အရပ်ရပ်သို့ သဝဏ်လွှာများ ပေးပို့ကာ သူတို့ဘက်ကို သာလျှင် တရားမင်းအဖြစ် အသိအမှတ်ပြုကြစေရန် စည်းရုံးလေသည်။

ရန်ကုန်မြို့ဝန် မင်းကြီးနော်ရထာထံမှ ကျွန်တော်ကြားသိရသော သတင်းအရဆိုလျှင် နောင်တော်ကြီးမင်း၏ တပ်များက မင်းခေါင်နော်ရထာကို နေရာတကာ အနိုင်ရနေသဖြင့် မကြာမီ အင်းဝမြို့ကို ဘုရင့်တပ်များ သိမ်းနိုင်မည်ဟု ဆို၏။ အခြားသူများကို မေးမြန်းရာ၌ ထိုအတိုင်း မှန်ကြောင်း သိရသည်။

ကျွန်တော်သည် အန်ထော်နီနှင့် အတူ မကြာမီ အင်းဝသို့ ဆန်တက်ခဲ့သည်။ ဧရာဝတီ မြစ်ကမ်းတစ်လျှောက် တွေ့ကြုံရသမျှတွင် ပြည်သူလူထုသည် ရွှေဘိုအစိုးရကို ထောက်ခံမှု နည်းပါးလေသည်။ ဘုရင့်တပ်များ ဆုံးရှုံးသည် ဟူသောသတင်း ကြားချင်သူများ ပိုမို ပေါများလေသည်။ မြို့တွင်းမှ ခုခံနေသော မင်းခေါင်နော်ရထာ တပ်များတွင် အမြောက် စိန်ပြောင်းများ မရှိချေ။ ဤသို့ လက်နက် ချို့ယွင်းနေသူများကိုပင် ဘုရင့်တပ်များက မသိမ်းနိုင် ဖြစ်နေ၏။ ဘုရင်ဘက်မှ ပါဝင်သော လီဗင် ခေါ် ပြင်သစ် စစ်ဗိုလ်တစ်ဦး ကျဆုံးသည် ကြားရ၏။

အင်းဝမြို့တွင်းမှ ခုခံရင်း ဗိုလ်မှူးကြီး မင်းခေါင်နော်ရထာသည် ယိုးဒယားပြည်သို့ လူလွှတ်ကာ ယခင်က



www.burmeseclassic.com

www.burmeseclassic.com



နန်းကျမြန်မာဘုရင် "ဟံသာဝတီရောက်မင်း"၏ သားတော်ကို နန်းတက်တော်မူရန် ဖိတ်ခေါ်လေသည်။ ထိုသတင်းကိုလည်း နေရာတကာ ပြောဆိုနေကြလေသည်။ ထိုသတင်းကို သုံးသပ် ဝေဖန်ကြရာ၌လည်း ပြည်သူလူထုက ထိုအစီအစဉ်ကို သဘောကျသလို ရှိနေပေသည်။ မင်းခေါင်နော်ရထာက သူ ကိုယ်တိုင် ဘုရင်လုပ်မည် မဟုတ်ဘဲ မြန်မာမင်းဆက် အတိုင်း တည်တံ့စေရန် ထို အင်းဝဘုရင်ဟောင်း၏ သားတော်ကို နန်းတင်မည် ဖြစ်လေသည်။ သို့လျှင် မြန်မာပြည် အရပ်ရပ်၌ လှုပ်လှုပ်ရွရွ ဖြစ်နေ၏။ သို့လျှင် ကျွန်တော်သည် ကြာမြင့်စွာ ဧရာဝတီမြစ်ကို ဆန်တက်ခဲ့ရာ စက်တင်ဘာလ ၂၂ ရက်တွင် စစ်ကိုင်းမြို့သို့ ရောက်ရှိ၏။

စစ်ကိုင်းမြို့ တစ်ဖက်ကမ်းတွင် အင်းဝမြို့ ကပ်လျက်ရှိသည်။ နောင်တော်ကြီးမင်းက တစ်ဖက်၊ မင်းခေါင်နော်ရထာက တစ်ဖက် တိုက်ပွဲ ဆင်နွှဲနေကြသည်မှာ ကျွန်တော် ရောက်ရှိချိန်၌ မပြီးဆုံးသေးပေ။

နောင်တော်ကြီးမင်းဘက်မှ စစ်သည် တစ်သိန်းကျော်နှင့် အင်းဝမြို့ကို ဝိုင်းရံ ပိတ်ဆို့နေခဲ့သည်မှာ ၂ လ ကျော်ခဲ့ပြီ။ အင်းဝမြို့ပတ်လည် ကျုံးမြောင်းတို့မှာ ရေမရှိချေ။ မြို့ခံ တပ်သားတို့၌ သေနတ်မှအပ အခြား စစ်လက်နက်ကြီးများ မရှိချေ။ ရှင်ဘုရင်၏ တပ်များက ကိုက် ၅၀ အကွာမှ ဝိုင်းကာ မြို့ရိုးများကို တက်ရန် ကြိုးပမ်းနေကြ၏။ မင်းခေါင်နော်ရထာ၏ တပ်များက မြို့ရိုးသို့ ချဉ်းကပ်သူများကို ကတ္တရာစေးနှင့် ငရုတ်သီးမှုန့်များနှင့် ပက်လောင်း ခုခံကြ၏။ ထို့ကြောင့် ဘုရင့်တပ်သားများ မကပ်နိုင်ဘဲ အမြဲလိုပင် ကစဉ့်ကလျား ပြန်ပြေးကြရသည်။ မြစ်ကမ်းနဖူးရှိ တဲကလေးများတွင် ထိုတိုက်ပွဲမှ အပူလောင်သူများ မရှုမလှ ဆေးကုသရပုံကို ကျွန်တော် မြင်ရသည်။

နောင်တော်ကြီးမင်းက အမိန့်ထုတ်ရာတွင် 'အမှန်အားဖြင့် ဤသို့ ဖုန်ကန်ထကြွမှု ပေါ်ပေါက်သည်မှာ ငတွန်နှင့် သူ့နောက်လိုက်များ၏ အပြစ်သာဖြစ်သည်' ဆို၏။

သို့သော် 'အင်းဝမြို့ကို ထိုးဖောက်သိမ်းပိုက်နိုင်ချိန်တွင် မြို့တွင်း၌ ရှိရှိသမျှ သက်ရှိသတ္တဝါအားလုံးကို တစ်ဦးတစ်ယောက်မကျန် သတ်ဖြတ်သုတ်သင်စေ' ဆိုပြန်၏။

နောက်နေ့ နံနက်တွင် တပ်တွင်းဗိုလ် ၂ ဦးကို ရှင်ဘုရင်က ဖမ်းချုပ်သည်ဟု ကြားရ၏။ အင်းဝမြို့တွင်းမှ ဦးတွန်ခေါ် မင်းခေါင်နော်ရထာထံမှ ပေးပို့သောစာကို သူတို့လက်မှ ရရှိ၍ ဖြစ်သည်ဆို၏။ ထိုစာ၌ ဟံသာဝတီရောက်မင်း၏ သားတော်သည် ယိုးဒယားပြည်၌ ခိုလှုံရာမှ နယ်ခြားတပ်များ ဖွဲ့စည်းကာ အင်းဝသို့ ချီတက်လာနေပြီ ဟူသော သတင်းပါရှိ၏။ လက်ရှိ နောင်တော်ကြီးဘုရင်က မည်မျှ ခုခံ တိုက်ခိုက်စေကာမူ မြန်မာပြည်၏ ရိုးရာမင်းဆက် မဟာ သွေး စစ်မှန်သူအဖြစ် အန္တရာယ်ဟူသရွေ့ အောင်မြင်မည် မချွတ်ဟု ပါရှိလေသည်။

တခြား သတင်းတစ်ရပ်မှာလည်း ညီတော် မောင်ရှုကိုပင် ဘုရင်တင်မြှောက်ရန် နောင်တော်ကြီးမင်းကို နန်းချလိုသူတို့ လှုပ်ရှားနေကြောင်း ဖြစ်၏။ တိုင်းပြည် မငြိမ်မသက်သည်မှာ ကြာမြင့်လျက် နောင်တော်ကြီးကလည်း အခြေအနေကို ထိန်းသိမ်းနိုင်ပုံ မပေါ်သဖြင့် ထိုသို့ ပြောင်းလဲစေရန် အချိန်ကျရောက်နေပြီဟု ထိုဂိုဏ်းသားများက ဆိုကြ၏။ ဤသတင်းလည်း မှန်ကန်ကြောင်း ကျွန်တော် ထောက်လှမ်းသိရှိရသည်။

ထို ဟံသာဝတီပါမင်း၏ သားတော်မှာ ပဲခူးသားများ အင်းဝကို သိမ်းပြီးနောက် အလောင်းမင်းတရား၏ မုဆိုးဘိုမြို့သို့ ပြေးဝင် ခိုလှုံခဲ့သည်။ ထိုမှတစ်ဖန် ကွေ့ရှမ်းများ ထံသို့ တိမ်းရှောင်ခဲ့သည်။ ထို့နောက် ယိုးဒယားပြည်ဘက်သို့ ကူးသွားခဲ့သည်။ အလောင်းမင်းတရားသည် အောက်ပြည်သို့ မစုန်ဆင်းမီ မြန်မာတပ်ဖွဲ့တစ်ခု ယိုးဒယားသို့ စေလွှတ်ကာ ထိုမင်းသားကို ရှာဖွေစေခဲ့သည်။"

[ ဤဖြစ်ရပ်ကို အပိုင်း ၄ ၌ ပါရှိသော မင်းခေါင်နော်ရထာ ဦးတွန်၏ အတ္ထုပ္ပတ္တိနှင့် ပူးတွဲသုံးသပ်ရန် ဖြစ်ပါသည်။ ]

*

## [၂] မိဘစကားကို ပယ်သူ မောင်ရှု ခေါ် ဆင်ဖြူရှင်

ဆင်ဖြူရှင်မင်းသည် မြန်မာတို့ အစားရိက္ခာအတွက် အားကိုးရသော ကျောက်ဆည်နယ်နှင့် လည်းကောင်း၊ ရှမ်းပြည်တောင်တန်းဒေသများနှင့် လည်းကောင်း အသွားအလာ လွယ်ကူမည့်နေရာကို အလိုရှိလေသည်။ ထို့ကြောင့် ဧရာဝတီမြစ်နှင့် ဒုဋ္ဌာဝတီမြစ်တို့ ဆုံရာ အင်းဝမြို့ဟောင်းကိုပင် ပြန်လည် ပြုပြင် ထီးနန်းစိုက်ရန် ဆုံးဖြတ်လိုက်သည်။ ရွှေဘို မြို့ကို မင်းနေပြည်တော် အဖြစ်မှ စွန့်လိုက်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ထိုအောင်မြေမှ ဝေးလွန်းသော ပဲခူး၊ ဒဂုံ စသည့် အောက်ပြည်များကိုကား စိတ်ကူး မထည့်ပါချေ။ ထိုအချိန်က သူ့မိန့်ဆိုချက်မှာ မြန်မာပီသပေသည်။

'အင်းဝမြို့တော်သည် သတိုးမင်းဖျား တည်ထောင်စဉ်ကာလက အင်းကိုးအင်းနှင့် ချိုင့်ဝှမ်းပေါ်သောအရပ်ဖြစ်၍ တစ်ကြောင်း၊ ပြည်သူအပေါင်းတို့ မမှီမခိုလောက်ရှိရလေသည်။ ရာဇဌာနီ မင်းနေပြည်ဆိုသည့် အရာသည် ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ မှီခိုရအောင် အပြီးအပိုင် တည်ထောင်ရသည် ဖြစ်မှ သံဃာတော်တို့ စိတ်နှလုံး နှောင့်နှေးခြင်း ကင်း၍ ပရိယတ္တိ၊ ပရိပတ္တိ ကျင့်ဆောင်ပွားများနိုင်သည်။ ပြည်သူတို့လည်း စိတ်ကျ နှလုံးကျ လုပ်စားဆောင်စား စီးပွားတိုးတက်၍ ဒါနသီလ ပွားများရာသည်။ ယင်းသို့မှလည်း ပြည်ထဲရေး လေးမျက်နှာ ပွင့်လန်းသာယာ၍ ဘုရား သာသနာတော် ထွန်းတောက်ရာသည်။ ယင်းသို့မှလည်း သာသနာ့ ဒါယကာ ငါ အရှင် ဧကရာဇ်မင်းမြတ် ပြည်ကြီးဝယ် ရှင် လူ အပေါင်းတို့ အမှီအခို ရအောင် မင်းနေပြည်ကို ဖွင့်၍ တည်ပြန်လေသကဲ့သို့ မြို့တော်ကြီး အသစ် ငါ ဖွင့်၍ တည်တော်မူမည်'

လေ့ကြီးကို ဝန်တင်၊ အရင်က နေရာဟောင်းကို
ပြောင်းကြစို့လေး။
အိမ်းတန်းရှည်၊ မင်းနေပြည် ရွှေဝမို့
သာလှတယ်လေး၊ အို အေး
လိုက်ပါမယ်လေး၊ အို အေး
နေရစ်ပါဘူး၊ ရွှေဝမြို့ သာခေါင်ကြူး၊
အိုး ဖောင်နှင့် ကူး။

အင်းဝ မြို့တော်ဟောင်းနေရာတွင် ရဟန်းရှင်လူတို့ မမှီမခိုလောက်၍ အဝန်း ၁၈၂၇၅၀ တိုးချဲ့ တည်ဆောက်ရာ ၁၇၆၇ ခုတွင် အင်းဝမြို့တော်သည် ဝပြော စည်ပင်လှသည် ဖြစ်၍ သဲသဲရတ်ရတ် နေ့ည မဆိတ်မည့် ဖြစ်လေသည်။

## တရုတ်ကို ငါ တိုက်မည်

တရုတ်နှင့် တတိယအကြိမ်တိုက်ပွဲတွင် အင်းဝ နေပြည်တော်သို့ ရောက်ရန် တရုတ်တပ်များ မေမြို့ကို ကျော်လွန် နီးကပ်နေကြောင်းကို ဆင်ဖြူရှင်မင်း ကြားလျှင် မိန့်တော်မူသည်ကား:-

'ပျူစောထီးမင်း လက်ထက်တွင် တစ်ကြိမ်၊ နရသီဟပတေ့ လက်ထက်တွင် တစ်ကြိမ်၊ မင်းခေါင်ကြီး လက်ထက်တွင် တစ်ကြိမ်၊ ထုပါရုံ နရပတိလက်ထက်တွင် တစ်ကြိမ်၊ ပင်းတလဲနှင့် ပြည်မင်း လက်ထက်တွင် တစ်ကြိမ်၊ တရုတ်တို့ အကြိမ်ကြိမ် လာရောက် တိုက်ခိုက်ကြသော်လည်း ပြန်လည် ဆုတ်ခွာ သွားကြရသည်ချည်း မဟုတ်လော။

'ယခင် တရုတ်တို့ ချီလာပြန်သည်မှာလည်း ယင်းတို့ လက်နက်ဗိုလ်ပါ ဆင်မြင်း ၃ စု တစ်စုခန့်သာ ကျန်သည် မဟုတ်လော။ ယခု တစ်ဖန် ချီလာပြန်သည်မှာ ငါတို့ နိုင်ငံတော်သို့ ပေါက်ရောက်သည် ဆိုသမျှ တရုတ် အလုံးအရင်းသည် ကံကြမ္မာကုန်သည်ချည်း ဖြစ်ခဲ့လေပြီ။

'နေပြည်တော်ပတ်လည် အိမ်ရာကျောင်းကန်များကို မထိမပါး မပျက်မစီးစေနှင့်။ တိုင်းနေပြည် ထူထောင် စားသောက်နေကြစေ။

'တရုတ်တပ်စုကိုလည်း မည်သူ တစ်စုံတစ်ယောက်မျှ မဆီးမတားစေနှင့်။ ခြေတော်ရင်းသို့ အရောက်လာကြစေ။

'စကျင်ဝ-ရွှေကြက်ယက် လယ်ပြင်သို့ ရောက်သည့်ကာလမှ ဘေးလောင်းတော် ပျူမင်းထီးကဲ့သို့ ငါ့ညီတော် ၄ ယောက်နှင့် မြစ်ငယ်ကို ဝမ်းဘဲအင်းဘက်မှ ကူးပြီးလျှင် တရုတ်တို့ကို တောမှ မြက်သစ်ရွက်နှင့်အတူ မရေမတွက်နိုင် ချီလာသည် ဆိုသည်ကို ငါကိုယ်တော်တိုင် စစ်ထိုး၍ ရွှေကြက်ယက်ကသည် ရွှေတောင်ဦးသို့ ငါ ကူးတော်မူမည်'

ဤသို့လျှင် ဆင်ဖြူရှင်သည် အခြေအနေကို အေးငြိမ်း တည်ငြိမ်စွာ သုံးသပ်၍ စစ်သားရဲမက်တို့၏ ရဲရည်ရဲသွေး ဇာတိမာန်ကို လှုံ့ဆော်ခဲ့ပေသည်။ ပြည်သူအပေါင်းတို့၏ ကျရောက်လာသည့် အန္တရာယ်ကို ဆင်ဖြူရှင်၏ ဦးဆောင်မှုအောက်တွင် မဆုတ်မနစ် ရှပ်ရှပ်ချွံချွံ ခုခံ တွန်းလှန်ခဲ့ကြသည်။ [အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း (ပ-၃)]

ဆင်ဖြူရှင်သည် အပြုသဘော၌ လည်းကောင်း၊ တိုက်ဖျက်ရေး၌ လည်းကောင်း လိုအပ်သလို သိက္ခာ အပြည့်အဝနှင့် ဆောင်ရွက်နိုင်ကြောင်း ထင်ရှားပေသည်။ နောင်တော်ကြီးနှင့် ဆင်ဖြူရှင်တို့မှာ ခမည်းတော်နှင့်အတူ စစ်မြေပြင် အရပ်ရပ်သို့ ပါဝင်ထမ်းဆောင်ခဲ့သည် ဖြစ်၍ အစွမ်းထက်သော မင်းသား ဗိုလ်မှူးများ ဖြစ်ခဲ့သည်။ ရှင်ဘုရင်မှ မွေးသောကြောင့် မထိုက်တန်သော ထိပ်တန်းရာထူး အဆင့်အတန်း ရသူများ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



### ယိုးဒယား ဖျူဟာသစ်

ယိုးဒယားသို့ ချီတက်တိုက်ခိုက်ရာတွင် ဆင်ဖြူရှင်ခေတ်၌ စစ်ပရိယာယ် ပြောင်းခဲ့သည်။ ဇင်းမယ်ကို စတင်ရရှိရာတွင် ထိုမြို့ကို အခြေပြုကာ အရှေ့ဘက် လောပြည် တစ်လွှားသို့ လည်းကောင်း၊ တောင်ဘက် ဗန်ကောက်မြို့အထိ လည်းကောင်း လိုအပ်သလို အချိန်ယူကာ စည်းရုံး တိုက်ခိုက်သည်။

ယခင်က ယိုးဒယားသို့ စစ်ချီသွားရာတွင် မြန်မာတို့သည် တစ်ပွဲတိုး အနေဖြင့် သင့်လျော်သော စစ်လမ်းကြောင်းမှ အယုဒ္ဓယမြို့တော်သို့ တိုက်ရိုက် ချီတက်လေသည်။ ယခုမူ ဇင်းမယ်ကို ဗဟိုပြုကာ မြန်မာဘုရင်ခံ အုပ်စိုးစေလျက် ထိုမြို့မှ စစ်ကြောင်းများ ဖြာထွက်သည်။ ယိုးဒယားတို့ကလည်း ဤဗျူဟာ မှန်ကန်ကြောင်း ရေးသားဖော်ပြ၏။ မြောက်ပိုင်း ယိုးဒယားကို ရရှိပြီးမှ တောင်ပိုင်းကို ရနိုင်သည် ဆို၏။

မြန်မာတပ်တို့က ရောက်ရာအရပ်တွင် စည်းရုံးအားဖြည့်ကာ လယ်ယာသီးနှံများပင် စိုက်ပျိုးကြသည်။ ဗန်ကောက်မြို့ကို ပိုင်းရံစဉ်ကလည်း မြန်မာတို့သည် အခိုင်အမာ ခံတပ်များ တည်ဆောက်ကာ ရေရှည်တိုက်ပွဲဖြင့် အနိုင်ယူခဲ့သည်။

ဆင်ဖြူရှင်ခေတ်၌ ထူးခြားသော မြန်မာ့စွမ်းရည်ကား ယိုးဒယားနှင့် တရုတ်တို့ကို တစ်ချိန်တည်း စစ်ပြု အနိုင်ယူခြင်း ဖြစ်၏။ ဆင်ဖြူရှင် ကိုယ်တော်တိုင်ကား မဏိပူရ စစ်မြေပြင်သို့ တစ်ကြိမ်ထွက်ခဲ့သည်။ ကျန်စစ်ပွဲကြီးများကို မဟာနော်ရထာ၊ မဟာသီဟသူရ စသော စစ်ဗိုလ်ကြီးများနှင့် ပြီးစီးစေခဲ့သည်။

ထိုခေတ် တရုတ်–မြန်မာစစ်ပွဲမှာ ၄ ကြိမ်ဖြစ်ရာ ၄ နှစ် ကြာခဲ့၏။ ၄ ကြိမ်စလုံး တရုတ်တို့ကို အပြတ်အသတ် နိုင်လိုက်ခြင်းတည်း။ သို့သော် စစ်သူကြီး မဟာသီဟသူရမှာ မျက်နှာကောင်း မရခဲ့။ ရှင်ဘုရင် အမိန့်ကို မစောင့်ဘဲ စစ်ပြေငြိမ်းသည် ဆိုကာ နေပြည်တော်သို့ ပြန်ရောက်သောအခါ အောင်ပွဲရ စစ်သူကြီးကို တရုတ်လက်ဆောင်များ ခေါင်း၌ ရွက်စေကာ တစ်နေကုန် နေပူ၌ ရပ်စေ၏။

အမှန်အားဖြင့် ထိုသို့ ဒဏ်ခတ်ခြင်းမှာ ဆင်ဖြူရှင်၏ ရာဇပရိယာယ် ဖြစ်သည်။ သူက စစ်စာချုပ်ကို သဘောမတူဟု ကြိုတင်ကြေညာရာ ရောက်၏။ သို့မှ ထိုစာချုပ်ကို တရုတ်တို့ ဖောက်ဖျက်လျှင် မြန်မာဘုရင်အဖို့ သိက္ခာ ကျစရာ မရှိဘဲ လိုအပ်သလို အရေးယူနိုင်၏။

### အမေစကား ပယ်စေ

ဆင်ဖြူရှင်သည် အသက် ၃၉ နှစ်၌ နတ်ရွာစံချိန်တွင် မြန်မာနိုင်ငံတော်ကို ဘုရင့်နောင် လက်ထက်ကဲ့သို့ ကျယ်ပြန့်သော ဧကရာဇ်နိုင်ငံ ဖြစ်စေခဲ့သည်။

သို့သော် ခမည်းတော် အလောင်းမင်းတရား၏ ထီးနန်းဆက်ခံရေး အစီအစဉ်ကို သူပင် ဦးစွာ ဖောက်ဖျက်ကာ ညီတော်တို့ကို ကြီးစဉ်ငယ်လိုက် ထီးနန်းမလွှဲအပ်ဘဲ သူ၏သားတော် စဉ့်ကူးမင်းကိုသာ နန်းတက်စေခဲ့သည်။

အလောင်းမင်းတရားက ရာဇသံ ရွှေပေနှင့် အတိအလင်း ရေးသား မိန့်တော်မူခဲ့သည်ကား "ငါ၏ သားတော်များသည် အစဉ်အလိုက် လက်ညှိုး ရှည်တိုက်ကဲ့သို့ ငါ့အရိုက်အရာ ရွှေထီးရွှေနန်းများကို သိမ်းပိုက် စိုးစံရစ်ကြရမည်" ဟူ၏။

ပထမသားတော်ကြီး မောင်လောက်သည် နောင်တော်ကြီး အမည်နှင့် နန်းတက်ခဲ့ပြီးနောက် ခမည်းတော်၏ ရာဇသံကို မြေဝယ်မကျ လိုက်နာခဲ့ပေသည်။ ညီတော်မောင်ရွှေ ခေါ် ဆင်ဖြူရှင်ကို အိမ်ရှေ့အရာ၌ ထားရှိခဲ့သည်။

ယိုးဒယား၌ ခမည်းတော် နတ်ရွာစံချိန်၌ မောင်ရွှေသည် ဖောက်ပြန်ကာ နောင်တော်ထံမှ ထီးနန်းကို လုယူရန်ပင် ကြံစည်ခဲ့သည်။ တပ်မှူး၊ ဗိုလ်မှူးတို့က သူ့ကို လက်မခံ၍သာ ထိုအကြံ ပျက်ခဲ့လေသည်။ မင်းခေါင်နော်ရထာ၏ ကြိုတင် တိုင်ကြားချက်ကြောင့် နောင်တော်ကြီးက သိလျက်နှင့်ပင် ညီတော်မောင်ရွှေ လက်နက်ချ ဝင်သောအခါ မယ်တော်၏ ဖျောင်းဖျချက်ကြောင့် ဒဏ်မခတ်သည်သာ မက အိမ်ရှေ့အရာ၌ပင် မြဲစေခဲ့သည်။

နောင်တော်ကြီးမင်း နတ်ရွာစံပြီးနောက် ဆင်ဖြူရှင် နန်းတက်သောအခါ ညီတော် အမြင့်မင်းကို အိမ်ရှေ့အရာ၌ ထားရမည်ကို လျစ်လျူရှုခဲ့သည်။ သူ၏သားတော် စဉ့်ကူးမင်းကို အိမ်ရှေ့အဖြစ် သတ်မှတ်ကြောင်း ခပ်ပြောင်ပြောင် ကြေညာခဲ့သည်။ ထို့ကြောင့် အမြင့်မင်းက မခံမရပ်နိုင်၍ ထီးနန်းကို လုပ်ကြံခဲ့သည်။ ထိုအကြံ ပေါ်ပေါက်သွားသဖြင့် ထုံးစံအတိုင်း ကွပ်မျက်မည်ရှိရာ မယ်တော်ကပင် သားတော်အတွက် ငိုယို တောင်းပန်သောကြောင့် ရာဇဝတ်မှမှ လွတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းမင်းတရား၌ သားတော် ၆ ပါးရှိရာ ဆင်ဖြူရှင် လက်ထက်တွင် မူလအစီအစဉ် ပျက်သည်ဟု ဆိုရပေမည်။

ထီးနန်းဆက်ခံရေး၌ ခမည်းတော်ကို သားတော်က ဆက်ခံလေ့ရှိခဲ့ရာမှ ညီတော်များကို အစဉ်အလိုက် ဦးစားပေးရမည် ဆိုခြင်းမှာ မူသစ်တစ်ရပ် ဖြစ်နေ၏။ ရံဖန်ရံခါ အကြောင်းအားလျော်စွာ ညီတော်များ ဆက်ခံနန်းတက်ခြင်း ရှိခဲ့သည် မှန်၏။ သို့သော် ညီတော် ၆ ပါးစလုံး အလှည့်ကျ နန်းတက်စေခြင်းမှာ မကြုံဖူးသော အစီအစဉ် ဖြစ်၍ သားတော်များအတွက် လိုက်နာရန် ခဲယဉ်းပေမည်။

ထို့ကြောင့် သွေးထွက်သံယို နန်းလုပွဲများ ပေါ်ပေါက်ဖွယ် ဟောကိန်းများ ရှိခဲ့၏။ ထိုအတိုင်း ကြုံရသော ကုန်းဘောင်ခေတ် နန်းတွင်း သွေးချောင်းစီးမှုများသည် ဆင်ဖြူရှင်ခေတ်၌ မြစ်ဖျားခံ၏။

*

## [၃] မောင်ဝိုင်း ခေါ် ဗဒုံမင်း ငယ်ကျွန်များနှင့် ရှင်ပျော့ပျော့

ဗဒုံမင်းခေါ် ဘိုးတော်မင်းတရားကြီးကား မြန်မာ့သမိုင်းတွင် စံချိန်အမျိုးမျိုး ချိုးနိုင်ခဲ့သော မင်းပေတည်း။ သူနှင့် ပတ်သက်၍ မှတ်သားဖွယ် အချက်အလက်တို့ကား–

(၁) ကုန်းဘောင်ခေတ်တွင် နန်းသက်အရှည်ဆုံး ဘုရင်ဖြစ်သည်။ ၁၁၄၃ ခုနှစ်၌ နန်းတက်ရာ အိမ်နိမ့် ၃၈ နှစ်၊ နန်းစံ ၃၇ နှစ် ဖြစ်ခဲ့သည်။ သူ နန်းရခါနီးက ဆေးတံတဘောင် ပေါ်ခဲ့သည်မှာ–

ရွှေလရယ်သာ
ဘုရားတကာ ဘယ်ကိုသွား
ဆေးတံနှင့် များလျား
အပျိုကလေး အိမ်
စည်းစိမ်ခံ အဖေ သွားမယ်
ဆေးတံနှင့် များလျား။

ထိုဆေးတံ တဘောင်အရ နန်းစံ ၃၇ နှစ်တိုင် စိုးစံတော် မူရလေသည်။

(၂) ထိုတဘောင်အရ မိဖုရား မောင်းမမိသံများလည်း စံချိန်ချိုးလောက်အောင်ပင် ပေါများလှပေသည်။ စာရင်းဝင် ဆွေတော်မျိုးတော် မိသားစုကား–

| | | |
|---|---|---|
| (က) | မိဖုရား ကိုယ်လုပ်တော်ပေါင်း | ၅၄ |
| (ခ) | သားတော်ပေါင်း | ၇၀ |
| (ဂ) | သမီးတော်ပေါင်း | ၆၇ |
| (ဃ) | မြေးတော် [ကျား] | ၁၀၉ |
| (င) | မြေးတော် [မ] | ၁၂၀ |
| (စ) | မြစ်တော် [ကျား] | ၄၉ |
| (ဆ) | မြစ်တော် [မ] | ၁၇ |
| (ဇ) | တီတော် | ၄ |
| | စုစုပေါင်း | ၅၀၀ |

(၃) ကုန်းဘောင်ခေတ် မင်းအပေါင်းတို့၌ အကျယ်ပြန့်ဆုံးသော မြန်မာနိုင်ငံတော် စိုးစံသူ၊

(၄) မြန်မာပြည်၌ အကြီးဆုံးသော မင်းကွန်းပုထိုးတော် နှင့်

(၅) အာရှတိုက်၌ အကြီးဆုံး ခေါင်းလောင်းတော်ကြီး တို့၏ ဒါယကာ၊

(၆) နန်းတက်ချိန်တွင် အရှည်လျားဆုံး ၃၃ လုံးပါသော ဘွဲ့တံဆိပ်နာခံတော် ခံယူသူ (သီရိပဝရ ဝိဇယ နန္တယသ တြိဘဝနာ ဒိတျာ ဓိပတိပဏ္ဍိတ မဟာဓမ္မ ရာဇာ)

ဗဒုံမင်း မွေးဖွားချိန် ၁၁၀၆ ခု တော်သလင်းလဆုတ် ၆ ရက် တနင်္လာနေ့ကား အင်းဝနေပြည်တော်ကြီးကို မွန်များ ဝိုင်းရံတိုက်ခိုက်နေချိန် ဖြစ်၏။ ထို့ကြောင့်ပင် ခမည်းတော်၊ မယ်တော်တို့က သူ့ကို မောင်ဝိုင်းဟု နာမည် မှည့်ခဲ့ခြင်း ဖြစ်၏။

သို့လျှင် မောင်ဝိုင်း မွေးဖွားချိန်က မြန်မာပြည်မှာ ထီးသုဉ်းနန်းသုဉ်း ဘဝသို့ ရောက်နေခဲ့ရာ ထိုအခြေအနေမှ ခမည်းတော် အလောင်းမင်းတရားက တိုင်းပြည် ပြန်လည် ထူထောင်ခဲ့သည်။ သားတော် မောင်ဝိုင်းသည် ဗဒုံမင်းအဖြစ် ၁၁၄၃ ခု၌ နန်းတက်ပြီးနောက် ရခိုင်ပြည်ကို အိမ်ရှေ့မင်းအား စေလွှတ်သိမ်းပိုက်နိုင်ခဲ့သဖြင့် တိုင်းနိုင်ငံ ပိုမို ကျယ်ပြန့်လာခဲ့သည်။

ကုန်းဘောင်ခေတ်ကို ထက်ဝက်ပိုင်းလျှင် ၆၆ နှစ် ဖြစ်လျက်၊ ဗဒုံမင်းက စိုးစံချိန်သည် ထိုခေတ် အထွတ်အထိပ် မွန်းတည့်ချိန်ကဲ့သို့ ရှိနေပေသည်။ ၁၁၈၀ ခုနှစ်၌ ဗဒုံမင်း နတ်ရွာစံရာ ထိုကာလ၏ ရှေ့ပိုင်း ၆၆ နှစ်မှာ မြန်မာတို့၏ တက်ချိန်ဖြစ်လျက်၊ ထိုကာလ၏ နောက်ပိုင်း ၆၆ နှစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့၏ ကျချိန်ဖြစ်ခဲ့သည်။ စစ်ကိုင်းမင်း၊ ပုဂံမင်း၊ သီပေါမင်းတို့ လက်ထက်တွင် အင်္ဂလိပ်တို့နှင့် စစ်မက် ဖြစ်ပွားရာမှ မြန်မာတို့ လုံးပါး ပါးခဲ့သည်။

အမှန်အားဖြင့် ဗဒုံမင်းလက်ထက်မှ စ၍ အင်္ဂလိပ်တို့က မြန်မာပြည်ကို စတင် ထိပါးခဲ့ကြ၏။ သို့သော် "ဗဒုံမင်းသည် ကျားကဲ့သို့ ကြမ်းကြုတ်ရက်စက်သည်"ဟု မှတ်ချက်ချကာ သူ့လက်ထက် တစ်လျှောက်လုံး မကပ်ဝံ့ ရှိခဲ့ကြပေသည်။ ဤသည်လည်း ထူးခြားချက်ပင် ဖြစ်၍ သူပင် "ကုန်းဘောင်ပရမေ"ဟု ခေါ်ထိုက်ပေသည်။

(၇) အင်္ဂလိပ်တို့က ဗဒုံမင်းကို ကျားနှင့် နှိုင်းပြီးနောက် မြန်မာသံဃာတော်များက သူ့ကို မျောက်နှင့် နှိုင်းသည်လည်း ရှိခဲ့၏။ ကုန်းဘောင်ခေတ်၌ သံဃာလောကတွင် အတင်နှင့် အရုံဂိုဏ်း ဟူ၍ ပဋိပက္ခရှိခဲ့ရာ ဗဒုံမင်းက အတင်ဂိုဏ်းဆရာတော် အတုလမထေရ်ကို အရှုံးပေးကာ လူဝတ်လဲစေသည်။ လှေဦး၌ ကိုယ်လုံးတီးထားလျက် ခြင်းတောင်း အုပ်ကာ ထိုဘုန်းကြီးလူထွက်ကို ဧရာဝတီမြစ်ရိုးတစ်လျှောက် သံချပ်ထိုး ရှုတ်ချစေခဲ့သည်။ အခြား သံဃာတော်တို့အားလည်း သာသနာ့ ဒါယကာ ဘုရင်အနေဖြင့် သိကျုံးစေခြင်း၊ ရေချပ်စေခြင်း စသော ဒဏ်ပေးမှုတို့ကြောင့် မချမ်းမသာ ဖြစ်စေ၏။

(၈) သူ့အား ဘိုးတော်ဘုရား ဟု ခေါ်ခြင်းမှာ နောက်ပိုင်း ကုန်းဘောင်မင်းတို့၏ အဘိုး ဖြစ်၍တည်း။

*

ဘိုးတော်ဘုရားနှင့် ပတ်သက်၍ သုတေသန ပြုလုပ်သူများအဖို့ အထူးဝမ်းသာစရာ အချက်ကား သူ၏လုပ်ရှားမှုနှင့်တကွ သူ့အသံကို ကြားနာရှုစားလိုပါက နိုင်ငံခြား စာအုပ်များကို ရှာဖွေလေ့လာရန် မလိုခြင်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူ့အပါးတော်၌ နာမည်ကျော် ပညာရှိအမတ်ကြီး ဦးပေါ်ဦးက ခစားလျက်ရှိခဲ့ရာ ထိုအမတ်ကြီး၏ လျှောက်ထုံးများ၌ ဘုရင်၏ ရုပ်ပုံလွှာသည် ထာဝရ အသက်ဝင်နေပေသည်။ အင်းဝခေတ်၌ ဘုရင် ဗွာစော်ကဲသည်လည်း ထိုနည်းတူစွာ ဝန်ဇင်းမင်းရာဇာ၏ လျှောက်ထုံး၌ သူ၏ ဘဝသရုပ် ပေါ်လွင်နေ၏။ ပုဂံခေတ်က တရုတ်ပြေးမင်း နရသီဟပတေ့သည်လည်း ရာဇသင်္ကြန် အမတ်ကြီးကို မှီ၍ နန်းရခဲ့သည့်အပြင် မိဖုရားစောကလည်း ပညာရှိ အမျိုးသမီး ဖြစ်၍ ဘုရင်အတွက် အမျိုးမျိုး အထောက်အကူ ဖြစ်ခဲ့ပေသည်။

ဘိုးတော်ဘုရား ခေါ် ဗဒုံမင်းအတွက်ကား အမတ်ဦးပေါ်ဦးသာမက ဦးနိုး ခေါ် အယူတော် မင်္ဂလာ ပညာရှိကြီးကလည်း အမြဲတမ်း အားကိုးစရာ ရရှိနေသဖြင့် ဘုရင်အကြောင်းကို နောင်လာနောက်သားများက ပို၍ စုံလင်စွာ သိရှိရပေသည်။ ပညာရှိ အခြေအရုံ နည်းပါးသော မြန်မာဘုရင်များ အကြောင်းကိုကား သမားရိုးကျ ရာဇဝင်ဆရာနှင့် ဘုန်းတော်ဘွဲ့ ရေးသူများ ရေးသား ဖော်ထုတ်သမျှကိုသာ အမှီ ပြုရလေသည်။

## (၁) အင်္ဂလိပ်၏ အလွဲရေးနည်း

အင်္ဂလိပ်သံမှူး မိုက်ကယ်ဆိုင်းသည် ၁၈၀၅ ခုနှစ်က အမရပူရသို့ ရောက်ရှိရာတွင် ရွှေတော်သို့ ဝင်ခွင့်မရမီ တစ်နေ့သ၌ "ရှင်ဘုရင်က ညီလာခံချိန်မှာ အမတ်ကြီးတွေကို လှံနှင့်လိုက်ထိုးသတဲ့"ဟူသော သတင်းထူး သတင်းဆိုးကြီးကို ကြားရလေသည်။ မိုက်ကယ်ဆိုင်း အနေနှင့်ကား "ဒီလိုဖြစ်မှာပေါ့၊ အာရှတိုက်မှာ အသက်ဦးဆံပိုင်စနစ် လွှမ်းမိုးနေတာပဲ၊ လူရိုင်းနိုင်ငံနှင့် ဒိဋ္ဌိတိုင်းပြည်များမှာ ဒီလို ဖြစ်ရပ်တွေဟာ ဖြစ်ရမှာပေါ့၊ မဆန်းပါဘူး"ဟူ၍ ထိုသဘော သူ၏ မှတ်တမ်း၌ ရေးသားခဲ့သည်။ သူ့အနေနှင့် နန်းတွင်းသတင်းကို တစ်ဆင့် ကြားသိရခြင်းသာ ဖြစ်သည်။ ထိုညီလာခံ၌ အမတ်ကြီး ဦးပေါ်ဦး ရောက်ရှိနေမည် မလွဲချေ။ ဦးပေါ်ဦး လျှောက်ထုံး၌လည်း ထိုဖြစ်ရပ်ကို အမှန်အတိုင်း ဖော်ပြပါရှိပုံမှာ အောက်ပါအတိုင်းပင်။

"နံနက် ၉ နာရီခန့်တွင် ဝန်ကြီးမှူးကြီးတို့သည် ညီလာခံဝင်ရန် လာမြဲလမ်းမှ ကြွလာကြလေသည်။ မမျှော်လင့်သော အဖြစ်အပျက် တစ်ရပ်ကြောင့် ဝန်ကြီးများမှာ အသက်ဘေးမှ လွတ်ရာလွတ်ကြောင်း ပြေးလွှားကြရ၍ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

"အဘယ်ကြောင့်ဆိုသော် ဘုရင်ကြီး ဘိုးတော်ဦးဝိုင်း ကိုယ်တိုင် ဒေါသဖြစ်စရာ အကြောင်းတစ်ခု ပေါ်ပေါက်လာသဖြင့် စိတ်ကို မထိန်းနိုင်တော့ဘဲ လှံစကြာ ခေါ်လှံကို ကိုင်လျက် ထိုးရန် လိုက်လံသောကြောင့် ဖြစ်သည်။

"အနီးအနားရှိ အစောင့်အနေများနှင့် မှူးမတ် ဝန်တို့သည် အသက်ဘေးမှ လွတ်ရာလွတ်ကြောင်း အားရှိသ၍ ပြေးလွှား ပုန်းအောင်းကြသောကြောင့် ဘိုးတော်ဦးဝိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်ဘုရားမင်း၏ အမရပူရ နေပြည်တော်



နန်းတွင်းညီလာခံ ကျင်းပစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်မင်းတရား ညီလာခံသို့ တက်ရောက်သူများ



ညီလာခံသို့ တက်ရောက်သူများ



အင်္ဂလိပ်သံ



တရုတ်သံ



အီရန်သံ

www.burmeseclassic.com

www.burmeseclassic.com







ရခိုင်ဘုရင် မဟာသမတ







ပဲခူးမင်း

ကျိုင်းရုံးကြီး စော်ဘွား







ကျိုင်းတုံစော်ဘွား

ကသည်းစော်ဘွား

ပုဏ္ဏားတော်







www.burmeseclassic.com

www.burmeseclassic.com

# ညီလာခံသို့ တက်ရောက်သည့် မြန်မာမှူးမတ်ကြီးများ



ပုဏ္ဏားတော်ကြီးများ





မြန်မာ မင်းညီမင်းသားများ



www.burmeseclassic.com

www.burmeseclassic.com





ဘကြီးတော်နှင့် မယ်နု

www.burmeseclassic.com

www.burmeseclassic.com

# အင်းဝ



မျှော်စင် (အင်းဝ)



မယ်နုအုတ်ကျောင်း (အင်းဝ)





www.burmeseclassic.com

www.burmeseclassic.com



မယ်နုအုတ်ကျောင်းအတွင်း
ဆရာတော်ဦးပုမ်၏ စံခန်း



စိန်တုံးမိဖုရား၏ ရတနာဘုံမြင့်ကျောင်း ဘုရားခန်း
(မော်လမြိုင်မြို့၊ ကျိုက်သံလံဘုရားမှ)



ဘုန်းကြီးကျောင်း၌ စာအံချိန်

www.burmeseclassic.com

www.burmeseclassic.com



ည်သူ့ကိုမျှ တစ်ချက်မထိုးရဘဲ ဟောဟဲ လိုက်ကာ မောရှု ထိုင်နေလေတော့၏။

"အမတ်ကြီး ဦးပေါ်ဦးလည်း ညီလာခံတက်ရန်လာ ရင်း ဘိုးတော်ဦးဝိုင်းက မှူးများ မတ်များအား လုံ့နှင့်လိုက်နေ သည်ကို မြင်၍ မိမိလည်း ဘေးအန္တရာယ်ကင်းရန် နန်းဦး လှေကားတက်၌ အုတ်ခုံကို ကွယ်၍ နေလေသည်။

"ရှင်ဘုရင်က သူ့ရှေ့မှ ရုတ်တရက် ကာဆီးပြီး လုံ့နှင့် ရွယ်ကာ–

ရှင်ဘုရင်။ ။ ဟဲ့..... ပေါ်ဦး၊ နင် ငါ့ကို မကြောက်ဘူးလား၊ သေပေတော့။

ဦးပေါ်ဦး။ ။ မှန်လှပါ၊ သတ်ရင်တော့ သေရမှာပါ ဘုရား။ ဒါပေမဲ့ လျှောက်တင်ရန် ရှိလို့ ခဏ သည်းခံပါ ဘုရား။

ရှင်ဘုရင်။ ။ ကဲ.....မြန်မြန်တင်။

ဦးပေါ်ဦး။ ။ မနက်က ညီလာခံလာရင်း ပုဏ္ဏားတော် ပညာရှိများက ကျွန်တော်မျိုးနှင့် သံနှင့် မတည့်လို့ ဝေးဝေးက ရှောင်ရပါမယ်တဲ့ ဘုရား။

ရှင်ဘုရင်။ ။ (ပြုံးတော်မူကာ) ကဲပါဟယ်... ညီလာခံ နီးပါပြီ၊ လုပ်မနေပါနှင့်၊ သွားမှာ သွားပါ။

ဤတွင် ဦးပေါ်ဦးက မျက်စိကို မှိတ်လျက် ဘုရင်၏ ရှေ့မှ ဖြတ်သွားသည်။

ရှင်ဘုရင်။ ။ ဘာလို့ မျက်စိ မှိတ်ရတာလဲ ဟဲ့။

ဦးပေါ်ဦး။ ။ မှန်လှပါ... သံနှင့် မတည့်လို့၊ သံကို မကြည့်ရဲလို့ပါ ဘုရား။

ဘိုးတော် မင်းတရားက အမတ်ကြီးများကို လုံ့နှင့် လိုက်သည်ဆိုသော ထိုနေ့က သတင်းအမှန်မှာ အထက်ပါ အတိုင်း ဖြစ်သည်။ မြန်မာနန်းတော်တွင် ရှင်ဘုရင် စိတ်ရူး ထ၍ သွေးရဲရဲ သံရဲရဲ ဖြစ်နေပြီဟု ဆိုရာ ဤမျှ မဆိုးပါ။ မြန်မာတို့သည် ဗုဒ္ဓအဆုံးအမကို ခံယူသောနိုင်ငံ ဖြစ်သည့် အလျောက် ဖြစ်ပေါ်သမျှ ပြဿနာတို့အတွက် ဖြေဆေး ရှိ ပါသည်။ ဘိုးတော်မင်း၏ ဦးနှောက်ညစ်နွမ်းမှုကို ဦးပေါ်ဦး က ဟာသနှင့် ကုစားနိုင်ပေသည်။

မိဖုရားခေါင်ကြီး မယ်လွန်းမယ်သည်လည်း ရှင် ဘုရင်၌ အာဠာဝကဘီလူး ဝင်ပူးနေပါစေ၊ အပါးတော်သို့ သူ ရောက်လျှင် အားလုံး ပြေပျောက်ရသည်။

## ငါးစိပ္ပူကို ငွေနှင့် ပေါက်

ဘိုးတော်ဘုရား လက်ထက်တွင် အင်္ဂလိပ်နှင့် စစ်မက် ဖြစ်ပွားခြင်း မရှိသေးသော်လည်း ဆက်ဆံရေးကား ကောင်း သည်ဟု မဆိုသာချေ။ အလောင်းမင်းတရားက ဟိုင်းကြီး ကျွန်းရှိ အင်္ဂလိပ်များကို မွှန်စစ်ပွဲအတွင်း လေ့နံကို နှစ်ဖက် နင်းသည် ယူဆကာ ပုသိမ်ဝန် အန်ထော်နီအား အပြတ် သုတ်သင် ရှင်းလင်းစေခဲ့သည်။ ထိုအချိန်မှ စ၍ အင်္ဂလိပ်များ နှစ်ပေါင်း ၃၀ ခန့် ကွယ်ပျောက်သွားပြီးနောက်၊ အိန္ဒိယပြည် တွင် ပြင်သစ်များကို အနိုင်ရသောအခါ မြန်မာပြည်ဘက်သို့ သူတို့ မြားဦး လှည့်လာလေသည်။

တစ်ခါသော် ပုသိမ်မြို့၌ အကောက်အခွန်များ အင်္ဂလိပ်တို့က ထိပါးပြီးနောက် ဘိုးတော်ဘုရားထံ ရာဇသံ ပေးရာတွင် "မွန်ပြည်နယ်ကို ပေးတော်မူ၊ သို့မဟုတ် စစ်ဖက် တော်မူ"ဟု ဆို၏။ မင်းတရားကြီးသည် ရွှေစိတ်တော် မအေးသည်နှင့် အယူတော် မင်္ဂလာကို ခေါ်ယူ တိုင်ပင်ရာ အမတ်ကြီးက ထိုနေ့နံနက် သူငယ်တို့က ပွဲသဘင် ပြုလုပ်ရာ တွင် ကြားခဲ့သော သီချင်းအကြောင်းကို လျှောက်ကြား၏။

ငါးစိပ္ပူ၊ ငါးစိပ္ပူ

ဝမ်းဗိုက်ကယ် စူစူနှင့်

သိုင်းဘွဲ့ဖြူ ဒဏ်ထိမှ

ပြန်ချည့် မောင်ခွေး

အယူတော်မင်္ဂလာ စနည်းတဆောင် သီချင်းအနက် ပြန်ရာတွင်–

"ငါးစိပ္ပူ"ဆိုသည်ကား ရေနေလူမျိုး၊ ရေလမ်းက လာသူကို ဆိုလို၏။

"ဝမ်းဗိုက်ကယ် စူစူနှင့်" ဆိုသည်မှာ ၎င်းအင်္ဂလိပ် မင်းများသည် အခြားတစ်ပါးနိုင်ငံကို တိုက်ခိုက်သိမ်းယူရာ၌ အားရ ရောင့်ရဲခြင်း မရှိသည်နှင့် ငါးစိပ္ပူကဲ့သို့ ဝမ်း၌ပြည့် အောင် ပြည်တကာကို ဝါးမျိုသိမ်းပိုက်သော်လည်း ဝမ်းဗိုက် သာ စူ၍ တင်းတိမ်ခြင်း မရှိဟု ဆိုလိုသည်။

"သိုင်းဘွဲ့ဖြူ ဒဏ်ထိမှ ပြန်ချည့် မောင်ခွေး" ဆိုရာ တွင် အကယ်၍ ရန်သူတော် ဖြစ်ငြားလည်း စစ်ဖက်တော် မမူလင့်၊ ဘွဲ့ဖြူလက်နက်နှင့် ပစ်တော်မူရမည်ဟု စနည်းက ဆိုလိုကြောင်း လျှောက်တင်သည်။ ထိုအတိုင်း မင်းတရား ကြီးက လိုက်နာကာ ငွေတော်တစ်သိန်း စစ်စရိတ်ပြု၍ ပေး လိုက်မှ အင်္ဂလိပ်တို့ မထိမပါး မနှောင့်မယှက် ပြန်ကြ၏။

*

www.burmeseclassic.com



"ကောင်းမှန်း သိ၊ သာအိ တစိုစို" ဟူသကဲ့သို့ အတန်ကြာသောအခါ အင်္ဂလိပ်များ အမရပူရမြို့တော်သို့ ရောက်လာပြန်လျက် "မဟာမိတ်ဖွဲ့ကာ တွဲဖက်သံရုံး ဆောက်လိုသောကြောင့် သားရေတစ်ချပ်စာ မြေအပိုင်စား ပေးသနားတော်မူပါမည့်အကြောင်း" တောင်းလာ၏။

အယူတော်မင်္ဂလာ ဦးနိုးတို့နှင့် တိုင်ပင်တော်မူပြန်ရာ 'ယနေ့နံနက် နန်းတော်သို့ လာရာတွင် ဦးပေါ်ဦးနှင့် လမ်းတွင် ဆုံမိပါကြောင်း၊ ဆွမ်းခံကျောင်းသားနှစ်ယောက် သီချင်းဆိုကာ ဖြတ်သွားကြသဖြင့် ဦးပေါ်ဦးက "ဒီသီချင်းဟာ အတွင်းတော်နှင့်ဆိုင်တယ်။ သေချာစွာ မှတ်သွားပါ"ဟု မှာကြားပါကြောင်း။ ထိုတဘောင် သီချင်းမှာ–

ဖြိုးဖြိုး...ဖြိုးဖြိုးနှင့်
ပါးမှန်းမွှေးနှင့် ပျိုသခင်
ဆေးတံနှင့် ချော့လာက
ပျော့ပါနှင့် ရှင်။'

ထိုအခါ ဘိုးတော်ဘုရားက 'မောင်မင်း ရရှိခဲ့သော တဘောင်အရ ထူးထူးထွေထွေ စဉ်းစားယူဆဖွယ် မရှိ၊ တိုက်ရိုက် ဆိုလျက်သား ဖြစ်သောကြောင့် အင်္ဂလိပ်များကို အပိုင်စားမြေ ပေးသနားတော်မူခြင်းငှာ မသင့်'ဟု မိန့်တော်မူ၏။ တွဲဖက်ရုံးဆောက်လုပ်ရန် မြေမရသည်နှင့် အင်္ဂလိပ်များ ပြန်သွားကြလေသည်။

အင်္ဂလိပ်တို့နှင့် ပတ်သက်သော တဘောင်သီချင်း ၂ ပုဒ်စလုံးမှာ အင်္ဂလိပ်တို့ကို ကာတွန်းသဖွယ် ထိထိမိမိ ရေးဆွဲ သရုပ်ဖော်ထားသကဲ့သို့ ရှိပေသည်။ ငါးစီပူကဲ့သို့ ဘီယာသောက်ကာ ဗိုက်ဖောင်းနေခြင်းသည် လည်းကောင်း၊ ပါးမှန်းမွှေးနှင့် ဆေးတံ ကိုင်ဆောင်လာသော နယ်ချဲ့စဉ့်သည်၏ အပေါ်ယံ အပြုံးပန်းသည် လည်းကောင်း မရိုးမကောင်းသော သိုးဆောင်း၏ အသွင်သဏ္ဌာန်ကို အမြင်မှန် အတိုင်း ပီပြင်စေပေသည်။

## (၂) မြတ်ထင်အတွက် ဝန်ကြီး တစ်နေရာ

ဘိုးတော်ဘုရားမှာ အိမ်နိမ့်မင်းသားကြီးအဖြစ် ၃၇ နှစ်ကြာမျှ နေထိုင်ခဲ့ရာ နောင်တော် စစ်ကိုင်းမင်းနှင့် ဆင်ဖြူရှင်မင်းတို့ လက်ထက်၌ မင်းသားအဆောင်အယောင်တို့နှင့် မြောက်စားသော်လည်း စဉ့်ကူးမင်းလက်ထက်၌ အားလုံးသော အခွင့်အရေးများ ရုပ်သိမ်းသဖြင့် ဆင်းရဲစွာ နေထိုင်ရ၏။ ၉ နှစ် တိုင် ပင်ပန်းချို့တဲ့စွာ နေထိုင်ရစဉ် အိမ်တော်ပါ မောင်ပေါ်ဦး၊ မောင်ကျော်ရွှေ၊ မောင်မြတ်ထင် တို့က စစ်ကိုင်းဘက် နေအိမ်တွင် အတူနေထိုင် လုပ်ကိုင်ကျွေးမွေး ကြသည်။

ထိုအခါ ကိုယ်လုပ်တော်အချို့ ဈေးရောင်းကြရသည်။ သမီးတော်အချို့ ရက်ကန်းရက်ရသည်။ ကျော်ရွှေက မန်ကျည်းရွက်နု ခူး၍ ပေးရသည်။ ပေါ်ဦးက မန်ကျည်းရွက်နု ရောင်းရသည်။ မြတ်ထင်က ဗန်းမော်–ကောင်းတုံသို့ လှေထိုးလိုက်၍ ကျွေးမွေးရသည်။ မိဖုရားကြီး မယ်လွန်းမယ်က ဝါကြိတ်၊ ဝါဖန်၊ ဗိုင်းငင် လုပ်ရသည်။ ဘိုးတော်ဦးဝိုင်းက ချည်ခင်များကို မဲနယ်ဆိုးပေးရသည်။

သားတော် သမီးတော်များက ထိုအိမ်ပါ ၃ ဦးကို ကြောက်ကြရ၏။ အထူးသဖြင့် မြတ်ထင်က အဆဲသန်၏။ ထို့ကြောင့် မယ်လွန်းမယ်က 'ဟဲ့ ကျော်ရွှေနှင့် ပေါ်ဦးတို့၊ မြတ်ထင်ဟာ အရူးဟဲ့၊ အမြှောက်အပင့် အတော်ကြိုက်တယ်၊ သင်းက ငါတို့ကို လုပ်ကျွေးပြုစုသည်မှာ နင်တို့ထက် ပင်ပန်းရှာတယ်၊ သူ့ခမျာ အညာကို လှေထိုးလိုက်ရတယ်၊ တစ်နှစ်မှ ၃ ခေါက် ပြန်နိုင်ရှာတယ်။ မြတ်ထင်ရဲ့ ကျော တစ်ပြင်လုံးမှာ အရေတလွှားလွှား ကွာကျရှာတယ်။ နေပူထဲမှာ အလုပ်လုပ်ရလို့ပဲ။ သင်းကလေး တယ်ပြီး သနားစရာကောင်းတယ်' ဟု မကြာခဏ ပြောလေ့ရှိသည်။

တစ်နေ့သ၌ ကျော်ရွှေက ညည်းညူသည်။ 'မယ်မယ်ဘုရား၊ မန်ကျည်းရွက်နုများကို ဆီရွှဲရွှဲ ဘယ်အခါများ သုတ်လို့စားရမလဲ'ဟု ဆိုရာ မိဖုရားကြီးက 'မတောင့်တပါနှင့် သားရယ်၊ စားတော့ စားရလိမ့်မပေါ့'ဟု ပြန်ပြော၏။

ကျော်ရွှေ၏ ညည်းညူချက်ကို ဘိုးတော်က မမေ့ချေ။ ထီးနန်းရရှိပြီးနောက် မှုထမ်းရာထမ်း မှူးသစ်မတ်သစ်များ ခန့်အပ်ချိန် ဘိုးတော်မင်းတရားက သတိရတော်မူ၏။ 'ဟေ့ ရှင်လွန်းမယ်၊ ညည်းသားတော်ကြီး ကျော်ရွှေအေ စစ်ကိုင်းဘက် အိမ်တော်မှာတုန်းက မန်ကျည်းရွက်နုများ ဆီရွှဲရွှဲထည့်ပြီး ဘယ်သောအခါများ သုတ်စားနိုင်ပါ့မလဲတဲ့ ဒါကြောင့် ညည်းသား ကျော်ရွှေအတွက် ဆီဖိုးရအောင် မြေထဲမြို့ကို စားပါစေ'ဟုဆိုကာ ဘုရင်နှင့် မိဖုရား သဘောတူညီစွာ သူကောင်းမြှောက်ခဲ့လေသည်။

ထိုအချိန်၌ မြတ်ထင်မှာ သူ့ရွာသို့ ပြန်၍ ပဲခင်းကို ပျိုးနေရာ တဲပေါ်၌ နေ့ခင်း အိပ်ပျော်နေစဉ် ဝတ်ဖြင်ကြ



www.burmeseclassic.com

အမရပူရ နေပြည်တော်



နန်းတော်၏ တောင်ဘက်မြို့ရိုး

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းမှန်း သိ၊ သာအိ တစိုစို" ဟူသကဲ့သို့ အတန်ကြာသောအခါ အင်္ဂလိပ်များ အမရပူရမြို့တော်သို့ ရောက်လာပြန်လျက် "မဟာမိတ်ဖွဲ့ကာ တွဲဖက်သံရုံး ဆောက်လိုသောကြောင့် သားရေတစ်ချပ်စာ မြေအပိုင်စား ပေးသနားတော်မူပါမည့်အကြောင်း" တောင်းလာ၏။

အယူတော်မင်္ဂလာ ဦးနိုးတို့နှင့် တိုင်ပင်တော်မူပြန်ရာ 'ယနေ့နံနက် နန်းတော်သို့ လာရာတွင် ဦးပေါ်ဦးနှင့် လမ်းတွင် ဆုံမိပါကြောင်း၊ ဆွမ်းခံကျောင်းသားနှစ်ယောက် သီချင်းဆိုကာ ဖြတ်သွားကြသဖြင့် ဦးပေါ်ဦးက "ဒီသီချင်းဟာ အတွင်းတော်နှင့်ဆိုင်တယ်။ သေချာစွာ မှတ်သွားပါ"ဟု မှာကြားပါကြောင်း။ ထိုတဘောင် သီချင်းမှာ–

ပြုံးပြုံး...ပြုံးပြုံးနှင့်
ပါးမှန်းမွှေးနှင့် ပျိုသခင်
ဆေးတံနှင့် ချော့လာက
ပျော့ပါနှင့် ရှင်။'

ထိုအခါ ဘိုးတော်ဘုရားက 'မောင်မင်း ရရှိခဲ့သော တဘောင်အရ ထူးထူးထွေထွေ စဉ်းစားယူဆဖွယ် မရှိ၊ တိုက်ရိုက် ဆိုလျက်သား ဖြစ်သောကြောင့် အင်္ဂလိပ်များကို အပိုင်စားမြေ ပေးသနားတော်မူခြင်းငှာ မသင့်'ဟု မိန့်တော်မူ၏။ တွဲဖက်ရုံးဆောက်လုပ်ရန် မြေမရသည်နှင့် အင်္ဂလိပ်များ ပြန်သွားကြလေသည်။

အင်္ဂလိပ်တို့နှင့် ပတ်သက်သော တဘောင်သီချင်း ၂ ပုဒ်စလုံးမှာ အင်္ဂလိပ်တို့ကို ကာတွန်းသဖွယ် ထိထိမိမိ ရေးဆွဲ သရုပ်ဖော်ထားသကဲ့သို့ ရှိပေသည်။ ငါးစိပ္ပကဲ့သို့ ဘီယာသောက်ကာ ဗိုက်ဖောင်းနေခြင်းသည် လည်းကောင်း၊ ပါးမှန်းမွှေးနှင့် ဆေးတံ ကိုင်ဆောင်လာသော နယ်ချဲ့ဧည့်သည်၏ အပေါ်ယံ အပြုံးပန်းသည် လည်းကောင်း မရိုးမကောင်းသော သိုးဆောင်း၏ အသွင်သဏ္ဍာန်ကို အမြင်မှန် အတိုင်း ပီပြင်စေပေသည်။

## (၂) မြတ်ထင်အတွက် ဝန်ကြီး တစ်နေရာ

ဘိုးတော်ဘုရားမှာ အိမ်နိမ့်မင်းသားကြီးအဖြစ် ၃၇ နှစ်ကြာမျှ နေထိုင်ခဲ့ရာ နောင်တော် စစ်ကိုင်းမင်းနှင့် ဆင်ဖြူရှင်မင်းတို့ လက်ထက်၌ မင်းသားအဆောင်အယောင်တို့နှင့် မြောက်စားသော်လည်း စဉ့်ကူးမင်းလက်ထက်၌ အားလုံးသော အခွင့်အရေးများ ရုပ်သိမ်းသဖြင့် ဆင်းရဲစွာ နေထိုင်ရ၏။ ၉ နှစ်တိုင် ပင်ပန်းချို့တဲ့စွာ နေထိုင်ရစဉ် အိမ်တော်ပါ မောင်ပေါ်ဦး၊ မောင်ကျော်ရွှေ၊ မောင်မြတ်ထင် တို့က စစ်ကိုင်းဘက် နေအိမ်တွင် အတူနေထိုင် လုပ်ကိုင်ကျွေးမွေး ကြသည်။

ထိုအခါ ကိုယ်လုပ်တော်အချို့ ဈေးရောင်းကြရသည်။ သမီးတော်အချို့ ရက်ကန်းရက်ရသည်။ ကျော်ရွှေက မန်ကျည်းရွက်နု ခူး၍ ပေးရသည်။ ပေါ်ဦးက မန်ကျည်းရွက်နု ရောင်းရသည်။ မြတ်ထင်က ဇန်းမော်–ကောင်းတုံသို့ လှေထိုးလိုက်၍ ကျွေးမွေးရသည်။ မိဖုရားကြီး မယ်လွန်းမယ်က ဝါကြိတ်၊ ဝါဖန်၊ ဗိုင်းငင် လုပ်ရသည်။ ဘိုးတော်ဦးဝိုင်းက ချည်ခင်များကို မဲနယ်ဆိုးပေးရသည်။

သားတော် သမီးတော်များက ထိုအိမ်ပါ ၃ ဦးကို ကြောက်ကြရ၏။ အထူးသဖြင့် မြတ်ထင်က အဆဲသန်၏။ ထို့ကြောင့် မယ်လွန်းမယ်က 'ဟဲ့ ကျော်ရွှေနှင့် ပေါ်ဦးတို့ မြတ်ထင်ဟာ အရူးဟဲ့၊ အမြှောက်အပင့် အတော်ကြိုက်တယ်၊ သင်းက ငါတို့ကို လုပ်ကျွေးပြုစုသည်မှာ နင်တို့ထက် ပင်ပန်းရှာတယ်၊ သူ့ခမျာ အညာကို လှေထိုးလိုက်ရတယ်၊ တစ်နှစ်မှ ၃ ခေါက် ပြန်နိုင်ရှာတယ်။ မြတ်ထင်ရဲ့ ကျော တစ်ပြင်လုံးမှာ အရေတလွှားလွှား ကွာကျရှာတယ်။ နေပူထဲ မှာ အလုပ်လုပ်ရလို့ဟဲ့။ သင်းကလေး တယ်ပြီး သနားစရာ ကောင်းတယ်' ဟု မကြာခဏ ပြောလေ့ရှိသည်။

တစ်နေ့သ၌ ကျော်ရွှေက ညည်းညူသည်။ 'မယ် မယ်ဘုရား၊ မန်ကျည်းရွက်နုများကို ဆီရွှဲရွှဲ ဘယ်အခါများ သုတ်လို့စားရမလဲ'ဟု ဆိုရာ မိဖုရားကြီးက 'မတောင့်တပါ နှင့် သားရယ်၊ စားတော့ စားရလိမ့်မပေါ့'ဟု ပြန်ပြော၏။

ကျော်ရွှေ၏ ညည်းညူချက်ကို ဘိုးတော်က မမေ့ ချေ။ ထီးနန်းရရှိပြီးနောက် မှုထမ်းရာထမ်း မှူးသစ်မတ်သစ် များ ခန့်အပ်ချိန် ဘိုးတော်မင်းတရားက သတိရတော်မူ၏။ 'ဟေ့ ရှင်လွန်းမယ်၊ ညည်းသားတော်ကြီး ကျော်ရွှေအ စစ်ကိုင်းဘက် အိမ်တော်မှာတုန်းက မန်ကျည်းရွက်နုများ ဆီရွှဲရွှဲထည့်ပြီး ဘယ်သောအခါများ သုတ်စားနိုင်ပါ့မလဲတဲ့ ဒါကြောင့် ညည်းသား ကျော်ရွှေအတွက် ဆီဖိုးရအောင် မြေထဲမြို့ကို စားပါစေ'ဟုဆိုကာ ဘုရင်နှင့် မိဖုရား သဘော တူညီစွာ သူကောင်းမြှောက်ခဲ့လေသည်။

ထိုအချိန်၌ မြတ်ထင်မှာ သူ့ရွာသို့ ပြန်၍ ပဲခင်း ပျိုးနေရာ တဲပေါ်၌ နေ့ခင်း အိပ်ပျော်နေစဉ် ဝတ်ဖြူ ကြ



www.burmeseclassic.com

www.burmeseclassic.com



နှင့် လူကြီးတစ်ယောက် လာ၍ 'ဟဲ့ နင့်အရှင် အထွတ်အမြတ် ရောက်နေပြီ၊ နင် ဘာလို့ မသွားသေးသလဲ'ဟု ပြောပြီး ကွယ်သွားလေ၏။ ဤသို့ နိမိတ် ၃ ကြိမ် ပြကာမှ မြတ်ထင်သည် ဝမ်းသာစွာ အင်းဝသို့လိုက်သည်။ နန်းတော်၌ မိဖုရားခေါင်ကြီးနှင့် တွေ့လိုကြောင်း အပျိုတော်အား ပြောပြသည်။

အပျိုတော် ။ ။ မှန်ပါ၊ လူတစ်ယောက် ပဲစည်းကလေး ထမ်းပြီး နန်းတော်ပေါ် တက်လာပါတယ်၊ အရှင် မိဖုရားကြီးရဲ့သား မြတ်ထင် ဖြစ်ကြောင်း သံတော်ဦး တင်ပေးပါလို့ ပြောပါတယ် ဘုရား။

မိဖုရားကြီး ။ ။ ဟင်.... သပေါက်မသား၊ သင်း ဘယ့်နှယ် ရောက်လာပါလိမ့်၊ သင်း ဘယ်မှာတုံး။

မိဖုရားကြီးက ရုတ်ခြည်း ထွက်တော်မူလာသည်။ ထိုအခါ မြတ်ထင်က ပဲစည်းကလေးကို ချထားခဲ့ပြီးသော် အမြန်ပြေးသွား၍ မိဖုရားကြီး၏ ခြေထောက်တော်ကို ဖက်၍ ငိုလေသည်။

မိဖုရားကြီး ။ ။ ဟဲ့...သပေါက်မသား၊ ငါတို့ အထွတ်အမြတ် ရောက်တာ တစ်နှစ်ကျော်ပြီ၊ နင် သတင်းမကြားဖူးလား။ ကြည့်စမ်း၊ ကျော်ရွှေဟာ ယခု မြေထဲမြို့စား၊ ရန်ကုန်ဝန်ကြီး ခန့်လိုက်တယ်၊ ပေါ်ဦးလို ရာထူးရထိုက်တယ် ဟဲ့၊ နင်က တယ် ပေါ့တာကိုး။

မြတ်ထင် ။ ။ ပေါ်ဦးနှင့် ကျော်ရွှေတို့ကို လွှတ်တော်ပေါ်မှာ ထိုင်နေတာ ကျွန်တော်မျိုး တွေ့ခဲ့ပါတယ်။ သူတို့ ကျွန်တော်မျိုးကို နှုတ်တောင် မဆက်ကြဘူး ဘုရား။

မိဖုရားကြီး ။ ။ ဟဲ့.... သပေါက်မသား၊ သူတို့က နင့်ကို နှုတ်ဆက်ဝံ့ပါမလားဟဲ့၊ နင်က သူတို့ကို အရင်ကလို မှတ်ပြီးတော့ ဆဲဦးမှာကိုး၊ ဒါကြောင့် ဟဲ့၊ နင် သိရဲ့လား။

မြတ်ထင် ။ ။ ဟောဒီမှာ မယ်မယ်စားဖို့ ပဲတောင့်ရှည် ၂ စည်း ထမ်းလာတယ် ဘုရား။

မိဖုရားကြီးသည် ဘိုးတော်မင်းတရားကြီး ညီလာခံသို့ သွား၍ အရိပ်အယောင် ပြလိုက်သော် ဘုရင်လည်း ညီလာခံစဲပြီး အတွင်းဆောင်သို့ ဝင်လာ၏။

မိဖုရား ။ ။ မောင်မောင်ဘုရား၊ သည်အကောင်ကို သိတော်မူပါရဲ့လား။

ဘုရင် ။ ။ (မျက်နှာချ ရှိခိုးနေသော မြတ်ထင်၏ မေးစေ့ကို ခြေမတော်နှင့် ထိုးကော်ကာ) ဟဲ့ နင် မြတ်ထင် မဟုတ်လား။

မြတ်ထင် ။ ။ (ငိုလျက်) ဟုတ်ပါကြောင်း ဘုရား။

ဘုရင် ။ ။ ဟဲ့....ခွေးမသား၊ နင် ခုမှ လာတယ်။ နင် တယ်မိုက်တာကိုး ဟဲ့၊ နင် ရွာမှာ ဘာလုပ်နေလဲ။

မြတ်ထင် ။ ။ ပဲခင်းစိုက်ပျိုးပါတယ် ဘုရား။

ဘုရင် ။ ။ ကောင်းပြီ၊ နင့်ကို ငါ ကြည့်တော်မူမည်။ ယခု နင့်သားမယားများ စားသုံးရန် ငွေတစ်ဆယ်ပိဿာ ယူသွားလေ။

မိဖုရား ။ ။ ဟေ့ အေးတို့၊ တစ်ယောက် လာစမ်း၊ ဟောဒီ ငါ့သားမြတ်ထင်ကို ခေါင်းများ သန့်ရှင်းပေးပါအေ၊ ဝတ်ကောင်းစားကောင်းလည်း ဆင်ပါစေအေ။

ဦးမြတ်ထင်က နန်းတော်မှ ရရှိသော ရွှေငွေလက်ဆောင်တို့ဖြင့် မိတ်ဆွေတံခါးဗိုလ်အိမ်သို့ သွားသည်။ ၃ ရက်အတွင်း ဝန်ကြီးအဝတ်တန်ဆာများ ပြုလုပ်ပေးရန် ပြောသည်။ နောက်လိုက်များလည်း လိုအပ်သလို ငှားပေးရန် ပြောသည်။ ထို့နောက် လွှတ်တော်သို့ သွားရောက်ကာ ဝန်ကြီးများနေရာတွင် ဝင်ထိုင်နေ၏။ ထိုသတင်းကို လွှတ်တော်ဝန်ကြီး ဦးပေါ်ဦးက ကြားသဖြင့် မြို့ဝန် ဦးကျော်ရွှေကို ခေါ်ကာ ဘုရင့်ထံ ဝင်ကြသည်။

ဦးပေါ်ဦး ။ ။ မှန်လှပါ၊ လွှတ်တော်ဝန်ကြီး ၄ ပါးသာ ခန့်ထားမြဲ ဖြစ်ရာ ယခု ဘုန်းတော်ကြောင့် ၅ ပါး ဖြစ်နေပါသည် ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင် ။ ။ ဝန်ကြီးတစ်ပါး ဘယ်က ပိုနေပြန်သလဲကွယ့်။

ဦးကျော်ရွှေ ။ ။ မှန်လှပါ၊ မြတ်ထင်သည် လွှတ်တော်ပေါ် တက်ပြီး ဝန်ကြီးလုပ်နေပါသည် ဘုရား။

ဘုရင် ။ ။ ဟာ... ငါက သင်းကို ဝန်ကြီးမခန့်သေးပါဘူး၊ သင်းကို ဆုတော်ငွေနှင့် အဝတ်အထည်များတော့ သနားလိုက်တယ်၊ သင်းကို အတွင်းတော်ခေါ်ခဲ့ကြပါ။

ဦးပေါ်ဦးတို့ ၃ ဦး အတွင်းတော်သို့ ပြန်လည်ရောက်ရှိချိန်တွင် အရှင်နှစ်ပါးတို့ ပြုံးလျက် ရှိ၏။

ဘုရင် ။ ။ ဟဲ့ ...မြတ်ထင်၊ မောင်မင်းကို မည်သူက လွှတ်တော်ဝန်ကြီး ခန့်ထားလို့လဲ။

မြတ်ထင် ။ ။ ခမည်းတော်ဘုရားကပဲ သူကောင်းပြုတော်မူကြောင်းပါ။ ထို့နေ့က မယ်မယ်ဘုရား အဆောင်မှာ အရှင် မိန့်တော်မူသည်မှာ ကျော်ရွှေးလည်း ဝန်ကြီးတဲ့၊ ပေါ်ဦးလည်း ဝန်ကြီးဟဲ့၊ နင်လည်းရှိရင် ဝန်ကြီးဖြစ်မှာပေါ့ ဟု နာခံရပါ၍ ယခု ကျွန်တော်မျိုး ရှိနေသောကြောင့် ဝန်ကြီး ဖြစ်လာရပါကြောင်း ဘုရား၊ စစ်ကိုင်းဘက်၌ ကျွန်တော်မျိုးက လေ့ထိုးလိုက်၍ ကျွေးရပါသည်။ ကျော်ရွှေးမှာ သားတော်များ ထိန်း၍ ရုံခါ မန်းကျည်းရွက်နု ရောင်းပါသည်။ ပေါ်ဦးမှာ အစကတည်းက ဖင်ကျယ်လုပ်ပြီး မန်းကျည်းရွက် ရောင်းသလိုလို၊ ပဲလျော် ရောင်းသလိုလိုနှင့် အိမ်တော်မှာ ညာနေပါသည်။ ထို့ကြောင့် ပေါ်ဦးထက် အောက်မကျအောင် ဆုတော်ငွေနှင့် ဝန်ကြီးတန်ဆာများ ဝယ်ချုပ် ဝတ်ဆင်ပါသည် ဘုရား။

ဤအခါ ဘုရင်နှင့် မိဖုရားတို့က များစွာ ရယ်တော်မူသည်။

မိဖုရား ။ ။ မြတ်ထင် ပြောတာ မှန်ပါတယ် မောင်မောင်၊ သင်းကျေးဇူး များပေတယ်။ သင်းကိုလည်း ဝန်ကြီးအဖြစ် မမြှောက်စားရင် မချစ်ရာ ရောက်ပါလိမ့်မည်။

ဘုရင် ။ ။ ဟုတ်ပါပေတယ်၊ မှူးဟောင်းမတ်ဟောင်းတို့နှင့် တိုင်ပင်၍ ပေါ်ဦးတို့နှင့် တန်းတူ ရာထူးမျိုး ဖြစ်အောင် မြတ်ထင်ကို ဝန်ကြီးနေရာတစ်ခု ရွေးချယ် ခန့်ထားရမည်။ မြတ်ထင်ကလည်း ဟိုအိမ်တော်မှာကဲ့သို့ ကျော်ရွှေးတို့၊ ပေါ်ဦးတို့ကို မလေးမခန့် မပြုပါလေနှင့်။

သို့လျှင် ဦးမြတ်ထင်အတွက် "အက္ကပတ်မြင်းဝန်" ခေါ် ဝန်ကြီးဌာန အသစ်တစ်ခု ဖန်တီး ခန့်အပ်ရလေသည်။ အိမ်ရှေ့မင်း ရခိုင်ပြည်သို့ ချီစဉ်က သူလည်း ပါဝင်လျက် စစ်ပွဲအောင်နိုင်ကြောင်း သတင်းကို နေပြည်တော်သို့ သတင်းပို့ အထူး ပြန်လာသူ "နေမျိုး ကျော်ထင်စည်သူ" ကား ဦးမြတ်ထင်တည်း။

မန္တလေးမြို့၌ မဟာမုနိ ရုပ်ပွားတော်ကြီးအတွက် ဂန္ဓကုဋိတိုက် ပြာသာဒ်ကြီး ပန္နက်ချချိန်တွင် အက္ကပတ်မြင်းဝန် ဦးမြတ်ထင်က ဘုရားကြီး မြောက်ဘက်တွင် ဘုန်းကြီးကျောင်းတိုက် တည်ရန် တစ်ပြိုင်တည်း ပန္နက်ရိုက်သည်။ ယခု မြင်းဝန်တိုက်ဟု ထင်ရှားရှိနေသည်။

ဘိုးတော်ဘုရားသည် ဦးပေါ်ဦးနှင့် အယူတော်မင်္ဂလာ ဦးနိုးတို့ အပြင် ဤအိမ်တော်ပါ ဦးမြတ်ထင်နှင့် ဦးကျော်ရွှေးတို့ ရှိနေသဖြင့် များစွာ နေသာထိုင်သာ ရှိပေသည်။

## (၃) သိန္နီပြန် ဝန်မင်း

ဘိုးတော်ဘုရားသည် သားတော်ပြည်မင်းမှ ဖွားသော မြေးတော် မင်းသမီးကလေး စန္ဒာဒေဝီကို မြတ်နိုးတော်မူ၏။ တစ်ကြိမ်က ဆင်ဖြူတော် ရေချရာသို့ မြေးတော်မကလေးကို ရွှေလက်တော်တွဲကာ ခေါ်ဆောင် ရှုစားစေ၏။ ဆင်ဖြူတော်က နှာမောင်းနှင့် ကြာပန်းဆွတ်ခူးကာ ထိုမြေးတော် စန္ဒာဒေဝီကို ဆက်သ၏။ မင်းတရားကြီးက 'မော



www.burmeseclassic.com

www.burmeseclassic.com



မင်းများ... ကြည့်ကြလော့၊ ကြာပန်းကို မြေးတော်သို့သာ ဆက်သည်၊ သူတစ်ထူးကို မည်သူ့မျှ ပေးတော်မမူဘူး၊ မျက်နှာကြီးငယ် လွန်စွာ လိုက်တော်မူသော ဆင်ဖြူတော်’ဟု မိန့်တော်မူမှ ဘိုးတော်ဘုရားအား ကြာပန်း ၃ လက် ထပ်မံ ချီး၍ ဆက်သပြန်သည်။

ထိုဆင်ဖြူတော်ကား ၁၁၆၇ ခုတွင် ပဲခူးမြို့ တောင်ဘက် နိဗ္ဗာန်ရွာမှ ဆက်သခြင်းတည်း။ ဆင်ဖြူတော်က ကြာပန်းဖြင့် အလိုအလျောက် ဆက်သသောကြောင့် ထိုမင်းသမီးကို “ဆင်ဖြူမယ်”ဟု ပြည်လုံးနှံ့ ခေါ်ဝေါ်ကြသည်။ ထိုဆင်ဖြူမယ်ကို မြေးတော် စစ်ကိုင်းမင်းသားနှင့် ထိမ်းမြား စေရာ စကြာမင်းခေါ် ညောင်ရမ်းစားကို ဖွားမြင်လေသည်။ မယ်တော်မှာ ၇ ရက်အတွင်း မီးယပ်ရောဂါနှင့် ကွယ်လွန်၏။ ‘ငါ့မြေးတော်ကို မိဖုရားခေါင်ကြီးတို့ သဂြိုဟ်သည့် နည်းအတိုင်း စီရင်လေ’ဟု မိန့်ဆိုကာ ဆင်ဖြူမယ်၏ ရင်တော်နှစ် မြစ်တော်ချစ်ကို မြတ်နိုးသမှု၊ ရှုမဝနန်း၊ ပန်းတစ်မျိုးနှယ်၊ ဆောင်တော်လယ်နန်းတိုက်၌ ကိုယ်တော်တိုင် ချီပိုက်တော်မူ၏။

‘မြစ်တော် စကြာမင်းလေးအတွက် ရတနာများ စီခြယ်သော မြပုခက်ကို ခမည်းပေးလိုသည်။ သဿမေဓ ငွေတော်မှ ရှစ်သိန်းထုတ်ပေးကာ ဝန်ကြီးပေါ်ဦးပင် အဝယ်တော် အဖြစ် ယိုးဒယားသို့ သွားရောက်စေ’ဟု အမိန့်တော်ချ၏။ မှူးမတ်တို့က ဦးပေါ်ဦးကို ပြောကြားရာတွင် ‘အင်း... ခင်ဗျားတို့ ရှင်ဘုရင်က ရှင်ဘုရင် ပါး မဝသေးပါဘူး’ဟု ဆိုရာ ခဏချင်းပင်လျှင် ရွှေနားတော်သို့ ပေါက်ရောက်လေသည်။

မင်းတရားကြီးက ‘ပေါ်ဦး အင်မတန် ရိုင်းပျသည်၊ ငါကဲ့သို့သော ဇေရာဇ်မင်းမြတ်ကိုပင် ရှင်ဘုရင်ပါး မဝသေး ဆိုခြင်းသည် ကြားလို့မျှမတော်၊ ဘုန်းဂုဏ်တော်ကိုလည်း မငဲ့ကွက်၊ သင်း သိန္နီသို့ ထွက်စေ’ဟု ရာထူးမှ နုတ်ကာ နယ်နှင်ဒဏ် ခတ်၏။

အမျက်ပြေ လင်္ကာအဖြစ် ဘဝရှင်မင်းတရားကြီးထံ ဦးပေါ်ဦးက သိန္နီမှ ဆက်သသောရတုတွင် အခွန်တော်ငွေကာ ဖွင့်သည်ကား–

ကျင့်မျိုးခက်ဝေ၊ မြင့်တိုးဝေသား
မိုးမြေတုတ်ခွန်၊ ယုတ်မလွန်အောင်
အမွန်ရှည်ကြာ၊ တည်စိမ့်ငှာဟု
ကမ္ဘာဦးနတ်၊ လူ့ဥက္ကဌ်သို့
ပညတ်တော်မှန်၊ ဝေဖန်ဟန်ကား
လေးတန်ဓမ္မ၊ သင်္ဂဟတွင်
သဿမေဓော်၊ ခွန်သီးတော်မှု
စစ်သူရိက္ခာ ဖြစ်စေရာ၏။

ဘုရင် ဇေရာဇ် မင်းမြတ်၏ ထုံးဓမ္မတာသည် သဿမေဓ ခွန်ငွေကို မသုံးထိုက်၊ မသုံးအပ်။ တိုင်းရေးပြည်ရေး စစ်ခင်းစစ်မှု ပေါ်ပေါက်သည်ရှိသော် စစ်ရိက္ခာ အလို့ငှာ လက်ဝဲစစ်သူကြီး၊ လက်ယာစစ်သူကြီးများသို့ စာရင်းအင်းချုပ်၊ စာရင်းကျယ်နှင့်တကွ လွှဲအပ်သင့်၏။

ပဏ္ဏာတော်ပန်း၊ မြို့တစ်နန်းက
ပို့မြန်းဆက်လှာ၊ ကာရိကာနှင့်
လယ်ယာမြေထု၊ အခြေပြုလျက်
ပြေသူ့ခြားပိုင်း၊ တရားတိုင်းဖြင့်
လမိုင်းဆိုင်ရာ၊ ထိုသည့်တာကို
ဘဏ္ဍာတော်မြတ်၊ မင်းသုံးမှတ်လော့။

ရွှေနန်းရိုး လမိုင်းဆိုင်ရာ လယ်တော် ပယ်တော်မှ ထွက်သော ခွန်သီးတော်နှင့် တစ်နိုင်ငံမှ ဆက်သသော ထီးဆောင်းနန်းနေ၊ ပဒေသရာဇ်ဖြစ်သော စော်ဘွားစော်ခံတို့ ထံမှ ရအပ်သော ပဏ္ဏာ ရွှေပန်းငွေပန်း စသည်တို့ကိုသာ ဘုရင်မြတ် သုံးထိုက်ကြောင်း။

သိတတ်တော်ရန်၊ ရာဇမံ၌
လာဟန်ကျင့်နှုန်း၊ အခွင့်ထုံးမှာ
နှလုံးမြဲစေ၊ သုံးစွဲပေအံ့
မြေသုဿာန်မှ၊ စဏ္ဍာလထွင်
ရသည့်ခိုင်လွှန်၊ အရွှတ်ဝန်က
ကျေပွန်အောင်သာ၊ သံတို့လာသော်
စားရာမှုရေး၊ ပြုစုကျွေးလော့။

စဏ္ဍာလ လေးစုမှ ထွက်သော အခွန်တော်ငွေကို တစ်နိုင်ငံမှ စေလွှတ်လိုက်သော သံတို့ကို ကျွေးမွေးပေးကမ်းရန် အရွှတ်ဝန်က ခွဲခန့်၍၊ ကသောင်းမြောင်မှာ ထား၍ ထိန်းသိမ်းသင့်ကြောင်း။

အိမ်ဈေးကုန်သွယ်၊ ထိုသူဝယ်နှင့်
သူကြွယ်သူဌေး၊ တုတ်ခွန်ကြေးမှာ
လမ်းရေးသာယာ၊ မြို့တန်ဆာဖြင့်
ပြင်ရာတစ်ဖန်၊ အသည်ဝန်သို့
ရည်ညွှန်မလပ်၊ သုံးရန်အပ်လော့–



www.burmeseclassic.com

www.burmeseclassic.com



အသည် ကပ်ပါးဟု ဆိုအပ်သော သူဌေးသူကြွယ် ကုန်သွယ်တို့မှ ထွက်သော ခွန်သီးတော်များမှာ ရွှေမြို့တော်ကို လမ်းပြင်ခြင်း၊ ပစ္စင် ရင်တား၊ တံတား ကျုံးမြောင်း၊ ကောင်းမွန်သာယာအောင် အသည်ဝန်ကြီးသို့ တာဝန်လွှဲအပ်သင့်ကြောင်း။

စည်းကြပ်စုပုံ၊ မှူတော်စုံကို
ကျွန်ယုံမတ်ဖျား၊ တင်လျှောက်ထားအံ့
ဘုရားဂူဟောင်း၊ တန်ဆောင်းပြာသာဒ်
ဇရပ်ကျောင်းဘုံ၊ ထုပါရုံကို
ကုံလုံမကျန်၊ ပြင်ဆင်ရန်မှာ
ဝတ္တုကံထွက်၊ ခွန်ဆိန္နက်ဖြင့်
မပျက်စဉ်လာ၊ ထားရိုးသာဟု
ရာဇက္ကမ၊ ကျမ်းပြဖွင့်ကာ
အသင့်ဖြာသည်–
ကြာပျော်နတ်တစ်ပါး ၊ ဆင်ခြင်ဘုရား။

ဘုရားမြေ၊ ကျောင်းမြေ ဖြစ်သော ဝတ္တုကံမိုးမြေ ထွက်သော ခွန်သီးတော်များကိုလည်း ဘုရင်ဧကရာဇ် မင်းမြတ်တို့ မသုံးထိုက်၊ မသုံးအပ်။ ဘုရား ဂူကျောင်း တန်ဆောင်း ဇရပ် စသည်တို့ကို ယိုယွင်းပျက်စီးသော် ပြင်ဆင်ရန် ဝတ်မြေဝန်၊ အခွန်ဝန်၊ မဟာဒါန်ဝန်တို့သို့ တာဝန်လွှဲအပ်၍ စာရင်းချုပ်၊ စာရင်းကျယ်နှင့်တကွ ကသောင်းမြောင်းတိုက်တွင် ထိန်းသိမ်းထားစေသင့်၏။

ဦးပေါ်ဦးက သိန္နီမှ ရေးသားဆက်သသော ရတုတွင် လက်ဝဲသုန္ဒရ အမတ်ကြီးကဲ့သို့ နေပြည်တော်ကို လွမ်းဆွတ်ကြောင်း နိဒါန်းပျိုးပြီးနောက် မိမိ၏အမှုနှင့် ပတ်သက်သော အခွန်တော်ငွေ ပုံမှန်သုံးစွဲနည်းကို အထက်ပါ အပိုဒ်ရတုပိုဒ်နှင့် ရှင်းလင်း တင်ဆက်လေသည်။ ဘိုးတော်မင်းတရားကြီးက ဖတ်ရှုပြီးနောက် မိဖုရားကြီးနှင့် တိုင်ပင်သည်မှာ 'ငါ၏ အပါးတော်၌ရှိသော မှူးကြီးမတ်ငယ်တို့သည် ငါ မိန့်တော်မူသမျှကိုပင် ပြီးစီးကြသည်။ ဤသို့ ပြီးစီးကြခြင်းသည် ငါ၏ အကျိုးကျေးဇူးတော် ပျက်ဖွယ်ရာသာတည်း။ ပေါ်ဦးသည် သာလျှင် ငါ၏ အကျိုးတော် ဖြစ်မြောက်ရေးကို လိုလားချေသည်။ ငါလည်း ဆင်ခြင်တော်မမူမိ၍ သဿမေဓ ခွန်တော်ငွေကို မြပုခက်တော် ပြုလုပ်ရန် မြဝယ်စေလွှတ်ရမည် မိန့်တော်မူခဲ့မိခြင်းကြောင့်သာ ပေါ်ဦးသည် ငါ့အား "ရှင်ဘုရင်ပါး မဝဘူး"ဟု ဆိုချေသည်။ ဤသို့ ဆိုခြင်းသည်ကား ဆိုသင့် ဆိုအပ်ထိုက်လှသော အရာပင်တည်း'ဟု မိန့်တော်မူ၏။

ထို့နောက် အရှင် ၂ ပါးတို့သည် ရွှေနန်းဥကင်သို့ ညီလာခံ ထွက်တော်မူရာတွင် အမတ်ကြီး ဦးပေါ်ဦးကို အောက်မေ့ လွမ်းဆွတ်တော်မူလှသောကြောင့် မှူးမတ်ဗိုလ်ပုံ အစုံအညီ၌ မိန့်တော်မူသည်မှာ 'မောင်မင်းများ၊ ပေါ်ဦးသည် ငါကိုယ်တော်မြတ်ကို ပမာမထားအပ် ထင်၍ သိန္နီသို့ ပို့နှင်တော် မူထားသည်မှာ ယခု နှံ့နာသဖြင့် နောင်ကြဉ်ဖွယ်ရှိလောက်ပြီဟု ထင်တော်မူသည်။ တိုင်းပြည် ဆိုသည်မှာ သဘင်သည်တို့နှင့် အရူးရှိမှ ပြည်၏ကျက်သရေ စည်ကားချေသည်။ အိမ်တို့ မည်သည်ကား ကလေးသူငယ် ရှိမှ စည်ပင်ချေသည်။ နန်းတော် အိမ်တော် ဆိုသည်လည်း လူရွှင် လူပျော် ရှိမှ၊ အရူးသော် ရှိမှ အပျင်းပြေရာသည်။ သို့ဖြစ်၍ ပေါ်ဦးလည်း တစ်မြို့တစ်နိုင်ငံသို့ ပို့နှင်တော်မူထားသည်မှာ သင်း ပျင်းလှရှာတော့မည်။ မောင်မင်းများ ... အရူးကို ပြန်ခေါ်၍ ငါက သနားတော်မူရင်း စားကျွေးမြို့ရွာ အဆောင်အယောင်နှင့်တကွ ထားမြဲ ထားလိုက်ကြရမည်' ဟူ၏တည်း။

ဤသို့ အမိန့်တော်မြတ် မှတ်သောကြောင့် ဦးပေါ်ဦးသည် နေပြည်တော်သို့ ပြန်လာကာ ရှေးက ဌာန္တရအတိုင်းပင် သူကောင်းပြုတော်မူပြန်သဖြင့် ခစားမြဲအတိုင်းပင် ခစားရပြန်၏။ သိန္နီပြန် ဦးပေါ်ဦး ပြန်ရောက်လာသောအခါ နန်းတွင်း၌ ခါတိုင်းလို ရယ်သံ မောသံများ ကြားရပြန်လေသည်။

ဘုရင် ။ ။ ဟဲ့ ....ပေါ်ဦး၊ သိန္နီမှာ တော်တော် နေသာရဲ့လား။

ဦးပေါ်ဦး ။ ။ အလွန်တရာမှ သာယာအေးချမ်းစွာ ဘောကင်းကွာပြီး စိတ်ရောကိုယ်ပါ ချမ်းသာကြောင်းပါ။

ဘုရင် ။ ။ နင် ငါ့ကို မလွမ်းဖူးလား။

ပေါ်ဦး ။ ။ မှန်လှပါ၊ ဝန်ကတော်ကို ပို၍ လွမ်းပါသည်ဘုရား။

ဘုရင် ။ ။ သယ်....(ဘုရင်နှင့် မိဖုရားပါ ပြုံး၏) နင်ရေးလိုက်တဲ့ ရတုမှာ နေပြည်တော်ကို လွမ်းတာတွေ ပါနေပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဦး ။ ။ နေပြည်တော်ထဲမှာပဲ ဝန်ကတော် နေခဲ့တယ် မဟုတ်လား ဘုရား။

ဘုရင် ။ ။ နင် လျှောက်တင် ဆက်သွင်းတဲ့ မဲဇာတောင်ခြေ ရတုဟာ နင်ရေးတာ မဟုတ်ဘူး၊ လက်ဝဲသုန္ဒရအမတ်ကြီး ရေးတာကို နင် ခိုးရေးတာပဲ။

ပေါ်ဦး ။ ။ ကျွန်တော်မျိုးကိုယ်တိုင် ပုရပိုက်ပေါ်မှာ ရေးကြောင်းပါ။

ဘုရင် ။ ။ ဒါဖြင့် မဲဇာတောင်ခြေနှင့် တစ်လုံးတစ်ပါဒမှ မကွာခြားဘူး၊ ဘာကြောင့် တူနေရလဲ။

ပေါ်ဦး ။ ။ မှန်လှပါ၊ လက်ဝဲသုန္ဒရ အမတ်ကြီးနှင့် ကျွန်တော်မျိုးကြီး ဉာဏ်ချင်း တူနေလို့ပါ ဘုရား။

## (၄) တရားခံ ထိပ်တင်ဝိုင်း

တစ်နေ့သောအခါ နေပြည်တော်ရှိ လွှတ်တော်၌ ဝန်ကြီးများ စုံညီ စည်းဝေးလျက် ရှိချိန်တွင် ရတနာသိခ် မြို့နယ်မှ ကျေးတောသား ဦးကြီးတစ်စု ခုံဖိနပ်စီးကာ လွှတ်တော် လှေကားမှ စိုက်စိုက် တက်လာကြ၏။ သူတို့ကား တောလေ့အရ ယာခုတ်သော ဓားမကိုထမ်းလျက်၊ ပြောင်းဖူးဖက် ဆေးလိပ်ကို ဆောင်လျက် တင်းထိမ်စောင်ကို ပခုံးထက်၌ တင်ပြီးလျှင် ပုဆိုးကြမ်းကို အောက်ပိုးကျိုက်၍ တက်လာခြင်း ဖြစ်သည်။

သူတို့ကား တမုဆိုးရွာမှ ထိပ်တင်ကြံ၊ ထိပ်တင်စု၊ ထိပ်တင်ပုနှင့် ထိပ်တင်ဆွေတို့ ဖြစ်သည်။ မင်းတရားကြီး၏ ဆွေတော် မျိုးတော်များ ဖြစ်၏။ သို့သော် သူတို့၏ ထူးခြားချက်ကား မင်းစိုးရာဇာ အဖြစ်ဖြင့် မနေလိုသောကြောင့် မိမိတို့ သဘောအလျောက် အဆောင်အယောင်များကို စွန့်ပယ်ကာ တောင်သူကြီးများ အဖြစ်နှင့် ရိုးရိုးကုပ်ကုပ် လုပ်ကိုင် စားသောက်နေသူများ ဖြစ်သည်။

ဘိုးတော်ဘုရားက ထီးနန်း ရရှိသောအခါ သူပိုင် လယ်မြေများကို ရွှေကြိုး သတ်မှတ်ထားရှိလို၏။ သို့သော် ထိုမြေအချို့မှာ ချိုင့်များ၊ ကုန်းများဖြင့် မညီမညာ ဖြစ်နေ၏။ ဤတွင် ရှင်ဘုရင်က လယ်တော်အုပ်တို့အား 'မောင်မင်းတို့၊ ငါ၏လယ်တော်မည် ပယ်တိုင်း၊ ရှိုင်းရရှိုင်း ရှိချေသော် ငါ၏ ပိုင်နက်အတွင်းသို့ အမြတ်ချင်း၍ အစွန်းနင်းလာသော အနီးအပါး၊ သူတစ်ပါးလယ်တို့ကို ထည့်သွင်းပိုင်းဖြတ်–ရွှေကြိုး သတ်မှတ်ကြလော့'ဟု မိန့်ဆိုလေသည်။ ဤတွင် မြေသိမ်းခံရသော ဆွေတော်မျိုးတော်တို့က ဘုရင်ဧကရာဇ်နှင့် တရားပြိုင် စွဲဆိုအံ့သောငှာ အမရပူရသို့ ရောက်လာကြသည်။ ဘုရင်၏ဦးရီးတော်၊ ဘကြီးတော်များ ဖြစ်ကြောင်းကို သိရှိသော ဝန်ကြီးတို့က ထိုတောသားကြီးများကို ပျပ်ပျပ်ဝပ်လျှိုးလျက် လျှောက်ကြသည်ကား–

ဝန် ။ ။ တော်ကြီးဘုရားတို့၊ အဘယ်ကိစ္စငှာ ရွှေလွှတ်တော်သို့ လာကြပါသနည်း။

ဦးကြီး ။ ။ ငါတို့ တရားစွဲရန် ရှိ၍ လာခဲ့သည်။

ဝန် ။ ။ အဘယ်သူအား အဘယ် တရားမျိုးဖြင့် စွဲဆိုလိုပါသနည်း။

ဦးကြီး ။ ။ ငါတို့ လယ်ယာမြေကို ထိပ်တင်ဝိုင်းသည် မတရားသဖြင့် ကျော်နင်း ဖြတ်ယူသောကြောင့် တရားစွဲလို၍ လာသည်။

ဝန် ။ ။ အဘယ် ထိပ်တင်ဝိုင်းပါနည်း။

ဦးကြီး ။ ။ မင်းတို့ နန်းတော်ပေါ်က ရှင်ဘုရင်လုပ်နေသည့် ထိပ်တင်ဝိုင်းလကွယ့်။

ဝန် ။ ။ ဤအမှုကို ကျွန်တော်မျိုးတို့ တရားခွင်က လက်မခံဝံ့ပါ ဘုရား။

မည်သည့် လွှတ်တော်ဝန်ကြီးကမျှ လက်မခံရဲသဖြင့် ဆွေတော်မျိုးတော်တို့သည် ကြံရာမရ ရှိရကား အတွင်းဝန် ဦးပေါ်ဦးထံ ဝင်ကြလေ၏။ ဦးပေါ်ဦးက ဗြဲတိုက်ဝန်အဖြစ် အုပ်ချုပ်ရေးနှင့်သာ ဆိုင်၍ အမှုစစ်ဆေးခွင့် မရှိချေ။

ဦးကြီး ။ ။ ဗြဲတိုက်နှင့် တရားနှင့် မဆိုင်ကြောင်း ငါတို့ သိပါ၏။ သို့သော်လည်း မောင်ပေါ်ဦးထံ အကြံဉာဏ်ယူရန် အတိုင်ပင် လာကြပါသည်။

ဦးပေါ်ဦး။ ။ ဤကိစ္စ၌ ကျွန်တော်မျိုးနှင့် အလျှင်း မဆိုင်စေကာမူ မဆိုင်ကြောင်းကို သိလျက်နှင့်ပင် လက်ခံပါတော့မည်။ ယခုပင် တရားစွဲဆိုတော်မူပါ ဘုရား။

ဦးပေါ်ဦးက ထိုသို့ဆိုကာ ပုရပိုက်ကို ဖြန့်ခင်းလျက် အမှု လက်ခံသည်။ ထို့နောက် ရက်ချိန်းပေးလိုက်သည်။ ထိုနောက် ဘိုးတော်မင်းတရားကြီးထံ တရားခံအဖြစ်ဖြင့် အောက်ပါ ဆင့်စာကို ရေးသားပေးပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းသူနဒိပ်၊ လျှံတဖိတ်ဖိတ်နှင့်၊ ပထဝီသရမင်းဖျား၊ အလောင်းဘုရားကြီး၏ တည်ရာ၊ ရတနာသိခ်၊ နာဂရပိုင်စိုး၊ တမုဆိုးရွာစံ။ ထိပ်တင်ကြံ၊ ထိပ်တင်စု၊ ထိပ်တင်ပု၊ ထိပ်တင်ဆွေတို့က လယ်မြေမှုခင်း အခမ်းအနားကို တရားဖက်ပြိုင်ရန် စွဲဆိုလာသည်ဖြစ်၍ ယခု သက္ကရာဇ် ၁၁၆၉ တန်ခူးလဆန်း ၉ ရက်နေ့အခါ ဗြဲတိုက်တော်ဆိုင်ရာ မဟာဘွဲ့သ မင်းလှနော်ရထာ မည်သာကျော်လျှံ၊ ရွှေခွန်းစံသော နိုင်ငံတော်ချစ် အတွင်းဝန်၊ အလွန်လိမ္မာ ဉာဏ်တံခွန် ဖြာလှသည့်၊ မဟာအမစ္စ၊ နာမအထူး၊ အမတ်ကြီး ဦးပေါ်ဦး၏ ဆိုင်ရာသို့ နေ့နှစ်ချက်တီးကျော် နှစ်မောင်းပေါ်သောအခါ တရားဆိုင်ဆိုရန် လာရောက်အပ်သည်။ စတုဒိပ၊ လက်ရပိုင်စား၊ ပတ္တမြားနဝရတ် စီခြယ်တပ်သည့် ပြာသာဒ်ဦးဥကင်နေ၊ လူမွေကြီး ထိပ်တင်ဝိုင်း"

ဤသို့ ရေးစီ၍ နန်းတော်ကြီးသို့ စာဆက်သွင်းရာ ဦးပေါ်ဦး စီကုံးရေးသားကြောင်း မင်းတရားကြီး သိတော်မူလျှင် ပြုံးတော်မူ၏။ ထိုစာပါ ရက်ချိန်း စေ့မြောက်ချိန်၌ မင်းတရားကြီးသည် အမှတ်မဲ့ နေတော်မူ၏။ တရားလိုဘက်မှ ထိပ်တင် ၄ ဦးသာ တရားဆိုင်ရန် မပျက်မကွက် လာရောက်ကြ၏။ ထို့ကြောင့် အောက်ပါ နို့တစ်စာကို ဘုရင်ထံ ပို့ပြန်လေသည်။

"ဗြဲတိုက်တော် တရားခွင်က၊ လျှင်မြန်အခင်းနှင့် ထပ်မံ၍ ဆက်သွင်းလိုက်သည်။ မဟီတလ၊ မြေများချက်ချာ၊ ဝေယန္တာဝယ်၊ မကွာခြွေရွေ၊ စံပယ်နေသော လူမွေကြီး ထိပ်တင်ဝိုင်း...။

"တရားရပ်ဆိုင်း၊ မပိုင်းမခြား ရှိသည်များကို၊ တရားလို မင်းလေးပါးတို့၊ စောင့်စား မျှော်ငံ့လျက်ရှိရာ၊ ဘဇာယွင်းကွက်၊ ချိန်းရက်ကွေကွာ၊ လူဆိုးလူသွမ်းတို့ ပရက္ခရာဖြင့်၊ ပမာမမှု၊ အရေးမယူ၊ မသူတော်ငြမ်း၊ လမ်းတစ်ဖက်ကျိုး၊ ကပ်ကိုးရှောင်လွှဲ၍ မပြတ်မစဲနိုင်သော အမှုကို နောက်ထပ်တစ်ဖန် မပြုရာ။ ခရီးဝေးကွာ၊ မြို့ကျေးရွာမှ လာကြကုန်သော တရားလိုများကို၊ နေ့စားလခန်း မပင်ပန်းရလောက်အောင် တရားလမ်းရှိရာ၊ တန်ခူးလဆန်း ၁၀ ရက်နေ့အခါ အမတ်ကြီး ဦးပေါ်ဦး တရားစီရင်ရာသို့ လာရောက် ဆိုင်ဆိုအပ်သည်။ မတ်ကလ၊ မြေများ ချက်ချာ၊ ဝေယန္တာဝယ်၊ မကွာခြွေရွေ၊ စံပယ်နေသော လူမွေကြီး ထိပ်တင်ဝိုင်း"

ဤစာဖြင့် နန်းတော်ကြီးသို့ တစ်ဖန် ဆက်သွင်းပြန်ရာ မင်းတရားကြီးက 'ခွေးမသား ငပေါ်ဦးသည် လွန်စွာထကြွ၍ နေပြန်ချေပြီ။ သိန္နိကို လွမ်းပြန်ဟန်ရှိ၏'ဟု မိန့်တော်မူ၏။ ထို့နောက် သံတော်ဆင့်ကြီး မင်းလှသီရိသင်္ခယာကို ခေါ်တော်မူ၍ 'မောင်မင်း၊ ငါ၏ကိုယ်တော်စား ဗြဲတိုက်တော် ဆိုင်ရာ အတွင်းဝန် ငပေါ်ဦး တရားခွင်သို့ သွား၍ တရားဆိုင်ဆိုချေရမည်'ဟု မိန့်တော်မူ၏။

နောက်ထပ် ရက်ချိန်းစေ့ချိန်တွင် ဗြဲတိုက်တော်၌ တရားလိုတို့နှင့် တရားခံ ကိုယ်စားလှယ်တို့ အမှုဆိုင်ကာ ဆင်ခြေလည်ယှက်၊ စကားဖက်လုကြရာ ထွက်ဆိုပြိုင်ဆိုင်၊ ပိုင်မပိုင်ကို နိုင်သင့် မနိုင်သင့်၊ ထောက်ချင့်ဝေဖန်၍ စံကိုက်ပမာ၊ ရာဇာလျှာကဲ့သို့၊ မသာမပြုူ ကောက်ယူ ဆုံးဖြတ်၊ တရားဖြတ် စီရင်ချက်ချ သည်မှာ–

"တရားလို တရားခံ၊ နှစ်တန်အတွက်၊ ကောက်ချက်ယူဆ၊ မူလသာခ၊ ထိုနှစ်စကို၊ ဓမ္မဝိနိစ္ဆယ အမတ်ဖြစ်သည့်အားလျော်စွာ၊ ဆန္ဒာဂတိ၊ မရှိလွတ်ကင်း စဉ်းစားဆင်ခြင်သော်–

"ဘုရင်တကာတို့ အချုပ်၊ နရုက္ကဋ္ဌ၊ စေနရထွတ်ကျိုင်း၊ ထိပ်တင်ဝိုင်း၏ အဆိုသည် ယွင်းယိုဖောက်ပြန်မမှန်အချက်၊ အထွက် ကောက်ကျစ်၊ အတစ်တစ်နှင့်၊ ကျိုးပြန်နှစ်ဖြာ၊ မရေရာသဖြင့်၊ ယုတ္တာယုတ္တိ၊ ကင်းလွတ်ဘိသည်လည်း တစ်ကြောင်း၊ ရှေးဘုရားလောင်း၊ မင်းကောင်းမင်းမြတ်တို့၏ ကျင့်မြဲဓမ္မတာ လမ်းစဉ်လာမှ "ခန္တီမေတ္တာဒယာယုတ္တော" ဟူသော ပါဠ်ဖြင့်၊ သီလဝ စသော မင်းကောင်း မင်းမြတ်တို့ကဲ့သို့၊ သည်းခံခြင်း ခန္တီ၊ ချစ်ခြင်း မေတ္တာ၊ သနားခြင်း ကရုဏာနှင့်၊ ယှဉ်ရမည် ဟူသော ဓမ္မပဒေသ၊ ရာဇဓမ္မ လွတ်ကင်းသည်လည်း တစ်ချက်။

"ပါယေယျဝဂ်၊ စက္ကဝတ္တိ သုတ်တော်အလာ 'ဇနပဒေ သုခ–ဓမ္မဥရေ'ဟူသည်ကို မထောက်မြော်သည်လည်း တစ်ဖြာ။

"သုဝဏ္ဏသာမ ဇာတ်တော်တွင် 'ညာတိမိတ္တေသု' ဟူသောပုဒ်ကို ငဲ့ကွက်ခြင်း မရှိ။

"အပရိဟာနိယ တရား ၇ ပါးကို သတ္တတိနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၌ ပြဆိုရာ 'ပညာတ္တိ၊ ပဋိပစ္စန်'ဟူသော စကားနှင့်လည်း မညီ။

"အသိတိနိပါတ်၊ လောမဟံသဇာတ်၌ မင်းကျင့်



www.burmeseclassic.com

www.burmeseclassic.com





ဝန်ကြီးနှင့် အတွင်းဝန်များ



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာအရာရှိ
# လောက



မြို့ဝန်



မြို့ဝန် ရုံးတက်ချိန်



ရုံးတက်ချိန်

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာအရာရှိလောက



မြို့ဝန်နှင့်အဖွဲ့



မြို့ဝန် သားအဖ



ရှမ်းစော်ဘွားကြီးများ
(ရှေ့တန်း၊ ဝဲမှယာ) မိုင်းပွန်စော်ဘွား စောခွန်တီ၊ ကျိုင်းတုံစော်ဘွား စောဘသင်ခမ်းဖူး၊ စောခွန်ကြည်( စောနန်းတစ်ထီလာ၏ အစ်ကို) နှင့် ညောင်ရွှေစော်ဘွား။

www.burmeseclassic.com

www.burmeseclassic.com

ပျဉ်းမနားမြို့စား



ရွှေပန်းခိုင်၊ ငွေပန်းခိုင်



သောင်ထွတ်စော်ဘွား မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းစော်ဘွားကြီး
(သီပေါစော်ဘွား စောချယ် )
နှင့်
အခြွေအရံများ



ပန်းမော်မြို့ဝန်



ဝန်ကတော်နှင့် အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာအရာရှိ လောက



ဘိလပ်သွား မြန်မာသံအဖွဲ့

(ထိုင်–ဝဲမှယာ) ဦးခြိမ့်၊
ကင်းဝန်မင်းကြီး ဦးကောင်း
(အရေးတော်ပိုင် သံတော်ကြီး)၊
သံချက်ဝန် ဦးမြူ၊



၁၂၄၃ ခုနှစ်
ဆင်းမလားသွား မြန်မာသံအဖွဲ့
(ထိုင်–ဝဲမှယာ) တောင်တစ်ရာ့ငါးဆယ်
ဗိုလ်မှူး မိုးဗြဲမြို့စား ဦးကျော်ခေါင်၊
ဝန်ထောက်တော် ဝက်မစွတ်မြို့စား ဦး
ကျောက်မြောင်းမြို့စား အတွင်းဝန်
သံတော်ကြီးဦးအို၊ သံချက်ဝန် ဦးမြူ
(နောက်တန်း ရပ်နေသူများ)
စာရေးတော်ကြီး
ဦးပေါက်တော (သံတော်ငယ်)၊
နာခံတော်ကြီး ဦးမြတ်(သံတော်ငယ်)



နှစ်ဆယ်ရာစု ခေတ်ဦးတွင်
ထင်ရှားခဲ့သော
မြန်မာ ငွေထည်ပညာရှင်များ

(ဝဲမှယာသို့)
ဦးရင်မောင်
(နယူးဒေလီမြို့ ရွှေတံဆိပ်ရ)၊
ဦးသူလှိုင်၊ ဦးဘိုးကျော်
(နယူးဒေလီမြို့ ကြေးတံဆိပ်ရ)၊
ဦးဘိုးမြင့်၊ ဦးဘိုးသက်
(ဂျပူးမြို့ ရွှေတံဆိပ်နှင့်
ကလကတ္တားမြို့ ငွေတံဆိပ်ရ)၊
ဦးဘိုးခင်(ဒေလီမြို့ ငွေတံဆိပ်ရ)၊
ဦးရွှေဝနှင့် ဦးဘိုးဇင်။

www.burmeseclassic.com

www.burmeseclassic.com





မယ်တော်မာယာ
အိပ်မက်



ဆင်ဖြူတော်
(အမရပူရ)

အင်းဝ
ဆင်ကျုံး



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဆင်ဖြူတော်



ဆင်ဝန်က ပြုစုချိန်



ဆင်ဖြူတော်ကို ရေချရန် ထွက်ပုံ



ရွှေချွန်းနှင့် နဖူးစည်း



မြန်မာ့ဆင်တို့၏
တောတွင်းရှုခင်း

www.burmeseclassic.com

www.burmeseclassic.com



တရား ၁၀ပါးကို ပြဆိုရာ၌ 'အဇ္ဈတ်' ဟူသော စကားကိုလည်း မကြည့်။

"ရာဇနီတိ၌ ရာဇဂုဏ် ၁၀ ပါးကို ပြဆိုရာဝယ် 'ပထဝီဂုဏ၊ စန္ဒဂုဏ၊ သမုဒ္ဒဂုဏ၊ ပဒ္မဂုဏ'ဟူသော ၄ ပါးကိုလည်း မထောက်ထား။

"အင်္ဂုတ္တိုရ်နိပါတ်၊ အင်္ဂုတ္တိုရ် ပါဠိတော်တွင် သင်္ဂဟ ၄ ပါးကို ပြရာ 'သဿမေဓ'တရားကိုလည်း မဆင်ခြင်။

"နာယကဂုဏ် ၆ ပါးကိုလည်း မယူဆ။

"ဝိဓုရ ဇာတ်တော်၌ 'ယာတာန ယာယီ'အစရှိသော သာဇနယ ၄ပါးတွင်လည်း တစ်ပါးပါးကိုမျှ မမြော်ချင့်။

"ဤသို့ ကျင့်ရာကျင့်ထုံး လုံးဝမသိ၊ ဖီလာဖောက်ထွင်း၊ ပျက်ယွင်းယိမ်းယိုင် ရှိသည်နှင့် အညီ တပသီမုနေ၊ ရသေ့ရှာန်ရှင်တို့ စီရင်တော်မူခဲ့သော လောကီဓမ္မသတ်၊ အရပ်ရပ်တို့နှင့် ဖြတ်ထုံးကြီး ဖြတ်ထုံးငယ်၊ အသွယ်သွယ်တို့ကို ချက်လက် ဖွေရှာခွင့် မရှိ။

"အနန္တ ဇိန၊ အတုလထွတ်ထား မြတ်ဘုရား၏ဟောကြားပြသ၊ ဆုံးမတော်မူခဲ့ရင်း ဖြစ်သော 'သာမုက္ကံသိက၊ ရာဇာနုသာသန၊ ဒေသနက္ကမ' အစဉ်နှင့် ဆန့်ကျင်သူတစ်ဦး ဖြစ်သောကြောင့်–

"ယခုဖြစ်ပွားသော လယ်မြေခန်းအမှု 'သီရိပစရ၊ တိလောကပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ'ဟု၊ နရာဒိပ၊ ခတ္တိယဝံသ၊ သြက္ကာကမျိုးရိုး၊ သမိုင်းတော်ထိုးရသည့်၊ လူဆိုးစောရ၊ မောင်မောင်ဟာသည့်၊ တမုဆိုးဂါမနေ၊ တရားလိုမြေရှင်တို့အား၊ တရားကွမ်းဖိုး၊ အကျိုးဆောင် ရှေ့နေအတွက်၊ ခံ့သက်သေတင်စား၊ တရားထိုက်သက်ရာ၊ စရိတ်နှင့်တကွ ကျခံ ပေးလျော်စေ။

"၁၁၆၉ တန်ခူးလဆန်း ၁၀ ရက်နေ့တွင် နိုင်ငံတော်ကြီး၏ ကျက်သရေဆောင်၊ ဝင်းပြောင်တောက်ထိန်၊ ဉာဏ်ဝရဇိန်နှင့်၊ ကံရှိန်တင့်ထူး၊ လွန်ပင်မြူးသော အတွင်းဝန်ကြီးဦးပေါ်ဦး စီရင်သည့်အချက်ကို၊ တရားဆက်လက်၊ အသက်သွင်းရန် မရှိ၊ ပြကတိ မူလ၊ ဓားဦးချ အတိုင်း တည်စေ"

ယင်းသည့် ဦးပေါ်ဦးဖြတ်ထုံးကို ဘိုးတော်ဘုရားသည် ညီလာခံ၌ ဖတ်ကြားတော်မူပြီးနောက် 'အင်း၊ ပေါ်ဦးက ငါ လက်နှင့် ရေးတာကို သင်းက ခြေနှင့် ဖျက်သည်။ ရှေးက ဇာရာဏသီပြည်မှာ လူသားစားကြူးသော ဘုရင်ကို ကာလဟတ်အမတ်က နန်းတော်မှ ဆွဲငင် နှင်ချခဲ့ပေတယ်။ ငါကိုယ်တော်မြတ်သည် လူသားကို ပွဲတော်တည်လိုသော ဆန္ဒရှိတော် မမူ၍သာ ယခုကဲ့သို့ ပြကတိ နန်းစံနေနိုင်သည်။ အကယ်၍ စားလိုသောဆန္ဒ အာသာဖြစ်အံ့၊ ထိုသို့ချင်ခြင်းဖြစ်သည်ကို ကြားရုံမျှနှင့် ငါကိုယ်တော် အရှင်မြတ်ကို ခွေးမသား ပေါ်ဦးလို အမတ်က နန်းထက်မှ ဆွဲချအံ့ ထင်သည်' ဟု ပြုံးရယ် မိန့်ဆိုကာ အတွင်းတော်သို့ ဝင်သည်။

## မြန်မာ့ ဆင်ဖြူတော်

ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်တွင် အချို့သော အောက်ပြည်အောက်ရွာတို့မှာ လုံးဝ အသွင်ပြောင်းသွားသကဲ့သို့ ရှိ၏။ နွေရာသီ၌ ဖုန်တထောင်းထောင်း ရှိခဲ့သော လမ်းအသွယ်သွယ်တို့မှာ ရေကြီးချိန်၌ ချောင်းမြောင်းအဖြစ်သို့ ပြောင်းလဲကုန်၏။ ထို့ကြောင့် လှည်းလမ်းကြောင်းတို့တွင် "ကျူပြင်ကြို၊ ကျူပြင်ကြား၊ လောင်းကလေးနှင့် သွား" ဆိုသကဲ့သို့ ခရီးသည်များအဖို့ အတွေ့အကြုံတစ်မျိုး ဖြစ်လေသည်။

ရွာလယ်လမ်းတွင် ယခုအချိန်၌ လှေပြိုင်ပွဲများ ကျင်းပ နေသည်လည်း ကြုံတွေ့နိုင်၏။ ဘယ်ကြည့်ကြည့် မြစိမ်းရောင် ရှုခင်းချည်း ဖြစ်နေ၍ မျက်စိအေးချမ်း သက်သာပါ၏။ နွေဂိမ္မာန်၏ ခြောက်သွေ့ ပူရှိန်မှုထက် ကောင်း၏။ သို့သော် လှည်းစီးရင်း ဖုန်မွှန်သကဲ့သို့ လှေစီးရင်း မိုးမိလျှင်လည်း မသက်သာလှပေ။

အီတလီပြည်၌ ဗင်းနစ် ခေါ် ပင်လယ်ဆိပ်ကမ်းမြို့တွင် လမ်းမရှိဘဲ ၁၂ ရာသီစလုံး တူးမြောင်းများတွင် လှေစီးသွားလာကြရသည် ဆို၏။ ရေကြီးချိန်တွင် အောက်ပြည်ဒေသအချို့မှာ ဤအတိုင်းပင်၊ အထူးသဖြင့် သန်လျင်နှင့် ပဲခူးလမ်း တစ်လျှောက်တွင် ဝါဆိုလပြည့်ပွဲအတွင်း ပုံချိတ်မော်တော်ကလေးများ တွင်ကျယ် ပျော်မြူးနေကြသည်ကို တွေ့ရ၏။

ဘိုးတော်မင်းတရား လက်ထက်က ဆင်ဖြူတော် ပေါ်ခဲ့သော နိဗ္ဗာန်ရွာသည် သက္ကလမြို့နှင့် မဝေးချေ။ အုန်းနဲ့မှ တစ်ဆင့် သွားရ၏။ အုန်းနဲ့တွင် နာမည်ကျော် ပန်းပုရုပ်ကြီးများ ရှိရာ ကုသိန္နာရုံတိုက်လည်း ရှိ၏။ ဝါဆိုပွဲအတွင်း ထိုအနီး ခမဲပြင်အရပ်တွင် ဘိုးဘိုးကြီးနတ်ပွဲလည်း ရှိရာ တပျော်တပါး ရေကြောင်းမှ သွားလာ ပျော်မြူးကြမှာ တောင်ပြုန်းလိုပင်။ ရေလမ်းမှာ တောင်ပြုန်းထက် သာယာ ပြန့်ပြူး၏။



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ရှာတွင် ဆင်ဖြူတော် ပေါ်ခဲ့သည်မှာ နှစ်ပေါင်း ၁၇၃ နှစ် ရှိခဲ့ပေပြီ။ အင်္ဂလိပ်သက္ကရာဇ် ၁၈၀၇ ခု၊ မြန်မာသက္ကရာဇ် ၁၁၆၈ ခုက ထိုရွာရှေ့ တွင်းသာယာအရပ်တွင် တွေ့ရှိသော ဆင်ဖြူတော်ကို ဘိုးတော်မင်းတရားက "နိဗ္ဗာန်ပစ္စယ နာဂရာဇာ" ဟု ဘွဲ့နှင်းခဲ့သည်။ ဘိုးတော်မင်း၏ ဆင်ဖြူ ၉ စီးတို့တွင် နောက်ဆုံး ရရှိသော ရတနာ ဆဒ္ဒန် ဖြစ်လျက် အထင်ရှားဆုံးလည်း ဖြစ်ခဲ့သည်။ [**အောက်ပါ ဇယားကို ကြည့်ပါ။**]

### မင်းလှမှ ဆင်ဖြူမ

အောက်ပြည်မှ လှိုင်မြို့နယ် မင်းလှအရပ်တွင် ဆင်ဖြူမ တစ်စီး ဦးစွာ ရရှိခဲ့၏။ ၁၁၆၆ ခု ဝါခေါင်လဆန်း ၇ ရက်တွင် ဝါဂွမ်းကဲ့သို့ ကိုယ်အလုံး ဖြူစင်နူးညံ့စွာသော၊ ဥပေါသထ စင်စစ်ဖြစ်သော ဆင်ဖြူတော်မကို လှိုင်မြို့နယ် မင်းလှအရပ်တွင် ရုံရွှေတော် ဆင်တစ်ထောင်ကျော် ခြံရံ တွေ့ရသောကြောင့် ဟံသာဝတီမြို့ဝန်က တန်ဆောင်းဆောက်လုပ် မွေးကျွေး ပြုစုထားသည်။ ထို့နောက် ဆင်ဖြူတော်ကို ရွှေဖောင်တွင် တင်၍ ရွှေလှေ၊ ရွှေလောင်း တက်ပြည့် ငင်စေပြီးလျှင် ဝဲ-ယာ ပွဲသဘင် ခြံရံလျက် ဆန်တက်ခဲ့ကြသည်။

ဘဝရှင် မင်းတရားကြီးမှာ ပြည်ကြီးမွန်ဖောင်တော်နှင့် အရှင်မိဖုရားခေါင်ကြီး၊ သားတော် မြေးတော်၊ ဆွေတော် မျိုးတော်အပေါင်း ခြံရံလျက် ကြည်းအား၊ ရေအား၊ စစ်အင်္ဂါ ၄ ပါးနှင့် စစ်ကိုင်းမြို့မှ ဆင်ဖြူတော်ကို ကြိုဆိုသည်။ စစ်ကိုင်း၌ ပတ္တမြားစီခြယ်သော ပြာသာဒ်ဝယ် ဆင်ဖြူတော်ကို ဖြည့်တင်းစေပြီးလျှင် ပြည်သူတို့ ဖူးမြော်ရာဝယ် ပွဲသဘင်ကြီးစွာ ခံစေသည်။

စစ်ကိုင်းမှ မင်းကွန်း အလယ်ကျွန်းသို့ ဆန်တော်မူရာ ဧရာဝတီမြစ်ကမ်း ဝဲ-ယာတို့တွင် ရာဇမတ် ကာ၍ ငှက်ပျော်ပင်၊ ကြံပင်၊ ရေမြုတာ ပန်းအိုးများ စိုက်ထူ ကြိုဆိုကြသည်။ မြစ်ပြင်အလုံး ပွဲသဘင် အစုံနှင့် မင်းကွန်း စံနန်းတော်ဆိပ်သို့ ဆောင်ယူခဲ့သည်။

စံနန်းတော်ရှေ့တွင် ဘုံ ၅ ဆင့်ရှိသော တန်ဆောင်း ၁၊ ဘုံ ၃ ဆင့်ရှိသော ရွှေပြာသာဒ် ၂၊ လည်ပေါ်ဆောင် ၆၊ ထိုဘုံများ အလယ်တွင် ဆင်ဖြူတော်ကို စံနေစေသည်။

### ဘိုးတော်ဘုရား၏ ဆင်ဖြူတော်များ

| နံပါတ် | ဘွဲ့တော် | တွေ့ရာ အရပ် | ခုနှစ် | အကြောင်းအရာ |
|---|---|---|---|---|
| ၁။ | ဥပေါ်ပြောင်မွန် | မြို့သစ်တော | ၁၁၄၆ (နယုန်လ) | ဘုရင်က ဆင်ဖြူရှင်ဘွဲ့ခံ |
| ၂။ | ရတနာပြောင်မွန် | ရွှေကြာသိန်းတော | ၁၁၄၆ (တပို့တွဲ) | ဘုရင်က ဆင်ဖြူများရှင်ဘွဲ့ခံ |
| ၃။ | နာဂဝရ | အင်းတောက်သာတော | ၁၁၄၉ (နယုန်လ) | |
| ၄။ | ရတနာကုမုဒ် | ကလေးတော | ၁၁၅၀ (ဝါခေါင်) | ဘုရင်က ငမြာကြီးရွာမှ ကြိုဆို |
| ၅။ | ဘွဲ့မသိရ | ကလေးတော | ၁၁၅၁ (တပို့တွဲ) | ဘုရင်က စင်ရော်ကျွန်းမှ ကြိုဆို |
| ၆။ | ဘွဲ့မသိရ | ကလေးတော | ၁၁၅၈ | |
| ၇။ | ဘွဲ့မသိရ | တောင်တွင်းကြီး | ၁၁၅၈ (သီတင်းကျွတ်) | |
| ၈။ | သီရိမလ္လာမဟာ | လှိုင်မြို့ | ၁၁၆၆ (ဝါခေါင်) | ဘုရင်က စစ်ကိုင်းမှ ကြိုဆို |
| ၉။ | နာဂရာဇာ | နိဗ္ဗာန်ရှာ၊ ပဲခူး | ၁၁၆၈ (တန်ဆောင်မုန်း) | ဘုရင်က ပုဂံမှ ကြိုဆို |

[ **မှတ်ချက်။** ။ ရတနာကုမုဒ် ဆင်ဖြူတော်ကို ဧရာဝတီ ဆိပ်ကမ်း၌ ရေချစဉ် ကြာပန်းများကို ထိုဆင်ဖြူတော်က ဘုရင်သို့ မဆက်ဘဲ အတူပါလာသော မြေးတော် မင်းသမီးကလေးကို ဆက်သည်။ ထို့ကြောင့် ထိုမင်းသမီးကို "ဆင်ဖြူမယ်" ဟု ဘိုးတော်မင်းတရားက ဘွဲ့ခံယူစေသည်။ ထိုမင်းသမီးနှင့် အိမ်ရှေ့ စစ်ကိုင်းမင်းသားတို့ ထိမ်းမြားရာမှ စ[illegible] မင်းကို မွေးဖွားခဲ့သည်။]



www.burmeseclassic.com

www.burmeseclassic.com



ဖောင်တော်ဆိပ်မှ ဆင်းရာတွင် ကော်ဇောခင်းထားသည့် လမ်းအတိုင်း ဆင်ဖြူတော်ကို လျှောက်သွားစေ၍ တန်ဆောင်းတော်တွင် ဖန် မှန် ပတ္တမြား စီခြယ်သော ဇမ္ဗူရာဇ် ရွှေအတိပြီးသော မိုတိုင်၊ မိုထုံး၊ ကတ္တီပါအုံး မွေ့ရာအစုံနှင့် ကြီးကျယ်သာယာစွာ ထား၏။

အဖိုး အနဂ္ဃထိုက်သော ရွှေလည်ဆွဲ၊ လက်ကောက်၊ ခြေချင်းတော်၊ နားဆွဲတော်၊ ရွှေကွန်ချာ တန်ဆာတော်အစုံနှင့် တကွ ရွှေအင်တုံ၊ ရွှေဖလား၊ ငွေဖလား စသော အသုံးအဆောင်တို့ အပ်နှင်း၏။ ဆင်ဖြူတော်မ ဖြစ်၍ "သီရိမလ္လာမဟာသုဘဒ္ဒါ"ဟူသော ပတ္တမြားစီဘွဲ့ တပ်တော်မူသည်။

**အီတာလျံ ကိုယ်တွေ့**

ထိုအချိန်က မြန်မာပြည်သို့ ခရစ်ယာန် သာသနာပြု ရောက်ရှိနေသော အီတာလျံ ဘုန်းတော်ကြီး **စန်ဂါမနို** (Sanagarmano)သည် အမြင့်မြို့နယ် နဘက်အရပ်ရှိ ဘရင်ဂျီ အုပ်စုကို စောင့်ရှောက်လျက် ရှိရာမှ လှိုင် ဆင်ဖြူတော်ကြိုဆိုပွဲကို သူကိုယ်တိုင် ရှုမြင်လိုက်ရ၏။ "မြန်မာ့အင်ပါယာအကြောင်း" စာအုပ်တွင် သူ၏မှတ်တမ်းမှာ စိတ်ဝင်စားဖွယ်ကောင်း၏။

"ဆင်ဖြူတော် မြင့်မြတ်ပုံကို မြန်မာတို့ အဘယ်မျှ အယူသီးစွာ လေးစားသည်မှာ အမရပူရ နေပြည်တော်တွင် ကျွန်တော် မျက်မြင် ဖြစ်ခဲ့ပါသည်။

"ဆင်ဖြူတော်ကို ဖမ်းမိပြီ ဆိုသည်နှင့် အနီရောင်ကြိုးများ ချည်နှောင်စေလျက် ဆင်အကြောင်း ကျွမ်းကျင်နားလည်သော မင်းမှုထမ်းများကို စေလွှတ် စောင့်ရှောက်စေသည်။ နေပြည်တော်၌ မင်းညီမင်းသားတို့နှင့် တန်းတူဖြစ်သော တန်ဆောင်းတော် (ဝါ)ဆင်တင်းကုပ်ကိုလည်း အမြန်ဆောက်လုပ်စေသည်။ ဆင်ဖြူတော်အား မှက်၊ ခြင်တို့ မကိုက်စေရန် ခြင်ထောင်ကြီးကိုလည်း အဆင်သင့် ရှိစေသည်။ သန့်ရှင်းရေး ဆောင်ရွက်ရန် မင်းမှုထမ်း များစွာကိုလည်း ပို့ထားသည်။

"ဆင်ဖြူတော် ကြွလာပြီဟူသော သတင်းကို ကြားသိရသည်နှင့် တစ်ပြိုင်နက် ကျားမ ပျိုအို လူကြီးလူငယ်များစွာတို့ ကြည့်ရှုပူဇော်ရန် စုပြုံလာကြလေသည်။ အနီးအပါး ရပ်ကွက်များ ဝင်လာကြ၏။ ကြည့်ရှုရုံနှင့် အားမရနိုင်ဘဲ ဆင်ဖြူတော်ရှေ့တွင် ဒူးတုပ် ဒူးထောက်လျက် လက်အုပ်ချီ၍ မြေကြီးပေါ်၌ ဦးချ ရှိခိုးကြလေသည်။ တစ်ကြိမ်၊ နှစ်ကြိမ်သာ မက ဆက်ကာ ဆက်ကာ ရှိခိုးကြသည်။ ထိုနောက် ဆင်ဖြူတော်ကို ပန်း၊ သစ်သီး၊ ထောပတ်၊ သကြားနှင့် ငွေဒင်္ဂါးများပင် လှူဒါန်း ပူဇော်ကြသည်။ မြင့်မြတ်သည့် ထိုသတ္တဝါကို တွေ့မြင် ပူဇော်ရသည့်အတွက် သူတို့၏ စိတ်ဘဝင်မှာလည်း ကြည်နူး ပျော်ရွှင် သွားကြလေသည်။

"ဆင်ဖြူတော်ကို ကရဝိက်ဖောင်ဖြင့် ခေါ်ဆောင်လာ၏။ ရွှေချည်ထိုး ပိုးကန့်လန့်ကာတို့ဖြင့် အဘက်ဘက်မှ ကာရံထား၏။ လှေအများ ခြံရံပါရှိသော ထိုဖောင်တော်ကြီးကို ရွှေလှေကြီး ၃ စီးက ရှေ့မှ ဆွဲငင် ဆန်တက်၏။ အချို့လှေများတွင် ကချေသည်များ၊ အချို့လှေတွင် ဆိုင်းဝိုင်းများ၊ အချို့တွင် စားသောက်ဖွယ်များ ပါရှိ၏။ ၎င်းတို့ကို စောင့်ရှောက်ရန် စစ်သား ၅၀၀ တို့က စက်လှေကြီးများနှင့် လိုက်ပါကြ၏။

"ဧရာဝတီမြစ်ရိုး တစ်လျှောက် ဆန်တက်ရာတွင် ဆိပ်ကမ်း အသီးသီး၌ ရပ်နားတိုင်း လူထုက ဆင်ဖြူတော် ဖူးမြော်ရန် လှူဖွယ်ဝတ္ထု အမျိုးမျိုးနှင့် လာရောက်ကြသည်။ မင်းတရားကြီး ကိုယ်တိုင် စစ်ကိုင်းမြို့သို့ အခမ်းအနားနှင့် ထွက်၍ ဆင်ဖြူတော်ကို ကြိုဆိုသည်။ မြို့တော်တွင် ၃ ရက်တိုင် ကြီးစွာ ပွဲသဘင်များ ခံစေသည်။

"ဆင်ဖြူတော်ကို စောင့်ရှောက်ရန် စစ်သည် ၁၀၀၊ အမှုထမ်း ၄၀၀ လည်း ခန့်အပ်လိုက်သည်။ နေ့စဉ် စန္ဒကူးနံ့သာဖြင့် ဆေးကြော သုတ်သင်ပေးရေး၊ အစာကျွေးရေး စသော တာဝန်များ ဆောင်ရွက်ရသည်။ ဆင်ဖြူတော်ကို မင်းညီ မင်းသားများ ပမာ မြို့စား ခန့်အပ်သည်။ ဆင်ဝန် တစ်ဦးက ဆင်ဖြူတော်ကို တာဝန်ခံ စောင့်ထိန်းရ၏။ ရွှေထီး ၂ လက် မိုးစေ၏။ ဆင်ဖြူတော် အိပ်ချိန်တွင် စောင်းငြင်း တူရိယာ တီးမှုတ်ကာ ကချေသည်တို့ ကပြ ဖျော်ဖြေရသည်။

"ဘုရင်နှင့်တကွ မိဖုရား၊ သားတော်၊ သမီးတော်တို့က ဆင်ဖြူတော်အတွက် အဖိုးတန်ပစ္စည်းများ လက်ဖွဲ့သည် သာမက မင်းမှုထမ်းတို့ကလည်း လက်ဆောင်ပစ္စည်းများ ပို့ဆက်၏။ အရာရှိတစ်ဦးက ၄၀၀ အောင်စရှိ ရွှေခွက်ကြီး



www.burmeseclassic.com

www.burmeseclassic.com


တစ်ခု ပေးလှူ၏။ ဆင်ဖြူတော်ကို လှူသော်လည်း နောက်ဆုံး၌ ဘုရင်၏ ဘဏ္ဍာတော် ဖြစ်မည် မလွဲချေ။"

[ **မှတ်ချက်။** ။ အီတာလျံ ဘုန်းကြီးက ဆင်ဖြူတော်၏ အသုံးအဆောင်၊ ရတနာပစ္စည်းများကို မြန်မာဘုရင်က လက်ဝါးကြီး အုပ်သည်ဟု စွပ်စွဲမှုမှာ ယုတ္တိ မရှိပါ။ လှူဖွယ်ပစ္စည်းတို့တွင် ရှင်ဘုရင်က အများဆုံး တာဝန်ယူ လှူဒါန်းလေ့သာ ရှိခဲ့သည်။ လက်ဖွဲ့စာရင်းကို ကြည့်ပါ။ ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲ ဖြစ်ပွားပြီးနောက် စစ်လျော်ကြေးငွေ ဆယ် ကုဋေ ပေးရန် ဆင်ဖြူတော်ပိုင် ပစ္စည်းများကို ထုခွဲဖြည့်စွက် ရကြောင်း မှတ်တမ်းရှိ၍ နယ်ချဲ့လက်သို့သာ အားလုံး ရောက်လေ့ရှိသည်မှာ ထင်ရှားနေ၏။ ]

ဆန်ဂါမနို၏ မှတ်တမ်း၌ ဆက်လက်ရေးသား ပါရှိသည်မှာ-

"မြန်မာတို့သည် ဆင်ဖြူတော်၌ ထူးခြားသော ကျက်သရေ မင်္ဂလာများ ရှိသည်။ ဆင်ဖြူတော် ရရှိခြင်းဖြင့် ထိုဆင်ဖြူတော်ကို ရသော မင်းတွင်လည်း ဘုန်းတန်ခိုး ကျက်သရေများ တိုးတက်လိမ့်မည် ဟူသော အယူအဆ ရှိကြသည်။ ထို့ကြောင့် ဆင်ဖြူ တစ်စီးတလေ ဖမ်းဆီး ရရှိသော မင်း၊ မင်းသားတို့သည် ဘုန်းတန်ခိုး တိုးမည်ဟု မျှော်လင့်လျက် အလွန် ပျော်ရွှင်ကြလေသည်။ ဆင်ဖြူကြောင့် တိုင်းပြည်သည်လည်း ဝပြော သာယာလိမ့်မည်၊ ဆင်းရဲနိုင်မည် မဟုတ်ဟု ယူဆကြလေသည်။

"ဆင်ဖြူတော်ကို ပိုင်ဆိုင်သောကြောင့် ဘိုးတော်ဘုရင်သည် အတိုင်းမသိ ပျော်လေသည်။ ဤဆင်ဖြူတော်ကို အမှီပြု၍ ဘိုးတော်သည် သူ့ကိုယ်သူ တန်ခိုးဖန်ဆင်းနိုင်သော နတ်ဘုံမှ နတ်သားလောက်နီးနီး ထင်နေပုံ ရလေသည်။ ယခု ဘိုးတော်သည် သူ၏ရန်သူများကို နှိမ်နင်းနိုင်မည်ဟု မျှော်လင့်ထား၏။ အနှစ် ၁၂၀ အသက်ရှည်လိမ့်မည်ဟု မျှော်လင့်ထား၏။ ထို့ကြောင့် ဗြာဟ္မဏ ပုဏ္ဏားတို့၏ အကြံပေးချက်အရ ပုထိုးတော်ကြီးတွင် ဆီမီးခွက် ၁၂၀ နှင့် အခြားပစ္စည်း ၁၂၀ စီတို့ကို လှူဒါန်းလေသည်။

"ဆင်ဖြူတော်သည် ပူဇော်လှူဒါန်းသူတို့၏ ထံမှ အသားများ၊ သစ်သီးများကို အစားလွန်ပြီး စားပိုးနင့်ကာ ၃ လ အတွင်း သေဆုံးခဲ့သောကြောင့် ဘုရင့်အဖို့ မည်မျှ လွမ်းဆွေး ခံစားရမည်ကိုကား မဖော်ပြနိုင်ပေ။ ဆင်ဖြူတော် ရုတ်တရက် သေဆုံးခြင်းကို သူ့အတွက် နိမိတ်ဆိုးဟု တွက်၍ စိတ်မကောင်း ဖြစ်လေသည်။ ဆင်ဖြူ ရစဉ်က ဂုဏ်ယူ မာန်တက်နေသော ဘိုးတော်သည် ယခုအခါ ရန်သူက အချိန်မရွေး လာရောက်တိုက်ခိုက် နန်းချသွားမည်ကို ကြောက်နေရတော့သည်။ သူ့အသက်ရှင်ရန် ရက်အနည်းငယ်သာ ကျန်တော့သည်ဟုလည်း တွေးပြီး စိတ်ပူနေလေသည်။

"ဆင်ဖြူတော် သေဆုံးသွားသောအခါ ဘုရင်သည် ဆင်ဖြူတော် သေပြီဟု မပြောကြရအောင် ကြီးလေးသော အပြစ်ဒဏ်နှင့် ပညတ်ထား၏။ ဆင်ဖြူတော် ပျောက်သွားသည်၊ ထွက်သွားသည် ဟူ၍သာ ပြောကြရလေသည်။ ဤဆင်သည် ဆင်မ ဖြစ်သောကြောင့် သူ့ကို မိဖုရားကြီးတို့အား သင်္ဂြိုဟ်သည့် နည်းအတိုင်း သင်္ဂြိုဟ်လေသည်။ ဆင်သေကောင်ကို စန္ဒကူး၊ နံ့သာနီ စသော ထင်းတုံးများပေါ် တင်၍ ဆင်သေပေါ်မှလည်း အလားတူ အမွှေးနံ့သာ ထင်းတုံးများ တင်ကာ ထင်းပုံ၏ လေးဖက်လေးထောင့်တွင် ရွှေချထားသော ဖားဖိုလေးခု ထားရှိလေသည်။ အချိန်တိုင်သော် မီးရှို့ကာ "ဖားဖို"မှ လေထိုးပြီး မီးသင်္ဂြိုဟ်လေသည်။ သင်္ဂြိုဟ်၍ သုံးရက်လွန်မြောက်သော် မှူးကြီးမတ်ကြီးများသည် ထိုဆင်သေ သင်္ဂြိုဟ်သော နေရာသို့ လာရောက်၍ ပြာနှင့် အရိုးများ ကောက်ကာ ရွှေချ၍ အဖုံးကို လုံအောင်ဖုံးထားသော အရိုးအိုးတွင် ထည့်ပြီး ဘုရင့်သချိုင်းတော်တွင် သွားရောက် မြှုပ်နှံလိုက်လေသည်။ ထို့နောက် အုတ်ဂူတည်ဆောက်ကာ ရွှေချသည်။ ဆင်ဖြူသည် အထီး ဖြစ်ခဲ့သော် မင်းဧကရာဇ်တို့ သင်္ဂြိုဟ်မြှုပ်နှံသည့် နည်းအတိုင်း မြှုပ်နှံလေသည်။

"ဆင်ဖြူတော် သေဆုံးသောကြောင့် 'ဗဒုံသခင်' ၏ စိုးရိမ်ထိတ်လန့်စွာ နေရမှုသည် ရက် တာမရှည်ခဲ့ပါ။ မကြာမီ ကာလအနည်းငယ်အတွင်း ပဲခူးတောနယ် နိဗ္ဗာန်ရွာ၌ ဆင်ဖြူတော် ထပ်တွေ့ရလေသည်။ ချက်ချင်းပင် ဆင်ဖြူကိုဖမ်းရန် အမိန့်ထုတ်လိုက်၏။ ထိုဆင်ဖြူသည် ၁၈၀၆ ခု အောက်တိုဘာလ ၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ဆိုက်ရောက်လာလေသည်။ ထိုနေ့သည် ကျွန်ုပ် ဥရောပသို့ ပြန်ရန် ရန်ကုန်မှ သင်္ဘော စ ထွက်သည့်နေ့ ဖြစ်လေသည်။ ထိုဆင်ဖြူတော်ကို ဆင်ထီးဟု အများက ပြောဆို ယူဆသောကြောင့် ယခု ဆင်ဖြူကို ယခင် ဆင်ဖြူမထက် ဂရု ပိုမို စိုက်၍ ပူဇော် မြတ်နိုးကြဦးမည် ဖြစ်ပေသည်" ရေးသား ဖော်ပြ၏။


www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့ အစွဲ

ဘိုးတော်ဘုရား၌ ဆင်ဖြူ ၉ စီး ရှိခဲ့ခြင်းကြောင့် မြန်မာရာဇဝင်တွင် "ဆင်ဖြူ အများဆုံးရှင်"ဟု ခေါ်ထိုက်ပေသည်။ သူကိုယ်တိုင်ပင် ပထမဆင်ဖြူ ရရှိချိန်က "ဆင်ဖြူရှင်" ဟူသော ဘွဲ့ကို ယူခဲ့ပြီး၊ ၁၁၄၆ ခုတွင် နောက်တစ်စီးရရှိသောအခါ "ဆင်ဖြူများရှင်"ဟု တိုးတက် ဂုဏ်ယူခဲ့သည်။ ထို့နောက် ဆင်ဖြူစာရင်း ပိုမိုတိုးပွားလာသောအခါ သူ့ကိုယ်သူ ဘယ်လို ခေါ်ရမှန်းမသိ ဖြစ်ခဲ့ဟန် တူ၏။

မြန်မာ့သမိုင်းတွင် "ဆင်ဖြူအနည်းဆုံးရှင်"ကား ပင်းယမြို့ကို ထူထောင်သူ တစ်စီးရှင်သီဟသူ ဖြစ်၏။ ထိုဆင်ဖြူတစ်စီးမှာလည်း အရှင် မဟုတ်ဘဲ အသေဖြစ်၏။ "စမုန်မြစ်တွင် ဆင်ဖြူမတစ်စီး သေ၍ မျောလာသည်ကို သီဟသူ ကြားသိသော် ဆယ်ယူ၍ ရတနာက တင်ပြီး စီးတော်မူကာ 'တစ်စီးရှင်'ဘွဲ့ ခံတော်မူသည်"ဟု ဦးကုလားရာဇဝင်၌ ပါရှိ၏။ ဆင်ဖြူဆိုလျှင် အရှင်ရရ အသေရရ မြန်မာဘုရင်တို့ မက်မောသည်မှာ မှတ်ဖွယ် ကောင်း၏။ ပဒေသရာဇ်လောက၌ ဆင်ဖြူမဲ့ ဘုရင်သည် အရာဝင်ဟန်မတူချေ။

ဘုရင့်နောင်မင်း ကိုယ်တိုင်ပင် နန်းတက်စ၌ ဆင်ဖြူတော် မရှိသဖြင့် ဆင် ၆ စီးရှင် ယိုးဒယားဘုရင်ထံမှ တချို့တစ်ဝက် မျှတပေးကမ်းရန် မေတ္တာရပ်ခံခဲ့သည်။ ယိုးဒယားမင်းက 'ဆင်ဖြူတော်ဆိုတာ သက်ဆိုင်ရာဘုရင်ရဲ့ ဘုန်းကံအလျောက် ပေါ်ပေါက်ခြင်းမို့ လွှဲပြောင်းပေးကမ်းရန် မဖြစ်နိုင်' ဟု ပြန်ကြားခဲ့သည်။

ယိုးဒယားနှင့်တကွ မြန်မာပြည်၊ လာဝပြည်၊ ကမ္ဘောဒီးယားပြည်တို့မှာ ထေရဝါဒနိုင်ငံများ ဖြစ်၍ ဆင်ဖြူတော် ခွဲလမ်းမှုကို ဗုဒ္ဓဝင်မှ အတုယူခဲ့ခြင်း ဖြစ်ပေသည်။ မယ်တော်မာယာသည် ဘုရားလောင်းကို ပဋိသန္ဓေ ရအံ့သောအခါ ကောင်းကင်မှ ဆင်ဖြူငယ်တစ်စီးသည် သပြေခက်ဖြင့် သက်ဆင်းလာကာ မိမိ၏ ရင်တွင်း၌ ကိန်းဝပ်သည်ဟု အိပ်မက်မြင်တော်မူ၏။ ထို့ကြောင့် ဆင်ဖြူတော် ဟူသည် ဘုရားလောင်းပင် ဖြစ်သည်ဟု ဗုဒ္ဓဘာသာဝင်တို့ ယူဆလာခဲ့ကြသည်။ အိန္ဒိယ၌ ထိုအစွဲ မကျန်ခဲ့သည်မှာ ဟိန္ဒူနှင့် မွတ်ဆလင်တို့ ကြီးစိုးလာသောကြောင့် ဖြစ်သည်။

ယခုခေတ်၌ အနောက်နိုင်ငံသား အချို့က လည်းကောင်း၊ ရုပ်ဝါဒရှင်များက လည်းကောင်း မြန်မာတို့ ဆင်ဖြူတော် အစွဲကို ပြက်ရယ်ပြုသည်မှာ ရယ်ဖွယ်ဖြစ်၏။ သူတို့နိုင်ငံများ၌လည်း တိရစ္ဆာန်များကို အထိမ်းအမှတ် ပြုကာ ဆလံပေးနေကြသည် မဟုတ်လော။ အမေရိကန်၌ လင်းယုန်ကို ဦးထိပ်ထား၏။ ရုရှားနှင့် ဂျာမနီပြည်တို့တွင် ဝက်ဝံကြီးစိုး၏။ အင်္ဂလိပ် အမှတ်တံဆိပ်၌ မာန်ကြွနေသော ခြင်္သေ့ (Lion Rampant)က ဖိုလ်ဖြစ်၏။ အိန္ဒိယပြည်၌ နွားကို လေးစားရ၏။ ဩစတြေးလျ၌ ကန်ဂရူး ခေါ် သားပိုက်ကောင် အဓိပတိဖြစ်၏။ ဤနိုင်ငံအသီးသီး မိမိတို့ ကြိုက်နှစ်သက်ရာ တိရစ္ဆာန်များကို အလေးပြုနေကြပါလျက် အာရထေရဝါဒ နိုင်ငံတို့၌ ဆင်ဖြူတော် မြတ်နိုးမှုကို အဘယ်ကြောင့် သရော်ရမည်နည်း။

ဆင်ဖြူသုံးစီးပုံ ပါရှိသော လာဝပြည်၏ အလံတော်သည် ကောင်း၏။ ဆင်ဖြူတော်သည် သန့်စင်ခြင်း အဓိပ္ပာယ်ကို ဆောင်၏။ ဆင်ဖြူတော်နှင့် ပတ်သက်သော အိပ်မက်တို့မှာ မယ်တော်မာယာခေတ်မှ စ၍ ယခုတိုင် မင်္ဂလာရှိသော အတိတ်နိမိတ်များသာ ဖြစ်နေ၏။ ဆင်လောက၌ အမြင့်ဆုံးသော ဆင်ဖြူတော်သည် ဘုရားလောင်း ဖြစ်ခြင်းကြောင့်လည်း အခြား တိရစ္ဆာန်များကဲ့သို့ မရိုင်းစိုင်းပါချေ။ မြန်မာဘုရင်တို့က ဆင်ဖြူတော်ကို အထူးတလည် မြှောက်စားခြင်းမှာ ရှေးဘုရင် အာသောကနှင့် ဒုဋ္ဌဂါမဏိတို့၏ အစဉ်အလာကို မပျက်မကွက် စောင့်ရှောက်ထိန်းသိမ်းခြင်းသာ ဖြစ်၏။

## နီဗွာန်မှ ဆင်ဖြူ

ပဲခူးနယ် နီဗွာန်ရွာမှ ဆင်ဖြူတော်မှာ ဆင်ထီးဖြစ်သည့်အတိုင်း ဘိုးတော်မင်းတရားက ပိုမို ဂရုစိုက်ကာ သူကိုယ်တော်တိုင် ပုဂံမြို့အထိ လာရောက် ကြိုဆိုသည်မှာ အခမ်းနားဆုံးဟု ဆိုထိုက်ပေသည်။ သူ၏လက်ထက်တွင် ပေါ်ပေါက်သော ဆင်ဖြူတော် ၉ ပါးတို့အနက် နီဗွာန်ဆင်ဖြူတော်မှာ အကြီးကျယ်ဆုံးသော ပူဇော်သက္ကာရပြုခြင်း ခံယူခဲ့ရပေသည်။

နီဗွာန်ရွာ အရှေ့ဘက်တွင် ကွင်းသာယာအရပ်၌ ထိုဆင်ဖြူတော်အား ဆင်ပေါင်း ၁၀၀၀ ခန့် ခြံရံနေသည်ကို ကြုံတွေ့ရ၏။ ဆင်ဦးစီး ၃၀ နှင့် ခြေလျင်ပေါ ၃၀၀၀ ကျော် ဝိုင်းဝန်းသည်တွင် အရံဆင်များ ခွာသွားကြပြီး ဆဒ္ဒန်ဆင်ဖြူတော်ကို အသာအယာ ဝိုင်းရံမိလေသည်။ ဟံသာ



www.burmeseclassic.com

www.burmeseclassic.com



ဝတီ မြို့ဝန်က ထိုသတင်းကောင်းကို နေပြည်တော်သို့ လျှောက်တင်ရာ ဆင်ဖြူတော်ကို ရေဝန်က စောင့်ရှောက် ပို့ဆက်ရန် အမိန့်တော်ရှိ၏။

မင်းတရားကြီးက ပုဂံမြို့သို့ ကြွရောက် ကြိုဆိုရာတွင် ထိုမြို့မှ မင်းကွန်း စံနန်းတော်အထိ မိုင် ၁၀၀ ကျော် ရေဝတီကမ်း ဝဲ–ယာတွင် ရာဇမတ်ကာလျက် သစ်ပင်များ စိုက်ထူကြရ၏။ ပွဲသဘင် အစုံနှင့် တစ်မြို့ပြီး တစ်မြို့၊ တစ်ရွာပြီး တစ်ရွာ အဆက်မပြတ် သာယာစည်ကား ရှိစေသည်။ ဆင်ဖြူတော် ရပ်နားရာ စခန်းတို့၌ ယာယီ မဏ္ဍပ် မဟုတ်မူဘဲ၊ ရွှေအတိ ပြီးသော တန်ဆောင်းပြာသာဒ်များ ဆောက်လုပ်ရသည်။ ၁၁၆၈ ခု တန်ဆောင်မုန်းလတွင် ပုဂံမြို့မှ ဆန်တက်တော်မူရာ မင်း မိဖုရားတို့က ပြည်ကြီးမွန် ဖောင်တော်နှင့် လိုက်ပါတော်မူသည်။ စစ်ကိုင်းမြို့တွင် ၃ ရက်၊ အမရပူရမြို့တွင် ၅ ရက် ရပ်နားတော်မူပြီးနောက် မင်းကွန်းနန်းတော်သို့ ရောက်၏။

ဆင်ဖြူတော် သိမ်းပွဲတွင် ဆရာတော် သံဃာတော်များပါ ပင့်ဖိတ်လျက် ပညာရှိ သုခမိန်များကို ကျမ်းဂန်စာပေတို့နှင့် ကိုက်ညီသော သြဘာစာတမ်း ဆက်သစေသည်ကား–

"ယခု ဘုန်းတော် သမ္ဘာတော်ကြောင့် ရအပ်သော ဆင်ဖြူရတနာသည် ဘုရားအလောင်း ဝေဿန္တရာမင်းကြီး ဖွားမြင်တော်မူသောနေ့၌ ဆဒ္ဒန်အမျိုးဖြစ်သော ဆင်ဖြူရတနာကို ဆင်တင်းကုပ်တွင် အမိဆင်မကြီးက ထားလာသကဲ့သို့ လည်းကောင်း။

"ဒုဋ္ဌဂါမဏိမင်းကြီးလက်ထက် ဆဒ္ဒန်မျိုး ဆင်ဖြူတော်ကို မြို့ရွာအနီး ကုဏ္ဍလ မြစ်နား၌ အမိ ဆင်မ လာထားသကဲ့သို့ လည်းကောင်း။

"ယခုလည်း ဘုန်းသမ္ဘာတော်ကြောင့် ကိုယ်အလုံးဖြူစင်နူးညံ့စွာသော ဆဒ္ဒန်အစစ်ဖြစ်သော ဆင်ဖြူတော်ကို နိဗ္ဗာန်ရွာအနီး၌ နတ်တို့ဖန်ဆောင်၍ အမိဆင်မ ထားလာရသည့် အရာ ဖြစ်ပါသည်။

"ဆဒ္ဒန်ဆင်ဖြူရတနာကို သိမ်းတော်မူရမည်မှာ မဟာ သုဒဿန စကြာဝတေးမင်းနှင့် ဗာရာဏသီ ပြဟ္မဒတ်မင်း၊ ဝေဿန္တရာမင်း၊ ဒုဋ္ဌဂါမဏိမင်းတို့ ဆင်ဖြူသိမ်းခန်း ကျမ်းဂန် ဇာတ် နိပါတ် အဆက် ရှိတော်မူသည့် အတိုင်း ဆင်ဖြူတော်ထားရန် ရွှေပြာသာဒ်နှင့် အထူးထူးသော အဆောင်အယောင်များ စီရင်ခြင်း၊ ဆင်တော်ကို အဖိုးတန် တန်ဆာတို့ ဆင်ယင်စေခြင်း၊ ဆင်တော် အစောင့်အရှောက်

**ဆင်ဖြူတော် လက်ဖွဲ့ ပစ္စည်းစာရင်း**

| လက်ဖွဲ့သူ | ပစ္စည်းအမျိုးအစား | ရွှေသား | ကျောက်မြတ် | တန်ဖိုး |
|---|---|---|---|---|
| ဘိုးတော် မင်းတရား ကြီး | ၁။ ရတနာကွမ်းခွက် ခြသေ့်ခံ | ၁၂၅၀ ကျပ်သား | ရတနာ ၉ ပါး | ၂၁၉၅၀ ကျပ် |
| | ၂။ နဂါးခံ | ၁၃၆၀ ကျပ်သား | ရတနာ ၉ ပါး | ၂၂၈၂၈ ကျပ် |
| | ၃။ မင်းခမ်းတော် ကွမ်းခွက် | ၆၀၀ ကျပ်သား | ပတ္တမြား ၅ ရစ် | ၁၅၃၆ ကျပ် |
| | ၄။ ကျောက်ရုပ် ရွှေတံခွန် | ၄၇၀ ကျပ်သား | – | ၈၅၈၀ ကျပ် |
| | ၅။ ဆင်ရုပ် ရွှေတံခွန် | ၄၅၀ ကျပ်သား | – | ၈၇၀၀ ကျပ် |
| | ၆။ ဘီလူးရုပ် | ၄၇၅ ကျပ်သား | – | ၈၇၀၀ ကျပ် |
| | ၇။ ဥဒေါင်းရုပ် | မိုးကြိုး ၄၇၅ | ပတ္တမြား ၅ ရစ် | ၄၇၅၀ ကျပ် |
| | ၈။ ဂဠုန်ရုပ် | ငွေ ၄၇၅ | ပတ္တမြား ၅ ရစ် | ၄၇၅ ကျပ် |
| | ၉။ ဦးကင်းတော်ဖုံး | ၁၃၄၉ ကျပ်သား | နဝရတ် ၁၂၆၇၃ | ၂၃၆၂၀၉ ကျပ် |
| | ၁၀။ မျက်နှာတော်တန်ဆာ | ၄၅၇ ကျပ်သား | နဝရတ် ၁၆၇၇ | ၁၂၂၁၉၅ ကျပ် |
| | ၁၁။ စွယ်တော်ခွေ အရန်စုံ | ၁၁၀ ကျပ်သား | ပတ္တမြားစိန်မြ | ၁၇၇၃၅ ကျပ် |
| | ၁၂။ နားဆွဲကတော့ | ၇၁၈ ကျပ်သား | ပတ္တမြား ၅၉၆ | ၈၂၃၂[illegible] ကျပ် |
| | ၁၃။ လည်ဆွဲတော် | ၃၈၀ ကျပ်သား | ရတနာ ၉ ပါး | [illegible]၃၈၀ ကျပ် |



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| | ၁၄။ ရွှေခြူ ၁၄ လုံး | ၇၃၀ ကျပ်သား | – | ၁၃၅၆၀ ကျပ် |
| | ၁၅။ ရွှေဖြူကြီးတစ်စုံ | ၁၄၇ ကျပ်သား | – | ၂၇၁၀ ကျပ် |
| | ၁၆။ လက်ကောက်အရန်စုံ | ၉၂၉ ကျပ်သား | စိန်မြ ၂၂၀ လုံး | ၅၂၆၈၉ ကျပ် |
| | ၁၇။ နဂါးရုပ်ခြေချင်း | ၆၉၀ ကျပ်သား | စိန်မြ ၈၅၈ လုံး | ၁၃၃၈၃၀ ကျပ် |
| | ၁၈။ ရွှေဖလား | ၄၉ ကျပ်သား | ပတ္တမြား ၅၆ လုံး | ၉၄၄ ကျပ် |
| | ၁၉။ ရွှေဖလား | ၁၂၀ ကျပ်သား | ပတ္တမြား ၁၆၀ လုံး | ၂၃၄၀ ကျပ် |
| | ၂၀။ ရွှေဖလား ၁၂ ရာသီ | ၄၉၅ ကျပ်သား | – | ၉၁၅၀ ကျပ် |
| | ၂၁။ သင်ချောရွှေဖလား | ၆၇ ကျပ်သား | – | ၁၂၃၅ ကျပ် |
| | ၂၂။ ရွှေသန္တေးတော်ကြီး | ၄၀၀ ကျပ်သား | ပတ္တမြား ၅၀၀ လုံး | ၇၉၈၅ ကျပ် |
| | ၂၃။ ရွှေသန္တေးတော်ကြီး (လတ်) | ၂၀၀ ကျပ်သား | – | ၄၀၀၀ ကျပ် |
| | ၂၄။ ရွှေသန္တေးတော်ကြီး (ငယ်) | ၁၂၀ ကျပ်သား. | – | ၂၂၄၀ ကျပ် |
| | ၂၅။ ရွှေအင်တုံ | ၁၅၀၀ ကျပ်သား | ကျောက်မျက် | ၃၁၅၁၀ ကျပ် |
| | ၂၆။ ရွှေအိုးပျစ်ဖုံး အစုံ | ၉၁၀ ကျပ်သား | – | ၈၈၀၀ ကျပ် |
| | ၂၇။ ရွှေလင်ပန်း | ၃၄၄ ကျပ်သား | – | ၆၃၅၉ ကျပ် |
| | ၂၈။ ရွှေအုပ်ဆောင်း | ၄၃၈ ကျပ်သား | | ၉၄၀၀ ကျပ် |
| | ၂၉။ ငွေသုံးချောင်းထောက် | ငွေ ၃၂၀ | | ၃၂၀ ကျပ် |
| | ၃၀။ ရွှေကျည်တော်အစုံ | ၈၃၅ | | ၁၄၇၈၂ ကျပ် |
| | ၃၁။ ငွေကျည်တော် | ငွေ ၂၀၄၀ | ပတ္တမြား ၁၄၅၀ | ၁၄၇၈၁ ကျပ် |
| | ၃၂။ လက်ခတ်တော် | ၂၄၀ ငွေ | | ၂၄၀ ကျပ် |
| | ၃၃။ နဂါးချွန်းရိုးတော်စုံ | ၅၂၀ ကျပ် | ပတ္တမြား ၄ ရစ် | ၉၅၈၀ ကျပ် |
| | ၃၄။ ရတနာချွန်းတော် | ၄၅ ကျပ် | ပတ္တမြား ၆၀ လုံး | ၈၉၃ ကျပ် |
| | ၃၅။ ရတနာချွန်းတော် | | ပုလဲစီခြယ် | ၅၀၀၀၀ ကျပ် |
| | ၃၆။ ထည်မျိုးအုပ်မျိုး ၇၀၀ | ရွှေစင် ၈ သိန်း | | |
| | ၃၇။ စလင်းမြို့နှင့်အရံကျေးလက် ၇၀ | | | |
| | ၃၈။ ပျော်ဘွယ်ရွာတွင် လက်နက်စွဲ သူရဲ ၅၀၀ | | | |
| မိဖုရား ခေါင်ကြီး | ၁။ ရွှေလက်ကောက်တစ်ရန် | ၁၀၀၀ ကျပ် | ရတနာ ၉ ပါး | ၅၀၀၀၀ ကျပ် |
| | ၂။ ထည်မျိုးအုပ်မျိုး ၃၂၅ | ၅၀၀၀ ကျပ် | | |
| သားတော် အိမ်ရှေ့မင်း (ရွှေတောင် မြို့စား) | ၁။ ရွှေဖလား | ၂၅၀ ကျပ် | ပတ္တမြားစီခြယ် | ၄၃၉၀ ကျပ် |
| | ၂။ ရွှေဖလား | ၂၀၀ ကျပ် | ပတ္တမြားစီခြယ် | ၃၅၁၂ ကျပ် |
| | ၃။ လည်ဆွဲတော် | ၂၁၆ ကျပ် | ၄၅၀ လုံး | ၃၇၇၅ ကျပ် |
| | ၄။ ရွှေလင်ပန်း | ၅၀၀ ကျပ် | | ၁၀၀၀၀ ကျပ် |
| | ၅။ ရွှေသန္တေး | ၂၀၀ ကျပ် | | ၁၀၀၀ ကျပ် |
| | ၆။ ထည်မျိုးအုပ်မျိုး ၅၀၀ | | | |



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| မြေးတော် | ၁။ ထီးဖြူတော် | ရွှေ ၁၅၂ နှင့် | စိန်ကျောက် ၂၁၄ | ၄၃၉၅ ကျပ် |
| စစ်ကိုင်းမင်း | | ငွေ ၅၀၀ | | |
| | ၂။ ယပ်မားတော် | ၁၀၄၄ ကျပ် | | ၂၈၈၈ ကျပ် |
| | ၃။ ရတနာ သားမြီး | ၁၀၂ ကျပ် | | ၂၀၉ ကျပ် |
| | ၄။ နားဆွဲကတော့ | ရွှေ ၅၈၀၂ ကျပ် | န၀ရတ် ၃ | |
| | | ငွေ ၄၈၂၀ ကျပ် | ပတ္တမြား ၆၀၆၀ | ၂၁၃၄၅၀ ကျပ် |
| | ၅။ ချွန်းတောင်းတော် | ၁၃၉ ကျပ် | ပတ္တမြား ၇၉ | |
| | ၆။ ၁၂ ရာသီ ရွှေဖလား | ၅၀၀ ကျပ်သား | | ၄၄၃၂၂ ကျပ် |
| | ၇။ ၁၂ ရာသီ ရွှေဖလား | ငွေ ၅၀၀ ကျပ်သား | | ၁၅၀၀ ကျပ် |
| | ၈။ ရွှေဇာတင်းတိမ် ၂ | | | ၇၅၀ ကျပ် |
| | ၉။ ကတ္တီပါတင်းတိမ် ၂ | | | ၁၆၂၅ ကျပ် |
| | ၁၀။ ထည်မျိုးအုပ် ၁၀၀ | | | ၂၃၅၀ ကျပ် |
| သမီးတော် | ၁။ ရွှေဖလား | ၁၇၀ ကျပ်သား | ပတ္တမြား ၂၀၀ | ၂၁၆၀ ကျပ် |
| ဟသ်ာတ | ၂။ ရွှေမြူ ၇ လုံး | ၃၀၅ ကျပ်သား | | ၆၁၁၀ ကျပ် |
| မြို့စား | ၃။ ရွှေကလပ် | ၁၂၅ ကျပ်သား | | ၁၂၅၀ ကျပ် |
| | ၄။ ရွှေကတိပြား | ၂၀ ကျပ်သား | | ၄၅၅ ကျပ် |
| | ၅။ ရွှေအုပ်ဆောင်း | | | |
| | ၆။ ထည်မျိုးအုပ်မျိုး ၁၀၀ | | | |
| သားတော် | ၁။ ရွှေဖလား | ၂၅၀ | ပတ္တမြား ၃ ရစ် | ၄၃၉၀ ကျပ် |
| ပြည်မင်း | ၂။ ရွှေလင်ပန်း | ၂၅၀ | ပတ္တမြား ၃ ရစ် | ၅၀၀၀ ကျပ် |
| | ၃။ နားဆွဲတော် အရန်စုံ | ၁၉၈ | ပတ္တမြားစီ | ၃၅၁၂ ကျပ် |
| | ၄။ ထည်မျိုးအုပ် ၂၈ | | | |
| | ၅။ ထည်မျိုးအုပ်မျိုး ၁၀၀ | ၁၀၀၀ ကျပ် | ပတ္တမြားစီ | |
| ပုသိမ်မင်း | ၁။ ရွှေဖလား | ၅၀၀ ကျပ် | | ၈၇၈၀ ကျပ် |
| သားတော် | ၂။ ရွှေစွယ်ခွေ အစုံ | ၅၆ | | ၉၉၆ ကျပ် |
| တောင်ငူမင်း | ၃။ ထည်မျိုးအုပ်မျိုး ၅၂ | ၅၀၀ | ပတ္တမြား ၂၀၀၀ | |
| သားတော် | ၁။ ရွှေဖလား | ၁၀၀ | ပတ္တမြားတစ်ရစ် | ၁၇၅၆ ကျပ် |
| ပုဂံမင်း | ၂။ ငွေအင်တုံ | ၆၁၉၀ ကျပ် | ပတ္တမြားတစ်ရစ် | ၆၁၉၁ ကျပ် |
| | ၃။ ထည်မျိုးအုပ်မျိုး | ၄၀၀ | ပတ္တမြားတစ်ရစ် | |
| သားတော် | ၁။ ထည်မျိုးအုပ် ၅၆ | ၅ ကျပ် | ပတ္တမြား ၁၇၂၀ | |
| ပခန်းမင်း | | | | |
| မိုးမိတ်မင်းသား | ၁။ ထည်မျိုးအုပ် ၄၀ | ၅၀၀ ကျပ် | | |



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| **သီပေါမင်းသား** | ၁။ ရွှေဖလား<br>၂။ ထည်မျိုးအုပ်မျိုး ၇၀ | ၁၀၀ ကျပ်<br>၁၅၀ ကျပ် | နဝရတ် ပတ္တမြား | ၂၅၀၀ ကျပ် |
| **သံလျင်မင်းသား** | ၁။ ရွှေဖလား<br>၂။ ထည်မျိုးအုပ်မျိုး ၁၀ | ၇၀၀ ကျပ် | | ၅၀၀၀ ကျပ် |
| **ကနောင်<br>မင်းသား** | ၁။ ရွှေဖလား<br>၂။ ထည်မျိုးအုပ်မျိုး ၅၀ | ၂၅၀ ကျပ် | | ၅၀၀၀ ကျပ် |
| **မက္ကရာမင်းသား** | ၁။ ရွှေဖလား<br>၂။ ထည်မျိုးအုပ်မျိုး ၁၀ | ၅၀၀ | | ၁၀၀၀၀ ကျပ် |
| **မင်းတုန်း<br>မင်းသား** | ၁။ ရွှေဖလား<br>၂။ ထည်မျိုးအုပ်မျိုး ၁၀ | ၂၅၀ | | ၅၀၀၀၀ ကျပ် |
| **လှိုင်မင်းသား** | ၁။ ရွှေဖလား<br>၂။ ထည်မျိုးအုပ်မျိုး ၁၀ | ၂၅၀ | | ၅၀၀၀၀ ကျပ် |

တို့ စီရင်ခြင်း၊ ဆင်တော် ဘိသိက်သွန်းခြင်း၊ ဘွဲ့တံဆိပ် တပ်ဆင်ခြင်း စသော ၁၀ ပါးသော အစီအရင်တို့နှင့် သိမ်းတော်မူပါလော့” ဟု တညီတညွတ် တင်လျှောက်ကြ၏။

ထို့ပြင် မင်းသား မင်းမြေး၊ ဆွေတော်မျိုးတော်၊ စော်ဘွားကြီး၊ မြို့စား၊ မြို့ဝန်၊ စစ်ကဲ၊ မှူးတော် မတ်တော်၊ သူဌေးသူကြွယ်၊ စုရေးစုကိုင်၊ သင်းမှူး၊ မြင်းစီးမြင်းခေါင်း၊ အဝန်း သွေးသောက်ကြီး၊ မြို့ရွာသူကြီး၊ မြေတိုင်၊ ကလန် သံပျင်၊ စချီ စမာ၊ ဆိပ်စား တည်စားတို့က အသီးသီး ရွှေဖလား၊ ငွေဖလား၊ ရွှေသား၊ ငွေသား ထည်မျိုးအုပ်မျိုး အထိုက်အလိုက် များစွာ မရေမတွက်နိုင်ဘဲ လက်ဖွဲ့ကြသည်။

ဆဒ္ဒန် ဆင်ဖြူတော်ကို စတင်မြင်တွေ့သူ (၁) ငပန်းဦးကို ဗျတ္တာသိရိဘွဲ့၊ (၂) ငတော်ကို ဗျတ္တာသူရိန်ဘွဲ့နှင့် ရွှေစင် ၅၀၀၊ ရွှေဖလား ၅၀၀၊ ငွေဖလား ၅၀၀၊ ပိတ်အုပ် ၅၀၀၊ ဆာပါအုပ် ၅၀၀၊ မိုးကျစ်စု ပုဆိုး ၅၀၀ ဆုပေးတော်မူသည်။

ထိုအခါ အရပ်ရပ် တိုင်းပြည် မြို့ရွာများက ဆင်မင်းကို အဖူးအမြော် ကြည်းကြောင်း၊ ရေကြောင်း လာရောက်ကြသည်ကား ကြည်း၊ ရေ ညိတ်ညိတ်မွှမ်းလျက် ရှိသတည်း။ ဆင်မင်းကို အဖူးအမြော် လာရောက်ကြသည့် ယောကျာ်း- မိန်းမ သက်ကြီး ရွယ်ရင့်တို့ကိုလည်း ဘုရင်က ရွှေ ငွေ ဝတ်စားစုံ အထိုက်အလိုက် ပေးတော်မူ၏။

**[ကုန်းဘောင်ဆက် ရာဇဝင် မှ]**

## ဆင်ဖြူ ရေချပွဲ

ဆင်ဖြူတော်ကို သကြန်ခေါ်ရန် (ဝါ) ရေချရန် အခမ်းအနား လည်း သီးခြား ဆောက်လုပ်ရသည်။ ဘုံသုံးဆင့် ရှိသော တန်ဆောင်း ၇ ဆောင် ဆောက်ရာတွင် (၁) ဂြိုဟ် နတ်များ၊ (၂)သမ္မာဒေဝ နတ်များ၊ (၃)ဟုံးနတ်၊ (၄)ပရိတ် တရားနာရန် စသည်တို့အတွက် ဖြစ်၏။ ၎င်းပြင် စကြောတဲ ကနား ၅ ဆောင်တို့မှာ ဧည့်သည်တော်နှင့် အကအခုန် တီးဝိုင်းများအတွက် ဖြစ်၏။ အရံ ဆင်တော်များ နေရန်လည်း တဲကနား ၄ ဆောင် ရှိရ၏။ ထိုပြာသာဒ်တဲနန်းများကို ဝင်း လေးမျက်နှာ ကာရံရ၏။ တံခွန် ကုက္ကား ပန်းဆိုင်း အမွေးအကြိုင်တို့ တန်ဆာဆင်ယင်ရသည်။

ရာဇဘိသေကပွဲတွင် ပြုသည့်အသွင် ဂင်္ဂါရေ၊ နဝ တတ် အိုင်ရေ၊ အုတ်သစ်ခွ ရေတော်များနှင့် တကွ ဂင်္ဂါမြေ၊ မြစ်လယ်မြေ၊ ဝက်စွယ်၌ ပါသောမြေ၊ နပုန်းအိမ်အောက် မြေ၊ လမ်းလေးခွမြေ၊ ဘုရားမြေ၊ နတ်စင်မြေ၊ ထွန်သွား၌

www.burmeseclassic.com



ပါသော မြေ စသည်တို့ကိုလည်း ဆင်မင်းတန်ဆောင်းတွင်း ဖြန့်ကြရသည်။

သကြ်န်ခေါ်ရန် တရော် ၇ မျိုး၊ ကင်ပွန်း ၅ မျိုး၊ ဂမုန်းပေါင်း၊ ပန်းပေါင်း၊ နံ့သာဖြူ အကျော်၊ စံပယ်၊ ကရမက်၊ ကြာမျိုးငါးပါး ဝတ်ဆံများကို သကြ်န်တန်ဆောင်း၌ အသင့် ထားရသည်။

သကြ်န်အဖိတ်နေ့တွင် အသီတိ ရဟန္တာရုပ်တု ၈ ပါး၊ အရိယာ သံဃာတော် ၈ပါးကို ပင့်၍ ပရိတ်တော်၊ တန်ဆောင်းတွင်း ဂုဏ်တော်များ ရွတ်ဖတ် သရဇ္ဈာယ်ရသည်။ ဆင်ဖြူတော်ကို ပြုစုသူများအားလုံး ပါဝင် ပရိတ်နာကြရသည်။ ထိုအချိန်မှစ၍ သကြ်န်တော် ခြံဝင်းကို စစ်သည်တော် ၉ တပ် ခင်းကျင်း စောင့်ရှောက်စေသည်။

ဆဒ္ဒန်ဆင်ဖြူတော် ရေဆိပ်သို့ ဆင်းချိန်တွင် ထီးဖြူတော် ၄ စင်း မိုးလျက်၊ မင်းခမ်းတော် အစုံနှင့် အိမ်ရှေ့မင်းက ဦးဆောင် လိုက်ပါရသည်။ တန်ဆောင်းသို့ ရောက်လျှင် မြောက်အရပ်သို့ မျက်နှာမူလျက် အခါတော် လင့်ရသည်။ ပုဏ္ဏားတော်များက အခါတော်ရောက်ကြောင်း လျှောက်တင်ရသည်။

ထိုအခါ မင်းတရားကြီး၏ သားတော် ၄ ပါး (ပြည်မင်း၊ တောင်ငူမင်း၊ ပုဂံမင်း၊ ပခန်းမင်း)တို့က တရော်ရည်၊ ကင်ပွန်းရည်တို့ဖြင့် ဆင်ဖြူတော်ကို ဦးခေါင်း ပရိတ်သွန်းလောင်းကြရသည်။ ပြီးလျှင် ဆင်ဖြူတော်ကို ဧရာဝတီမြစ်သို့ သက်စေ၍ ရေချိုးစေသည်။

ထို့နောက် အခြားသော သားတော် ၄ ပါးဖြစ်သော သန်လျင်မင်း၊ ကနောင်မင်း၊ သီပေါမင်း၊ ကလေးမင်းတို့က အမွှေးအစုံ ပန်းနံ့သာရည်တို့ဖြင့် သွန်းလောင်း၏။ ပြီးလျှင် တန်ဆာဆင်သော တန်ဆောင်းပြာသာဒ်သို့ ဆောင်ယူ၍ အဖိုးငွေ ၇၇ သိန်းကျော်တန် ရတနာ ၉ ပါးတို့ဖြင့် ဆန်းကြယ်စွာ လုပ်ဆောင်သော တန်ဆာတော်များ ဆင်ယင်ပေးသည်။ (ဆင်ဖြူတော် လက်ဖွဲ့စာရင်း၌ တန်ဆာမျိုးစုံ ဖော်ပြပါရှိသည်။) အရံဆင်တော်များကိုလည်း တစ်ချိန်တည်း ဦးခေါင်း ဆေးရသည်။ ပြီးလျှင် ရှေ့ ၆ တပ်၊ နောက် ၆ တပ်နှင့် ဆင်မင်း၏ နန်းဘုံသို့ ပြန်ပို့ကြသည်။

*

မြန်မာသမိုင်း တစ်လျှောက်တွင် ဤဆင်ဖြူတော်သည် အခမ်းအနားဆုံး၊ အကြီးကျယ်ဆုံးသော ပူဇော်ပြုစုမှုများ ခံယူခဲ့ရ၏။ သူ ရရှိသော လက်ဖွဲ့တို့မှာ လူပုဂ္ဂိုလ်တို့၏ မင်္ဂလာပွဲ၌ လည်းကောင်း၊ ဘုရင်တို့၏ ဘိသိက်ပွဲ၌ လည်းကောင်း ဤမျှ များပြားစွာ ထည့်ဝင်သော လက်ဖွဲ့များ ဘယ်သောအခါမျှ ရရှိဖူးဖွယ် မရှိချေ။ သူ့အတွက် ဖလားတစ်လုံး လက်ဖွဲ့လျှင် ဆင်ဖြစ်၍ စဉ့်အိုးကြီးတမျှသော ဖလားသာလျှင် စပယ်ရှယ် ထုလုပ်ပေးကြရသည်။

## ရွာက မမေ့နိုင်

ဝါဆိုပွဲတော်ရက်အတွင်း ရေကြောင်းမှ လှေလှော်နှင့် ကျွန်တော်ရောက်ရှိခဲ့သော နိဗ္ဗာန်ရွာတွင် ရဟန်း ရှင် လူတို့က ယခုတိုင် ဆင်ဖြူတော်ကို မမေ့မလျော့ ဂုဏ်ယူလျက် ရှိကြသည်ကို တွေ့ရ၍ ဝမ်းမြောက်မိ၏။ ဘုန်းကြီးကျောင်း ၂ ကျောင်းရှိရာ မြောက်ကျောင်းတွင် ဆင်ဖြူသမိုင်းစာအုပ်များ ရှိလျက်၊ တောင်ကျောင်းတွင်ကား ဆင်ဖြူတော်ရုပ်ကြီး ရှိပေသည်။

ဆင်ဖြူတော်သည် နေပြည်တော်သို့ မကြွမီ နိဗ္ဗာန်ရွာ၌ ဤဆင်ရုပ်နေရာတွင်ပင် ရပ်နားခဲ့၏။ သွပ်မိုး ပြာသာဒ် ကလေးမှာ မြန်မာရာဇဝင်၌ အထင်ရှားဆုံးသော "နိဗ္ဗာန် ပစ္စယ နာဂရာဇာ"နှင့် ထိုက်တန်သည်ဟု မဆိုသာချေ။ ဘိုးတော်ဘုရား ဆောက်လုပ်ပေးခဲ့သော ရွှေတန်ဆောင်းတော်နှင့် များစွာ ကွာခြားပေမည်။

ဆင်ဖြူတော်ကလေးကို ဆင်မဲ ၁၀၀၀ ခြံရံရာ တွေ့ရချိန်က ဖမ်းမည့်သူများ မသိမြင်စေရန် ဆင်ဖြူတော်အား ဆင်မည်းတို့က ရွှံ့များဖြင့် လိမ်းသုတ်ပေးကြသည် ဆို၏။ သို့မှ ဆင်မည်းအသွင် ရုပ်ဖျက်ထားသော ဆင်ဖြူကို မုဆိုးတို့ ထင်ယောင်ထင်မှားဖြစ်ကာ လွတ်မြောက်နိုင်မည် မဟုတ် လော။ ဆင်တို့၏ လိမ္မာမှုမှာ အံ့ဖွယ်ပေတကား။

အခြား ထူးခြားချက်တစ်ခုမှာ တစ်ချိန်က သက္ကလမြို့သို့ ရှင်လောင်းလှည့်ရန်အတွက် ရပ်ဝေးက ငှားခဲ့သော ဆင်မည်းတစ်ကောင်မှာ နိဗ္ဗာန်ရွာအနီး ရောက်သောအခါ ဆင်ဖြူတော်ရုပ် ရှိရာသို့ ပြေးသွားအလေးပြုပြီးမှ ခရီးဆက်သည် ဆို၏။ ဤကား သက္ကလမြို့ အိမ်ကြီးရှင် ဦးမောင်မောင်ခိုင်၏ ကိုယ်တွေ့ ပြောပြချက်တည်း။

နိဗ္ဗာန်ရွာမှ နေပြည်တော်သို့ ဘိုးတော်ဘုရား လက်ထက်၌ ရောက်ရှိသော ဆင်ဖြူတော်သည် အသက် ၅၀ ကျော်ချိန်မှ မင်းတုန်းခေတ်တွင် ကွယ်လွန်ခဲ့သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန ပစ္စယ ဆင်ဖြူတော်၏ အစွယ်များ အနောက်နိုင်ငံ နယ်ချဲ့များလက်သို့ ပါသွားခဲ့ရာမှ ယခုအခါ ရန်ကုန် တိရစ္ဆာန် ဥယျာဉ်တွင်းရှိ သဘာဝသမိုင်းပြတိုက်သို့ ပြန် ရောက်နေပေပြီ။

ဆင်ဖြူတော်ကို အကြောင်းပြု၍ နိဗ္ဗာန်ရွာလည်း မြန်မာပြည်၌ ကျော်ကြားခဲ့ရာ မြန်မာမင်းလက်ထက်က ရရှိခဲ့သော အခွင့်ထူးကား ဘုရင်၏ အမိန့်အရ မြောက် ကျောင်းတော်ကြီးနှင့် သိမ်တော်ကြီး ဆောက်လုပ်ရန် ကျွန်း သစ်ကောင်းများ သုံးစွဲခွင့် ရခဲ့ရသည်။ ၁၂၃၃ ခု၌ တည် ဆောက်ခဲ့သော သိမ်တော်ကြီးမှာ ရှေးလက်ရာ မြန်မာပန်းပု များ တန်ဆာဆင်လျက် ယခုတိုင် မပျက်မစီး ရှိနေသေး၏။

မြောက်ကျောင်း၌ ကြုံတွေ့ခဲ့ရသော အံ့ဖွယ်တစ်ပါး ကား ကျောင်းဝင်းတစ်ဝိုက် သစ်ပင်များတွင် ငှက်မျိုးစုံ အားမဲ့နေထိုင်လျက် ရှိကြပုံ ပေတည်း။ ရန်ကုန်တိရစ္ဆာန် ဥယျာဉ်၌ သံဆန်ခါခြံနှင့် လှောင်ထားရသော ဗျိုင်းငှက်မျိုး၊ ငှက်ကြီးဝန်ပိုမျိုးတို့သည် နိဗ္ဗာန်ရွာ မြောက်ကျောင်း၌ အကာ အရံ ကင်းမဲ့စွာဖြင့် လွတ်လပ်စွာ လှုပ်ရှား သွားလာနေကြ ၏။ လူကို မကြောက်ချေ။ မမျှော်လင့်ဘဲ ထိုငှက်ကြီးတို့ကို ပက်ပင်းတွေ့ရသဖြင့် ကျွန်တော် ကြက်သီးထမိသည်။ ထို ငှက်များအဖို့ ဘုရားလောင်းဆင်ဖြူတော် ထွန်းပေါ်ရာအရပ် တွင် မိရိုးဖလာ ဘေးမဲ့နေထိုင်ကြပြီး ဖြစ်ပြီ။ "အသောကံ၊ ဝိရဇံ၊ ခေမံ" တရားတော်အတိုင်း အန္တရာယ်ကင်းနယ်မြေ ဖြစ်မှန်း ကောင်းစွာ သိကြဟန် တူ၏။

နိဗ္ဗာန်ရွာကျောင်း ဆရာတော် ဦးကောဝိဒက 'ဒီငှက် တွေ နိဗ္ဗာန်ရွာ တစ်ဝိုက်မှာ ဘေးမဲ့ရခဲ့ကြတာ မြန်မာဘုရင် များ လက်ထက်ကတည်းက ဖြစ်ပေတယ်။ ဆင်ဖြူတော်ရဲ့ ဘုန်းတန်ခိုးအရလို့လည်း ဆိုနိုင်သပ။ ဆင်ဖြူတော် အနေ ဖြင့် သူ ကောင်းစားချိန်မှာ သူ့ရပ်ရွာလည်း တစ်နည်းတစ်ဖုံ ကောင်းစားစေချင်မှာပ။ ဒါကြောင့် ဘုရင့်အမိန့်နှင့် နိဗ္ဗာန် ရွာ တစ်ဝိုက်မှာ တိရစ္ဆာန်ကျေးငှက်များ ဘေးမဲ့ နေထိုင်ခွင့် ရခဲ့တယ်။ သို့သော် နယ်ချဲ့ခေတ်မှ စပြီး ဆရာတော်များ ညာ ဆုတ်ယုတ်ခဲ့တယ်။ လူတွေက ဘေးမဲ့နယ်မြေကို ကျူးကျော် ပယ်ဖျက်ခဲ့ကြလို့ ယခုတော့ အဲဒီ ဘေးမဲ့နယ်မြေ ဟာ ဘုန်းကြီးကျောင်းဝင်း တစ်ဝင်းစာပဲ ကျန်ရှိတော့တယ် ဒကာကြီးရေ့'ဟု မိန့်တော်မူ၏။

## စကြာမင်းနှင့် ဘိုးတော် အိပ်မက်

၁၁၇၄ ခုတွင် အိမ်ရှေ့မိဖုရား ဆင်ဖြူရှင်မယ်မှာ သားဦး ဖွားမြင်လျက် ၇ ရက်လည်သောအခါ ထိုမိဖုရား နတ်ရွာစံ သည်။ ထိုမြစ်တော်ကို ဘိုးတော်မင်းတရားကြီးက ညောင် ရမ်းမြို့ကို ကံကျွေးပေး လက်ဖွဲ့တော်မူ၏။

ယခုတိုင် စကြာမင်းကလေးဟု မြန်မာတို့ ခေါ်ရိုး ခေါ်စမှတ် ပြုနေကြသည်မှာ စစ်ကိုင်းမင်းသားနှင့် ထိုမိဖုရား တို့မှ ဖွားသော ထိုမင်းသားကလေး ဖြစ်၏။ ပဋိသန္ဓေ တည်စက စ၍ ထူးခြားသော အတိတ်ထူး၊ နိမိတ်ထူး၊ အိပ်မက်ထူးများကြောင့် ဘုန်းကြီးသော စကြာမင်းကလေး ဟု အများက ယုံကြည် ခေါ်ဝေါ်နေခဲ့ကြခြင်း ဖြစ်၏။

၁၂၇၄ ခုက ထိုဘိုးတော်ဘုရားသည် နံနက်ညီလာခံ ၌ မိန့်တော်မူသည်မှာ 'ငါသည် ညဉ့်သန်းခေါင်ယံ အချိန်၌ အိပ်မက်မြင်မက်သည်မှာ ငယ်စဉ်က အလွန်ချစ်ကျွမ်းဝင် ခဲ့သော ပြည်မြို့ နဝင်းရပ်နေ မောင်ရွှေအောင် (ပထ ဦးအောင်)သည် နန်းတော်တွင်း ဝင်လာ ခစား၏။ အဘယ် ကိစ္စ ရှိသနည်းဟု မေးရာ မောင်ရွှေအောင်က "မင်းတရား ကြီး၊ သားတော်ကြီး အိမ်ရှေ့မင်းသားနှင့် သားတော်ငယ် ပြည်မင်းတို့ထံ ဆက်သရန် ဝိဇ္ဇာမဟိဒ္ဓိ ဆေးရုပ်ရှင်တို့ကို သရေခေတ္တရာမြို့အနီး မြင်ပါစေတီ (မြင်ပါဟု) စေတီ ရင်ပြင်တော်မှာ စီရင်ပြီးစီးပြီ ဖြစ်၍ ယူဆောင်ခဲ့ပါသည်။ သားတော်နှစ်ပါးကို ဆက်သလျှင် မင်းတရားကြီး နှလုံးတော် နှစ်မြို့မည်ကို အမိန့်တော် နာခံလိုသောကြောင့် နန်းတော်သို့ ဝင်ခဲ့ပါသည်" ဟု လျှောက်၏။

'ထိုအခါ "ငါ၏သားတော်များကို ဆက်သရန်ဆို၍ အလွန်ဝမ်းမြောက်သည်"ဟု မိန့်တော်မူလိုက်ရာ မောင်ရွှေ အောင်က "ဘုရင်မင်းမြတ်၏ ဒိဗ္ဗစက္ခုဖြင့် စံတော်ခန်းမှ ရှုတော်မူလော့"ဟု လျှောက်၍ ငါ၏အပါးမှ ထွက်ခွာသွား ကာ သားတော်ကြီး အိမ်ရှေ့မင်းသားနှင့် သားတော်ငယ် ပြည်မင်းသားတို့ထံ သွားရောက်ဆက်သ၍ သားတော်များ က လက်လှမ်း၍ ယူသည်ကို မြင်ရ၏။

'ဤမျှသာ မကသေးဘဲ သားတော်ကြီး အိမ်ရှေ့မင်း က မြေးတော်တို့၏ အိမ်တော်သို့ ထိုဆေးရုပ်များ အပို့ခိုင်း သည်ကိုလည်း မြင်ရ၏။ ထိုပို့ဆောင်ရာ၌ အိမ်ရှေ့မင်း၏ အိမ်တော်မှ ဗိုလ်ခြေစစ်သည်နှင့် စစ်ကိုင်းမင်းသားအိမ်သို့ ပို့ဆောင်ရန် အလာတွင် လမ်း၌ ကြေးရုပ်များနှင့် စစ်သည်



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ခြေတို့ တွေ့ဆုံပူးပေါင်းလျက် တစ်ထပ်တည်း ဖြစ်သွားသည်။

'ထိုသောအခါ မောင်ရွှေအောင်သည် တပ်တော်ဦးသို့ ရောက်လာပြီးလျှင် မတ်တတ်ရပ်နေလျက် ဆေးရုပ်တစ်ခုကို ချီပိုက်လိုက်လာလေသည်။ ထိုအခါ ထိုဆေးရုပ်သည် မင်းသား အင်္ဂါလက္ခဏာနှင့် ပြည့်စုံ ချောမောလှပသော သတို့သားအသွင် ပေါ်လာသည်။ အခြားဆေးရုပ်မှာ ငွေသား ပကတိကဲ့သို့ ဖြူဆွတ်သော မြင်း၏ ကြန်အင်နှင့် ပြည့်စုံသော မြင်းတစ်ကောင် ဖြစ်လာသည်။

'မောင်ရွှေအောင်သည် စစ်ကိုင်းမင်းသားနှင့် ဆင်ဖြူမယ် အိမ်အတွင်းသို့ သတို့သားကိုချီလျက် မြင်းက နောက်မှလိုက်ကာ ဝင်သွားကြပြီးနောက် မောင်ရွှေအောင်နှင့် စစ်သည် အားလုံး ပျောက်ကွယ်သွားသည်။

'ထိုနောက် ငါ့မြေးတော် စစ်ကိုင်းမင်းနှင့် ဆင်ဖြူရှင်မယ်တို့ အိမ်တော် အနောက်ဆောင်ကို မီးလောင်ကြောင်း မြင်မက်သည်'ဟု မင်းတရားကြီးက ပြောပြကာ မှူးမတ်၊ ပုရောဟိတ်တို့အား နိမိတ်ကောင်းယူစေ၏။

ပညာရှိတို့က နိမိတ်ဖတ်ကြရာတွင် (၁) စစ်ကိုင်းမင်းနှင့် ဆင်ဖြူရှင်မယ်တို့တွင် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ အလွန် ဘုန်းတန်ခိုးကြီးမားသော သားတော် ဖွားမြင်သောအခါ ထိုနတ်မြင်းတမျှ ဖွားဖက်တော် မြင်းမြတ်ရတနာလည်း ပေါ်လတ္တံ့။ (၂) အိမ်တော် အနောက်ဆောင် မီးလောင်ခြင်းကား မြေးတော်ဆင်ဖြူရှင်မယ် မင်းသမီးအတွက် စိတ်မအေးဖွယ်ရာ ဖြစ်လာပါသည်။ (၃) ပြည်မြို့ နဝင်းဦးရွှေအောင်သည် ပထမံဆရာကြီးဖြစ်၍ ဆေးရုပ်ရှင် ၂ ခု ပို့လာသည်က စ၍ အဆုံးတိုင် လိုက်ပါလျက် ရှိသည်ကို မြင်မက်ခြင်းကား အကယ်၍ အထက်ပါအတိုင်း သတို့သားဖွားမြင်လာပါမူ သူက အမြဲ လိုက်ပါ စောင့်မ ကူညီလတ္တံ့ဟု အဓိပ္ပာယ် ရရှိကြောင်း လျှောက်ထားကြ၏။ ဘိုးတော်မင်းတရားကြီး ကြားတော်မူလျှင် အလွန် ဝမ်းမြောက်ရွှင်လန်းတော်မူ၏။

ထိုအိပ်မက်နှင့် မရှေးမနှောင်းပင် မြေးတော် စစ်ကိုင်းမင်း၏ မိဖုရား ဆင်ဖြူရှင်မယ်၌ ပဋိသန္ဓေ တည်လာသည်က စ၍ ဖွားမြင်သောနေ့အထိ အကြိမ်များစွာ မြေကြီးငလျင်လှုပ်၏။ ဥယျာဉ်တော်အတွင်းက သစ်ဖြူပင်စည် အကိုင်းအခက် အရွက်များက ရေထွက်၏။ အလယ်ကျွန်း စံနန်းတော်အနီး သီတာစန္ဒပင်က ရေထွက်၏။

---

အောင်ပင်လယ်ကန်



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၆ ဘုရားပင့်သော အိမ်ရှေ့မင်း

## [၁] ခမည်းတော်၏ လောင်းရိပ်

**အရုဏ်တော် ညံ့ညံ့စိစိ**
**ကြေးစည်သံ ဝေဟည် ဝေဟည်**
**အစ်ကို့....................**
**ကျွန်မ လိုက်ချင်တယ် ဆိုမှ**
**............................. သွားပြီ။**

ကျွန်တော်တို့ ငယ်စဉ်က မန္တလေး အငြိမ့်မင်းသမီးများ သီဆိုသော "အရုဏ်တော်"သီချင်းမှ မှတ်မိသမျှ အစအန ဖြစ်ပါသည်။ အရုဏ်တော် ဆိုသည်မှာ အရုဏ်ဆွမ်းကပ်ခြင်း ဖြစ်သည်။ ဘယ်မှာလဲ ဆိုလျှင် "ဘုရားကြီးမှာ"။ ဘုရားကြီး ဆိုသည်မှာ မဟာမြတ်မုနိ။

လွန်ခဲ့သော နှစ် ၅၀ က မန္တလေးသည် ကြည်နူးဖွယ်ရာ မြန်မာမှုများ (ဝါ)ရေမရောသေးသော မြန်မာမှုများနှင့် အတော်ပင် ပြည့်စုံနေသေးသည်ဟု ဆိုရမည်ပင်။ ဆွမ်းတော်ကြီးအဖွဲ့များ အရပ်ထဲ၌ လှည့်လည်ကြရာတွင် ပါနေကျ မှန်စီရွှေချ ဆွမ်းအုပ် ကွမ်းအုပ်များ အပြင် ဆင်ဖြူတော်လည်း ပါလေ့ရှိသည်။

ဆင်ဖြူတော်မှာ ဇရာမ ဇရာဝဏ် ဆင်မျိုး မဟုတ်ပါ။ ဘိုးတော်ဘုရား၏ ဆင်ဖြူတော်မှ ပေါက်ဖွားသော ၃ နှစ်သား အရွယ်လောက်သာ ရှိပါသည်။ ထိုမှလည်း လူတစ်ရပ်လောက် အမြင့်နှင့် ကိုက်ညီပေမည်။ ထို့ကြောင့် ထိုဆင်ဖြူတော်ကို ပိတ်ဖြူနှင့် မွမ်းမံပြီးနောက် အထဲမှ အရပ်သား ၂ ယောက် ဝင်ကာ သဘာဝကျကျ သွားလာနိုင်ပေသည်။ ချစ်စရာ ဆင်ဖြူတော်ပင်။ ယခုကား မန္တလေး၌ ဆင်မည်းများ အငြိမ့်စင်ပေါ်တက်ပြီး ဘားကျွမ်း ကပြသည် အထိ ခေတ်ပြောင်းနေပြန်သည်။

ဆင်ဖြူတော် နောက်မှ ကြေးနောင်ဝိုင်းများကလည်း သာယာနာပျော်ဖွယ်ပင်။

ရေအိုးကြီးလောက် (ကြီးတယ်....ကြီးတယ်)၂
ဘုံရွှေနန်းကိုကွယ်၊ မြန်းကြမယ်။

ကျွန်တော် ကြားခဲ့သော သီချင်းသံမှာ ဤအတိုင်း မှတ်သားမိသည်။ မည်သို့ပင်ဖြစ်စေ ထိုအတိုင်း ကြားမိ၊ ဆိုမိ၊ နားဝင်ပီယံ ဖြစ်မိသည်။

နောက်ပိုင်းတွင် လှည်းပေါ်မှ ကဇာတ်များလည်း ပါတတ်ပေသည်။ လှည်း ၂ စီးနှင့် ဥမ္မာဒန္တီဇာတ် ခင်းကျင်းရာတွင် ရှေ့လှည်းတွင် မင်းသမီးက ငြူစူ ဆောင့်အောင့်နေသည်။ 'ဟိုလူကြီးက သိပ်အတင့်ရဲတာပဲ၊ ဘာတွေ ပြောနေမှန်း မသိဘူး၊ သိက္ခာလည်း ၂ ပြားဖိုးမျှ မရှိဘူး၊ ဘယ်လိုဟာမှန်း မသိဘူး'ဟု သူ၏အပျိုတော် အခြောက်မကို ပြောနေသည်။ နောက်လှည်းပေါ်မှ သိဝိမင်းကြီးကလည်း ရှေ့လှည်းပေါ်မှ ဥမ္မာဒန္တီ၏ အလှဋ္ဌိကာကို ရွှန်းရွှန်းဝေ ဖွင့်နေသည်။ ထိုခေတ်က အော်လံ မပေါ်သေး၍ အမောတကြီး ပြောရသည်။

နောက်ဆုံး သိဝိမင်းကြီးက ဘာပြောပြော မစွံဘဲနှင့် ဇာတ်သိမ်းသည်။ ထိုဇာတ်သိမ်းမိန့်ခွန်းကို ဥမ္မာဒန္တီကပင် မြွက်ဆိုသည်မှာ–

'ဟဲ့....ငသိဝိရဲ့ သိဝိရဲ့၊ ငါ့ကိုလိုချင် ဆားလိုလျက်ဟဲ့'ဟူ၏တည်း။ ကျွန်တော်တို့ လမ်းဘေးပရိသတ်ကလည်း တဟားဟား ရယ်မော ကျန်ရစ်သည်။

ထိုအတောအတွင်း အရုဏ်ဆွမ်းကပ်ပွဲသို့ လိုက်ပါလိုသော ကျွန်တော်တို့ အငြိမ့်မင်းသမီးကား ဘယ်ရောက်နေသနည်း။ သူ၏သီချင်းအရ သူသည် အလွန်တရာ လိုက်ပါချင်သည် မဟုတ်လော။ သနပ်ခါး လူးနေသလော၊ ဆွမ်း

www.burmeseclassic.com





မကျက်သေးဘူးလော၊ ဘယ်သူနှင့် စကားပြော မပြီးသေးဘူးလော၊ သူ့အိမ်ရှေ့ လမ်းပေါ်တွင် ဆင်ဖြူတော်ဇာတ်ပွဲကျင်းပ စောင့်ခေါ်သည်ကိုပင် မမီလိုက် ဖြစ်ရသလော။ ‘အစ်ကို ကျွန်မ လိုက်ချင်တယ် ဆိုမှ သွားပြီ’တဲ့။

ဝါတွင်း၌ ဥပုသ်နေ့တိုင်း ဘုရားကြီးတွင် ဆွမ်းတော်ကြီး ကပ်ပွဲ ရှိရာ နံနက် ၃ နာရီလောက်မှပင် အိပ်ရာမှထကာ ဆွမ်းအုပ်နှင့် ရပ်ကွက်တကာ သွားကြရလေသည်။ သို့သော် ဆွမ်းအုပ် မပါဘဲ အပျော်သက်သက် လူစည်ကားရာ အရပ်တွင် ဝင်ရောက်တိုးဝှေ့လိုသော ကျွန်တော်တို့ ကျောင်းသားအရွယ် လူပျိုသိုးနှင့် အပျိုပေါက်တို့က ပိုမို များပြားလေသည်။

ဘုရားကြီးစောင်းတန်း တစ်လျှောက် မီးမလင်းမီ ဓာတ်မီးများ ဝင်းထိန်လျက်ပင်။ ဆွမ်းတော်ကြီး ကပ်သောနေ့များတွင် ဈေးဆိုင်များကို ခေတ္တရပ်သိမ်းလျက် ထိုနေရာတစ်လျှောက်တွင် အရပ်ရပ်မှ ကပ်လှူသော ခဲဖွယ်ဘောဇဉ်သစ်သီးဝလံတို့ ခင်းကျင်း ပြသထားသည်။ ငါးကြော်၊ ပုစွန်ကြော်၊ ကြက်ကောင်လုံးကြော်၊ ဘဲကင် စသည်ဖြင့် ဟင်းလျာဟင်းကောင်းများသည် ဝဲယာစီတန်းလျက် မြင်ရသူ ကျွန်တော်တို့အား သွားရည်ယိုစေသည်။

ဘုရားဖူးများအဖို့ စောင်းတန်း အလယ်ပိုင်းမှ ဝင်ထွက်ကြရာတွင် အတင်း နင်းကန်တိုးဝှေ့ကြရသည်။ အပျိုလူပျိုတို့ အကြိုက်ပင် ဖြစ်သည်။ တိုးကြ ဝှေ့ကြ၏။ ဆိတ်ကြဆွဲကြ၏။ အားလုံး မတော်တဆ ဖြစ်သည်ကိုကား အလိုက်သိစွာ ဝန်ခံကြရပေမည်။ ‘ဟုတ်ကဲ့၊ ဒါက ဘုရားပွဲပါ.... ဟဲ ဟဲ’။ ထို့ကြောင့် အရဏ်တော် ညံ့ညံ့စီစီတွင် လူကလည်း တကယ် ဝက်ဝက်ကွဲပါပေသည်။

စောင်းတန်း၌ လူကျပ်လွန်းသဖြင့် တစ်ခါတစ်ရံ လှုပ်ရှားစရာ မလိုဘဲ လူကြားညပ်ကာ ရှေ့သို့ အလိုလိုပါသွားသည်လည်း ရှိ၏။ စောင်းတန်းအဆုံးသို့ ရောက်လျှင် ဘုရားဝင်းသို့ ရောက်ပြီဖြစ်၍ အသက်ရှူချောင်လာ၏။ ဘယ်ညာ လှုပ်ရှား၍ ရလာ၏။ ဤတွင် သင်သည် ဘုရားသို့ အများနည်းတူ ဦးတည်သွားနိုင်၏။ သို့သော် သင်၏ စောင်းတန်း စွန့်စားခန်းကား ပြီးဆုံးပြီဟု မယူဆအပ်။ အဘယ်ကြောင့် ဆိုသော် ဝင်လာချိန်က ညာဘက်ကိုသာ မြင်ရ၍ ဘယ်ဘက်တွင် တခမ်းတနား ရှီးပြထားသော ခဲဖွယ်ဘောဇဉ်တို့ကို မမြင်ရသေးပါချေ။ ထို့ကြောင့် တစ်ကျော့ပြန်ကာ ပြည်သူလူထုနှင့် ရောနှောနိုင်လေသည်။

ကျွန်တော့်အနေဖြင့်က ဘုရားဝင်းသို့ ရောက်လျှင် အတော်မောသွားသဖြင့် မြောက်ဘက်မုခ်၏ လက်ဝဲဘက်ရှိ ကြေးရုပ်ကြီးများ အနီးသို့ သွားထိုင်လေ့ရှိသည်။ ဥပါသကာ လူကြီး လူငယ်မရွေး ကြေးရုပ်ကြီးများ၏ ချက်ကိုနှိုက်ခြင်း၊ နှိပ်နယ်ပေးကာ လိုရာဆု တောင်းတတ်ကြပုံကို တမြို့မြို့ ကြည့်ရှုနေမိသည်။

မန္တလေးသို့ရောက်တိုင်း ကျွန်တော်သည် ဘုရားကြီးသို့ ဝင်ရောက်ဖူးမြော်သည်သာ များ၏။ လိပ်ကန်ဘေးရှိ မုန့်တီဆိုင်များကလည်း စားကောင်းစမြဲပင်။ ဘုရားကြီး လူကြီးများ ခေတ်အဆက်ဆက် ကြိုးပမ်းမှုကြောင့် ယခုအခါ စောင်းတန်းများ (မြောက်နှင့် အရှေ့ဘက်)မှာ ပိုမိုသားနား တောက်ပြောင်နေ၏။

တစ်ချိန်က ဘုရားဒကာ အိမ်ရှေ့မင်း ကြေးရုပ်ကို မြောက်ဘက်မုခ်ဝတွင် မြင်းစီးလျက် တခမ်းတနား ရှုစားခဲ့ဖူး၏။ ထိုနောက် ဘယ်ပျောက်သွားသည် မသိ။ မြောက်ဘက်မုခ်၏ ကျက်သရေဆောင်မှာ ခုအခါ မုံရွာမြို့မှ ဆရာမြကြီး၏ လက်ရာဖြစ်သော ခေတ်စမ်းခြင်္သေ့ကြီး ၂ ကောင် ဖြစ်၏။ ဆရာမြက အင်္ဂါစုံ ခြင်္သေ့ကြီးတစ်စုံကို သဘာဝကျကျ ရုပ်ဖော်ကာ ခေတ်ကို ပညာစမ်းလိုက်ခြင်း ဖြစ်၏။ သို့သော် ဝေဖန်သူ၊ ရှုစားသူများ ပေါများလွန်းသဖြင့် ဥက္ကောဋ္ဌေယျ ဖြစ်လာ၍ ဘုရားလူကြီးများက ခြင်္သေ့၏ အရှက်ကို လုံ အောင် ဖုံးဖိပေးရန် ဆုံးဖြတ်ခဲ့ရသည်။

ကုန်းဘောင်ဆက် ၁၁ ဆက်တွင် ဖောင်းကားစား မောင်မောင်သည် ၇ ရက်သာ ထီးနန်းရလျက် ဘာတစ်ခုမှ တိုင်းပြည်အတွက် မလုပ်ခဲ့ပါချေ။ သို့သော် သူသည် နံပါတ် (၅) ဘုရင်အဖြစ်နှင့် မင်းဆက်ဇယားတွင် နံပါတ်ချိတ်နေ ၏။ ဥဒါန်း တွင်နေ၏။ ထို့ပြင် စဉ့်ကူးမင်းသည် လည်း ကောင်း၊ ပုဂံမင်းသည် လည်းကောင်း၊ သီပေါမင်းသည် လည်းကောင်း ဘုရင်အညံ့စားများ ဖြစ်သည်ကို အထူးပြော စရာ မလိုချေ။ ရာဇဝင်စာအုပ်ကို လှန်လှောကြည့်သူတိုင်း ထင်ရှားစွာ မြင်တွေ့နိုင်၏။ သို့သော် သူတို့သည်လည်း ကုန်းဘောင်ဆက်၌ အပါအဝင် အသိအမှတ် ပြုခံရပေသည်။

ခမည်းတော် ဗဒုံမင်းခေါ် ဘိုးတော်ဘုရားက သက် တော် ၇၅ နှစ်တိုင်အောင် နန်းစံ ၃၇ နှစ်တိတိ ရှည်လျားစွာ စိုးမိုး အုပ်ချုပ်နေသဖြင့် သားတော်အိမ်ရှေ့မင်းမှာ မစော ဘဲ ခမည်းတော်ထက် ဦးစွာ ၁၁၇၀ ပြည့်၌ နတ်ရွာစံသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထိုအချိန်၌ အိမ်ရှေ့မင်း အသက်တော်မှာ ၄၆ နှစ် ရှိချေပြီ။

အိမ်ရှေ့စံ အဖြစ် ၂၅ နှစ် စံခဲ့ရာတွင်–

(၁) ၁၁၄၅ ခုတွင် ခမည်းတော်၏ အမိန့်အရ ရခိုင်ပြည်သို့ချီတက်ရာ ၂ လအတွင်း အရေးတော်ပုံ ပြီးစီးခဲ့သည်။ အနော်ရထာမင်းနှင့် ဘုရင့်နောင်လက်ထက်မှ စ၍ မြန်မာနိုင်ငံတော် မည်မျှ ကျယ်ဝန်းစေကာမူ ရခိုင်ပြည်ကား သီးခြားရှိခဲ့သည်။ ဆင်ဖြူရှင်ခေတ်အထိ ထိုအတိုင်းပင်။ အိမ်ရှေ့ကိုယ်တော် ရွှေတောင်မင်း သွားရောက် သိမ်းပိုက်နိုင်ခဲ့၍သာလျှင် မြန်မာပြည်သည် ယနေ့ မြေပုံအတိုင်း တလုံးတစည်းတည်း ရှိလာခဲ့သည်။

(၂) မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးကို ပင့်ဆောင်ခဲ့သည်မှာ အိမ်ရှေ့မင်း၏ အကြီးဆုံးသော ကုသိုလ်ကောင်းမှု ဖြစ်၏။ ရခိုင်တို့က မြန်မာနယ်ချဲ့၏ အနိုင်ကျင့်ခြင်းဟု မခေါ်ဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာဘုရားက ဤအချိန်အခါ၌ မြန်မာပြည်သို့ ကြွကိန်းရှိကြောင်းကို ရခိုင်ပြည်တွင် ထိန်းသိမ်းထားရှိခဲ့သော မဟာမုနိသမိုင်း၌ ထင်ရှားပါရှိနေပေသည်။ မဟာမုနိ ဆင်းတုတော် မန္တလေးမြို့သို့ ကြွရောက်ခဲ့သည်မှာ နှစ် ၂၀၀ ခန့် ရှိချေပြီ။ ရခိုင်ပြည်၌ နှစ်ပေါင်း ၂၃၀၀ ကိန်းဝပ်ခဲ့ပြီး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့ တစ်ချီတစ်လှည့် ပူဇော်သက္ကာရ ပြုနိုင်ကြစေရန် ထူးခြားသော ပင့်ဖိတ်ခွင့် ဆုလာဘ်ကြီး ရရှိသူကား အိမ်ရှေ့မင်းသားတည်း။ မဟာဒုက်သည် ကံကောင်း၍ မြသပိတ်ကို ထမ်းခွင့် ရခဲ့သလို ဖြစ်၏။

(၃) ရေး၊ မြိတ်၊ ထားဝယ် ဒေသကို မြန်မာတို့လက်မှ ယိုးဒယားတို့က တိုက်ယူရန် လုံးပန်းခဲ့သည်။ ဘိုးတော်ဘုရားက သားတော်ကြီးကိုပင် တာဝန်ပေး ဖြေရှင်းစေခဲ့သည်။ ယိုးဒယားဘုရင်နှင့် ဥပရာဇာတို့က အလုံးအရင်းကြီးစွာနှင့် ခုခံရာ မတတ်နိုင်ဘဲ ဆုတ်ခွာကြရသည်။ သို့လျှင် တနင်္သာရီနယ်များ မြန်မာမြေပုံထဲသို့ သွတ်သွင်းပေးခဲ့သူမှာလည်း ဤရွှေတောင်မင်းသားကြီး ပင်တည်း။

(၄) ထို့ပြင် မြန်မာ အနုပညာရပ်များ ဖွံ့ဖြိုးစေခဲ့သူမှာလည်း ဤအိမ်ရှေ့မင်းပင် မဟုတ်လော။ မြဝတီဦးစသည် အိမ်ရှေ့မင်း၏ခြံပေါက် ဖြစ်၏။ ရာမရကန် ဦးတိုးသည် သူနှင့်ရခိုင်သို့ လိုက်ပါခဲ့သည်။ ဆင်ဖြူရှင် လက်ထက်က အဝသို့ ရောက်လာသော မွန်များ၊ ယိုးဒယားများကို အနုပညာလောက အတွက် ကောင်းစွာ အသုံးချတတ်သူပေတည်း။

ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့ ခေတ်မှ စ၍ သီးခြားနယ် ထူထောင်ခဲ့သော ရခိုင်နှင့် မြန်မာတို့သည် ဘိုးတော်ဘုရား(ဝါ)ရွှေတောင်မင်း လက်ထက်၌ ပြန်ပေါင်းထုပ်မိကြ၏။ ထို့အတူ တနင်္သာရီနယ်ကိုလည်း ဘိုးတော်ဘုရား(ဝါ)ရွှေတောင်မင်းခေတ်၌ ယိုးဒယားတို့က ရာသက်ပန် လက်လွှတ်လိုက်ကြလေသည်။

ဘိုးတော်ဘုရားက အုပ်ချုပ်ရေးကိစ္စ အရပ်ရပ်ကို ဤသားတော်ကြီးအား လွှဲအပ်ကာ မင်းကွန်း၌ စိတ်ချလက်ချ ဘုရားတည်နေ၏။ အိမ်ရှေ့မင်း အနေဖြင့် ဘုရင်ပမာ ခမည်းတော်က အာဏာဝေခွဲပေးပါ၏။ သို့သော် အိမ်ရှေ့မင်းကား ခမည်းတော်၏ လောင်းရိပ်မိနေခဲ့သဖြင့် မြန်မာရာဇဝင်၌ ထိုက်သလောက် ဂုဏ်ပြုချီးမြှင့်ခြင်း မခံရသူပေတည်း။

*

## [၂] တောင်အာရှ ဘုရား ၃ ဆူ

အာရှတောင်ပိုင်းတွင် သီဟိုဠ်ကျွန်း၊ မြန်မာပြည်၊ လောပြည်၊ ကမ္ဘောဒီးယားပြည်နှင့် ယိုးဒယားပြည်တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ဖြစ်၏။ တစ်ချိန်က အင်ဒိုနီးရှားပြည်အထိ သာသနာတော် လွှမ်းမိုးခဲ့ကြောင်းကို ဂျာဝါးကျွန်းရှိ ဘိုရိုဗဒူ ပုထိုးတော်ကြီးက သက်သေခံနေ၏။

ထို တောင်ပိုင်း ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုးရှိခိုး ပူဇော်ကြသည်ကား–

(၁) ဘန်ကောက်မြို့ရှိ မြဘုရား၊

(၂) သီဟိုဠ်ကျွန်းရှိ ဗုဒ္ဓစွယ်တော်၊

(၃) မြန်မာပြည်ရှိ မဟာမြတ်မုနိ။

သီဟိုဠ်စွယ်တော်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုချိန် ဓာတ်တော်ဝေခန်း၌ အပါအဝင် ဖြစ်၏။ ကိုယ်တော်မြတ်ခန္ဓာကိုယ် အစိတ်အပိုင်း ဖြစ်သောကြောင့် အမြင့်မြတ်ဆုံးဟု ဆိုရပေမည်။ မဟာမြတ်မုနိ ရုပ်ပွားတော်ကား မြတ်စွာဘုရားကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ်က ရခိုင်ပြည်သို့ ကြွရောက်စဉ် တစ်ကိုယ် နှစ်ကိုယ် ခွဲသကဲ့သို့ တကယ်ပွားခဲ့သော ရုပ်ပွားတော်အဖြစ် ဒုတိယအမြင့်ဆုံးဟု ယူဆသင့်

www.burmeseclassic.com

တောင်အာရှ
ဘုရားသုံးဆူ



မြတ်စွာဘုရား၏ စွယ်တော်မြတ်



စွယ်တော်တိုက် ဖွင့်ချိန်



သီဟိုဠ်ကျွန်းရှိ ဗုဒ္ဓစွယ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘန်ကောက်မြို့ရှိ မြဘုရား



ဂန္ဓကုဋိတိုက်တော်



မြဘုရားဝင်းအတွင်း ရှုခင်း



ဂန္ဓကုဋိတိုက်တော်အတွင်း ရှုခင်း

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ပြည် မြောက်ဦးမြို့ရှိ မဟာမြတ်မုနိ တိုက်တော်ဟောင်း



ဘုရားပင့်သော အိမ်ရှေ့မင်းကြီးရုပ်

မန္တလေးမြို့ရှိ တိုက်တော်



www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ပြည် မြောက်ဦးမြို့ရှိ မဟာမြတ်မုနိ တိုက်တော်ဟောင်း



ဘုရားပင့်သော အိမ်ရှေ့မင်းကြီးရုပ်
(အိမ်ရှေ့မဟာ ဥပရာဇာ သီရိမဟာဓမ္မာဘိဇယျသီဟသူရ)

မန္တလေးမြို့ရှိ တိုက်တော်



www.burmeseclassic.com

www.burmeseclassic.com



မဟာမုနိ ရုပ်ရှင်တော်



အိမ်ရှေ့မင်း
ပန်းချီကား

မဟာမုနိ မြောက်ဘက်မုခ်



www.burmeseclassic.com

www.burmeseclassic.com



မဟာမြတ်မုနိတိုက်တော်ကို
လေယာဉ်ပေါ်မှ ဖူးရပုံ

ကြေးရုပ်ကြီးများ







ဦးပိန်တံတားနှင့် တောင်သမန်အင်း

www.burmeseclassic.com

www.burmeseclassic.com



ဆာဟင်နရီယူးလ် ရေးဆွဲခဲ့သော
မန္တလေးမြို့တည် မင်းတုန်းမင်းတရားကြီးပုံ

စစ်သူကြီးအသွင်နှင့် သီပေါမင်းတရား





သီပေါမင်းနှင့် သူ၏ စစ်သူကြီးများ
ဗိုလ်ရှုသဘင် ခံတော်မူပုံ
(ရတနာဂီရိတွင် စံတော်မူစဉ်က
ရိုက်ကူးထားသောပုံ)

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ဝန်ကြီးဟု ကမ္ပည်းထိုးထားသော မြန်မာစစ်သူကြီးပုံ



မင်းကြီး သီရိမဟာ ဇေယျဂါမဏိဘွဲ့ရ
ရွှေမြို့တော်ဝန် ဦးပေဇော် (ဦးပေစီ) ပုံ

www.burmeseclassic.com

www.burmeseclassic.com



ကင်းဝန်မင်းကြီး



တိုင်တားမင်းကြီး



ရေနံချောင်းဝန်ကြီး ဦးစို



ယောမင်းကြီး ဦးဘိုးလှိုင်

www.burmeseclassic.com

www.burmeseclassic.com



၏။ မြဘုရားကား အသောကမင်း လက်ထက်လောက်က အိန္ဒိယပြည်မြောက်ပိုင်းတွင် ခေါမပြည်မှ ကျောက်ဆစ်ပန်းပု ဆရာများ၏ လက်ရာဖြစ်သည်ဟု ယိုးဒယားဘုရင်များက ယူဆသည်။

## မြဘုရား

ဂေါတမ ပုံတော်ကို ဘုရားခေတ်အတွင်း၌ လည်းကောင်း၊ ပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း ၂၀၀ ကျော်အထိ လည်းကောင်း အိန္ဒိယတိုင်းသားတို့ ထုလုပ်ကိုးကွယ်ခြင်း မရှိချေ။ ဗုဒ္ဓဝင် ဇာတ်တော်များကို ထုလုပ်ရာတွင် မြတ်စွာဘုရား၏ ကိုယ်စား အထိမ်းအမှတ် ကြာပန်းပုံကိုသာ ထုလုပ်ဖော်ပြလေ့ ရှိကြသည်။ ဤသို့ ချန်လှပ်ထားတတ်သော အလေ့မှာ မြတ်စွာဘုရားကို လေးစားမြတ်နိုးသောအားဖြင့် ပုထုဇဉ်တို့နှင့် အရောရော အနှောနှော မဖြစ်စေလိုကြောင်း ဟူ၍ ယူဆရပေမည်။

သို့သော် ခေါမပြည်သည် ပန်းပုမျိုးစုံ ထွန်းကားရာ၊ ထိုပညာ အထွတ်အထိပ် ရောက်ခဲ့ရာနိုင်ငံ ဖြစ်လေသည်။ ဘီစီ သက္ကရာဇ် ၃၃၆ ခုနှစ်တွင် ခေါမဧကရာဇ် မဟာအလစ်ဇင်းဒါး (Alexander the Great)၏ စစ်တပ်များ အာရှသို့ ချီတက်ကာ အိန္ဒုမြစ်ဝှမ်းရှိ ဟာရပ္ပနိုင်ငံတော်ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထိုခေါမမင်း ပြန်သွားပြီးနောက် ခေါမဘုရင်ခံများ အတန်ကြာ အိန္ဒိယ၌ အုပ်စိုး အုပ်ချုပ်ခဲ့သည်။ သူတို့ခေတ်တွင်း ဂေါတမ ပုံတော်များကို ခေါမလက်စွမ်းဖြင့် စတင် ထုလုပ်ခဲ့ရာမှ ထိုအလေ့ ပြန့်ပွားခဲ့သည်။

မြဘုရား ထုလုပ်ပုံလက်ရာ လေ့လာသူများက သကင်္န်းတော် အနေအထားမှာ ထိုခေတ်က ခေါမပြည်သားများ ဆင်မြန်းသော ခြုံလွှာနှင့် များစွာ အသွင်တူသည်ဟု ယူဆကြ၏။ မြဘုရားကို ထုလုပ်သော ကျောက်စိမ်းမှာလည်း အာရှကျောက် မဟုတ်ဘဲ ဥရောပနယ်စပ်ရှိ ကောကဆပ် (Caucasus)တောင်ထွက်ပစ္စည်း ဖြစ်သည်ဟု ခန့်မှန်းကြသည်။

ယိုးဒယားမင်းသား "ခြူလာ၊ ချာကရာတောင်စေ" က မြဘုရားသမိုင်းနှင့် ပတ်သက်၍ ရေးသားဖော်ပြရာ၌ "ဤဆင်းတု ပေါ်တော်မူသည်မှာ ခရစ်သက္ကရာဇ် ၁၄၃၆ ခုနှစ်၌ မြန်မာ ပိုင်ခဲ့သော ဇင်းကရဲ (Chingrai)မြို့ စေတီပေါင်း တစ်ဆူကို မိုးကြိုးပစ်၍ လဲပြိုရာတွင် ဖြစ်သည်။ ဌာပနာတိုက်တွင် မြဆင်းတုတော်ကို ဘာမျှထိခိုက်ခြင်း မရှိချေ။ ထို့နောက်တွင်ကား လောပြည်တွင်း၌ မင်းပေါင်းစုံတို့ တစ်ဦးကိုတစ်ဦး အနိုင်ရချိန်တွင် မြို့တော်အသီးသီးသို့ ပင့်ဆောင် ကိုးကွယ်ခဲ့ကြသည်။

၁၇၇၈ ခုနှစ်တွင် လောပြည်၊ ဗီယင်တိန်မြို့တော် အသီးသီးသို့ ပင့်ဆောင် ကိုးကွယ်ခဲ့ကြသည်။ ချာကရိက ပင့်ဆောင်ကာ ဦးစွာ ဒွန်ဘုရီမြို့၌ စံတော်မူသည်။ ဗိုလ်ချုပ်ချာကရိသည် နောင်သောအခါ ပထမမြောက် ရာမဘုရင်အဖြစ် ယိုးဒယား ထီးနန်းကို ဆက်ခံလေသည်။ သူ၏ မယ်တော်မှာ တရုတ်လူမျိုး မယ်ကျောက်စိမ်း (လေဒီရုတ်) ဟု အမည်ရှိသောကြောင့် သားတော်က မြဘုရား ပင့်ဆောင်ခဲ့သည်မှာ ဆီလျော်ပေသည်ဟု ချီးကျူးကြသည်။

သို့လျှင် ခေါမ ပန်းပုဆရာများ ထုလုပ်ခဲ့ကြသော မြဘုရားသည် ပထမအနေဖြင့် အိန္ဒိယမြောက်ပိုင်း၊ ဒုတိယ မြန်မာပြည်၊ တတိယ လောပြည် စသည်တို့၌ နှစ်ပေါင်း ၁၀၀ ကျော် လှည့်လည် သီတင်းသုံးတော်မူပြီးလျှင် နောက်ဆုံး၌ ဘန်ကောက်မြို့သို့ ရောက်တော်မူသည်ဟု ယိုးဒယား မင်းသားကြီး ခြူလာက "ယိုးဒယား ဘဝရှင်များ" ခေါ် စာအုပ်၌ ရေးသားဖော်ပြလေသည်။

ဒေါက်တာထင်အောင်သည် အင်္ဂလိပ်ဘာသာဖြင့် မြန်မာရာဇဝင်သစ် တစ်အုပ်ကို ၁၉၆၇ ခုနှစ်က အမေရိကန်ပြည်တွင် ရေးသားထုတ်ဝေခဲ့ရာ မြဘုရားကို သီဟိုဠ်မင်းက မြန်မာဘုရင် အနော်ရထာသို့ သင်္ဘောနှင့် တင်ပို့ခဲ့ကြောင်း၊ ထိုသင်္ဘောသည် ပုသိမ်မြို့သို့ သွားရာတွင် လေမုန်တိုင်းမိကာ မာလယုကမ်းခြေ ကရားကျွန်းဆွယ်သို့ ရောက်သွား၏။ ထိုမှ ယိုးဒယားပြည် မဲနမ်မြစ်ရိုးတစ်လျှောက်တွင် အမြတ်တနိုး ကိုးကွယ်ကြသည်။ အနော်ရထာမင်းကိုယ်တိုင် အရှိန်မာ လုံ့ပျံနှင့် မြဘုရားရှိရာသို့ ရောက်လာ၏။ မဲနမ်ရပ်သူ ရွာသားအပေါင်းတို့က ထိုဆင်းတုတော်ကို များစွာ မြတ်နိုးကြပုံကို ထောက်ရှုကာ မြဘုရားကို ပုဂံသို့ မပင့်တော့ဘဲ ထိုအရပ်၌ပင် ကိုးကွယ်ကြစေ၏။

ယိုးဒယားရာဇဝင်၌ မဲနမ်မြစ်ဝှမ်း တစ်လျှောက်တွင် ထေရဝါဒသာသနာ ပြန့်ပွားစေသူမှာ အနော်ရထာမင်း ဖြစ်သည်ဟု အခိုင်အမာ ဆို၏။ ယခုခေတ်တွင် အင်ဒိုချိုင်းနား ဟု ခေါ်သော အာရှတောင်ပိုင်းနိုင်ငံများသို့ အနော်ရထာသည် အရှိန်မာ လုံ့ပျံနှင့် မကြာခဏ လာရောက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ထိုဒေသတစ်ဝန်း၌ အနော်ရထာနှင့် ပတ်သက်သော ရေးဟောင်းပုံပြင် အများအပြားရှိကြောင်း ဖော်ပြ၏။ အနော်ရထာ ခေတ်မှစ၍ ထိုဒေသတွင် မြန်မာသက္ကရာဇ်၊ မြန်မာ ရှင်ပြုနည်း၊ မြန်မာသင်္ကြန်ပွဲ စသည်တို့ကို လက်ခံကျင့်သုံးခဲ့ကြသည်။ သထုံပြည် ဆိုသည်မှာ မဲနမ်တောင်ပိုင်းရှိ “နခုံပထုံမြို့”ဖြစ်၏။ ယိုးဒယားပြည်၌ အကောင်းဆုံးသော အုတ်ချပ်များကို ယခုတိုင် “ပုဂံအုတ်”ဟု ခေါ်ဆိုကြ၏။

## သီဟိုဠ် စွယ်တော်

စွယ်တော်သည် မြန်မာတို့နှင့် သမိုင်းအဆက်ဆက် ပတ်သက်ခဲ့သည် ဖြစ်၍ အကျဉ်းမျှ ဖော်ပြသင့်ပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက် စွယ်တော် ၄ ဆူ ကျန်ရစ်ရာ ကိုးကွယ်ထိုက်သူတို့ကား (၁) သိကြားမင်း၊ (၂) ဂန္ဓာရမင်း၊ (၃) နဂါးမင်း၊ (၄) ကလိင်္ဂတိုင်း၊ ဒန္တပူရပြည်ရှင် ဗြဟ္မဒတ်မင်း။

မဟာဝင်ကျမ်းအရ ကလိင်္ဂဘုရင်နှင့် အမတ်ကြီး ဂုဟာစီဝေါတို့က စွယ်တော်ကို မြတ်နိုးပူဇော်ကြ၏။ ပုဏ္ဏားများက မလိုလား၍ ဧကရာဇ်မင်း ပဏ္ဍုကို တိုင်ကြားကာ စွယ်တော်ကို ဖျက်ဆီးစေ၏။ ပဏ္ဍုမင်း ရှေ့၌ပင် စွယ်တော်ကို မီးပုံထဲသို့ ပစ်ချရာ ကြာပန်းအလယ်တွင် စွယ်တော်ပေါ်လာသည်။ ထို့ကြောင့် ‘ဥံမဏိ၊ ပဒ္မမိဟုံ’ဟု ဆိုကြကုန်၏။ အနက်ကား “ကြာပန်းအလယ် သူ့စံပယ်”ဟူ၏ တည်း။

ပဏ္ဍုမင်း ရှေ့၌ စွယ်တော်ကို တူနှင့်ထုခြင်း၊ ရွံ့ဗွက်ထဲသို့ ပစ်ချခြင်းဖြင့် စမ်းကြ၏။ စွယ်တော်၏ တန်ခိုးကြောင့် ပို၍ တောက်ပြောင်သည်သာ ဖြစ်၏။ နောက်ဆုံး၌ ပဏ္ဍုမင်းက ဒူးထောက်ဝတ်ချကာ စွယ်တော်ကိန်းဝပ်ရန် ကြုတ်တော်နှင့် ရွှေပလ္လင်လုပ်ပေး၍ ဒန္တပူရ အမတ်ကြီး လက်သို့ ပြန်အပ်သည်။

ဒန္တပူရ ခေါ် စွယ်တော်မြို့၌ ထိုအမတ်ကြီး၏ သမက် ဒန္တကုမာရကို စွယ်တော်တိုက်အုပ် ခန့်သည်။ စွယ်တော်ရှိ၍ မြို့တိုးတက်စည်ကားပုံကို မနာလိုသော ရှင်ဘုရင်များက စစ်ပြုကြသည်။ ထို့ကြောင့် ကုမာရသည် စွယ်တော်ကို ယူ၍ ဇနီး ဟေမမာလာ၏ ဦးခေါင်းတွင် ဝှက်စေလျက် သီဟိုဠ်ကျွန်းသို့ ထွက်ပြေးကြသည်။ သို့လျှင် သီဟိုဠ်သည် စွယ်တော်နှင့် ဗောဓိညောင်တို့ တည်ရာ ဖြစ်လာသည်။

ခရစ်သက္ကရာဇ် ၁၃၈၄ က ကူဗလခန်မင်းကြီးသည် ပီကင်းမြို့မှ သီဟိုဠ်သို့ မာကိုပိုလိုကို စေလွှတ်၍ စွယ်တော် တောင်းခံရာ အံတော်နှင့်ဆံတော်များသာ ရခဲ့သည်ဆို၏။

၁၄၀၃ ခုနှစ်၌ တရုတ် ရေတပ်ဗိုလ် ချိန်ဟိုးက အိန္ဒိယ ပင်လယ်ကွေ့၌ လွှမ်းမိုးကာ သီဟိုဠ်ဘုရင်ကို ဖမ်းဆီးရမိခဲ့သည်။ စွယ်တော်ကိုကား မရ။

၁၆၀၃ ခုတွင် ဘုရင် ဝိမလဓမ္မ သူရိယက “မာလိဂွ” ခေါ် စွယ်တော်တိုက် ဆောက်လုပ် လှူဒါန်းသည်။

၁၆ ရာစုခေတ်တွင် ပေါ်တူဂီလူမျိုးများ ဂိုအားမြို့၌ အခြေစိုက်ကာ အာရှ၌ နယ်ချဲ့ခေတ် စတင်ခဲ့သည်။ ထို သီဟိုဠ်မြောက်ပိုင်း ဂျပ်ဖနားပြည်နယ်တွင် မင်းညီနောင်တို့ နန်းလုကြရာ နောင်တော် အရေးနိမ့်သဖြင့် ဂိုအားမြို့သို့ ထွက်ပြေးကာ ပေါ်တူဂီဘုရင်ခံ ဒွန်ကွန်စတင်တီနို (Dom Constantino)ဆီက စစ်ကူတောင်းလေသည်။

ထီးနန်းကို ပြန်ရလိုဇောနှင့် သူကိုယ်တိုင် ဗုဒ္ဓဘာသာ အဖြစ်မှ ခရစ်ယာန်ဂိုဏ်းသို့ နယ်ချဲ့အကြိုက် ကူးပြောင်းလိုက်သံ့သည်။ သေနတ်လက်နက် ကိုင်ဆောင်သော ပေါ်တူဂီ နယ်ချဲ့ ၁၀၀၀ ကျော်က လေးမြားကိုင်ဆောင်သူ သီဟိုဠ် စစ်သား ၂၀၀၀ ကို အနိုင်တိုက်ပေးခဲ့သည်။

ဂျပ်ဖနားမြို့တော်ကို သိမ်းပိုက်ရာတွင် ယခင်က မတွေ့ကြုံဖူးသော ရတနာတစ်ပါးကို ပေါ်တူဂီ စစ်သားများ ကြုံတွေ့ရသည်။ ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်များကို သိမ်းပိုက်ရာတွင် ရွှေကွပ်ထားသော စွယ်တော်တစ်ဆူကို ရတနာတိုက် အတွင်း၌ တွေ့ရှိရသည်။ သီဟိုဠ်သားတို့နှင့် အခြား နေရာတို့တွင် အကြိတ်အနယ် တိုက်ခိုက်ရခြင်း မရှိခဲ့သော်လည်း ထို စွယ်တော်ကျောင်းသို့ ရောက်ခါမှ သံဃာများက ကျားကုတ်ကျားခဲ ခုခံကာကွယ်ပုံကို ပေါ်တူဂီများ ရှုမြင်ရသည်။ အဘယ်မျှ အမြတ်တနိုး ထားသော ပစ္စည်းဖြစ်သည်ကို သိရှိကြလေသည်။ သီဟိုဠ်ကျွန်း အလယ်ပိုင်းရှိ ကန္ဒီမြို့မှ ထိုစွယ်တော်ကို ဂျပ်ဖနားမြို့သို့ ခေတ္တ ပင့်ဆောင်ကိုးကွယ်စဉ် ဤသို့ ဖြစ်ရသည်။

ပေါ်တူဂီတို့က စွယ်တော်ကို ဂိုအားမြို့သို့ သိမ်းပ သွား၏။ ဘုရင်ဂျိုဂိုဏ်းဝင် ခရစ်ယာန်တို့သည်လည်း ခရစ်တော်နှင့် ပတ်သက်သော ဝတ္ထုပစ္စည်းများကို အမြတ်တနိုး ထားရှိ ကိုးကွယ်စမြဲပင်။ ခရစ်တော်ကို ကွပ်မျက်သော လက်



www.burmeseclassic.com

www.burmeseclassic.com



ဝါးကပ်တိုင်၏ အပိုင်းအစများ၊ သံချောင်းများ၊ သွေးကွက်များကို ရှိခိုးပါက အန္တရာယ်ကင်းသည်ဟု ယူဆကြ၏။ သို့သော် ဗုဒ္ဓဘာသာဝင်တို့ကို ဒိဋ္ဌိဟု နယ်ချဲ့တို့က သတ်မှတ်ရာတွင် စွယ်တော်မှာ မရှိအပ်သော အနိဋ္ဌာရုံ ဟူ၍ ခရစ်ယာန် ဘုန်းကြီးတို့က မုန်းတီး ဖျောက်ဖျက်လိုလေသည်။

## စွယ်တော်နှင့် မြန်မာ

ပေါ်တူဂီများ လက်သို့ သီဟိုဠ်စွယ်တော် ကျရောက်ကြောင်း သတင်းသည် ထေရဝါဒနိုင်ငံများသို့ ပျံ့နှံ့သွား၏။ ဟံသာဝတီ နေပြည်တော်၌ ဘုရင့်နောင်မင်းကြီးက အထူး စိတ်မချမ်းသာ ဖြစ်ရလေသည်။ သက္ကရာဇ် ၁၅၅၀ ခုတွင် မိမိနန်းတက်သည်မှ စ၍ ကန္ဒီမြို့ စွယ်တော်တိုက်သို့ ကိုယ်စားလှယ်များ စေလွှတ်ကာ အထူးထူးသော ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့သည်။ စွယ်တော်တိုက်ကို မွမ်းမံပြင်ဆင်စေခဲ့သည်။ ရွှေခွက် ငွေခွက်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်များလည်း လှူခဲ့သည်။ ဘုရားကျွန်များအတွက် စွယ်တော်တိုက်အနီး မြေဝယ်ယူ နေထိုင်စေခဲ့သည်။ ၁၅၅၅ ခုတွင် ဘုရင့်နောင်နှင့် မိဖုရားခေါင်ကြီး၏ ဆံပင်များကို ပူးပေါင်းကာ တံမြက်စည်းသဖွယ် ရွှေကွပ်လျက် စွယ်တော်ခန်း၌ အမှိုက်လှည်းရန် ပို့လှူခဲ့သည်။

ပေါ်တူဂီတို့သည် အလွန် မိုက်ရိုင်းသော ပင်လယ်ဓားပြများ ဖြစ်သည်။ ဂိုအားမြို့သည် ဟံသာဝတီနှင့် မိုင် ၂ ထောင် ကွာဝေးသည်။ ရေကြောင်းချီတက် စစ်မက်ပြုရန် မလွယ်ပေ။ မှူးမတ်တို့နှင့် တိုင်ပင်တော်မူရာ ပေါ်တူဂီတို့အား တံစိုးပေးကမ်းကာ စွယ်တော်ကို ဝယ်ယူသင့်ကြောင်း တင်လျှောက်ကြသည်။ 'ပေါ်တူဂီတို့သည် ခရစ်ယာန်ဖြစ်၍ စွယ်တော်သည် သူတို့အတွက် အသုံးမဝင်ပါချေ။ ဈေးကောင်းရလျှင် ရောင်းဖွယ်ရှိပါသည်။ ထို့ကြောင့် ဥရောပ ရွှေဒင်္ဂါး ၆ သောင်း၊ မြန်မာငွေ ၇ သိန်းခန့် ပေးကမ်းသော် သင့်လျော်ကြောင်း' လျှောက်တင်ကြ၏။ ယခုခေတ် တန်ဖိုးနှင့်ဆိုသော် ကျပ်တစ်သန်းခန့် ရှိပေသည်။ ပဲခူးဆိပ်ကမ်း၌ အသင့် ရောက်ရှိနေသော ပေါ်တူဂီ သင်္ဘောကပ္ပိတန်မှ တစ်ဆင့် ဘုရင့်နောင်၏ အလိုဆန္ဒကို ဂိုအားမြို့ ဘုရင်ခံချုပ်ထံ အကြောင်းကြားလေသည်။

ဘုရင်ခံချုပ် ဒွန်ကွန်စတင်တီနိုက များစွာ အားရဝမ်းသာရှိ၏။ စွယ်တော်ကို မိမိအနေဖြင့် စစ်ကူပေးပို့ရာမှ ရရှိခဲ့ခြင်းကြောင့် ကိုယ်ပိုင်ပစ္စည်းဟု ယူဆ၏။ မြန်မာဘုရင်မင်းမြတ် ပေးကမ်းငွေသည်လည်း ရက်ရောလှပေသည်။ ပေါ်တူဂီအစိုးရ ဘဏ္ဍာတော်သို့ ဆက်သွင်းရန် မလိုဟု ဆုံးဖြတ်ကာ စွယ်တော်ကို ထိုဈေးနှုန်းအတိုင်း ရောင်းရန် သဘောတူညီလိုက်၏။

သို့သော် ခရစ်ယာန် ဂိုဏ်းချုပ်ကြီးက ထိုကိစ္စကို အပြင်းအထန် ကန့်ကွက်လေသည်။ 'ငါတို့ ခရစ်ယာန်ကျမ်းစာမှာ ရုပ်တုဆင်းတု မကိုးကွယ်ရ ဆိုတဲ့ ပညတ်တော်ပါရှိတယ်။ ဒီဗုဒ္ဓစွယ်တော်ဆိုတာ ရုပ်တုဆင်းတုရဲ့ အစိတ်အပိုင်း မဟုတ်ပါလား။ အာရှတိုက်မှာ ဒိဋ္ဌိ အယူဝါဒတွေ ပယ်ဖျက်ဖို့ ငါတို့ ရဟန်းမင်းကြီး (Pope)က သာသနာပြုစေခြင်း မဟုတ်လား။ အဲဒါကို ဆန့်ကျင်ရာ ကျမနေပါလား'ဟု ဆို၏။

ဘုရင်ခံက 'ဒီစွယ်တော်ဟာ ကျွန်တော်တို့ အဖို့ အဓိပ္ပာယ် မရှိပါ၊ ဘာမျှ တန်ဖိုးမထားပါ။ သို့သော် မြန်မာဘုရင်က ဒီရတနာရွှေကြုတ် တန်ဖိုးထက် အဆပေါင်းတစ်ထောင် ပိုပေးနေတယ် မဟုတ်လား။ ဒီလို အခွင့်ကောင်းမျိုးဟာ နောင်တစ်ကြိမ် ပေါ်မည် မဟုတ်ပါ။ ဘုရင့်နောင်မင်းဟာ စိတ်ရူးပေါက်နေချိန်မှာ ကျွန်တော်တို့က လက်နှေးမနေသင့်ပါ'ဟု ထုချေသည်။

ဂိုဏ်းချုပ်ကြီးက 'ရဟန်းမင်းကြီး အနေနှင့် ဤသို့သော ပြစ်မှုကို ခွင့်လွှတ်နိုင်မည် မဟုတ်ပါ။ ယခု ဂိုအားမြို့တွင် ရောမမြို့တော်မှ မဟာဒါန်ဝန် (Grand Inquisitor) ရောက်ရှိနေတယ်။ သူလည်း ငါနှင့် တစ်သဘောတည်း ဖြစ်မည်'ဟု မိန့်ဆို၏။

ဘုရင်ခံက 'ကျွန်တော်တို့ ဂျပ်ဖနားမြို့သို့ သွားရောက် တိုက်ခိုက်ရာမှာ စစ်စရိတ် အကုန်အကျများလည်း ရှိနေပါတယ်။ နေပြည်တော်က ဘုရင်ထံမှ ထိုကုန်ကျငွေများ တောင်းခံရန်လည်း မသင့်ပါ။ စစ်ပွဲမှာ သိမ်းဆည်းရရှိတဲ့ ပစ္စည်းများကို ထုခွဲရောင်းချ သုံးစွဲခြင်းက ဇယားကိုက်ညီပါတယ်'ဟု တင်ပြရာတွင် အခြား စစ်ဗိုလ် စစ်သားများက ထောက်ခံကြလေသည်။

သို့သော် ဂိုဏ်းချုပ်ကြီးက တင်းမာလျက်ပင်၊ နောက်ဆုံး၌ 'ဤစွယ်တော်ကို ဒိဋ္ဌိတို့၏ ရုပ်တုဆင်းတုအဖြစ် လူမြင်ကွင်းတွင် အများ မှတ်လောက်သားလောက် ချေမှုန်း ဖျက်ဆီးပစ်ရမည်။ ဘုရင်ခံက ဤဆုံးဖြတ်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



မနာယူလျှင် သူ့ကိုလည်း ဒိဋ္ဌိ အားပေးသူအဖြစ် အရေးယူဆုံးမရမည်’ဟု သတ်မှတ်လိုက်လေသည်။

ဘုရင်ခံက ထိုကြောင့် အလျှော့ပေးပြီး နောက်နေ့တွင် ဂိုအားမြို့ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ရှေ့၌ စွယ်တော်ဖျက်ဆီးပွဲ ကျင်းပလေသည်။ မြို့သူမြို့သား ပရိသတ်များ မျက်မှောက်၌ပင် ဘုရင်ခံက ဂိုဏ်းချုပ်ကြီး လက်သို့ စွယ်တော်ကို ပေးအပ်ရ၍၊ ထိုနောက် ကျောက်ရေတ်ဆုံထဲသို့ စွယ်တော်ကို ထည့်ကာ ဂိုဏ်းချုပ်ကိုယ်တိုင် ကျောက်ကျည်ပွေ့ဖြင့် ညက်ညက်ကြေအောင် ထောင်းထုသည်။ ထိုနောက် အနီးရှိ မီးသွေးမီးဖိုထဲသို့ စွယ်တော်အမှုန့်များကို ကြဲချ၏။ မီးငြိမ်းသောအခါ ထိုပြာများကို ပင်လယ်ထဲသို့ လွှင့်ပစ်လေသည်။

ထို့ကြောင့် မြန်မာဘုရင်မှာ စွယ်တော်ကို ဖူးမျှော်ခွင့်မရတော့ဘဲ ပေါ်တူဂီ ဘုရင်ခံမှာလည်း ကြုံကြိုက်ခဲလှစွာသော လာဘ်လာဘကြီးနှင့် လွဲရလေတော့သည်။

## သီဟိုဠ်နှင့် ဘုရင့်နောင်

သို့သော် စွယ်တော်ဇာတ်လမ်းကား မဆုံးပါသေးချေ။ ထိုအချိန်မှ ၁၄ နှစ်မျှ ကြာလတ်သော် ဘုရင့်နောင်သည် ယိုးဒယားမြို့တော်ကို တိုက်ခိုက် သိမ်းပိုက်ခဲ့၏။ အာရှတောင်ပိုင်း၌ အောင်ပွဲရ ဧကရာဇ်အဖြစ် များစွာ ထင်ရှားကျော်စောလေသည်။ ယိုးဒယားပြည်မှ ဆင်ဖြူတော် ၄ စီးရရှိလာ၍ စကြာမင်းတို့၏ အဆောင်အယောင်ကား ရရှိပေပြီ။ သို့သော် သီဟိုဠ်စွယ်တော်ကို ပူဇော်ခွင့် မရခဲ့သောကြောင့် အပြည့်အဝ မပျော်နိုင် ဖြစ်နေ၏။

နက္ခတ်ဆရာများကမူ ဘုရင့်နောင်သည် သီဟိုဠ်ကျွန်းမှ ထူးခြားသော ရတနာများ ဝင်ကိန်းရှိသည် ဆို၏။ သမီးကညာသာ မက ထိုထက်မြတ်သော သရီရ ဓာတ်တော်များလည်း ပူဇော်ရလတ္တံ့ဟု ဆို၏။ ထိုအချိန်၌ အဆောင်ရမိဖုရားတစ်ဦးလည်း ကွယ်လွန်ခဲ့ရာ ဘုရင့်နောင်က ထိုနေရာ၌ အစားထိုးရန် သီဟိုဠ်ကျွန်းသို့ သံအဖွဲ့ စေလွှတ်လိုက်လေသည်။

သီဟိုဠ်၌ ဘုရင်က သမီးတော် ဆက်သရန် ဝန်မလေးသော်လည်း သူ့၌ သမီးအရင်း မရှိဖြစ်၍ အခက်ကြုံနေ၏။ ဘုရင်က မွေးစားထားသော ပုရောဟိတ်ကြီး သမီးကား ရှိ၏။ အဆင်းကြန်အင်လည်း ရှိ၏။ သို့သော် မဟာမျိုးမဟာနွယ် မဟုတ်သည်ကို မြန်မာဘုရင်က သိပါလျှင် ဒွေစိတ်တော် ငြိုငြင်မည်ကို စိုးရိမ်ရလေသည်။ အဖိုးတန်လက်ဖွဲ့ပစ္စည်း ပါလျှင်ကား မထောင်းတာဟု ယူဆကြသည်။

မြန်မာသံတမန်များကို တိုင်ပင်ရာ ဘုရင့်နောင်သည် စွယ်တော်ကို မြတ်နိုးသဖြင့် တစ်ကြိမ်က ပေါ်တူဂီများထံ ငွေ ၇ သိန်း ပေးခဲ့ဖူးကြောင်း၊ ထိုငွေမှာ နှစ်စဉ် သီဟိုဠ်ကျွန်း အခွန်တော်ငွေထက် ၃ ဆမျှ ပိုကြောင်း၊ သို့သော် စွယ်တော်ကို လူဖြူတို့က ချေမှုန်းပစ်ခဲ့၍ နှလုံးတော် မသာ ဖြစ်ခဲ့ရသည်။

သီဟိုဠ် သုခမိန်ကြီး သိရှိသော စွယ်တော်အကြောင်းမှာ တစ်မျိုး ဖြစ်လေသည်။ ပေါ်တူဂီတို့ ချေမှုန်းပစ်သော စွယ်တော်မှာ အစစ် မဟုတ်ကြောင်း၊ စွယ်တော်စစ်ကို နတ်သိကြားတို့က အချိန်မီ ဝှက်ယူထားလိုက်သဖြင့် ဖျက်ဆီးရာတွင် မပါကြောင်း၊ အခြားနည်းမှာလည်း ဂျပ်ဖနားမြို့ ကျဆုံးချိန်က ဘုရင်သည် စွယ်တော်ကို နေရာပြောင်း၍ ဌာပနာခဲ့သဖြင့် ထိုစွယ်တော်စစ်သည် ကန္ဒီမြို့သို့ လုံခြုံစွာ ပြန်ကြွနိုင်ခဲ့သည် ဆို၏။

မည်သို့ဖြစ်စေကာမူ မြန်မာသံတမန်တို့အား ထိုစွယ်တော်ကို မျက်မြင်ဖူးတွေ့ခွင့် ပေးလေသည်။ ရတနာမြကြုတ် ၇ ခု အတွင်း၌ ကိန်းဝပ်တော်မူနေပုံကို တစ်ခုပြီးတစ်ခု ဖွင့်လှစ်ပြသည်။ မြန်မာတို့က တအံ့တသြ ကြည်ညိုကြ၏။

သီဟိုဠ်မင်းနှင့် မှူးမတ်တို့က စွယ်တော်ကို ရောင်းချခြင်း မပြုဘဲ သမီးတော်နှင့်အတူ လက်ဖွဲ့အဖြစ် မြန်မာမင်းသို့ ဆက်သမည် ဆိုလေသည်။ သို့မှလည်း မွေးစားသမီးတော်ကို ဂုဏ်သိက္ခာ မြင့်မားစေပေမည်။ အထူးမှာ သီဟိုဠ်မင်းသမီးက မြန်မာပြည်သို့ ရောက်ရှိချိန်၌ ထိုသတင်းကောင်းကို ရှင်ဘုရင်သို့ သီဟိုဠ်သူ ကိုယ်တိုင် ဦးစွာ လျှောက်ကြားခွင့် ပြုစေလိုကြောင်း၊ စွယ်တော်ကို သီးခြား ပင့်ဆောင်ခြင်းက ပိုမိုတင့်တယ်မည် ဖြစ်ကြောင်းတို့ကို ဆန္ဒပြုကြလေသည်။ မြန်မာတို့က ကောင်းစွာ သဘောတူခဲ့ကြ၏။

စွယ်တော် ဆိုက်ရောက်ချိန်၌ ဘုရင့်နောင် မင်းတရား ကိုယ်တိုင် ဒဂုံမြို့သို့ လာရောက်ကြိုဆိုကာ ရတနာဖောင်တော်ဖြင့် ဟံသာဝတီသို့ စည်ကားသိုက်မြိုက်စွာ ဆောင်ယူသည်။ ပဲခူးမြို့ မိကျောင်းဆိပ်ကမ်းတွင် မင်းညီမင်းသားတို့က ရေသို့ဆင်းကာ ဖောင်တော်မှ စွယ်တော်ကို ဦးထိပ်ရွက် ပင့်ဆောင်ကြသည်။ ဘုရင့်နောင်အဖို့ ယခုမှပင်



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်ကျလေတော့သည်။ ဘေားလောင်းတော် အနော်ရထာမင်းသည် စွယ်တော်ပွားကိုသာ ပင့်နိုင်သည်။ အလောင်းစည်သူ မင်းမှာလည်း တရုတ်ပြည်၌ စွယ်တော်ရှာထွက်ရာ မအောင်မြင်ခဲ့ချေ။ သူ့သာလျှင် ဘုန်းကံရှင်အဖြစ် စွယ်တော်ကို ကိုးကွယ်ခွင့် ရလေပြီ။ အဟောသုခံ ဩော် ချမ်းသာစွ၊ ချမ်းသာစွ။

*

၁၇၅၅ ခုတွင် သီဟိုဠ်ဘုရင်က စွယ်တော်ပွားတစ်ဆူကို ယိုးဒယားဘုရင် ဓမ္မိကာထံ ပို့သ၏။

၁၈၁၅ အင်္ဂလိပ်များက သီဟိုဠ်ကျွန်းကို စတင်သိမ်းပိုက်သည်။ စွယ်တော်စာချုပ် ပြုလုပ်ရာ၌ အင်္ဂလိပ်အစိုးရက သာသနာ့ ဒါယကာအဖြစ် စွယ်တော်တိုက်ကို အစောင့်ချထားပေးသည်။

၁၈၂၈ အင်္ဂလိပ်ဘုရင်ခံက စွယ်တော်ပင့်ပွဲသို့ တက်ရောက်ရာတွင် ခရစ်ယာန်တို့ ကန့်ကွက်ကြ၏။ ဒိဋ္ဌိတို့၏ပွဲကို ခရစ်ယာန်ဘုရင်ခံ မတက်သင့်ဟု ဆို၏။ ထို့ကြောင့် ၁၈၄၆ ခုတွင် အင်္ဂလိပ်တို့က စွယ်တော်တိုက်ကို သီဟိုဠ်ကျွန်း ဘုန်းကြီးများထံ ပြန်အပ်သည်။

ဘုရင် ပရက္ကမဗာဟု လက်ထက်မှ စ၍ ကန္ဒီမြို့တွင် စွယ်တော်ပင့်ပွဲ ကျင်းပခဲ့သည်။

၁၈၉၈ ခု၌ စွယ်တော်တိုက်တွင် ထားရှိရန် ရတနာပြာသာဒ်တစ်ခု မြန်မာပြည်မှ ပို့ဆောင်ရာ တန်ဖိုးမှာ ရွှေဒင်္ဂါး ၆ သောင်း ဖြစ်သည်။

ထို့အတွက် သီဟိုဠ် အစိုးရက အကောက်ခွန် စည်းကြပ်ရာ သူဌေးကြီး မူဒါးရားက စိုက်ထုတ်ပေးသည်။

*

## [ ၃ ] မင်းရာဇာကြီး၏ ဟံသာဝတီ အောင်ပွဲ

ရခိုင်ဘုရင် မင်းရာဇာကြီး ဟံသာဝတီသို့ ချီတက်စဉ်က ရခိုင်ပညာရှိ အမတ်ကြီး မဟာပညာကျော်လည်း အတူလိုက်ပါခဲ့သည်။ ထိုအမတ်ကြီး၏ လျှောက်ထုံးကျမ်း၌ ထိုအကြောင်းအရာ ရေးသား ပါရှိပုံကား–

"သာကီနွယ်ဝင် မင်းဖလောင်းကြီး၏ သားတော် မင်းရာဇာကြီး လက်ထက်တွင် တောင်ငူမင်းက အထူးထူးသော လက်ဆောင်တို့နှင့် စာသဝဏ် ပါးရာတွင် 'ပဲခူးမြို့ကို ကူညီ တိုက်ယူ ပေးတော်မူပါ။ ပဲခူးကိုရလျှင် သမီးကညာနှင့် ဆင်ဖြူရတနာကို ဆက်ပါမည်' ဆို၏။ ထိုကိစ္စနှင့် ပတ်သက်၍ စနည်းနာစေရာ အဋ္ဌန နဒီ လယ်မိုျမြစ်တွင် လူငယ်တို့ လှေလှော်၍ ဆိုကြသော သီချင်းသံမှာ 'ဆင်ဖြူ တင်ကျူး၊ ထီးဖြူမိုး၍၊ ပဲခူးဘုရင်၊ ငါတို့ရှင်ထံ၊ ဝင်လိမ့်မည်' ဟု ကြား ခဲ့ရသည်။ ၎င်းကို အမတ်ကြီး မဟာပညာကျော် အနက်ပြန် သည်ကား 'မိတ်ဆွေ မင်းတို့၌ အရေးအကြောင်းဆိုက်သော် ကူညီသင့်သော ထုံးဟောင်းရှိပါသည်၊ ယခု အကြည်တော် တောင်ငူမင်း ပေးလိုက်သော ရွှေပေတွင်လည်း အရှည်ထွန်း လင်းဖွယ် အကြောင်းဖြစ်၍ သူငယ်တို့ ဆိုသည့်အတိုင်း အမှုလွယ်ကာ ပြီးကုန်ပါမည်' ဟု လျှောက်၏။

"ထိုကြောင့် မင်းရာဇာကြီးလည်း သင်္ဘော ၃၀၀၊ ဘင်္ဂလား ၁၂ မြို့က ကုလားသူရဲ ၃၀,၀၀၀ နှင့် သက္ကရာဇ် ၉၃၀ တွင် ချီတက်တော်မူ၏။ ပဲခူးသို့ရောက်သော် အနောက်ဘက် ဟသ်ာဇိုင်းဂနိုင်းတွင် တပ်ချ၍ မြို့ကို ရံလေ၏။ ယင်းသောအခါ ပဲခူးမင်း နန္ဒဘုရင် နန်းက ဆင်း၍ တောင်ငူသို့ ပြေးလေသည်။

ယင်းသည့်ကာလ ယိုးဒယားမင်း ဗျနရစ်သည် အလုံးအရင်းနှင့် ချီလာသော် တောင်ငူမင်းလည်း တောင်ငူသို့ ပြန်၏။ ယိုးဒယားမင်းလည်း တောင်ငူသို့ ချီတက်၍ ရံ၏။ အစာရိက္ခာ ရှားပါး၍ တောင်ငူက ခွာကာ ယိုးဒယားသို့ ပြန်၏။ လမ်းခရီးမှ ရခိုင်သက်မင်းက ကျုံး၍ တိုက်ရာ ယိုးဒယားမင်း၏ညီတော် ဗျာသမွန်ကို ရ၏။ ထိုညီတော်ကို ကောင်းစွာထားကာ မင်းရာဇာကြီးက ယိုးဒယားပြည်ရှိ လက်နက်ပဏ္ဏာများကို တောင်းရာ ပြောင်းမီးပေါက် ၃၀၀၀ နှင့် ကြေးရုပ်ကြီးများ ရရှိလေသည်။

တောင်ငူမင်းကလည်း ဟံသာဝတီ ဧကရာဇ်၏ သမီးတော် ရှင်ထွေးနှောင်းနှင့် ခြွေရံ မောင်းမ ၃၀၀၊ ဆင်ဖြူ တော်နှင့် ဆင်မည်းများ ဆက်သည်။ ပဲခူးမြို့ရှိ မွန်နှင့် ယိုးဒယား အိမ်ထောင်သုံးသောင်းကို ရခိုင်ပြည်နယ်သို့ သိမ်း ခေါ်တော်မူသည်။ သန်လျင် သင်္ဘောဆိပ်မြို့ကို ဘိုးတော် မင်းဘာကြီး သားတော် ငအင်္ဂါကို အစောင့်အနေ ထားကာ ၉၆၃ ခုနှစ်တွင် နေပြည်တော်သို့ ပြန်သည်။

ထိုအချိန်က ရခိုင်မင်း၊ တောင်ငူမင်းနှင့် ယိုးဒယား မင်းတို့၏ ၃ ပွင့်ဆိုင် တိုက်ခိုက်ခြင်းကို ခံရသော ဟံသာဝတီ မင်းမှာ ဘုရင့်နောင်၏ သားတော် နန္ဒဘုရင် ဖြစ်သည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ပုံးညှပ်ပိတ် တိုက်ခိုက်သူတို့နှင့် အားမတန်သောကြောင့် နန္ဒဘုရင် ကျဆုံးကာ ပဲခူးမြို့ကြီးလည်း ပြာပုံဘဝသို့ ရောက်ရတော့သည်။ ဘုရင့်နောင်ခေတ်၌ အာရှတောင်ပိုင်း၏ အခမ်းအနားဆုံး ပဲခူးနေပြည်တော်မှာ ရစရာ မရှိအောင် ပျက်စီးလေတော့သည်။

## ရခိုင်မင်း၏ မြန်မာမိဖုရား

အမှန်အားဖြင့် အာရှတောင်ပိုင်း ဧကရာဇ်အဖြစ် ဘုရင့်နောင်၏ ဩဇာအာဏာကို ဆက်ခံသူမှာ ရခိုင် မင်းရာဇာကြီးပင် ဖြစ်တော့၏။ သူသည် နန္ဒဘုရင်၏ သမီးတော်နှင့် ဆင်ဖြူတော်ကို ရရှိသဖြင့် အလိုပြည့်သွား၏။ ဆင်ဖြူတော်မှာ ယိုးဒယားမှ ဘုရင့်နောင် သိမ်းပိုက်ခဲ့ခြင်း ဖြစ်သည်။

ပဲခူး၌ စွယ်တော် ရနိုင်သေးသော်လည်း ရခိုင်ပြည်တွင် မဟာမုနိရုပ်ပွားတော် ရှိနေပြီး ဖြစ်၍ မင်းရာဇာကြီးအတွက် အရေးမကြီးတော့ချေ။ မင်းရာဇာကြီးက မလိုချင်၍ ထားခဲ့သော စွယ်တော်ကို နောင်အခါ သာလွန်မင်းသည် စစ်ကိုင်းသို့ ပင့်ဆောင်၍ ကောင်းမှုတော် စေတီကြီး၌ ဌာပနာသည်။

ရခိုင်ပြည်သို့ ပါတော်မူသော မင်းသမီး ရှင်ထွေးနှောင်း ခေါ် ခင်မနှောင်းကား နန္ဒဘုရင်၏ တောင်နန်းဖွား ဖြစ်၏။ မင်းရာဇာကြီးက သူတို့ ရခိုင်တို့တွင် အမြင့်ဆုံးဖြစ်သော တန်ဆောင်းမိဖုရား (အဂ္ဂမဟေသီ)အဖြစ် ချီးမြှောက်၏။ မိဖုရားကြီး ခင်မနှောင်းက မြောက်ဦးမြို့ရှိ နန်းတော်ကို ချီးကျူးသော ရတုပိုဒ်စုံတွင် "တက်ထွန်းလက်နေ၊ စက်ဝန်းပတ်ခွေ၊ ဘက်ကျွန်းလွှတ်ထွေ" စသည်ဖြင့် အစချီ ပါရှိ၏။

ရှင်ထွေးနှောင်းနှင့်အတူ နန္ဒဘုရင်၏ မြောက်နန်းဖွား သားတော် မောင်စောပန်လည်း ပါသွား၏။ မောင်စောပန်၏ အစ်မတော်ကို တောင်ငူမင်းက မိဖုရားမြှောက်ကာ ဟံသာဝတီကို ဆက်လက် အုပ်စိုးလေသည်။

မင်းရာဇာကြီးသည် သူ၏ မြန်မာယောက်ဖတော် မောင်စောပန်ကို ဘင်္ဂလား ၁၂ မြို့၏ ဘုရင်ခံအဖြစ် ခန့်အပ်တော်မူသည်။ သူ၏ အနွယ်တော်များသည် ယနေ့တိုင် ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းရှိ ဗိုလ်မင်းတောင်တွင် စိုးမိုးလျက် ရှိကြပေသေးသည်။

၁၆၁၄ ခုနှစ်မှ စ၍ မောင်စောပန်၊ ၎င်းနောက် မောင်ကြိုင်ဖြူ၊ ၎င်းနောက် ဟာရီဖြူ၊ ၎င်းနောက် ဟာရီညို၊ ၎င်းနောက် ကောင်းလှဖြူတို့ ၁၈၁၁ ခုနှစ်အထိ ဘုရင်ခံ ဖြစ်ခဲ့ကြသည်။ ဆဋ္ဌမမြောက် သက်တင်ဖြူ လက်ထက်တွင် စစ်တကောင်းနယ် ရွှာတော်မြို့ကို ထူထောင်ကာ "ရေကြည်တောင် ဗိုလ်မင်း"ဟု ခေါ်တွင်လေသည်။

[မှတ်ချက်။ ။ ထိုဒေသ၌ ဘုရင့်နောင်၏ အနွယ်တော် ၁၄ ဆက်မြောက် မောင်ရွှေဖြူသည် ၁၉၅၉ ခုနှစ်မှ စ၍ အဆက်မပြတ် ယနေ့တိုင် အုပ်စိုးလျက် ရှိနေ၏။]

နန္ဒဘုရင်၏ သမီးတော် ရှင်ထွေးနှောင်းသည် မင်းရာဇာကြီး၏ တောင်နန်းမိဖုရားအဖြစ် ၁၂ နှစ်မျှ စံရပြီးနောက် ဘုရင် နတ်ရွာစံသဖြင့် ထီးနန်းဆက်ခံသူ မင်းခမောင်း လက်ထက်တွင် မယ်တော်မိဖုရားကြီး အဖြစ် လေးစားပြုစုမှု ခံရ၏။ ၁၆၂၂ ခုနှစ်တွင် နန်းတက်သော ရခိုင်ဘုရင် သတိုး သီရိသုဓမ္မာ လက်ထက်၌ သူ့ကို ဘွားတော် မိဖုရားကြီး အဖြစ်ဖြင့် ဆက်လက်ပြုစု ချီးမြှောက်၏။

၁၆၃၀ ပြည့်နှစ်တွင် မြောက်ဦးနန်းတော်သို့ ရောက်ရှိသော ခရစ်ယာန် ဘုန်းတော်ကြီး မန်းရစ် (Frair Manrique) သည် ထိုမြန်မာသွေး မိဖုရားကြီးနှင့် တွေ့ဆုံခဲ့ဖူးလေသည်။ ထိုအချိန်၌ ရှင်ထွေးနှောင်းမှာ အသက် ၅၃ နှစ် ရှိချေပြီ။

မန်းရစ်။ ။ ဘုရင်မင်းတရားက သနားတော်မူ၍ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ဆောက်လုပ်သည်မှာ ပြီးစီးပါပြီ သခင်မ။ သို့သော် ဒီကျောင်းကို စောင့်ရှောက်ထိန်းသိမ်းမည့်သူများ လိုအပ်နေပါတယ်။ တောရွာများမှာ နေထိုင်သူ ခရစ်ယာန်ဘာသာဝင်များကို ခေါ်ယူ ထားရှိပါတယ်။ ဒီကိစ္စမှာ အရှင့်မြေးတော်ဘုရင်ကို ဘယ်လို လျှောက်ရမှန်းမသိ ဖြစ်နေပါတယ်။ ဘယ်လို လုပ်ရမည်လဲ အရှင်မ။

မိဖုရား။ ။ ဘုရားသစ် ကျောင်းသစ်များ တည်ပြီးလျှင် စောင့်ရှောက်ထိန်းသိမ်းဖို့ ကပ္ပိယများ၊ ဘုရားကျွန်များ အမြဲတမ်း ထားရှိစမြဲပါ။ ခရစ်ယာန်ကျောင်းတော်အတွက် အလားတူ အခွင့်အရေး တောင်းယူလျှင် စာနာထောက်ထားဖို့ လွယ်ပါလိမ့်မယ်။

## မိန်းမပြတ် ပါလေ

မန်းရစ်။ ။ လူဘယ်နှယောက် ထားနိုင်ပါသည်လဲ ဘုရား။

မိဖုရား။ ။ အခါတိုင်းတော့ ၂၀ လောက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရှင်ကြီးက လူပို ခေါ်လိုလျှင် တဖြည်းဖြည်းတော့ မိသားစုဝင်များ မှီခိုသူများ အဖြစ်နှင့် ဆယ်ဆလောက် တိုးသွားနိုင်ပါတယ်။ ဒါကတော့ နောက်ပိုင်းမှာ ကိုယ် လိမ္မာသလို ကြည့်လုပ်သွားတာပေါ့။

ရှင်ကြီး မန်းရစ်မှာ မိဖုရားကြီး လိမ္မာရေးခြား ရှိပုံကို တအံ့တသြ ငေးမောနေမိသည်။ မိမိ အနေဖြင့်၊ လူမျိုးခြားဘာသာခြားအနေဖြင့် ဘယ်လိုမှ မတွေးတတ်အောင် ရှိနေခဲ့သည်။ ဤကိစ္စမျိုးကို မကိုင်တွယ်တတ်လျှင် စစ်ဖြစ်သည်အထိ ပြဿနာ ကြီးထွားနိုင်သည်။ သို့သော် မိဖုရားကြီးက တရားသဖြင့် ဘောင်အတွင်း ဖြေရှင်းနည်းကို ရိုးရိုးကလေး ပြောပြသွားသည်။ သူပြောသည့်အတိုင်း ရှင်ကြီးက လိုက်နာ ရွက်ဆောင်ရာ ရှောရှောရှူရှူပင် အောင်မြင်ခဲ့သည်။

နောက်တစ်ကြိမ် မိဖုရားကြီးကို ဖူးမြော်ရာ ရွှေသလွန်ပေါ်တွင် ထိုင်လျက် အပျိုတော် ၆ ဦး ဝဲ-ယာ ခစားလျက် ရှိသည်။

မန်းရစ်။ ။ ရခိုင်ပြည်ရှိ နိုင်ငံခြားသား ခရစ်ယာန်ဘာသာဝင်များက အရှင်မိဖုရားကြီးရဲ့ ကျေးဇူးတော်ကို ပြော၍ဆုံးဖွယ် မရှိပါ။

မိဖုရား။ ။ ထိပ်ထားအနေနှင့် ပဲခူးမှာ နေစဉ်ကလည်း ခရစ်ယာန် ဘုန်းတော်ကြီးများနှင့် ဆုံဖူးပါတယ်။ သူတို့က မယ်တော်မာရီအကြောင်း ပြောပြတာ အင်မတန် လွမ်းစရာကောင်းတယ်၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းလည်း တက်ရောက်ဖူးပါတယ်။ မာရီသခင်မ သီချင်းကိုတောင် ငယ်ငယ်က ဆိုတတ်ပါတယ်၊ အခုတော့ မေ့ကုန်ပြီ။ အဲသလို ပျော်ပျော်ရွှင်ရွှင် နေခဲ့တာတွေဟာ စစ်ဖြစ်တော့ ကုန်ဆုံးခဲ့ရတယ်။ ကိုယ့်မြို့ ကိုယ့်ရွာလည်း ပျက်စီး၊ ခမည်းတော်လည်း ကျဆုံးပြီး မြန်မာပြည်ကို မရောက်နိုင်တော့တာ ယနေ့တိုင်ပါပဲ။ (မိဖုရားကြီးသည် ပြောရင်း မျက်ရည်လည်လာ၏) ဒီမှာ ရခိုင်ဘုရင့်ရဲ့ ကြင်ရာတော်အဖြစ် မြှောက်စားကြပါရဲ့၊ မောင်တော်ကိုလည်း ကြာတော့ မေတ္တာ ရှိပါရဲ့၊ သို့သော်လည်း သူ့နန်းသက်က မရှည်ရှာပါဘူး။ (ရှိုက်ငင်သံနှင့် စကားဆက်ပြောနေသည်) ထိပ်ထားဘဝဟာ ကံမကောင်းပါဘူး၊ နောက်တော့ သားတော်လေး နှစ်ပါးလည်း ဒီက နန်းတွင်း အရှုပ်အထွေးမှာ မရှုမလှ အသတ်ခံရရှာတယ်။ ဖြစ်ရတယ်၊ ဒါကြောင့် မယ်တော်မာရီ သီချင်းတွေလည်း မေ့ကုန်ပြီ။ (မိဖုရားကြီးသည် ရှိုက်ငင်ပြောဆိုရင်း မူးမေ့သွားသဖြင့် အမျိုးသမီးများက အတွင်းဆောင်သို့ ပွေ့ချီသွားကြသည်)

ကျွန်ုပ်အနေဖြင့် ဘာလုပ်ရမည်မသိ ဖြစ်နေစဉ် မင်းသမီးကြီး တစ်ပါး ထွက်လာကာ မိဖုရားကြီး စိတ်မကောင်း၍ ဝမ်းနည်းစွာ ညီလာခံ ရုပ်သိမ်းရကြောင်း တောင်းပန် ပြောဆိုပါသည်။ သြော်....သူတို့ကား ယဉ်ကျေးပါဘိသည်။

[ အထက်ပါ မှတ်တမ်းမှာ ၁၆၄၉ ခုနှစ်၌ ပေါ်တူဂီဘာသာနှင့် ထုတ်ဝေသော "ရှင်ကြီးမန်းရစ်၏ ခရီးစဉ်" စာအုပ်၌ ပါရှိသည်။ ]

*

## [၄] ဘိုးတော်ဘုရား၏ ဓညဝတီ အောင်ပွဲ

ရခိုင်ပြည်ကို ဘိုးတော်ဘုရား သိမ်းပိုက်ခဲ့ပုံနှင့် ပတ်သက်၍ မြန်မာရာဇဝင်ကို မကိုးကားဘဲ ရခိုင်လူမျိုးများ ကိုယ်တိုင် ရေးသားချက်ကို တင်ပြခြင်းသည် အကောင်းဆုံး ဖြစ်ပေမည်။ ထို့ကြောင့် ဦးအောင်သာဦး ရေးသားပြုစုသော **ရခိုင်ရာဇဝင်**မှ အောက်ပါကောက်နုတ်ချက်ကို တင်ပြပါသည်။

"သက္ကရာဇ် ၁၁၄၄ တွင် နန်းတက်သော မဟာသမ္မတ မင်းသည် ရခိုင်ပြည်၌ နောက်ဆုံးစိုးစံသော မင်းဖြစ်၏။ ထိုမင်းလက်ထက်၌ ယခင်ကလိုပင် ရခိုင်ပြည် အနှံ့အပြား မင်းအာဏာတော်ကို ပုန်ကန်ဖီဆန်၍ ပုန်ကန်သူများ ရှိတုံသေး၏။ သို့သော် တိုင်းပြည်ကို ထိရောက်စွာ အုပ်ထိန်းနိုင်သော အရည်အချင်း မရှိသဖြင့် တိုင်းပြည် ဆူပူလျက်ပင် ရှိတုံသေး၏။ ရဟန်းရှင်လူ ပြည်သူအများသည် စိတ်မချမ်းမြေ့ကြချေ။ သာသနာရေး၊ ပညာရေး၊ စီးပွားရေးမှ စ၍ အဘက်ဘက်၌ ဆုတ်ယုတ်လာခဲ့၏။ တစ်တိုင်းပြည်လုံး ဝါးအစည်း ပြေသကဲ့သို့ ဖရိုဖရဲ ပြိုကွဲနေတော့၏။

"ယင်းသို့သော အချိန်အတွင်း ရခိုင်ပြည်ကို လာရောက် သိမ်းပိုက်ပါမည့်အကြောင်း ရခိုင်များကပင် စစ်ပန်လာသည်ဖြစ်၍ အမရပူရ ရွှေနန်းရှင် ဘိုးတော်မင်းတရားသည် ရခိုင်ပြည်၏ အခြေအနေကို စုံစမ်းရန် သူလျှိုများ စေလွှတ် စုံစမ်းတော်မူခဲ့သည်။ သူလျှို စေလွှတ်၍ ရခိုင်ပြည်ကို သိမ်းယူသင့်ကြောင်း တွေ့မြင်ရပြီးမှ ဘိုးတော်ဘုရားသည် သားတော်အိမ်ရှေ့မင်းကို ချီတက်စေရန် အမိန့်ပေး၏။"



www.burmeseclassic.com

www.burmeseclassic.com



ထိုအရေးနှင့် ပတ်သက်၍ **ရခိုင်ရာဇဝင်သစ်** ၌ ပါရှိသည်မှာလည်း "ဘိုးတော်မင်းတရားက သားတော်အိမ်ရှေ့မင်း၊ စကုမင်း၊ ကာမမင်းတို့ကို ခေါ်၍ 'ဓညဝတီမြို့ကို ဆင်လုံးမြင်းရင်းများနှင့် မောင်တို့ ချီသွား လုပ်ကြံရမည်။ မြို့ကိုရလျှင် မဟာမုနိ ဘုရားရှင်ကိုလည်း ပင့်ဆောင်ခဲ့ရမည်' ဟု အမိန့်တော်ရှိ၏။

"မင်းသား ၃ ပါးကို အဆောင်အယောင်များ ချီးမြှင့်ရာတွင် အိမ်ရှေ့မင်းမှာ ဖျင်အင်္ကျီ ကတ္တီပါအနက်တွင် ရွှေသားငုံ ပတ်လည်ကွပ်၏။ ရှေ့ကာ နောက်ကာပါ လည်ကွေးလည်း ရွှေကွပ်၏။ မောက်ရူတော်တွင် ပွင့် ၇ ချပ်ဆင်လျက်၊ စစ်ဝတ်လုံတော်မှာလည်း ရွှေပုစွန်ဆီ ဖဲရုံသုံးဆင့်နှင့် သနားတော်မူသည်။

"သားတော်အလတ် စကုမင်းကို မျဉ်းအင်္ကျီ ကတ္တီပါ အပြာ၊ သားတော်အငယ် ကာမမင်း ကတ္တီပါ အပြာ အင်္ကျီ ဝတ်စုံ အလားတူ ရရှိလေသည်။

"ဘိုးတော် မင်းတရားက မိန့်ကြားရာတွင် 'ရခိုင် ဓညဝတီမြို့သည် အချင်းချင်း တစ်ယောက်ကိုတစ်ယောက် နှောင့်ယှက်တိုက်လှန်၍ သာသနာတော်လည်း မစည်မထွန်း ရှိနေသည်မှာ ကြာပြီ။ စဉ့်ကူးစား လက်ထက်တွင်လည်း အချင်းချင်း တိုက်လှန်ကြ၍ ထားပိုင်ကြီးတို့က ရခိုင်မင်းသားဆိုသူတို့ကို လက်ဆောင်ပဏ္ဏာနှင့် စေရောက်သည်။ စဉ့်ကူးစားသည် မဟာမုနိဘုရားရှင်ကို ပင့်မည် မဆိုပါ။ လူတို့ကို အချည်းနှီး ပြန်လွှတ်လိုက်သည်။ ယခုမှာ ရခိုင်မြို့ကို အရင်အလိုပြည့်အောင် မောင်အိမ်ရှေ့မှာ ဥယျာဉ်ပုကြောင်း၊ စကုမင်းမှာ လင်းပတော့ကြောင်း၊ ကာမမင်းမှာ မင်းတုန်းကြောင်း ပြင့် ၃ ကြောင်း၊ ၃ သွယ် ချီတက်ရမည်'ဟု မိန့်တော်မူ၏။

"၁၁၄၆ ခု တန်ဆောင်မုန်းလဆန်း ၄ ရက် စနေနေ့ နံနက်တွင် သားတော် ၃ ပါး လွှတ်တော်သို့သွားရာ ဘုရင်၏ အမိန့်စာတော်ကို နာခံပြော့ကြီးမှူးက ဖတ်ကြားသည်။

## စစ်ရေး ပြန်တမ်း

"မောင်အိမ်ရှေ့မင်းကို ဗိုလ်မှူးချုပ် ခန့်တော်မူသည်။ အောင်တပ်တော် ချီသည့်နေ့မှ စ၍ တပ်တော်များတွင် ပါသည့် စစ်လက်နက် ရိက္ခာများနှင့် တစည်းတရုံးတည်း မကွဲမပြား ချီတက်ရမည်။ တစ်နေ့လျှင် စခန်း တွင်ကျယ်ရောက်ပေါက် နိုင်သမျှ ရှုပ်ရှုပ်ချွံချွံ ချီသွားရမည်။ လမ်းတစ်လျှောက် နိုင်ငံတော် ဆင်းရဲသားတို့ မြို့ရွာများတွင်–

(၁) ကျွဲ၊ နွား၊ ဝက်၊ ကြက်မှ စ၍ သူ မပေးသော သစ်သီး တစ်လုံး၊ ဟင်း တစ်ရွက် တစ်ခက် ကိုမျှ အပိုင်အနိုင် မလုမယူ မဖျက်မဆီးရ။

(၂) ဆင်းရဲသားတို့ သားပျို၊ သမီးပျိုတို့ကို မသိမ်းယူစေနှင့်။

(၃) ထန်းရည်၊ အရက်၊ စိမ်ပင်၊ ကစော်၊ လှော်စာ၊ ဘင်းဘိန်း၊ ယစ်မျိုးနှင့် စပ်သည်ကို မသောက်မစားစေရ။

(၄) ပဏ္ဏာကြေးငွေ မလျှပ် မစားစေရ။

ဤစည်းကမ်းများကို ကြပ်ကြပ်တင်းတင်း နှိုးဆော်စီရင်ရမည်။ စခန်းချတိုင်းလည်း–

(၁) တပ်တော်များကို အစည်းအကြပ်နှင့် ညီညွတ်စွာ ချနေစေ။

(၂) တပ်တွင် ရဲမက်ဗိုလ်ပါ အရောက် မညီသည်ကို ဆင်၊ မြင်း၊ ကြိုးက မချစေနှင့်။ အရောက်ညီမှ ကြိုးက ချချေ၍ ကြိုးလွန်မကျွာ ထိန်းကျောင်းရမည်။

(၃) တပ်တော်များတွင်လည်း သူရဲသူခက်တို့သည် နိမိတ်မင်္ဂလာ မရှိသော စကားကို မပြော မဆိုစေရ။

(၄) သူရဲ သူခက်တို့ကိုလည်း လက်နက် ကိုယ်က မကွာစေနှင့်။

(၅) ဆင်တော်များလည်း ဆင်ကြီးရည်ကောင်း တိုက်ဆင်များ ဖြစ်သည်။ လမ်းခရီးတွင် မပင်မပန်း မလျော့ရအောင် မြက်ကောင်း ရေကောင်း ဖြည့်တင်း ကျွေးမွေး၍ သာယာစွာ ဆောင်ယူရမည်။ တပ်ပါ မြင်းများကိုလည်း လမ်းခရီးတွင် အစီး မနင်းစေနှင့်။

"ချသည့်တပ်တွင် ဗိုလ်မှူးသည် နံနက်စောစော ထ၍ ရတနာသုံးပါးကို သင်ပုတ်ရေချမ်း တင်လှူ ပူဇော်ရမည်။ တောတောင်စောင့်၊ ရေစောင့်နတ်တို့ကို ရခိုင်သံတွဲ ထီးနန်းမြို့ပြ တိုင်းခရိုင် နိုင်ငံအလုံးကို ဆင်၊ မြင်း၊ သူရဲ သူခက်တို့ မပင်မပန်း အဆောတလျင် ရစေကြောင်း၊ အရေးတော် ပြီးလွယ်စေကြောင်းနှင့် ဆုတောင်းပတ္ထနာပြု၍ ထမင်းမုန့်ယို အချိုအဆိမ့်၊ အုန်းကြွင့်ငှက်ပျော ဆေးကွမ်း လက်ဖက်၊ ပန်းပေါက်ပေါက် အမွှေးအထုံ အရှည့်နှင့် တင်ကြား ပူဇော်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"အချုပ်အကိုင်က နှီးဆော်ခေါ်လျှင်လည်း တပ်ရုံ ဗိုလ်မှူး၊ တပ်မှူး၊ စစ်ကဲနာခံ၊ တပ်စာရေး အမည်ရ သွေးသောက်ကြီး အမှုတမ်းတို့ ဓား ခါးချပ်ကာ တပ်တော်သို့ ရောက်စေရမည်။

"တပ်တော်များ အရောက်ညီ၍ ချုရမည်မိန့်လျှင်–

(၁) လေးမျက်နှာ လမ်းပေါက် လမ်းဝ တော်သင့်ရာ စုံစမ်းပြီးမှ ဆင်စာ မြင်းစာ ရှာယူစေ။

(၂) တပ်လျှင်း တပ်ပြင် အနီးအစပ် ပောင်းနွှမ်းသည့် အဆွေးအမြည့် မရှိစေရန် ရှင်းလင်း သုတ်သင်စေ။ သူရဲသူခက်တို့ ချက်ပြုတ် စားသောက်သော ကာလလွန်လျှင် မီး မထား မရှိစေနှင့်။

(၃) တစ်ညလေးယံ မပြတ် မောင်းခတ်၍ လှည့်ပတ် ကြည့်ရှု နှီးဆော်စေ။

(၄) တပ်တော်များတွင်လည်း ဆူးငြောင့်ခလုတ် မြင်းတား လုံခြုံအောင် တပ်စဉ်အတိုင်း လုပ်ဆောင်ချနေ စီရင်ပြီးလျှင် မျိုးရိက္ခာ လုံလောက်စွာ ခန့်တွက် သွင်းထားရမည်။

(၅) သင်းတို့ အကြောင်းအရာ အကြံအစည် အရိပ်အခြည်ကိုလည်း သိရအောင် ရဲရောင်မြန်မာသော သူတို့ကို ရွေးချယ် ခန့်ထား၍ ကြည်းကြောင်း၊ ရေကြောင်း သင့်ရာ ကင်းရှည်၊ ကင်းတိုတို့ သွား၍ စုံစမ်းစေ။

(၆) အကြောင်းအရာကို ကြားသိ ထင်မြင်ရလျှင်လည်း ရေကြောင်းက အခိုင်အဖြီး လုပ်ကြံစေသင့်မည်၊ ကြည်းကြောင်းက အခိုင်အဖြီး လုပ်ကြံစေသင့်မည်၊ အရေးအကြောင်း ထင်မြင်ရာ ဗိုလ်မှူး တပ်မှူး စစ်ကဲနာခံတို့နှင့် တိုင်ပင်၍ အရေးတော် အားကြီးရာ ဖိဖိစီးစီး လုပ်ကြံ ရှင်းလင်းရမည်။

"ဗိုလ်မှူး တပ်မှူး စစ်ကဲနာခံ အမည်ရ သွေးသောက်ကြီး အကွပ်အကြပ် မြင်းစီးမြင်းသည်၊ သူရဲသူခက်၊ ကြည်းကြောင်း၊ ရေကြောင်း၊ အမှုထမ်းတို့သည် ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေစွာ မတိုက်မလှန်၊ သွေးရှောင်လွှဲဖယ် စစ်မျက်နှာထွက်သော မည်သူမဆို ဖြတ်တန်သူကို ဖြတ်၊ သတ်တန်သူကို ငင်၍သတ်။ အမှုတော်ကို ကြိုးစားအားထုတ် မဆုတ်မလည် စွန့်စားထမ်းရွက်၍ ပွဲလမ်းရသသူတို့ကိုလည်း သားစဉ်မြေးဆက် ပြေပလောက်အောင် သူကောင်း ပြုတော်မူမည်။ ထမ်းရည်ရွက်ရည်နှင့် အစုအငန်း အမည်အရည်ကို သိသာအောင် မှတ်သား၍ ထားစေ၊ စစ်ရေးစစ်မှု ဆိုသည်မှာ တစ်စကောင်းမှ ဆယ်စကောင်းမည် အရေးအရာကို တွေးတောမြော်မြင် စီရင်ခန့်ထား၍ အမှုတော်ကို စည်းစည်းကြပ်ကြပ် ကွပ်ညှပ်စီရင်၊ စွန့်စားထမ်းရွက် တိုက်လှန်လုပ်ကြံ နှိပ်နှံရှင်းလည်း သိမ်းယူရမည်။

အရေးအကြောင်း ရှိသမျှကိုလည်း ကြားသိတော်မူရအောင် သင့်ရာခန့်ထား၍ မပြတ်မလပ် ရှိခိုးသံတော်ပို့တင်လာစေ။ ရခိုင် ဓညဝတီနိုင်ငံသည် ငါ့ရွှေဘုန်းတော်ကြောင့် အရေးတော် အလျင် ပြီးပြေလည်မည် ဖြစ်သည်။ အရေးတော် ပြီးပြေကုန်တွင်လျှင် တောပုန်းတောင်ခို နေထိုင်သည့် သူတို့ကို သူရဲသူခက်တို့ ဆယ်ယောက်ချင်း ငါးယောက်ချင်း မလိုက် မရှာစေနှင့်။ စီစဉ်ဖွယ် ရှိသမျှကို ပြီးပြေကုန်တွင် လွယ်အောင် စီရင်"

အိမ်ရှေ့မင်းလည်း ရခိုင်ပြည်မှ လာရောက်စစ်ပန်းသူ မောင်းသံထွေနှင့် မောင်ထွန်းစံကို ခေါ်၍ ၁၁၄၆ ခု ပြာသိုလတွင် မြောက်ဦးမြို့အနီး လောင်ကြက် မြို့တော်ပောင်း၌ စစ်တပ်ချကာ အခိုင်အလုံ နေလေ၏။ ယင်းကဲ့သို့ မြောက်ဦးမြို့တော်နှင့် နီးနီးကပ်ကပ် မြန်မာစစ်တပ် ရောက်နေပြီသော်လည်း မြို့သူမြို့သားများက မင်းကောင်းမင်းမှန် ရောက်လတ်ပြီဟု ဝမ်းမြောက်ရွှင်လန်း လက်ပမ်းပေါက်များ ခတ်ကြကုန်၏။ မဟာသမ္မတမင်း၏ သစ္စာတော်ခံများသာလျှင် စိုးရိမ်မကင်း ရှိကြ၏။ ယင်းသို့ဖြစ်၍ ဘိုးတော်ဘုရား၏ စစ်တပ်ကို ရခိုင်ပြည်အနေနှင့် ခုခံကြသည်ဟု မယူဆနိုင်ပေ" ဟူ၍ ဦးအောင်သာဦးက ဆို၏။

### ရတုဆရာ ဦးတိုး

၁၁၄၆ ခုနှစ်က အိမ်ရှေ့မင်း ရခိုင်ပြည်သို့ ချီတက်ရာတွင် စာရေးဆရာကြီး ဦးတိုး (ရာမရကန်) လည်း နောက်တော်ပါးက ပါရှိသည်။ ထိုအချိန်၌ ဦးတိုးကား အသက် ၃၇ နှစ်၊ အိမ်ရှေ့အိမ်တော် ရွှေတိုက်စိုးဖြစ်လျက် "ဖေယျကျော်သူ" ဘွဲ့ကိုလည်း ရရှိပြီးလေပြီ။

ရခိုင်ချီပွဲမှာ ဝေးလံစေကာမူ ယိုးဒယား ခရီးကဲ့သို့ ရှည်ကြာပင်ပန်းခြင်း မရှိချေ။ အိမ်ရှေ့မင်းက လ ၃ သောင်း တပ်မတော်နှင့် ၂ လအတွင်း အပြီးအပိုင် သိမ်းပိုက်နိုင်သည်။ မဟာမုနိ ရုပ်ပွားတော်ကြီးကိုလည်း ထိုကာလအတွင်း မြန်မာပြည် နေပြည်တော်သို့ အရောက် ပင့်ဆောင်တော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သက်လှယ်ဘုန်းခေါင်၊ ညီများနောင်လည်း
ခြောက်ရောင်အာဏာ၊ ဘဝဂ်ဖြာသည်
မဟာမုနိ၊ ဓိပတိကို
ရာကြီးစဉ်းကြီး၊ ကျိန်မသီးအောင်
ဆောင်ထီးပိုင်ပြည်၊ ပင့်ခဲ့မည်ဟု
မှာသည်နှင့်ညီ၊ မှန်ကောင်းပြီလျက်
လွမ်းသီရက်ခိုင်၊ ကုံးစီခိုင်းသည်
မှန်တိုင်းလေရူး၊ မင်းလွင်မြူးသည်
လေဦးပေါက်ပြန့်ခဲ့ပြီးသောဝ်၊

ဦးတိုး အနေဖြင့် ရခိုင်ပြည်၌ အချိန်ယူ လေ့လာကာ ကြီးပေကြီး ရေးချင်၏။ သို့သော် ရမ်းဗြဲကျွန်းမှ စတင် တိုက်ရာ အရပ်ရပ် နိုင်သည်ချည်းပင်။ သံတွဲ၌ လူတစ် ဆောင်း လက်နက်ချ၏။ ဓညဝတီ၌လည်း ရခိုင်ရှင်ဘုရင်နှင့် သားတော်တို့ အလုံးအရင်းနှင့်ခုခံရာ မတတ်နိုင်၊ ထွက်ပြေး ကြ၍ မြို့တော်ကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့သည်။ ကျမ်း ကြီး ကျမ်းငယ် ရေးလိုသူ ဦးတိုးအဖို့ စာဖွဲ့ရန် ခက်နေသည်။ ထို့ကြောင့် ရခိုင်ပြည်ရောက် အိမ်ရှေ့မင်းသားနှင့် နေပြည် တော်၌ ကျန်ရစ်သူ မိဖုရားတို့ စာသဝဏ်ပါးကြဟန် ရကန် ရတု အနည်းငယ်သာ ရေးနိုင်ခဲ့သည်။ မယ်က အထက်ပါ အတိုင်း မျှော်တော်စိုက်နေသည်ကို သရုပ်ဖော်၏။

ဓညဝတီ၌ အိမ်ရှေ့မင်း စက်တော်ခေါ်စဉ် အိပ်မက် မြင်မက်သည်ကား "မဟာမုနိ ရုပ်ပွားတော်က အရှေ့သို့ လှည့်၍ စကားပြောတော်မူသည်။ ငါ့ကိုပင့်လျှင် လိုက်တော် မူမည်"ဟု အိမ်ရှေ့မင်းသို့ မိန့်တော်မူသော ဟူ၏။ ထို့ ကြောင့် အမြန်ပင် ရေကြောင်းမှ ဖော်တော်နှင့်ပင့်ရန် စက် ယန္တရားများ စီရင်ရလေသည်။ ထိုအချိန်၌ပင် ရခိုင်ဘုရင်ကို လည်း ဖမ်းဆီးရမိလေသည်။

ရှစ်တီးပြောင်းရွှင်၊ ခန်းပလ္လင်ထက်
ကျည်းရှင် လှစ်ဖွင့်၊ စိုးမိုးတင့်သား
ဘုန်းပွင့်ကြိုင်ရွှင်း၊ ရခိုင်မင်းနှင့်
ထီးစင်းတို့မှ၊ မေခဒွါရ
ရမ္မာဝတီ၊ ကျောက်စီပြည်ထောင်
သိမ်းမြန်းဆောင်၍၊ ခြောက်ရောင်ထွန်းညို
ထွတ်မုနိကို၊ ဓိပတိပြည်
ပင့်တော့မည်တွင်၊ အုန်းခြောက်ကွန်ရက်
မီးရေစက်လည်း၊ ဖြူရွက်ဘုံပေါ်
မယ်နှောင်းမျှော်နှင့်၊ ရှေ့တော်တစ်ပြိုင်
မဖူးပိုင်ခဲ့၊ မောင်ဆိုင် မယ်ဦး
ချစ်ကြိုးကူးသည်၊
ကံဆူးနှောင်က ယှက်မျှသောဝ်။ ။

ယခုအချိန်၌ ရခိုင်ပြည်မှ အောင်မြင်စွာ မဟာမုနိ ရုပ်ပွားတော်ကို ပင့်ဆောင်ချိန်တွင် မောင်မယ်တွဲ၍ ပူဇော်လို ပါသော်လည်း မတတ်သာ၍ အိမ်ရှေ့မင်း ကိုယ်တော်တိုင် သာလျှင် အစစ ရွက်ဆောင်နေရကြောင်းကို အိမ်ရှေ့မိဖုရား ထံ စာဆိုတော် ဦးတိုးမှ တစ်ဆင့် သိစေဟန် ဖြစ်၏။

## ရခိုင်မင်း အသံ

ရခိုင်မင်းအဖို့ အခြေမလှ ရှိစဉ် ရခိုင်ဘုရင် မဟာသမ္မတ ရာဇာအား မျုးမတ်တို့က မြန်မာမင်းထံ သမီးကညာ ဆက်သ၍ စည်းစိမ်တော်မပျက်အောင် ချမ်းသာရာရှာရန် လျှောက်ထားကြသည်။ *ကုန်းဘောင်ဆက်ရာဇဝင်*၌ အပြည့် အစုံ ဖော်ပြပါရှိသော ရခိုင်ဘုရင်၏ မိန့်ခွန်းကား ရာဇ ဝင်္ဏသိက္ခာ အပေါင်းတို့နှင့် ပြည့်စုံပါပေသည်။

'ငါတို့ ရှေးရခိုင်ပြည်ကြီးဝယ် မင်းပြုကုန်သော ဘေး လောင်းတော် ဘိုးလောင်းတော် အဆက်ဆက် မြန်မာမင်းသို့ သားသမီး ဆက်သဖူးသည်ဟု ထုံးစံ ရာဇဝင် မထွက်မရှိ။ ရခိုင် မင်းရာဇာကြီးလက်ထက် တောင်ငူ ကေတုမတီကို မင်းပြုသော မြန်မာမင်း၏ သမီးကညာနှင့် အမြောက် တစ်ထောင်ကျော် အပြင် ယိုးဒယားသွန်း ကြေးရုပ်များကို ဆက်သကြောင်းကိုသာ ထုံးစံရှိသည်။ မြန်မာမင်းသမီး အမျိုးအနွယ်များနှင့်တကွ အမြောက်၊ ကြေးရုပ်များလည်း ယခုတိုင် ထင်ရှားရှိသည်။

'ယခု ငါ့လက်ထက်တွင်မှ မြန်မာမင်းကို သမီးဆက် ချေသည် ရှိသော် ငါ့ကိုယ်မှာမူကား တစ်ခဏသာ ဖြစ်၍ ပျက်ရချိမ့်မည်။ နောက်နောင်သော်ကား ရခိုင်ဘုရင် မဟာ သမ္မတရာဇာ မင်းတရားသည် မြန်မာမင်းသို့ သားသမီး ဆက်၍ ကျွန်ခံလေတော့သည်ဟု အစဉ်အဆက် ဥဒါန်း စကား မငုပ်မတိမ် ပြောပရာ ဖြစ်လေတော့မည်။

'ရှေးရခိုင်ဘုရင် စောမွန်ကြီးလက်ထက် ရခိုင်ပြည် ကြီးကို မြန်မာမင်းက လုပ်ကြံလေလျှင် မရပ်မတည်နိုင် ရှိသည်ကာလ၌ စောမွန်ကြီးသည် နေပြည်တော်က ခွာ၍ အနောက်ပဆာမြို့သို့ ရှောင်လွှဲနေသည်။ ထိုနောက် ၁၂



www.burmeseclassic.com

နှစ်ရှိမှ ရခိုင်ပြည်သို့ပြန်၍ မင်းပြုမြဲ ပြုပြန်လေသည်။ ဤသို့ ထုံးစံရှိ၍ ငါလည်း ယခုအခိုက်အတန့်ကို သင့်ရာအရပ်သို့ ရှောင်လွှဲနေမည်။ ငါတို့မြို့ကို မြေနှင့်တကွ မြန်မာမင်းသား ယူသွားနိုင်မည် မဟုတ်’ဟု မိန့်ဆိုကာ စစ်ပြိုင်လေသည်။

အထက်ပါ ရခိုင်ဘုရင်၏ မိန့်ခွန်း၌ “ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် မြန်မာမင်းသို့ သားသမီး ဆက်သဖူးသည်ဟု ထုံးစံ ရာဇဝင် မထွက်မရှိ” ဟု ဆိုရာ ရခိုင်ရာဇဝင်၌ တစ်မျိုးပါရှိနေ၏။ မင်းဖလောင်း၏ သမီးတော် မြတ်ရှင်စောကို ဘုရင့်နောင်၏ သားတော် မင်းသစ္စာနှင့် စုံဖက်ပေးခဲ့ရကြောင်း ပါရှိပုံမှာ–

“တစ်ရံရောအခါ ပဲခူးမင်း ကျော်ထင်နော်ရထာက စကားတောင်စား အမည်ကို သံတမန်အဖြစ် စေကာ မင်းဖလောင်း၏ သမီးတော်ကို သူ့သားတော်နှင့် စုံဖက်ပေးပါရန် တောင်းဆို၏။ ရခိုင်ဘုရင်၏ အမတ်ကြီး မဟာပညာကျော်က ထိုကိစ္စနှင့် ပတ်သက် လျှောက်တင်သည်ကား–

“‘ပဲခူးမင်း ကျော်ထင်နော်ရထာသည် ဆွာချောင်းပေါ်ရှိ ကမ်းပါးမြင့် ရွာစားသဝန်ကြီး သဝန်ငယ်တို့မှ ဆင်းသက်သည်။ ထိုညီနောင်တို့ တောင်ငူမြို့ကို တည်ထောင် အုပ်စိုးစဉ် ကရင်ဘ ဆိုသူ တောင်သူတစ်ဦးသည် ပေါင်းလောင်းမြစ် အရှေ့ဘက်ကမ်း၌ ကျေးရွာတည်ထောင်ရာ အလွန်စည်ကား ကြီးပွားလာ၏။ ကရင်မတစ်ဦးကို မွေးစားရာမှ ကရင်ဘဟု တွင်သော ထိုအသည်သားကို သဝန်ကြီး သဝန်ငယ်တို့က တောင်ငူသို့ခေါ်ယူကာ ထောင်မှူးခန့်၏။ ထိုညီနောင် ကွယ်လွန်သော် ကရင်ဘက တောင်ငူမြို့၌ စိုးစံ၏။ မင်းတရားရွှေထီးနှင့် ကျော်ထင်နော်ရထာတို့ကား ထိုကရင်ဘမှ ဆင်းသက်သောကြောင့် ဒွတ္တဘောင်မင်းကဲ့သို့ သာကိဝံသ မင်းမျိုးဟု မခေါ်ဆိုနိုင်ပါ။ သို့သော် ထိုတောင်ငူမျိုးတို့သည် မကောင်းမှုပြုခြင်း၌ ကြောက်လန့်သော သဘောမရှိပါ။ သူတို့ စေလွှတ်သော စကားတောင်စား အမတ်သည်လည်း တရားလွတ် စကားတတ်သူ ဖြစ်ပါသည်။ သို့ပါ၍ သံစေ ရောက်လာသည်ကို လက်ခံ၍ အမျိုးအနွယ်ချင်း ဆက်ကြမှ သတ္တဝါအများ ငြိမ်းချမ်းပါမည်’ဟူ၍ ဖြစ်၏။”

ထို့ကြောင့် မင်းဖလောင်းက စကားတောင်စား အမတ်ကို လက်ခံတွေ့ဆုံရာ သဘောကျသဖြင့် ပဲခူးသို့ ပြန်ရာတွင် အခါတော်ပေး ပုဏ္ဏားစကြဝတေးနှင့် သံတောင်မြို့စားကို အတူ ထည့်လိုက်တော်မူသည်။ ရခိုင်ရာဇဝင်၌ ထိုသို့ ပါရှိခြင်းမှာ ထိုသမက်ထက် ကိစ္စအောင်မြင်သည်ဟု မှတ်ယူရပေမည်။

*

ရခိုင်ဘုရင်ကို မြို့ဟောင်းမြို့ တောင်ဘက် “ကျွန်းသာယာ”၌ ရှောင်တိမ်းရာမှ ဖမ်းဆီးမိခဲ့သည်။ ဘုရင်နှင့်အတူ မိဖုရားကြီး ၃ ပါး၊ သမီးတော် မှောက်တော်ကြီးနှင့် မှောက်တော်လတ်၊ သားတော် မောင်ဝက်တောင်းနှင့် မောက်ရဲဘော် တို့ကို ရံရွေတော် ၁၀၀ ခန့်နှင့်အတူ ရမိခြင်း ဖြစ်၏။ မြန်မာရာဇဝင်၌ “အမရပူရမြို့သို့ ရောက်သော် ရခိုင်မင်း မိဖုရားတို့အား စကြောနှစ်ပွင့်အိမ်နှင့် အဝတ်အစား အသုံးအဆောင် မညှိုးနွမ်းစေရန် လုံလောက်ပြည့်ဝအောင် ပေးကမ်း ပြုစုထားတော်မူသည်။ နောက် ၂ နှစ်ရှိမှ ထိုမင်း ကွယ်လွန်သည်”ဟု ပါရှိ၏။

ရခိုင်ပြည်မှ သိမ်းယူခဲ့သော လူသူပစ္စည်း စသည်တို့တွင် အမြောက် ၂၀၀၀၊ သေနတ် ၁၀၀၀၀၊ ယိုးဒယားကြေးသွန်းရုပ် ၃၀ ကျော်နှင့် ပုဏ္ဏားမျိုးသန့် အိမ်ထောင်စု ၅၀၀၊ မိန်းမစိုး ၃၀၀၊ သုံ့ပန်း လူသူ ၂၀၀၀၀ ပါရှိလေသည်။

## ကြေးရုပ်များ

ရခိုင်ဘုရင်၏ မိန့်ခွန်း၌ “မင်းရာဇာကြီး လက်ထက်၌ တောင်ငူမင်းက သမီးကညာနှင့် တကွ ဆင်ဖြူတော်နှင့် ကြေးရုပ်များ ဆက်သသော ထုံးစံသာ ရှိခဲ့ကြောင်း” ဖော်ထုတ် မိန့်ကြားသဖြင့်လည်း အမှန်ကို သိရလေသည်။ အိမ်ရှေ့မင်း အမရပူရသို့ ယူဆောင်လာသော ကြေးရုပ်များမှာ အခြားမဟုတ်ဘဲ ဘုရင့်နောင်မင်းတရားကြီး ယိုးဒယားမှ သိမ်းယူရာတွင် ပါခဲ့သော ပစ္စည်းများ ဖြစ်၏။ ယင်းတို့ကို တောင်ငူမြို့ မြတ်စောညီနောင် ဘုရား၌ လည်းကောင်း၊ ပဲခူးမြို့ မဟာစေတီ၌ လည်းကောင်း ထားရှိခဲ့ရာ မင်းရာဇာကြီးက ရခိုင်ပြည်သို့ သိမ်းယူသွားပြီးနောက် မြန်မာအိမ်ရှေ့မင်း၏ ကောင်းမှုကြောင့် ယခုအခါ မန္တလေးမြို့ မဟာမြတ်မုနိ တံတိုင်းအတွင်း ပြန်ရောက်နေခြင်း ဖြစ်သည်။

*

## [၅] မဟာမုနိ သိမိုင်းတော်

မဟာမြတ်မုနိ ရုပ်ပွားတော် စံမြန်းရာ သီရိဂုတ္တတောင်သည် ခရုသင်း ပုံသဏ္ဍာန်ရှိလျက် ပေတစ်ရာခန့် မြင့်၏။ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မင်းသည် ရုပ်ပွားတော်ကို ပင့်ဆောင်ရန် စီစဉ်ရင်း ကုန်းတော်ကို လှည့်လည်ကြည့်ရှုတော်မူရာ နောက်တော်ပါး၌ ဦးတိုး အစရှိသော ရခိုင်–မြန်မာ ပညာရှိ ပုဂ္ဂိုလ်များ ပါရှိသည်။ ဘုရင့်နောင်၏ မြေးတော် ရှင်ထွေးနောင်းသည် ဤဒေသ၌ သာသနာ့ ဒါယိကာမကြီး အနေနှင့် ရွက်ဆောင်ခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ လွန်ခဲ့လေပြီ။

အိမ်ရှေ့မင်း ။ ။ ကိုင်း..... မောင်ရင်တို့၊ ဘယ်လောက်များ ဒေသန္တရလေ့လာမှု ပြုပြီးပါသလဲ။

ဦးတိုး ။ ။ မှန်လှပါ၊ ဒီတောင်ကို ဦးရစ်တောင်လို့လည်း ခေါ်ပါတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် ညီတော် အာနန္ဒာနှင့် အတူ ကြွလာပြီး ညီတော် မဟာမုနိကို အနေကဇာ တင်ပေးခဲ့တာ ဒီတောင်ပါပဲ သခင်။ မန္တလေးအနီးက ရန်ကင်းတောင်လောက် ရှိပါတယ်။ ဒီတောင်တစ်ခုလုံး ဘုရားမြေပါ။ အဆင့် ၃ ဆင့် ရှိပါတယ်။ တံတိုင်းလည်း ၃ ထပ် ဖြစ်ပါတယ်။ ယခု ပထမ အဆင့်ကို မြောက်ဘက်မုခ် လှေကားမှ သခင် တက်ရောက်နေခြင်းပါ ဘုရား။

အိမ်ရှေ့မင်း ။ ။ ဘယ်မင်း လက်ထက်လဲ။

ဦးတိုး ။ ။ စန္ဒာသူရိယမင်း လက်ထက်ကပါ ဘုရား။ ကပ္ပိလဝတ်က မင်းမျိုးမင်းနွယ်များ၊ ကုလားတန်နှင့် လည်မြို့မြစ်ဝှမ်း ရောက်ရှိ နေထိုင်ခဲ့ကြပါတယ်။ ဓညဝတီမြို့ကို မာရာရုမင်းက တည်ထောင်ပြီး မြောက်ဘက် မိုင် ၂၀ ကွာမှာ ရှိတဲ့ ဝေသာလီပြည်ကိုတော့ ဝါသုဒေဝမင်း ထူထောင်ပါတယ်။ စန္ဒာသူရိယမင်းဟာ မြတ်စွာဘုရား ပွင့်တော်မူတယ် ဆိုကတည်းက သာဝတ္ထိပြည်ကို သူကိုယ်တိုင် သွားရောက် ဖူးမြင်လိုစိတ်များ ယိုဖိတ်ခဲ့တယ်။ အဲဒါကို မြတ်စွာဘုရား အလိုအလျောက် သိရှိတော်မူရာမှာ 'ငါ့ဒကာကြီးက ငါ့ထံ လာရင်တော့ တောတောင် ရေမြေများစွာ ဖြတ်ကူးရမည် ဖြစ်သည်။ သို့ကြောင့် ငါတို့ သံဃာများပင် ဓညဝတီပြည်သို့ ကြွကြကုန်အံ့' လို့ မိန့်ဆိုပြီး တစ်ခါတည်း ကောင်းကင်မှ ဒေသစာရီ ကြွမြန်းခြင်း ပါတဲ့ ဘုရား။

အိမ်ရှေ့မင်း ။ ။ အဲဒီအချိန်က မြတ်စွာဘုရားဟာ ငါတို့ မြန်မာပြည်ကိုလည်း အနှံ့အပြားရောက်တယ် မဟုတ်လား။

ဦးတိုး ။ ။ မှန်လှပါ၊ မြတ်စွာဘုရားဟာ ဓညဝတီ (မြို့ဟောင်း)၊ ဒွါရဝတီ (သံတွဲ)၊ ထိုမှ ဖိုးဦးတောင် (ပြည်)၊ ထိုမှ ဟံသာဝတီ (ပဲခူး)၊ ထိုမှ သုဝဏ္ဏဘူမိ (သထုံ)၊ ထိုမှ အရိမဒ္ဒနပုရ (ပုဂံ)၊ ထိုမှ သုနာပရန္တ (အဝ)၊ ထိုမှ သီရိလင်္ကာ (သီဟိုဠ်) ဖြစ်ပါသည် ဘုရား။ ဒါကြောင့် ယခု ဒေသစာရီ ကြွရာ ရပ်ရွာများမှာ စေတီပုထိုးများ ပေါ်ပေါက်ပြီး ထေရဝါဒ ထွန်းကားခြင်းပါ။

**ဓညဝတီ ဟူသည်**

အိမ်ရှေ့မင်း ။ ။ ဒါထက် ဓညဝတီ ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ဘာလဲ။

ဦးတိုး ။ ။ အဲဒါတော့ ကျွန်တော်မျိုးလည်း မသိပေါင်ပါ။ ရခိုင်လူမျိုး စစ်စစ်ကို မေးသင့်ကြောင်းပါ ဘုရား။

အိမ်ရှေ့မင်း ။ ။ ဟဲ....ဟဲ....လယ်ထွန်သွား နွားမေ့ ဆိုသလို ကျုပ်တို့ ဓညဝတီကို လာလိုက်ကြတာ ဓညဝတီဆိုတာလည်း ဘာမှန်း မသိဘူး။

ဦးသံဒယ ။ ။ ကျွန်တော်မျိုး လျှောက်တင်ပါရစေ၊ ဒီဝေါဟာရကလည်း မြတ်စွာဘုရားပဲ မှည့်ခေါ်ခဲ့ခြင်းပါ။ သီးနှံရိက္ခာ ကိစ္စမှာ သံဃာတော်များဟာ ပြည်သူလူထု စားသုံးတာကိုပဲ မှီခို အားထားကြရပါတယ်။ ဇမ္ဗူဒီပါ ဒေသမှာ ၁၆ ပြည်ထောင်တို့ဟာ ပဲ၊ ပြောင်း၊ လူးဆပ်တို့



www.burmeseclassic.com

www.burmeseclassic.com



မှီဝဲရပါသတဲ့။ ဒါကြောင့် သံဃာများလည်း အဲဒီဒေသမှာ အဲဒီဆွမ်းများကိုပဲ ဘုဉ်းပေးကြရပါတယ်။ ရခိုင်ပြည်မှာတော့ ဆန်စပါးနှင့် သာဂူ၊ ဂျုံ စသည့် အဖိုးတန် ရိက္ခာများ ပိုလျှံ ထွက်မြောက်လို့မို့ ရဟန်းတော်များ မြိန်ရှက်စွာ ဘုဉ်းပေးပြီး ပရိယတ္တိ ကိစ္စများ ပိုမို ထမ်းဆောင်နိုင်ပါသတဲ့။ ဒါကြောင့် ဂေါတမဘုရားက "ဓညဝတီ" ခေါ် "သီးနှံမျိုးစုံစားမကုန်"နိုင်ငံလို့ ဗျာဒိတ်ပေးခဲ့ခြင်းပါ ဘုရား၊ ဘယ်တော့မှ မငတ်နိုင်လို့ မိန့်ဆိုခဲ့ပါတယ်။

အိမ်ရှေ့မင်း ။ ။ ဒီပြင် အရပ်များ ကြွတော်မူသေးသလား။

ဦးတိုး ။ ။ ဒီပြင်တော့ မြတ်စွာဘုရား သာဝတ္ထိပြည်မှ ကြွလာစဉ် သေလာဂီရိတောင်မှာ ရပ်နားရင်း အတိတ်ဆောင် မိန့်ဆိုချက်များ ပြုခဲ့တယ်။ 'ဂန္ဓဂီရိတောင်မှာ ငါဟာ ယခင်ဘဝက ကြံ့ဆင် ဖြစ်ခဲ့ဖူးတယ်။ သေလာပပ္ပတတောင်မှာ ငါ ပုဏ္ဏားဖြစ်ပြီး ကွယ်လွန်တော့ ၁၈ လက်မရှိတဲ့ ဦးခေါင်းရိုးကို "ဦးရစ်တောင်"စေတီမှာ ဌာပနာတယ်။ အဲဒီနောက် ၃ ဂါဝုတ်ရှိ မယ္ဟူမြစ်ဝှမ်းမှာ ငါ ဥဒေါင်းမင်း ဖြစ်ခဲ့တယ်' စသည်ဖြင့်ပေါ့။

အိမ်ရှေ့မင်း၏ ဘုရားဖူးအဖွဲ့သည် ပထမပစ္စယံ အနောက်တောင်ထောင့်ရှိ ပိဋကတ်တိုက်သို့ ရောက်ရှိကြသည်။

ဦးတိုး ။ ။ ဒီ ပိဋကတ်တိုက်ဟာ သီရိသုဓမ္မာမင်းရဲ့ ကောင်းမှုပါ၊ မိဖုရားကြီး ရှင်ထွေးနှောင်းရဲ့ တူတော်ပါပဲ၊ သူ လျှုဒါန်းခဲ့တဲ့ "သဗ္ဗဒါန ပါကရန"ကျမ်းမှာ ဒီ မဟာမုနိရုပ်ပွားတော်ကြီးသမိုင်း အစုံ ပါရှိကြောင်းပါ ဘုရား။ အဲဒီပေထုပ်ကို ယခု ကျွန်တော်မျိုး ကိုးကား လျှောက်တင်ခြင်းပါ။

အိမ်ရှေ့မင်း ။ ။ ကာရန်သင့်လှပေတယ် မောင်မင်း၊ ဒီတောင်ပေါ်က ရတဲ့ သမိုင်းပေစာအရ ယနေ့ ဒီတောင်ကို လှည့်လည်ရှုစားရင်း ဘုရားကြွလာချိန်က အဖြစ်သနစ်တွေကို ပြန်ပြောင်း အောက်မေ့ကြရပေတယ်။

## ညီတော် နေရစ်လော့

ဦးတိုး ။ ။ မြတ်စွာဘုရားက ဒီတောင်မှာ ၇ ရက်ကြာ သီတင်းသုံးပြီး စန္ဒသူရိယ မင်းကြီးကို မင်းကျင့်တရား ၁၀ ပါးနှင့် ပဥ္စသီလတို့ကို မြဲစွဲရန် ဟောပြော ဆုံးမတော်မူတယ်။ ပြန်ကြွခါနီးတော့ ဓညဝတီ လူသူ အပေါင်းတို့ ဆက်လက်ကိုးကွယ် ပူဇော်နိုင်ရန် ကိုယ်စားတော်ရုပ်ပွားတစ်ခု ထားရှိခဲ့ရန် မင်းကြီးက လျှောက်ထားပေတယ်။ မြတ်စွာဘုရားရဲ့ ခွင့်ပြုချက်အရ သိကြားမင်းကိုယ်တိုင် ကြေးသွန်းပုံတော်ကို ထုလုပ်ခဲ့တယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် ရုပ်ပွားတော် ထုလုပ်စဉ် နားနေ ရှုစားတော်မူရာ အရပ်ဟာ ဟောဒီ ညောင်ပင်ရိပ်မှာပါ ဘုရား။ (ဦးတိုးက ဒုတိယ ပစ္စယံ မြောက်ဘက်စောင်းတန်းအနီး ဗောဓိပင်ကို ညွှန်ပြသည်)

သိကြားမင်းက ရုပ်ပွားတော် ထုလုပ်ပြီးချိန်မှာ အသွင်တော်ချင်း အင်္ဂမတန် တူညီကြလို့ ဘုရားနှစ်ဆူ သီတင်းသုံးနေကြဟန် ရှိခဲ့တယ်။ မြတ်စွာဘုရားက ပို၍ သဘာဝကျစေရန် ညီတော်ကို ချဉ်းကပ်ပြီး အသက်သွင်းဟန် ပြုမူပါသတဲ့။ ညီတော်ကြေးရုပ်ဟာ တင်ပျဉ်ခွေ ထိုင်တော်မူရာမှ မတ်တတ်ရပ်တော်မူပြီး နောင်တော်ကို အလေးပြုရှာတယ်။ ဒီတော့ မြတ်စွာဘုရားက 'အို ညီတော်၊ ရပ်တော်မမူလင့်၊ ထိုင်မြဲ ထိုင်လော့။ ငါ၏သက်တော် ၈၀ ရှိသောအခါ ပရိနိဗ္ဗာန် ဝင်အံ့။ ထိုသောအခါ ညီတော်သည် သာသနာ နှစ်ပေါင်းငါးထောင် ကာလပတ်လုံး သိတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းတို့ကို ကယ်ဆယ် စောင့်ရှောက်ရပေမည်။ ထို့ကြောင့် သင်အား ငါ၏ ကိုယ်စားအဖြစ် "ခန္ဓာတရ"ဟု ခေါ်တွင်စေ၊ ငါ၏ ကောင်းမွေဆိုးမွေတို့ကိုလည်း သင်ပင် ခံယူရမည် ဖြစ်သည်။ တစ်ချိန်က ငါသည် ချိုဒုပါကျွန်းတွင် ဥယျာဉ်မှူးတစ်ဦး၏ ပေါင်ကို ရိုက်ချိုးမိသည်။ ထို့ပြင် မင်းသားတစ်ပါး၏ ကျောပြင်မှ အသားကိုလည်း ခွာယူခဲ့ဖူးသည်။ ထိုသို့ ငါ ကျူးလွန်ခဲ့သော ကမ္မဝိပါကတို့ကို ညီတော်ပင် အပြစ်ဒဏ် ခံယူလေလော့။ သို့လျှင် ညီတော်သည် ငါအား ပါရမီ ဖြည့်နိုင်ပါစေသတည်း'

ဘုရားက အဲဒီတရား ဟောကြားပြီးချိန်မှာ စန္ဒာသူရိယမင်းကြီးလည်း ဝမ်းနည်းဝမ်းသာ စိတ်များ ရောပွမ်းစွာဖြင့် မိန်းမော မေ့မြောသွားပါသတဲ့ ဘုရား။

အိမ်ရှေ့မင်း ။ ။ မြတ်စွာဘုရားသော်မှ ဝိပါက်ဒဏ်မှ မလွတ်ကင်းနိုင်ပါကလား။ ဒါကလည်း သူ တီထွင်တော်မူတဲ့ တရားတော်အတိုင်းပေပဲ၊ အင်မတန် ထူးဆန်းတိုက်ဆိုင်တာကတော့ ယခုအချိန်မှာ ငါတို့ဟာ ဒီရုပ်ပွားတော်ကို မြန်မာပြည်သို့ ပင့်ဆောင်တော်မူမည် ဖြစ်တယ်၊ အိပ်မက်အရလည်း မဟာမုနိ ကိုယ်တော်ကြီးရဲ့ ခွင့်ပြုချက်အရ ဖြစ်ပေတယ်။ ဝိပါက်တော်နှင့် ပတ်သက်လို့ ပေါင်ကျိုးခြင်း၊ ကျောသားယူခြင်းတို့ဟာ ငါတို့ ပင့်ဆောင်မည့်သူများ လုပ်ငန်းစဉ်နှင့် တိုက်ဆိုင်နေပေတယ်။ ထို့ကြောင့် အကယ်၍ ကြေးရုပ်ပွားတော်ကြီးသည် အလေးချိန် ကြီးမားလွန်း၍ ခွဲစိတ် သယ်ဆောင်ရသည် ရှိသော် ငါတို့သည် အထူးသတိပြုကာ အတတ်နိုင်ဆုံး သက်သာညင်သာသော နည်းလမ်းတို့ဖြင့် ဆောင်ရွက်ကြကုန်အံ့။

ဦးတိုး ။ ။ မှန်လှပါ၊ အင်မတန် လျော်ကန် သင့်မြတ်သော အစီအစဉ်ပင် ဖြစ်ပါသည်။ သိုက်သမိုင်းတို့ဖြင့် ကိုက်ညီသည်မှာ အံ့ဖွယ်ပင် ဖြစ်ပါတော့သည်။

**အံ့ဖွယ် ကိုးပါး**

(ထို့နောက် အိမ်ရှေ့မင်း အဖွဲ့သည် ရုပ်ပွားတော် ရှိရာ အထက်ပစ္စယံရှိ ဂန္ဓကုဋိတိုက်သို့ ဝင်ကြကုန်သည်။ ဘုရားလူကြီးအပေါင်း ခြံရံကာ မဟာမုနိ ရုပ်ပွားတော်ကို ကြည်ညိုရှိခိုးကြသည်။ အဖျော်ယမကာများ သုံးဆောင်ရင်း ဂေါပကလူကြီး ဦးရွှေဖြူက ရာဇဝင် အတွေ့အကြုံများကို တင်လျှောက်သည်။)

ဦးရွှေဖြူ ။ စန္ဒာသူရိယမင်းကြီး လက်ထက်မှစပြီး ဒီကုန်းတော်မှာ အံ့ဖွယ်ကိုးပါး ပေါ်ပေါက်ခဲ့ပါတယ်။

(၁) အရှေ့ဘက် ပထမ ပစ္စယံမှာ ရှိတဲ့ ဝသုန္ဓရေ ရေတွင်းဟာ ရေလောင်းတိုင်း ပြည့်သည် မရှိပါ။

(၂) ဒိဋ္ဌိများ ပါလာလျှင် ရောင်ခြည်တော် မလွှတ်ပါ။

(၃) သူတော်ကောင်းများ ပါလျှင် မိုးကြိုးသွား ပမာ ရောင်ခြည်ဖြာပါသည်။

(၄) ညနေတိုင်း ရောင်ခြည်သုံးသွယ် လွှတ်ပါသည်။

(၅) ဂန္ဓကုဋိ တိုက်ပေါ်သို့ ကျော်၍ ငှက်မပျံပါ။

(၆) ဘုရားပွဲချိန်၌ ပရိသတ် များစေကာမူ ပရိဝုဏ်အတွင်း၌ လူပြည့်ညပ်ခြင်း မရှိပါ။

(၇) ရေကန်တော်၌ ဥတုသုံးပါးစလုံး ရေမပြတ်ပါ။

(၈) ပရိဝုဏ်အတွင်း သစ်ပင်များ ဘုရားဘက် ညွတ်သည်။

(၉) အရပ်လေးမျက်နှာဘက်သို့ လှည့်ထားသော ကျောက်ရုပ်များက ရန်သူများကို မကပ်နိုင်အောင် စောင့်ရှောက်ပါသည်။

**ဆေး ခေါင်းလောင်း**

အိမ်ရှေ့မင်း ။ ။ ဒီကုန်းတော်ကို စောင့်ရှောက်ရာမှာ နတ်များသာ မက ယတြာခေါင်းလောင်းကြီးလည်း ရှိတယ် ဆိုတော့ လား။

www.burmeseclassic.com



ဦးရွှေဖြူ ။ ။ မှန်လှပါ၊ ယခု အထက်ပစ္စယံ၏ အရှေ့မြောက်ထောင့်မှာ ရှိကြောင်းပါဘုရား၊ ခေါင်းလောင်းမှာ အင်းကွက်များ ချထားပါကြောင်း၊ ရန်သူနိုင်ငံများ ပျက်စီးစေလိုလျှင် ထိုနိုင်ငံနှင့် ဓာတ်တူ နံတူ (၁) ဘုရားတည်ခြင်း၊ (၂) ကန်တူးခြင်း၊ (၃) သစ်ပင်စိုက်ခြင်း၊ (၄) နဂါးတိုင်ထူခြင်း၊ (၅) နေရာရွေးခြင်းများ ပြုလုပ်ရပါတယ်။ ခေါင်းလောင်း ပေါ်မှာ အဲဒီအညွှန်းများ ပါပါတယ်။ ဥပမာ ဟံသာဝတီ ပျက်စေလိုလျှင် ဖရုံကာ ကျွန်းမှာ ၄ တောင်ပြည့်ဘုရား တည်ရမည်၊ နဂါးတိုင်ကို ပျဉ်းကသစ်သားနှင့် လုပ်ရမည်၊ ထိုအနီး၌ ရင်ရှေ့ပင် စိုက်ရမည်၊ မြောက်ဘက်၌ ရေကန် တူးရမည်။

အိမ်ရှေ့မင်း ။ ။ ရန်သူဘယ်နှမျိုးကို ရည်မှန်းပါသလဲ။

ဦးရွှေဖြူ ။ ။ ရန်သူအပြား ၁၅ ပါး သတ်မှတ်ပါတယ် ဘုရား။ (၁) ဘရင်ဂျီအင်္ဂလိပ်များ၊ (၂) ယိုးဒယား၊ (၃) မုတ္တမ၊ (၄) ပဲခူး၊ (၅) မွန်၊ (၆) သန်လျင်၊ (၇) ပြည်၊ (၈) တောင်ငူ၊ (၉) ပုဂံ၊ (၁၀) အင်းဝ၊ (၁၁) အောက်သား၊ (၁၂) ဥဒရစ်၊ (၁၃) ပထန်ကုလား၊ (၁၄) ရှမ်း၊ (၁၅) သက် လူမျိုးများ ဖြစ်ပါသည် ဘုရား။

အိမ်ရှေ့မင်း ။ ။ ဟင်... ရန်သူဆိုတာလည်း အိမ်နီးချင်း ဟူသမျှ အကုန် ပါဝင်နေသကိုး၊ အောက်သား ဆိုတာ မည်သူပါလဲ ဂေါပကကြီးရဲ့။

ဦးရွှေဖြူ ။ ။ ရခိုင်ပြည်အောက်ပိုင်း သံတွဲမြို့ တောင်ဘက် နယ်သားများ အားလုံး အကျုံးဝင်ပါတယ် ဘုရား၊

အိမ်ရှေ့မင်း ။ ။ ဥဒရစ်တို့၊ သက်တို့ကော။

ဦးရွှေဖြူ ။ ။ မှန်လှပါ၊ သူတို့ကတော့ ရခိုင်ပြည် မြောက်ပိုင်းသားများ ဖြစ်ပါတယ်။

အိမ်ရှေ့မင်း ။ ။ ဒီစာရင်းမှာ ပထန်ကုလားများတော့ ပါတယ်၊ ဟိန္ဒူတွေကော ဘာလို့ မထည့်လဲ။

ဦးတိုး ။ ။ အဲဒီ မေးခွန်းကို ကျွန်တော်မျိုး မောင်တိုး ဖြေဆိုခွင့်ပြုပါ ဘုရား။ ဟိန္ဒူပုဏ္ဏားများက ဂါထာ မန္တရားများမှာ ကျွမ်းကျင်တော့ ဒီကိစ္စမျိုးကို သူတို့ပင် တာဝန်ယူ ရွက်ဆောင်လေ့ ရှိကြပါတယ် ဘုရား။ ဒီရန်သူစာရင်းကို ဟိန္ဒူများပင် ရွေးချယ်ပေးသဖြင့် သူတို့ကျတော့ တမင် ချန်ထားခဲ့ဟန် တူပါတယ် ဘုရား။ (အားလုံး ရယ်ကြသည်)

**အပြုနှင့် အဖျက်သမား**

ဦးရွှေဖြူ ။ ။ ဒီဘုရားမှာ ကောင်းမှုကုသိုလ် ပြုလုပ်သူများ စာရင်းအင်းလည်း ရှိပါတယ်။ စန္ဒာသူရိယမင်း မရှိတဲ့နောက် သက္ကရာဇ် ၁၅၂ ခုက ဝေသာလီဘုရင်မဟာ တိုင်စန္ဒြကျောင်းတော်ကို အသစ်ပြုပြင်ပါတယ်။ အလှူရေစက် ချစဉ်မှာ အရှိန်မှာ လုံတော် ရောက်ပါတယ်။ ထိုခေတ်၌ပင် သီဟိုဠ်နှင့် ပုဂံမှ ဘုရားဖူးများ လာရောက်လေ့ ရှိခဲ့တယ်။

* ၂၉၈ ခုမှာ ပုဂံမှ လစကာနှင့် မာကြလုံ ခေါ် မထေရ်ကြီးနှစ်ဦး ရောက်လာပြီး ဒီကုန်းတော်ပေါ်မှာ နတ်ရုပ်များအစား ဗုဒ္ဓဆင်းတုတော်များ ထားရှိရန် စီမံပါတယ်။ ဝေသာလီမင်း ကန့်ကွက်လို့ ဆင်းတုတော်နှစ်ဆူသာ ထားခွင့်ရခဲ့ပါတယ်။ ဒုတိယပစ္စယံ အရှေ့ဘက်မှာ အဲဒီနတ်ရုပ်များ ရှိပါတယ် ဘုရား။

* ၃၂၇ ခု ပိတ်ဖြူမင်း စိုးစံချိန်မှာ ရှမ်းများ ဝင်လာပြီး ဒီကုန်းတော် အရှေ့ဘက်မှာ နေထိုင်ကြပါတယ်။ မဟာမုနိ ပလ္လင်တော်အောက်မှာ စန္ဒာသူရိယမင်း မြှုပ်နှံထားတဲ့ ရတနာသိုက်ကို တူးဖော် လုယူကြကြောင်း၊ ဂန္ဓကုဋိတိုက်ကိုလည်း မီးရှို့ ဖျက်ဆီးပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



* ၁၆၃ ခုမှာ ပုဂံပြည်မှ အနော်ရထာမင်းစော ကိုယ်တိုင် ကြွလာပြီး ရှမ်းတို့ဖျက်ဆီးခဲ့သည် ကို ပြန်လည် ပြုပြင် မွမ်းမံတော်မူခဲ့တယ်။ ပြာသာဒ်အသစ် ဆောက်လှူခဲ့တယ်။
* ၄၅၉ ခုမှာ ပုဂံပြည်မှ အလောင်းစည်သူမင်း ဟာ စစ်သည်ဗိုလ်ပါ ငါးသောင်းနှင့် ချီလာပြီး အနောက်ပရိဂုဏ်မှာ စခန်းချပါတယ်။ ဂန္ဓကုဋီ တိုက်သစ်လုပ်ပြီး စံကားပင်များ စိုက်ပျိုးခဲ့တယ်။ သူပြန်သွားတော့ ပဥ္စာပြည်မင်းက အလောင်းစည်သူရဲ့ ကုသိုလ်တော်များကို ဖျက်ဆီးပစ်တယ်။ ကျောင်းသစ် တိုက်သစ် များ သူက အစားထိုး လှူဒါန်းတယ်။

အိမ်ရှေ့မင်း ။ ။ အလောင်းစည်သူ ရောက်လာစဉ်က ကျောက်ရုပ်များ ကခုန် တီးမှုတ်ကြတယ် ဆိုပါကလား။

ဦးတိုး ။ ။ ကျောက်ရုပ်များက လက်ခံကြိုဆိုသော်လည်း ပဥ္စာမင်းက အလိုမရှိတာတော့ သေချာတယ်။ (ရယ်ကြသည်)

ဦးရွှေဖြူ ။ ။ ၄၆၀ ခုမှာ ပျူနှင့်မွန်များ ရခိုင်ပြည်ကို အုပ်စိုးပြီး မဟာမုနိ ဘုရားကျောင်းကန် အားလုံးကို ဖျက်ဆီးပစ်တယ်၊ နှစ်ပေါင်း ငါးဆယ်ကျော် ပြုပြင်သူ မရှိဘဲ တောအတိ ဖြစ်နေခဲ့တယ်။

* ၅၁၆ ခုနှစ်မှာ ဓဇရာဇာမင်းက နေရာဟောင်းကို တောနင်း ရှာဖွေပြီး အသစ် ပြုစုတော်မူတယ်။
* ၆၁၀ ခုမှာ လောင်းကြက်ပြည်ရှင် အလိုမဖြူမင်းက ထပ်မံ ပြုပြင်တော်မူတယ်။
* ၇၀၇ ခုမှာ ရှမ်းများ လောင်းကြက်ပြည်ကို သိမ်းယူပြီး မဟာမုနိကို ဖျက်ပြန်တယ်။
* ၇၅၆ ခုမှာ လောင်းကြက်ဘုရင် စိန္တက အသစ် ဆောက်လုပ် လှူဒါန်းပြန်တယ်။
* ၇၉၃ ခုမှာ မင်းစောမွန်က မြို့ဟောင်းမြို့ကို ပြန်လည်ပြုပြင်ရာမှာ မြို့တော်မှ မဟာမုနိ အထိ ဘုရားဖူးများအတွက် လမ်းသစ် ဖောက်လုပ်ပေးပါတယ်။ လမ်းဘေးမှာ ဇရပ်များ၊ ရေကန်များလည်း ပြုလုပ်ပါတယ်။
* ၈၀၂ ခုမှာ အလီခင်မင်းက ပိဋကတ်တော်များကို သီဟိုဠ်မှ ကူးယူပြီး မဟာမုနိ ပိဋကတ်တိုက်ကို လှူတယ်။
* ၈၉၉ ခုမှာ မင်းဘင်က မဟာမုနိရုပ်ပွား အများအပြား ထုလုပ်ရာ ရခိုင်ပြည် အနှံ့ အပြား ဘုရား ပုထိုးများ၌ ကိုးကွယ်စေပါသည်။
* ၁၀၄၇ ခုတွင် သာသနာတော် ပွင့်လင်းကာ ကုန်းတော်ပတ်လည်တွင် ဘုန်းကြီးကျောင်းများ ဆောက်လုပ်သည်။ တစ်နှစ်အတွင်း သံဃာရှစ်ထောင် ရဟန်းပြုသည်။
* ၁၀၉၄ ခု၊ နရပတိ ခေါ် ယတြာခေါင်းလောင်း စတင် သွန်းလုပ်သည်။ ပါဠိစာ၊ မြန်မာစာနှင့် သသ်ကရိုက်စာ မန္တရားများ ရေးထိုး ပါရှိပုံကို အိမ်ရှေ့ကိုယ်တော်ကြီး ရှုစားနိုင်ပါသည် ဘုရား။

မဟာမုနိ ဂေါပကလူကြီးများ အနေဖြင့် အဓိက မှတ်သားချက်တို့မှာ ဤမျှပင် ဖြစ်ကြောင်း လေးမြတ်စွာ သံတော်ဦး တင်ပါသည်။

အိမ်ရှေ့မင်း ။ ။ သာဓုဗျာ၊ သာဓု.... သာဓု။

## ရုပ်ပွားတော် အစစ်လော

အချို့က မြန်မာတို့ ပင့်ဆောင်သွားသော ရုပ်ပွားတော်မှာ မဟာမုနိ အစစ် မဟုတ်ဟု ဆို၏။

ဆရာမည်း ရေးသော **ညဝတီ ရာဇဝင်**၌ ရေကျသော ရုပ်ပွားတော်နှင့် ပတ်သက်၍ ပါရှိသည်မှာ–

"အင်း၀ ရွှေနန်းရှင်သား အိမ်ရှေ့ဥပရာဇာသည် မဟာမုနိဘုရားရှင်အား ပင့်ဆောင်ရန် ဗိုလ်မင်း သီရိကျော်ထင်ကို စေလွှတ်လိုက်လေသည်။ သီရိကျော်ထင်လည်း သွားရောက် ပင့်ဆောင်လေရာ ၁၁၄၆ ခု တပို့တွဲလဆန်း ၁၃ ရက်နေ့ ဈေးချောင်းဆိပ်ဝယ် ဖောင်တော်နှင့် တင်လေသော် ဖောင်တော် ကွဲအက် စိတ်ဖြာလျက်၊ ရုပ်ရှင်တော်မြတ် ရေဝယ် ကိန်းဝပ်တော်မူလျက် အထက်ကောင်းကင်သို့ ထန်းလုံး ပမာဏရှိသော ပြိုးပြက်ထိန်လက်သော ရောင်ခြည်တော်တို့ တက်တော်မူသည်။ ကုလားပျို သွေးသောက်တို့လည်း ရုပ်ရှင်တော်ကို မမြင်လျှင် ရာဇဝတ်ဒဏ်ကို ကြောက်



www.burmeseclassic.com

www.burmeseclassic.com



၍ ရှာဖွေကြလေသော် ထိုရုပ်ရှင်တော်နှင့် အဆင်းသဏ္ဍာန်တူသော ရုပ်ပွားတော်တစ်ခုကို ရ၍ ဖောင်တော် တင်ကြပြန်၏။"

မည်သို့ဆိုစေ ရခိုင်မှ သွန်းလုပ်သော ကြေးဆင်းတုတစ်ဆူ ပင့်ဆောင်သွားသည်ကား မှန်၏။ တောင်ကုတ်လမ်းမှ ပန်းတောင်းသို့ ပင့်ဆောင်ရာတွင် ရုပ်ပွားတော်ကို အပိုင်းပိုင်း အပြတ်ပြတ်ပြု၍ ပင့်ဆောင်သည်။ ပန်းတောင်း၌ ပြန်လည် ဆက်စပ်၍ ချောမော မွမ်းမံခဲ့သည်။ လက်သမားနှင့် ဗိသုကာတို့ ကြိုးကြပ် သယ်ဆောင်ကြ၏။ သမိုင်းသစ်၌ကား နေပြည်တော်ရောက်ပြီးမှ ရွှေချိန် ၁၀၀၀ နှင့် ဦးခေါင်းတော်၊ မျက်နှာတော်၊ ပခုံးတော် စသည်တို့ကို မွမ်းမံခြယ်လှယ်သည်ဟု ဆို၏။

ရမ်းဗြဲ ဦးကာတီ၏ **ရခိုင်ရာဇဝင်** လက်ာပိုဒ်ရေ ၈၈/၈၉ ၌ ရုပ်ပွားတော် ရေကျုပုံ ပါရှိသည်။

ဦးကာတီသည် ၁၈၈၇ ခု၊ အင်္ဂလိပ်တို့ ရခိုင်သို့ ချီတက်စဉ်က လမ်းညွှန်ခဲ့သူ ဖြစ်သည်။ ၁၃၉၀ ခုနှစ်တွင် စကားပြန်အဖြစ် ထမ်းရွက်ပြီးနောက် အင်္ဂလိပ်တို့က မြို့အုပ်အဖြစ် သူကောင်းပြုခြင်း ခံရသူတည်း။

ခြိမ့်ခြိမ့်အသံ၊ အောင်ပွဲခံ၍
နိုင်ငံအားလုံး၊ တပြုံးပြုံးလျှင်
စုရုံးကမူ၊ သောသောဆူ၏။
ဘုန်းတူလျှံပြင်း၊ အင်း၀မင်း၏
သားရင်းရင်သွေး၊ နန်းထက်မွေးသည်
ဘုန်းမွေးသကျ၊ ဂေါတမ၏
ကာယရုပ်မြတ်၊ ကိုယ်စားထွတ်ဟူ
နတ်လုပ်တန်ဆောင်၊ ဖွဲကျပ်ခေါင်ဝယ်
ခြောက်ရောင်လျှံပေါ်၊ ကိုယ်စားတော်ကို
ကော်ရော်ညွတ်ခ၊ ပူဇော်မှလျှင်
ဗုဒ္ဓမွေ့လျော်၊ ပလ္လင်တော်မှ
ပင့်ခေါ်ယူငြား၊ စက်ရထားတွင်
သာပြားယုယ၊ တင်ပြီးမှသည်
ညံ့လှသနိုး၊ တမုတ်ကြိုးဖြင့်
ပြည့်ဖြိုးဝန်းကျင်၊ ဆွဲ၍တင်သော်
စက်ရှင်ရထား၊ အရှင်လားသို့
ကြွသွားလေကြောင်း၊ သရီးချောင်း၌
ဂုဏ်ပေါင်းထွန်းပေါ်၊ ရောက်လေသော်မှ
လှေတော်ဖောင်တွင်၊ တင်ပြီးကျင်မှ
လှူခွင်ထင်ပေါ်၊ ကိုယ်စားတော်လည်း
အာပေါချမ်းမြ၊ ရေသို့ကြွ၍
အန္တ ရဋ္ဌာယီ၊ ပျောက်ကွယ်လေဘိ
တေဇာပြင်းထန်၊ ရာဇဒဏ်ကို
အလွန်လူများ၊ ကြောက်သောအားဖြင့်
ရေဖျားပြည့်လောင်း၊ သရီးချောင်း၌
ဆုတောင်းပတ္ထနာ၊ ပင့်ခေါ်ပါသော်
မဟာဝိရ၊ သမ္ဗုဒ္ဓတို့
ကာ္လသရိယာ၊ အံ့ဩရာကား
အဗ္ဗာဒဿ၊ ပြည့်စုံကြ၏။
ဗုဒ္ဓရုပ်၊ ခြောက်ရောင်လျှံလျက်
နဝံအသစ်၊ တစ်ဆူဖြစ်၍
လျှပ်စစ်ပမာ၊ ရလေပါမှ
ပူဇော်သက္က၊ ပြုပြီးမှလျှင်
ညွတ်ခကြည်လင်၊ ဖောင်တော်တင်၍
ရေရှင်စီးလှစ်၊ သရီးမြစ်က
စင်စစ်မကွာ၊ ကြွသွားပါ၍
ရာဇာပုတ္တ၊ ဥပရမှု
ဟတ္ထအဥ္စလီ၊ လက်ဦးချီမှ
ဓမ္မဒီပါ၊ ဤကျွန်းချာ၌
တစ်ရာတစ်စင်း၊ ထီးဆောင်းမင်းတို့
ခွန်သွင်းဆက်ရ၊ ပြည်အင်းဝသို့
ဗုဒ္ဓရုပ်ရှင်၊ ကြွစေချင်၍
သာရှင်သာညောင်း၊ ပန်ထွာတောင်း၍
အလောင်းရာဇာ၊ ဝမ်းမြောက်ပါသည်။
သဒ္ဒါရွှင်စိတ် ပြည့်စုံတည်း။

၁၂၁၂ ခု၌ ရမ်းဗြဲ ဦးစံတင်၏ လင်္ကာ၌ကား မြန်မာအိမ်ရှေ့မင်းသားက ရုပ်ပွားတော်ကို တောင်ကုတ်လမ်းမှ အမရပူရအထိ ချောမော သိုက်မြိုက်စွာ ပင့်ဆောင်သွားကြောင်း ပါရှိ၏။

ရုပ်ပွားတော်ကို၊ တောင်ပေါ်လမ်း၌
လှိုင်းရိုက်ကင်းအောင်၊ ကြည်းပင့်ဆောင်၍
မြန်အောင်ချက်ဖွေ၊ ရွှန်းရွှန်းဝေသား
ရွှေပြည်တော်သို့၊ နှစ်လို့ရှုဖွယ်
ခြောက်သွယ်ရောင်တောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ရောက်လျှင်
ထက်အောက်မကြညာ၊ ဗြဟ္မာနတ်လူ
ပူဇော်မစဲ၊ ရှင်တော်ပွဲသည်
ကျော်သဲစည်သံ ရိုက်မောင်းတည်း။

## ဝိပါက်တော်

ရှေးဇာတ်တော်၌ ဘုရားရှင်သည် မန်အောင်ကျွန်းတွင် မင်းဖြစ်စဉ် တောင်သူတို့၏ ခြေလက်တို့ကို ချိုးဖဲ့ခဲ့ဖူးသော ဝိပါက်၊ မင်းသား ၅ ယောက်တို့ကို နောက်ကျောရိုး နုတ်ခဲ့ဖူးသော ဝိပါက်။ "ဤဝိပါက် ၂ ပါးကို ငါ၏ ကိုယ်စားသိတော် ခံရစ်ပေ"ဟု ဗျာဒိတ်တော် ထားတော်မူခဲ့၏။

မြတ်စွာဘုရား ရွှေလက်ထက်တော်၌ စီရင်သွန်းလုပ်ရာတွင် ရုပ်ပွားတော် အင်္ဂါကြီးငယ်တို့မှာ ညီညွတ်စွာပင်ဖြစ်သည်။ သို့သော် ရခိုင် မင်းရိုး မင်းဘီလူး လက်ထက်တွင် အမတ် အသခ်ယာက ပုန်ကန်လေ၏။ ဤတွင် မြန်မာရင်ခွင်သို့ သားတော်အိမ်ရှေ့မင်းသား မင်းရဲဘာယ ပြေးလာ၍ အလောင်းစည်သူမင်းထံ ခစားလေ၏။ ပုဂံပြည်တွင် ထိုရခိုင် အိမ်ရှေ့မင်းမှ မြင်သော "လက်ယာမင်းနံ"ကို ရခိုင်ပြည်၌ မြန်မာဘုရင်က နန်းတင်ပေးခဲ့လေသည်။

လက်ယာမင်းနံနှင့်အတူ ပါသော ပျူနှင့်မွန်အဖွဲ့တို့သည် သီရိဂုတ္တတောင်ဝယ် မဟာမုနိရုပ်ပွားတော်ကို ဖိုကျင်တစ်ထောင်ထိုး၍ ကျောသားတော်၊ ပေါင်သားတော်တို့ကို ယူဆောင်ကြလေသည်။ ထိုတွင် ရွှေကိုယ်တော်၏ ပမာဏသည် ယခုအမြင်အတိုင်း ရှိလေသည်။ ရခိုင်ဧချင်းတွင် "မွန်တိနှင့်ပျူ၊ နှစ်ပြည်သူတို့၊ သုံးလူ့ထွတ်ချာ၊ မဟာမုနိ၊ တရိနှာတော်၊ ရုပ်ရှင်ကျော်ကို၊ ပေါင်တော်ကျောသား၊ ယူသောအားဖြင့်"ဟု ဆို၏။

ပကတိ ထက်ဝယ်ဖွဲ့ ကိုယ်တော်၏ အတိုင်းအထွာမှာ ရှစ်တောင်နှစ်မိုက် ရှိ၏။ ပျူနှင့်မွန်တို့က ဖိုကျင်ထိုးယူပြီးနောက် ခုနစ်တောင်နှင့် နှစ်မိုက်ခန့်သာ ရှိတော့သည်ဟု ယူဆဖွယ် ဖြစ်သည်။

ယခု အမရပူရ နေပြည်တော်သို့ ကြွရောက်ပြီးသော် အတိုင်းအတာမှာ ဓမ္မခဏ်မှ မကိုဋ်တော်အဆုံး ဉာဏ်တော် ၁၅ ပေ တိတိ ရှိသည်။ ဘိုးတော်မင်းတရားက အတွင်းဝန်နန္ဒကျော်ထင်ကို မောင်းထောင်ဆရာတော်ထံ မေးလျှောက်စေရာတွင် မြို့တော်နှင့် မနီးမဝေး အလားအလာ ကောင်းသည့် အရပ်တွင် ကိုးကွယ်သင့်ကြောင်း ဖြေကြားသည့် အတိုင်း လက်ရှိ ရှမ်းစုအရပ်တွင် ဂန္ဓကုဋိတိုက်တည်ကိုးကွယ်ခဲ့၏။

ထိုတိုက်တော်မှာ ရခိုင်မှ ပင့်ခဲ့ပြီး၍ နှစ် ၁၀၀ အကြာ သီပေါမင်း လက်ထက်တွင် မီးလောင် ပျက်စီးခဲ့သည်။ မီးခစဉ် ရုပ်ပွားတော် ပကတိမှာ တစ်စုံတစ်ရာ ချွတ်ယွင်းပျက်စီးမှု မရှိ။ မကိုဋ်တော်၊ နားပန်တော်၊ စလွယ်တော်နှင့် ရွှေသင်္ကန်းတော်များသာ ပျက်ယွင်းသည်။ မီးခ၍ ကျသော ရွှေများကို အရာရှိမှူးမတ်တို့ ကြီးကြပ်သိမ်းဆည်း စုပုံကာ ချိန်တွယ်ကြရာ ရွှေချိန်ပိဿာ ၅၄၅၀ ကျော် ရလေသည်။

၁၂၄၆ ခု ဝါဆိုလဆုတ် ၉ ရက်နေ့တွင် ငွေ သိန်းပေါင်း ၃၀ တန် ရွှေမကိုဋ်နှင့် ဒုယင်တင်လှူကာ မျက်နှာတော် ဖွင့်လေသည်။ အရှင် ၂ ပါး ရေစက်ချသည်။ ၁၂၄၇ ခုနှစ်တွင် ပါတော်မူသည်။

၁၂၆၀ ခုနှစ်တွင် အနာထပိဏ် မည်သော ဂဟပတိသူမြတ်က လက်ရှိ အုတ်ပြာသာဒ်ကြီး လှူဒါန်း၏။

၁၂၇၈ ခုနှစ်၌ ထီးတော်ကို လေခ၍ မြေသို့ကျရာတွင် မိုင်းပြင်းရပ်စောက် စော်ဘွားကြီးက အသစ်လှူ၏။ ၄က်မြတ်နားနှင့် စိန်ဖူးတော်ကို ဆာဘွဲ့ရ ညောင်ရွှေစော်ဘွားကြီးက လှူဒါန်းသည်။

ဘုရားပင့်သူ အိမ်ရှေ့မင်းသားကြီး၏ ကြေးရုပ်ကို ပရိဝုဏ်အတွင်း ပြတိုက်ရှေ့၌ ကောင်းစွာ ထုလုပ်ထားရှိပေသည်။

မြတ်စွာဘုရား‌ပရိနိဗ္ဗာန် ပြုတော်မူသော ဘီစီ ၅၄၃ ခုမှ ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းက မဟာမုနိရုပ်ပွားတော်ကို မြန်မာပြည်သို့ ပင့်ဆောင်သည့် ၁၇၈၅ အေဒီ အထိ နှစ်ပေါင်းအရေအတွက်သည် ၂၃၂၈ ဖြစ်သည်။ ထိုမျှသော ကာလပတ်လုံး သီရိဂုတ္တတောင်ထိပ်တွင် မဟာမုနိကိုယ်တော် ကိန်းဝပ်ခဲ့သည်။ သာသနာ ထက်ဝက်နီးပါး ဖြစ်၏။ မန္တလေးမြို့၌ ရောက်ရှိတော်မူသည်မှာ ၁၉၅ နှစ်ခန့်သာ ရှိသေးပေသည်။

*

## [ ၆ ] မုဆိုး ဆတ်သား စားအံ့

အမရပူရနေပြည်တော်၌ စံမြန်းနေရစ်သော မင်းတရားကြီးသည် သားတော် ရခိုင်ပြည်သို့ စစ်ချီစဉ်အတွင်း စစ်နိုင်မည်၊ မနိုင်မည်ကို များစွာ စိုးရိမ်မကင်း ဖြစ်မိသည်။ ယခင်က



www.burmeseclassic.com

www.burmeseclassic.com



မိမိကြားဖူးသော ရှေးသိုက်စာဟောင်းများကိုလည်း ပြန်လည်သတိရမိသည်။ ၎င်းတို့ကား–

(၁) ထီးပေါင်းကားတောင်၊ ညောင်ပင်ကြီးမှာ၊ တပ်ရာနှင်းသည်။ ဆောင်းတွင်း နှင်းဝေဝေ၊ နွေတို့လည်းရောက်၊ နန်းသစ်ဆောက်၊ နှစ်ယောက် မင်းများနှောင်။

(၂) ဘိုးတော်တောင်ဝါး၊ ပက်ပါနားတွင်၊ တိုင်းကားမြို့ကြီး တည်လတ္တံ့။

(၃) ရခိုင်စိုးခြင်း၊ အနောက်မင်းလည်း ရောက်လတ္တံ့။

(၄) တန်ခိုးကြီးစွာ၊ စိန္တေယျာ၊ မဟာမုနိ ရောက်လတ္တံ့။

(၅) မြို့တည်သနင်း၊ သည့်မင်းသည်၊ ရန်ကင်း သက်ရှည် ဖြစ်လတ္တံ့။

(၆) ဆဒ္ဒန်ဆင်မွန်၊ ဧရာဝဏ်လည်း၊ မိုးစွန်သိကြားဆက်လတ္တံ့။

(၇) စကြာတွင်ခြင်း၊ ထိုသည့်မင်းသည်၊ မြေးရင်း မြစ်ညွှန့် ပွားလတ္တံ့။

မင်းတရားကြီးသည် မြတ်စွာဘုရား ဗျာဒိတ်ထားခဲ့သော ထိုစကား သိုက်စာများနှင့် အညီ ထီးပေါင်းကားအရပ်တွင် အမရပူရမြို့တော်သစ် ဆောက်နေပေပြီ။ ထိုအရပ်သည် (၁) တောင်သမန်၊ (၂) တောင်ကျဉ်း၊ (၃) တောင်ပုန်း၊ (၄) တောင်မြင့် ဟူသော တောင်လေးလုံးတို့ ခြံရံလျက်ရှိ၏။ ဆောင်းတွင်းရာသီ၌ မှုုံမတ်ဝန်ကြီး အစုံအညီနှင့် ညောင်ပင်ကြီးအောက်တွင် တိုင်ပင်စီမံကာ ဗိုလ်သုကာ လက်သမား ၁၀၀ ကျော်သို့ တာဝန်လွှဲအပ်ခဲ့သည် မဟုတ်လော။ သို့ဖြစ်၍ ပထမ တဘောင်ကား မှန်ခဲ့လေပြီ။ အခြားသော သိုက်စာတို့ကား အသို့နည်း။ အယုတော်မင်္ဂလာ အမတ်ကြီးကိုပင် ခေါ်ယူတော်မူသည်။

ဘုရင်။ ။ မောင်မင်း၊ ငါ၏ သားတော်ကြီး ချီတက်တော်မူသည်မှာလည်း ကြာချေပြီ။ ရှေးယခင် သိုက်တဘောင်အရ "ရခိုင်စိုးခြင်း၊ အနောက်မင်းလည်း ရောက်လတ္တံ့" ဟူသည့်အတိုင်း မှန်သော် ကောင်း၏။ သင်၏အနုမာန ဉာဏ်မျက်စိဖြင့် ဤအရေး ဆင်ခြင် လျှောက်တင်ပါလော့။

အယုတော်မင်္ဂလာက "သူငယ်တို့ နှုတ်ဝယ် တဖွဖွ ရွတ်နေကြသည့်" စနည်းတဘောင်မှာ–

ကေတုမတီ၊ ညာချီရင်သား

လွန်ကြီးပွားသည်၊

ဘုရားကိုယ်တိုင် ကြွလတ္တံ့။

မုဆိုး ဆတ်သား စားလတ္တံ့။

"ညာချီရင်သား" ဟူသည်မှာ မင်းတရားကြီး၏ လက်ယာရင်သားနှင့် တူတော်မူသော သားတော် အိမ်ရှေ့မင်းကို ဆိုလိုပါသည်။

"လွန်ကြီးပွားသည်" ဆိုရာ၌ ထိုသားတော်ချစ်သည် သိရိဓမ္မာသောကမင်း ကဲ့သို့ အာဏာ စက္ကဝတ္တိရာဇာ ဖြစ်ပါသည်။ ထိုမင်းက ရွှေခြေချင်းကို လူမပါဘဲ စေလွှတ်ကာ ကာလနဂါးမင်းကို ဖမ်းဆီး ချုပ်ခတ်ခဲ့ရမည်ဟု စေလွှတ်ခဲ့သည်။ ထိုအတိုင်းလည်း အောင်မြင်ခဲ့ဖူး၏ ။

"ဘုရားကိုယ်တိုင် ကြွလတ္တံ့" ဆိုသည်မှာ သားတော်ကြီးသည် သာသနာ့ ဒါယကာ မဟာဥပရာဇ် ဖြစ်သဖြင့် ဝိသုဒ္ဓါ နတ်ကိုယ်တော်များ၊ သရီရဓာတ်တော်ရှင်များ သော်လည်းကောင်း၊ နိမိတ္တကိုယ်တော်စား ရုပ်ပွားဆင်းတုတော်များ သော်လည်းကောင်း သားတော်ကြီး ပင့်ဆောင်ရာသို့ ကြွလာတော်မူလတ်မည်။

"မုဆိုး ဆတ်သား စားလတ္တံ့" ဆိုရာ၌ အရှင် မင်းတရားကြီးသည် မုဆိုးမင်းဆက် ဖြစ်ပါသည်။ ယခု စစ်တံခွန် ဖြန့်တော်မူသော သားတော်ကြီးကိုလည်း မုဆိုးဟု ဆိုပါသည်။ ဓညဝတီပြည်ကို တည်ထောင်သော မင်းတို့မှာ ဆတ်မျိုး ဖြစ်ပါသည်။ ထိုဆတ်မျိုးတို့ကို လွယ်လင့်တကူ အာဏာပြရုံနှင့် ကြီးစွာသော အောင်ခြင်းဖြစ်၍ မုဆိုး ဆတ်သား စားလတ္တံ့ဟု ဆိုပါကြောင်း ဘုရား။

ဘုရင် ။ ။ ဆတ်မျိုး မင်းဆက်တို့က ဓညဝတီပြည်ကို တည်ထောင်ကြောင်း အကျယ် သိလိုသည် မောင်မင်း။

ဦးနိုး ။ ။ ဝေသာလီပြည်ကို ဘီလူးဖျက်ဆီးသည်ဖြစ်၍ ဓညဝတီမြို့ကို ဆတ်မသား "မာရာရု"မင်းက စ တည်ထောင် မင်းပြုကြောင်းကို မဟာမိတ်ကတိုင်း ရာဇဝင်နှင့် ရာဇာလင်္ကာရ ကျမ်းတို့၌ လာရှိပါကြောင်း။

ဘုရားပွင့်တော် မမူမီက ဝေသာလီပြည်တွင် သရဇ္ဇနမင်းဆက် အဆုံးကာလ၌ မင်းနှင့်တကွ ပြည်သူများ ဘီလူးစား၍ သေကုန်ရာ မိဖုရားကြီးနှင့် သမီးတော် ရခိကမာရီ တို့သာ ကျန်ရစ်သည်။

ထိုအချိန်က ဂစ္ဆပါ နဒီမြစ်တွင် ရောက်နေ၍ ဆတ်မ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် မျောပါလာသည်။ ထိုဆတ်မသည် မြစ်ညာ၌ မျောက်ဖိုနှင့် သင့်မြတ်ရာမှ ပဋိသန္ဓေ အရင်းအမာ ပါလာသည်။ ထိုဆတ်မသည် သေလာဂီရိ ကျောက်တောင်ခြေရင်း၌ တင်ရာတွင် သားဖွားရာ လူအချို့၊ ဘီလူးအချို့ ပါဝင်သည်။ သူက မွေးသောသား ဧရက္ခိုင်နှင့် သမီး ယက္ခနီ တို့ကြောင့် ဝေသာလီပြည် ပျက်စီးရခြင်း ဖြစ်သည်။

မြစ်ညာတွင် အခြား ဆတ်မတစ်ကောင်၏ ဖြစ်ရပ်ဆန်း တစ်ခုကလည်း ရှိပါသေးသည်။ ထိုဆတ်မသည် ကပ္ပိလဝတ်ပြည်မှ တောထွက်ကာ ရသေ့လုပ်နေသူ အာဂျူနနှင့် ရှုးရေစက် မကင်း၍ ညားကြရာ လူသားတစ်ယောက် ဖွားပါသည်။

ထိုသူငယ်ကို မုဆိုး သင်ကြီးအောင် ဆိုသူက မွေးစားကာ သူ့သမီးနှင့် ပေးစားပါသည်။ ဝေသာလီမြို့၌ ကြီးစိုးနေသော ဧရက္ခိုင်မိသားစု ဘီလူးတို့ကို ထိုသူငယ်က သတ်ဖြတ်သုတ်သင်ကာ "မာရာရု"အမည်နှင့် မင်းပြုလေသည်။ ဝေသာလီမြို့၌ မသေကျန်ရစ်သော မိဖုရားနှင့် သမီးတော်ရှစ်တမာ တို့ကို မိဖုရားမြှောက်ကာ ဆက်လက် စိုးစံပါသည်။ ဤကား ရခိုင်ပြည်၏ ဆတ်မျိုးမင်းဆက် ဖြစ်ပေါ်ခဲ့ပုံပါ ဘုရား။

မင်းနှင့် အမတ်တို့ ထိုသို့ ရခိုင်ရာဇဝင်အကြောင်း ပြောဆိုနေကြစဉ် "၁၁၄၅ ခု ပြာသိုလပြည့်ကျော် တစ်ရက်တွင် ရခိုင်ပြည်ကို အလိုတော်ပြည့်ကြောင်း၊ မဟာမုနိ ရုပ်ပွားတော်ကို နေပြည်တော်သို့ ပင့်ရန် စီစဉ်နေကြကြောင်း" များကို အိမ်ရှေ့မင်းထံမှ သတင်းပို့လာ၏။ ခမည်းတော်ထံသို့ သတင်းကောင်း သဝဏ်လွှာကို ပို့လာသူမှာ "ရွှေတောင်သိင်္ခ ကျော်ထင်"အမတ်တည်း။

ဘုရင် ။ ။အို ..... အယူတော်မင်္ဂလာ၊ ထူးခြားပါဘိတကား။ မောင်မင်း ရရှိခဲ့သော တဘောင်ကို အနက်ပြန်၍ ပြီးချိန်မှာပင် ဓညဝတီပြည်ကြီးကို အောင်မြင်ခြင်းနှင့် မဟာမုနိ ရုပ်ရှင်တော်လည်း ကြွတော်မူလာမည်ဟု သံတော်ဦးတင်လွှာ ရောက်လာပေသည်တကား။ မောင်မင်း၏ ထွက်ချက်သည် မြေကြီးလက်ခတ် ဖြစ်ပေသည်။

ငွေ ၃ ပိဿာနှင့် ခါသာပိတ်အုပ် ၂၊ ဆုချတော်သည်။

## ရခိုင်နိုင် အိမ်ရှေ့မင်းသားကြီး ရွှေနတ်တောင်စေတီ ဖူးမြော်ပုံ

အိမ်ရှေ့မင်းသားအဖြစ် ဘိုးတော်မင်းတရားက ပထမချီးမြှင့်သော ကံကျွေးဌာနမှာ ရွှေတောင်မြို့ ဖြစ်သည်။ ထို့ကြောင့် ရွှေတောင်မင်းဟု တွင်ခဲ့သည်။

ဘိုးတော်ဗဒုံမင်း အုပ်စိုးတော်မူစဉ် ၁၁၄၅ ခုနှစ်တွင် "ရွှေတောင်မြို့"ကို ဒိုင်စာရင်းဖွဲ့တော်မူ၍ သားတော် "မောင်အင်္ဂါ"ကို ဝန်ခန့်ထားရာ တစ်အိမ်လျှင် ၂ ကျပ်မျှသာ အခွန်ယူတော်မူသည်။ ထိုနောက် မှူးမတ်တို့ကိုသာ ခန့်၍ ရုံးသီးခြားထားလေသည်။

သားတော် အိမ်ရှေ့မင်းသည် ရခိုင်ပြည်ကို ၁၁၄၆ ခုနှစ်တွင် တိုက်ခိုက်သိမ်းယူ၍ မဟာမြတ်မုနိဘုရားကို ပင့်ဆောင်တော်မူခဲ့ရာ ပန်းတောင်းမြို့ဆိပ်ကမ်းသို့ ဆိုက်ရောက်တော်မူ၍၊ ထိုသို့ ဆိုက်ရောက်တော်မူစဉ် "ရွှေနတ်တောင်စေတီ"တော်အား သွားရောက်ဖူးမြော်ရာ အတိုင်းမသိ ကြည်ညိုတော်မူလှသဖြင့် ကိုယ်တော်ပြည့် ရွှေသင်္ကန်းတော်ကိုလည်းကောင်း၊ ကုန်းတော်ရင်ပြင်ဝယ် တင့်တယ် ထူးဆန်းခြူးပန်းခြူးနွယ် အသွယ်သွယ်သော ရတနာတို့ဖြင့် ခြယ်လှယ်အပ်သော ရွှေပြာသာဒ်တော်ကို သော်လည်းကောင်း၊ စောင်းတန်းလှေကား များစွာသော အာရုံခံ တန်ဆောင်းကြီးတို့ကို လည်းကောင်း ဆောက်လုပ်တော်မူ၍ ပြီးစီးလေလျှင် ရင်ပြင်ကုန်းတော်ထက်၌ ၇ ရက်ပတ်လုံး အမျိုးမျိုးသော ပွဲလမ်းသဘင်တို့ကို ကျင်းပ၍ သာဓု အနုမောဒနာပြုသော အခမ်းအနား၌ ဘုရားဆုကို ပန်တော်မူသည်။

ထိုသို့ ပရိသတ်အစည်းအဝေးတွင် အိမ်ရှေ့မင်း စိတ်တွင် ဆင်ခြင်အောက်မေ့တော်မူသည်မှာ ငါ၏ကုသိုလ်တော်အမျိုးမျိုးကို ဆိုးသွမ်းယုတ်မာသူတို့ မဖျက်ဆီးနိုင်သောငှာ အစောင့်အရှောက်နှင့် ထားခဲ့မှ သင့်လျော်ချိမ့်မည်ဟု ကြံစည်၍ 'ရွှေနတ်တောင် စေတီတော်နှင့်တကွ ငါ့ကောင်းမှုတော် အရပ်ရပ်ကို မည်သူ ဆက်လက် စောင့်ရှောက်လတ္တံ့နည်း' ဟု သုံးကြိမ်သုံးဖန် မေးတော်မူရာတွင် တစ်ယောက်သော လက်စွဲတော်သားသည် 'အရှင့်သား၊ ကျွန်တော်မျိုး စောင့်ရှောက်ရစ်ပါအံ့'ဟု လျှောက်လျှင် 'ငါ အရှင် ကြောင့်ကြ၍ တောင့်တရာ ရပေသည်။ ဤနေ့မှစ၍ ထို လက်စွဲတော်သား၏ ငယ်မည် ပျောက်ပ၍ "ငတေ"ဟူသော အမည် တွင်စေ' ဟု မိန့်တော်မူပြီးလျှင် ငွေ၊ ရွှေ၊ ရတနာနှင့် များစွာသော



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ရှေ့မင်းကြီးမှ ဆင်းသက်သူများ




www.burmeseclassic.com

www.burmeseclassic.com



သက်မဲ့ပစ္စည်းတို့ကိုလည်း ချီးမြှောက်ပေးကမ်း၍ ဘုရားရှင်၏ ဝေယျာဝစ္စကို ပြုစိမ့်သောငှာ ထို"ငတ"ကို ကျောက်စည်ခေါင်းလောင်း ထိုး၍ လှူခဲ့ပြီးကာ မဟာမြတ်မုနိဘုရားကို ပင့်ဆောင်၍ နေပြည်တော် အမရပူရသို့ ဆန်တက်တော်မူလေသတည်း။

*

## [၇] အင်္ဂလိပ်သံနှင့် ပြင်သစ်တမန်

"ကျွန်တော်တို့ (Michael Symes) သံအဖွဲ့သည် မြင်ကွန်းမှ အမရပူရမြို့တော်သို့ ၁၁ နာရီ၌ ရောက်၏။ အိမ်ရှေ့သခင်က ကျွန်တော်တို့ နက်ဖြန်ခါမှ လာမည်ထင်၍ ဘာမျှ ပြင်ဆင်ထားခြင်း မရှိချေ။ ထို့ကြောင့် လိုအပ်သော အစီအစဉ်များ ပြုလုပ်စဉ် ကျွန်တော်တို့ ခေတ္တ စောင့်ဆိုင်းကြရ၏။ ရှေ့တော်သို့ ကျွန်တော်များ ဝင်သောအခါ၌ကား အစစ အရာရာ ပြေလည် မြန်ဆန်ပေသည်။

အိမ်ရှေ့မင်း၏ သက်တော်မှာ ၃၉ နှစ် ဟူ၍ သိရပါသည်။ အသက် ၃ နှစ်ခန့် ကလေးငယ် တစ်ဦးက သူ၏ ဒူးတော်ကို မှီကာ ရပ်နေသည်။ ခြေတော်ရင်း၌ ၇ နှစ်ခန့် သူငယ် ၂ ဦး ထိုင်နေကြသည်။

အိမ်ရှေ့မင်းသည် ဝဝဖိုင့်ဖိုင့်ဖြစ်သည်။ မျက်နှာတော်မှာ ခံ့ညားလျက် တစ်မျိုးပင် စိတ်ဝင်စားဖွယ် ဖြစ်သည်။ ခေါင်းပေါင်းဖြူ ဖော့လုံးနှင့် အင်္ကျီမှာလည်း အဖြူပင် ဖြစ်၏။ အင်္ဂလိပ် ဘုရင်ခံချုပ်၏ နာမည်ကို စတင် မေးမြန်းတော်မူ၏။

အရေးပါသော အရာရှိပေါင်း ၂ ဦးခန့်နှင့် သူတို့၏ နောက်လိုက်များ အိမ်တော်ခန်းမ၌ ခစားလျက် ရှိကြသည်။ အိမ်ရှေ့မင်းက နိုင်ငံရေးပြဿနာများကို မမေးပါ။ အိန္ဒိယပြည်၏ အင်္ဂလိပ်ဘုရင်ခံချုပ် ကျန်းမာပါ၏လော မေးခွန်းနှင့် ပတ်သက်၍–

သံမှူး ။ ။ မှန်လှပါ၊ အင်္ဂလိပ်ဘုရင်ခံချုပ် မြို့စားကြီး ဝဲလက်စလီ (Marquis Wellesley)သည် ဘုန်းတော်ကြောင့် ကျန်းခံ့သာ၍ မာတော်မူကြောင်းပါ ဘုရား။

အိမ်ရှေ့ ။ ။ နာမည်က ဘယ်လိုတဲ့လဲ၊ မာကျစ်ဝဲလက်စ်တဲ့ လား။

သံမှူး ။ ။ **မာကွစ်** ဆိုတဲ့ ပထမပိုင်းက သူ့နာမည် မဟုတ်ပါဘုရား။ ရာထူး အဆင့်အတန်းမျှသာ ဖြစ်ပါတယ်။ ဒုတိယပိုင်းက သူ ပိုင်စားတဲ့ နယ်ပယ်အမည် **ဝဲလက်စလီ** ပါတဲ့ ဘုရား။

အိမ်ရှေ့ ။ ။ သြော်–ဟုတ်ပြီ၊ ငါတို့ကို ရွှေတောင်မြို့စားခေါ်သလိုပေပဲ။ မာကျွတ်ဝဲလစ်တဲ့လား။

သံမှူး ။ ။ မာကွစ်–ဝဲလက်စလီပါတဲ့ ဘုရား။

အိမ်ရှေ့ ။ ။ အဲလေ၊ ကျုပ်လည်း အင်္ဂလိပ်စာ မသိတော့ ကောင်းကောင်း မခေါ်တတ်ပါဘူး၊ အဲဒီ အကြည်တော် ဘုရင်ခံချုပ်ကြီးထံ ကျွန့်ပ်က လက်ဆောင်တော်အဖြစ် မြင်း ၂ ကောင် ပေးပို့လိုပါတယ်။ ပုဂ္ဂိုလ်ရေးရာ အင်မတန် ချစ်ကြည်လေးစားခြင်း အထိမ်းအမှတ် ဖြစ်စေဖို့ လက်ဆောင်တော်ပါးခြင်း ဖြစ်ကြောင်း ကောင်းစွာ တင်လျှောက်ပါဘိ။

သံမှူး ။ ။ ကောင်းလှပါသည် ဘုရား၊ အရှင်အိမ်ရှေ့မင်း၏ စေတနာကို ထင်ရှားစေပါမည် ဘုရား။ ကျွန်တော်များ ရွှေမြို့တော်ကို ရောက်သည်မှစ၍ ဆွေတော်မျိုးတော် အပေါင်းတို့တွင် အရှင်အိမ်ရှေ့မင်းသာလျှင် အင်္ဂလိပ်ဘုရင်ခံချုပ် အကြောင်းကို စတင် မေးမြန်းချီးမြှင့်တော်မူခြင်း ဖြစ်၍ ထူးခြား ဝမ်းမြောက်ဖွယ် ဖြစ်ပါသည် ဘုရား။

အိမ်ရှေ့ ။ ။ အသင် သံအမတ်များရဲ့ အလိုဆန္ဒအပေါင်းတို့ကို ဟောဒီ ရန်ကုန်မြို့စားကြီးက အစစ အရာရာ ပြည့်စုံအောင် စောင့်ရှောက်ပေးလိမ့်မည်။ နောင်တော်ကြီးက လိုအပ်သလို ရွက်ဆောင်ပေးပါဘိ။ (ရန်ကုန်မြို့ဝန်၏ မယ်တော်မှာ အိမ်ရှေ့မင်း၏ နို့ထိန်းဖြစ်ခဲ့၍ အိမ်ရှေ့မင်းက ဤသို့ ရင်းနှီးစွာ ပြောဆိုခြင်းဖြစ်သည်။)

အိမ်ရှေ့မင်းသည် ညီလာခံ တစ်လျှောက်လုံးပင် ရွှင်ပျ ကြည်သာလျက် အင်္ဂလိပ်တို့ကို များစွာ မျက်နှာသာပေးခြင်း ထင်ရှား၏။ မာန်မာန ဟူ၍ လုံးဝ မကြုံတွေ့ရပါ။ ခမည်းတော် မင်းတရားကြီးနှင့် တွေ့စဉ်ကလိုပင် သံမှူးများ



www.burmeseclassic.com

www.burmeseclassic.com



ကို နှစ်သက်ဖွယ်ရာ ပြောဆိုပါသည်။ မုန့်ပွဲနှင့် အဖျော်ယမကာများကို လူပျိုတော်များက ရိုသေကျိုးနွံစွာ လာရောက် ပေးကမ်းပါသည်။ ကွမ်းအုပ်ကိုမူ အိမ်ရှေ့မိဖုရားက အထူးပေးပို့ခြင်း ဖြစ်သည်ဟု အိမ်ရှေ့မင်းက မိန့်ဆိုပါသည်။

အထက်ပါ မှတ်တမ်းမှာ ရှင်ဘုရင် ဘိုးတော်ဦးဝိုင်း၏ သားတော် ရွှေတောင်မြို့စား အိမ်ရှေ့မင်းသားကြီးထံ ၁၀၀၂ ခုက အိန္ဒိယဘုရင်ခံချုပ်ထံမှ စေလွှတ်သော သံမှူး မိုက်ကယ်ဆိုင်း၏ ကိုယ်တွေ့ရေးသားချက်များ ဖြစ်သည်။

ထိုအချိန်က ဘိုးတော်မင်းတရားကြီးသည် မင်းကွန်း စေတီတော်ကြီး တည်ဆောက်ရေး၌ စိတ်ဝင်စား၍ နေပြည်တော် အမရပူရသို့ လုံးဝမပြန်ဘဲ အုပ်ချုပ်ရေးကိစ္စ အဝဝကို သားတော် ရွှေတောင်မင်းထံ လုံးဝ လွှဲပြောင်းထားသည်။ အိမ်ရှေ့မင်း၌ အာဏာ အပြည့်အစုံ ရှိသည်။ ဘုရင်က နေပြည်တော်သို့ မပြန်သဖြင့် သီတင်းကျွတ်လ ကန်တော့ပွဲ ညီလာခံတွင် ရာဇပလ္လင်ကိုသာ ကန်တော့ကြရ၏။

ထိုအချိန်က မင်းကွန်းကျွန်း တစ်နေရာတွင် အင်္ဂလိပ် သံအဖွဲ့အတွက် ယာယီတဲစခန်း ဆောက်လုပ်ပေးထားရာ ရန်ကုန်မြို့ဝန်၏ ဂေဟာနှင့် နီးစပ်လေသည်။ ထို့ကြောင့် မြို့ဝန်နှင့် သံမှူးတို့ မကြာခဏ တွေ့ဆုံဆွေးနွေးခွင့် ရသည်။

သံမှူးဆိုင်း၏ တာဝန်မှာ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ဥရောပတိုက်၌ လည်းကောင်း၊ အိန္ဒိယပြည်၌ လည်းကောင်း သင့်မြတ်မှု မရှိဘဲ တိုက်ပွဲများ ဖြစ်ပွားနေချိန်တွင် မြန်မာပြည်ကို ပြင်သစ်တို့က သိမ်းသွင်းသွားမည်ကို စိုးရိမ်လေသည်။ ထို့ကြောင့် အိန္ဒိယဘုရင်ခံချုပ် ဝဲလလီက မြန်မာနှင့် စိတ်ချရသော မဟာမိတ် စာချုပ်တစ်ခု ပြုလုပ်လို၏။ ၎င်းကို အင်္ဂလိပ်ဘာသာဖြင့် (Subsidiary Alliance) ငွေအား လူအား ထောက်ပံ့ရေးစာချုပ် ဖြစ်လေသည်။ အင်္ဂလိပ်က လူအားစိုက်ကာ၊ မြန်မာက ငွေအားစိုက်ထုတ်ရန် ဖြစ်၏။ အမှန်အားဖြင့် အင်္ဂလိပ်တို့ ကွပ်ကဲဖွဲ့စည်းပေးသော စစ်တပ်ကို မြန်မာအစိုးရက ရိက္ခာငွေကြေး ထောက်ပံ့ရမည် ဖြစ်သည်။ အင်္ဂလိပ်တို့သည် အိန္ဒိယပြည် မဟာရာဇာများနှင့် ထိုမူအတိုင်း အတော်အတန် စာချုပ်ပြီးစီးခဲ့လေပြီ။ ထိုစာချုပ်၏ အကျိုးမှာ အင်္ဂလိပ်များ ကာကွယ်လျက်ရှိသော နယ်မြေဘဝ၌ ပြင်သစ်တို့ ဝင်ရောက်ခြယ်လှယ်ခြင်း ကင်းမဲ့ကာ စိတ်ချရသောကြောင့် ဖြစ်၏။ မြန်မာတို့ အနေဖြင့်လည်း ငွေရှင် ကြေးရှင်အဖြစ် အင်္ဂလိပ်တို့၏ လက်အောက်ခံ မဟုတ်ဘဲ အပေါ်စီးဖြင့် လွတ်လပ်စွာ ပေါင်းသင်းဆက်ဆံနိုင်မည် ဖြစ်လေသည်။ ထိုမူသစ်ကို သံမှူးက အိမ်ရှေ့ ရွှေတောင်မင်းသားကြီးမှ တစ်ဆင့် ဘိုးတော်မင်းတရားသို့ တင်ပြရလေသည်။

အိမ်ရှေ့မင်း အနေဖြင့် အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ အပြိုင်အဆိုင် အရေးတော်ပုံတွင် မည်သည့်ဘက်မှ ပါဝင်လိုခြင်း မရှိဘဲ လက်တွေ့ နိုင်ငံခြားဆက်ဆံရေး ပြေပြစ်မှုကို လိုလား၏။ ရခိုင်ပြည်ကို မကြာမီက မိမိကိုယ်တိုင် သွားရောက် သိမ်းပိုက်ခဲ့ရာ အင်္ဂလိပ်နှင့် မြန်မာတို့မှာ ရခိုင်ပြည်၌ လည်းကောင်း၊ မဏိပူရနှင့် အာသံပြည်တို့၌ လည်းကောင်း နယ်နိမိတ်ချင်း ဆက်စပ်နေသော အိမ်နီးချင်းဘဝသို့ ရောက်ရှိနေပြီ ဖြစ်၏။ ထို့ကြောင့် အင်္ဂလိပ်တို့နှင့်သာ ပြဿနာပေါ်ပေါက် ဖြေရှင်းဖွယ်ရာ ရှိသည်။ အာရှတောင်ပိုင်း၌ ပြင်သစ်ပိုင် နယ်များ မရှိသေး၍ ပြဿနာပေါ်ဖွယ် မရှိချေ။ ထို့ကြောင့် လက်တွေ့အားဖြင့် အင်္ဂလိပ်များနှင့် ဆက်ဆံရေး ပြေပြစ်သည်ကို မြန်မာအိမ်ရှေ့မင်းက လိုလားသည်။ ခမည်းတော် မင်းတရားကြီးကိုလည်း ဤအတိုင်း တိုက်တွန်းသည်။

ဘိုးတော် မင်းတရားကြီး အနေဖြင့်ကား ခမည်းတော် အလောင်းဘုရားနှင့် နောင်တော် ဆင်ဖြူရှင်မင်းတို့၏ ပိုင်နက်ဖြစ်သော အာသံပြည်မှ ယိုးဒယားနှင့် ယွန်းပြည်အထိ အုပ်စိုးသော ဧကရာဇ်မင်း အဖြစ် နိုင်ငံတကာ၏ လေးစားမှုကို ခံယူလိုလေသည်။ အင်္ဂလိပ်သည် လည်းကောင်း၊ ပြင်သစ်သည် လည်းကောင်း မိမိ၏ ခြေတော်ရင်းသို့ တူညီစွာ လာရောက် အလေးပြုခြင်းကို ခံယူလိုလေသည်။ မည်သူ့ကိုမျှ ဦးစား မပေးလိုချေ။

ထိုအချိန်၌ ပြင်သစ်ပိုင် မောရစ်သျှကျွန်းမှ သံအဖွဲ့ ရောက်ရှိမည် သတင်း ရသဖြင့် ဘိုးတော်ဘုရားက ပြင်သစ်တို့ ရောက်ရှိသည့်တိုင်အောင် အင်္ဂလိပ်သံအဖွဲ့က စောင့်ဆိုင်းနေစေလိုသည်။ မိုက်ကယ်ဆိုင်းကလည်း သဘောတူရလေသည်။

ထိုအချိန်က ပြင်သစ်ပြည်တွင် ပြည်သူ့အရေးတော်ပုံကြီး ပေါက်ကွဲခဲ့ရာ ပြည်သူလူထုက လူဝီဘုရင်နှင့် မိဖုရားကို ခေါင်းဖြတ် သတ်ပစ်ကြလေသည်။ ပြင်သစ်ဗိုလ်ချုပ် နပိုလီယန်က အီဂျစ်ပြည်ကို သွားရောက် တိုက်ခိုက်ရာ အင်္ဂလိပ်က အီဂျစ်ဘက်မှ ကူညီကာ ပြင်သစ်ကို မော



www.burmeseclassic.com

www.burmeseclassic.com



ထုတ် ပေးခဲ့ရသည်။ မိုက်ကယ်ဆိုင်းက ဤအချက်များကို အိမ်ရှေ့မင်းသားသို့ ရန်ကုန်မြို့ဝန်မှ တစ်ဆင့် တင်ပြ၏။ လက်ရှိ အခြေအနေ၌ အင်္ဂလိပ်နှင့် သင့်မြတ်ရေး လိုလားအပ်သည်ကို အိမ်ရှေ့မင်းကလည်း သဘောပေါက်ပြီး ဖြစ်သည်။

အင်္ဂလိပ် ဘုရင်ခံချုပ်က မြန်မာနန်းတွင်းရေးကို လေ့လာ၍၊ အကယ်၍ ထီးနန်းဆက်ခံရေး ပြဿနာများ ရှိနေပါက အင်္ဂလိပ်ဘက်ကို လိုက်လျောမည့် နန်းလျာကို အားပေးထောက်ခံရန်လည်း သံမှူးကို မှာကြားလိုက်သည်။ သို့သော် အမရပူရ၌ နန်းတွင်းအရှုပ်အထွေး ဘာမျှ မရှိချေ။ ဘိုးတော်ဘုရားက အိမ်ရှေ့မင်းကို ထီးနန်းလွှဲထားသည်သာမက ထိုအိမ်ရှေ့မင်း၏ သားတော် စစ်ကိုင်းမင်းသားကလေးကိုပင် အိမ်ရှေ့မင်းကို ဆက်ခံမည့် နန်းလျာအဖြစ် သတ်မှတ်ပြီး ဖြစ်သည်။ ထိုမျှမက စစ်ကိုင်းမင်းမှ ဖွားသော မြစ်တော်စကြာမင်းသားကလေး အထိ သားစဉ်မြေးဆက် နန်းတက်ကြစေရန် ရည်သန်တော်မူသည်။ ဤအချက်ကို သာမန်အားဖြင့် ဘာမျှမဆန်းဟု ထင်ဖွယ်ရှိသော်လည်း ဘိုးတော်ဘုရားအား ပုန်ကန်သော ညီတော်များ ရှိနေသည် မဟုတ်လော။ အလောင်းမင်းတရား၏ နန်းလျာစနစ်ကို လက်ညှိုးထိုးပြကာ ညီတော်သည် သားတော်ထက် အရေးကြီးကြောင်းကို မောင်းခတ် ပြောဆိုနေကြသည် မဟုတ်လော။ ဤသို့သော အခြေအနေ၌ ဘိုးတော်ဘုရားက ညီတော်ဆက်ဆံရေးစနစ်ကို ယခုသာမက ခေတ်အဆက်ဆက် ပယ်ဖျက်ကြောင်း ထင်ရှားရန် စကြာမင်းကလေးကို ရင်ခွင်ပိုက်ပြခြင်း ဖြစ်လေသည်။

ဒေါက်တာထင်အောင် ရေးသော မြန်မာရာဇဝင်၌ ထိုအချိန်က အင်္ဂလိပ်သံမှူး၏ ကမ်းလှမ်းချက်တွင် အိမ်ရှေ့မင်းနှင့် ညီတော် တောင်ငူမင်းသားတို့ သင့်မြတ်မှု မရှိရာတွင် အင်္ဂလိပ်တို့က အိမ်ရှေ့မင်းဘက်မှ ကူညီရန် အသင့်ရှိကြောင်း။ အိန္ဒိယ ဘုရင်ခံချုပ်က ကြည်းတပ် ၂ ခု အိမ်ရှေ့မင်းသို့ စစ်ကူပေးမည် ဆို၏။ ထိုစစ်တပ်များ၏ ရိက္ခာနှင့် စရိတ် အရပ်ရပ်ကို မြန်မာမင်းက စိုက်ထုတ်ပေးကမ်းရမည် ဆို၏။

တောင်ငူမင်း ဆိုသည်မှာ ဤစာအုပ်၌ ပါရှိသော "မောင်းထောင်နှင့်တောင်ငူ" အခန်းမှ မင်းသားပင် ဖြစ်သည်။ ခမည်းတော်က သူ့ကို အိမ်ရှေ့အရာ မပေးဘဲ နောင်တော် ရွှေတောင်မင်းကို ရွေးချယ်ခဲ့ရာ မကျေနပ်၍ တောင်ငူမြို့တွင် ပုန်ကန်ရန် စီစဉ်ခဲ့သည်။ ထိုကိစ္စကို ခမည်းတော်ကိုယ်တိုင် တွေ့ရှိသဖြင့် သားတော်ကို အရာချကာ မင်းကွန်း၌ နေစေသည်။ သူ့ကို မြှောက်ပင့်ပေးသော မှူးမတ်တို့ကို ကွပ်မျက်သည်။

မိုက်ကယ်ဆိုင်း ကိုယ်တိုင် တောင်ငူမင်းသား၏ မင်းကွန်းအနီး အိမ်တော်သို့ သွားရောက် နှုတ်ဆက်ခဲ့သည်။ မင်းသားမှာ အရာကျကာ ချို့တဲ့နေ၍ ရွှေထွေးခံ တစ်ခုသာ ပြောင်လက်သော အသုံးအဆောင် ဟူ၍ တွေ့မြင်ခဲ့ရကြောင်း ရေးသားခဲ့သည်။ သို့သော် တောင်ငူမင်းသည် အလွန် သွက်လက် ရဲရင့်ဟန် ရှိသည် ဆို၏။

---
မင်းတဲတား (ကျေးလက်ကဏ္ဍ)



www.burmeseclassic.com

www.burmeseclassic.com



တောင်ငူမင်းသားကိုလည်း ခမည်းတော် ဘိုးတော်မင်းတရားကြီး ကိုယ်တိုင် ချုပ်နှိမ်ပြီး ဖြစ်နေရာ အိမ်ရှေ့မင်းအတွက် အင်္ဂလိပ်အကူအညီ မလိုချေ။ သူကိုယ်တိုင် မြန်မာတပ်များ ဦးဆောင်ကာ ရခိုင်ပြည်သို့ လည်းကောင်း၊ တနင်္သာရီသို့ လည်းကောင်း သွားရောက် တိုက်ခိုက်ဖူးသူဖြစ်၍ တောင်ငူမင်း၏ အင်အားမှာ မည်သို့မျှ သူ့အတွက် မှုလောက်စရာ မရှိခဲ့ချေ။

တောင်ငူမင်းသားသည် ဘိုးတော်မင်းတရား နတ်ရွာစံပြီး စစ်ကိုင်းမင်း နန်းတက်ချိန်တွင် ကွပ်မျက်ခံရလေသည်။

မည်သို့ဆိုစေ သံမှူးဆိုင်း ရောက်ရှိချိန်၌ နန်းတွင်းကွဲပြဲမှုများ ဘာတစ်ခုမျှ မတွေ့ရချေ။ အိမ်ရှေ့မင်းအား အင်္ဂလိပ်တို့က အကြောင်းမရွေး ကူညီပါမည်ဟု တီးခေါက်ကြည့်ရာ၌လည်း ဘာမျှ စကားပြန်မရဘဲ ပြုံး၍သာ နေတော်မူသည်။

အင်္ဂလိပ်သံအဖွဲ့ ရောက်ရှိနေခဲ့သည်မှာ ၂ လကျော်ပြီ ဖြစ်၍ ဘုရင်နှင့် တွေ့ခွင့်ရရန် တိုက်တွန်းရလေသည်။ ဘိုးတော်မင်းတရားထံ မိဖုရားကြီးနှင့် အိမ်ရှေ့မင်းတို့ ဝင်ရောက် ပြောဆိုကြ၏။

အိမ်ရှေ့ ။ ။အင်္ဂလိပ်သံမှူးက နယ်မြေတောင်းဖို့ လာတာ မဟုတ်ပါ ဘုရား။ ပြင်သစ်နှင့် သူတို့ မသင့်မြတ်ချိန်မှာ မြန်မာက ဘက်မလိုက်စေချင်တဲ့ သဘောပါပဲ။

ဘုရင် ။ ။အေး.... ငါကလည်း ဘက်လိုက်တာမှ မဟုတ်ဘဲ။ ပြင်သစ်ဆီက လက်နက်ဝယ်ချင်တယ်၊ သူတို့ကိုလည်း မြန်မာပြည်မှာ လက်မခံချင်ပါဘူး။ တော်ကြာ နန်းတွင်းရေးမှာ ဝင်ရှုပ်နေဦးမယ်။

မိဖုရား ။ ။မှန်ပါတယ်၊ ပြင်သစ်ကလည်း ကောင်းတာ မဟုတ်ပါဘူး၊ ခမည်းတော် လက်ထက်တုန်းက ဒဂုံမှာ ပြင်သစ် လူရှုပ်တစ်ဦးကို ကွပ်မျက်ခဲ့ရတယ် မဟုတ်လား။

ဘုရင် ။ ။အေး.....ဟုတ်သားပဲ၊ ဘရုနို (Bruno) ဆိုတဲ့ ပြင်သစ်ကောင်က မွန်ဘက်က ဝင်တိုက်ပေးနေတယ်။

အိမ်ရှေ့ ။ ။အမှန်တော့ သူတို့နှစ်ဖက်စလုံးကို မြန်မာပြည်မှာ ခြေကုပ်စခန်း မပေးလိုပါဘူး။ တခြား တရားဝင် ကုန်သွယ်ရေး အခွင့်များတော့ ပြုထိုက်ပါတယ်။

ဘုရင် ။ ။အေး..... မင်းတို့က အဲသလို သဘောရလည်း ကောင်းတာပေါ့။ ငါတော့ စစ်

**ကျိုင်းတုံ မြို့လယ်လမ်း (ကျေးလက်ကဏ္ဍ)**



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းဘက်ကို ဘုရားဖူးသွားစရာ ရှိတယ်၊
အပြန်တော့ သူတို့နှင့် တွေ့ကြတာပေါ့။

မိဖုရား ။ ။ သူတို့ခမျာလည်း အတော် ရက်ညောင်း
နေကြပါပြီ၊ အားနာစရာပါပဲ။

မိုက်ကယ်ဆိုင်း၏ မှတ်တမ်း၌ ဆက်လက်ရေးသားပါရှိသည်မှာ–

"ပြင်သစ်သံအဖွဲ့ ဆိုသူများ ရောက်သောအခါ ဘိုးတော်မင်းတရား စိတ်ပျက်တော်မူသည်ဟု ကြားရ၏။ အစိုးရ အရာရှိ တစ်ဦးမျှ မပါရှိဘဲ အမေရိကန်လူမျိုး ဘိဗန်ဆိုသူနှင့် လက်ထောက် ပြင်သစ် လူငယ်တစ်ဦးသာ ပါရှိသည်။ ဘိဗန်က ပြင်သစ်ပိုင် သင်္ဘောကို မောင်းပေးနေသူသာ ဖြစ်သည်။ ထို့ကြောင့် သူတို့အဖို့ မျက်နှာကောင်းမရဘဲ အင်္ဂလိပ်သံမှူးထက် အဆင့်နိမ့်သော ပြုစု စောင့်ရှောက်မှုသာ ရရှိကြလေသည်။

နိဝင်ဘာလ ၆ ရက်နေ့တွင် မင်းတရားကြီးသည် စစ်ကိုင်းမှ မင်းကွန်းသို့ အခမ်းအနားနှင့် ပြန်လာသည်။ ကုန်းပေါ်မှ စစ်သား ၁၅၀၀ ခန့် စောင့်ကြပ်ပါရှိသည်။ ရေကြောင်း၌ ကရဝိက်မြို့ ဖောင်တော်ကို ရွှေလောင်းကြီးများ ဆွဲငင်လာခြင်းက ပိုမိုခမ်းနားသည်။ လှေတစ်စင်းလျှင် လူ ၆၀ ခန့် လှော်ခတ်ပါရှိသည်။ ကျွန်တော်တို့ သံတဲရှေ့ ကိုက်တစ်ရာလောက်မှ ဆန်တက်ခြင်းဖြစ်၍ ရှင်ဘုရင်ကို ကောင်းစွာ ရှုမြင်ရပါသည်။ အင်္ကျီဖြူနှင့် ခေါင်းပေါင်းဖြူ ဆင်မြန်းကာ ဖောင်တော်နောက်ပိုင်း သလွန်တော်ပေါ်တွင် လိုက်ပါသည်။ ထီးဖြူတော်အောက်တွင် ကျောက်စီဓား ကိုင်ဆောင်ထား၏။ ကျွန်တော်တို့ဘက်သို့ အတန်ကြာ ရှုစားတော်မူရာမှ ကျွန်တော်တို့က ဦးထုပ်များချွတ်ကာ အလေးပြုသောအခါ ဘုရင်က မျက်နှာတော် လွှဲသွားပါသည်။ ဖောင်တော်နောက်တွင် အိမ်ရှေ့မင်းက ရဲလှေ စီးနင်းလိုက်ပါသည်။ ရဲလှေအစင်းပေါင်း ၆၀ ခန့် ပါရှိရာ အားလုံးပင် ဝတ်ကောင်းစားကောင်းနှင့် သိုက်မြိုက် တောက်ပပေသည်။ ကျွန်တော်တို့အတွက် မှတ်သားလောက်သော ရှုခင်းပါပေ။

ရှင်ဘုရင်ထံမှ ရိက္ခာတော်ဟု ဆိုကာ ကျွန်တော်များထံသို့ စစ်ကိုင်းမင်းသားကလေးမှ တစ်ဆင့် ပို့လာသည်။ ဆန်၊ ထောပတ်နှင့် ဟင်းသီးဟင်းရွက်များ ပါရှိသည်။

ထိုနေ့ ဘုရင့်ရှေ့တော်သို့ ဝင်ပါသည်။ မင်းကွန်းနန်းတော်မှာ ယာယီသာဖြစ်၍ မခမ်းနားပါ။ ကျွန်းတိုင်ကြီးများ၌ ရွှေမရှိပါ။ ညီလာခံခန်းမ၌ စာထုပ်ပေထုပ်များ ပြန့်ကြဲချထား၍ ကုန်လှောင်ရုံနှင့်ပင် တူတော့သည်။ ရှင်ဘုရင်က သရဖူဆောင်းထား၍ ခံ့ညားပေသည်။ သို့သော် လွန်ခဲ့သော ၇ နှစ်က အမရပူရ နန်းတော်၌ ကျွန်တော် တစ်ခေါက်ရောက်ရှိစဉ်ကလို မခမ်းနားပါ။

လက်ဆောင်တော် စာရင်း ဖတ်ကြားပြီးနောက် ရှင်ဘုရင်က ကျွန်တော်တို့နှင့် တိုက်ရိုက် စကားမပြောဘဲ သူ့ဝန်ကြီးမှ တစ်ဆင့်သာလျှင် မေးမြန်းတော်မူပါသည်။

ဘုရင် ။ ။ ရခိုင်ပြည်က နတ်မြစ်ဟာ ဘယ်လောက်
ကျယ်သလဲ။

သံမှူး ။ ။ ဧရာဝတီမြစ်လောက် မကျယ်ပါ။ မြစ်
လက်တက်လောက်သာ ရှိပါမည်။

ဘုရင် ။ ။ မြန်မာနှင့်အင်္ဂလိပ်တို့ စစ်မက်ဖြစ်ပွားခဲ့
သည်ဟု ရာဇဝင်၌ မတွေ့ရှိခဲ့ပါ။ ဤ
အတိုင်း ချစ်ကြည်ရေး တည်တံ့စေလို
တယ်။

သံမှူး ။ ။ မှန်လှပါ၊ အင်္ဂလိပ်တို့နှင့် ဆန္ဒ တူညီပါ
သည်။

ဘုရင် ။ ။ အရာရှိဆိုးများကြောင့် အထင်လွဲ အမြင်
လွဲ ဖြစ်တတ်တယ်။

သံမှူး ။ ။ မှန်ပါ၊ သတိပြုရမည် ဖြစ်ပါကြောင်း။

ဘုရင် ။ ။ ယခုလို သံမှူး မစ္စတာဆိုင်းရဲ့ မျက်နှာကို
မြင်တွေ့ရပြန်တော့ သံသယတွေ အကုန်
ပြေပျောက်ပြီး ဘာမျှ ပြစ်တင် ပြောဆိုချင်
စိတ် မရှိတော့ပါ။

ဤစကားမှာ ကျွန်တော့်အတွက် လွန်စွာ နှစ်ခြိုက်ဖွယ် ဖြစ်၍ ဦးခေါင်းကို အတတ်နိုင်ဆုံး ငုံ့ကာ ဘုရင်အား အလေးပြုမိပါသည်။ အင်္ဂလိပ်ဘုရင်ခံချုပ်ကလည်း ငြိမ်းချမ်းရေး အထူးလိုလားကြောင်း တင်လျှောက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၇ မြန်မာနှင့် စကြာဝါဠ

## [ ၁ ] မြန်မာနှင့် စကြာဝါဠ

မြန်မာလူမျိုးတို့၌ စကြာမင်းကို စွဲလမ်းစိတ် အနည်းနှင့် အများ ဆိုသလို ရှိတတ်ကြပေရာ ထိုအစွဲကား အဘယ်နည်း။

ရေမြေသနင်း ပြည့်ရှင်မင်းတို့၏ လောက၌ ဘုရင်အမျိုးမျိုးရှိရာ မိမိ၏တိုင်းပြည် တစ်ခုတည်းကိုသာ ပိုင်စိုးသူကို ပဒေသရာဇ်ဟု ခေါ်ဆို၏။ ထိုပဒေသရာဇ် လောက၌ပင် နေထွက်ဘုရင်၊ နေဝင်ဘုရင်ဟု ခွဲခြားထားပြန်ရာ စော်ဘွား၊ မြို့စား စသည်တို့မှာ နေဝင်ဘုရင်များ ဖြစ်၏။ မင်းတုန်းမင်းနှင့် ယိုးဒယားဘုရင်တို့ကိုမူကား ပဒေသရာဇ်အဆင့်၌ သွင်းနိုင်ပေသည်။

ထိုထက် တန်းမြင့်သောဘုရင်ကို ဧကရာဇ်ဟု ခေါ်ဆိုရာ မိမိ၏ တိုင်းပြည်သာမက အခြားနိုင်ငံတို့ကိုလည်း အောင်နိုင်စိုးမိုးသူ ဖြစ်ရပေမည်။ အင်္ဂလိပ်လို Emperor ဟု ခေါ်ဆိုလေသည်။ မြန်မာဘုရင် အနော်ရထာနှင့် ဘုရင့်နောင်တို့ကို ထိုအဆင့်၌ သွင်းနိုင်ပေသည်။ စကြာမင်းကား ထိုထက် နယ်ပယ်ကြီးမား ကျယ်ပြန့်ပေမည်။

မုံရွေးဆရာတော် ရေးသားသော "သမန္တစက္ခုဒီပနီကျမ်း"၌ စကြာမင်းအကြောင်း ပါရှိ၏။

သီရိမာ ။ ။ စကြဝတေးမင်းတို့သည် ဇမ္ဗူဒီပါကျွန်းတွင် ဘယ်တိုင်း ဘယ်ဌာနီ ဘယ်မြို့က ဖြစ်သနည်း။

ဆရာတော် ။ ။ မဇ္ဈိမဒေသ အရပ်၌ ပစ္စေက ဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ စကြာမင်း စသဖြင့် တန်ခိုးကြီးကုန်သော ခတ္တိယ၊ မဟာသာလ စသည့် ပုဂ္ဂိုလ်များ ရှိကုန်၏။ မည်သည့်အရပ်တွင်သာ ဖြစ်နိုင်သည်ဟု ခြွင်းချက်မရှိသဖြင့် အရပ်တိုင်း၌ ဖြစ်နိုင်သည်ဟု ဆိုအပ်၏။ သို့သော် ပစ္စန္တရာဇ် ခေါ် ရှာသိမ်ရှာငယ် အစွန်အဖျားဒေသတို့၌ကား မဖြစ်ကုန်။ ဗာရာဏသီပြည်သည် နောင်အခါ ကေတုမတီတွင်၍ သခ်စကြာမင်း ဖြစ်လတ္တံ့ဟု စက္ကဝတ္တိသုတ်၌ လာသည်။

ထို့ကြောင့် စကြာမင်း အုပ်စိုးရန် ဗာရာဏသီပြည်ပင် သေးငယ်သည်ဟု ယူဆရပေမည်။ အာသောက မင်းတရားကြီးကဲ့သို့ မဇ္ဈိမတိုင်း တစ်ခုလုံးမျှ စိုးမိုးသူကိုသာလျှင် စကြာမင်း ခေါ်နိုင်ပေမည်။

ကပ္ပိလဝတ်ပြည်သည်လည်း တိုင်းငယ်ပြည်ငယ်မျှ ဖြစ်၍ ပဒေသရာဇ် အဆင့်၌သာ ရှိခဲ့သည်။

ခမည်းတော် သုဒ္ဓေါဒနမင်းက သားတော် သိဒ္ဓတ္ထကို စကြာမင်း ဖြစ်စေလိုသည်။ ထို့ကြောင့် စကြာမင်း အဖြစ်သို့ ရောက်စေရန် ဆွေတော်မျိုးတော် မင်းအပေါင်းတို့က ဝိုင်းဝန်း အားပေးကြပါရန် ရာဇသံ ရွှေပေလွှာများ ကမ်းလှမ်းခဲ့သည် ဆို၏။ သို့သော် သားတော် ဘုရားလောင်းက ထိုရာဇသံတို့နှင့် ခမည်းတော် ရှက်ဆောင်ချက်တို့ကို သဘောတော်မကျဘဲ ဆန့်ကျင်ဘက်သာ ပြုမူခဲ့သည်။

ကမ္ဘာ့ရာဇဝင် အတိုင်းအထွာအရ ဆိုလျှင် ခေါမပြည် ကောင်းစားစဉ်က ထိုနိုင်ငံမှ "အလိတ်ဇင်းထား" မင်းသည် အရပ်ရပ် စစ်ချီခဲ့ရာ အီဂျစ်ပြည်မှ ပါကစ္စတန်ပြည်အထိ စိုးမိုးနိုင်သဖြင့် စကြာမင်း အဆင့်ဟု ခေါ်နိုင်၏။ ထိုခေတ်တွင် ကမ္ဘာ့မြေပုံ ဟူ၍ မရှိသေးချိန်၌ပင် ဤမျှကျယ်ပြန့်စွာ ချီတက်အုပ်စိုးနိုင်သည်မှာ အံ့ဖွယ်ဖြစ်သည်။ တရုတ်ပြည်မှ အရှေ့ဥရောပနိုင်ငံများ အထိ လွှမ်းမိုးခဲ့သော မွန်ဂိုလျံဘုရင် "ကူဗလေခန်"သည်လည်း စကြာမင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဗြိတိသျှ အင်ပါယာကို အုပ်စိုးသူ အင်္ဂလိပ်ဘုရင်တို့ကိုလည်း စကြာမင်းဟု ခေါ်နိုင်ပေသည်။

သို့သော် ဗုဒ္ဓဘာသာ လောက၌ပင် အကြီးကျယ်ဆုံးသော စကြာမင်းကား မဟာသုဒဿနသုတ်၌ လာသော စကြဝတေး မန္ဓာတ်မင်း ဖြစ်သည်။ သူ့၌ စကြဝဠာ တစ်ခုလုံး လှည့်လည်သွားလာနိုင်သော စကြာယာဉ်ပျံ ရှိ၏။ သူ၏ သီလပါရမီ မပြတ်မလပ် အားထုတ်ချက်တို့ကြောင့် စကြာမင်း အဖြစ်သို့ ရောက်ရှိခဲ့ရာတွင် အောင်ချိန်တန်သော စကြာရှင်တို့၏ အဆောင်အယောင်ဖြစ်သော ရတနာ (၇)ပါးတို့သည် တစ်ခုပြီးတစ်ခု ရောက်လာသည်။

မေး ။ ။ စကြာရတနာ ဦးစွာ ရောက်မည်လော၊ ဆင်ရတနာ ဦးစွာ ရောက်မည်လော။

ဖြေ ။ ။ ရတနာ (၇)ပါးတို့တွင် စကြာရတနာ ဦးစွာ ရောက်မည်မှတ်။ ရတနာ (၇)ပါးတွင် (၁) စက်၊ (၂) ဆင်၊ (၃) မြင်း၊ (၄) မြ၊ (၅) မိ၊ (၆) ကြယ်၊ (၇) သားကြီးရတနာတို့ ပါဝင်သည်။

(၁) **စကြာယာဉ်ပျံ**သည် ဦးဆုံး ရောက်လာသည်။ ထိုစကြာယာဉ်ကို သုဒဿနသုတ်တွင် အသေးစိတ် ဖော်ပြထားရာ ယခုခေတ်၌ ပေါ်သော အာကာသယာဉ်များ သဖွယ် အံ့ဖွယ်ကောင်းလှပေသည်။

(၂) **ဆင်**ကား ကောင်းကင်၌ သွားတတ်သော ဥပေါသထဆင်ဖြူတော် ဖြစ်၏။ သီလ ဆောက်တည်ပြီးနောက် "အရှင်မင်းကြီး၊ ဆင်ရတနာ၏ လာခြင်းကို အောက်မေ့လော"ဟူသော ခဏ၌ ထိုဆင် ပေါ်လာသည်။ ဆဒ္ဒန်ဆင်မျိုးထက် ဥပေါသထက ပို၍ကြီးသည်။

(၃) မြင်းရတနာသည် ဆင်တော်ရရှိပြီးမှသာ ရောက်လာသည်။ သိန္ဓောအမျိုးအစား ဖြစ်လျက် "ဝလာဟက" ဟု ခေါ်သည်။

(၄) မြကား ဝေဠုရိယ မည်၏။ ရှစ်မြှောင့်ရှိ၏။ အရောင်လည်း ထက်ဝန်းကျင် တစ်ယူဇနာတိုင်အောင် ထွန်း၏။ ရှစ်သောင်းလေးထောင်သော ကျောက်မျက်တို့ ခြံရံကာ ဝေပုလ္လတောင်မှ လာ၏။ ထိုမြကျောက် လာလတ်သော် အရုဏ်တက်ချိန်ကဲ့သို့ လူသူတို့ မှတ်ထင် ကုန်၏။

(၅) မိ ဟူသည်မှာ မိဖုရား ရတနာတည်း။ ရှုချင်ဖွယ် ရှိ၏။ ကြည်ညိုဖွယ် ရှိ၏။ အဆင်း၏ မြတ်ခြင်း၊ ကောင်းခြင်းတို့နှင့် ပြည့်စုံ၏။ ဆူကြုံနိမ့်မြင့် စသော အပြစ်တို့မှ ကင်း၏။ လူတို့၏ အဆင်းကို လွန်၍ နတ်တို့၏ အဆင်းသို့လည်း မရောက်တတ် ရှိ၏။ ချမ်းအေးသော ကာလ၌ သူ၏ကိုယ်သည် နွေး၏။ ပူသော ကာလ၌ သူ့ကိုယ်သည် အေး၏။ ကိုယ်အနံ့ကား စန္ဒကူးနံ့၊ ခံတွင်းအနံ့ကား ကြာညိုပွင့်အနံ့ လှိုင်၏။ ကိုယ်ရောင်လည်း ၁၂ တောင်ရှိသော အရပ်ကို ထွန်းလင်းနိုင်၏။ ထိုမိဖုရားရတနာသည် မဒ္ဒတိုင်းမင်းမျိုးမှလည်း ရ၏။ ဥတ္တရာကုရု ကျွန်းမှသော်လည်း ရောက်၏။

(၆) **သူကြွယ်**ရတနာ၏ မျက်စိသည် တစ်ယူဇနာအတွင်း အရှင်ရှိ၊ အရှင်မဲ့ ပစ္စည်းတို့ကို မြင်နိုင်၏။ တစ်ချိန်က စကြာမင်းသည် စုံစမ်းလို၍ လှေစီးကာ ဂင်္ဂါမြစ်လယ်သို့ သွား၏။ "ငါသည် ရွှေ ငွေ ရတနာကို လို၏"ဟု သူကြွယ်သို့ ပြော၏။ ထိုအခါ သူကြွယ်သည် နှစ်ဖက်သော လက်ဖြင့် ရေကိုသုံးသပ်၍ အသပြာ ရွှေ၊ ငွေတို့ဖြင့် ပြည့်သော အိုးတို့ကို ထုတ်၍ပေး၏။

(၇) **သားကြီး**ကား ဉာဏ်ပညာကြီးမားလျက် ခမည်းတော်၏ ရိုက်ရာကို အစစ ကောင်းစွာ ထိန်းသိမ်း ကွပ်ကဲနိုင်သူတည်း။ သူသည် စစ်မက် ရေးရာတို့၌ ၁၂ ယူဇနာ ရှိသော ရန်သူကို ချေမှုန်းနိုင်စွမ်း ရှိ၏။

## စကြာယာဉ်

(၁) စကြာရတနာသည် အကန့်များစွာ တပ်ဆင်၍ စီရင်အပ်သော လှည်းဘီးပုံသဏ္ဍာန်တည်း။

(၂) ပုံတောင်းသည်ကား ဣန္ဒနီလာ အတိပြီး၏။

(၃) ထိုပုံတောင်း၏ အလယ်ကား ငွေဖြင့်ပြီးသော ကျည် ရှိ၏။ အလယ်၌ အပေါက်ရှိသော အဝန်းကဲ့သို့ တင့်တယ်၏။

(၄) နှစ်ဖက်သော ပုံတောင်း၏ အပြင်အရပ်၌ ငွေပြားအရံပတ် ရှိ၏။ ငွေပြားအပတ်၌ အပိုင်းအခြားဖြစ်သော အရေးအသားတို့သည် ဖြစ်ကုန်၏။

(၅) တစ်ထောင်သော အကန့်တို့သည် ၇ ပါးသော ရတနာမျိုးတို့ဖြင့် ပြီး၏။ နေရောင်ကဲ့သို့ အရောင်အဝါတို့နှင့် ပြည့်စုံ၏။



www.burmeseclassic.com

www.burmeseclassic.com



(၆) အကန့်တို့၌ ကြာသွတ်အိုး၊ ကက္ကုသီး၊ ရွှဲလုံး ရွှဲသေး အရေးအသားတို့သည် ရှိကုန်၏။

(၇) အကွပ်ကား တက်သစ်သော နေရောင်ခြည်အပေါင်းတို့၏ အသရေကို ပြက်ရယ်ပြုဘိ သကဲ့သို့ ကောင်းစွာ တည်လျက် ရှိကုန်၏။

(၈) အကွပ်နား၌ ဆယ်ချောင်း ဆယ်ချောင်းသော အကန့်တို့၏ အကြား၌ မှုတ်အပ်သော နှံပလွေကဲ့သို့ အတွင်း၌ အခေါင်းရှိသော အပေါက်ငယ် အပေါင်းတို့ဖြင့် စီအပ်သော လေကို ယူတတ်သော သန္တာရိုး သန္တာတိုင်တို့သည် ရှိကုန်၏။ လေခတ်သောကာလ သန္တာရိုးတို့၏ အသံသည် စောင်းငြင်း၏ အသံကဲ့သို့ သာယာစွာ မြည်၏။

(၉) သန္တာရိုးတိုင်တို့၏ အထက်၌ ထီးဖြူရှိ၏။ ထိုထီးဖြူ၏ နံပါးဘက်၌ နှစ်သွယ်သော ပန်းကုံးတို့သည် ဆွဲကုန်၏။

(၁၀) ပုံတောင်းငွေကျည်ဝ၏ အတွင်းလှည်းဘီး၌ နားပန်းစွန်း ထွက်သကဲ့သို့ နှစ်ခုသော ခြသေ့ခံတွင်းတို့သည် ရှိကုန်၏။ ထိုခြသေ့ခံတွင်းမှ ထန်းလုံးမျှလောက်ရှိသော နှစ်သွယ်သော ပုလဲဆိုင်းတို့သည် ဆွဲကုန်၏။ ထိုပုလဲဆိုင်းတို့သည် စကြာလည်သော ကာလ စကြာနှင့် တကွ လည်ကုန်၏။

(၁၁) ပုံတောင်းလည်း လည်၏။ စကြာလည်း လည်၏။ ပုလဲဆိုင်းလည်း လည်၏။ ၃ ခုတို့သည် တစ်ပြိုင်နက် လည်ကြကုန်၏။ ဤကား စကြာရတနာ၏ အခြင်းအရာတည်း။

**စကြာရတနာ၏ ထူးခြားချက်**

(၁) ဒိဗ္ဗ–နတ်တို့၏ အာနုဘော်နှင့် ယှဉ်ခြင်း။

(၂) သဟဿာရ–တစ်ထောင်အကန့် ရှိခြင်း။

(၃) အနေမိက–အကွပ်ရှိခြင်း။

(၄) သဗ္ဗာကာရပရိပူရ–ခပ်သိမ်းသော အခြင်းအရာနှင့် ပြည့်စုံခြင်း။

(၅) စကြာ–တစ်စုံတစ်ယောက်သော သူသည် မဆီးတားနိုင်ခြင်း။

(၆) ရတနာ–မွေ့လျော်ခြင်းကို ဖြစ်စေခြင်း၊ တစ်နည်းကား အရှိအသေ ပြုအပ်ခြင်း၊ အဖိုးအနဂ္ဃ ကြီးမြတ်ခြင်း၊ အတုမရှိခြင်း၊ မယုတ်မာသူတို့၏ သုံးရာဖြစ်ခြင်း။

မေး ။ ။ စကြာမင်း မရှိသောကာလ စကြာရတနာသည် မိမိနေရာ အရှေ့သမုဒ္ဒရာသို့ ပျံလေသည်လော။

ဖြေ ။ ။ စကြာရတနာသည်ကား သမုဒ္ဒရာသို့ ပျံသွားသည် မဆို၊ ကွယ်လေသည်သာ ဆိုလေသည်။ ဆီမီးတောက်သည် ပျောက်လေသကဲ့သို့ ပျောက်ခြင်း၊ မရှိခြင်းသို့ ရောက်လေ၏ ဟူသတည်း။

စကြဝတေးမင်း၏ အာနုဘော် မည်သည်ကား သေလွန်သော မင်းအား လွန်၍ ၇ ရက်မြောက်သောနေ့၌ ကွယ်လေ၏။ မဟာသုဒဿနမင်းကြီး၌ကား လွန်တော်မူသည်မှ ၇ ရက်မြောက်သောနေ့၌ (၁) ၇ ထပ်သော တံတိုင်း၊ (၂) ၈ သောင်း ၄ ထောင်သော ရေကန်၊ (၃) ဓမ္မပြာသာဒ်၊ (၄) ဓမ္မရေကန်၊ (၅) စကြာရတနာတို့သည် လည်းကောင်း အလုံးစုံတို့သည် ကွယ်လေကုန်၏။

အသက်ကြွင်းသော ဆင်ရတနာ၊ မြင်းရတနာတို့သည် မိမိ အမျိုးတို့သို့ အသီးသီး ကပ်ကြလေကုန်၏။ ကျောက်မျက်ရတနာတို့သည် ဝေပုလ္လတောင်သို့ သွားလေ၏။

မိဖုရားသည် တန်ခိုးအာနုဘော်ဖြင့် ကွယ်လေ၏။

သူဌေး၏ မျက်စိသည် ပြကတေ့သာ ဖြစ်လေ၏။

သားကြီး၏ ဉာဏ်ပညာသည် ပကတိသာ ရှိလေသည်။

မေး ။ ။ စကြဝတေးမင်း၏ ကျင့်ဝတ်ကား အဘယ်နည်း။

ဖြေ ။ ။ ဒါန–အလှူပေးခြင်း၊ ဒမ–ဣန္ဒြေကို ဆုံးမခြင်း၊ သံယမ–ကိုယ်နှုတ် စောင့်စည်းခြင်း။ (မဟာသုဒဿနသုတ်)

မန္တတ်စကြာ၊ မင်းတို့သာလျှင်
ကျင့်ရာဆယ်ခင်း၊ တရားရင်းမူ
အတွင်းတော်နေ၊ များဗိုလ်ခြေနှင့်
မင်းဆွေစိုးနီး၊ မှူးကြီးမတ်များ
ပုဏ္ဏားသူကြွယ်၊ ပေါယယ်ဖြိုးရုံး
နိဂုံးဇနပုဒ်၊ ဝိမုတ်ရည်မှန်း
ရဟန်းသူမွန်၊ တိရစ္ဆာန်သားငှက်
ရေတွက်မှတ်သား၊ ၇ ပါးကို
တရားသဖြင့်၊ စောင့်ရှောက်ကျင့်၏။
မသင့်ယွင်းမှား၊ မတရားကို
ပယ်ရှားစွန့်ခွာ၊ ဥစ္စာမဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလည်း၊ ပြန်သွားပေးကမ်း
မင်္ဂိုလ်လုမ်းသား၊ ပြည့်လျှမ်းကုံတံ
သူတော်ထံသို့၊ မြဲမြဲဆည်းကပ်
အပ် မအပ်ကို၊ စေ့စပ်သေချာ
မေးလျှောက်ရာဟု၊ ဆယ်ဖြာအကျင့်
ကျမ်းရိုးဖွင့်၏၊ ယခင့် လျှောက်ထား
ကျင့်ဆယ်ပါးတွင်၊ ပုဏ္ဏားတစ်သွယ်
သူကြွယ်တစ်ပါး၊ ငှက်နှင့်သားကို
ခြား၍ လည်းကောင်း၊ အကြောင်းယုတ်လှ
အ ဓမ္မနှင့်၊ ဝိသ မရ
လောဘနှစ်သွယ်၊ ပယ်၍ လည်းကောင်း
စကြာဆောင်းသား၊ မင်းလောင်းကျင့်ရန်
၁၂ တန်ဟု၊ ကျမ်းဂန်ပေစာ
ထုံးနည်းဖြာသည်၊ ပြည်ရွာစည်အုံ
သိုက်ဗုမ်းတည်း–

တစ်နည်း–စက္ကဝတ္တိသုတ်လာ ၁၀ပါး၊ ၁၂ပါးကား–

(၁) သားမယားတို့ကို သီလ၌ တည်စေခြင်း။
(၂) အဝတ် ပုဆိုး နံ့သာ ပန်း စသည်တို့ကို ပေးခြင်း။
(၃) ဘေးဥပဒ် မရှိအောင် စောင့်ရှောက်ခြင်း။
(၄) ဗိုလ်ပါတို့အား မျိုးရိက္ခာတို့ အချိန်မလွန်မီ ပေးခြင်း။
(၅) ဘိသိက် ခံပြီးသော မင်းတို့အား မြင်း စသော ရတနာတို့ ပေးခြင်း။
(၆) မိမိထံ၌ နေကုန်သော မင်းတို့အား ထိုက်သလို ယာဉ်၊ သန်လျင်း ပေးခြင်း။
(၇) ပုဏ္ဏားတို့အား ထမင်း၊ အဖျော်၊ ပုဆိုး ပေးခြင်း။
(၈) နိဂုံး ဇနပုဒ်သူတို့အား ထမင်းမျိုးစေ့ ထွန်တုံး နွား လား ပေးခြင်း။
(၉) ရဟန်းတို့အား ပရိက္ခရာ လှူဒါန်းခြင်း။
(၁၀) သား ငါး ငှက်တို့အား ဘေးမဲ့ပေးကာ သက်သာရာ ရစေခြင်း။
(၁၁) မတရားသော အပြုအမူကို မပြုစေခြင်း။
(၁၂) ဥစ္စာ မရှိသူတို့အား ဥစ္စာပေးခြင်း။
(၁၃) ရဟန်း၊ ပုဏ္ဏားတို့ကို ဆည်းကပ်၍ ကုသိုလ် အကုသိုလ် ခွဲခြား ကျင့်ကြံခြင်း။
(၁၄) အဓမ္မရာဂ–အမိ–မိထွေး–အဘ–အရီး တို့၌ ရာဂ မတပ်စေခြင်း။
(၁၅) ဝိသမလောဘ သုံးဆောင်ထိုက်သော အရာ၌ လွန်ကဲသော တပ်ခြင်း။
(၁၆) မိစ္ဆာ အဓမ္မ အဖိုချင်း အမချင်း ဆက်ဆံခြင်း။

ပြင်စည်မင်းသားကြီးသည် "ဆယ်ရောင်ဖြာ"ခေါ် ဘုန်းတော်ဘွဲ့ ဒိန်းသံ ရေးသားရာတွင်–

ဆယ်ရောင်ဖြာသည်နှင့်သာ
ပယ်ပယ်မှောင်ခွာ
ရှိကြာရွှက်ဆင်၊ သံကြီးငယ်ဖြာ
ဩဘာတော် ထူးပေမို့
မြို့ဦးထက်ခွင်၊ နေသွင်စကြာ
ပုန်းတောင်းဖန်ရှိန်
ဆိုက်ခါချိန် နီးပြီမို့
အုံချီးစေရာ.....။

အရှင်မင်းတရားကြီးသည် ဆယ်ပါးသော မင်းကျင့်တရားတို့နှင့် ပြည့်စုံသည်ဖြစ်၍ စကြာရတနာ ဆိုက်ရောက်ချိန် နီးပါပြီ ဖြစ်ကြောင်း သီကုံးခြင်း ဖြစ်သည်။

## မေတ္တာရှင်

ဤကား ဗုဒ္ဓဘာသာဝင်တို့၏ ရှေးဟောင်း စကြာ အယူအဆ ပေတည်း။ လူ့ပြည်၌ ဘုရင်အမျိုးမျိုးရှိရာ စကြာမင်းသည် အကြီးဆုံး၊ အမြတ်ဆုံး ဖြစ်သည်။ စကြာမင်း၏ ရာထူးမှာကား ထီးမွေနန်းဆက် ပဓာ အဖမှ သားသို့၊ အစ်ကိုမှ ညီသို့ လွှဲပြောင်းပေးနိုင်သော အစဉ်အလာ မရှိ။ မိမိ၏ ကုသိုလ်ကံ သီလတရားအလျောက် ရတနာ ၇ ပါး ပေါ်လာ ရပြီးနောက် မိမိ ကွယ်လွန်ချိန်တွင် ထိုအဆောင်အယောင်တို့ လည်း ပျောက်ကွယ်ကုန်သည်။

ရတနာ ၇ ပါးတို့ကို အခြားသော ဘုရင်များအဖို့ စစ်တိုက်၍ စုဆောင်းကြရသည်။ စကြာမင်းအဖို့ စစ်ဝါဒကို လုံးလုံးစွန့်ပယ်ကာ သီလ သမာဓိရခြင်းတို့ကိုသာ မြဲမြဲစွာ အားထုတ်ခြင်းဖြင့် အလိုပြည့်နိုင်လေသည်။ ဤတွင် ဗုဒ္ဓဘာသာ စကြာမင်းတို့နှင့် အခြားသော စကြာဘုရင်တို့ အဓိက ကွာခြားလေသည်။ မွန်ဂိုစကြာမင်း ကူဗလေခန်သည် စစ်တိုက်ခြင်းဖြင့် ကမ္ဘာတစ်ခြမ်းကို လွှမ်းမိုးခဲ့သည်။ စကြာမင်းဟု ခေါ်နိုင်သော အခြား ဥရောပဘုရင် အလိတ်ဇင်းထား နှင့် နပိုလီယံတို့သည်လည်း စစ်ဘုရင်များပင် မဟုတ်လော။

အာသောက ခေါ် သီရိဓမ္မာသောကမင်းသည် မဂ္ဂိုဇ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်လုံးကို အုပ်စိုးနိုင်သဖြင့် စကြာမင်းအဆင့်သို့ ရောက်၏။ သူပင်လျှင် စစ်အမျိုးမျိုး ဆင်နွှဲခဲ့ပြီးမှ ကလိင်္ဂပြည် တိုက်ပွဲတွင် စစ်ဒုက္ခသည်များကို မြင်တွေ့ရာမှ စစ်ဝါဒကို စွန့်လွှတ်ခဲ့၏။

မည်သို့ဆိုစေ ဗုဒ္ဓဘာသာဝင် စကြာမင်းတို့သည် အာဏာရှင် ဖြစ်ရခြင်းထက် မေတ္တာရှင် ဟူသော ဘွဲ့နာမကို ပိုမိုလိုလားကြသည်။ အာသောကမင်းက သူ၏ဘွဲ့တော်ကို "ဒေဝါနံ ပိယတိဿ"ဟု တွင်စေခဲ့သည်။

သို့လျှင် ဤကမ္ဘာ၌ ဖက်ဆစ်ဟူသော အဓမ္မဝါဒတို့သည် နာမည် အမျိုးမျိုးနှင့် သမိုင်းဦးခေတ်မှ စတင် ပေါ်ပေါက်ခဲ့ရာ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ဗိဇရည်မှန်းချက်တို့နှင့် တခြားစီသာ ဖြစ်ခဲ့သည်။

*

## [၂] ကမ္ဘာနှင့် စကြာ

ကျွန်တော်တို့သည် ခေတ်ပညာတတ်များအနေဖြင့် စကြာမင်းနှင့် ပတ်သက်သမျှသော အယူအဆတို့ကို အထင်သေးတတ်ကြသည်။ "ဗုဒ္ဓဘာသာ မင်းစကြာ" စာအုပ်ရေးသူ ဆရာဦးပေါ်ဦးက 'ကျွန်ုပ်တို့ဘုရင် မရှိသည့်နောက် လူမျိုးနှင့် စာပေပါ အောက်တန်းသို့ ရောက်မှန်းမသိ ရောက်သွားသဖြင့် ယခုခေတ် ကာလပေါ်မြန်မာများသည် အဖိုးတန်သော သိုက်တာဘောင်များကို အယုံအကြည် ကင်းမဲ့ကြလေသည်။ ၎င်းတို့က အယုံအကြည်မရှိသော်လည်း အတိတ်နှင့် ပစ္စုပ္ပန်ကာလအားဖြင့် တိုင်းပြည်၏ အဖြစ်အပျက်များကို ဝေဖန်ကြည့်လျှင် ရှေးပညာရှိကြီးများ စုဆောင်းထားရှိခဲ့သော ကိန်းခန်းများ အလွန်မှန်ကန်နေသည်ကို စာပေလိုက်စားသူတိုင်း သိရှိနိုင်ပါသည်'ဟု မိန့်ဆိုခဲ့သည်။ သူ့အနေဖြင့် ပတ်ဝန်းကျင်အခြေအနေကို သဘောမကျစေကာမူ မြန်မာ့ရိုးရာ အယူအဆတို့ကို စွဲမြဲဆုပ်ကိုင်လျက် ရှိလေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ မြန်မာများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့သည် စကြဝဠာကြီးအတွင်း၌ မှီတင်းနေထိုင်လျက် ရှိသည်ကိုကား မည်သူမျှ ငြင်းဖွယ်မရှိ။ သိပ္ပံပညာရှင်များလည်း လက်ခံပြီး ဖြစ်၏။ သို့တပြီးကား စကြဝဠာနှင့် ခြံ၍ ငုံ၍ သုံးသပ်တတ်သော အတွေးအခေါ်များလည်း ရှိသင့်ပေသည် မဟုတ်လော။ ထိုသို့ ရှိသင့်ရှိနိုင်သည့် အားလျော်စွာ မြတ်စွာဘုရား၏ စက္ကဝတ္တိသုတ်နှင့် သုဒဿနသုတ်တို့တွင် စကြာမင်း သီဝရီ ထင်ရှားပါရှိနေရာ ခေါမနှင့်ရောမ အဘိဓမ္မာ ဆရာကြီးများထက်ပင် အရှေ့တိုင်း ဦးနှောက်ရှင်တို့က ကြိုတင် ထိုးထွင်းသိမြင်ပြီး ဖြစ်နေသည် မဟုတ်ပါလော။ ဤအချက်သည် ဂုဏ်ယူဖွယ် မဟုတ်ပါလော။

စကြဝဠာကြီး ရှိနေသဖြင့် ထိုလောကကြီးတစ်ခုလုံးကို နယ်လှည့် ကြည့်ရှုအုပ်ချုပ်နိုင်ရန် စကြာယာဉ်ပုံလည်း ရှိရပေမည်။ ထိုစကြာယာဉ်ပုံကို "ရောက်စေ ပျောက်စေ"ဟု မျက်လှည့်ဆရာလို မန်းမှုတ်ခေါ်ယူခြင်း မဟုတ်ဘဲ အာကာသယာဉ်ပုံ ဆောက်လုပ်သည်ကို အသေးစိတ် ဖော်ပြပါရှိ၏။ ယခုအခါ ရုရှားနှင့် အမေရိကန်တို့၌ ဆောက်လုပ်သော ဂြိုဟ်တုများ၊ စကြာယာဉ်ပုံများ အမျိုးမျိုး ပေါ်ပေါက်လျက် ရှိချေပြီ။ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်က ရေးဆွဲသော စကြာယာဉ် ပုံစံကို ယခုခေတ် အင်ဂျင်နီယာများက ပြက်ရယ်ပြုမည် မထင်ပါ။ အမေရိကန်က နောက်ဆုံး ဆောက်လုပ်ခဲ့သော စကိုင်းလက် ခေါ် အာကာသ သုတေသနယာဉ်နှင့် တူညီချက်များ ပါရှိမည် မလွဲချေ။

သုဒဿန စကြာမင်းသည် ဘုရား မပွင့်မီ ပေါ်ပေါက်ခဲ့သဖြင့် လက်လှမ်းမမီ ရှိစေကာမူ အာသောက ကဲ့သို့သော စကြာမင်းကား လက်ရှိ သာသနာသက္ကရာဇ် အတွင်း၌ ပေါ်ပေါက် ကြုံတွေ့ခဲ့ကြသည် မဟုတ်လော။

မြန်မာမင်း အပေါင်းတို့သည် ပုဂံခေတ်မှစ၍ ထိုမင်းကို စံနမူနာယူကာ အုပ်ချုပ်ခဲ့ကြရာ ဘုရားစောင်းတန်းပန်းချီတို့၌ သူ့အား မြန်မာ မင်းမြောက်တန်ဆာတို့နှင့် ဆင်ယင် ခြယ်မှုန်းလေ့ရှိ၏။ သူ့ကို မဇ္ဈိမတိုင်းသား ဟူ၍ပင် အမှန်အတိုင်း နားမလည်ကြတော့ဘဲ ရှေးမြန်မာ မင်းတစ်ပါးဟု ယခုတိုင် မြန်မာများက ယူဆလျက် ရှိကြပေသည်။ အာသောကမင်းကြီးကို ကမ္ဘာကျော် အင်္ဂလိပ် စာရေးဆရာကြီး ဝဲလ် (H.G. Wells)ရေးသော ရာဇဝင်စာအုပ်၌ ချီးကျူး ဖော်ပြသည်ကား–

"ဘီစီသက္ကရာဇ် ၂၆၄ ခုတွင် ကမ္ဘာ့ရာဇဝင်၌ အကြီးကျယ်ဆုံး မင်းတစ်ပါးဖြစ်သော အာသောကသည် အိန္ဒိယတစ်ပြည်လုံးကို စိုးမိုးခဲ့သည်။ သူလွှမ်းမိုးရာ နယ်ပယ်သည် အာဖဂန်နစ္စတန်နယ်မှ မဒရတ်အထိ ဖြစ်သည်။ သူသည် စစ်ပွဲအမျိုးမျိုးကို အောင်နိုင်ပြီးချိန်တွင် စစ်ဝါဒကို အလို



www.burmeseclassic.com

www.burmeseclassic.com



အလျောက် စွန့်ပယ်ခဲ့သူဖြစ်ရာ ထိုသို့သော ဘုရင်မျိုး ကမ္ဘာ့သမိုင်းတွင် သူတစ်ပါးသာ ရှိသည်။

သူ၏ နောက်ဆုံးတိုက်ပွဲသည် ဘီစီ ၂၂၉ ခု၌ ကလိင်္ဂပြည်တွင် ဖြစ်ခဲ့၏။ စစ်မြေပြင်၌ မြင်တွေ့ရသော ရက်စက်မှု၊ ရမ်းကားမှုတို့သည် သူ့အား စစ်ဝါဒကို စက်ဆုပ်စေ၏။ ယခုတိုင် အခိုင်အမာ ရှိနေသော အာသောက ကျောက်တိုင်တို့၌ သူသည် အောင်နိုင်မှုကို စစ်တိုက်ခြင်းဖြင့် မလုပ်တော့ဘဲ သာသနာရေးနှင့်သာ ရှာကြံတော့မည်ဟု ကြေညာ၏။ ထို့နောက် အသက်ထက်ဆုံး ဗုဒ္ဓသာသနာတော် ဖြန့်ဖြူးရေးကို အားထုတ်တော်မူခဲ့သည်။

သူ၏ ကျယ်ပြန့်သော နိုင်ငံတော်သည် သူ့လက်ထက်၌ ငြိမ်းချမ်းသာယာ၏။ သဘောထားကြီးစွာဖြင့် ထိရောက်သော အုပ်ချုပ်ရေးကို ပေးစွမ်းနိုင်၏။ သာသနာပြုမင်းပင် ဖြစ်သော်လည်း တစ်ယူသန် မဟုတ်ချေ။ သူသည် လူဝတ်ကြောင် ဥပါသကာ ဘဝမှ နောက်ပိုင်းတွင် သင်္ကန်းဝတ်သွားသည်။ ရှင်ဘုရင်ဖြစ်သော်လည်း လောကီနှင့် လောကုတ္တရာကို သမမျှတစွာ ပူးတွဲ အားထုတ်နိုင်ကြောင်းကို သူ့အဋ္ဌုပ္ပတ္တိက သက်သေခံ၏။ သမာဓိ၊ သမာဝါယမ၊ သမအာဇီဝ စသော တရားတော်အတိုင်း သူ ကျင့်သုံးသည်။

အာသောကမင်း လက်ထက်၌ အိန္ဒိယပြည်တွင် ရေတွင်းရေကန် တူးခြင်း၊ အရိပ်အာဝါသ ကောင်းသော သစ်ပင်စိုက်ပျိုးခြင်း စသော စီမံကိန်းများကို အကြီးအကျယ် အနှံ့အပြား အကောင်အထည် ဖော်လေသည်။ ဆေးရုံနှင့် ပန်းခြံကြီးများလည်း ဖွင့်ပေးသည်။ အလှူဒါနနှင့် ပေးကမ်းစွန့်ကြဲရေးအတွက် ဝန်ကြီးဌာနတစ်ခု သီးခြားထားရှိ၏။ ဆေးဖက်ဝင်သော သစ်ပင်တို့ စိုက်ပျိုးရေးကိုလည်း အားပေး၏။ တိုင်းပြည်အစွန်အဖျား၌ နေသော တောင်တန်းသားတို့၏ တိုးတက်ဖွံ့ဖြိုးရေးအတွက်လည်း ဝန်ကြီးရုံး ရှိ၏။ အမျိုးသမီး ပညာသင်ကြားရေးအတွက်လည်း ရန်ပုံငွေ ထားရှိ၏။ စာသင်ကျောင်းများ ဖွင့်လှစ်ကာ "ဘဝရည်မှန်းချက်" သင်တန်းပေးစေသော ဘုရင်မှာလည်း ကမ္ဘာ့ရာဇဝင်၌ သူပင် ပထမ ဖြစ်လေသည်။

ဗုဒ္ဓ ရဟန်းတော်တို့ကိုလည်း ပရိယတ္တိ အားထုတ်နိုင်ကြစေရန် ကြီးစွာသော အထောက်အပံ့ကို ပေး၏။ မြတ်စွာဘုရား၏ မုခပါဌ်တော်မှ လူတိုင်း သိနားလည်လွယ်သော ဟောကြားချက်တို့ကို ကျောက်စာထွင်းထုကာ နိုင်ငံတော်အနှံ့အပြား စိုက်ထူထားရှိခဲ့ရာ ယနေ့တိုင် ၃၅ ခု ကျန်ရှိနေသေး၏။ ကမ္ဘာအရပ်ရပ်သို့ ဗုဒ္ဓသာသနာပြုရဟန်းတော်များ စေလွှတ်သည်။ သီဟိုဠ်သို့ သွားသူများက ဗောဓိပင်ကို ပြန့်ပွားစေခဲ့သည်။

လူသတ္တဝါတို့၏ အဓိက လိုအပ်ချက်တို့ကို ရှင်ဘုရင်အနေဖြင့် ပေးကမ်းနိုင်ရန် ၂၈ နှစ်သော သူ၏ နန်းသက်အတွင်း အထူးကြိုးစားခဲ့သည်။ ကမ္ဘာ့ရာဇဝင်၌ ဘုရင်မျိုးစုံတို့အကြောင်းကို လေ့လာနိုင်ကြ၏။ ပဒေသရာဇ်၊ ဧကရာဇ် စသဖြင့် ထောင်သောင်းသော မင်းဆက်တို့သည် အပြည်ပြည်၌ အုပ်စိုးကြသည်။ သို့သော် ထိုမင်းအပေါင်းတို့တွင် အာသောကသည်သာလျှင် တစ်စုံတည်းသော ကြယ်ပွင့်ပမာ တောက်ပြောင်လျက် ရှိနေသည်။ ရုရှားပြည် ဗောလဂါမြစ်ဝှမ်းမှ ဂျပန်ပြည်အထိ သူ့နာမည်ကို ဂုဏ်ပြုလျက်ပင် ရှိနေ၏။ တရုတ်ပြည်၊ တိဗက်ပြည်နှင့် အိန္ဒိယပြည်တို့သည် အာသောကကို မဟာဘွဲ့တပ်ကာ သူ့အမွေကို ထိန်းသိမ်းစောင့်ရှောက်ကြ၏။ အိန္ဒိယအနေဖြင့် ဗုဒ္ဓအယူကို ပယ်သော်လည်း သူ့ကို လေးစားခြင်း၌ကား မလျော့ပါးချေ။ ပြင်သစ်ပြည်၏ ဧကရာဇ် ချာလီမိန်းနှင့် အရှေ့ဥရောပဘုရင် ကွန်စတင်တိုင် တို့သည် ဥရောပတိုက်တွင် အထူး နာမည်ကြီးသူများ ဖြစ်၏။ သို့သော် ကမ္ဘာ့သူ ကမ္ဘာ့သားတို့က သူတို့ထက် ပို၍ အာသောကကို မေတ္တာပို့ကြလေသည်။"

ဤကား ထိပ်သီး အနောက်ပညာရှင်ကြီးက သီရိဓမ္မာသောကမင်း၏ တန်ဖိုးကို ပုံမှန်အကဲဖြတ်ပုံ ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့၌ တစ်ကမ္ဘာလုံး၏ ကောင်းကျိုးကို ဗုဒ္ဓလမ်းစဉ် အရ သယ်ပိုးရန် အစီအစဉ်များ ရှိခဲ့သည်။ အာသောကသာသနာ ပြုရဟန်းတို့သည် ကမ္ဘာ့မြေပုံ မပေါ်သေးသော ထိုခေတ်က အနောက်တွင် ခေါမပြည်နှင့် အီဂျစ်ပြည်အထိ ရောက်ခဲ့သည်။ အရှေ့၌ တရုတ်ပြည်၊ ဂျပန်ပြည်အထိ ရောက်ခဲ့သည်။

အာသောကမင်းနှင့် မရှေးမနှောင်း ယောနက ခေါ် ခေါမပြည်၌ ပေါ်ပေါက်သော အလိတ်ဇင်းထားမင်းကိုလည်း စကြာအဆင့်အတန်း၌ သတ်မှတ်သင့်၏။ မြေပုံများ မပေါ်သေးသော ထိုခေတ်က သူသည် ဇာတိနယ်မြေ "မက်စီးဒိုနီးယား" (ယခု သမ္မတ တီတိုးပြည်)မှ စစ်ချီထွက်ခဲ့ရာ အီဂျစ်ပြည်မှ ပါကစ္စတန်ပြည်အထိ နိုင်ငံတော် ကျယ်ပြန့်ခဲ့သည်။ ကမ္ဘာ့ရာဇဝင်၌ ပထမ ကြုံတွေ့ရသော အကြီးကျယ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အင်ပါယာကြီးပေတည်း။ သူ၏အကြီးတော်မှာ ကမ္ဘာကျော် ခေါမပညာရှိကြီး အရစ္စတိုတဲ ဖြစ်သည်။ ပါရှားခေါ် အီရန်ပြည်ကို အနိုင်ရချိန်၌ အရှေ့နှင့်အနောက် ချစ်ကြည်ရေး လက်ထပ်ပွဲများ အကြီးအကျယ်ဆုံး ကျင်းပခဲ့သည်။ သူက ပါးရှားဘုရင်၏ သမီးတော်ကို ယူ၍၊ သူ၏ရဲဘော် ၉ ကျိပ်တို့ကလည်း ထိုပြည်သူများကို လက်ထပ်သည်။ ထို့နောက် သူ၏ စစ်သည်တော် ၃ ထောင်ခန့်တို့လည်း စုပေါင်းလက်ထပ်ပွဲများ ကျင်းပရာ အလိတ်ဇင်းထားက မင်္ဂလာလက်ဆောင်များ စေ့ငအောင် ပေးကမ်းသည်။ ရာဇဝင်ဆရာ ပတူးတပ်က ထိုပွဲသည် "ဥရောပနှင့် အာရှတို့၏ တရားဝင်မင်္ဂလာဆောင်"ဟု ခေါ်ဆို၏။ စစ်တွင်းကာလ၌ ဗလက္ကာယ ပြုလုပ်ခြင်း မဟုတ်ဘဲ မယားမှတ်၊ သားမှတ် ပေါင်းသင်းဆက်ဆံခြင်း ဖြစ်၍ ချီးကျူးဖွယ်ပင်။

ထိုခေတ်က ပထဝီဝင်တွင် ကမ္ဘာသည် မလုံးဘဲ ပြားသည်ဟု ယူဆကြဆဲပင်။ တိုင်းပြည်ဆိုသည်မှာ မိမိတို့၏ မြို့နယ်ကို ခေါ်ဆိုခြင်းဖြစ်၍ မျိုးချစ်စိတ် မပေါ်သေးဘဲ "မြို့ချစ်စိတ်"သာ ရှိကြလေသည်။ အလိတ်ဇင်းထားမင်း ချီတက်ရာမှ ကမ္ဘာမြေပြင် အဘယ်မျှ ကျယ်ပြန့်လျက် လူမျိုးအသီးသီးက ဘယ်သို့နေထိုင်ကြပုံကို သိရှိကာ ကမ္ဘာ ဗဟုသုတ စတင် ဆည်းပူးနိုင်ကြလေသည်။ ထို့ကြောင့် သူ့လက်ထက်မှစ၍ ကမ္ဘာကို ခြုံငုံရေးသားသော ရာဇဝင်များ၊ ပထဝီဝင်များ စတင် ထွက်ပေါ်လာသည်။ အီဂျစ်ပြည်တွင် သူ့ကို အမှတ်တရ မြို့တည်ရာ "အလိတ်ဇင်းဒရီးယား"ဟု ခေါ်တွင်၏။ ထိုမြို့သို့ အာသောကမင်း စေလွှတ်သော ဗုဒ္ဓရဟန်းတော်များ ရောက်ရှိ တရားပြသည်။ မြို့ကြီးပြကြီးတို့၏ အင်္ဂါရပ်ဟု ဆိုအပ်သော ပိဋကတ်တိုက်ကြီးများ၊ ပြတိုက်ကြီးများသည် ထိုမြို့၌ အကြီးကျယ်ဆုံး ဖြစ်ခဲ့သည်။

အလိတ်ဇင်းထားမင်းကို ပြည်သူများက နယ်ချဲ့ဟု မမြင်တော့ဘဲ ဘုန်းတန်ခိုး ထူးခြားသော ကမ္ဘာလှည့်ဘုရင်ဟု ချီးကျူး လေးစားကြသည်။ ဗုဒ္ဓဘာသာလောက၌ စကြာမင်းဟု ခေါ်သော တန်ခိုးရှင်တို့နှင့် တန်းတူပင် ဖြစ်လေသည်။ သူသည် မြန်မာဘုရင် မင်းတရားရွှေထီး ကဲ့သို့ အရက်သေစာ လွန်ကြူးသဖြင့် ငယ်ရွယ်စဉ် ၃၃ နှစ်ကပင် ကွယ်လွန်ခဲ့သည်။ ဥပုသ်စောင့်တတ်သော စကြာမင်းမျိုး မဟုတ်ပါချေ။

စာရေးဆရာ မောရစ်ကောလစ်က သူ ရေးသော **ရခိုင်ဘုရားကြီး**စာအုပ် နောက်ဆုံးအခန်းတွင် မြန်မာတို့၏ ရှေးဟောင်း စကြာဝါဒကို ခေတ်သစ် အရှေ့အနောက် စကြာမင်းတို့ အကြောင်းနှင့် နှိုင်းယှဉ် ဝေဖန်ထားပုံမှာ စိတ်ဝင်စားဖွယ်ပင်။ ထိုသို့ သုံးသပ်ချက်ကို နိုင်ငံရေးအဘိဓာန်သဖွယ် မထင်မှတ်ဘဲ အပျင်းပြေ သဘောမျှသာဟု ယူဆသင့်၏။

(၁) အေဒီ ၁၅၀၀ ခုတွင် အာရှသို့ ပင်လယ်ခရီး သွားရာမှ အာဖရိက တောင်ပိုင်းလမ်းကို ပေါ်တူဂီတို့ စတင်တွေ့ရှိခဲ့၏။ ရောမမြို့ရှိ ခရစ်ယာန်ဂိုဏ်းချုပ်ကြီးက 'အာရှကမ္ဘာ တစ်ခြမ်း၌ ပေါ်တူဂီတို့ တာဝန်ခံယူကာ ခရစ်တော်ဝါဒ ဖြန့်ဖြူးစေ'ဟု တာဝန်အပ်နှင်းခဲ့သည်။ အနောက်ကမ္ဘာ တစ်ခြမ်းကို စပိန်ပြည်သို့ လိုင်စင် ပေးသနားခဲ့သည်။

ပေါ်တူဂီတို့သည် အာရှသို့ ရောက်ရှိသော ပထမ အနောက်နယ်ချဲ့များ ဖြစ်သည်။ ဂိုအားမြို့ကို ဗဟိုပြုကာ အာရှ၌ ခြေကုပ်စခန်းများ ဖွင့်ခဲ့ရာ သီဟိုဠ်၊ ရခိုင်၊ မုတ္တမ၊ မလက္ကာ၊ ဂျာကာတာ၊ ကိုချင်အထိ ကျယ်ပြန့်ခဲ့သည်။ သူတို့ဘုရင်ခံချုပ်နှင့် ဂိုဏ်းအုပ်တို့က ဂိုအားမြို့မှ အုပ်ချုပ်ညွှန်ကြားခဲ့သည်။ နှစ်တစ်ရာခန့် ကြီးပွားခဲ့ရာမှ "သူခိုးလက်က သူဝှက်လု"ဆိုသကဲ့သို့ သူတို့လက်မှ ဒတ်ချ်တို့က အားလုံးလုယူ သိမ်းပိုက်ခဲ့သည်။ ထို့ကြောင့် ရောမ သံဃရာဇာကြီးက ခရစ်ယာန် စကြာမင်းအဖြစ် အာရှကို လွှမ်းမိုးရန် စီမံကိန်းကြီးမှာ ပျက်ပြားလေတော့သည်။

(၂) ထိုအချိန် ၁၆၃၀ အေဒီ၌ ရခိုင်ဘုရင် သီရိသုဓမ္မာက စကြာမင်းဖြစ်လိုဇောနှင့် ဥပုသ်ရက်ရှည် မစောင့်နိုင်တော့ဘဲ အောက်လမ်းဆေးဝါး ဖော်စပ်မှုဝိရာမှ နတ်ရွာစံခဲ့သည်။ သို့လျှင် ထိုခေတ်က ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာ စကြာမင်း စီမံကိန်း ၂ ရပ်စလုံး ပျက်ပြားခဲ့သည်။

ဘရင်ဂျီဂိုဏ်းဝင် ခရစ်ယာန်တို့၏ စကြာအိပ်မက်မှာ အစကတည်းက အခြေခံ ချို့တဲ့နေ၏။ အဘယ်ကြောင့်ဆိုသော် သာသနာရေး ကိစ္စ၌ အာရှက ဥရောပထက် ဝါကြီးခဲ့သည်။ ပွင့်ခဲ့ပြီးသော ဘုရား ၃ မျိုး [(၁) ဗုဒ္ဓ၊ (၂) ခရစ်တော်၊ (၃) မိုဟာမက် ]တို့မှာ အားလုံး အာရှတိုက်သားများ ဖြစ်၏။ ထို့ကြောင့် ဘုရားတစ်ဆူမျှ မပွင့်ခဲ့ဖူးသော ဥရောပ ဘရင်ဂျီဂိုဏ်းဝင်တို့က အာရှ၌ သာသနာပြု စကြာရှင်လုပ်လိုခြင်းမှာ "နွားရှေ့ ထွန်ကျူး"သကဲ့သို့ ရှိ၏။ ၎င်းပြင် အာရှသည် ဥရောပထက် လူဦးရေ ပိုမိုများပြား၏။ သူတို့အားလုံးကို ဒိဋ္ဌိဟုခေါ်ကာ မိမိအကြိုက်ကို လိုက်စေရန် မဖွယ်ကူချေ။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင်တို့ အနေနှင့် ခရစ်ယာန်များထက် ကမ္ဘာကို မိမိတို့ဘက်သို့ သိမ်းသွင်းနိုင်သော အခြေခံများ ပိုမိုပြည့်စုံ၏။ ၎င်းတို့လည်း ဂိုဏ်းကွဲနေစေကာမူ အိန္ဒိယ၊ တရုတ်၊ ဂျပန်နှင့် အာရှတောင်ပိုင်း နိုင်ငံတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြလေသည်။ သို့သော် လက်နက်အင်အား မရှိခြင်း၊ ထိုအင်အားမျိုးကို အလိုမရှိ၍ လည်းကောင်း၊ ထို စကြာအိပ်မက်သည်လည်း အကောင်အထည် မပေါ်ခဲ့ပေ။

(၃) နယ်ချဲ့လောကၠ ပေါ်တူဂီကို ဒတ်ချ်တို့က တိုက်ထုတ်ပြီးနောက် ဒတ်ချ်ကို တစ်ဖန် အင်္ဂလိပ်တို့က အနိုင်ကျင့်ပြန်၏။ အင်္ဂလိပ်တို့သည် ကမ္ဘာအရပ်ရပ်၌ သူ တစ်ပါး နယ်မြေကို သိမ်းပိုက်ခဲ့ရာ "ဗြိတိသျှအင်ပါယာတွင် နေမဝင်"ဟု ကြွားခဲ့သည်။ အရှေ့၊ အနောက် ကမ္ဘာပတ်ချာလည်တွင် သူတို့ပိုင် နယ်မြေများ ရှိရာ တစ်နယ်၌ နေဝင်သော် နောက်တစ်နယ်၌ နေထွက်ချိန် ဖြစ်နေ၏။ ထို့ကြောင့် အင်္ဂလိပ်ဘုရင်သည် ပါလီမန်က ခန့်အပ်သော လခစား တစ်ဦး ဖြစ်၍ တန်ခိုးဣဒ္ဓိပါဒ် မရှိသော်လည်း နယ်မြေ အကျယ်အဝန်းကို ထောက်ကာ စကြာမင်းဟု ခေါ်နိုင်ပေသည်။

(၄) ဂျပန်ကလည်း ဒုတိယကမ္ဘာစစ် အတွင်း၌ ယာယီစကြာမင်း ဖြစ်လိုက်သေးသည်။ သူပိုင်နယ်များတွင် (၁) ကိုရီးယား၊ (၂) တရုတ်ပြည် ကမ်းရိုးတန်း၊ (၃) မန်ချူး၊ (၄) ဖိလစ်ပိုင်၊ (၅) အင်ဒိုချိုင်းနား၊ (၆) အင်ဒိုနီးရှား၊ (၇) မလာယု၊ (၈) မြန်မာပြည်တို့ ပါဝင်သည်။ ထို့ကြောင့် စကြာမင်းဖြစ်ရန် လိုအပ်သော ဆန္ဒမဲထက် ပို၍ပင် နေ၏။ ၆ နိုင်ငံလောက် ပိုင်လျှင်ပင် အရွေးခံနိုင်ပေသည်။

ဂျပန်သည် အာရှမှ အနောက်နယ်ချဲ့များကို မောင်းထုတ်မည် ဟူသော ရည်ရွယ်ချက်တစ်ခုတည်းဖြင့် တိုက်ခဲ့သော် စစ်နိုင်ဖွယ်ရှိ၏။ အထက်ပါနိုင်ငံများကို သူက စောစောစီးစီး သိမ်းပိုက်နိုင်ခဲ့၍ စစ်အတွင်း၌ပင် အခြေခိုင်အောင် ဖန်တီးချိန် ရခဲ့ပေသည်။ သို့သော် သူက အမေရိကန်ကို ရန်စ ဗုံးကြဲကာ စစ်ထဲသို့ ဝင်ခဲ့သည်။ ထို့ကြောင့် သူ့ အတွက် စစ်မျက်နှာနှစ်ခု တစ်ပြိုင်တည်း ဖွင့်ခြင်းဖြစ်သည်။ မနိုင်သော ဓာတ်ထုပ်ကို သူကိုယ်တိုင် စတင်ခင်းကျင်းခြင်း ဖြစ်ပေသည်။

ဂျပန်သည် ဗုဒ္ဓဝါဒကို ဦးထိပ်ထား၍ စစ်တိုက်ခြင်း မဟုတ်။ ၁၉၄၂ ခု မန္တလေးကို သိမ်းပြီး မဟာမြတ်မုနိဘုရားကို အလေးပြုခြင်းလည်း မရှိ။ ဖက်ဆစ်ဝါဒကိုပင် ကျင့်သုံးလေသည်။ အိုးစည်ဗုံမောင်းဖြင့် ထွက်ကြိုသော မြန်မာတို့အား နိပွန်စကြာရှင်တို့က ပါးရိုက်လွှတ်ခဲ့သည်။

ခေတ်မီနိုင်ငံဖြစ်သော ဂျပန်တို့သည် ခေတ်မီလက်နက်များ ထုတ်လုပ်တိုက်ခိုက်ခြင်းဖြင့် စကြာမင်းဖြစ်ရန် ရည်ရွယ်ခဲ့လေသည်။ သို့သော် သူ့ထက်ခေတ်မီသော အမေရိကန်က အဏုမြူလက်နက်နှင့် ပြန်ချသောအခါ ဂျပန်တို့၌ တုံ့ပြန်ရန် စကြာလက်နက်လည်းမရှိ ဖြစ်နေခဲ့ပေသည်။

(၄) လူဦးရေ အများဆုံးနိုင်ငံဟု ဆိုသော တရုတ်ပြည်မှ အဘယ်ကြောင့် စကြာမင်း မထွက်သနည်းဟု မေးဖွယ် ရှိ၏။ တရုတ်ပြည်ကို မန်ချူးဘုရင်များ စိုးစံချိန်က ခေတ်မီနိုင်ငံ အဖြစ်သို့ ပြောင်းလဲရန် အခွင့်ကောင်း ကြုံခဲ့သည်။ ထိုအခွင့်ကို ယူခဲ့ပါလျှင် ဂျပန်တို့ထက် နှစ် ၁၀၀ ပိုစောကာ ခေတ်မီနိုင်ငံ ဘဝသို့ ရောက်ရှိနေပေမည်။ တရုတ်ဘိုးတော်ကြီး ကွန်ဖြူးရှပ်၏ မိသားစု တရားများကို အခြေပြုကာ စည်းရုံးရေး လုပ်နိုင်ပေသည်။ သို့သော် ထိုအခွင့်ကောင်းများ လက်လွှတ်ခဲ့သည်။

(၅) ၁၂ ရာစုခေတ်တွင် တစ်ကမ္ဘာလုံး မွန်ဂိုမြင်းခွာသံများဖြင့် သိမ့်သိမ့်တုန်အောင် ရုရှတိုက်နှင့် အာရှတိုက်ကြီး နှစ်ခုစလုံးကို လွှမ်းမိုးခဲ့သော ကူဗလေခန်နှင့် ဂျင်ဂစ်ခန် မင်းဆက်တို့သည် စကြာမင်း ဖြစ်နိုင်ကြပေသည်။ သူတို့၏ မိသားစုအုပ်ချုပ်ရေး စနစ်သည်လည်း သိပ်သည်းပေသည်။ သို့သော် မွန်ဂိုတို့၌ ယဉ်ကျေးမှုအခြေခံ ဘာမျှ မရှိဘဲ ကျွဲကျောင်းသား၊ နွားကျောင်းသား ဘဝမှ စစ်နိုင်သူများ ဖြစ်လေသည်။ ထို့ကြောင့် တရုတ်ပြည်ကို သိမ်းပိုက်ကာ မွန်ဂိုမင်းဆက် ထူထောင်ရင်း အထက်တန်းကျကျ စားဝတ်နေရေးတို့ကို တရုတ်များထံမှ သင်ယူကာ စည်းစိမ် ယစ်မူးနေကြလေသည်။

(၆) ဥရောပမှ ဟစ်တလာသည် ဖက်ဆစ်ဝါဒ ခေါင်းဆောင်ဖြစ်၍ စကြာဝါဒနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေပေသည်။ ဂျာမနီသည် လွန်ခဲ့သော စစ်အတွင်းက ဂျပန်လောက်ပင် နယ်မချဲ့နိုင်ခဲ့ချေ။ ဥရောပတိုက်မှ ပေါက်ဖွားသော ခေါင်းဆောင်တစ်ဦးအနေဖြင့် ဟစ်တလာသည် ဥရောပတိုက်၏ ထောက်ခံမှုကို ရခဲ့သူ မဟုတ်ချေ။ ထို့ကြောင့် သူ့အဖို့ တက်လမ်းမရှိသော ဘဝတွင် ဖက်ဆစ်တို့၏ သွားရာလမ်းကို မြန်းရှာလေသည်။ ဟစ်တလာ၏



www.burmeseclassic.com

www.burmeseclassic.com



အလံသည် စကြာပုံသဏ္ဍာန်ပင် ဖြစ်လျက် Swastika ဟု ခေါ်၏။ သို့သော် ဖြောင့်တန်းသော စကြာ မဟုတ်ဘဲ ကောက်ကွေးသော စကြာပုံ ဖြစ်နေ၏။

*

## [ ၃ ] ဗုဒ္ဓရာဇာ

**ဗုဒ္ဓရာဇာ၊ မင်းစကြာသိုက်**ခေါ် စာအုပ်၌ ပါရှိသော စကြာမင်းမှာ ကုန်းဘောင်ခေတ်တွင် သူ၏ ဘထွေးတော် သာယာဝတီမင်းက ကွပ်မျက်ခြင်း ခံရသော ညောင်ရမ်းမြို့စား စကြာမင်းသားကလေးကို ရည်ညွှန်းသည်။ ရေးသူ ဆရာဦးပေါ်ဦးက "ခေတ်ကာလအလျောက် ပေါ်ပေါက်လျက်ရှိသော နေလ ဂြိုဟ်သွား ကိန်းခန်းများဖြင့် တိုက်ဆိုင်ရေးသား စီရင်ပါသည်"ဟု ဆို၏။

သိုက်တဘောင် ဆိုသည်မှာ လူသူအပေါင်းတို့၏ ဆင်းရဲမှု၊ ချမ်းသာမှု စသည်တို့ကို ရာဇဝင် ဖြစ်ရပ်များနှင့် တိုက်ဆိုင်ကြည့်ရှုကာ မည်သို့မည်ပုံ ကြုံတွေ့ကြရမည်ကို ပညာရှိများက ကြိုတင် ဟောပြော ညွှန်ကြားချက်များ ဖြစ်၏။ ရှေးမြန်မာမင်းများသည် ထိုကိစ္စတို့၌ များစွာ ယုံကြည်ကြသည့်အတိုင်း ပြည်ရေးပြည်ရာ ကိစ္စများကို ဖြေရှင်းရာ၌ စနည်းတဘောင်များ လေ့လာကာ လိုအပ်သော ယတြာများ ပြုလုပ်စမြဲပင်။

မြန်မာတို့သာမက အာရှတောင်ပိုင်း ဗုဒ္ဓဘာသာဝင် ဖြစ်သော ယိုးဒယား၊ မွန်၊ ရခိုင်တို့သည်လည်း ကိန်းခန်း တဘောင် လိုက်စားကြသည်ကို သူတို့၏ သမိုင်းတွင် ကြုံတွေ့ရ၏။

သို့သော် ဘုရင်များ မရှိသည့်နောက် ကျွန်ဘဝ၌ လူမျိုးနှင့်စာပေပါ အောက်ကျနောက်ကျ ဖြစ်ခဲ့ရာ နှောင်းလူ မြန်မာများသည် သိုက်တဘောင်တို့ကို တန်ဖိုးထားခြင်း နည်းပါးလာ၏။ လိုက်စားသူတို့ အဖို့ ထိုစာပေတို့သည် မှန်ကန်သည်သာ များသဖြင့် ဂရုမစိုက်ဘဲ မနေနိုင်ကြကုန်သည်သာ ဖြစ်၏။

ဆရာဦးပေါ်ဦး ကဲ့သို့ မြန်မာမှု လေ့လာသူများ ရှိသဖြင့် ကျေးဇူးတင်ဖွယ် ဖြစ်၏။ ယခုအခါ၌ သူလို သိုက်သမိုင်းနှင့် ပတ်သက်၍ ရေးတတ်၊ ပြောတတ်၊ အဓိပ္ပာယ် ကောက်တတ်သူများ အလွန်ပင် ရှားနေချေပြီ။ ရှေးမြန်မာကြီးတို့သည် သိုက်သမိုင်းတို့၌ မွေ့လျော်လျက် သူတို့ဦးနှောက်များလည်း တဘောင်စနည်းများအရ လှုပ်ရှားခဲ့ကြသည်။ ဗုဒ္ဓတရားကို အခြေခံသော ကိန်းခန်းများ ဖြစ်၍လည်း ခေတ်ကောင်း ဖော်၍ လူကောင်း စိုးမိုးရေးကို မျှော်မှန်း အားပေးသော သဘော ရှိလေသည်။

မြန်မာများ စကြာမင်းလောင်း မျှော်ခြင်းနှင့် ပတ်သက်၍ ဆရာဦးပေါ်ဦး၏ အာဘော်ကား–

"မြန်မာတို့သည် သီပေါဘုရင် ပါတော်မူပြီးနောက် ထီးကျိုးစည်ပေါက် ခေတ်ဆိုး ကျရောက်ချိန်မှစ၍ 'ကုန်းဘောင် နေမျိုး၊ သတိုးမပျက် မုဆိုးဆက်ဖြစ်သော ဗုဒ္ဓရာဇာ စကြာမင်းလောင်း ပေါ်လာဦးမည်'ဟု မိရိုးဖလာ မျိုးချစ်စိတ် ရှိသူတို့က ယနေ့တိုင် သာသနာပြုမင်းကို မျှော်ဆဲ ရှိကြလေသည်။ 'သာသနာတော် တစ်ဝက်၊ မင်းကောင်း တစ်ဆက်'ဆိုသော စကားအရလည်း ဘုရားသာသနာ တစ်ဝက် ရောက်သောအခါ သာသနာပြုမင်း ဧကန် ပေါ်လာရမည်ဟု ယုံကြည်သူတို့က ဗုဒ္ဓရာဇာ မင်းလောင်းကို မျှော်လင့် တောင့်တ၍ နေကြလေသည်။ ဧကန် ပေါ်လာရမည်ဟုလည်း ယုံကြည်ကြ၏။

သော–သတ်–အဋ္ဌ–နဝ–သချ်ာ
စွန်းကောဇာတွင်၊ မိစ္ဆာလွှမ်းမိုး
စက်ရောင်ညိုး
မုဆိုးပွဲကြီး သိမ်းလိမ့်မည်။
ပွဲကြီးသိမ်းလျှင်၊ ဘုန်းမီးနေလ
ထီးနန်းရ၊ ဗုဒ္ဓရာဇာ
ဘွဲ့မည်သာနှင့်
စကြာမင်းလောင်း ပေါ်လိမ့်မည်။

"ဗုဒ္ဓရာဇာ"ဆိုသည်မှာ ဘုရားဆုပန်သော မင်းကို ဆိုလိုသည်။ ဥပမာ ဦးအောင်ဇေယျသည် ဘုရားဆုပန် သာသနာပြုဘုရင်ကြီး ဖြစ်၍ အလောင်းဘုရားဟု ခေါ်တွင်ခဲ့ရာ သူလို မင်းမျိုးကို ဗုဒ္ဓရာဇာဟု ခေါ်နိုင်၏။

ထို့ပြင် ဘဒ္ဒကမ္ဘာ၌ ဘုရား ၅ ဆူ ပွင့်ပြီးနောက် နောင်အခါ ပွင့်တော်မူလတ္တံ့သော ဗုဒ္ဓါဒိတ်ရ ဘုရားလောင်းရှင်မာ တစ်ကျိပ်တွင် နောက်ဆုံးဖြစ်သော အလောင်းတော်ကား အနော်ရထာမင်းစော ဖြစ်သည်ဟု ရာဇဝင်သမိုင်းများတွင် လာ၏။ ပုဂံ ရွှေစည်းခုံသမိုင်း၌ ပါရှိသည်ကား–

မေတ္တေရာမ–ပသေနနှင့်
စသည်ဘုရား၊ ထိုဆယ်ပါးတွင်
နောက်ဆုံးလျှင်၊ သိမြင် နော်ရထာ။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်၌ မိစ္ဆာဒိဋ္ဌိ အရည်းကြီးဝါဒကို ချိုးဖောက် ဖျက်ဆီး၍ ဗုဒ္ဓဝါဒသာသနာ ရေသောက်မြစ်တွယ်အောင် ပထမဆုံး ဆောင်ရွက်သူကား အနော်ရထာမင်းကြီးပင် ဖြစ်သည်။

ထို့ပြင် အလောင်းစည်သူ၏ ဆုတောင်းကျောက်စာ၌လည်း သူသည် "ဝေနေယျအကျိုးအတွက် သံသရာတည်းဟူသော ပင်လယ်ကြီးကို ဖြတ်ကျော်သော တံတားကြီးဆောက်လိုကြောင်း၊ ထိုတံတားကြီးသည် နိဗ္ဗာန်တံခါးဝသို့ ရောက်မည်" စသည်ဖြင့် ပါရှိရာ သူသည်လည်း ဘုရားဆုပန်ပေသည်။

"ဗုဒ္ဓဗောဓိ၊ ရဇ္ဇတိတိ၊ ဗုဒ္ဓရာဇာ" ဟူသည့်အတိုင်း ဘုရားဆုပန်ဆင်သော မင်းမျိုးကို ဘုရားလောင်းဟု ခေါ်ဆိုနိုင်ရာ မင်းတုန်းမင်းတရားကြီးကိုလည်း ဗုဒ္ဓရာဇာဟု ဆိုနိုင်သည်။

တစ်နည်းအားဖြင့် "ဗုဒ္ဓဂုဏ၊ ရဇ္ဇတိတိ၊ ဗုဒ္ဓရာဇာ" အရ ဂုဏ်တော် ၉ ပါးကို အာရုံပြု၍ နေ့စဉ် ပုတီးစိပ်သော မင်းမျိုးကိုလည်း ဗုဒ္ဓရာဇာ ခေါ်နိုင်၏။

အခြားတစ်နည်းကား "ဗုဒ္ဓေါဝါဒံ၊ ရဇ္ဇတိ၊ အနုဝတ္တတိတိ-ဗုဒ္ဓရာဇာ"ဟု ဆို၏။ ဗုဒ္ဓဝါဒ ဆိုသည်မှာ လက်ဝဲလည်း မဟုတ်၊ လက်ယာလည်း မဟုတ်၊ မဇ္ဈိမပဋိပဒါ အလယ်လမ်း ဖြစ်လေသည်။ ထိုလမ်းကို လိုက်နာကျင့်ကြံပါက ဣဒ္ဓိတန်ခိုး အမျိုးမျိုးနှင့် ပြည့်စုံနိုင်၏။ ဤသို့သော ဘုရား၏ အဆုံးအမတော်ကို လိုက်နာသူသည်လည်း ဗုဒ္ဓရာဇာ မည်၏။

ကတ္တီပါ ရွှေအိတ်နှင့်
ရေဆိပ်မှာ သေပဟန်ဆောင်
စောဦး ထိပ်ခေါင်၊
ရာကျော်လျှင် ဖောင်တော်စီးပါလိမ့်
စောပုမောင်ကြီး။

ဤ အတိတ်တဘောင်ကို ယုံကြည်ကြသော ပထမံဂိုဏ်းဝင် သူတော်စင်အပေါင်းတို့က မျှော်လင့် တောင့်တနေကြသော ဗုဒ္ဓရာဇာ မင်းစကြာကား အမရပူရမြို့တည် ဗဒုံမင်း ခေါ် ဘိုးတော်ဘုရား၏ မြစ်၊ ဖန်နန်းရှင် သားချစ်ညောင်ရမ်းမြို့စား မင်းသားကလေးသည်ပင် စကြာမင်းလောင်း ဖြစ်မည်ဟု မျှော်လင့်လျက် ရှိနေကြလေသည်။

ဤသို့ ဗုဒ္ဓရာဇာ မြန်မာဘုရင်ကို မျှော်လင့် တောင့်တကြခြင်း၏ လိုရင်းပဓာနမှာ သာသနာပြုစုရေးနှင့် တိုင်းပြည် ပြုစုရေးပင် ဖြစ်သည်။ ယခင် ကျွန်ခေတ်၌ အင်္ဂလိပ်တို့သည် ဘဒ္ဒကမ္ဘာ ပျက်မှပင် မြန်မာပြည်မှ ထွက်ကြမည်ဟု တစ်ထစ်ချ ယုံမှတ်ကြသူများပင် ရှိခဲ့သည်။ ထိုသူတို့က အနောက်တိုင်းယဉ်ကျေးမှု စသည်တို့ကိုသာ အထင်ကြီး၍ မြန်မာသိုက်စာ ကိန်းခန်းတို့ကို အလကား အဓိပ္ပာယ်မရှိဟု ယင်မြင်ခဲ့ကြသည်။ သို့သော် သူတို့ မျက်မှောက်၌ပင် မြန်မာပြည်၌ ကောလိဓာတ် ဆိုက်သောအခါ–

ခဏ စိုးကာ၊ သူ မိစ္ဆာ
ဆိုင်ရာ ကြွက်ကျား ကိုက်လိမ့်မည်။

အထက်ပါ တဘောင်အတိုင်း မိစ္ဆာအင်္ဂလိပ်တို့သည် မြန်မာပြည်တွင် နှစ် ၁၀၀ ပင် မကြာဘဲ ကြွက် ဗမာနှင့် ကျား ရှမ်းတို့ ကိုက်သောကြောင့် ပြေးရချေပြီ။ ယခုအခါ လွတ်လပ်သော ပြည်သစ်ကြီးတွင် မိမိ၏ရိုးရာ တရားဓမ္မတို့နှင့် ကိုက်ညီသောမင်းများ အုပ်စိုးနိုင်ချေပြီ။ ကျွန်ခေတ်က အထင်သေးခဲ့ရသော တဘောင်များအတိုင်းပင် အစဉ်တစိုက် ဖြစ်ပေါ်နေသည် မဟုတ်လော။

ကုန်းဘောင်ခေတ် တစ်ခုလုံးနှင့် ပတ်သက်သော ဘုရားသိုက်စာသည်ကား–

၁၃– ပူးမင်းကြီးသား၊ ရွှေထိဘွား
သားမြတ်ခြင်္သေ့ ဖြစ်လိမ့်မည်။
၁၄– သားခြင်္သေ့ကျော်၊ ဂုဏ်ထင်ပေါ်
ဆွေတော်ချင်းချင်း နှိမ်လိမ့်မည်။

ဤသိုက်စာ၌ **ပူးမင်းကြီးသား** ဆိုသည် ဖန်နန်းရှင် (ဘကြီးတော်)ပူးမင်း သောကြာ သားတော်ကို ရည်ညွှန်းသည်။ **သားမြတ်ခြင်္သေ့**ကား အင်္ဂါသားဖြစ်လျက် ၁၁၇၄ ခု သီတင်းကျွတ် လပြည့်ကျော် ၇ ရက်တွင် ဆင်ဖြူမယ် မိဖုရားမှဖွားသော သားတော် ညောင်ရမ်းမင်းသားကို ဆိုလိုသည်။ ဖွားတော်မမူမီ ငလျင် ပြင်းထန်စွာလှုပ်ခြင်း၊ ကသစ်ပင်မှ ရေထွက်ခြင်း စသော အတိတ်နိမိတ်ကြီးများ ပြလေသည်။ သားတော်ဖွားမြင်ပြီး ၇ ရက်ကြာသော် မယ်တော် နတ်ရွာစံတော်မူသည်။ ထိုအခါ ခမည်းတော် ဖန်နန်းရှင်က ဝမ်းကွဲ နှမတော် မြတောင်မင်းသမီးအား ထိုသားတော်ကလေးကို ဆက်လက် စောင့်ရှောက်စေခဲ့သည်။

ဘိုးတော်မင်းတရားသည် မြစ်တော်ကို အလွန် ချစ်မြတ်နိုးတော်မူသဖြင့် ညောင်ရမ်းမြို့ကို အပိုင်စား ပေးတော်မူသည်။ ထို့ပြင် မြပုခက်ယာဉ် ပြုလုပ်၍ ခမည်းပေးလိုရာ ဘဏ္ဍာတော်မှ ငွေရှစ်သိန်းထုတ်ပြီး ဦးပေါ်ဦး ကြီးကြပ်သော

www.burmeseclassic.com



ယိုးဒယားသို့ သွားရောက်ဝယ်စေဟု အမိန့်ပေးခဲ့ဖူးသည်။ ယခုအခါ မြန်မာပြည်အတွင်းရှိ ပုတီးဂိုဏ်း စသည်တို့က လာလိမ့်မည်ဟု မျှော်လင့်တောင့်တနေကြသော စကြာမင်းသည် ဤစကြာမင်း ဖြစ်လေသည်။

"သားခြသေ့်ကျော်၊ ဂုဏ်ထင်ပေါ်"ဟု ဆိုရာ၌ ထိုအင်္ဂါသားသည် ဘုန်းရှင် ကံရှင် ဖြစ်၍ တိုင်းပြည်တွင် ဂုဏ်သတင်း ကျော်စောသည်ကို ဆိုလို၏။ "ဆွေတော်ချင်းချင်း နှိမ်လိမ့်မည်"ဆိုသည်ကား ဘထွေးတော် သာယာဝတီမင်း လက်ထက်တွင် တော်လှန်ပုန်ကန်ရန် ကြံစည်သည်ဟု ဆိုကာ သက္ကရာဇ် ၁၂၀၀ ပြည့် တန်ခူးလပြည့်ကျော် ၆ ရက်နေ့တွင် စကြာမင်းကလေးကို ကတ္တီပါရွှေအိတ် စွပ်၍ ရေဆိပ်မှာ ဖျောက်ဖျက် ကွပ်မျက်တော်မူသည်ကို ဆိုလိုသည်ဟု သိုက်စာအဓိပ္ပာယ် မှတ်ယူရမည်။ ဆွေတော်ချင်း နှိမ်ချိုးသည်ကို ရည်ညွှန်းခဲ့လေသည်။ ကွပ်မျက်ခံရသော ထိုနှစ်တွင် အောက်ပါတဘောင် ထွက်ပေါ်ခဲ့သည်။

ဆင်ဖြူမသား၊ ရေသို့လား
နဂါးလည်း ယူလတ္တံ့
သိကြားလည်း ဆောင်လတ္တံ့။
ရာကျော်မှ ဆောင်တော်ခင်
စောဦး မောင်ရင်။
ဘိုးတော်ကား တောင်နန်းမြင့်က မျှော်
ရွှေဆက်တော် လာမည့်လမ်း
နှင်းရည်နှင့် ဖျန်း။
တပေါင်းလရာသီ
ဘောင်းဘီနှင့် ဖွေးဖွေး
စားလွယ်ရွှေကွပ်နှင့်
မြေညွတ်အောင် လာမည့်ရေး
ဘိုးတော်....ရင်သွေး။

စကြာမင်းကို ရွှေကြက်ယက်အနီး ရေချသောအခါ မြေငလျင် ကြီးစွာ လှုပ်သည်။ လေကြီးမိုးကြီး ကျသည်။ ရေတွင်းရေကန် သွေးအတိ ဖြစ်သည်။ အတိတ်ကြီး၊ နိမိတ်ကြီးများလည်း ထင်ရှားပြသသည်။ ဖွားဖက်တော် ရွှေလရောင် မြင်းလည်း ပျောက်ကွယ်သွားလေသည်။

ထိုအခါ မြင်းခံတော် မောင်ညိုသည် စစ်ကိုင်းတောင်ရိုး မင်းကွန်းအရပ်ရှိ စကြာမင်း တည်ထားခဲ့သော အာလိန်ငါးဆင့် မြသိန်းတန်စေတီသို့ သွား၍ ၇ ရက် ဥပုသ်စောင့်သည်။ ထိုအခါ စကြာမင်းကလေးသည် ရွှေလရောင်မြင်းကို စီးလျက် ပေါ်လာပြီး 'မောင်ညို၊ ငါကား မသေ၊ ရသေ့ဦးအောင် ယူဆောင်သွားသဖြင့် ငါကိုယ်တော်မြတ်သည် ရဇိတ တောင်တန်းမှာ စံမြန်း၍ နေရသည်'ဟု မိန့်ကြားသည်။ ထိုအခါ မောင်ညိုသည် အရှင်အတွက် စိတ်သက်သာခွင့် ရသွားလေသည်။ ထိုသတင်းကို သာယာဝတီ ရွှေနန်းရှင်မင်းတရား ကြားသိတော်မူသောအခါ မြင်းခံ မောင်ညိုကို ခေါ်၍ 'မောင်ညို၊ မောင်မင်း၏အရှင်သခင် စကြာမင်းသည် နတ်စိမ်းဖြစ်၍ ကိုယ်ထင်လာကာ ပြသည် မဟုတ်လော'ဟု စစ်မေးလေလျှင် မောင်ညိုက 'ဘုန်းတော်ကြောင့် နတ်စိမ်း နတ်စား မဟုတ်ပါ။ ကျွန်ုပ်၏အရှင်သခင် စကြာမင်း အမှန်ဖြစ်ပါသည်။ ကိုယ်တော်တိုင် ရွှေလရောင်မြင်း စီးလာသည်ကို ဖူးမြင်ရပါသည်'ဟု လျှောက်တင်၏။

ထိုလျှောက်တင်ချက်မှာ ရွှေနန်းရှင်၏သဘောတော်နှင့် မတိုက်ဆိုင်သဖြင့် ညိုကို ထပ်၍ သတ်တော်မူလေသည်။ ထိုအခါမှစ၍ ပြည်သူပြည်သား မှူးမတ်တို့သည် စကြာမင်း အကြောင်းကို မပြောဝံ့ဘဲ ရှိကြလေသည်။ သို့သော် ထိုအကြောင်းအရာများကြောင့်ပင် မြန်မာအချို့က စကြာမင်းကို မျှော်လင့်ဆဲ ဖြစ်နေကြသည်။

သူပုန်ရန်သူ၊ ယူ မရချေ။
ရေလား–မလား၊ ဗိုလ်များ
စကားနှစ်ခွ ပြောလိမ့်မည်။
၂၇ ဝယ်၊ ထွက်မည်ရွှယ်
လသည် ဂြိုဟ်ခွင်း၊ ကြယ်ပြိုခြင်းနှင့်
တိမ်တံခွန်ခံ၊ ဥပ္ပာတ်ပျံ
တောသံလျှင် လှုပ်လိမ့်မည်။

"၂၇ ဝယ် ထွက်မည်ရွှယ်"ဟူသည်ကား စကြာမင်းကလေး ကွပ်မျက်ချိန်တွင် သက်တော် ၂၇ နှစ် ဝင်ရုံသာ ရှိသေးသည်။ ရေမချမီ တန်ခူးလဆန်း ၅ ရက်နေ့ ညဉ့်၂ ချက်တီး အချိန်တွင် မြေငလျင် ပြင်းစွာလှုပ်ခြင်း၊ ကြတ္တိကာ နက္ခတ်သည် လကို ဖောက်ထွင်းခြင်း၊ ကြယ်ကြွေခြင်း၊ တိမ်တံခွန် ထွက်ခြင်း၊ ဥပ္ပာတ် ပျံခြင်း၊ ဧရာဝတီမြစ်ရေ အညာဆန်တက်ခြင်းတို့ ဖြစ်ပွားသည်ဟု ရာဇဝင်များကလည်းကောင်း၊ မီလိုက်သူ လူကြီး သူကြီးတို့က လည်းကောင်း တညီတညွတ် ဖော်ပြကြသည်။

"သူပုန်ရန်သူ ယူမရချေ" ဆိုသည်မှာ ထိုမင်းကလေးကို ရန်သူများ ယူမရချေ။

"ရေလား–မလား" ဆိုသည်မှာ တိုင်းပြည်က



www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားဗိုလ်မှူး ချာကရီနှင့် မြန်မာဗိုလ်မှူး မဟာသီဟသူရတို့၏ စစ်ပြေငြိမ်းခန်း။
ယိုးဒယားပြည် စစ်မြေပြင်၌ မြန်မာနှင့် ယိုးဒယားတပ်များ ရင်ဆိုင်ကြပြီးနောက်
လက်ဆောင်များ အလဲအလှယ် ပြုလုပ်နေကြစဉ်။ (ငွေဖလား၌ ထွင်းထုသော ယိုးဒယားလက်ရာ)

www.burmeseclassic.com

www.burmeseclassic.com



အလွန်ချစ်မြတ်နိုးသော မင်းသားကလေးဖြစ်၍ စကြာမင်းကလေး နတ်ရွာလားခြင်းကို ပြည်သူတို့ မလိုလားချေ။ လွမ်းဆွတ် တသ ကြလေသည်။ အချို့သူများကလည်း မင်းကလေးကား မသေ၊ ရသေ့ဦးအောင် ခေါ်ဆောင်သွားသည်။ အချို့ကလည်း သူသည် ရွှေလရောင်မြင်းကို စီး၍ ရဇိတတောင်တန်းသို့ ထွက်သွားသည်။ တချို့ကလည်း အမှန်ပင် သာယာဝတီမင်းက ရေမှာ ဖျောက်သည့်အတိုင်း နတ်ရွာစံလေပြီဟု အကယ် သေ–မသေကို လူအများ စကား နှစ်ခွ ပြောကြမည်ကို ဆိုလို၏။ ရာဇဝင် အလိုအရ သေပြီ၊ သိုက်စာအလို မသေသေးဟု ယနေ့တိုင် အငြင်းအခုံ ဖြစ်နေ၏။

### ပါတော်မူသည်မှ စ၍

ပါတော်မူပြီးနောက် ပို၍ မင်းလောင်းကိုမျှော်ကာ ကိန်းခန်း တဘောင်ကို အခြေခံ၍ စပ်ဆိုသော သီချင်းအမျိုးမျိုးတို့ဖြင့်လည်း တိုက်ပွဲဝင်ခဲ့ကြ၏။ ကုန်းဘောင်မင်းဆက်သည် ၁၅ ဆက် ရှိရာတွင် သီပေါမင်းသည် ၁၁ ဆက်မျှသာ ရှိသေး၏။ ယခု လာမည့်မင်းကား ၁၂ ဆက်မြောက်ဟု ယုံကြည် မျှော်လင့်ခဲ့ကြသည်။

ပါတော်မူပြီး လေးနှစ်အရ၌ တောင်ဆင်းသံခေါ် "ပြည်ကုန်းဘောင်"ရေးသူ ဆရာဉာဏ်နှင့် "ရွှေပြည်ကြီး" ရေးသူ ဦးရာပြတ်တို့ အရေးယူ ခံခဲ့ကြရသည်။ နောက် နန်းတော်ရှေ့ ဆရာတင်၏ "မင်းလောင်းမျှော်"၊ ရွှေတိုင်ညွန့်၏ "စကြာသိုက်"သီချင်းများ ကျယ်ကျယ်လောင်လောင် မြည်ခဲ့သည်။ စကြာသိုက်ကို မင်းသားခင်မောင်ရင်က ဆို သဖြင့် "တို့ဗမာ ဂုဏ်ရောင်ထွန်း"ဟူသော အသံမှာ တစ်နိုင်ငံလုံး လွှင့်ပျံ့ခဲ့သည်။ သည်ကြားထဲ "ဘိုးဘိုးအောင်" သီချင်းကလည်း တဘောင်နှင့် ပေါ်လာပြန်လေသည်။ ရွှေတိုင်ညွန့် ရေးသော်လည်း မည်သူ ဖန်တီးသည်ကို မသိ မြင်နိုင်ကြ။

အင်္ဂလိပ်မင်း လက်ထက်တွင် ရုပ်ရှင်မင်းသား အဲဆိုတော် ကိုခင်မောင်ရင်ကလည်း "စကြာသိုက်"သီချင်းဖြင့် လွတ်လပ်ရေးခေတ်သို့ တွန်းပို့ပြန်ရာ အလွန် စိတ်အား တက်ကြွ ရှိခဲ့ကြပေသည်။

၁။ တို့ဗမာဂုဏ်ရောင်၊ ထွန်းပြောင်တော့မည်
စကြာသိုက်တဘောင်၊ စာဆိုပြောင်သည်
ဘိုးတော်ရင်သွေးအစစ်၊ ရောက်ချိန်တန်ပြီ
မျှော်လင့်ခဲ့ကြပေသည်။
မြန်မာတွေ နောင်အစဉ်၊ တကယ်နိုင်မည်
အောင်ပင်လယ်မှာတော့
ရေညို ခြောက်ခဲ့ပါပြီ
ဆောင်ပလ္လင် ကွယ်ပြီးတော့
ရွှေပဟိုရ် ပေါက်ခဲ့လေသည်။
ရေစီးတစ်ခါ ရေသာတစ်လှည့်မို့
အားမလျှော့နှင့် အတည်
ကိန်းရယ်–ခန်းရယ်–ဆန်းကြယ်ပါဘိ။
စကြာသိုက်တဘောင်
စာဆို ပြောင်ပေသည်။

၂။ အင်းကို ဟသာ်ာဆင်းမည်
ဆင်းရင် လေးနှင့်ခွင်းမည်
ထိုမုဆိုးကို ထီးရိုးရိုက်မည်
ထီးရိုးကို မိုးကြိုးပစ်မည် တဲ့
စာရှိပါသည်
၁၃၀၁ ခုက စ၍
ရတနာဆိုတာ လိုရာ ရနိုင်သည်။

၃။ သာသနာ့ဒါယကာ မျှော်ချိန်တန်ပြီ
မကြာမီ မြန်မာပြည်တွင်းမှာ အတည်
လွတ်လပ်ရန် ဧကန် မလွဲပါပြီ
တက္ကသိုလ် ခေါ်ဆိုထိုက်တဲ့
အသိတိကျမ်းကိုမှီ
အမည်မသိ နန်းပဟိုရ်စည်
ကြွမြန်းမည့်လမ်းကို မှန်းရည်
ဘိုးတော်ရင်သွေးမို့
အရေးလှစွာ မျှော်ချိန်တန်ပါပြီ။

၄။ သမ္မတဦးသျှောင်၊ တို့ဘုန်းခေါင်
နေရောင်လင်းက
ဆီးနှင်းပသလို
ထီးရိုးကို မိုးကြိုးပစ်မည် တဲ့
စာရှိပါသည်
၁၃၀၁ ခုက စ၍
ရတနာဆိုတာ လိုရာ ရနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၈ ကုန်းဘောင်ခေတ် နေစောင်းချိန်

## [၁] အလောင်းမင်းတရား မှာတော်ပုံ

ဦးကုလား၏ ရာဇဝင်ချုပ် နောက်ဆက်တွဲ၌ "အလောင်းမင်းတရားကြီးက 'ငါ့သားတော်ကြီးများ အစဉ်အတိုင်း မင်းပြုရစ်' ဟူသော အမှာတော်နှင့် ဆန့်ကျင်၍ ဆင်ဖြူရှင်မင်းက စတင်၍ သူ၏သားတော် စဉ့်ကူးမင်းသားကို အိမ်ရှေ့နန်းရံထားလျက် ၁၁၂၅ ခုနှစ်တွင် နန်းတက်ခဲ့သည်။ အမှာတော်နှင့် ဆန့်ကျင်၍ အလှည့်ကျဖြစ်သော ညီတော်အမြင့်မင်းကို နန်းရံထားရမည့်အစား သူ၏သားတော် စဉ့်ကူးမင်းကို နန်းရံထားလိုက်သဖြင့် နောင်အခါ ထီးနန်းအတွက် အရှုပ်အထွေး ပေါ်ပေါက်မည် ဖြစ်သည်" ဟု ရေးသားပါရှိ၏။

ဆင်ဖြူရှင်၏ နောင်တော် မောင်လောက် ခေါ် စစ်ကိုင်းမင်းကား ခမည်းတော် မင်းတရားကြီး အမှာတော်ကို လိုက်နာ ရိုသေ၍ သူ့၌ သားတော်မောင်မောင် ရှိပါလျက် သားတော်ကို နန်းရံမထားဘဲ ညီတော် မောင်ရွှေခေါ် ဆင်ဖြူရှင်ကိုသာ အိမ်ရှေ့ခန့်ခဲ့သည်။ ဆင်ဖြူရှင်က အလောင်းမင်းတရား၏ အမှာတော်ကို ဤသို့ ဖောက်ဖျက်သောအခါ ကျန်ရှိသော သူတို့၏ ညီတော်များက မကျေမနပ် ဖြစ်ကုန်၏။ ထို့ပြင် စစ်ကိုင်းမင်း၏သားတော် မောင်မောင်သည်လည်း သစ္စာစောင့်ထိန်းရကျိုးမနပ် ဖြစ်ကာ မိမိထက် ဝါငယ်သော မြေးမင်းသားကို မရှုဆိတ် ဖြစ်လာ၏။

### အရှုပ်တော်ပုံ၏ အစ

ဆင်ဖြူရှင် လက်ထက်၌ ညီတော်များကို ရှိမြဲ အဆောင်အယောင်အတိုင်း ထားရှိခဲ့သော်လည်း စဉ့်ကူးမင်း နန်းတက်သောအခါ (၁၁၃၈ ခု) ဘထွေးတော် အမြင့်မင်းကို ကွပ်မျက်လေသည်။ ဘထွေးတော် မင်းသားကြီးများကို နေပြည်တော်၌ မထားဘဲ (၁) ဗဒုံမင်းကို စစ်ကိုင်းသို့၊ (၂) ပခန်းမင်းကို ပင်းယမြို့သို့၊ (၃) ပင်းတလဲမင်းကို ရွာသစ်ကြီးသို့ စသည်ဖြင့် လူစုခွဲထားလိုက်လေသည်။ စစ်ကိုင်းမင်း၏သားတော် မောင်မောင်ကိုလည်း ဖောင်းကားရွာသို့ ပို့လေသည်။

၁၁၄၃ ခုတွင် စဉ့်ကူးမင်းသည် အညာသီဟတောသို့ ဘုရားဖူးထွက်တော်မူခိုက် ဖောင်းကားစားမောင်မောင်သည် နန်းတော်ကို ဝင်စီးပြီးလျှင် ညတွင်းချင်း ဓားကွပ်၍ အမတ်များကို သစ္စာရေတိုက်လေ၏။

ဖောင်းကားစားက ဦးရီးတော်များဖြစ်သော ဗဒုံမင်း၊ ပခန်းမင်းနှင့် ပင်းတလဲမင်းတို့ကိုလည်း အဝမြို့သို့ ခေါ်ယူ တိုင်ပင်ဟန် ပြု၏။ သို့သော် သူတို့ကိုလည်း အလှည့်ကျ ဖျောက်ဖျက်မည်ကို သိသောအခါ ဗဒုံမင်းက ညီတော်၊ သားတော်တို့နှင့်ညီကာ နန်းတော်သို့ဝင်၍ တိုက်ခိုက်ရာ ဖောင်းကားစားကို မိ၍ ထုံးစံနှင့်အညီ စီရင်ရလေသည်။

အညာသီဟတောတွင် ရှိနေသော စဉ့်ကူးမင်းသည် မိမိ၏ ဗိုလ်မှူး၊ တပ်မှူးများက ပစ်ခွာ ကိုယ်လွတ်ရုန်းကြသဖြင့် "ကံအလျောက် ဖြစ်ပါစေတော့" ဟု ပါသမျှ အခြွေအရံနှင့် စုန်ခဲ့ရာ အင်းဝသို့ အရောက်တွင် သူနှင့်အတူ မိဖုရား ၄ ပါးကို ထုံးစံအတိုင်း စီရင်သည်။

ဗဒုံမင်းသည် သို့လျှင် မမျှော်လင့်ဘဲ ၇ ရက်အတွင်း စစ်ကိုင်းဘက်တွင် ဆင်းရဲစွာ နေထိုင်ခဲ့ရာမှ ရွှေနန်းစည်းစိမ်ကို လျှပ်တစ်ပြက် ရရှိခဲ့လေသည်။ ထိုအတောအတွင်း ဖြစ်ရပ်အချို့ကို မော်ပီ ဆရာသိန်းကြီးက **ပါးစပ်ရာဇဝင် အမှတ်(၂)** ၌ ဖော်ပြထားပေသည်။

(၁) ဖောင်းကားစား ခေတ္တ နန်းစံစဉ် သူ ကိုးကွယ်သော ဆရာတော်တစ်ပါးက နန်းတော်သို့ ဝင်၍ 'မင်းသား၊



www.burmeseclassic.com

www.burmeseclassic.com



ထီးနန်းစည်းစိမ်နှင့် အသက်ရှင်လိုသော် မြို့နောက်ဘက်က ကုက္ကိုပင်ကို သတ်ပစ်ရမည်'ဟု မိန့်ဆိုကာ ကျောင်းသို့ ပြန်ကြွလေသည်။

ဆရာတော်၏ မိန့်ဆိုချက်အတိုင်း ဖောင်းကားစားက မြို့နောက်ဘက်မှ ကုက္ကိုပင်များကို ခုတ်သတ်စေ၏။ ထိုသတင်းကို ဗဒုံမင်းကြားသော် 'ကုက္ကိုပင်ကား အခြားမဟုတ်၊ ငါ့ကို အသတ်ခိုင်းသည်သာ၊ မောင်မောင် ပရိယာယ်ကို နားမလည်၍ ပကတိ ကုက္ကိုပင်ကို သတ်စေသည်။ ငါကား တနင်္လာသား ဖြစ်သည်။ နံတူ သစ်ပင်ကို သတ်ပစ်သည့်အတွက် ကျိန်းကျေပြီ။ ငါသည် မုချ အထွတ်အမြတ်သို့ ရောက်တော့မည်'ဟု နိမိတ်ဖတ်လေသည်။

## ပင်းတလဲမြို့စား

(၂) ညီတော် ပင်းတလဲမြို့စားက ဗဒုံမင်းထံ လာရောက် တိုင်ပင်၏။

ပင်းတလဲ ။ ။ ငမောင်က ယခုလို ကျွန်တော်တို့ကို ကျော်လွန် ဖုံးလွှမ်းနေမည်ကို ကြည့်နေတော်မူမည်လား။

ဗဒုံ ။ ။ ငမောင် ဖုံးလွှမ်းနေသည်ကို ညီခင်က မတတ်နိုင်ဘူးလား။

ပင်းတလဲ ။ ။ ညီခင် တတ်နိုင်ပါရဲ့။ နောင်တော် ထီးနန်းကို စံရလျှင် ညီခင်ကို မည်ကဲ့သို့ ထားမည်လဲ။

ဗဒုံ ။ ။ အစ်ကို နန်းစံ–ညီ နန်းရံပ။

ထိုနားလည်မှုအရ ပင်းတလဲမင်းက အမှတ်မဲ့ဝင်၍ ဖောင်းကားစားကို လုပ်ကြံရာ အောင်မြင်၏။ နောင်တော် ဗဒုံမင်းကို မင်းမြှောက်၏။ ထို့နောက် ကတိထားရှိချက် အတိုင်း အိမ်ရှေ့အရာကို တောင်းရာ ဗဒုံမင်းက 'ငါ့မှာ သားတော်ကြီးတွေ များလျက် ဖြစ်သောကြောင့် ညီခင်ကို အိမ်ရှေ့အရာ ထားရန် ခဲယဉ်းခြင်း ရှိနေကြောင်း' မိန့်တော်မူသည်။ ညီတော်က 'ငါ့ကြောင့် ထီးနန်းရသည်ကို ကျေးဇူးမထောက်၊ သစ္စာမဲ့သူ ဖြစ်သည်'ဟု ရန်ငြိုးဖွဲ့၏။

တစ်နေ့သ၌ ဗဒုံမင်းက ဆင်တော်စီး၍ မြို့ပြင်သို့ ထွက်တော်မူသောအခါ ပင်းတလဲမင်းက ကွယ်ရာမှချောင်း၍ သေနတ်နှင့် ပစ်၏။ မင်းတရား၏ ချိုင်းအောက်သို့ ကျည်ဆန် ဝင်သွား၏။ ကိုယ်အင်္ဂါ တစ်စုံတစ်ရာ ထိခိုက်မှု မရှိချေ။

သို့လျှင် ပင်းတလဲ၏ လက်ချက်ကြောင့်ဟု သိရှိရာ မျက်တော်မူ၏။ မင်းသားကို ရေမှာချ၍ ကွပ်မျက်သည်။ (ဤမှတ်တမ်းမှာ ဘုံကျော် ဆရာတော်၏ ပုရပိုက်အရ ဖြစ်ကြောင်း ဆရာသိန်းက တာဝန်ခံယူ၏။)

သို့သော် အလောင်းမင်းတရား၏ မှာတော်ပုံအရ သူ၏သားတော်ကြီး ၆ ပါးအနက် ၃ ပါးသာ ထီးနန်းရကြသည်။ ထို ၃ ပါးအနက် ဗဒုံမင်းမှာ ခမည်းတော် ချမှတ်ချက် အတိုင်း မဟုတ်ဘဲ အခက်အခဲ များ အကြားမှ လုယူခဲ့ရသည်။

ဗဒုံမင်း နန်းတက်ချိန်၌လည်း မိမိနောင်တော်က ဖျက်သိမ်းခဲ့သော မှာတော်ပုံကို ဆက်လက်အသက်သွင်းခြင်း မရှိချေ။ သူ၏ညီတော် ပင်းတလဲမင်းက ကူညီနန်းတင်ပေးသည်ကိုပင် လျစ်လျူပြုကာ သားတော်များကို ဦးစားပေးခဲ့သည်။

## ညီတော်နှင့် သားတော် စနစ်

မြန်မာ့သမိုင်း၌ လည်းကောင်း၊ ကမ္ဘာ့သမိုင်း၌ လည်းကောင်း သားတော်များ ဆက်ခံသည်က ပိုမို များပြားလေသည်။ ပြူစောထီးမင်းဆက် သားတော်စဉ်ဆက် နာမည်များကိုပင် အဖျားဆွတ်မှည့်ခေါ်သွားကြပုံမှာ ကဗျာဆန်သလိုပင် ရှိ၏။ (၁) ပြူစောထီး (၂) ထီးမင်းယဉ် (၃) ယဉ်မင်းပိုက် (၄) ပိုက်သင်လည် (၅) သင်လည်ကြောင် (၆) ကြောင်ဒူရာဇ် ဟူ၍ ၆ ဆက် တိုင်၏။

စူဠာသမ္မတက မဟာသမ္မတကို ဆက်ခံသကဲ့သို့ အခြေအနေအရ အကောင်းဆုံးနည်းလမ်းလည်း ဖြစ်နိုင်ပေသည်။ ထိုအချိန်အခါမျိုး၌ သားတော်များ နောက်ဆုတ်ရပေမည်။ မင်းတုန်းမင်းက ညီတော် ကနောင်မင်းကို နန်းရံထားသည်မှာလည်း တရားသော အစီအစဉ်ပင် ဖြစ်ပေသည်။

အခြေအနေအရ အမတ်ကြီးက မင်းသစ်ကို ရွေးချယ်သည်လည်း ရှိ၏။ ပုဂံပြည်၌ သားတော်ကြီး ကျော်စွာကို ရှိုင်းပျသည်ဆိုကာ ရာဇသင်္ကြန်အမတ်ကြီးက မင်းခွေးချေး ခေါ် တရုတ်ပြေးမင်းကို ထီးနန်း အပ်နှင်းခဲ့သည်။ မင်းသားကြီး အပေါ်၌ ဤမျှ အာဃာတ မထားသင့် အမတ်ကြီးက အဂတိ လိုက်စားသည်ဟု တချို့က ဝေဖန်၏။ သူ နန်းတင်သော မင်းခွေးချေးမှာ တရုတ်ပြေးမင်း



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့နာမ ရရှိလျက် ရာဇဝင်၌ ဦးစွာ နာမည်ပျက်သော မင်းညံ့တစ်ပါး ဖြစ်လေသည်။

မြန်မာတို့အနေဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုကို အစစအရာရာ အခြေပြုခဲ့သောကြောင့် ထီးရေးနန်းရာတို့၌လည်း မိမိ၏သမိုင်း သာဓကများကိုသာမက ဗုဒ္ဓဝင်၊ မဟာဝင်တို့နှင့်လည်း ညှိနှိုင်းကျင့်သုံးလေ့ ရှိခဲ့သည်။ ရှင်ဘုရင်တစ်ပါး နတ်ရွာစံတိုင်း နန်းလုပွဲများ ဖြစ်ပွားခဲ့သည် မဟုတ်။ လူတိုင်းလည်း အရူးအမူး ရှင်ဘုရင် လုပ်လိုကြသည် မဟုတ်။ အမြဲတစေလည်း ရှင်ဘုရင်၏ အပါးတော်မြဲ၊ မိဖုရားကြီး အစရှိသော ဆွေတော်မျိုးတော်တို့စိတ်ကြိုက် စက်ပုန်းခုတ်နိုင်သည် မဟုတ်ချေ။ နယ်ချဲ့နှင့် တိုင်းတစ်ပါးသားတို့၏ ဝါဒဖြန့်ချက်ဖြစ်၍ အလုံးစုံ ပယ်ရမည်သာ ဖြစ်၏။ ခေတ်အလိုက် အခြားနိုင်ငံတို့နှင့် ရာဇဝင်ချင်း နှိုင်းစာကြည့်ရှုပါလျှင် အခြားနိုင်ငံဖြစ်ရပ်များက မြန်မာပြည်ထက် ဆယ်ပြန်ဆိုးသည်သာ ဖြစ်၏။ ယခု မျက်မှောက်ခေတ်တွင် လက်တွေ့ နေ့စဉ်သတင်းစာများကို ဖတ်ရှု သုံးသပ်နိုင်ပါ၏။

## နိပါတ်တော်မှ သံဝရ

ဧကနိပါတ် သံဝရဇာတ်တွင် ပြည့်ရှင်မင်းကြီး နတ်ရွာလားမည့်အခါ မင်းလျာရွေးပြီး မရှိသဖြင့် သေရာ ညောင်စောင်းဝယ် မှူးမတ်တို့က 'မင်းကြီး ကွယ်လွန်သောအခါ ထီးဖြူကို အဘယ်သူအား ပေးအပ်နည်း'ဟု လျှောက်တင်ကြ၏။ ဘုရင်က 'အမတ်တို့၊ ငါ၏သားတော် အားလုံးတို့သည် ထီးဖြူနှင့် ထိုက်တန်ကြသည်သာတည်း။ သို့သော် အကြင်သူသည် အမတ်တို့၏ စိတ်နှလုံးကို နှစ်သက်စေ၏။ ထိုသားတော်အား ထီးဖြူကို ပေးကြကုန်'ဟု မှာခဲ့၏။

မင်းကြီးကွယ်လွန်၍ သင်္ဂြိုဟ်ပြီးသော် အမတ်တို့ စည်းဝေးကုန်လျက် 'သံဝရမင်းသားသည် ငါတို့၏စိတ်နှလုံးကို နှစ်သက်စေခြင်း ဖြစ်၏'ဟု ညီညွတ်ကြပြီးလျှင် အငယ်ဆုံး မင်းသား သံဝရကို ရွှေပန်းနှင့်ထီးဖြူ အပ်နှင်းကြ၏။ သံဝရမင်းသည် ပညာရှိအမတ်များ စကားကို နားထောင်ကာ ပြည်သူတို့ကို လည်းကောင်း၊ ဧည့်သည်ကို လည်းကောင်း၊ အခွန်စည်းကြပ်ရာ၌ လည်းကောင်း စိတ်ချမ်းမြေ့အောင် ဆောင်ရွက်တတ်၏။ အသက်ထက်ဆုံး နန်းစံကာ ပြည်ရွာ သာယာငြိမ်းချမ်းသည်။ (ဤကား နိပါတ်တော် သာဓက တည်း။)

## ဥစနာ

ကျစွာမင်း၏သားတော် ဥစနာမင်းသည် ၅၉၆ ခု တွင် နန်းတက်ရာ မှူးမတ်တို့က သူ့ကို အရည်အချင်း ပြည့်ဝသော မင်းသားဟု ထောက်ခံကြ၏။ သူ့မိဖုရား၏ ကျောက်စာတွင် ထိုမင်း အသက်ထက်ဆုံး နန်းစံရကြောင်း၊ ကျစွာမင်းကြီးက နိုင်ငံရေးရာ လွှဲအပ်သည်များကို ကောင်းစွာ ခန့်ခွဲတတ်ကြောင်း၊ ပုပ္ပားတောင်ကို တက်လိုက်၊ ဒလသို့ သွားလိုက်နှင့် တိုင်းပြည်စည်းရုံးရေး လုပ်တော်မူကြောင်းများ ပါရှိသည်။

## ဓမ္မစေတီ

၈၁၅ ခု၊ ဟံသာဝတီတွင် ဘုရင်မ ရှင်စောပု လက်ထက် မင်းလျာ ရွေးရခြင်းမှာ ခဲယဉ်းသည်။ မင်းရိုးမင်းမျိုးကို ရွေးရသည်ထက် မွေးစားသော ဆင်းရဲသားကို မင်းလျာ ရွေးရန် ကြံစည် အားထုတ်ရခြင်းသည် ခဲယဉ်းဝန်လေးသည်။ သို့သော် အရေး ပြီးမြောက်ချောမောသည်။

မွေးစားသားတော်ဖြစ်သော ဓမ္မစေတီသည် မင်းလျာ အင်္ဂါရပ်တို့နှင့် ပြည့်စုံသည်။ မှူးမတ်တို့သည်လည်း သမာသမတ် ရွေးချယ်ဆုံးဖြတ်တတ်သူများ ဖြစ်သည်။ ဓမ္မစေတီမင်းကို ရွေးချယ် နန်းတင်ပြီးနောက် အသက်ထက်ဆုံး နန်းစံရသည်။

၈၃၂ ခုတွင် ဗညားဒေါ ခေါ် ရှင်စောပု နတ်ရွာစံရာ ဓမ္မစေတီမင်းက ဆက်ခံသည်။ သာသနာတော် စည်ပင်ပွင့်လင်းသည်။ သီဟိုဠ်က ရဟန်းများကိုပင့်၍ မသန့်ရှင်းသော သိမ်တို့ကို ပြုပြင်ကာ "ကလျာဏီသိမ်"ခေါ်တွင်စေသည်။ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သည်။

## မင်းရဲကျော်ထင်

၁၀၃၄ ခုက အဝတွင် ဘုရင် မဟာသီဟသူရ နတ်ရွာစံရာ မင်းလျာရွေးကြပုံမှာ အောက်ပါအတိုင်း ဖြစ်၏။ အတွင်းဝန် စည်သူနော်ရထာက နတ်ရွာစံကြောင်းကို ချက်ချင်း မကြေညာဘဲ နှမတော် ရှုမိပဘာသို့ တင်လျှောက်သည်ကား-

'ယခု မောင်တော်ဘုရား နတ်ရွာစံရာ အဆက်ခံရ သားတော် မြေးတော်လည်း မရှိ။ မင်းညီမင်းသားများလည်း



www.burmeseclassic.com

www.burmeseclassic.com



ရိုးတူရွယ်မျှဖြစ်၍ တိုင်းပြည်မငြိမ်ရာ’ဟု ဆိုကာ မင်းသမီးနှင့် အတွင်းဝန်များ ညှိနှိုင်း တိုင်ပင်ကြသည်။

(၁) မင်းသားသီရိဓမ္မာသည် ငြိမ်ဆိတ်၏။ ဓမ္မသတ် ရာဇဝင် ထုံးဟောင်းတို့၌ မကျွမ်းကျင်။ မင်းသား စစ်မှန်သူသည် ထိုပညာရပ်တို့၌ ကျွမ်းကျင်ရာ၏။ သူကား ကြက်တိုက်၊ အန်ခတ်၊ စားသောက်မှု၌သာ ပျော်လေ့ရှိ၏။

(၂) မင်းရဲနရာမှာ မာန်ခက်ထန်သည်။ ရက်စက်ကြမ်းကြုတ်သည်။ ပြည်ကြီးဝန်ကို မထမ်းနိုင်ရာ။

(၃) ရမည်းသင်းစား မင်းရဲကျော်ထင် မူကား ဘုရင်၏ ညီတော်၊ နှမတော်၏ သားတော်လည်း ဖြစ်သည်။ ရာဇဝင် ထုံးဟောင်းလည်း သုံးစွဲလေ့ရှိသည်။ ယဉ်ကျေးမှုသည် သစ္စာစကား အမှန်အကန်လည်း သုံးစွဲလေ့ရှိသည်။ ဣန္ဒြေလည်း ရှိ၏။

အထက်ပါအတိုင်း သုံးသပ်ကြရာတွင် မင်းရဲကျော်ထင်ကို ကြိုက်ညီကြ၍ သူ့အား အိမ်ရှေ့အဆောင်အယောင်များ အပ်နှင်းပြီးမှ လွှတ်တက်စီရင်နေစဉ် နောင်တော် ဘဝပြောင်းကြောင်းကို လျှောက်တင်ကြသည်။ မင်းရဲကျော်ထင်သည် အသက်ထက်ဆုံး နန်းစံကာ မြို့ရွာ သာယာငြိမ်းချမ်းသည်။

### ထီးနန်း အလိုမရှိသူ ၄ ဦး

ထီးမွေနန်းမွေကို လက်မခံဘဲ ငြင်းပယ်ခဲ့သော ပုဂ္ဂိုလ်ထူး ၄ ဦးလည်း မြန်မာရာဇဝင်၌ အထင်အရှား ပေါ်ခဲ့သည်။

(၁) အင်းဝဘုရင် သတိုးမင်းဖျား ကွယ်လွန်ချိန်တွင် အနီးဆုံးသော ဆွေတော်မျိုးတော်အဖြစ် ရမည်းသင်းစား သီလဝကို မှူးမတ်တို့က ထီးနန်းအပ်ကြသည်။ သို့သော် သီလဝမင်းသားက ‘ငါသည် တစ်သက်လုံးမှ ၃ ခါသာ ရယ်ဖူးသည်။ ဣန္ဒြေကြီးလွန်းသည်။ ထို့ကြောင့် ငါ့ထက်ဖော်ရွေသူ ဘုရင်၏ယောက်ဖတော် အမြင့်မြို့စား စွာစော်ကဲကို မင်းမြှောက်ကုန်’ဟု အဆိုပြု၏။ သူပြောသည့်အတိုင်း လက်ခံကြရ၏။

(၂) အင်းဝ မိုးညှင်းမင်းဆက်တွင် မင်းရဲကျော်စွာ ကွယ်လွန်ချိန်တွင် သားတော် သီဟသူသည် ပြည်မြို့သို့ ရောက်နေ၏။ သမက်တော် သီဟပတေ့မှာ တကောင်းတွင် စစ်တိုက်နေ၏။ အင်းဝတွင် မင်းမရှိသည်ကို ရှည်ကြာအောင် ဆိုင်းငံ့ထားရန် မသင့်ချေ။ မိုးကောင်းတွင် ရှိသော သီဟပတေ့ထံ ‘မြင်းလျင်နှင့် အမြန်ပြန်လာပြီး ထီးနန်းသိမ်းပိုက်မှ တိုင်းပြည်ငြိမ်ဝပ်မည်’ ဟု တိုင်ပင် ခေါ်ယူကြ၏။

သီဟပတေ့၏ အဖြေကား ‘ငါသည် မင်းဇကရာဇ်၏ သားရင်း၊ ညီရင်း မဟုတ်ချေ။ မင်းစည်းစိမ်နှင့် မင်းလုပ်ရန်ကိုလည်း အလိုမရှိ။ ငါတို့အရှင်၏ သားတော်ငယ် ပြည်မင်း သီဟသူကို ချီပင့်၍ မင်းမြှောက်ကြလေ’ဟူ၏။ သီဟပတေ့ကား ရှင်ဘုရင်၏ နှမအရင်း မင်းမြတ်လှ၏ ခင်ပွန်းတည်း။

(၃) အင်းဝတွင် ရှမ်းမင်း သိုဟန်ဘွားကို ဆုံးမလုပ်ကြံသူ မင်းကြီးရန်နောင်အား ၉၀၄ ခုတွင် ‘မင်းပြုတော်မူပါ’ဟု လျှောက်ကြ၏။ ‘ကျွန်ုပ် မင်းစည်းစိမ်ကို အလိုမရှိ။ တိုက်ပွဲ၌ ကျဆုံးခဲ့သော မြန်မာဘုရင် နရပတိ၏ အကြည်တော် စော်ဘွားကိုသာ နန်းတင်ကြပါ’ဟု ဆို၏။ ထိုစော်ဘွား အင်းဝ၌ နန်းတက်ပြီးသော် မင်းကြီးရန်နောင်အား တလုပ် (မြင်းခြံ)မြို့စား ခန့်၏။ တစ်နှစ်အကြာတွင် ရဟန်းခံရန် ဒုလ္လဘမဲ ပေါက်သဖြင့် မင်းကြီးရန်နောင်သည် သင်္ကန်းဝတ်သွားသည်။

(၄) ဆင်ကျားရှင် အခေါ်ခံသော မြန်မာဘုရင်သည် မှူးမတ်များနှင့် စိတ်ဝမ်းကွဲ၍ ဇင်းမယ်သို့ သွားရောက်နေထိုင်သည်။ လစ်လပ်သော ဘုရင်နေရာတွင် မြန်မာအမတ် “လက်ယာဗိုလ်”ကို ရှင်ဘုရင်လုပ်ရန် မှူးမတ်တို့က တောင်းပန်ကြ၏။ လက်ယာဗိုလ်က ပြန်ကြားသည်မှာ ‘မင်းအဖြစ်ဖြင့် ပြည်ဝန်ကြီးကို ရွက်ဆောင်ရန် နိုင်မည့်သူ ဆိုသောအရာသည် အလွန် ခဲယဉ်းလှသည်။ မင်းအဖြစ်ကိုလည်း ကျွန်ုပ် အလိုမရှိ။ အမှုထမ်းသာ တတ်သည်။ ပြည်ရေးတိုင်းမှုကို မစီရင်တတ်။ မင်းပြုနိုင်မည့်သူကို ညွှန်ပြပါမည်။ ကျွန်ုပ်ပြသူကို စိတ်ညီကြပါ’ဟု ဆိုကာ ဗညားဒလကို ညွှန်ပြ၏။ လူကြီးများလည်း ‘မင်းကြီး ညွှန်ကြားသူ၏ အဆုံးအမကို ခံပါတော့မည်’ဟု အညီအညွတ် ဆိုကြကုန်၏။

သို့လျှင် ကုန်းဘောင်ခေတ်နောက်ပိုင်း နန်းလုပွဲများကို တစ်စိတ်တစ်ဒေသ ကြည့်ကာ မြန်မာရာဇဝင်၌ ဤအတိုင်း ဖြစ်စမြဲဟု မဆိုသာချေ။ ရာဇဝင် ရေစီးကြောင်းသည် အများအားဖြင့် ငြိမ်သက်သာယာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်ခေတ်မွန်းတည့်ချိန်




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## [၂] ဘိုးတော်ဘုရား၏ မှာတော်ပုံ

ဗဒုံမင်း ခေါ် ဘိုးတော်မင်းတရားသည် တိုင်းပြည်ကို နိုင်နင်းစွာ နှစ်ပေါင်း ၄၀ နီးပါး စိုးစံခဲ့သည်။ သူ့လက်ထက်တွင် သားတော်အိမ်ရှေ့မင်းက ဧဒဝတီကို သိမ်းပိုက်ပြီးချိန်တွင် မြန်မာပြည် နယ်နိမိတ်သည် အနော်ရထာခေတ်နှင့် ဘုရင့်နောင် ခေတ်များမှာ ကဲ့သို့ အကျယ်ပြန့်ဆုံး ဖြစ်လာပြန်သည်။ ဘိုးတော်ဘုရား စိုးစံနေသမျှ ကာလပတ်လုံး မည်သူမျှ မြန်မာပြည်ကို ထိပါးခြင်း မရှိခဲ့ချေ။ တိုင်းပြည်နယ်နိမိတ်အတွင်း မြန်မာဘုရင် ဩဇာအာဏာကို ကောင်းစွာ ထိန်းသိမ်းနိုင်ခဲ့သည်။

BURMESE CLASSIC .com

### ၆၆ ၏ အဓိပ္ပာယ်

အလောင်းမင်းတရား နန်းတက်သည်မှ စ၍ ဘိုးတော်မင်း နတ်ရွာစံသည်အထိ ကုန်းဘောင်ခေတ်မှာ ၆၆ နှစ်မျှ ကြာမြင့်ခဲ့လေပြီ။ ထိုအချိန်ကို "ကုန်းဘောင်မွန်းတည့်" ဟု ခေါ်ဆိုထိုက်ကြောင်း ဖော်ပြခဲ့ပေပြီ။ ဘကြီးတော်ခေါ် စစ်ကိုင်းမင်း နန်းတက်သည်မှ သီပေါမင်း ပါတော်မူသည့် ကုန်းဘောင်နေဝင်ချိန်မှာလည်း ၆၆ နှစ်ပင် ကြာခဲ့သည်။ ထိုကာလကို "ကုန်းဘောင်မွန်းတိမ်း"ဟု ခေါ်သင့်၏။ ထိုအချိန်မှစ၍ အင်္ဂလိပ်နယ်ချဲ့တို့နှင့် ကြုံကြိုက်ခဲ့ရာ မွန်းတိမ်း ၆၆ နှစ်အတွင်း ၄ ကြိမ် စစ်မက်ဖြစ်ပွားပြီးနောက် မြန်မာပြည်သည် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။

အလောင်းမင်းတရား၏ မှာတော်ပုံ ရှိခဲ့သလို ဘိုးတော်မင်းတရား၏ မှာတော်ပုံလည်း ရှိခဲ့ပေသည်။ 'ငါ၏ သားတော်များ အစဉ်အလိုက် ထီးနန်း စိုးစံရမည်' ဟု အလောင်းမင်းတရားက မှာကြားခဲ့ရာတွင် ဘိုးတော်မင်း လက်ထက်တွင် ပင်းတလဲမင်းနှင့် စည်သာမင်း စသော ညီတော်များကို ကွပ်မျက်ခဲ့၍ အလောင်းဘုရား သားတော်များ တစ်ဦးမျှ မကျန်တော့ပါချေ။

### မြေးတော် ၂ ပါး အပြိုင်

၁၀၇၀ ပြည့်တွင် အိမ်ရှေ့စံ သားတော်ကြီး ရွှေတောင်မင်း ကွယ်လွန်ချိန်က ဘိုးတော်မင်းတရားသည် ထီးနန်း ဆက်ခံရေးနှင့် ပတ်သက်၍ မှူးမတ်တို့ကို တိုင်ပင်တော်မူခဲ့သည်။ မြေးတော် နှစ်ဦး ရှိရာ အကြီးမှာ စစ်ကိုင်းမင်း ဖြစ်၍ အငယ်မှာ သရက်(သာယာဝတီ)မင်း ဖြစ်သည်။ 'မောင်မင်းများ၊ ငါ၏မြေးတော် နှစ်ဦးအနက် အဘယ်သူသည် ငါ၏ အရိုက်အရာတော်ကို အခွန့်ရှည်စွာ ဆက်ခံတော်မူနိုင်မည် ထင်ကြသနည်း။ အခွန့်ရှည်စွာ ဆက်ခံနိုင်မည့် မြေးကိုပင် ဥပရာဇာဘိသိက်ကို သွန်းတော်မူမည်' မိန့်ဆို၏။ မြေးတော်ကြီး၏ အလားအလာကို ကျေနပ်ပါက ထိုမေးခွန်း ထုတ်ဖွယ်မရှိဟု ယူဆရပေမည်။

မှူးတော်နှင့်တကွ ပြည်သူအပေါင်းတို့က မြေးတော်အငယ်ဖြစ်သော သရက်မြို့စားကို ချစ်ကြည်လိုလား နှစ်သက်ကြရကား 'မြေးတော်အငယ် သရက်မင်းသားကိုသာလျှင် ပြည်အကျိုးကို သယ်ပိုးရွက်ဆောင်နိုင်မည် ယူဆပါက အငယ်မင်းသားကိုပင် သဘောမျှကြပါသည် ဘုရား'ဟု သံတော်ဦး တင်ကြ၏။

ထိုသို့ လျှောက်ထားကြပုံကို စစ်ကိုင်းမင်းသား ကြားလတ်သော် ထိုသို့ သံတော်ဦးတင်သူ မှူးမတ်တို့အား များစွာ နှိပ်စက်ညှဉ်းပန်း ပြုလေ၏။

နောက်တစ်ဖန် မင်းတရားကြီးက ထိုမေးခွန်းကိုပင် ထပ်မံမေးမြန်းသော် ဓားထက်သော စစ်ကိုင်းမင်းသားကြီးကို ကြောက်ရွံ့သော မှူးမတ်တို့က 'မြေးတော်ကြီး စစ်ကိုင်းမင်းသည် တိုင်းပြည်အကျိုး သယ်ပိုးရွက်နိုင်ပါကြောင်း'ဟု တင်လျှောက်ကြ၏။

ထိုသို့ တင်လျှောက်သည်ကို မြေးတော်အငယ် သရက်မင်းသား ကြားတော်မူပြန်လျှင် 'ဤသည် မှူးမတ်တို့သည်ကား ငါ၏ အကျိုးကို မလိုသူတို့ပင်တည်း' ဟု စိတ်တော် မျက်သဖြင့် ထိုမှူးမတ်တို့ကို နှိပ်စက်ကလူ ပြုပြန်၏။

ဘိုးတော်မင်းတရားကြီးက မြေးတော် နှစ်ဦးတို့သည် ထိုကိစ္စ၌ ပြည်သူ မှူးမတ် ပရိသတ်တို့အား ညှဉ်းပန်းကြသည်ဟု ကြားသိသောအခါ 'ငါ၏မြေးတော် နှစ်ပါးတို့သည် ဗိုလ်ထုအင်အားနှင့် ပြည့်စုံသော မြေးတော်တို့ပင်တည်း' ဟု သိတော်မူ၍ တိုင်းပြည် လှုပ်ရှားထကြွ မရလေအောင် ငဲ့ညှာတော်မူပြီးလျှင် မည်သည့်မြေးတော်ကိုမျှ နှိပ်ကွပ်တော်မမူ၊ အရေးပေးတော်မူ၍ ကြည်ဖြူစွာ အလိုတလိုက် စံတော်မူကြစေသည်။

ထိုကိစ္စတွင် အမတ်ကြီး ဦးပေါ်ဦး၏ အကြံညဏ်ကို မရရှိသေးသဖြင့် မှူးမတ်စုံညီတက်ရောက်သော ညီလာခံ



www.burmeseclassic.com

www.burmeseclassic.com



တွင် 'ပေါ်ဦး၊ ငါလည်း အသက်အရွယ် ကြီးပြီ၊ ငါ၏ ကမ္ဗဇရုပ် ချုပ်ကွယ်ခဲ့သော် ရဟန်းရှင်လူတို့ ဝါးအစည်းပြေ သကဲ့သို့ မဖြစ်စေလို။ ငါကိုယ်တော်မြတ် ရှိတော်မူစဉ်ကပင် ထီးမွေနန်းရံ အပ်နှံတော်မူ၍ ထားခဲ့ချင်သည်။ မြေးတော် နှစ်ပါးတွင် မည်သူ့အား အိမ်ရှေ့ထားလျှင် သင့်သနည်း'ဟု အမိန့်ရှိ၏။

### နှာစေးသော ယုန်မင်း

ဦးပေါ်ဦးလည်း ထိုအမေးတော်ပုံကြောင့် "ယခင်က ဖြေဆိုခဲ့သော မှူးမတ်တို့သည် သစ် ၂ ပင်ကြား ညှပ်ပေါက်သော ဝါး ကဲ့သို့ ရှောင်ရှားမရ၊ ဒုက္ခထင်ထင် ကြွေကြအင်ကို ငါပင် ကိုယ်တွေ့ဖြစ်တော့သည်။ သိလျက်နှင့်ပင် မဆင်ခြင် က ငါပင် မုချ ဒုက္ခတွေ့ရဦးမည်"ဟု ကြံစည်ကာ ယုန်မင်း၏ "နှာစေး"ပုံပြင်ကို သံတော်ဦး တင်လေသည်။

တစ်ရံရောအခါ ခြင်္သေ့မင်း အစာဝ၍ အလွန် အိပ်ချင်ရကား သက်တော်စောင့် ၃ ဦးဖြစ်သော ဝက်၊ သမင် နှင့် ယုန်တို့ စောင့်ကြပ်ကာ ကျောက်ဖျာ၌ အိပ်၏။ နိုးလတ်သော် သမ်းဝေကာ လက်ယာဘက်ရှိ သမင်အား 'ဟဲ့- သမင်ငယ်၊ ငါ၏ခံတွင်းရနံ့သည် မွှေးသလော၊ နံသလော' ဟု မေး၏။ သမင်လည်း အလွန်ကြောက်ရွံ့၍ 'ခံတွင်းတော် သည် အင်မတန် မွှေးကြိုင်ပါသည်'ဟု ဆို၏။ ခြင်္သေ့က သူသည် အညီအဟောက်များ စားချင်တိုင်းစားပြီး အပုပ်နံ့ လှိုင်နေသည်ကို သိ၍ သမင်က မုသားဆိုရမည်လားဟု မျက်ကာ သမင်ကို ရုတ်ခြည်း ကိုက်သတ်လေ၏။ ထို့နောက် လက်ဝဲဘက်ရှိ သက်တော်စောင့်ဝက်ကို ထိုအတိုင်း မေးပြန် ၏။ ဝက်က အမှန်အတိုင်းပြောလျှင် လွတ်မည်အထင်နှင့် 'အလွန် ပုပ်စော်နံပါသည်'ဟု ဖြေရာ သူ့ကို ပုပ်သည်၊ နံ သည်ဟု စော်ကား စွပ်စွဲရမည်လားဟု ဝက်ကိုလည်း တစ်ဖန် ကိုက်သတ်ပြန်၏။

ထိုနောက် ယုန်သာလျှင် ကျန်ရှိ၍ ထိုမေးခွန်းကို မေးပြန်ရာ 'ရွှေဂူစံရှင်၊ ဘုရင်သနင်း၊ ခြင်္သေ့မင်းက၊ ခံတွင်း တော်ရေး၊ မေးတော်မူလျှင် တစ်မဟုတ်ချင်း လျှောက်တင် ရန် အင်မတန်အားထုတ်၍ နမ်းရှုပ် ရှိုက်ရှူပါသော်လည်း မြူခန့်မျှ အနံ့မရ။ ဂေလည ရောဂါ၊ ဝေဒနာ ဖိစီးသဖြင့် ဘုရားကျွန် ငရွှေယုန်သည် နှာစေးခေါင်းခဲ ဖြစ်နေပါကြောင်း သံတော်ဦး တင်ပါသည်'ဟု ဖြေရာ တန်ခိုးကြီးစွာ ကေသရာ က ချမ်းသာခွင့် ပေး၍ သေဘေးက လွတ်ခဲ့ရကြောင်းများကို ဦးပေါ်ဦးက ကိုးကားတင်လျှောက်သည်။

အလားတူစွာ မြေးတော်များ ရေးရာတွင် 'ကျွန်တော် မျိုးကြီး ဦးပေါ်ဦးသည်လည်း ထွေထူးရောဂါကြောင့် နှာစေး နေပါ၍ မလျှောက်တင်တတ်အောင် ရှိနေပါကြောင်း'ဟု ရှိခိုး သံတော်ဦး တင်၏။

ထိုအခါ ညီလာခံ၌ ဘုရင်နှင့်တကွ မှူးကြီးမတ်ငယ် တို့ များစွာ ရယ်မောကြ၏။ ဘုရင်လည်း ပြုံးလျက် မှန်နန်း ဆောင်သို့ ဝင်လေ၏။

### မှာတော်ပုံ မှုကွဲများ

အထက်ပါ အကြောင်းအရာများ ပါရှိသော **ကဝိသတ္တု မဉ္ဇူသာကျမ်း** ၌ပင် မြေးတော်များနှင့် ပတ်သက်၍ ဘိုးတော် မင်းတရားက ပြတ်သားစွာ ဆုံးဖြတ် မှာကြားတော်မူခဲ့ပုံ များမှာ အောက်ပါအတိုင်း ရှိပေသည်။

"တစ်ရံရောအခါ ဘိုးတော်မင်းတရားသည် အညာ သီဟတောဘုရားမှ ပြန်လာ၍ ကျန်းမာတော် မမူသည်နှင့် မြေးတော်ကြီး အိမ်ရှေ့စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းတို့ ကို ခေါ်တော်မူ၍ 'ဘိုးတော်မှာ ဇရာရောဂါကြောင့် ပြောင်း ကြွ နတ်နန်း၊ စံမြန်းတော်မူလုပြီး ပွဲတော်တည်ရာ၌ ဆုတ် ယုတ်လာ၍ တစ်ဆုပ်ခန့်မျှသာ ဝင်တော့သည်။ မောင်တို့ ညီနောင်နှစ်ဦးသည် အသက်အရှည်သဖြင့် ချစ်ခင်မြဲမြံ ယုံ ကြည်ကြစေ။ သို့မှ အရှည်ကောင်းရစ်ကြမည်။ မောင် အိမ် ရှေ့မင်းက ထီးနန်းကို အကြောင်းကြောင်းကြောင့် စွန့်ခွာ လျှင် ညီတော် သာယာဝတီမင်း ဆက်ခံ စိုးစံရစ်စေ။ ငါ၏ ရိုက်ရာကို မောင်အိမ်ရှေ့မင်း ခံယူတော်မူ၍ ညီတော် သာယာဝတီမင်းကို ဥပရာဇာအဖြစ်နှင့် အပ်ရမည်။ အထူး မှာရန်ကား မောင်အိမ်ရှေ့မင်းသည် ပေါ်ဦးကို ရာထူးကြီး ခန့်အပ် ချီးမြှင့်ရမည်။ ငါ၏လက်ထက်၌ ပေါ်ဦး စိတ်နေမြင့် မည် စိုးသောကြောင့် ခန့်အပ်တော်မမူခဲ့၊ အရေးကိစ္စ ဟူသမျှ ၌ ပေါ်ဦးကို တိုင်ပင်နာယူရမည်'ဟု မိန့်တော်မူ၏။

၁၁၈၅ တွင် စစ်ကိုင်း နန်းတက်တော်မူရာတွင် ဦးပေါ်ဦး ရရှိသောဘွဲ့ကား "သတိုးမင်းကြီး မဟာမင်းလှ နော်ရထာ"ဟူ၏။ မင်းနှင့် မိဖုရားတို့က သူ့ကို "မင်းကြီး" ဟု လေးစားစွာ ခေါ်ဆို ဆက်ဆံကြ၏။

မှော်ဘီ ဆရာသိန်းကြီး၏ **ပါးစပ်ရာဇဝင်** (ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



တွဲ) တွင် ဘိုးတော်မင်းတရား၏ မှာတမ်းနှင့် ပတ်သက်၍ မူကွဲ တစ်မျိုး ပါရှိပုံမှာ–

“ဘိုးတော်မင်းတရားကြီး နတ်ရွာမစံမီက အမတ်ကြီး ဦးပေါ်ဦးကို မှာထားခဲ့သည်ကား ‘ငါ မရှိသည့်နောက် ငါ့မြေးတော် အိမ်ရှေ့မင်းကို ထီးနန်းစည်းစိမ်သို့ တင်မြှောက်လိုက်ပါ။ ပန်းတောင်းကို တောင်ညာတင်ပါစေ၊ စကြာကို ရင်ခွင်ပိုက်ပါစေ၊ သရက်ကို အစေ့မယုက်ပါစေနှင့်။ ဤအမိန့်အတိုင်း နာခံ ရွက်ဆောင်ရမည်ကိုလည်း ပြောပြပါ အမတ်ကြီး’ဟု မိန့်ကြားတော်မူခဲ့သည်။”

အထက်ပါ မော်ပီ ဆရာသိန်း၏ မှတ်တမ်းကို ဦးထွန်းအေး ရေးသားသော **နန်းမတော်မယ်နု၏ ရာဇဝင်မှုမှန်** ခေါ် စာအုပ်၌ ငြင်းဆိုထားသည်ကို အောက်ပါအတိုင်း ယှဉ်တွဲ ဖော်ပြပါသည်။

(၁) ပြည်ရှင် မင်းကောင်းတစ်ပါးဖြစ်သော အိမ်ရှေ့မင်းသားကို အမတ်ကြီး ဦးပေါ်ဦးက ထီးနန်းတင်မှသာ ရှင်ဘုရင် ဖြစ်နိုင်ပါသလော။ ထို့ကြောင့် ဤစကားပျက်စေ။

(၂) ဤမှ ကြွင်းသော စကားသုံးရပ်တို့ကိုမူကား မြေးတော် ဖန်နန်းရှင်အား တိုက်ရိုက်မှာကြားခဲ့သော စကား မဟုတ်သောကြောင့် လည်းကောင်း၊ မြေးတော်ဖန်နန်းရှင်ကလည်း တစ်ခုမှ လိုက်နာခြင်း မရှိသောကြောင့် လည်းကောင်း၊ ဦးပေါ်ဦးလျှောက်ထုံး၌ မြေးတော် ၂ ပါး သင့်မြတ်စွာ နေရစ်ကြရန် ဘိုးတော် မှာကြားခဲ့ပုံနှင့် မညီညွတ်၍ လည်းကောင်း၊ မဟုတ်အမှား လုပ်စကား အရပ်စကား ခေတ်စကားများသာဟု ထင်မြင်မိပေသည်။

(၃) “ပန်းတောင်းကို တောင်ညာတင်ပါစေ”ဟု ဆိုရာ၌ အကယ်၍ ဘိုးတော်က ပန်းတောင်းမင်းသမီးကို တောင်ညာစံ ဖြစ်စေလိုသော ဆန္ဒ အားကြီးရှိခဲ့ပါမူ တစ်ပင်တိုင် မင်းသမီးအဖြစ်၌ တင်မြှောက်ထားခဲ့ရာ၏။ ဤသို့လည်း တင်မြှောက်မထားဘဲ ဦးပေါ်ဦးကို ထိုသို့ မိန့်မှာခဲ့သည် ဟူသော စကားသည် ခိုင်မာသောစကား ဖြစ်နိုင်သလော။ ဆင်ခြင်ကြပါကုန်။

(၄) “စကြာကို ရင်ခွင်ပိုက်ပါစေ” ဟု ဆိုရာ၌ ဖန်နန်းရှင်၏သားတော် စကြာမင်းကလေးကို အိမ်ရှေ့မင်း အဖြစ် အပ်နှင်းချီးမြှောက်ရမည် ဟူသော အဓိပ္ပာယ်ရရှိပါလျှင် ဘိုးတော်သည် မြေးတော် နှစ်ပါးကို ရန်တိုက်ပေးထားခဲ့သည်နှင့် အလားတူသော စကားပင် ဖြစ်တော့သည်။ ထို့ကြောင့် ဤစကားကိုလည်း ဘိုးတော် မှာကြားချက် ဟူ၍ မမှတ်ယူသင့်။

(၅) “သရက်ကို အစေ့မယုက်ပါစေနှင့်”ဟု ဆိုရာ၌ သရက်မြို့စား ညီတော်ကို ဖန်နန်းရှင်မင်း ဖြစ်သောအခါ မချီးမြှောက်နှင့်၊ သူကောင်း မပြုနှင့်၊ မကြီးပွားစေနှင့်၊ အင်အား မရှိစေနှင့်၊ နှိမ်ထားရမည်ဟု ဆိုလိုသည်။ ဤထက် ပိုလွန်၍ ကွပ်မျက် သုတ်သင်ပစ်လိုက်ရမည် ဟူသော အဓိပ္ပာယ်ကိုပင် ယူနိုင်သေးသည်။ ဤစကားလည်း ဘိုးတော်၏ မှာကြားချက် မဖြစ်နိုင်ချေ။ ဘိုးတော်သည် ဤမျှလောက် မကောင်းသော စကားကို မှာထားခဲ့မည် မဟုတ်ချေ။ မြေးတော်နှစ်ပါးတို့အား အညီအညွတ် နေထိုင်ခဲ့ကြရန် မှာကြားထားခဲ့သော စကားမှန်တို့ကို ဦးပေါ်ဦး လျှောက်ထုံး၌ ရှုကြပါကုန်။

(၆) နန်းမတော် မယ်နုကို အပြစ်ရှာလို၍ အပြစ်တော် ဆေးဖော်ရာ “ပန်းတောင်းကို တောင်ညာတင်ပါစေ” ဟူသော ဆေးတစ်မည်တည်းနှင့် ကျုပ်ဆေး ကောင်းလှပါသည်ဟု ပြောသော် သူတစ်ပါး ယုံကြည်မည် မဟုတ်၍ တြိကဋုက် ၃ ပါးစေ့ရန် (၂) စကြာကို ရင်ခွင်ပိုက်ပါစေ၊ (၃) သရက်ကို အစေ့မယုက်ပါစေနှင့် ဟူသော ဆေးနှစ်မည်ပါ ထည့်သွင်း ကြိတ်ထောင်းပြီးလျှင် ဘိုးတော်၏ ဆေးနည်း လုပ်ထားကြသည် ဟူလို။

ဘိုးတော်မင်းတရား၏ မှာတော်ပုံနှင့် ပတ်သက်၍ အထက်ပါအတိုင်း မူ ၃ မျိုး ရှိနေ၏။ (၁) ဦးပေါ်ဦး (၂) မော်ပီဆရာသိန်း (၃) ဦးထွန်းအေးတို့၏ မူများဖြစ်၏။

### ဘိုးတော်၏ ညီညွတ်ရေးမူ

ကျွန်ုပ်တို့ ယခုခေတ် လေ့လာသူများ ရှုမြင်မိသလောက်၌–

(၁) ဦးပေါ်ဦးသည် ဘိုးတော်မင်းတရား ရှေ့တော်၌ပင် ဤကိစ္စ၌ ဘက်မလိုက်ဘဲ နှာစေးနေခဲ့သည်။ ဘိုးတော်က နောက်ဆုံးမှာကြားချိန်၌ သူနှင့်အတူ မြေးတော်နှစ်ပါးလည်း ရှိနေကြ၏။ စစ်ကိုင်းမင်းက နန်းတက်ပြီးနောက် ညီတော်ကို အိမ်ရှေ့နှင်းရန် မှာကြားခဲ့၏။

ဦးပေါ်ဦးသည် စစ်ကိုင်းမင်း လက်ထက်တွင် အမြင့်ဆုံး ရာထူးဖြင့် ချီးမြှင့်ခြင်း ခံရ၏။ ညီတော်၊ နောင်တော် နှစ်ပါးနှင့် ပတ်သက်၍ ဘိုးတော်ဆန္ဒအတိုင်း သွေးကွဲရေး ကိစ္စများကို အားမပေးဘဲ နာယကဂုဏ်မပျက် နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ညီတော်က နောင်တော်ကို မလွှဲမကင်းသာ တော်လှန်သောအခါ ဦးပေါ်ဦးသည် ဘက်မလိုက် နေခဲ့ပုံ ရ၏။

ထို့ကြောင့် သာယာဝတီမင်းအနေဖြင့် ဘက်လိုက်သူ မှူးမတ်များစာရင်း ထုတ်ပြန်ရာတွင် မြဝတီဦးစသာလျှင် ထိပ်ဆုံးမှပါရှိကာ ဦးပေါ်ဦး နာမည် မပါချေ။ သာယာဝတီမင်း လက်ထက်၌လည်း ဦးပေါ်ဦးသည် ထိပ်တန်းရာထူး၌ ပင် သက်တော်ရှည် အမတ်ကြီးကဲ့သို့ ရှိနေခဲ့သည်။ ဤကား ဘက်လိုက်ခြင်းကြောင့် မဟုတ်ဘဲ အနေမှန်သူ အဖြစ်ဖြင့် ပုံမှန်နေရာ၌ တည်မြဲစေခြင်း ဖြစ်၏။

ဘိုးတော်မင်းတရားသည် မြေးတော်များ လက်ထက်၌ မဖြစ်သင့်သော ကိစ္စများ ပေါ်ပေါက်မည်ကို ကြိုတင်တားဆီးရန် အစီအစဉ်အချို့ ချမှတ်တော်မူခဲ့သည်။ အိမ်ရှေ့သားတော်ကြီးမှ မွေးသော စစ်ကိုင်းမင်းသားကို ထိုအိမ်ရှေ့မင်း၏ ညီတော်ရင်း ပြည်မင်းမှဖွားသော သမီးတော် ဆင်ဖြူမယ်နှင့် ဘိုးတော်မင်းတရားကိုယ်တိုင် ထိမ်းမြားပေးခဲ့သည်။ သို့မှ နောင်အခါ စစ်ကိုင်းမင်းသား ထီးနန်းဆက်ခံသော် မိဖုရားခေါင်ရွေးရန် ပြဿနာ မပေါ်တော့ဘဲ ဆွေတော်မျိုးတော်တို့နှင့်တကွ အများပြည်သူတို့ ကြည်ဖြူရေးကို ရှေးရှုတော်မူခြင်း ဖြစ်၏။

မြေးတော်ချစ် ဆင်ဖြူမယ်က သားဦးကလေး စကြာမင်းသားကို မွေးဖွားပြီးနောက် မီးတွင်း၌ပင် ကွယ်လွန်သွားသည်။ ထိုမြေးတော်ကလေးကို အလွန်မြတ်နိုးသဖြင့် ၁၀ ကုဋေတန် မြပုခက် ဝယ်ယူရန် ဦးပေါ်ဦးကို ယိုးဒယားသို့ စေလိုက်သည်။ သို့သော် ထိုငွေကို သုမစ အခွန်ဌာနမှ ထုတ်ယူစေသဖြင့် ဦးပေါ်ဦးက 'ဒီရှင်ဘုရင်ဟာ ရှင်ဘုရင်ဝါးမဝသေးပါဘူး၊ ဒါမျိုးကို တခြားအကောက်တော်ခွန် စသည်တို့က ထုတ်နုတ်ရတဲ့ ထုံးစံကို နားမလည်ဘူးလား'ဟု ဆိုရာ အမျက်တော်ရှိ၍ သိန္နီမြို့သို့ နယ်နှင်ဒဏ် ပို့စေခဲ့သည်။ ဦးပေါ်ဦး မရှိလျှင် ရှင်ဘုရင်က ပျင်းရိတော်မူသဖြင့် မကြာမီ ပြန်၍ ခေါ်တော်မူသည်။ ဤကိစ္စတွင် စကြာမင်းသားကလေး မဖွားမီက ဘိုးတော် အိပ်မက်ရရှိသည်ကို ညီလာခံ၌ ထုတ်ဖော်မိန့်ကြားခဲ့ပုံများကို ထောက်ရှုကာ စကြာမင်းကလေး ကောင်းစားရေးကို အဘယ်မျှ မျှော်ကိုးတော်မူသည်မှာ ထင်ရှားစေပေသည်။ ထို့ကြောင့် 'စကြာကို ရင်ခွင်ပိုက်ကြပါ'ဟု အတိအလင်း မည်သူကိုမျှ မှာကြားခြင်း မရှိစေကာမူ ဘိုးတော်၏လုပ်ရပ်နှင့် စေတနာတို့ကား ထုတ်ဖော်ပြောစရာ မလိုအောင် ထင်ရှားနေခဲ့ပေသည်။ သူ မရှိသည့်နောက် (၁) စစ်ကိုင်းမင်းသား နန်းတက်ပါစေ၊ (၂) ညီတော် သာယာဝတီမင်းသားက နောင်တော်ကို ဆက်ခံပါစေ၊ (၃) ထိုညီနောင် ၂ ဦး လက်ထက်၌ပင် စကြာမင်းကလေးကို အထူးယုယစွာ ရင်ခွင်ပိုက်ထွေး ပြုစုကြပြီးနောက် သူလည်း ထီးနန်းဆက်ခံခွင့် ရှိပါစေဟု ဆိုလိုတော်မူခြင်း ဖြစ်၏။

ဆင်ဖြူမယ် ကွယ်လွန်ပြီးနောက် သူ၏လမ်းစဉ် မပျက်ပြယ်စေရန် မက္ခရာမင်း၏သမီး ပန်းတောင်းမင်းသမီးလေးနှင့် ဘိုးတော်မင်းတရားကိုယ်တိုင် လက်ထပ်ပေးသည်။ ဤသည်လည်း နန်းဓလေ့ထုံးစံအတိုင်း မိဖုရားခေါင်နေရာကို ထိပ်တန်း ဆွေတော်မျိုးတော်တို့မှ ရွေးချယ်ခြင်း ဖြစ်လေသည်။ သို့မှသာလျှင် စကြာမင်းကလေးအတွက် သူ့ အစီအစဉ်သည် ပြင်ပ ပယောဂတို့မှ လွတ်ကင်းကာ အောင်မြင်ဖွယ် ရှိပေသည်။

ပန်းတောင်း မင်းသမီးကလေးမှာ ထိုအချိန်က အသက် ၈ နှစ်သာ ရှိသေးသဖြင့် လက်ထပ်ပွဲမှာ ရယ်ဖွယ်လိုဖြစ်ခဲ့သည်။ သို့သော် ရှင်ဘို့မယ်သည်လည်း ၈ နှစ်အရွယ်၌ပင် ပထမအိမ်ထောင် ပြုခဲ့သည်ကို မမေ့သင့်ချေ။

ဘိုးတော်၏ လက်ထက်၌ပင် မယ်နုသည် ၁၂ နှစ်အရွယ်၌ တောင်နန်းအပျိုတော် ဖြစ်လာသည်။ ထိုမိန်းမပျိုနှင့် စစ်ကိုင်းမင်းသား ငြိစွန်းပုံကိုလည်း ဘုရင့်အနေဖြင့် ရိပ်စားမိသောကြောင့် ပန်းတောင်းမင်းသမီးနှင့် ပေးစားရခြင်း အကြောင်းတစ်ရပ် ဖြစ်လေသည်။ အချို့က ဆင်ဖြူမယ်သည်ပင် မယ်နုနှင့် ငြိစွန်းမှုတို့ကြောင့် သူမ၏ မောင်တော်အတွက် စိတ်မချမ်းသာ ဖြစ်ရသဖြင့် မရဏာလမ်းသို့ စောစော မြန်းရခြင်းဖြစ်သည် ဆို၏။

စစ်ကိုင်းမင်းသား အဖို့ မယ်နုကို ချစ်မြတ်နိုးနိုင်ပါ၏။ နေရာပေးနိုင်ပါ၏။ သို့သော် နန်းဓလေ့ စည်းကမ်းတို့ကို ထောက်ထား၍ မိဖုရားခေါင်နေရာကိုကား ဆွေတော်မျိုးတော်များမှ သာလျှင် ရွေးချယ်စေလိုသည်။ တောင်ငူမင်းကြီးညိုသည် မင်းတရားရွှေထီး၏ မယ်တော်ကို ချစ်မြတ်နိုးသော်လည်း ငနွဲ့ကုန်း ရွာသူကြီး၏ သမီးသာ ဖြစ်၍ မိဖုရားကြီး နေရာကိုကား မပေးနိုင်ခဲ့ပါ။ မြောက်နန်း၊ အလယ်နန်း၊ အနောက်နန်း၊ တောင်ဆောင်တော်နှင့် ရွှေရေးဆောင် စသည်ဖြင့် နေရာအမျိုးမျိုး ရှိပါသည်။ ကြိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရွေးပါ။ သို့မှသာ ရိုးရာ အစွဲရှိသော ပြည်သူနှင့်တကွ မဟာနွယ်တို့က စိတ်အေးကြပါမည်။ မိမိ၏ အချစ်ကိုလည်း စွန့်ပယ်စရာ မလိုပါ။ ဤကား ဘိုးတော်၏ ပုံမှန် မျှော်လင့်ချက်တည်း။

BURMESE CLASSIC .com

### မယ်နုကို မျက်နှာသာ ပေးပြီး

သို့သော် စစ်ကိုင်းက ပန်းတောင်း မင်းသမီးကို လုံးဝ လျစ်လျူရှုကာ မယ်နုကိုသာလျှင် တောင်ညာစံဒေဝီ တင်သည်။ ထိုနောက် သူ့လက်ထက်တွင် ထီးနန်းလိုလားသူ ၄ ဦး ပေါ်ခဲ့သည်။

(၁) ညီတော် သာယာဝတီမင်းကို ဘိုးတော်ဘုရားကပင် အိမ်ရှေ့သတ်မှတ်ရန် မှာခဲ့သည်။

(၂) သားတော် စကြာမင်းသားမှာ ရှင်ဘုရင်၏ ရင်သွေး ဖြစ်သည့်အတိုင်း အိမ်ရှေ့ဖြစ်သင့်သည်။

(၃) မယ်နု၏သားတော် ပလိုင်းမင်းသား ဖွားမြင်ခဲ့ရာ ၆ နှစ်အကြာတွင် ကျောက်ရောဂါနှင့် ကွယ်လွန်ခဲ့၍ ပြဿနာတစ်ခု ရှင်းသွားသည်။ သို့သော် ထိုမိဖုရားခေါင်၏ သားတော်ရှိစဉ် ကာလအတွင်း သာယာဝတီမင်းကို လည်းကောင်း၊ စကြာမင်းကို လည်းကောင်း နန်းရံအဖြစ် အသိအမှတ် ပြု၍ မဖြစ်နိုင်အောင် ရှိစေခဲ့၏။

(၄) မယ်နု၏ မောင်တော် ဦးအိုကို ထိပ်တန်းမင်းသားကြီးအဖြစ်ဖြင့် မြှောက်တင်ပေးလိုက်သောအခါ သူကလည်း ထီးနန်းကို ချိန်ရွယ်တော့သည်။

မယ်နုက သူ၏သမီးတော်ကလေး မယ်သဲခေါ် ဆင်ဖြူမရှင်ကို စကြာမင်းသားလေးနှင့် ထိမ်းမြားကာ နန်းလျာထားရန် စီစဉ်ခဲ့သည်။ သာယာဝတီမင်းက ထိုစီမံကိန်းကို မကန့်ကွက်သော်လည်း မင်းသားကြီး ဦးအိုက ကြန့်ကြာစေခဲ့သည်။ စကြာမင်းသားကို အရွယ်ရင့်သည့်တိုင်အောင်ပင် ဦးသျှောင်မင်္ဂလာ ပြုခွင့် မပေးခဲ့ချေ။

### အနိမ့်ခံ မဟာနွယ်များ

နောက်ဆုံး၌ သာယာဝတီမင်းကို နောင်တော်နှင့် တွေ့ခွင့် မပေးဘဲ ဖမ်းဆီးမည့် အခြေအနေသို့ ရောက်၍ ရွှေဘိုသို့ ထွက်ခွာတော်လှန်ချိန် ရောက်ခါမှ စကြာမင်းကလေးကို အင်းဝမြို့တော် ထိပ်တန်းတင်ခဲ့လေသည်။ သို့သော် အချိန်နှောင်းလေပြီ။ ပြည်သူတို့က သာယာဝတီမင်းဘက်သို့ ပြိုဆင်းကုန်ကြလေပြီ။

စစ်ကိုင်းမင်းသည် ၁၈ နှစ်ကြာမျှ အုပ်စိုးခဲ့သော ကာလအတွင်း မိဖုရားခေါင် မယ်နုနှင့် မောင်တော်မင်းသားကြီး ဦးအိုတို့ ဩဇာလွှမ်းမိုးခဲ့၏။ သူတို့မောင်နှမ ကြီးစိုးချိန်တွင် အင်္ဂလိပ်နှင့် ပထမအကြိမ် စစ်ဖြစ်ကာ ရခိုင်ပြည်နှင့် တနင်္သာရီနယ်များကို စစ်လျော်ကြေးငွေ ၁၀ ကုဋေနှင့်အတူ ပေးအပ်လိုက်ရ၏။ ထိုခေတ်က တစ်ချိန်လုံးပင် ပြည်သူတို့ကို စည်းရုံးနိုင်စွမ်းရှိသော သာယာဝတီမင်းနှင့် စကြာမင်းသားတို့မှာ နန်းတွင်း၌ အနိမ့်ခံနေကြရသည်။ ဘိုးတော်ဘုရား၏ ဆန္ဒအတိုင်း "စကြာကို ရင်ခွင်ပိုက်" လုပ်ရန် သာယာဝတီမင်း ထွက်ခွာသွားပြီးမှ သတိရကြသည်။

ရာဇဝင်ဖြစ်ရပ်တို့တွင် ပြည်သူလူထုအဖို့ အထက်ပါအတိုင်း ကြုံတွေ့ရာတွင် ဦးထွန်းအေး စာအုပ်၌ ထိုကာလကို သုံးသပ်ပုံမှာ "နေပြည်တော်တွင်းက ကြည့်ရှုလိုက်လျှင် စကြာမင်းကလေး၊ စစ်သူကြီး မဟာဗန္ဓုလ၊ မြဝတီဝန်ကြီး ဦးစ အစရှိသော လူကောင်းဟူသမျှ နန်းမတော်မယ်နု၏ လူတွေချည်းသာ ဖြစ်နေကြရလေသတည်း။ ဖန်နန်းရှင်မင်းတရားက စ၍ တစ်ပြည်လုံး နန်းမတော်မယ်နု၏ ဩဇာ အာဏာ လွှမ်းမိုးနေလေတော့သည်။ ဤသို့သော အကျိုးတို့သည် ရှေးဘုန်းရှေးကံ ထူးချွန်ခြင်းကြောင့်သာလျှင် ဖြစ်လာရသည် ဟူ၍ မှတ်သားထားကုန်ရာသည်"ဟု ရေးသားပါရှိ၏။

ဤသို့ မယ်နုအား တစ်ဖက်သတ် ထောက်ခံချီးကျူးရာတွင် ထိုခေတ် ဆိုးကျိုးများအတွက် မယ်နုပင် တရားခံ ဖြစ်နေကြောင်းကို စာရေးသူက သတိပြုမိဟန် မတူချေ။

စကြာမင်း၏ မွေးစားမိခင်မှာ သူ၏အရီးတော် မြတောင်မင်းသမီး ဖြစ်ပါသည်။ ထို့ကြောင့် စကြာမင်း ကွပ်မျက်ခံရချိန်တွင် မြတောင်မင်းသမီးပါ ခံရခြင်း ဖြစ်သည်။ မယ်နုနှင့် ဦးအိုတို့မှာ သူတို့နောက် ၂ နှစ်ကြာမှ ကွပ်မျက်ခံရသူများ ဖြစ်သည်။ မယ်နုမှာ စကြာမင်း၏ မိထွေးသာ ဖြစ်၍ တခြားစီ ဖြစ်သည်။

ဘိုးတော်၏ မှာတော်ပုံနှင့် ပတ်သက်၍ ၃ မူ ကွဲပြားကြောင်း ပြဆိုခဲ့ပြီးဖြစ်ရာ၊ ဦးပေါ်ဦး၏ မူကိုသာ အများလက်ခံနိုင်ဖွယ် ရှိ၏။ မှော်ဘီ ဆရာသိန်းကြီးမှာ သူ့ထံ၌ မြန်မာစကား သင်ယူသူ အင်္ဂလိပ် အရာရှိကြီးတို့အကြိုက် မြန်မာရာဇဝင်၌ ထင်ရှားသူတို့၏ အတင်းအဖျင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပုံကြီးချဲ့တတ်သဖြင့် သူ၏စာအုပ်များ ဖတ်ကောင်းစေကာမူ ယုတ္တိ ခိုင်ခံ့ခြင်း မရှိပါချေ။ မယ်နုကို ကာကွယ်သူ ဦးထွန်းအေးမှာလည်း တစ်ဖက်သတ် ကျလွန်းနေ၏။

*

## [၃] နန်းတွင်း ကောလာဟလ

(ရွှေကြာ၏ **ကုန်းဘောင်နန်းတွင်းရေး** စာအုပ်တွင် ထိုခေတ်၏ သရုပ်ကို အောက်ပါအတိုင်း ဖော်ပြထား၏။)

ပန်း ။ ။ အခု တိုင်းပြည်မှာ ဖြစ်နေပုံက ဂိုဏ်းကြီး ၃ ဂိုဏ်း ကွဲပြီး နန်းတော်ထဲမှာ တအုံ့နွေးနွေးနှင့် အတွင်းရေး ဆူပွက်နေတယ်။

စိုး ။ ။ ၃ ဂိုဏ်း ဆိုတာက....။

ပန်း ။ ။ (၁) အရှင် နန်းမတော်ဖုရားနှင့် သူ့မောင် စလင်းမင်းသားကြီးက တစ်ဖက်။
(၂) ဘိုးတော်ဘုရားသားတော် မက္ခရာမင်းသားကြီးနှင့် သာယာဝတီမင်းသားက တစ်ဖက်။
(၃) မင်းကလေး ခေါ်တဲ့ ညောင်ရမ်းကိုယ်တော်က တစ်ဖက်။ သူ့ထက်ငါ အလျင်ဦးအောင် ထီးဖြူဆောင်းဖို့ ချိန်နေကြတယ်။

စိုး ။ ။ နန်းမတော်ဖုရားက တော်ကြီးဘုရားကို မကြည်ဖြူလို့ စလင်းမင်းသားကြီးကို နန်းတင်ချင်တာလား။

ပန်း ။ ။ မဟုတ်ဘူး။ တော်ကြီးဘုရား မျက်နှာတော်လွှဲသွားလျှင် သာယာဝတီမင်းတို့၊ ညောင်ရမ်းတို့ တက်မှာစိုးလို့ သူ့မောင်ကို အိမ်ရှေ့နှင်းရအောင် အပြင်းအထန် စီမံနေတာ။ နို့ပေတဲ့ မနှင်းဘူး၊ မနှင်းပေတဲ့ မျက်နှာတော်လွှဲလျှင် စလင်း တက်မှာ အမှန်။

စိုး ။ ။ (အသံကို နှိမ့်၍) နန်းမတော်နှင့် စလင်းမင်းသားကြီးဟာ မောင်နှမ ဆိုပေတဲ့ တချို့ကတော့ တစ်မျိုးတစ်မည်....။

ပန်း ။ ။ တိုင်းပြည်မှာ ဒီလိုပဲ ကျော်စောနေတာပဲ။ နို့ပေတဲ့ ဒီဟာကတော့ မဟုတ်ပါဘူး။ အမေတူ အဖေတူ မောင်နှမ အရင်းပဲ။ နန်းမတော်က အငယ်၊ စလင်းက အကြီး၊ သူ့မောင်ကို သူ အင်မတန် ချစ်တယ်။ ချစ်သလောက် ဩဇာရောက်အောင် ချီးမြှောက်ထားတော့ မြင်ရသူတွေက အမြင်ကတ်ပြီး စွပ်စွဲနေကြတာနဲ့ သတင်း ဖြစ်နေတာပါ။

စိုး ။ ။ မက္ခရာတို့ ဂိုဏ်းကို ဆိုပါဦး။

ပန်း ။ ။ မက္ခရာလား၊ ကြည့်လေ.... အခု ကုလားဖြူရောဂျူး ဆိုတဲ့ အကောင်ဆီမှာ အင်္ဂလိပ်ဘာသာ သင်ပြီး အတွင်းကျိတ် ဉာဏ်နှင့် ပေါင်းထားတယ်။ ဒါက ဘာရည်ရွယ်သလဲ ဆိုတော့ ကုလားဖြူတွေနှင့် ပေါင်းပြီး သူ့တူတော်မောင် သာယာဝတီကို နန်းတင်ချင်လို့ပေါ့။

စိုး ။ ။ မက္ခရာ ကိုယ်တိုင်ကတော့ ထီးနန်းကို မချိန်ဘူးလား။

ပန်း ။ ။ မချိန်ဘူး။

စိုး ။ ။ ယခု ရွှေနန်းရှင်ဘုရားလည်း သူ့တူ တော်နေတာပဲ။ ဘာဖြစ်လို့ ဒီလို ကြံချင်တာလဲ။

ပန်း ။ ။ ဒါက ဒီလို၊ ရွှေနန်းရှင်ဘုရား အိမ်ရှေ့မင်းဘဝက အခု မင်းကလေး ခေါ်တဲ့ ညောင်ရမ်းမင်းသား မယ်တော် ဆင်ဖြူမယ်နှင့် စုလျားရစ်ပတ် လက်ထပ်တော်မူတယ်။ ဆင်ဖြူမယ်က ညောင်ရမ်းမင်းသား ဖွားပြီးတော့ နတ်ရွာစံသွားရော။ နတ်ရွာစံပြီးလို့ ၄ နှစ်လောက် ကြာတော့ မက္ခရာမင်းသားကြီးရဲ့ သမီးတော်လေး ၇ နှစ်အရွယ်ရှိ ပန်းတောင်း ထိပ်ခေါင်တင် ဆိုတာနှင့် ဘိုးတော်ဘုရားက လက်ထပ်ပေးပြန်တယ်။ ဒီတုန်းက ဘိုးတော် ရှိသေးတာကိုး။

စိုး ။ ။ ၇ နှစ် သမီး ဆိုတော့....။

ပန်း ။ ။ အေး.... ဒါကြောင့်ပေါ့ တပည့်ရဲ့၊ ဘိုးတော့်ကို ကြောက်လို့သာ လက်ထပ်ရတယ်၊ ဘယ်မှာ သဘောတူနိုင်ပါ့မလဲ။ ကာမဂုဏ် ခံစားချင်လို့ အိမ်ထောင်ပြုတာ၊ ကလေးထိန်းခိုင်းထားသလို ဖြစ်နေတယ်။ ဘိုးတော်ဘုရားကတော့ အရှည်ကို မျှော်ခေါ်ပြီး လက်ဆက်ခဲ့တာပေါ့။

စိုး ။ ။ သာယာဝတီနှင့် ညောင်ရမ်း ဘယ်သူ့ကို ပိုစိုးရိမ်သလဲ။

ပန်း ။ ။ ညောင်ရမ်းက သာပြီး ထိတ်စရာ ကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိုး ။ ။ အင်အားမှ မရှိဘဲနဲ့ ဗျာ။

ပန်း ။ ။ ခင်ဗျား ညောင်ရမ်းအကြောင်း ကောင်းကောင်း မသိဘူး ထင်တယ်။ မဖွားမီ ကတည်းက တဘောင် ပေါ်နေတာ။

ပန်း ။ ။ "ကုက္ကိုပင် ညောင်တွဲလို့၊ အောင်ပွဲရ တို့သခင်၊ ဘုန်းတောက်မည့် အင်၊ မြတ်ရာဝင်၊ အံ့ချီးဖွယ် ကမ္ဘာထင်လိမ့်၊ စာတင်သော် ဘယ်မည်သျှိုးတယ်၊ ဘိုးတော်ချစ်သွေး" တဲ့။ ဘိုးတော်ဘုရားက တနင်္လာသားမို့ နံသင့်လိုက်ပြီး ကုက္ကိုပင်လို့ ဆိုတာ။ ညောင်ရမ်းမင်းသားကတော့ အင်္ဂါသားမို့ ညောင်တွဲလို့ ဆိုတယ်။ ဒီတဘောင်နှင့် ကိုက်အောင် ဖွားပြီး ၇ ရက်အတွင်းမှာ ညောင်ရမ်းမြို့စားပေးတာပဲ။ ပြီးတော့ နေထိုင်မကောင်းဘူး ဆိုရင် တဘောင်ပေါ်ရတယ်။ "မြို့ကြီးရွာကြီး၊ ကျွန်သီးတစ်ထောင်၊ မောင့်ကို ပေးအပ်နှင်း၊ ဖေ့သား ရောဂါကင်း"တဲ့။ လက်ဖွဲ့တာနဲ့ တစ်ပြိုင်နက် ရောဂါပျောက်တာပဲ။

စိုး ။ ။ ဘယ်သူက ဒါတွေ ပေးလဲ။

ပန်း ။ ။ ဘိုးတော်ဘုရား ပေါ့ဗျာ။ သူ့မြစ်ကို သူ အလွန်ချစ်ပြီး မြှောက်စားချင်တိုင်း မြှောက်စားနေတာ။ နန်းမတော်နှင့် စလင်း ကိုယ်တော်ကြီးသာ မလွှမ်းမိုးနိုင်ရင် ခုနယ်ခါ သူ အိမ်ရှေ့ပေါ့။ သူ ဖွားတာနှင့် တစ်ပြိုင်နက် ပဟိုရ်စည်နှင့် နာရီတော် ခေါင်းလောင်းတို့က အလိုလို မြည်ရတယ်။ နဗဒဏ္ဍ မနောဟရ ထီးဖြူတော်ကလည်း အလိုလို လန့်ပွင့်ရတယ်။ ဆင်ဖြူတော်ကြီးကလည်း အရှေ့ဘက် လှည့်ပြီး ကြိုးကြာသံမျိုးနှင့် ၃ ကြိမ် ကြွေးကြော် မြည်ဟည်းရတယ်။ လက်ဝဲဘက် လက်ဖဝါးမှာလည်း မြရောင် အဆင်းရှိတဲ့ မှဲ့ရှင်တစ်လုံး ပါတယ်။ အို .... ခင်ဗျာ့နှယ်၊ သူ ဖွားတုန်းက တိုင်းတုန်နေတာပဲ ဗျာ။

စိုး ။ ။ (ထိတ်လန့် တုန်လှုပ်သော အမူအရာနှင့်။) သာမညလောက်တော့ နဂိုကတည်းက ကြားဖူးနေတာပဲ။ အခုလို သေသေချာချာ....။

ပန်း ။ ။ ရုပ်လက္ခဏာ ပြောရဦးမလား၊ ရာဇရုပ်ပီပီ အင်မတန် တည်ကြည်တဲ့ လူ၊ ကြံရည်ဖန်ရည် ကလည်း နေရာတကာမှာ အတွင်းရေးအထိ သိအောင် စုံစမ်းလေ့ ရှိတယ်။

## နိုင်ငံခြားသား ရုပ်ကွက်၌

'တစ်နေ့က မစ္စတာလဲယက် အပြန်မှာ ကာလကတ္တားက ပေးလိုက်တဲ့ စာဟာ မပြည့်စုံဘဲ ဖြစ်သွားတယ်၊ ဒီက နန်းတွင်းအရေးက တစ်နေ့တခြား ပြောင်းနေပြီ'

'ခု.... ဘယ့်နှယ် ဖြစ်ပြန်သလဲ'

'သာယာဝတီနှင့် ညောင်ရမ်းတို့ မကြာမီ ဒုက္ခတွေ့လိမ့်မယ်၊ စလင်းက ဒါတွေ အကုန်ဖြုတ်ပြီး သူကိုယ်တိုင် ဘုရင်လုပ်ဖို့ ချိန်နေတယ်။ အလျင်ကတော့ သာယာဝတီပဲ အိမ်ရှေ့နှင်းပြီး အစိုးရအဖွဲ့ လွှဲမလိုလို ကြားရတာကိုး။ ခုတော့ ရွှေနန်းရှင်က မကျန်းမာလို့ နန်းမတော် သဘောရှိ ဖြစ်သွားတယ်'

'စလင်း အုပ်စိုးရင် ကုမ္ပဏီ အစိုးရအတွက် ဘယ်လို ထင်သလဲ'

(ထိုအခါ အစိုးရမှာ အရှေ့အိန္ဒိယကုမ္ပဏီအစိုးရ ဖြစ်၏။)

'စလင်းက ဗြိတိသျှလူမျိုးကို မုန်းတဲ့အထဲမှာ တစ်စွဲတဲ့ လူ'

'ဒါဖြင့် စလင်း တက်ရင် ခက်တာပေါ့'

'မခက်ဘူး၊ စလင်းက ဒေါသကြီးပြီး ဘာသာမှ ရှိတဲ့လူမှ မဟုတ်ဘဲ၊ ကောင်းတာပေါ့။ သာယာဝတီဆိုရင် ဉာဏ်လို့လည်း မရဘူး။ ခြောက်လို့လည်း ကြောက်တဲ့လူစား မဟုတ်ဘူး။ ပြီးတော့ သူ့မှာ "ကဲ့"ထားတဲ့ မိုက်ခဲစစ်သားတွေက ရွှေဘိုနှင့် သာယာဝတီမှာ အပြည့်ရှိတယ်။ ညောင်ရမ်းကတော့ အလိမ္မာဉာဏ် ရှိတယ်'

'မောင်စက (မြဝတီဝန်ကြီး ဦးစကို ဆိုလိုဟန် ရှိ၏) ဘယ်သူ့လူလဲ'

'မြန်မာနိုင်ငံမှာ ဒီလူတစ်ယောက် တော်တော်အရေးကြီးတယ်။ ဗန္ဓုလ ကျပြီး အင်္ဂလိပ်က ကြောက်ရမယ့် လူဟာ သူပဲ ရှိတယ်။ ရာမူ စစ်ပွဲတုန်းက ကပ္ပိတန် နော်တင်တပ်မှာ ကျွန်တော်က လက်ဖတင်နင် အဖြစ်နှင့် ပါသွားတယ်။ ဒီတုန်းက ဗန္ဓုလ အမိန့်နှင့် မောင်စက ဗိုလ်ချုပ်လုပ်ပြီး ရှေ့ဆုံးက တိုက်တာပေါ့။ ကျွန်တော်တို့နှင့်စစ်



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ စစ်သည်အင်အား ဘာမှပါတာ မဟုတ်ဘူး။ ဒါပေတဲ့ တပ်လုံးပြုတ်ပြီး ဗိုလ်ချုပ်ကပ္ပိတန် နော်တင်ပါ ထွက်ပြေးခဲ့ရတယ်။ သေနတ်တွေ၊ အမြောက်တွေ ဆိုတာ သူတို့ အကုန် ရကုန်တာပေါ့။ ကျွန်တော်တောင် ဘုရားသခင်မလို့ အနိုင်နိုင် ပြေးခဲ့ရတယ်'

'ဟုတ်တယ်၊ မောင်စဟာ တော်တော်ကြောက်စရာကောင်းတဲ့ လူ။ စစ်ဘက်ကသာ စွမ်းတာမဟုတ်ဘူး၊ နေရာတကာမှာ အမြော်အမြင် အင်မတန်ရှိတဲ့ လူ၊ ဂျပ်ဆင်ကဖြင့် မြန်မာပြည်မှာ ဒီလူလောက် ပညာရှိတာ တစ်ယောက်မှ မရှိဘူးတဲ့။ ဟိန္ဒူစတန်နီ စကားနှင့် ကသည်းစကား တတ်တဲ့ အပြင် နာဂရီဘာသာလည်း ရေးတတ်တယ်လို့ ဂျပ်ဆင်က ပြောဖူးတယ်။ ဟုတ်မှာပဲ၊ တစ်နေ့က ထမင်းစားပွဲမှာ မမြင်ဖူးလား၊ မောင်စက ခရစ်ယာန် ဘုရားရှိခိုးသီချင်း တစ်ပိုင်းတစ်စတောင် ဆိုပြလိုက်သေးတယ်'

'ဒါကတော့ ကက်သလစ် ဘရင်ဂျီတွေဆီက နည်းနည်း သင်ထားတာနဲ့ တူတယ်'

*

## [၄] ကုန်းဘောင်ကို မျိုးဖြုတ်မည့်သူ

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ရေးသားပြုစုသူ ဦးမောင်မောင်တင် ကိုယ်တိုင် မင်းသားကြီး မောင်အို (မယ်နု၏ မောင်)က ဤသို့ ပက်ပက်စက်စက် ကြံစည်ခဲ့သည်ဟု တစ်ချိန်က မန္တလေး သူရိယသတင်းစာ၌ သူရေးသော ဆောင်းပါးတွင် အတိအလင်း စွပ်စွဲခဲ့သည်။ အချုပ်ဆိုသော် မယ်နု မိဖုရားခေါင်ကြီး ဖြစ်လာသောအခါ သူ့မောင်တော်ကို သတိုးဓမ္မရာဇာဘွဲ့ ရရှိစေလျက် အိမ်ရှေ့မင်း တမျှ အခွင့်အရေး အဆောင်အယောင်များနှင့် နေရသောအခါ မောင်အိုသည် သွေး နားထင်ရောက်ကာ သူကိုယ်တိုင် ရှင်ဘုရင်လုပ်ရန် ခြေလှမ်းခဲ့လေသည်။

ဦးမောင်မောင်တင်ကို ကျွန်တော်တို့အနေဖြင့် ပုဂံဝန်ထောက်မင်း ဦးတင် ကဲ့သို့ သာမန် မြန်မာပညာရှိတစ်ဦး အနေဖြင့် မှတ်ထင်ခဲ့ကြသော်လည်း အမှန်မှာ သူကိုယ်တိုင် ကုန်းဘောင်ဆက် မင်းသားတစ်ပါး ဖြစ်သည်။ ဆင်ဖြူရှင်မင်းနှင့် ယိုးဒယားဘုရင်၏ သမီးတော် သခင်ဥတို့မှ ပေါက်ဖွားခဲ့သူ ဖြစ်သည်။ မင်းတုန်းမင်းလက်ထက် ၁၂၈၈ ခုတွင် ဖခင် မြင်းမှူးမင်းသား ထိပ်တင်မောင်နှင့် ခင်ယုတို့မှ မန္တလေးမြို့ နန်းတွင်း၌ပင် ဖွားမြင်ခဲ့သည်။ (အသက် ၁၀ နှစ် အထိ မင်းတုန်းမင်း အပါးတွင် သူငယ်တော်အဖြစ် ခစားခဲ့သည်။ ထို့နောက် သားတော်၊ တူတော်များနှင့်အတူ ရှင်ပြုကာ ရွှေကျင်တိုက်၌ ၁၅ နှစ်အထိ စာသင်ခဲ့သည်။ သီပေါမင်း လက်ထက်တွင် ဆရာမှတ်ကြီးကျောင်း၌ အင်္ဂလိပ်စာ သင်ခဲ့သည်။ သီပေါမင်း ပါတော်မူရာတွင် ဦးမောင်မောင်တင်၏ နှမ ချွန်းတောင် မင်းသမီးလည်း လိုက်ပါသွားသည်။ သူကိုယ်တိုင်ကား ဝန်းသိုနယ်၌ တောခိုကာ အင်္ဂလိပ်မင်းကို တစ်နှစ်ကြာမျှ တော်လှန်နေခဲ့သည်။ သူ့ကို အရှင်ဖမ်းမိလျှင် ဆုငွေ ၃၀၀၀ ကျပ် ပေးမည်ဟုပင် အစိုးရက ကြေညာခဲ့သည်။ ထိုဆုငွေကြောင့် တပည့်အချို့ သစ္စာဖောက်မည့်ဟန် ရှိ၍ မန္တလေးသို့ ပြန်ကာ ကင်းဝန်မင်းကြီးမှတစ်ဆင့် လက်နက်ချခဲ့သည်။ ပုဂံမင်း၏မိဖုရားကြီးက တူတော်ကို အင်္ဂလိပ်မင်းကြီး ဖိတ်ကြားချက်အရ လိုက်လံ အပ်နှံခဲ့သည်။

မြန်မာ ဆွေတော်မျိုးတော် အပေါင်းတို့နှင့် ရင်းနှီးနှံ့စပ်သူ ဤသို့သော မင်းသားပညာရှင်တစ်ပါးက မင်းသားကြီး ဦးအိုကို ပက်စက်သောအကြံနှင့် စွပ်စွဲသည်မှာ အထူးဂရုတစိုက် လေ့လာမှတ်သားရမည့် ကိစ္စတစ်ရပ်ပင် ဖြစ်သည်။ ဦးမောင်မောင်တင်၏ စွပ်စွဲချက်၌ ပါရှိသည်မှာ–

### မောင်အို၏ ပရိယာယ်

"ရတနာပူရ စတုတ္ထ မြို့တည်နန်းတည် ဘကြီးတော် မင်းတရားကြီးဘုရား အိမ်ရှေ့ စံတော်မူစဉ် ဘိုးတော် မင်းတရားကြီးက မြေးတော် ပန်းတောင်းမင်းသမီးနှင့် စုလျားရစ်ပတ်၍ လက်ထပ်ထိမ်းမြားတော်မူခဲ့ပြီး ဖြစ်ပါလျက် မှန်နန်းရှင် မင်းတရားကြီးဘုရား ရွှေနန်းတက်၍ မင်းအဖြစ်သို့ ရောက်တော်မူလျှင် ပန်းတောင်းမင်းသမီးကို အနိမ့်အကျထားပြီးကာလ ထောင်မှူးသမီး မယ်နုကို တောင်နန်း ညာနေ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး တင်မြှောက်လေသည်။

မယ်နု၏ မောင်ကြီး မောင်အိုကိုလည်း စလင်းမြို့ကို မြို့စားပေး၍ မင်းသားကြီး နေရာတွင် ထားတော်မူသည့်ပြင် ညီတော်အရင်း သာယာဝတီမင်းထက် သာလွန် ပိုမိုပြီးလျှင် အစီးအနင်း အဆောင်အရွက် ဖောင်း နားတောင်း ဝတ်လုံနှင့် တကွ သတိုးဓမ္မရာဇာဘွဲ့ အမည်ကို ပေးပြီးလျှင် အိမ်ဖြူ

www.burmeseclassic.com



ပြတင်း ရွှေချ၊ ရှေ့ဆောင် ဦးမှီတိုင် ၂-ရွှေပိန်းချ၊ နောက်ဆောင်မှီတိုင် ၂-ရွှေပိန်းချ ဆောက်ပေးတော်မူသည်။ လွှတ်တက်၍ တိုင်းနိုင်ငံအလုံးကို စီရင်စေရန် လွှဲအပ်တော်မူသည်။ မောင်အို၏ မယားကိုလည်း 'သီရိရတနာသာမာဝတီ'ဘွဲ့၊ သမီးအကြီးကို 'သီရိသုကလျာ'ဘွဲ့နှင့် အမြင့်မြို့စား သမီးအငယ်ကို 'သီရိသုကလျာရတနာ' ဘွဲ့နှင့် မင်းတုန်းမြို့စား ပေးသည့်ပြင် အိမ်တော်စံ မင်းသမီးတို့ အစီးအနင်း အဆောင်အရွက်ကိုလည်း ပေးတော်မူသည်။

ဤကဲ့သို့ အိမ်ရှေ့မင်း နေရာကို ရောက်လုမတတ် သူကောင်းပြု ခံရသည်ကြောင့် မောင်အို၏ စိတ်နေစိတ်ထား ပြောင်းပြီးသကာလ မင်းဧကရာဇ်တို့ အမျိုးအနွယ်တော်မှ ဆင်းသက်လေဟန်ဖြင့် ရေဦးမြို့နယ် ဖလံခုန်ရွာတွင် ယခုတိုင် တည်ရှိသော စလင်းမင်းသား မောင်အို လှူဒါန်းဆွဲထားခဲ့သော ခေါင်းလောင်းကြီးတွင် ရေးသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(သက္ကရာဇ် ၁၁၈၁ ခု၊ နယုန်လ အခါ၊ စကြဝတေး မင်းမြတ်ရာဇာ ဇမ္ဗူရွှေတောင် ယူသတည်း။

ယင်းနောက် ရဲမက် လက်နက်ကိုင် လူတစ်သောင်းကျော်၊ မြင်း တစ်ထောင်ကျော်နှင့် ပခန်းမင်း ဖြစ်လတ္တံ့သော သားတော် မင်းရဲကျော်ထင်ကို သတိုး ထိုအခါ သရေခေတ္တရာ၊ ရိမဒ္ဒနာနွယ်မြတ်၊ စဉ်မပြတ်သော၊ နေနတ်မျိုးရိုး၊ မိုးညှင်း မင်းတရားသားတော် ထူပါရုံဒါယကာ၊ သားတော် ပြည်စုန်မင်းတရား၊ သမီးတော် စောမင်းထွတ်၊ သီပွတ်စတေ၊ ဗိုလ်ရွှေဂုရု၊ စတုဂါမဏိ၊ အသခ်ယာ၊ သရေစည်သူ၊ သီရိနန္ဒာရာဇာ၊ ဒူရင်ပစ္စည်း၊ ဗလသမန်း၊ သမီးတော် သခင်မှန်၊ သမီးတော် တောင်နန်းထွတ်ဖျား မိဖုရား၊ မောင်တော် သတိုးဓမ္မရာဇာ အမည်တော် ရှိသော စလင်းမင်း၊ သီရိရတနာ သာမာဝတီ မည်တော်ရှိသော မြောက်သားတော်၊ သီရိသုကလျာ မည်တော်ရှိသော သမီးတော် အမြင့်မြို့စား မင်းသမီး၊ သီရိသုကလျာရတနာ မည်တော်ရှိသော သမီးတော် မင်းတုန်းမြို့စား မင်းသမီး၊ ရာဇဝင်ခက်ရုံ၊ စက်စုံသီရိ၊ ရွှန်းရွှန်းညီမျှ၊ ပေါက်ပြကျော်လှို့၊ တိုင်းလုံးပျံ့သတည်း)ဟူ၍ ပါရှိသည်။

အလောင်းမင်းတရားကြီး ဘုရား၏ စစ်ဗိုလ် ဗလသမန်းသည် မင်းမျိုးမင်းနွယ်ဟု သမုတ်ကာ သူတို့လည်း ထီးနန်းနှင့် သက်ဆိုင်ကြောင်း ကြော်ငြာခြင်း ဖြစ်သည်။

ယင်းသည်အတွင်း မောင်အို၏ လျှောက်ထားချက်အရ နောင်တော် ဘဝရှင်မင်းတရားကြီးဘုရားက သာယာဝတီမင်း ဝင်းနှင့် ပုဂံမင်းသမီး ဝင်းများသို့ ငရေးကို ရှာဖွေစေအမိန့်တော်ရှိသောကြောင့် သက္ကရာဇ် ၁၁၉၈ ခု တပေါင်းလပြည့်ကျော် ၆ ရက်နေ့၊ မြေလပ်ဝန်၊ ငွေခွန်ဝန်၊ မြောက်ထားဝယ်ဗိုလ်တို့နှင့် လက်နက်ကိုင် လူ ၂၀၀ တို့ လာရောက်ဝန်းဝိုင်းသည်တွင် သာယာဝတီမင်းလည်း ကျေးကျွန် သင်းပင်း လူ ၇၀၀ တို့နှင့် ခုခံပြီးလျှင် အင်းဝမြို့က ဧရာဝတီမြစ်မြောက်ဘက် ကူး၍ ထွက်သွားရလေသည်။ ထိုသို့ သာယာဝတီမင်း ထွက်သွားလျှင် ထောင်တွင် ထားသည့် သာယာဝတီမင်း၊ ပုဂံမင်းသမီးတို့၏ ဝန်စာရေးကြီးတို့ကို ကွပ်မျက်စီရင်လေသည်။

၁၁၉၈ ခု တပေါင်း လပြည့်ကျော် ၈ ရက်နေ့ သာယာဝတီမင်း ရတနာသိင်္ဃမြို့ကို သိမ်းယူတော်မူသည်။ ယင်းက စ၍ စစ်သည်ရဲမက် စုဆောင်းပြီးလျှင် ရတနာပူရမြို့က ချီလာစေသည့် တပ်တော်များကို ခုခံ တိုက်ခိုက်စေရာ တွေ့ဆုံ တိုက်ခိုက်ကြသည့် အခါတိုင်း ရတနာပူရက ချီလာသည့် တပ်များ ပျက်ပြားလေသည်။

မင်းစော အမည်နှင့် ဗိုလ်မှူး ခန့်၍ ၁၁၉၈ ခု နှောင်းတန်ခူး လပြည့်ကျော် ၁၀ ရက်နေ့ အနောက်ဘက်ကြောင်း ချီစေရာ ယင်းသည် လပြည့်ကျော် ၁၂ ရက်နေ့ စစ်ကိုင်းမြို့သို့ ဆိုက်ရောက်သည်။ ထို့နောက် ရဲမက် လက်နက်ကိုင် လူတစ်သောင်းကျော်၊ မြင်းနှစ်ထောင်ကျော်နှင့် ပြည်မင်း ဖြစ်လတ္တံ့သော သားတော် မင်းရဲသီဟကျော်ကို သတိုးမင်းဖျား အမည်နှင့် ဗိုလ်မှူး ခန့်၍ ၁၁၉၈ ခု နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက်နေ့ အရှေ့ဘက်ကြောင်း ချီရသည်။ လမ်းတွင် ရတနာပူရက ချီတက်လာသမျှ တပ်များကို တိုက်ခိုက်သိမ်းယူ၍ ၁၁၉၈ ခု နှောင်းကဆုန် လဆန်း ၃ ရက်နေ့ ရွှေကြက်ယက် အရပ်သို့ တပ်တော် ဆိုက်ရောက်သည်။

ယင်းကဲ့သို့ ရတနာပူရက ချီတက်စေသော တပ်တော်များ ဆုတ်ခွာခဲ့ကြရသည့်ပြင် ညီတော်၏ဘက်က တပ်များ ရတနာပူရမြို့ကို ဝိုင်းမိသည် ဖြစ်ရကား နောင်တော် မင်းတရားသည် အင်းဝမြို့တော်ရှိ လက်နက်နှင့် အကျွန်တော်များကို လည်းကောင်း၊ စလင်းစား မောင်အို ဝန်ကြီး ဦးစနှင့်တကွ အလိုတော်ရှိသော မှူးတော် မတ်တော်များကို

www.burmeseclassic.com



လည်းကောင်း ပေးအပ်တော်မူ၍ အရေးတော် ပြီးစီး ပြေကုန်သောကြောင့် ယင်းသည့် ကဆုန်လဆန်း ၆ ရက်နေ့ သာယာဝတီမင်းသည် စစ်ကိုင်းမြို့သို့ ရောက်တော်မူသည်။ ယင်းသည့် လဆန်း ၈ ရက်နေ့ စလင်းစား ငအို၊ ပင်းတလဲစား မင်းသား၊ ဝန်ကြီးငစ၊ ကင်းဝန်ငကြွယ်ဝ၊ ကျီအတွင်းဝန်ငပါရောက်၊ မြို့လပ်ဝန် ငရေးတို့ကို ထောင်မှာ ထားတော်မူသည်။

BURMESE CLASSIC .com

## ဦးစ၏ ထောင်လွှတ်သီချင်း

၁၂၀၁ ခု တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်နေ့ ရွှေနန်းတော် အနောက်စမုတ် ရုပ်သေးပွဲသို့ ရွှေဘိုမင်းတရားဘုရား ထွက်တော်မူ၍ သလွန်တော်ထက်၌ စံတော်မူမိလျှင် ရုပ်သေးမင်းသား မောင်ရွှေသာက "ကုန်းဘောင်နေမင်း" အစချီသည့် ပတ်ပျိုးသံ၊ လောကနတ်သံများကို ဆို၍ သီချင်းအချတွင် 'ဤသီချင်းကို မည်သူ ရေးသနည်း'ဟု မေးတော်မူသဖြင့် ထောင် အကျဉ်းတွင်ရှိနေသော ဝန်ကြီးဟောင်း ငစ ရေးသည် ဖြစ်ကြောင်းနှင့်တကွ ချမ်းသာပေးလိုသည့် သဘောကို သမီးတော် စုဖုရားကြီးက တင်လျှောက်လိုက်လျှင် 'ငစကို ထောင်က လွှတ်စေ' အမိန့်တော် ရှိသည်။ ထိုအခါ ညတွင်းချင်း လွှတ်၏။ သို့ဖြစ်၍ ၎င်းသီချင်းကို "ထောင်လွှတ် သီချင်း"ဟု တွင်လေ၏။

၎င်း ဘုန်းတော်ဘွဲ့ ပတ်ပျိုးသီချင်းတွင် "များတူဝေနေ ချမ်းသာစေ၊ ကြံရွယ်ဆောင်တဲ့ ကုန်းဘောင်တရား" ဟူသော ပဒ၏ သဘောသွား အဓိပ္ပာယ်ကို အားရ နှစ်သက်တော်မူခြင်းကြောင့် ဦးစကို ထောင်က လွှတ်တော်မူခြင်း ဖြစ်သည်။ ၎င်း ပဒ၏အဓိပ္ပာယ်မှာ နန်းမတော်ဘုရား မောင်တော် စလင်းမင်းသား မောင်အိုက "ရွှေဘို ချဉ်ပေါင် ၇ တောင် ဟူ၍ သိုက်စာရှိသည်။ ယခု နန်းစံလျက်ရှိသည့် မှန်နန်းရှင်လည်း ရွှေဘိုဆက်တွင် ၇ ဆက်မြောက် ဖြစ်၍ ငါ နန်းတက်ရချိမ့်မည် မချွတ်ဖြစ်သည်။ သို့ဖြစ်၍ ကုန်းဘောင်ဆက်မင်းမျိုး ဆိုသမျှကို ပြုတ်ပြုတ်ပြုန်းအောင် သတ်ပြီးမှ ငါ မင်းလုပ်တော့မည်" အကြံပြုဆဲအတွင်း ညီတော် သာယာဝတီမင်း ရွှေဘိုမြို့သို့ ထွက်တော်မူ၍ မင်းအဖြစ်ရောက်အောင် ကြံဆောင်တော်မူသောကြောင့် ကုန်းဘောင်ဆက် မင်းမျိုး အားလုံး ချမ်းသာပြီးလျှင် "ရွှေဘို ချဉ်ပေါင် ၇ တောင် ဖူးခေါင်ဝေလို့ ဖြိုး"ဟူ၍ သိုက်စာစကား ပြောင်းဆိုပြန်သည်မှာ "ဝေလို့ဖြိုး"ဟူသည်ကား ဗုဒ္ဓဟူးသား ရွှေဘိုဘုရား နန်းဆက်၍ တက်သည်ကို ရည်သောအားဖြင့်ပင် ဖြစ်ကြောင်း အဓိပ္ပာယ်ရောက်သည်။

ထို့ကြောင့် 'ကုန်းဘောင်ဆက် ဘာကြောင့် မပြုတ်သလဲ' အမေးပုစ္ဆာထုတ်လျှင် ရွှေဘိုဘုန်းတော်ကြီးဘုရားကျေးဇူးတော်ကြောင့် ဖြစ်ကြောင်း ဖြေဆိုက လွဲမည် မဟုတ်ချေ။ ထိုအခြင်းအရာများကြောင့် ရွှေဘို ဘုန်းတော်ကြီးဘုရားနှင့် သားတော် အနောက်ဘက်ကြောင်းချီ ပခန်းမင်း၊ သားတော် အရှေ့ဘက်ကြောင်းချီ ပြည်မင်းတို့အား သတိရတိုင်း ကျေးဇူးတော်ဇာင်ရှိကြောင်း နှလုံးသွင်းသင့်လှပေ၏။

ဤကဲ့သို့ ကြံဆောင် အားထုတ်တော်မူခဲ့ခြင်းကြောင့် ဖူးခေါင်ဝေလို့ဖြိုးသည်နှင့်အညီ ယခုထက်တိုင် ဘိုးတော်ဆက်၊ ရွှေဘိုဆက်၊ မင်းတုန်းဆက်၊ သီပေါဆက် ဟူ၍ ထင်ရှားရှိကြရကား ဘုရင်မင်းမြတ်၏ သားတော်၊ သမီးတော်၊ မြေးတော်၊ မြစ်တော် စသည်တို့မှာ ဆွေမျိုးရင်းချာဖြစ်တော်မူကြသည့်အတိုင်း တစ်ပါး ချမ်းသာလျှင် တစ်ပါး ဝမ်းသာခြင်း၊ ၁၉၀၄ ခု အက်ဥပဒေ ၁၃ တွင် ပါဝင်၍ ပင်စင်လစာ ငွေတော်များ ရကြသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ ရှိခြင်းတို့ဖြင့် မင်းမျိုးတို့၏ စိတ်ဓာတ်တော် ခိုင်မြဲသည်နှင့်အညီ အရှည် ချစ်ချစ်ခင်ခင် ရှိတော်မူကြရန် အကြောင်းကို ရှေးဟောင်းဖြစ်ရင်းနှင့်တကွ ဖော်ပြ ရေးသားလိုက်ပါသည်။"

*

ဦးအို၏ ခေါင်းလောင်းစာ၌ သူသည် နေနတ်မျိုးရိုး၊ မိုးညှင်းမင်းတရားကြီးမှ ဆင်းသက်သူဟု ဆိုထား၏။ သူ ရရှိသော သတိုးဓမ္မရာဇာ ဘွဲ့တော်မှာလည်း အိမ်ရှေ့မင်း တမျှကြီးမား၍ အဝ၌ သတိုးမင်းဖျား ကွယ်လွန်သော် ယောက်ဖတော် အမြင့်မင်း စွာစော်ကဲ ထီးနန်းဆက်ခံခဲ့သလို သူလည်း နန်းလျာပင် မဟုတ်လော။

## မယ်နု၏ ပရိယာယ်

အစ်မတော် မိဖုရားခေါင် ဖြစ်သည်မှ စ၍ နိုင်ငံတော်တွင် မိမိတို့ ဩဇာအာဏာ ကြီးထွားခဲ့သည်မှာ ဆယ်နှစ်ဆယ်မိုးပင် ကျော်ခဲ့လေပြီ။ အစ်မတော်၌ ပလိုင်းမင်းသားကလေး ဖွားတော်မူခဲ့ရာ ထိုတူတော်ကလေးကို အိမ်ရှေ့တင်လှျင်ထားသူ့အဖို့ ထောက်ခံနိုင်ဖွယ် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပလိုင်းမင်းသားမှာ ၆ နှစ် အရွယ်တွင် ကျောက်ပေါက် ကွယ်လွန်ခဲ့သည်။ ထိုအခါ အစ်မတော်၌ သမီးတော်ကလေး မယ်သဲ ကျန်ရှိခဲ့သည်။ ထိုသမီးတော် ကလေး၏ နောင်ရေးကို ထောက်၍လည်းကောင်း၊ နန်းတွင်း ဆွေတော်မျိုးတော်နှင့် တင်းမာမှုရှိနေခဲ့သည်ကို ပြေလည်စေရန် လည်းကောင်း အစ်မတော်မယ်နုက ထိုသမီးတော်ကို ဖန်နန်းရှင်နှင့် ဆင်ဖြူမယ်တို့က ပေါက်ဖွားသော စကြာမင်းသားကလေးနှင့် လက်ဆက်လိုလေသည်။ ထို့ကြောင့် လည်း မယ်သဲက အသက်မပြည့်သေးစေကာမူ စကြာမင်းသားနှင့် တွဲ၍ မယ်တော်က ပွဲထုတ်နေလေသည်။

မယ်နု သဘော၌ ထိုအစီအစဉ်မှာ "တစ်ချက်ခုတ် နှစ်ချက်ပြတ်"ဟူသကဲ့သို့ ရှိချေသည်။ မောင်တော် ဖန်နန်းရှင်က သူ့သားတော်ကလေး ထီးနန်း ဆက်ခံစေလိုသည်မှာ အထူးပြောဖွယ် မလို။ ဘိုးတော်မင်းတရားကြီး ကိုယ်တိုင်ကလည်း ဤမြစ်တော်ကလေးကို အထူး မြတ်နိုးသဖြင့် "စကြာကို ရင်ခွင်ပိုက်"စေလိုသော ဆန္ဒရှိခဲ့သည်။

တစ်နည်းမှာလည်း သာယာဝတီမင်းသားက ထိုအစီအစဉ်ကို ထောက်ခံသည်။ သူ၏တူတော် စကြာမင်းမှာ ဆွေစစ်မျိုးမှန်ဟု ယူဆသဖြင့် ထိုမင်းသားကလေးကို နန်းရံထားလျှင် ကုန်းဘောင် ဆွေတော်မျိုးတော် တစ်သိုက်နှင့် တကွ ရိုးရာကိုကြိုက်သော ပြည်သူလူထုတို့ကလည်း တစ်ခဲနက် ထောက်ခံကြမည် ဖြစ်သည်။

သာယာဝတီမင်းသား ကိုယ်တိုင်လည်း နန်းတွင်း တင်းမာမှုများ လျော့ပါးစေလိုသဖြင့် တစ်ချိန်က မင်းသားကြီး ဦးအို၏ အမြင့်မြို့စား သမီးတော်ကို သူ၏သားတော် တစ်ပါးနှင့် လက်ဆက်ရန် အဆိုပြုခဲ့သည်။ ထိုကိစ္စကို ဦးအိုက ခါးခါးသီးသီး ပယ်ချခဲ့သဖြင့် တင်းမာမှု ပိုမို ကြီးထွားလာခဲ့သည်။

## စကြာနှင့် မယ်သဲ

စကြာမင်းသားနှင့် မယ်နုသမီးတော်လေး မယ်သဲတို့ ပွဲထုတ်ခဲ့ပုံကို အင်္ဂလိပ်သံမှူး ကရော်ဖို့ လာစဉ်က ရှုမြင်ခဲ့ရသည်။ ရေသဘင်ပွဲတော်၌ ဖြစ်သည်။

"နေဝင်ခါနီးတွင် အမြောက် ၃ ချက်ဖောက်သံ ကြားရပြီးနောက် ရှင်ဘုရင် (ဖန်နန်းရှင်)နှင့် မိဖုရား (နန်းမတော် မယ်နု)တို့သည် ကရဝိက်ဖောင်တော်သို့ တက်တော်မူ၏။ သမီးတော်ကလေးနှင့် စကြာမင်းသားတို့လည်း အတူပါရှိသည်။ ရှေ့မှ ရဲလှေများက ဖောင်တော်ကို ဆွဲကြသည်။ ဖောင်တော်၏ ဝဲယာနှင့် နောက်တော်မှလည်း လှေအစင်းပေါင်း ၆၀ ခန့် ပါရှိ၏။ ထိုလှေတော်တို့မှာလည်း ဖောင်တော်လိုပင် ရွှေရောင်တဝင်းဝင်း ဖြစ်လေသည်။ မှူးကြီးမတ်ကြီးတို့နှင့် အထက်တန်းလွှာ ယောကျာ်း၊ မိန်းမတို့ တောက်ပြောင်စွာ ဝတ်စားလိုက်ပါကြသည်။

"ထို လှေတော် ဖောင်တော်တို့သည် ဧရာဝတီမြစ်အတွင်း စုန်ချည်ဆန်ချည်နှင့် သုံးကြိမ် လှည့်ပတ် လှော်ခတ်ကြသည်။ သာယာငြိမ့်ညောင်းသော ရေကင်းသံ တူရိယာများ တီးမှုတ်၊ ကခုန်သူတို့ ပါရှိလေသည်။

"ကျွန်တော်တို့ နိုင်ငံခြားဧည့်သည်များ ကြည့်ရှုရာ မဏ္ဍပ်မှ ကိုက် ၁၀၀ အတွင်း ဖောင်တော် လှော်ခတ်သွားသဖြင့် ဘုရင်နှင့်မိဖုရားတို့ကို ကောင်းစွာ ဖူးမျှော်ရပေသည်။ ကျွန်တော်တို့နှင့်အတူ ရှိနေသော မြန်မာဝန်ကြီးများက ထိုသို့ ဖောင်တော် အနီးမှ ဖြတ်သွားတိုင်း ဒူးထောက်ကာ အရှင်နှစ်ပါးကို ကန်တော့ကြသည်။

"ထိုရှုခင်းကို မြင်ရသဖြင့် မြန်မာတို့သည် မင်းခမ်းမင်းနား စီစဉ်ရာ၌ အလွန်ကျွမ်းကျင်သည်ဟု အသိအမှတ်ပြုရပေမည်။ နေဝင်ခါနီးမှ ဖောင်တော်လှည့်စေသည်မှာ အဓိပ္ပာယ်ရှိသည်။ အပူဓာတ် နည်းပါးလျက် အလင်းဓာတ် မလျော့သေးသော အချိန်ကို ရွေးချယ်ခြင်း ဖြစ်သည်။ နေရောင်ခြည်တို့သည် ရွှေလှေ၊ ရွှေဖောင်၊ ပြာသာဒ်တော်စသည်တို့ကို မီးမောင်းထိုးပြသကဲ့သို့ ရှိ၏။ ရွှေရောင် ငွေရောင်တို့သည် တဖိတ်ဖိတ် တောက်ပကာ ပတ်ဝန်းကျင်တစ်ခုလုံးကို ရောင်စုံ ဟပ်သကဲ့သို့ ရှိလေတော့သည်။ ကျွန်တော်၏ တစ်သက်တွင် ဤမျှ ခမ်းနားတောက်ပသော အခမ်းအနားမျိုး မမြင်ဖူးခဲ့ပါ။ ယခင်က အာရှထီးနန်း ကျက်သရေများ အကြောင်းကို စိတ်ကူးယဉ်ခဲ့သမျှ ယခုမှပင် မျက်ဝါးထင်ထင် ရှုမြင်ရခြင်း ဖြစ်ပေသည်။"

*

သို့လျှင် ခမည်းတော်နှင့် မယ်တော်တို့ စုံညီစွာ အဖေတူ အမေကွဲ သားတော်နှင့် သမီးတော်ကို ပွဲထုတ်ကြလေသည်။ နိုင်ငံခြားသားတို့၏ မှတ်တမ်းများတွင်လည်း သူတို့ ၂ဦး စပ်ဟပ်ကြောင်းလမ်းပြီး ဟူ၍ပင် ရေးသားလေ့ရှိကြသည်။ သို့သော် ဖန်နန်းရှင် နန်းတက်၍ ၁၅ နှစ်မျှ ကြာသော

www.burmeseclassic.com



အခါမှ စကြာမင်းခေါ် ညောင်ရမ်းမင်းသားကို သျှောင်ထုံးနားထွင်း မင်္ဂလာ ပြုပေးလေသည်။ ထိုအချိန်၌ စကြာမင်းသားမှာ အသက် ၂၀ ကျော် ရှိနေချေပြီ။ သမီးတော်မယ်သဲခေါ် "တိလောကမြတ်စွာ"ကိုလည်း ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် ၁၁၉၅ ခု တပို့တွဲလတွင် နားထွင်းမင်္ဂလာပြုပေးသည်။ "မဟာရတနာဒေဝီ"ဘွဲ့ ရရှိသည်။ ထိုအချိန်တွင် စကြာမင်းသားကို အိမ်ရှေ့အရာ ချီးမြှင့်ရန် အကောင်းဆုံးပင် ဖြစ်၏။ မယ်နု အနေဖြင့် သူ့သမီးတော်နှင့် စကြာမင်းသားကို သဘောတူညီပြီးဖြစ်၍ အထူးရွှေ့ဆိုင်းနေစရာမလိုချေ။ ဦးအိုကမူ ချီတုံချတုံ ရှိပေမည်။ သူကိုယ်တိုင်ထီးနန်း အလောင်းအလျာတို့တွင် ပါဝင်နေပြီဖြစ်၍ လည်းကောင်း၊ ဘုရင် နာမကျန်း ရှိနေရာတွင် အိမ်ရှေ့မင်း ပေါ်လာပါက နေရာခွဲပေးရမည်ကို တွန့်တို၍ လည်းကောင်း အာဏာလက်ရှိ ဦးအိုတို့က စကြာမင်းသား ဦးသျှောင်မင်္ဂလာ ဆင်ယင်ပြီးသော်လည်း ဘာအခွင့်အရေးမျှ လွှဲပြောင်း မပေးခဲ့ချေ။

အင်္ဂလိပ်သံမှူး ဘာနေက မင်းသားကြီး ဦးအိုသည် သူ ကောင်းစားချိန်၌ တစ်ကိုယ်ကောင်းဆန်လွန်းပုံကို များစွာပြစ်တင် ရှုတ်ချခဲ့သည်။ ထိုအချိန်က ဘာနေသည် နန်းတွင်းရေး ကိစ္စများကို အထူး နီးကပ်စွာ လေ့လာခွင့် ရရှိခဲ့ရာ သူ့အမြင်၌ မင်းသားကြီး (ဦးအို)က စကြာမင်းကို လည်းကောင်း၊ သာယာဝတီကို လည်းကောင်း ချုံးနှိမ်ကာ တမင်အောက်ကျ နောက်ကျ ထားခဲ့သည် ဆို၏။ ရှင်ဘုရင်၏ သားတော်နှင့် ညီတော်အရင်းတို့ကို နိုင်ငံရေး ဩဇာအာဏာများ အနည်းငယ်မျှ ဝေခွဲ သုံးစွဲခွင့် မပြု။ စကြာမင်းသား အရွယ်ရောက်သော်လည်း အိမ်ရှေ့အရာ လွှဲပေးပါက နိုင်ငံရေး ဩဇာ တိုးမြင့်သွားမည်ကို မမြင်လိုချေ။ သာယာဝတီမင်းသားမှာလည်း ဘုရင် ကျန်းမာစဉ်က အမြဲတစေ ဝင်ထွက် ခစားကာ ညီနောင်နှစ်ပါး များစွာ ခင်မင်ရင်းနှီးကာ ထိုက်သင့်သောဩဇာ ရှိသည်ဆို၏။

"မင်းသားကြီးနှင့် မိဖုရားကြီးတို့ကမူ သာယာဝတီမင်းနှင့် စကြာမင်း အပေါ်တွင် လုံးဝ စေတနာ မထားချေ။ ထိုသားနှင့် ထိုညီတို့က ဆိုးသွမ်း၍ နှိပ်ကွပ်ထားရပါသည် ဆိုရန်လည်း အကြောင်းမရှိချေ။ သို့သော် သူတို့ဩဇာရှိသော အချိန်ကာလအတွင်း ဦးအိုနှင့် မယ်နုသာလျှင် မြန်မာပြည်တွင် အချမ်းသာဆုံးပုဂ္ဂိုလ်များ ဖြစ်နေသည်ကို ထောက်ရှု၍ သူတို့မောင်နှမ၏ ရည်ရွယ်ချက်မှာ တိုင်းပြည်ကောင်းကျိုးနှင့် ဘာမျှ မသက်ဆိုင်ချေ"ဟု ဘာနေက မှတ်ချက် ရေးခဲ့သည်။

နယ်ချဲ့ ရန်သူတစ်ဦး၏ မှတ်တမ်းဖြစ်သော်လည်း သူ၏အာဘော် မပါဘဲ မျက်မြင်အခြေအနေကို ဖော်ပြခြင်းဖြစ်၍ ကျွန်တော်တို့ မှတ်သားထိုက်၏။

## နောင်တော်နှင့် ညီတော်

ပင်ကို စိတ်ဓာတ်အားဖြင့် စစ်ကိုင်းမင်းနှင့် သာယာဝတီမင်း ညီနောင်တို့မှာ သဘောကောင်းလျက် ပျော်ပျော် နေတတ်သူများ ဖြစ်သည်။ စစ်ကိုင်းမင်းသည် အခြွေအရံ အနည်းငယ်နှင့် မြင်းစီးကာ လှည့်လည်နေချင်၏။ ဆင်ကျုံး၌ ဆင်ရိုင်းများကို လေ့လာတတ်၏။ ရပ်ရွာထဲမှ ရက်ကန်းသည် အဒေါ်ကြီးများကို နန်းတော်သို့ ခေါ်ယူကာ နန်းတော်အောက်တွင် ဗိုင်းငင်ချည်ချ လုပ်ကြရန် နေရာပေးလျက် အရပ်စကား ပုံတိုပတ်စတွေ ပြောကြ ဆိုကြလျက် တပျော်တပါး နေတတ်သည်။

ညီဖြစ်သူ သာယာဝတီမင်းကလည်း နန်းမြို့ရိုးနှင့် ဧရာဝတီမြစ် စပ်ကြား၌ အိမ်တော် ဆောက်လုပ်ကာ ဥယျာဉ်စိုက်၏။ နိုင်ငံခြား ခွေးမျိုးကောင်းများ မွေးမြူ၏။ အသောက်အစား အပျော်အပါး ကြိုက်တတ်၏။ သူ့၌ နိုင်ငံခြားအရက် မှန်မှန်ဆက်သသော လူမျိုးခြား တပည့်များရှိ၏။ သို့သော် မင်းတရားရွှေထီးကဲ့သို့ လွန်ကျူးသော ယစ်ထုတ်ကား မဟုတ်ချေ။ မိန်းမ လိုက်စားရာ၌ (ပေါင်တံရှည်) ရွှေဘိုမင်း ကြိုက်၊ ကာလသားတို့နှင့် လားလားမျှ မထိုက် ဟူ၍ပင် စာဆိုရှိသည်။ သို့သော် သူ၌ မောင်းမမိဿံ ပေါင်း ၂၀ လောက်သာ ရှိသဖြင့် ဘိုးတော်ဘုရား၊ ရခိုင်နိုင်အိမ်ရှေ့မင်း၊ မင်းတုန်းမင်း စသည်တို့နှင့် နှိုင်းစာသော် အလွန် နည်းပါးသည်ဟု ဆိုရပေမည်။

အင်္ဂလိပ်-မြန်မာ စစ်ဖြစ်ချိန်က သာယာဝတီမင်းသားက အောက်ပြည်ကို ကာကွယ်ရန် မိမိ တာဝန်ယူလိုကြောင်း နောင်တော်သို့ တင်ပြ၏။ အင်္ဂလိပ်သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာကြောင်း ဦးစွာ သတင်းရချိန်၌ သာယာဝတီမင်းက မိမိ၌ စုဆောင်းထားရှိသော လူတစ်သောင်းကျော်ကို အရင်းပြုကာ အောက်အရပ် ပြည်မြို့နှင့် သာယာဝတီနယ်တို့၌ လူသူအင်အား ဖြည့်တင်း



www.burmeseclassic.com

www.burmeseclassic.com



ကာ ရန်သူကို တွန်းလှန် ဖြိုဖျက်ပါမည် ဆိုလေသည်။ ရှင်ဘုရင်က ညီတော်ကို ချီစေရန် ဆန္ဒရှိတော်မူသည်။ မင်းသားကြီး ဦးအိုနှင့် သူ့အဖွဲ့ဝင် မှူးကြီးမတ်ကြီးများက သဘောမတူကြ။ ထို့ကြောင့် မှူးမတ်များ အလိုအတိုင်း အောက်ပါအမိန့်ကို ဘုရင်က ထုတ်ပြန်ရသည်။

"သာယာဝတီမင်းက လူပေါင်း ၁၆၀၀၀ စည်းကြပ်၍ သီတင်းကျွတ်လဆန်း ၁၅ ရက်နေ့တွင် ကြည်း၊ ရေ ချီတက်ရန် သံတော်ဦးတင်သည်မှာ အရေးအလုံး မပြီးမပြေ။ ဝန်ကြီးမဟာဗန္ဓုလကို ဟံသာဝတီကြောင်း ဗိုလ်မှူးခန့်အပ်ပြီး ဖြစ်သည်။ သာယာဝတီမင်းက အချီအတက် အလုပ်အကြံ ရပ်ဆိုင်းစေပြီး ဗိုလ်မှူး ဝန်ကြီးမဟာဗန္ဓုလ ဆိုက်ရောက်သည့် ကာလမှ သာလျှင် ကြံကြိုက်သလို ပူးပေါင်းလုပ်ကြံ သိမ်းယူဆက်သစေ"

## မြန်မာ့အခက် အင်္ဂလိပ်အကွက်

သို့လျှင် "သာယာဝတီမင်းသား ပိုမို အင်အားကြီးထွားလာသည်ကို ပိတ်ဆို့ရန်မှာ အင်္ဂလိပ်ရန်သူထက် အရေးကြီးသည်" ဟူသော ဦးအို၏ အဆုံးအဖြတ်က အနိုင်ရသွားလေသည်။

ထိုအချိန်က ဗန္ဓုလသည် ရခိုင်ပြည်၌ စစ်စခန်းချနေ၏။ မြဝတီဦးစက ပန်းဝါ၌ အင်္ဂလိပ်များကို အနိုင်ရကာ စစ်တကောင်းအထိ ချီတက် သိမ်းပိုက်လို၏။ ထိုအရပ်မှာ ဘင်္ဂလား ၁၂ မြို့၏ အချုပ်အခြာ ဖြစ်၏။ သို့သော် ထိုသို့ စစ်ချီရန် နေပြည်တော်မှ လည်းကောင်း၊ ဗန္ဓုလထံမှ လည်းကောင်း အမိန့်မရချေ။ ထိုအတောအတွင်း ရေတပ်၌ အင်အားကောင်းသော အင်္ဂလိပ်တို့က ပင်လယ်မှ ရန်ကုန်သို့ ချီတက်စစ်ပြုခြင်း ဖြစ်သည်။

မြန်မာစစ်တပ်များ ဘင်္ဂလား နယ်မြေအတွင်း ရောက်ရှိနေသဖြင့် အင်္ဂလိပ်ဘုရင်ခံချုပ် ရုံးစိုက်ရာ ကာလကတ္တားမြို့ပင် ကျိုးလန့်စာ စား အခြေမျိုး၌ ချောက်ချားနေလေသည်။ ထို့ကြောင့် မြန်မာတို့ ထွက်ခွာစေရန် ဘင်္ဂလားနယ်တွင် ရင်မဆိုင်ဘဲ မြန်မာပြည်၏ တောင်ဘက်အပေါက်မှ အင်္ဂလိပ်တို့က လှည့်ဝင်ကာ နောက်ကြောကို ဓားနှင့်ထိုးသည့် စစ်တိုက်နည်းကို သုံးခြင်း ဖြစ်၏။

ထိုအချိန်မျိုးတွင် ဗန္ဓုလ စစ်တကောင်းအထိ တိုးတက် တိုက်ခိုက်လျှင် အင်္ဂလိပ်တို့မှာ ကုန်းတပ်အင်အား မပြည့်စုံ၍ အတော်ပင် အကျပ်ရိုက်ပေမည်။ မြန်မာ နေပြည်တော်မှ သာယာဝတီမင်းသားလို အဆင့်အတန်းမြင့်သော မင်းသားတစ်ပါး ခေါင်းဆောင်ကာ အင်္ဂလိပ်ရန်သူကို စောစော ဆီးဆို့ခုခံနိုင်လျှင် ဗန္ဓုလသည် အစီအစဉ်ကို ဖျက်ကာ ပြန်လာစရာ လိုမည် မဟုတ်ချေ။

၁၁၈၆ ခု ကဆုန်လဆန်း ၁၄ ရက်၌ အင်္ဂလိပ်များ ရန်ကုန်သို့ရောက်ကာ ရွှေတိဂုံကုန်းတော်ကို သိမ်းပိုက်၏။ ထိုကုန်းကို ခံတပ်ပြုကာ စစ်အင်အား တစ်သောင်းမှ နှစ်သောင်း အထိ တိုးချဲ့၍ မြန်မာတို့ကို ရင်ဆိုင်သည်။

သာယာဝတီ မင်းသားကို စစ်တိုက်ခွင့် ပြုပါ၏။ သို့သော် ဗန္ဓုလ ပြန်ရောက်အောင် စောင့်ရသဖြင့် ၅ လ ကြာသွားရာ ထိုအတောအတွင်း အင်္ဂလိပ်တို့က အခြေခံရကာ အရေးသာနေ၏။ သာယာဝတီမင်းသားကို မလွှတ်ဘဲ ဦးအိုတို့ စိတ်ကြိုက်ရွေးချယ် စေလွှတ်သော မင်းကြီးမင်းခေါင်နှင့် မင်းကြီးမဟာတို့မှာ မခံရပ်နိုင်ဘဲ တိုက်ပွဲ၌ ကျဆုံးကုန်၏။

သာယာဝတီမင်းသားနှင့် တောင်ငူမင်းသားတို့ တပ်ပေါင်းစုကာ ကျိုက်ကလို့ ဘုရားကုန်းအထိ ချီတက်ခွင့်ရရာ ထိုအရပ်၌ အင်္ဂလိပ်တို့က အလုံးအရင်းနှင့် လာဝိုင်းသော်လည်း မရဘဲ မြန်မာတို့က ထိုတစ်ကွက်၌ကား စစ်ရေးသာလိုက်လေသည်။ ဗန္ဓုလက ရန်ကုန်ကို ဝိုင်းရန် အစီအစဉ်မှာ အထ မမြောက်ချေ။ ထို့ကြောင့် ဓနုဖြူသို့ ဆုတ်ခွာရသည်။

မဟာဗန္ဓုလကို သာယာဝတီမင်းသား ဆုံတွေ့ရာတွင် 'ရန်ကုန်မှာ တွေ့ရတဲ့ ကုလားဖြူတွေက စစ်သူကြီး ရခိုင်ပြည်မှာ တွေ့ခဲ့ရတဲ့ ကုလားတွေထက် ကြမ်းတယ်။ အဲဒီအချက်ကို ကြပ်ကြပ် သတိပြုပါ' ဟု သတိပေးစကား ပြောကြား၏။ သို့သော် ဗန္ဓုလက ဂရုစိုက်ဟန် မတူချေ။ 'ကြည့်နေပါ၊ ယနေ့မှ ၈ ရက် မြောက်လျှင် ရန်ကုန်ကို သိမ်းပြီး လွှတ်တော်ရုံးမှာ စားပွဲထိုင်မယ်။ ပြီးတော့ ရွှေတိဂုံဘုရားကို တက်ဖူးမယ်' ဟု မင်းသားကို ရယ်ရယ်မောမော ပြောခဲ့သည်။ မင်းသားက 'စစ်သူကြီး ပြောတဲ့အတိုင်း အောင်မြင်ပါစေဗျာ။ တော်ကြာတော့သာ ထွက်ပြေးရတယ် မကြားပါရစေနှင့်။ ကျုပ် တွေ့ရသလောက်မှာတော့ ဒီကုလားတွေက ပိုကြမ်းတယ်၊ ရမ်းတယ် ဆိုတာ တိုက်ပွဲ အတွေ့အကြုံ အနေနှင့် ပြောပြတာပါ' ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ရန်ကုန်တိုက်ပွဲတွင် ဗန္ဓုလက ပုစွန်တောင်ဘက်သို့ ဆုတ်ခွာခဲ့ရကြောင်း သတင်းရရှိရာ သာယာဝတီမင်းက 'ဟား.....ဟာ.....ငါ မပြောဘူးလား'ဟု ရယ်မော မိန့်ဆိုခဲ့၏။

သာယာဝတီမင်းက သူ ဖမ်းဆီးရသော စစ်အကျဉ်းသားများကို မညှဉ်းပန်းဘဲ ကောင်းစွာ ကျွေးမွေး၏။ အင်္ဂလိပ် သုံ့ပန်းများကို အင်းဝသို့ ပို့၏။ သံခြေချင်း တစ်ခုသာ ခတ်၏။ အခြား အာရှတိုက်သား သုံ့ပန်းများကို အချုပ်အနှောင် မရှိ သူ၏ တပ်သားများနှင့်အတူ နေစေသည်။

သာယာဝတီမင်းက ဖမ်းမိသော အင်္ဂလိပ်အရာရှိကို နှစ်သိမ့်စကား ပြောရာတွင် 'မြန်မာနှင့် အင်္ဂလိပ်တို့ဟာ အရင်ကတော့ တစ်ဦးကိုတစ်ဦး သိပ်အထင်သေးခဲ့ကြတာပဲ။ အခုတိုက်ပွဲမှာတော့ အင်္ဂလိပ်တွေဟာလည်း မာနရှိသူများ ဖြစ်ကြောင်း ကောင်းကောင်း တိုက်ပြကြပေတယ်။ ဒါကြောင့် နောင်ကို မြန်မာတို့က အင်္ဂလိပ်ကို အထင်သေးဖွယ် မရှိတော့ပါ'ဟု မိန့်ဆိုခဲ့လေသည်။

သာယာဝတီမင်းသား အနေနှင့် အခြား ရယ်ဖွယ်တစ်ချက်လည်း ရှိပေသေးသည်။ မင်းသားကြီး ဦးအိုက သူ့အား သေနာပတိ မခန့်သဖြင့် ဤတိုက်ပွဲတွင် သူ့အတွက် နာမည်ပျက်စရာ မရှိချေ။ ယခုမှ ဗန္ဓုလမှာ သတ္တိကောင်းသော်လည်း လက်နက်အင်အား မမျှသဖြင့် ဓနုဖြူ၌ ကျဆုံးရလေသည်။

စစ်ရေး စစ်ခြေကို ကောင်းစွာ အကဲခတ်မိသော သာယာဝတီမင်းသားက ဤတစ်ချီ၌ မြန်မာတို့ အငိုက်မိသည်ကို အသိအမှတ်ပြုကာ အင်္ဂလိပ်တို့နှင့် စောစော စစ်ပြေငြိမ်းလို၏။ ဆက်လက်တိုက်ခိုက်နေက မြန်မာတို့သာလျှင် ပို၍ ထိခိုက်နစ်နာဖွယ် ရှိမည်။ ထို့ကြောင့် ပြည်မြို့၌ စခန်းချနေသော သာယာဝတီမင်းက နေပြည်တော်သို့ စစ်ရပ်စဲကာ အင်္ဂလိပ်ထံမှ အရေးတောင်းသင့်ကြောင်း အစီရင်ခံ၏။ သို့သော် ဦးအိုနှင့်အဖွဲ့က စစ်ကို ဆက်လက်တိုက်ချင်၏။ ဦးအိုက ပြည်တွင်းရှိ အင်္ဂလိပ်များကိုလည်း လှို့ဝှက်စွာ သတ်ပစ်ရန် လိုလားနေသည်။ ဦးအိုနှင့် မယ်နုတို့ ရွှေနားတော်သွင်းသည့်အတိုင်း စစ်ကိုင်းမင်းက စစ်ဆင်ရေးကို အားပေးရလေသည်။

ထို့ကြောင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် အင်္ဂလိပ်တပ်များ ချီတက်လာရာ မတွန်းလှန်နိုင်ဘဲ ရန္တပိုရွာအထိ ရောက်လာ၏။ အင်းဝနှင့် မိုင် ၄၀ သာ ကွာတော့၏။

### တရားခံ မောင်အို

မယ်နုက ရွှေဘိုသို့ ရှောင်တိမ်းရန် အဆိုပြုသော်လည်း ရာဇသိက္ခာကျဖွယ် ရှိ၏။ သို့ဖြစ်ရာ သာယာဝတီမင်း စောစောက အကြံပေးခဲ့သည့်အတိုင်း လိုက်နာတော့သည်။ ပို၍ ရှုံးပြီးမှ အရေးဆိုသောအခါ ရန်သူကို ပို၍ ပေးရစမြဲပင်။ ထို့ကြောင့် မဏိပူရ၊ အာသံ၊ ရခိုင်၊ တနင်္သာရီ စသော မြန်မာ၏ အတောင်အလက်များ အားလုံး အဖြတ်ခံရလေသည်။ စစ်လျော်ကြေး တစ်ကုဋေကိုလည်း ၄ ရစ်ခွဲ၍ ပေးဆပ်ရသည်။

"ဦးအို၏ လှို့ဝှက်ကြံစည်မှုများသည် အင်္ဂလိပ်နှင့် မြန်မာတို့၏ ပထမစစ် ဖြစ်ပွားရခြင်း၏ အကြောင်းတစ်ရပ် ဖြစ်သည်"ဟု မြန်မာပြည် သုတေသနဂျာနယ် (၁၉၂၉)၌ အင်္ဂလိပ်အရေးပိုင် လင်ဂင်ကားတားက ရေးသား တင်ပြခဲ့သည်။

ထိုအချိန်က နန်းတွင်း အခြေအနေကို **မင်းနှင့်စာဆို** စာအုပ်၌ စာရေးဆရာ တိုက်စိုးက သုံးသပ်ရာတွင် "စစ်ကြောင့် မယ်နုတို့ မောင်နှမနှင့် သာယာဝတီမင်းသားတို့ ပို၍ စိတ်ဝမ်းကွဲလာရ၏။ စစ်ကိုင်းမင်းမှာလည်း မထွေးနိုင်၊ မအန်နိုင် ဖြစ်လေသည်။ သူ့လက်ထက်တွင် အလောင်းဘုရား တည်ထားခဲ့သော နိုင်ငံတော်သည် ပဲ့ထွက်ခဲ့လေပြီ။ စစ်ကိုင်းမင်းသည် တတ်အားသရွေ့ သူ့စိတ်ကို ဖြေခဲ့ပါသေး၏။ သို့သော် စစ်လျော်ကြေးကိစ္စ စသည်တို့နှင့် ပတ်သက်၍ အင်္ဂလိပ်နှင့် အချီအချ ပြောရခြင်းတို့မှာ စိတ်အနှောင့်အယှက် ဖြစ်စေ၏။ ထို့ကြောင့် စိတ်မကြည်လင်ရာမှ ကျန်းမာရေးပါ ပျက်လေ၏။ ကြာသော် ပြည်ရေးပြည်ရာကို လှည့်၍ မကြည့်ချင်အောင် သူ့မှာ ဝေဒနာ စွဲကပ်လာ၏။

"ဤတွင် ရှင်မယ်နုနှင့် ဦးအိုတို့အဖို့ မင်းအာဏာကို သုံးရန် အခွင့်အရေး သာလာလေသည်။ အရေးကြုံလျှင် သုံးနိုင်အောင် ရွှေ ငွေ ကျောက်သံ ပတ္တမြားတို့ကို ဦးကြီးဖြစ်သူ ဒီပဲယင်းဝန် ဦးကွန်ထံတွင် သိုဝှက်ထားလေသည်။ ရာထူး ဌာနန္တရတို့ကိုလည်း သူတို့ အုပ်စုဝင်များကိုသာ ခန့်အပ်သည်။ လွှတ်တော်တွင် ဦးအို၏အသံ လွှမ်းမိုးနေ၏။ တိုင်းသူပြည်သားတို့က ဦးအို တွင်ကျယ်နေသည်ကို မကြိုက်။"

နောင်တော် စစ်ကိုင်းမင်း ဝေဒနာစွဲကပ်ချိန်၌ ယာယီ နန်းထိန်း အဖွဲ့တစ်ခု ပြုလုပ်ကာ သာယာဝတီမင်းသားကို



www.burmeseclassic.com

www.burmeseclassic.com



သဘာပတိအရာ၌ ထားလေသည်။ သို့သော် တစ်ကြိမ်၊ နှစ်ကြိမ် အစည်းအဝေး တက်ပြီးနောက် မိမိအား ရုပ်ပြအနေနှင့်သာ အသုံးချနေကြောင်း သိရှိသောအခါ လုံးဝ အဝင်အထွက် မလုပ်တော့ချေ။ သို့သော် သာယာဝတီမင်းသည် မည်သို့မျှ ရန်တုံ့ပြန်ခြင်း မရှိဘဲ ၆ နှစ်ကြာမျှ မိမိ၏ အလုပ်လက်မဲ့ဘဝတွင် ခပ်အေးအေး ဆက်လက် နေထိုင်ခဲ့သည်။ ထိုသို့ နေရင်းထိုင်ရင်းပင် သူ့အိမ်ထောင်၌ ရာဇဝတ်ကောင်ငရေးကို သိဝှက်ထား၍ ထုတ်ပေးရန် ဦးအိုက ဘုရင့်အမိန့်ဟု ဆိုကာ တောင်းဆိုလေသည်။

သာယာဝတီမင်းက ဦးအိုသည် သူ့အား အကွက်ဆင်ကာ အပြစ်ရှာမှန်း သိ၏။ ဖြေရှင်းရန် နောင်တော်နှင့် တွေ့ခွင့်ရလို၏။ ထို့ကြောင့် ဘုန်းကြီးများမှတစ်ဆင့် လည်းကောင်း၊ အရီးတော် ပေါင်းတည်မြို့စား ဒေါ်ပုမှ တစ်ဆင့် လည်းကောင်း နောင်တော်ထံ တွေ့ခွင့်ပန်သည်။ မရပါချေ။ သာယာဝတီမင်းသား မခံနိုင်တော့ပြီ။ ၁၁၉၈ ခု တပေါင်းလဆုတ် ၆ ရက်တွင် နေပြည်တော်မှ သာယာဝတီမင်း ထွက်တော်မူကာ ရွှေဘိုသို့ ချီလေသည်။

*

## [ ၅ ] အင်္ဂလိပ်က ပါးကိုက်၍ မြန်မာက နားကိုက်ခြင်း

ရန္တပိုစာချုပ်၏ အပိုဒ်(၇)အရ အင်္ဂလိပ်နှင့်မြန်မာ အပြန်အလှန် သံကိုယ်စားလှယ်များ ထားရှိကြသဖြင့် မေဂျာဟင်နရီဘာနေ (Major Henery Burney)ခေါင်းဆောင်သော အင်္ဂလိပ်သံအဖွဲ့မှာ ၁၈၃၀ ဧပြီလ ၂၄ ရက်နေ့တွင် အင်းဝသို့ ရောက်ရှိခဲ့သည်။ မြန်မာတို့ကမူ ထိုနှစ် အောက်တိုဘာ ၉ ရက်နေ့ကျမှ သာလျှင် မင်းကြီး မဟာစည်သူ ဦးရွှေခေါင်းဆောင်သော သံအဖွဲ့ကို ကာလကတ္တားမြို့ရှိ အင်္ဂလိပ်ဘုရင်ခံချုပ် ထံသို့ စေလွှတ်ဖြစ်သည်။

ဤကိစ္စနှင့် ပတ်သက်၍ သုတေသန အရာရှိ ဒေါ်ကြန် တည်းဖြတ်သော **ဘင်္ဂလားသွားစာတမ်း** ၌ ရေးသားပါရှိသည်မှာ "သံကိုယ်စားလှယ် အပြန်အလှန်ထားခြင်းကိစ္စ၌ အင်္ဂလိပ်နှင့်မြန်မာတို့ ယူဆပုံချင်း မတူချေ။ အင်္ဂလိပ်တို့က မေဂျာဘာနေကို Resident ဟူသော သဘောနှင့်အညီ မြန်မာမင်း နေပြည်တော်၌ ရုံးစိုက် နေထိုင်ကာ မိမိတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် စေလွှတ်လိုက်ခြင်း ဖြစ်သည်။ မြန်မာများကမူ မင်းကြီး မဟာစည်သူ သံအဖွဲ့ကို ယာယီအားဖြင့် အလေ့အထာ လှည့်လည်ကြည့်ရှုရန် ဟူသော သဘော ပိုမိုထားရှိဟန်တူသည်။ သို့သော် ပေါ့ပေါ့တန်တန် သဘောထားခြင်းမှာ Resident ဟူသော သဘောကို နားမလည် သဘောမပေါက်၍ ဖြစ်မည် မထင်။ မြန်မာတို့က အင်္ဂလိပ် ကိုယ်စားလှယ်တစ်ဦး မိမိတို့ နေပြည်တော်တွင် ရုံးစိုက်နေထိုင်ခြင်းသည် မိမိတို့ စစ်ရေး ရှုံးနိမ့်ခြင်း၏ ပြယုဂ် ဖြစ်သည်၊ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည်ဟု ကြည်ဖြူ လိုလားခြင်း မရှိကြချေ။ ထို့ကြောင့် ရန္တပိုစာချုပ်၌ ပါသော ထိုအပိုဒ်ကို ဖျက်သိမ်းလိုကြသည်။ ယင်းသို့ဖြစ်၍ မြန်မာသံအဖွဲ့သည် ဘင်္ဂလား၌ ရုံးစိုက်နေခြင်း မရှိဘဲ ဘုရင်ခံနှင့် တွေ့ဆုံပြီးနောက် ပြန်လာခဲ့သည်။

မြန်မာသံအဖွဲ့၌ စုစုပေါင်း ၈၂ ယောက် ပါရှိရာ သံအရာရှိတို့၏ မိန်းမ ၃၊ သမီး ၂၊ ချွေးမ ၁၊ အစေအပါး ၃ ဟူ၍ အမျိုးသမီး ၉ ဦး ပါဝင်သည်။ အင်္ဂလိပ်အစိုးရက တစ်လလျှင် ငွေ ၂၅၀ ကျပ်တန် အိမ်ငှားပေးသည်။ သံကြီး ၂ ဦးအတွက် နေ့စဉ် အသုံးစရိတ် ၆ ကျပ်စီ ပေးသည်။ နောက်လိုက်များအတွက် တစ်လလျှင် ၂၀၀ ကျပ် ပေးသည်။ ရန္တပိုစာချုပ်အရ သံတမန် စရိတ်များကို အပြန်အလှန် နှစ်နိုင်ငံ အစိုးရတို့က ထောက်ပံ့ရခြင်း ဖြစ်သည်။

မင်းကြီး မဟာစည်သူ၏ သံအဖွဲ့အတွက် တစ်နှစ်လျှင် အင်္ဂလိပ်ထောက်ပံ့ငွေ ၉၀၀၀ ကျပ်မျှ ကုန်ကျသည်။ ထိုငွေနှင့် မလုံလောက်၍ မြန်မာအစိုးရ သံအဖွဲ့အတွက် တစ်နှစ်လျှင် ကျပ်ချိန် ၁၆၈၀၀ ကျပ် ပေးပို့ရသည်။

အင်းဝမြို့တော်၌ မေဂျာဘာနေ ရောက်ရှိပြီး ၇ လ ကြာမှ သူ၏ တိုက်တွန်းချက်အရ မြန်မာသံအဖွဲ့ သွားရောက်ခြင်း ဖြစ်သည်။ သူ့အနေဖြင့် ရန္တပိုစာချုပ်အတိုင်း တည်စေရန် အောက်ပါ အချက် ၄ ချက်ကို အင်္ဂလိပ်တို့ အခြေပြု ဆွေးနွေးရန် လို၏။

(၁) ကလေးကဘော် တောင်ကြား မြန်မာပိုင်ဖြစ်၍ မြန်မာ့ဘုရင်ထံ ပြန်အပ်ရန်။

(၂) မုတ္တမမြို့နယ်မှာလည်း တနင်္သာရီတိုင်း၌ မပါ၍ မြန်မာလက်သို့ ပြန်အပ်ရန်။

(၃) ရာဇမဟာမိတ်များ ဘဝသို့ စစ်လျော်ကြေး ပေးပြီးလျှင် ပြန်လည် ရရှိသဖြင့် အင်္ဂလိပ်တို့



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ခဲ့သော ရခိုင်နှင့် တနင်္သာရီတို့ကို မြန်မာသို့ ပြန်လည်ပေးအပ်ရန်။

(၄) အမြဲတမ်း သံတမန် ခန့်ထားခြင်း မပြုဘဲ ၅ နှစ် တစ်ကြိမ်သာလျှင် သံတမန် လဲလှယ် စေလွှတ်ရန်။

မေဂျာဘာနေက အင်းဝမြို့နယ်တော်တွင် သူနှင့် မြန်မာတို့ ဆွေးနွေးစပ်ပြီးစီးခြင်း မရှိသော အထက်ပါ ပြဿနာတို့ကို အင်္ဂလိပ်ဘုရင်ခံချုပ်ထံ မြန်မာမင်းများကိုယ်တိုင် သွားရောက် ညှိနှိုင်းစေလိုသည်။ သို့သော် သူ့အနေဖြင့် မြန်မာတို့ အပေါ်၌ကား စေတနာ လုံးဝ မရှိချေ။ အင်းဝမြို့တော်သို့ သူ ရောက်ရှိချိန်က ဘုရင့်ရှေ့တော်သို့ ချက်ချင်း ဝင်ခွင့်မပြုခဲ့သည်ကို သူက အခဲမကျေနိုင် ဖြစ်နေ၏။

ဘုရင့်ရှေ့တော် ဝင်လျှင် မြန်မာထုံးစံအတိုင်း ဖိနပ်ချွတ်ရမည်၊ ကန်တော့ခံနေ့တွင် ဝင်ရမည် စသော အချက်တို့ကို သူက အပြင်းအထန် ငြင်းဆန် ကန့်ကွက်ခဲ့သည်။ နောက်ဆုံး၌ နှစ်ဦးနှစ်ဖက် ညှိနှိုင်းကာ ကန်တော့ခံနေ့ မဟုတ်သော ၁၈၃၀ ပြည့် ဇွန်လ ၂၄ ရက်နေ့တွင် ရှေ့တော်သို့ ဝင်ခွင့်ပြုလေသည်။ သူ ရောက်ရှိပြီး ၁ လ နှင့် ၂၃ ရက် အကြာတွင် ရှေ့တော်သို့ ဝင်ခွင့်ရခဲ့သော်လည်း မြန်မာများက သူ့ကို အကြောင်းမဲ့ နှိမ်သည်၊ ညှဉ်းပန်းသည်ဟု ဘာနေက မြန်မာများအပေါ်တွင် နာကြည်းခဲ့သည်။ [**အခြေပြ မြန်မာနိုင်ငံရေး သမိုင်း**]

အမှန်အားဖြင့် ရှေ့တော်သို့ ဝင်ခွင့်ရစဉ်ကလည်း အင်္ဂလိပ်သံအဖွဲ့က မလိမ့်တပတ် စည်းကမ်းချိုးဖောက်ခြင်း ပြုခဲ့သည်။ မေဂျာဘာနေ၏ ညီတော်သူ ဒုသံမှူး ကပ္ပိတန်ဂျော့ဘာနေသည် ခြေအိတ်ရှည်အတွင်းက ဖိနပ်ကို ဝှက်စီးကာ ရှေ့တော်သို့ ဝင်လေသည်။ သံမှူးအနေနှင့် ထိုသို့ပြုပါက မြန်မာတို့ ကန့်ကွက်လျှင် အရှက်ရဖွယ် ရှိသောကြောင့် ညီနှင့် လွဲပြောင်းကာ ခိုးကြောင်ဝှက်ကြောင် စည်းကမ်းဖောက်ခြင်း ဖြစ်သည်။ အကယ်၍ မြန်မာတို့က အပြစ်ဆိုလျှင် "သံငယ်က မသိ၍ပါ"ဟူသော ဆင်ခြေဖြင့် ညစ်ပုပ်ကပ်ကျယ် ဖြောင်လိမ်ဖွယ် ရှိ၏။ မြန်မာတို့ အနေဖြင့်ကား သိသော်လည်း အကျယ်မဖြစ်စေလို၍ သည်းခံခဲ့ခြင်း ဖြစ်ဟန်တူ၏။

မင်းကြီး မဟာစည်သူအဖွဲ့ ကာလကတ္တားသို့ ထွက်ခါနီးတွင် မေဂျာဘာနေက သူတို့ ဘုရင်ခံချုပ်ထံမှ လိုအပ်သော ကူညီမှုများ ပေးသနားရန် မိတ်ဆွေများ ဝတ္တရားအတိုင်း မှာကြား ပြောဆိုသင့်ပါလျက် ထိုသို့ မကူညီသည့်သာမက အောက်ပါ အတွင်းစာကို ဘုရင်ခံချုပ်ထံသို့ ဘာနေကိုယ်တိုင် လျှို့ဝှက်စွာ ကြိုတင် ပေးပို့ခဲ့သည်။

## ဘာနေ၏ အတွင်းစာ

"မြန်မာဝန်ကြီးများက ဘင်္ဂလားသို့ သံအဖွဲ့တစ်ခု အမြန်စေလွှတ်ရန် စီစဉ်သည်ဟု ကျွန်တော် ကြားသိရပါသည်။ ထိုအဖွဲ့ ကာလကတ္တားသို့ ဆိုက်ရောက်ပါက ထုံးစံအတိုင်း ကြိုဆို လက်ခံပြီးနောက် သူတို့အား မျက်နှာသာ မပေးစေလိုပါ။ ဆက်ဆံရာ၌ သူတို့အပေါ်တွင် အထက်စီးနှင့် မောက်မာစွာ ကျင့်သုံးသင့်ပါသည်။

ယခုအချိန် အင်းဝမြို့တော်၌ ကျွန်တော်တို့ အင်္ဂလိပ်သံအဖွဲ့ကို မြန်မာတို့ဆက်ဆံပုံမှာ ကောင်းလှသည်ဟု မဆိုသာပါ။ မည်သို့ဖြစ်စေ ၁၈၂၇ ခုနှစ်က လာရောက်သော မြန်မာသံအဖွဲ့လောက် အဆင့်အတန်း ရက်ရောစွာ သူတို့ကို အခွင့်အရေး မပေးသင့်ပါ။

ယခင် သံအဖွဲ့က ကျွန်တော်တို့ ထောက်ပံ့ပြုစုသမျှကို လောဘတကြီး သိမ်းကျုံး ယူကြပါသည်။ ထောက်ပံ့ငွေမှ ပိုလျှံသမျှ စုဆောင်းခဲ့ကြသည်။ အင်းဝမြို့တော်သို့ ပြန်ရောက်သောအခါ ထိုငွေဖြင့် လာဘ်ထိုးကာ သူတို့ ရာထူး အဆင့်အတန်း တိုးအောင် လုပ်ကြပါသည်။ သူတို့ ရာထူး တိုးတက်သည်နှင့်အမျှ ကျွန်တော်တို့ အင်္ဂလိပ်များ အပေါ်တွင် ပိုမို ဖိနှိပ်ကြပါသည်။

အင်္ဂလိပ် ဘုရင်ခံချုပ်နှင့် သူတို့ကို တွေ့ခွင့်ပေးရန် ကြာနိုင်သမျှ ကြာအောင် စောင့်ဆိုင်းစေသင့်ပါသည်။ ရန္တပိုစာချုပ်အရ စစ်လျော်ကြေးပေးရန် ကျန်ငွေ (လေးပုံတစ်ပုံ)ကို ပြေလည်အောင် ပေးဆပ်ပြီးမှသာလျှင် သူတို့ တိုင်ပင်ဆွေးနွေးလိုသော ကိစ္စများကို လက်ခံနိုင်မည်ဟု ပြောကြားသင့်ပါသည်။ ရခိုင်ပြည်ရှိ အင်္ဂလိပ်ပိုင်နက်များ မြန်မာတို့ ကျူးလွန်သည်ကိုလည်း ရပ်တန်းက ရပ်ရန် သတိပေးသင့်ပါသည်။

ယခု လာရောက်သော မြန်မာသံအဖွဲ့သည် ကျွန်တော်တို့နှင့် စာချုပ်စာတမ်းပြုလုပ်ရန် အာဏာအပြည့်အစုံပါရှိသူများလည်း မဟုတ်ပါကြောင်း။"

ပုံ – ဟင်နရီ ဘာနေ

*



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ အင်္ဂလိပ်သံမှူး ဘာနေ၏ ချောက်တွန်းချက်ကြောင့် မင်းကြီး မဟာစည်သူ၏ သံအဖွဲ့သည် အိန္ဒိယပြည်သို့ ရောက်ပြီး ၂ နှစ်နီးပါး ကြာမှ အင်္ဂလိပ်ဘုရင်ခံချုပ်ကို လမ်းခုလတ်၌ ခေတ္တ ဖူးမြော်ခွင့်ရသည်။ ဆွေးနွေးခွင့်ကား ကာလကတ္တားမြို့တော်၌ ရမည်လိုလိုနှင့် နောက်ထပ် တစ်နှစ် ကြာခဲ့ပြန်သည်။

မြန်မာသံအဖွဲ့ကို စောင့်ရှောက်ရန်ဟု မေဂျာဘာနေ၏ညီ ကပ္ပိတန်ဘာနေသည် အတူပါရှိခဲ့ရာ သူ့နောင်တော်၏ အတွင်းစာအတိုင်း မြန်မာများကို ညှဉ်းဆဲဖြစ်အောင် တမင် ထည့်ရေးခြင်း ဟူ၍ပင် ယူဆသင့်ပေသည်။

မြန်မာမင်းကြီး၏ **ဘင်္ဂလားသွား စာတမ်းမှ** ကောက်နုတ်ချက်များကို အကျဉ်း ဖော်ပြပါမည်။

**ဒီဇင်ဘာ ၂၊ ၁၈၃၀။**

ကာလကတ္တားမြို့က မီးသင်္ဘော အကြိုအယူ မလာရောက်သေးသောကြောင့် စစ်တွေကျွန်းတွင် ၁၂ ရက် ရပ်နေရသည်။ ကာလကတ္တားမြို့သို့ ဒီဇင်ဘာ ၇ ရက်နေ့ ရောက်ရာ ဘာလီကန်အရပ် သုံးထပ်တိုက်၌ နေထိုင်ကြရသည်။ ကပ္ပိတန်ဘာနေက မြန်မာမင်းများ ဂုဏ်တန်ခိုးရှိအောင် ဆိုကာ တိုက်စောင့်စစ်ပါရီ ၁၂ ဦးနှင့် ဒရဝမ်များ ထားရှိသည်။ လူငယ်တို့ အခွင့်မရှိ မထွက်မခွာ မသွားစေရ။ သံတမန်များ လေညင်းခံရန် မြင်းနှစ်စီးဆွဲသော ရထားနှစ်စင်း နေ့စဉ် ပို့ထားသည်။ ထို့နောက် ရထားနှစ်စီး ထားရသည်မှာ ငွေကုန်သည်ဆိုကာ တစ်စီးသာ လာရောက်သည်။

**ဒီဇင်ဘာ ၁၁။**

ဘုရင်ခံချုပ် ဘင်းတစ် (Bentick)က ဆင်းမလားမြို့သို့ လေညင်းခံသွားသည် ဆိုကာ သူ့နေရာတွင် ဒု-ဥက္ကဋ္ဌ မက်ကပ် (Metcalfe) က ကုမ္ပဏီအရာရှိများ၏ ကပွဲကို ဖိတ်သည်။

ထို့နောက် တစ်လခန့်ကြာလျှင် ကာလကတ္တားချည်စက်သို့ ကပ္ပိတန်ဘာနေက လိုက်ပို့သည်။

နောက် တစ်နှစ်နီးပါး ရှိသောအခါ ဘုရင်ခံချုပ်ရှိရာ ဟိန္ဒူစတန်သို့ လိုက်ရန် လှေဆိပ်သို့ ဆင်းသည်။ လှေတက် ပြင်ဆင်မပြီး၍ လှေဆိပ်တွင် ၇ ရက် စောင့်ရ၏။

လေးတိုင်ကွာ အဓာနစ်မြို့တွင် ကပ္ပိတန်ဘာနေက အကြောင်းရှိသည်ဆို၍ ၁၄ ရက် ဆိုင်းနေရ၏။

**နိုဝင်ဘာ ၇၊ ၁၈၃၁။**

မူရှိတဘက်မြို့မှ ဂင်္ဂါမြစ်ကို ဆန်တက်သည်။ ဒီဇင်ဘာ ၆ ရက်တွင် ပတ္တနာခေါ် ပါတလိပုတ်ပြည်သို့ ရောက်၏။ ၎င်းမြို့နှင့် ဘုရားပွင့်တော်မူရာ ဗောဓိပင်နှင့် နီးသောကြောင့် သွားလိုသည်ဆိုရာ ကပ္ပိတန်ဘာနေက ဘုရင်ခံချုပ်ကို ပန်ကြားရဦးမည် ဖြစ်၍ အပြန်ခရီးမှ ဝင်ပါ ဆိုသည်။ ဗောဓိပင်သို့ မသွားခဲ့ရ။

**ဒီဇင်ဘာ ၂၇၊ ၁၈၃၁။**

ဗာရာဏသီမြို့သို့ ရောက်၏။ တစ်လကျော် နေရသည်။ ထို့နောက် ဂင်္ဂါနှင့် ယမုံနာမြစ်ဆုံရှိ အလ္လဟာဘတ်မြို့သို့ ရောက်သည်။ ၎င်းမြို့ ပရာဂ ရေဆိပ်၌ ရေငုပ်ချိုးလျှင် ရှေးကပြုသော မကောင်းမှု ပျောက်သည် ဆို၏။

**ဖေဖော်ဝါရီ ၂၇၊ ၁၈၃၂။**

ဆင်းမလားမြို့မှ ဘုရင်ခံချုပ် လာလျှင် ဖရုတ်ကဘတ်၌ အတွေ့ခံပါလိမ့်မည် ဆို၍ ထိုမြို့သို့ သွားကာ လှေ၌ပင် တစ်လခန့် စောင့်သည်။ ကပ္ပိတန် ဘာနေက မိုးရာသီ နီးကပ်၍ မြို့ထဲတိုက်သို့ ပြောင်းရွှေ့ နေထိုင်စေသည်။

**နိုဝင်ဘာ ၅၊ ၁၈၃၂။**

ဘုရင်ခံချုပ်သည် အာဂရမြို့သို့ ကြွရောက်မည်ဆို၍ ထိုမြို့သို့ ခရီးဆက်ရသည်။ စစ်တလင်းကွင်းပြင် အရပ်၌ ကုလားတဲထိုး နေထိုင်ကြသည်။ မြန်မာတဲရှေ့၌ အမြင့် ၁၅ တောင်ခန့်ရှိသော ဒေါင်းရုပ်နှင့် မြန်မာ့အလံ စိုက်ထူထားသည်။ အခြား မဟာရာဇာ တဲစခန်းများ ရှိကြ၏။

**နိုဝင်ဘာ ၂၃၊ ၁၈၃၂။**

ဘုရင်ခံချုပ်၏ တဲတော်သို့ မြန်မာသံအဖွဲ့ဝင် ၃ ပါးသာ ဝင်ခွင့်ပြုသည်။ မြန်မာရာဇသံကို ဘုရင်ခံချုပ် ကြားနာပြီးနောက် 'တိုင်းပြည်ရေးကိစ္စများ ဖြစ်၍ ကာလကတ္တားမြို့သို့ ရောက်မှ ညှိနှိုင်းကြပါမည်။ ယခု ပြန်ပါဦးလော့'ဟု မိန့်ဆို၏။

မင်းကြီး မဟာစည်သူကမူ အဓိကအချက်များကို



www.burmeseclassic.com

www.burmeseclassic.com



စာနှင့်ရေး၍ ဘုရင်ခံချုပ်နှင့် ခေတ္တ တွေ့ခွင့်ရချိန်၌ တင်သွင်းခဲ့သည်။ သို့သော် စာသဝဏ်များကို ဘုရင်ခံချုပ်ထံသို့ မည်သူမျှ တိုက်ရိုက် ဆက်သခွင့် မရှိ။ အတွင်းဝန်များမှ တစ်ဆင့်သာလျှင် ပေးပို့နိုင်သည်ဟု ဆိုကာ အတွင်းဝန် မက်နော်တင် (Macnaughton) က ၂ ရက် အကြာတွင် ထိုစာကို မဟာစည်သူသို့ ပြန်ပေးသည်။

ဤတွင် မြန်မာသံအဖွဲ့ဝင်များ မခံမရပ်နိုင် ဖြစ်ကြသည်။ ကာလကတ္တားမြို့ကို စတင်ရောက်ရှိချိန်က အင်္ဂလိပ် အတွင်းဝန်များထံ ထိုစာကို တင်ပြခဲ့ရာ လက်မခံဘဲ 'ဘုရင်ခံချုပ်သာလျှင် ဆုံးဖြတ်ခွင့်ရှိသည်'ဟု သူတို့ကပင် ပြောခဲ့သည်။ ထို့ကြောင့် ဘုရင်ခံချုပ်ထံ တိုက်ရိုက် စာတင်သောအခါ အတွင်းဝန်များသို့ ပြန်လွှဲသည်မှာ အဘယ်နည်း။

ဤသို့ မြန်မာထံမှ သဝဏ်လွှာကို လက်မခံလျှင်လည်း မြန်မာမင်းက ပါးလိုက်သည့် လက်ဆောင်တော်များကို ပြန်ပေးသင့်သည်ဟု အကျပ်ကိုင်လေသည်။ ဤအခါတွင်မှ အတွင်းဝန် မက်နော်တင်က မြန်မာ၏စာကို ပြန်လည် လက်ခံသည်။

အာဂရမြို့ရှိ တာ့ဂျမဟာ (Taj Mahal) ဂူကြီးကို ရှုစားကြသည်။

**ဇန်နဝါရီ ၁၅၊ ၁၈၃၃။**

ဗောဓိပင်ကို ဖူးမြော်ခွင့်ရ၍ အပြန်ခရီး၌ ပါတလိပုတ်မြို့မှ တစ်ဆင့် သွားရောက်ကြသည်။ မြန်မာဘုရင်၏ ကုသိုလ်တော်အဖြစ် ရွှေပန်းခိုင်၊ ငွေဖယောင်းတိုင် စသည်တို့ဖြင့် ပူဇော်ကြသည်။ ၃ ရက်ကြာ ပူဇော်ပြီးမှ ကာလကတ္တားသို့ ပြန်ကြရာ မတ်လ ၆ ရက်နေ့၌ ပြန်ရောက်သည်။

*

မြန်မာများက ဗုဒ္ဓဂါယာမှ ခရီးစဉ်အတိုင်း ပြန်လာကြစဉ် ဘုရင်ခံချုပ်က ကာလကတ္တားသို့ အလျင်ရောက်နှင့်၏။ အဝမြို့မှ မေဂျာဘာနေ၊ တနင်္သာရီမင်းကြီးနှင့် မဏိပူရမင်းကြီးတို့ကို ဘုရင်ခံချုပ်က ဆင့်ခေါ် တိုင်ပင်ကာ မြန်မာတို့အား ကလေးကဘော် တောင်ကြားဒေသကို ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်၏။ ဤဆုံးဖြတ်ချက် ချမှတ်ပြီးမှ မင်းကြီး မဟာစည်သူတို့ ကာလကတ္တားသို့ ပြန်ရောက်ကြသည်။

**မတ်လ ၁၆၊ ၁၈၃၃။**

မက်နော်တင်က ပြန်ကြားလွှာတွင် ကလေးနယ်မြေ ပြန်အပ်ရန် အသေးစိတ် အစီအစဉ်ကို အင်းဝသို့ အင်္ဂလိပ်သံမှူး ဘာနေ ပြန်လာချိန်၌ စုံလင်စွာ သိရှိရပါလိမ့်မည် ဆို၏။ အခြားအချက်များ၌ အင်္ဂလိပ်က လိုက်လျောခြင်း လုံးဝ မရှိချေ။

**ဧပြီလ ၁၅၊ ၁၈၃၃။**

ဘာလါကန် တိုက်အိမ်၌ မြန်မာအဖွဲ့ ၃ လခန့် ဆက်နေပြီးနောက် ကပ္ပိတန်ဘာနေအား ပြည်တော်ပြန်လိုကြောင်း၊ အင်္ဂလိပ်မင်းထံ ရောက်သည်မှာ ၃ နှစ်ကြာခဲ့ပြီ။ မဟာဗောဓိမှ ပင့်ခဲ့သော ဗုဒ္ဓ ရုပ်ပွားတော်ကြီးကိုလည်း မြန်မာပြည်သို့ ယူဆောင်လိုကြောင်း ပြော၏။ ဘုရင်ခံချုပ်ကလည်း ခွင့်ပြုကြောင်း ပြန်ကြား၏။ ထို့ကြောင့် ပျံလွှား (Swallow) ခေါ် သင်္ဘောနှင့် ဘုရားကို တင်ဆောင်ကာ ပြန်လာကြရာ ရန်ကုန်သို့ ဩဂုတ်လ ၁၂ ရက်တွင် ပြန်လည်ရောက်၏။

*

မင်းကြီး မဟာစည်သူ၏ **ဘင်္ဂလားသွားစာတမ်း**၌ မြန်မာများ အင်္ဂလိပ် ဘုရင်ခံချုပ်ကို လွယ်လင့်တကူ မတွေ့ကြသည်ကို ကွက်ကွက်ကွင်းကွင်း ဖတ်ရှုရပေသည်။ ပထမ ကာလကတ္တားမြို့၌ တွေ့ခွင့်ရရန် ၁၀ လကျော် ငံ့မျှော်ခဲ့ကြသည်။ တစ်ဖန် ဗာရာဏသီမြို့သို့ လိုက်မှ တွေ့ရမည်ဆို၍ စိတ်အားထက်သန်စွာ ဂင်္ဂါမြစ်ကို ဆန်တက်ခဲ့ကြ၏။ သို့သော် ထိုမြို့၌ မရှိဘဲ ဖရုတ်ကဘတ်မြို့သို့ ခရီးဆက်ကြရပြန်သည်။ ထိုမြို့၌ မတွေ့၍ ဆင်းမလားမြို့သို့ လိုက်မည်ရှိရာ ခွင့်မရသဖြင့် ရောက်ရာအရပ်မှ ၇ လဆိုင်း စောင့်နေရပြန်သည်။ ထို့နောက် အာဂရမြို့သို့ သွားရပြန်၏။ ထိုမြို့တွင် ဘုရင်ခံချုပ်နှင့် တွေ့သော်လည်း ဘာမျှ ဆွေးနွေးခွင့် မရဘဲ အင်္ဂလိပ်မင်းကို အနီးကပ် မြင်ဖူးလိုက်ရုံမျှသာ ဖြစ်သည်။

သို့နှင့် ဘုရင်ခံချုပ်ကို တွေ့ခွင့်ရရန် အိန္ဒိယတစ်ပြည်လုံး အနှံ့အပြား ခရီးအတန်တန် သွားရခြင်း၊ ၂ နှစ်နီးပါးမျှ စောင့်ခဲ့ရခြင်းတို့မှာ သဘောရိုး မဟုတ်ဘဲ မေဂျာဘာနေ၏ လျှို့ဝှက် ကုန်းချောစာကြောင့် တမင်သက်သက် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရခြင်း ဖြစ်ကြောင်း ထင်ရှားနေ၏။ ကမ္ဘာ့သံတမန် ဆက်ဆံရေးသမိုင်းတွင် "ပြောမယုံ ကြုံဖူးမှ သိ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသကဲ့သို့ ဤမျှ ရိုင်းပျသော လက်စားချေမှု မကြုံဖူးပါချေ။

ဤကိစ္စကား ဤမျှ မပြီးသေးပါချေ။ မြန်မာသံအဖွဲ့နေပြည်တော်သို့ ပြန်ရောက်ပြီးနောက် မေဂျာဘာနေက ထိုသို့ နှစ်ရှည်လများ ကြန့်ကြာပင်ပန်းခဲ့ခြင်းမှာ မြန်မာတို့၏ အပြစ်သာဖြစ်ကြောင်းဟု ထပ်လောင်း ပုတ်ခတ်ပြန်သည်။ ရန်ကုန်ဝန်ကြီးက ဤသို့ဖြစ်ပုံကို ရှုတ်ချသောအခါ မေဂျာဘာနေက ပြန်ကြားသောစာ၌ "မြန်မာသံအဖွဲ့သည် ကာလကတ္တား၌ ဘုရင်ခံချုပ် မရှိသည်ကို သိလျက်နှင့် ၁၀ လကျော်မျှ စောင့်ဆိုင်း အချိန်ဖြုန်းနေကြသည်။ ဗာရာဏသီမြို့သို့ လိုက်လာရာ၌ မြန်မြန်ထက်ထက် မဟုတ်ဘဲ လမ်းခရီး၌ ဖင့်နွဲ့ ကြန့်ကြာရှိခဲ့သည်။ ထိုမြို့၌ တစ်လကြာ ရပ်ဆိုင်းကြပြန်၍ ဖရုတ်ကာဘတ်မြို့သို့ နွေရာသီ မတိုင်မီ အချိန်မီ မရောက်ဘဲ ဘုရင်ခံချုပ်နှင့် လွဲရပြန်သည်" ဟု စွပ်စွဲလေသည်။

သို့သော် မြန်မာသံအဖွဲ့ကို လမ်းပြ စောင့်ရှောက်သူအဖြစ် မေဂျာဘာနေ၏ညီ ကိုယ်တိုင် ပါရှိလျက် သူ၏ ညွှန်ကြားချက်အတိုင်း မြန်မာတို့ လှုပ်ရှားသွားလာရသည် မဟုတ်လော။ တိုင်းတစ်ပါး၌ လမ်းလွဲကိုပို့နေသော လမ်းပြကြောင့် ဤသို့ဖြစ်ခဲ့ရာ မေဂျာဘာနေ၏ လျှို့ဝှက် အစီရင်ခံစာအတိုင်း ပြုမူရခြင်း ထင်ရှားနေသည် မဟုတ်လော။ သူက မြန်မာတို့အား ထပ်လောင်း အပြစ်ဖို့စေကာမူ သူ၏ ယုတ်မာသော ပယောဂမှာ ဆင်သေကို ဆိတ်ရေ ဖုံးသလို သိသာပေါ်လွင်လျက် ရှိနေပေသည်။

*

"ဗုံလုံ တစ်လှည့်၊ ငါးပျံ တစ်လှည့်" ဟူသော စကားပုံကဲ့သို့ လောက၌ အတုံ့အလှည့် ရှိစမြဲဖြစ်ရာ မြန်မာတို့က အင်္ဂလိပ်သံအဖွဲ့အား တစ်မျိုးတစ်မည် လက်စားချေကွက်ကား သာယာဝတီမင်း နန်းတက်ချိန်၌ ပေါ်လာ၏။ မင်းကြီးမဟာစည်သူ၏ ခံစားချက်မှာ ဘကြီးတော်မင်း လက်ထက်၌ ကြုံတွေ့ခဲ့ရခြင်း ဖြစ်၏။ မြန်မာမှူးမတ်တို့ အနေဖြင့် ထိုကိစ္စကို "တေး" ထားခဲ့ခြင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် နောက်မင်း လက်ထက်တွင် အခြား ဝန်ကြီးအသစ်များနှင့် ဆက်ဆံရချိန်၌ ကြုံတွေ့ရခြင်း ဖြစ်၏။

သာယာဝတီမင်း အနေနှင့် မျိုးချစ်စိတ် ပြင်းထန်သော ဘုရင် ဖြစ်၏။ ထို့ကြောင့် ရန္တပိုစာချုပ်အရ အင်္ဂလိပ်သံမှူးတို့ကို အမြဲတမ်းအနေဖြင့် မြန်မာနေပြည်တော်၌ ခွင့်မပြုလိုချေ။ ထိုစာချုပ်မှာလည်း သူတို့၏ နောင်တော်ဘုရင် လက်ထက်၌ ပြုလုပ်ခဲ့ခြင်းဖြစ်၍ သူနှင့်မဆိုင်ဟု ယူဆလေသည်။ ၁၈၃၇ ခု မေလ ၁၇ ရက်နေ့ ညီလာခံတွင်–

'နောင်တော်စစ်ကိုင်းလက်ထက် အင်္ဂလိပ်တို့နှင့် ချုပ်ဆိုခဲ့သော စာချုပ်များနှင့် ပတ်သက်၍ ဘာမျှ ပြောမနေပါနှင့်။ ထုတ်ဖော် ရည်ညွှန်းခြင်းကိုလည်း အလို မရှိပါ။ ယင်းစာချုပ်များသည် မြန်မာအမျိုးသားတို့အတွက် ရှက်ဖွယ် ကောင်းသည်။ အစော်ကားခံရသော ကိစ္စဖြစ်သည်။ အင်္ဂလိပ်တို့ အလိုရှိသမျှကို မြန်မာတို့က လိုက်လျောစေရန် အကြောင်းကိစ္စ ပေါ်လာတိုင်း ထိုစာချုပ်များကို လက်ညှိုးထိုးပြကာ မြန်မာများကို သိက္ခာချလျက် ရှိနေသည်။ ဤသဘောအတိုင်း ငါက မြန်မာဘုရင် အနေဖြင့် ခံနေရမည်လော'

ဤကား သာယာဝတီမင်း၏ အာဘော်တည်း။ ရှင်ဘုရင်အနေဖြင့် လည်းကောင်း၊ မြန်မာခေါင်းဆောင်တစ်ဦးအနေဖြင့် လည်းကောင်း ပြောသင့် ပြောထိုက်သမျှကို မခြွင်းမချန် မိန့်ဆိုခြင်းပေတည်း။

ဇွန်လ ၆ ရက်နေ့ ညီလာခံ၌လည်း 'ရန္တပိုစာချုပ်ကို မြန်မာအရာရှိတို့က ကြောက်ရွံ့၍ လက်မှတ်ရေးထိုးရခြင်း ဖြစ်သည်။ ထိုစာချုပ်မှာ အင်္ဂလိပ်တို့အတွက် အဘက်ဘက်မှ ပြည့်စုံပြီး မြန်မာတို့ အဖို့မူ အကျိုးမဲ့လှသည်။ စာချုပ်ပါ အချက်တို့မှာ တင်းမာ ခက်ထန်လှသည်။ အပြည့်အစုံကို ပြသဖူးခြင်း မရှိပေ။ မကြာသေးမီကမှ စာချုပ်တစ်ခုလုံး သူတို့ တွေ့မြင်ရသည်။ အင်္ဂလိပ်တို့ အနေဖြင့် သူ့အား တိုက်ခိုက်အောင်မြင်ပြီး သူနှင့် ချုပ်ဆိုခဲ့ခြင်း မဟုတ်ချေ။ ထို့ကြောင့် ဤစာချုပ်နှင့် ပတ်သက်၍ တစ်ခွန်းတစ်စမျှ ထုတ်ဖော်မပြောရန် ဆုံးဖြတ်ထားပြီး ဖြစ်ကြောင်း' ဟု မြွက်ကြားပြန်သည်။

သံမှူး မေဂျာဘာနေက 'စာချုပ်အချက်အလက်များကို ပြင်ဆင်လိုပါက ဘင်္ဂလားသို့ သံအဖွဲ့ စေလွှတ် အရေးဆိုသင့်ကြောင်း' တင်ပြရာ သာယာဝတီမင်းက–

'ငါတို့အနေဖြင့် ဘင်္ဂလားသို့ သံအဖွဲ့ စေလွှတ်မည် မဟုတ်။ ကုမ္ပဏီ ဘုရင်ခံချုပ်နှင့် ပတ်သက်၍ ငါ နားမလည်။ သူ့ကိုလည်း အသိအမှတ် မပြု။ သူသည် လခစားအရာရှိ တစ်ယောက်သာ ဖြစ်၍ ဘုရင်တစ်ပါး မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံချုပ်က ဆက်သွယ်လိုလျှင် သူနှင့် တန်းတူရည်တူ ရန်ကုန်မြို့ဝန်နှင့် ဆက်သွယ်ပါစေ'ဟု ခပ်ပြတ်ပြတ် ချေပ မိန့်ဆိုသည်။

မေဂျာဘာနေက 'မိမိသည် အင်္ဂလိပ်သံမှူးအဖြစ် ယခု လာရောက် နေထိုင်ခွင့် ရခြင်းမှာ ရန္တပိုစာချုပ်အရ ဖြစ်ကြောင်း' ဆင်ခြေတတ်ပြန်ရာ–

သာယာဝတီမင်းက 'သင်တို့အနေဖြင့် နေထိုင်ခွင့် ရခြင်းမှာ စာချုပ်ပါ အခွင့်အရေးကြောင့် မဟုတ်၊ ငါ့ဘိုးတော် လက်ထက် ဤတိုင်းပြည်သို့ ရောက်ရှိလာခဲ့ဖူးသော ကာ နယ်ဆိုင်း (Symes) နှင့် ကပ္ပိတန်ကင်းနင်း (Canning) တို့နည်းတူပင် သင်တို့ ဆက်လက် နေရေး၊ မနေရေးတို့မှာ ငါ့ဆန္ဒပေါ်တွင် တည်သည်'ဟု မိန့်ကြား၏။

အနောက်တိုင်း ထုံးစံအတိုင်း အစိုးရ တစ်ဆက်ပြီး တစ်ဆက် စာချုပ်များကို ဆက်လက် အသိအမှတ်ပြုရန် မေဂျာဘာနေက လိုလားရာ သာယာဝတီမင်းက 'အင်္ဂလိပ် တို့၏ ထုံးတမ်းမှာ မြန်မာထုံးထမ်း မဟုတ်။ ယခု မဟာမိတ် အဖြစ် အသစ်တစ်ဖန် ထပ်မံ တည်ရှိလိုပါက တည်ရှိနိုင် ပါသည်'ဆိုကာ ဘာနေ၏ အဆိုပြုချက်ကို ပယ်ချသည်။

ဘာနေက ဘုရင်ခံချုပ်ထံသို့ သာယာဝတီမင်း၏ မိန့်ဆိုချက်များကို တင်ပြ အစီရင်ခံရာတွင် ဘာနေပင် အပြစ် တင် ခံရလေသည်။ အင်္ဂလိပ် ဘုရင်ခံချုပ်၏ သဘော၌ ဘာနေသည် အခြေအနေကို မသုံးသပ်တတ်ဘဲ အလိုက်မသိ တတ်သော သံတမန်မျိုး ဖြစ်နေသည် ထင်၏။ သာယာဝတီ မင်းသည် နန်းတက်စ သူ၏ဘုန်းတန်ခိုး ထိရောက်စေလို သော အချိန်တွင် မြန်မာတို့ စစ်ရှုံးခဲ့ရခြင်းကို တဖွဖွ အင်္ဂလိပ် သံမှူးက ပြောကြားသံကို ကြားနာလိုမည် မဟုတ်။ ဘာနေ က တခြားသော နည်းပရိယာယ်ဖြင့် ဘုရင်သစ်ကို စိတ် ကောင်းဝင်အောင် ခစားသင့်ဟု မှတ်ချက်ချသည်။

သို့သော် ဘာနေက 'သာယာဝတီမင်း၏ မောက်မာ မှုကို ဆုံးမရန် စစ်ပွဲသစ်တစ်ခု ဖန်တီးကာ မြန်မာကို ဦးကျိုး အောင် နှိမ်နင်းသင့်ကြောင်း' ဘုရင်ခံချုပ်ထံ တိုက်တွန်းခဲ့ သည်။

၁၈၃၈ ခုနှစ်တွင် ဘာနေ ပြန်သွားပြီးနောက် အင်္ဂလိပ် သံမှူးသစ်အဖြစ် ကာနယ်ဘင်ဆင် ရောက်ရှိလာ သည်။ သာယာဝတီမင်းက အရေးကြုံလျှင် ခုခံရန် စစ်မက် ရေး ပြင်ဆင်ပြီး ဖြစ်လေသည်။ ဘုရင်ခံချုပ် အော့ကလင် (Lord Aucland)မှာ အာဖဂန်တော်လှန်ရေး ဖြစ်ပွားနေ၍ မြန်မာတို့နှင့် စစ်တိုက်ခြင်းကို လုံးဝ ရှောင်ရှားရမည်ဟု ညွှန်ကြားထားချိန် ဖြစ်သည်။

သာယာဝတီမင်း နန်းတက်ပြီး ၃ နှစ်အတွင်း ဗြိတိ သျှ သံမှူး ၄ ဦးပင် ပြောင်းလဲခဲ့သည်။ ကျန်နှစ်များတွင် မြန်မာတို့နှင့် အဆက် ပြတ်သွားသလောက် ဖြစ်သည်။ သာယာဝတီမင်းက နိုင်ငံခြားသံတမန်များ နေပြည်တော်၌ မရှိစေလိုဘဲ ရန်ကုန်၌ နေထိုင်ကာ ရန်ကုန်မြို့ဝန်နှင့်ပင် ဆက်ဆံကြစေလိုသည်။

အမရပူရသို့ ၁၈၃၀ ပြည့်နှစ်တွင် မေဂျာဘာနေကို ဆက်ခံရန် ရောက်ရှိလာသော အင်္ဂလိပ်သံမှူး ဘင်ဆင်သည် မြန်မာတို့၏ ဘုရင်သစ်နှင့် မှူးသစ်များကို မရှုမလှ ရင်ဆိုင် ရလေတော့သည်။

မင်းကြီး မဟာစည်သူ၏ **ဘင်္ဂလားသွား စာတမ်း** ကဲ့သို့ အင်္ဂလိပ်သံမှူး ဘင်ဆင်၏ အင်းဝသွား မှတ်ချက် တို့ကို အင်္ဂလိပ်အစိုးရ မှတ်တမ်းများအရ ဖော်ပြပါမည်။

*ဩဂုတ်လ ၆၊ ၁၈၃၈။*

အသစ်ရောက်ရှိလာသော အင်္ဂလိပ်သံမှူး ဘင်ဆင် က ရန်ကုန်ဝန်ထောက်မင်း ထံသို့ လာရောက် နှုတ်ဆက် သော်လည်း အပြန်အလှန်သဘောဖြင့် မြန်မာဝန်ထောက်က အင်္ဂလိပ်သံမှူးထံ မလာနိုင်ပါ။ နေပြည်တော်မှ အမိန့်တစ်စုံ တစ်ရာ မရှိပါက အင်္ဂလိပ်သံမှူးထံ မလာနိုင်ပါ။ နေပြည် တော်မှ အမိန့် တစ်စုံတစ်ရာ မရှိပါက အင်္ဂလိပ်သံမှူးထံ အဝင်အထွက် မလုပ်နိုင်ပါ။ ရန္တပိုစာချုပ်၌ ပါရှိသည့်အတိုင်း "အင်္ဂလိပ်အရာရှိ တစ်ဦးနှင့် သူ၏ကိုယ်ရံတော် လူ ၅၀ ဟူ၍သာ လက်ခံနိုင်ပါမည်"ဟု ရန်ကုန်မြို့ရှိ မြန်မာဝန် ထောက်က အကြောင်းပြန်၏။ ရန္တပိုစာချုပ်၌ အင်္ဂလိပ် အရာရှိတစ်ဦး ခန့်ထားရန်သာ ပါရှိသဖြင့် ရန်ကုန်မြို့၌ လက်ထောက်သံမှူး ထားရှိခြင်းကိုလည်း လက်မခံနိုင်ဟု ဆို၏။

*ဩဂုတ်လ ၂၉ရက်။*

ထိုနေ့၌ သံမှူးဘင်ဆင်က ရန်ကုန်မှ အမရပူရသို့ ထွက်ခွာချိန်တွင် အမြောက်ပစ်ဖောက်ရာ မြန်မာဝန်ထောက် က ကန့်ကွက်လေသည်။ အမြောက်ပစ်ဖောက်ခြင်းမှာ ၅၀



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်နှင့် အခြား ဂုဏ်သရေရှိ ပုဂ္ဂိုလ်များအတွက်သာ ပြုလုပ်ခွင့် ရှိကြောင်း၊ ဘင်ဆင်မှာ ထိုအဆင့်အတန်း၌ ပါဝင်ခြင်း မရှိသေးဟု အကြောင်းပြ၏။

***စက်တင်ဘာ ၄။***

ပြည်မြို့သို့ရောက်ရာ သံမှူးဘင်ဆင်က ဈေးဝယ်လိုသည်။ မြို့သူကြီးက သူ့ကို အသိအမှတ် မပြုချေ။ ကြက်နှင့် ကြက်ဥများ ဝယ်ယူလိုရာ ဈေးဆိုင်များ ရှိသော်လည်း အင်္ဂလိပ်တို့အား ဘာမျှ မရောင်းလိုကြပေ။ ကြက်၊ ငှက်များသာမက အခြား ဘာမျှ မရောင်းကြပေ။ အားလုံးက သပိတ်မှောက်သကဲ့သို့ ဖြစ်လေသည်။ မြေထဲမြို့သို့ ရောက်သောအခါ၌ သံမှူး၏ ဆူပူမှုအရ မြန်မာ့လေ့မှူးက ကြက်သုံးကောင် ဝယ်ခွင့်ပြုသည်။

***စက်တင်ဘာ ၂၆။***

ပုဂံမြို့သို့ရောက်ရှိရာ သံမှူးဘင်ဆင်က ဘုရားပုထိုးများ လှည့်လည် ကြည့်ရှုလိုသည်။ မြို့ဝန်က သံမှူးအတွက် မြင်းများ စီစဉ်ပြီးခါမှ ရုတ်တရက် အစီအစဉ်ကို ဖျက်ပစ်လိုက်သည်။ သို့သော် ဘင်ဆင်က စိတ်မပျက်ဘဲ ပုဂံဘုရားပုထိုးများကို ခြေကျင် လျှောက်ကြည့်သည်။

***အောက်တိုဘာ ၄။***

အမရပူရမြို့တော်အနီး သာယာကုန်းရွာသို့ ရောက်သည်။ ယခင်က မေဂျာဘာနေကို ဝန်ကြီးတစ်ဦး လာရောက်ကြိုဆိုသော်လည်း ယခုမူ ဝန်ထောက်တစ်ဦးသာ လာကြိုသည်။ ဝါးဖြင့် ဆောက်ထားသော သံတဲ ၄ ခု၌ စခန်းချရန် ပြင်ဆင်ထားကြောင်း ပြောသည်။ ထိုခြံမှာ ပေ ၂၀၀ နှင့် ၁၆၀ ပတ်လည် ကျယ်ဝန်း၏။ သီးနှံသစ်ပင်ကြီးများ ရှိပါ၏။ သို့သော် မြေနိမ့်သော ရေဝင်ပိုင်း ဖြစ်သည်။ တောင်သမန်အင်း မြောက်ပိုင်း ကျောက်တော်ကြီးဘုရား အနီး၌ တည်ရှိသည်။ အနီးအပါး၌ ဈေးမရှိ၊ စားနပ်ရိက္ခာ ခက်ခဲ၏။ တောင်သမန်အင်းကို ဖြတ်ကူးရန် မည်သည့်လှေသမားကိုမျှ ငှား၍ မရသဖြင့် ဝန်ကြီးများထံ စာတင်ရာ ၁၀ ရက်ကြာမှ လှေစီးခွင့် ပြုသည်။ ဒီဇင်ဘာ ၁၅ ရက်ကျမှသာ ဈေးသည်များ သံတမန် ဝင်းခြံသို့ သွားလာခွင့်ပြုသည်။

***အောက်တိုဘာ ၂၂။***

စာရေးတော်ကြီး တစ်ယောက် သံမှူးထံ လာရောက်နှုတ်ဆက်သည်။ သံမှူး၏ အသက်နှင့် ကျန်းမာရေး အခြေအနေကို မေးသည်။ မြန်မာအစိုးရ အခြေအနေဖြင့် နေထိုင်ရန် အိမ်နှင့်ခြံဝင်း ပေးထားပြီး ဖြစ်၍ ဝတ္တရားကျေပြီဟု ယူဆဟန်ရှိသည်။ ယခင်က နေပြည်တော်သို့ လာရောက်ခဲ့သော သံမှူး ကရောဖို့နှင့် ဆိုင်း (Crawford and Symes) တို့ကို ခမ်းနားစွာ အခွင့်အရေး ပေးသကဲ့သို့ မိမိလည်း ထပ်တူထပ်မျှ ရထိုက်ကြောင်း တင်ပြသည်ကိုလည်း ဘာမျှ ဖြေကြားခြင်း မရှိချေ။ ဝန်ကြီးများက မိုးရာသီ ဖြစ်၍ လမ်းပန်းအခြေအနေ မကောင်းသောကြောင့် မိုးစဲအောင် စောင့်ပါဦးဟု အကြောင်းပြန်သည်။

***နိုဝင်ဘာ ၈ ရက်။***

ဘင်ဆင်က ဝန်ကြီးများနှင့် လွှတ်တော်၌ ထုံးစံအတိုင်း တွေ့ဆုံခွင့်ပြုရန် ပြောရာ ဝန်ကြီးအိမ်သို့ လာရောက်တွေ့ဆုံရန် ဖြေကြားလေသည်။ သို့သော် ဝန်ကြီးတစ်ပါးအိမ်၌ တွေ့ဆုံခြင်းမှာ တရားမဝင်သဖြင့် လွှတ်တော်၌ ချိန်းရန်သာ တောင်းဆိုသည်။

***နိုဝင်ဘာ ၃၀။***

ထိုနေ့၌ လွှတ်တော်ဝန်ကြီးများနှင့် တွေ့ဆုံခွင့်ရသည်။ ထိုနေ့ နံနက် ၈ နာရီခွဲ၌ အင်္ဂလိပ်သံမှူးထံ ဆင်များပို့သည်။ အိန္ဒိယ မဟာရာဇာများ၏ ဆင်များလို မခမ်းနားဘဲ စုတ်ပွဲစွာ တန်ဆာဆင်ထားသည်။ ခေါ်ဆောင်ရာ လမ်းမှာလည်း တွင်းချိုင့်များ ထူထပ်လျက် အညစ်ပတ်ဆုံးသော မြို့ပြင်ရပ်ကွက်များ ဖြစ်သည်။ ရုံးတော်သို့ သံမှူးက ဖိနပ်ချွတ်၍ တက်ရသည်။ ထို့နောက် ကြမ်းပေါ်၌ ထိုင်ကြရာ မြန်မာဝန်ကြီးများအတွက် ဖျာများ ပေးသော်လည်း သံမှူးကို မပေးချေ။ ဝန်ကြီးများက အင်္ဂလိပ်သံမှူး၏ ခန့်စာများကို ဖတ်ရှု၏။ သံမှူးက မြန်မာဝန်ကြီးများနှင့် လက်ဆွဲ နှုတ်ဆက်ရန် ငြင်းပယ်ခြင်းကြောင့် မြန်မာတို့နှင့် မိတ်ဆွေ ဖြစ်လိုဟန် မရှိဟု ဘင်ဆင်အား စွပ်စွဲကြလေသည်။ ဘင်ဆင်ကလည်း မိမိအား နေပြည်တော်သို့ ရောက်သည်မှ စ၍ ဘာမျှ ဂရုမစိုက်ဘဲ ပစ်ထားကြသောကြောင့် ရန်သူ[illegible] ဖြစ်နေကြသည် ဆို၏။ ဝန်ကြီးများက အိမ်ဝင်[illegible]များ

www.burmeseclassic.com



ကြိုတင်စီစဉ်ထားခြင်းသည် ရန်သူအပြုအမူလောဟု ပြန်ပြော၏။ ယခင် သံမှူး မေဂျာဘာနေ ရှိစဉ်က အမြဲ မြန်မာတို့ လက်ဆွဲ နှုတ်ဆက်စမြဲ ဖြစ်သည် ဆို၏။ ဘင်ဆင်က ထိုနေ့ စည်းဝေးပွဲ ပြီးဆုံးချိန်တွင်ကား လက်ဆွဲနှုတ်ဆက်သည်။ သူ့ကို မကြုံစဖူး ခနိုးခနဲ့ လုပ်ကြသည်ဟု မှတ်ချက်ချသည်။

*ဒီဇင်ဘာ ၄။*

ရန်ကုန်ဝန်ထောက်၏ ရိုင်းပျမှုကို ဘင်ဆင်က တိုင်ကြားသော်လည်း ဝန်ကြီးများက အရေးမယူချေ။ ထိုကိစ္စကို သာယာဝတီမင်း ကြားသိရာ 'ငါ့အရာရှိတွေကို အင်္ဂလိပ်က ပြောတိုင်း ဖြုတ်ပစ်ရမှာလား၊ ငါ့နေပြည်တော်မှာ တိုင်းတစ်ပါးသား အမိန့်ကို နာခံနေရမှာလား'ဟု မိန့်ဆိုလေ၏။

*ဒီဇင်ဘာ ၁၇။*

ဘင်ဆင်က မြန်မာလွှတ်တော် ဝန်ကြီးများနှင့် အလုပ်မဖြစ်တော့၍ အမရပူရ၌ အင်္ဂလိပ် ကိုယ်စားလှယ်များ ရုပ်သိမ်းရန် အဆိုပြု၏။ အင်္ဂလိပ် ဘုရင်ခံချုပ်ကမူ ဆက်လက် ထားရှိလို၏။ မြန်မာတို့က ဆက်ဆံရေး ရိုင်းပျသည် မှန်သော်လည်း ရန္တပိုစာချုပ်ဘောင်အတွင်း၌ပင် လှုပ်ရှားခြင်းဖြစ်၍ စာချုပ်ချိုးဖောက်သည် မဆိုသာဟု ယူဆလေသည်။ မြန်မာတို့က နိုင်ငံခြားသားတို့ကို အထင်သေးသည်မှာ အထူးအဆန်း မဟုတ်ဟု ဆိုလေသည်။

*ဇန်လ ၂။*

ရှင်ဘုရင်၏ ရှေ့တော်သို့ ဝင်ခွင့်ရပါစေမည်ဟု ဝန်ကြီးများက ပြောခဲ့သော်လည်း ၇ လကြာမျှ စောင့်ဆိုင်းခဲ့ပြီး အကြောင်းမထူးချေ။ ထိုအတောအတွင်း ဘင်ဆင်၏ ကျန်းမာရေး အခြေအနေမှာ တကယ်ပင် ချို့ယွင်းလာ၏။ ဝန်ထောက်တစ်ဦးသည် ဘင်ဆင်ထံလာ၍ ဘုရင်၏ဥယျာဉ်တော်သို့ သွားရောက်အနားယူရန် ခွင့်ပြုတော်မူကြောင်း ပြောပြ၏။ သွားလာရန် ဆင်၊ မြင်းများ ပေးမည်ဟုလည်း ဆို၏။ မြန်မာမင်း၏ ခွင့်ပြုချက်မှာ သူ့အား သနား၍ မဟုတ်ဘဲ၊ ပဲခူး၌ သူပုန်ထနေ၍ တစ်မျိုး ပရိယာယ်ပြုခြင်းသာဟု ယူဆလေသည်။

*မတ်လ ၁၃။*

ထိုနေ့ ၈ နာရီ၌ ဘင်ဆင်သည် အမရပူရမြို့တော်မှ ထွက်ခွာသည်။ သူ၏ ခရီးအတွက် ဝန်ကြီးများက လှေများ စီစဉ်ပေးသော်လည်း မြန်မာအရာရှိ တစ်ဦးမျှ သူ့အား လိုက်ပို့ခြင်း၊ နှုတ်ဆက်ခြင်း မရှိချေ။

ဘင်ဆင် ပြန်သော်လည်း သံရုံးကို ရုပ်သိမ်းခြင်း မပြုဘဲ မက္ကလောက် (Macleod) ဆိုသူအား လွှဲအပ်ထားခဲ့သည်။

ဘင်ဆင် ပြန်မည့် အကြောင်းကို သာယာဝတီမင်း ကြားသိချိန်၌ မိန့်တော်မူလေသည်ကား–

'သူတို့ ပြန်သွားကြပါစေ၊ ငါ့အနေဖြင့် သူတို့ကို ဂရုစိုက်လိမ့်မည် မဟုတ်။ ငါသည် နန်းကျဘုရင်ကဲ့သို့ အင်္ဂလိပ်တို့ လုပ်တိုင်း ခံမည် မဟုတ်။ ငါတို့၏ ပြဿနာများကို လက်နက်ကိုင် ဖြေရှင်းရန် သန္နိဋ္ဌာန်ချပြီး ဖြစ်သည်။ ဤအချက်ကို အင်္ဂလိပ်များ သဘောပေါက်အောင် ငါက လုပ်ပြပါမည်။ ဤအကြိမ်၌ အင်္ဂလိပ် လာတိုက်လျှင် တိုက်ပါစေ။ မြန်မာတို့ ဘယ်လိုလူမျိုး ဖြစ်သည်ကို ငါတို့ ပြရန် အသင့်ရှိသည်'ဟူသတည်း။

ကုန်းဘောင်ခေတ်က သာယာဝတီမင်း၏ ကြုံးဝါးသံမှာ နောင်ပိုင်းခေတ် နိုင်ငံရေးသမားတို့၏ မိန့်ခွန်းများထက်ပင် ရဲရဲတောက်နေသည် တကား။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၉ မယ်နုခေတ်

## [ ၁ ] မယ်နုအကြောင်း သိကောင်းစရာ

၁၁၄၆ ခု ဝါဆိုလဆုတ် ၅ ရက်နေ့၌ မယ်နုကို အဝမြို့၌ ဖွားမြင်သည်။ ဖခင်မှာ ထောင်မှူးကြီး ဦးလွတ်၊ မိခင်မှာ ၎င်း၏ ဒုတိယဇနီး မယ်မှန် ဖြစ်၏။ မွေးချင်း ၂ ယောက် ဖြစ်ရာ မောင်အိုမှာ အကြီးဖြစ်သည်။

မယ်နု မမွေးမီ ကာလအတန်ကြာက ပေါ်ပေါက်ခဲ့သော တဘောင်ကား "ထောင်မှူးကြီး သမီး၊ ခြေချင်းကြီးနှင့်၊ ကြီးရင် ငါ့ဖို့၊ လက်မတို့နှင့်" ဟူ၍ ဖြစ်၏။

မယ်နု ငယ်စဉ်က မိသားစုများ တစ်ရွာသို့ လှည်းနှင့် သွားကြရာ လမ်းခရီး ဇရပ်၌ အိပ်ကြ၏။ မယ်နုက ထမင်းချက်ခြင်း တာဝန်ယူ၍ လူကြီးများကို ပြုစုသည်။ နံနက်လင်းသော် သူ ထမင်းချက်သော မီးဖိုနေရာ၌ မှိုပွင့်ကြီးတစ်ခု လှပစွာ ပေါက်ရောက်နေသည်ကို အများ ရှုစားကြရလေသည်။ အံ့ဖွယ်နိမိတ်ကောင်းဖြစ်ကြောင်း ပြောဆိုကြသည်။

မယ်နု ၁၂ နှစ်အရွယ်က မြစ်ဆိပ်၌ ရေချိုးစဉ် ကမ်းစပ်၌ ထားခဲ့သော သူ့ထဘီ ပန်းရောင်ကို စွန်ချီကာ နန်းတော်ဆီသို့ ပျံသွား၏။ ထိုနောက် မိဖုရားများ စံပယ်သော တောင်နန်းဆောင် ခေါင်မိုး၌ ချထားခဲ့သည်။ ဘိုးတော်မင်းတရားက စစ်ဆေးမေးမြန်းကာ မှန်နန်း အပျိုတော်ကလေး အဖြစ် ခန့်ထား မြှောက်စားသည်။

မော်ပီ ဆရာသိန်းက **ပါးစပ်ရာဇဝင်**၌ "မယ်နု အရွယ်ရောက်သော် စစ်ကိုင်းမင်းသားက ခြေတော်တင်၏" ဟု ခပ်ရိုင်းရိုင်းပင် ရေးခဲ့သည်။ အိမ်ရှေ့လောင်းလျာ စစ်ကိုင်းမင်းသား မောင်မောင်စိန်က သူ့အား မေတ္တာရှိသည် မှန်၏။ သို့သော် အလွယ်တကူ ရသည်ကား မဟုတ်ချေ။

တစ်ကြိမ်က စစ်ကိုင်းမင်းသားသည် မယ်နုကို စမ်းလိုသဖြင့် သူ၏ ကျွန်ယုံတော်တစ်ဦးကို ကောင်းစွာ သွန်သင်ကာ မယ်နုထံ သွားရောက် ပိုးပန်းစေ၏။ ထိုသူက အပျိုတော် မယ်နုကို ချဉ်းကပ်ကာ ရိသဲ့သဲ့နှင့် အကျီစကို ဆွဲမိရာ မယ်နုက 'ဟဲ့ ခွေးမသား၊ နင်နှင့်ငါနှင့် အဖက်လား၊ အရာလား' ဆိုကာ ပြောပြောဆိုဆို ဖိနပ်နှင့် ရိုက်မည်လုပ်၍ ထွက်ပြေးခဲ့ရသည်။

ဆွေတော်မျိုးတော်တို့က "ကြက်မှာ အရိုး၊ လူမှာ အမျိုး" ဟူသော စကားပုံအရ စစ်ကိုင်းမင်းသားကို ပန်းတောင်း မင်းသမီးနှင့်အတူ နန်းတက်စေလိုသည်။ သို့သော် မယ်နုက "ကြက်မှာ အမြစ်၊ လူမှာ အချစ်" ဟု ဆိုကာ မင်းသား မောင်မောင်စိန်ကို သူ့ဘက် ပါစေခဲ့သည် ဆို၏။ သူပင် မိဖုရားခေါင် ဖြစ်လာသည်။

### ဂျပ်ဆင်၏ အဆို

ရန္တပိုစာချုပ် ပြုလုပ်ရာတွင် ဘာသာပြန်အဖြစ် ရှက်ဆောင်သူ အမေရိကန် သာသနာပြုဆရာ ဂျပ်ဆင်က ၎င်း၏ ကိုယ်တွေ့ အင်းဝနန်းတော်အကြောင်း ရေးရာ၌–

"ကျွန်ုပ်သည် တစ်ချိန်က ညီလာခံအဆောင်တော်၌ တစ်ယောက်တည်း ထိုင်နေရာ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး (မယ်နု)တို့ နှစ်ပါးအတူ အတွင်းဆောင်မှ ကြွလာတော်မူပါသည်။ မင်းတရားကြီးက ကျွန်တော့်အား ညွှန်ပြကာ 'မောင်တော် ပြောဖူးတဲ့ တရားဟောဆရာ ဆိုတာ သူပဲ' ဟု အမိန့်ရှိသော်လည်း မိဖုရားခေါင်ကြီးက အရေးမယူဘဲ အခြားဘက်သို့ ကြည့်ကာ မင်းတရားကြီးကို ဆွဲ၍ သာ ခေါ်သွားပါသည်။

မိဖုရားခေါင်ကြီးမှာ မင်းတရားကြီးထက် မာကြောပါသည်။ ၎င်းမှာ လောဘကြီးခြင်း၊ ရန်တုံ့မူတတ်ခြင်း၊

www.burmeseclassic.com



မကောင်းကြံစည်ခြင်း၊ အလွဲကို စွဲမြဲ ယုံကြည်တတ်ခြင်းများ ရှိသည်ဟု ကြားဖူးပါသည်။ ၎င်းမှာ ထောင်မှူးတစ်ဦး၏ သမီးဖြစ်၏။ မင်းတရားကြီး အိမ်ရှေ့စံတော်မူစဉ်က မိဖုရားငယ် တစ်ဦးအဖြစ် နေရပါသည်။

သို့သော် မင်းတရား အပေါ်တွင် တစ်နေ့တခြား အတိုင်းအဆမရှိ ဩဇာကြီးလွန်းလာရကား သာယာဝတီမင်းသားနှင့်တကွ အခြား ဆွေတော်မျိုးတော်များက ၎င်းမှာ စုန်းမကြီး ဖြစ်သည်ဟု ယူဆပါသည်။ မည်သူ တစ်ဦးတစ်ယောက်မျှ ၎င်း၏ ဇာတ်နိမ့်ကြောင်းကို မပြောဝံ့ကြပါ။

မိဖုရားခေါင်ကြီးမှာ မင်းတရားကြီးထက် အသက်တော် ၁ နှစ်မျှ ပို၍ ကြီးပုံ ရပါသည်။ မျက်နှာတော်မှာ မလှပါ။ သို့သော် ကိုယ်လုံးကိုယ်ပေါက်မှာဖြင့် ညီညာပါသည်။ သွားလာလှုပ်ရှား ဟန်မူအနေအထားမှာ မိဖုရားခေါင်တို့နှင့် ထိုက်တန်စွာ ရာဇဣန္ဒြေနှင့် ပြည့်စုံပါသည်။

မင်းတရားကြီးသည် ပထမ မိဖုရားကြီးနှင့် သားတော် တစ်ပါး (စကြာမင်း)ရရှိရာ ယခုအခါ ၁၅ နှစ်သားအရွယ် ရှိပါပြီ။ ယခု မိဖုရားခေါင်ကြီးနှင့် သမီးတော်တစ်ပါး ရှိရာ သက်တော် ၅ နှစ်ခန့် ရှိပါသည်။ မင်းတရားထံ တစ်စုံတစ်ရာ လျှောက်ထားရန် ခဲယဉ်းလျှင် ထိုသမီးတော်ကလေး လက်ထဲသို့ လျှောက်လွှာထည့်၍ မင်းတရားကြီးထံ လွှတ်ပါက အဆင်ပြေစမြဲ ဖြစ်ပါသည်။

မိဖုရားကြီး၏မောင်တော် (မင်းသားကြီး မောင်အို)ကို သိပါသည်။ သူ့ထံသို့ ၆ ကြိမ်မျှ ဝင်ရောက် ခစားဖူးပါသည်။ သို့သော် ၎င်းမှာ မာနကြီးလွန်း၍ ဖော်ရွေခြင်း ကင်းသောကြောင့် ရင်းနှီးရန် ခက်ခဲပါသည်။ သူ၏ အစ်မတော်နှင့် တစ်စိတ်တစ်ဝမ်း ဖြစ်သောကြောင့် မိဖုရားခေါင်ကြီး၏ ဩဇာကို တစ်ဆင့်ခံ၍ နိုင်ငံတော်ကို အုပ်စိုးပါသည်။ သာယာဝတီမင်းမှတစ်ပါး တိုင်းပြည်တွင် ၎င်းနှင့်ပြိုင်ဘက် မရှိပါ" စသည် ဖြင့် ဂျပ်ဆင်က ပြောပြခဲ့လေသည်။

**သံမှူးဘာနေ (Burney) ၏ မှတ်တမ်း**

"ယခင်က ရှင်ဘုရင်နှင့် မိဖုရားဟု ခေါ်ဆိုလေ့ ရှိကြသော်လည်း ယခုအခါ "အရှင်နှစ်ပါး"ဟူ၍ သုံးစွဲ ပြောဆိုကြသည်။ မိဖုရားသည် ပလ္လင်ပေါ်၌ ရှင်ဘုရင်နှင့်အတူ တွဲထိုင်ကာ အလေးပြုခြင်း ခံယူသည်။ ထွက်တော်မူသောအခါ ရှင်ဘုရင်၏ ဝေါတော်နှင့်အတူ ဝဲယာ ယှဉ်တွဲလိုက်ပါသည်။

ဘိုးတော်မင်းတရား လက်ထက်က မိဖုရားနှင့် ရာဇပလ္လင်ပေါ်တွင် အတူတွဲ ထိုင်လေ့ မရှိခဲ့။ ယခင်ကလည်း မြန်မာနန်းတွင်းထုံးစံ၌ ထိုသို့ မရှိခဲ့။ မယ်နု လက်ထက်တွင်မှ ဤသို့ တစ်မူထူးခြားလာခြင်း ဖြစ်သည်။ တရုတ်သံများ လာရောက်စဉ်က ထိုသို့ အရှင်နှစ်ပါး ယှဉ်တွဲနေပုံကို မြင်တွေ့ရ၍ အံ့ဩမိကြပေမည်။ သူတို့ပြည်၌ မိန်းမများ ဤမျှ အခွင့်အရေး မရချေ။ မြန်မာပြည်၌ အမျိုးသမီးများ ပိုမိုလွတ်လပ်ကြသည်ကား မှန်၏။ သို့သော် ရာဇပလ္လင်ပေါ် အထိ တင်မြှောက်ခြင်း၊ နိုင်ငံရေးအာဏာ သုံးစွဲစေခြင်း တို့ကား ယခင်က လုံးဝ မရှိခဲ့ဖူးချေ။

မိဖုရားကြီး စိတ်နေသဘောထားမှာ ရှင်ဘုရင်လောက် ဖော်ရွေခြင်းရှိပုံ မရ။ ခက်ထန်လျက် မာနကြီးဟန်ရှိသည်။ ငွေရေးကြေးရေး၌ ရှင်ဘုရင်က သဒ္ဓါတရားရှိလျက် မိဖုရားက နှမြောတွန့်တိုလေသည်။ မိဖုရားက ဤမျှ ဩဇာ တိုးတက်ကြီးမားလာပုံကို ထောက်ရှု၍ သူသည် ရှင်ဘုရင်ထက် ကြံရည်ဖန်ရည် ထက်မြက်ကြောင်း ထင်ရှား၏။ သို့သော် မြန်မာပြည်သူတို့ကား မိဖုရားကို လုံးဝ အထင်မကြီးချေ။ ရှေးထုံး ဖျက်ဆီးသူ၊ တရားလက်လွှတ်စွာ အောက်လမ်းနည်းတို့ကို သုံးစွဲကာ ကိုယ်ကျိုးရှာသူ ဟူ၍ မှတ်ယူကြ၏။

သို့သော် မိဖုရားကြီးကို လိုလားနှစ်သက်သော လူတန်းစား တစ်စုကား ရှိနေ၏။ ထိုသူတို့မှာ သံဃာတော်များ ဖြစ်၏။ သူသည် ဘာသာရေး၌ ရိုသေကိုင်းရှိုင်းလျက် အလှူဒါနန၌ ရက်ရော၏။ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ပစ္စည်းလေးပါး ထောက်ပံ့ခြင်းတို့၌ လစ်လပ်သည် မရှိချေ။

မိဖုရားကြီးတွင် သားတော်တစ်ပါး ဖွားမြင်ရာ ငယ်က လွန်၏။ ရာဇပလ္လင်ပေါ်၌ မိဘနှစ်ပါးနှင့်အတူ ကျွန်တော်တို့ ရှုမြင်ခဲ့သော သမီးတော်ကလေးသာလျှင် ကျန်ရှိပေသည်။ မိဖုရားကြီးက သူ၏ဩဇာ ဆက်လက်တည်တံ့နိုင်စေရန် ထိုသမီးတော်ကလေးကို အိမ်ရှေ့မင်းသားကလေးနှင့် လက်ဆက်ရန် ရည်မှန်းလေသည်။ မြန်မာပြည်သူတို့သည် သွေးသားနီးစပ်သော ဆွေမျိုးချင်း ပေးစားလေ့မရှိသော်လည်း ဆွေတော်မျိုးတော် လောက၌ကား ထိုဓလေ့သည် ရှေးပဝေဏီကပင် ထုံးစံဖြစ်လျက် ရှိခဲ့သည်။

ကျွန်တော်တို့ သံအဖွဲ့သည် မကြာမီပင် နန်းတော်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်ကာ လှေကားထိပ်၌ ဖိနပ်စီးကြ၏။ နန်းရှေ့၌ အသုံးတော်ခံနေကြသော ဇာတ်ပွဲ၊ ရုပ်သေးပွဲများ၊ ဘားကျွမ်း သမားကို အတန်ကြာ ရှုစားကြသည်။ ကျွမ်းသမားများက မျောက်လို၊ ကျားလို ဝတ်ဆင်လျက် ခုန်ပေါက်ပုံတို့မှာ များစွာ ရယ်ရပေသည်။

ဆင်ဖြူတော်ကိုလည်း ရှုမြင်ခဲ့ရသည်။ မြန်မာမင်း၏ ဆင်ဖြူမှာ ဆွတ်ဆွတ်ဖြူ မဟုတ်ဘဲ မလိုင်အနှစ်ရောင် ဖြစ်သည်။ ယိုးဒယားဘုရင်၌ တကယ်ဖြူသော ဆင် ၆ ကောင်ရှိရာ မြန်မာမင်း၌ကား ထိုတစ်ကောင်သာ ရှိ၏။ သို့သော် ယိုးဒယားဆင်များထက် အရုပ်အမောင်း ကောင်းသည်။ ၁၈၀၆ ခုနှစ်က ပဲခူးမြို့အနီး နိဗ္ဗာန်ကွင်းမှ ဖမ်းမိခဲ့သည်။ ယခုအခါ အသက် ၂၀ ခန့် ရှိပြီ။

ဆင်ဖြူတော်ကို ရှိခိုးရန် မဟုတ်ပါ။ ရှင်ဘုရင်တို့ အဖို့ မပါလျှင်မပြီးသော အသုံးအဆောင်မျှသာ ဖြစ်ပါသည်။ ဆင်ဖြူတော်ဦးရေ များလေ ရှင်ဘုရင်ကို ပို၍ ဘုန်းတန်ခိုး ကြီးလေဟု ပြည်သူများ ယူဆကြပါသည်။ ထို့ကြောင့် ဆင်ဖြူတော် ဆက်သသူတို့အား ဆုငွေသာမက ရာထူး ဂုဏ်ထူး အမျိုးမျိုး ပေးကမ်းလေ့ရှိသည်။ ဆင်ဖြူတော်ကို မင်းတစ်ပါးကဲ့သို့ ချီးမြှင့်ကာ သူ့အတွက် သီးခြား ဝန်ကြီး၊ ဝန်ထောက်နှင့် စာရေးတော်ကြီးများ ထားရှိ၏။ စလင်းမြို့ကို ဆင်ဖြူတော်သို့ ကံကျွေးပေးအပ်လေသည်။

### မယ်နု၏ ဓာတ်ပုံ

ဤ စာရေးဆရာ တွေ့မြင်ဖူးသော နန်းမတော် မယ်နု ဓာတ်ပုံမှာ သလွန်တော်ပေါ်၌ စိမ်းလဲ့လဲ့အရောင်ရှိသော ကတ္တီပါအခင်း ခင်းထားသည်။ ကတ္တီပါ ခေါင်းအုံးပေါ်၌ ဘယ်ဘက်လက်ကို တံတောင်ထောက်လျက် ဘယ်ဘက်သို့ စောင်း၍ လျောင်းဟန် နေသည်။ အောက်ပိုင်းကား ခပ်ကွေး ကွေး နေသည်။ ညာဘက်လက်တံကို ကတ္တီပါအခင်းပေါ်၌ ချထား၍ မခို့တရို့ ပျို့မင်္ဂလာ၊ ယဉ်မူရာနှင့် နေသည်။ ဆံပင်မှာ ထုံး၍မထား၊ ဆံစုကို ဖြီးထားသကဲ့သို့ သေသပ်စွာ ဖြီးပြီးလျှင် ဆံပင်ရင်း၌ ဝေဝေဆာဆာ လှပန်းခိုင်ကို မြ စည်းကြိုးနှင့် တင့်တယ်စွာ စည်းထား၏။ ပိတုံးရောင်ပမာ သုံးတောင်ထွာရှည်သော ဆံပင်ကို အလျားလိုက် ကိုယ်ပေါ်မှာ တင်ထားသည်။ ဆံပင်သည် ပုဆစ်ဒူးကို ကျော်လွန်၍ အောက် ကတ္တီပါ အခင်းပေါ်၌ အတော်ပင် သက်ဆင်း ကျရောက်နေသည်။

ကိုယ်ခန္ဓာအနေမှာ "လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး" ဆိုသကဲ့သို့ တစ်ကိုယ်လုံး ယဉ်သည်။ ကိုယ်အင်္ဂါ အစိတ်အပိုင်း ပြေပြစ်သန့်ရှင်း၍ ကြန်အင်္ဂါ ပြည့်စုံသည်။ မျက်လုံး မျက်ခုံး ကောင်းသည်။ မျက်နှာထားမှာ ပြုံးရွှင်မနေ၊ ပကတိ တည်ကြည်သောအသွင် ရှိ၏။ ဣန္ဒြေရှိ၍ ခံ့ညားလှသည်။ ဘုန်းကံရှင်တို့၏ ဥပမိ သမ္ပတ္တိနှင့် ပြည့်စုံပေသည်။ တောင်ညာစံ အဂ္ဂမဟေသီ ဖြစ်ပြီးမှ ရိုက်ကူးသော ဓာတ်ပုံ ဖြစ်ဟန်တူသည်။ ဓာတ်ပုံမှာ ဟောင်းနွမ်းနေ၍ မှန်ဘီလူး ကြီးကြီးနှင့် ကြည့်ခဲ့ရသည်။ **[မယ်နုရာဇဝင် မူမှန်မှ]**

### သမက်လောင်း စကြာမင်း

မယ်နု၌ သားသမီး ၃ ပါး ထွန်းကားခဲ့သည်။ (၁) သမီးတော် [ငယ်ကလွန်]၊ (၂) သားတော် ပလိုင်းရှာစား ( ၆ နှစ်အရွယ်၌ ကျောက်ရောဂါဖြင့် ကွယ်လွန်)၊ (၃) ငယ်မည် မယ်သဲ ခေါ် ဆင်ဖြူမရှင် (နောင်အခါ မင်းတုန်းမင်းတရား၏ အလယ်နန်းမတော် မိဖုရား)။

မယ်နုသည် သားတော် ပလိုင်းရှာစားကလေး ရှိစဉ်ကမူ ထိုသားကလေးအတွက် ထီးနန်း မျှော်မှန်းခဲ့လေသည်။ ထို့ကြောင့် အပြိုင်အဆိုင်ဖြစ်သော စကြာမင်းသားလေး အပေါ်၌ ကြည်ဖြူနိုင်ဖွယ် မရှိပေ။ ထို့ကြောင့် မယ်နု၏ တိုက်တွန်းချက်အရ ဖန်နန်းရှင်ကလည်း သူ့သားတော်ကို ကြာမြင့်စွာ အိမ်ရှေ့အရာ မသွင်းဘဲ ထားခဲ့ဟန် ရှိလေသည်။ သို့သော် သူ့သားတော်ကလေး ကွယ်လွန်ချိန်၌ကား မယ်နုက လမ်းစဉ်ပြောင်းခဲ့ပေသည်။

ဦးပညာဝံသ၏ ဖော်ပြချက်၌ "အမြင်ကျယ်သော မယ်နုသည် သမီးတော် ဆင်ဖြူမရှင်နှင့် စကြာမင်းကလေးကို စုလျားရစ်ပတ် လက်ထပ်ပေးရန် ကြံရွယ်ချက် ရှိပြီး ဖြစ်၏။ မင်းသားက ဖန်နန်းရှင် မင်း၏သား၊ မင်းသမီးက နန်းမတော် မယ်နု၏သမီး၊ ဤသို့သော ရည်ရွယ်ချက် အောင်မြင်ပါက ထီးမွေနန်းမွေသည် စကြာမင်းကလေး ဘက်သို့ တိမ်းသွားမည် မဟုတ်လော။ ဤပွဲကို မလိုလားသော အတွင်းလူများ ရှိနေသည် မဟုတ်လော။ မယ်နုသည် တောင်ညာစံ အဖြစ်နှင့် မရပ်နားဘဲ တစ်ထပ်ပွားကာ ဤအကြံကို ပြုခြင်းသည် လောကဓမ္မတာ မှန်ကန်သော်လည်း အိမ်ရှေ့အရာ၌ ရှိသူ သာယာဝတီမင်းသား အဖို့ ကြီးစွာသော ပြဿနာ ဖြစ်လေသည်။ ထို့ကြောင့်လား[illegible]ကန်

www.burmeseclassic.com



မသိ။ သာယာဝတီမင်း နန်းတက်ပြီး တစ်နှစ်အကြာ ၁၂၀၀ ပြည့်တွင် စကြာမင်းသားကို ရေချ ကွပ်မျက်တော့သည်”ဟု ရေးသားပါရှိ၏။

သို့လျှင် “စကြာကို ရင်ခွင်ပိုက်ရန်”စီစဉ်ဆဲမှာပင် ထိုမင်းသားကလေးကို မယ်နုလက်မှ သာယာဝတီမင်းက ဆွဲကာ ရေထဲသို့ လွှင့်ပစ်လိုက်လေသည်။ အဖြစ်မှန်ကား ဤအတိုင်းပင်။ သို့သော် “စကြာရေချ” ဇာတ်ဆရာများက ‘အကြံရယ်ကုန် ဖလံခုံ အမယ်နုရယ်ကြောင့်’ဟူ၍ လည်းကောင်း၊ ‘စခန်း မလျော်ပါတယ် နန်းမတော် ကဝေမရယ်ကြောင့်’ စသည်ဖြင့် လည်းကောင်း မယ်နုကိုပင် အရာရာ အပြစ်တင် ငိုချင်းချလျက် ရှိနေကြပေသည်။

*

## [၂] အင်းဝ အရှင်နှစ်ပါး ညီလာခံ

**[အင်္ဂလိပ်သံမှူး ကရောဖို့ (Crawford) ၏ မှတ်တမ်းမှ]**

“ကျွန်တော်တို့ သံအဖွဲ့ကို ရွှေ့တော်သို့မဝင်မီ လွှတ်တော်ရုံး ရှေ့၌ နားနေကြရန် နေရာထိုင်ခင်း ပေးပါသည်။ လွှတ်တော်မှာ ကျွန်းသားနှင့် ဆောက်လုပ်သော ဇရပ်ကြီးဖြစ်သည်။ ရွှေချခြင်း၊ ပန်းပုလက်ရာတို့နှင့် မွမ်းမံခြင်း အလျှင်း မရှိပါ။ ထရံများလည်း မရှိပါ။ ဘန်ကောက်မြို့တော်တွင် ယိုးဒယားဘုရင်၏ ရွှေ့တော်သို့ ဝင်ခဲ့စဉ်က ကျွန်တော်တို့ ခေတ္တရပ်နားခဲ့သော ဗိမာန်မှာ ဤရုံးတော်ထက် အပုံကြီး သာပါသည်။

ရှင်ဘုရင်၏ညီလာခံသို့ မင်းသားများ တက်ရောက်ကြမည်ဖြစ်ရာ ကျွန်တော်တို့သံအဖွဲ့မှာ သူတို့နောက်မှ လိုက်ရမည် ဖြစ်သည်။ ထို့ကြောင့် လွှတ်တော်ရှေ့တွင် ၂ နာရီကျော်မျှ ထိုင်စောင့်ကြရသည်။

ပထမဦးဆုံး အဆောင်အယောင်နှင့် ရောက်လာသူမှာ ဘုရင်ခံ၏ညီတော် ပုဂံမင်းသားဖြစ်၏။ ထို့နောက် သံတွဲမြို့စားမင်းသား မင်းမြတ်ဖိုလ်ဖြစ်သည်။ အင်္ဂလိပ်–မြန်မာစစ်ပွဲ၌ ဗန္ဓုလ ကျဆုံးပြီးနောက် မြန်မာတပ် အသီးသီးကို အုပ်ချုပ်သူမှာ မင်းမြတ်ဖိုလ်ပင် ဖြစ်ပါသည်။ သူ၏ နောင်တော် သာယာဝတီမင်းသားသည် ဗန္ဓုလကို ဆက်ခံသင့်သော်လည်း အကြောင်းမညီညွတ်၍ ဤမင်းသားကို စစ်သေနာပတိ အရာ၌ ခန့်အပ်ခဲ့ရသည်။ မင်းမြတ်ဖိုလ်ကား ငယ်ရွယ်သူဖြစ်လျက် သူ့အပါးတော်၌ ကောလင်းဝန်ကြီးက အမြဲ လိုက်ပါ ကွပ်ကဲရသည်။ မင်းသားက အရည်အချင်း မပြည့်ဝသဖြင့် ဝန်ကြီးက စစ်သည်တော်များကို ကူညီအုပ်ချုပ်နေရသည်။

ထို့နောက် မင်းတုန်းမင်းသားနှင့် မက္ခရာမင်းသားတို့ ရောက်လာကြသည်။ သူတို့နောက်တွင် နန်းမတော်မယ်နု၏ မောင်တော် မင်းသားကြီးဦးအို ရောက်လာ၏။ နောက်ဆုံး၌ သာယာဝတီမင်းသား ဝင်တော်မူလာ၏။ အမြင့်မြတ်ဆုံးသော ညီတော်မင်းသားအဖြစ် ရွှေထီး ၁၀ လက် မိုးရ၏။ မင်းသားကြီး ဦးအို အတွက် ရွှေထီး ၈ လက်သာ ရရှိလေသည်။

ထိုမင်းသားများ အဆင့်အတန်းအလိုက် ဝင်ကြရာတွင် ရှေ့ဆုံးမှ ကိုယ်ရံတော်စစ်သားများ ပါရှိ၏။ မင်းသားများကား ဝေါ်စီးလိုက်ပါကြ၏။ ထိုနောက်မှ ဆင်များ၊ မြင်းများ လိုက်ပါကြ၏။

မှူးကြီး မတ်ကြီးများကား ရွှေထီးဆောင်းလျက် တံခါးနီးသို့ ရောက်သောအခါ အခြွေအရံများကို အပြင်၌ ထားခဲ့ကြရ၏။ မင်းညီမင်းသားများ အဖို့ကား မိမိ စီးနင်းလိုက်ပါလာသော ဝေါ်များကို ထိုတံခါးမှ လွန်၍ နန်းတော်လှေကားအရောက် သွားနိုင်၏။ လက်နက်ကိုင် နောက်ပါများကား အားလုံးပင် တံခါးအနီးမှ ကျော်လွန် လိုက်ပါခွင့် မရကြပေ။

နန်းတော်သို့ အခစားဝင်ရာတွင် မင်းသားများသည် မိမိတတ်နိုင်သလို အခြွေအရံ များစွာနှင့် အခမ်းအနား ဝင်လာနိုင်၏။ ထိုနေ့က အခမ်းအနားဆုံးမှာ မင်းသားကြီးဦးအို၏အဖွဲ့ ဖြစ်သည်။ နောက်လိုက်ပေါင်း ၄၀၀ ကျော်ခန့် ပါရှိ၏။ ထိုသူတို့တွင် အင်္ဂလိပ်စစ်ဗိုလ်ရီ (Sepoys)ယူနီဖောင်းဝတ်သူ ၃၀ ကျော်ခန့် ပါရှိရာ ထိုသူများမှာ စစ်တကောင်းတိုက်ပွဲမှ မြန်မာတို့ ဖမ်းဆီးခဲ့သော သုံ့ပန်းများ ဖြစ်ဟန်တူ၏။

မှူးကြီး မတ်ကြီးတို့နှင့် မင်းညီမင်းသားများသည် နန်းတော်လှေကား အထိ ဖိနပ်စီးခြင်း စသော အခွင့်အရေးများ ရရှိသည်ကို မြင်တွေ့ရသောအခါ ကျွန်တော်တို့အဖွဲ့ကိုလည်း အလားတူ ခွင့်ပြုရန် ကျွန်တော်က တောင်းဆိုတော့၏။ အမေရိကန် သာသနာပြု ဆရာဂျပ်ဆင်က ဘာသာပြန်အဖြစ် ပါရှိ၏။ မူလကမူ ကျွန်တော်တို့အား ရုံးတော်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ချွတ်ရန် စီစဉ်ခဲ့ကြသည်။ ယခင်က အင်းဝသို့ ကျွန်တော့်အလျင် ရောက်ခဲ့သူ အင်္ဂလိပ်သံမှူး မိုက်ကယ်ဆိုင်း (Michael Symes)ကိုလည်း မြန်မာအရာရှိများက နန်းတော်သို့ မဝင်မီ အကြိမ်ကြိမ် ရှိခိုးရန် သွေးဆောင်ခဲ့သည်။ ကျွန်တော်တို့ အနောက်နိုင်ငံသားများအဖို့ ဦးထုပ်ကိုချွတ်၍ အလေးပြုရန် ဝန်မလေးသော်လည်း ဖိနပ်ချွတ်ရန်နှင့် မြန်မာနည်းတူ ဒူးတုပ်၍ ရှိခိုးရန်မှာ ဘောင်းဘီဝတ်သူအဖို့ မလွယ်ကူသောကြောင့် အထူးပင် လိုက်လျောရန် ခက်လေသည်။ ထို့ကြောင့် မိုက်ကယ်ဆိုင်းက 'ရှင်ဘုရင်ရှေ့တော်ကို မဝင်လိုတော့ပါ'ဟု ဆိုကာ ပြန်သွားမည် ပြုခဲ့သည်။ ဤတွင်မှ နန်းတော်လှေကား အထိ ဖိနပ်စီးခွင့် ရခဲ့သည်။

ကျွန်တော်လည်း ဤကိစ္စ၌ မိုက်ကယ်ဆိုင်း ကဲ့သို့ပင် တင်းမာရတော့သည်။ ရှင်ဘုရင်၏ ရှေ့တော်ဝင်မှပင် ဖိနပ်ချွတ်နိုင်မည်ဟု ပြတ်သားစွာ ပြောရ၏။ ဤတွင်မှ နာခံတော်တစ်ဦး ရှေ့ဆောင်ကာ နန်းတော်ဆီသို့သွားရန် ပြင်ကြ၏။ အင်္ဂလိပ် ဘုရင်ခံချုပ်ထံမှ သဝဏ်လွှာကို တင်ဆောင်ရန် ငွေလင်ပန်းတစ်ခု တောင်းခံရာ မရချေ။ ရွှေရောင်များ မှေးမှိန်နေသော ကလပ်တစ်ခုပေးရာ ဟောင်းနွမ်းသဖြင့် ကျွန်တော်က မသုံးလိုပေ။ ထို့ကြောင့် ကျွန်တော်၏ လက်ထောက် မစ္စတာ မောင့်မော်ရင်စီ (Mr. Mountmorency)ကို ထိုသဝဏ်လွှာ ကိုင်ဆောင်စေလျက် ကျွန်တော်နှင့် ယှဉ်တွဲလိုက်ပါစေခဲ့သည်။

ရုံးတော်မှ နန်းတော်အထိ သွားရာတွင် တံတိုင်း ၃ ခု ရှိရာ တံခါး ၃ ပေါက်မှ ဝင်ရ၏။ ပထမတံတိုင်းမှာ သစ်တပ်ခေါ် တံတိုင်းဖြစ်၏။ ဒုတိယနှင့် တတိယမှာ အတွင်း အုတ်တံတိုင်းများ ဖြစ်၏။ ၎င်းတို့ကို ကျော်လွန်ပြီးမှ နန်းတော် အရှေ့မုခ်လှေကားသို့ ရောက်၏။ ကျွန်တော်တို့ကို လမ်းပြသော သံတော်ဆင့်က ပထမတံခါးသို့ ရောက်လျှင်ပင် နန်းတော်ကို စတင် ဦးချ၏။ ကျွန်တော်တို့က သူ့ကို အတုမခိုးပါ။

ညီလာခံ အဆောင်တော်မှာ ပြာသာဒ်ကြီး မားမားမတ်မတ် လွှမ်းမိုးလျက်ရှိသော ဗဟိုဆောင်ဖြစ်၏။ ဝဲယာတွင် ပြာသာဒ်မပါသော အဆောင်ကြီး ၂ ခုတို့က အလျားလိုက် ခြံရံနေ၏။ ရာဇပလ္လင်ရှိရာ အပိုင်းမှတစ်ပါး အကာအရံများ မရှိချေ။ ကျွန်းသား မျက်နှာကြက်နှင့် တိုင်များကို ရွှေချထားသည်မှာ ဖိတ်ဖိတ်တောက်နေ၏။ ကြမ်းပြင်ကားကျောက်ဖြူပြားတို့နှင့် ပြီးလျက် အလွန် ချောမွေ့ တောက်ပြောင်ပေသည်။ ရွှေတိုင်ကြီးများ အောက်ပိုင်း လူတစ်ရပ်လောက်ကိုကား ဟင်္သပဒါး သုတ်ထား၏။ ထိုတိုင်အောက်ပိုင်းကို အခွင့်ထူးခံ ဝန်ကြီးများမှ ထိုင်ခွင့်ရသည် ဆို၏။

ရာဇပလ္လင်ရှိရာ ဘက်၌ကား ရွှေရောင်သည် အဝင်းဆုံးတည်း။ ပန်းခြူးပန်းနွယ် စသော ပန်းပုအမွမ်းအမံတို့လည်း အများဆုံး ရှိနေပေသည်။ ရှင်ဘုရင် စံတော်မူရာ ပလ္လင်ကား ရွှေနှင့် ဖန်မှန်များ ရောနှော မွမ်းမံထားသဖြင့် အတောက်ပြောင်ဆုံး ဖြစ်၏။ ပလ္လင် အထက်ပိုင်း၌ ခြယ်လှယ်ထားသော ပန်းပုလက်ရာတို့လည်း အလွန် ခံ့ညားတင့်တယ်ပေသည်။

နန်းတော်မှာ အသစ်မဟုတ်ပါ။ ၂ နှစ်ခွဲကြာမှ အမရပူရမြို့မှ ပြန်လည် ပြောင်းရွှေ့စံမြန်းခြင်း ဖြစ်သည်။ သို့သော် ဗိမာန်တစ်ခုလုံး မည်သည့်နေရာမျှ ဟောင်းနွမ်းချတ်ယွင်းခြင်း မရှိပါ။ အနောက်ဗိသုကာစနစ်များနှင့် လုံးဝ မတူသော်လည်း အထူး ထည်ဝါ တောက်ပြောင်လှပေသည်။ တခြားနိုင်ငံများ၌ ဤသို့ ထူးခြားဆန်းပြားသော နန်းတော်မျိုး ရှိမည် မထင်ပါ။ အမရပူရမြို့ရှိ နန်းတော်ထက် ပိုမို ကြီးမားကျယ်ပြန့်ပါသည်။

နန်းတော်သို့ဝင်ရာ လှေကားပေါက် သုံးခုအနက် ကျွန်တော်တို့က လက်ယာဘက်မှ ဝင်ပါသည်။ မူလက သဘောတူညီခဲ့သည့်အတိုင်း ထိုလှေကား၌ ကျွန်တော်တို့ ဖိနပ်ချွတ်ကြပါသည်။ ရာဇပလ္လင်၏ရှေ့နား လက်ဝဲဘက်တွင် ကျွန်တော်တို့ကို နေရာချထား ပေးပါသည်။ လက်ဆောင် ပဏ္ဏာများကို ကျွန်တော်တို့ရှေ့တွင် စီတန်းချထားပါသည်။

ဆယ်မိနစ်ခန့်ကြာသော် ရှင်ဘုရင် ထွက်တော်မူလာသည်။ ထွက်တော်မူချိန်တွင် မြန်မာတူရိယာသံများ ကြားရ၏။ ထို့နောက် ရာဇပလ္လင် တံခါးပွင့်သံများ ကြားရ၏။ ရှင်ဘုရင်သည် မင်းမြောက်တန်ဆာများ ပြည့်စုံစွာ ၄ ဘက်ဆင်ကာ လှေကားမှ တက်လာရာ ထိုတန်ဆာများ အတန်ပင်လေးပုံရ၍ ပင်ပန်းတော်မူဟန် ရှိ၏။ သရဖူမှာ စေတီပုထိုးများ၏ ထီးတော်နှင့် တူပါသည်။ ဝတ်လုံတော်မှာ ရွှေထည်ဖြစ်လျက် ကျောက်သံပတ္တမြားများ စီခြယ်ထား၏။ လက်ယာဘက်၌ သားမြီးယပ်တောင် ကိုင်ဆောင်ထား၏။ ထို့ပြင် နဖူးတော်၌ ဘွဲ့တော်ရွှေပြား ဆင်လျက် ကျောက်စီစား



www.burmeseclassic.com

www.burmeseclassic.com



ဟင်္သာခြေနင်းနှင့် ထီးဖြူတော်လည်း ပါရှိလေသည်။ သားမြီးယပ်ဖြင့် ပလ္လင်တော်ကို အမှိုက်လှည်းသလို ပြုပြီးမှ ထိုင်တော်မူသည်။ ဤသို့ ဖုန်ခါသောအလုပ်ကို သူတစ်ပါးအား မခိုင်းစေဘဲ ဘုရင်ကိုယ်တိုင် ပြုမူသည်မှာ ကျွန်တော်တို့အဖို့ ထူးဆန်းလေသည်။ ရှင်ဘုရင် ထွက်တော်မူလာလျှင်ပင် အရှေ့တိုင်းထုံးစံအရ မှူးမတ်အရာရှိ အားလုံးတို့က ဦးသုံးကြိမ် ချကြရလေသည်။ ထိုသို့ရှိခိုးကြရာတွင် ကျွန်တော်တို့ကို မပါဝင်စေပါ။ ကျွန်တော်တို့ အနေဖြင့် အနောက်ထုံးစံအတိုင်း ရှင်ဘုရင်လာလျှင် ဦးထုပ်များကို ချွတ်၍ ခေါင်းညွှတ်ကာ ဆလံပေးကြပါသည်။

မိဖုရားခေါင်ကြီးလည်း ရှင်ဘုရင်၏ နောက်တော်ပါးမှ ပါလာကာ လက်ယာဘက်တွင် ကပ်လျက် ထိုင်တော်မူသည်။ မိဖုရား အဝတ်တန်ဆာများမှာလည်း ရှင်ဘုရင်ကဲ့သို့ပင် ရွှေနှင့်ပြီးလျက် လေးလံပုံ ရပါသည်။ မကိုဋ်တော်မှာ ရောမဦးထုပ်ပုံမျိုး ဖြစ်သည်။ သမီးတော်ကလေးသည် မိဖုရားနှင့်အတူ လိုက်ပါကာ ခမည်းတော်နှင့် မယ်တော်တို့အကြား၌ ထိုင်ပါသည်။ သူကား ၅ နှစ် အရွယ်မျှ ရှိပေပြီ။ မှုထမ်းရာထမ်း အပေါင်းနှင့်အတူ ကျွန်တော်တို့အားလုံးက ရှင်ဘုရင်ကို အလေးပြုသည့်အတိုင်း မိဖုရားကြီးကိုလည်း အလေးပြုကြသည်။ ဤအခမ်းအနား ရှုခင်း တစ်ရပ်လုံးမှာ ဇာတ်သဘင်နှင့် တူလှပါသည်။ သို့သော် စစ်မှန်သော ဤပွဲမျိုးကို မည်သူမျှ တုပနိုင်ဖွယ် မရှိပါ။

ပထမ အစီအစဉ်အနေဖြင့် ပုဏ္ဏားတော်များက ဂါထာများ သံပြိုင်ရွတ်ဆိုကြသည်မှာ ၃ မိနစ်ခန့် ကြာ၏။ ထို့နောက် မင်းနှင့် မိဖုရားတို့က အင်းဝ နေပြည်တော်ရှိ ပုထိုးများသို့ လှူဒါန်းသော ပစ္စည်းစာရင်းကို သံတော်ခံတစ်ဦးက ဖတ်ကြားသည်။

မြန်မာထုံးစံအရ ဝါဝင်ချိန်၊ ဝါကျွတ်ချိန်များ၌ ရှင်ဘုရင်ကို ကန်တော့ပွဲများ ကျင်းပစမြဲ ဖြစ်၏။ ထိုအချိန်မျိုးတွင် တိုင်းပြည် နယ်နိမိတ်အတွင်းရှိ မြို့စားရွာစားနှင့် စော်ဘွားစော်ကန် အပေါင်းတို့ ရွှေဖဝါးတော်အောက်သို့ လာရောက်ကြရစမြဲ ဖြစ်သည်။ ကျွန်တော်တို့ အင်္ဂလိပ်များမှာ ဤပွဲနှင့် မဆိုင်သူများ ဖြစ်သော်လည်း ဤပွဲ၌ပင် ပါဝင်စေခြင်းမှာ စစ်ရှုံးသော မြန်မာတို့က အင်္ဂလိပ်သံတမန်များအပေါ်တွင် တစ်နည်းတစ်ဖုံ နှိမ်ခြင်း၊ အသားယူခြင်း ဟူ၍ပင် မှတ်ယူရပေမည်။

လက်ဆောင် ပဏ္ဏာတော်များ စာရင်းကိုလည်း သံတော်ခံကပင် ဆက်လက်ဖတ်ကြားရာ မင်းညီမင်းသားများ၊ ထို့နောက် ရှမ်းပြည်၊ လောပြည်တို့မှ စော်ဘွားများ၊ ထို့နောက် သူဌေးသူကြွယ်များနှင့် နောက်ဆုံးတွင် အင်္ဂလိပ်သံတမန်တို့၏ ပစ္စည်းစာရင်းများ ပါရှိလေသည်။

ဥပမာအနေဖြင့် သာယာဝတီမင်းသားက ဆက်သသော လက်ဆောင်တော်များ စာရင်းကို အောက်ပါအတိုင်း ဖတ်ပြ၏။

'ဘဂရှင် ဆဒ္ဒန်သခင်နှင့် စကြာလက်နက် ကိုင်ဆောင်သော မင်းတရားကြီးက မင်္ဂလာရှိသော ဤဝါကျွတ်ချိန်တွင် ကျေးတော်မျိုး၊ ကျွန်တော်မျိုး အပေါင်းတို့အား ခွင့်လွှတ်တော်မူလေ့ ရှိသည်နှင့်အညီ သာယာဝတီမင်းသားကလည်း ရွှေဖဝါးတော်အောက်၌ ရှိခိုးသနားတော်မြတ် ခံယူကာ ဆက်သသည်ကား ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ငွေခွက်၊ ပိုးထည်၊ ပိတ်အုပ် စသည်တို့ ဖြစ်ပါသည် ဘုရား'

ကျွန်တော်များ အလှည့်၌ကား "ကျေးတော်မျိုး၊ ကျွန်တော်မျိုး" ဟူ၍ မဆိုဘဲ "အိန္ဒိယပြည့်ရှင် အင်္ဂလိပ်ဘုရင်" ဟူ၍ ပါရှိလေသည်။

ထို့နောက် ညီလာခံ တက်ရောက်သော မင်းညီမင်းသား၊ မှူးကြီးမတ်ကြီးတို့၏ အမည်တို့ကို အစဉ်အလိုက် ဖော်ပြရာ သက်ဆိုင်သူတို့က ဆန်ပန်းပေါက်ပေါက်များကို လက်၌ဆောင်ကာ ထပ်မံ ကန်တော့ရလေသည်။ ဤကား သစ္စာတော်ကျိုးနွံကြောင်း ထပ်မံ ထင်ရှားစေခြင်း ဖြစ်သည်။ ထိုသို့ ပြုလုပ်စေသူတို့တွင်လည်း ကျွန်တော်တို့ မပါဝင်ပါ။ အိန္ဒိယဘုရင် အင်္ဂလိပ်မင်းက မိဖုရားကြီးထံ ဆက်သည်ဆိုသော လက်ဆောင်တော် စာရင်းကို သီးခြား ဖတ်ကြားတင်ဆက်ရပါသည်။

ထို့နောက် ရွှေဖဝါးတော် အောက်သို့ အင်္ဂလိပ်သံတမန်များ အခစားရောက်ခြင်းကို ကြေညာသောအခါ ရှင်ဘုရင်၏ကိုယ်စား ကျွန်တော်တို့အနီးရှိ မြန်မာအတွင်းဝန်တစ်ဦးက စာအုပ်မှ အောက်ပါ မေးခွန်းများကို ဖတ်ကြားမေးမြန်းပါသည်။

(၁) အင်္ဂလိပ်ဘုရင်၊ မိဖုရားနှင့်တကွ သားတော်သမီးတော်၊ ဆွေတော်မျိုးတော်တို့ ကျန်းမာတော်မူကြပါ၏လော၊ (၂) အင်္ဂလန်ပြည်၌ ရာသီဥတု ကောင်းမွန်ပါ၏လော၊ (၃) အိန္ဒိယပြည်မှ ဤအရပ်သို့ ခရီးထွက်ခဲ့သည်မှာ မည်မျှ ကြာပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းတို့ကို ကျွန်တော်တို့ကား လေးစားစွာပင် ဖြေဆိုပါသည်။ ထို့နောက် စားသောက်ဖွယ်ရာ လက်ဖက် ခွက်၊ လက်ဖက်ရည် စသည်တို့ကို ရွှေခွက်နှင့် ကျွန်တော်များ ကို ဧည့်ခံပြုစုပါသည်။ ကျွန်တော်တို့ အဖွဲ့ကိုသာ ဘုရင့် အမိန့်တော်အရ ဤသို့ ဦးစွာပြုစုခြင်းကို ကျေးဇူးတင်သော အားဖြင့် ထပ်မံ ဆလံပေး အလေးပြုကြပါသည်။

ထို့နောက် ဘွဲ့ထူး၊ ဂုဏ်ထူး ပေးအပ်ပွဲ ပြုလုပ်သည်။ မြန်မာပြည်ပေါက် ပေါ်တူဂီ အရာရှိတစ်ဦးလည်း ဘွဲ့ရ၏။ ထိုသူမှာ အင်္ဂလိပ်–မြန်မာ စစ်ပွဲအတွင်း မြန်မာ့သံတမန်အဖွဲ့ နှင့် ဗီယက်နမ်သို့ လိုက်ပါသွားခဲ့၏။ အပြန်၌ ထားဝယ်မြို့ တွင် အင်္ဂလိပ်၏ ဖမ်းဆီးခြင်း ခံရ၏။ ထို့ကြောင့် သူသည် အင်္ဂလိပ်များကို အလွန်မုန်းတီးကာ အိန္ဒိယဘုရင်ခံချုပ် ဆိုသူ မှာ ရန်ကုန်မြို့ဝန် အဆင့်မျှသာ ရှိကြောင်း တင်လျှောက်သူ ပေတည်း။

ရှင်ဘုရင်က ဝင်တော်မမူမီ ကျွန်တော်တို့အား လက် ဆောင်ပြန်များ ပေးစေ၏။ အဖွဲ့ဝင်များသို့ ကျောက်နီလက် စွပ် တစ်ကွင်းစီ၊ ပိုးအုပ် တစ်ခုစီ၊ ယွန်းထည် တစ်စုံစီ ပေးကမ်း၏။ ကျွန်တော်မှာ ခေါင်းဆောင်အနေဖြင့် ငွေ ၁၀၀ ကျပ်ဖိုးခန့် ရရှိ၏။ အခြားသူများအဖို့ ထို့ထက်လျော့၍ ရ၏။ စကားပြန်အဖြစ် ပါရှိသော ဆရာယုဒသန်အတွက် ဘာလက်ဆောင်မျှ မရရှိချေ။ သူကား မြန်မာပြည်၌ နေထိုင် သူ သာသနာပြု ဆရာတစ်ဦး ဖြစ်လျက် ယခုကဲ့သို့ အင်္ဂလိပ် များနှင့် ပူးတွဲ ပါရှိနေသည်ကို ရှင်ဘုရင်က နှစ်သက်ဟန် မရှိချေ။

အင်္ဂလိပ် ဘုရင်ခံချုပ်ထံမှ စာကို ဖတ်ရှုခြင်း မရှိချေ။ ပွဲပြီးချိန်၌ သံတော်ဆင့်လက်သို့ အပ်ခဲ့ရလေသည်။

ရှင်ဘုရင်၏ ညီလာခံမှာ ၄၅ မိနစ်ခန့် ကြာ၏။ အရှင်နှစ်ပါး ဝင်တော်မူသောအခါ ထပ်မံ ရှိခိုးကြပြန်၏။ ကျွန်တော်တို့လည်း ဦးထုပ်များကို ပြန်လည် ဆင်မြန်းကြ ၏။ မင်းညီမင်းသားနှင့် မှူးမတ်တို့၏ ဝတ်ဆင်ပုံမှာ အများ အားဖြင့် အနီရောင် ကတ္တီပါဝတ်လုံများ ဖြစ်၏။ မြန်မာ ဦးထုပ်များကို ပြန်လည် ဆင်မြန်းကြ၏။ မြန်မာဦးထုပ်၌ ဘွဲ့နာမများ ရှေ့ဘက်တွင် တပ်ဆင် ပါရှိ၏။ သာယာဝတီ မင်းသား၏ ဝတ်စားဆင်ယင်ပုံမှာ တင့်တယ် ခံ့ညားဆုံး ဖြစ်လေသည်။ သူ၏ နေရာမှာ ရာဇပလ္လင်နှင့် အနီးဆုံး ဖြစ်၏။ စကြာမင်းသားကလေးမှာ အိမ်ရှေ့မင်း ဖြစ်သော် လည်း ငယ်ရွယ်သူဖြစ်၍ ဤညီလာခံ၌ ပါဝင်ခြင်း မရှိချေ။ ညီလာခံတက်ရောက်သူ မှူးမတ်ရာထမ်းတို့မှာ ဘန်ကောက် နန်းတော်မှာကဲ့သို့ များပြားခြင်း မရှိချေ။ သို့သော် ဝတ်စား ဆင်ယင်ပုံတို့မှာကား မြန်မာတို့က သာလွန်ထည်ဝါ ခံ့ညား ပေသည်။

စစ်ကိုင်းမင်းခေါ် ရှင်ဘုရင်၏ သက်တော်မှာ ၄၃ နှစ် ရှိချေပြီ။ အရပ်တော် နိမ့်၏။ သို့သော် သွက်လက်လျက် သဘောကောင်းပုံ ရသည်။ သူ၏ ကျေးကျွန် တပည့်ရင်းများ နှင့်မူ ရာဇဣန္ဒြေ လုံးဝမထားတော့ဘဲ လွတ်လပ်စွာ ကျီစယ် တတ်လေသည်။ ဥပမာအားဖြင့် နားရွက်ကို ဆွဲခြင်း၊ ဆိတ်ဆွဲခြင်း၊ ထုခြင်း ပြုတတ်၏။ နိုင်ငံခြားသားများနှင့် ပို၍ပင် မြူးထူးတတ်သည် ဆို၏။ မြန်မာကျေးကျွန်တို့နှင့် အရောဝင်ရာတွင် အကဲမိုးတက်မည်ကို စိုးရိမ်ရသော်လည်း နိုင်ငံခြားသားတို့နှင့် ကစားရာ၌ ပြဿနာ မပေါ်ချေ။

ရှင်ဘုရင်သည် တကယ် မြင်းစီးကောင်းသူလည်း ဖြစ်၍ မကြာခဏ နောက်တော်ပါတို့နှင့် မြင်းစီး ထွက်တော် မူလေ့ရှိသည်။ ဆင်ကစားလည်း ဝါသနာပါ၍ မကြာခဏ ဆင်ကျုံးတော်သို့ ထွက်တော်မူသည်။ ရေကစားရာ၌လည်း ကိုယ်တော်တိုင် လေ့လှော်တတ်ပေသည်။

ရှင်ဘုရင် အနေဖြင့် စိတ်သဘော နူးညံ့သိမ်မွေ့ခြင်း မှာ ချီးကျူးဖွယ်ဖြစ်သော်လည်း ဘုန်းတန်ခိုး အာဏာတို့၌ ကား ကုန်းဘောင်ဘုရင်တို့တွင် လုံးဝ တောက်ပြောင်ခြင်း မရှိဟု ဆိုရပေမည်။ သူ့လက်ထက်တွင် စစ်ရှုံးသဖြင့် ကုန်း ဘောင် နိုင်ငံတော်ကြီး စတင် ပြိုကွဲရလေသည်။ သဘော ကောင်းခြင်း၊ အနုပညာ စာပေလိုက်စားခြင်း တို့ကြောင့် လက်ရုံးရည်၌ လျော့ပါးခြင်း ဖြစ်လေသည်။ ပြဿနာ ကြီး ငယ်တို့ကို ကောင်းစွာ လေ့လာ ဆုံးဖြတ်လိုစိတ် မရှိဘဲ နှစ်သက်ရာ အပါးတော်မြဲတို့အား လွှဲအပ်လေ့ရှိသည်။

မိဖုရားကြီးသည် ရှင်ဘုရင်ထက် ၂ နှစ်ခန့် အသက် ကြီး၏။ ကိုယ်ဟန် ကြော့ရှင်းတင့်တယ်၍ မဟာဆန်သည် မှန်သော်လည်း လှပသူ ဟုကား မဆိုနိုင်ပါ။ အဝေးမှ ရှုစား ဖူးမြင်ရသည် ဖြစ်၍ စိန်ရွှေ အဝတ်တန်ဆာရောင်များ ဟပ်နေသောကြောင့် အသရေ တင့်ပေသည်။ သာမန် ထောင်မှူးတစ်ဦး၏ သမီးဖြစ်၍ သူသည် မဟာနွယ် မဟုတ်။ ရှင်ဘုရင်သည် အိမ်နိမ့်စံဘဝက သူ့ကို ကောက် တော်မူခဲ့သည်။ ထိုအချိန်မှ စ၍ သူ့သြဇာ စတင် လွှမ်းမိုး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာ လျော့ပါးသည် မရှိဘဲ ယခုအခါ နိုင်ငံတော်အုပ်ချုပ်ရေး၌ မိဖုရားကြီး၏ ဘက်တော်သားများသာလျှင် ကြီးစိုးနေပေသည်။

ရှင်ဘုရင်၏ တရားဝင်မိဖုရား"ဆင်ဖြူရှင်မယ်"မှာ ဘထွေးတော် ပုဂံမင်း၏ သမီးတော် ဖြစ်၏။ သို့သော် သားတော် လက်ရှိ ညောင်ရမ်းမင်းသားကလေးကို ဖွားတော်မူပြီး ၇ ရက်အကြာ နတ်ရွာစံသဖြင့် ထောင်မှူး၏သမီး မယ်နုမှာ ပြိုင်ဘက်ကင်း ဖြစ်လာသည်။ ဘိုးတော်မင်းတရားကြီး ကိုယ်တိုင် မဟာမျိုး မဟာနွယ်များကိုသာ ဦးစားပေးလိုသော်လည်း မယ်နုကိုသာလျှင် အိမ်ရှေ့စံ ဘဝမှ ယခုတိုင် ရှင်ဘုရင်က စွဲလမ်းနေသည်။ မိဖုရားကြီးနှင့် အတူသာလျှင် ရှင်ဘုရင်သည် အခမ်းအနားတို့၌ ထွက်တော်မူလေ့ ရှိ၏။ မိဖုရားကြီး၏ ဝေါတော်သည် ရှင်ဘုရင်၏ ဝေါတော်နှင့် ဝံယာ ယှဉ်တွဲ လိုက်ပါလေ့ ရှိ၏။ ဘုရင်၏ နောက်မှ လိုက်ပါခြင်း မဟုတ်ချေ။ ရာဇပလ္လင်ပေါ်၌လည်း အတူယှဉ်တွဲ စံတော်မူသည်။

ဘိုးတော်မင်းတရား လက်ထက်က ရာဇပလ္လင်၌ မိဖုရားကြီးပင် တက်ခွင့် မရှိခဲ့ချေ။ အာရှ ထီးနန်းထုံးစံတို့၌ အများအားဖြင့် ထိုအတိုင်းဖြစ်သည်။ ၁၈၂၃ ခုနှစ်က တရုတ်သံများ ရောက်ရှိချိန်တွင် ရှင်ဘုရင်သည် မိဖုရားကြီး မယ်နုနှင့် တွဲ၍ပင် အကန်တော့ ခံတော်မူသည်။ စည်းကမ်းကြီးသော တရုတ်သံတမန်ကြီးများ အဖို့မှု မမှန်ကန်သော အာရှရှုခင်းတစ်ခု ဖြစ်ချေမည်။

မြန်မာပြည်သူများ အဖို့၌ကား အမျိုးသမီးများကို လွတ်လပ်စွာ ထားရှိတတ်ကြသဖြင့် ဤကိစ္စကို အရေးကြီးသည်ဟု ယူဆဟန် မတူပေ။ မိဖုရားကြီးကား ရှင်ဘုရင်လို သဘောကောင်းသူ မဟုတ်ပါချေ။ မာနထောင်လွှားလျက် စိတ်ဓာတ်လည်း ခက်ထန်၏။ ငွေရေး ကြေးရေးတို့၌ ရှင်ဘုရင်က သဒ္ဓါတရား ရက်ရောသော်လည်း မိဖုရားကမူ နှမြောချွေတာတတ်၏။ မိဖုရား၏ လွှမ်းမိုးမှု လျော့ပါးခြင်း မရှိသည်ကို ထောက်ရှု၍ သူသည်သာလျှင် အစစအရာရာ ရှင်ဘုရင်ထက် ပို၍ အစွမ်းထက်သည် ဟူ၍ပင် ယူဆရစေမည်။ သို့သော် မြန်မာပြည်သူတို့ကား ရွှေနန်းတော်၌ မိဖုရား၏ဩဇာ လွှမ်းမိုးနေသည်ကို မနှစ်မြို့ကြချေ။ "သျှောင်နောက်ဆံထုံးပါ" ဟူသော မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတို့ကို ဖျက်ဆီးကာ အောက်လမ်း နည်းပရိယာယ်တို့ဖြင့် ရှင်ဘုရင်ကို မှိုင်းတိုက်နေသူဟု စွပ်စွဲတတ်ကြ၏။

သို့သော် မိဖုရားကြီးကို လိုလားနှစ်သက်သော အဖွဲ့လည်း ရှိနေ၏။ ထိုသူတို့ကား သံဃာတော်များ ဖြစ်သည်။ မိဖုရားကြီးသည် အလှူဒါနကား ရက်ရော၏။ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းတို့၌ကား ငွေကြေးတွန့်တိုခြင်း မရှိပေ။ ရတနာ ၃ ပါးတို့နှင့် ပတ်သက်သမျှတို့၌ အမြဲတာဝန်ခံယူ ကုသိုလ်ပြုတတ်၏။

မိဖုရားကြီး၌ သားတော် ၁၊ သမီးတော် ၁ ထွန်းကားရာ သားတော်မှာ ကျောက်ရောဂါနှင့် ကွယ်လွန်ခဲ့သည်။ သမီးတော်ကလေးကား ရာဇပလ္လင်တော်ပေါ်၌ ကျွန်တော်တို့ ရှုစားခဲ့သူပင် ဖြစ်၏။ မိဖုရားကြီးက သူ၏ဩဇာ ဆက်လက် တည်တံ့စေရန် ထိုသမီးတော်လေးကို အိမ်ရှေ့စံ ညောင်ရမ်းမင်းကလေးနှင့် လက်ဆက်ရန် ရည်ရွယ်ချက်ရှိသည်။

အဖေတူ အမေကွဲ မောင်နှမချင်း ပေးစားခြင်းကို မြန်မာပြည်သူတို့ အနေဖြင့် မပြုစကောင်းဟု ရှောင်လေ့ရှိသော်လည်း မင်းမျိုးမင်းနွယ် လောက၌ကား ရှေးပဝေသဏီမှ စ၍ ထိုအတိုင်းသာလျှင် ကျင့်သုံးလေ့ ရှိခဲ့ကြသည်။

*

## [ ၃ ] မိဖုရားကြီးက ပေးသော ကွမ်းယာ

[အင်္ဂလိပ်ကုန်သည် ဂေါင်ဂျာ (H. Gouger) ၏ မှတ်တမ်းမှ]

ယတြာပြုလိုသော သဘောဖြင့် မင်းတရားကြီးသည် လှပဆန်းကြယ်သော နန်းတော်ဆောင်မှ ဝါး၊ သက်ငယ်တို့ဖြင့် ဆောက်လုပ်ထားသော ယာယီနန်းတော်သို့ ပြောင်းရွှေ့စံနေတော်မူသောအခါ ဖြစ်သည်။ ယာယီနန်းကို အထူးတလည် ဆင်ပြင်မထားချေ။ သို့ရာတွင် အခန်းဆောင်များသည် ကျယ်ဝန်းကြသည်။ ထို့ပြင် အမိုးမှာ ပြာသာဒ်အဆင့်ဆင့်တို့ကို တင်ထားသည်။ ပြာသာဒ်တို့၏ အထက်၌ ကောက်ရိုးဖြင့် စီမံထားသော အထွတ်ရှိသည်။ ထိုအထွတ်အထက်၌ ရွှေထီးကို ဆောင်းထားသည်။ ကြမ်းအခင်းကား မသေသပ်လှချေ။ ကျွန်ုပ်တို့ လျှောက်သွားကြသောအခါ တကျွီကျွီ မြည်သည့်အပြင် ခြေချသော နေရာတိုင်းသည် ညွတ်အိသွားသည်။

ကျွန်ုပ်သည် ကျွန်ုပ်တို့၏ သံအမတ်များ ရေးသားထားကြသော မြန်မာရေမြေရှင် ဘုရင်မင်းမြတ်၏ မင်းခမ်း

www.burmeseclassic.com



မင်းနား အကြောင်းကို ဖတ်ဖူးသည်။ ထို့ကြောင့် အိမ်က ထွက်လာစဉ် ကျွန်ုပ် ထင်မိသည်မှာ ကျွန်ုပ် တွေ့ရမည့်သူသည် ရုပ်ပွားတော်ကြီးနှင့် တူပေလိမ့်မည်။

အကန်တော့ခံဆောင် ဟု ခေါ်သော အခန်းကျယ်ကြီး အတွင်းသို့ ကျွန်ုပ် ဝင်မိသောအခါ ကျွန်ုပ် မည်မျှ အံ့သြသွားသည်ကို တွေးကြည့်ကြကုန်လော့။ နန်း ကြမ်းအခင်းသည် နင်းလိုက်တိုင်း တကျွိကျွိ မြည်နေသဖြင့် နန်းတော်နှင့် မတူ။ ထို့နောက် ထိုနန်း ကြမ်းအခင်း အဆုံးစွန်နေရာတွင် အသက် သုံးဆယ်မျှလောက်သာ ရှိဦးမည် ဖြစ်သော သူကို မြင်ရသည်။ ထိုသူသည် ဥရောပတိုက်သားများ အသုံးပြုသော ရွှေကုလားထိုင်ပေါ်တွင် တင်ပျဉ်ခွေ ထိုင်နေသည်။ ထိုသူ၏ မျက်နှာသည် ကျက်သရေ ရှိသည်။ စိတ်နှလုံး နူးညံ့သော လက္ခဏာနှင့် ပြည့်စုံသည်။ ရွှေကုလားထိုင်မှ တစ်ပါး သူ့အနီးအနား၌ အခမ်းအနား ဟူ၍ ဘာမျှ မရှိ။ ဤသူကား ဘုန်းတော် အလွန် ကြီးမြတ်တော်မူသော မင်းကောင်မင်း ဖြစ်သည်။ သူ ဝတ်ဆင်ထားသော ဝတ်လဲတန်ဆာများသည် တော်သုံးဖြစ်သော အချိတ်ပုဆိုးနီနီမှ တစ်ပါး အခြား နန်းတော်သားများ ဝတ်ဆင်ထားသော အဝတ်တန်ဆာတို့နှင့် ဘာမျှ မခြားနားချေ။ သူ၏ ထိုင်မသိမ်းအင်္ကျီသည် ပိုးပကတိဖြစ်သည်။ သူ၏ဦးခေါင်းမှာ ပိုးဖော့လုံးကို ဆင်ယင်ထားသည်။ သူ၏ ရှေ့ရှိ ကြမ်းပြင်ဝယ် လူ လေး ငါးယောက်သည် ခေါင်းငုံ့ ဝပ်တွား၍ လက်အုပ်ချီကာ ခစားနေကြသည်။ မင်းတရားကြီးသည် အချို့သော အရာရှိများနှင့် ရွှင်လန်းကြည်ဖြူစွာ စကားပြောနေဟန် တူသည်။

ကျွန်ုပ်သည် လက်ဆောင်များ၏ နောက်တွင် ကိုင်းညွှတ်ကာ လိုက်သွားပြီးနောက် ညွှန်ပြသော နေရာ၌ ထိုင်ရသည်။ ကျွန်ုပ် ထိုင်ရသော နေရာသည် မှူးကြီးမတ်ကြီးတို့ထက် ရှေ့ကျသည်။ ကျွန်ုပ်၏ နောက်နားဝယ် ကျွန်ုပ်၏ စကားပြန် ရွှေအိုးသည် ဝပ်တွားလျက် ရှိသည်။

မင်းတရားကြီးသည် ကျွန်ုပ်၏ နိုင်ငံအကြောင်းနှင့် ကျွန်ုပ်၏ ရည်ရွယ်ချက်ကို မေးမြန်းတော်မူသည်။ ထို့နောက် ကျွန်ုပ်၏ နောက်နား၌ ခစားနေသော အရာရှိတစ်ယောက်ကို လှမ်း၍ မိန့်တော်မူလိုက်သည်။ ထိုအရာရှိသည် ပီသပြတ်သားသော အင်္ဂလိပ်ဘာသာစကားဖြင့် 'အသင် အင်္ဂလိပ်လူမျိုးလော'ဟု ကျွန်ုပ်ကို မေးသည်။ ကျွန်ုပ် မည်မျှ အံ့သြသွားပါသနည်း။

ကျွန်ုပ်တို့ လူမျိုးတို့၏ ရုပ်လက္ခဏာဖြစ်သော ဖြူသော အသား၊ ပြာသော မျက်လုံး၊ ပေါ်သော နှာတံတို့သာ သူ့မှာ မရှိလျှင် သူ့ကို တိုင်းရင်းသားဟု ထင်မှတ်စရာ အကြောင်း ရှိသည်။ သူ့ကို "ရာဇာ"ဟုခေါ်သည်။ [အင်္ဂလိပ် အသံနှင့် အတူဆုံးမှာ ရော်ဂျာ (Rodgers) ဖြစ်သည်] ကျွန်ုပ် ရန်ကုန်၌ ရှိနေစဉ် မစ္စတာ လန်ရှိခ် အမှုထမ်းနေသော အကောက်ဝန် ရာထူး၌ အမှုထမ်းခဲ့ဖူး၍ ယခုအခါ ရွှေမြို့တော်တွင် ဘုန်းတော်ကြီးဘုရား၏ ခြေတော်ရင်း၌ ခစားထမ်းရွက်နေသော မျက်နှာဖြူတစ်ယောက်အကြောင်း ကျွန်ုပ် ကြားသိခဲ့သည်။

မင်းတရားကြီးသည် အလွန် သဒ္ဓါတော်မူ၍ သူ့ကျွန်များအား မပေးသော အခွင့်အရေးများကိုပင် ကျွန်ုပ်အား ပေးသနားတော်မူသည်။ တိုင်းရင်းသားတို့ကဲ့သို့ ကိုယ်တစ်ပိုင်းကိုသာ အားပြု၍ ဝပ်တွား ခစားနေရသဖြင့် ကျွန်ုပ်မှာ အနေရ အထိုင်ရ အလွန် ခက်နေသည်။ ထိုအခက်ကို မြင်တော်မူသောအခါ မင်းတရားကြီးသည် ကျွန်ုပ်အား အလိုအတိုင်း သက်သက်သာသာ ခစားရန် မိန့်တော်မူသည်။ ကျွန်ုပ်လည်း ဝပ်တွားနေရာမှ အပ်ချုပ်သမားများ ထိုင်သကဲ့သို့ တင်ပျဉ်ခွေ ထိုင်လိုက်ရာ ခစားနေကြသူ အပေါင်းတို့သည် ထိတ်လန့်သွားကြသည်။ သို့ရာတွင် ထိုသို့ ထိုင်လိုက်သဖြင့် မင်းတရားကြီးသည် ကျွန်ုပ်အား အပြစ်မပြုချေ။ တည့်တည့်မတ်မတ် ထိုင်ရသော အခါ၌လည်း မည်သို့မျှ မိန့်တော်မမူချေ။ ရွှေမြို့တော်သို့ ကျွန်ုပ် လာရောက် ဖောက်ကားသည်ကို မင်းတရားကြီး နှစ်သက်ကြောင်း ထင်ရှားလေသည်။ ကျွန်ုပ်၏ အသက်စည်းစိမ်ကို ကာကွယ်မည်ဟုလည်း ကျွန်ုပ် ယုံကြည်လာသည်။ ထို့နောက် မင်းတရားကြီးသည် မိဖုရားခေါင်ကြီးအား လက်ဆောင်တော် ဆက်သခွင့်ကို ကျွန်ုပ်အား သနားတော်မူပြန်သည်။ နန်းတော်၌ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ခွင့်ကိုလည်း သနားတော်မူပြန်သေးသည်။ ထို့နောက် အိမ်ပြန်ခွင့်ပေးသဖြင့် ကျွန်ုပ်သည် အခြားသူများ ကဲ့သို့ပင် လေးဖက်တွားကာ အတန်ငယ် နောက်ဆုတ်ခဲ့ပြီးမှ ထ၍ ပြန်လာသည်။

ထို့နောက် ကျွန်ုပ်သည် မင်းတရားကြီးထက်ပင် ဓားထက်သော မိဖုရားခေါင်ကြီးထံတော်သို့ ဝင်ရောက် ခစားရဦးမည်။ မိဖုရားခေါင်ကြီးသည် မင်းတရားကြီးထက် အသက် အတန်ငယ် ကြီးသည်။ ရုပ်လက္ခဏာမှာ ထွေတင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်သည်ဟု မဆိုသာချေ။ သို့ရာတွင် မိဖုရားခေါင်ကြီးသည် တန်ခိုးအာဏာကို အချက်ပိုင်ပိုင် သုံးတတ်သည်။ သတ္တိ ဇွဲတ္တိနှင့်လည်း ပြည့်စုံသည်။ ထို့ကြောင့် သဘောလွယ်သော လင်ယောကျ်ားအပေါ်မှာ ဩဇာလွှမ်းမိုးနိုင်သည်။ နိုင်ငံတော်၌ အရေးကြီး အရာရောက်သော ရာထူးများကို သူ့လူ သူ့ဘက်သားများသာ ပေးအပ်ထားသည်။

ကျွန်ုပ် ပထမအကြိမ် အခစား ဝင်ရောက်သောအခါ မိဖုရားခေါင်ကြီးသည် အခါတိုင်းနှင့်မတူ အလွန် သဒ္ဒါတော်မူသည်။ အစစ်အဆေး အမေးအမြန်း မရှိဘဲ အဆောင်တော်အတွင်းသို့ ဝင်ခွင့်ပြုသည်။ လက်ဆောင်တော်များကိုလည်း ရှေးနည်းအတိုင်း ယူဆောင်သွားရသည်။ မိဖုရားခေါင်ကြီး၏ အရှေ့၌ အရာရှိအချို့ ခစားနေကြသဖြင့် ကိစ္စတစ်ရပ်ရပ်ကို ဆွေးနွေးနေကြဟန် တူသည်။ သူ၏နောက်နားမှာ လက်ပါးစေ အပျိုတော်တို့သည် ကွမ်းအစ်၊ ရွှေဖလား၊ ယပ်စသည်တို့နှင့် ခစားနေကြသည်။ ကျွန်ုပ် ဝင်လာသောအခါ မိဖုရားခေါင်ကြီးသည် ဖျာတစ်ချပ်ကို အခင်းခိုင်းသည်။ ကျွန်ုပ် လာခြင်းကို နှစ်သက်သော လက္ခဏာပေတည်း။ မင်းတရားကြီးကဲ့သို့ မဟုတ်။ ကျွန်ုပ်၏ လက်ဆောင်တော်များကို သေသေချာချာ ရှုစားတော်မူသည်။ အထူးသဖြင့် မန်ချက်စတာမြို့၊ ဂလတ်စဂိုမြို့များရှိ စက်ရုံများမှ ရက်လုပ်သော ပိတ်ချောများကို နှစ်သက်တော်မူသည်။ ထိုအထည်မျိုး အမြောက်အမြား ပါလာကြောင်း ကျွန်ုပ်က လျှောက်သောအခါ မိဖုရားခေါင်ကြီးသည် အထည်ထုပ်များကို ယူခဲ့ဖို့အကြောင်း၊ နန်းတော်သို့ နက်ဖြန် တစ်ခေါက်လာဖို့အကြောင်း၊ အပျိုတော်များသည် အထည်များကို ဝယ်ကြမည် ဖြစ်ကြောင်း မိန့်တော်မူသည်။ ထိုသို့ မိန့်တော်မူလိမ့်မည်ဟု ကျွန်ုပ်သည် အနည်းငယ်မျှ မမျှော်လင့်ခဲ့ချေ။ ယခုမှာကား ကျွန်ုပ် ကံကောင်းပေစွ။ ကျွန်ုပ်ကဲ့သို့သော ကုန်သည် အဖို့မှာ လာရောက်ရောင်းချရန် ဖိတ်ခေါ်ခြင်းထက် နှစ်သက်ဖွယ်ကောင်းသော ဖိတ်ခေါ်ခြင်းမျိုးသည် မရှိ။ မြန်မာပြည်မှာ ဖြစ်နေသောကြောင့် ကျွန်ုပ်အား ကုန်သေးရောင်းသူဟု ကဲ့ရဲ့မည့်သူလည်း ရှိမည်မဟုတ်။ ကဲ့ရဲ့ပြစ်တင်စေဦး၊ ကျွန်ုပ်သည် ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံ၍ နန်းတော်၌ တစ်နေ့လောက် ပျော်ပျော်ပါးပါး နေရမည့် အခွင့်အရေးကို မလွှတ်အောင် ကြိုးစားမည်သာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်က လာမည်ဖြစ်ကြောင်း ဝမ်းမြောက် ရွှင်လန်းစွာ လျှောက်ခဲ့သည်။

မိဖုရားခေါင်ကြီးလည်း အားရ နှစ်သက်တော်မူ၍ ကျွန်ုပ်အား ချစ်စနိုးအထိမ်းအမှတ်ကို ပြလိုသဖြင့် ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာထုတ်၍ သနားတော်မူသည်။ ကွမ်းယာထဲတွင် ကွမ်းသီး၊ ထုံး၊ ဆေး၊ အမွှေးအကြိုင်တို့ ပါသည်ဟု သိရသည်။ သို့ရာတွင် ကျွန်ုပ်သည် ထိုစားဖွယ် ဝါးဖွယ်တို့ကို မကြိုက်၊ အလွန် အော့အန်လိုလှသည်။ ကျွန်ုပ် အဘယ်သို့ ပြုမူရမည်နည်း။ ကျွန်ုပ်သည် ရွံစရာကောင်းသော ထိုကွမ်းယာကို ကြေညက်အောင် ဘယ်နည်းနှင့်မျှ မဝါးနိုင်။ ထို့ကြောင့် ကျွန်ုပ်သည် ကွမ်းယာကို ဘောင်းဘီအိတ်တွင်းသို့ ထည့်လိုက်သည်။

ထိုအခါက အပျိုတော်တစ်စုသည် ဟက်ဟက်ပက်ပက် ရယ်ကြလေ၏။ တစ်ဖန် ကျွန်ုပ်က ထိုကွမ်းယာကို တရိုတသေ သိမ်းဆည်းထားမည်ဖြစ်ကြောင်း မိဖုရားခေါင်ကြီးအား တင်လျှောက်သောအခါ ထိုအပျိုတော်တစ်စုသည် ရယ်ကြပြန်သည်။ ကွမ်းယာ သက်သက်ကို ပေးသနားတော်မူသည်မှာ တော်ပါသေး၏။ ထိုကွမ်းယာကိုပင် တစ်မျိုးတစ်မည်ပြု၍ ပေးသနားတော်မူသည်ကား သာ၍ ပို၍အန်စရာကောင်းလှသည်။ မိဖုရားခေါင်ကြီးသည် ကွမ်းတစ်ယာကို စားပြီးနောက် ကွမ်းဖတ်ကိုယူပြီးလျှင် နောက်နား၌ ခစားနေသော မိန်းကလေးတစ်ယောက်အား ကမ်းပေးလိုက်သည်။ မိန်းကလေးသည် ရိုရိုသေသေ မြတ်မြတ်နိုးနိုး ခံယူ၍ သူ၏ ပါးစပ်ထဲသို့ ထည့်ပြီးလျှင် ဆက်လက်၍ ဝါးသည်။ မိဖုရားခေါင်ကြီး၏ ကွမ်းဖတ်ကို စားရခြင်းသည် ဂုဏ်ရှိသည်ဟု သူတို့ အယူရှိကြသည်။ သို့ရာတွင် ထိုဂုဏ်မျိုးဖြင့် ကျွန်ုပ်ကို မချီးမြှင့်သဖြင့် ကျွန်ုပ်မှာ ကံကောင်းလေစွ။ ထိုထက် အန်ချင်စရာ ကောင်းသော ချီးမြှင့်ပုံကို ကျွန်ုပ် မြင်ရသေးသည်။ ထိုချီးမြှင့်ပုံကား ကွမ်းတံတွေးပေးခြင်းပင် ဖြစ်သည်။ စာဖတ်သူတို့ အော့ချင်အန်ချင် ဖြစ်ကြမည်စိုးသဖြင့် ကွမ်းတံတွေးပေးပုံကို သေချာကျနစွာ ကျွန်ုပ် မရေးသားလိုတော့ပြီ။

မိဖုရားခေါင်ကြီးအား ကျွန်ုပ် ဆက်သသော လက်ဆောင်တော်များအနက် သေတ္တာ၌ ထည့်ယူလာသော ပန်းကန်ဆိုင်းတစ်စုံ ပါသည်။ ကျွန်ုပ်က တီးပုံတီးနည်းကို လျှောက်တင်နေဆဲတွင် ဘုန်းတော်ကြီးဘုရားသည် အဆောင်တွင်းသို့ ရုတ်တရက် ဝင်လာသည်။ တီးတတ်သလောဟု မေးသောအခါ ကြိုးစားမည်ဖြစ်ကြောင်း၊ အသံညှိရန် ရေတစ်ခွက်လိုကြောင်း လျှောက်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ခွက်တစ်ခုဖြင့် ရေယူခဲ့သည်။ ဘုန်းတော်ကြီးဘုရားသည် ယူလာသူ လက်ပါးစေ၏လက်မှ ခွက်ကို လှယူပြီးလျှင် စီထားသော ပန်းကန်တန်းကို ကျော်၍ ပက်လိုက်ရာ ကျွန်ုပ်မှာ ရေရွှဲရွှဲစို၍ အနီးမှာထိုင်နေသော မိဖုရားကြီးကိုလည်း ရေပေါက်များ စဉ်ကုန်လေသည်။ ဤသို့ ကျီစယ်လိုက်ရသည်ကို အားရတော်မူသဖြင့် ဘုန်းတော်ကြီးဘုရားသည် ရယ်မောလေ၏။ မင်းတရားကြီး ရယ်မောလျှင် ကျန်လူအပေါင်းတို့လည်း ရယ်မောကြမှ ဖြစ်မည်။ ထို့ကြောင့် ကျွန်ုပ်တို့မှာ ရယ်ကြရလေသည်။ ပန်းကန်များကို နေရာတကျ ပြန်စီပြီးသောအခါ ရွှေမြို့တော်၌ တစ်ခါမျှ မကြားဖူးသေးသော "ကျွန်တော့်ကျေးဇူးရှင် အသက်ရှည်ပါစေ၊ ဘုရား မတော်မူပါ" (God save the King)တီးလုံးကို တီးပြသည်။

အကယ်၍ တစ်ဖက်ကမ်းခပ် တတ်မြောက်စေကာမူ မြန်မာရေမြေ့ရှင် ရှေ့တော်၌ တတ်မြောက်သလောက် တတ်မြောက်ကြောင်းကို မပြအပ်ချေ။ မြန်မာဘုရင် ရှေ့တော်၌ လာဘ်လာဘကို မျှော်ကိုး၍ ပြသရန် မဒရပ်မြို့မှ လာရောက်ကြသော မဒရပ် ကျွမ်းဘားသမားများကို ကျွန်ုပ်ဆရာတင်ထားသည်။ ထိုကျွမ်းသမားတို့သည် အလွန်ကျင်လည်သော ကျွမ်းသမားများ ဖြစ်ကြသည်။ ကျင်လည်လွန်းသဖြင့် ဘုန်းတော်ကြီးဘုရားသည် ထိုသူတို့အား တစ်ယောက်အတွက် တစ်လလျှင် စပါးတစ်တောင်း ကံကျွေးပေး၍ နန်းတော်၌ အမှုထမ်းနေကြရမည်ဟု အမိန့်ထုတ်လိုက်သည်။ အမှုထမ်းနေကြရသည်မှာ နှစ်နှစ်တိုင် ကြာမြင့်ပြီ ဖြစ်ကြောင်း၊ ယခုထက်တိုင် ပြန်ခွင့်မရသေးကြောင်း သူတို့က ပြောပြကြသဖြင့် ကျွန်ုပ် သိရသည်။

အိမ်သို့ ပြန်ရောက်သောအခါ ကျွန်ုပ်သည် နေ့လယ်က အဖြစ်အပျက်များကို ပြန်လှန် စဉ်းစားနေမိသည်။ ယခင်အခါက ကျွန်ုပ်သည် ဘုန်းတော်ကြီးဘုရားကို ရာဇဣန္ဒြေကြီးသူဟု တွေးထင်မိခဲ့သည်။ ယခုမူကား ထိုကဲ့သို့ တွေးထင်ခဲ့သမျှသည် အချည်းနှီး ဖြစ်ကုန်ပြီ။ ကျွန်ုပ်သည် ကုန်သည်သာ ဖြစ်သောကြောင့် ဘုန်းတော်ကြီး ဘုရားသည် မင်းခမ်းမင်းနားတို့ကို ခင်းကျင်းမည် မဟုတ်။ ကျွန်ုပ်ကလည်း အကြီးအကျယ် ခင်းကျင်းထားလိမ့်မည်ဟု မမျှော်လင့်ပါ။ သို့ရာတွင် အရှင်နှစ်ပါးတို့ ကျွန်ုပ်ကို ကျီစယ်ကြပုံ၊ ရွှင်ရွှင်ပျပျ ရယ်မောကြပုံ၊ နန်းတော်သို့ နောက်ထပ်တစ်ကြိမ်လာရန်ခေါ်ပုံ တို့ကို စဉ်းစားမိသောအခါ ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကိုပင် မယုံကြည်သလိုလို ဖြစ်လာမိသည်။ မြန်မာလူမျိုးဖြစ်သော ကျွန်ုပ်၏စကားပြန်သည်လည်း ကျွန်ုပ်ကဲ့သို့ပင် အံ့သြနေရှာသည်။ အရှင်နှစ်ပါးသည် ကျွန်ုပ်ကို ကြည်ဖြူတော်မူကြပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် နက်ဖြန်တစ်ခေါက် သွားရဦးမည့်အရေးကို တွေး၍ ဝမ်းသာနေမိသည်။

ကျွန်ုပ်သည် ပျော်စရာကောင်းမည့် နောက်တစ်နေ့ကို မျှော်လင့် တောင့်တခဲ့သည်။ မျှော်လင့်သည့်အတိုင်းလည်း ပျော်ရပေသည်။

မိဖုရားခေါင်ကြီး၏ အမိန့်အတိုင်း ကျွန်ုပ်သည် နံနက်စောစောကပင် အထည့်ထုပ်များကို နန်းတော်သို့ ပို့လိုက်ရသည်။ နေ့လယ်နေ့ခင်းတွင် မိဖုရားခေါင်ကြီးသည် စက်ရာက နိုးချိန်ဖြစ်သော နာရီပြန် နှစ်ချက်တီး အချိန်၌ နန်းတော်သို့ လိုက်သွားသည်။ မိန်းမများ သိလို မြင်လိုကြသော အထည်ထုပ်များသည် ကျွန်ုပ်ထက် ဦးစွာ ရောက်နှင့်ကြပေပြီ။ သူတို့သည် သံပြားပတ်ထားသော သေတ္တာများထဲတွင် လှပဆန်းကြယ်သော အထည်အလိပ် အမြောက်အမြား ရှိသည်ဟု သိကြ၏။ ထိုသို့ သိသော သူတို့သည် ကျွန်ုပ်၏ အလာကို သည်းခံ၍ စောင့်ဆိုင်းနေနိုင်ကြပါမည်လော။ မည်သည့်နည်းနှင့်မျှ မစောင့်ဆိုင်းနိုင်၊ ဖွင့်ကြည့်ကြမည်သာတည်း။

ကျွန်ုပ် ရောက်သွားသောအခါ ပွင့်နေသော သေတ္တာများကိုသာ မြင်ရသည်။ အထည်အလိပ်များသည် ပြန့်ကျဲလျက် နေကြသည်။ အပျိုတော်တစ်ဦးသည် ကိုက်နှစ်ဆယ်ကျော် သုံးဆယ်လောက်ရှည်သော မန်ချက်စတာ ပန်းပွင့်ရိုက် အထည်စတစ်ခုကို ကိုယ်မှာပတ်၍ ဟန်နှင့်ပန်နှင့် လမ်းလျှောက်ပြနေသည်။ သူ လမ်းလျှောက်ပြနေသောအခါ ပိတ်ပိုင်းသည် သူ့နောက်ဝယ် အမြီးသဖွယ် တန်းလန်းလိုက်နေသည်။ အခြား အပျိုတော်များသည်လည်း ဂလတ်စဂို ပိတ်ချော အဖြူထည်များကို ကိုယ်မှာပတ်၍ သွားကာလာကာ နေကြသည်။ သရဲခြောက်နေသည်နှင့်ပင် တူပေ၏။ တစ်ဖန် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ပြု၍ မမြင်ဖူးသော ကျွန်ုပ်၏အထည်များအကြောင်းကို ပြောဆိုနေကြသည်။ စကားပြောလိုက်ကြသည်မှာ ဆူညံနေသည်။ သို့ရာတွင် မည်သူမျှ သူတို့ကို မတားမြစ်ကြ။ အဆောင်တော်ထဲသို့ ဝင်လိုက်သောအခါ များစွာသော အပျိုတော်တို့သည်

www.burmeseclassic.com



အထည်များကို ထားခဲ့၍ ကျွန်ုပ်ဆီသို့ ဝိုင်းအုံလာကြသည်။ ကျွန်ုပ်မှာ အံ့သြ၍ မဆုံးနိုင်အောင် ဖြစ်နေရသည်။ သူတို့သည် ကျွန်ုပ်၏စကားပြန်ကို မေးခွန်းပေါင်းများစွာ ထုတ်ကြသည်။ အဖြေထက် မေးခွန်းက များနေသဖြင့် ကျွန်ုပ်၏ စကားပြန်သည် စိတ်အညစ်ကြီး ညစ်ရပြန်သည်။ မေးကြသည့် အကြောင်းမှာ ကျွန်ုပ်အကြောင်း ဖြစ်သဖြင့် မြန်မာစကားကို ကောင်းစွာ မတတ်သေးသော ကျွန်ုပ်သည် စိတ်မကောင်း ဖြစ်မိသည်။ အပျိုတော်တို့၏ အသံသည် ဆူညံသည်ထက် ဆူညံလာ၏။ ကျီစယ် ပြက်ရယ်ပြုကြသည်ကလည်း သဲသည်ထက် သဲလာရာ ရယ်ကြ၊ ကျီစယ် ကြရာမှ ခိုက်ရန်ဖြစ်ပွားလေမလားဟု ကျွန်ုပ် စိုးရိမ်မိလာသည်။ ထိုအခိုက်မှာပင် မိဖုရားခေါင်ကြီး ဝင်လာတော်မူရာ တစ်ဆောင်လုံး တိတ်သွားလေသည်။

မိဖုရားခေါင်ကြီးသည် ကျွန်ုပ်အား ကျွန်ုပ်အကြောင်းနှင့် ကျွန်ုပ်၏ နိုင်ငံအကြောင်းကို မေးမြန်းနေရာ အပျိုတော်တို့သည် သူတို့ကြိုက်သော အထည်များကို ရွေးယူပြီးကြလေပြီ။ မိဖုရားခေါင်ကြီး ရောက်လာသဖြင့် သူတို့ လုံးလုံးငြိမ်သွားကြသည် မဟုတ်၊ ဆူညံနေရာမှ တိုးတိုးသက်သာ ပြောကြရုံမျှသာ ဖြစ်သည်။ များမကြာခင် ဘုန်းတော်ကြီးဘုရားလည်း ဝင်တော်မူလာပြန်သည်။ ကျွန်ုပ်ကို မြင်သောအခါ ကျွန်ုပ်ရှိရာသို့ လျှင်မြန်စွာလာ၍ အရေးယူလိုဟန်ဖြင့် ကျွန်ုပ်၏ထိပ်ကို ပုတ်လိုက်ပါသည်။ ဘုန်းတော်ကြီးဘုရား၌ ကျွန်ုပ်ထင်သလောက် ခက်ထန်သော ရာဇမာန် မရှိကြောင်းကို သိပြီးဖြစ်သော်လည်း ထိုသို့ ခင်မင်ရင်းနှီးဟန်ကို ပြပြန်သောအခါ ကျွန်ုပ်သည် ဘုန်းတော်ကြီးဘုရားကို ရုတ်တရက်သော် လူပြက်သာသာမျှ ဖြစ်သည်ဟု ယူဆလိုက်မိသည်။ ထိုသို့ ယူဆလိုက်မိသော ကျွန်ုပ်သည် မှားလေစွ။ ကျွန်ုပ်ကို ကျီစယ်လိုက်ခြင်းသည် စိတ်ကောင်း ဝင်နေခိုက်ကြောင့်သာ ဖြစ်သည်။ စိတ်ကောင်း နှလုံးကောင်း ထားရှိခိုက် ဖြစ်သောကြောင့်လည်း ကျွန်ုပ်သည် ဤမျှ နီးနီးကပ်ကပ် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ခစားခွင့်ရသည်။

အရှင်နှစ်ပါး ကြွမလာခင်က မြင်ရသော အပျိုတော်တို့၏ ဖြစ်ပျက်ပုံကို ကျွန်ုပ်က လျှောက်တင်သောအခါ ဘုန်းတော်ကြီးဘုရားသည် အပျိုတော်များအား ဝယ်လိုသော အထည်ပစ္စည်းများကို ပြောပြကြရန် မိန့်တော်မူသည်။ ထိုအခါကျမှ ကျွန်ုပ်သည် အပျိုတော်များနှင့် တစ်ယောက်ချင်း စကားပြောဆိုခွင့် ရသည်။ အခွင့်ပေးသော ဘုန်းတော်ကြီးဘုရားကို ကျွန်ုပ် ကျေးဇူးတင်၍ မဆုံးပြီ။

နန်းတွင်းသူများ၏ အဝတ်၊ အင်္ကျီများသည် နလှသည်၊ ယဉ်လှသည် ဟုလည်း မဆိုသာ။ အဆင်အမျိုးမျိုး ရှိသည်ဟုလည်း မဆိုသာ။ လည်ပင်းမှ ခြေအထိ တစ်ကိုယ်လုံးကို အရောင်ရင့် ပိုးကြမ်းထည်ဖြင့် ပတ်ရစ်ထားခြင်းသာ ဖြစ်သည်။ ထဘီမှာ ဘေးကွဲဖြစ်သည်။ ထဘီကို ခါးမှာ လိမ်၍ စည်းထားသည်။ ခါးအထက်မှာ တစ်မျိုး စည်းပတ်ထားပြန်သည်။

နန်းတွင်းသူ၏ ထဘီသည် အရပ်သူ၏ ထဘီထက် ရှည်သည်။ နန်းတွင်းသူ၏ ထဘီနားသည် ကြမ်းပြင်၌ ခြောက်လက်မ သာသာ၊ တစ်ခါတစ်ရံ တစ်ပေနီးပါး လောက်ပင် တရွတ်တိုက်နေသည်။ ထဘီသည် တိုင်းဖြစ် အထည် ဖြစ်သည်။ ထိုအထည်မျိုးကို တုပ၍ရက်လုပ်ရန် ခဲယဉ်းလှသည်။ အပေါ်အင်္ကျီ (သို့မဟုတ်) ကိုယ်ကျပ် အင်္ကျီ အတွက်သာ ကျွန်ုပ်၏ အထည်များသည် အသစ်အဆန်း ဖြစ်စရာအကြောင်း ရှိသည်။ ထို့ကြောင့်ပင် အပျိုတော်များသည် ကျွန်ုပ်၏ အထည်များကို သေတ္တာထဲမှ တမင် ဖောက်ဖွင့် လှန်လှော ကြည့်ရှုကြဟန်တူသည်။

ကျွန်ုပ် မရေးတတ်သေးသောကြောင့် အင်္ဂလိပ် အက္ခရာဖြင့် ရေးသားရာ သူတို့သည် သို့လော သို့လော တွေးတောနေကြသည်။ ဘုန်းတော်ကြီးဘုရားက ဖတ်ပြရန် မိန့်တော်မူသောအခါ ကျွန်ုပ်သည် အင်္ဂလိပ်အက္ခရာဖြင့် ရေးထားသော ဘွဲ့နာမည်စာရင်းကို ပီသနိုင်သလောက် ပီသအောင် ကြိုးစား၍ ဖတ်ပြလိုက်သည်။ အသံထွက် ချွတ်ယွင်းသည့်အခါ၊ မပီသည့်အခါ အပျိုတော်တစ်စုသည် ရယ်မောကြပါလေသည်။ ကျွန်ုပ် အိမ်သို့ ပြန်သွားသောအခါ ကျွန်ုပ်၏ အသံထွက်အတိုင်း သူတို့အချင်းချင်း ခေါ်ဝေါ် ကျီစယ်ကြမည်ကား မလွဲတည်း။

ဤအထိ ကျွန်ုပ် မပင်ပန်းလှချေ။ သို့ရာတွင် ဝယ်ကြသော အထည်၏ ဈေးနှုန်းများကို တစ်ယောက်စီ တစ်ယောက်စီ ပြောပြရသောအခါ ပင်ပန်း စိတ်ညစ်လာသည်။ ထိုထက် သူတို့ ပေးကြသော ရွှေ၊ ငွေ၏ တန်ဖိုးကို ဖြတ်ရသောအခါ သာ၍ ပင်ပန်း စိတ်ညစ်လာရသည်။

သို့ရာတွင် ဘုန်းတော်ကြီးဘုရား၏ အမိန့်ကို ပင်ဆင်ရပေမည်။ အပျိုတော်များသည် တစ်လှည့်စီ ကျွန်ုပ်ရှိရာ

www.burmeseclassic.com



သို့ လာ၍ အထည်ဖိုးကို ပေးရသည်။ ဘုန်းတော်ကြီးဘုရားသည် အမှန်အကန် ဖြစ်သည်ကို လိုလားတော်မူသည်။ အရောင်းအဝယ်၌ စိတ်ပါဝင်စားဟန်ဖြင့် သူလည်း ဝင်ရောက် ပြောဆိုတော်မူသည်။ အပျိုတော်နှင့် ကျွန်ုပ် ဈေးဆစ်ငြင်းခုံကြသော အခါတိုင်း အားရနှစ်သက်သဖြင့် ရယ်မောတော်မူသည်။

အလေးနှင့် ချိန်ခွင်ကို ယူလာလေ၏။ ကျွန်ုပ်သည် ရွှေ၊ ငွေများကို ချိန်တွယ်ယူရန် ရွှေအိကို ခိုင်းသည်။ အမှန်မှာ ကျွန်ုပ်သည် ရွှေကဲ၊ ငွေကဲကို မခတ်တတ်ချေ။ ထိုသို့ ရွှေကဲ၊ ငွေကဲ မခတ်တတ်မှန်းကို သိကြသောအခါ အပျိုတော်များသည် စိတ်သက်သာသွားဟန် တူသည်။ သူတို့သည် ပြုံးပြုံးရွှင်ရွှင် ပျော်ပျော်ပါးပါး နေတတ်ကြသော်လည်း လောဘသား ဖြစ်သည့်အတိုင်း လောဘထွက်ကြပေလိမ့်မည်။ ဤသို့မှ မဟုတ်လျှင်လည်း ဈေးဆစ်ချင်သည့် ဝါသနာ ရှိကြပေလိမ့်မည်။

ရွှေအိကဲ့သို့ အငိုက်ဖမ်း ခံရသောသူသည် ရှိမည်မထင်ပါ။ ရွှေအိက ရွှေ၏ အဖိုးအမှန်ကို ဆိုသောအခါတိုင်း ရွှေအိကို အပြစ်ပြောသူက ပြောသည်။ လိမ်ညာသည်ဟု စွပ်စွဲသူက စွပ်စွဲသည်။ ကြိမ်းဝါးသူက ကြိမ်းဝါးသည်။ ချော့မော့သူက ချော့မော့သည်။ မခံချိ မခံသာ စသူက စသည်။ ရွှေအိ၏အမည်ကို ချိုးချိုးဖွဲ့ဖွဲ့ ခေါ်သူက ခေါ်သည်။

ကျွန်ုပ်ကို တိုင်သောအခါ ကျွန်ုပ်ကလည်း ငြင်းသော အပျိုတော်ကို အနိုင်ပေးလေ့ရှိသည်။ အကြောင်းမူကား စိတ်နှလုံးကောင်းကြသော ထိုမိန်းမပျိုတို့သည် သူတို့အလိုအလျောက် သူတို့၏စိတ်ထဲတွင် တန်သည်ထင်သလောက် ပေးကြရသည်။ ပေးတိုင်းလည်း အထည်၏ တန်ဖိုးထက်ငါးဆလောက် ပိုနေသည်သာ များသည်။ ထို့ကြောင့် ကျွန်ုပ်သည် သူတို့အပေါ်၌ အဘယ်ကြောင့် မရက်ရော မညှာတာဘဲ နေနိုင်အံ့နည်း။

ထိုသို့ ကျွန်ုပ်က ရက်ရက်ရောရော ညှာညှာတာတာ ပြုသည်ကို သူတို့က အနိုင်အထက်ပြုသောကြောင့် ရသည်ဟု အထင်ရှိကြသည်။ ကျွန်ုပ်ကလည်း သူတို့တိုင်တိုင်း လွယ်လွယ်ကူကူနှင့် သူတို့၏ အလိုကို လိုက်လျောတတ်သဖြင့် အလွန် မျက်နှာကြီးနေသည်။ သို့ရာတွင် ကျွန်ုပ်သည် ရောင်းဝယ်မှု ကိစ္စတွင် မရောင်းတတ် မဝယ်တတ်သေးသောကုန်သည် အစိမ်းသက်သက် ဖြစ်မှန်းမသိ ဖြစ်လျက်လည်း နေပေသည်။

အမှန်မှာ ကျွန်ုပ်သည် သူတို့ ရွေးယူထားသော အထည်အားလုံးကို အဖိုးအခ မယူဘဲ သူတို့အား လက်ဆောင်ပေးလိုက်၍ သူတို့နှုတ်ဖျား၌ ကျော်ကြားလိုလှပါသည်။ ဤသို့ဖြင့် ကြော်ငြာပြီးသား ဖြစ်နေမည်။ သူတို့ယူသော အထည်၏တန်ဖိုးသည် ကြီးလှသည် မဟုတ်ပါ။ သို့ရာတွင် အစရှိလျှင် အနှောင်နှောင်ဖြစ်မည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် ကျွန်ုပ်သည် မည်သူ့ကိုမျှ အလကား မပေးဘဲ ဈေးသည်နှင့်တူအောင် ပြုကျင့်လိုက်ရသည်။

ကျွန်ုပ်၏တပည့် ရွှေအိသည် ရွှေခွက်၊ ငွေခွက်တို့ကို အိတ်တွင်းသို့ ထည့်၏။ ကျွန်ုပ်သည် ပျော်စရာကောင်းသော ကိစ္စတစ်ရပ် ပြီးပေပြီဟု ထင်လိုက်မိ၏။ သို့ရာတွင် မပြီးလေသေး။ မိဖုရားခေါင်ကြီးက ကျွန်ုပ်အား လက်ဆောင်ပေးတော်မူပြန်သေးသည်။ ထိုလက်ဆောင်သည် ကျွန်ုပ် ရှောင်လိုက် တိမ်းလိုက်နိုင်သော ကွမ်းယာလက်ဆောင်ထက်ပင် စိတ်ညစ်စရာ ကောင်းသေးသည်။ ထိုလက်ဆောင်ကို သနားတော်မူသည်မှာ တစ်ဖက်သားကို စိတ်ညစ်အောင် ပြုသည်နှင့်ပင် တူသည်ဟု ထင်စရာ အကြောင်းရှိသည်။ ထိုလက်ဆောင်ကား နီရဲသော အချိတ်ပုဆိုးနှစ်ထည် ဖြစ်သည်။ အကယ်၍သာ မိဖုရားခေါင်ကြီး၏ ဆန္ဒတော်အတိုင်း လိုက်နာရန် မလိုဘဲ အသနားတော်မြတ် ခံရပါမူ ကျွန်ုပ်သည် ထိုပုဆိုးနှစ်ထည်ကို အမြတ်တနိုး ယူလိုပါ၏။ သို့ရာတွင် မိဖုရားခေါင်ကြီးသည် သူ၏လက်ဆောင်ကို ဂုဏ်တင်လိုဟန်တူသည်။ ထို့ကြောင့် နန်းတော်သို့လာတိုင်း ထိုအချိတ်ပုဆိုးကို ဝတ်ဆင်လာရန် ကျွန်ုပ်ကို မိန့်တော်မူသည်။ ပုဆိုး၏ အဆင်အသွေးနှင့် ပန်းဖောက်ပုံကို ထောက်သဖြင့် ကျွန်ုပ်ကို နန်းသူနန်းသားကဲ့သို့ ဝတ်ဆင်စေလိုသောဆန္ဒ ထင်ရှားနေသည်။ ကျွန်ုပ် မည်သို့ ပြုရပါမည်နည်း။ ထိုပုဆိုးနီနီကို ခါးမှာဆီးကာ ကျွန်ုပ် ဘယ်နည်းနှင့်မျှ မဝတ်ဆင်လို။ မိဖုရားခေါင်ကြီးကလည်း ထိုကဲ့သို့ပင် ဝတ်ဆင်စေလိုဟန်တူသည်။ စိတ်မချမ်းမသာနှင့် အသနားတော်မြတ် ခံလိုက်ရသည်။

သို့ရာတွင် အိမ်သို့ ပြန်ရောက်သောအခါ ရွှေအိကြောင့် အနည်းငယ် စိတ်သက်သာရာ ရပေသည်။ ရွှေအိက မိဖုရားခေါင်ကြီးသည် ထိုပုဆိုးကို ဝတ်ဆင်စေလိုသော်လည်း မဖြတ်မတောက် မချုပ် မလုပ်ရန်ကိုကား တားမြစ်မည် မဟုတ်ဟု ပြောသည်။ ရွှေအိ အကြံ ကောင်းပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုအချိတ်ပုဆိုးနှစ်ထည်ကို ကျွန်ုပ်၏ အပ်ချုပ်သမား လက်သို့အပ်၍ ဘောင်းဘီ၊ ကုတ်အင်္ကျီ ချုပ်လုပ်စေသည်။ ထို အချိပ်ဘောင်းဘီ၊ အချိပ်ကုတ်အင်္ကျီတို့ကိုပင် ဝတ်ဆင်ကာ ကျွန်ုပ်သည် နန်းတော်သို့ သွားသည်။ သွားသော အခါတိုင်း လူပြက်တစ်ဦးကဲ့သို့ မြို့လမ်းမတော်ကို လျှောက်ရပေသည်။ ကံကောင်းထောက်မသဖြင့် စိတ်ညစ်နေသော ကျွန်ုပ်အား မည်သူမျှ ပြောင်ခြင်း၊ လှောင်ခြင်း မပြုကြချေ။

ပထမအကြိမ် ဤအဝတ်ကို ဝတ်ဆင်၍ နန်းတော်သို့ သွားသောအခါ ကျွန်ုပ်သည် နန်းသူတို့ နန်းတွင်း၌ လွတ်လပ်စွာ နေခွင့်ရကြကြောင်းကို သိလာရသည်။ သူတို့သည် ကျွန်ုပ်ကို မြင်သောအခါ ရယ်ကြမောကြ ပျော်ရွှင်ကြသည်။ ဤအချက်ကို ထောက်သဖြင့် နန်းသူတို့သည် ကျပ်ကျပ်တည်းတည်း နေကြရသည် မဟုတ်ဟု ကျွန်ုပ်ယူဆလိုက်သည်။ သို့ရာတွင် ဝမ်းနည်း စိတ်ပျက်စရာ တစ်ချက်ကို တွေ့ရသည်။ ကျွန်ုပ် ထင်ထား တွေးတောထားသော နန်းသူ အချောအလှ လဲ့လဲ့ဝင်းတို့ အဘယ်မှာနည်း။

မွန်ဂို တာတာလူမျိုး၏ ရုပ်လက္ခဏာသည် မြန်မာတို့၏မျက်နှာ၌ အထင်အရှားဆုံးဖြစ်သဖြင့် မြန်မာတို့သည် ကျွန်ုပ်တို့၏ အနောက်တိုင်းသူများလောက် မလှနိုင်မှန်းကို ကျွန်ုပ် သိပါ၏။ သို့ရာတွင် ဘယ်လူမျိုးမှာမဆို လှသည်ဟု မဆိုသာသော်လည်း ယဉ်ကျေးသောမိန်းကလေး ရှိတတ်ပါ၏။ အပျိုဖော်ဝင်စ ဖြစ်သော မိန်းကလေးသည် ချစ်စဖွယ် ဖြစ်တတ်ပါ၏။ ဤနန်းတော်၌ကား ယဉ်ကျေးလှပသူလည်း မရှိ၊ ချစ်စရာ ကောင်းသူလည်း မရှိ။ တစ်စုလုံး၌ တော်သင့်ရုံ လှပသည်ဟု ဆိုရသူသည် ခြောက်ယောက် ခုနစ်ယောက်မျှသာ ရှိသည်။

တစ်ဖန် များစွာသော နန်းသူများသည် ဘုန်းတော်ကြီး ဘုရားထက် အသက်ကြီးသူများသာ ဖြစ်ကြသည်။ ထိုနန်းသူများသည် ဆင်ပြင်ထားကြစေကာမူ လှပနိုင်သူများ မဟုတ်။ ကွမ်းစားတတ်ကြသဖြင့် သူတို့၏ သွားများသည် နက်နေကြသည်။ မျက်နှာ၊ လည်ပင်းတို့မှာ ပိန်းနေအောင် လိမ်းကျံလေ့ရှိသော သနပ်ခါးသည် အရွယ်တော် တစ်ဆိတ်လွန်ကြသော သူတို့၏ ပါးရေ၊ နဖူးရေတို့ကို ဖုံးဖိထားနိုင်ကြပါ၏။ သို့ရာတွင် နုပျိုသူ၊ အတန်ငယ် လှပသူတို့ကိုပင် ထူးကဲ၍ လှစေ၊ ချောစေနိုင်သည် မဟုတ်။ ကျွန်ုပ်သည် ဘုန်းတော်ကြီးဘုရား၏ အကြိုက်ကို နည်းနည်းမျှ မကြည်ဖြူနိုင်ပါ။ ကျွန်ုပ်သာလျှင် မင်းတရားကြီး ဖြစ်ဘိမူ ထိုမျှများပြားလှသော နန်းသူများအနက် နှစ်သက်စရာအကောင်းဆုံး ဖြစ်သူတို့ကိုသာ ရွေးယူထားမည် ဖြစ်သည်။

ကျွန်ုပ်စိတ်ပျက်ကြောင်းကို ဝန်ကြီးရာဇာအား ပြောပြသောအခါ ဝန်ကြီးက ကျွန်ုပ်၏အမှားကို ထောက်ပြလိုက်သည်။ နန်းတွင်း၌ထားရန် မိန်းမများ ရွေးချယ်ရာတွင် အလှအချောသည် အရေးမပါလှ။ နန်းတွင်း၌ ထားရန် မိန်းမဆောင် ဆိုသည်မှာ ဘုရင်မင်းမြတ်၏ မောင်းမမိဿံတို့ကို ချုပ်နှောင်ထားသော ကျက်သရေဆောင် အချုပ်အနှောင်အိမ်တစ်မျိုးသာ ဖြစ်သည်။ နိုင်ငံတော်၌ အရေးပါ အရာရောက်သော ရာထူးတစ်ခုကို ကျေးကျွန်တစ်ဦးအား ပေးအပ်လိုလျှင်၊ အထူးသဖြင့် အဝေးမြို့ဝန် ရာထူးကို ပေးအပ်လိုလျှင် ဘုန်းတော်ကြီးဘုရားသည် ထိုသူ သစ္စာစောင့်သိ ရိုသေအောင်၊ ကြောက်ရွံ့အောင် ပြုထားဖို့ လိုသည်။ ကျေးဇူးဥပကာရတင်နေအောင်လည်း ပြုထားဖို့လိုသည်။ ထို့ကြောင့် ဘုန်းတော်ကြီးဘုရားသည် ထိုသူ သစ္စာစောင့်ထိန်းအောင် မိန်းမများထဲမှ ထိုသူနှင့် သွေးသားအရင်းဆုံး တော်စပ်သူ တစ်ဦးဦးကို ဓားစာခံအဖြစ်ဖြင့် နန်းတော်ဆောင်၌ ထားရသည်။ သမီး မရှိလျှင် နှမကို ထားတတ်သဖြင့် မောင်းမမိဿံ တစ်သင်းတွင် အရွယ်ဟိုင်းသူတို့လည်း ပါဝင်နေကြခြင်း ဖြစ်သည်။ ထို မိန်းမပျိုတို့သည် မြို့စားနယ်စား ဖြစ်လာကြသည်။ မြို့နယ်ကို အစွဲပြု၍ မင်းသမီးဘွဲ့တို့ကိုပင် ရကြသည်။

နန်းတော်မှ ကျွန်ုပ် ထွက်လာသောအခါ မှောင်စပြုလေပြီ။ ကျွန်ုပ် ထွက်ခွာမည်ပြုသောအခါ ဘုန်းတော်ကြီး၏ စားတော်ကျများကို အုပ်၊ အစ်တို့၌ ထည့်၍ ယူလာသည်။ အုပ်၊ အစ်ထဲတွင် ရွှေပန်းကန်၊ ငွေပန်းကန်၊ ကြွေပန်းကန်တို့သည် ဟင်းလျာနှင့် အပြည့် ရှိကြ၏။ အချို့ ဟင်းလျာတို့ကို သေချာစွာ စုံစမ်း ကြည့်ရှုသင့်လှသည်။

ဘုန်းတော်ကြီးဘုရား၏ အမြတ်တနိုးကို ခံရသူဖြစ်သဖြင့် ကျွန်ုပ်အား ပန်းကန်တစ်ခုရှိ ဟင်းလျာကို အမြည်းခိုင်းသည်။ ကျွန်ုပ်သည် ထိုဟင်းလျာကို မသင်္ကာဖြစ်မိသည်။ ဟင်းလျာသည် ပုရစ်ကြော်ဖြစ်သည်။ ပုရစ်ကြော်သည် အမည်ပင် ဆိုးသော်လည်း အလွန် အရသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးတို့ နှစ်သက်ကြသော အခြား ဟင်း တစ်မျိုးသည် ပိုးကောင်ကြော် ဖြစ်သည်။ ထိုဟင်းလျာကို ကား ကျွန်ုပ်သည် ဘုန်းတော်ကြီးဘုရား၏ ပွဲတော်အုပ်၌ မတွေ့ရချေ။ ပိုးကောင်ကြော်သည် အုန်းပင်၊ ထန်းပင်တို့၏ လက်ကြား၌ နေတတ်သော အုန်းပိုးတို့ကို ကြော်ထားသော ဟင်းလျာဖြစ်သည်။ ပိုးကောင်ကြော်သည် ပန်းကန်ထဲတွင် နဂို ပုံပန်းမပျက် ခေါင်းမည်းမည်းနှင့် ဖြစ်သဖြင့် ကျွန်ုပ်သည် မျိုမကျနိုင်ပါ။

ကျွန်ုပ်သည် နန်းတော်၌ နှစ်ရက်မျှ ဝင်ရောက် ခစား ခဲ့ရပြီ။ ကျွန်ုပ် ရည်ရွယ်တိုင်းလည်း ထမြောက် အောင်မြင်ခဲ့ သည်။ ဘုန်းတော်ကြီးဘုရားသည် ကျွန်ုပ်၏ အသက် စည်း စိမ်ကို ကာကွယ်မည်ကား မလွဲတည်း။ သို့ရာတွင် အသက် ဦးဆံပိုင်သော မင်းဆိုသည်မှာ သူတို့၏စိတ်ကို သူတို့ စိုးပိုင် နိုင်ခဲသည်။ အချစ်တော်ဖြစ်ကြသော လူတစ်စု၏အလိုကို လိုက်၍ စိတ်ကို ပြောင်းတတ်သည်။ မြန်မာနန်းတော်၌ ဤကဲ့သို့သော အလိုလိုက်မှုကို ကျွန်ုပ် တွေ့ကြုံခဲ့ရသည်။ နန်းတော်၌ ဂိုဏ်းနှစ်ဂိုဏ်း ရှိသည်။ ဘုန်းတော်ကြီးဘုရား သည် ထိုဂိုဏ်းနှစ်ဂိုဏ်းစလုံးကို မြတ်နိုး ကြည်ဖြူတော်မူခဲ့ သည်။ သို့ရာတွင် တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်းကား အကြီး အကျယ် ရန်ငြိုးဖွဲ့လျက် နေကြသည်။

ကျွန်ုပ်သည် ဂိုဏ်းခေါင်းဆောင်တို့၏အကြောင်းကို အနည်းငယ်မျှ ရေးသားရဦးမည်။ ဂိုဏ်းခေါင်းဆောင်တစ်ဦး သည် သာယာဝတီမင်းသား ဖြစ်သည်။

ထိုမင်းသားသည် ဘုန်းတော်ကြီးဘုရား၏ ညီတော် ရင်း ဖြစ်သည်။ အသက်အရွယ်မှာ နှစ်ဆယ့်ငါးနှစ်မျှသာ ရှိသေးသည်။ ရဲရင့်သည်၊ စိတ်နှောက်ကိုယ်ပါ ပြုတတ်သည်။ ဘုန်းတော်ကြီးဘုရား၏ အရိုက်အရာကို ဆက်ခံရန် ကြံရွယ် နေသူ ဖြစ်သည်။

တရားလမ်းအတိုင်း မင်း၏အရိုက်အရာကို ဆက်ခံ ထိုက်သူကား ဘုန်းတော်ကြီးဘုရား၏ သားတော် "စကြာ မင်း"သာ ဖြစ်သည်။ သားတော်သည် တစ်ဆယ့်ငါးနှစ်မျှ သာ ရှိသေးသည်။

တစ်ဖန် ဖွားမြင် သန့်စင်တော်မူသော မိဖုရား ခေါင် ကြီးမှာ နတ်ရွာစံပြီး ဖြစ်သဖြင့် သားတော်ကို ယခုအခါ မည်သည့်ဂိုဏ်းကမျှ အရေးတယူ မပြုကြတော့ချေ။ သူ၏ တန်ခိုးအာဏာသည် မှေးမှိန်လျက် ရှိသည်။ ထိုဂိုဏ်း နှစ်ဂိုဏ်းစလုံးသည် အရေးတော် ပေါ်ပေါက်လာလျှင် သူ့ကို သုတ်သင်ပစ်လိုက်ရန် ရည်ရွယ်ထားကြသည်။

သာယာဝတီမင်းသားသည် လူမိုက်၊ လူဆိုး၊ လက် ဝှေ့သမား၊ နပန်းသမား အမြောက်အမြားကို အိမ်တော် အမှုထမ်းအဖြစ် မွေးမြူသိမ်းဆည်းထားသည်ဟု သိရသည်။

မင်းသားသည် စိတ်နှောက်ကိုယ်ပါ ပြုတတ်ပါ၏။ သို့ရာတွင် ဆင်းရဲသား ကျွန်တော်မျိုးများကို မထိခိုက်လှ သဖြင့် ဆင်းရဲသားများနှင့် သင့်မြတ်သည်ဟု ဆိုရသည်။

အခြားတစ်ဂိုဏ်းမှာ မိဖုရားခေါင်ကြီး (နန်းမတော် မယ်နု)၏ သြဇာအာဏာကြောင့် လူသူလက်နက် ငွေအား ကြေးအားနှင့် ပြည့်စုံသောဂိုဏ်း ဖြစ်သည်။

မိဖုရားခေါင်ကြီး၏ မောင်တော်သူ (မောင်အို)သည် မင်းသားကြီးဘွဲ့ကို ခံယူကာ ဆိုးချင်တိုင်း ဆိုး၍ ပွေချင်တိုင်း ပွေသူဖြစ်သည်။ သူသည် မာနလည်း ကြီးသည်။ ခက်လည်း ခက်ထန်သည်။ ရက်လည်း ရက်စက်သည်။ လက်စားချေလို သောစိတ်ထားလည်း ရှိသည်။ သူ့အကြောင်းကို ကျွန်ုပ် ကောင်းစွာ သိခဲ့သည်။

ရာထူးရာခံကို လိုချင်လျှင် မင်းသားကြီးကို တံစိုးထိုး ပါက လွယ်လွယ်ရနိုင်သည်။ မင်းသားကြီးသည် ဤနည်း ဖြင့် စီးပွားအမြောက်အမြား ဖြစ်ထွန်းနေသည်။ တိုင်းသူ ပြည်သားတို့သည် သူ့ကို မုန်းလည်းမုန်း၍ ကြောက်လည်း ကြောက်ကြသည်။ ထီးနန်းအရိုက်အရာကို ဆက်ခံရန် ကြိတ် ကြံနေသော ထိုမင်းသားကြီး၏ အကြံအစည်ကို လုပ်ရည် ကြံရည် မရှိသော ဘုန်းတော်ကြီး တစ်ပါးမှ တစ်ပါး တစ်တိုင်း တစ်ပြည်လုံး သိကြ၊ ပြောဆိုနေကြသည်။"

*

## [ ၄ ] မောင်းထောင်နှင့် တောင်ငူ

စစ်ကိုင်းမင်း ခေါ် ဘကြီးတော်သည် ၁၁၈၁ ခု နယုန် လဆန်း ၁၅ ရက်၌ မယ်နုကို တောင်ညာတင်ကာ ထီးနန်း သိမ်းပိုက်ချိန်၌ပင် ဘထွေးတော် တောင်ငူစားကို မသင့်သော အကြံကို ကြံသည်ဆိုကာ ထုံးစံနှင့်အညီ ကွပ်မျက်စေသည်။

အခြား ဘထွေးတော် ပြည်စားကိုလည်း အလားတူ ပုဒ်မဖြင့် ဖမ်းဆီးရာတွင် ပထမအကြိမ် လွဲမှားခြင်း၊ တောင် ငူစား ကဲ့သို့ အကြိမ်ကြိမ် ကြံစည်ခြင်း မဟုတ်သည့်အတွက် အပြစ်မှ လွတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့လျှင် ဘကြီးတော်နှင့် နန်းမတော် မယ်နုတို့မှာလည်း သဘောကောင်းသူများဟု မဆိုသာချေ။ သူတို့ အရှင်နှစ်ပါး ပွဲဦးထွက်ချိန်၌ ဘဝရှင်ဖြစ်ကြောင်း အစွယ်ထုတ်ပြခဲ့သည်။

ကွပ်မျက်ခံရသူ တောင်ငူမင်းကား အခြားမဟုတ်။ မြန်မာစာပေ၌ "တောင်ငူကလည်း တောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင်"ဟူသော စကားပုံသည် ထိုမင်းသားနှင့် မောင်းထောင် ဘုန်းကြီးတို့ နပန်းလုံးရာမှ စတင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ဘိုးတော်မင်းတရားကြီးသည် ထိုအမှုအတွက် များစွာ ဦးနှောက်ခြောက်ခဲ့ရသည်။ မင်းသား၏ ယယ်နိုင်ဖြစ်သော ရန်ကုန်မြို့ဝန် ဦးကျော်ရွှေကို အထူး ခေါ်ယူ ဖြေရှင်းစေခဲ့ရသည်။ ဦးကျော်ရွှေက အိမ်တော်ပါယယ်ကျွန်ကြီးအဖြစ် သားတော်များကို ထိန်းသိမ်း စောင့်ရှောက်ခဲ့သူ ဖြစ်သည်။

၁၈၀၂ ခုနှစ်က အမရပူရ နေပြည်တော်သို့ ရောက်ရှိသူ အင်္ဂလိပ်သံမှူး မိုက်ကယ်ဆိုင်းက တောင်ငူမင်းသားနှင့် တွေ့ဆုံခဲ့ကြောင်းကို မှတ်သားခဲ့သည်မှာ–

"ဒီဇင်ဘာ ၇ ရက်က တောင်ငူမင်းသားထံ ကျွန်တော်တို့ အလည်သွားသည်။ ထိုမင်းသားမှာ ဘိုးတော်မင်းတရားက အလိုလိုက်ခဲ့သော သားတော်တစ်ပါး ဖြစ်သော်လည်း သူကိုယ်တိုင်က ဂနာမငြိမ်သော သဘောရှိခြင်း၊ သူ၏ အကြံပေး အဖွဲ့ဝင်တို့မှာ လိမ္မာရေးခြား မရှိခြင်းတို့ကြောင့် သူ၏ ထီးနန်းဆက်ခံရေး အကြံအစည်တို့မှာ အမြဲပင် ဘူးပေါ်သလို ပေါ်နေ၏။

သူသည် ဘိုးတော်မင်းတရားကြီး၏ သားတော်များတွင် အိမ်ရှေ့ ရွှေတောင်မင်းနှင့် ပြိုင်ဆိုင်နိုင်လောက်အောင်ပင် သတ္တိရှိသူ ဖြစ်သည်။ သူ၏ မယ်တော်မှာလည်း ဟံသာဝတီရောက် မင်း၏ သမီးတော်တစ်ပါး ဖြစ်ခဲ့၍ ကုန်းဘောင်မင်းသားများထက် မဟာသွေးစစ်သူဟု ခေါ်ဆိုနိုင်ပေသည်။ ထို့ကြောင့်လည်း သူသည် ထီးနန်းနှင့် သက်ဆိုင်သူ ဟူ၍ပင်စွဲမြဲကာ လှုပ်ရှားမှု မလျှော့သူ ဖြစ်လေသည်။

တောင်ငူမင်းသားကို ဘိုးတော်က ချစ်ခင် အလိုလိုက်မိရာမှ တစ်နေ့တခြား အန္တရာယ် ကြီးမားလာ၏။ အိမ်ရှေ့ ရွှေတောင်မင်းသားကို သူ့အနေဖြင့် ဖြုတ်မရပါက ခမည်းတော်ကိုပါ လုပ်ကြံရန် ဝန်မလေးဟန် ရှိခဲ့သည်။

လွန်ခဲ့သော ၃ နှစ်က ဘိုးတော်မင်းတရားသည် စစ်သည်တော် ၅ သောင်းနှင့် ယိုးဒယားသို့ ချီရာတွင် တောင်ငူသို့ ဝင်ရောက်သည်။ ထိုအခါ သားတော်မင်းသားက တောင်ငူမြို့ကို အခိုင်အလုံ မွမ်းမံကာ စစ်တပ်များကိုလည်း တိုးချဲ့နေသည်ကို တွေ့တော်မူသည်။ ထို့ကြောင့် သားတော်ကို ရာထူးမှနုတ်ကာ အမရပူရ၌ နေထိုင်စေသည်။ သားတော်၏ အသိုင်းအဝိုင်း ကျေးကျွန်များကို ကွပ်မျက်တော်မူသည်။

တောင်ငူမင်း၏ အိမ်တော်မှာ မင်းကွန်းကျွန်းပေါ်ရှိ အိမ်ရှေ့အိမ်တော်မှ ၂ မိုင်ခန့် ဝေးသည်။ ဧရာဝတီ အရှေ့ဘက်ကမ်းတွင် ရှိသည်။ ကျွန်တော်တို့အဖွဲ့က သူ့ထံသွားရာ လှေတစ်တန်၊ ဆင်တစ်လှည့် စီးနင်းကြရသည်။

တောင်ငူမင်း၏ အိမ်ဝင်းမှာ ကျယ်ဝန်းလျက် အိမ်တော်မှာလည်း အတန်ကြီးမားပေသည်။ သို့သော် အခြွေအရံနည်းပါးလျက် သူတို့ ဝတ်စားဆင်ယင်ပုံကလည်း ညစ်နွမ်းနေသည်။ အိမ်ထောင် ပရိဘောဂပစ္စည်း ဟူသမျှတို့ကလည်း မင်းသား၏ ချို့တဲ့သော အခြေအနေကို ထင်ရှားစေသည်။

တောင်ငူမင်းသည် အိမ်တော်အတွင်း သလွန်တော်တွင် ထိုင်ကာ ကျွန်တော်တို့ကို ဧည့်ခံသည်။ ရွှေထွေးခံတစ်ခုသာလျှင် သူ၏ မင်းသား အဆောင်အယောင် အနေဖြင့် သူ့ရှေ့၌ ရှိသည်။

မင်းသား၏ မျက်နှာတော် ပုံပန်းနှင့် စိတ်နေစိတ်ထားမှာ အထူးပင် သွက်လက်သည်။ အရာရာတွင် ပွင့်ပွင့်လင်းလင်း ပြောဆို လုပ်ကိုင်တတ်ကြောင်း ထင်ရှားစေသည်။

သူ၏ ပထမ မေးခွန်းမှာ ကျွန်တော်တို့နှင့်အတူပါသူ ဘာဘာရှိန်းနှင့် သက်ဆိုင်သည်။ 'မင်းက ဘယ်သူလဲ၊ ရန်ကုန်က အကောက်ဝန်ဆိုတာ မဟုတ်လား'ဟု မေးသည်။ အမှန်မှာ မင်းသားသည် ဘာဘာရှိန်းကို ကောင်းစွာသိသည်။ သို့သော် ဘာဘာရှိန်းက မင်းသား နိမ့်ကျစဉ် ယခင်ကလို ဝင်ထွက်ခစားခြင်း နည်းပါး၍ စိတ်နာဟန် ရှိသည်။

ကျွန်တော့်အား မေးမြန်းပုံတို့မှာလည်း အကွက်ကျလှပေသည်။ 'ပြင်သစ် ကုန်သည်ပွဲစားတွေ ဘယ်တော့ ပြန်ကြမည်လဲ'ဟူ၍ ၂ ကြိမ်ပင် မေးသည်။

ထိုအချိန်က နေပြည်တော်သို့ ပြင်သစ်သံအဖွဲ့လည်း ရောက်ရှိနေသည်။ သို့သော် ထိုအဖွဲ့ဝင် ၂ ဦးတို့မှာ ပြင်သစ် အစိုးရအရာရှိများ မဟုတ်ဘဲ မောရစ်ရှပ်ကျွန်းမှ သာမန်လူ



www.burmeseclassic.com

www.burmeseclassic.com



များသာလျှင် ဖြစ်လေသည်။ ဘိုးတော် မင်းတရားကြီးက သူ၏ရှေ့တော်သို့ အင်္ဂလန်နှင့် ပြင်သစ်ပြည်မှ သံတမန်ကြီးများ ဝင်ရောက် အလေးပြုသည်ဟု ဝါကြွားလိုချိန်တွင် ကျွန်တော်တို့ အင်္ဂလိပ်အဖွဲ့က သံတမန် စစ်မှန်သော်လည်း ပြင်သစ်အဖွဲ့မှာ မရေမရာ ဖြစ်နေသည်။ ထို့ကြောင့် ပြင်သစ်အဖွဲ့ဝင် ဆိုသူများမှာ မျက်နှာကောင်းမရဘဲ အဆင့်အတန်းနိမ့်စွာ နေထိုင်စေသည်။

တောင်ငူမင်းက "ပြင်သစ် ကုန်သည်တွေ ဘယ်တော့ ပြန်မည်လဲ"ဟူသောမေးခွန်းမှာ ထို့ကြောင့် နှစ်ဖက်ချွန် မေးခွန်း ဖြစ်နေသည်။ သူ၏ခမည်းတော်က အထင်ကြီးခဲ့သော ပြင်သစ်များ ဤသို့ မရေမရာဖြစ်ပုံကို မင်းသားက ကောင်းစွာသိရလျက် ပြက်ရယ်ပြုလိုသောသဘော ပါရှိ၏။ နောက်တစ်ချက်ကား အင်္ဂလိပ်နှင့်ပြင်သစ်တို့ မသင့်မြတ်သည်ကို မင်းသားက သိပြီးဖြစ်၍ ကျွန်တော် ကြိုက်နှစ်သက်စေရန် ပြင်သစ်တို့ကို "ကုန်သည်"ဟူ၍ သူ့မေးခွန်း၌ ဖော်ပြခြင်း ဖြစ်သည်။

ထိုနေ့က ကျွန်တော်တို့ ပြောသမျှကို မှတ်ယူနေသူများလည်း ရှိနေသည်။ မင်းသားက ကျွန်တော်တို့ကို မုန့်နှင့် အဖျော်ယမကာများ ကျွေးမွေးပါသည်။ အစားအသောက်များ ကောင်းမွန်သော်လည်း ထည့်ယူလာသော ကလပ်များ၊ ဒေါင်းလန်းများ ဟောင်းနွမ်းနေပါသည်။

တောင်ငူမင်းသားသည် အသက် ၃၅ နှစ်ခန့် ရှိ၏။ အိမ်ရှေ့ကိုယ်တော်နှင့် ပြည်မင်းတို့ အကြား၌ သူသည် မင်းသားလတ် ဖြစ်၏။ လုပ်ရည်ကိုင်ရည် သတ္တိဗျတ္တိတို့နှင့် ပြည့်စုံသော မင်းသားဟူ၍ အများက အသိအမှတ် ပြုကြ၏။ ထို့ကြောင့် အိမ်ရှေ့မင်းအဖို့ ကြီးမားသော ပြိုင်ဘက်၊ ရန်ဘက် ဖြစ်နေ၏။ သူတို့ ၂ ဦးမှာ ငယ်စဉ်ကပင် သင့်မြတ်မှု မရှိခဲ့ဟု သိရ၏။"

သို့လျှင် ***အဝသို့ ဒုတိယအကြိမ်ရောက်စဉ်က*** ခေါ် မှတ်တမ်း၌ မိုက်ကယ်ဆိုင်းက ရေးသားခဲ့သည်။ မော်ပီဆရာသိန်းကြီး၏ ပါးစပ်ရာဇဝင်၌ တောင်ငူမင်းသားနှင့် မောင်းထောင်ဆရာတော် အကြောင်းကို ဘိုးတော်မင်းတရားကြားသိရာတွင်–

ဘုရင် ။ ။ဟဲ့–ပေါ်ဦး၊ တောင်ငူစားနှင့် သာသနာပိုင်တို့ ထွေးလုံးပုတ်သတ်ကြကြောင်း မဟာဒါန်ဝန် တင်ချက်ရှိတယ်။ သည်အကြောင်းကို မောင်မင်း မသိဘူးလား။

ဦးပေါ်ဦး ။ ။မှန်လှပါ၊ မောင်းထောင်ဆရာတော် သာသနာပိုင်က တောင်ငူမင်းသားရဲ့ ဆရာ ဦးတေဇကို ဆင့်ခေါ်၍ တိုက်တော်မှာ ပိဋကတ်ကျမ်းများကို အလွတ်အာဂုံ နှုတ်တက် အပြန် ခိုင်းပါသည်ဘုရား။ တောင်ငူမင်းသား ဆရာတော်ကလည်း ရသလောက် ပြန်စွမ်းနိုင်ပါသည်။ အချို့ သတ်ပုံ ချွတ်ယွင်းချက်များ ရှိပါသည်။ သို့သော် မောင်းထောင် ဆရာတော်က မရ ရအောင် ပြန်ရမည်ဟု အထပ်ထပ် ခိုင်းပါသတဲ့ ဘုရား။ အလွတ်မရသည့်အတွက် ဦးတေဇကို သဲဒဏ်၊ ရေဒဏ် ပေးပါသတဲ့ ဘုရား။

ဤအကြောင်းကို တောင်ငူမင်းသား သိ၍ သူ၏ဆရာတော် ပင်ပန်းဆင်းရဲခြင်း ဖြစ်ရသည်။ စိတ်တော်မချမ်းသာ၍ သာသနာပိုင်ထံ သွားရောက် ကန့်ကွက်ပါသတဲ့ ဘုရား။ သာသနာပိုင်က 'မင်းသား၏ ဆရာတော်သည် အကျင့်သိက္ခာကား ကောင်း၏။ သင်း စာမရလို့ ငါ ဒဏ်ပေးသည်' ဟု မိန့်တော်မူပါသတဲ့ ဘုရား။

တောင်ငူ ။ ။စာ မရသော်လည်း အကျင့်သိက္ခာ မပျက်လျှင် သည်းခံတော်မူသင့်ပါသည် ဘုရား။

မောင်းထောင် ။ ။မဟုတ်ဘူး မင်းသား၊ သင်းက ဝိနည်းသိက္ခာကျမ်း အကုန် အရဆောင်ရမည်၊ အရ မဆောင်လို့ နောက်နောင် မှတ်အောင် ငါက ဒဏ်ပေးတယ်။

တောင်ငူ ။ ။အရှင်ဘုရားက ချက်ချင်း အကုန်ရရမည် ဆိုတာ ချက်ချင်းတော့ ဘယ်မှာ ရနိုင်မလဲ။ ရက် အခွင့်အချိန် ပေးပြီးလို့မှ မရလျှင်သာ အပြစ်ဒဏ် ပေးသင့်ပါတယ်။ ယခု အပြစ်ပေးတာလည်း အတော် ပင်ပန်းနေပြီမို့ သည်းခံတော်မူပါ ဘုရား။

မောင်းထောင်ဆရာတော်က 'နင်က ဘာလာစကားများနေသလဲ'ဆိုပြီး ပြောပြောဆိုဆို မင်းသားကို ဒေါ်သနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖစ်ပေါက်ပါသတဲ့ ဘုရား။ တောင်ငူစားကလည်း ထွေးခံကို ကောက်ပြီးတော့ ဆရာတော်ကို ပြန်ပေါက်ပါရောတဲ့ ဘုရား။ နောက် ဆရာတော်က ထပြီး ခြေနှင့်ကျောက်တော့ တောင်ငူစားက ဖက်ပြီး သတ်ပါရောတဲ့ ဘုရား။ ဤသို့ ဆရာတော်နှင့် တောင်ငူစားတို့ ထွေးလုံးနေကြသည်ကို အနီး အနားရှိ တိုက်အုပ်တိုက်ကြပ်များက မဖျန်ဖြေဝံ့လို့ ကြည့်နေကြ ပါသတဲ့ ဘုရား။ မဟာဒါန်ဝန်ကို အကြောင်းကြား၍ ရောက် လာ ဖျန်ဖြေတော့မှ ရပ်စဲပါသတဲ့ ဘုရား။

တောင်ငူစားက သူ့ဆရာတော် ဦးတေဇကို မောင်း ထောင်တိုက်၌ ဒဏ်ခံရာမှ ပင့်၍ ပြန်ပါရောတဲ့ ဘုရား။

ဘုရင် ။ ။အင်း... တောင်ငူကလည်း တောင်ငူ၊ မောင်း ထောင်ကလည်း မောင်းထောင်ပဲကွယ်၊ သို့ သော် သည်ကိစ္စကို သည်လိုနေလို့ ကျေအေး ကုန်ကြမှာ မဟုတ်ဘူး။ သာသနာပိုင် ဆရာ တော် ဘုရားကို ကန်တော့ဝန်ချရန် တောင်ငူ စားကို ခေါ်ဖို့ လိုတယ်။ ဤသားတော်က ငါခေါ်ပေမဲ့ သူ လာချင်မှ လာမယ်။ သို့ အတွက် ရန်ကုန်မှာ မြို့ဝန်လုပ်နေတဲ့ သူတို့ နောင်တော် ကျော်ရွှေကို ခေါ်စေမှ တော် မယ်။

ဦးပေါ်ဦး ။ ။မှန်ပါ၊ သင့်ရာ ဝန်ကို စေလွှတ်ရန် ကျွန် တော်မျိုး အမြန်စီမံပါမည်။ တောင်ငူစားကို မောင်ကျော်ရွှေမှ နိုင်သည်မှာ အမှန်ပါ ဘုရား။

(၁၅ ရက်အတွင်း ရန်ကုန်မှ ဝန်ကြီး ဦးကျော် ရွှေ ခြေတော်ရင်းသို့ ရောက်လာသည်။)

ဘုရင် ။ ။ဟဲ့ ကျော်ရွှေ၊ မင်းညီ တောင်ငူစား မောင် ရွှေဥနှင့် သာသနာပိုင်နှင့် အချင်းဖြစ်ပွားကြ တာ မောင်မင်း သိပြီလား။

ရွှေ ။ ။မှန်ပါ၊ မောင်ပေါ်ဦးတို့ ပြောပြ၍ သိရ ကြောင်းပါ ဘုရား။

ဘုရင် ။ ။အဲတာကို အေးနေလို့ မလျော်သောကြောင့် မောင်မင်း ညီကို ဆုံးမရန် ငါခေါ်ခြင်း ဖြစ် တယ်၊ သာသနာပိုင် ဆရာတော်ကို ဝန်ချ တောင်းပန်မှ တော်မည်။

ရွှေ ။ ။မှန်ပါ၊ မောင်ပေါ်ဦးတို့နှင့် ဤကဲ့သို့ ပြုလုပ် ရန် စီမံထားကြပါကြောင်း ဘုရား။

ဘုရင် ။ ။သည်လို လုပ်ကွယ်၊ နန်းတော် ဇေတဝန် ဆောင်တော်သို့ သာသနာပိုင် ဆရာတော်နှင့် တကွ သုဓမ္မာဝင် ဆရာတော်များပါ တောင်ငူ စားက ပင့်၍ ဆွမ်းကပ်ကန်တော့ ဝန်ချရန် မောင်မင်း ညီကို ပြောပြပြီး အမြန် စီမံရမည်။

ရွှေ ။ ။မှန်ပါ၊ ကြောင့်ကြတော်မူရန် မရှိအောင် ယနေ့ညပင် တောင်ငူစားကို ခေါ်၍ ပြောပြ ပြီး နေရာတကျ ရွက်ဆောင်ပါမည် ဘုရား။

(ထိုနေ့ညနေပင် တောင်ငူစားသည် နောင် တော် ဦးကျော်ရွှေထံသို့ ရောက်လာ၏။)

ရွှေ ။ ။လာ.... လာ၊ ညီတော်ကို နောင်တော်က တွေ့ချင်နေတာ ကြာလှပြီ။ ကျန်းမာရဲ့နော်။

မင်းသား ။ ။ကျန်းမာပါရဲ့၊ နောင်တော်ကော...။

ရွှေ ။ ။အင်း၊ ညီတော်တို့ ပို့သသောမေတ္တာကြောင့် ကျန်းမာကြပါတယ်။ ဟော...အောက်ပြည် က ပါတဲ့ ငါးခူ ငါးပိကင် ဆီဆမ်းနှင့် လက် ဖက်ရည်ကလေး သုံးဆောင်ပါဦး။

မင်းသား ။ ။အမယ်၊ နောင်တော့်ငါးပိကင်က အကောင်း ကြီး အဟုတ်ကြီး ပါကလား။ တယ်ပြီး ခံတွင်းလိုက်သကိုး။ အောက်ပြည်က မွန်တွေ ငါးပိရည်သောက်တယ်လို့ ခမည်းတော်က ဆိုတယ်။ သောက်ပေမှာပေါ့၊ ယခု ငါးပိကင် တောင် ဤမျှလောက် ကောင်းနေမှ အရည် ဆိုတော့ ပြောဖွယ်မရှိ ဖြစ်မှာပဲ။

ရွှေ ။ ။ဤငါးပိကောင်ကို ဆီနှင့် ကြော်စားလျှင် လည်း ကောင်းသည်။ တစ်မျိုးစီ အရသာ ရှိတာပဲ။

မင်းသား ။ ။နောင်တော်မှာ ဤငါးပိမျိုး ဘယ်လောက် ပါလာတုံး၊ ညီတော်ဖို့ မျှနိုင်ပါဦးမလား။

ရွှေ ။ ။အော် ညီတော် လျှာလည်လာပြီလား။

မင်းသား ။ ။လျှာလည်ဆို ညီတော်မှာဖြင့် "စားလို့မငြီး၊ ကနစိုးသီး"ဆိုသလို ဖြစ်နေပါပြီကော။

ရွှေ ။ ။ရကောင်းပါကွယ်၊ မျှနိုင်ပါတယ်။ ဟဲ့ ရေနွေး ယူခဲ့ကြ၊ ညီတော် ချွေးတွေ သုတ်လိုက်ပါ ဦး။ ဟဲ့ ဟိုအခန်းထဲက "တောင်ငူ" လို့ စာကပ်ထားတဲ့ အိုးတွေကို အပြင်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြစမ်းဟဲ့။ အဲ....ဟုတ်ပြီ၊ ဟောဒါက အခု ညီမောင် သုံးဆောင်တဲ့ ငါး ငါးပိကောင်အိုး။ ဟောဒါက စာအု တညင်းသီး ဆားရေစိမ် အိုး၊ ဟောဒါက ထန်းမနိုင်ရပ်က ချက်လုပ်တဲ့ ဆားအိုး၊ ဟောဒါက ပဲခူး ဖိုင်းဂနိုင်းရပ်က လုပ်တဲ့ သောက်တော်ရေအိုးချော။

မင်းသား ။ ။ကျေးဇူး ကြီးပါဘိတော့ နောင်တော်၊ ညီတော်ကို ချစ်ရာ မည်ပေတယ်။

ရွှေ ။ ။ချစ် မချစ်ကို ဘာပြောစရာ လိုသေးလဲ၊ ညီတော်များကို နောင်တော် ငယ်ငယ်က စစ်ကိုင်းအိမ်မှာ ထမ်းပိုး ချီလာခဲ့တာကပဲ၊ အကျယ်ချဲ့ ပြောစရာ မဟုတ်ပါ။

မင်းသား ။ ။ဟုတ်ပါတယ် နောင်တော်၊ ညီတော် ငယ်ငယ်က အင်မတန် တေတယ်။ နောင်တော်က အလိုလည်း လိုက်တယ်၊ မတော်လှသော် ရိုက်ပြီး ဆုံးမတာလည်း ခံခဲ့ရတယ်။ ညီတော်တို့က ချစ်ကြောက်ရိုသေပါပဲ နောင်တော်။

ရွှေ ။ ။နို့ နေပါဦးကွယ်၊ နောင်တော် တစ်ခု မေးစမ်းပါရစေ။ ညီတော်နှင့် သာသနာပိုင် ဆရာတော်တို့ အချင်းဖြစ်ပွားကြတယ် ဆို။

မင်းသား ။ ။ဟုတ်ပါတယ် နောင်တော်၊ ညီတော် ကိုးကွယ်ဆည်းကပ်တဲ့ ဆရာဘုန်းကြီး ဒဏ်ခံရတာ ပင်ပန်းနေသည်ကို တွေ့ရတော့ စိတ်လိုက်မာန်ပါ ဒေါသအလျောက် မဆီးမတားနိုင် ဖြစ်သွားပါတယ်။ မှားနေပါပြီ .... နောင်တော်။

ရွှေ ။ ။မှားနေတာ သည်လိုနေလို့ အမှားပျောက်မှာ မဟုတ်ဘူး။ ညီတော်သည် ထီးညွန့်နန်းညွန့် အဖ အရိုက်အရာခံ မင်းသားတစ်ပါးပေပဲ။ ခမည်းတော်၏ ဘုန်းတော်ဂုဏ် မပျက်စေရန်နှင့် ကြီးလေးသော သံသရာဝဋ်မှ လွတ်ရန် မြန်မြန် အမှားပြေပျောက် အမှန်ရောက်အောင် လုပ်မှ တော်မည်ကွယ့်။

မင်းသား ။ ။နောင်တော်ကသာ သံသရာ ဝန်မလေးအောင် စီမံပေးပါတော့။ ညီတော် နာယူပါမည်။

ရွှေ ။ ။ဒါဖြင့် ဒီလိုလုပ်၊ သာသနာပိုင်နှင့် သုဓမ္မာ ဆရာတော်များကို နန်းတော် ဇေတဝန်ဆောင်သို့ ပင့်၍ ဆွမ်း သင်္ကန်း ကပ်လှူရမည်။ ဤအခါ ညီတော်က သာသနာပိုင် ဆရာတော်ကို ကန်တော့ ဝန်ချပါလျှင် သံသရာဝဋ် ကင်းလွတ်၍ မင်းသားလည်း လိမ္မာသော ပညာရှိအဖြစ် နိဝါတမင်္ဂလာနှင့် ပြည့်စုံရော၊ ခမည်းတော် မယ်တော်တို့လည်း စိတ်တော် ချမ်းမြေ့ကြရောပေါ့။

မင်းသား ။ ။နောင်တော် စီမံတာကတော့ ဟုတ်ပါရဲ့၊ ညီတော်မှာ ငွေတော်မရှိပါကလား နောင်တော်။

ရွှေ ။ ။ဒါတွေကို ပူစရာ မဟုတ်ပါဘူးကွယ့်၊ ရွှေတိုက်တော်က ထုတ်ပေးရန် နောင်တော် စီမံမည်။ မစိုးရိမ်နှင့်၊ အေးအေးသာ နေပါတော့။

မင်းသား ။ ။ကောင်းပါပြီ နောင်တော်၊ မြန်မြန်သာ စီမံပါတော့နော်။

*

ဝါခေါင်လဆန်း ၅ ရက်နေ့၌ ဇေတဝန်ဆောင်သို့ သာသနာပိုင်နှင့်တကွ ဆရာတော်များ ကြွရောက်လာကြရာ အတွင်းဝန် ဦးပေါ်ဦးက ဆီးကြို ပြုစု၏။ နောက် တောင်ငူမြို့စားနှင့် မြို့ဝန် ဦးကျော်ရွှေးတို့ အတူလာ၍ ဆရာတော်များကို ရှိခိုးကြည်ညိုနေကြ၏။ ဆရာတော်များ ဆွမ်းစားပြီးသောအခါ ရှင်ဘုရင်နှင့် မိဖုရားကြီးတို့ ထွက်တော်မူလာ၏။ အားလုံးသော မင်းညီမင်းသား မောင်းမမိသံ ပရိသတ်တို့က အရှင်နှစ်ပါးကို ကန်တော့ကြ၏။ ထို့နောက် အားလုံးက ဆရာတော်များကို ကန်တော့ကာ ၅ ပါးသီလ ခံယူကြသည်။

ထို့နောက် တောင်ငူမင်းသားက သာသနာပိုင် ဆရာတော်ကို မင်းပရိသတ်အလယ်၌ လျှောက်တင်သည်ကား-

မင်းသား ။ ။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရား။ တပည့်တော်သည် မကောင်းသော ဒေါသ၏ နောက်ပါဖြစ်၍ စိတ်လိုက်မာန်ပါ အရှင်ဘုရားအား ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံ ၃ ပါးဖြင့် ပြစ်မှား ကျူးလွန်မိသည်။ ထို မိုက်မှား ကျူးလွန်မိသည့် အပြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာ ပေးသနားတော်မူရန် တပည့်တော် ဝန်ချ တောင်းပန်ပါသည် ဘုရား။ သည်းခံတော်မူပါရန် အကြိမ်ကြိမ် ဝန်ချ တောင်းပန်ပါကြောင်း။

မောင်းထောင်။ ။ အင်း.... သာဓု၊ သာဓု၊ သာဓု။ ငါ သည်းခံ၏။ မင်းသားချည်း မှားသည် မဟုတ်။ ငါလည်း မှားလေသည်။ မင်းသားလည်း ပုထုဇဉ်၊ ငါလည်း ပုထုဇဉ် ဖြစ်ခဲ့၏။ ပုထုဇဉ်ဂတိကို လိုက်စားမိသည့်အတွက် ဖြစ်ကြသောကြောင့် မှားကြချေပြီ။

ပုထုဇဉ်ပင် ဖြစ်သော်လည်း ငါက သာ၍ မှားချေသည်။ မြတ်စွာဘုရား၏ အရေတော်ကို ဝတ်ဆင်မြန်းလျက် မဟာသံဃရာဇာ အမည်ကို ရရှိသဖြင့် သည်းမခံနိုင်ဘဲ သာသနာပိုင်ဂုဏ် မှူးယစ်သောကြောင့် ဒေါသဂတိသို့ လိုက်စားမိသဖြင့် ဖြစ်ရချေသည်။ သို့အတွက် မင်းသားလည်း ငါ့အပေါ်၌ အမျက်မထားလေနှင့်၊ သည်းခံလေ။

သာသနာပိုင် မောင်းထောင်ဆရာတော်က ဤသို့ မိန့်တော်မူရာတွင် အားလုံးက သာဓုခေါ်ကြသည်။ ထို့နောက် ဆရာတော်က ဆက်လက် မိန့်တော်မူသည်ကား–

မောင်းထောင်။ ။မင်းသားကို ဥပမာတစ်ခု ပြောရဦးမယ်။ မဟောသဓာဇာတ်တော်၌ စူဠနီမင်းသည် မဟောသဓာကို သတ်ပစ်ရန် ဒေါသအမျက် ထားပြီးလျှင် ကြံစည်လျက် ရှိနေသည်။ မဟာဥပကာရီ ဥမင်လိုဏ်ခေါင်း အတွင်းသို့ ကျရောက်မှ နောက်နောက်က ပျက်စီးအောင် ကြံခဲ့သော ဒေါသအမျက်ကြီးတွေ တစ်ခါတည်း ပျောက်ကွယ်၍ တစ်ယောက်နှင့် တစ်ယောက် အသက်ချင်း လဲကြ၍ ချစ်ကြည်ကြသော အဖြစ်သို့ ရောက်လေသည်။ ဤသို့လျှင် ဤယနေ့ ဤနန်းတော် ဇေတဝန်ဆောင်သည် ဥပကာရီ ဥမင်လိုဏ်ခေါင်းတို့ကို စွန့်ပစ်ပယ်ဖျောက်ပြီး အသက်ချင်း လဲကြသကဲ့သို့ ရှေ့ကို အသက်ရှည်သမျှ ကာလပတ်လုံး မေတ္တာစိတ် မပျက်ကြရအောင်သာ သတိပြုကြရန် ဖြစ်တော့သည်ကို အသင် မင်းသား မှတ်ယူလော့။

ဤတွင် မင်းပရိသတ်တို့က ထပ်မံ သာဓုခေါ်ကြပြန်သည်။ တောင်ငူမင်းသားကလည်း ဦးချလျက် အလှူတော်သက်န်းများကို ကိုယ်တိုင် ရှိသေစွာ ဆရာတော်များအား ကပ်လှူလေသည်။ နန်းတော်မှ ဘုန်းတော်ကြီးများ သက်တော်မူချိန်တွင် တောင်ငူမင်းသည် သာသနာပိုင် ဆရာတော်၏ ဖိနပ်တော်ကိုကိုင်လျက် တံခါးနီတိုင်အထိ ပို့ကာ ဖိနပ်တော်ကို ခင်းပေးပြီးမှ နန်းတော်သို့ ပြန်ဝင်၏။

မင်းတရားကြီးနှင့် မိဖုရားကြီးတို့လည်း များစွာ အားရဝမ်းသာ ရှိကြ၏။ မှူးတော် မတ်တော်၊ သားတော် သမီးတော် များစွာ အားရဝမ်းသာ ရှိကြ၏။ မှူးတော် မတ်တော်၊ သားတော် သမီးတော်များနှင့် အရပ်ရပ် အကျိုးအကြောင်း ရှိသမျှကို ရယ်ရယ်မောမော ကြည်ကြည်လင်လင် ပြောဆိုကြ၏။ သားတော် တောင်ငူမင်းကို ခမည်းတော်နှင့် မယ်တော်တို့က ဆုလာဘ်ချီးမြှင့်သည်မှာ–

(၁) လွန်းချိတ်ပုဆိုး– ၅ ထည်
(၂) ဆပ်သွားဖူး ခေါင်းပေါင်း– ၅ ထည်
(၃) ဗလာပုဆိုး– ၁၀
(၄) ထိုင်မသိမ်း– ၅
(၅) သားမွေးအင်္ကျီ– ၂
(၆) ငွေတော်ပိဿာ– ၂၀

တောင်ငူမင်းသားက ရှိခိုးပူဇော်ကာ လက်ခံလေသည်။ ခမည်းတော်နှင့် မယ်တော်တို့ အတွင်းတော်သို့ ဝင်သွားပြီးနောက် တောင်ငူမင်းသားက ဝန်မင်း ဦးကျော်ရွှေသို့ ကျေးဇူးတင်စကား ပြော၏။

မင်းသား ။ ။ယနေ့ဖြင့် မြွေများ အရေဟောင်းကို စွန့်ပစ်သကဲ့သို့ စိတ်၏ကြည်လင်သန့်ရှင်းခြင်းသို့ ရောက်ရလေပြီ။ နောင်တော်၏ ကျေးဇူးပါပေပဲ။ မှားကြောင်း ဝန်ချ ကန်တော့သည့်အတွက် ဒိဋ္ဌဓမ္မ ဆိုသလို ဆုတော် လာဘ်တော်များလည်း ရရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေ ။ ။အေးချမ်းဆို ညီတော်အတွက်သာ မဟုတ်။ ခမည်းတော်တို့လည်း စိတ်ချမ်းသာ၊ သာသနာပိုင်နှင့် သုဓမ္မာဆရာတော်များ စိတ်ချမ်းသာ၊ မှူးတော် မတ်တော်၊ ညီတော်နှင့် နှမတော်များလည်း စိတ်ချမ်းသာတော်မူကြသဖြင့် များစွာ အကျိုးရှိလေတယ် ညီမောင်။

မင်းသား ။ ။သာသနာပိုင်ကြီး ဟောကြားချက်များကလည်း အင်မတန်မှ မှတ်သားနည်းယူစရာပေပဲ။

ရွှေ ။ ။လောကီ လောကုတ္တရာ ကျမ်းဂန်အရပ်ရပ်တို့ ကျေပွန်တော်မူသည့်အတွက် သံဃရာဇာ တင်မြှောက်ခြင်း ခံရပေတာကလား။ အကြောင်း ရှိတဲ့အခါ ထိုအကြောင်းနှင့် ဆိုင်တဲ့ ပုံပြင် ဥပမာ ဥပမေယျတို့ ဉာဏ်စွမ်းအလျောက် ထွက်ပေါ်လာပေတယ်။

မင်းသား ။ ။တရားဖြစ်စေ၊ စကားဖြစ်စေ အဖိုးတန်မှန်းသိရင် လိုက်နာ ကျင့်ဆောင်နိုင်မှ မိမိကိုယ်တိုင်လည်း တိုးတက် ကောင်းမွန်လာပေမည်။

ရွှေ ။ ။မှန်တာပေါ့။ ပါးစပ်က ဘုရား၊ လက်ကကားရား ဆိုရင် ဘာအဓိပ္ပာယ် ရှိမှာလဲ ညီတော်။

မင်းသား ။ ။ဟား.... ဟား၊ ဟုတ်ပါပေတယ် နောင်တော်။ ယနေ့ပွဲဟာ နောင်တော်၏ကျေးဇူးကြောင့်ပါပဲ။ သို့ဖြစ်၍ ယနေ့ ဆုတော်ခံရသည်မှ လွန်းပုဆိုး ၂၊ သားမွေးအင်္ကျီ ၁၊ ဗလာပုဆိုး ၅၊ ဆပ်သွားဖူး ခေါင်းပေါင်း ၂ ကို နောင်တော်အား ကန်တော့ပါ၏။

ရွှေ ။ ။လက်အုပ်ချီပြီး ကန်တော့ရင် ပြီးရောပေါ့၊ အလှူပစ္စည်းပါဖို့ မလိုပါဘူး။

မင်းသား ။ ။အခွင့်အခါ ကြုံကြိုက်တုန်းမို့ပါ။

ရွှေ ။ ။အင်း.... သာဓု၊ သာဓု၊ သာဓု။

*

## [၅] ညောင်ကန်မှ ကလတက် ခေါက်သံ

ဘကြီးတော် ခေါ် စစ်ကိုင်းမင်းက အနုပညာ ဝါသနာပါ၏။ ထို့ကြောင့် သူ နန်းစံစဉ် စာဆိုတော်ကြီးများ၊ အနုပညာသည်များကို နန်းတော်သို့ ဖိတ်ခေါ်၍ စာပေ ရွတ်ဖတ်ပွဲ၊ သီချင်းဆိုပွဲများ ပြုလုပ်လေ့ရှိသည်။ ရိုးရိုး ရုပ်သေးပွဲ၊ အငြိမ့်ပွဲမျိုး မဟုတ်ချေ။ ရင်းနှီးသော တပည့်တပန်း၊ ဧည့်ပရိသတ်များနှင့် အတူ မင်းနှင့် မိဖုရားတို့ အတူ ဝိုင်းဖွဲ့ပျော်ရွှင်ကြသော မိသားစုပွဲမျိုး ဖြစ်သည်။

မင်းနှင့်မိဖုရားတို့ ကိုယ်တော်တိုင်ပင် သလွန်ပေါ်၌ မထိုင်ဘဲ ကြမ်းပေါ်တွင် နေရာထိုင်နှင့် စံပယ်တော်မူသည်။ ပညာရှင်တို့က ဝိုင်းအလယ်သို့ ထွက်ကာ သီချင်းဆိုခြင်း၊ ကခုန်ခြင်း ပြု၍ အရှင်နှစ်ပါးတို့လည်း လက်ခုပ်တီးခြင်း၊ ဝေဖန် မိန့်ကြားခြင်း၌ ပါဝင်လေ့ရှိသည်။

ထိုပွဲမျိုး၌ အများအားဖြင့် ဦးစ(မြဝတီ)က ဦးစီးညွှန်ကြားသူ ဖြစ်၏။ ဖိုးသူတော်နှင့် လူဦးမင်း စသည်တို့က လူရွှင်တော်သဖွယ် ဖြစ်၏။ အလျဉ်းသင့်သလို ပရိသတ်ထဲမှ မင်းညီမင်းသား အပျိုတော်နှင့် အရပ်သူများလည်း အလိုတော် အလျောက် ပါဝင် အသုံးတော်ခံကြရသည်။

ဘုရင် ။ ။ ယနေ့ညအဖို့ ဘာ အစီအစဉ်များ ရှိသတုံး ဆရာစ ရဲ့။

ဦးစ ။ ။ အရှင်ဘုရား အလွန်နှစ်သက်သော ညောင်ကန် ကလတက်ခေါက်သံကို အဓိက အသုံးတော်ခံရန် ရှိပါသည်။ ဒီ့အပြင်တော့ နန်းတော်အောက်မှာ အရှင်ဘုရား ထူထောင်ထားတဲ့ ရက်ကန်းသည်များက တတ်သရွေ့ မှတ်သရွေ့ ပျော်တော်ဆက်ပါမယ်။ ဇာတ်လိုက်ကြီးများကတော့ ခါတိုင်းလို ဦးမင်းတို့၊ ဦးလန်းတို့ ဖြစ်ပါတယ်။

ဘုရင် ။ ။ ကောင်းပေဗျား၊ ညောင်ကန် ကလတက်ကိုဖြင့် နားဆင်လို့ပဲ မတင်းတိမ်နိုင်ဘူး။ ကျုပ်က အဲဒီ ကဗျာရေးသူ ဆရာတော် ဦးရောက်ကြီးကို နေပြည်တော် ပင့်ချင်တာဗျ။ အခုတော့ ဦးဗုဓ် ကြွရောက်လာတယ်။ မိဖုရားကြီးရဲ့ အလိုတော်ကျ ဖြစ်တာပေါ့နော်။

မယ်နု ။ ။ မောင်တော်ကလည်း ရတနာ ၃ ပါးကို ခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့ဟာ၊ ငါ့ဟာ လုပ်နေရသေးလား။ ဒါ ထက် ယနေ့ညပွဲမှာ စာစပ်ပြိုင်ပွဲလည်း ပါမယ် ဆို။

ဦးစ ။ ။ မှန်လှပါ၊ ပြိုင်ပွဲဝင် ဦးမင်း၊ ဦးတိုးနှင့် ဦးလန်း တို့ ရောက်ရှိနေကြပါပြီ။ ဖိုးသူတော် ဦးမင်း မရောက်သေးလို့ပါ ဘုရား။

ဘုရင် ။ ။ ကျုပ်က ပြောရဦးမယ်၊ သူပါမှ ပွဲဖြစ်မှာလား လို့။ တစ်နေ့က ပရိတ်တော်နာပွဲမှာ နန်း မတော်က နောက်ကျလာသဗျ။ ဒီတော့ ဆရာ တော် ဦးဗုဓ်က 'နန်းမတော်ကြီးပါမှ အန္တရာယ် ကင်းမှာလား' လို့ မိန့်တော်မူပြီး မဆိုင်းမတွ ပရိတ်ရွတ်ကြတယ်။ ဟဲ.... ဟဲ၊ အဲဒါကို အကြောင်းပြုပြီး ယခုပင် မောင်းထု၍ ပွဲစစေ မောင်မင်း။

ဦးစ ။ ။ ကိုင်း.... ဦးမင်းရေ၊ "ပွဲစစေ မောင်မင်း" ဆိုတာ လူကြီးမင်းကို မိန့်မှတ်ဟန်ပေပဲ။

ဦးမင်း (ဆို)။ ။ရွှေပဟိုရ် စည်သံများကိုလ
မကြားရ ကြာချေပြီ၊ လေးလရာသီ။

ဦးတိုး ။ ။ တစ်ခါလာ ဒီစည်ပဲ ထုနေတယ်။

**မြို့တော်နှင့် ကျေးတော**

ဦးလန်း။ ။ ခင်ဗျားကြီးက မသိရင် အသာ နေပါ။ ဒီ သီချင်းမှာ အဖွင့်အပိတ် အစုံရှိတယ်။ သူက အဖွင့်ကိုဆိုပြီး ကျုပ်က ပိတ်ရမှာဗျ။ အသာ နားထောင်စမ်းပါ။

ဦးမင်း ။ ။ တိုင်းဌာနီရယ်လေ
မဟုတ်ကယ် ပါပြီလို့
ကြက်သံကို ပဟိုရ်ပြုရတယ်။
တောသူ့ရွာမို့။ ။

ဦးစ ။ ။ ကောင်းပေ့ဗျာ၊ အဲဒါကတော့ မြို့တော်သား က တောရွာကို ရောက်တဲ့အခါ သူ့အမြင် သူ့သဘောကို ဖော်ပြခြင်းပဗျာ။ တောသား တစ်ဦး နေပြည်တော် ရောက်လာတော့လည်း တစ်မျိုး မြင်တတ်ပါတယ်။ အဲဒါကို ဆရာ လန်းက ပညာစွမ်း ပြပါလိမ့်မယ်။

ဦးလန်း။ ။ တို့တောရွာ
ပြောစရာ အချိန်ဆောင်ရမှာဖြင့်
အိမ်ခေါင် အိပ်တန်းက
ချိုပ်ပန်းတောင်ပံ ပွေလို့
ညောင်ကန်တွေ ချိုလှယ်တွန်မှဖြင့်
အရှယ်မွန် သူငယ်အိပ်ချိန်ပ
အတိတ်နာရီ မှန်လိုက်တာက
ကြက်သံ အကြား။
နားမချို၊ ခုများမှာ ရွှေပဟိုရ်တဲ့
နေညိုလျှင် ဒေါင်စိုင်းအောင်
နောင် ဒိုင်း တဒူဒူနှင့်
ဆူလေသည် ဘယ့်နှယ်မြို့ရယ်လို့
ရှင်ဘုရင် လူမော်တို့ရယ်
မင်းမို့ စံစား။ ။

ဘုရင် ။ ။ ရှင်ဘုရင် လူမော်တို့ရယ်တဲ့၊ နောင် ဒိုင်း တဒူဒူ နှင့် တယ်ဆူတဲ့ မြို့တဲ့။

မယ်နု ။ ။ ဟုတ်သားကလား၊ နှမတော်တို့လည်း တော သူလို့ ဆိုဆို၊ တစ်ခါတစ်ရံ အဲဒီ နောင်ဒိုင်းသံ ကြားရင် လန့်ဖျပ်သွားတယ်။

ဘုရင် ။ ။ နှမတော် တောသူကြီးက တောသားများကို ရှင်းပြလိုက်ပါ။ ရှင်ဘုရင်က လူမော် မဟုတ် ပါဘူး၊ အင်္ဂလိပ်ကို စစ်ရှုံးလို့ စိတ်ညစ်နေ တယ်လို့ ပြောပြလိုက်ပါဘိ။

ဦးစ ။ ။ ဟော ဖိုးသူတော်ကြီး ကြွချီလာပါပြီဘုရား။

ဘုရင် ။ ။ ဖိုးသူတော်က ကြပ်တစ်လုံးနှင့် ညောင်ပင် ကုန်း ရောက်နေသလားဗျ။

သူတော်မင်း။ ။ လူပျိုတော်လှည့်သွားရာမှာ အပျိုက ဆွဲထားလို့ မနည်း ခွာခဲ့ရကြောင်းပါ။

မယ်နု ။ ။ ရှင်တို့ စာစပ်ပွဲ လုပ်ကြမယ်ဆို။

သူတော်။ ။ ဟဲ.... ဟဲ၊ နန်းမတော်ကြီးက တစ်နေ့က သူ ကွမ်းစားတဲ့အကြောင်း ကျုပ်ရေးတဲ့ကဗျာကို နှစ်သက်တော်မူပြီး နောက်တစ်ပုဒ် လိုချင်ဟန် တူသဗျ။

မယ်နု ။ ။ ဟင်း.... ရှင် တော်တော်ကဲ၊ ဆုတော်မရဘဲ ကွမ်းသွေးတော် လိုချင်သလား။

သူတော်။ ။ တံတားဦးက ကွမ်းနုဝါ
ငမြောက ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းသီး တောင်ငူနှင့်
ကိုင်းထုံးဖြူ–ပြည်ရွာ
သာဝါးကာ ထွေး။

**စာစပ်ပြိုင်ပွဲ**

ဦးစ ။ ။ကိုင်း.... ယနေ့ညအဖို့တော့ ပြိုင်ပွဲဝင် ၄ ဦး တို့က နန်းမတော်ကြီးရဲ့ နားကပ်တော် အကြောင်းကို လေးချိုးသဖြန် ဖွဲ့ဆိုကြရ မဗျ။ အဖုံးအပိတ် ညီညွတ်စေရမယ်။ ကိုင်း မောင်မင်း ခေါ် ဦးမင်းက စတင် စပ်ဆိုပါ ဗျာ။

လူဦးမင်း။ ။ဆင်တော်ရန် ပန်နားကပ်
ကျောက်မြတ်ကတဲ့ မခြယ်။

ဖိုးသူတော်။ ။သဘော်ပါ မယ်ကယ်နှစ်မှာ
နတ်ယဇ်သည့်နှယ်။

ဦးတိုး ။ ။သီလကုတ် ကြောင်ကြီးသွယ်
စံပယ်တင် ခြယ်သန်း။

ဦးလန်း ။ ။ရွှေဘာ ရောင်ခြည်ဖွေ့တယ်
နန်းမေ့ဆင်ပန်း။

(ပရိသတ်များ လက်ခုပ်သြဘာသံများ ပြုကြသည်)

ဘုရင် ။ ။ကောင်းပေ့ဗျာ၊ စကားလုံးများက အင်မတန် နူးညံ့ပြီး စာဆိုတော်များက တစ်ဦးနှင့်တစ်ဦး ဘယ်သူက ပိုပြီး သိမ်မွေ့နိုင်မလဲ ဆိုတာ ပြိုင်ပွဲပြုခြင်းပေပဲ။

မယ်နု ။ ။ဟုတ်ပါပေတယ်ရှင်၊ ကျေးဇူးပါပဲ၊ ဆရာကြီး များရဲ့ သိမ်မွေ့နူးညံ့ခြင်းနှင့် ကိုက်ညီအောင် ကျွန်မကလည်း နုပေဆိုတဲ့ ပိုးထည် ရွှေထည် များ ဆုချရမှာပ။
(သြဘာ လက်ခုပ်သံများ)

ဦးပေါ်ဦး ။ ။ဟော.... ခုနက ကြားလိုက်မိပါတယ်။ နန်းမ တော်ကြီးက "နုပေဆိုတဲ့ ပိုးထည်များ"တဲ့၊ ဟုတ်လား။ အပြင်လောကမှာတော့ နန်းမ တော်ကြီးက "နု"ဆိုတဲ့စာလုံးကို မသုံးရလို့ ကောလာဟလ ဖြစ်နေသဗျ။ "ယေနဘဂဝါ တေနုပ သန္တိမိ"ကို ဘုန်းကြီးများက "တေ ထွတ်ပ သန္တိမိ"လို့ ပြင်ဆင်ရွတ်ဆိုဟန် ပြောနေကြသဗျ။

မယ်နု ။ ။အလကားပါရှင်၊ ကျွန်မက သာသနာပြု မိဖုရားမို့ ဘုန်းကြီးနှင့် တစ်ဖန်လှည့်ပြီး ရန် တိုက်ခြင်းပါ။ အကယ်၍ မှန်ရိုးရှိရင် နေပြည် တော်ရှိ ဆရာတော်ကြီးတွေက ခံနေမလား။ မိနုကို နန်းမကပ်စေဘဲ မြိုင်ရပ်ကို နှင်တော် မူကြမှာပ။ အခုတော့ ဆရာတော်များကပဲ "ဒုတိယ ဝိသာခါ" ဆိုတဲ့ ဘွဲ့ထူး နှင်းတာ ကြောင့် ဝမ်းသာရသရှင့်။

ဦးပေါ်ဦး။ ။နန်းမတော်ကြီးက မိမိကိုယ်ကို နှိမ့်ချပြီး နုနုလို့ ခေါ်တာ ဟုတ်ပါရဲ့။ ဒါပေတဲ့ မိနု ဆိုပြန်တော့လည်း မုနိလို့ ဖြစ်နေပြန်တယ်။ အဲဒါလည်း သတိပြုပေါ့။

မယ်နု ။ ။ဟင့်.... အင်၊ မင်းကြီးကလည်း ကျွန်မကို စိတ်ညစ်အောင် လုပ်နေပြန်ပါပြီ။

**ရက်ကန်းယိမ်း**

ဦးစ ။ ။ကိုင်း.... ရက်ကန်းယိမ်းသမကလေးများ ထွက်ချိန်တန်ထင့်။ (ရက်ကန်းမယ်လေး ၆ ယောက် ထွက်လာကြပြီး ဝိုင်းအလယ်၌ တစ်ဦးက သီချင်းဆိုပြီးလျှင် ဂီတသံအလိုက် ကကြသည်)

မယ်တစ် ။ ။ပျိုလေးရက်တဲ့ ရက်ကန်းစင်
ဘာဆင်လို့ မေး၊
မေးပါနှင့်အေ
ပဆစ်အိမ် ကွက်စုံခင်းတယ်
တင်းထိမ်တဲ့ လေး။

မယ်နှစ် ။ ။တောင်ထရံက ဂျိုးဂျိုးဂျက်ဂျက်
မြောက်ထရံက ဂျိုးဂျိုးဂျက်ဂျက်
အိမ်မြောင် ရက်ကန်းရက်သလို
ပုရွက်ဆိတ်က မလိမ်တမာ
ရက်ဖောက်တောင်း၊ ခါးစောင်းတင်လို့သာ
မဆိုကောင်းဘူး ယောက်ဖရယ်
ငါးကြင်း ကချေသည်။

မယ်သုံး ။ ။ဘုရားရယ် ငှတ်တို
ရောင်ခြည်လွှတ်ခါမှ
ပုံတော်ဝတ်စို့ မထွေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ပြည်ကို လေ့တော်ထိုး
ပိုး ဝယ်ခဲ့မယ်။
အနားမှာတဲ့ စိမ်းနုခြယ်
အလယ်မှာ သံရောင်ကွက်ကယ်နှင့်
မထွေးပုံတော်ဝင်လို့ ရက်တော့
လက်ခတ်သံ ကျွန်းဖိုသား
သောင်းတိုင်က ကြားသလေလေ့။

**ထံတျာတေး**

မယ်နု ။ ။ဥမ္မာဒန္တီပို့ ဆရာကြီး ဦးရွှန်းက ရွှန်းရွှန်းဝေအောင် ပျော်တော်ဆက်ပါဦးရှင်။

ဦးရွှန်း ။ ။အဟမ်း.... အဟမ်း ဘာဆိုရမှန်း မသိပါဘုရား။ ဒရန့်....ဒရန့်နှင့် ထံတျာတေးလို့သာ ပါးစပ်ဆိုင်း တီးချင်ပါတော့တယ်။

ဘုရင် ။ ။ဘယ်သူက ပါးစပ်ဆိုင်း မတီးရဘူး ဆိုလို့လဲ။

ဦးရွှန်း ။ ။ထံတျာတေရှင်
ဒရန့် ဒရန့် ထံတျာတေးရှင်
ဒလု ဒလု ထုံး ဒရန့် ဒရန့်
တောပင်တောလုံး နံ့ပါလို့လေ။

ဦးမင်း ။ ။နေပါဦး.... ဆရာရွှန်းရဲ့၊ ခင်ဗျား ဆိုတာက မြန်မာသီချင်း ဟုတ်ကဲ့လား။ ဒလု ဒလု၊ ဒရန့် ဒရန့် ဆိုတာတွေက ဘာအဓိပ္ပာယ်လဲ။

ဦးသုတော်။ ။ငါတို့တော့ နားလည်သားပဲ၊ လှည်းသမားက လှည်းကို အပြေးမောင်းရင်း သီချင်းဆိုသွားတော့ ဆိုတဲ့ သီချင်းသံရော၊ လှည်းဆောင့်သံရော၊ လှည်းအူသံရော တစ်ခါတည်း ပါသွားတာပဲ။

ဦးစ ။ ။ဖိုးသုတော်ကလည်း အလွဲပြောရန်ကော၊ ဒီသီချင်းက ညောင်ရမ်းခေတ်မှာ လူကြိုက်များခဲ့တဲ့ ပုစဉ်းတောင်သံကြီး ဖြစ်ပါတယ်။ မိုးခါမှာ ပုစဉ်းတွေ၊ ပလူတွေ ထွက်တယ် မဟုတ်ပါလား။ အဲသည်တော့ "ထံတျာတေး ဒရန့် ဒလု ထုံး"စသော အသံများသည် တောအလုံး ပျံ့နံ့သွားသည်လို့ ဆိုလိုပါတယ်။ ပုစဉ်းသတ္တဝါတို့သည် ရွှေဘော်တစ်စုတို့နှင့် ပျော်ပါးစွာ ပျံဝဲရာမှ မိုးကောင်းကင်သို့ ပျံတက်သော အတောင်ပံသံများ ဖြစ်ပေတယ်။ မိုးရာသီမှ ကြားရတဲ့ ပုစဉ်းတောင်သံကြီး ဆိုတာ အဲဒီ သီချင်းပေပဲ။

ဦးရွှန်း ။ ။ဒလု ဒလု ဒရန့် ဒရန့်
ထက်စငယ် ကောင်းကင်
မိုးတည့် မိုးတိမ်ပြင်
စံရှင် စံရှင် ပျော်ပါး
ရွှေဘော်တစ်စု များငယ်နှင့်လေး။
သည်မိုး၊ သည်မိုး၊ ဒေဝါ
မိုးတည့် မိုးဒေဝါ
အံ့ကာလေ တဖွဲဖွဲ
ရွာလေ တသဲသဲ။
ထံတျာတေရှင်
တျာတေ၊ ထံတျာတေ ဒရန့်
တျာတေတျာ။
(လက်ခုပ်သံများ)

ဘုရင် ။ ။ဦးအေးကိုလည်း ပွဲထုတ်ကြပါဦး၊ သူလည်း မဲဇာတောင်ခြေ အမတ်ကြီးရဲ့ သားကြီး ဩရသ ပေပဲ၊ သူက တရားသူကြီးမို့ ဣန္ဒြေတွေ ဘာတွေ လုပ်နေတယ်။ ပျော်ပွဲရွှင်ပွဲမှာ ဘာရမလဲ။

ဦးစ ။ ။အဲ....ဟုတ်ပေသားကပဲ၊ တရားသူကြီး ဆိုပြီး သူများကိုပဲ အဆိုအက ခိုင်းနေလို့ အဘယ်မှာ တရားမျှတမှု ရှိနိုင်ပါမည်လဲ။ ဘာသီချင်း ဆိုမည်ကို ကြေညာမောင်းခတ်ပါရစေ။

ဦးအေး ။ ။ကျွန်တော်မျိုးက မွေးသဖခင်ကြီး လက်ဝဲသုန္ဒရနှင့် လင်္ကာပညာမှာ မယှဉ်သာအောင် ရှိနေပါတယ်။ ကိုယ်ပိုင်စာပေ မရှိလို့ ဖခင်ရဲ့ မဲဇာတောင်ခြေ ရတုကို ဆိုရမှာကလည်း အင်မတန် ရှည်လျားပြီး လူတကာ ကြားဖူးပြီးသား ဖြစ်နေတယ်။

ဘုရင် ။ ။တရားသူကြီးကတော်ကို လွမ်းချင်း ရေးဖူးတယ် မဟုတ်ပါလား။

ဦးအေး ။ ။မှန်လှပါ၊ ဇနီး ကွယ်လွန်ပြီးစက သူ့ကို ရည်မှန်းပြီး ဝါဆိုကျောင်းကလေး တစ်ဆောင် ဒါနပြုခဲ့ပါတယ်။ အဲဒီ ဝါးကျောင်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ရေစက်ချပြီးတော့ ကျောင်းခါးပန်းမှာ မီး
သွေးနဲ့ ရေးမိတဲ့ သဖြန်ကလေးကို နေပြည်
တော်မှာ လူကြိုက်များခဲ့ပါတယ်။
ပျဉ်မစိ
ဇလီရစ်သန်းနှင့်
ခိုနန်းလိမ်ကျောင်း။
မေ မပါ
သဒ္ဒါကို ဉာဏ်ထိန်းလို့
ဆန်စိမ်း ကပ္ပိဆွမ်းရယ်နှင့်
သွန်း ရေစက်လောင်း။ ။

ဖိုးသူတော်။ ။ကိုရင်အေး စာက အလွမ်းမင်းသားကြီး ပီသ
ပါပေတယ်။ ဒီသဖြန်ကလေး တစ်ပုဒ်နှင့်
တော့ မတင်းတိမ်နိုင်လို့ နောက်တစ်ပုဒ် မင်း
သားဟန်ကလေးနှင့် အလွမ်းသယ်ပြပါဦး။

ဦးအေး ။ ။ကျေးရှုးရှင် မွေးသဖခင်ကြီး ရေးတဲ့ "မကြင်
သာသည်" ကဗျာဆန်းနှင့် လွမ်းရပေတော့
မည်ဗျ။
မတင်သာသည်
ယင်းမာပျဉ်ဖြူ
အပင်ငယ်ပျပ်သည့်
ဇလပ်ဖြူကို
ချူလို့ ပစ်ရတော့မည်လား။
*
မကြင်သာသည်
မင့်မှာ သူနှင့်
အယူငယ် ကမ်းလို့
မလှမ်းသူကို
မြူလို့ ချစ်ရတော့မည်လား။
*
မပန်သာသည်
ရင်းမာ ခေါင်ရန်း
ဇလပ်ဖြူငယ်
တောင်သူပန်းကို
နွမ်းလို့ ပစ်ရချေတော့မည်။
*

မချစ်သာသည်
မောင့်မှာ ရဟန်း
ကမ္ဗဝါနှင့် ရွှေစာထမ်းလို့
ကျမ်းနှင့် ဖြစ်ပြန်လေတော့သည်။
(လက်ခုပ်သံ တဖြောင်းဖြောင်း)

ဦးစ ။ ။ယခု နောက်ဆုံး တင်ဆက်မည့် ညောင်ကန်
ကလတကဲသံကို....။

ဦးပေါ်ဦး ။ ။နေပါဦး မောင်စရဲ့၊ စောပါသေးတယ်။ မင်း
က ဂီတစာပေမှာ အတော်ဆုံးဆိုပြီး ဘာလို့
ပွဲမထွက်သလဲ၊ ဘာကြောင့် အရှောင်ခိုနေ
တာလဲ၊ ပရိသတ်က ပွဲတောင်းနေတယ်။ မင်း
နှင့် မင်းကြီးကတော် ခင်ဆုံ နှစ်ပါးသွားတာ
ကြည့်ချင်ကြသတဲ့။
(ပရိသတ်က ထောက်ခံ လက်ခုပ်တီးကြ
သည်)

ဘုရင် ။ ။မှန်ပေသည်၊ ဦးစနှင့် ခင်ဆုံတို့ ပွဲထွက်စဉ်
မင်းကြီး ဦးပေါ်ဦးက ပွဲထိန်းလုပ်ပါ။

ဦးစ ။ ။အမိန့်တော် ခြွေလာတော့လည်း မနေသာဘူး
ပ ဗျာ။

ခင်ဆုံ ။ ။မနေသာလို့ ထွက်လာရ၊ ဒီအဘိုးကြီးမျက်နှာ
ကို မကြည့်ချင်ပေါင်။
(လက်ခုပ်သံနှင့် လက်ခေါက်မှုတ်သံများ)

ဦးစ ။ ။လှဲလှဲကြီးညို
ဉာ်ရွှေကိုယ် မတည်တံ့နိုင်ဘူ.
နွေးရန် အပြု။
မရွှေဆုံ
မယုံမပုံရသည်မို့
သောက တောင်ထု။

ခင်ဆုံ ။ ။ဟိုအနားက ကိုရောင်ပေ
သားတစ်ယောက် အဖေ
ခေါင်းပေါင်းစ ရှည်
ဟန်နေက ကြော့
လူပျိုပုံ လာမလုပ်နှင့်
ရှာရှုပ်တယ်တော့။
(လက်ခုပ်သံ၊ ရွှီ မှုတ်သံများ)



www.burmeseclassic.com

www.burmeseclassic.com



ိုး:စ ။ ။ချစ်ပါမည်
ဒါလီကွယ့် သမီး
အဖေ့မှာ တစ်ကိုယ်တည်းသာပ
ဇနီးရယ် ရှောင်ခွာကွင်း
လင်းတဲ့ နောက်မီး။

င်ဆုံ ။ ။မဆိုစကောင်း၊ ဆိုစကောင်း
တို့အိမ်တောင်က ညောင်ပင်ခေါင်း
ဆိုကောင်းပါရဲ့ လိပ်နှင့် ဖွတ်
အချိုတ်ပုဆိုးဝတ်။
(သြဘာ လက်ခုပ်သံများ)

ိုး:စ ။ ။ဆောင်ကြာအိမ်ကြီး ဆီသို့
မောင်လာချိန် နီးပြီမို့
ရွှေကျီးလေ ညီပြာ
ဆောင်တော်စွန်းမှာ
ကျွမ်းထိုးလို့သာ။

င်ဆုံ ။ ။ရွှေလရယ် သာ
ခပ်ခွာခွာ ထိုင်ပါ့လေ
မပိုင်တော့သေး။
အို– သူ့နှယ် ရဲရန်ကော
ဆွဲတော့ မလို။

ိုး:စ ။ ။အို– မယားရယ်နေ
အမေနှင့် ကွဲရဦးမယ်
ငွေတစ်မူးရယ်နှင့်
သိုက်တူးလေ လိုက်ဦးမယ်။
သိုက်တူးက ပြန်
ပွဲရုံနှင့် ကျွေးပါမိရယ်။

င်ဆုံ ။ ။အို– ချဉ်ပေါင်ဟင်းရယ်နှင့်
အပင်းလေ လျှိုလှည့်ကွယ်။

ိုး:စ ။ ။ညည်းကလည်း ပျိုသေး
ငါကလည်း အိုသေး
စိတ်စက်ကယ်လေးသနှင့်
တွေးရဦးမယ်။

င်ဆုံ ။ ။အို– ကောင်းလည်း မယ့်ကံ
ဆိုးလည်း မယ့်ကံ
တက်ကစီးဟာမို့
လူကြီးကို ယူမယ်ကြံ။

**ညောင်ကန် ကလတက်**

ဦးပေါ်ဦး ။ ။ကိုင်း....ဒီနှစ်ပါးသွားကဖြင့် အင်မတန် သင့်မြတ်ပါပေတယ်။ မင်းသားရော၊ မင်းသမီးရော စာပေအရာမှာ အရေးရော၊ အဆိုရော အစွမ်း ထက်မြက် ပြောင်မြောက်ကြပါပေတယ်။ ယခု ဆရာတော် ဦးရောက်ကြီးရဲ့ ကလတက်ခေါက်သံ စာညွှန့်ကို နားသောတ ဆင်ကြရပါတော့မယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ ကလတက်သံကို ဆရာတော် ဦးရောက်ကြီးက နီးချော့ဖျာရက်ရင်း စပ်ဆိုသွားရာကို အနီးရှိတပည့်များက ရေးမှတ်ယူရတဲ့ လက်တန်းစာပေ ဖြစ်ပါတယ်။ ကလတက်သံကို ကမ္ဘာ့အသံမျိုးစုံနှင့် နှိုင်းယှဉ်ထားပါတယ်။ မင်းဘုရားကြီး ကိုယ်တော်တိုင် ဒီစာပေကို ဘာကြောင့် စွဲလမ်းသလဲဆိုတာ နားထောင်ရင်း ထင်ရှားလာပါလိမ့်မယ်။ ဦးမင်းက သီဆိုရာမှာ ဖိုးသူတော်က ပို့ပေးပါလိမ့်မယ်။

ဖိုးသူတော်။ ။ကျွန်တော်တို့ မြန်မာဆိုင်းသံ ဇမ္ဗူသပြေပင်မှ သပြေသီးများ လေခတော့ သမုဒ္ဒရာထဲ ကြွေကျတဲ့ အသံများကို ဖမ်းယူ တီထွင်ခဲ့ခြင်း ဖြစ်ပေတယ်။ အဲဒီ အသံများကို စတင်ဖော်ပြပါလိမ့်မယ်။

ဦးမင်း ။ ။မြန်ခွင်တစ်လွှား၊ ဘယ်ဆီများတွင်မှ
မကြားဖူး၊ မကြုံဖူး၊ ထူးမြတ်သည့်အသံ
မြရောင်လျှံဖိတ်၊ ဇမ္ဗူဒီ ကျွန်းထိပ်က
ကမ္ဘာ့ကျက်သရေ၊ သပြေပင်မြင့်
ဝင့်ချင်တိုင်း ဝင့်ကြရော့
အမြင့်ယူဇနာ၊ တစ်ရာလောက်ကြီး
ထိုပင်က သီးသောခါ
မြစ်ကြီး သမုဒ္ဒရာ၊ ကုန်းသာ ကမ်းထိပ်
ငွေရောင် ထပ်ကရော့သည်
တရစပ် အခါခါ
ခရာသံ၊ တံပိုးသံ၊ စောင်းငြင်းသံ၊
လင်းကွင်းသံ၊ ဒုံမင်းသံ၊ စည်ပုတ်သံ၊
တူရိယာ သံစုံ၊ ပိုးပုံပြိုးပြို



www.burmeseclassic.com

www.burmeseclassic.com



ပိုးပလုံဘိုးဘုံ၊ အိုးအုံအိုးအင့်
ညိုးညိုးညံ ဆင့်ပြီးလျှင်
အမြင့်ယူဇနာ၊ တစ်ရာလောက်မျှ
ထိုပင်မက၊ ကျလိုက်သော အသံ။

ဖိုးသူတော်။ ။ဒုတိယစာပိုဒ် အလိုအားဖြင့် ဂင်္ဂါမြစ်မှာ ရေ
လွှမ်းမိုးတော့ လှိုင်းတံပိုးကြီးများ တအား
ပုတ်ခတ်သံနှင့် နှိုင်းယှဉ်ထားပါတယ်။

ဦးမင်း ။ ။ရောဂန ဂင်္ဂါ၊ မဟိန္ဒာဟု
ကြီးစွာလွှမ်းမိုး၊ လှိုင်းတံပိုးသည်
မိုးယံထက်မြင့်၊ အားကုန်ကြီး လွင့်ပြီးလျှင်
အဆင့်ဆင့် အထပ်ထပ်
ပေါက်ပင်ခတ် ကမ်းလုံးရိုက်
ဝမ်းလုံးလှိုက်၊ တိုက်လုံးနှင့်
ကျွန်းလုံးပြန့်၊ မြစ်လုံးမောက်
ရေဆိုင်ကို ထွင်းဖောက်၍
ရှေ့နောက် အရပ်ရပ်၊ ဆုတ် တက်ချေ
အထပ်ထပ်၊ မျက်ကြောများ ပြတ်ခမန်း
ရှုသူများ ပန်းစလောက်
မူးဝေလို့ နောက်စရာ
ကြောက်မက်ဖွယ် ရေအထု
စတုရာသီတိ၊ အောက်မြေသို့ ထိအောင်
လ္လတောစီ တောလှိုင်းရေမက
ကျလိုက်သော အသံ။

ဖိုးသူတော်။ ။အမြောက်သံ၊ ဗုံးသံများနှင့် ကြောက်ခမန်း
ဖွဲ့ဖော်ပြပြန်တယ်။

ဦးမင်း ။ ။ဗြိုးဗြိုးဗြိမ့်ဗြိမ့် အသံ
သိုးသိုးသိမ့်သိမ့် လှုံ
နိုးနိုးနိမ့်နိမ့် ခံ၊ဒိုးဒိုးဒိမ့်ဒိမ့် ညံ
အမြောက်သံ၊ ဗုံးသံ၊ တော်သံ၊
ငလျှင်သံ၊ ပွဲတင်သံ၊ ဒီလှိုင်းသံ၊
မင်းဗန္ဓု လေးညှိသံ။

ဖိုးသူတော်။ ။ကလတက်ကို သံမဏိနှင့် နှိုင်းပြီး ထိပ်ပိတ်
ဟုလည်း ခေါ်ပါသည်။

ဦးမင်း ။ ။ဆိုရန် ဆိုခွင့်၊ ဆိုသင့်သမျှ၊ ဆိုလိုက်ရလျှင်
ဆိုစကျယ်ပွား၊ နားသူများမှာ
နားရွက်မစွင့်၊ နားအုံနှင့်၍
ပွင့်မည်ကို ရွံ့သောကြောင့်
မကွန့်စသာ၊ ဌကထာနှင့်
ဋီကာမချဲ့၊ မဆိုခဲ့ပြီဟု
တကယ့်ကလတက်သဲ့ ကလတက်
အိုဘယ့် ကလတက်။
ကြောက်ဖွယ် ကလတက်
တံဆိပ်ရ ကလတက်
ကလတက် တကာ့ သံမဏိ
ကလတက်တကာ့ ထိပ်ပိတ်
အတိတ်ရ ကလတက်
ကလတက် တကာ့ သေးသေးတင်
ကလတက် တကာ့ ရှင်ဘုရင်။

ဖိုးသူတော်။ ။တောင်တွင် မြင်းမိုရ်၊ ကလတက်တွင် နိန္နာ
(ဝါ)ညောင်ကန်ဟု ဆိုဖွယ်ရှိပါသည်။

ဦးမင်း ။ ။တောင်တွင်လည်း မြင်းမိုရ်
စည်တွင်လည်း ပဟိုရ်၊ အချို့တွင် ထန်းလျက်
အထက်တွင်လည်း စိတ်စောင်း
မောင်းတွင်လည်း နရီ၊ အနီတွင် ဟင်္သပဒါး
အငန်တွင် ဆား၊ အပါးတွင်လည်း စက္ကူ
အပူတွင် ငရဲမီး၊ ကိုယ်ကြီးတွင် အသူရိန်
ဒေဝိန်တွင် သိကြား၊ ပတ္တမြားတွင် ဇော်တိက
အမြတ်တွင် နိဗ္ဗာန်၊ အသံတွင် မိုးကြိုး
အခိုးတွင် နဂါး၊ အသားတွင် ဝက်
အသီးတွင် သရက်၊ ကလတက်တွင် နိန္နာ။

ဖိုးသူတော်။ ။ကလတက်ခေါက်သံသည် ပညတ်နှင့်ပရ
မတ် သမားတို့အတွက် မဆန်းချေ။ သို့သော်
မြန်မာ ပြည်သူပြည်သားတို့အတွက် မိရိုး
ဖလာ ဤအသံကား အဓိပ္ပာယ် အမျိုးမျိုးနှင့်
ပြည့်စုံသော စည်းရုံးရေး လက်နက်ကြီး
မဟုတ်ပါလော။

ဦးမင်း ။ ။လူ့ပြည်မှာလည်း ဘက်မရ
ခု ဆို၍ ပြခဲ့သည်၊ ဂုဏဝိသိဋ္ဌ
အတိတ်နာမ၊ ဝိသေသဖြင့်
နိန္နာဒမည်သီး၊
တို့ကလတက်ကြီးသည်
အရပ်နီး အရပ်ဝေး၊ ကျေးနယ်တစ်ခွင်



www.burmeseclassic.com

www.burmeseclassic.com



လူရှင်တို့နား၊ ထက်ဝန်းကျင် ကြားကြလျှင်
ဘုရားပုထိုး၊ ရှိခိုးပူဇော်၊ ဖူးမြော်ကြသည်
တည်ညည်နှင့် စာအံသူများ
သွားကြသူ တစ်တန်၊ ပြန်ကြသူ တစ်သွယ်
လုပ်ဖွယ်ဆောင်မူ၊ ပြုကြသူ ဗရုပ်
လက်လုပ် တောင်သူ၊ မိလက္ခုတို့ကလည်း
အူတူသောသော၊ စောစော မိုးသောက်
နိန္နာဒ် ခေါက်ကပြီဟု
သူ့နောက် ငါမကျ၊ ကြွက်ကြွက်ဆူ
ထ ကြသည်
နိန္နဒ ကျေးရူး၊ ဂုဏ် အထူးကို
ချီးကျူးအသင့်၊ ဋီကာနှင့် ဖွင့်ရလျှင်
ရေမြင့်တုံ ကြာမြင့်တုံ၊ ဆိုခဲ့သော ပုံကဲ့သို့
ဉာဏ်ဟုန်နှင့် ကလတက်
တစ်ရှိန်တည်း တက်သောအခါ
နာရက်သူ အများ
ကြားဝံ့သူ ရှားမည်ကြောင့်
စကား အညွန့်၊ အကျယ် ကွန့်၍
မလွန့် စသာ၊ ဇေယျာတု မင်္ဂလာနှင့်၊
အဆုံးတိုင် ချီး။
တိုင်းသိင်္ဂါ ပြည်အဝှမ်းမှာ
လွမ်းစရာ နယ်တစ်ခို
ကြားတည့်သူ ဆိုရအောင်
ရှားငုတ်တို တိုင်ထောက်နှင့်
ခါးစောင်းလောက် မြင့်တင်
ခိုင်လိုက်သည့် ထိုစင်မှာ
ပုံတင်သံ ဟည်းဟည်းနှင့်
မြည်လှအောင် တီး။

*

## [၆] ဆရာတော်နှင့် မယ်န

အင်းဝမြို့ ကောင်းစားစဉ်က ဖန်နန်းရှင် ခေါ် ဘကြီးတော် ခေါ် စစ်ကိုင်းမင်းနှင့် မိဖုရားခေါင် မယ်နုတို့က နန်းမြို့တွင်း အုတ်ကျောင်းတော်ကြီးဝယ် တင်ထားကိုးကွယ်သော ဆရာတော်ကား ညောင်ကန်မှ နာမည်ကျော် ဦးဗုဓ်ဖြစ်သည်။

ခေတ်အလိုက် ဗန်းစကားနှင့် ဆိုရသော် သူ့ကို ဦးဗုဓ် မခေါ်ဘဲ ဦးဘု ဟု ဆိုလျှင် သူ့ဝသီနှင့် ကိုက်ညီမည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော်သည် စကားပြော နည်းပါး၏။ အမြဲတမ်း စာဖတ်ခြင်း၊ စာရေးခြင်းကို ပြုနေတတ်၏။ အကြောင်းမဲ့ သူ့ကို ချဉ်းကပ်သူများကို မလိုအပ်သော အနိဋ္ဌာရုံ အနှောင့်အယှက်များဟု ယူဆ၏။ သာသနာပိုင်ကို လည်းကောင်း၊ ဘုရင်နှင့် မိဖုရားကို လည်းကောင်း ခပ်ပြတ်ပြတ် ဆက်ဆံ၏။ စကားကို လိုသည်ထက် ပိုမပြောချေ။ တရားကိုလည်း အပို မဟောချေ။ ထို့ကြောင့် သူ့ကို အလွန် ဘုကျသော ခွ ကလန့် ဆရာတော်ဟု ယူဆ ကြောက်ရွံ့ကြ၏။

အမှန်၌ကား အပို မပါသော သူ့စကားကို ပညာ အခြေခံနှင့် နားထောင်တတ်ပါက တရားဟော အဆိအနှစ်ကို အခြေခံအနေနှင့် မှတ်မိအောင် အတိုချုပ် ပြောဟောချက်များ ဖြစ်သည်ကို တွေ့ရလေသည်။ ဘုလည်း မဟုတ်၊ ခွလည်း မကျ၊ မျိုချလျှင် ရောဂါကျရှုံသော ဩသဓ ဆေးစွမ်းကောင်းများသာ ဖြစ်လေသည်။

### ကြွေလို ကျင့်

ဦးဗုဓ်၏ ဝါဒနှင့် ပတ်သက်၍ ဆောင်ပုဒ်ကလေး တစ်ခု ရှိသည်မှာ–

(၁) ညောင်ကန်ဆရာတော် ဦးဗုဓ်ခေါ်၊ ထုတ်ဖော်မိန့်ခဲ့ရာ–

(၂) လူနတ်ပြဟ္မာ၊ ကဲ့ရဲ့မှာ၊ ဆိတ်စာမကြောက်ရာ–

(၃) ဘုရားကဲ့ရဲ့၊ ကြောက်သကွဲ့၊ ရောက်ခဲ့နိဗ္ဗုတာ။

ဤဆောင်ပုဒ်ကား ဗုဒ္ဓဘာသာ လောကဥ္ဓသာမက နိုင်ငံတကာ ပညာရှိလောက၏ ခေတ်အဆက်ဆက် မီးရှူးတိုင် သဖွယ်လည်း ဖြစ်နေလေသည်။

ထို့ပြင် ဦးဗုဓ်ကိုယ်တိုင် သုတ္တနိပါတ် ပါဠိတော်မှ ရွေးချယ်ကာ အနက်သမ္ဗန်ထားသော "ကြွေကဲ့သို့ ကျင့်ရာ၏" ဟူသော ဂါထာတစ်ပုဒ်လည်း ရှိပေသေးသည်။

မေတ္တံ ဥပေက္ခံ၊ ကရုဏံ ဝိမုတ္တိံ
အာသေဝ မာနော၊ မုဒိတဉ္စ ကာလေ
သဗ္ဗေန လောကေန၊ အဝိရုဇ္ဈ မာနော
ဧကော စရေ၊ ခဂ္ဂဝိသာဏ ကပ္ပော။
မေတ္တံ ။ ။ချစ်ခြင်းဟု ဆိုအပ်သော



www.burmeseclassic.com

www.burmeseclassic.com



ဝိမုတ္တံ ။ ။ဆန့်ကျင်ဘက်မှ လွတ်သော အပ္ပပညာကို လည်းကောင်း၊

ဥပေက္ခံ ။ ။လျစ်လျူရှုတတ်သော၊ ဆန့်ကျင်ဘက်မှ လွတ်သော အပ္ပပညာကို လည်းကောင်း၊

ကရုဏံ ။ ။သနားတတ်သော၊ ဆန့်ကျင်ဘက်မှ လွတ်သော အပ္ပပညာကို လည်းကောင်း၊

မုဒိတဥ္စ ။ ။ဝမ်းမြောက်တတ်သော၊ ဆန့်ကျင်ဘက်မှ လွတ်သော အပ္ပပညာကို လည်းကောင်း၊

ကာလေ ။ ။သင့်တင့်လျောက်ပတ်သော အခါ၌၊

အာသေဝ မာနော။ ။မှီဝဲသောအား ပွားစေသည် ဖြစ်၍၊

သဗ္ဗေန ။ ။ခပ်သိမ်းသော၊

လောကေန ။ ။လူနှင့်

အဝိရုဇ္ဈ မာနော။ ။မဆန့်ကျင်စေမူ၍၊

ဧကော ။ ။ဝဲ ယာ ရှေ့ နောက်၊ ဖော်မလျောက်ဘဲ၊ တစ်ယောက်တည်းချည်း၊

စရေ ။ ။ကျင့်ရာ၏။

ကိမိဝ ။ ။တစ်ယောက်တည်းသာ၊ ကျင့်စရာဝယ်၊ ပမာသမှု၊ အတန္တကြား၊

ခဂ္ဂဝိသာဏ ကပ္ပော ။ ။ကြံ့ချိုအတူတည်း (ဝါ) သန်လျက်သွားလို ဦးချိုတစ်ချောင်း ရှိသော ကြံ့နှင့် အတူ၊

ဧကော ။ ။ဝဲ ယာ ရှေ့ နောက်၊ ဖော်မလျောက်ဘဲ၊ တစ်ယောက်တည်းသာ၊

စရေ ။ ။ကျင့်ရာ၏။

မိမိသည် သူတော်သူမြတ် အနေဖြင့် ဗုဒ္ဓတရားတော်ကို ကျင့်သုံးအားထုတ်ရာ၌ လူခပ်သိမ်းတို့နှင့် မဆန့်ကျင်မူ၍ တစ်ကိုယ်တည်း ကျက်စားလေ့ ရှိသော ကြံ့သတ္တဝါကဲ့သို့ အားထုတ်ရာ၏။

မိမိ၏ရည်ညွှန်းချက် စေတသိက်သည်လည်း ထိုကြံ့၌ ပါရှိသော တစ်ချောင်းတည်းသော ဦးချိုကဲ့သို့ အခြားအားထားစရာမရှိ ဟူ၍ တစ်သမတ်တည်းသာလျှင် စူးစိုက်ကျင့်ကြံရာ၏။

ဦးဖုမ်သည် စကား၌ လည်းကောင်း၊ တရား၌ လည်းကောင်း အဟောအပြော နည်းလှ၏။ စာပေ ပရိယတ္တိ မပြတ်မလပ် ကြည့်ရှုခြင်း၊ ပို့ချခြင်း၊ ကျမ်းပြုခြင်း အလုပ်ဖြင့်သာ အချိန်ကုန်၏။ ပေတစ်ချပ်ကို ၃ ကြိမ် ကြည့်မိလျှင် အာဂုံ ရသည်။ ရဟန်း ၂ ဝါအတွင်း ဝိနည်း ၅ ကျမ်းကို အာဂုံ ရသည်။ ပိဋကတ် ၃ ပုံကို အာဂုံဆောင်နေသော်လည်း သူများ မသိရချေ။

ဆွမ်းစားရာ၌ ဆွမ်းပွဲတစ်ဖက်၌ရှိသော ဟင်းခွက်များကို လှုပ်ပေါ်ကာ လှမ်းကျော်၍ မနှိုက်၊ မိမိဘက် နီးရာ ဟင်းခွက်ကိုသာ ကောင်းဆိုး မရွေးမူ၍ ဘုဉ်းပေးတော်မူ၏။

တစ်ကြိမ်က ညောင်ကန်တွင် ကျောင်းတိုင်ကိုမှီ၍ စာကြည့်စဉ် မီးရှူပြီး ကျောင်းကို မီးကြိုးပစ်ရာ ဦးဖုမ်က စာကြည့် မပျက်ချေ။ တိုင်ကို မှီလျက်ပင်။ ထိုတိုင်လည်း ယခုတိုင် ရှိနေ၏။

ဒုလာရောဂါ စွဲကပ်စဉ် နေ့ရောညပါ ကုဋီထဲ၌ နေရသောအခါ ကုဋီနံရံ၌ သင်ပုန်းလုပ်ပေးရသည်။ တပည့်များက သူရေးပြီး စာများကို နေ့တိုင်း ကူးရ ဖျက်ရ၏။ သို့နှင့် ဂါထာ ၄၀၀ ရေးပြီးခဲ့သည်။ သက်တော် ၅၅ တွင် ကျမ်းပေါင်း ၅၀ ပြုစုနိုင်ခဲ့သည်။ မြန်မာသာသနာဝင်၌ ဖုမ်အစ (ဖုဒ္ဓ)။ ဖုမ်အလယ် (ရှင်ဖုဒ္ဓဃောသ)နှင့် ဖုမ်အဆုံး (ဦးဖုမ်) ဟူ၍ ဆိုရိုးရှိခဲ့သည်။

*

ထိုဂါထာမှာ ဆရာတော်ဦးဖုမ် ကိုယ်တိုင် အနက်ပြန်ထားခြင်း ဖြစ်၍ သူ၏ လေ(ဝါ)စကားပြေ အရေးအသားသည် မည်သို့ရှိကြောင်း ခန့်မှန်းနိုင်ကြပေမည်။ ကုန်းဘောင်ခေတ်က သူရေးသော မြန်မာစာသည် ယခုတိုင် ပေါရာဏစကား တစ်လုံးမျှ မပါဘဲ ရှင်းလင်းပြတ်သားလျက်ပင် ရှိနေသည်။ အပိုမပါဘဲ တိုတုတ် ချောမွေ့နေ၏။

ဦးဖုမ်သည် ပရိယတ္တိ ရေးရာတို့၌သာ ပြည့်စုံသည် မဟုတ်၊ မြန်မာစကားပြေ ရေးရာ၌လည်း ဇာတ်ကြီးဆယ်ဘွဲ့ကို မြန်မာပြန်ဆိုသူ မင်းဘူးဦးသြဘာသကဲ့သို့ မခက်မခဲ လူတကာ နားလည်လွယ်သော အသုံးအနှုန်းတို့နှင့် အလင်္ကာ အရာ၌ ကျွမ်းကျင်ကြောင်း ထင်ရှားစေသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် မိမိ၏တရားကို လူသူဝေနယျအပေါင်းတို့ ရှင်းလင်းစွာ နားလည်ရေးကို အဓိကထား၍ ဟောတော်မူလေ့ရှိရာ ဦးဖုမ်သည်လည်း မသိမသာ



www.burmeseclassic.com

www.burmeseclassic.com



စေကာမူ လိုရာကို ဒိုးဒိုးဒေါက်ဒေါက် ကွက်ကွက်ကွင်းကွင်း သဘောပေါက်စေအောင် မိန့်ဆိုတတ်သည်။

*

အင်းဝဘုရင် ဖန်နန်းရှင်က ဦးဗုဓ်ကို နေပြည်တော်သို့ ရွေးချယ် ပင့်ဖိတ်ရန် မူလက ရည်ရွယ်ချက် မရှိချေ။ ညောင်ကန်မှ ဆရာတော် ဦးရောက်ကြီး ခေါ် ရှင်နရိန္ဒမှာ ကဗျာလင်္ကာ ရေးသားရာတွင် အပိုအလို မရှိဘဲ ပြောင်မြောက်စွာ ရေးသားနိုင်၏။ ထိုခေတ်က ဦးပုည မပေါ်သေးသော်လည်း ထိုဆရာတော်၏ အရေးအသားမှာ ဦးပုည ကဲ့သို့ပင် ရွှန်းရွှန်းဝေနေသည်။ ဘုန်းတော်ကြီး အနေဖြင့် ဖန်နန်းရှင် ထံသို့လည်း မေတ္တာစာများ ရေးဆက် ပေးပို့လေ့ ရှိရာ ရှင်ဘုရင်က များစွာ လိုလားသဖြင့် မဟာဒါန်ဝန်ကို စေလွှတ်ကာ နေပြည်တော်သို့ ကြွရောက် သီတင်းသုံးရန် ပင့်စေသည်။

သို့ရာတွင် ဆရာတော် ဦးရောက်ကြီးက 'ငါတို့ နေပြည်တော်မှာ မင်းဆရာနှင့် တူအောင် စာမတတ်ပါ။ မောင်ပိုးနှင့် တော်သည်။ သူ့ကို ပင့်သွားကြပါ' ဆိုသဖြင့် ဦးရောက်ကြီးအစား ဦးပိုးကို ပင့်ခဲ့ရသည်။ ဦးပိုးမှာ တစ်နှစ် အတွင်း ပျံတော်မူရာတွင် နန်းမတော်မယ်နု၏ အုတ်ကျောင်း ကြီး လစ်လပ်သွားသဖြင့် ညောင်ကန်မှ ဦးဗုဓ်ကို ပင့်ဖိတ် ခြင်း ဖြစ်လေသည်။

*

နန်းမတော်မယ်နုက ဆရာတော်သစ် ရှာနေချိန်၌ တဘောင် တစ်ခု ပေါ်လာရာ အမတ်ကြီး ဦးပေါ်ဦးက မိဖုရားကြီးသို့ လျှောက်ဆိုပြသည်။

နေဝင်လို့ မိုးချုပ်
ရွှေဘုတ်က အီ
ပူစီတဲ့ လေး။
သာသနာ
ဝါယမာ တစ်ဖန်ထုတ်ရန်ပ
ရွှေဘုတ်ရယ် မယ့်ဆံထုံးမှာ
နားလှည့်ပါဦး။

ထိုတဘောင်ကို မယ်နုက များစွာ နှစ်ခြိုက်ကာ ရှည် ရှည်ဝေးဝေး မေးမြန်းမနေတော့ဘဲ ဦးဗုဓ်ကို ချက်ချင်း ပင့် ဖိတ်တော့သည်။ ဦးဗုဓ်က သူကြွချင်သောအချိန်၌ လာခဲ့မည် ဆိုကာ တစ်နေ့သ၌ မြင်းမူအထိ တစ်ကိုယ်တည်း ကြွသွား ၏။ ထိုမှ နေပြည်တော်မှ ကြိုဆိုသူတို့နှင့် တွေ့ကာ နန်းတွင်း အုတ်ကျောင်းသို့ ရောက်ရှိလေ၏။

*

ဦးဗုဓ်နှင့် ပတ်သက်သော ပုံတိုပတ်စတို့က သူ၏ သဘော တရားကို ပိုမို ထင်ရှားစေပေသည်။

ညောင်ကန်ကျောင်း၌ ကိုရင် ဝတ်နေစဉ် ဖခင်ဖြစ်သူ ဦးအိုက ကျောင်းသို့လာရာ ကျောင်းခွေးများ ဝိုင်း၍ ဟောင် ကြ ကိုက်ကြ၏။ အခြားသော ကိုရင်တို့က ဦးအိုထံ လာ ရောက်ကာ ပၢယစွာ ပြုစုကြသော်လည်း ကိုရင်ဗုဓ်က စာ ကြည့်မပျက် ဖူး၍ ကျောင်းပေါ်မှ သူ့ဖခင်ထံ ဆင်း၍ပင် လာမကြည့်ချေ။ ထို့ကြောင့် ဖခင်ဦးအိုက စိတ်နာစွာဖြင့် 'မောင်ဗုဓ်ရာ၊ မင်းကမှ နေနိုင်တာ မဟုတ်ပါဘူး' ဟုဆိုကာ ဖခင်က သားနှင့် နောင်အခါ ဘယ်တော့မျှ မတွေ့တော့ဟု ဆို၏။

[ **မှတ်ချက်**။ ။ဦးဗုဓ်မှာ ထိုအချိန်က ကိုရင်ဝတ်နှင့် ပင် ရှိသေးရာ ဒေသနာတော်ကို သူ့သဘောအရ တစ်ယူသန် ကောက်ယူနေဟန် တူ၏။ "ဖခင်ဦးအိုကို ခွေးဝိုင်းခြင်း၊ ကိုက်ခြင်းမှာ သူ၏ကမ္မဝါစရသာ ဖြစ်လေသည်။ ထို့ကြောင့် သားဖြစ်သူ အနေဖြင့် ထိုဝဋ်နာ၊ ကံနာကို မည်သို့မျှ မကူညီ နိုင်။ ထို့ကြောင့် ထ ကြည့်လျှင်လည်း အချည်းနှီးပင်" ဟု သဘောပိုက်ဟန် ရှိ၏။ သို့သော် လူမှုရေး လောကဝတ် အနေဖြင့် သူ့အဖို့ အလွန်ပင် ရိုင်းပျရာ ရောက်နေပုံကို သူ သတိပြုမိဟန် မတူချေ။ ရိုင်းရာကျလျှင်လည်း ဂရုစိုက် မည် မဟုတ်။ သူ၏ဇာတိသရုပ်ကား ဤသို့သာတည်း။]

မယ်တော်ကြီး ဒေါ်မွေးနှင့် ဆက်ဆံရာ၌လည်း အဆင်ပြေလှသည် မဟုတ်ချေ။ အင်းဝ အုတ်ကျောင်းသို့ ရောက်ပြီး တစ်နှစ်ခန့် အကြာတွင် ညောင်ကန်မှ မိခင်လိုက် လာ၏။ သား ဘုန်းကြီးအနား၌ ထိုင်ကာ ဝတ်ချပြီးနောက် ငိုလေတော့သည်။

ဆရာတော်။ ။ခင်ဗျားကြီး ဒီမှာလာပြီး ဘာမို့ တရှုပ်ရှုပ် ငိုနေတာလဲ။

မယ်တော်။ ။တပည့်တော်မက ဆင်းရဲခဲ့ပြီး သား ဘုန်း ကြီးရဲ့ ခြေတော်ရင်းကို လာခဲ့ရာမှာ နှုတ် ဆက်ဖော်မရလို့ ဝမ်းနည်းလှပါတယ်။

ဆရာတော်။ ။ဒကာမကြီး၊ ဒီလို ငိုခဲ့ရတဲ့ဘဝတွေ မရေ မတွက်နိုင်တော့ဘူး။ ဟော့ကပ္ပိယ.... လာ



www.burmeseclassic.com

www.burmeseclassic.com



ဦး၊ ငါ့မယ်တော်ကြီးကို သင့်ရာ ခေါ်သွားပြီး စောင့်ရှောက်ပါ။

နန်းမတော်မယ်နုက မယ်တော်ကြီးအား ငွေ ၅ ပိဿာ ပေးလိုက်သောအခါ–

ဆရာတော်။ ။ဒကာမကြီး.... အဲဒီ ပစ္စည်းတွေနှင့် စားသောက်ပြီး ကုသိုလ်ကောင်းမှုလည်း အားထုတ်ပေတော့။ ကိုင်း ပြန်တော့၊ စာကြည့် ပျက်တယ်။

ထို့ကြောင့် မယ်တော်ကြီး ရွာပြန်သွား၏။ ၂ နှစ်ကြာသောအခါ သားဘုန်းကြီးထံ ပြန်လာကာ ကျောင်းအနီး တဲငယ်နှင့် နေ၏။ ထိုတဲငယ်ကို မီးလောင်ရာ ခါးဝတ်ထဘီနှင့် တဘက် တစ်ထည်သာ ကျန်တော့ကြောင်း သားဘုန်းကြီးကို ပြောပြ၏။

ဆရာတော်။ ။သံသရာတစ်လျှောက်လုံး ဒကာမကြီးကို လောင်လာတဲ့ မီးများကို ကျုပ် မတားဆီးနိုင်ဘူး။ ကုသိုလ်ကံသာလျှင် အေးငြိမ်းအောင် တားဆီးနိုင်တယ်။

မယ်တော်။ ။တပည့်တော်မမှာ တစ်သက်တစ်ခါ ဒီအဆင်းရဲမျိုး မတွေ့ကြုံဖူးပါ ဘုရား။

ဆရာတော်။ ။ဒကာမကြီး၊ ချမ်းသာချင်ရင် ခင်ဗျား တဘက်ကလေး ကျုပ် လှူထားခဲ့။

မယ်တော်ကြီးသည် တစ်ခုတည်းသာ ကျန်သော ဒုက္ခသည်၏ ခြုံထည်တဘက်ကလေးကို မိမိကျောပြင်မှ ခွာယူကာ ဆရာတော်သို့ ကပ်လှူလိုက်ရ၏။

ထိုသတင်း နန်းမတော်မယ်နုထံ ရောက်သောအခါ မီးလောင်မေး လာရောက်၏။ အခြားသူများလည်း မယ်တော်ထံ တဖွဲဖွဲ လာရောက် ကူညီကြသဖြင့် ပစ္စည်းဥစ္စာများပြားရသော ဟူ၏။

[မှတ်ချက်။ ။ မယ်တော်ကြီးနှင့် ဆက်ဆံရာ၌ တင်းမာဟန် ရှိသော်လည်း "ဒကာမကြီး ငိုခဲ့ရတဲ့ဘဝတွေ မနည်းတော့ဘူး" "ဒကာမကြီးကို လောင်တဲ့မီးတွေကို ကျုပ် မတားဆီးနိုင်ဘူး"ဟူသော ဩဝါဒတို့မှာ ပေါ့ပေါ့ဆဆ မနေဘဲ ဗုဒ္ဓဘာသာပီပီ ကိုယ်တိုင် ကိုယ့်ဖို့ တရားအားထုတ်ရန် တိုက်တွန်းခြင်းပေတည်း။ မယ်တော်၏ တဘက်ကလေးကို အလှူခံယူပုံမှာလည်း တရားနှင့်တကွ ပညာသားပါလှသော ဦးဗုဓ်၏ ပရိယတ် ဖြစ်တော့သည်။]

*

ဘုရင်နှင့် မိဖုရားတို့က ဆရာတော် ဦးဗုဓ်သို့ အုတ်ကျောင်းကြီး အပ်လှူသော နေ့ကလည်း ခိုးလိုးခုလု အနည်းငယ် ကြုံရသည်။

ဘုရင်နှင့်မိဖုရား အမှူးရှိသော ပရိသတ်က ဩကာသ ရွတ်ဆိုကာ ကန်တော့ခန်း ပြီးဆုံးချိန်၌ ဆရာတော်ဦးဗုဓ်က ဆုမပေးဘဲ နေ၏။ အနီးရှိ ကိုယ်တော်က 'ကိုဗုဓ်ကတော့ လုပ်ရော့မဗျ။ အခုမှ စ ကာ ရှိသေး၊ ဘာများ အလိုမကျတယ် မပြောတတ်ဘူး'ဟု ညည်းတွား၏။

အတန်ကြာမှ 'ရှိခိုး ဝတ်ချတယ်ဆိုတာ ကျမ်းဂန်ကတော့ ပဉ္စပတိဋ္ဌိတလို့ ခေါ်တယ်' ဟု မိန့်တော်မူ၏။ ထိခြင်း ၅ ပါး ပြုရသည်ကို ဆိုလို၏။

ဤတွင် နန်းမတော်မယ်နုက ရှင်ဘုရင်၏ တံတောင်ဆစ် အောက်၌ရှိသော ကတ္တီပါ ခေါင်းအုံးကြီးကို ဖယ်လိုက်ပြီးမှ ထပ်၍ ကန်တော့ခန်း ရွတ်ဆိုကြရသည်။ ယခုအကြိမ်၌ကား "ပဉ္စပတိဋ္ဌိတ ဝန္ဒနာ"အရ လူ၏ခြေ ၂ ဖက်၊ လက် ၂ ဖက်နှင့် ဦးခေါင်း ၁၊ (ပေါင်း ၅)တို့ကို မြေနှင့် ကြမ်းပြင်၌ တည်စေ၍ ရှင်ဘုရင်ပါ ရှိခိုးကြလေသည်။

သီလပေးပြီး၍ 'ဩဝါဒ ပေးတော်မူပါဘုရား'ဟု ဘုရင်က တင်လျှောက်ရာ ဦးဗုဓ်က 'မင်းကျင့်တရားတို့နှင့် အညီ ကျင့်ပါက ငါတို့က ဆုံးမဩဝါဒပေးရန် မလို။ မင်းနှင့်တူအောင် မကျင့်က ငါနှင့် မဆိုင်၊ အဝိစိနှင့်သာ ဆိုင်သည်' ဟု မိန့်တော်မူ၏။

မိဖုရားခေါင်ကြီး မယ်နုက 'တပည့်တော်မသည် ဤအုတ်ကျောင်းကြီးကို ငွေ ၃ သိန်း အကုန်ခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ဖလံခုံရွာ၌လည်း တစ်သိန်းတန် ကျောင်းကြီး ဆောက်လုပ်လှူပါသည်။ သို့သော် အလှူဒါန၌ တင်းတိမ်သည် မရှိပါဘူး။ ဒါန၏ အကျိုးတရားများကိုလည်း ဟောတော်မူစေချင်ပါသည်' ဟု လျှောက်တင်၏။

ထိုအခါ ဆရာတော်က ဖလားတစ်ခုနှင့် ရေခပ်စေသည်။ တစ်ဖန် ထိုရေကို သွန်စေသည်။ 'ရှုလော၊ ယခု သွန်ပစ်သောရေသည် လှူရာပါပစ္စည်းနှင့် တူ၏။ ဖလား၌ ကပ်၍ ကျန်ရစ်သောရေသည် မိမိအတွက်ရရှိသော ကုသိုလ်နှင့် တူ၏'ဟု မိန့်တော်မူသည်။

နောင်သောအခါ မယ်နုက တောင်ဘီလူး ဆရာတော်အား 'အလှူဒါန အကျိုးနှင့် ပတ်သက်၍ ဆရာတော် ဦးဗုဓ်က ထိုသို့ မိန့်ဆိုပုံမှာ ကျေနပ်ဖွယ် မရှိကြောင်း'

www.burmeseclassic.com



လျှောက်တင်ရာ 'တကတဲဗျာ၊ ငါတို့သာသနာမှာ စာတတ်သူ နည်းပါး၍ အင်အားမဲ့နေရာမှာ တောင်ဘက်ကမ်းက ဦးဗုဓ်ဖြင့် ရှိလေသေးရဲ့လို့ အားကိုးမိပါတယ်။ သူကလည်းတယ်.... မျက်နှာလိုက်ကိုး'ဟု မိန့်တော်မူ၏။ ထို့ကြောင့် အများကြီးလှူသူ မယ်နုအတွက် ကုသိုလ် အရနည်းနေသည်မှာ ပြဿနာပင် ဖြစ်နေလေသည်။

*

တစ်ကြိမ်က ဆရာတော်ဦးဗုဓ်ကို ဆွမ်းကပ်ပြီး မယ်နုက 'တပည့်တော်မကို ၅ ပါးသီလ ပေးပါ ဘုရား'ဟု လျှောက်၏။ ဆရာတော်က 'ကိုယ်တိုင် ရွတ်ဆို၍ ဆောက်တည်လေ' ဟု မိန့်တော်မူ၏။

*

တစ်ကြိမ်က ကျောင်းတော်သို့ ဖန်နန်းရှင် ရောက်ရှိချိန်တွင် ဆရာတော်က တံမြက်လှည်းနေခိုက် ဖြစ်၏။ မင်းစေတစ်ဦးက ဆရာတော်ထံ ချဉ်းကပ်ကာ ကျောင်းပေါ် ကြွရန် လျှောက်တင်ရာ ဆရာတော်က 'နင်တို့ရှင်ဘုရင် လာတာကို ငါက အာဂန္တုက ဝတ်ပြုရဦးမှာလား'ဟု ပြန်ပြောသဖြင့် ရှင်ဘုရင်ကပင် ဆရာတော် တံမြက်လှည်းရာသို့ လာရောက်ကန်တော့ရသည်။

ရှင်ဘုရင်က 'နိဗ္ဗာန်ရောက်ကြောင်း တရားအတိုချုပ် ဟောတော်မူပါ'ဟု လျှောက်တင်ရာ ဆရာတော်က အောက်ပါ ဂါထာကို ရွတ်ဆိုလေသည်။

"ဟန္ဒ ဒါနိ ဘိက္ခဝေ
အာမန္တ ရာမိ
ဝေါဝယဓမ္မာ သခ်ါရာ
အပ္ပမာဒေန သမ္ပာဒေထ"

*

တစ်ကြိမ်က နန်းတော်၌ ပရိတ်ရွတ်ပွဲ ရှိရာ ရှင်ဘုရင်နှင့်တကွ ပရိသတ် စုံသော်လည်း နန်းမတော်ကြီး မရောက်သေး၍ ခေတ္တစောင့်ပါရန် အပါးတော်မြဲ တစ်ဦးက လျှောက်ရာ ဆရာတော်က 'နန်းမတော်ပါမှ အန္တရာယ်ကင်းမှာလား' ဟု မိန့်ဆို၏။

ထို့ကြောင့် ရှင်ဘုရင်က 'ကန်တော့ကြပါ' ဆိုကာ နန်းမတော်ကြီး မပါဘဲ ကန်တော့ကြရလေ၏။

*

တစ်ကြိမ်ကလည်း ဆရာတော်ကြီးများကို နန်းတော်သို့ ပင့်ရာ ဦးဗုဓ်က မကြွလာသဖြင့် 'အရှင်ဘုရား မပါလျှင် မပြီးပါ၊ အရှင်ဘုရားကို ပဓာနထား၍ ပင့်ပါသည်။ တပည့်တော်တို့ကို ငဲ့ညှာ၍ တစ်ကြိမ်တစ်ခါ ကြွတော်မူပါ'ဟု မဟာဒါန်ဝန်က ပင့်လာ၏။

ထို့ကြောင့် နန်းတော်သို့ ဆရာတော် လိုက်ပါခဲ့ရာ ရှင်ဘုရင်ကို မမြင်သဖြင့် 'မင်းတို့ ရှင်ဘုရင်က ဘယ်မှာတုံး'ဟု မေး၏။ ထွက်တော်မူမလာသေးကြောင်း လျှောက်တင်ရာ 'မင်းတို့ရှင်ဘုရင် ထွက်လာအောင် ဘယ်မှာ စောင့်နိုင်မှာလဲ၊ စိတ္တံ-စိတ်တဲ့ကွယ့်၊ အဲဒါပဲလို့ ပြောလိုက်ကြ' ဆိုကာ ပြန်ကြွသွားလေသည်။

*

တစ်နေ့သ၌ ဆရာတော်ထံ သွားကြရန် နန်းမတော် မယ်နုက ရှင်ဘုရင်ကို ဆွဲဆောင်၏။

ဘုရင်။ ။ကျောင်းသွားရတာ ဆရာတော်က စကားလည်း မပြော၊ တရားလည်း ရှည်ရှည်မဟော၊ ခြောက်ကပ်ကပ်ကြီး ရှိလှတယ် နုမတော်။

မယ်နု။ ။စိတ်ချပါ မောင်တော်၊ ယနေ့ ဆရာတော် စကားပြောအောင် နုမတော် ကြံဆောင်ပါ့မယ်။ သမီးတော်ကလေးလည်း ခေါ်သွားမယ်။

မယ်သဲ ခေါ် ဆင်ဖြူမရှင်လောင်း သမီးတော်လေးမှာ ထိုအချိန်က နှစ်နှစ်သမီး အရွယ်တွင် အလွန်ဆော့တတ်နေချေပြီ။ အုတ်ကျောင်းတော်သို့ ရောက်သော် ဆရာတော်ကို ကြောက်ရွံ့ရမှန်း မသိ။ ဟိုပြေး ဒီသွားနှင့် ဘုန်းကြီး၏ ရွှေကလပ်ပေါ်မှ ပေစာများကို ဆွဲယူသည်။

ဆရာတော် ။ဟဲ့.... ဟိုအနားက တချောက်ချောက်နဲ့ ဘယ်က ဟာကလေးလဲ။

မယ်နု။ ။သမီးတော်ကလေးပါ ဘုရား။

ဆရာတော် ။သမီးတော်ကလေးကဖြင့် တယ်လည်း ကမြင်းသကိုး။

နန်းမတော်ကြီးက အလိုက်သိစွာ သမီးတော်ကလေးကို ခေါ်ယူ ပွေ့ချီကာ ဘုန်းကြီးကို ကန်တော့၍ ပြန်ထွက်ကြ၏။ ကျောင်းအောက်သို့ ရောက်ရာ ဘုရင်နှင့် မိဖုရား တဝါးဝါး ဝမ်းမြောက်နေကြ၏။

ဘုရင်။ ။ဆရာတော်က ငါတို့ကိုသာ စကားမပြောတာ၊ သမီးတော်ကလေးကိုတော့ အပြောသားပဲ။ ဟား.... ဟား။



www.burmeseclassic.com

www.burmeseclassic.com



မယ်နု။ ။ဒါကြောင့် သူ့ကို တမင် ခေါ်ခဲ့ရတာပေါ့၊ ကနေ့တော့ ကျောင်းလာရကျိုး နပ်ပါပေတယ်။

အလားတူ မှတ်ဖွယ်တစ်ရပ်မှာ အမတ်ကြီးဦးပေါ်ဦး ကျောင်းသို့ ရောက်စဉ်က ဖြစ်သည်။

ဆရာတော်က ရေကန်အနီး တံမြက်လှည်းနေခိုက် ဖြစ်၍ ထိုနေရာ၌ပင် ဦးဖုဓ်ကို ဝပ်ချ အလေးပြု၏။ ထိုနောက်–

ဦးပေါ်ဦး ။ ။ ရေကန်ကြီးကဖြင့် အလွန် ကောင်းပါပေသည် ဘုရား၊

ဦးဖုဓ် ။ ။ အေး.... ကောင်းတယ်။

ဦးပေါ်ဦး ။ ။ ရေကလည်း အလွန် ကြည်တယ်။

ဦးဖုဓ် ။ ။ အေး.... ကြည်တယ်။

ဦးပေါ်ဦး ။ ။ ဤရေကန်ကြီး မည်မျှ နက်ပါသနည်း ဘုရား။

ဦးဖုဓ် ။ ။ ငါ.... မသိဘူး။

ဦးပေါ်ဦး ။ ။ ဆရာတော် သီတင်းသုံးတော်မူသော ကျောင်းတိုက်အတွင်း ဖြစ်၍ နီးသည့်အတွက် သိလိမ့်မည် ထင်မှတ်၍ လျှောက်မိပါသည် ဘုရား။

ဦးဖုဓ် ။ ။ နီးတိုင်း သိရမည်ဆိုလျှင် သင်၏နှုတ်ခမ်းမွေး ဘယ်နှပင် ရှိသနည်း။

ဦးပေါ်ဦး ။ ။ သတိမထားမိ၍ ဘယ်နှပင်ရှိကြောင်း မသိပါ ဘုရား။

ဦးဖုဓ် ။ ။ သင့်နှုတ်ခမ်းမွေး ဘယ်နှပင်ရှိသည်ဟု သင်မသိဘဲ ဤရေကန်၏ အတိမ်အနက်ကို ကော ငါ သိနိုင်မည်လား။

ဤသို့ မိန့်တော်မူလိုက်ရာ စကားတတ်လှသော ပညာရှိ အမတ်ကြီးသည် ရှေ့သို့ စကားဆက်၍ မရသဖြင့် ရှိုးဦးချကာ ပြန်ခဲ့ရရှာလေသည်။ ဟာသဖြင့် ဘိုးတော်မင်းတရားကြီးကို အနိုင်ယူလေ့ရှိသော ဦးပေါ်ဦးသည် ဦးဖုဓ်နှင့် တွေ့ကာမှ နောက်ကောက်ကျလေတော့သည်။

အင်းဝ နေပြည်တော်ရှိ ရဟန်းငယ်တို့သည် သီတင်းဝါလကျွတ်၍ စာဝါ ရပ်နားနေခိုက် ဘုန်းကြီးကျောင်းတိုက်များသို့ လှည့်လည်သွားကြရာ ဦးဖုဓ်၏ အုတ်ကျောင်းသို့ ရောက်လာကြ၏။ စာကြည့်နေသော ဆရာတော်ကို ဦးခိုက်ပြီး ပိပြားစွာ ထိုင်နေကြရာ ဆရာတော်က 'ဘာကိစ္စ ကြွလာကြသလဲ'မေး၏။ 'တပည့်တော်များ မရောက်ဖူး၍ အလည်လာကြပါသည် ဘုရား'ဟု လျှောက်ထားလေသော် 'အိမ်မရောက်ဖူးရင် မြင်းမိုရ်တောင်အထိ သွားကြပါလား။ အလကား အချည်းနှီး အချိန်ကုန်အောင် လှည့်လည်၍ ဖြုန်းနေကြသည်'ဟု မိန့်ဆိုပြည်တမ်းသဖြင့် ကြာရှည်စွာ မနေဝံ့၊ ဦးချကာ ပြန်သွားကြသည်။

အင်းဝမြို့တော်၌ နယုန်လတွင် သုဓမ္မာ စာပြန်ပွဲများ ကျင်းပလေ့ ရှိ၏။ ထိုစာပြန်ပွဲတွင် နှစ်စဉ် သာယာဝတီမင်းသားကြီး၏ ကျောင်းတိုက်ကချည်း ပထမကျော် ထွက်ပေါ်ခဲ့ရာ အပြိုင်အဆိုင်ဖြစ်သော နန်းမတော်မယ်နုနှင့် မောင်တော် စလင်းမင်းသားကြီးတို့က အနိုင်ရရန် ကြံစည်ကြ၏။ ကျောင်းထိုင် ဆရာတော်ကို ကပ်၍ သာယာဝတီမင်း၏ ကျောင်းမှ ပထမကျော်ကို ဖြားယောင်း ခေါ်ယူ ထားကြလေသည်။

စာပြန်ပွဲနီးသောအခါ ယခုနှစ် နန်းမတော်ကျောင်းတိုက်က ပထမကျော် ထွက်ပေါ်လိမ့်မည်ဟု ကျော်ကြားလာ၏။ သာယာဝတီမင်းက စုံစမ်းမေးမြန်းရာ မိမိကျောင်းတိုက်က ပြောင်းရွှေ့သွားသော ပထမကျော် ဟု သိသောအခါ နန်းမတော်မယ်နုနှင့် စလင်းမင်းသားကြီးကို ပထမကျော်ခိုးသည်ဟု ရှင်ဘုရင်ထံ တရားစွဲလေသည်။ ဖန်နန်းရှင်အဖို့ ညီတော်နှင့် မိဖုရားကြီးတို့ တရားဖြစ်နေသဖြင့် အဆုံးအဖြတ် ခက်လှသောကြောင့် သုဓမ္မာဆရာတော်များ လက်သို့ လွှဲအပ်လိုက်လေသည်။

'ငါများ တရားရှုံးလျှင် ပထမကျော်ကို မထား'ဟု သာယာဝတီမင်းက ကြိမ်းဝါး၏။ မယ်နုကလည်း အာဏာထက်သူဖြစ်၍ သုဓမ္မာဆရာတော်များ မဆုံးဖြတ်ဝံ့ ဖြစ်နေ၏။ သုဓမ္မာ၌ နေ့ဆွမ်း စားပြီးသောအခါ စာကြည့်ကြဦးစို့ဆိုကာ အမှုမစစ်ဘဲ ပြန်ကြွလေ့ ရှိကြသည်။

ထိုအခါ ဆရာတော်ဦးဖုဓ်က 'ကိုယ်တော်တို့ဟာ နေ့တိုင်းစားပြီး အိပ်နေကြသလား၊ အရေးကိစ္စရှိမှ စာကြည့်နေလို့ ဖြစ်မလား'ဟု ခပ်ဆတ်ဆတ် ဝင်၍ ပြောသောအခါ ဆရာတော်ကြီးများက 'ဒါဖြင့် ဒီအမှုကို ဆရာတော်ကလေး ဆုံးဖြတ်နိုင်မလား'ဟု မေးမြန်းလေသည်။ ထိုအချိန်က ဦးဖုဓ်မှာ သက်တော် ၄၃ နှစ်သာ ရှိ၍ ဆရာတော်ကလေးဟု ခေါ်ခြင်း ဖြစ်သည်။ 'အမှုကိုအပ်ရင် ဆုံးဖြတ်နိုင်သည်'ဟု ဆိုသဖြင့် သူ့အား အမှုအပ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးဗုဓ်ကလည်း မနေ့အမြန် အောက်ပါ စီရင်ချက်ကို ထုတ်ပြန် ချမှတ်လေသည်။

(၁) ဤအမှုသည် သာယာဝတီမင်း ခေါင်နှင့်လည်း မဆိုင်။ နန်းမတော် မိနနှင့်လည်း မဆိုင်။ မင်းသားကြီး အိုနှင့်လည်း မဆိုင်။

ဘုန်းကြီးချင်း တပည့်လက်သားကို ဖြားယောင်း ခေါ်ယူသဖြင့် ဝိနည်းတော်အရ စီရင်ရန် ဖြစ်၏။

"နိဘိက္ခေ – အညဿပရိသာ" ဟူသော ပုဒ်မ အရ ဒေအိုကျောင်းတိုက်က ဘုန်းကြီးသည် သူတစ်ပါး၏ တပည့်လက်သားကို ဖြားယောင်း ခေါ်ယူသဖြင့် ဒုက္ကဋ် အာပတ် သင့်၏။ ဒေသနာ ပြောကြားစေ။ အနားက ဘုန်းကြီးတစ်ပါးက ဒေသနာ ခံလိုက်စေ။

(၂) ပထမကျော်သည် သူတစ်ပါး ဖြားယောင်းရာသို့ ဆန္ဒာဂတိ လိုက်ခြင်းကြောင့် ဤနှစ် ပထမကျော် မပြန်ဆိုရ။ သူ့ရပ်ရွာသို့ ပြန်သွားစေ။

ဤကား ဆရာတော်ဦးဗုဓ်၏ စီရင်ချက်တည်း။ ရဟန်းရှင်လူ ပရိသတ်တို့ကား လက်ဖျားခါလျက် ရဲ့ တည် ကြည်တော်မူပါပေသည်၊ ပညာတော် ကြီးလှပါပေသည်ဟု တအံ့တသြ ချီးကျူးကြကုန်၏။

အကျယ်ပြန့်ပွားကာ ထီးရောနန်းပါ လောင်ကျွမ်း နိုင်သော ကိစ္စကို ဦးဗုဓ်က တစ်မုဟုတ်ချင်း ငြိမ်းအေးစေ၏။ အမှုကို ဆိုင်ရာ၌ ပြီးပြတ်စေလျက် မဆိုင်ရာသို့ မည်သူ့ကိုမျှ ဆွဲသွားခွင့် မပြုချေ။ ဤသည်လည်း ဦးဗုဓ်၏ ဇာတ်သရုပ်ပြ ပင် ဖြစ်သည်။

*

တိုင်းသူပြည်သားတို့က ဆရာတော်ဦးဗုဓ်ကို သာသနာပိုင် တင်မြှောက်စရာ ကောင်းသည်ဟု ဆန္ဒရှိကြ၏။ အမတ်တို့ က ရှင်ဘုရင်သို့ ထိုအကြောင်း လျှောက်တင်ရာ 'ကောင်းပါ ရဲ့၊ သူ သာသနာပိုင်ဖြစ်တော့ ကိစ္စအရပ်ရပ် သူ့ကိုလျှောက် ထားရန် ဘယ်သူ တာဝန်ယူမည်လဲ။ ငါတော့ဖြင့် မလျှောက် ထားဝံ့ဘူး' ဟု မိန့်ဆိုသဖြင့် သာသနာပိုင် မတင်ဖြစ်ကြ တော့ချေ။ ဦးဗုဓ်ထက် ငယ်သော ရှင်ညေယျဓမ္မကို သာသနာပိုင် တင်ကြသည်။

တစ်နေ့တွင် ဦးဗုဓ်က စာချနေဆဲ သာသနာပိုင်က သူ့ထံ ကြွလာရာ သံဃာငယ်တို့က သင်ဖြူးခင်းကြ၏။

ဗုဓ်။ ။ဘာလုပ်ကြတာတုံး။ ကိုရင်။ ။သာသနာပိုင် လာလို့ နေရာခင်းပါတယ်။

ဗုဓ်။ ။သာသနာပိုင်က ကိုယ့်နေရာ ကိုယ်နေတာ မဟုတ်ဘူး။

(ထိုအသံကိုကြား၍ ဦးညေယျက ကျောင်းပေါ် မတက်တော့ဘဲ လှေကားမှ ပြန်ကြွသွားသည်။ ဦးဗုဓ်ကို သူ့ထံ ကြွရန် စာရေးပင့်လေသည်။)

ဗုဓ်။ ။ဦးညေယျက ကျုပ်ကို ဘာကိစ္စ ခေါ်တာတုံးဗျ။

ယျ။ ။တခြား အကြောင်းထူး မရှိပါ။ တပည့်တော်မှာ လူငယ်ဖြစ်လျက် သာသနာ ပြုရသောကြောင့် ချွတ်ချော်တိမ်းပါး အမှားများကို မြင်တွေ့လျှင် ဆိုဆုံးမတော်မူစေလိုပါတယ်။

ဗုဓ်။ ။ကိုယ်စွမ်းလို့ ကိုယ်ဖြစ်တာ ပြောစရာ မလိုပါဘူး။

*

အုတ်ကျောင်းမှ ရဟန်းငယ်များ ဆေးလိပ်သောက်သည်ကို သာသနာပိုင်က ပိတ်ပင်ရာ 'ဆေးလိပ်သောက်တာက သာသနာပိုင် ဘုရားတည်တာလောက် အပြစ်မကြီးပါဘူး' မိန့်ဆို၏။ ဝိသုဒ္ဓိမဂ်၌ ရဟန်းတို့ အလှူပေးခြင်း၊ ဘုရား တည်ခြင်းမှာ အပြစ်မလွတ်ဟု ဆိုလေသည်။

*

တစ်နေ့သ၌ ဂူကြီးတိုက်မှ ရဟန်းငယ်တစ်ပါး လာရောက် ရာ ဆရာတော်က စာကြည့်မြဲ ကြည့်နေ၍ ပြီးချိန်အထိ စောင့်နေရသည်။

ရဟန်းငယ်။ ။ဆရာတော် ဦးဗုဓ်.... ဦးဗုဓ်နှင့် ကျော် လွှန်းလို့ ခြေတော်ရင်းကို လာခဲ့ပါတယ်။ လာတော့လည်း အာဂန္တုက ဝတ်မကျေ သည်ကို တွေ့ရ၍ အနေခက်ပါဘိ။

ဦးဗုဓ်။ ။အေး.... ဟုတ်ပေတယ်၊ ဟုတ်ပေတယ်၊ သည်ဖျာပေါ် ကြွပါဗျား။ ဘာကိစ္စရှိလဲ။

ရဟန်းငယ်။ ။စာပြန်လို၍ လာပါသည် ဘုရား။

ဦးဗုဓ်။ ။ဘယ်စာကို ပြန်လိုပါသလဲ။

ရဟန်းငယ်။ ။ဓမ္မစာကြာ ပါဠိအနက်။

ဦးဗုဓ်။ ။သည် နေရာထိုင်ပေါ် ကြွပြီး ပြန်ဆိုတော် မူပါ၊ ကြားနာပါရစေ။

(ဆရာတော် ညွှန်ကြားသည့်အတိုင်း နေထိုင်ပြီး နောက် ကြည်လင်ပြတ်သားစွာ ပြန်ဆိုလေသည်။)

ဦးဗုဓ်။ ။သာဓုပါ၊ အလွန် ဝမ်းမြောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ကန်းဝတ်စုံ ဆုချလိုပါသည်။ (မောင်းထောင်ခွက်နှင့် သင်္ကန်းထည့်၍ ပေးအပ်သည်) ဤသင်္ကန်းကို ဝတ်ရုံပါ။ တရားတော်ကို ဆောင်သော ပုဂ္ဂိုလ်ဖြစ်၍ ပူဇော်ချီးမြှင့်ပါသည်။

ဤတွင် အခြားရှင်လူပရိသတ်တို့အပေါ် အနိုင်ယူလေ့ ရှိသော ဦးဖုမ်သည် ဓမ္မစကြာ ရွတ်ဆိုသော ရဟန်းငယ်နှင့် တွေ့သောအခါ ကောင်းမွန် လေးစားစွာ ဆက်ဆံသည်ကို တွေ့ရ၏။ အမှန်မှာ ဦးဖုမ်သည် တရားတော်ကို လေးစားခြင်း ဖြစ်လျက် သူ၏ ဝတ္တရားမပျက် မြှင့်တင်ပေးခြင်း ဖြစ်သည်။

*

မြင်းဝန်ကျောင်းတိုက်မှ ဆရာတော် ဦးရွှေသီးသည် ဦးဖုမ်ထံ မကြာခဏ စာမေးလာသည်။

ဦးဖုမ်။ ။ရွှေသီး၊ ဤနေရာ၌ ဋီကာကျော်က ဘယ်လို ဖွင့်သနည်း။ (ဦးဖုမ်က ကျမ်းကြီးတစ်ကျမ်း မေးသည်ကို ဦးရွှေသီးက အားလုံးဖြေနိုင်၏)

ဦးဖုမ်။ ။ကောင်းပြီ ရွှေသီး၊ ဤနေရာ၌ "မဏိဒီပ"က ဘယ်လို ဖွင့်သေးသနည်း။

ဦးရွှေသီး။ ။မဏိဒီပကို နှလုံးမသွင်းမိ၍ မဖြေဆိုနိုင်အောင် ရှိပါသည်။

ဦးဖုမ်။ ။ရွှေသီး၊ မဏိဒီပ၌ မောဟကြီးနေ၍ မရွတ်ဆိုနိုင်လျှင် မောင်ဖုမ်က ရွတ်ပြလိုက်ဦးမယ်ဗျား။ (ထိုကျမ်း၌ ပါသော ပါဠိ အနက် ဆိုင်ရာတို့ကို အာဂုံ ရွတ်ပြသည်)

ဆရာတော် ဦးရွှေသီးက ကောင်းစွာ မှတ်ယူပြီး၍ သူ့ကျောင်းသို့ ပြန်ရောက်သောအခါ တပည့်များသို့ ပြောပြပုံမှာ–

ဦးရွှေသီး။ ။ဆရာတော်ဦးဖုမ်က ကျုပ်ထက် အသက်ရော သိက္ခာရော လွန်စွာကြီးလှသည် မဟုတ်ပါ။ ပရိသတ် အလယ်မှာ ကျုပ်ကို "ရွှေသီး.... ရွှေသီး"ဟု ခေါ်နေသည်ကို ရှေးက ကျုပ် မကျေနပ် မနှစ်သက်ချင်ဘူးဗျ။ ယခု ကျုပ်ကို မဏိဒီပနှင့် စမ်းလိုက်မှပဲ ကျေနပ်နှစ်သက်ကာ ကြည်ညိုလာတော့တယ်။ နောက်နောင်တော့ "ရွှေသီး" မကလို့ "ခွေးသီး"ခေါ်ခေါ် ကျုပ် ကျေနပ်တယ်။ အကြည်ညို မပျက်တော့ဘူးဗျား။

*

မုံရွေးဆရာတော် ရှင်အာဒိစ္စရံသီက ပို့၊ ကဗျာများ ရေးသဖြင့် ဦးဖုမ်က "သဘင်သမားကြီး"ဟု ခေါ်တတ်၏။

ဦးဖုမ်။ ။သဘင်ဆရာကြီး၊ ယခု ဘယ်ဇာတ်ထုပ်များ ခင်းကျင်း ကပြနေပါသနည်း။

မုံရွေး။ ။ကုသဇာတ်၊ ဥတေနဇာတ်များကို မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းနေပါကြောင်း။

ဦးဖုမ်က ဤသို့ နှစ်ပါးဆုံချိန်၌ ရွှန်းတတ်သော်လည်း ကွယ်ရာ၌ကား 'မုံရွေးဇေတဝန် ဆရာတော် ပိဋကတ်ကျမ်းဂန် နှံ့စပ်ပုံကို ရာဇောဝါဒကျမ်းကို ကြည့်က နောင်လာနောက်သားတို့ သိကြလိမ့်မည်'ဟု ချီးကျူးလေသည်။

*

ညောင်ကန်မှ ဆရာတော် ဦးကျိုးကို ပြည်မင်းသားက ပင့်၍ နေပြည်တော်သို့ ရောက်လာရာ ဦးဖုမ်၏ ဩဝါဒကား 'မောင်ကျိုး၊ မင်းကို မင်းသားက ပင့်၍ ကိုးကွယ်သဖြင့် မင်းဆရာတော် ဖြစ်ပေပြီ။ သို့သော် ဘုရား အလိုတော် အတိုင်း ကျင့်မှ ဘုရားသားတော်ဖြစ်မည်။ မင်းလို လိုက်၍ ကျင့်လျှင် မင်း၏သား ဖြစ်လိမ့်မည်'

*

နေပြည်တော်၌ နန်းမတော် မယ်နု၏ နိုင်ငံရေး ဩဇာလွှမ်းမိုးမှုကို မလိုသူတို့ ပေါ်များခဲ့သော်လည်း "ဘုန်းကြီးလောကသည်ကား အလှူအတန်း ရက်ရောသော မိဖုရားကြီးကို များစွာ နှစ်သက် လက်ခံကြသည်"ဟု ထိုခေတ်က အင်းဝရောက် နိုင်ငံခြားသားများကပင် မှတ်တမ်းတင်ခဲ့ကြသည်။ ဘုန်းကြီးများကမူ သူ့အား "ဒုတိယ ဝိသာခါ"ဟူ၍ပင် ခေါ်ဆိုကြောင်း သိရ၏။

မယ်နုသည် သူ့ဆရာတော်ရင်း ဦးဖုမ်၏ ပစ္စည်းလေးပါး ဒါယိကာမကြီးအဖြစ် အဖိုးတန်ပစ္စည်းများ၊ ပဒေသာပင်များမှ စ၍ လိုလေသေးမရှိ ထောက်ပံ့၏။ ဆရာတော်မူကား ဘာမျှ သိုမှီးခြင်းမရှိဘဲ ရောက်လာသမျှ ပစ္စည်းတို့ကို ကျောင်းတွင် သံဃာများသို့ အလှည့်ကျ ဝေပေးသည်။ အလိုရှိသူတို့က ကြိုက်ရာ ယူသွားလျှင်လည်း ဆရာတော်က မည်သို့မျှ မဆိုချေ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ် မယ်နက ကျင်းပသော ဘုံကထိန်ပွဲကြီး၌ ဦးဗုဓ်ကို တရားဟောရန် တိုက်တွန်းရာ ဆရာတော်က "ဟေတုပစ္စယော" ဟူသော ၂၄ ပစ္စည်း ဂါထာကို ရွတ်တော်မူကာ ဆိတ်ဆိတ်နေလျှင် ရှင်ဘုရင်ကလည်း ရေစက်သွန်းချ အမျှဝေရလေတော့သည်။

ထိုအခါ လေးပြင်လေးရပ် ကြွလာတော်မူကြသော ဆရာတော်ကြီးများက 'ဦးဗုဓ်ကို စာတတ်သည်ဟု ကြည်ညိုလွန်းလှ၍၊ ဧရာမ ကျောင်းတော်ကြီးကို လှူဒါန်း၍ ဧရာမ မိဖုရားကြီးက ဧရာမ ကထိန်ပွဲကြီး ကျင်းပရာမှာ တကတဲဗျာ၊ ရှားရှားပါးပါး ဟောလိုက်သည့်တရားက ဟေတုပစ္စယော တဲ့ဗျာ'ဟု ဝိုင်း၍ ပြစ်တင်စကား ပြောကြ၏။ ဆရာတော် ဦးဗုဓ်၏ အဖြေကား 'ဧရာမ ကျောင်းတော်ကြီး လှူဒါန်းပြီး ဧရာမ မိဖုရားကြီးက ဧရာမ ကထိန်ပွဲကြီး ကျင်းပရာမှာ ဧရာမ ပဋ္ဌာန်းတရားတော်ကြီး ဟောလိုက်တာဘယ်သူက ဘာပြောချင်ကြသေးသလဲ'ဟူ၍ ဖြစ်ရာ မည်သူမျှ ပြန်လည် မချေပနိုင်ဘဲ ဆိတ်ဆိတ်နေကြရသည်။

*

ကထိန်ပွဲအတွင်း သင်္ကန်းဟောင်းကို ဝတ်ရုံသော ကျောင်းနေကုဟန်းငယ်ကို ဦးဗုဓ်က မိမိ ရှေ့တော်သို့ ခေါ်ယူ၍ 'ဤကထိန် အလှူကြီးကို ကိုယ်တော်ကလေး ခံယူပါ' ဟု တိုက်တွန်း၏။ ဦးဗုဓ်၏နောင်တော် ဆရာတော်ဦးသူက 'ကိုယ်တော်ကို ရည်မှန်းစိမံ ခင်းကျင်းထားရာမှာ သာမန်ကုဟန်းငယ်ကလေးကို ကထိန်ခံယူစေလျှင် အလှူရှင် စိတ်ကောင်းနိုင်ပါ့မလား'ဟု မိန့်ရာ၊ ဦးဗုဓ်က 'ကိုယ်တော်တို့ ယခုနေတာ ဘုရားသာသနာတော်မှာ နေသလား၊ မိဖုရားမယ်နု သာသနာတော်မှာ နေသလား'ဟု ပြန်မေးသဖြင့် မဖြေနိုင် ရှိရသည်။

မင်းနှင့် မိဖုရားတို့ ရှေ့၌ပင် ဦးဗုဓ်က ထိုစကားမိန့်ဆိုသော်လည်း မည်သို့မျှ စေတနာ ပြောင်းလဲ တုန်လှုပ်ခြင်း မရှိချေ။ ဆရာတော်ကလည်း "ဟေတုပစ္စယော" တရားတော်နှင့်ပင် နိဂုံးချုပ်ခဲ့သည်။

ကထိန်ပွဲ ကျင်းပ ပြီးစီး၍ ညအခါ တောင်နန်းဆောင်၌ စုရုံးမိကြသောအခါ အပျိုတော်တို့က တစ်ယောက်တစ်ပေါက် ဝေဖန်ကြ၏။ 'တို့မိဖုရားကြီး ကထိန်ကဖြင့် ဆုံးကားလိုက်တာအေး၊ မကြုံဖူးပါဘူး၊ ဆရာတော်ကလည်း စိတ်တိုလိုက်တာပါလား။ တို့လိုဖြင့် အခက်သားပဲ၊ သူ့ကျောင်း သွားပေမယ်လို့ စကားလည်း မပြော၊ ဘာမှလည်း မေးဖော်မရဘူးအေ့၊ သွားရတာ ခြောက်ကပ်ကပ်ကြီးပါ အေ'

မိဖုရားကြီး။ ။ညည်းတို့တော့ ပြောပဲ မပြောချင်ပါဘူး။ ညည်းတို့လို စိတ်ဓာတ်မျိုးနှင့်တော့ ငါတို့ ဆရာတော်ကို ကိုးကွယ်ဆည်းကပ်နိုင်ဖို့ ရာ အဝေးကြီး။ ညည်းတို့ အသိဉာဏ် တစ်ထွာတစ်မိုက်နဲ့ လူလုပ်လို့ ဖြစ်နိုင်တာ မဟုတ်ဘူး။ သေသေချာချာ မှတ်ထားကြ။ "မနုဿတ္တ-ဒုလ္လဘ"ကို ငါတို့ရလို့မို့ သာသနာတော်ကြီးနှင့် တွေ့ကြုံရသော အခိုက်မှာ ငါတို့ ဆရာတော်လို ဂုဏဝန္တ ပုဂ္ဂိုလ်မျိုးကို လေးလေးမြတ်မြတ် ကိုးကွယ်ခွင့် ရတာ၊ ဒါမှ လူဖြစ်ကျိုးနပ်တာ အေ့။ ဒါမှလည်း သေပျော်နေပျော်ရှိတာကို မြဲမြဲမှတ်ကြ အေတို့။

အပျိုတော်။ ။မှန်ပါသည် ဘုရား၊ အရှင်မိဖုရားကြီးမို့လည်း သည်လို ကိုးကွယ်နိုင်ခြင်းပါ။

*

နန်းမတော်မယ်နု အနေဖြင့် ၁၈ နှစ်ကြာမျှ ဖန်နန်းရှင်နှင့် အတူ စိုးစံခဲ့ရာ ယခုတိုင် မြန်မာတို့ အဓိကရ ကိုးကွယ်လျက် ရှိသော ကုသိုလ်တော်များမှာ သူ့လက်ထက်က စတင်ထုလုပ် ပြုစုခဲ့ခြင်း ဖြစ်သည်။

(၁) ပုထိုးတော်ကြီး - အမရပူရ
(၂) နန်းတွင်းအုတ်ကျောင်း - အင်းဝ
(၃) မဟာသကျသီဟ ရုပ်ပွားတော် - ယခု မန္တလေး
(၄) ရှင်ဖြူရှင်လှ စေတီနှင့် ဇောင်းတန်း - စစ်ကိုင်း
(၅) ကြေးချိန် တစ်သိန်း ခေါင်းလောင်း - အမရပူရ
(၆) အနောက်တိုက်ဘုရားကြီး - ဖလံခုံရွာ
(၇) မြန်မာဇရပ် - ဗုဒ္ဓဂါယာ

*

ကုန်းဘောင်မင်း နန်းတက်သောအခါ အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့ စံနေတော်မူသည်။ ဆရာတော် ဦးဗုဓ်ကိုလည်း မဟာမြတ်မုနိ အရှေ့ဘက်ရှိ ညောင်ကန်ကျောင်းကြီးသို့ ပင့်ဆောင် ကိုးကွယ်သည်။ ထိုမင်းလက်ထက် တစ်နှစ်အကြာတွင် စကြာမင်းသားနှင့် မိသားစုတို့ ရေချ ကွပ်မျက်ခဲ့သည်။ သုံးနှစ်အကြာ ၁၂၀၂ ခုတွင် မယ်နုကို နောင်တော်



www.burmeseclassic.com

www.burmeseclassic.com



နန်းကျာဘုရင်နှင့်အတူ ထားရာမှ ပုန်ကန်ရန် ကြံစည်မှုနှင့် ရေချ စီရင်ရန် အမိန့်တော်ရှိသည်။

ထိုအခါ မယ်နုက မြို့ဝန်နှင့် အာဏာသားတို့အား 'ငါသည် ဤဘဝ၌ မြင့်မြတ်သော အခြေအနေသို့ ရောက်ရှိခံစားခဲ့ရပြီး မရေမတွက်နိုင်သော ကောင်းမှုကုသိုလ်များလည်း ပြုစု အားထုတ်ခဲ့ရပြီ။ သေရမည်ကို တွေးဆ ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်း မရှိလှပါ။ သို့သော် ငါ ကိုးကွယ်သော၊ ဆရာရင်းဖြစ်သော ဦးဖုခ်ကို နောက်ဆုံး ဖူးမြော်ကန်တော့လိုသည်။ မင်္ဂလာဘုံကျောင်တိုက်သို့ ငါ သွားရောက်နိုင်ရန် အခွင့်ပေးနိုင်ကြမလား'ဟုမေးရာ မြို့ဝန်ကလည်း ရှေးက ကျေးဇူးတော်များကို ထောက်မြော်ကာ အခွင့်ပေးပေသည်။ ဆရာတော်ထံ ရောက်အောင် ပို့ဆောင်ပေးကြသည်။

ဆရာတော်ကား စာကြည့်နေခိုက် ဖြစ်သည်။ မယ်နုက ဦးချကာ 'ဘုရားတပည့်တော်မသည် ကုန်းဘောင်မင်း၏ ဘုန်း ဖုံးအုပ်လာ၍ သူ၏အာဏာစက်ဖြင့် အဆုံးစီရင်ခြင်း ခံရပါတော့မည်။ ဤနေ့ကား ဆရာတော်ဘုရားကို နောက်ဆုံး ဖူးမြော်ကန်တော့ခြင်း ဖြစ်ကြောင်းပါ ဘုရား' ဟု လျှောက်တင်၏။

ဆရာတော်သည် စာကြည့်နေရာက မယ်နု ရှိရာဘက်သို့ မျက်နှာမူပြီးလျှင် 'မိနု၊ သူ့ကြွေးရှိလျှင် ဆပ်ရလိမ့်မည်'ဟု အမိန့်ရှိတော်မူလိုက်သည်။ ကျောင်းအမ မယ်နုလည်း ဆရာတော်ကို ရှိခိုးဦးချကာ ကျောင်းပေါ်မှ ဆင်းခဲ့၏။

လှေကားမှ ဆင်းလာရင်း မယ်နုက 'တော်ပြီ၊ တော်ပြီ။ ငါ သေပျော်ပြီ၊ ငါ သေဝံ့ပြီ၊ ငါ သေရဲပြီ။ ဆရာတော်ဘုရားကို နှစ်ပေါင်းများစွာ ကိုးကွယ် ဆည်းကပ်ခဲ့ရာ ဘယ်အခါမျှ ငါ့နာမည်ကို ခေါ်၍ စကားလည်း မပြောဖူး။ တရားလည်း မဟောဖူး။ ဤကဲ့သို့ စာကြည့်ရာက နေ၍ ငါရှိရာဘက်သို့ လှည့်ပြီး ကြည့်ရှုဖူးသည်လည်း မရှိ။ သည်ကနေ့မှပဲ ငါ့ဘက် လှည့်တယ်၊ ငါ့နာမည်ကို ခေါ်တော်မူတယ်။ ဟောလိုက်တဲ့ တရားကလည်း "မိနု၊ သူ့ကြွေးရှိလျှင် ဆပ်ရလိမ့်မည်"တဲ့။ တော်ပြီ၊ တော်ပြီ၊ သေလမ်းဖြောင့်ပြီ။ ငါ့ကို ဆရာတော်က သေစရိတ် ပေးလိုက်ပြီ'ဟု ထပ်တလဲလဲ ပြောကာ ဝမ်းမြောက် ဝမ်းသာစွာနှင့် အာဏာသားတို့ ခေါ်ဆောင်ရာသို့ မျက်နှာ ညှိုးငယ်ခြင်း မရှိဘဲ ရဲရဲကြီး လိုက်ပါသွားလေသည်။

## ဟေတု တရားတော်

ဗုဒ္ဓတရားတော်ကို တိုတိုတုတ်တုတ်နှင့် သဘောပေါက်စေသော သာဓကများအနက် မယ်နုသည် ဝဂ္ဂ ၅ ဦးတို့တွင် အငယ်ဆုံးဖြစ်သော ရှင်အဿဇိ၏ "ယေဓမ္မာ ဟေတုပ္ပဘဝါ" ဂါထာကလေးကိုလည်း သတိရမိသည်။ မိဂဒါဝုန်၌ ဓမ္မစကြာ တရားဦးကို ကြားနာပြီးနောက် ရှင်အဿဇိသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်၏။ ရဟန်းကြီး ရှင်သာရိပုတ္တရာနှင့် တွေ့ဆုံသဖြင့် သူ့အား မေးမြန်းသည်မှာ 'ငါ့ရှင်၊ သင်၏မျက်စိ စသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ အရေအဆင်းလည်း သန့်ရှင်း စင်ကြယ်ကုန်၏။ အသင်သည် အဘယ်သူကို ရည်၍ ရဟန်းပြုသနည်း၊ အဘယ်သူသည် သင်၏ ဆရာနည်း၊ အဘယ်သူ၏ တရားကို အသင် နှစ်သက်သနည်း'

ရှင်အဿဇိက ဖြေဆိုသည်မှာ 'ငါ့ရှင်၊ ငါသည် အငယ်သာတည်း၊ ရဟန်းပြု၍ မကြာမြင့်သေး၊ အဘိဓမ္မာကို အကျယ်အားဖြင့် သင့်အား ဟောအံ့သောငှာ မတတ်နိုင်။ အကျဉ်းအားဖြင့်သော်ကား အနက်ကို ငါ ဆိုအံ့-

ယေ ဓမ္မာ ဟေတုပ္ပဘဝါ
တေသံ ဟေတုံ- တထာဂတော၊ အာဟ
တေသဉ္စ ယော နိရောဓော
ဧဝံဝါဒီ မဟာသမဏော

(၁) အကြင်တရားတို့သည် အကြောင်းလျှင် အမှန်ရှိကုန်၏။ (၂) ထိုတရားတို့၏ အကြောင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ (၃) ထိုအကြောင်းတရားတို့၏ ချုပ်ခြင်းသည် ရှိ၏။ (၄) ထိုချုပ်ခြင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ (၅) မြတ်သော ငါ၏ဆရာ ရဟန်းကြီးသည် ဤသို့သော အယူဝါဒ ရှိ၏။

ရှင်သာရိပုတ္တရာမှာ တရားမှန်ရှာကြံဆဲ ပရိဗိုဇ်ကြီးဖြစ်၍ ရှင်အဿဇိ၏ ညွှန်ကြားချက်ဖြင့် ဗုဒ္ဓဂေါတမ ထံသို့ ရောက်ရှိသွားလေသည်။

မယ်နုက ထိုဗုဒ္ဓဝါဒကို အတိုချုပ် ဂါထာကလေးဖြင့် မိမိ၏ ဘဝဖြစ်ရပ်ကို ချင့်ချိန် သုံးသပ်မိ၏။ မိမိ ဤသို့ဖြစ်ရခြင်းကား အဘယ်အကြောင်းကြောင့်နည်း၊ သာယာဝတီ မင်းနှင့် အင်အားပြိုင်ခဲ့ရာတွင် ယခုအချိန်တွင် သူအနိုင်ရသောကြောင့်တည်း။ ဤအကြောင်းတရားတို့၏ ချုပ်ခြင်းကား အဘယ်နည်း၊ ချုပ်ခြင်းကား ဤရန်စွန်းရန်



www.burmeseclassic.com

www.burmeseclassic.com



ကို သင်ပုန်းချေခြင်းတည်း။ ဆရာတော် ဦးဗုဓ် ညွှန်ကြားသလို သူ့ကြွေးရှိက မြန်မြန်ဆပ်ကာ ကြွေးမြီကင်းရှင်းသော ဘဝသစ် ထူထောင်ရေး ဖြစ်သည်။

အမရပူရမြို့ထိပ်မှ မဟာမြတ်မုနိဘုရား ရှေ့တော်အထိ ရှေးက အုတ်လမ်းတစ်ခု ခမ်းနား ဖြောင့်တန်းစွာ ဖောက်လုပ်ထားသည်။ ထိုလမ်းအတိုင်း လှည်းနှင့် မယ်နုကို တင်ဆောင်ကာ နန်းတွင်းကြေးတိုက်သို့ ပြန်ပို့သည်။ မယ်နုက ဆရာတော်၏ တစ်ခွန်းတည်းသော တရားတော်ကို စားမြုံ့ပြန်ကာ ကြာလေ သဘောပေါက်လေ ဝမ်းသာလေ ဖြစ်နေ၏။

ဩော်.... ရှေးတုန်းက မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ပဋာစာရီကို တရားပြစဉ်က ယခုလို တိုတိုနှင့် ရှင်းရှင်းပေပဲ။ 'ချစ်သမီး၊ မသေဖူးသောအိမ်မှ မုန်ညင်းစေ့ တစ်ခု တောင်းယူခဲ့ပါ'တဲ့။ ဘုရားက ဒါပဲ မှာကြားတော်မူသည်။ သို့နှင့် ပဋာစာရီလည်း သဘောပေါက်ရာမှ အအေးဓာတ် ရခဲ့သည်။ တရားရေအေး အမြိုက်ဆေး ဆိုသည်ကား ဤသို့သော တိုတိုတုတ်တုတ် အဆီအနှစ်ပင် ဖြစ်၏။

ယခု "သူ့ကြွေးရှိလျှင် ဆပ်ရလိမ့်မည်" တရားမှာလည်း ဗုဒ္ဓဘာသာကျင့်ထုံးအစစ်ပင် မဟုတ်ပါလော။ သံသရာ၌ အချင်းချင်း ရန်ငြိုးဖွဲ့ကာ ဘဝတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက် ညှဉ်းဆဲခြင်း၏ အကျိုးကျေးဇူးကား အဘယ်နည်း။ ဤရန်စွန်းရန်စ ကြွေးများကို ရှင်းပစ်ရမည်။ ငါသည် ကုန်းဘောင်မင်းကို ရန်ရှာခဲ့သလို သူသည်လည်း ငါ့ကို ရန်ပြုချေပြီ။ ငါ ဘာလုပ်မည်နည်း။ ရန်ကိုရန်ချင်း တုံ့ပြန်သော၊ ငါလိုက်ခဲ့သော လမ်းဟောင်းသည် တရားလမ်း မဟုတ်။

ဆရာတော်က သူ့ကြွေးရှိလျှင် ဆပ်ရလိမ့်မည် မိန့်ဆိုသည်။ ငါ့ကို သူက ပေးရန်ရှိသော ကြွေးကို ပြန်ဆပ်မှ ငါကလည်း ဆပ်နိုင်မည်ဟု သဘောပိုက်သင့်သလော။ ဤသည်လည်း တရားမဟုတ်။ သတ္တဝါတို့မည်သည် သူ့ထိုက်နှင့် သူ့ကံ၊ ငါ့ထိုက်နှင့် ငါ့ကံသာ ဖြစ်သည်။ သူ့အိမ်က အိုးခွက်ပန်းကန်များကို သူ မဆေးကြောဘဲနေသဖြင့် ငါ့အိမ်၌လည်း ထိုနည်း ထားရှိသင့်သလော။ တွယ်ကပ်စရာ မဟုတ် တွယ်ကပ်နေပါက ငါ့အိမ်ပင် သန့်ရှင်းစင်ကြယ်မှု ကင်းမဲ့နေမည် မဟုတ်ပါလော။

ထို့ကြောင့် ကုန်းဘောင်မင်းက မည်သို့ ပြုကျင့်စေကာမူ ငါကား ဆပ်ရန်ရှိသော ကြွေးကို အမြန်ဆပ်မည်။ ကြွေးဆပ်ပြီးသူအဖို့ ဝန်ထုပ်ဝန်ပိုးများ လျှော့ကျကာ ပေါ့ပါးလွတ်လပ်လာသည် မဟုတ်လော။ ထို့အတူ ငါသည် ငါ့အသက်နှင့် ကြွေးဆပ်ကာ ရှင်းလင်းသော ဘဝသစ်ကို ယနေ့ပင် ထူထောင်တော့အံ့။

ဆရာတော်ဦးဗုဓ်၏ စာတစ်ကြောင်း၊ စကားတစ်ခွန်းကား ထိုမျှပင် တာသွားပေသည်။ မယ်နုက သူပြုခဲ့သော ကောင်းမှုတို့အတွက် ရေခွက်နှင့်အပြည့် ကုသိုလ်တွေ အများကြီး ရမည်ဟု မှတ်ထင်ခဲ့သည်။ သို့သော် ဆရာတော်က ထိုရေကို သွန်ပြီးနောက် ခွက်၌ ကပ်ကျန်နေသော ရေတစ်စက်၊ နှစ်စက်လောက်သာ ရလျှင် တော်လှပြီဟု တစ်ချိန်က ဟောခဲ့သည်။ ဟုတ်ပါသည်၊ ယခု ဆရာတော်၏ စကားတစ်ခွန်းသည် ထိုရေတစ်စက်နှင့် တူပါသည်။ တော်ပါပြီ၊ မိမိ ဝမ်းသာလှပါသည်၊ ကျေနပ်လှသည်။

မယ်နုကို ရေချရာ အရပ်ကား ဧရာဝတီမြစ်ဆိပ် မဟုတ်ချေ။ တောင်သမန်အင်း၏ အရှေ့မြောက်ထောင့်၊ မယ်ဘယက်ကုန်း ကမ်းစပ်တွင် ရေချခဲ့သည်။ သူနှင့် မောင်တော် ဖန်နန်းရှင်တို့ အကျယ်ချုပ် စံမြန်းရာ နန်းတွင်းအိမ်တော်နှင့် မဝေးလှပါ။ ယခုအခါ ထိုအိမ်တော်နေရာတွင် ဖန်နန်းရှင်၏ သင်္ချိုင်းဂူတော် ရှိနေ၏။ ထိုဂူသည် မယ်နု ရေချရာ အရှေ့ဘက်ဆီသို့ မျက်နှာမူလျက် ရေကသိုဏ်း ရှုနေဟန် ရှိသည်။

ရေ။ ။ဧရာဝတီ၊ မြစ်နဒီမှ၊ တစ်လီချိုးဝင်၊ မန်းအောက်ခွင်ဝယ်၊ အပြင်ကျယ်ဟန်၊ တောင်သမန်ကို၊ ထိုးလျှံကာနေ၊ စိမ်းသည့် ရေ။

ရေ။ ။အနော ဒီသ၊ သြဒိသဖြင့်၊ ရှေးက ဆရာ၊ ပို့သပါသော၊ မေတ္တာရေ။

ရေ။ ။စီးကျသွင်သွင်၊ ရေတံခွန်သို့၊ မြတ်ရှင်အာဘော်၊ တရားတော်ပေ၊ ပူဇော်ဦးခိုက်၊ နာယူထိုက်သည့်၊ အမြိုက်ရေ။

ရေ။ ။ဘဝ ဂယက်၊ လှိုင်းပုတ်ချက်မှ၊ ရုန်းထွက် စွန့်ခွာ၊ မယ်နု လာသော်၊ မေခလာ နတ်၊ ပွေ့ယူအပ်သော၊ အောက်ရပ်ဒီသာ၊ ရေကမ္ဘာ ....။

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့လက်ရာ









www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁၀ ရွှေဘိုမင်း၏ ခုနစ်ထွေဇာတ်

## [၁] ဥယျာဉ်စိုက်တဲ့ မင်းသားကြီး

**[ အမေရိကန် သာသနာပြု မော်လကွန်း၏ "အင်းဝပြည်မှာ ၂ နှစ်ကြာ" စာအုပ်မှ ကောက်နုတ်ချက် ]**

"ယနေ့ ကျွန်တော်တို့ သံအဖွဲ့ဝင်များ သာယာဝတီ မင်းသားထံ သွားရောက်သည်။ သူ့အိမ်တော်မှာ နန်းမြို့ရိုး အပြင်ဘက် တနင်္သာရီတံခါးအနီး မြစ်ကမ်းနဖူးပေါ်၌ တည်ရှိသည်။ အိမ်တော်ပေါက်ဝတွင် ရွက်ထည်မဏ္ဍာပ်ကြီးတစ်ခု ဆောက်လုပ်ထားရာ အိမ်ခြံတွင်း လှေကားအထိ ဖြစ်၏။ မဏ္ဍာပ်အတွင်း၌ ကော်ဇောခင်းထားသည်။ ခုံရှည်များလည်း ထားရှိ၍ ကျွန်တော်တို့ ကောင်းစွာ ထိုင်နိုင်ပေသည်။ ထိုနေရာ၌ အတန်ကြာ နားနေပြီးသော် အိမ်တော်ခန်းမအတွင်းသို့ သွားရလေသည်။ ကော်ဇော ခင်းထားသော စင်မြင့်အလယ်တွင် သလွန်တော်တစ်ခု ရှိ၏။ မင်းသားအတွက် ဖြစ်သည်။ ကျွန်တော်တို့ ကော်ဇောပေါ်သို့ ထိုင်မိလျှင်ပင် သာယာဝတီမင်းသား အိမ်တော်တွင်းမှ ထွက်လာသည်။ လက်သုံးတော်ဓား စသော အဆောင်အယောင် တစ်ခုမှ မပါရှိဘဲ ရိုးရိုး ဝတ်ဆင်လာပေသည်။ ကျွန်တော်တို့နှင့် တွေ့ဆုံရာတွင် ရာဇဣန္ဒြေ မဆောင်ဘဲ ရင်းနှီးသော သဘောကို ထင်ရှားစေဟန် ရှိပေသည်။

မင်းသားက 'အင်္ဂလိပ်မင်း ကျန်းမာတော်မူပါ၏လော'ဟု စတင်မေးမြန်း၏။ အင်္ဂလိပ်မင်း ဆိုသောကြောင့် ဘီလပ်ရှင်ဘုရင် သို့မဟုတ် အိန္ဒိယဘုရင်ခံချုပ်တို့ကို ရည်စူးသော်လည်း မည်သူမည်ဝါ ဟူ၍ မဖွင့်ဆိုချေ။ ထုံးစံအတိုင်း ကျွန်တော်တို့၏ အသက်အရွယ် စသော မေးခွန်းများ ပြီးဆုံးသောအခါ ရွှင်ပျစွာဖြင့် အခြား စကားများကို ဆက်လက် ဆွေးနွေးသည်။

သူ့ကို ခစားသူ လူပျိုတော်တို့မှာ အလွန် စည်းကမ်းသေဝပ်ကြသည်။ အပျိုတော် တစ်ယောက်မျှ မပါရှိချေ။ ဧည့်သည်တော်များအား ကျောက်လက်စွပ် ၁၊ ယွန်းခက် ၁ နှင့် တရုတ်ခမောက် ၁ အသီးသီး လက်ဆောင်ပေးပြီးနောက် မင်းသား ဝင်တော်မူသည်။ သို့လျှင် ညီလာခံမှာ ဘာမျှ မကြာဘဲ ပျော်ရွှင်စွာ ပြီးဆုံးခဲ့၍ ကျွန်တော်တို့ ဝမ်းမြောက်ကြ၏။

သာယာဝတီမင်းသားက သက်တော် ၄၀ ခန့် ရှိချေသည်။ အသွင်အပြင်မှာ နောင်တော်ဘုရင်နှင့် အတော်ပင်ဆင်တူ၏။ လူချောလူလှဟု မဆိုနိုင်စေကာမူ သွက်လက်ပေါ့ပါးလျက် ရွှင်ပျစွာ နေတတ်ပုံရ၏။ ရာဇဣန္ဒြေကို ထိန်းသိမ်းလျက်ပင် ဖော်ရွေခြင်းကို ထင်ရှားစေ၏။ ထိုသို့ သဘောကောင်းရာ၌လည်း သူ၏ နောင်တော်ဘုရင်နှင့် ဆင်တူ၏။

အရည်အချင်း၌ကား နောင်တော်ထက်ပင် ပို၍ ထက်မြက်ဟန် ရှိ၏။ တစ်ဦးတည်းသော ညီတော်ဖြစ်၍ နောင်တော်များက များစွာ ချစ်ခင်အားထားပုံ ရသည်။ သို့သော် မိဖုရားခေါင်ကြီးနှင့်ကား သင့်မြတ်ခြင်း မရှိဘဲ နန်းတွင်း အတိုက်အခံအုပ်စုကို သာယာဝတီမင်းသားက ခေါင်းဆောင်လျက် ရှိ၏။ အင်္ဂလိပ်နှင့် စစ်တိုက်ချိန်က စစ်ဦးစီးဖြစ်ခဲ့သော မင်းသားသည် ရန်သူနှင့် တစ်ပွဲတစ်လမ်းမျှ ရင်ဆိုင်ခဲ့ခြင်း မရှိချေ။ နောက်လိုက် စစ်သည်တော်များသာ ရှေ့ဆုံးက တိုက်ခိုက် ဆုံးရှုံးခဲ့ရသည်။ ဤနေရာ၌ ကုန်းဘောင်နန်းဆက် တီထွင်သူ ဘိုးလောင်းတော် အလောင်းမင်းတရားနှင့် များစွာ ကွာခြားသည်ဟု ဆိုရပေမည်။ အလောင်းဘုရားကား စစ်ပွဲတွင် ရှေ့ဆုံးမှ ချီတက်သည့် ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





















www.burmeseclassic.com

www.burmeseclassic.com





မြန်မာ့လက်ရာ





www.burmeseclassic.com

မြန်မာ့လက်ရာ







www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁၀ ရွှေဘိုမင်း၏ ခုနစ်ထွေဇာတ်

## [ ၁ ] ဥယျာဉ်စိုက်တဲ့ မင်းသားကြီး

**[ အမေရိကန် သာသနာပြု မော်လကွန်း၏ "အင်းဝပြည်မှာ ၂ နှစ်ကြာ" စာအုပ်မှ ကောက်နုတ်ချက် ]**

"ယနေ့ ကျွန်တော်တို့ သံအဖွဲ့ဝင်များ သာယာဝတီ မင်းသားထံ သွားရောက်သည်။ သူ့အိမ်တော်မှာ နန်းမြို့ရိုး အပြင်ဘက် တနင်္သာရီတံခါးအနီး မြစ်ကမ်းနဖူးပေါ်၌ တည်ရှိသည်။ အိမ်တော်ပေါက်ဝတွင် ရွက်ထည်မဏ္ဍပ်ကြီးတစ်ခု ဆောက်လုပ်ထားရာ အိမ်ခြံတွင်း လှေကားအထိ ဖြစ်၏။ မဏ္ဍပ်အတွင်း၌ ကော်ဇောခင်းထားသည်။ ခုံရှည်များလည်း ထားရှိ၍ ကျွန်တော်တို့ ကောင်းစွာ ထိုင်နိုင်ပေသည်။ ထိုနေရာ၌ အတန်ကြာ နားနေပြီးသော် အိမ်တော်ခန်းမအတွင်းသို့ သွားရလေသည်။ ကော်ဇော ခင်းထားသော စင်မြင့်အလယ်တွင် သလွန်တော်တစ်ခု ရှိ၏။ မင်းသားအတွက် ဖြစ်သည်။ ကျွန်တော်တို့ ကော်ဇောပေါ်သို့ ထိုင်မိလျှင်ပင် သာယာဝတီမင်းသား အိမ်တော်တွင်းမှ ထွက်လာသည်။ လက်သုံးတော်ဓား စသော အဆောင်အယောင်တစ်ခုမှ မပါရှိဘဲ ရိုးရိုး ဝတ်ဆင်လာပေသည်။ ကျွန်တော်တို့နှင့် တွေ့ဆုံရာတွင် ရာဇဣန္ဒြေ မဆောင်ဘဲ ရင်းနှီးသော သဘောကို ထင်ရှားစေဟန် ရှိပေသည်။

မင်းသားက 'အင်္ဂလိပ်မင်း ကျန်းမာတော်မူပါ၏လော'ဟု စတင်မေးမြန်း၏။ အင်္ဂလိပ်မင်း ဆိုသောကြောင့် ဘိလပ်ရှင်ဘုရင် သို့မဟုတ် အိန္ဒိယဘုရင်ခံချုပ်တို့ကို ရည်စူးသော်လည်း မည်သူမည်ဝါ ဟူ၍ မဖွင့်ဆိုချေ။ ထုံးစံအတိုင်း ကျွန်တော်တို့၏ အသက်အရွယ် စသော မေးခွန်းများ ပြီးဆုံးသောအခါ ရှင်ပျစွာဖြင့် အခြား စကားများကို ဆက်လက် ဆွေးနွေးသည်။

သူ့ကို ခစားသူ လူပျိုတော်တို့မှာ အလွန် စည်းကမ်းသေဝပ်ကြသည်။ အပျိုတော် တစ်ယောက်မျှ မပါရှိချေ။ ဧည့်သည်တော်များအား ကျောက်လက်စွပ် ၁၊ ယွန်းခက် ၁ နှင့် တရုတ်ခမောက် ၁ အသီးသီး လက်ဆောင်ပေးပြီးနောက် မင်းသား ဝင်တော်မူသည်။ သို့လျှင် ညီလာခံမှာ ဘာမျှ မကြာဘဲ ပျော်ရွှင်စွာ ပြီးဆုံးခဲ့၍ ကျွန်တော်တို့ ဝမ်းမြောက်ကြ၏။

သာယာဝတီမင်းသားက သက်တော် ၄၀ ခန့် ရှိချေသည်။ အသွင်အပြင်မှာ နောင်တော်ဘုရင်နှင့် အတော်ပင်ဆင်တူ၏။ လူချောလူလှဟု မဆိုနိုင်စေကာမူ သွက်လက်ပေါ့ပါးလျက် ရွှင်ပျစွာ နေတတ်ပုံရ၏။ ရာဇဣန္ဒြေကို ထိန်းသိမ်းလျက်ပင် ဖော်ရွေခြင်းကို ထင်ရှားစေ၏။ ထိုသို့ သဘောကောင်းရာ၌လည်း သူ၏ နောင်တော်ဘုရင်နှင့် ဆင်တူ၏။

အရည်အချင်း၌ကား နောင်တော်ထက်ပင် ပို၍ ထက်မြက်ဟန် ရှိ၏။ တစ်ဦးတည်းသော ညီတော်ဖြစ်၍ နောင်တော်များက များစွာ ချစ်ခင်အားထားပုံ ရသည်။ သို့သော် မိဖုရားခေါင်ကြီးနှင့်ကား သင့်မြတ်ခြင်း မရှိဘဲ နန်းတွင်း အတိုက်အခံအုပ်စုကို သာယာဝတီမင်းသားက ခေါင်းဆောင်လျက် ရှိ၏။ အင်္ဂလိပ်နှင့် စစ်တိုက်ချိန်က စစ်ဦးစီးဖြစ်ခဲ့သော မင်းသားသည် ရန်သူနှင့် တစ်ပွဲတစ်လမ်းမျှ ရင်ဆိုင်ခဲ့ခြင်း မရှိချေ။ နောက်လိုက် စစ်သည်တော်များသာ ရှေ့ဆုံးက တိုက်ခိုက် ဆုံးရှုံးခဲ့ရသည်။ ဤနေရာ၌ ကုန်းဘောင်နန်းဆက် တီထွင်သူ ဘိုးလောင်းတော် အလောင်းမင်းတရားနှင့် များစွာ ကွာခြားသည်ဟု ဆိုရပေမည်။ အလောင်းဘုရားကား စစ်ပွဲတွင် ရှေ့ဆုံးမှ ချီတက်လေ့ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘောင်မင်းဆက်တို့၏ ထူးခြားချက်မှာ မဟာနဖူး ဖြစ်သည်။ သူတို့နဖူးသည် ကျယ်၏။ သို့သော် တည့်မတ် မနေဘဲ အထက်ဆံပင်ရှိရာသို့ အတန်ငယ် ယိုင်သွားလေသည်။ သာယာဝတီမင်း၏ မျက်နှာမှာ သူ၏နောင်တော် ဖန်နန်းရှင်နှင့် များစွာတူသည် ဆို၏။ စကားပြောချိန်၌ သူ စိတ်ဝင်စားလာသောအခါ သူသည် များစွာ ရွှင်ပျသွက်လက်လာ၏။ ထိုသို့သော သွက်လက်မှုကြောင့် သူသည် အိမ်ရှေ့ စကြာမင်းသားကလေးထက် ထီးနန်းဆက်ရန် ပို၍ အလားအလာ ရှိပေသည်။

ဦးရီးတော် မက္ခရာမင်းက စာပေလိုက်စားသူအဖြစ် နာမည်ကြီး၏။ သို့သော် သာယာဝတီမင်းသားက ဗဟုသုတ ပို၍ ပြည့်စုံသည်။ သူသည် အင်္ဂလန်ပြည် အကြောင်းကို အထင်ကြီးပုံ ရသည်။ မြန်မာအစိုးရ၏ အချုပ်အချယ်တို့ကြောင့် ကုန်သန်းရောင်းဝယ်ရေး မဖွံ့ဖြိုးဖြစ်နေပုံကိုလည်း ဝန်ခံ၏။ ကမ္ဘာ့နိုင်ငံ အသီးသီးကို သုံးသပ်ရာ၌လည်း သူသည် နှိုင်းယှဉ် စဉ်းစား ဝေဖန်နိုင်သောအစွမ်း ရှိပေသည်။

ကျွန်တော်က အမေရိကန်သာသနာပြုများရှိရာ နိုင်ငံတို့တွင် အခြေအနေစုံစမ်းရန် ရောက်ရှိကြောင်း ပြောပြသောအခါ ကောင်းစွာ လက်ခံပေသည်။ မြန်မာနိုင်ငံရှိ သာသနာပြုတို့ကိုလည်း တိုင်းရင်းသားများနှင့် ကျောသားရင်သားမခွဲဘဲ တူညီသော အခွင့်အရေးများ၊ ကာကွယ်မှုများ ပေးထားသည်ကို တွေ့ရသဖြင့် များစွာ ကျေးဇူးတင်ပါကြောင်း လျှောက်တင်လိုက်ပါသည်။ သာယာဝတီမင်းက တရုတ်နှင့် မြန်မာတို့ နိုင်ငံခြားရေးဝါဒ မတူညီဟု ဆို၏။ တရုတ်ပြည်တွင် နိုင်ငံခြားသား ဟူသရွေ့ လုံးဝ လက်မခံချေ။ မြန်မာအစိုးရကမူ တူညီသော လူ့အခွင့်အရေးများ ရစေသည်။

သာယာဝတီမင်းက မြန်မာမြို့ကြီးများ၌ သာသနာပြုကျောင်းများ ကြီးကြား ဖွင့်သင့်သည်ဟု ဆိုပါသည်။ တရုတ်–မြန်မာ နယ်စပ်၌နေသော တိုင်းရင်းသားများ အကြောင်းကို ပြောပြသည်မှာလည်း မှတ်ဖွယ်များစွာ ပါရှိ၏။ သူက မြန်မာပြည်အတွင်း၌ နှံ့စပ်အောင် လှည့်လည်ကြည့်ရှုပါဦး ဆို၏။

မင်းသားနှင့် စကားပြောကောင်းတုန်းတွင် သူ၏ကြင်ရာတော်သည် ကလေးငယ်ကို ပိုက်၍ ထွက်လာသည်။ မင်းသမီးကလည်း ဖော်ရွေပါသည်။ အာရှ၌ အထက်တန်းလွှာတို့ မာနထောင်လွှားသည် ဆိုရာတွင် မြန်မာတို့ မပါဝင်ချေ။

ကျွန်တော် သွားခါနီးတွင် မင်းသားကြီးက 'နောက်တစ်နေ့ ထပ်လာပါဦး၊ ဥယျာဉ်တော်ကို ရှုစားပါဦး' ဆို၍ ကျွန်တော်က ဝမ်းမြောက်စွာ လက်ခံလိုက်၏။ ဥယျာဉ် ပန်းမန်တို့၌ ကျွန်တော် စိတ်ဝင်စားသည်။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု မည်မျှရှိနေသည်ကို သူတို့ဥယျာဉ်များကို အကဲခတ်ရုံနှင့် သိနိုင်မည် မဟုတ်လော။

သူ၏ အိမ်တော်ဝင်းအတွင်း တစ်ဧကခန့် ရှိသောမြေကို ဥယျာဉ်ဖွဲ့ထား၏။ ကျောက်ရေကန်များ၊ ရေမြောင်းများ၊ အုတ်ခုံလမ်းများ၊ ရွှေငါး ငွေငါးတို့နှင့် ပြည့်စုံပေ၏။ ရေထမ်းသူများ၏ လုပ်အားဖြင့် ပန်းပင်ရေလောင်းရသည်။ အင်းဝတွင် ခြံစိုက်ရန် မလွယ်လှပါ။ ရေလုံလောက်အောင် မနည်း လုပ်ရသည်။

မြန်မာသီးပင်များ ဖြစ်သော ငှက်ပျော၊ အုန်း၊ မာလကာ... စသည်တို့။ ထို့အပြင် သစ်တော်သီး၊ တည်သီး၊ ကော်ဖီပင်တို့လည်း ဖြစ်ထွန်းပါသည်။ ဥယျာဉ်တစ်ဖက်၌ တိရစ္ဆာန်ရုံလည်း ရှိပါသေးသည်။ ကျွန်တော် မမြင်ဖူးသော ငှက်များ၊ ခြေနှစ်ချောင်း လေးချောင်း သတ္တဝါများ အများအပြား တွေ့ရပါသည်။ ခြံထဲ၌ သူတို့အားလုံး လွတ်လပ်စွာ သွားလာနေကြသည်။

သာယာဝတီမင်း၏ ဥယျာဉ်တော်မှာ စနစ်တကျရှိလျက် အတော် သာယာပါသည်။ အင်းဝ၌ ငွေကြေးတတ်နိုင်သူများသည် ဥယျာဉ်ထားပါသည်။"

*

## [၂] ဟာသကို မြတ်နိုးသူ

တစ်ခါက ကုန်းဘောင်မင်းသည် ဖိုးသူတော် ဦးမင်းအား ခေါ်ဆောင်လျက် အောင်ပင်လယ် ကိုးခရိုင် ဆည်တော်များကို လှည့်လည်ကြည့်ရှုပြီးနောက် ကျောက်ဆည်မြို့ကို ဝင်၍ ဘုရားဖူးရန် ရွှေသာလျောင်းတောင်ပေါ်သို့ တက်ကြည့်သည်။ ဘုရားပူဇော်ပြီးနောက် ရွှေသာလျောင်းကုန်းတော်မှ ဆင်းပြီး အစုကြီးအရပ်သို့ လှည့်ပတ် ကြည့်ရှုကြသည်။ ထိုအခါ မင်းကြီးက လွှစင်တစ်ခုတွင် လွှသမားများ လွှဆွဲနေသည်ကို မြင်မိသဖြင့် 'ကဲ... မောင်မင်း၊ လွှသမားများ လွှဆွဲပုံကို ရုပ်လုံးပေါ်အောင် စာဆိုစမ်း' ဟု မိန့်တော်မှတ်လိုက်သည်။ ဖိုးသူတော် ဦးမင်းက–



www.burmeseclassic.com

www.burmeseclassic.com



တဲ့စေတဲ့ တဲ့စေ
အလွဲချော် မဆောင့်ပါနှင့်
လမ်းဖြောင့်ပါစေ။
လုပ်လေလေ
ချွေးတွေက ယိုစီး
အလွဲချော် မကျစေနှင့်
အိုကွာ
မင်း လွသူကြီး။

ဟု ဆိုပြလိုက်ရာ မင်းတရားကြီး များစွာ နှစ်ထောင်းအားရ မိသည်နှင့် အမျှ ပြုံးရွှင်စွာဖြင့် 'မောင်မင်းစာက ပြောင်လည်း ပြောင်မြောက်ပါပေတယ်။ ဒါပေမဲ့ လွမပါလျှင်တော့ ခပ်ခက်ခက်ပဲ'ဟု မိန့်တော်မူလိုက်ပြီး ခရီးဆက်ကြလေသည်။

**ချွေးကဗျာ**

တစ်ခုသော တော်သလင်းလ ညနေချမ်းအချိန်တွင် ဖိုးသူတော် ဦးမင်းသည် ရေချိုးရန် ဧရာဝတီ မြစ်ဆိပ်သို့ သွားရာ အင်းချွေးကြီး တစ်ကောင်ကို မင်းချင်းများက ကြိုးများနှင့် ချည်နှောင်ပြီး စစ်ကိုင်းဘက်သို့ လှေဖြင့်ပို့ရန် လှေပေါ်သို့ တင်နေစဉ် ပက်ပင်း ကြုံတွေ့တော့သည်။ စာဆိုတော်ကြီး ဖိုးသူတော် ဦးမင်းက 'ဘယ်လိုကြောင့် စစ်ကိုင်းဘက် ပို့ရသလဲ'ဟု မေးရာ မင်းချင်းများက 'ဒီချွေးကြီးဟာ နန်းရင်ပြင် တစ်လျှောက် အလွန်သောင်းကျန်းတာနဲ့ သာယာဝတီမင်းက အမိန့်ချမှတ်ပြီး စစ်ကိုင်းဘက် ပို့ခိုင်းလိုက်တယ်'ဟု ဖြေကြလေသည်။ ဖိုးသူတော် ဦးမင်းက မည်သို့မျှ အပြန်အလှန် မပြောတော့ဘဲ ရေချိုးပြီးနောက် အိမ်သို့မပြန်မီ ကျောက်ဆောင်ဆိပ်ရှိ ကျောက်တုံးတစ်ခုပေါ်တွင် မီးသွေးဖြင့် ရေးသည်ကား–

ဒီနှစ်တွင် ကြုံပြန်ရ
ကျားမနှင့် ဂမ္ဘီ
မောင်ကြီး ကြိုးတွေ သိုင်းပါလို့
စစ်ကိုင်းဆို ဇေယျာမြို့ကို
ကူးပို့ပြန်ပြီ။
ယင်းရဲ့ ကျောက်ဆောင်ဆိပ်ဆီက
လွမ်းစိတ်နှင့် မယ်တို့ဆီ
မျှော်ပြီကွဲ့ ဝူး။
မောင်နည်းတူပင်
မကြီး လှေဝယ်တင်၍
ကူးပြန်လျှင် မနေဆိတ်ပါနှင့်
သောတာပန်ဆိုဆိုတဲ့ ဆိပ်ကိုကွယ်
(အိုရှင်) လှိုင်းတိတ်မှ ကူး။

**မွန်စာဆို**

သက္ကရာဇ် ၁၂၀၄ ခုနှစ် အမရပူရမြို့ ကုန်းဘောင် မင်းတရားကြီး လက်ထက်တွင် ရွှေကျင်ဝန်ကြီးသည် မွန် စာဆိုတော် ငနေအား ဘုရင်မင်းမြတ် အသုံးပြုရန် ပို့လိုက်လေသည်။

တစ်နေ့တွင် တူတော် အိမ်ရှေ့မင်းသည် သမီးတော်အား ရည်ငံမိသဖြင့် ချစ်မှာတမ်း စာတစ်စောင် စီကုံးပေးရန် မွန်စာဆိုတော်အား အပူကပ်သည်။

မွန်စာဆိုတော်က 'အရှင့်သား... မပူပါနှင့်၊ စိတ်ချတော်မူပါ၊ ကျွန်တော်မျိုးစာ မြင်ရလျှင် မချစ်ဘဲ မနေနိုင်ပါ' ဟု မင်းသားအား ပြောဆိုနှစ်သိမ့်၍ ပီတိဖိုလှိုက် အပြုံးဆိုက် နှလုံးခိုက်စေလောက်အောင် အောက်ပါ ကဗျာရွှင်တစ်ပိုဒ်ကို ရေး၍ မင်းသမီးအိမ်စေ မိန်းမမှတစ်ဆင့် ပုရပိုက်လွှာဖြင့် ဆက်သွင်းစေခဲ့သည်။ ထိုကဗျာမှာ–

ချစ်လွန်းလို့ အမိငယ်
ရှိခိုးမယ် တကယ့်။
မယ့်ဖင် ဆားတွေဖြူးတောင်
မောင် ဖူးပါရဲ့။

ဖတ်ရှုမိသော မင်းသမီးမှာ များစွာ ရယ်မောတော်မူသည်။ ထိုစာမှာ အဆင့်ဆင့် သတင်းလွင့်ပြီး မင်းသားနားသို့ ပေါက်ရောက်သွားလေရာ မင်းသားမှာ ရှက်လည်း ရှက်၊ စိတ်လည်း ဆိုးပြီး ဘုရင်အား စာဆို ငနေကို ဆုံးမရန် တိုင်ကြားလေသည်။

ဘုရင့်အမိန့်တော်ဖြင့် ငနေ ရှေ့တော်သို့ ရောက်သောအခါ မင်းကြီးက 'မောင်မင်း ဒီအတိုင်း ရေးပေးသလား၊ မောင်မင်းစာဟာ ရှက်စရာ၊ ရယ်စရာ ဖြစ်နေပြီ၊ ဘယ်မှာ မောင်မင်းစာ ကောင်းသလဲ' ဟု မေးလေသော်–

'မှန်လှပါ၊ ကျွန်တော်မျိုး ရေးမိသော မှာတမ်းပါ အချစ်မျိုးဟာ မည်သူမှ မချစ်နိုင်ပါ။ သူတစ်ပါး အချစ်မျိုးထက် ထူးကဲတဲ့ ဝိသေသအချစ်ပါ ဘုရား။ ရှိခိုးလောက်တဲ့ အချစ်မျိုးဟာ ရှားပါတယ်။ ဘယ်မျှချစ်ကြောင်း သတိချပ်တော်မူပါ။ ညစက်တော် မခေါ်မီ နဖူးပေါ်၌ ရွှေလက်တော် တင်ပြီး ထပ်မံ စဉ်းစားတော်မူပါ၊ လျှောက်ဆိုတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မမှန်ပါက ငနု လည်စင်း၍ အသတ်ခံဝံ့ပါသည် ဘုရား’ဟု ရဲဝံ့စွာ လျှောက်ထားလေလျှင် မင်းကြီးက ‘ကောင်းပြီ၊ မောင်မင်း ပြန်ပေတော့၊ ည စဉ်းစားပြီး နက်ဖြန် အမိန့်တော် ချမှတ်တော်မူမည်’ဟု ဆိုကာ စေလွှတ်လိုက်သည်။

နောက်တစ်နေ့ ညီလာခံတွင် ဘုရင်မင်းမြတ်က ‘လေးစားအပ်သော မှူးတော် မတ်တော်တို့၊ ငနု သီကုံးသော စာဟာ ကြမ်းတမ်းသောစာ မဟုတ်၊ လေးနက်ပြောင်ရှန်းသော စာသာ ဖြစ်ပေတယ်။ ငနု လျှောက်ထားချက်ဟာ မှန်ကန်ပါပေတယ်။ သူ နှိုင်းယှဉ်ပြတဲ့ အချစ်မျိုးဟာ သူမတူအောင် နက်နဲသောအချစ်မျိုး ဖြစ်ကြောင်း ကိုယ်တော်တိုင် ယုံကြည်တယ်။ ဒါကြောင့် ငနုမှာ အပြစ်မရှိ၊ စာဆိုကောင်းတဲ့ အတွက် ဆတောင်ရှာကို အပိုင်စား ပေးသနားတော်မူမယ်။ တူတော်နဲ့ သမီးတော်တို့ကိုလည်း ပုဏ္ဏားတော်များက နေ့ကောင်း ရက်ကောင်း ရွေးချယ်စီစစ်၍ ထိမ်းမြားမင်္ဂလာပွဲ ကျင်းပရန် ယခုကပင် စီစဉ်စေ’ဟု အမိန့်တော် ချမှတ်လိုက်သည်။ ထိုအချိန်မှစ၍ သာမန်စာဆိုတော် ငနုမှာ ဆတောင်ရှာစား စာဆိုတော်ဟု ကျော်ကြားလေသည်။

## ယင်းတော ဝန်ကြီးကတော်

ရွှေဘိုမင်းတရားကြီးသည် ယင်းတော ဝန်ကြီးအား အထူးသဒ္ဓါတော်မူခဲ့သည်။ ဘုရင်နှင့် ဝန်ကြီးပင် ဖြစ်စေကာမူ လူရှင်းသော အချိန်များတွင် အရောတဝင် မိန့်ဆို ရယ်သွမ်းသွေးလေ့ရှိသည်။ အထူးသဖြင့် ယင်းတော ဝန်ကြီး၏ အိမ်ထောင်ရေးကို ရယ်သွေး ကျီစယ်တော်မူလေ့ရှိသည်။ ယင်းတော ဝန်ကြီးကတော်ကြီး၏ အိမ်ထောင်ဆက်များကို တစ်ခါတစ်ရံ ကျီစယ်တော်မူတတ်သည်။

ယင်းတောဝန်ကြီး၏ ဝန်ကတော် ရှင်ကြင်ဥသည် ယခင်က အိမ်ထောင်သုံးဆက် ကျခဲ့ဖူးသူ ဖြစ်သည်။ ယင်းတောဝန်ကြီးမှာကား ရှင်ကြင်ဥ၏ စတုတ္ထမြောက် ခင်ပွန်းသည် ဖြစ်၏။

ဝန်ကတော် ရှင်ကြင်ဥ၏ ပထမဆုံး ခင်ပွန်းသည် ယင်းတောဝန်ကြီး၏ ငယ်ဆရာ အရှင်သခင် ဖြစ်ခဲ့သည်။ ဝန်ကြီးကတော် ရှင်ကြင်ဥက အသက်ငယ်ရွယ်သူ ဖြစ်သည်။

မုဆိုးမ ရှင်ကြင်ဥ၏ ဒုတိယ ခင်ပွန်းဖြစ်သူမှာ ယင်းတောဝန်ကြီး၏ အမေ့ မောင်အငယ် ဖြစ်၍ အရီးတော်စပ်ဖူးပါသည်။

နောက် ရှင်ကြင်ဥ၏ တတိယ ခင်ပွန်းဖြစ်သူမှာ ယင်းတောဝန်ကြီး၏ အဖေ့ညီ ဘထွေးတော် တော်စပ်ပြန်ပါသည်။ သို့နှင့် ယင်းတောဝန်ကြီး၏ ဒွေးလေး (မိထွေး)တော်စပ်ခဲ့ဖူးပြန်သည်။ ၎င်းခင်ပွန်း သေဆုံးသွားသောအခါ နောက်ဆုံး ရှင်ကြင်ဥသည် ယင်းတောဝန်ကြီးနှင့် အကြောင်းပါသည်။ ဤသည်ကို ရွှေဘိုမင်းတရားကြီးက ယင်းတောဝန်ကြီးအား ခဏခဏ ဆွေမျိုးစပ် မေးမြန်းကာ ရယ်သွမ်းသွေးလေ့ ရှိပါသည်။

သည်မျှနှင့်ပင် အားမရသေးဘဲ တစ်ခါသော် အနောက်နန်းမိဖုရား မြကလေး၏ ကျေးကျွန်လည်းဖြစ်သူ မင်းတိုင်ပင်အမတ် ဦးဖျော်အား မင်းတရားကြီးက အမိန့်တော်ရှိသည်။ ‘ဟော့ မောင်ဖျော်ရဲ့၊ ယင်းတောဝန်ကြီးရဲ့ မယား ဝန်ကတော် ရှင်ကြင်ဥရဲ့ အိမ်ထောင်ဆက်အကြောင်းကို လျှို့ဝှက်ပုစ္ဆာ တေးထပ်တစ်ပုဒ် ရေးစပ်ရမည်။ သည် တေးထပ်ပုစ္ဆာကို မင်းလက်ဝဲသုန္ဒရ၏ သားဖြစ်သူ တရားသူကြီး ဦးအေးကို ဖော်စာတေးထပ် ပြန်၍ ရေးသား ဆက်ခိုင်းတော်မူမည်’ ဟု အမိန့်တော်မှတ်သည်။ ထို့ကြောင့် မင်းတိုင်ပင် အမတ် ဦးဖျော်က အောက်ပါအတိုင်း ပုစ္ဆာ တေးထပ် တစ်ပုဒ် ရေးစပ် ဆက်သရသည်။

## ဦးဖျော် ရေး ပုစ္ဆာတေးထပ်

ဘဝငယ် မကူးသည်၊ မည်ထူးငယ် လေးကြိမ်၊ စံခန်းငယ် ရွှေအိမ်မှာ ဆန်းတိမ်ပုံလေဝေ့။ သခ်ါရ သူထွေသည်၊ နန်းရွှေမြေ ပွင့်တဲ့ခလေ့။ ဗုဒ္ဓဟူးနံ ပေါ်သည်၊ နာမံတော်တွင်၍၊ တနင်္လာ လယ်ထွေလို့၊ ရှေ့နောက်ကယ် စဉ်ကာ၊ ဂဠုန်နံ ထည့်ရောလို့၊ သဘောနှင့် တွေးချင်စရာ၊ သူပန်တဲ့ မလ္လာငယ်၊ နွမ်းခဝါ ရေကျမို့၊ လွှန်းမရ ကွက်မမြင်၊ ပုဆိုးနှယ်ပင်၊ ဉာဏ်ထွေးနှင့်ဆင်ခြင်၊ သိအောင်ပင် ဖော်စမ်းပလေး။

၎င်းတေးထပ်ပုစ္ဆာကို မင်းတရားကြီးဘုရား အမိန့်တော်နှင့် မင်းလက်ဝဲသုန္ဒရ၏ သားဖြစ်သူ တရားသူကြီး ဦးအေးက အောက်ပါအတိုင်း ဖော်စာတေးထပ်ကို ပြန်လည်ရေးသား ဆက်သရသည်။

## ဦးအေး ရေး ဖော်စာတေးထပ်

စာတော်၏အရကို တွေးဆလို့ဆင်ခြင်၊ ပထမ သခင်၊ သည်နောက်တွင် အရီး၊ မိထွေးဖြစ် တစ်ခါ၊ ကိုယ်နှင့်သာ ရေစပ်

www.burmeseclassic.com



ကြပြီး။ သဘောနှင့် ထောက်ချိန်လျှင်၊ မှူပွေ လိမ်ရှုပ်ကြီး၊ ဖအေ့ညီ တစ်သီးနှင့် ဇနီးငယ်ဖြစ်ပြန်၊ အမေ့မောင် နှောင်းမွေးနှင့် ချစ်ရေးငယ် ဆုံကြသည့်ကံ။ ခုနောက်မှ တစ်ဖန်ကိုယ့်သက်နှံ ပြုပါလို့၊ ယခုမှ သူတစ္ဆေ၊ ဖြစ်ခဲ့ပြီလေ၊ ခဝါကျလျှော်ရေလို၊ ရာကြီးနေမှုုပေထင့်လေး။

ထိုအဖြေ တေးထပ်၌ ဗုဒ္ဓဟူးနံ အရမှာ (၄)(ရှင်) ဖြစ်ပါသည်။ နောက် တနင်္လာနံက (၂)(ကြင်) ဖြစ်ပါသည်။ နောက် တနင်္ဂနွေနံ ဂဠုန်က (၁)(ဥ) ဖြစ်ပါသည်။ သုံးခုပေါင်းသော် ရှင်ကြင်ဥ ဖြစ်လာသည်။ ၎င်း ရှင်ကြင်ဥသည်-

ရှေးဦးစွာမူကား သခင်ဖြစ်ခဲ့သည်။ နောက် အမိ၏မောင်ငယ်နှင့် အိမ်ထောင်သင့်၍ အရီးတော်သည်။ နောက် အဖ၏ညီ ဘထွေးနှင့်သင့်၍ မိထွေးတော်သည်။ နောက် ကိုယ်တိုင် သင့်မြတ်ရာတွင် မယားဖြစ်လာသည်။ နောက်သော် သေဆုံးရှာသည်။ ထို့ကြောင့် "ယခု သူ တစ္ဆေဖြစ်ခဲ့ပြီလေ"ဟု စပ်ဆိုခြင်းဖြစ်သည်။ [**ဝက်မစွတ်ဝန်ကြီး၏ မှတ်စုမှ**]

### ဗူ ကဗျာ

ရှေးက အမရပူရမြို့ ရွှေဘိုမင်း လက်ထက်တွင် ဝန်စာရေးတစ်ဦး ရှိသည်။ ထိုသူက မိမိနှင့် ချစ်ဇာတ်ပြုဟာ ခင်းခဲ့ဖူးသော ချစ်သူတစ်ဦးသည် သုန်မှုန်နေသည်ကို ပြန်လည်မချော့လိုသဖြင့် မထေ့တထေ့ သဘောပါသော စာချိုးတစ်ပုဒ်လောက် ရေးပေးရန် ဖိုးသူတော် ဦးမင်းအား ချဉ်းကပ်အကူအညီ တောင်းသည်။

ဖိုးသူတော်ဦးမင်းက 'ကိုင်း.... မင်းပုရပိုက်ကိုသာဖြန့်ပေတော့၊ ငါ ရွတ်ဆိုပြမယ်.... လိုက်ရေးတော့ကွာ'ဟု ပြောသည်။

ဝန်စာရေးက အောက်ပါ ထေ့ကွက် သောကွက်များကို လိုက်ရေးလေသည်။

ဗူသုန် ဗူခ၊
ဗူစလို့ ဗူနေရာ
ဗူလာလိမ့်တုံး။
ဗူလည်း ဗူထူမို့
ဗူ ဗူ ဗူ ထောက်တယ်
ဗူ ကြောက်လိမ့်တုံး။

*

## [၃] ဇာတ်လိုက်လည်း သူ၊ လူဆိုလည်း သူပဲ

သာယာဝတီမင်း၏ လုပ်ရပ်များနှင့် ပတ်သက်၍ ဒေါ်ဒဂုန်ခင်ခင်လေး၏ အကဲဖြတ်ပုံမှာ အတော်အသင့် မျှတသည်ဟု ယူဆမိ၏။ **ကျွန်းဦးတည့် သန်လျက်ခုံ** စာအုပ်၌ သူရေးသား ဖော်ပြရာတွင်-

"ရွှေဘိုမင်း၊ ကုန်းဘောင်မင်း၊ သာယာဝတီမင်းစသည်ဖြင့် အမည် သုံးလေးမျိုး တွင်သော ဘုရင်မင်းဟာ နောက်ပိုင်းမှာ လူတွေ သိပ် အကောင်းမပြောကြပါ။ ရှေးကတည်းက ရာဇဝင်လူဆိုးကြီးလို့ နာမည်ပျက် ခံစားခဲ့ရပါတယ်။ အမျက်စောင် မာန်ကြီးသော မင်းဆိုတဲ့ ဝေဖန်ချက်နှင့် သူ ရက်စက်ပုံ၊ သတ်ဖြတ်ခဲ့ပုံ သုံးလေးခုကို လက်ညှိုးထောက်ပြပြီး ဆုံးဖြတ်ချက် ချခဲ့တာကို ခံရသူဖြစ်ပါတယ်။

တကယ် အဖြစ်မှန်ကို ပြန်လှန်စဉ်းစားကြည့်မယ်ဆိုရင်တော့ သူ့ဘဝဖြစ်စဉ်မှာက အတိုက်အခံ အပြိုင်အဆိုင်တွေထဲမှာ အံခဲပြီး သတ္တိဖွဲ့နှင့် ရန်းကန်လာခဲ့ရတဲ့ ကိစ္စတွေရှိသလို မလိုလားအပ်တာတွေ၊ ရင်ဆိုင်ရမှုတွေဟာလည်း အတော်ပဲများများ ရှိခဲ့ပါတယ်။ အဲဒီအချက်အလက်တွေ ပြန်လည်ဆန်းစစ်ကြည့်ကြမယ် ဆိုရင်တော့ ယခင်က အပြစ်တင်ခဲ့ကြတာထက် လျှော့ကျနှုန်း ရှိလာလိမ့်မယ်လို့ တွေးမိကြပါလိမ့်မယ်။ ဘာပြုလို့လဲဆိုတော့ သည်သာယာဝတီမင်းဟာ မင်းသားဘဝကတည်းက နောင်တော်ဘုရင်လက်ထက်မှာ နှ တို့၊ အို တို့ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လာခဲ့သမျှဘယ်သူမျှ မပြောဝံ့၊ မပြင်ဝံ့တဲ့ ကိစ္စဆိုရင် သူ ပါဝင်ရမြဲ။ အဖေတူ အမေကွဲ သားချင်းတွေ ဆိုရင်လည်း လက်ချိုးရေတွက်လို့ မကုန်နိုင်ပါ။ အဲဒီ သားချင်း ဆွေတော် မျိုးတော်တွေက မြို့စား ရွာစား လုပ်ပြီး ရာထူးစည်းစိမ်မှာ နစ်မျောဖိမ်ယူနေကြသလောက် သူတစ်ယောက်ကတော့ မဟုတ်မခံသံမဏိစိတ်ဓာတ်နှင့် သတ္တိသွေး ပြခဲ့ပါတယ်။ နောက်ဆုံးတိုင်းပြည်ဆုံးပြီး ထီးနန်းတုံးအောင် ကြံဆောင်နေတဲ့ ဦးအိုတို့ရဲ့ ရန်ငုတ်ကိုပါ ခုတ်လှဲ ပယ်ရှင်းနိုင်ခဲ့လို့ နောက်ထပ်ဘုရင် ၃ ဆက် ဆက်ခံခဲ့ရသေး၏ မဟုတ်ပါလော။ နောက်ဘုရင်များ ညံ့ကြလို့ ကုလားလက်အောက် ရောက်ရတာကတော့ သာယာဝတီမင်းနှင့် မဆိုင်တော့ပါဘူးလေ။

ဘိုးတော်ဘုရားကလည်း မိဖုရားတွေက ပေါက်ဖွားတဲ့ သားတော်ကြီးတွေ ရှိနေပါလျက်နှင့် ဒီစစ်ကိုင်းမင်းသား

www.burmeseclassic.com



မြေးကလေးကိုမှ အချစ်တော်ဝင်ပြီး နန်းစဉ်နန်းဆက်ဖြစ်တဲ့ အိမ်ရှေ့ရာထူးကို ပေးအပ်လိုက်တယ်။ ဘိုးတော်ကတော့ မင်းကွန်းဘုရားကြီးနှင့် မင်းကွန်းခေါင်းလောင်းကြီး ရှိရာမှာ သွားလာ အချိန်ဖြုန်းနေတယ်။ တိုင်းရေးပြည်ရေးကို မြေးတော် အိမ်ရှေ့မင်းသား သဘောပဲ။ အဲဒီတော့ ငယ်ငယ်ရွယ်ရွယ်မင်းကလေးဟာ မနုနုနှင့် လာမတွေ့ဘဲ နေတော့မလား။ နုက စေရာသွား၊ နုက ထားရာနေရတဲ့ ဘဝကို ဟိုအချိန်ပိုင်းကတည်းက ဦးကျိုးလာခဲ့ရပြီ။ နုက စစ်ကိုင်းမင်း (ခေါ်) ဖန်နန်းရှင် (ခေါ်) ဘကြီးတော်ကို ငယ်နိုင်ဆိုရင်လည်း ဟုတ်တာပါပဲ။ ချစ်လို့ပဲ အနိုင်ခံရသည်ဖြစ်စေ၊ သည့်ပြင် တစ်နည်းနည်းကြောင့်၊ ပယောဂကြောင့် အနိုင်ခံခဲ့ရသည် ဖြစ်စေ မီးသေအောင် အနိုင်ခံခဲ့ရတဲ့ ဘဝမို့ ဘကြီးတော် လက်ထက်မှာ တိုင်းပြည်ကြီး မတိုးတက်ရခြင်းပါ။

အဲဒီလို နုနုတို့ လွှမ်းမိုးခြင်းကို သာယာဝတီမင်းဟာ အတိုက်အခံ အမျိုးမျိုး လုပ်ရခြင်း၊ နောက်ဆုံး ရွှေဘိုထွက်ပြီး ပုန်ကန်ခြားနား ယူရတဲ့ဘဝ ရောက်ခဲ့ရခြင်း၊ မင်းအဖြစ် ရောက်ပြန်တော့လည်း နောင်တော်ကို ရှိသေစွာ ပြုစု ယုယ ထားခြင်း၊ နု တို့၊ အို တို့ကိုလည်း မသတ်ဘဲ ထားခဲ့ရာက နုတို့က တစ်ကြိမ်၊ နှစ်ကြိမ် တန်ပြန်ပုန်ကန်ဖို့ ကြိုးစားတော့မှ အဆုံး စီရင်လိုက်ရခြင်း ဖြစ်တယ်။

နောင်တော်ဘုရား၏ သားတော်ဖြစ်တဲ့ စကြာမင်းကလေးကိုလည်း သူ၏သားတော်များနှင့် မခြား ဆက်လက်ပြီး ချီးမြှောက်ထားတော်မူတယ်။ ၁၁၉၉ ခုနှစ်မှာပဲ ဘုရင့်သားတော်ကြီးများ ဖြစ်တဲ့ ပြည်မင်းသား၊ ပခန်းမင်းသားတို့နှင့် အတူ စကြာမင်းသားကို မင်းသားကြီးတို့ အဆောင်အရွက် ဖြစ်တဲ့ ဘောင်းကတ္တီပါနီ၊ နဖူးစည်း စတဲ့ အဆောင်အယောင်များကို ထိုးဆင့် ချီးမြှင့်ခဲ့ပါသေးတယ်။

အဲဒီလို ခင်မင် မြှောက်စားသော်လည်း ညောင်ရမ်း(စကြာ)မင်းသားနှင့်အတူ အပေါင်းပါ စိတ်ဝမ်းတူသူများ ပုန်ကန်ခြားနားကြပြန်တာနှင့် ၁၂၀၀ ပြည့်နှစ်မှာ စကြာမင်းကလေးအား ရေမှာ ဖျောက်စေ အမိန့်ချခဲ့ရခြင်း ဖြစ်သည်။

'ငါ့သားများနှင့်မခြား သူကောင်းပြုထားပါလျက် ပြုရက်လေခြင်း'ရယ်လို့ နှလုံးမသာ ဖြစ်တော်မူရပါသတဲ့။

တိုင်းသူပြည်သားတွေ အနေနှင့်တော့ ပုန်ကန်ထကြွတာတွေ နားမလည်ပါဘူး။ သူတို့ချစ်တဲ့ စကြာမင်းကလေးကို သာယာဝတီမင်းက ရေချသတ်စေ ဆိုလို့ ကတ္တီပါအိတ်နှင့် ရေဆိပ်ယူလာ၊ ဧရာဝတီမြစ်ရေမှာ ချစေတယ်ဆိုတော့ မင်းသားကလေးအတွက် မခံမရပ်နိုင်အောင် သနားကြတယ်။ မပြောဝံ့လို့ အောင့်နေရပေတဲ့ ဆတ်ဆတ်ခါအောင် နာကြတယ်။

မင်းသားရဲ့ အသက်ကလေးကလည်း ၂၆ နှစ်ပဲ။ အင်မတန် ချော၊ အင်မတန် လှပြီး ဘကြီးတော်ဘုရင်၏ တစ်ဦးတည်းသော သားလည်း ဖြစ်တယ်။ ပြည်သူပြည်သားတွေရဲ့ မေတ္တာဟာ စကြာမင်းကလေး အပေါ် စုပုံထားကြတယ်။ မင်းသားကို ရေချတဲ့အချိန်မှာ ကမ်းလုံးညွတ်မျှ လိုက်ပါကြတယ်။ တိတ်တိတ် ကျိတ်ငိုသူက ငိုကြတယ်။

လှေငယ်နှင့် ရေလယ် ရောက်လျှင်ပဲ အာဏာသားများက ကတ္တီပါအိတ်ကို မ ပြီး ရေထဲ ပစ်ချလိုက်တယ်။ အဲဒီအချိန်မှာ ဖြူဖြူအခိုးတွေ ရေပေါ်မှာ သမ်းတက်လာပြီး ဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးတစ်ဦးဟာ အထုပ်ကြီးပိုက်ပြီး ရေထဲက ထိုးတက်သွားတာ မြင်လိုက်ရတဲ့ လူအချို့က ရှိနေပြန်တယ်တဲ့။ ဒီက တစ်ဆင့်စကား တစ်ဆင့်ပွားပြီး စကြာမင်းကလေးဟာ ဘိုးဘိုးအောင် လာကယ်သွားလို့ မသေဘူး ဆိုတဲ့ ကောလာဟလသတင်းများ ပြန့်ပွားသွားတယ်။ စကြာမင်းကလေးဟာ ဘိုးဘိုးအောင်လက်ထဲ ရောက်သွားပြီး တစ်နေ့ ကိန်းခန်း ကြုံကြိုက်တဲ့အခါ ဘုန်းကြီးသောမင်းအဖြစ် ကုန်းဘောင်နန်းဆက်ကို ပြန်လည်ထူထောင်ဖို့ ရောက်လာလိမ့်မယ်ရယ်လို့ ဘိုးဘိုးအောင် ဂိုဏ်းသားများဟာ မျှော်လင့်ခြင်းကြီးစွာနှင့် ပြောဆို စောင့်မျှော်နေလေ့ ရှိကြပါတယ်။ သီပေါမင်း ပါတော်မူသွားပြီး နောက်မှာလည်း တစ်နေ့ စကြာမင်း ပြန်လာမယ်ဆိုတာ အချင်းချင်း လက်တို့ ပြောဆိုကြသေးတယ်။

စာရေးသူတို့ ငယ်ငယ်က **စကြာရေချ** ဇာတ်ထုပ်ကပြတဲ့ ရုပ်သေးပွဲများ ကြည့်မိလိုက်ပါသေးတယ်။ လူကြိုက်လည်း အင်မတန်များတယ်။ နန်းမတော်မယ်နု၏ ဆိုးသွမ်းမှုထင်ပေါ်ကျော်ကြား လူသိများလာတာက ဒီရုပ်သေး ဇာတ်ခုံက ကြော်ငြာပေးတာပါပဲ။ ပြီးတော့ သာယာဝတီမင်း ရက်စက်ပြီး အမျက်ဒေါသ ကြီးတာကိုလည်း ဒီရုပ်သေးစင်ကပဲ ပြသသွားခဲ့ပါတယ်။

ဇာတ်ကွက်အလိုအရ သာယာဝတီမင်းဟာ မယ်နုနှင့် ကျတော့ သူက ဇာတ်လိုက်မင်းသား၊ မယ်နုကတော့ လူဆိုးနေရာ ရောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



စကြာရေချဇာတ် ကျတော့ စကြာမင်းကလေးဟာ ဇာတ်လိုက်နေရာမှာ ရှိပြီး၊ သာယာဝတီမင်းက လူဆိုးနေရာ ရောက်သွားတယ်။

သာယာဝတီမင်းဟာ စကြာမင်းကလေး ကိစ္စနှင့် ပတ်သက်လို့တော့ လူဆိုးကြီးသက်သက်လို ဖြစ်သွားခဲ့ပါတယ်။ အဲဒီ နှစ်ပိုင်းတွေရဲ့ နောက်မှာတော့ သူ မနှစ်သက်၊ မိတ်မသန့်တဲ့ အင်းဝမှာလည်း မနေတော့ဘဲ အမရပူရမှာ ထီးသစ်နန်းသစ် တည်ထောင်စံနေတယ်။ မယ်နုတို့၊ ဦးအိုတို့၊ စကြာမင်းတို့ကို သုတ်သင် ရှင်းလင်းပြီးတဲ့အခါ လွတ်လွတ် ကျွတ်ကျွတ် အေးချမ်းသာယာစွာ နန်းစံနိုင်မည်လို့ သူ့စိတ် ထင်မှတ်ပုံရသည်။” ဤကား ဒေါ်ဒဂုန်ခင်ခင်လေး၏ အလိုတည်း။

*

## [၄] ရန္တပိုစာချုပ် အလိုမရှိ

ဒေါ်ဒဂုန်ခင်ခင်လေးက သာယာဝတီမင်း၏ ကောင်းကွက်များကို ဖော်ပြရာတွင် သူ၏ သံမဏိစိတ်ဓာတ်နှင့် ပတ်သက်၍ အကျယ်ဖော်ပြသင့်သော အကြောင်း ကျန်ရှိနေပါသည်။ ထို့အချက်မှာ ကုန်းဘောင်မင်း အပေါင်းတို့တွင် သူသည် မျိုးချစ်စိတ် အပြည့်အဝရှိလျက် တည်ကြည်ပြတ်သားမှုတွင် အလောင်းမင်းတရားပြီးလျှင် သူသည် ဒုတိယ လိုက်သောသူ ဟူ၍ပင် မှတ်ယူဖွယ်ရာ အကြောင်းရှိပါသည်။

အင်္ဂလိပ်–မြန်မာစစ်ပွဲ စတင်ဖြစ်ပွားချိန်တွင် မယ်နုနှင့် မောင်အိုတို့က သူ့အား အမျိုးမျိုး ချိုးနှိမ်ထားသည့် အကြားမှ စစ်မြေပြင်သို့ သူက ထွက်ဖြစ်အောင် ထွက်ပါသေးသည်။ သူ ခေါင်းဆောင်ရသော ကျိုက္ကလို့တိုက်ပွဲတွင် အင်္ဂလိပ်များ ထွက်ပြေးခဲ့ကြသည်။

သူ ထီးနန်းရရှိချိန်၌ ရန္တပိုစာချုပ်ကို ပယ်ဖျက်ရန် ကြိုးစားခဲ့သည်။ စစ်ရှုံးသူမှာ သူ့နောင်တော်ဖြစ်၍ သူနှင့် မဆိုင်ကြောင်း၊ သူ့လက်ထက်တွင် အင်္ဂလိပ်များ လုပ်တိုင်း ခံမည် မဟုတ်ကြောင်းကို ပြောပြပုံမှာ မြန်မာခေါင်းဆောင်ပီသလျက် အလောင်းဘုရားအသံနှင့် တူလှပေသည်။ အင်းဝသို့ ရောက်ရှိနေသော အင်္ဂလိပ်သံမှူး ဘာနေနှင့် ၁၈၃၇ ခု မေလ၊ ၁၇ ရက် ညီလာခံ၌ ဆွေးနွေးကြပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဘုရင် ။ ။ အာသံပြည်ကို ခေတ်အဆက်ဆက် အုပ်စိုးခဲ့တဲ့ မင်းတွေ ဖယ်ရှားပြီး သူတို့ပိုင် နယ်အားလုံးကို ခင်ဗျားတို့ အင်္ဂလိပ်တွေက သိမ်းယူခြင်းဟာ တရားမျှတတယ်လို့ ဆိုမလား။

သံမှူး ။ ။ အာသံပြည်ကို မြန်မာတို့လက်မှ အင်္ဂလိပ်တို့ သိမ်းယူခဲ့သည်မှာ ၁၀ နှစ် ကျော်လွန်ပြီး၍ ဤပြဿနာကို မေးမြန်းရန် မလိုပါ။

ဘုရင် ။ ။ ရန္တပိုမှာ အင်္ဂလိပ်က မြန်မာ အရာရှိတွေကို ခြောက်လှန့်ပြီး စာချုပ်ကို လက်မှတ်ထိုးခိုင်းတာပါ။ အားလုံးကို အင်္ဂလိပ်အကျိုးအတွက် ချည်းပဲ၊ မြန်မာအတွက် ဘာတစ်ခုမျှ အကျိုးမရှိဘူး။ တချို့စာပိုဒ်တွေဟာ အင်မတန် ဖိစီးတဲ့ သဘောရှိတယ်၊ ထိုအချိန်က စာချုပ်တစ်ခုလုံးကို ကျုပ်ဖတ်ရတာ မဟုတ်ဘူး။ မကြာမီကပဲ လုံးစေ့ပါဒ်စေ့ သိရတယ်။ သို့သော် ဒီစာချုပ်ဟာ ကျုပ်လက်ထက်မှာ လုပ်တာ မဟုတ်လို့ ကျုပ်နှင့် ဘာမျှ မဆိုင်ဘူး။ ဒါကြောင့် ဒီအကြောင်းကို ဘာမျှ မပြောချင်ဘူး။

သံမှူး ။ ။ စစ်နိုင်သူတို့ဟာ ရှုံးသူများကို ခြောက်လှန့်ပြီး လိုရာစာချုပ်ကို လက်မှတ်ထိုးခိုင်း စမြဲပါပဲ၊ စာချုပ်ပါ အချက်အလက်များကို မကြိုက်ရင် ဘင်္ဂလားပြည်ကို သံအဖွဲ့တစ်ခု စေလွှတ်ဆွေးနွေးခြင်းဟာ လမ်းမှန်ပါပဲ။ နှစ်ဦးနှစ်ဖက်သဘောတူညီချက်များကို တစ်ဦးသဘောနှင့် ပယ်ဖျက်ခြင်းကတော့ ဘယ်သောအခါမျှ ဖြစ်နိုင်မည် မဟုတ်ပါ။

ဘုရင် ။ ။ ဘင်္ဂလားသို့ ကျုပ် သံအဖွဲ့လွှတ်ရန် မရည်ရွယ်ပါ၊ လွှတ်ချင်းလွှတ်ရင် အင်္ဂလန်ပြည်သို့ သွားစေမည်။ အင်္ဂလိပ်ကုမ္ပဏီ အစိုးရကို မသိပါ၊ နားမလည်ပါ၊ အသိအမှတ် ‹.ပြုပါ။ ကုမ္ပဏီဟာ လခစားအရာရှိမျှသာ ဖြစ်ပြီး ရှင်ဘုရင် မဟုတ်ပါ၊ ထို့ကြောင့် သူနှင့်တန်းတူ ရည်တူ ရန်ကုန်အရေးပိုင်နှင့် ဆက်ဆံပါစေ၊ သူ့ထံမှ ဆက်သွယ်မှုကို ကျုပ် လက်မခံလိုပါ။

သံမှူး ။ ။ အင်္ဂလန်ပြည့်ရှင် ဘုရင်မင်းမြတ် ကိုယ်တိုင် လခစား ဖြစ်ပါသည်၊ ပါလီမန်လွှတ်တော်က



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ပေးကမ်းသော လခကိုသာ ဘုရင် သုံးစွဲခွင့် ရှိပါသည်။ ထိုပါလီမန်ကပင် ဘင်္ဂလား ဘုရင်ခံချုပ်ကို စစ် ဆင်ရေး၊ မဆင်ရေး အာဏာများ လွှဲပေးထားပါတယ်။ ရန်ကုန်မြို့က မြန်မာအရေးပိုင်၌ အလားတူ အာဏာများ မရှိပါ။ ဘင်္ဂလား ဘုရင်ခံချုပ်ဟာ အာရှ ထီးဆောင်း မင်းအပေါင်းနှင့် တန်းတူရည်တူ ဖြစ်ပါသည်။ ဤသို့ ကျွန်တော် ရှင်းပြခြင်းသည် ရှင်ဘုရင်ကို စိတ်အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။ ကျွန်တော့်အား ရွှေစိတ်တော် မငြိုငြင်ရန် တောင်းပန်ပါသည်။

ဘုရင် ။ ။သင် ပြောလိုသမျှ ပွင့်လင်းစွာ ပြောနိုင်သည်။ ကျုပ်က စိတ်ဆိုးမည် မဟုတ်ပါ။

သံမှူး ။ ။ရန္တပိုစာချုပ်ကို အသိအမှတ်မပြုလျှင် ဘုရင်ခံချုပ် ဖြစ်စေ၊ သူ၏ကိုယ်စားလှယ် ဖြစ်စေ အင်းဝမြို့တော်၌ နေနိုင်မည် မဟုတ်တော့ပါ။ ဘုရင်ခံချုပ် တည်းဟူသော သစ်ပင်ကို မှီ၍ သံမှူး တည်းဟူသော အရိပ်သည် ဖြစ်ရပါသည်။ အကယ်၍ ရှင်ဘုရင်သည် သစ်ပင်ကို မမြင်ဟု ဆိုပါက အရိပ်ကိုလည်း မြင်နိုင်ဖွယ် မရှိပါ။

ဘုရင် ။ ။ကျုပ်ကတော့ သစ်ပင်ကို ထည့်မပြောစေချင်ဘူး။ ဒီသစ်ပင်ဟာ ကျုပ်တို့ ဘေးလောင်းတော် အလောင်းဘုရား လက်ထက်ကလိုပဲ ကောင်းစွာ ဆက်လက် သီးပွင့်မည်လို့ မျှော်လင့်တယ်။ နှစ်နိုင်ငံ ဆက်ဆံရေးကို စစ်မဖြစ်ပွားမီ တစ်ချိန်ကလိုပဲ တည်ရှိစေလိုတယ်။ နောင်တော်မင်းတရား လက်ထက်မှာ အင်္ဂလိပ်နှင့် စစ်မက်ဖြစ်ပွားခြင်းဟာ အမှားတော်ပုံကြီးပေပဲ။ သို့ကလို မိတ်ဆွေမပီသသော လွန်ကျူးမှုများကို အားလုံး သင်ပုန်းချေပြီး မေ့လျော့ပစ်လိုက်စေချင်ပါတယ်။ အကယ်၍ ကျုပ်က စစ်ပြုချင်လျှင် "အင်္ဂလိပ်သံအဖွဲ့ နေပြည်တော်မှ ထွက်ခွာကြစေ"လို့ အမိန့်ချမှတ်ရုံပါပဲ။ သို့သော် မစ္စတာဘေးဖီးကို ဖြစ်စေ၊ မေဂျာဘာနေကို ဖြစ်စေ ကျုပ်က ဒီမှာ နေကြပါလို့လည်း မပြောလိုပါဘူး။ သင်တို့ နေချင်က နေ၊ သွားချင်က သွားကြရုံပါပဲ၊ သင်တို့ နှစ်သက်သလို ဆုံးဖြတ်နိုင်ပါတယ်။

သင်တို့ နေပြည်တော်၌ နေလိုက သင်တို့ကို အသုံးချမည်။ အရာရှိများ အပိုအမို ထားချင်လျှင်လည်း ခွင့်ပြုမည်။ သို့သော် ဤသို့ ဆက်ဆံနေထိုင်ခြင်းဟာ ရန္တပိုစာချုပ်အရ နေပိုင်ခွင့် ရှိ၍ နေသည်လို့ သဘောမပိုက်စေလိုပါ။ မြန်မာဘုရင်၏ သနားတော်မြတ် ခံယူနေထိုင်ခြင်း လို့သာ ယူဆစေချင်တယ်။ ယခင် ဘိုးတော် မင်းတရားကြီးလက်ထက်က နေပြည်တော်သို့ လွတ်လပ်စွာ လာရောက်ကြတဲ့ သံမှူး ကပ္ပိတန်ဆိုင်းနှင့် ကင်းနင်းတို့ရဲ့ အခွင့်အရေးမျိုး ရရှိခြင်းလို့ မှတ်ကြစေလိုတယ်။

သံမှူး ။ ။စာချုပ်ကို ဤနည်းဖြင့် မပယ်ဖျက်နိုင်ပါ။

ဘုရင် ။ ။ဤသို့ဆိုလျှင် ကျုပ်အနေဖြင့် ဘာမျှ မပြောလိုပါ။ စာချုပ်ကို ကျုပ် လက်မှတ်ထိုးခဲ့သည် မဟုတ်။ ကျုပ်ကို အင်္ဂလိပ်က ဘယ်တုန်းကမျှ အနိုင် မရရှိခဲ့ပါ၊ အကယ်၍ စာချုပ်ကို တစ်ဖက်ဖက်မှ ဖောက်ဖျက်လျှင် မည်သူက အမှန်ဆုံးဖြတ်နိုင်မည်လဲ။

သံမှူး ။ ။အများအားဖြင့် စစ်တိုက်ပြီး ဆုံးဖြတ်လေ့ရှိကြပါတယ်။

ဘုရင် ။ ။ကျုပ်အနေနှင့် ပြင်သစ်ပြည်၊ ပါရှားပြည်၊ တူရကီပြည်၊ ယိုးဒယားပြည်များကို တိုင်ကြားနိုင်တယ်။

သံမှူး ။ ။ရှင်ဘုရင်က စာချုပ်ကို အသိအမှတ် မပြုဘူးဆိုရင် အင်္ဂလိပ်လက်သို့ စာချုပ်အရ ပေးအပ်ပြီးတဲ့ နယ်မြေများကိုလည်း ပြန်ယူမယ် ဆိုတဲ့ သဘောပေါ့။

ဘုရင် ။ ။(ရယ်မောလျက်) ဟား.... ဟား ဒီလိုလည်း မဟုတ်ပါ၊ ပေးအပ်ပြီး နယ်ပယ်များကို အင်္ဂလိပ်လက်မှ ပြန်လုယူမည် မဟုတ်ပါ။

သာယာဝတီမင်းသည် ဤညီလာခံ၌ အလွန် ပွင့်လင်း ပြတ်သားပေသည်။ ရံဖန်ရံခါ သူနှင့် သဘောကွဲလွဲ



www.burmeseclassic.com

www.burmeseclassic.com



စေကာမူ သူ့ကို ခင်တွယ်စေသော အမူအရာများလည်း ပြတတ်လေသည်ဟု ဘာနေက မှတ်တမ်းတင်ခဲ့သည်။

မေလ ၂၂ ရက်နေ့ ညီလာခံ၌ ထပ်မံ မိန့်ဆိုပြန်သည်မှာ–

'စာချုပ်များနှင့် ပတ်သက်၍ ဘာမျှပြောရန် မရှိပါ၊ ထုတ်ဖော်ရည်ညွှန်းခြင်းကိုလည်း အလိုမရှိပါ။ ယင်းစာချုပ်များသည် မြန်မာအမျိုးသားတို့အတွက် ရှက်ဖွယ်ကောင်းသော ကိစ္စ၊ အစော်ကားခံရသော ကိစ္စဖြစ်သည်။ အင်္ဂလိပ်တို့က မြန်မာအရာရှိများကို ခြောက်လှန့်၍ လက်မှတ်ထိုးစေသည်။ ယခုလည်း မြန်မာတို့ကို သိက္ခာချလိုသည့်အခါ ထိုစာချုပ်များကို ရည်ညွှန်း ထုတ်ဖော် ပြောလေ့ရှိသည်'ဟု ဆို၏။

ဘာနေက စာချုပ်ကို အစိုးရအဖွဲ့ အဆက်ဆက်က အသိအမှတ် ပြုခြင်းကို လိုလား၏။ သို့သော် သာယာဝတီမင်းက 'ထိုထုံးတမ်းမှာ အင်္ဂလိပ်တို့၏ ထုံးတမ်းဖြစ်ပေလိမ့်မည်။ မြန်မာထုံးတမ်းကား မဟုတ်။ ယခု မဟာမိတ်အဖြစ် အသစ်တစ်ဖန် ထပ်မံတည်ရှိလိုပါက စာချုပ်မချုပ်ဘဲ တည်ရှိနိုင်ပါသည်'ဆိုကာ ဘာနေ၏ အဆိုပြုချက်ကို ပယ်ချ၏။

သာယာဝတီမင်း၏ ရည်ရွယ်ချက်မှာ ရန္တပိုစာချုပ်ကို အထင်အရှား မချိုးဖောက်ဘဲနှင့် ဘေးချိတ်ထားရန် ဖြစ်၏။ မြန်မာမင်းက ဤသို့ တင်းမာနေပုံကို ဘာနေက ဘုရင်ခံချုပ်ထံ တင်ပြကာ စစ်ပွဲအသစ် ဖန်တီး၍ သာယာဝတီမင်းကို ဆုံးမရန်ပင် တိုက်တွန်းခဲ့လေသည်။

အိန္ဒိယ ဘုရင်ခံချုပ်က ဘာနေနှင့် ယူဆပုံ ကွဲလွဲလေသည်။ ဘာနေက နန်းတက်စ ဘုရင်တစ်ပါး မင်္ဂလာယူချိန်တွင် ရန္တပိုစာချုပ် အကြောင်းကို အင်္ဂလိပ်သံမှူး အနေနှင့် တဖွဖွ မပြောသင့်ကြောင်း၊ သာယာဝတီမင်းက စာချုပ်ကို အလိုမရှိသော်လည်း စာချုပ်ဘောင်အတွင်း၌ ဝေဖန်လှုပ်ရှားခြင်းသာ ဖြစ်ကြောင်းဟု မှတ်ချက်ချ၏။

အင်္ဂလိပ်–မြန်မာ စစ်ပွဲတွင် မြန်မာတို့ အရေးနိမ့်ခဲ့ရခြင်းမှာ မယ်နုနှင့် ဦးအိုတို့ကြောင့်ဟု သာယာဝတီမင်းက ယူဆသည်။ ထို့ကြောင့် နောက်တစ်ကြိမ် မရှုံးနိမ့်ရလေအောင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်၏။ လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြား တင်သွင်းကာ အချက်အချာကျသော တပ်စခန်းများ၌ အင်အားဖြည့်တင်း၏။ နိုင်ငံအလုံးတွင် စစ်သားစုဆောင်းကာ တပ်များ တိုးချဲ့၏။

အမြောက်ပစ် လေ့ကျင့်မှုကို နေ့စဉ် ပြုလုပ်ကြရ၏။ နေပြည်တော်တွင် အမြောက်သံ မကြားရသည့်နေ့ ဟူ၍ တစ်နေ့မျှ မရှိချေ။ ပြည်မင်းသားအား ရန်ကုန်သို့ လည်းကောင်း၊ ရွှေတောင်မင်းသားအား မုတ္တမသို့ လည်းကောင်း၊ ပုဂံမင်းသားအား ငဖဲအရပ်သို့ လည်းကောင်း ချီတက် ရပ်တည်စေ၏။

သံမှူးဘင်ဆင်က မြန်မာတို့၏ လှုပ်ရှားမှုကိုကြည့်ကာ အင်္ဂလိပ်တို့က မြန်မာကို စစ်ပြုသင့်သည်ဟု အကြံပေးသည်။ သို့သော် ဘုရင်ခံချုပ်က အာဖဂန်နစ္စတန်နယ်တွင် ပုန်ကန်မှုများ ရှိနေ၍ မြန်မာတို့နှင့် စစ်ပြုခြင်းကို လုံးဝရှောင်ရှားရမည်ဟု ဆုံးဖြတ်လေသည်။

သာယာဝတီမင်း နန်းတက်ခဲ့ပြီး ၃ နှစ်အတွင်း အင်္ဂလိပ် သံမှူး ၄ ဦးပင် ပြောင်းလဲ၏။ ရန္တပိုစာချုပ်ကို အကြောင်းပြု၍ မြန်မာအာဏာပိုင်တို့နှင့် ဆက်ဆံရေး မပြေလည်ချေ။ ထို့ကြောင့် သံမှူးဘင်ဆင်က ၁၈၃၉ ခုတွင် ရန်ကုန်သို့ ပြောင်းရွှေ့လိုကြောင်း တင်ပြရာ သာယာဝတီမင်းက မဆိုင်းမတွ သဘောတူလေသည်။ နှစ်နိုင်ငံ မဟာမိတ် ဖြစ်လိုပါက နေပြည်တော်၌ သံကိုယ်စားလှယ်များ မထားဘဲ ချစ်ကြည်ရေး တိုးတက်နိုင်ပါသည်ဟု ဖော်ထုတ်မိန့်ကြား၏။

ထိုနှစ် မတ်လ၌ ဘင်ဆင်၏ သံအဖွဲ့ ရုပ်သိမ်းမည်ဟု ကြေညာသောအခါ 'သူတို့ ပြန်သွားကြပါစေ၊ ငါ့အနေဖြင့် သူတို့ကို ဂရုစိုက်လိမ့်မည် မဟုတ်။ ငါသည် နောင်တော်နန်းကျဘုရင်ကဲ့သို့ အင်္ဂလိပ်တို့ လုပ်သလို ခံမည်မဟုတ်။ အငြင်းပွားမှုများကို မြန်မာတို့က လက်နက်ကိုင်ဖြေရှင်းရန် ပိုင်းဖြတ်ပြီး ဖြစ်၏။ ဤအချက်ကို အင်္ဂလိပ်တို့ ကောင်းစွာ သိရှိအောင် ငါ လုပ်ပြမည်။ ယခုအကြိမ် အင်္ဂလိပ်တို့ လာတိုက်လျှင် တိုက်ပါစေ၊ မြန်မာတို့မှာ ဘယ်လိုလူမျိုးဖြစ်သည်ကို ငါ ပြမည်'ဟု မိန့်တော်မူသည်။

*

## [ ၅ ] ပုဂံမင်း၏ တက်လမ်း

သာယာဝတီမင်းသည် နောင်တော်ကို ငဲ့သောအားဖြင့် မိဖုရားကြီး မယ်နုနှင့် ဦးအိုတို့၏ လွှမ်းမိုးမှုကို ၁၈ နှစ်ကြာ ခေါင်းငုံ့ခံနိုင်ခဲ့သည်မှာ သူ၏ စိတ်ရှည်မှုကို ထင်ရှားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောင်တော်ကို မလွဲမကင်းသာ နန်းချပြီးနောက် ကောင်းစွာ ပြုစုထားရှိ၏။ နောင်တော်က သူ့အချစ်တော် မိဖုရားကြီး မရှိလျှင် မနေတတ်သောကြောင့် မယ်နုကိုလည်း နောင်တော်နှင့် အတူ နေစေခဲ့သည်။

သို့သော် မယ်နုအုပ်စုသည် အငြိမ်မနေဘဲ ပုန်ကန်ရန် လည်းကောင်း နိုင်ငံခြားနှင့် လျှို့ဝှက်ဆက်သွယ် ကြံစည်နေကြ၏။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီက ထုတ်ဝေသော **အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း၊** ဒုတိယတွဲ၊ ပထမပိုင်း၌ ထိုကိစ္စနှင့် ပတ်သက် ပါရှိပုံမှာ–

“၁၈၃၇ နှစ်၌ အင်းဝမြို့၌ အင်္ဂလိပ်သံမှူး ဘာနေရှိနေခိုက်တွင်ပင် စစ်ကိုင်းမင်းက လူယုံတော်လွှတ်၍ ဗြိတိသျှ အစိုးရ အနေဖြင့် မိမိအား အကူအညီ ပေးပါမည့်အကြောင်း မျှော်လင့်ကြီးစွာ ပန်ကြား တောင်းဆိုခဲ့သည်။ သို့သော် ဘာနေက ယခုလို နန်းကျဘုရင်တစ်ပါး၏ ဆက်သွယ်မှုကို မကူညီသင့်ဟု ဆုံးဖြတ်ကာ လျစ်လျူရှုခဲ့သည်။

ကာလကတ္တားသို့ ဘာနေ ပြန်သွားချိန်တွင် မော်လမြိုင်မှ မောင်ရွှေဒုတ် ဆိုသူမှ တစ်ဆင့် ဆက်သွယ်ပြန်သည်။ မောင်ရွှေဒုတ်၏ ပေးစာတွင် “ဗြိတိသျှအစိုးရက သာယာဝတီမင်းအား တိုက်ခိုက်နှိမ်နင်း နန်းချပြီး မိမိ (စစ်ကိုင်းမင်း) ကို ထီးနန်း ပြန်လည်ပေးအပ်မည်ဆိုက ဗြိတိသျှအစိုးရဘက်မှ မည်သည့် တောင်းဆိုချက်ကို မဆို ပေးရန် အသင့်ရှိကြောင်း၊ အကယ်၍ ယခုကဲ့သို့ ကူညီရန် ဆိုင်းငံ့နေပါက မိမိအား အဆိပ်ကျွေး၍ သတ်ကြလိမ့်မည်ဖြစ်၍ ဘာနေက ကူညီလိမ့်မည် ယုံကြည်ကြောင်း”ဟု ပါရှိလေသည်။ သို့သော် ဗြိတိသျှ အစိုးရသည် စစ်ကိုင်းမင်း၏ အခြေအနေကို သိရှိပြီး ဖြစ်သည့်အတိုင်း ပါးနပ်စွာ ငြိမ်နေခဲ့သည်။

အထက်ပါအတိုင်း လျှို့ဝှက် ဆက်သွယ်မှုများကို သာယာဝတီမင်းက မသိဘဲ နေမည် မဟုတ်ချေ။ သို့သော် နောင်တော်ကို ဝတ္တရားမပျက် ကောင်းစွာပြုစုလျက်ပင် ရှိခဲ့သည်။ အဆိပ်ခတ်ခြင်း လုံးဝမရှိသည်မှာ သာယာဝတီမင်း ကိုယ်တိုင် ၉ နှစ်ကြာ အုပ်စိုးပြီးချိန်တွင် နောင်တော်နှင့်အတူ တစ်လခြား ရှေ့ဆင့် နောက်ဆင့် နတ်ရွာစံကြသည်။

အမှန်အားဖြင့် ဤတစ်ချိန်တွင် ဆေးခတ်ခံရသူမှာ သာယာဝတီမင်း ဖြစ်နေပေသည်။ ၁၂၀၆ ခုနှစ်မှ စ၍ စိတ်ဖောက်ပြန်လာသဖြင့် မန္တလေးဆိပ်ကမ်းရှိ မင်းတဲအိမ်ကင်းရပ်သို့ ယတြာ ယာယီအနေဖြင့် ပြောင်းရွှေ့ စံနေရသည်။

နောင်တော်မင်းတရား နန်းစံချိန်က သူ့ကို ဆေးခတ်သူမှာ အခြားသူ မဟုတ်။ သူ၏ မိဖုရားကြီးပင် ဖြစ်ခဲ့သည်။ ယခုလည်း သာယာဝတီမင်း စိတ္တဇရောဂါ စွဲကပ်ရာတွင် သက်သာသည် မရှိချေ။ ထိုသို့ ရှင်ဘုရင် စိတ်ချောက်ချားချိန်တွင် သူ၏ကိုယ်စား ထီးရေးနန်းရေးတို့၌ ဩဇာလွှမ်းမိုး ချယ်လှယ်နေသည်မှာလည်း တောင်နန်းမိဖုရားခေါင် ကျပင်းမင်းသမီးနှင့် သားတော် ပုဂံမင်းတို့ ဖြစ်နေကြသည်။ ဘုရင်၏ ဖောက်ပြန်သော အခြေအနေတွင် သူတို့သားအမိ ကောင်းကျိုး တိုးတက်စေလျက် အခြားသော မိဖုရားများ၊ မင်းညီမင်းသားများ၏ ဆိုးကျိုးကို ဖြစ်စေခဲ့သည်။

သာယာဝတီမင်း နန်းတက်သောအခါ ထီးမွေနန်းမွေ ဆက်ခံရေးတွင် လူသစ်များ ပါဝင်လာ၏။ နန်းတက်စတွင် စကြာမင်းကလေး ရှိနေသေးရာ သူလည်း ထည့်၍ တွက်လျှင် အောက်ပါအတိုင်း အခြေအနေ ရှိနေခဲ့သည်။

(၁) စကြာမင်းကို နန်းတက်ပြီး၍ တစ်နှစ်အကြာတွင် မကြံအပ်သည်ကို ကြံစည်သည်ဆိုကာ ရေတွင် ဖျောက်စေ၏။ စကြာမင်းကို ထိုသို့စွပ်စွဲကာ ဘုရင်သို့ တိုင်ကြားသူများမှာ သာယာဝတီမင်း၏ သားတော်ကြီး ပြည်မင်းနှင့် ညီတော် ပခန်းမင်းတို့ ဖြစ်သည်ဟု မှတ်တမ်းအချို့က ဆို၏။ ပြည်မင်းသည် အကြီးဆုံးသားတော် ဖြစ်၍ အိမ်ရှေ့နေရာ မျှော်မှန်းချက်ရှိကြောင်း အထူးပြောရန် မလိုချေ။ စကြာ ရေချချိန်၌ သာယာဝတီမင်း ကိုယ်တော်တိုင် ‘သူ့သားတော်များ၏ တိုင်ချက်အရ တူတော်ကို မလုပ်ချင်ဘဲ ကွပ်မျက်ရပါသည်’ဟု ငိုယိုမိန့်ကြားသည် ဆို၏။ ရှင်ဘုရင်အနေဖြင့် သူလုပ်ချင်၍ လုပ်သောကိစ္စကို သားတော်များအပေါ် လွှဲချနေစရာ မလိုချေ။ အမှန်မှာ စကြာမင်းကလေးကို ပြည်သူတို့ လိုလားလျက် ရှိနေသဖြင့် ရှင်ဘုရင်ကိုယ်တိုင်ပင် အနေကျပ်သော အခြေအနေ၌ ရှိနေ၍ “ထန်းသီးကြွေခိုက် ကျီးနင်းခိုက်” ဆိုသလို ဤပြဿနာအမြန် ရှင်းပစ်လိုက်ခြင်း ဖြစ်သည်။

(၂) ပြည်မင်းသည် အလယ်နန်းမိဖုရားက ဖွားလျက် သားတော်တို့တွင် အကြီးဆုံးဖြစ်၏။ ခမည်းတော် ရွှေဘိုသို့ထွက်၍ နောင်တော်ကို တော်လှန်ရာတွင် ပြည်မင်းက အကြီးဆုံး စစ်ဗိုလ်မှူးတာဝန်ကို ထမ်းဆောင် တိုက်ခိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၃) ပခန်းမင်းမှာ အလယ်နန်းဖွားပင် ဖြစ်၍ ပြည်မင်း၏ ညီတော်ရင်းဖြစ်သည်။ သူသည်လည်း တော်လှန်ရာတွင် ဧရာဝတီမြစ် အနောက်ဘက်စစ်ကြောင်းမှ စစ်ကိုင်းမြို့ကို ချီတက် သိမ်းပိုက်ခဲ့သည်။ နောင်တော် ပြည်မင်း ပြီးလျှင် သူသည် နန်းရံ ဖြစ်ထိုက်သူဟု ယူဆရမည်ပင်။

(၄) ပုဂံမင်းမှာ တောင်နန်းစံ မိဖုရားခေါင်ကြီး၏ သားတော်ဖြစ်၍ ဂုဏ်အဆင့်အတန်းမြင့်သော မင်းသား ဖြစ်သည်။ ပြည်မင်းထက် ၂ နှစ် ငယ်၏။ သို့သော် သူ့၌ ကျောက်ရူးရောဂါ ရှိ၏။ သူ၏ ဝါသနာမှာလည်း ကြက်၊ ငှက် မွေးမြူကာ တိရစ္ဆာန် တိုက်ပွဲများ၌ စွဲလမ်းသဖြင့် မှူးမတ်များက ထီးနန်းနှင့် မထိုက်တန်ဟု ယူဆကြ၏။

(၅) မင်းတုန်းမင်းမှာ တောင်ဆောင်တော် မိဖုရားမှ မွေး၍ နန်းရမိဖုရား မဟုတ်သောကြောင့် တစ်ဆင့်နိမ့်သော အခြေ၌ ရှိနေ၏။ သို့သော် သူသည် ဖြောင့်မှန်တည်ကြည်သော ဂုဏ်သတင်း ရှိ၏။

(၆) ကနောင်မင်းမှာ မင်းတုန်းမင်း၏ ညီတော်ရင်း ဖြစ်သည်။

(၇) တရုတ်မော်မင်းသားမှာ ကိုယ်လုပ်တော်မှ ဖွား၍ အဆင့်နိမ့်၏။ လုပ်ရည်ကိုင်ရည် ရှိ၏။

သာယာဝတီမင်း၏ နန်းလျာသားတော်များ ဤအတိုင်း ရှိနေရာ ထီးနန်းလုပွဲမှာ သူတို့အတွင်း၌ မလွဲ ပေါ်ပေါက်ရမည် ဖြစ်ပေသည်။ အခြားသို့ ရှုမျှော်စရာ မလိုချေ။

စကြာမင်းကလေးကို ရေချ ဖျောက်ဖျက်ပြီးနောက် ပြည်မင်းသားသည် ထိပ်ဆုံးသို့ ရောက်ရှိနေ၏။ ထို့ကြောင့် သူ ဘာဖြစ်မည်နည်း။ ခံရမည်လား၊ စံရမည်လားဟု စောင့်ကြည့်ရန် လိုပေသည်။

သားတော်ကြီးဖြစ်၍ သူ့ကို ဘုရင်က “အစ်ကိုကြီး” ဟု ချစ်စနိုး ခေါ်သည်။ သာယာဝတီမင်း အောက်ပြည်သို့ မစုန်မီ ‘အစ်ကိုကြီးအတွက် အိမ်ရှေ့အိမ်တော် ဆောက်လုပ်စေ’ ဟု အမိန့်တော်ရှိ၏။ အိမ်ရှေ့မင်းတို့ စီးနင်းသော ဥဒေါင်း ကရဝိက်ဖောင်တော်ကို ပြည်မင်း စီးနင်းစေလျက် ရေတပ်မှူးအဖြစ် ရှေ့ဆုံးမှ ဦးဆောင်စေလေသည်။ ဘုရင်က အလယ်မှ ပြည်ကြီးမွန် ဖောင်တော်ဖြင့် လိုက်ပါတော်မူ၏။ ပခန်းမင်းသားက နောက်ပိုင်းရေတပ်ကို အုပ်ချုပ်လိုက်ပါ၏။

မိဖုရားခေါင် ကျပင်းမင်းသမီး အနေဖြင့် သူ့သားတော် ပုဂံမင်း ထီးနန်းရစေလိုက နေပြည်တော်သို့ ပြန်မရောက်မီ ပြည်မင်းကို တစ်နည်းတစ်ဖုံ ဖယ်ရှားပစ်ရပေမည်။ ဒဂုံမြို့၌ ၃ လကြာ စံနေပြီးနောက် အပြန်ခရီးတွင် မင်းဘူးသို့ ရောက်ရှိသောအခါ မိဖုရားခေါင်ကြီး စောင့်မျှော်နေသော အကွက်ကောင်း ကြုံရတော့သည်။ မင်းဘူးဆိပ်ကမ်း၌ တစ်ညအိပ် ရပ်နားမည်ဖြစ်ရာ ပြည်မင်းက ခွင့်ကြုံခိုက် ရွှေစက်တော်သို့ ညတွင်းချင်း သွားရောက် ဘုရားဖူးလိုသည်။ ဤတွင် နောက်မှဆိုက်မည့် ခမည်းတော်၏ ဖောင်တော်ကို စောင့်စားခွင့်ပန် မနေတော့ဘဲ မြင်းနှင့် အပြင်းနှင်လေသည်။ နံနက်တွင် အချိန်မီ ပြန်ရောက်ပါ၏။ သို့သော် မိဖုရားကြီးက ‘ရွှေစက်တော်သို့ ရှင်ဘုရင်လုပ်ရန် ဆုတောင်းသွားခြင်းပါ’ဟု ရှင်ဘုရင်သို့ ရွှေနားတော်သွင်းပြီး ဖြစ်နေလေ၏။ ပြည်မင်းကို ရှေ့ဆောင် ဗိုလ်မှူးမင်းသား အရာမှ နုတ်သိမ်းကာ ညီတော် ပခန်းမင်းသို့ အပ်၍ အကျယ်ချုပ်နှင့် လိုက်ပါစေသည်။

သို့လျှင် ပြည်မင်းမှာ “အသွားမတော် တစ်လှမ်း”ဟု သည့်အတိုင်း အိမ်ရှေ့နေရာမှ ပြုတ်ကျကာ မိဖုရားကြီး ထောင်ချောက်၌ အကွက်ဝင်သွား၏။

နေပြည်တော်သို့ ပြန်ရောက်သောအခါ ပြည်မင်းကို နာလန်မထူအောင် မိဖုရားကြီးက ဆက်လက်၍ အဆင်းတွန်းရန် ဖြစ်၏။ အစ်ကိုကြီးထံမှ မင်းသားကြီး အဆောင်အယောင်များကို မရုပ်သိမ်းချေ။ ပြည်မင်းသား၏ သားတော်များကိုပင် ဘုရင်က ရှင်ပြုပေးလေသည်။ မိဖုရားကြီး ကုန်းချောသမျှ မအောင်မြင်သည်မှာ ပြည်မင်း၏ညီတော် ပခန်းမင်းသားကြောင့် ဖြစ်သည်။ ထိုမင်းသားက ခမည်းတော်ထံ အဝင်အထွက် များလျက်၊ သူ၏နောင်တော်ဘက်မှ အမြဲ ရပ်တည်လျက် ရှိလေသည်။ ထို့ကြောင့် မိဖုရားကြီး၏ မြားဦးသည် ပခန်းမင်းသားဘက်သို့ လှည့်သွားသည်။

များမကြာမီ ပခန်းမင်းသားကလေး လေနာ၍ မထနိုင် ဖြစ်လေရာ ဘုရင်ကိုယ်တော်တိုင် သားထံ သွားရောက်ပြုစု၏။ ခမည်းတော်၏ ရင်ခွင်၌ပင် ညတွင်းချင်း ကွယ်လွန်သည်။ မိဖုရားကြီးက လူလွှတ်၍ အဆိပ်ခတ်ကြောင်း နန်းတွင်းသူအချို့ ကောင်းစွာ သိရှိရလေသည်။

ပခန်းမင်းသား မရှိသောအခါ ခမည်းတော်ရှေ့ နောင်တော်ပြည်မင်းပါ တစ်အား ဆုတ်ယုတ်သွားလေသည်။ ပုဂံမင်းနှင့် မယ်တော်တို့ အဖို့ကား တက်လမ်း ပိုမိုရှင်းလင်း သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က ပြည်မင်းနှင့် ပခန်းမင်း ညီနောင်တို့ကို လွတ်တက်မင်းသားကြီးများ အဖြစ် ခန့်အပ်ခဲ့ရာ များစွာ အဆင်ပြေခဲ့သည်။ ယခု ပခန်းမင်းလည်း မရှိ၊ နောင်တော် ပြည်မင်းလည်း ဒဏ်ခတ်ထားချိန်တွင် လစ်လပ်သော ထို နေရာသို့ ပုဂံမင်းနှင့် မင်းတုန်းမင်းကို ခန့်အပ်လိုက်ရလေ သည်။

မင်းတဲ အီကင်း၌ ရှင်ဘုရင်၏ရောဂါမှာ လျော့သည် မရှိဘဲ ပိုဆိုးလျက်သာ ရှိခဲ့ရာ အပါးတော်၌ မိဖုရားခေါင်ကြီး သာ နေခွင့်ရှိမြဲဖြစ်၍ "မီးလောင်ရာ လေပင့်"လုပ်၍ ကောင်း ချိန် ဖြစ်၏။ ဘုရင်က စိတ်မနှံ့ဘဲ လက်နက်ကိုင်ကာ ရမ်း ကားနေသဖြင့် သားတော်များဖြစ်သော ပြည်မင်းနှင့် တရုတ် မော် မင်းသားတို့က ခမည်းတော်ကို တစ်နည်းတစ်ဖုံ ချုပ် ကိုင် ထိန်းသိမ်းကြရသည်။ ပုဂံမင်းက ထိုသို့ ခမည်းတော်ကို အုပ်ထိန်းရာတွင် ပါဝင် ကူညီသင့်ပါလျက် ရှောင်နေ၏။ ထိုနောက် ချုပ်ကိုင်သူ မင်းသားနှစ်ပါးကို ထီးနန်းလုသူများ ဟု အလစ်တွင် ခမည်းတော်ကို ကုန်းချော လျှောက်တင်လေ သည်။

မိဖုရားကြီးက အနောက်နန်း မမြကလေးကိုလည်း မရှုဆိတ်သည်မှာ ကြာလေပြီ။ ဘုရင်ကို ဂီတနှင့် ဖြေဖျော် ဖော်ရ၍ မမြကလေး အဆောင်တော်၌သာ အနေများခဲ့သည် မဟုတ်လော။ ထို့ကြောင့် ယခုလို အခွင့်သာချိန်တွင် မြ ကလေးကို ပြည်မင်းနှင့်အတူ ရောနှောသုတ်သင်ရမည် ဖြစ် လေသည်။ ထိုကိစ္စမှာ ယခုအချိန်၌ အလွန် လွယ်ကူ၏။ ဘုရင့်အမိန့်တော်ဟု ဆိုကာ ပုဂံမင်းမှတစ်ဆင့် ထုတ်ပြန် လျှင် ကိစ္စပြီးလေသည်။ ရှင်ဘုရင်ကို လျှောက်တင်စရာ မလိုချေ။ ရှင်ဘုရင်က ရူးသွပ်နေချေပြီ။ လျှောက်တင်လျှင် လည်း ဘာမှန်း မသိ၍ အပိုပင် ဖြစ်လေသည်။

သို့နှင့် ဘုရင့်အမိန့်ဟု ဆိုကာ ပြည်မင်းအိမ်တော်ကို ဝိုင်းလေသည်။ အလားတူ ဘုရင့်အမိန့်ဖြင့်ပင် မမြကလေး ကို ဖမ်းလေသည်။ ထိုနောက် မင်းတဲ အီကင်းမှ အမရပူရသို့ ပြန်ရွှေ့လာသောအခါ ဘုရင်ကို ကြေးပြာသာဒ် ခေါ် သံတိုင် များ ကာရံသော လှောင်အိမ်တွင် အထူး ဒရဝမ်ကုလား အစောင့်များနှင့် ထားလေသည်။ သူငယ်တော်များ သာလျှင် အတွင်းတော်သို့ ဝင်ရောက် ပြုစုခွင့်ရှိသည်။

တရုတ်မော်မင်းသားက ခမည်းတော်ကို ချုပ်ကိုင် ပေးသဖြင့် အမရပူရသို့ ပြန်လည် ပြောင်းရွှေ့ နေထိုင်နိုင်ခဲ့ ခြင်း ဖြစ်သည်။ ထိုဆောင်ရွက်ချက်မှာ ပုဂံမင်းထက် တစ်ပန်း သာသကဲ့သို့ ဖြစ်လေသည်။ ပုဂံမင်းက ဖခင်ကို ပြုစုရာတွင် မပါချေ။ ပြုစုဖော် မရဘဲ နေရာယူရန်သာ တတ်ပုံကို တစ်နည်းအားဖြင့် ပေါ်လွင်စေသည်။

ခမည်းတော် သတိလွတ်ကာ ဖြစ်ချင်တိုင်း ဖြစ်နေ သည်ကို သားများက ဝိုင်းဝန်း မထိန်းသိမ်း မစောင့်ရှောက လျှင် မည်သူက လုပ်သင့်သနည်း။ ထီးနန်းလုခြင်း မဟုတ် ပါချေ။ ခမည်းတော်ကို ပြုစုခြင်းသာ ဖြစ်၏။ ၁ [illegible]၏ ဝတ္တရားအတိုင်း ရွက်ဆောင်ခြင်း ဖြစ်၏။

အမရပူရမြို့သို့ ပြန်ရောက်ချိန်တွင် ခမည်းတော်က ပြည်မင်းအတွက် ရည်မှန်း ဆောက်လုပ်ခဲ့သော အိမ်ရှေ့ အိမ်တော်တွင် ပုဂံမင်းကပင် တက်နေလိုက်သည်။

များမကြာမီ ပြည်မင်းနှင့် သားတော် ၄ ပါး၊ မမြ ကလေးနှင့် မယ်တော် ဒေါ်အိတို့ကို ရှေ့ဆင့်နောက်ဆင့် စတေးလိုက်လေသည်။

နောက်တစ်နှစ် အကြာတွင် သာယာဝတီမင်း နတ် ရွာစံလေသည်။ မှတ်တမ်းတစ်ခု၌ သူ့ကို ခေါင်းအုံးနှင့် ဖိသတ်သည်ဟု ဆိုသည်။ သူက သားတော်ပြည်မင်းနှင့် အသံစွံ မမြကလေးတို့ကို ရှာစားလိုရာ မပေါ်လာ၍ တကြော် ကြော် အော်ခေါ်နေဟန် ရှိသည်။

ထို့ကြောင့် သူလည်း အသေဆိုး သေရသည်။ အလောင်းစည်သူမင်းကို သားတော်နရသူက ရွှေဂူကြီးဘုရား အတွင်း၌ ခေါင်းအုံးနှင့် ဖိသတ်ခဲ့သလိုပင် ဖြစ်၏။

တရုတ်မော် မင်းသားမှာ အဆင့်အတန်း နိမ့်သူ ဖြစ်စေကာမူ ခမည်းတော်ကို ပြုစုရာတွင် ပါဝင်ခဲ့၍ ပုဂံမင်း က မကျေမချမ်းနိုင် ဖြစ်နေခဲ့သည်။ ထို့ကြောင့် သူ နန်း တက်၍ တစ်နှစ်မျှ ကြာသောအခါ တရုတ်မော်မင်းသားနှင့် အပေါင်းပါ လူ ၁၀၀ ခန့်ကို မီးလောင်တိုက် သွင်းပစ် လိုက်လေသည်။

သို့လျှင် ပုဂံမင်း၏ တက်လမ်းအတွက် သူ့မယ် တော် အကူအညီဖြင့် နန်းလျာများကို တစ်ဦးပြီးတစ်ဦး ရှင်းလင်းသုတ်သင်ပုံတို့မှာ မှတ်သားဖွယ် ကောင်းလေသည်။ နောက်ဆုံး၌ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ အသက် မသေ ကျန်ရှိကြ၏။ သို့သော် သူတို့ကိုလည်း ပုဂံမင်းက နောက်ပိုင်းတွင် မသက်ာ၍ အပြစ်ရှာရာတွင် မင်းညီနောင် ရွှေဘိုသို့ ထွက်ပြေးကြရသည်မှာ ရာဇဝင်၌ အထင်အရှားပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရှင်ဘုရင်၏ ငှက်သဘင်

ပုဂံမင်း နန်းသက်သည် ၆ နှစ်မျှ ကြာခဲ့ရာ ဘုန်းကြီး၍ သက်ရှည်သောမင်းဟု မဆိုသာချေ။ သူ့လက်ထက်တွင် တိုင်းရေးပြည်မှုကို.မင်းညီမင်းသား မှူးမတ်များသို့ လွှဲထားပြီးလျှင် အပျော်အပါးမှု၊ တိရစ္ဆာန်တိုက်မှု၊ လက်ဝှေ့တိုက်မှု များတွင် မွေ့လျော်နေလေသည်။

အပျော်အပါး ပါပုံမှာ မဟာသင်္ကြန်သဘင်သည် နှစ်စဉ် ၃ ရက်ကြာမြဲ ဖြစ်သော်လည်း သူ့လက်ထက်တွင် ရက်ပေါင်း ၄၀ မှ ၄၅ ရက်အထိ ဆက်၍ ရေကစားတော်မူလေ့ ရှိ၏။ ဤကိစ္စ၌ ဘုရင်၏ အပြုအမူကို ပြည်သူတို့ကလည်း သဘောတူ လိုက်နာကြသည်။

တိရစ္ဆာန်တိုက်ပွဲများ၌ ဝါသနာပါပုံမှာ နံနက် မျက်နှာသစ်တော်မူပြီးလျှင် 'ယနေ့ မည်သည့်ပွဲများ ရုံထားပြီး အသင့် ရှိသလဲ'ဟု မေးလေ့ရှိ၏။ လူ လက်ဝှေ့ပွဲ၊ ဆင်ချင်းထိုးပွဲတို့မှ စ၍ သိုး၊ ဆိတ်၊ ကြက်၊ ငှက်၊ လိပ် စသည်တို့ကို ဖက်တွဲရုံထားပြီး အစုံပေါင်း မည်မျှ ရှိပါသည်ဟု အရာရှိတို့က တင်လျှောက်ကြရသည်။ မြို့တော်အနီး ဗုန်းအိုရွာမှ မူဆလင် ဘိုင်ဆပ်သည် ထိုကြက်ငှက် ရေးရာတို့၌ ကျွမ်းကျင်သဖြင့် ပုဂံမင်းက အမရပူရ မြို့ဝန်အဖြစ် ချက်ချင်း သူကောင်းပြု၏။

ဒဂုန်ခင်ခင်လေး၏ **ကျွန်းဦးတည့် သန်လျက်ခုံ** စာအုပ်၌ ဘိုင်ဆပ်အကြောင်း ဖော်ပြရာတွင်–

"ပုဂံမင်း၏ လူပျိုတော်များတွင် ကြက်၊ ငှက်၊ ချိုး၊ ခါ အကြောင်း ကျွမ်းကျင်သူ ဘိုင်ဆပ်ခေါ် ဇေဒဟာရီ ကုလား ကပြားကား အထူး မျက်နှာရသူ ဖြစ်သည်။ ကုန်းဘောင်ခေတ်ဦးကပင် ကုလား သုံ့ပန်းများ နေထိုင်ရန် ရွာတည်ပေးခဲ့သော ဗုန်းအိုးရွာသား ဖြစ်သည်။ ဘုရင်၏ အမြောက်အမှုထမ်းများမှ အပ ကျန်ရှိသော ထိုရွာသူရွာသားတို့သည် ချိုး၊ ခါ၊ ရေကြက်၊ ရေဘဲ၊ စာကလေးများကို ဖမ်းဆီး သတ်ဖြတ် ရောင်းစားခြင်းဖြင့် အသက်မွေးကြသည်။ ဆောင်းရာသီ၌ ပုရစ်များ ဖမ်းရောင်းသည်။ နွားမွေး နွားသတ်၊ ဆိတ်မွေး ဆိတ်သတ်ကာ အသက်မွေးသူများ ဖြစ်၏။

"မောင်ဘိုင်ဆပ်သည် ပုဂံမင်း၏လက်ရင်းတပည့် တစ်ဦးအဖြစ် တွင်ကျယ်လာခဲ့သည်။ မင်းအကြိုက်ကိုလည်း အလွန် အလိုက်သိ အကင်းပါးလှသည်။ သူက လူပါး လူလည် ဖြစ်၍ သူ၏နာမည်ကိုပင် စီးစီးပိုးပိုး တင်စီးထားပြီး ဖြစ်သည်။ **ဘိုင်** ဆိုသည်မှာ ဆရာ၊ **ဆပ်** ဆိုသည်မှာ အရှင်သခင်။ ထို့ကြောင့် ဘိုင်နှင့်ဆပ် ပေါင်းသောအခါ "ဆရာသခင်"ဟု မြန်မာလို အဓိပ္ပာယ်ရ၏။ သူ့နာမည်ရင်းကို မည်သို့ရှိကြောင်း မည်သူမျှ မသိခဲ့ကြ။ တကယ်ဆိုလျှင် သူ့နာမည်ရင်းသည် အီစွပ် သော်လည်းကောင်း၊ မာမွတ် သော်လည်းကောင်း၊ ဒူလဇစ် သော်လည်းကောင်း များစွာသော ကုလားနာမည်များမှ တစ်ခုခု ဖြစ်ရမည်သာ။ ဘယ်မျှ လူလည်ကျလိုက်ပါသလဲ။

"ပုဂံမင်းသည် မင်းသားဘဝမှ စ၍ ကြက်၊ ငှက်များကို အိမ်ငယ်အသီးသီးနှင့် မနည်းလှအောင် မွေးမြူထားတတ်သည်။ မကြာခဏ တောတန်းသို့ထွက်၍ ကြက်ဖမ်း၊ ခါဖမ်းအမှုကို ပြုတတ်သည်။ ထိုမှ ဖမ်းမိသော ချိုး၊ ခါများကို မကြာခဏ တိုက်ကစားလေ့ ရှိသည်။ အထူးအဆန်း တိရစ္ဆာန် တိုက်ပွဲများလည်း အတော်နွှဲ၍ ပျော်ပွဲ ပြုလုပ်တတ်သည်။ ကြက်ချင်း တိုက်ရုံသာမက လိပ်ချင်းလည်း တိုက်၏။ တိုက်ပွဲအတွင်း ထန်းရည်ခါးများလည်း ရောင်းကောင်းလှသည်။ ပရိသတ်များ တိုးမပေါက်အောင် ရှိတတ်သည်။

"ဒါတွေကို ခမည်းတော်မင်းတရားကြီး နားသို့ ပေါက်ကြားအောင် မည်သူမျှ မလျှောက်တင်ဝံ့ကြပါ။ ပုဂံမင်းကလည်း ပြောင်ကျကျ လုပ်ဝံ့သည်တော့ မဟုတ်ပါ။ သိုသိုသိပ်သိပ် ကျိတ်၍ လုပ်လာခဲ့ခြင်း ဖြစ်သည်။ သူ့အတွေး၊ သူ့ရည်ရွယ်ချက်မှာ တစ်နေ့ ငါ ရှင်ဘုရင် ဖြစ်ခဲ့လျှင် ဒါမျိုးတွေ တဝကြီး လုပ်ပစ်လိုက်မည်။ တိုင်းပြည်အုပ်ချုပ်ရေးကို လွှတ်တော်ဝန်ကြီးတွေနှင့် လွှဲထားရင်ပြီးတာပဲ ဟူသော အတွေးအခေါ် ရှိခဲ့သည်။

"သူ နန်းတက်ပြီးနောက် နံနက်တိုင်း ရှင်ဘုရင် ဝါသနာပါရာ အကြောင်းကို မေးပြီးမှ 'အရေးကြီးသော နိုင်ငံမှုများ ယနေ့ ရှိသလား၊ ညီလာခံထွက်ရန် လိုသေးလား' ဟု မိန့်ဆိုရာ ယောက်ဖတော် မင်းသား မောင်ကျောက်လုံးနှင့် အတွင်းဝန် ဦးပွားတို့က အခြေအနေအရ အကြောင်းရှိပုံ မရှိပုံ တင်လျှောက်ရသည်။

"ဘုရင်၏ယောက်ဖ အနေဖြင့် မင်းသား အဆောင်အယောင် ရရှိခဲ့သော မောင်ကျောက်လုံးမှာ အပျော်အပါး ကိစ္စတို့ကြောင့် သမိုင်းတွင်သူ ဖြစ်သည်။ သူ၏ အ[illegible] အတန်းတို့၌ သေရည်သေရက်နှင့် အခြား ဒုစရိုက်[illegible]များ



www.burmeseclassic.com

www.burmeseclassic.com



ထည့်သွင်း ပါဝင်စေသည်။ ညစ်ညမ်းသော ကဗျာများလည်း စပ်ဟပ်တတ်၏။

"မောင်ကျောက်လုံး၊ ဦးပွားနှင့် မြို့ဝန် ဘိုင်ဆပ်တို့မှာ ပုဂံမင်း၏ ထိပ်တန်းလက်ရုံးတော်ကြီးများ ဖြစ်သည်။ သူတို့သာလျှင် အတွင်းတော်သို့ ဝင်နိုင်၍ အခြား မှူးကြီးမတ်ကြီးတို့မှာ ညီလာခံအဆောင်မှ စောင့်နေကြရသည်။ အတန်ကြာသော် ဦးပွားအိမ်မှာပင် ညီလာခံလုပ်သော အစဉ်အလာ ဖြစ်လာ၏။ မင်းတုန်းမင်းသားနှင့် မက္ခရာမင်းသား စသော လွှတ်တော် အရာရှိကြီးများသာလျှင် လွှတ်တော် စည်းဝေးကြလေသည်။ မည်သည့် အရာရှိ မဆို ဦးပွားထံ ခစားရာ မပါလျှင် နိုပ်စက်ခံရ၏။

## မလျှောက်ဝံ့ကြ

ဝန်ထောက်တစ်ဦးနှင့် နာခံတော်တို့သည် ဘောမဲ့ တောင်သမန်အင်းထဲမှ ငါးကို ဖမ်းသည် ဆိုကာ ဦးပွားက တင်လျှောက်လျှင် ဘုရင်က ရာထူးချသည်သာမက ထောင်သို့ ပို့စေသည်။ ဦးပွားနှင့် ဦးကျောက်လုံး အမိန့်တော် ပြန်သမျှ ခံရသည်သာ များ၏။

မင်းညီမင်းသားနှင့် စပ်သော အမှုကို လွှတ်တော်၊ ဗြဲတိုက်တော်တို့က မစစ်ဆေးရဘဲ ပုဏ္ဏားဝန်နှင့် တောင်စားဝယ်ဖိုလ်တို့က စစ်ဆေးရသည်။ ၎င်းတို့က လက်သုံးတော်များသို့ လွှဲအပ်ပြီးလျှင် သတ်ပစ်သည်။ ပြည်မင်းနှင့် မမြဲကလေး သားအမိတို့မှာ ဤနည်း ခံကြရသည်။ ထိုအချိန်ကမူ ရှုံးသွပ်နေသော ဘုရင်၏ အမိန့်ဟုဆိုကာ ပုဂံမင်းသားက အမိန့်တော်ပြန်သည်။ [မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ တတိယတွဲ]

## မြို့ဝန်မင်း ဘိုင်ဆပ်

ပုဂံမင်း နန်းတက်သော ၁၂၀၈ ခုဦးပင် တောလိုက်မုဆိုး ဘိုင်ဆပ်သည် အမရပူရ ရွှေမြို့တော်ဝန် ဖြစ်လာ၏။ နန်းမြို့တွင်း၌ ချိုး၊ ခါ၊ သိုး၊ ဆိတ်၊ လိပ် စသော တိရစ္ဆာန်တိုက်ပွဲများ ကျင်းပရန် ကန်များ၊ မြောင်းများကို ပါရဂူ ဘိုင်ဆပ်က ကြီးကြပ် ဆောက်လုပ်ပေးရာ ထိုနေရာများ ယနေ့တိုင် ကျန်ရှိ ရှုမြင်နိုင်၏။ ရှင်ဘုရင်က အမတ်တို့နှင့် အလောင်းအစားလုပ်ရာတွင် ဘိုင်ဆပ်က ရှင်ဘုရင်ဘက်မှ နိုင်ရာနိုင်ကြောင်း ထင်ကြေးများ ပေးနိုင်သဖြင့် မြို့ဝန်၏ သြဇာ ကြီးမားလာ၏။ ရှင်ဘုရင်က ကြက်တိုက်နေစဉ် ဘိုင်ဆပ်က ထင်ရာစိုင်း၏။

သူ့တပည့် လူမိုက်များကို ဘိုင်ဆပ်က ရာထူးနေရာ ကောင်းများ ပေးထားပုံမှာ (၁) မြို့စာရေး မောင်ပိန်၊ (၂) တံခါးနိမှူး ရွှေဘော်၊ (၃) ဈေးခေါင်း ငမှုံ၊ (၄) ထန်းခေါင်း ငရှင်ကလေး စသည်တို့ဖြစ်၏။ ပြည်သူလူထုထံမှ စီးပွားရေး တောင့်တင်းသူတို့ကို အမှုဆင်ကာ ဘိန်းထုပ်ပစ်၍ ဖမ်းခြင်း စသော လုပ်နည်းများ အမြဲကျင့်သုံး၏။ ငွေပေးမှ လွှတ်၏။ အမှုကြီးငယ်အလိုက် တံစိုးလက်ဆောင် မည်ရွေ့မည်မျှ ပေးနိုင်လျှင် လွှတ်စေ ဟူ၏။ ထို့ကြောင့် နေပြည်တော်တွင် ဘိုင်ဆပ်နှင့် ပတ်သက်၍ မကြာခဏ စာချိုးကြပုံမှာ–

မျိုးနွယ်မတူ၊ ဘယ်က လူ\
ပြည်သူပွက်အောင် ထားပါလိမ့်။\
ချိုးကြက်တည်ရာ၊ တွေ့ခဲ့ပါ\
ပြည်တော် ဘယ်သာမှာပါလိမ့်။

ဘိုင်ဆပ်အဖွဲ့က မြန်မာအမျိုးသမီးများကိုလည်း မှန်မှန်ဖျက်ဆီးနေကြသဖြင့် အမရပူရသူတို့မှာ သတိနှင့်နေရ၏။ အချို့ မြို့တော်မှ ရှောင်တိမ်းကြရသည်။

အမရပူရ၊ ပြည်ဌာန\
သည်အလှ ခက်တယ်။\
ကုလားက အားရမှ\
လွှတ်တော်မှုတယ်\
မလွတ်သူ ရေးကံအကြောင်း။

ဘိုင်ဆပ်က ဆလံသရသူမှာ ပုဂံမင်း၏ ယောက်ဖတော် မင်းသား မောင်ကျောက်လုံးပင်တည်း။ ဘိုင်ဆပ်အဖွဲ့၏ ကာမသောင်းကျန်းမှုကို လက်စားချေသည့် အနေဖြင့် မောင်ကျောက်လုံးက ဘိုင်ဆပ်၏ သမီးကိုပင် မရအရ ချိုင်၏။ ခဲရာခဲဆစ် ကြံစည် ကျင့်ကြံရခြင်း ဖြစ်လေသည်။ ထိုကိစ္စကို ဘုရင်သို့ တိုင်မည်မလွဲ ဖြစ်၍ မောင်ကျောက်လုံးက သူ၏အစ်မတော် မိဖုရားခေါင်ကြီးသို့ ဦးအောင် ကပ်ရပ် လျှောက်တင်ထား၏။

ဘိုင်ဆပ်က သူ့သမီး အမှုကို တင်လျှောက်ရန် ညီလာခံသို့ ဝင်လာသောအခါ ပုဂံမင်းကပင် စတင် မိန့်ဆိုတော်မူသည်ကား 'အမယ်.... မောင်ကျောက်လုံးရဲ့ ယောက္ခမကြီးကလည်း အခစား နောက်ကျလှချည့်လား' ဟူ၍ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘိုင်ဆပ်မှာ "ဘူးလေးရာ ဖရုံဆင့်" သကဲ့သို့ များစွာ အခံရ ခက်စွာနှင့်ပင် သူ့သမီးကို မောင်ကျောက်လုံးအား ဆက်သလိုက်ရလေသည်။

ဘိုင်ဆပ်၏ လက်ထောက် မြို့စာရေး ငပိန်က တောင်သမန်အင်းကို ဖြတ်ကူးသော သစ်သားတံတားကြီးကို ဆောက်လုပ်ခဲ့သည်မှာလည်း ငွေကြေး စိုက်ထုတ်ခြင်း၊ စေတနာ အရင်းခံခြင်း ရှိဟန် မတူချေ။ စစ်ကိုင်းနှင့် အင်းဝ အရပ်တို့ရှိ နန်းတော်ဟောင်းများမှ သစ်များကို အခမဲ့ ဖျက်ယူကာ တံတားဆောက်ခြင်း ဖြစ်၏။ တောင်သမန် တစ်ဖက်တွင် ကုလားအများ နေထိုင်ကြသည် ဖြစ်၍ ဘိုင်ဆပ်တို့က ရွှေမြို့တော်တွင် အာဏာသိမ်းလိုသောအခါ အလွယ်တကူ ထိုတံတားမှ လာရောက် ကူညီနိုင်ရန် ဖြစ်သည် ဆို၏။ [**၁၉၅၆ ခု ဩဂုတ်လထုတ် ယဉ်ကျေးမှုစာစောင်တွင် စမ်းယု အောင်က ထိုသို့ပင် ရေးသား၏။**]

နောက်ဆုံး၌ သူ့တပည့် မောင်ပိန်ကပင် ဖော်ကောင် လုပ်၍ ဘိုင်ဆပ် ကျဆုံးသောအခါ စာချိုးပြန်သည်မှာ–

ဘိုင်ဆပ်ကို ငပိန်မွေလို့<br>
သေပစေ သည်မျက်ပြဲ<br>
လူတိုင်း ကော်လို့ဆဲ။

*

၁၂၁၄ ခု၊ အမရပူရမြို့ကို ကနောင်မင်း၏ တပ်များက ရက်ပေါင်း ၄၀ ဝိုင်းထားပြီး ကျဆုံးချိန်တွင် ဦးပွား ကွပ်မျက်ခံရလေသည်။ မြို့ဝန်ဘိုင်ဆပ်ကား ရမ်းကားလွန်းသဖြင့် ထိုအချိန် မတိုင်မီကပင် ပုဂံမင်းကိုယ်တိုင် ကွပ်မျက်စေ၏။ မြို့ဝန် မကောင်းကြောင်းကို ဘုရင်ထံသို့ မည်သူမျှ မလျှောက်ဝံ့သဖြင့် သမာဒေဝ နတ်များက အိပ်မက်ပေးရသည့် အဖြစ်မျိုး ကြုံခဲ့ရသည်။

၁၁၁၃ ခု သီတင်းကျွတ်လဆုတ် ၅ ရက်ည၌ ပုဂံမင်း စက်တော်ခေါ်စဉ် စလေမြို့စား ဝန်ကြီးသည် ဝတ်ဖြူ စင်ကြယ်နှင့် ခြေတော်ရင်းသို့ လာပြီးလျှင် 'တိုင်းပြည်ကို ကြည့်ရှုတော်မူပါ'ဟု လျှောက်၏။ 'မည်သို့ ကြည့်ရှုမည်နည်း' ဟု မေးတော်မူရာ 'မြောက်စမုတ်တော်တွင် ရုပ်စုံပွဲခံ၍ ကြည့်တော်မူလျှင် သိတော်မူပါမည်'ဟု လျှောက်သည်တွင် ဘုရင် နိုးတော်မူ၏။

ထို့ကြောင့် အိပ်မက်အရ မြောက်စမုတ်၌ ရုပ်စုံပွဲခံ၍ ကြည့်တော်မူရာ မြို့ဝန် ငဘိုင်ဆပ်၏ ကျူးလွန်မှုများ ပေါ်လာလေသည်။ နန်းတွင်း၌ အနောက်ဆောင်ခေါ် မိဖုရားနှင့် အပျိုတော်များ နေထိုင်ရာသို့ ဘုရင်မှအပ မည်သည့် ယောကျ်ားမှ ဝင်ထွက်ခွင့် မရှိသည်ကို ဘိုင်ဆပ်နှင့် သူ၏ စာရေး ဦးပိန်တို့က အကွက်ဆင်ကာ ကျူးကျော်ဝင်ထွက်လျက် နန်းတွင်းစဉ်လာကို ချိုးဖောက်လေသည်။ အကျဉ်းထောင်၌ ကျရောက်နေသူ မိနှစ်အား မြို့ဝန်က လွှတ်လိုက်ပြီးနောက် နန်းတော်၌ စကားမိဖုရားထံ အဝင်အထွက် လုပ်စေသည်။ ထိုနောက် မိနှစ်က နန်းတွင်းမှ ငွေဖလား ခိုးယူမှု ဖြစ်ပွား၏။

ထို့နောက် အမှုစစ်ချက်အရ နန်းတွင်း၌ စစ်ဆေး ဖမ်းဆီးစရာ ရှိသည်ဆိုကာ အနောက်ဝန်အား လည်းကောင်း၊ ရှင်ဘုရင်အား လည်းကောင်း ခွင့်ပန်ခြင်းမရှိဘဲ အနောက် မိဖုရားဆောင်များကို ဘိုင်ဆပ်က သူ့သဘောအရ ဝင်ထွက်ကာ မိန်းမများကို ဖမ်းဆီးသည်။ ဘုရင် ပွဲကြည့်တော်မူရင်း ထိုကိစ္စကို ကြားသိတော်မူရာ ဘိုင်ဆပ်နှင့် ငပိန်တို့ကို ခေါ်ယူ စစ်ဆေးရာ မတိုင်မကြားဘဲ အနောက်ဆောင်သို့ ဝင်ရောက်ကြောင်း ထွက်ဆိုသည်။ ထိုမှစ၍ ဘိုင်ဆပ်၏ မကောင်းမှုများ တသီတတန်း ပေါ်လာသဖြင့် သူနှင့်ငပိန်တို့အား ကွပ်မျက်တော်မူရ၏။ ဘိုင်ဆပ် မြို့ဝန်လုပ်သည့် အတွင်း လူ ၃၀၀၀ ခန့် ညှဉ်းပန်း သတ်ဖြတ်ခဲ့သည်။ သူနှင့်အတူ ဆိုးသွမ်းရာ၌ ပါဝင်သော တံခါးနိမ့်မှူး ငရွှေဘော်နှင့် ဈေးခေါင်း ငမှုန် စသည်တို့ကိုလည်း တစ်ပါတည်း ကွပ်မျက်၏။

## မြို့လုံးကျွတ် အလှူတော်

ပုဂံမင်း၌ ချို့ယွင်းချက်များ ရှိစေကာမူ သူသည် "လှေ့လှေ့ ရမ်းရမ်း ပေးကမ်းစွန့်ကြဲတတ်သည်"ဟု ရာဇဝင် ဆရာတို့ မှတ်ချက်ချ၏။ ဤအတိုင်းကား မှန်ပေသည်။

အမရပူရ နေပြည်တော်၌ လူဦးရေ တစ်သိန်း နှစ်သောင်းကျော် ရှိရာ ၁၂၁၄ ခုနှစ်က သူ အလှူပေးရာ၌ ထိုသူတို့ တစ်ဦးမကျန် ဝတ္ထုပစ္စည်းများ ရရှိကြ၏။ တောင်ဥယျာဉ် စံနန်းတော်တွင် တော်သလင်းလဆန်း ၇ ရက်က စတင် ကျင်းပသော အလှူတော်တွင် ဦးစွာ လွှတ်တော်ဝန်ကြီးများနှင့် အရာရှိ မိသားစုများ၊ စုစုပေါင်း ၁၅၀၀၀ ကို ဖိတ်ခေါ်ကာ အောက်ပါ ပစ္စည်းများ ဝေ၄၏။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁။ | ပိုးပုဆိုး (ထည်ရေ) | ၁၁၆၃၀ |
| ၂။ | ခေါင်းပေါင်း (အုပ်) | ၁၁၅၅၆ |
| ၃။ | ပိုးထဘီ | ၁၅၈၄ |
| ၄။ | အင်္ကျီ (ထည်ရေ) | ၄၅၄၆ |
| ၅။ | ပဝါ (ပလေကတ်) | ၁၅၄၆ |

နေပြည်တော်ရှိ ပုဏ္ဏားများကိုလည်း ဖိတ်ခေါ်ကာ ၁၀၈၉ ဦးတို့အား ပေးကမ်းသည်မှာ–

| | | |
|---|---|---|
| ၁။ | ပုဆိုး (ပိတ်) | ၁၀၈၉ |
| ၂။ | စံပယ်တင် | ၁၀၈၉ |

တော်သလင်းလဆန်း ၁၀ ရက်နေ့၌ လှူဒါန်းသည်ကား–

*နေပြည်တော် ၁၂၉၇၀ (လူကုန်)*

| | |
|---|---|
| ပုဆိုး (ထည်ရေ) | ၁၁၆၈၂ |
| ခေါင်းပေါင်း (အုပ်) | ၁၁၅၁၄ |
| ခေါင်းပေါင်း (ထည်) | ၄၃၅၄ |
| စပ်ထဘီ (ထည်) | ၃၁၆ |
| အင်္ကျီ (ပိတ်) | ၁၅၇၇၃ |
| အင်္ကျီ (ပင်နီ) | ၈၅၁ |
| အင်္ကျီ (ဇင်ပိတ်) | ၈၃၆ |
| တဘက် (ထည်) | ၁၈၉၆၁ |
| ပဝါ (ပိုင်ရေ) | ၁၇၀၄၅ |
| ပဝါ (ပလေကတ်) | ၂၅၈၀ |
| သာပါ (အုပ်ရေ) | ၃၇ |
| ဆာပါ (ပိုင်ရေ) | ၁၁၃ |
| သက္ကလတ် (ထည်ရေ) | ၃၈ |
| အင်္ကျီ (သရက်ထည်) | ၉၁ |
| ကတ္တီပါအင်္ကျီ (ထည်ရေ) | ၁၀၀ |
| ဂါဂရာ (သရက်ထည်) | ၁၀၃ |
| ပိတ် (ကိုယ်ရုံ) | ၇၄၃ |
| ပိတ် (ပုဆိုး) | ၁၀၈၉ |
| စံပယ်တင် (ထည်ရေ) | ၁၀၈၉ |
| ရွှေနားတောင်း (ရန်စုံ) | ၉၂ |
| ရွှေပန်းတောင်း (ကုံးရေ) | ၁၀၁၁ |
| ဒင်္ဂါး (ပြားရေ) | ၁၈၁၇၀ |
| ငွေ (ခွက်ရေ) | ၁၄၄၈၅ |
| ငွေသားချိန် (ပိဿာ) | ၃၆၉၈ |
| ကွမ်းအစ် (လုံးရေ) | ၁၉၁၆၅ |
| ပန်းကန် (လုံးရေ) | ၁၄၅၆၁ |
| ထည်ရေ စုစုပေါင်း | ၁၆၂၅၄၈ |

ကြံကြိုက်ခဲ့သော ထိုမြို့လုံးကျွတ် မီးခိုးတိတ် အလှူတော်ကြီးကို ထိုလဆန်း ၁၄ ရက်၌ သံဃာတော် ၃၀၀ ပါး ဆွမ်းကျွေးပြီး တရားနာကာ နိဂုံးချုပ်သည်။

*

## [၆] ချစ်သမျှကို စေတီ

တစ်ဦးနှင့်တစ်ဦး ချစ်စေကြောင်း
တောင်းဆုပြုမယ်လေ။
မောင်ရေ၊ အာကာနန်းဖွေ လျှမ်းပနေ
စန်းလသော်တာ မောင်သာဖြစ်ရင်လေ
မေ အမြဲ မောင့်အနားဆီက မသွေ
တစ်ဖဝါးမှ မခွာချင်ပါပေ
လေဝယ် ပြေးကစား
ငွေကြယ်ကလေးများ ဖြစ်ပါရစေ။

အထက်ပါ ချိုပြုံး သီဆိုသော သီချင်း (ဝါ) **ဘဝချင်းဆုံပါရစေ** သီချင်း၌ "အကယ်၍ မောင်သည် ငွေလမင်းကြီး ဖြစ်ပါက မေသည် မောင့်အနီးအနားတွင် အမြဲတစေ ပါရှိသော ငွေကြယ်ကလေး ဖြစ်ပါရစေ"ဟု ဆုတောင်းမည် ဆိုလေသည်။

ထူးဆန်းသည်မှာ ထို ချိုပြုံး ဆုတောင်းအတိုင်း မန္တလေးမြို့နယ်တွင် တည်ဆောက်ရုပ်လုံးဖော်ပြီး စေတီ တစ်ဆူ ရှိနေပေသည်။ ဖောင်းကလော ကန်ထိပ်တွင် သာယာဝတီမင်း တည်ခဲ့သော "လောကစူဠာမဏိ" ပုထိုးတော်ကို ရည်ညွှန်းပါသည်။

တစ်ပြပတ်လည်ခန့် ရှိသော မဟာရံတံတိုင်းအတွင်း၌ အလယ်ဗဟိုတွင် မောင်၏(ဝါ)သာယာဝတီမင်း၏ စေတီတော်ကြီးသည် မားမားမတ်မတ် ရပ်တည်နေ၏။ ထိုစေတီပတ်လည်တွင် ထောင်လေးထောင့်၌ အမျိုးသမီးလေးဦးတို့ တည်ဆောက်သော စေတီရံ ၄ ဆူက ဗဟိုပုထိုးတော်ကြီးကို ဝိုင်းရံဝတ်ပြုလျက် ရှိနေကြသည်။ ပိုမိုထင်ရှားစေရန် ဇယားပုံစံကို အောက်ပါအတိုင်း ဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | ဘုရားဘွဲ့တော် | အလှူရှင် | တည်နေရာ |
|---|---|---|---|
| ၁။ | လောကစူဠာမဏိ | သာယာဝတီမင်း | အလယ်ဗဟို |
| ၂။ | မဟာတိလောက | မိဖုရားခေါင် ကျပင်းမင်းသမီး | အရှေ့တောင် |
| ၃။ | လောကပရမေ | စကြာဒေဝီ သမီးတော် | အရှေ့မြောက် |
| ၄။ | ရတနာလောက | မမြကလေး၊ အနောက်နန်း | အနောက်မြောက် |
| ၅။ | သုံးလူထိပ်ပန်း | ဗန်းမော်မိဖုရား၊ ဝေသာလီမင်းသမီး | အနောက်တောင် |

သာယာဝတီမင်းသည် ထိုစေတီတော်ကို ၁၂၀၀ ပြည့်နှစ်၊ အမရပူရမြို့၌ နန်းသစ်တည်ချိန်ကပင် ရွှေအုတ်မြစ် ချခဲ့သည်။ ထိုနှစ် တပေါင်းလဆန်း ၁၀ ရက်၌ ရွှေမြို့တော် ရှေ့မျက်နှာ ဇောင်းကလော ကန်ထိပ်တွင် စေတီတည်မည့် အရပ်၌ ပန်းသုန်းမှတ်တိုင်စိုက်ပြီးလျှင် အစောင့်အနေ ခန့် ထား၏။ ထိုလဆန်း ၁၄ ရက် သန်းခေါင်အချိန်တွင် စိုက်ထားသည့် မှတ်တိုင်က ပုတ်လုံးခန့် ကြီးစွာသော ဥက္ကာလုံး သဏ္ဌာန် ကောင်းကင်သို့ ပျံတက်၏။ မင်းတရားကြီးက ပညာရှိတို့အား မေးရာ မြစ်တော်အညွန့်တိုင်အောင် သာသနာ ၅၀၀၀ တည်အံ့သော နိမိတ်ကောင်း ဖြစ်ကြောင်း လျှောက်ထားကြ၏။

ထိုစေတီများ၌ ဌာပနာရန် မွေတော် ဓာတ်တော်တို့ကို ၁၂၀၅ ခု ဝါခေါင်လဆန်း ၁၄ ရက်တွင် အခမ်းအနား ကြီးစွာနှင့် ပို့ရသည်။

ဘုရင်မင်းမြတ်သည် ၁၂၀၅ ခု တပို့တွဲလဆန်း ၁၀ ရက်နေ့၊ နေ့ ၂ ချက်တီးကျော် အချိန်တွင် အမြောက်သံ ပေးလျက် ထီးတင်ပွဲ ကျင်းပ၏။ စက်ယန္တရား ကြီးကျယ်စွာ တပ်ဆင်ကာ ရွှေထီးအထွတ် တင်တော်မူသည်။ ထိုနောက် စေတီတော်၏ ချရားသီးကသည် ဖိနပ်ရင်း မြေသို့ တိုင် အောင် ရွှေဆိုင်း မွမ်းမံ ချလှူတော်မူသည်။

ထိုနှစ် တပို့တွဲလဆန်း ၁၅ ရက်နေ့တွင် ဘုရား အမှူးရှိသော သံဃာတော် ၁၀၈ ပါးတို့အား အဖိုးတန် သင်္ကန်း ပရိက္ခရာ၊ ကမ္ဗလာကော်ဇော စသည့် သီးမျိုးစုံ ပဒေသာပင် ၁၀၉ ပင်တို့ဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူ သည်။ 'အထက်တာဝတိံသာပြည်၌ ဗုဒ္ဓမြတ်စွာ၏ မယ် တော် မိနတ်သားကိုးကွယ်ရာ စူဠာမဏိစေတီတော် ရှိသကဲ့ သို့ အောက်လူ့ပြည်၌ စေတီတော်နှင့် အလားတူစွာ ငါကိုယ် တော်မြတ် တည်ထားကိုးကွယ်သော စေတီတော်ကို လောက စူဠာမဏိ တွင်စေ'ဟု သာယာဝတီမင်းက ကြေညာခဲ့သည်။

မြန်မာ ရှင်ဘုရင်တိုင်းလိုပင် မိမိ လက်ထက်တော် တွင် အဓိကရ ဘုရားတစ်ဆူ (အနည်းဆုံး)တည်ဆောက် လိုရာ သာယာဝတီမင်း အတွက်ကား ဤလောကစူဠာမဏိ သည်ပင် အဓိက ဖြစ်သည်။ ၅ နှစ်ကြာ အချိန်ယူကာ တည် ဆောက်ခဲ့သည်။

ထိုစေတီတည်ရာ၌ ဤလောကတွင် သူနှင့် ဘဝရေ စက် ဆုံသူများအနက် အမြတ်နိုးဆုံးဟု ဆိုအပ်သော အမျိုး သမီး ၄ ဦးတို့ကို ရွေးချယ်ကာ သူနှင့်တစ်ပါတည်း ဘုရား တည်ခွင့်ပြုသည်။ ထိုအခွင့်ထူး ရရှိသူများကား (၁) မိဖုရား ခေါင် ကျပင်းမင်းသမီး၊ (၂) သမီးတော် စကြာဒေဝီ၊ (၃) အနောက်နန်းမိဖုရား မမြကလေးနှင့် (၄) ဝေသာလီ မိဖုရား တို့ ဖြစ်၏။

ဝေသာလီမင်းက သူ၏ နမတော်ကို ဆက်သခဲ့ရာ ရတနာဒေဝီဘွဲ့နှင့် ဗန်းမော်မြို့ကို စားစေခဲ့သည်။ သာယာ ဝတီမင်းက မြန်မာမိဖုရားများနှင့် သမီးတော်တို့ကို ရွေးချယ် ပြီးနောက် တိုင်းတစ်ပါးမှ ဒေဝီတစ်ဦးကိုလည်း မမေ့မလျော့ တူညီသော အခွင့်အရေး ပေးခဲ့သည်ကိုလည်း ကျွန်ုပ်တို့က အမှတ်တရ သာဓုခေါ်ထိုက်ပေသည်။

ကျွန်တော်တို့ အနေဖြင့် တခြား တန်ခိုးကြီးဘုရား ပုထိုးများကို ဖူးမြော်ကြရာတွင် စေတီရံအများ ပတ်ချာလည် ဆောက်တည်ထားကြသည်ကို မြင်တွေ့ကြရစမြဲပင်။ သို့ သော် ဇောင်းကလော ဘုရားဝင်းအတွင်း၌ကား စေတီကြီး တစ်ဆူကို စေတီငယ် ၄ ဆူတို့ ဝိုင်းရံလျက် ရှိသည်မှအပ အခြား ဘာမှ အပိုမရှိပါချေ။ တံတိုင်း ၄ ထောင့်တွင် သုံးထပ် အုတ်တိုက်ကလေး ၄ ခု ထပ်ဆင့်တည်ထား၍ ပွဲတော်ချိန်



www.burmeseclassic.com

www.burmeseclassic.com



များ၌ စောင့်ရှောက်ရန် လွယ်ကူလေသည်။ အတွင်းအုတ်တံတိုင်းကို မှိုလျက် ပတ်လည်စကြံများလည်း အခိုင်အမာဆောက်လုပ်ထားသည်။ ထိုမှအပ ဗဟိုစေတီကြီးနှင့် စေတီ ရံ၄ ဆူတို့သာ ထင်လင်းစွာ သူ့နေရာနှင့် သူ ရပ်တည်နေပေသည်။

သာယာဝတီ မင်းသားဘဝက စလေဦးပုညသည် ကိုရင်ဝတ်ဖြင့် ဗေဒင် ဟောခဲ့ဖူးသည်။ 'တစ်နေ့သောအခါ ဒကာတော်သည် မင်းဧကရာဇ် အမှန် ဖြစ်လိမ့်မည်။ မြို့ ၃ မြို့ တည်ထောင်နိုင်မည်။ ကြီးကျယ်စွာသော စေတီ ပုထိုးတော်ကြီးများလည်း တည်ထား ကိုးကွယ်နိုင်လိမ့်မည်။ သားတော် မြေးတော်များ ထီးနန်း ဆက်ခံနိုင်လိမ့်မည်။ သို့သော် တူ သား မိဖုရားတို့ ပုန်ကန်ရန်အကြောင်း ရှိပါသည်'ဟု ဟောခဲ့သည်။

ဓောင်းကလော ဘုရားကြီး တည်ပြီးချိန်၌ ရှင်ပုညကို ပင့်ဖိတ်ကာ 'ကျွန်ုပ် ယခင်က ရှင်ပုည ဟောပြောခဲ့သော အကြောင်းအရာများကို ပြန်လည်သုံးသပ် ဝေဖန်မိသည်။ မင်းဧကရာဇ် ဖြစ်မည် ဆိုသည်လည်း မှန်ခဲ့ပြီ။ မြို့ ၃ မြို့ တည်ထောင်နိုင်မည် ဆိုရာတွင် ကျောက်မြောင်းမြို့၊ ရတနာပူရမြို့၊ အမရပူရမြို့များ မွမ်းမံနိုင်ခဲ့လေသည်။ စေတီပုထိုးများ တည်နိုင်မည် ဆိုရာ၌လည်း ဤဓောင်းကလောစေတီကြီး ပြီးစီး ထီးတင်နိုင်ခဲ့၍ အလွန် မှန်နေပါတော့သည်'ဟု ဝမ်းမြောက်စွာ မိန့်ဆိုခဲ့သည်။

မင်းတရားကြီးကပင် ဇာတာတော်ကို ဆက်လက်ဆန်းစစ်ရန် မိန့်ဆိုသဖြင့် 'ဗုဒ္ဓဟူးသား မင်းဧကရာဇ်သည် ရည်ညွှန်းသမျှ အောင်မြင်ပါမည်။ သားတော် တူတော်တို့ ပုန်ကန်ခြင်း၊ မိန်းမတို့ ဖောက်ပြန်ရှုပ်ထွေးခြင်းတို့ ကြုံရပါမည်။ သို့သော် သစ္စာမစောင့်သူများ မိမိတို့ ကံကြမ္မာအလျောက် လေကဲ့သို့ လွင့်စဉ် ပျောက်ပျက်ကြမည်။

'ယခု သက်တော် ၅၇ နှစ်အတွင်း၌ ဇာတာတော် ညှိုးနွမ်းခိုက်တွင် ရာဟုထောင့် အရပ်တွင် ယာယီ နန်းစံသင့်ပါသည်။ သက်တော် ၆၀ တွင် သာဓိနမင်းကဲ့သို့ တာဝတိံသာသို့ တက်ကိန်း ရှိကြောင်း' ဟော၏။

ထိုဘုရား တည်ပြီးချိန် ၁၂၀၅ ခုနှစ်ကား သာယာဝတီမင်း၏ အထွတ်အထိပ် အချိန်ဟု ခေါ်ဆိုသင့်၏။ အဘယ်ကြောင့်ဆိုသော် ဦးပုညက ဟောသည့်အတိုင်း မကြာမီပင် ဇာတာတော်ညှိုးနွမ်းကာ မန္တလေးဘက်ရှိ မင်းတဲအိကင်းရပ်သို့ ယာယီပြောင်းရွှေ့ နန်းစံတော်မူရသောကြောင့်တည်း။

၁၂၀၆ ခုနှစ်မှ စ၍ သာယာဝတီမင်းသည် သွေးပျက်သလို ဖြစ်လာသည်။ မျက်စိကြောင်လျက် စက်မပျော်ဖြစ်နေ၏။ ပွဲတော်တည်ချိန်တွင် လက်ဆေးရန် မေ့လျော့၏။ အစားအသောက် နည်းပါး၏။ အမြဲ ပြုံးသယောင်ရှိ၏။ လှံတိုတစ်ချောင်း ကိုင်ကာ အဆောင် ကူးနေတတ်၏။ လူတွေ့လျှင် 'ဟဲ့ မောက်လုံးလား၊ မောက်ပြားလား' ဟု မေးတော်မူတတ်၏။ ရိုသေစွာ ဒူးတုပ်၍ သူ့အား အလိုက်သင့် ဖြေကြားကြရသည်။ ပြေးပေါက်ကိုလည်း ကြည့်ထားရသည်။

ဝေဒနာ မရင့်သန်မီက သူသည် ဆေးဝါးမန္တရားကောင်းများ ရရှိထား၍ ဆာယာ ပိုမောက်ကာ ကိုယ်ပျောက်တော်မူနိုင်သည်ဟု ကြွားတော်မူ၏။

တစ်ကြိမ်က မမြကလေး၏ အနောက်နန်းဆောင်သို့ ဝင်၍ 'မိမိမောင်ကြီးမှာ ရှိန်းပြီးလို့ ကိုယ်ပျောက်နိုင်တယ်၊ မယုံလျှင် ရှုစမ်း'ဆိုကာ တောင်ရှည် ဝတ်လဲတော်စကို ခေါင်းမြီးခြုံပြီး တိုင်ကွယ်မှာ ဝင်ပုန်းနေတော်မူသည်။ ထိုအခါ မမြကလေးက အလိုတော်လိုက်၍ 'မောင်တော်ဘုရား ရုတ်တရက် ပျောက်သွားပါပြီ၊ မမြင်ရတော့ပါ ဘုရား။ သနားသဖြင့် ဖူးပါရစေ၊ ရွှေကိုယ်တော်ကို ပြတော်မူပါဦး ဘုရား' ဟု လျှောက်တင်လေမှ တဟားဟား သဘောကျကာ တိုင်ကွယ်မှ ထွက်တော်မူလာသည်။ 'မောင်ကြီး ဘယ်မှ မသွားဘူး၊ ဆေးတန်ခိုးကြောင့် နှမလေး မမြင်ရတာပါ'ဟု မိန့်ဆို၏။

တစ်ခါတွင်လည်း ထွက်တော်မူစဉ် ထီးတော်မိုး နေလုံအောင် မမိုးကောင်းလောဟု နေရာတွင်ပင် ကိုယ်တော်တိုင် ကွပ်မျက်တော်မူသည်။

နောက်တစ်ကြိမ် ထွက်တော်မူရာတွင် မင်းတရားကြီးက လမ်းဖြောင့်ဖြောင့် မကြွဘဲ အခုန်၊ အပျံ၊ အလွှားများ ပြုမူလေသဖြင့် ထီးတော်မိုးက နေလုံအောင် မမိုးနိုင်တော့အောင် ရှိနေ၏။ သို့သော် မင်းတရားကြီး ဖောက်ပြန်နေပြီကို သိသဖြင့် အလိုက်သိစွာဖြင့် မမြကလေးကဲ့သို့ အကြိုက်ကို လျှောက်တင်ရသည်မှာ 'ဘုန်းတော်ရှင်၏ ကိုယ်ပျောက်အတတ်ကြောင့် အရှင့်ကို မမြင်ရတော့ပါ ဘုရား၊ ထီးတော်အောက်၌ မတွေ့ရတော့ပါ ဘုရား'ဟု ဆိုကာ ဟိုဟိုသည်



www.burmeseclassic.com

www.burmeseclassic.com



သည် ရှင်ဘုရင်ကို ရှာဖွေဟန် ပြုရသည်။ ဤတွင်မှ ဘုရင်က သဘောကျတော်မူ၍ 'သည်မှာ ငါကိုယ်တော်မြတ် ရှိတယ်၊ မြင်စေ.... မောင်မင်း'ဟု မိန့်တော်မူလေသည်။ ထီးတော်မိုးကိုလည်း ဆုလာဘ်များစွာ ပေးတော်မူသည်။

တစ်ခုသော ညတွင် ဗိုလ်မောင်ဆိုင်ခေါ် ကျွန်ယုံတော်နှင့် မိန်းမစိုး ၂ ယောက်နှင့်အတူ အိမ်သာတော်သို့ သွား၏။ ဝင်တော်မူစဉ် နောက်ပါတို့က အပြင်မှ ရပ်လျက် ခစားရ၏။ ထွက်တော်မူလာသောအခါ စိတ်တော် ဖောက်ပြန်လာ၍ မိန်းမစိုး ၂ ယောက်ကို လက်ညှိုးညွှန်ကာ 'ဟောသည်မှာ ရန်သူတော်တွေပဲ၊ သင်းတို့ကို ကွပ်မျက်လေဟဲ့'ဟု မိန်းမစိုး တစ်ယောက်ကို ဘုရင်ကိုယ်တိုင် ဓားနှင့် ငါးကိုကြော်ရန် မွှန်းသကဲ့သို့ မွှန်းရာ ပွဲချင်းပြီး သေ၏။ အခြားသူကို ဗိုလ်မောင်ဆိုင်က မွှန်းစေရာတွင် သေဟန်ဆောင်သောကြောင့် အသက်မသေ ကျန်၏။

ဘုရင် ချာချာလည် စိတ်နောက်ကြောင်းကို အတိအလင်းပြောရန် ခက်နေသည့်အတွင်း "တောင်အင်းစား" ဆိုသူ ကျွန်တော်က သူ၏ အတွေ့အကြုံကို လွှတ်တော်ဝန်ကြီးတို့အား တိုင်ကြား တင်ပြသည်။ ထိုအခါမှစ၍ အချို့အရာရှိများ မမာဟန် ပြုသည်။ အချို့ မလွှဲသာသူများသာ အသက်စွန့်၍ ရှေ့တော်သို့ ဝင်ကြရ၏။

တောင်အင်းစားကို တစ်ညနေ၌ ဘုရင်က ခေါ်တော်မူကာ 'ငါ့ စံနန်းတော် အောက်မှာ ရှိသော ဝက်များကို ဝက်ကြီး တခြား၊ ဝက်ငယ် တခြား ထားရန် ဝက်ခြံ လုပ်စမ်းကွယ်၊ ခုအတိုင်းတော့ ဝက်ကြီးတွေက ဝက်ငယ်တွေကို ကိုက်လွှန်းလို့' ဟု မိန့်ဆို၏။

ထိုအချိန်က စံနန်းတော်အောက်တွင် ရှင်ဘုရင်ကိုယ်တော်တိုင် ပုဆိုး ခါးတောင်းကျိုက်၍ မျောက်မြီး ချပြီးလျှင် လှံကို တစ်ဖက်က ကိုင်ကာ ဝက်ကြီး တခြား၊ ဝက်ကလေး တခြား လိုက်၍ ခွဲနေသည်။ ထိုသို့ ခွဲရင်း မတ်တတ်ကပင် 'ဟဲ့ တောင်အင်းစား၊ နင် ဘာလုပ်သလဲ' ဟု မေးတော်မူ၏။

'ဝက်များ ခွဲခြားထားရန် ဝက်ခြံ လုပ်ရပါသည်'ဟု လျှောက်ရာ–

'သည်လို ခွဲရမည်ဟု မည်သူက ခိုင်းသလဲ၊ သည်လိုသာ ခွဲထားရင် ဝက်ကလေးတွေ နို့မစို့ရဘဲ နေလိမ့်မယ်'ဟု မိန့်တော်ရှိပြန်၏။

ရှင်ဘုရင်သည် နေဝင်မှ ဝက်ခြံထဲက နန်းတော်ပေါ်သို့ တက်သွားသည်။ တောင်အင်းစားက ဝန်ကြီးများကို ဤအကြောင်း တင်ပြရာမှ ပုဂံမင်းသားကို အိမ်ရှေ့လွှဲသည့်ဟန်နှင့် တိုင်းရေးပြည်မှုကို အိမ်ရှေ့မင်း အမိန့်နှင့် စီမံအုပ်ချုပ်ရသည်။ ထိုအခါမှ ချာချာလည် စိတ်နောက်မှန်း သိကြရသည်။ [ **မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ တတိယတွဲ** ]

*

ထိုအချိန်၌ ရှင်ဘုရင်၏ ဝေဒနာမှာ ဆုတ်ချည်တက်ချည် ဖြစ်နေသည်။ ရယ်ချင်လျှင် အတောမသတ်နိုင် ရယ်လျက်၊ ငိုချင်လျှင် ထိုနည်းပင် ဖြစ်နေသည်။ စိတ်တော် ဆိုးရွားချိန်၌ သူ့ကိုယ်သူ လုံးဝ မထိန်းနိုင်တော့ဘဲ ပြောချင်ရာပြော၊ လုပ်ချင်ရာ လုပ်လေတော့သည်။

ထိုနှစ်က အလယ်နန်းမိဖုရား၏ သားတော်အငယ် ပခန်းမင်းသား မောင်ဖေဖြူသည် ရတ်တရက် လေနာရောဂါနှင့် ညတွင်းချင်းပင် ခမည်းတော်၏ လက်ပေါ်၌ ကံကုန်တော်မူရှာလေသည်။ ရှောင်တခင် ကွယ်လွန်ခြင်းကြောင့် ရွှေနန်းထုံးစံအတိုင်း အခမ်းအနား မလုပ်ဆောင်ရတော့ဘဲ ရွှေခေါင်းနှင့်ထည့်၍ မင်းသား၏ အိမ်တော်ဝင်းအတွင်း ဂူသွင်းသဂြိုဟ် လိုက်ရလေသည်။ မင်းတရားကြီးမှာ ယူကျုံးမရပင် နန်းတော်သို့ ပြန်ဝင်တော်မူရသည်။

ယခင်က ပြည်မင်းသားနှင့် ပခန်းမင်းသားတို့ကို လွှတ်တော်မင်းသားကြီးများအဖြစ် ထားရှိခဲ့သည်။ မှူးကြီးမတ်ကြီးများနှင့် တွဲ၍ တိုင်းပြည်ပြဿနာ အရပ်ရပ်ကို ပြေလည်စွာ ရှက်ဆောင်ခဲ့ကြသည်။ ယခု ပခန်းမင်းသား ကွယ်လွန်ကာ ပြည်မင်းကိုလည်း ဒဏ်ခတ်ရချိန်၌ ပုဂံမင်းနှင့် မင်းတုန်းမင်းသားတို့ကို လွှတ်တက်မင်းသားများ အဖြစ် ခန့်အပ်လိုက်လေသည်။ ဤတွင် ချိုး၊ ခါ စသော ကြက်ငှက်တိရစ္ဆာန်တို့ကို ဖမ်းဆီးကာ တိုက်ပွဲများနှင့် ပျော်ပါးနေသော ပုဂံမင်းသားနှင့် သူ၏ တပည့်ကျော် ကုလားဒိန် မောင်ဘိုင်ဆပ်တို့ စခန်းထလာကြသည်။

ဒဂုန်ခင်ခင်လေး၏ **ကျွန်းဦးတည့် သန်လျက်ခုံ** စာအုပ်၌ ထိုအချိန်က ဖြစ်ရပ်များကို ဖော်ပြသည်မှာ–

"ဤတွင် သားတော်အကြီးဆုံး ပြည်မင်းသားအား ရွှေဘိုမင်းတရားက လွှတ်တက်မင်းသားကြီးတို့ နေရာတွင် ထပ်မံဖြည့်တင်းရန် ရှိစေကာမူ ဥပေက္ခာပြုထားတော်မူသော ကြောင့် မှူးမတ်များအဖို့ အားမလို အားမရ ဖြစ်ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြည်မင်းသားအား မင်းသား အဆောင်အယောင် မလျော့ စံနေရစေကာမူ လွှတ်တက်မင်းသား၏ အခွင့်အရေး တန်ခိုးအာဏာ ပြန်လည် မရခဲ့ခြင်းမှာ ပြဿနာတစ်ခု ဖြစ်နေပါသည်။ ပြည်မင်းသားအဖို့ မိမိထက် ငယ်ရွယ်သူ ညီတော်များကို လွှတ်တက်မင်းသားအဖြစ် မိမိကို ကျော်လွန် ခန့်ထား၍လည်း သူ့အဖို့ သိက္ခာကျမှန်း မသိ ကျနေလေသည်။

ပြည်မင်းသားကို ချစ်ခင်လေးစားသူ အပေါင်းအသင်းနှင့် တပည့် ကျေးကျွန်များကလည်း မချိသော နှလုံးဖြင့် အပြုံးမပျက် နေကြစေကာမူ ခမည်းတော်၏ စေတနာကို သံသယမကင်း ဖြစ်လာကြသည်။ ဤအတိုင်းပင် ဝန်ကြီး၊ မှူးကြီးမတ်ကြီးများကလည်း ပြည်မင်းသားကို ဥပရာဇာ ပြုထားခြင်းအတွက် တိုင်းရေးပြည်ရာ လွှတ်တော်တစ်ခွင်၌ အားအင် ချွတ်ယွင်းနေခြင်းကြောင့် အားမလိုအားမရ ဖြစ်ခဲ့ကြရလေသည်။ သို့သော် ဝေဒနာကြောင့် စိတ်တော် သာယာမှု မရှိသေး၍ သားတော်ကြီးကို မေ့လျော့ခြင်းလော။ သူ အလွန်မြတ်နိုး၍ 'အစ်ကိုကြီး' ဟုခေါ်လေ့ရှိသော သားတော်ကြီးကို သူကောင်းပြုမြဲ ပြုလိမ့်မည်ဟု မျှော်လင့်ချက်ကြီး တစ်ခုက လူတိုင်းတွင် ရှိနေခဲ့ကြပါသေးသည်။

မှန်လည်း မှန်ပါသည်။ ပြည်မင်းကို ခမည်းတော် လုံး၀ ဥပရာဇာ ပြုထားခဲ့သည် မဟုတ်ပါ။ ပြည်မင်းနှင့် ခဲပေါင်မင်းသမီးတို့၏ ရင်သွေး ၅ ဦးအနက် အကြီးဆုံး သားတော် ၂ ဦးကို မင်းတရားကြီးက ကြီးကျယ်ခမ်းနားစွာ ဆျောင်ထုံး နားထွင်းမင်္ဂလာပြုလျက် ရှင်သာမဏေဘောင်သို့ သွတ်သွင်း ချီးမြှင့်ခဲ့ပါသည်။ ကျန်ညီတော်များမှာ ၁၀ နှစ် အောက်တွင် သင်္ကန်းမနိုင်သေး၍ ချန်လှပ်ခဲ့ပါသည်”ဟု ရေးသားပါရှိသည်။

*

ထိုခေတ်က နေပြည်တော်ရှိ နိုင်ငံခြားသားတို့၏ မှတ်တမ်းများအရ သားတော်နှစ်ပါးတို့က ရှင်ဘုရင်ကို ချုပ်ကိုင်ကာ သူ၏ကိုယ်စား သင့်လျော်သော နန်းထိန်းအဖွဲ့နှင့် အုပ်ချုပ်ရန် စီမံခဲ့သည်။ ပထမ ထိုအစီအစဉ်ကို ကြိုးစားရွက်ဆောင်သူမှာ ပြည်မင်းသားဖြစ်၏။ ခမည်းတော်ကို နန်းချရန် မရည်ရွယ်ချေ။ သူ့အား ကောင်းစွာ ဆေးဝါးကုသရန် စီစဉ်ခြင်းသာ ဖြစ်သည်။ သို့သော် ခမည်းတော်ထံမှ ယာယီအားဖြင့် လက်နက်နှင့်အာဏာကို သိမ်းထားရန် လိုအပ်၏။

ပြည်မင်းက အကြီးဆုံးသားတော်အဖြစ် နန်းတော် ချောက်ချားနေသည်ကို မကြည့်နေဘဲ သူက ဦးဆောင်သင့်သည့်အလျောက် ခမည်းတော်ကို ချုပ်ကိုင်ကာ အခြေအနေကို အမှန်အတိုင်း သံတော်ဦးတင်လေသည်။ ဝေဒနာအလျောက် ယာယီ အစီအစဉ်သာ ဖြစ်ကြောင်း ဖွင့်ဟလျှောက်တင်သည်။ ဤတွင် ခမည်းတော်က စိတ်ကောင်းဝင်ချိန် ဖြစ်၍ 'ငါ မရူးပါဘူး အစ်ကိုကြီးရယ်၊ ငါက အကောင်းပါ။ ငါ့ဟာ ငါပဲ ရှင်ဘုရင်ပီပီ အုပ်ချုပ်နေစမ်းပါရစေ'ဟု မိန့်တော်မူသဖြင့် ထိုအလိုတော်အတိုင်း ရှိစေခဲ့သည်။ “ရှင်ဘုရင်က ရူးပေမယ့် အရူးပါးပေပဲ”ဟု အင်္ဂလိပ်တို့က မှတ်ချက်ချ၏။

*

သို့သော် ဘုရင်၏ အခြေအနေမှာ စိတ်ချရသည် မရှိချေ။ ဖောက်ချင်သောအခါ ဖောက်လာ၏။ ထို့ကြောင့် ရှင်ဘုရင်ကို ချုပ်ထိန်းရန် လိုအပ်လာပြန်ရာ ထိုအချိန်၌မူကား ပြည်မင်းက တာဝန်မယူလိုတော့ချေ။ ပထမအကြိမ် သူ တာဝန်ယူသည်ကို ထီးနန်းလုချင်၍ဟု မိဖုရားခေါင်ကြီးနှင့် ပုဂံမင်းတို့က ဝါဒဖြန့်သည်။ အထူးသဖြင့် ဘုရင်အပါးတော်၌ သူတို့သားအမိမှအပ အခစား ပြုစုခွင့် မရချိန်၌ တစ်ဖက်သတ် ကုန်းချောခွင့် ရနေလေသည်။

ထို့ကြောင့် ဒုတိယအကြိမ် ဘုရင်ကို ချုပ်ကိုင်သူကား သားတော် တရုတ်မော် မင်းသားဖြစ်၏။ သူကား ကိုယ်လုပ်တော် ကျပင်းမြို့စားမှ ဖွားသည်။

ပုဂံမင်းသားသည် အဘယ်ကြောင့် ခမည်းတော်ကို ချုပ်ကိုင်ရာ၌ မပါဝင်ဘဲ နေဘိသနည်း။ သူသည် ချီးတည်ခြင်း၊ ခါဖမ်းခြင်း စသည်တို့၌ ကျင်လည်သူ မဟုတ်ပါလော။ ခမည်းတော်ကို ချော့မြှူ ထိန်းသိမ်းရေးမှာ သူနှင့် အသင့်လျော်ဆုံး တာဝန်ဖြစ်သည်။ သို့သော် မယ်တော် မိဖုရားကြီး၏ တွက်ကိန်းမှာ ရှင်ဘုရင်ကို ဖမ်းချုပ်သူကို ထီးနန်းလုမှုနှင့် စွပ်စွဲနိုင်သည်။ အခြေအနေအရ လုပ်ရသည်ကို တိုင်းပြည်က သိစေကာမူ ရှင်ဘုရင်ကမူ သူ့ကို ချုပ်ချယ်သူအား ရန်သူဟု ယူဆမည် မလွဲ။ ထို့ကြောင့် ချုပ်ကိုင်ရာမှ ဂယက်အမျိုးမျိုး ရှိလာနိုင်သည်။ ဤအချိန်မျိုးတွင် သားတော် ပုဂံမင်းသားက လက်မလျှိုဘဲ ခေါင်းရှောင်နေသင့်သည်။ အခြား သားတော်များသာ လုပ်ချင်ရာ လုပ်ကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သားတော်အငယ် တရုတ်မော်မင်းသားက ခမည်းတော်ကို ချုပ်ကိုင်ခဲ့ရသည်။ ဤအကြိမ်၌ကား ရှင်ဘုရင်သည် အတိအလင်း ပိုမို ကြမ်းတမ်းလာချေပြီ။ ယင်းတောဝန်ကြီးကို ခေါ်ယူကြိမ်းမောင်းရင်း လှံတော်နှင့် ထိုးရာ ပွဲချင်းပြီး ကွယ်လွန်လေသည်။ ဒေါသအလျောက် ထိုသို့ သွေးထွက်သံယို ပြုကျင့်ပြီးနောက် ဘုရင်မှာ သူ့ဟာသူ သွေးလန့်ကာ ချာချာလည်ပြန်တော့သည်။

ထိုနေ့၌ပင် ပြည်မင်း၏ အိမ်တော်ကို ဝိုင်းဝန်း ဖမ်းဆီးစေရာ ပြည်မင်းသားက လူ ၂၀၀ နှင့် ထိုးဖောက် ထွက်ပြေးသည်။

တရုတ်မော်မင်းသားက ခမည်းတော်ကို ချုပ်ကိုင်ပြီးနောက် ရောဂါသက်သာဖွယ် မမြင်ကြတော့၍ မင်းတဲအိမ်ကင်းမှ နေပြည်တော်သို့ ပြန်ကြရန် ဆုံးဖြတ်၏။ ရှင်ဘုရင်ကို ချုပ်ထားရန် အဆောင်ကို အထူးစီမံကာ ကြေးတိုက်ဟု မခေါ်ဘဲ ကြေးပြာသာဒ်ဟု ခေါ်သည်။

ထိုအချိန်တွင် ပုဂံမင်းသားသည် တောင်ညာစံ မိဖုရားကြီး၏ သားတော်အဖြစ်ဖြင့် မှူးမတ်တို့နှင့် နန်းထိန်းအဖွဲ့တစ်ခု ပြုလုပ်ကာ အိမ်ရှေ့အိမ်တော်၌ ပြောင်းရွှေ့နေထိုင်သည်။ တရုတ်မော်မင်းသားကား မိဖုရားငယ်မှ ဖွားသူဖြစ်၍ သူနှင့် မယှဉ်သာချေ။

သူ့ထက် ဝါရင့်သော ပြည်မင်းသားကြီးမှာကား ထွက်ပြေးရလေပြီ။

ပုဂံမင်းသားနှင့် မယ်တော် မိဖုရားကြီးတို့ကား ထိုအချိန်မှစ၍ ဂိဇ္ဈကုဋ်တောင်ထိပ်မှ လင်းတသားအမိကဲ့သို့ မြန်မာ့သမိုင်း တည်းဟူသော သချိုင်းမြေတွင် သူတို့၏ စားပေါက်ကိုသာ ချောင်းလျက် ရှိချေပြီ။

ထို့ကြောင့် မယ်တော် မိဖုရားကြီး၏ စီမံကိန်းမှာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက် အကောင်အထည် ဖော်နေသလို ရှိ၏။ ဘုရင် မကျန်းမာခြင်းမှာ မိဖုရားခေါင်နေရာ ရရှိနေသူအတွက် ဧရာမ အခွင့်ထူးကြီးပေတည်း။ နန်းမတော် မယ်နုသည် ဘကြီးတော်မင်း နာမကျန်းရှိချိန်တွင် တိုင်းပြည်ကို မိမိစိတ်ကြိုက် ခြယ်လှယ်နိုင်ခဲ့သည်။ သူ၏ မောင်တော် မင်းသားကြီး ဦးအိုက ထီးနန်းကို အပိုင်စီးကာ သာယာဝတီမင်းနှင့် ဆွေတော်မျိုးတော် အားလုံးကို စတေးရန် ကြံစည်ခဲ့သည်။ ကုန်းဘောင်နောက်ပိုင်း သမိုင်း၌လည်း မင်းတုန်းမင်းကြီး ဖျားနာနေစဉ် ဆင်ဖြူမရှင် မိဖုရားက အစစအရာရာ ကြီးကိုင်ကာ သီပေါမင်းသားငယ်ကို နန်းလျာ လုပ်စေ၍ သားတော် သမီးတော်ကြီးများ (စုစုပေါင်း ၄၀ ကျော်)ကို နန်းတော်တွင်း၌ပင် သတ်ပွဲကြီး ကျင်းပခဲ့သည်။

မင်းတုန်းမင်း ကိုယ်တော်တိုင် သားတော်ကြီး ၄ ပါးကို ဘုရင်ခံခန့်စာ အမိန့်တော် ထုတ်ပြန်ခဲ့၏။ သို့သော် ဆင်ဖြူမရှင်၏ နန်းထိန်းအဖွဲ့က မင်းတရားကြီးကို လွှမ်းဆန်ကာ အားလုံးကိုပင် ချက်ချင်းပြန်ဖမ်းကာ အမြန်လက်စတုံး စီရင်ခဲ့သည်။

ပုဂံမင်းနှင့် သူ၏ မယ်တော် မိဖုရားကြီးတို့အဖို့ အလားတူ အခွင့်ကောင်း ကြုံကြိုက်ချိန်ဖြစ်သည်။ ထို့ကြောင့် ပြည်မင်းသားကို ထောက်ခံသူများကို ပိုက်စိပ်တိုက် ဖမ်းဆီး ကွပ်မျက်ချိန် ဖြစ်သည်။ အနောက်နန်း မမြကလေးကို ထိုပုဒ်မနှင့် ကြေးတိုက်သို့ ပို့လေသည်။

မမြကလေးနှင့် ပြည်မင်းသားမှာ သက်တူရွယ်တူ ဖြစ်၏။ သူတို့နှစ်ဦးစလုံးပင် ကဗျာဂီတ ဝါသနာပါသူဖြစ်၍ သီချင်းများ ရေးစပ်ကြရာတွင် အပျိုတော်မှတစ်ဆင့် ပုရပိုက်များ အလဲအလှယ် ပေးပို့လေ့ရှိကြသည်။ ထို့ပြင် ဂီတပါရဂူ ပြင်စည်မင်းသားမှာလည်း ပြည်မင်း၏ကြင်ရာတော် ခဲပေါင်မင်းသမီးနှင့် မောင်နှမအရင်း ဖြစ်လေသည်။ ပြင်စည် မင်းသားနှင့် မမြကလေးတို့လည်း အလားတူ ရင်းနှီးကြ၏။ ထိုမှတစ်ပါးလည်း ပြည်မင်း၏အကြီးဆုံးသားတော် မောင်ဖေပုနှင့် မမြကလေး၏ သမီးတော် မဖွားကြီးခေါ် လှိုင်ထိပ်ထားကို အချိန်တန်က ပေးစားရန် လူကြီးများ အနေနှင့် ရည်မှန်းပြီး ဖြစ်သည်။

ထို့ကြောင့် ထီးနန်းဆက်ခံရေး၌ ပြည်မင်းကို ပုဂံမင်းထက် မမြကလေးက လိုလားသည်မှာ အမှန်ပင် ဖြစ်သည်။ ပြည်မင်းသားက ခမည်းတော် သာယာဝတီမင်းကို နန်းချရန် မမြကလေးက ထောက်ခံခြင်း မဟုတ်။ မိမိနှင့် ကလေး ၄ ယောက် ရရှိခဲ့ပြီးသော လင်ကြီးငတ်တုတ်ကို အသို့လျှင် မမြကလေးက ကျေးဇူးကန်းနိုင်ပါအံ့နည်း။ ထိုလင်ကြီးမှာ ရှင်ဘုရင်ဖြစ်နေ၍ နာမကျန်းဖြစ်ချိန်တွင် မိဖုရားခေါင်ကြီးမှအပ အခြားမိဖုရားနှင့် သားတော် သမီးတော်များ အတွင်းတော်သို့ ဝင်ခွင့်၊ ပြုစုခွင့် မရှိသည်ကိုသာ မမြကလေးက နာကြည်းလျက် ရှိနေသည်။ စွပ်စွဲချက်များကို သက်သေရှင်းခွင့်လည်း မရှိ။

ကြေးတိုက်၌ ကျရောက်နေစဉ် ဖခင် မင်းပုံကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မိခင် ဒေါ်အိတို့သည် ထောင်မှူးများကို တိုးလျှိုး တောင်းပန်ကာ မြကလေးထံ လာတွေ့ကြသည်။ ဖြစ်ပျက်ပုံတို့ကို မိသားစု စုံကာမှ မမြကလေး သိရသည်။ 'မိမြ၊ ငါ့ကို လင်ရယ်လို့ မထင်တော့ပါကလား'ဟု မင်းတရားကြီးက ခဏခဏ မိန့်တော်မူကြောင်း မယ်တော်ထံမှ တစ်ဆင့် သိရသောအခါ မမြကလေးမှာ ရင်ကွဲမတတ် ဝမ်းနည်းရလေသည်။

ယခုလို ကြေးတိုက်သို့ ပို့ထားခြင်းမှာ "အချစ်ကြီး အမျက်ကြီး"ဟူသကဲ့သို့ အချစ်ကိုအခြေခံ၍ အမျက်တော်ဖွားရခြင်း ဖြစ်သည်ကို ဆင်ခြင်မိလေသည်။ ထို့ကြောင့် မမြကလေးက မိမိ၏ အချစ်ထုထည် မည်မျှကြီးမားကြောင်းကို တင်ပြလိုလေသည်။ မောင်တော်သည် မိမိအပေါ်၌ အဘယ်မျှ အထင်လွဲနေစေကာမူ သူကား ကြင်စဦး၊ ပန်းဦးပန်၊ ရင်နှင့်အောင် ချစ်ခဲ့သူဖြစ်သည်။ ထိုချစ်ပန်းကလေးများကို မကြာခဏ စာစီ၍ ပြခဲ့ပြီ မဟုတ်ပါလော။ အဘယ်ကြောင့် သံသယ ရှိရမည်နည်း။ ထို့ကြောင့် မိမိ၏ အချစ်ထုထည် မည်မျှရှိကြောင်း "ချစ်သမျှကို"ပတ်ပျိုးကိုတောင်မှ သီကုံး ဆက်သခဲ့လေသည်။

ချစ်သမျှကို၊ မြင်းမိုရ်ရွှေတောင်လုံးသာပလေး။
လေးဆူဒီပါ၊ သီတာရေမြေ ဆုံးစေတော့လေး။

မိမိ၏ ချစ်မေတ္တာမှာ ကပ်ကမ္ဘာ ကုန်ဆုံးသည်အထိ တည်ရှိပါမည်။ မြတ်စွာဘုရား ဓာတ်တော်များ စံပယ်ရာ ဝုလိုဏ်စေတီတော်တို့တွင် ၂ ပါးတူပြိုင် သစ္စာဆိုပြီး ဖြစ်ပါသည်။ နိဗ္ဗာန်နန်းသို့ ရောက်သည့်တိုင်အောင် သံသရာကမ်းသို့ အတူတွဲဖက် ကူးခပ်လိုပါကြောင်း၊ ယခုဘဝ၌လည်း ချစ်၍ မကုန်နိုင်သည်ကို ဝသုန်မြေကြီးအား သက်သေတင်ရမည်ဖြစ်ကြောင်းတို့ဖြင့် ရင်ဖွင့်လေသည်။

ဆရာ ဒီးဒုတ်ဦးဘချိုက ထိုသီချင်းကို ဝေဖန်ရာ၌ "ဤသီချင်းသည် လောကတတ္တွာ ဓမ္မတာအရ မိန်းမနှင့် ယောကျ်ားတို့ အချစ်ဓာတ်လမ်း ဖွင့်သမျှ၌ အချစ်စံချိန်ပြသော ပြဒါးတိုင်ကြီးသဖွယ် အမြဲတည်နေတော့မည် ဖြစ်သည်။ ဤသီချင်း၏ အချစ်စံချိန် ပမာဏကို သိရှိတော်မူသောအခါ ကုန်းဘောင်မင်းကဲ့သို့သော ခက်ထန်သောမင်း၏ သံစိုင်သံခဲ ကဲ့သို့သော စိတ်သည် ချစ်သမျှကို ပတ်ပျိုးတည်းဟူသော ပန်းပဲဖို၏ ချစ်မီးရှိန်တို့တွင် ပျော့ပျောင်းနူးညံ့သွားရတော့သဖြင့် မိဖုရား မမြကလေးကို အချုပ်ခန်းမှ လွတ်စေဟု ချမ်းသာခွင့် ပေးတော်မူရလေသည်"ဟု မိန့်ဆိုခဲ့လေသည်။

မိဖုရား မမြကလေးသည် ကရုဏာ ရသ၊ သိင်္ဂါရ ရသ၊ သမာဓိဂုဏ်၊ အတ္တဗျတ္တိဂုဏ်တို့ဖြင့် ပြည့်စုံသော **ချစ်သမျှကို** ပတ်ပျိုးကို သူ၏နှလုံးသွေးဖြင့် ရေးခြယ်ခဲ့ခြင်းပေတည်း။

မယ်တော်မယ်အိက ထိုသီချင်းကို အငြိမ့်အပျိုတော်တို့မှ တစ်ဆင့် သာယာဝတီမင်း စိတ်ကောင်းဝင်ချိန်တွင် ထိုသီချင်းကို ဆက်သလေသည်။ 'ဟင် ဒီလိုတော့လည်း ဒီကောင်မလေးက ငါ့ကို ချစ်သေးသားပဲ၊ ကဲ ရွှေမြကို သူ့အဆောင် သူ ပြန်နေပါစေတော့'ဟု ကရုဏာဆန္ဒပြတော်မူ၏။

မည်သို့ဖြစ်စေ မမြကလေးနှင့် သူ့သမီး လှိုင်ထိပ်ခေါင်တင်တို့၏ ဘဝနှင့်စာပေမှာ သူတို့ မွေးဖွား လူဖြစ်ခဲ့သော ကုန်းဘောင်ခေတ် နောက်ပိုင်း၏ ချွတ်ယွင်းချက်များကို ထင်ရှားစေ၏။ ချွတ်ယွင်းချက် ဆိုသည်မှာ ပဒေသရာဇ်ခေတ်၏ ချွတ်ယွင်းချက်များ ဖြစ်ပါသည်။ မဖွယ်မရာ လွန်ကျူးမှုများကိုလည်း ထင်ရှားစွာ (ဝါ)ပေါ်လောကြီး တွေ့ရပါသည်။ အကျဉ်း ညွှန်ပြရသော်–

(၁) စစ်ကိုင်းမင်းခေတ်တွင် ရှင်ဘုရင် မကျန်းမာဖြစ်နေစဉ် မိဖုရားမယ်နုနှင့် သူ၏မောင်တော် စလင်းမင်းသား တို့က သာယာဝတီမင်း ခေါင်းဆောင်သော အဆွေတော် အမျိုးတော် အားလုံးကို စတေးရန် ရည်စူးခဲ့သည်။ သူတို့အနေဖြင့် အပြင်လူများအဖြစ် ဤမဟာသွေး မဟာနွယ် လောကသို့ ဝင်ရောက်လာသူများဖြစ်ရာ "လာလျှင်လာချင်း ဆောက်နှင့်ထွင်း"ဆိုသလို ပြုမူသည်မှာ ရိုင်းပျလွန်းသည်။ ထို့ကြောင့်လည်း ထိုခေတ်လူထုက လက်မခံဘဲ အာဏာသည် သာယာဝတီမင်းလက်သို့ ကူးပြောင်းသွားခဲ့ခြင်း ဖြစ်လေသည်။

(၂) သာယာဝတီမင်း လက်ထက်တွင် မိဖုရားခေါင် ကျပင်းမင်းသမီးက မိမိ၏ မဟာဆီ မဟာသွေး ထိပ်တန်းအခြေအနေကို အခွင့်ကောင်းယူကာ အပြင်လူ မမြကလေးကို ချောက်တွန်းခဲ့ပြန်သည်။ သူ၏ အရည်အချင်းမဲ့သော သားတော် ပုဂံမင်းသားကိုလည်း ဘယ်နည်းနှင့်မဆို ထီးနန်းဆက်ခံစေလို၏။

ထိုအချိန်က တိုင်းသူပြည်သားတို့ အနေဖြင့် မြော်လင့်ချက် ထားသော မင်းညီမင်းသားတို့မှာ–



www.burmeseclassic.com

www.burmeseclassic.com



၁။ ဖန်နန်းရှင် စစ်ကိုင်းမင်း၏သားတော် ညောင်ရမ်းမြို့စား စကြာမင်းသားကလေး၊

၂။ သူမှလွဲလျှင် သာယာဝတီမင်း၏ အကြီးဆုံးသားတော် ပြည်မင်း၊

၃။ မိဖုရားခေါင်ကြီး၏သားတော် ပုဂံမင်းသားမှာ ချိုးနှင့် ခါများ မွေးမြူကာ တိရစ္ဆာန်တိုက်ပွဲတို့၌ ဝါသနာ ထုံနေသဖြင့် မည်သူကမျှ နန်းလျာစာရင်း၌ မသွင်းလိုကြပေ။

ကုန်းဘောင်ခေတ် နောက်ပိုင်း၌ တွေ့ကြုံရသော သမိုင်းဖြစ်ရပ်အရ ဘုရင် မကျန်းမာချိန်တွင် မိဖုရားလုပ်သူတို့က သူတို့ဆန္ဒအတိုင်း အတင်းအဓမ္မ လုပ်ခဲ့ကြပေသည်။ ဤတွင် အင်္ဂလိပ်နယ်ချဲ့တို့အတွက် အခွင့်ကောင်းရရှိကာ နောက်ဆုံး တိုင်းပြည်တစ်ခုလုံး ကျွန်ဘဝသို့ ရောက်ရှိခဲ့ကြရသည်။

ကျွန်တော်သည် မန္တလေးမြို့သို့ အပန်းဖြေသွားတိုင်း အမရပူရတွင် ဂန္ဓာရုံဆရာတော်က ခွင့်ပြုသော ဇရပ်ကလေး တစ်ဆောင်၌ တည်းခိုပါသည်။ ထိုမှ အရှေ့သို့ ဇောင်းကလော၊ တောင်သို့ ရတနာ့ဂူ၊ အနောက်သို့ တက်သေးအင်း စသည်ဖြင့် သွားချင်ရာကို လမ်းလျှောက်ရင်း လေ့လာခဲ့သည်။

ဇောင်းကလောကန်လည်း ယခုအခါ သီးနှံကွင်းများ ဖြစ်နေ၏။ ဘုရားနှင့်ကပ်လျက် ရွာတည်ရှိ၏။ ပေတစ်ရာ ကုန်းမြင့်လမ်းမှာလည်း ကျွင်းချိုင့်တို့ဖြင့် ပြည့်စုံ၏။ ယခင်က ဤမှာဘက်တွင် ဆင်ကျုံးရှိခဲ့ဟန် တူသည်။

ဇောင်းကလော ရွာသူကြီးက ဘုရားပရိဝုဏ်ကို လိုက်လံပြသ၍ ကျေးဇူးတင်ရသည်။ တံတိုင်းပတ်လည်မှ စကြံတို့ကား မရှိတော့။ မန္တလေးမှ စန်စီခင်လေးခေါ် အဒေါ်ကြီး တစ်ဦးက အင်္ဂလိပ်ခေတ်တွင် သူပိုင်ဆိုင်လေဟန်ဖြင့် စကြံမှ ကျွန်းသစ်နှင့် သွပ်မိုးများကို ဖြုတ်ခွာသွားသည် ဆို၏။ ထို အဒေါ်ကြီးကား ခေသူမဟုတ်။ မန္တလေးတောင် သူပိုင်သည် ဆိုကာ ရသေ့ကြီး ဦးခန္တီကို တရားစွဲ၍ မောင်းထုတ်ခဲ့ဖူးသည်။ ဦးခန္တီက သူ့ဘက်မှ ရှေ့နေအဖြစ် ယောအတွင်းဝန် ဦးဘိုးလှိုင်၏မြေး ဦးခင်မောင်ဒွေးကို အမှုအပ်ရာတွင်မှ ဒေါ်ခင်လေးမှာ ပြေးရလေတော့သည်။

အလယ်ဗဟိုရှိ သာယာဝတီမင်း၏ လောကစူဠာမဏိ စေတီပစ္စယံပေါ်မှ ကျောက်ခြသေ့အချို့ ကျွမ်းပြန်ကာ မြေခနေကြ၏။ ပုထိုးတော်ကြီး ဘုရားလောက် မကြီးသော်လည်း မန္တလေးမြို့ရှိ မင်းတုန်းမင်း၏ကုသိုလ်တော်၊ ပုဂံမင်း၏ အိမ်တော်ရာ၊ သီပေါမင်း၏ ဝါးခင်းကုန်းစေတီများနှင့်ကား ဉာဏ်တော် ညီမျှ၏။ ထူးသည်ကား မိဖုရား ၃ ဦးနှင့် သမီးတော်တို့၏ အရံစေတီ ၄ ဆူတို့ပင် ဖြစ်သည်။

ယခင်က သာယာဝတီမင်းက စေတီတော် တစ်ခုလုံး ရွှေချခဲ့သော်လည်း ယခုမူ ထုံးဖြူသင်္ကန်းသာ ရှိတော့သည်။ စေတီရံ ၄ ဆူတို့တွင် အနောက်မြောက်ထောင့်ရှိ မမြကလေး၏ "ရတနာလောက" စေတီသည် အထက်ပိုင်း၌ ပျက်စီး ယိုယွင်းနေ၏။ အုတ်အချို့ ကွာကျနေ၏။ လုံးလုံးကွဲပြိုခြင်းကား မဟုတ်ပါ။ အခြားစေတီများ မပျက်ဘဲ မမြကလေး၏ စေတီသာ ချွတ်ယွင်းနေခြင်းကို ကျွန်တော် အထူး စိတ်ဝင်စားမိသည်။ ဤကိစ္စမှာ အဓိပ္ပာယ်ရှိသည်။

သာယာဝတီမင်းအတွက် မမြကလေးက "ချစ်သမျှကို ပတ်ပျိုး"ကို ရေးခဲ့စေကာမူ နောက်ပိုင်းတွင် မိမိ၏ လင်တော်မောင် ဘုရင်ရူးသည် သူ၏မိဖုရားခေါင် ကျပင်းမင်းသမီးနှင့် သားတော်ပုဂံမင်းတို့၏ ကုန်းတိုက်ချက်အရ သူ၏ ချစ်ဇနီး မြကလေးနှင့် မယ်တော် ဒေါ်အိကိုပါ ကွပ်မျက်ရန် အမိန့်ချခဲ့သည်။ မမြကလေးကမူ ဘုရင်ရူးထံမှ အမိန့်ခံသည်ဆိုသော ပုဂံမင်း၏ အကြောင်းပြချက်ကို လုံးဝလက်မခံချေ။ သူ့မောင်တော်သည် ချာချာလည် ရူးနေပြီ ဖြစ်၍ ဘာမျှ အဆုံးအဖြတ် ပေးနိုင်တော့မည် မဟုတ်။ ဤအချိန်တွင် သူတို့ဆန္ဒကို ဘုရင့်အမိန့်လုပ်ကာ မမြကလေးနှင့် မယ်တော် ဒေါ်အိကို ပြည်မင်းနှင့်အတူ ရောကျိုလုပ်ခြင်းသာ ဖြစ်သည်။ ကြေးပြာသာဒ် အတွင်းမှ ဘုရင့်အမိန့်စာချွန်ဟု ဆိုကာ ပုဂံမင်းသားက ဖတ်ပြသည်သာ ရှိသည်။ ရှင်ဘုရင်ကို မိမိ၏လင် အနေဖြင့် တွေ့ဆုံခွင့်လည်း မရှိ၊ အယူခံခွင့်လည်း မရ။ သို့လျှင် သူ့ဘဝ ဆုံးခဲ့ရသည်။

ချစ်သောဇနီးကို ချစ်သောလင်က သတ်စေ အမိန့်ထုတ်သည်မှာ မဖြစ်နိုင်။ ထို့အတူ ရှင်ဘုရင်က သူ၏ ချစ်သား ပြည်မင်းနှင့် သားငယ် ၄ ဦးတို့ကို ကွပ်မျက်စေသည် ဆိုသည်မှာလည်း မဖြစ်နိုင်ချေ။ ကျပင်းမိဖုရားကြီးနှင့် ပုဂံမင်းသားတို့က အရူးကို တရားစီရင်စေခြင်းမှာ မလုပ်ကောင်းသောကိစ္စ ဖြစ်လေသည်။ ထိုစီရင်ချက်ကို အခိုင်အမာ ပြုကာ သူတို့ မလိုသူများကို ထည့်သွင်း စတေးခဲ့ခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရာဇဝင် မှတ်တမ်း၌ကား ကွပ်မျက်ခံရသူများကို ထိုရှင်ဘုရင် အမိန့်အတိုင်းဟု နားလည်စေ၏။ မိဖုရားခေါင်ကြီးနှင့် ပုဂံမင်းတို့၏ ပယောဂ တစ်စုံတစ်ရာ မပါလေဟန် ဖြစ်၏။

သာယာဝတီမင်း စိတ်ကြည်လင်ချိန် အခါက ထီးနန်း ရရှိရေးအတွက် စကြာမင်းကလေးကို လည်းကောင်း၊ နန်းမတော် မယ်နုနှင့် မင်းသားကြီး မောင်အိုတို့အား လည်းကောင်း စတေးခဲ့သည်ကို အများ သိကြ၏။ ရှင်ဘုရင်က လည်း မဖုံးမကွယ် တာဝန်ယူခဲ့သည်။

သို့သော် နောက်ပိုင်း သူ စိတ်မနှံ့ချိန်တွင် ကွပ်မျက်ခံရသူ ပြည်မင်းနှင့် သားတော် ၄ ပါး၊ မိဖုရား မမြကလေးနှင့် မယ်တော် မယ်အိတို့ကို သုတ်သင်စေခြင်းမှာ သာယာဝတီမင်းနှင့် မဆိုင်ချေ။ ဘုရင်သည် တရားခံ မဟုတ်ပါချေ။

မင်းတုန်းခေတ်တွင် မင်းညီမင်းသား ၄၀ ကျော်တို့ကို ဘုရင့်အမိန့်ဟုဆိုကာ နန်းတွင်းသို့ လိမ်လည်ခေါ်ယူ၏။ ထို့နောက် ဘုရင်ကိုယ်တော်တိုင် မှုမမှန် လုပ်ကြံပုံများကို သိသောအခါ သားတော်ကြီးများကို ဘုရင်ခံခန့်သော အမိန့်ကို ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်ကို ဆင်ဖြူမရှင် အမှူးရှိသော နန်းထိန်းအဖွဲ့က ခပ်ပြောင်ပြောင်ပင် ဆန့်ကျင်ကာ မင်းသားများကို ထပ်မံဖမ်းဆီးကာ သတ်ဖြစ်အောင် သတ်ခဲ့ကြသည်။ ထိုကိစ္စအတွက် မင်းတုန်းမင်းကို တရားခံ ခေါ်မည်လော။

အမရပူရတွင် ပြည်မင်းနှင့် မမြကလေးတို့ကို စတေးမှုအတွက် သာယာဝတီမင်းကို တရားခံ ခေါ်မည်လော။

အမရပူရ၌ လည်းကောင်း၊ မန္တလေး၌ လည်းကောင်း ဘုရင် မကျန်းမာချိန်ကို အခွင့်ကောင်း ယူကာ မိဖုရားကြီးများက ဝင်ရောက်ကြိုးကိုင်ခဲ့ကြသဖြင့် မရှုမလှ ရာဇဝင်ရိုင်းမှုကြီးများ ကြုံရသည် မဟုတ်လော။

ဇောင်းကလော ဘုရားဝင်းအတွင်း၌ ယခုအခါ မမြကလေး၏ စေတီသည် ယိုယွင်းနေ၏။ ထိုစေတီကို ကျွန်တော်တို့ ပြုပြင်သင့်သလော။ သို့တည်းမဟုတ် မမြကလေး ကိုယ်တိုင်က ပဒေသရာဇ်ခေတ်တွင် လူဖြစ်ရခြင်းကို စိတ်နာကာ "ချစ်သမျှကို" သီချင်း၌ မိမိက မည်သို့ ရင်ဖွင့်ခဲ့စေကာမူ မောင်တော်နှင့် သံသရာ လမ်းခရီးတွင် အတူ ဆက်လက် မသွားလိုတော့ကြောင်းကို ဆန္ဒပြသည့်အနေဖြင့် သူ့စေတီကို အပျက်အတိုင်း ထားရှိသင့်သလော။

ဤပြဿနာသည် ကျွန်တော့်ဦးနှောက်ကို ယခုတိုင် ရှုပ်ထွေးစေပါ၏။ သူ၏ စေတီကို ပြင်ဆင်ရန် များစွာ ကုန်ကျဖွယ် မရှိပါ။ မမြကလေး တည်းဟူသော ကဗျာ့ပါရဂူကြီး အတွက် ကျွန်တော်က စာနယ်ဇင်းသမား အနေဖြင့် ငွေ ငါးရာ တစ်ထောင်ခန့် ကူညီပြုပြင်ရန် ဝန်မလေးပါ။ သို့သော် ပဒေသရာဇ်ခေတ်ကို သူကိုယ်တိုင် စက်ဆုပ်သဖြင့် "မောင် တည်းဟူသော ငွေလမင်းကြီး၏ အနီးတွင် မယ် တည်းဟူသော ကြယ်ပွင့်ကလေးဘဝမှ နုတ်ထွက်လိုကြောင်း" နိ့တစ် ပေးနေခြင်း ဖြစ်ပါမူကား ကျွန်တော့် အနေဖြင့် အသို့လျှင် ဝင်ရှုပ်ခွင့် ရှိပါအံ့နည်း။

မန္တလေးသို့ ခရီးသွားသူများသည် တံခွန်တိုင် ဘူတာ ရောက်ခါနီးတွင် အရှေ့ဘက်၌ လောကစူဠာမဏိစေတီနှင့် အနောက်ဘက် ကျောက်တော်ကြီးဘုရားတို့ကို ထင်ရှားစွာ ဖူးမြင်နိုင်ပါသည်။ မမြကလေး၏ အရံစေတီမှာ သေးငယ်သော်လည်း ဂရုစိုက်၍ကြည့်က ကောင်းစွာ မြင်နိုင်ပါသည်။

*

## [၇] ဝင့်နှင့်ကြမ္မာ မလွတ်သာ

သာယာဝတီမင်းသည် နောင်တော်ကို နန်းချပြီးနောက် ၁၁၉၉ မှ ၁၂၀၈ ခုထိ ၉ နှစ်ကြာမျှ နန်းစံခဲ့ချိန်တွင် ဘဝရှင်အဖြစ် အဓိက ကွပ်မျက်ခဲ့သူတို့မှာ ဒဂုန်ခင်ခင်လေး ပြောခဲ့သည့်အတိုင်း ၅ ဦးမျှ ဖြစ်လေသည်။ ၎င်းတို့ကား (၁) စကြာမင်း၊ (၂) မယ်နု၊ (၃) ယင်းတောဝန်ကြီး၊ (၄) ပြည်မင်း၊ (၅) မမြကလေးတို့ ဖြစ်၏။ အကျယ်ကို ***ကုန်းဘောင်ဆက် ရာဇဝင်*** ၌ အောက်ပါအတိုင်း ပါရှိသည်။

### စကြာမင်း

၁၂၀၀ ခု တန်ခူးလ နောင်တော်မင်းတရား သားတော်နှင့် သဘောတူ ပါဝင်သူ လက်ဝဲဝင်းမှူး မင်းကျော်သီဟ ခေါ် ဆံရှည်ဖိုလ် ခေါ် ငရေး၊ တောင်ကြီးဖိုလ် ငရာပြတ်တို့ တိုင်ပင်ပြု၍ မသင့်မတင့်သော အကြံအစည် ရှိကြောင်းများ နှင့် ဆဒ္ဒန်ဆင်မင်းရှင် ဘဝရှင် မင်းတရားဘုရား ကြားသိတော်မူသည်တွင် နောင်တော်မင်းတရား သားတော် ညောင်ရမ်းမင်းသားကို ကြေးတိုက်တွင် ထားပြီးနောက် စည်းကြပ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ရာတွင် ပါဝင်သူတို့ကို တောင်ဥယျာဉ်တော်အတွင်း ရှေ့တော်သို့ခေါ်၍ မေးမြန်း စစ်ကြောတော်မူသည်တွင် ဟုတ်မှန်သည့်အတိုင်း ထွက်ပေါ် စစ်မေးချက်နှင့် အညီ ယင်းသည့် သက္ကရာဇ် တန်ခူးလပြည့်ကျော် ၆ ရက်နေ့ ထုံးစံနှင့်အညီ ရေတွင် မျှောက်တော်မူ၏။ ခမည်းတော် ဘုရား သမီးတော် မြတောင်မင်းသမီးကိုလည်း ညောင်ရမ်းစားနှင့် တိုင်ပင်ပါဝင် စစ်မေး ထွက်ဆိုရသောကြောင့် ထုံးစံနှင့် အညီ စီရင်တော်မူ၏။

ညောင်ရမ်းစားနှင့် စည်းကြပ်တိုင်ပင်ရာ ပါသူ ဆံရှည်ဗိုလ် ခေါ် ငရေး၊ တောင်ကြီးဗိုလ် ခေါ် ငရာပြတ်၊ ငပွဲ၊ ငဆန်း၊ ငဘူး၊ ငချင်း၊ ငြိမ်းရာတို့နှင့် ယောကျ်ား၊ မိန်းမ လူပေါင်း ၂၀ ကျော်တို့ကို ကွပ်မျက်တော်မူ၏။

## မယ်နု

၁၂၀၁ ခု ကဆုန်လဆန်း ၂ ရက်နေ့တွင် နောင်တော်၏ မိဖုရားခေါင်ဟောင်း မယ်နုကို တောင်ဥယျာဉ်တော်တွင် သံတော်ဆင့် ငရွှေသားနှင့် တိုက်ဆိုင်စစ်ဆေးရာ ဖြောင့်ဆိုချက်အရ ရေတွင် မျှောက်စေ၏။ တစ်ချိန်တည်းပင် ထောင်တွင်းရှိဦးအို မိသားစုနှင့် အခြား ကြံရာပါတို့ကိုလည်း ကွပ်မျက်လေသည်။

စလင်းမင်းသားကြီး ဦးအိုနှင့် ၎င်းဇနီးနှင့် သမီးတော် ၂ ယောက်ကို လည်းကောင်း၊ အတွင်းဝန် ဦးပါရောက်၊ မြို့လပ်ဝန် ဦးရေး၊ သံတော်ဆင့် ဦးရွှေသား၊ ပခန်းဗိုလ် ဦးရန်မင်း၊ စာရေးကြီး ဦးပို၊ တောင်ငူဝန် ဦးတူး၊ အဆောင်မြဲ ဦးထွန်းညိုတို့ကို လည်းကောင်း မယ်နုနှင့် တစ်ချိန်တည်း ကွပ်မျက်သည်။

## ဦးအို

"ဦးအိုနှင့် အခြားဝန်ကြီးဟောင်းများလည်း အကျဉ်းထောင်၌ အငတ်ငတ် အပြတ်ပြတ် ဖြစ်နေကြသည် ဆို၏။ ဆွေမျိုးများကပင် အစိုးရကိုကြောက်သဖြင့် ထောင်ပံ့ရန် ဝန်လေးနေကြရာ အင်္ဂလိပ်သံမှူး မေဂျာဘာနေက တတ်အားသရွေ့ ထိုသို့ ရာဇဝတ်သင့်သူများကို ရိက္ခာ ပို့ဆောင်ခဲ့လေသည်။ မင်းသားကြီး ဦးအို၏ သမီးများသည် လမ်းတကာ၌ လှည့်လည် တောင်းရမ်း စားသောက်ကြရ၏။ သမီးအကြီးကို သာယာဝတီမင်း၏သားတော်နှင့် ပေးစားရန် ငြင်းဆန်ခဲ့ခြင်းကြောင့် ယခုအချိန်၌ ဘုရင့်အမိန့်အရ ပိုမို နှိပ်စက်ညှဉ်းဆဲ ခံရလေသည်"ဟု ဘာနေ၏ မှတ်တမ်း၌ ပါရှိ၏။

## မမြကလေး

၁၂၀၇ ခု ဝါခေါင်လဆုတ် ၆ ရက်၊ သားတော် ပြည်မင်းသည် ခမည်းတော် မန္တနာပြု၍ မတ္တရာမှ မိုင်းလုံသို့ ထွက်သွားသည်ကို ဖမ်းဆီးစေသည်။

သားတော်ပုဂံမင်းက ပြည်စားကို စစ်ဆေးရာတွင် အနောက်နန်းမိဖုရားလည်း ပြည်စားနှင့် နှလုံးစိတ်ဝမ်းတူ ဖောက်ပြားကျင့်ကြံကြောင်း စစ်မေးချက်ရသည်နှင့် ဘဝရှင်မင်းတရားကြီးအား လျှောက်ထားသည်တွင် အမျက်တော်ရှိ၍ ထုံးစံရှိသည့်အတိုင်း ပြည်စားနှင့် အနောက်နန်းမိဖုရားတို့ကို ရေတွင် မျှောက်၍ ၎င်းတို့နှင့် ကြံရာပါ ဆွေမျိုးကျေးကျွန်တို့ကို ကွပ်မျက်တော်မူသည်။

## ယင်းတောဝန်

ထိုနှစ်၌ပင် ယင်းတောဝန်ကြီးကို ဒေးဝန်းစံနန်းတော် မြောက်လှေကားတွင် လက်သုံးတော်လှံနှင့် ထိုးသည်။ ပြည်မင်းသားနှင့် ပုန်ကန်ကြံစည်မိကြောင်း ဖြောင့်ခံသည့်အတွက် ထိုသို့ပြုသည်ဟု ရာဇဝင်၌ ရေးသားဖော်ပြသည်။ ပစ္စည်းသိမ်းအဖြစ် ဒဏ်ပါ ခံရရုံသာမက ၎င်းဝန်ကြီး၏သား ဦးဘိုးလှိုင် (ယောအတွင်းဝန်)ကို သတ်ရန် မြို့ဝန်က ရှာသေးသည်။ မဲထီးဆရာတော်က ဝှက်ထား၍ အသက်ချမ်းသာရာ ရပြီးမှ ကျောင်းမှာ သာမဏေ ပြုလုပ်နေရသည်။

## ရှင်ဘုရင် ဖောက်ပြန်

ထိုအခါ သာယာဝတီမင်း စိတ်မကောင်းစ ပြုသည်ကို အချို့ကသာ ရိပ်မိကြသည်။ အချို့က မရိပ်မိကြသေး။ တစ်စတစ်စ ရိပ်မိကြသည့်အခါ အချို့အရာရှိများ မကျန်းမာဟန် ပြုကြသည်။ အချို့ မလွဲမကင်းသာသူများသာ အသက်စွန့်၍ ရှေ့တော်သို့ ဝင်ကြရသည်။

အင်္ဂလိပ်သက္ကရာဇ် ၁၈၄၅ (မြန်မာ ၁၂၀၇) ခု လောက်တွင် သာယာဝတီမင်း၏ စိတ်ဖောက်ပြန်မှုမှာ အတော်ရင့်သန်နေ၍ သူ့အပါးသို့ ချဉ်းကပ်သူမရှိသလောက် ဖြစ်နေပေသည်။ ထိုအချိန်က ရွှေမြို့တော်သို့ ရောက်ရှိသော အင်္ဂလိပ်သံမှူး ဟင်နရီယူးလ် (Yule)မှတ်တမ်း၌ ပါရှိသည်မှာ-

www.burmeseclassic.com



"အလယ်နန်းမိဖုရားမှ ပေါက်ဖွားသော သားတော် ပြည်မင်းသည် ရှင်ဘုရင် အနီးအပါးရှိ လက်နက်တို့ကို ရှောင်တခင် သိမ်းယူပြီးနောက် တိုင်းပြည်ရေးရာတို့ကို ရှင်ဘုရင် မပါစေဘဲ ထိုမင်းသားကိုယ်တိုင် စီရင်လေသည်။ သို့သော် ရှင်ဘုရင်က သူ စိတ်မဖောက်ပြန်လေဟန် ရောဂါမှ သက်သာပြီဆိုပြီး သူကိုယ်တိုင်ပင် ဘုရင်လုပ်နေပြန်၏။ သားတော် ပြည်မင်းကိုလည်း မျက်တော်မူဟန် ရှိ၍ ထိုမင်းသားသည် ရှမ်းပြည်သို့ ရှောင်တိမ်းနေလေသည်။

ထိုနှစ် စက်တင်ဘာလ၌ သားတော်တစ်ပါးဖြစ်သော တရုတ်မော်မင်းသားက ဦးဆောင်လျက် ရှင်ဘုရင်ကို အောင်မြင်စွာ ထိန်းချုပ်ကာ အမရပူရနန်းတော်သို့ ပြန်လည်ပို့ဆောင်၏။ မောင်းမမိဿံ အစောင့်အရှောက်များနှင့် ထားရာ ၁၈၄၆ ခု နိုဝင်ဘာလတွင် နတ်ရွာစံတော်မူသည်။ ထိုကာလအတွင်း၌ သားတော်ကြီး ပုဂံမင်းသားက အိမ်ရှေ့အနေဖြင့် တိုင်းပြည်ရေးရာများ စီမံ ခန့်ခွဲသည်။ ခမည်းတော် နတ်ရွာစံပြီးမှသာလျှင် ထီးနန်းကို ဆက်ခံသည်။

ခမည်းတော် ဘုရင်ကို တရုတ်မော်မင်းသားက အောင်မြင်စွာ ဖမ်းချုပ်ပြီးနောက် ပြည်မင်းသားကို ပုန်ကန်မှုဖြင့် ရှမ်းပြည်မှ ဖမ်းဆီးရမိခဲ့လေသည်။ အနောက်နန်းမိဖုရား မမြကလေးကို ထိုမင်းသားနှင့် ကြံရာပါဟု မဟုတ်မမှန် စွပ်စွဲကာ ရှင်ဘုရင်၏ အမိန့်တော်အရ ဟူ၍ ကြေညာလျက် ပြည်မင်းနှင့်အတူ ၎င်းသားတော် ၄ ပါး၊ မမြကလေးနှင့်အတူ သူ၏မယ်တော်ကို တစ်ချိန်တည်း အဆုံးစီရင်လေသည်"ဟူ၍ အင်္ဂလိပ်မှတ်တမ်း၌ ပါရှိသည်။

ရှင်ဘုရင် ချာချာလည် ရူးပုံကို "ချစ်သမျှကို စေတီ" အခန်း၌ ဖော်ပြပါရှိသည်။

ကုန်းဘောင်မင်းသည် ထီးနန်းသက် ၉ နှစ်မျှ ရှိသော်လည်း မြန်မာရာဇဝင်ကြီးတို့ အလိုအရ **လေရောဂါစွဲကပ်သည်** ဆို၏။ အင်္ဂလိပ် ရာဇဝင်ဆရာကောက် (Cox)၏ အဆိုအရ **ရူးသွပ်သည်** ဆိုသည်။

အမျိုးသားပညာဝန် ဦးဖိုးကျား အဆိုအရ **မကျန်းမမာ စိတ်ဖောက်ပြန်သည်က များသည်** ဆို၏။ သိမီလိုက်သော ဆရာတော်ကြီးများ အလို၌ ငယ်စဉ်အခါက ကာယသိဒ္ဓိနှင့် စပ်သော ဆေး၊ အင်း အိုင်၊ ခရိုင် လက်ဖွဲ့ စသော အမှုတို့ကို လိုက်စားမှုများကြောင့် **မှော်ပေါက်၍ ဆေးထကြွသည်** ဆို၏။

## မည်သူကို ပြစ်မှားသလဲ

နန်းမတော်မယ်နုနှင့် စပ်ဆိုင်သူတို့ အလိုအရ "မပြစ်မှားအပ်သူကို ပြစ်မှားမှုကြောင့် ရာဇဝင် ရိုင်းလောက်အောင် ဖြစ်သည်" ဆို၏။ [ **မယ်နုရာဇဝင် မူမှန်** ]

မယ်နု ဘက်တော်သားများက ထိုသို့ စွပ်စွဲသဖြင့် သာယာဝတီမင်းသည် မရီးတော်ကို ပြစ်မှားသောကြောင့် နောက်ပိုင်းတွင် ရူးသွပ်ကာ မရှုမလှ ဇာတ်သိမ်းရသည်ဟု ဆိုလိုပေမည်။

ဤသို့ဆိုလျှင် မရီးတော်မယ်နု အနေဖြင့် မတ်တော် အပေါ်၌ ဝတ္တရားကျေပွန်ခဲ့ပါ၏လော ဟူသော မေးခွန်း ပေါ်လာ၏။ မယ်နုနှင့် သူ၏မောင်တော် ဦးအိုတို့ ပူးပေါင်းကာ သာယာဝတီမင်းသားကို ၁၆ နှစ်ကျော်မျှ ချိုးနှိမ်ဖိနှိပ်ခဲ့ခြင်းသည် တရားမျှတသည် ဆိုမည်လော၊ မတရားသူကို ပြန်လည် တုံ့ပြန် တော်လှန်ခြင်းကို မှားသည် (ဝါ)ပြစ်မှားသည် ဟု ဆိုမည်လော။

သူတော်ကောင်းကို ပြစ်မှားသော ပုဒ်မ တပ်လိုပါက တူတော် စကြာမင်းကလေးကို အကြောင်းမဲ့ သတ်မိသောကြောင့် ဦးရီးတော် သာယာဝတီမင်း၌ ပြင်းထန်သော ဝဋ်လိုက်ခြင်း ဖြစ်သည်ဆိုက ယုတ္တိရှိနိုင်ပေသည်။ စကြာမင်းကလေးမှာ ရှင်ဘုရင်၏ တစ်ဦးတည်းသော သားတော် ဖြစ်သော်လည်း အိမ်ရှေ့အရာကို အပ်နှင်းရန် နှောင့်နှေးခဲ့ကြသည်မှာ ခမည်းတော် နန်းကျသည်အထိ ဖြစ်၏။ ဦးရီးတော် နန်းတက်ချိန်တွင် "သူ၏ သားတော်များနှင့်မခြား မြှောက်စားထားသည်" ဆိုသော်လည်း မဖျောက်ဖျက်မိ ပရိယာယ်မျှသာ ဖြစ်သည်ကို ထိုးထွင်းသိရှိရန် မခဲယဉ်းပါချေ။ မင်းညီမင်းသား အများကို အပါးတော်၌ ထားရှိ ခစားစေခြင်းမှာ ထီးနန်းကို ကြံစည်မှု လျော့ပါးစေရန် သူတို့ကို အာမခံသဘော ထားသော ထုံးစံအတိုင်းသာ မဟုတ်ပါလော။

စကြာမင်း အနေဖြင့် မိထွေးတော်နှင့် ဦးရီးတော်တို့ လုပ်သမျှကို တစ်သက်လုံး ငုတ်တုတ်ခံခဲ့သူ ဖြစ်၍ သူသာလျှင် သူတော်ကောင်းဟု သမုတ်နိုင်ပေသည်။ ငယ်ရွယ်သူ ဖြစ်သော်လည်း ကွပ်မျက်ခံရချိန် ၂၆ နှစ်အထိ နာမည်ပျက် မရှိဘဲ အေးအေးလူလူ နေတတ်သူ ဟူ၍ပင် သူနှင့် တွေ့မိလိုက်သူတို့က မှတ်တမ်းတင်ခဲ့သည်။

ဤသို့ သန္တေကောင်းသူကို သတ်ပစ်ခြင်းကား အပြစ်ရှိ၏၊ ဝဋ်လိုက်တတ်သည်ဟု မိရိုးဖလာအယူ ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



၏။ လူကို မဆိုထားဘိ၊ သူတော်ကောင်း သားကြီး ငါးကြီး တိရစ္ဆာန်တို့ကို မသိ၍ သတ်ဖြတ် စားသောက်မိသော တောသူတောင်သားများပင် မကောင်းသော အတိတ်နိမိတ် အိပ်မက်များ ရရှိကာ ရုံဖန်ရံခါ ရှာလုံးကျွတ် ဒုက္ခရောက်တတ်သော သာဓကများ ရှိခဲ့ပေသည်။

မည်သို့ဆိုစေ သူတော်ကောင်း စကြာမင်းကလေးကို ရွေကြက်ယက် ရေဆိပ်၌ ရေချစဉ်က ပထမ ဆရာအောင်က ထူးဆန်းစွာ ကယ်တင်သွားသည် ဟူသော အဆိုနှင့် အစွဲသည် ယခုတိုင် မြန်မာ့လောက၌ ကျန်ရှိနေပေသည်။

## အရူးမှာ တစ်ဦးသာ

ကုန်းဘောင်ရာဇဝင်၌ စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းသား ညီနောင်တို့ နန်းတက်စဉ် ဦးနှောက်ထိခိုက်သော ရောဂါများ စွဲကပ်ခြင်းကို အကြောင်းပြု၍ အင်္ဂလိပ်ရာဇဝင်ဆရာများက အလောင်းဘုရား၏ ကုန်းဘောင်မင်းဆက်တွင် သာကီဝင်မင်းမျိုးတို့ကဲ့သို့ မောင်လည်း နှမလည်း ပေးစားမှုများ ပေါများခဲ့သည်။ ထို့ကြောင့် သွေးထိုင်းသော ရောဂါမှ အခြေပြုကာ ရူးသွပ်ခြင်း ဖြစ်ပေါ်စေသည် ဆို၏။ သူတို့က အရူးမျိုးဟု ဆွယ်ကာ ရေးလို၏။

ကုန်းဘောင်မင်းတို့တွင် ဆေးဝါးကုသမရအောင် ရူးသွပ်သွားသည်မှာ သာယာဝတီမင်း တစ်ပါးတည်းသာ ဖြစ်၏။ သူ၏ နောင်တော် စစ်ကိုင်းမင်းကို မည်သူမျှ ရူးသွပ်သည်ဟု မဆို။ မယ်နုက ဆေးခတ်သည်၊ ပြုစားသည် ဆိုသည်မှာလည်း ပီယဆေးသဘောလောက်သာ ဖြစ်ချေမည်။ အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းမင်းသည် မည်သည့်အခါမှ အရူးကဲ့သို့ ထိန်းသိမ်းမရလောက်အောင် ဦးနှောက်ပျက်ခြင်း မရှိခဲ့ချေ။

သူ့ရောဂါမှာ အင်္ဂလိပ်တို့နှင့် စစ်မက်ဖြစ်ပွားကာ ကျော်မကောင်း ကြားမကောင်း ဆုံးရှုံးခဲ့ရာမှ ကုန်းဘောင်နိုင်ငံတော်ကြီးသည် သူ့လက်ထက်တွင် စတင် ပျက်ပြားခဲ့၏။ အလောင်းမင်းတရား၏ အမွေအနှစ်ကို မထိန်းသိမ်းနိုင်သော မြေးတော်မြစ်တော်အဖြစ် များစွာ ရှက်ဖွယ်ဖြစ်ခဲ့သည့်အတိုင်း သူ့အဖို့ အထူး စိတ်ဓာတ်ကျဆင်းခဲ့သည်။ ဟိရိဩတ္တပ္ပတရား ရှိသူတိုင်း ဤသို့သော ဘဝ အဆင်မပြေမှုအတွက် စိတ်မချမ်းမသာ ဖြစ်ရစမြဲပင်။ ဤအချက်သည်ပင် သူ့ကို တရားရှိသူဖြစ်ကြောင်းကို ထင်ရှားစေ၏။ အင်္ဂလိပ်လို Melancholia ခေါ်သော စိတ်ညစ်တတ်သော သဘောသည် ဦးနှောက်ပျက်ခြင်းနှင့် များစွာ ကွာခြား၏။ ထိုရောဂါမျိုးကို ဘုန်းကြီးဝတ်ခြင်း၊ ခရီးသွားခြင်း စသော နည်းလမ်းတို့နှင့် အာရုံပြောင်းလဲ ပစ်နိုင်လေသည်။

စစ်ကိုင်းမင်း အဖို့ကား သူ့အဖို့ စစ်ရှုံးဘုရင်ဟူသော အမည်းကွက်ကြီးကို မည်သူမျှ မဖျောက်ဖျက်တတ်၍ တိုင်းပြည်အုပ်ချုပ်ရေးတာဝန်တို့ကို လွှဲခဲ့ရလေသည်။ သို့သော် သူသည် အေးအေးလူလူပင် သေသည်အထိ မည်သူ့ကိုမျှ ဒုက္ခမပေးဘဲ နေထိုင်သွားသည်။ ညီတော် သာယာဝတီမင်းသည် နန်းသက် ၉ နှစ်ရှိရာ ထက်ဝက်သော ကာလ၌ ရူးသွပ်သွားသည်။ ညီတော် နောင်တော် တစ်လခြားကွယ်လွန်ကြရာ နောင်တော်မှာ စိတ်ညစ်တတ်ခြင်းမှ အပ အဆုံးတိုင် သတိကောင်းလျက် ရှိခဲ့၏။ သူ နန်းကျသည်မှ စ၍ မည်သို့သော မှုမမှန်မှုမျှ မကြားခဲ့ကြရချေ။

သာယာဝတီမင်း၏ ဝေဒနာကား ဖုံးမနိုင် ဖိမရနှင့် သွက်သွက်လည်ခဲ့၏။ ကုန်းဘောင် ၁၁ ဆက်၌ သူတစ်ဦးတည်း သာလျှင် စိတ်ဖောက်ပြန်ခဲ့သည်။ ကျန်ဘုရင်တို့၌ စာရိတ္တ ချွတ်ယွင်းချက်များ ရှိစေကာမူ ရောဂါအနေဖြင့် ကင်းစင်ကြသည်။

သာမန်ရောဂါကို ကုစားနိုင်သော်လည်း ဝဋ်နာကံနာတို့ကို ကုစားရန် မလွယ်ပါချေ။ နိပါတ်တော်၌ ကာလာဗုမင်းသည် ခန္တီဝါဒီ ရှင်ရသေ့၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို တစ်ခုပြီးတစ်ခု သေသည်အထိ ခုတ်ဖြတ်၏။ ရသေ့ကွယ်လွန်ပြီးနောက် မင်းကိုလည်း မြေမျိုလေသည်။ သာယာဝတီမင်းမှာလည်း သူတော်ကောင်း စကြာမင်းကလေးကို ရေချ ကွပ်မျက်ပြီးသည့် အခြားမဲ့၌ ဝဋ်နှင့်ကြမ္မာမှ မလွတ်သာတော့ချေ။ ဘဝ အဆင်မပြေမှုများ တစ်ခုပြီးတစ်ခု ပေါ်လာကာ သားကို သတ်၍ သတ်မှန်း မသိ၊ မယားကို သတ်၍ သတ်မှန်း မသိ၊ ပရမ်းပတာ ဖြစ်ချင်ရာ ဖြစ်ကုန်တော့သည်။

အနောက်နိုင်ငံ သမိုင်းတို့၌လည်း ဤသို့သော နန်းတွင်း ကိုးရိုးကားရားမှုများ ပေါလှပေသည်။ စာရေးဆရာကြီး ရှိတ်စပီးယား ရေးသားသော ပြဇာတ်များတွင် ထက်ဝက်ခန့်မှာ စိတ်ညစ်စရာ နန်းတွင်းရေးများ ဖြစ်လေသည်။ ယခုခေတ်၌ အနောက်နိုင်ငံတို့တွင် ခေတ်စားသောပြဇာတ်တစ်ခုကို ဖော်ပြလို၏။



www.burmeseclassic.com

www.burmeseclassic.com



### ဥတ္တိပ၏ ဝင့်ဒုက္ခ (Odipus Rex)

ရှေးသရောက ဂရိ (Greece) ပြည်၊ သီဘိမြို့ (Thebes) ၌ ဥတ္တိပ (Odipus) ဘုရင် အုပ်စိုးသည်။ တစ်ခါသော် သီဘိမြို့တော်၌ ပလိပ် ကပ်ရောဂါဖြစ်ပွားရာ လူအပေါင်း သေကျေ ပျက်စီးလေသည်။ ထို့ကြောင့် ဘုရင်က သူ၏ ယောက်ဖတော် ကလီယွန် (Cleon)ကို နတ်မေးစေသည်။

အပိုလို (Appolo)နတ်ကြီးက 'ဤမြို့တော်ကို အုပ်စိုးခဲ့သော ရှီးရာဘုရင် လိုင်းရ (Laius)ကို လုပ်ကြံခဲ့သူအား ဖော်ထုတ်နိုင်ပါက ပြည်သူအပေါင်း ချမ်းသာမည်'ဟူ၍ ဟောလိုက်၏။ ဥတ္တိပက တရားခံကို ဖော်ထုတ်အပြစ်ပေးမည် ကတိပြု၏။ နာမည်ကျော် ဗေဒင်ဆရာကြီး တိုင်ရီဆလ (Tireslas)ကိုလည်း ဘုရင်က ကူညီ မန်းမှုတ်ပေးရန် ပြောရာ ထိုသူက ဆိတ်ဆိတ်နေ၏။ ထို့ကြောင့် ရှင်ဘုရင်က မသင်္ကာဖြစ်လာ၍ ဤဗေဒင်ဆရာပင် လူသတ်သမား ဖြစ်ရမည်ဟု စွပ်စွဲသည်။ ဤတွင် ဗေဒင်ဆရာက 'ဘုရင်ဟောင်းကို သတ်သူမှာ ဘုရင်တစ်ပါးပင် ဖြစ်သည်'ဟု ထုတ်ဖော်ပြောကြား၏။

ထိုအချိန်၌ မိဖုရားကြီး ဂျိုကစ္စတာ(Jocasta) ဝင်ရောက်လာကာ 'ပြည်သူပြည်သားများ ကပ်သင့်နေချိန်တွင် နန်းတွင်း၌ အချင်းချင်း စွပ်စွဲ ငြင်းခုံနေကြသည်မှာ မတော်ပါ'ဟု ဆို၏။ ထို့ပြင် 'နတ်ဆရာ၊ ဗေဒင်ဆရာ ဆိုသည်တို့မှာလည်း အခါခပ်သိမ်း ယုံကြည်ရသည် မဟုတ်။ ဤပြည်တွင်းရေးနှင့် ပတ်သက်၍လည်း သူတို့ဟောခဲ့သည်မှာ အလွဲချည်း ဖြစ်သည်။ ဘုရင်ဟောင်းကို သူ၏ မိဖုရားကြီး၏ သားတော်က သတ်မည်ဟု ဟောခဲ့ကြသည်။ အမှန်မှာ လမ်းသုံးခွ၌ လူဆိုးတစ်ယောက်က သတ်၍ ငါ၏ခင်ပွန်းဟောင်း နတ်ရွာစံခဲ့သည် မဟုတ်လော'ဟု မိဖုရားကြီးက ပြောပြ၏။

ထိုစကားကို ကြားသောအခါ ဥတ္တိပဘုရင်သည် အတော် ချောက်ချားသွား၏။ သူသည် လမ်းသုံးခွ၌ အဘိုးကြီး တစ်ယောက်ကို မတော်တဆ သေစေခဲ့ဖူးသည်။ ဥတ္တိပက မိမိကိုယ်ကို ကောရင်း(Corinth)မြို့မှ ဘုရင့်သားတော်ဟု ယူဆခဲ့သည်။ သို့သော် ထိုမြို့မှ ဗေဒင်ဆရာက ဥတ္တိပသည် သူ၏ဖခင်ကို သတ်ပြီး မိခင်နှင့် လက်ထပ်မည့်သူဟု ဟောခဲ့၍ ထိုဟောကိန်းကို ရှောင်ရန် ကောရင်းမြို့မှ ထွက်ခွာခဲ့ခြင်း ဖြစ်သည်။

မိဖုရားကြီး ဂျိုကစ္စတာက ဘုရင်ကို ထွေရာလေးပါး စဉ်းစားမနေရန် ပြောကာ ဆွဲခေါ်သည်။ သို့သော် ဥတ္တိပက 'ဤအမှု ပေါ်မည်'ဆိုကာ သက်သေဖြစ်သူ သိုးထိန်းကြီးကို တွေ့အောင်ရှာစေ ဆိုသည်။

မကြာမီ ကောရင်းမြို့မှ သံတော်ဆင့်ကြီးနှင့် တောထဲမှ သိုးထိန်းကြီးတို့ ရောက်လာကြသည်။ ဥတ္တိပသည် ကောရင်းဘုရင်၏ မွေးစားသားသာ ဖြစ်သည်ဆို၏။ ငယ်စဉ်က တောင်ကြားလမ်းတစ်ခု၌ မိဘမဲ့ ဥတ္တိပကို တွေ့ရှိ၍ မိမိကိုယ်တိုင် ကောရင်းမြို့သို့ ဆောင်ယူကာ ဘုရင်ထံ အပ်ခဲ့သည် ဆို၏။ သိုးထိန်းကြီးကလည်း ဘုရင်ဟောင်း၏မိဖုရားနှင့် သားတော်ငယ်ကို ထိုတောင်ကြားလမ်း၌ တွေ့ဖူးကြောင်း သက်သေခံ၏။

ထိုစကားများကို ကြားရပြီးနောက် မိဖုရားကြီး ထွက်ခွာသွားသည်။ ဥတ္တိပက မိဖုရားကြီးသည် သတင်းဆိုးများ မကြားနာလို၍ ရှိုးရှိုးထွက်သွားသည် ထင်မှတ်၏။ သို့သော် ကြားရသမျှ ထွက်ချက်တို့ကို နားထောင်ပြီးနောက် မိမိပင် မိဖုရားကြီး၏ သားတော်ဖြစ်လျက် ခမည်းတော်ကို သတ်ပြီးနောက် မိမိ၏ မယ်တော်ကို တစ်ဖန် လက်ထပ်ခဲ့ကြောင်း တို့မှာ ပေါ်လွင်နေ၏။ အလွန်ဆိုးရွားသော ဘဝအတွေ့အကြုံ ဖြစ်၏။

အတွင်းတော်မှ မင်းစေတစ်ဦး ထွက်လာကာ မိဖုရားကြီးသည် ကြိုးဆွဲချပြီး နတ်ရွာစံပြီဟု တင်လျှောက်၏။ ဥတ္တိပကိုယ်တိုင် လိုက်ပါသွားကာ မိဖုရား၏အလောင်းကို ကြိုးမှ ဖြုတ်၏။ ထို့နောက် မိဖုရား၏ ဆံထိုးများဖြင့် ဘုရင်က မိမိ၏ မျက်စိများကို မိမိကိုယ်တိုင် ထိုးဖောက်ပစ်လိုက်လေသည်။

သွေးအလိမ်းလိမ်းဖြင့် မျက်မမြင် ဘုရင်ကို မြင်တွေ့ကြရသူတို့မှာ အစဉ် ထိတ်လန့်ကြ၏။ ထို့နောက်၌ကား သူ့ကို များစွာ သနားသောစိတ်ဖြင့် သူ့အပါးမှ ခွာသွားကြလေသည်။

*

ဘုရင်ဥတ္တိပ၏ ဘဝဝင့်ကြွေးမှာ အတော်ပင် ဆိုးရွားပေသည်။ လောက၌ အဆိုးဆုံးသော ဇာတ်ထုပ်တစ်ခု အဖြစ်ဖြင့် ဥရောပတိုက်တွင် ရှေးခေတ်မှ စ၍ ယခုတိုင် စင်တင်အသုံးတော်ခံလျက် ရှိနေပေသေးသည်။ ရုရှား ဂီတဆရာကြီး စတြေဗင်စကီ (Stravinsky)၏ အော်ပရာမှုကို ပြင်သစ်၌ လူကြိုက်များ၏။ ဆရာ ယူဂျင်းအိုနီ (Eujene 0'Neil)၏ ပြဇာတ်မှုကို အမေရိကန်၌ လူကြိုက်များ၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁၁ ဘဝရှင်နှင့် ဘဝ ဆုံးရှုံးသူများ

## [ ၁ ] ဦးစမှ အစ

၁၁၉၈ ခုတွင် ဘကြီးတော် ခေါ် စစ်ကိုင်းမင်း မကျန်းမာတော်မူရာ မြောက်ဥယျာဉ်၌ ယာယီစံနန်းတော် ဆောက်လုပ် စံနေတော်မူသည်။ ထိုအခါ လွှတ်တော်၌ မိဖုရားခေါင် မယ်နုနှင့် သူ၏မောင်တော် မင်းသားကြီး မောင်အိုတို့၏ ဩဇာ တစ်စတစ်စ လွှမ်းမိုးလာခဲ့သည်။ ထို့ကြောင့် မင်းတရားကြီး၏ ညီတော် သာယာဝတီမင်းသားနှင့် ပဋိပက္ခ ဖြစ်လာ၏။ နောက်ဆုံးတွင် အခြေအနေကို မထိန်းသိမ်းနိုင်ဘဲ သာယာဝတီမင်းသားသည် ရွှေဘိုသို့ ထွက်ခွာတော်လှန်ကာ ဧရာဝတီမြစ် အနောက်ဘက်ကမ်း စစ်ကိုင်းမြို့အထိ သိမ်းပိုက်ထား၏။

ထိုပြဿနာကို နောင်တော်နှင့် ညီတော်တို့ စေ့စပ်ရာတွင် သာယာဝတီမင်းသားက 'ပြည်ဆူး၊ ပြည်ငြောင့်ကဲ့သို့ စလင်းစား မောင်အိုနှင့် ပေါင်းသင်းပါဝင်သူ မှူးမတ်တို့ကြောင့် ငါတို့ နောင်တော်ညီတော် မှုခင်းကြီးစွာ ဖြစ်ပွားရ၍ သတ္တဝါအပေါင်းတို့ ပျက်စီးခြင်းသို့ ရောက်ရချေသည်။ သင်းတို့ကို ပေးအပ်မှ မှုခင်းခပ်သိမ်း ပြေငြိမ်းပြီးစီးသဖြင့် ပြည်ရွာ ငြိမ်ဝပ်ချမ်းသာမည်'ဟု မိန့်ဆို၏။

ဦးစမှာ လွှတ်တော်ဝန်ကြီးဖြစ်ရာ အရင်းခံကျသော တရားခံများ၌ ပါဝင်နေ၏။ လွှတ်တော် စစ်ရေးစီမံသမျှနှင့် အမိန့်ထုတ်ပြန်သမျှမှာ သူနှင့် မကင်းနိုင်ချေ။ အမိန့်တစ်ခုတွင် သူပုန်မင်းသားကို ထုံးစံအတိုင်း "ငယ်"ဟူသော ဝေါဟာရ တပ်ကာ "သာယာဝတီစားငယ် ခင်"ဟူ၍ နာမည်တော်ကို ထုတ်ဖော်၍ ရင့်သီးစွာ ထုတ်ပြန်ခဲ့သည်။ ထိုကိစ္စအတွက် ဝန်ကြီးအများ တာဝန် ရှိစေကာမူ ဦးစကို ပို၍ အမျက်တော် ရှိလေသည်။

'ဝန်ကြီး ငစသည် နောင်တော်ဘုရား၏ ငယ်ကျေးငယ်ကျွန် ဖြစ်သည်နှင့်အညီ စားကျေးမြို့ရွာ ရာထူးကြီးပေး၍ မြှောက်စားခဲ့သော်လည်း နောင်တော် ကျန်းခံ့သာတော်မမူ လျှင်ပင် စလင်းစားနှင့် တရောတယှက်ပေါင်းကာ တိုင်းပြည် မငြိမ်မဝပ်ရှိအောင် စီရင်လေသည်။ သင်းကို အသက် စည်းစိမ်နှင့်တကွ ပျက်စီးအောင် စီရင်သင့်သူ ဖြစ်တော့သည်။ သို့သော် ငါသည် ဘုရားဆုကို ပန်သည် ဖြစ်သောကြောင့် ကြီးစွာသော သည်းခံခြင်းကို ပြုမည်။ သင်းတို့ ၁၂ ဦးအား ထောင်သွင်း အကျဉ်းထားလော့'ဟု အမိန့်တော်ရှိ၏။

ဦးစသည် စစ်ကိုင်းမင်း ကျေးကျွန်ဖြစ်သည်သာ မက ဤအချင်းဖြစ်ပွားသူ မင်း ၂ ပါးတို့၏ ခမည်းတော် အိမ်ရှေ့ ကိုယ်တော်ကြီး ရွှေတောင်မင်း လက်ထက်မှစ၍ပင် ငယ်ကျွန် ဖြစ်ခဲ့သည်။ ဘိုးစဉ်ဘောင်ဆက် ဆိုသလို ရာနှုန်း အပြည့် သစ္စာမြဲမြဲခဲ့သူ ဖြစ်သည်။ ညီတော်၊ နောင်တော် အချင်းပွားရာ၌ ဝန်ကြီးဦးစ အဖို့ နာမကျန်းဖြစ်နေသော တရားဝင်ဘုရင် နောင်တော်စစ်ကိုင်းမင်းကို ပစ်ထားကာ ပုန်ကန်သူ ညီတော် သာယာဝတီမင်း နောက်သို့ လိုက်ရန်မှာ မလွယ်ကူပေ။ သူ့အနေဖြင့် ဆွေတော်မျိုးတော်တို့ကို ချစ်ခင်၏။ ရိုးရာစနစ်ကိုလည်း လိုလား၏။ မင်းသားကြီး မောင်အိုထက် သာယာဝတီမင်း ကောင်းစားသည်ကို မြင်လို၏။ ဤကိစ္စမှာ ဟိုဘက် ဒီဘက် ရှင်းရှင်း ရွေးချယ်ရေးသာ မဟုတ်။ နောင်တော် လူမမာကို ပစ်ပယ်သင့်ပါသလော။ ထို့ကြောင့် သူ့တာဝန် ဝတ္တရားကို သူနားလည်သလို အနက်ပြန်ကာ လူကြိုက်နည်းသော ဘက်တွင် နေရစ်ခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရဲရဲတောက် ဦးစ

ဦးစသည် မြန်မာစစ်ဗိုလ်ချုပ် သေနာပတိကြီး အနေဖြင့် ဤအရေး၌လည်း စံယူလောက်သော သတ္တိကို ပြခဲ့သည်။ သာယာဝတီမင်းက မင်းသားကြီး မောင်အိုနှင့် အပေါင်းပါ ၁၂ ဦးတို့ သူ့ထံသို့ ဒူးထောက် အညံ့ခံစေရမည် ဟူသော ရာဇသံနှင့် ပတ်သက်၍ နောင်တော် စစ်ကိုင်းမင်းက ဦးစတို့ကို ရွှေ့တော်သို့ ခေါ်ပြီး အခြေအနေကို ဝေဖန်သုံးသပ်ကြသည်။

ထိုအခါ ဦးစသည် တိုင်းပြည် အမြန် အေးချမ်းသာယာရေးကို မိမိအသက်ထက် ဦးစားပေးသောအားဖြင့် 'ထားလျှင်လည်း နေမည်၊ မထားက သေမည်'ဟု တင်ပြ၏။ သာယာဝတီမင်း တောင်းဆိုသည့်အတိုင်း စစ်ကိုင်းသို့ကူး၍ မိမိကိုယ်ကို အပ်နှံရန် ရဲရဲဝံ့ဝံ့ ဆုံးဖြတ်လေသည်။

၁၁၉၈ ခု ကဆုန်လဆန်း ၅ ရက်နေ့တွင် ထိုဆုံးဖြတ်ချက်အတိုင်း အပေါင်းပါ ၁၂ ဦးတို့သည် သာယာဝတီမင်း ရွှေ့တော်သို့ သွားရောက် အညံ့ခံကြလေသည်။ သို့လျှင် ဦးစသည် စစ်တရားခံအဖြစ် သတ်လိုသူ လက်တွင်းသို့ သူ့အလိုအလျောက် ရဲရင့်စွာ သက်ဆင်းခဲ့လေသည်။

ထိုသို့ ဆုံးဖြတ်ရာ၌ ဦးစသည် ပညာရှိ သုခမိန်တစ်ဦး ဖြစ်သည့်အလျောက် ဟံသာဝတီသမိုင်းမှ အမတ်ဒိန်၏ နမူနာကိုလည်း သတိရမည် မလွဲပေ။ "အတိတ်ဖြစ်ဟန်၊ နောက်တစ်ဖန်၊ အမှန် ကြုံတတ်စွာ"(History Repeats Itself)ဟူသော စကားပုံအတိုင်း အမတ်ဒိန်၏ အဖြစ်မျိုး ဦးစ ကြုံတွေ့နေရခြင်း ဖြစ်သည်။ ရာဇာဓိရာဇ်သည် ဒဂုန်၌ တပ်တည်ကာ ဟံသာဝတီကို သိမ်းပိုက်ရန် တာစူနေခဲ့သည်။ ဒဂုန်၌နေစဉ် အခြားသော နေပြည်တော် မှူးမတ်များထံမှ အမျိုးမျိုး အကူအညီ ရသော်လည်း အမတ်ဒိန် တစ်ယောက်ကား ကူဖော်လောင်ဖက် မရဘဲ အထွတ်အထိပ်သို့ ရောက်ခါမှ မျက်နှာချိုသွေးရကောင်းလားဟု သတ်စေ မိန့်တော်မူ၏။

ထိုအခါ အမတ်ဒိန် လျှောက်တင်သည်ကား 'ကျွန်တော်သည် အရှင့်ခမည်းတော်၏ ကျွန်တော်ရင်း ဖြစ်၍ သံလျင်မြို့စားအဖြစ် သူကောင်းပြု ခံရပါသည်။ ထီးဖြူဆောင်းသည့် မင်းကိုသာ ခစားပါသည်။ ထီးဖြူ မဆောင်းသေးသည့် မင်းကို မခစားတတ်ပါ။ ကျွန်တော့်ကိုသတ်လျှင် သေရမည် ဖြစ်သော်လည်း တိုင်းပြည် နစ်နာပါလိမ့်မည်။ ကျွန်တော့်ကို သတ်လျှင် နောင်လာ မှူးမတ်တို့သည် ငါတို့အနေဖြင့် အမတ်ဒိန်လို မဖြစ်စေရန် ပုန်ကန်သူများနှင့် အခြေအနေအရ အထိုက်အလျောက် ဆက်ထားမှ ဖြစ်မည်ဟူသော အတွေးအခေါ်မျိုး ဝင်လာပါလိမ့်မည်။ အမတ်ဒိန်မှာ သောင်းကျန်းသူကို အားပေးအားမြှောက် အဆက်အသွယ် မလုပ်ခဲ့၍ အသတ်ခံရသည် မဟုတ်လော။ ထိုသို့သော အတွေးအခေါ်မျိုး ဝင်လာလျှင် တိုင်းပြည်ကို အုပ်ချုပ်၍ ရတော့မည် မဟုတ်ပါ'။ ထိုသို့သော လျှောက်တင်ချက်ကြောင့် ရာဇာဓိရာဇ်သည် အမတ်ဒိန်ကို မသတ်တော့ဘဲ မူလရာထူး၌ တည်မြဲစေခဲ့သည်။

ဦးစအဖို့ သာယာဝတီမင်း ထီးဖြူဆောင်းပြီးနောက်တွင် သစ္စာခံရန် ဝန်မလေးတော့ချေ။ ထို့ကြောင့် အကျဉ်းထောင် အတွင်း၌ပင် အမျက်ဖြေ ကဗျာလင်္ကာများ ရေးစပ်နေခဲ့သည်။ သို့သော် သာယာဝတီမင်း၏ အမျက်တော်ကား ဖွဲ့မီးသဖွယ်ပင် ရှိနေသေးပေသည်။

## မခလာ ပေါ်လာပြီ

ဤအခြေအနေတွင် ဇနကမင်းသားကို ကယ်တင်ရန် မခလာ နတ်သမီး ပေါ်ပေါက်လာဘိသို့ တစ်ပင်တိုင် သမီးတော် စုဖုရားကြီးသည် အကျဉ်းသား ဦးစ အလုပ်ကြမ်း ဒဏ်နှင့် လမ်းပြင်နေရာသို့ သိုက်မြိုက်စွာ ဆိုက်ရောက်လာလေသည်။

၁၂၀၀ ခု သီတင်းကျွတ်လဆုတ် ၁၃ ရက်၌ သဲအင်းဆရာတော်ကြီး ပျံလွန်တော်မူရာသို့ အရှင် မိဖုရားခေါင်ကြီး ကြွရောက်ပူဇော်ရန် အစီအစဉ် ရှိလေသည်။ ထွက်တော်မူမည့် လမ်းတစ်လျှောက်ကို အကျဉ်းထောင်မှ ထောင်သားများ ထွက်ကာ လမ်းချောအောင် ပြုပြင် မွမ်းမံကြလေသည်။

သာယာဝတီမင်း၏ မိဖုရားခေါင်ကြီးနှင့် သမီးတော် စုဖုရားကြီးတို့ ထွက်တော်မူလာရာ ဦးစတို့ လမ်းဖို့နေရာသို့ ရောက်လာ၏။ လမ်းဘေးတွင် ပေါက်ပြားတစ်လက်နှင့် တဖားဖား လမ်းဖို့နေသော ဦးစကို မြင်သောအခါ စုဖုရားကြီးသည် ဝေါတော်ကို ရပ်တန့်စေလျက် 'ဟိုဘက်နားက လမ်းဖို့နေတာ စစ မဟုတ်လား။ ခေါ်ခဲ့စမ်းပါ၊ ခေါ်ခဲ့စမ်းပါ' ဟု မိန့်တော်မူ၏။

အပါးတော်မြဲတို့လည်း ဦးစကို သွားရောက် ခေါ်ငင်ရလေသည်။ စုဖုရားကြီးရွှေ့တော်သို့ ရောက်လျှင် ဦးစသည် မြေပေါ်၌ ပြားပြားဝပ် ရှိခိုးနေ၏။ မင်းသမီးက အကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်၌ မည်သို့မည်ပုံ နေကြရပုံများကို အမေးတော်ရှိရာ ဦးစက 'မှန်လှပါ၊ ကျွန်တော်မျိုးကြီးမှာ ငယ်ငယ်က အမေဆင်မြန်းပေးသော ခြေချင်းအစား ယခုအခါ ဘဝရှင် မင်းတရားကြီးက ဆင်မြန်းစေသော သံခြေချင်းကို ဝတ်ဆင်၍ နေရပါသည်။ ထောင်၌ ရာဇဝတ်တော်ပန်းကို ပန်ဆင်နေရသည်မှာ ၂ နှစ်ကျော်ပါပြီ။ နေ့ညဉ့် နာရီမလပ် ထိတ်လန့်တကြား ပါးကွက်သားတို့လက်တွင် အသက်ဆံဖျား နေရပါသည်။ အသက်အရွယ် အိုမင်းလှပြီ ဖြစ်၍ ထောင်တွင် အကျဉ်းခံရသည်မှာ ပင်ပန်း ဆင်းရဲလှပါပြီ ဘုရား'

စုဖုရားကြီးက စစအတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းသည်။ ထိရောက်သော အကူအညီပေးရန် အကြံထုတ်တော်မူရာ ဗျာပါဆံကိုပင် အတန်ကုတ်မိသည်။ 'စစရယ်... ဒီလို လုပ်ကြစို့၊ တန်ဆောင်တိုင်ပွဲတော်ကို ခမည်းတော် ထွက်တော်မူလိမ့်မယ်။ ဒီပွဲမှာ ရုပ်စုံဆရာ ငရွှေသာ အသုံးတော် ခံလိမ့်မယ်။ ဒီတော့ စစက ဘုန်းတော်ဘွဲ့တစ်ပုဒ် ရေးပြီး သူ့ကို ပေးအပ်လိုက်ပါ။ အခွင့်သာလျှင် ခမည်းတော်ကို စစ အတွက် စုစုက ကူညီလျှောက်ထားပါမယ်'ဟု ကတိပေး မှာကြားခဲ့လေသည်။

### အမျက်ပြေ သီချင်း

၁၂၀၁ ခု တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်နေ့ အနောက်စမုတ်တော် ရုပ်သေးပွဲတွင် သာယာဝတီမင်းနှင့် မိဖုရား၊ သားတော်၊ သမီးတော်တို့ စုံညီစွာ ထွက်တော်မူ ရှုစားလေသည်။ ရုပ်သေး နှစ်ပါးသွားပြီးချိန်၌ မင်းသားကိုင် ဦးရွှေသာက ဦးစ ရေးပေးလိုက်သော "ကုန်းဘောင်နေမင်း" သီချင်းကို ဆွတ်ပျံ့ကြည်လင်စွာ သီဆိုလေတော့သည်။

ကုန်းဘောင်နေမင်း၊ ဘုန်းရောင်ဖြာဝင်း
သောင်းဒီပါ ထိန်ထိန်လင်း
သိင်္ဂါလျှံလန်း၊ ဣန္ဒာစံခန်း
ဝေယံလေတူ နှုန်းနန်း
များထုဝေနေ၊ ချမ်းသာစေ
ဖန်တော်ဆောင်းသည့်၊ ကုန်းဘောင်ဘုရား
သောင်းထိုက်ကယ်ညာ တစ်ပြည့်လုံး
ဘုန်းနေခြည် ဆောင်ရောင်ပွင့်တယ်လေ
ရာမင်း မင်းဖျား
အို.... ကွယ် မှန်းရည်လို့စေ
ပြည်လုံး သွန်းလောင်းသောင်ရေ။

သီချင်းအချဉ်၌ ထူးခြားလှသောကြောင့် သာယာဝတီမင်းက 'မည်သူ ရေးသနည်း'ဟု မေးတော်မူရာ အနီးတွင် အသင့် အခွင့်တော်ကို စောင့်မျှော်နေသော သမီးတော် စုဖုရားကြီးက 'ဝန်ကြီးဟောင်း ငစ ရေးသော ဘုန်းတော်ဘွဲ့ပါ ဘုရား၊ ခုလည်း ထောင်မှာ ၂ နှစ်ကျော်၍ ဒုက္ခရောက်လှပါပြီ၊ ပညာရှိဖြစ်၍ နှမြောဖို့ ကောင်းပါသည်။ သစ္စာတော်မြဲ၍ ချမ်းသာပေးသင့်ကြောင်းပါ ဘုရား'ဟု ရွှေနားတော် သွင်းသည်။

သာယာဝတီမင်းသည် ပညာရှိကို မြတ်နိုးသည်က တစ်ကြောင်း၊ ချစ်လှစွာသော သမီးတော်က လျှောက်ထားတောင်းပန်သည်က တစ်ကြောင်းကြောင့် 'လွတ်ပါစေ'ဟု အမိန့်တော်ရှိ၏။ ညတွင်းချင်းပင် ဦးစသည် အကျဉ်းမှ လွတ်လေသည်။

ဦးစ၏ အပေါင်းပါ အခြား ၁၁ ဦးတို့ကား ထောင်တွင်း၌ ကျန်ရစ်ကာ ၆ လအကြာ၌ အားလုံး ကွပ်မျက်ခံကြရလေသည်။

*

## [၂] စကြာမင်း အိမ်တော်

### အင်္ဂလိပ်သံမှူး ကရော့ဖို့ မှတ်တမ်း

***အောက်တိုဘာလ ၂၃ ။***

မစ္စတာလင်စီဂိုက ကြီးမှူး၍ ကျွန်တော်တို့အဖွဲ့ကို ယနေ့ အိမ်ရှေ့မင်း ရှေ့တော်သို့ ပို့ဆောင်သည်။ ထိုသို့ အင်္ဂလိပ်စာတတ် ပုဂ္ဂိုလ်တစ်ဦးကို တာဝန်ပေးအပ် ခေါ်ဆောင်စေခြင်းမှာ ကျွန်တော်တို့အတွက် ပို၍ အဆင်ပြေ၏။ မြန်မာ သံတော်ဆင့်များထက် ဆက်ဆံရေး ပြေပြစ်၏။

အိမ်ရှေ့မင်းသား၏ အိမ်တော်မှာ နန်းမြို့ရိုးအတွင်း နန်းတော်ဝင်း၏ အနောက်တောင်ဘက်၌ တည်ရှိသည်။ ရိုးရိုး ပျဉ်ထောင်အိမ် ဖြစ်သည်။ အိမ်တော်ရှေ့ရှိ "ရုံး"ဟု ခေါ်သော အဆောင်၌ ဦးစွာ ဝင်ရောက်ကာ ၁၅ မိနစ်ခန့် စောင့်နေပြီးမှ ရှေ့တော်သို့ ဝင်ရောက်နိုင်ကြောင်း အမိန့်စာ ရရှိသည်။ အိမ်တော်လှေကားတစ်ဝက် (ခွေးကတက်)တွင် ကျွန်တော်တို့ ဖိနပ်ချွတ်ရသည်။ အတွင်းခန်း၌ ခမ်းနားစွာ ဝတ်ဆင်ထားသော မှူးမတ်၊ သူဌေးသူကြွယ်များ ရောက်နှင့်ပြီး ဖြစ်၏။ ကော်ဇောများ ကြမ်းပြည့်ခင်းထားသည့် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ကို သလွန်တော်နှင့်နီးရာ ရှေ့ဆုံးတွင် ထိုင်စေသည်။

မကြာမီ ထိုသလွန်နောက်ရှိ ခေါက်တံခါးကြီး ပွင့်သွားသည်။ အတွင်းခန်း၌ အခြားသော သလွန်တစ်ခု ပေါ်တွင် အိမ်ရှေ့မင်းသားလေး တင်ပျဉ်ခွေ ထိုင်နေ၏။ ထိုသလွန်နောက်၌ မှန်ချပ်ကြီး ၂ ခု ထောင်ထား၏။ ထိုရှုခင်းမှာ တစ်မျိုးတစ်မည် တောက်ပြောင် ခံ့ညားပေသည်။ ခစားနေသူများ အထင်ကြီးစေရန် ထိုသို့ စီစဉ်ခြင်းမှာ အတော်အတန် အောင်မြင်သည်ဟု ဆိုရပါမည်။

ခဏကြာသော် အိမ်ရှေ့မင်းသားသည် ထိုသလွန်မှ ထ ကာ ခန်းမကြီးအတွင်းရှိ သလွန်ဆီသို့ ခပ်သွက်သွက် လျှောက်လာသည်။ သူသည် ရွှေဖော့လုံး ခေါင်းပေါင်းနှင့် ရွှေခြည်ထိုး အင်္ကျီကို ဆင်မြန်းထား၏။ လက်သုံးတော် ကျောက်စီဓားလည်း ပါရှိ၏။ ပုလဲပုတီးနှင့် ပတ္တမြားပုတီးစသည်တို့နှင့် သူ၏ စိန်လက်စွပ်များကလည်း အရောင်တဖိတ်ဖိတ် ရှိနေပေသည်။

မင်းသားသည် အသက် ၁၄ နှစ်မျှသာ ရှိပေသေးသည်။ ငယ်ရွယ်သူဖြစ်၍ ဤသို့သော ညီလာခံပွဲမျိုး၌ ကျင့်သားရဟန် မတူသေးချေ။ သူ့ကို ကြည့်ရသည်မှာ ရင်ခုန်နေပုံ ရ၏။ သို့သော် သူ၏ တာဝန်ကို သိက္ခာ မပျက်ပင် ရွက်ဆောင်နိုင်ပေသည်။ မျက်နှာတော် ချိုလျက် သဘောကောင်းပုံ ရ၏။

မင်းသား၏ နောက်တော်ပါးတွင် ခစားကြသော အမျိုးသမီးတို့မှာ အတော်ပင် များလျက် ကြီးသူ ငယ်သူ အရွယ်မျိုးစုံ ပါဝင်၏။ အချို့မှာ ရှေ့တော်၌ ခစားနေကြသော မှူးမတ်အရာရှိတို့၏ ကတော်မယားများ ဖြစ်ဟန်တူ၏။ သူတို့ကိုယ်တိုင်လည်း မရောက်ဖူး၊ မကြုံဖူး၍ လိုက်ပါလာကြပေမည်။

ထိုအမျိုးသမီး ရုံရွှေတော်တို့တွင် အရွယ်ကြီး၍ ခံ့ညားသော အဒေါ်ကြီးတစ်ဦးမှာ မင်းသား၏ အထိန်းတော် ဖြစ်သည် ဆို၏။ ထိုအဒေါ်ကြီးက မင်းသားကလေးအတွက် စိုးရိမ်မကင်း ဖြစ်ဟန်ဖြင့် တစိမ့်စိမ့် မျှော်ကြည့်နေသည်။ သူ့မင်းသားကလေးသည် ဤပွဲ၌ အမှားအယွင်း ကင်းမဲ့စွာ စခန်းသွားနိုင်ရန် စိတ်စောနေဟန် ရှိသည်။

သလွန်တော်သစ်တွင် ထိုင်တော်မူပြီးနောက် ညောင်ရမ်းမင်း ဟုလည်းကောင်း၊ စကြာမင်း ဟုလည်းကောင်း ခေါ်တွင်သော အိမ်ရှေ့မင်းကလေးက ကျွန်တော်တို့ကို မေးခွန်း ၂ ခု မေးမြန်းတော်မူသည်။

(၁) ရန်ကုန်မြို့မှ နေပြည်တော်သို့ ဆန်တက်ကြရာတွင် မည်မျှ ကြာခဲ့သနည်း။

(၂) သံတမန်ကြီးများ ကျန်းခံ့သာ၍ မာကြပါ၏လော။

မင်းသား၏အသံမှာ ကလေးသံပင် မကုန်သေးပေ။ အသက် ၁၄ နှစ် ရှိစေကာမူ လူပျို မဖြစ်သေး ဟူ၍သာ မှတ်ယူရပေသည်။

ထို့နောက် သံတော်ခံ တစ်ဦးက ကျွန်တော်တို့ ယူဆောင်လာသော ပဏ္ဏာတော်စာရင်းကို ဖတ်ရှု တင်လျှောက်၏။ အခြားသော တိုင်းရင်းသား ဧည့်သည်တော် အချို့ကလည်း လက်ဆောင် ဆက်သကြ၏။ ထို့နောက် မြန်မာထုံးစံအတိုင်း ဆေး၊ ကွမ်း၊ လက်ဖက်ပွဲများ တည်လာ၏။ မုန့်ပွဲ၊ ယမကာပွဲများလည်း ရောက်လာ၏။

အိမ်ရှေ့မင်း၏ အတွင်းဝန်က ကျွန်တော်တို့ အနေဖြင့် မည်သည့်ကိစ္စ မဆို အိမ်ရှေ့မင်းသားကလေးထံ လျှောက်တင်ခွင့် ရှိကြောင်း ပြောကြား၏။ မင်းသား၏ အရွယ်တော်အကြောင်းကို မေးကောင်းသည်ဆို၍ ကျွန်တော်က လျှောက်တင်ပါသည်။ ထို့နောက် မင်းသားကလေးအား မြှောက်ပင့်ကာ သူ၏ ဘုန်းကျက်သရေနှင့် အဆင်တန်ဆာများ တောက်ပကြောင်းများကို သံတော်ဦး တင်လျှင်လည်း နှစ်သက်တတ်သည် ဆို၍ ထိုအတိုင်း ပြုမူရပါသည်။

ညီလာခံ မရုပ်သိမ်းမီ မင်းသားကလေးက ကျွန်တော်များအား လက်ဆောင်ပေးကမ်းစေရာတွင် ကျွန်တော့်အတွက် ပတ္တမြားလက်စွပ် ၁၊ မြန်မာ မြင်းကုန်းနီး ၁ စုံ၊ ယွန်းသေတ္တာ ၁၊ ပိုးပဝါ ၁၊ ရရှိပါသည်။ အခြားသောသံအဖွဲ့ဝင်များအတွက် ယွန်းသေတ္တာနှင့် ပိုးပဝါများ ဖြစ်ပါသည်။

ကျွန်တော်တို့ အပြန်တွင် အိမ်ရှေ့တော်၌ အငြိမ့်ပွဲနှင့် ရုပ်သေးပွဲများ ကခုန်လျက် ရှိကြသည်။ ဆိုင်းသံကား ဆူညံလှပေသည်။

ထိုနေ့ ညီလာခံမှာ မင်းသားကလေးနှင့် တကွ ကျွန်တော်တို့အဖို့ အားလုံး ကျေနပ်ဝမ်းသာ ရှိကြပါသည်။ မြန်မာ အရာရှိတို့ လိုက်ပါခြင်း မရှိသော်လည်း ကျွန်တော်တို့ အနေဖြင့် စည်းကမ်းတကျ ကောင်းစွာ ဝင်ထွက် သွားလာ တတ်ကြပုံကို ချီးမွမ်းကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဂျပ်ဆင်၏ မှတ်တမ်း

မိထွေးတော် မိဖုရားကြီး၏ ချုပ်ချယ်မှုကြောင့် အိမ်ရှေ့မင်းသားကလေး၏ အဆောင်အယောင်တို့မှာ မမြင့်မားသော အခြေ၌ ရှိနေသည်။ အိမ်ရှေ့မင်းဟု အမည်ခံမျှသာ ဖြစ်နေပေသည်။ အသက်တော် ငယ်သေး၍ မဟုတ်ဘဲ မိဖုရားကြီး၏ ပယောဂကြောင့် အိမ်ရှေ့အရာ ခံယူပွဲကို ယခုတိုင် ရှင်ဘုရင်က မကျင်းပနိုင် ဖြစ်နေခဲ့သည်။

ယခုအချိန်၌ မင်းသားကလေးသည် သာမန် ညောင်ရမ်းမြို့စား အဖြစ်၌ ရှိနေခဲ့၏။ သူ ဖွားမြင်ချိန်က ထူးခြားသော အတိတ်ကြီး နိမိတ်ကြီးများ ပေါ်ပေါက်ခဲ့၍ ဘိုးတော်မင်းတရားကြီးက သူ့အား စကြာမင်းဟု ခေါ်တွင်စေခဲ့သည်။ မြန်မာပြည်သူတို့ကမူ သူသည် တကယ်ပင် စကြဝဠာ တစ်ခုလုံးကို လွှမ်းမိုးရာတွင် အိန္ဒိယပြည်နှင့်တကွ ဗြိတိသျှ အင်ပါယာကြီးကို ချေမှုန်းနိုင်မည့် မင်းဟု ယုံကြည်လျက် ရှိပေသည်။

အင်္ဂလိပ်–မြန်မာ စစ်ပွဲ မဖြစ်ပွားမီ တစ်နှစ်လောက်က အင်းဝမြို့တော်တွင် သာသနာပြုဆရာ ဂျပ်ဆင်သည် ထိုမင်းသားကလေးကို မလှမ်းမကမ်းမှ မြင်လိုက်မိ၏။ မည်သူမှန်း မသိသဖြင့် အနီးရှိ မြန်မာတို့ကို မေးမြန်းရာတွင် 'အဲဒီမင်းသားဟာ ခင်ဗျားတို့ ကုလားနိုင်ငံတွေ အကုန်လုံး စိုးမိုးမည့် သူပဲ'ဟု ဖြေဆိုလေသည်။ ကုလား ဟူရာတွင် ကုလားဖြူ၊ ကုလားမည်းတို့ အားလုံး ပါဝင်၍ အာရှအနောက်ပိုင်းနှင့် ဥရောပနိုင်ငံများ ပါဝင်လေသည်။

## ဘာနေ၏ လျှို့ဝှက်မှတ်တမ်း

စကြာဆိုသော ဝေါဟာရမှာ ပါဠိဘာသာမှ ကူးပြောင်းခဲ့သည်။ ချကရာ၏ မူရင်းအနက်မှာ လှည်းဘီး မဟုတ်၊ စက်ဝိုင်း ဖြစ်သည်။ ဗုဒ္ဓဘာသာ အယူဝါဒနှင့် စပ်သော် ဂြိုဟ်ကြီးများ အပါအဝင် စကြဝဠာ လောကဓာတ် တစ်ရပ်လုံးကို ဆိုလိုသည်။

စကြာမင်းကလေးသည် ငယ်ရွယ်သူ ဖြစ်သောကြောင့် ညီလာခံထွက်စရာရှိလျှင် ရှက်ကိုးရှက်ကန်း ဖြစ်နေတတ်သည်။ ဤအခြင်းအရာမျိုးနှင့် ကြုံကြိုက်သော် သူ့ဘက်သို့ မလှည့်ဘဲ နီးရာ အရာရှိတစ်ဦးနှင့် စကားစမြည် ပြောနေသင့်၏။ သို့မှသာ မင်းသားကလေး အနေခက်

အထိုင်ခက် ပြဿနာ လျော့ပါးသွားကာ မိမိက အလိုက်သိရာ ရောက်ပေမည်။

မိဖုရားခေါင်ကြီး၏ မောင်တော် မင်းသားကြီး မောင်အိုသည် ဤသားတော် စကြာမင်း၊ ညီတော် သာယာဝတီမင်းတို့နှင့် ဆက်ဆံရာတွင် အလိမ္မာ ကင်းမဲ့လွန်းသည်ဟု ဆိုရပေမည်။ တိုင်းရေးပြည်ရေး ကိစ္စတို့တွင် လုံးဝ တိုင်ပင်ခြင်း မရှိဘဲ အခွင့်အရေးများလည်း ဝေခွဲပေးကမ်းခြင်း မရှိချေ။ ယခုအချိန်၌ စကြာမင်းသည် အရွယ်ရောက်ပြီဖြစ်၍ အိမ်ရှေ့မင်း၏ အဆောင်အယောင်တို့ကို ရသင့်ရထိုက် နေပါလျက် မပေးဘဲ ရှိနေသည်။ အိမ်ရှေ့မင်းအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးအာဏာ များစွာရှိသော်လည်း ယခုတိုင် လွှဲပြောင်းပေးခြင်း မရှိချေ။ ရှင်ဘုရင်သည် သူ၏ ညီတော်ကို များစွာ ယုံကြည် ချစ်ခင်သည့်အလျောက် ကျန်းမာတော်မူချိန်က အစစအရာရာ အားကိုးအားထားပြုခဲ့သည်။ ရှင်ဘုရင်၏ သွေးရင်းသားရင်းတို့ကို ယခုအချိန်၌ နန်းမတော်နှင့် မင်းသားကြီးတို့က ဝတ္တရားမပျက် ဆက်လက် ကြည့်ရှုသင့်သော်လည်း လုံးဝ လျစ်လျူရှုထားသည်။ ယခုအချိန်၌ သူတို့မောင်နှမသာလျှင် တိုင်းပြည်၌ အချမ်းသာဆုံးသော သူ ၂ ဦး ဖြစ်နေသည်။ စကြာမင်းကလေးကို ချောင်ထိုးကာ သာယာဝတီမင်းကိုလည်း ဩဇာမဲ့ ဘဝ၌ ရှိနေစေ၏။ တိုင်းသူပြည်သားများ အနေနှင့် ရှင်ဘုရင်နှင့် သားတော် စကြာမင်းကလေးကို အထူးမြတ်နိုးကြသည်။ သာယာဝတီမင်း အာဏာ သိမ်းပိုက်ပြီးချိန်၌ပင် ဘကြီးတော်မင်းဘက်မှ အင်အားပြည့်စုံစွာ ရပ်တည်မည့်သူရှိက တိုင်းပြည်က ထိုသားအဖ နှစ်ပါးဘက်မှ ရပ်တည်မည်မလွဲပေ။

သာယာဝတီမင်းက အာဏာသိမ်းပြီးနောက် စကြာမင်းကလေးကိုလည်း ကြည့်ရှု စောင့်ရှောက်ထားသည် ဆို၏။ စကြာမင်း၏ အဆောင်အယောင် အားလုံးတို့ကို ပြန်လည် အပ်နှင်းကာ အပါးတော်မြဲ အရာ၌ ခန့်ထား၏။ သို့သော် အိမ်ရှေ့မင်းသား စကြာမင်းကလေးမှာ မကြာခင် သစ္စာတော်ဖောက်မှု ရောက်လေတော့သည်။ သူ၏ ဘထွေးတော် သာယာဝတီမင်းက ထိုအခွင့်ကောင်းကို လက်မလွှတ်ဘဲ ၁၈၁၈ ခု ဧပြီလတွင် ရေချ ကွပ်မျက်လေသည်။ ထိုအမှု၌ သူနှင့် အပေါင်းပါတို့ကို သုတ်သင်ရာတွင် အမျိုးသမီး ၃ ဦးလည်း ပါသွား၏။ (၁) မြစိမ်းရောင် မိဖုရား၊ (၂)



www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်ကြီးနှင့် (၃) အရီးတော် မြတောင်မင်းသမီးတို့ ဖြစ်၏။

စကြာမင်းကလေး၏ အတွင်းဝန်မှာ ရန္တပိုစာချုပ် ပြုလုပ်ရာ၌ လက်မှတ်ရေးထိုးသော လယ်ကိုင်းဝန် ဖြစ်သည်။ လယ်ကိုင်းဝန်ကတော်မှာ ရှမ်းနွယ်ဖြစ်၍ အခြားသော ဝန်ကတော်များထက် ပိုချော၏။ ရန္တပိုတွင် မြန်မာမြင်းနှင့် အာရပ်မြင်းတို့ ပြိုင်ပွဲကို လယ်ကိုင်းဝန်ကြီးက ကောင်းစွာ မှတ်မိ၏။ အင်္ဂလိပ်တို့က အာရပ်မြင်းဘက်မှ လောင်းရာ အနိုင်ရခဲ့သည်။ အပျင်းပြေပွဲဖြစ်၍ အနိုင်မယူဘဲ လောင်းကြေးငွေကို ပြန်ပေးရာ မြန်မာဝန်ကြီးတို့က 'ယူသာ ယူပါ၊ ဒီပွဲက အရှင်းသားပဲ၊ လိမ်တာ ညာတာ တစ်ခုမှ မပါပါဘူး' ဟု ဆိုခဲ့သည်။

သာယာဝတီမင်းက အင်္ဂလိပ်တို့သည် မြန်မာ နန်းတွင်းရေး၌ ဝင်ရောက်စွက်ဖက်ကာ ဘကြီးတော်မင်းကို လည်းကောင်း၊ သားတော် စကြာမင်းကလေးကို လည်းကောင်း ပြန်လည်နန်းတင်မည်ကို စိုးရိမ်ခဲ့လေသည်။ သို့သော် ထိုသားအဖနှစ်ဦးမှာ မိမိလက်တွင်းသို့ ကျရောက်နေသဖြင့် အကယ်၍ အင်္ဂလိပ်က ဝင်ရှုပ်သော် ထိုသားအဖကို ကွပ်မျက်လိုက်ရုံသာ ရှိ၏။ နောင်တော် ဘကြီးတော်မင်းကို ညီတော် သာယာဝတီမင်းက အဆိပ်ခတ်သတ်ရန် ကြံရွယ်သည် ဆိုခြင်း၊ အခြားနည်းဖြင့် ဖယ်ရှားလိုသည် ဆိုခြင်းတို့မှာ ယုတ္တိ မရှိချေ။ [ ပါမောက္ခဒေးဆိုင်း၏ ဗြိတိသျှသံရုံးသမိုင်းမှ ]

## စကြာ ရေအိုးစင်

ကျွန်ုပ်သည် ၁၂၉၅ ခုတွင် ရာဇဝင် ဗဟုသုတနှင့် ရှေးဟောင်း နှောင်းဖြစ်များကို လက်တွေ့စုံစမ်း ရှာဖွေရင်း စစ်ကိုင်းတောင် ဘေးမဲ့ချောင်၌ ခေတ္တ တည်းခိုနေထိုင်စဉ် အမေရိကန်ပြည် နယူးယောက်မြို့တော်မှ အရှေ့နိုင်ငံ ရာဇဝင်နှင့် သိုက်ဆရာတစ်ဦးဖြစ်သော မစ္စတာအန်ထော်နီ ဆိုသူသည် ရန်ကုန်မြို့နေ မိတ်ဆွေတစ်ဦး၏ ညွှန်ကြားချက်အရ ကျွန်ုပ်ထံ ရောက်လာ၍ 'အဝမြို့ဟောင်း အတွင်းရှိ စကြာမင်း အိမ်တော်ရာနှင့် အသည်ဝန်ကြီး အိမ်နေရာကို လိုက်လံပြသပါမည့် အကြောင်း' တောင်းပန်လေရာ ကျွန်ုပ်မှာ လွန်စွာ အံ့သြသွားမိပေ၏။ သို့ရာတွင် အဝမြို့တွင်းသို့ ရောက်သောအခါ အံ့သြစရာ မရှိကြောင်း တွေ့ရှိရပေ၏။ အကြောင်းမူကား ဤကဲ့သို့ စကြာမင်း အိမ်နှင့် ဦးစ အိမ်နေရာတို့ကို မေးမြန်းလာသော မျက်နှာဖြူလူမျိုးများ မကြာခဏ လာရောက်လေ့ရှိသည်ဟု တောင်ယာလုပ်သူများက ပြောကြသောကြောင့်တည်း။ မြို့တွင်းရှိ မန်ကျည်းပင်အို၊ သရက်ပင်အို စသော သစ်ပင်ကြီးများမှာ သုံးပေကျော် လေးပေခန့် အမြစ်ပေါ်နေသည်ကို တွေ့ရ၏။ တူးဆွထားသော ချိုင့်ခွက်များမှာလည်း နေရာတိုင်းလိုပင် ရှိ၏။ သည်ကဲ့သို့ ဖြစ်ရခြင်းမှာ တိုက်ရိုက် သိုက်လိုက်သော ရာဇဝင် သိုက်ဆရာများ၏ လက်ချက်များ ဖြစ်ကြောင်း၊ သိုက်တူးသူနှင့် ယာသမားများမှာ ရွှေတိုရွှေစ၊ ရွှေမန်ကျည်းတောင့်၊ ရွှေလက်စွပ်၊ နဖူးစည်း ရွှေပြား စသော အဖိုးတန် ရတနာများကို မကြာခဏ ရရှိကြောင်း တောင်ယာလုပ်သူ တစ်ဦးက ပြောပြပေ၏။ ကျွန်ုပ်နှင့် အန်ထော်နီသည် အိမ်ရာနှစ်ခုကို သိသူများအား ရှာဖွေမေးမြန်းရာ ပြန်လာသည့်တိုင်အောင် မတွေ့ခဲ့ရပေ။ သည်ကဲ့သို့ ဖြစ်ခြင်းမှာ အန်ထော်နီ ပါသည့်အတွက် သိသူများက မပြောလိုကြောင်း နောက်မှ သိရပေ၏။ ကျွန်ုပ်တို့သည် နန်းမတော် မယ်နု၏ အုတ်ကျောင်းကြီးနှင့် ဂျပ်ဆင်၏ အဝ လက်မရှိ ထောင်နေရာကို ကြည့်ပြီးနောက် မြို့တွင်းသို့ လျှောက်၍ လည်ကြရာ "စံကျောင်း"ခေါ် ဘုန်းကြီးကျောင်းတစ်ကျောင်း၌ စကြာမင်း ကိုယ်တိုင် သောက်သုံးသော "ရွှေရေအိုးစင်" ကို မြင်ကြရပေ၏။

"၎င်းရေအိုးစင်မှာ ရွှေရောင် မပျက်သေး၊ ခြေထောက် လေးချောင်း ရှိ၏။ ရေအိုးတစ်လုံးသာ တည်သာ၍ အမြင့်ဒေါက်မှာ အမိုးဖျားအထိ ငါးပေကျော် ခြောက်ပေခန့် ရှိ၏။ အားလုံး ရွှေပိန်းချထား၏။ အမိုးမှာ ချွတ်စွပ်၍ရသော အရှင်ဖြစ်၍ သစ်သားထင်ရသော်လည်း ယွန်းထည်ဖြစ်၏။ လုပ်ပုံ အလွန်သေသပ်၍လည်း လှပပေ၏။ ဟောင်းမြင်းပုံ အခြေအနေနှင့် လုပ်ပုံပြုပုံ သေသပ်ခြင်းထောက်၍ စကြာမင်း ရေအိုးစင်ဖြစ်ကြောင်း ယုံကြည်ခဲ့၏။ ၎င်းရေအိုးစင်မှာ ခုအခါ စံကျောင်း ဘုန်းကြီးပိုင် ဖြစ်နေပေ၏။" [ရွှေစကြာ]

## သခင်ကိုယ်တော်မှိုင်း ရေးသော စကြာရေချူနှင့် ထုပါရုံ ဘုရားတိုင် လေးချိုးကြီး

၁။ ယင်းအမေးကွက် သဟာဖြေဖို့ အသွားဟာက
အရင်း တွေးလိုက်တော့၊
အချင်းချင်း ဘောတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးကလည်း တစ်ဖက်ပေထင့်
မင်းကလေးစကြာ ရေသို့ လားစဉ်က
ပြည်ဗဟိုဘုရား ဆိုတဲ့ ရွှေဘိုသားပေပေါ့
အများပြည် မအေးစရာ ကွယ်တို့ရယ်
စနေဂြိုဟ် နဂါး၊ မအေတို့ တားရှာသတဲ့
(စန္ဒာရယ်) အမေတို့ အဘွားတောင်မှ
မိသေးတာ။

၂။ သြော် အထက်ခေတ်ဆီက သက္ကရာဇ်မှာတော့
တွက်စစ်လျှင် တမင် မဖြောင့်ချင်တော့
အကြင်ထောင့်နှစ်ရာ နှစ်အကူးတွင်မှ
တန်ခူးပုဏ္ဏမိ သီသီအထွက်ပေပ
ခြောက်ရက်အမှောင် သမ်းပြန်သနဲ့
နောက်ဆက် တဘောင်နှင့်
လွမ်းလောက်အောင်
အောင်ပန်း တကြိုင်ကြိုင်
အထက်အညာမှာ သင်းပေတဲ့
ညောင်ရမ်းပိုင် စကြာသနင်းရယ်နဲ့
ကနက်ဘမရာ နှင်စရာ အသရေ လှပေတဲ့
ရွှေမြတောင် မဟာသွေးတို့မှာဖြင့်
နေလနှစ်ဆောင် ကြမ္မာမေးချိန်ထင့်
သြ ...မြန်မာ့အရေးပေမို့
တစ်ခါတစ်ခါ တွေးမိပေသပ
ဒကာရေး ဆိုသူ ဆံရှည်ဖိုလ်တို့နှင့်
မြန်မာပြည်တစ်ခိုကို ကြံစည်သကိုလို့ မှတ်လေတော့
ဘုန်းပြောင်ပြောင် ကုန်းဘောင်ကနက်ရယ်က
ရေလယ်မှာ သေဟယ်လို့ သတ်စဉ်က
မင်းဇာတ်ရာဇဝင်နှင့် ပညတ်ကမ္ဘာတွင်သို့
ပထဗျာငလျင်အင်း အနို့ရင်းသို့ လှုပ်သမို့
ရိုင်းပေထင့် အညာတစ်ခွင်
မင်းတို့ ကျုပ်တို့ စစ်ကိုင်းဆီက
တိုင်းပြည်မှာ သမိုင်းအရှည် မကောင်းနိုင်တဲ့ပြင်
တောင်းဆုကော်ရော်
ပတ္တနာသူမှာ အကျွတ်များစေတဲ့
ကောင်းမှုတော်တစ်ဆူသာ အလွတ်ထားပါလို့
ပတ္တမြားစေတီ ဘုံအမတရဲ့ ပြင်
ပုညရှင် ထူပါရုံနှင့်
ဗမ္ဗူမြန်မာ ဘုံရှိသမျှ ဘုရားတို့မှာဖြင့်
သူသူငါငါ ကဝိ တပဿနှင့်တကွ
တပည့်မတို့လည်း မတားနိုင်ဘု
သြော် ... မကြံသာ မဖန်သာနှင့်
ရုံအရာ ပေထင့်နော
မန္တလာ သည်အစုမှာ
မလွှာပြည်သူတွေနှင့် မခြားအောင်ပ
သနားဖွယ် သမယခါပေနော်ကွယ်
ဘုရား ကယ်ပ၊ သကြား ကယ်ပနှင့်
အားငယ်ကြပေမှာ။

၃။ ထာဝရ တစ်ဘာသာ တန်ခိုးအာဏာ မဲ့ပြန်သနဲ့
သာသနာ့ ဒါယကာ ကိုးရာမဲ့ချိန်မို့
အမျိုးမြန်မာမကွယ့်
ညိုးစရာ အလှည့်အတန်း ကျကျပြီး
တလွမ်းလွမ်း၊ လျူလျူ၊ မချမ်းမမြ၊ ပန်းရသဟာ
မန်းနဂရ အညာမှာတော့၊
မြန်မာ့ဗိမာန်ကလား
အိုကွယ်၊ အလွမ်းဘဝမှာ လွမ်းမကွ လို့
တမှန်းမှန်း ဆဆပြီး
သြော် ဘန်းမျှာ့ ဆရာရယ်က
ခဏခဏ၊ တသသနှင့် ဓမ္မဓိဋ္ဌာန် ပွား။

၄။ ယင်းအခါ အလင်းမြန်မာမှာတော့
တင်းတင်းမာမာ အဖြောင့်ဆုံးပေမို့
သောင်းသုံးထောင် သီသီကျော်သနဲ့
ပြည်ပေါ်မှာ ပါဝါနှင့် ဟိန်းနိုင်တဲ့
ဗြဟ္မာကိန်း တစ်နည်းအလာမှာ
ပလ္လင်အသစ် ထွင်မှ
ဒကာစိန်းကြီးသာ ရှင်ဘုရင် ဖြစ်ရင်ဖြင့်
ပြင်ပစ်မယ် ထင်သာ ထင်လို့မို့
ဝက်ပါတစ်ခွင် သုဂတိနတ်ရွာ ဟောတဲ့ပြင်
မြင်မြင်ကရာမှာပင်၊ အရှင်ဆရာသခင် စုမိစပ်ရ
ပြောမိပေပေါ့
သြော် ... အဟောသိ၊ အဟောသိနှင့်



www.burmeseclassic.com

www.burmeseclassic.com

## ဘဝရှင်နှင့် ဘဝဆုံးရှုံးရသူများ စာရင်း

| ရက်စွဲ | ဘဝရှင် | ဘဝဆုံးရှုံးသူ | ကျန်ရစ်သူ | ကယ်တင်သူ | မှတ်ချက် |
|---|---|---|---|---|---|
| ၁၁၉၉ | သာယာဝတီမင်း | မြဝတီဦးစ | | စကြာဒေဝီ | ကဗျာရေး၍ လွတ် |
| ၁၂၀၀ | သာယာဝတီမင်း | စကြာမင်း | ၁။ ကန္တီထိပ်ခေါင်တင် | စကြာဒေဝီ | စကြာမင်းသမီးတော် |
| ။ | ။ | မြစိမ်းရောင်မင်းသမီး | ၂။ မင်းမြတ်စိုး | ။ | မြတောင်မင်းသမီးနှင့် ဗိုလ်ဆံရှည်၏ |
| ။ | ။ | အထိန်းတော်ကြီး | ၃။ မင်းမြတ်လှ | ။ | ရင်သွေးတော်များ |
| ။ | ။ | မြတောင်မင်းသမီး | ၄။ မင်းမျိုးထွန်း | အောက်ပြည်ထွက်ပြေး | |
| | | ဗိုလ်ဆံရှည် | ၅။ မင်းမျိုးညွန့် | ။ | |
| ၁၂၀၂ | သာယာဝတီမင်း | နန်းမတော်မယ်နု | ၁။ ဆင်ဖြူမရှင် | စကြာဒေဝီ | မယ်နုသမီးတော် |
| ၁၂၀၅ | ပုဂံမင်းနှင့်မယ်တော် | ပခန်းမင်းသား | ၁။ ကြင်ရာတော်မင်းစိန်ပွင့် | စကြာဒေဝီ | ပခန်းမင်းကို လူငှား၍ အဆိပ်ခတ် |
| | | | ၂။ သမီးတော်ကောင်းတုံစား | ။ | |
| | | | ၃။ သမီးတော် မြင်းခုံတိုင် | | |
| ၁၂၀၇ | သာယာဝတီမင်း | ယင်းတောမင်းကြီး | ၁။ ဦးဘိုးလှိုင် (ယော) | စကြာဒေဝီ | မင်းက စိတ်နောက်စဉ် သတ် |
| ၁၂၀၇ | ပုဂံမင်းနှင့်မယ်တော် | ပြည်မင်းသား | | | |
| ။ | ။ | သားတော်သတိုးမင်းစော | ၁။ ပြည်ထိပ်ထား | စကြာဒေဝီ | သားတော်အငယ်ဆုံး လွတ်ပြေးရာမှ ကယ်တင်ခွင့် ရ |
| ။ | ။ | သားတော်သတိုးမင်းဖျား | ၂။ ပြည်ထိပ်ခေါင်တင် | ။ | |
| ။ | ။ | သားတော်သတိုးမင်းလှ | ၃။ ပြည်ထိပ်ခေါင်တုတ် | ။ | |
| ။ | ။ | သားတော်သတိုးမင်းဒင် | | | |
| ၁၂၀၇ | ပုဂံမင်းနှင့်မယ်တော် | မမြကလေး | ၁။ လှိုင်ထိပ်ခေါင်တင် | စကြာဒေဝီ | ပုဂံမင်း အမိန့်တုနှင့် သတ် |
| ပေါင်း | | ၁၄ ယောက် | ၁၄ ယောက် | | |

www.burmeseclassic.com

www.burmeseclassic.com



နမြောမိသော်လည်း
လောကီမြန်မာ တစ်ပိုင်မှာဖြင့်၊
ဇာခိမဏ္ဍိုင်သို့
ကြံနိုင်သူ အဆင်မတဲ့ချိန်မို့
ပြင်မဲ့သူ ပေါ်ပါစေလို့
အကြင်တကယ့်လူ မျှော်ကာနေသမို့
မဟော်သဓာကဝေ ပုဆိုး အစုတ်စုတ်နဲ့
အိုးလုပ်တဲ့ ကမ္ဘဌာန်းလိုပ
တော်ရာ တော်ရာမှာလေ... တစ်မျိုး မဟုတ်၊
တစ်မျိုး ဟုတ်မှာပေါ့လို့
ရိုးကုပ်ကုပ်နဲ့ လွမ်းရသူမှာဖြင့်
ဗန်းဒကာမ ထေရီအသွင် ရွှေတည်ခင်ခင်တို့နှင့်
စေတီရင်ပြင် ဆံတော်မှောက်တွင်ဖြင့်
သံထောက်ကဗျာ ချိုချိုနှင့်
ပန်လျှောက်ကာ ပတ္ထနာဆိုမိပေ့
အာကာတစ်ခိုမှာ ပြာပြာညိုညိုမှိုင်းပါလို့
ဝနာအလျှိုလျှိုမှာ ရွာမလို ဝိုင်းပြီမို့
အမယ်မင်း၊ ကိုင်း အနို့ တကယ့်ဖြူပြာ
မူယာသူဇာ ပုံအလားတို့နှင့်
မဆိုင်းသမို့ တစ်လှည့်ဂူဟာရဂုံ
တုမဟာအစုံ သွားရပါတော့
ဩော် ... သမိုင်းညို့ရာတဲ့၊ စစ်ကိုင်းမြို့ဆီက
မှိုင်းတို့ရဲ့ ထုပါရုံဘုရား။ ။

*

## [ ၃ ] ထိရှုံးသူ ဆင်ဖြူမရှင်

ဆင်ဖြူမရှင်သည် ၁၁၈၃ ခု တန်ဆောင်မုန်းလဆုတ် ၁၄ ရက် ကြာသပတေးနေ့တွင် အဝမြို့တော်၌ ဖွားမြင်၏။ ၁၂၆၁ ခု၌ ရန်ကုန်မြို့ ဝင်ဆာလမ်း(ရှင်စောပုလမ်း)နှင့် ဘုရင်ခံအိမ်အနီး အိမ်တော်ငယ်၌ ကွယ်လွန်သည်။ သူ၏ အသက် ၇၈ နှစ်သည် ကုန်းဘောင်၏ မွန်းလွဲချိန်မှ နေဝင်ချိန်အထိ မှတ်တမ်းသဖွယ် ဖြစ်လေသည်။

နန်းမတော်မယ်နု လက်ထက်၌ ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲ စတင်ဖြစ်ပွားကာ မြန်မာပြည် စတင်ယိမ်းယိုင်ခဲ့သည်။ သူ့သမီး ဆင်ဖြူမရှင်နှင့် ၎င်းမှ ပေါက်ဖွားသော စုဖုရား လက်ထက်တွင် တိုင်းပြည် စုံးစုံးမြုပ်ခဲ့သည်။

ဆင်ဖြူမရှင်ကား ထူးဆန်းသော အမျိုးသမီးတစ်ဦး ပေတည်း။ ခေတ်ဆိုး၌ လည်းကောင်း၊ ခေတ်ကောင်း၌ လည်းကောင်း သူသည် မဟာမျိုးမဟာနွယ် အနေဖြင့် အခွင့်အရေး ရသမျှယူကာ ဣန္ဒြေမပျက်၊ ခြေလှမ်းမပျက် စခန်းသွားခဲ့ဟန် ရှိလေသည်။

သူ၏ ဘဝအတွေ့အကြုံတို့ကို သူ၏မှတ်တမ်း (ဝါ) ဒိုင်ယာရီ အနေဖြင့် ငယ်စဉ်မှ အဆုံးတိုင် စုဆောင်းရရှိသမျှ ဖော်ပြပါသည်။

*

တစ်ကြိမ်က စစ်ကိုင်းမင်းနှင့် နန်းမတော်မယ်နုတို့ သမီးတော်လေး စုဖုရား (နောင်အခါ ဆင်ဖြူမရှင်)သည် ဦးစကို ပြေးဖက်ကာ ရင်ခွင်ပေါ်သို့တက်၍ 'စစရယ် လေး ငါးရက် ရှိပြီ၊ စစကို မတွေ့ရတာ ဘယ်ကို သွားနေတုံး၊ လွမ်းလိုက်တာ' ဟု ဆို၏။ မင်းသမီးကလေးမှာ အရွယ်မရောက်သေးစေကာမူ စစ်ကိုင်းနှင့်တကွ ကိုးမြို့ အသုံးကံကျေး ရရှိသူဖြစ်၏။ ဦးစက ချက်ချင်းပင် ကနွဲ့ကလျ မင်းသမီးကို တယုတယ ကဗျာစပ်ပေး၏။

သည်လိုသာ လာ၍ထွန်းမှဖြင့်
ကျွန်းချည့်မယ် ဇေယျာခွန်ရှင်
ကိုးပြည်ထောင်ခင်။
ရာမင်းဗျား
နှစ်ပါးကြည်လင်လှတယ်
ဘုန်းပြင်ရှိဘူး။

တစ်ဦးတည်းသော သမီးတော်ကလေးကို ရှင်ဘုရင်နှင့် မိဖုရားကြီးတို့က လွန်စွာ မြတ်နိုး အလိုလိုက်ကြ၏။ ရှင်ဘုရင်ထံမှ အခွင့်အရေး တစ်စုံတစ်ရာ ရရှိလိုပါက ထို သမီးတော်ကလေးကို ချော့မော့စေလွှတ် တောင်းဆိုစေလျှင် စစ်ကိုင်းမင်းက အမြဲ လိုက်လျောလေ့ ရှိခဲ့သည်။

**မင်းတုန်းမင်း ရေးသော ရှင်ဖြူမရှင်ဘွဲ့**

ရာပြည်ပြည်ရှိ ပန်သ
တိုင်းပူရ ဦးသျှောင်
ညာနန်းမ အခေါင်
ဘက်အရောင် မပြား။
စန်းငွေလ တိမ်စင်လို
နှိုင်းမမြင် ထီးဖြူအောက် ဖွား။



www.burmeseclassic.com

www.burmeseclassic.com



တော်လေး၀ နတ်မူနီလို
မှတ်တူညီ မခြား
သို့ပါသော် စိတ်ထားမှာ
မျက်အားတော် လွန်ကြွယ်
တစ်နာရီ အချိန်လောက်
အကောက်က များပါလှတယ်
မဖြစ်သင့် မူငယ်ကို
ဌီကာကျယ် ဉာဏ်ချဲ့လို့
ပူရှာဖွဲ့ မကြည်လင်
ငြိုးမာန်ဖွဲ့ဆင်
ရွှေစိတ်တော် သူကြည်လင်အောင်
သိကြားပင် လာစမ်းတော့လေး။

မင်းတုန်းမင်းကြီး ကိုယ်တော်တိုင်ပင် ထိုတေးထပ်ကို ရေးသည်ဟု မြကေတုက **နန်းမလေ့** စာအုပ်တွင် ဖော်ပြသည်။

*

ဆင်ဖြူမရှင်သည် စစ်ကိုင်းမင်းနှင့် နန်းမတော်မယ်နုတို့၏ တစ်ဦးတည်းသော သမီးတော် ဖြစ်လျက် ရွှေလင်ပန်းနှင့် ရွှေထီးရိပ်အောက်တွင် အချင်းဆေးခဲ့သူ ဖြစ်သည်။ ရုပ်ရည်ရူပကာယ အလွန်လှသည်။ နေပုံထိုင်ပုံ၊ ဝတ်ပုံစားပုံ၊ ထိးမှုနန်းရာ အပြည့်ရှိသည်။ သို့သော် မာန်မာန အမျက်ထားတတ်သည်။ အငြိုးကြီးသည်။ တစ်ခုခု သူ၏စိတ်တော်နှင့် မကိုက်ညီလျှင် ရန်လုပ်တတ်သည်။ စိတ်လည်း အလွန်ကောက်တတ်သည်။ ဘုရင်မင်းမြတ်နှင့် စံနေတော်မူချိန်တွင် တစ်နာရီတော် အတွင်းပင် တစ်ခုခု အကြောင်းပြုပြီး ဘုရင့်အပေါ် စိတ်တော်ကောက်၍ ရှေ့တော်မှ ဆောင့်အောင့် ထွက်သွားသည်ကို ဘုရင်က ပြုံးပြုံးကြီး ရှုတော်မူတတ်သည်။ အပြစ်တော် မယူ။

ဆင်ဖြူမရှင်က ရန်လုပ် စိတ်ကောက်ရသည့် အကြောင်းကလေးများကို ကြည့်လိုက်ပါလျှင် ဘာမျှမဟုတ်သည့် အသေးအဖွဲ အကြောင်းကိစ္စကလေး တစ်ခုကပင် ဘုရင်ကြီး စိတ်မချမ်းသာအောင် ရန်လုပ်တတ်လေသည်။ သူစိတ်ကောက်တိုင်းလည်း ချော့ရသည်မှာ အမောဖြစ်သည်။ တစ်ခါတစ်ရံ ဘုရင်ပင် လက်လျှော့ရတော့မလို ဖြစ်သည်။

ဤမိဖုရား စိတ်မကောက်ဘဲ ကြည်ရွှင်အောင် သူ အလိုရှိသမျှ ဖန်ဆင်းပေးနိုင်မည့် သိကြားမင်းပင်လျှင် လာ၍ စမ်းကြည့်လှည့်ပါ၊ သိကြားမင်းပင် လက်လျှော့၍ ပြေးပေရမည်။

မင်းတုန်းမင်းသည် မိမိ ဝမ်းထဲတွင် တအုံ့နွေးနွေး ခံစားရသော မိဖုရားကြီး၏ စိတ်သောကပေးမှုများကို တစ်ဦးတည်းသာ ကြိတ်မှိတ် သည်းခံလာခဲ့သည်။ အခြားသူများကို မြွက်ဟ၍လည်း ကောင်းသောအရာ မဟုတ်။ ထို့ကြောင့် သူ့စိတ်ကိုသူ ဖြေရန်သာလျှင် သူကိုယ်တိုင် ကိုင်သော ပုရပိုက်ဖြူတွင် မိဖုရားကြီးအကြောင်းကို စိတ်ရှိလက်ရှိ ရေးသားမိဟန် တူသည်ဟု မြကေတုက ယူဆသည်။

မကွေးမိဖုရားသည် ဆင်ဖြူမရှင်နှင့် သင့်မြတ်မှု မရှိချေ။ ထို့ကြောင့် ဆင်ဖြူမရှင်၏ အမြဲတမ်း ငြူစူကုန်းချောမှုကြောင့် ဒုက္ခရောက်ဖွယ်ရှိ၍ မိဖုရားဘဝမှ နုတ်ထွက်ကာ တောရွာသို့ ပြန်ခွင့်ပြုပါရန် မင်းတုန်းမင်းတရားထံ ခွင့်ပန်၏။ မင်းတုန်းမင်းကလည်း ခွင့်ပေးသနားလေသည်။ မိဖုရား၏ သမီးတော် မင်းကင်းမင်းသမီးနှင့် တောင်တွင်းချောင်း မင်းသမီးတို့က နန်းတွင်း၌ နေရစ်ကာ မယ်တော်၏ ပစ္စည်းများကို ဝေခွဲယူကြ၏။ မကွေးမိဖုရားက ရွာပြန်ရောက်သော အခါတွင် သူ၏ ငယ်ချစ်တစ်ယောက်နှင့် ပြန်ပေါင်းထုတ်ကြ၏။ ထိုသတင်းကိုကြားရာ မြို့သာမြို့ဝန်က ခင်ပွန်းသစ်ကို ဖမ်းဆီး အပြစ်ပေးလိုသော်လည်း မင်းတုန်းမင်းကား ဤကိစ္စမှာ သူ၏ ကိုယ်ရေးကိုယ်တာ ဖြစ်၍ မည်သူမျှ ဆုံးဖြတ်ပိုင်ခွင့် မရှိဟု ဆိုကာ အေးချမ်းစွာ နေစေသည်။

*

စကြာဒေဝီ နတ်ရွာစံချိန်က ဆင်ဖြူမရှင်သည် မိဖုရားခေါင်ကြီး နေရာကို ရယူလို၏။ သို့သော် မင်းတုန်းမင်းက တောင်နန်းဆောင်သို့ မည်သူမျှ အဝင်မခံချေ။ သူကိုယ်တိုင် ဝတ်ဖြူစင်ကြယ်နှင့် မိဖုရားကြီးဂူ အနီး၌ ယာယီနန်းဆောက် နေထိုင်သည်။ ဆင်ဖြူမရှင်အား ဆင်ဖြူတစ်ကောင်ပေးခြင်းသာ အခွင့်ထူးတစ်ရပ် အနေဖြင့် သနားတော်မူ၏။

*

ဆင်ဖြူမရှင်၏ ကြံစည်ရင်းမှာ သီပေါမင်းနှင့် မိမိ၏ သမီးတော်ကြီး ၂ ပါး (စုဖုရားကြီးနှင့် စုဖုရားလတ်)တို့ကို ထိမ်းမြား၍ စုဖုရားကြီးကို "မိဖုရားခေါင်ကြီး"၊ စုဖုရားလတ်ကို မြောက်နန်းမတော် ထားရန် ကြံစည် စီမံသည်။

နန်းတက်၍ တစ်လကျော်အကြာ ရာဇပလ္လင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထက် စုဖုရားကြီးက လက်ယာ၊ စုဖုရားလတ်က လက်ဝဲ စံနေစေ၍ မဟေသီ ဘိသိက်ခံပြီးနောက်မှုကား သီပေါမင်းနှင့် ထိပ်စုဖုရားလတ်တို့မှာ မဆွကပင် ချစ်ခင်ရည်ငံ ရှိခဲ့ကြဖူး၍ လည်းကောင်း၊ စုဖုရားလတ်က ထက်မြက်သူဖြစ်၍ လည်းကောင်း ထိပ်စုဖုရားကြီးမှာ တောင်နန်းမတော်ကြီး ဖြစ်ခွင့် မရတော့ချေ။ မယ်တော်၏ အဆောင်သို့ ပြန်၍ မယ်တော်နှင့် အေးအေး စံနေရလေတော့သည်။

စုဖုရားလတ်က သူ၏အစ်မတော် စုဖုရားကြီးကို ဤသို့ မလုပ်သင့်ဟု မယ်တော်ဆင်ဖြူမရှင်က ဆုံးမ၏။ သို့သော် သမီးတော်က နားခံခြင်းမရှိဘဲ မယ်တော်ကြီးကိုပါ သြဇာအာဏာများ နုတ်သိမ်းကာ ချောင်ထိုးထားလိုက်လေသည်။ မှူးကြီး မတ်ကြီးတို့ကလည်း ဆင်ဖြူမရှင်၏ စွက်ဖက်မှုများကို ငြီးငွေ့လာပြီဖြစ်၍ စုဖုရားလတ်၏ တန်ခိုးသာ လွှမ်းမိုးလာ၏။ မယ်တော်နှင့် စုဖုရားကြီးကား သြဇာကင်းမဲ့စွာဖြင့် ၇ နှစ်ကြာ ပါတော်မူချိန်အထိ အတူနေကြရသည်။

*

စုဖုရားလတ်က ရှင်ဘုရင်၏ အဆောင်တော်သို့ပင် ပြောင်းရွှေ့ နေထိုင်သည်။ ရှင်ဘုရင်မှာ မိဖုရား၏ အချုပ်အချယ်ခံဘဝသို့ ရောက်သွားသည်။ မယ်တော်ကြီးကိုလည်း နေရာမပေးချေ။

သို့သော် စုဖုရားလတ်က မယ်တော်ကြီး၏ အဆောင်တော်သို့ တစ်ချိန်က ပြေးဝင်လာသည်။ ထိုအခါက သီပေါမင်းက များစွာဒေါသထွက်ကာ လှံနှင့်ထိုးမည်ဟု လိုက်၍ ဖြစ်သည်။ သီပေါမင်းက ဒိုင်းခင်ခင်နှင့် လျှို့ဝှက်စခန်းသွားနေပုံကို သိရှိရာ စုဖုရားလတ်က မြည်တွန်သည်သာမက တွန်းပစ်ရာ သီပေါမင်း လဲကျသွားသည်။ ဤမျှ မိဖုရားက အကမ်းတက်သောအခါ သီပေါမင်းက သည်းမခံနိုင်တော့။

*

မင်းတုန်းမင်းကြီး နာမကျန်းရှိချိန် သားတော် သမီးတော်များကို ဘုရင့်အမိန့်ဟု ဆိုကာ လိမ်လည်ခေါ်ခဲ့ခြင်းမှာ ဆင်ဖြူမရှင်၏ ဉာဏ်နီဉာဏ်နက် ဖြစ်၏။ မင်းသားပေါင်း ၄၀ ကျော်ကို ဖမ်းစဉ်က သီပေါကိုပါ ထည့်သွင်း ဖမ်းဆီးခဲ့သည်။

ထို့နောက် တိတ်တဆိတ် လွှတ်ပစ်သည်။ အခြား မင်းညီ မင်းသားများကိုကား အကုန် သတ်ပစ်သည်။ ထိုနောက် ကင်းဝန်က သီပေါကို နန်းတင်ရာ မထောက်ခံသူများကို ကြိမ်းဝါးခဲ့သည်။ ဤလုပ်ရပ်တို့သည် တိုင်းပြည်ကို ကျွန်ဘဝသို့ တွန်းပို့နေကြောင်း တရားခံများက မသိလေသလော။

*

သီပေါမင်းက စစ်ရေး အခြေမလှသည်ကို သိတော်မူ၍ အင်္ဂလိပ်တို့ တောင်းဆိုတိုင်း ပေးပါမည်ဟု ကတိပြုသော်လည်း အင်္ဂလိပ်ဗိုလ်ချုပ် ဖရင်းတားကတ်က ဆက်လက်ချီတက်လေ၏။ အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်လျှင် သူပုန်ဟု ကင်းဝန်မင်းကြီးက လှည့်ပတ်ထုတ်ပြန်ခဲ့သော ကြေးနန်းကြောင့်လည်း မြန်မာတို့ ဆီးကြိုတိုက်ခိုက်ခြင်း မပြုရချေ။ ဤတွင် သီပေါမင်းက အကြံတော်ရ၍ ရွှေဘိုသို့ ထွက်တော်မူမည် မိန့်ဆိုကာ ပစ္စည်းဥစ္စာ ရွှေငွေတို့ကို ထုပ်ပိုးစေလျက် ဆင် မြင်း လူ အမှုထမ်းများ အသင့် စောင့်နေစေ၏။

ကင်းဝန်မင်းကြီးကို အသိမပေးဘဲ ထားခဲ့သော်လည်း သိသွားသည်နှင့် တစ်ပြိုင်နက် ပျာယီးပျာယာ ရှေ့တော်သို့ ဝင်လာပြီး 'အင်္ဂလိပ်များ လာပြီး အလိုရှိရာ တောင်းဆို စာချုပ်၍ ပြန်မည်အမှန် ဖြစ်ပါသည်။ ထွက်တော်မမူပါနှင့်'ဟု အကြိမ်ကြိမ် တင်လျှောက်၏။

ဘုရင်မင်းမြတ်က 'အင်္ဂလိပ်များသည် တစ်ခါမဟုတ်၊ နှစ်ခါမဟုတ်၊ အခါခါရှိပြီ။ တစ်စစနှင့် တိုင်းပြည်ကုန်အောင် ယူလိမ့်မည်။ စာချုပ်လျှင်လည်း မင်းကြီးများနှင့် ချုပ်ဆိုရစ်ကြပါ။ နောက် ကျုပ်၏ သဘောတူလက်မှတ် အလိုရှိလျှင်လည်း စာချုပ်ကို ကျုပ်ဆီ ရွှေဘိုသို့ ပို့လိုက်' မိန့်တော်မူ၏။

ကင်းဝန်မင်းကြီးလည်း မိမိသြဇာ သီပေါမင်းအပေါ် မစူးရှတော့ကြောင်းကို ရိပ်မိလေလျှင် ဆင်ဖြူမရှင် မိဖုရားကြီးထံ တစ်ဖန်ဝင်ပြီး 'ဘုရင်မင်းမြတ် ရွှေဘိုကို မထွက်အောင် တားတော်မူပါဘုရား'ဟု ဖြားယောင်း လျှောက်တင်ပြန်၏။ ထိုအခါ ဆင်ဖြူမရှင်က သမက်တော်ထံ ဝင်၍ 'ရွှေဘိုကို မထွက်ပါနှင့်၊ သမီးတော်များကလည်း ငယ်သေးသည်။ နမတော်သည် ကိုယ်ဝန် အရင့်အမာနှင့် လမ်းမှာ ဒုက္ခရောက်ကြပါလိမ့်မည်။ အင်္ဂလိပ်များ တက်လာသည်မှာ ဘာမျှ စိုးရိမ်ဖို့ မရှိ။ အလိုရှိရာ တောင်းဆို စာချုပ်ပြီး ပြန်ကြမည် အမှန်ပါ' ဟု ကင်းဝန် လေပေါက်အတိုင်း လျှောက်တင်၏။

သီပေါမင်းမှာ ယောက္ခမတော်ကြီးအား ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောက် ဖြစ်၍ ဆိတ်ဆိတ်နေစဉ် ကင်းဝန်သည် အတွင်းတော်မှ ထွက်၏။ အပြင်သို့ရောက်လျှင် 'ရှင်ဘုရင် ရွှေဘိုသို့ထွက်တော်မမူ၊ ဆင်မြင်း ပစ္စည်းဘဏ္ဍာအားလုံး သိမ်းလိုက်ကြ'ဟု ဆိုသောကြောင့် ထွက်မည့်ဆဲဆဲကိစ္စ ပျက်ရသည်။

*

ထိုအချိန်၌ ညောင်ရမ်းမင်းသားနှင့် ထိပ်စုဖုရားကလေးကို လက်ထပ်ပြီး နန်းတင်မည် ဟူသော စကားသည် အထင်အရှား အပြောများလျက် ရှိ၏။

မိဖုရားဩဇာ လွှမ်းမိုးသော သီပေါမင်း ကြာရှည်စိုးစံက နိုင်ငံပျက်ပြားမည်ဟု ယုံကြည်သူများ ရှိ၏။ ထိုအကြံတွင် ဆင်ဖြူမရှင်နှင့် အင်္ဂလိပ်တို့လည်း ပါသည် ဆို၏။

အထူးကား သီပေါမင်းကို နန်းချမည်ဆိုရာ၌ အခြားမင်းသားတစ်ဦးနှင့် လဲလှယ်ရန်သာ ဖြစ်သည်။ မြန်မာနိုင်ငံကို အခြားလူမျိုးခြားသို့ အပ်ရန် ကြံစည်ခြင်း မဟုတ်ချေ။

ထိုသို့ ကင်းဝန်မင်းကြီးနှင့် ဆင်ဖြူမရှင်တို့သည် သီပေါမင်းကို နန်းချရန်အတွက် စီမံရာ၌ မိမိတို့ အသင်းအပင်း ပါဝင်သူတို့အား လက်နက်များပင် ဝေငှပြီးစီးကြောင်း အဝေးရောက် ဦးအောင်ကြီးက ဆို၏။

သို့သော် ဤကိစ္စ၌လည်း စုဖုရားလတ်က လိမ္မာပါးနပ်စွာပင် မယ်တော်၏ အစီအစဉ်ကို ပယ်ဖျက်ပစ်လိုက်သည်။ သီပေါဘုရင်ပင် ညီမတော် စုဖုရားကလေးကို သိမ်းပိုက်တော်မူစေရန် စုဖုရားလတ်ကိုယ်တိုင် စီမံခဲ့သည်။

ထို့ကြောင့် ဆင်ဖြူမရှင်၏ သမီးတော် ၃ ပါးစလုံးပင် သီပေါမင်း၏ မိဖုရားများ ဖြစ်ကုန်လေသည်။ ထိုအခါ ဆင်ဖြူမရှင်၌ နောက်ထပ် သူ ခြယ်လှယ်ပေးစားရန် သမီးတစ်ယောက်မျှ မကျန်ရှိတော့ချေ။ စောစောက ကာလကတ္တားမြို့ရှိ ညောင်ရမ်းမင်းသားနှင့် ဆက်သွယ်ရန် စီစဉ်ခဲ့ခြင်းမှာ အလိုအလျောက် ပျက်ပြားသွားသည်။

မြန်မာတို့ ကျွန်ဖြစ်ရသော အမှုကြီးတွင် (၁) တစ်တရားခံ ကင်းဝန်၊ (၂) ဆင်ဖြူမရှင်၊ (၃) မိဖုရား စုဖုရားလတ်၊ (၄) သီပေါမင်းဟု ကျွန်ုပ်က စွပ်စွဲချင်တော့သည်ဟု သုရိယ ဦးသိန်းမောင်က ဆို၏။

*

နန်းတွင်းသို့ ကာနယ်စလေဒင် ရောက်သောအခါ ကင်းဝန်က 'နန်းတွင်းသို့ အင်္ဂလိပ်စစ်တပ်များ ဝင်ခွင့် မပြုနိုင်ပါ။ သင်တစ်ဦးတည်း ကျွန်ုပ်နှင့်အတူ လိုက်လာနိုင်မည်လော' ဟု ဆို၏။ စလေဒင်က သဘောတူသောအခါ လွှတ်တော်သို့ သွားကြ၏။ သီပေါမင်းသည် မိဖုရားကြီး၊ ၎င်းမယ်တော် ဆင်ဖြူမရှင်တို့နှင့် အတူ လွှတ်တော်သို့ ကြွရောက် တွေ့ဆုံသည်။

*

ပါတော်မူချိန်တွင် စလေဒင်က အရှင် ၂ ပါးကို လာခေါ်သောအခါ ဆင်ဖြူမရှင်လည်း တောင်ဥယျာဉ် အဆောင်တော်၌ ရှိနေသည်။ သူသည် များစွာ အိုမင်း ညှိုးနွမ်းနေချေပြီ။ သူနှင့် စုဖုရားလတ်တို့၏ ယုတ်မာ ရက်စက်မှုတို့ကြောင့် ဤသို့သော အဖြစ်ဆိုးသို့ ရောက်ရသည်ကို သတိပြုမိပါ၏လော။ စုဖုရားလတ်ကား နန်းမြင့်ပေါ်မှ အင်္ဂလိပ်စစ်သင်္ဘောများ မန္တလေးဆိပ်ကမ်းသို့ ဆိုက်ရောက်နေပုံကို မြင်ရသောအခါမှ နောင်တရကာ 'ငါ့ကြောင့် ဒီလိုဖြစ်ရတယ်၊ ငါ့ကြောင့် ထီးနန်းကျဆုံးပြီ' စသဖြင့် ရင်ဘတ်စည်တီးပြုလျက် လူးလှိမ့်ငိုယိုသည် ဆို၏။

သူတို့သည် နွေရာသီနန်းတော်မှ လျှောက်လာကြ၏။ (၁) သီပေါမင်း၊ (၂) စုဖုရားလတ်နှင့် (၃) မယ်တော် ဆင်ဖြူမရှင် တို့သည် ရှေ့ဆုံးမှ လျှောက်လာကြသည်။ သီပေါမင်းသည် အလယ်မှနေလျက်၊ မယ်တော်နှင့် မိဖုရားကြီးတို့က ဝဲ-ယာမှ ဘုရင်နှင့် လက်တွဲလိုက်ပါကြသည်။

သူတို့သည် နန်းတော်လှေကားထိပ်မှသည် အရှေ့မြို့တံခါး ထွက်ပေါက်တိုင်အောင် စီတန်းကာ လှံစွပ်ကိုင်ဗြိတိသျှ စစ်သားများကြားမှ လျှောက်လာခဲ့ရသည်။ နန်းမြို့ကျုံးအပြင်ဘက်သို့ ရောက်သည်နှင့် အသင့် စီစဉ်ထားသော ရထားလုံးများကို စီးကာ ထွက်ခွာကြရာ ညအချိန်မှပင် ဂေါ်ဝိန်သင်္ဘောဆိပ်သို့ ရောက်၏။

ရန်ကုန်သို့ ရောက်ပြီးနောက် မိဖုရားကြီး၏ မယ်တော်ကား ယခုအချိန် အခိုက်အတန့်တွင် ရန်ကုန်ရှိ "ကလိုက်" သင်္ဘောပေါ်မှာပင် ကျန်နေရစ်ခဲ့သည်၊ နောက်မှ ၎င်းနှင့် သမီးတော် စုဖုရားကြီး၊ အထိန်းတော် ၁၂ ဦးတို့အား ထားဝယ်မြို့သို့ ပို့လိုက်၏။ သီပေါမင်းကား သုရိယသင်္ဘောပေါ်မှ ပင်လယ်ကူး "ကင်းနင်း" သင်္ဘောကြီးပေါ်သို့ ပြောင်းရွှေ့ကာ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မဒရပ်သို့ စတင်ထွက်ခွာသည်။

*

သီပေါမင်းက သူ့တွင် အပေါင်းအဖော် မရှိ၍ မယ်တော်ဖုရား (ဆင်ဖြူမရှင်)ကို သူ့ထံသို့ ခေါ်ယူထားလိုပေသည်။

www.burmeseclassic.com



သို့သော် မယ်ဖုရားကြီးက လိုက်သွားလိုခြင်း မရှိဘဲ၊ သူနှင့် စုဖုရားလတ်တို့သည် အတူတူနေ၍ အဆင်ပြေမှု မရှိကြောင်း ပြောကြားလေသည်။

သီပေါမင်းကား သူ၏ ယောက္ခမဖြစ်သူ မယ်တော်ဖုရားအတွက် အမြဲ စိုးရိမ်ပူပန်နေပြီးလျှင် သာရေး၊ နာရေး၊ နေရေး၊ ထိုင်ရေးတို့ကို အမြဲမေးမြန်းကာ သူမထံမှ ပြန်စာလာလျှင် အလွန် ပျော်ရွှင်လေသည်။ မယ်တော်ကြီးအား ထားဝယ်သို့ အင်္ဂလိပ်အစိုးရက ပို့လိုက်စဉ်က "ကျန်းမာသည်၊ ထားဝယ်တွင် နေထိုင်ရသည်၊ သင့်ထံ စာပြန်ပြီးပြီ" ဟု ကြေးနန်းပို့ခဲ့ရာ သီပေါမင်းက အလွန် ပျော်ရွှင်လေသည်။ သူတို့သည် နောက်ပိုင်းတွင် သင့်မြတ်မှု မရှိကြသော်လည်း ဝေးတသက်သက် ဟူသကဲ့သို့ ခွဲခွာနေစဉ် အောက်မေ့တမ်းတခြင်း ရှိပေသည်။

*

သီပေါမင်းသည် စုဖုရားကြီး၊ စုဖုရားလတ်နှင့် စုဖုရားငယ် ဟူသော ညီအစ်မ ၃ ယောက်စလုံးကို လက်ထပ် ထိမ်းမြားခဲ့သော်လည်း စုဖုရားကြီးအား ပစ်ပယ်ခဲ့သောကြောင့် မယ်တော်ကြီးနှင့် အတူနေရသည်။

ရတနာဂီရိ၌ စုဖုရားငယ်မှာ ကောင်းစွာ မကျန်းမာပေ။ ဆရာဝန်က စမ်းသပ်စစ်ဆေးရာ "ရောဂါမှာ ကလေးပျက်ကျသလိုဖြင့် သွေးဆင်းနေခြင်း ဖြစ်သည်။ သူမအား နေရာ ပြောင်းရွှေ့နေထိုင်စေခြင်း သို့မဟုတ် လင်နှင့် ခွဲခွာနေခြင်း ပြုစေက သက်သာပါမည်"ဟု အစီရင်ခံလေသည်။ သီပေါမင်းက ဆရာဝန် အကြံပေးချက်ကို လက်ခံသဖြင့် နေရာ မပြောင်းရွှေ့ဘဲ ကိစ္စပြီးသွားလေသည်။

စုဖုရားငယ်မှာ သီပေါမင်းကို လည်းကောင်း၊ အစ်မတော်ကို လည်းကောင်း ချစ်ခင်ကြင်နာခြင်း မရှိသဖြင့် ကြိမ်ဖန်များစွာပင် ထားဝယ်ရှိ မယ်တော်ထံ သွားရောက်နေထိုင်လိုကြောင်း ပြောခဲ့သည်။ အင်္ဂလိပ် အတွင်းဝန်ဖန်ရှောကိုလည်း ထိုကိစ္စ တိုင်တန်းပြောကြားသည်။

*

၁၈၈၈ ခုတွင် ထားဝယ်မြို့၌ ပုန်ကန်မှုပေါ်ရာ ဆင်ဖြူမရှင်နှင့် စုဖုရားကြီးတို့အား ရန်ကုန်သို့ ပို့၏။ ထိုမှ ရတနာဂီရိသို့ တစ်နှစ်ကြာ သွားရောက်နေထိုင်ပြီးနောက် ရန်ကုန်သို့ ပြန်လာကာ ဝင်ဆာလမ်း(ရှင်စောပုလမ်း) နေအိမ်၌ နေသည်။ စုဖုရားကြီးကား မင်းကွန်းသို့သွား၍ မယ်သီလရှင် လုပ်သည်။

*

၁၈၈၆ ခုတွင် အောက်ပြည်ဆိုင်ရာ အင်္ဂလိပ်မင်းကြီး အားဘားနတ်ထံသို့ ဆင်ဖြူမရှင် ကိုယ်တိုင် စာရေးရာတွင် ပါတော်မူချိန်က ကာနယ်စလေဒင်ထံသို့ စိန်ရွှေ ၁၀ သိန်းဖိုး၊ ငွေသား သုံးသောင်း အပ်နှံခဲ့သည်ကို ပြန်ပေးရန် တိုင်ကြားတောင်းဆိုခဲ့သည်။ မိမိအတွက် ထားဝယ်မြို့၌ ပင်စင်လစာ ၄၅၀ ကျပ်နှင့် နေရသည်မှာ မလောက်ငကြောင်း ပါရှိသည်။ အိန္ဒိယ ဘုရင်ခံချုပ်ထံသို့လည်း မိတ္တူတစ်စောင် ပို့ခဲ့ရာ မည်သို့မျှ အကြောင်းမထူးချေ။

၁၉၀၀ ခု မတ်လ၌ သက်တော် ၇၈ တွင် ဆင်ဖြူမရှင် ကွယ်လွန်ရာ အစိုးရက မသာစရိတ် ၁၀၀၀ ကျပ် ချီးမြှင့်၏။ သင်္ဘောနှင့် မန္တလေးသို့ ပို့ကာ မင်းတုန်းမင်း၏ ဂူအနီး၌ မြှုပ်နှံသည်။

*

ဆင်ဖြူမရှင် ရေးသော လေးဆစ်သဖြန် တစ်ပုဒ်ကို ဒေါ်ဒဂုန်ခင်ခင်လေး၏ **အမျိုးသမီး ပညာရှင်များ** စာအုပ်၌ တွေ့ရ၏။ မင်းတုန်းမင်းကြီးကို ပြန်ငေါ်သော နန်းတွင်းစာပေမျိုး မဟုတ်။ နန်းကျ၍ နန်းတော်၏ အပြင်သို့ရောက်မှ ရေးသော ညည်းချင်း ဖြစ်၏။

**ထီးရှုံးသူ**

ဖြစ်ပျက်ဟန် အတိတ်များတာကြောင့်
သစ်နက်ခဲ ထိပ်စုဖုရားမှာဖြင့်
စိတ်ခုများသာလို့ကုန်၊
ပူသမျှကိုလ
လူအ မှာ အိပ်မက်ကောင်းသော်လည်း
အကြောင်းကို ပြန်မပြောနိုင်လို့
သောကနှင့် ကြုံ။
အပလီ ဝစီ သုံးလာလို့
တခဋ္ဌီ ရှိမပြိုးချင်ဘု
ထီးရှုံးတဲ့လူ ခက်ပုံလို
လက်စုံထု ရင်ကိုတီး။
နှုတ်မြွက်ကာ
ဆုတ်တက်ကယ် မကြံသာလို့

-



www.burmeseclassic.com

ကံဇာတာ ဘယ်လိုမေးပါလိမ့်

တွေးဆလို့ ညည်း။ ။

*

ဆင်ဖြူမရှင်၏ ထီရှုံးပုံမှာ သူတကာလို ထီလက်မှတ် တစ်စောင်၊ နှစ်စောင် ဝယ်ယူပြီး ထီမပေါက်ခြင်းမျိုး မဟုတ်ချေ။ သူကိုယ်တိုင် မယ်တော် မိဖုရားကြီးအဖြစ် ထီဒိုင်ခံရာမှ မျိုးပြုတ်ကာ တိုင်းပြည်ပါ ဆုံးရှုံးသွားခြင်း ဖြစ်လေသည်။

*

## [၄] ကလေးကို ပိုက်၍ ပြေးရသူ

သာယာဝတီမင်းသား၏ သားတော်ကြီးများ ဖြစ်ကြသော ပြည်မင်းသား၊ ပခန်းမင်းသား၊ ပုဂံမင်းသား၊ မင်းတုန်းမင်းသား၊ ကနောင်မင်းသားတို့သည် အပြိုင်းအရိုင်း စင်ပြိုင်ကဲ့သို့ ယှဉ်လျက် ကြီးပြင်းလာကြရလေသည်။ သားတော်အကြီးဆုံးမှာ ပြည်မင်းသားကြီး ဖြစ်ပြီးလျှင် ၎င်းသည် ပြင်စည်မင်းသားကြီး၏ နှမတော်ရင်း ခဲပေါင်မင်းသမီးနှင့် လက်ဆက်၍ သားတော် ၅ ပါးနှင့် သမီးတော်တစ်ပါး၊ ပေါင်း ၆ ပါး ဖွားမြင်သည်။

(၁) သတိုးမင်းစော၊ အသက် ၁၇ နှစ်၊ တပ်မှူး။

(၂) သတိုးမင်းဖျား၊ အသက် ၁၅ နှစ်၊ ဘပ်မှူး။

(၃) သတိုးမင်းလှ၊ အသက် ၁၂ နှစ်။

(၄) သတိုးမင်းဒင်၊ အသက် ၉ နှစ်။

(၅) ပြည်ထိပ်ခေါင်တင်၊ အသက် ၇ နှစ်။

(၆) ပြည်ထိပ်တင်တုတ်၊ အသက် ၃ နှစ်။

ပြည်မင်းသားသည် အပေါင်းအသင်း အနေအထိုင်တော်၍ ဆက်ဆံရေး ပြေပြစ်သောကြောင့် လူချစ်လူခင်လည်း ပေါသူဖြစ်သည်။ အထူးသဖြင့် ဖမည်းတော်၏ အနောက်နန်းမိဖုရား မမြလေးနှင့် လည်းကောင်း၊ ဆွေရိပ်မကင်း တော်စပ်သူ ရေနံချောင်းမြို့စား ဝန်ကြီး (ယင်းတောဝန်ကြီး ဦးတုတ်)နှင့် လည်းကောင်း များစွာ ရင်းနှီးခြင်း ရှိသည်။

ထို့အပြင် ပြည်မင်း၏ သားတော်အကြီးဆုံး အမြင့်မြို့စား တပ်မှူး သတိုးမင်းစောနှင့် မမြလေး၏ သမီးတော် လှိုင်ထိပ်ခေါင်တင်တို့ကို လက်ဆက်ထိမ်းမြားပေးရန် လူကြီးချင်း သဘောတူထားကြသော်လည်း ထိုစဉ်က လှိုင်မင်းသမီးလေးမှာ အသက် ၁၄ နှစ်မျှသာ ရှိသေးသောကြောင့် အရွယ်ရောက်လာအောင် အချိန်စောင့်လျက် ရှိကြလေသည်။

*

ထိုအချိန်ကာလတွင် ခမည်းတော်၏ ဆန္ဒ၊ လွှတ်တော်၏ သဘောတူညီမှု၊ ပြည်သူ့လိုအင်တို့တွင် ပြည်မင်းသားကြီးသည် ပြိုင်ဘက်မရှိ၊ ထီးဖြူတော်နှင့် ထိုက်တန်သူ ဟူ၍ တစ်ထပ်တည်း မျှော်မှန်းထားကြသော်လည်း ယင်းတို့နှင့် ဆန့်ကျင် သဘောကွဲလွဲနေသူများလည်း ရှိသည်။ ထိုပုဂ္ဂိုလ်မှာ ရွှေဘိုမင်း၏ တောင်နန်းစံ မိဖုရားခေါင်ကြီးဘုရားပင် ဖြစ်လေသည်။ အကြောင်းမူကား မိဖုရားခေါင်ကြီးတွင် ရင်သွေးနှစ်ပါး ထွန်းကားသည့်အနက် တစ်ပါးမှာ သားတော် ဖြစ်ခြင်းကြောင့်တည်း။ ဤသည်မှာ ပြဿနာ ပေါ်ပေါက်ရခြင်း၏ အကြောင်းရင်း ဖြစ်၏။

မိဖုရားခေါင်ကြီး၏ သားတော်ရင်း ပုဂံမင်းသားမှာ အပေါင်းအသင်း ငယ်ကျွန်ရင်းများဖြင့် ကြက်တိုက်၊ ကြွေပစ်၊ မူးယစ်ပျော်ပါးကာ ပေါ့ပေါ့နေလိုသော စရိုက် ရှိလေသည်။ သို့ဖြစ်လေရာ ရွှေဘိုမင်းတရားကြီး၏ သားတော်ရင်းချည်းပင် ဖြစ်သော်လည်း ယင်းတို့ညီနောင်ချင်း ယှဉ်လိုက်လျှင် အရည်အသွေးမှာ အစစ်မဟုတ်ကြောင်း နိုင်ငံသိ ဖြစ်ချေသည်။ သို့တစေ တောင်နန်းမတော် မိဖုရားခေါင်ကြီးသည်ကား သူ၏ သားတော်ရင်းကို သာလျှင် နန်းမွေနှင်း၍ မင်းဖြစ်စေလိုသည်။ ထို့ကြောင့် သူ၏ဆန္ဒ ပြည့်ဝစေရေးအတွက် မမိုတ်မသုန် အကြံထုတ်သည်။ အကူအညီ ရှာဖွေသည်။ အခွင့်အရေးကို စောင့်လျက် ရှိလေသည်။ အထက်တွင် ဆိုခဲ့သည့် ပြည်မင်းသား၏ သားတော် သတိုးမင်းစောနှင့် အနောက်နန်းမိဖုရား မမြကလေး၏ သမီးတော် လှိုင်ထိပ်ခေါင်တင်တို့ နှစ်ပါးစုံဖက်မည့် အရေးကိုလည်း မိဖုရားခေါင်ကြီးက မလိုလားချေ။ လက်ရှိအ ခြေအနေမှာ ပင်လျှင် ပြည်မင်းမှာ ဘုရင်လောင်းအဖြစ် တာစားလှသည့် အပေါ်တွင် ဘုရင့်အချစ်တော် မိဖုရားမမြကလေးနှင့် ခမည်းခမက် ဖြစ်လာချေဦးမည် ဆိုပါက အရှိန်အဝါ ပိုမိုကြီးမြင့်လေတော့မည်။(ထိုခေတ်က နန်းဓလေ့မှာ ဘုရင်၏ ရင်သွေးတော်ချည်း "ဖတူ မိကွဲ" စုံဖက်လေ့ ရှိရာ ခမည်းတော်ကိုကား အထူးဆိုဖွယ်ရာ မရှိပြီ။)

ထို့ပြင် မိဖုရားခေါင်ကြီး၏ သားတော် ပုဂံမင်းသားကို ဘကြီးတော်၏ မိဖုရားခေါင် မယ်နု၏ သမီးတော် (ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူမရှင်) စုဖုရားနှင့် လက်ဆက်မည့် အစီအစဉ်ကိုလည်း ပြည်မင်း၏ အသိုင်းအဝိုင်းတို့က မနှစ်သက်ကြပေ။

ထို့ကြောင့် တောင်နန်းမတော် မိဖုရားခေါင်ကြီးသည် ရာဇပလ္လင်နှင့် နီးကပ်လျက်ရှိသူ ပြည်မင်းကို အလဲထိုးရန် ထီးဖြူရုံစင်မြင့်၌ သူ့ထောင့်မှ အသင့်ချောင်းလျက် ချက်ကောင်းကို ငံ့လင့်နေလေ၏။

*

ထိုအချိန် မိဖုရားခေါင်ကြီးအတွက် အလွန် အဆင်ပြေစေမည့် အချက်ကောင်း တွေ့ရပုံမှာ ရွှေဘိုမင်းတရားကြီးသည် စိတ်တော် မူမမှန်၊ ဖောက်လွဲဖောက်ပြန်လာခြင်း ပေတည်း။ တောင်ညာစံ မိဖုရားခေါင်ကြီး ဆိုသည်မှာ မင်းဧကရာဇ်နှင့်အတူ ထီးဖြူဆောင်းဖက်၊ ကုသိုလ်ပြုဖက် ဖြစ်၍ အလွန်အရေးပါ အရာရောက်သူ ဖြစ်သည်။ ဘုရင်နှင့် အများဆုံး ခံစားထိတွေ့ စံနေခွင့် ရသူလည်း ဖြစ်သည်။ ထိုသောအခါ ဘုရင်ကြီး၏စိတ်တော် ပကတိ မဟုတ်ခြင်းကို လူသိ မခံ။ အခွင့်ကောင်း ကြံပြီးလျှင် သူ လိုလားရာကို ဘုရင်အားသွေးဆောင် တိုက်တွန်းလေ၏။ ဤနေရာတွင် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်စေရန် မိဖုရားခေါင်ကြီး ကြံစည်ပုံမှာ မိဖုရား မမြကလေးသည် သားတော်ကြီး ပြည်မင်းနှင့် မသင့်သောအကြံ (ထီးနန်းလုရန် အကြံ)ကို ကြံစည်ပါသည်။ ၎င်းတို့အား ယင်းတောဝန်ကြီးကပါ ကူညီ ပူးပေါင်းလျက် ရှိကြောင်း မင်းတရားကြီး အထံတွင် ယုံကြည်လောက်အောင် လျှောက်ကြားလေသည်။ [ယင်းတောဝန်ကြီးမှာ လက်ရုံးရည် ထူးချွန် ပြောင်မြောက်သူ ဖြစ်ပါသည်။]

*

ဘုရင်က အထူးမြတ်နိုးခြင်းခံရသော မမြကလေးကိုလည်း စုဖုရားခေါင်ကြီးက မုန်းရင်းစွဲ ရှိပြီး ဖြစ်သည်။

ဤတွင် ဘုရင်ကြီးသည် စိတ်ဝေဒနာကြောင့် မှန်မမှန် ချိန်ဆခြင်းကို မပြုနိုင်ဘဲ မိဖုရားခေါင်ကြီး လျှောက်ထားချက်အတိုင်း ယုံမှတ်တော်မူလေသည်။

ထို့ကြောင့် ၁၂၀၇ ခုနှစ် ဝါခေါင်လဆုတ် ၆ ရက်နေ့တွင် ရွှေဘိုမင်းတရားသည် ရေနံချောင်းမြို့စား ယင်းတောဝန်ကြီးကို ကိုယ်တော်တိုင် လှံဖြင့်ထိုး၍ အဆုံးစီရင်တော်မူသည်။ ပြစ်မှုကား ပြည်မင်းသားနှင့် ကြံရာပါ ဖြစ်သည် ဟူ၏။

*

ထိုနေ့ညတွင်ပင် စံနေမြဲအတိုင်း ပကတိစံနေသော ပြည်မင်းသားအား ဖမ်းဆီးရန် အိမ်တော်ကို ရဲမက် ၁၀၀၀ ခန့်ပါဝင်သော ဘုရင့်တပ်ကြီးများက ဝိုင်းရံကြသည်။

ပြည်မင်းသားကြီးလည်း ထွက်ပေါက် မရှိသည်ကို မြင်လေသော် ဝင်းထရံကို ဆင်ဖြင့်ထိုးဖောက်ပြီး တရကြမ်း ခုခံတိုက်ခိုက်လျက် သားတော် ၄ ပါးနှင့်အတူ ထွက်ပြေးလွတ်မြောက်သွားလေသည်။

ထိုသို့ ပြည်မင်း၏ အိမ်တော်တွင် ရာဇမုန်တိုင်း ပြင်းထန်စွာ တိုက်ခတ်သည့် ညတွင် မိသားစုကြီးသည် အစိတ်စိတ် ပြိုကွဲကြရလျက် ၃ စု ဖြစ်သွားတော့သည်။

ယင်းတို့မှာ–

ပြည်မင်းသားကြီးနှင့် သားတော်ကြီး ၄ ပါး၊ ကျွန်ရင်း အချို့တို့ လက်လွတ်ထွက်ပြေး တိမ်းရှောင်ကြသည်က တစ်စု၊ အိမ်တော်တွင် ထိုအချိန်က နှုတ်ငုံတော်သန္ဓေ ၆ လ ရှိနေ၍ မပြေးနိုင်သူ ပြည်ထိပ်ထားနှင့် သမီးတော် အသက် ၇ နှစ် အရွယ်ရှိ ပြည်ထိပ်ခေါင်တင်တို့ ၂ ပါးနှင့် ရံရွေတော်များက တစ်စု၊ ထို့ပြင် သားတော်အငယ်ဆုံး ၃ နှစ်ရွယ် ထိပ်တင်တုတ်ကို ပွေ့ချီ၍ အလွတ်ရုန်း ထွက်ပြေးသွားသူ အထိန်းတော် မငြိမ်းသာတို့ နှစ်ဦးက တစ်စု ဖြစ်ကြပါသည်။

ထို ၃ စု ကွဲရသည်တွင် နေမြဲအိမ်တော်တွင် ကျန်ရစ်ခဲ့သော နှုတ်ငုံတော် အရင့်အမာနှင့် ပြည်ထိပ်ထားသည် သမီးတော်ကလေးကို ပိုက်ထွေးရင်း မောင်တော်ပြည်မင်းနှင့် သားတော် ၅ ပါးတို့အတွက် ရင်တမမဖြင့် ဘဝင်မကျနိုင်ဘဲ ထိုင်ရမလို၊ လိုက်ဖိုသောက ဗျာပါရ အားကြီးစွာ ဘုရားရှင်ရှေ့တော်၌ သာလျှင် တိုင်တည်ဆုတောင်းကာ နေလေတော့သည်။

ပြည်မင်းသားသည် သားတော် ၄ ပါးနှင့် တကွ ပါလာသမျှသော ကျွန်ရင်းအချို့တို့နှင့် ဘေးလွတ်ရာ ဖွတ်အတင်း ဖောက်ထွက်၊ အသက်ကို အလွတ်ရုန်းခဲ့ရသော်လည်း ကြိုတင်စီစဉ်ချက် လုံးဝ မရှိသူဖြစ်လေရာ အင်အားဖြစ်လောက်အောင် မပါချေ။

*

သားတော်လေး ထိပ်တင်တုတ်နှင့် အထိန်းတော် မငြိမ်းသာတို့ အကြောင်း ဖြစ်ရပ်တို့မှာ ဤသို့တည်း။

ထိုခေတ်က မင်းမျိုးမင်းသွေး ကလေးငယ်များ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အထိန်းတော်ခန့်အပ်ရာတွင် ပကတိ ကျန်းမာသန့်ရှင်းသူ၊ သွက်လက်ချက်ချာသူ၊ အမျိုးအနွယ် ကောင်းသူများထဲမှ ရွေးချယ်ခန့်ထားလေရာ အများအားဖြင့် မိမိတို့ကိုယ်တိုင် နို့ချိုတိုက်ကျွေး ယုယခဲ့သော ကလေးငယ်အတွက် မိမိ၏ ရင်သွေးအရင်းနှင့် မခြား သံယောဇဉ် ထားတတ်ကြသည်။

မငြိမ်းသာသည် ထိုထိုအရည်အချင်း ပြည့်မီသော အနွယ်ကောင်း မိန်းမတစ်ယောက် ဖြစ်လေရာ သူ ထိန်းရသော ထိပ်တင်တုတ်ကလေးအား သူ့အသွေး၊ သူ့အသက်ပမာ တွယ်တာချစ်သနားခြင်း ရှိသည်။ အိမ်တော်ကို ရန်သူတွေ ဝိုင်းပြီးဆိုသည်နှင့် တစ်ပြိုင်နက် သူတို့ခေတ်က ဖြစ်နေကျ ဓာတ်ကွက်တို့ကို ဒက်ခနဲမြင်ပြီး ဖြစ်ရာ ကလေးကို မြဲမြဲချီကာ အတွင်းပစ္စည်း အဖိုးတန်အချို့ကို ပါတန်သမျှပါအောင် ပြေးယူသည်။

ထိုနောက် ကလေးကို တင်းတင်း ပွေ့၊ ပစ္စည်းထုပ်ကိုယ်တွင် ဝှက်၊ ခပ်သွက်သွက် လူအုပ်နှင့်ရောကာ မမောတမ်း အလွတ်ရုန်းထွက်ခဲ့လေရာ ညအချိန်လည်းဖြစ်၊ အုတ်အုတ်သဲသဲ တိုက်ပွဲကလည်း ဆင်နေဆဲ ဖြစ်သောကြောင့် လွတ်မြောက်လာလေ၏။

သို့သော် မငြိမ်းသာက ပါးနပ်သည်။ ဒီအသွင်အပြင်နှင့် အစဉ် သွားနေလို့တော့ မဖြစ်ဘူးဟု စဉ်းစားမိသည်။ ထို့ကြောင့် မျက်နှာချင်းဆိုင် တွေ့ရသော ပုဏ္ဏားမတစ်ယောက်အား 'ဟဲ့ ပုဏ္ဏားမ၊ နင့်ခြုံစောင်နဲ့ ငါ့ထဘီနဲ့ လဲပါဟယ်၊ ပိုးထဘီပါ၊ နောက်ပြီး ငွေစလည်း အပိုပေးဦးမယ်၊ ရော့ မြန်မြန်လုပ်' ဟု တက်သုတ်ရိုက်ကာ သူက ငွေစနှင့် ပိုးထဘီ ပေးပြီး၊ ပုဏ္ဏားမထံမှ ထဘီဟောင်းနှင့် ခြုံစောင်ကို လဲယူလိုက်သည်။ ပြီးလျှင် မြန်မြန် လူချင်းခွဲကာ ရှေ့တိုးလာခဲ့ပြီးသော် မိမိတို့သားအမိ ၂ ဦးလုံးကို သန့်ရှင်းကြည်စင်သော အသွင်မှ ညစ်ထည်းသော ပုဏ္ဏားသားအမိသဖွယ် ရုပ်ပြောင်းရုပ်လွှဲ လုပ်လိုက်လေသည်။ ယခုမှ သဏ္ဌာန်အားဖြင့် ဆင်းရဲသားနှင့် မခြားပြီ။ နေ့ညမဟူ သွားလာကူးသန်းလို့ ဖြစ်နိုင်လောက်ပြီဟု ဆိုနိုင်ပါ၏။

မငြိမ်းသာသည် မျက်စိရှင်ရှင်၊ နားလျှင်လျှင်ဖြင့် ခပ်သုတ်သုတ် မနားတမ်း သွားရသည်။ နေပြည်တော်နှင့် ဝေးလေ စိတ်အေးရလေ မဟုတ်ပါလော။ အစဉ်မှ သားကလေးက 'နို့မေ၊ မောင်မောင် ပွဲတော်ဆာပြီ'စသည်ဖြင့် ပြောနေသော်လည်း ကြားသော် မပူဆာတော့ပေ။ မငြိမ်းသာသည် တွေ့ရာ အိမ်ဆိုင်ကလေးများမှ သယ်ယူနိုင်သမျှ ရိက္ခာဝယ်ရသေးသည်။ ထန်းလျက်၊ ဆန်၊ ငါးပိ စသည်များတည်း။

နေပြည်တော်တွင် သားတော်အငယ်ဆုံး ၃ နှစ်သားကလေး လွတ်ထွက်သွားကြောင်း သိကြလေသော် ဘုရင့်ဘက်မှ လူအများဖြန့်ကာ မြေလှန်စနစ်ဖြင့် အပြင်းအထန်ရှာစေသည်။ မြင်းသည်ကျော်များကား ခွာသံ တဖုန်းဖုန်း၊ မြူမှုန် တလုံးလုံးဖြင့် လမ်းဟူသမျှ ဒုန်းစိုင်း၍ လိုက်နေကြတော့သည်။

ကြွက်နဖား တောင်ခြေဝယ် ဆန်ထုပ်ကလေး ရွက်လျက် ကလေးတန်းလန်းဖြင့် ပင်ပန်းကြီးစွာ သွားနေကြသော မငြိမ်းသာတို့ သားအမိကို တွေ့သော် မြင်းပေါ်မှ လှမ်း၍ 'ဟဲ့ ပုဏ္ဏားမ.... ငါတို့ မင်းသားလေး လိုက်ရှာနေတာ၊ နင့်ကလေး မှားပါသွားဦးမယ်၊ တော်ရာ ရှားဘိ'ဟု ကြိမ်းမောင်း ထားခဲ့ကြလေသေး၏။

ထိုသောအခါ မငြိမ်းသာသည် ရှေ့ရေးကို ရင်လေးလာတော့သည်။ "ငါ့မှာ ကလေးသာ အဖော်လုပ် သွားနေရသည်။ ခုတိုင်းဆိုရင် မဖြစ်ချေသေး"ဟု တွေးမိကာ အမှတ်မထင် တွေ့ရသော အသက် ၂၀ ရွယ်ရှိ ပြည်မင်းသား၏ ထီးတော်မိုး လုပ်ဖူးသူ မောင်ချစ် ဆိုသူအား သူ့လင်အဖြစ် လိုက်ပါ စောင့်ရှောက်ပါမည့် အကြောင်း တောင်းပန်သည်။ မောင်ချစ်သည် ပထမ သဘောတူသယောင် ပြုသော်လည်း "မြင်းခွာသံများလည်း ကြားရော၊ မောင်ချစ်လည်း သွားရော" ဟူ၏။

မငြိမ်းသာတို့ သားအမိ နှစ်ယောက်သား တောတွင်း ဘုရားတစ်ဆူတွင် ခေတ္တ ဝင်နားကာ ညောင်ရေအိုးဖြင့် ထမင်းချက်ရသည်။ ရေခန်း ချက်သော်လည်း စလောင်းဖုံး မရှိခြင်းကြောင့် ထမင်းမနပ်တနပ် ဖြစ်ရတော့သည်။ မည်သို့ဖြစ်စေကာမူ ထန်းလျက်ခဲဖြင့် လွေးရသော ထို ထမင်းတစ်နပ်မှာ အရသာ ရှိလှသည်။

တစ်နေ့တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းမှ ဆရာတော်ထံ ဝင်ရောက်ဝတ်ပြုရင်း တည်းခိုခွင့် တောင်းခံရာ ကျောင်းအောက်ရှိ ကုလားဖုတ်တဲ၌ နေခွင့်ရပါ၏။ သို့သော် ကလေးက "နို့-မေ၊ နောင်တော်-ထားထား" စသဖြင့် ပြောသံကို ကပ္ပိယဖိုးသူတော်ကြီး ကြားလေလျှင် မသင်္ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏။ မငြိမ်းသာက 'ကလေးက ပုဏ္ဏားစကားတွေ ပြောတာပါ'ဟု အကြောင်းပြ ထုချေသော်လည်း ဖိုးသူတော်၏ သံသယစိတ်မှာ မပြေပါ။ မင်းသားလေး ရှာပုံတော် အကြောင်းကို သိပြီး ဖြစ်သည်။

ငှင်းနောက် ကျောင်းထိုင်ဘုန်းကြီးက 'ဆေးကင်းရာ သွားကြပါတော့'ဟု မိန့်ဆိုသဖြင့် သားအမိနှစ်ဦး ခရီးဆက်ခဲ့ကြရပြန်သည်။ ဘုန်းတော်ကြီးမှာ ရာဇဝတ်တော်ဘေးမို့ လက်မခံဝံ့သော်လည်း ဒုက္ခသည် သားအမိအား ပေါက်ပေါက်ဆုပ်နှင့် ဆန်ကြမ်းကလေး နည်းနည်းပါးပါး စွန့်လိုက်ပါသေးသည်။

မငြိမ်းသာသည် ခရီးဆက်ခဲ့ရသည့်တိုင် တွင်တွင်ကြီး လျှောက်နိုင်သည် မဟုတ်ပါ။ ရိက္ခာထုပ်ကလေး ခေါင်းပေါ်မှာ ရွက်၊ ကလေးကို ခါးထစ်ခွင် ချီထားရသည့်အပြင် ရှေ့ခရီးကိုလည်း လိမ္မာပါးနပ်စွာ သတင်းနားစွင့်ပြီးမှ ရှေ့တိုး သွားဝံ့လေရာ ခရီး ကြန့်ကြာလှတော့သည်။

နေပြည်တော်နှင့် မဝေးလှသေးပေ။ ငှင်းပြင် ထီးသုံး နန်းသုံး စကားများကိုသာ အကျင့်ရနေသော သားကလေးအား သွားရင်းလာရင်း တတွတ်တွတ် ပြောရသေးသည်။ 'နောက်ကို ပွဲတော်ဆာတယ် မပြောနဲ့နော် သား၊ ထမင်းဆာတယ် ပြော၊ ကြားလား။ နောက်ပြီး နို့မေလို့လည်း မခေါ်နဲ့၊ တော်တော်လို့လည်း မခေါ်နဲ့၊ အမေလို့ ခေါ်၊ ဟုတ်လား' ဟူသော သွန်သင်ချက်များကို ထိပ်တင်တုတ်ကလေးက နားထောင် လိုက်နာရှာပါ၏။ အကင်းပါးသော ဆုံးမရလွယ်ကူသည့် ကလေးဖြစ်သည်။

မငြိမ်းသာသည် ပင်ပန်းလာပြန်လျှင် နားနေရရှာပြန်သည်။ အရွယ်ကောင်း မိန်းမသားဖြစ်၍ တွေ့ရာနေရာတွင် ယှဲ့အိပ်ရန်လည်း မဖြစ်သေးချေ။ အထိုက်အလျောက် လုံခြုံစိတ်ချမှုရှိရန် လိုပါသည်။ ထိုကြောင့် မယ်သီလရှင်ချောင်တစ်ခုသို့ ရောက်ရှိ ခိုဝင်ကြရပြန်သည်။ ဌာနခံ သီလရှင်များအား သင့်တင့်အောင်ပြောပြပြီး အနည်းအပါး ခွဲဝေလှူဒါန်းရာ တည်းခိုခွင့် ရလေ၏။ သားကလေးကို စကားမမှားအောင် ကျိတ်၍ သွန်သင်ကာ မျက်စိအောက်မှ အပျောက်မခံ စောင့်ရှောက်လေသည်။

*

ဤသို့ မငြိမ်းသာတို့ သားအမိ သီလရှင်ချောင်တွင် တည်းခိုနေထိုင်သည့် ရက်ပိုင်း၌ နေပြည်တော်မှ ဖြစ်ရပ်များကို ဖော်ပြပါဦးမည်။

ပြည်မင်းသားနှင့် သားတော် ၄ ပါး၊ ကျွန်ယုံများပါဝင်သောအစုသည် ဆင် မြင်း အနည်းငယ်ဖြင့် ထွက်ပြေးလွတ်မြောက်လာရသော်လည်း ရေရှည်လုံခြုံမှု မရကြပါ။ ခမည်းတော်ဘုရားအား တစ်ရံတစ်ဆစ်မျှ သစ္စာမဖောက်ဘဲ ပကတိရိုးသားစွာ နေခဲ့သူပီပီ မည်သည့်အစီအစဉ်မျှ မရှိသောကြောင့် လက်ရှိအ ခြေအနေမှာ လိုက်လံ တိုက်ခိုက်သော တပ်တော်ကြီးများကို အန်တုရန် အင်အားမမျှပေ။ ရက်များ မကြာမီပင် သားတော်များနှင့်အတူ အမိခံရလေတော့သည်။

ထို့နောက် အထက်တွင် ဆိုခဲ့သည်အတိုင်း တောင်နန်းစံ မိဖုရားကြီး၏ ဆန္ဒဟူသမျှသည် ဘုရင့်အမိန့်တော်များ အဖြစ် တစ်ခုပြီးတစ်ခု ထွက်လာတော့သည်။ ယင်းတို့မှာ ပြည်မင်းသားနှင့် ကြံရာပါ မိဖုရားမမြလေးအား ကျည်းတိုက်သွင်း အကျဉ်းထားခြင်း၊ ဖမ်းမိလာသော ပြည်မင်းသားနှင့် သားတော် ၄ ပါးကို ပုဂံမင်းထံ အပ်ထားခြင်းများဖြစ်လေသည်။ ပုဂံမင်းသည် နောင်တော်ကြီး ပြည်မင်းကို ကြာရှည် မထားဝံ့ပေ၊ မထားလိုပေ။ ထို့ကြောင့် သား ခမည်းတစ်စုကို ကွပ်မျက်ရန် အမိန့်ထုတ်လိုက်သည်။ ကွပ်မျက်ရန်ထုတ်သွားပြီး သုသာန်သို့ ရောက်ခါမှ သားတော်တစ်ပါးလိုနေပါကြောင်းဖြင့် မြို့ဝန်က အတွင်းတော်ပြန်ပြီး အမိန့်ခံရသည်။

ထိုအခါ 'သားတော်လေး ရအောင် ရှာကြဦး၊ လူစုံမှ ကွပ်မျက်စေ'ဟု အမိန့်တော်ထုတ်သဖြင့် ယင်းတို့ကို ကျည်းတိုက်သို့ ပြန်ပို့ ချုပ်ထားကြရသည်။ ရက်အနည်းငယ် ကြာလတ်သော် 'သားတော်လေး ရှာမတွေ့သေးသော်လည်း ပြည်မင်းနှင့် သားတော်ကြီး ၄ ပါး ကွပ်နှင့်စေ'ဟု အမိန့် ထွက်လာပြန်သည်။ ထို့ကြောင့် ကံဆိုးသူ ပြည်မင်းနှင့် သားတော်များအား နေမကွယ်မီ သုသာန်သို့ ထုတ်ယူလာကြရပြန်သည်။

မင်းသွေးများ ရေမှာဖျောက်သည့် နည်းအတိုင်း ပြည်မင်းသားနှင့် သားတော်ကြီး ၄ ပါးဖြစ်သော အသက် ၁၇ နှစ်ရှိ အမြင့်မြို့စားတပ်မှူး သတိုးမင်းစော၊ အသက် ၁၅ နှစ်ရှိ တပ်မှူး သတိုးမင်းဖျား၊ အသက် ၁၂ နှစ်ရှိ သတိုးမင်းလှနှင့် အသက် ၉ နှစ်ရှိ သတိုးမင်းဒင်တို့ သားခမည်း ငါးပါးလုံး ကံတော်ကုန်ကြရလေ၏။

ပြည်မင်းသားကြီး ထွက်ပြေးသည့်ရက်မှာ ၁၂၀၂



www.burmeseclassic.com

www.burmeseclassic.com



ခု ဝါခေါင်လဆုတ် ၆ ရက်နေ့ဖြစ်၍၊ ကွပ်မျက်ခံရသည်မှာ ၁၂၀၂ ခု သီတင်းကျွတ်လအတွင်း ဖြစ်ကြောင်း **သုဿော ဓိတ မဟာရာဇဝင်ကြီး** က ဆို၏။

ပြည်မင်းသားကြီးနှင့် ကြံရာပါသည် ဟူသော စွပ်စွဲချက်ဖြင့် အနောက်နန်းမတော် မမြကလေးကို ၎င်းရက်ပိုင်းတွင်ပင် ထုံးစံအတိုင်း ကွပ်မျက်လေသည်။

*

ပြည်မင်း၏ အိမ်တော်မှ ၃ စု ကွဲလျက်ရှိသော အစုများတွင် ပြည်မင်းနှင့် သားတော် ၄ ပါးတို့မှာ အဆိုးရွားဆုံးအဖြစ်ဖြင့် ဇာတ်သိမ်းခန်း ပြီးသွားပေပြီ။ မိန်းမသားဖြစ်၍သာ အသက်ကြွင်းရသော ပြည်ထိပ်ထားနှင့် သမီးကလေး ပြည်ထိပ်ခေါင်တင်တို့မှာ အပြင်းထန်ဆုံးသော ပရိဒေဝမီးရှိန်ကို ခံစားလျက် မသေရုံတမည် ယဲ့ယဲ့ကလေး ကျန်ရှိပေတော့သည်။

*

ပြည်မင်း အိမ်တော်မှ တတိယအုပ်စုဝင် ရာဇဝတ်ပြေး မငြိမ်းသာတို့ သားအမိဖြစ်စဉ်ကို ဆက်ရသော် ယင်းတို့ ခိုလှုံရာ သီလရှင်ကျောင်းတွင် မငြိမ်းသာ၏ ခင်မင်နှစ်လိုဖွယ် ပေါင်းသင်းဆက်ဆံရေးကြောင့် အခိုက်အတန့်မျှ အေးချမ်းစွာ နေခွင့်ရနေကြသည်။

သားကလေး အပြောအဆိုများမည် စိုးသောကြောင့် မည်သည့်အခါမျှ မခွာဘဲ ရင်အုပ်မကွာ စောင့်ရှောက်နေဆဲတွင် တစ်ခုသော နေဝင်ဆည်းဆာအချိန်၌ သူတို့သားအမိ ရှိရာသို့ လူတစ်စု လာနေကြသည်ကို တွေ့မြင်ရလေသည်။ အပါးရောက်၍ သဲကွဲစွာ မြင်ရသောအခါ ပြည်မင်းသားညီနောင်တစ်စု ဖြစ်နေသည့်အတွက် မငြိမ်းသာမှာ "ကိုယ်တော်လေးတို့" ဟု နှုတ်မှ လွတ်ခနဲ ထွက်လုမတတ် ဖြစ်သွား၍ မနည်း ထိန်းချုပ်လိုက်ရလေသည်။ သို့တစေ ၎င်းတို့ကို မငြိမ်းသာကဲ့သို့ မြင်လိုက်သူ လူမမည် ကလေးငယ်မှာ လက်ကလေး လှမ်းကာ 'နောင်တော်–နောင်တော်' ဟု ခေါ်လေ၏။ မငြိမ်းသာ မှတ်မိသလောက် ယင်းညီနောင်တစ်စုမှာ မျက်စိမျက်နှာ ညှိုးနွမ်းလျက် ရွှင်လန်းခြင်း မရှိကြပေ။

ကြက်သီးကလည်း ဖြန်းခနဲထသည် ဖြစ်လေရာ မငြိမ်းသာသည် ယင်းတို့၏ လူ့ပြည်မှ ထွက်ခွာလာကြခြင်း ဖြစ်ရပ်ကို အတပ်သိလိုက်တော့လေရာ ချက်ချင်း မျက်ရည်ပေါက်ကြီးများ မဆည်နိုင်၊ မတန့်နိုင် စီးကျလာတော့သည်။ သားကလေးက 'ဟင်.... အမေကလည်း ဘာလို့ငိုတာလဲ၊ အမေငိုလို့ အခု သူတို့ သွားကြပြီ' ဟု တွတ်တီးတွတ်တာ ပြောရာလေသော် ထိုအခါမှပင် မိမိ အခြေပျက်မိသည်ကို ဖျတ်ခနဲ သတိဝင်လာတော့သည်။

သို့သော် ဟန်ဆောင်ရန် နောက်ကျသွားချေပြီ။ သူတို့သားအမိ မကြုံစတောင်း နိမိတ်မကောင်းသော အခြင်းအရာ ထူးဆန်းထွေလာတို့ကို မျက်စိရှေ့တွင် ထင်းထင်းကြီး မြင်လိုက်ကြရသော သီလရှင်များသည် သွေးလန့် ချောက်ချားလျက် ကြောက်အား ပိုကြလေကုန်သည်။

ထိုညဟာ သီတင်းကျွတ်လဖြစ်၍ မိုး ခပ်ဖွဲ့ဖွဲ့ ရွာလျက်ရှိသည်။ သန်းခေါင်ကျော်၍ လင်းအားကြီး အချိန်တိုင်ရောက်သော် သီလရှင်များ မိုးတစိမ့်စိမ့်တွင် အိပ်မောကျနေကြသည့်အခိုက် မငြိမ်းသာသည် အထုပ်ကလေးကို ဆွဲ၊ သားကလေးကို ရင်ဝယ်ပိုက်ကာ တစိုက်စိုက် လှမ်းထွက်ခဲ့ရပြန်ချေသည်။

မငြိမ်းသာသည် "ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ" ဟူသော စကားကို သတိရမိပြန်သော် မိမိတို့ သားအမိသည် အမှန်ပင် ကံဆိုးကြသူများလော။ စင်စစ် နေဝင်ဆည်းဆာ အချိန်က ကိုယ်ထင်ပြလာရာသူများသာလျှင် ကံဆိုးမိုးမှောင်ကျသူများ ဖြစ်ချေသည်။ 'အသည်းနာလိုက်ပါဘိ ကိုယ်တော်လေးတို့ရယ်၊ ကောင်းရာမွန်ရာ ရောက်ကြပါစေ' အမျှဝေပါ၏။ မငြိမ်းသာမှာ တစ္ဆေ မကြောက်တတ်သူမဟုတ်ပါ။ သို့သော် တစ္ဆေထက် ပိုကြောက်ရမည့် သေမင်းကြောင့်သာလျှင် စိတ်တင်း၍ ပြေးနေရခြင်း ဖြစ်ပါသည်။

တကယ့်တကယ် အမိခံရပြီး သေမိန့်ကျလျှင် မိမိကိုယ်တိုင်ထက် သားကလေး၏ အသက်ကို ပိုမိုတန်ဖိုးထားခြင်း အမှန် ဖြစ်ပါ၏။ ထို စေတနာထားခြင်း မှန်လျှင်ဘေးရန် ကင်းပါစေသတည်းဟု သစ္စာပြုလျက် ဆုတောင်းမိပြန်သည်။ သည်အခါတော့ ဘယ်မှာမှ အားကိုးစရာရယ်လို့ မခိုဝင်လိုတော့ပြီ။ နေရပ်ဌာနေ မွေးရပ်မြေအထိ အားခဲ၍ အရောက်လှမ်းတော့အံ့။

နံနက်လင်းသော် ကလေးလည်း နိုးချေပြီ။ သင့်ရာတွင် နားနေကြ၍ နံနက်စာကို ကြုံကြိုက်သလို ရသမျှ ဖြည့်တင်းကြရသည်။ ထိပ်တင်တုတ်ကလေးမှာ မငြိမ်းသာစကားကို အလွန်လိုက်နာသူ ဖြစ်၍ နည်းသည်၊ များသည်၊ ကောင်းသည်၊ ဆိုးသည် ဘာမျှ မပြောဘဲ လူကြီးသဖွယ်



www.burmeseclassic.com

www.burmeseclassic.com



နေရှာသည်။ ရက်များမကြာမီ မငြိမ်းသာ ဇာတိဒေသ တောင်လွှဲရွာသို့ ရောက်လာကြလေ၏။

*

ရပ်ရွာဆွေမျိုးများထံ ပြန်လည်ခိုလှုံရသောကြောင့် စိတ်အေးမှု ရသင့်သလောက် ရပါ၏။ သို့သော် ထိပ်တင်တုတ်မှာ သူ့သားအရင်းပါ ဆိုစကားကို သံသယဝင်သူများ ရှိချေသေးတော့သည်။ ထို့ကြောင့် 'အရင်က အကြောင်းကြားတုန်းကတော့ ညည်းကလေး ဆုံးတယ် ဆို၊ ဒါက နောက်တစ်ယောက် ရပြန်တာလား၊ သူ့အဖေကော....'စသဖြင့် အငေါ့အထေ့ကလေးများ ပါမှ စကားဆိုတတ်သူ ဆွေမျိုးများကိုလည်း ကြုံရသေးသည်။

ထိုသို့သော စောင်းပါးရိပ်ခြည် အပုတ်အခတ် စကားများကိုလည်း လုပ်ဇာတ်ကလေးများ ဖန်တီးကာ ပြေလည်အောင် ဖြေကြားရသေးသည်။ မည်သို့ဆိုစေ ကောင်းသော ဆွေမျိုးများကိုမူကား အားကိုးရခြင်း အမှန်ဖြစ်လေရာ အများနှင့် သင့်အောင် ပေါင်း၍ ကောင်းစွာ ခိုလှုံ နေထိုင်လေသည်။

*

## [၅] လှိုင်ထိပ်ခေါင်တင် နတ်သံ

လှိုင်ထိပ်ခေါင်တင်သည် ကဗျာအမျိုးမျိုး ရေးခဲ့ရာတွင် နတ်သံ ဟူ၍ကား မည်သူမျှ ကြားဖူးမည် မဟုတ်။ အမှန်အားဖြင့် သူကလည်း အောက်ပါကဗျာ၌ သူ၏ ဇာတ်ကြောင်းပြန်ရာတွင် မည်သို့မျှ ခေါင်းမတပ်ဘဲ "ရှာပုံတော်အလိုက်"ဟူ၍သာ တွေ့ရသည်။

သို့သော် သူ ရေးသော အကြောင်းအရာတို့မှာ တောင်တွင်းကြီး ဦးကျော့ ရေးသော မင်းသမီး လင်ပျောက်ရှာခန်း၊ စုံနံ့သာမြိုင် လှည့်လည်ခန်းမျိုးလည်း မဟုတ်။ မယ်တော် ကွယ်လွန်ပြီးနောက် သူသည် အဆောင်တော်အတွင်း၌ ဘယ်မျှ မသွားဘဲ ဖူးပွေ့လက်တင် ဘဝဇာတ်ကြောင်းကို ပြန်ပြောင်း အောက်မေ့ လွမ်းဆွေးခန်းသာ ဖြစ်၏။

နတ်ချင်းတို့၌သာလျှင် ဤသို့ ဘဝဇာတ်ကြောင်း ပြန်လေ့ရှိသဖြင့် ကျွန်တော်က နတ်သံဟု ခေါင်းတပ်လိုက်ခြင်း ဖြစ်ပါသည်။ အမှန်မှာ လှိုင်ထိပ်ခေါင်တင် နတ်ဖြစ်သည် ဟူ၍လည်း မကြားဖူးပါ၊ မဆိုလိုပါ။

ကျွန်တော့်အနေဖြင့် လှိုင်ထိပ်ခေါင်တင်၏ စာပေများကို ကိုးကားရာတွင် သူရေးသော ဘောလယ်များ၊ မှော်တော်စိုက်၊ စိန်ခြူးကြာညောင်များမှာ ရိုးနေ၍ ရှောင်နိုင်သမျှ ရှောင်ကြဉ်လိုပါ၏။ သို့ရာတွင် "ဇာကြယ်" ရေးသော **မြမျိုးနွယ်** ဝတ္ထု၌ အောက်ပါ လှိုင်ထိပ်ခေါင်တင် နတ်သံကို အခြား စာပေများအကြား ညပ်လျက် ပါရှိနေပုံ တွေ့ရသဖြင့် အထူး ဝမ်းမြောက်မိပါ၏။

မိုးကုတ်မှ ကျောက်မျက်ရတနာတစ်ပါး တူးဖော်ရရှိသလိုပင် ဝမ်းသာမိပါ၏။ ရှားပါးစာပေ ဖြစ်၏။ သူရေးသည်ဟု မဖော်ပြသော်လည်း ပြောင်မြောက်သော အဖွဲ့အနွဲ့များကို ထောက်ရှုကာ သူ့လက်ရာမှန်း သိသာ၏။

ဇာကြယ် ခေါ် ကလောင်ရှင်မှာ ဟသ်ာတဘက်မှ မိဖုရား မမြကလေး၏ အမျိုးအနွယ်ဖြစ်သော ရှေ့နေဦးပု ဖြစ်သည်။ စာအုပ်ကို **မြမျိုးနွယ်** ဟု မှည့်ခေါ်ခြင်းမှာ သူသည် မမြကလေး၏ ဆွေမျိုးဖြစ်ကြောင်း အများ သိရှိကြစေလို၍ ဖြစ်သည် ဆို၏။

ထို့ကြောင့် သူ့စာအုပ်မှာ မမြကလေး၏ စိန်နားကပ် အရောင်ဟပ်ခြင်းကို ခံယူလိုသောသဘော ရှိနေ၏။ အမျိုးကို ဂုဏ်ဖော်သော ဆွေမျိုးကြော်ငြာ ကက်တလောက်မျိုး ဖြစ်နေ၏။

မည်သို့ဖြစ်စေ ဦးဇာကြယ်သည် မြမျိုးနွယ်များ အကြောင်းကို အနည်းငယ်သာ ရေးလျက် မမြကလေး၏ ဘဝမှန်ကို ဖော်ပြနိုင်စွမ်းရှိသဖြင့် များစွာ ကျေးဇူးတင်ရပေမည်။ ဆွေမျိုးဖြစ်၍ လှိုင်ထိပ်ခေါင်တင်၏ ပုရပိုက်၌ မြုပ်နေခဲ့သော နတ်သံကို ဖော်ပြနိုင်သည်မှာလည်း များစွာ အဖိုးတန်လှပေသည်။

မြမျိုးနွယ်ဝတ္ထုကို ၁၉၃၀ ပြည့်လောက်က "မြန်မာ့တိုင်းကျိုး" သတင်းစာ၌ အခန်းဆက်ဖော်ပြကာ လူကြိုက်များခဲ့သည်ကို မှတ်မိသည်။ လှိုင်ထိပ်ခေါင်တင်၏ ဘဝနှင့် စာပေကို ထင်ရှားစေရန် ကဗျာတစ်လှည့်၊ စာတစ်လှည့် ပူးတွဲ တင်ပြပါသည်။ စကားပြေ အကြောင်းအရာ အချို့ကို မောင်ကြည်ရှင်၏ **ညဥ့်သုံးယံ** စာအုပ်မှ ရရှိပါသည်။

### လှိုင်ထိပ်ခေါင်တင်၏ နတ်သံ

၁။ ရောဝတီ၊ လက်ယာတွန်းတဲ့ ကျွန်းမပဂံဝယ်
ခွန်းသီချိုမြ၊ ရွှေဟသ်ာငယ်၊ ကြင်ရာတလို့



www.burmeseclassic.com

www.burmeseclassic.com



နွတ္တသညာ၊ သာပေါင်းရယ်ကြိုပါတဲ့၊ မြို့ဟင်္သာမှာ
ကြေညာပေါ်ထင်၊ အစီရင်ရယ်လို့
မည်တွင်တစ်လီ၊ မင်းပျံ့ချီနှင့်၊ စုံညီ ၂ ပါး
မယ်အိက ဖွားပါတဲ့၊ တစ်ပါးသက်လယ်
လှပအသွေး၊ မမြကလေး ပါတဲ့၊
ကျွန့်မွေးမယ်။

ဇလွန်မြို့တွင် "ပြည်တော်ပြန်"ဘွဲ့ရ တန်ခိုးကြီး ရုပ်ပွားတော် ရှိ၏။ ထိုဘုရားဒါယကာ မြို့သူကြီး ဦးရွှေပွင့်နှင့် ဇနီးဒေါ်ရွှေမယ် ဖြစ်သည်။

ဒေါ်ရွှေမယ်သည် မိဖုရားမမြကလေးကို မီလိုက်သူ၊ အတူနေထိုင်ဖူးသူ အဖြစ်ဖြင့် လှိုင်ထိပ်ခေါင်တင် ရေးသောသူ့မိခင်၏ အကြောင်းအရာတို့ကို ကောင်းစွာ ထောက်ခံနိုင်သည်။ ရေကင်းရွာတွင် "ကိုဦး" ဆိုသူမှာ အရုပ်အရည် လှပခံ့ညား၊ ယောကျ်ားကောင်းပီပီ၊ ခမ္မသတ် ရာဇသတ် ဖြတ်ထုံးအရပ်ရပ်တို့ကို ကောင်းစွာ သိရှိ၏။ မြို့နယ်လူထုက သူ့ကို ယုံကြည် အားထားကြ၏။ အမှုအခင်းရှိလျှင် သူစီရင်သည်ကို ကြိုက်နှစ်သက်ကြသဖြင့် သူ့ကိုပင် ခုံသမာဓိ တင်မြှောက်ကြသည်။

မြို့သူကြီး၏ ထောက်ခံချက်ဖြင့် သူ့ကို ရှင်ဘုရင်က "မင်းပျံ့ချီ"ဘွဲ့ ပေးသနားသည်။ မယ်အိနှင့် ညားရာမှ ဟင်္သာတမြို့သို့ ရောက်လာ၏။ မွန်မင်း ရာဇာဓိရာဇ်၏ အနွယ်တော် မယ်အိမှ မိဖုရားလောင်း မမြကြွတ်ကို ဖွားမြင်ခဲ့သည်။

၂။ အရွယ်တော် ရောက်၊ တစ်ဆယ့်ခြောက်တွင်
ရွှေမှောက် ဘုန်းမော်၊ ခမည်းတော်လည်း
ထိုရော်ကာလ၊ ခါသမယက၊ ရာဇကုမာ
ဥပရာသို့၊ လူ့ရွာ ထင်ရှား၊
ကုန်းဘောင် ဆိုတဲ့ ထိုမင်းသားက
ဆပွား ကြည်ဖြူ၊ ကောက်ယူတော်မူလို့မို့
အတူနှစ်ဖော်၊ စံစားကာ ပျော်ကြ
ရွယ်တော် တွက်စစ်၊ နှစ်ဆယ့်ရှစ်ဝယ်
ငယ်ချစ်သခင်၊ သူ့ထိပ်တင်လည်း၊ ဘုရင်ဇကရာဇ်
နိုင်ငံ့ရှင် ဖြစ်ပါလို့၊ သွင်းလှစ်ကယ်ဘိသေ
နောက်နန်းတော် မိဖုရားရယ်လို့
ရှင့်၊ ထင်ရှားပေ။
ဘကြီးတော် ခေါ် ဖန်နန်းရှင်မင်း လက်ထက်၌

ညီတော် သာယာဝတီမြို့စားသည် အောက်မြို့ကျေးရွာသို့ ဖောင်တော်နှင့် စုန်ဆင်းတော်မူရာ ဧရာဝတီမြစ်ရိုး တစ်လျှောက်တွင် ဟင်္သာတသူ မမြကြွတ်၏ ချောကြောင်း၊ လှကြောင်း ထင်ရှားကျော်စောနေ၍ အိမ်တော် အတွင်းဝန်များကို စေလွှတ် ကောက်ယူတော်မူစေသည်။

အတွင်းဝန်။ ။ခုံမင်းကြီး၊ မွေးပေါက်ဖော် ဘယ်နှယောက် ရှိပါသလဲ။

မင်းပျံ့ချီ။ ။ကျွန်တော်မျိုးနှင့် ညီအရင်း မောင်မှူး ဆိုသူ တစ်ယောက် ရေကင်းရွာမှာ နေထိုင်ကြောင်းပါ။

အတွင်းဝန်။ ။ဩော် "ညီအစ်ကို ၂ ခု၊ ချိုး ဥပမာ"ဆိုသလို ၂ ယောက်ပဲကိုး။ အနို့ .... သားသမီးများကော ဘယ်နှယောက် ထွန်းကား သလဲ။

မင်းပျံ့ချီ။ ။သမီး ၂ ယောက်၊ သားတစ်ယောက်၊ ပေါင်း ၃ ယောက်ပါ။ ယခု သမီး တစ်ယောက်သာ အိမ်မှာရှိပါကြောင်း၊ အခြားသားနှင့် သမီးကတော့ ရေကင်းမြို့မှာပါ။

အတွင်းဝန်။ ။ယခု အိမ်မှာရှိတဲ့ သမီးနာမည် ဘယ်လိုခေါ်ပါသလဲ။

မင်းပျံ့ချီ။ ။"မမြကြွတ်"လို့ ခေါ်ပါကြောင်း၊ သူ့အမိနာမည်ကတော့ "မယ်အိ"ပါတဲ့။

မြို့သူကြီး။ ။(အတွင်းဝန်နှင့် တီးတိုးစကား ပြောပြီး) ကဲ၊ ဝန်မင်းများက မိတ်ဆွေအရင်းအချာ အောက်မေ့ပြီး ခုံမင်းကြီးရဲ့ သားသမီးများကို ကြည့်ရှုတော်မူလိုပါတယ်၊ မိတ်ဆက်ပေးပါဦး။

မင်းပျံ့ချီက ဇနီးမယ်အိရှိရာသို့ မျက်ရိပ်ပြရာ အိမ်ခန်း အတွင်း ဝင်သွားပြီး မကြာမီ သမီးကို ခေါ်လာသည်။ ဝန်မင်းများနှင့် မနီးမဝေးမှာ ထိုင်ကြသည်။ မမြကြွတ်မှာ အမိ မယ်အိ၏ နောက်ပါးဆီမှ ကပ်လျက် လက်တစ်ဖက် ထောက်ပြီး ကျုံ့ကျုံ့ထိုင်နေသည်။ ဝန်မင်းများ အတန်ကြာ မမြကြွတ်ကို ကြည့်ရှု အကဲခတ်ကြသည်။

အိမ်တော်ဝန် ။ ။ ကျော်လည်း ကျော်လောက်ပေတယ် ဝန်မင်း၊ ကျွန်တော်လည်း ဒီအသက် ဒီအရွယ်သို့တိုင် ရောက်လာပါပြီ။ ယခုလောက် ယဉ်ကျေး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်သံအဖွဲ့ ရွှေတော်သို့ ဝင်စဉ်



ညီလာခံဆောင်၏ ကျောဘက်ရှုခင်း



မှန်နန်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



မှန်နန်းဆောင်



သီဟာသန ရာဇပလ္လင်

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်း



မင်းတုန်းမင်း



သရစိမ်းမိဖုရား သီရိသုနန္ဒာမဟေ



သိန္ဒိမိဖုရား

www.burmeseclassic.com

www.burmeseclassic.com



တောင်ဥယျာဉ်တော်



ကန်ငယ်အုတ်တိုက် (သို့) ဗိုလ်ညီခံရာ ပန်းခုံစံနန်းတော်



မြောက်ဥယျာဉ်တော်

www.burmeseclassic.com

www.burmeseclassic.com



နန်းမြို့တွင်းရှိ
လွှတ်တော်ဆောင်



မှန်နန်းဆောင်

နန်းမြို့တွင်းရှိ ဝန်ကြီးဦးကောင်း အိမ်တော်



www.burmeseclassic.com

www.burmeseclassic.com

ပဒုမာသန ပလ္လင်တော်ရှိသော
အနောက်ပွဲတက် ဇေတဝန်ဆောင်





ဆင်ဖြူမရှင်၊ ထိရှုံးသူ

မိဖုရားခေါင်ကြီး၏ အဆောင်တော်
(ပါတော်မူပြီးချိန်၌ အင်္ဂလိပ်ဘုရင်ခံကတော်၏ ညွှဲခံပွဲကျင်းပချိန်။ ၁၆၊ ၂၊ ၁၈၈၆)



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခသည် လှိုင်ထိပ်ခေါင်တင် တရားနာစဉ်



ဒေါ်တင်တင်မေ (ပြည်မင်း၏ မြေးတော်)



နောင်မွန်ထိပ်ခေါင်တင် (သီပေါမင်း၏ သမီးတော်)

www.burmeseclassic.com

www.burmeseclassic.com



လုပသူကို အမှတ်မထားမိသေးပါဘူး။ ကျွန်ုပ် မျက်စိမှာဖြင့် အပြစ်ဆိုဖွယ် မရှိဘူး ထင်တာပဲ။ ဝန်မင်းများ သဘော ဘယ်လို ရကြပါသလဲ။

အတွင်းဝန် ။ ။ ဝန်မင်းတို့ .... ကျွန်ုပ်တို့ အိမ်ရှေ့ဝင် ပေါက်မှ ဝင်လာစဉ်က ပန်းခြံတွင်းမှ အိမ်ပေါ် တက်သွားသည်ကို မြင်လိုက်တုန်းကပင် အပြစ် ဖ ပါး ကင်းစင်ကြောင်း သိရပါသည်။ အထူးပြောဖွယ် မလိုပါဘူး၊ ဟုတ်ရဲ့လား စာရေးတော်ကြီးရဲ့။

စာရေးကြီး ။ ။ မေးဖွယ် မရှိပါဘူး၊ ဝန်မင်းတို့၊ ကျုပ် တို့ မျက်စိများဟာ တယ်လိုရိုင်းတာ မဟုတ်ဘဲကလား၊ ထီးထဲနန်းထဲမှာ ကျက်စားလာတဲ့ မျက်စိ တွေပါ၊ တစ်ဦးမျက်စိနှင့် တစ်ဦး မထူးကြပါဘူး။ ကိုင်း.... လိုရင်းကိုသာ စ တော်မူပါရော။

အတွင်းဝန် ။ ။ ကဲ....ကဲ၊ မိန်းကလေး ညောင်းရှာ တော့မယ်၊ လူငယ်ဆိုတာ စိတ် လွတ် လပ်စွာ နေရမှချမ်းသာမှာပ။ ကြွပေ တော့.... ကြွပေတော့။

မမြကြုတ်လည်း ရိုသေ ယဉ်ကျေးသော အမူအရာ ဖြင့် ထ၍ အခန်းတွင်းသို့ ဝင်သွားလေသည်။

အတွင်းဝန် ။ ။ ဟသာ်မြို့က ခုံမင်းကြီးရဲ့သမီး ချော တယ် လှတယ် ဆိုတာ ကျွန်ုပ်တို့ ရွှေမြို့တော်ကတောင် ကြားသိရပေသဗျ။ မမြင်ဖူးမိက သာမညလောက်ပဲ အောက်မေ့မိတယ်။ ယခု ဒိဋ္ဌ ကိုယ်တွေ့ မျက်မြင် ဖြစ်ရတော့.... အကျော်စော အပုံကြီး နည်းသေး တယ်၊ သည့်မျှမက အဆပေါင်းများစွာ ပို၍ ကျော်စောသင့် တယ်လို့ အံ့သြမိပေတယ်။

အိမ်တော်ဝန် ။ ။ အင်း.... ဟုတ်စရာရှိရဲ့၊ သားသမီး ချောတယ် ဆိုတာ မချောဘဲ ရှိပါ မလား။ မိဘနှစ်ပါးကိုက အင်မတန် ချောပေတာပဲ။ ခုံမင်း ကြီးကို ကြည့်ရတာ အင်မတန်မှ ကျက်သရေ ရှိသဗျ။ ပညာ ဆိုတာ ထားလိုက်ဦးတော့၊ လူရုပ်လူရည် ရူပကာယ–အင်္ဂ သမ္ပတ္တိ ဥပဓိကို ရှုကြည့်။ ယင်းပုဂ္ဂိုလ်မျိုးဟာ ဘုန်းတန်ခိုး အင်မတန် ရှိတတ်တာမျိုးပါကလား။ ယခုလောက် အခြေ အနေ ရာထူး ဌာနန္တရမျိုးနှင့် ဘယ်နေဦးမလဲ။ ရှေ့ကို အပုံကြီး တိုးတက် ကြီးပွားစရာ ရှိပေတယ်။ ..... သည်လိုဗျ၊ ပြောရတော့မယ်၊ သည်းလည်း ခံတော်မူပါ။ မင်းဘုရား ညီတော် အိမ်ရှေ့လျာ သာယာဝတီမြို့စား ကိုယ်တော်ကြီးက ခုံမင်းကြီး၏သမီး ချောကြောင်းလှကြောင်း ကြားသိတော် မူတာနှင့် အလွန်မြတ်နိုးတော်မူတာကြောင့် ကောက်ယူတော် မူလိုသည့်အရေး ကျွန်ုပ်တို့ကို စေလွှတ်၍ လာရတာကလား။ ဒါကြောင့် ခနေဖြူမြို့မှာ စံပယ်တော်မူနေရာမှ ရွှေလေ ရွှေလောင်းများအပြင် အခြံအရံ များစွာနှင့် မနေ့ညက ဆန်တက်ခဲ့ကြပါတယ်။ သည်လို ခမ်းနားကြီးကျယ်စွာ ကောက်ယူတော်မူတာကို တစ်ခါမျှ မတွေ့ခဲ့ရသေးပါ။ ကျွန်ုပ်တို့ အိမ်ရှေ့လျာအနေဖြင့် ထူးခြားစွာ ချီးမြှောက်တော် မူခြင်းပါ။ ခုံမင်းကြီး သဘောကိုသာ သိပါရစေတော့၊ အမိန့်တော် ရှိပါဗျာ။

(ထိုအခါ မင်းပုံချိုသည် ဦးခေါင်းကို ငုံ့၍ မတုန် မလှုပ် ဆိတ်ဆိတ်နေလေသည်။)

မြို့သူကြီး ။ ။ ကဲဗျ၊ ဝန်မင်း မေးတဲ့ စကားကို ဘယ်လို သဘောရတယ်ဆိုတာ မိန့် တော်မူပါ ခုံမင်း။

မင်းပုံချို ။ ။ ကျွန်တော်မျိုးသဘောကို မြို့သူကြီး မင်း အသိ ဖြစ်ပါတယ်။ လက်ရှိခုံမင်း ရာထူးသည်ပင် ရုပ်သူရုပ်သားများ ဆန္ဒကြောင့် မိမိ တတ် သမျှ မှတ်သမျှဖြင့် စီရင်ဆုံးဖြတ် ပေးနေတာနှင့် ခုံမင်းရယ် လို့ ခေါ်နေကြပါတယ်။ စိတ်ကတော့ သာယာလှတယ် မဟုတ်ပေါင်ပါ။ မင်းထဲ စိုးထဲမှာ မင်းမှုထမ်းအဖြစ် မင်းနှင့် စပ်သွယ် ဆက်ဆံရတဲ့ အဖြစ်များကို အလွန်ကြောက်ရွံ့လှသူ ဖြစ်ပါတယ်။ ကုန်သည် ဆင်းရဲသားဘဝ အေးအေးလူလူ နေထိုင် လုပ်ကိုင် စားသောက်လိုပါတယ်။ အလွန်ကြောက်ရွံ့ ရင်း ရှိသည့်အတိုင်း မဝံ့ပါ၍ ချမ်းသာခွင့်လွှတ်တော်မူစေလို ပါကြောင်း။

အတွင်းဝန် ။ ။ ခုံမင်းကြီးက ကြောက်စရာမဟုတ်တာ တွေ ကြောက်နေတာကို ဟုတ်ပါရိုး လားဗျာ။ သည်အဖြစ်မျိုးကို သာမညလူစားများ အိပ်မက် တွင်မှ မမြင်ရပါဘူး။ ယခုတော့ ခုံမင်းကြီးမှာ ရှေးဘုန်း ရှေးကံ နိုးဆော်လို့သာ သည်လို မြင့်မြတ်ကြီးကျယ်ဖို့ ကြုံရ တာပါ။

မြို့သူကြီး ။ ။ အတွေးအတော သည်လောက် မကြီး ပါနှင့် ခုံမင်းရယ်၊ ယခုကဲ့သို့ မြတ်နိုး သဒ္ဒါတော်မူခြင်း ခံရတာမျိုး အင်မတန်ရှားပါတယ် ယခု



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ကြသော မင်းများနှင့် အခမ်းအနားကို စဉ်းစဉ်းစားစား ကြည့်ရှုလျှင် အလွန်ဝမ်းသာစရာ ဖြစ်ပါတယ်။ အခွင့်ပြုဖို့ တော်ပါပြီ။

မင်းပုံချို　။ ။ (မယ်အိနှင့် အတန်ငယ် တိုင်ပင်ပြီးနောက်) အရှင်မင်းသား၏ အမိန့်တော်ကို လွန်ဆန်ဝံ့မည့်သူ မဟုတ်ပေါင်ပါ။ မိမိ၏ နှလုံးသား ရှိရင်း အကြောင်းကိုသာ မင်းများ သိတော်မူရန် လျှောက်ထားခြင်း ပြုပါသည်။ သို့သော် ဝန်မင်းများမှာတော့ အရှင့်သားနှင့် နီးနီးရင်းရင်း ရှိကြပါသဖြင့် ကျွန်တော်များ၏ သမီးကလေးကိုလည်း အစစအရာရာ မှားယွင်းမရှိရအောင် ထောက်မ ကြည့်ရှုမည်ကိုသာ အားကိုးရပါမည့် အကြောင်းပါ ဘုရား။

၃။ ပရမေဥက္ကဋ္ဌ၊ လူ့ထိပ်တင်ငယ်၊
ဘုရင်မြတ်က ထင်မှတ်အသက်၊ ကြီးငယ်တစ်ပါး၊
မိဖုရားတို့ အများထက်ပင်၊ စုံမက်တော်မူ၊
လွန်ကြည်ဖြူတာကြောင့်၊ နန်းသူနန်းသား မိဖုရားတို့၊
မုန်းထားမလို၊ ရန်ငြိုးသိုလို့၊ သင်းကိုမကြာ
အရှင်း လွင့်အောင်
နင်းခွင့်ကို ရှာကြ၊ ဘယ်မှာ မရ
သမ္မာရှိန်ငယ်၊ ထိန်ထိန်ပလို့၊
နန်းမဘုံလယ် ပေါ်ထင်မမေ့၊
ပျော်ရွှင်ရေးကိုလရှင့်၊ မြင်သေးတယ်။

တစ်နေ့သ၌ ဒဂုန်ဆံတော်ရှင်ခြေရင်းရှိ မြတ်နန်းအောင်စွာ နန်းတော်တွင် သာယာဝတီမင်းသည် မိဖုရားမောင်းမမိဿံများနှင့် ညီလာခံတော်မူစဉ်–

ဘုရင်　။ ။ သည်ဒဂုန်မြို့တော် တစ်ဝိုက်မှာ ရှေးဘုရား တန်ခိုးကြီးများကို ဖူးမြော်ရသည်မှာ အလွန်ကြည်ညိုဖွယ် ကောင်းလှပေသည်။ မောင်တော်ဖြင့် အလွန်ဝမ်းမြောက်တော်မူ၍ ရွှေစိတ်တော် အေးမြကြည်လင် ရှိပါပေသည်။ အောက်ပြည်အောက်ရပ်ပင် ဖြစ်ဆော်လည်း နေပြည်တော်ကိုပင် မေ့မတတ် ရှိပါပေသည်။ နမတော်များလည်း မောင်တော်ကဲ့သို့ ပျော်မွေ့တော်မူ ကြပါစေ။

မိဖုရားကြီး　။ ။ မောင်တော်ဘုရား ပျော်မွေ့တော်မူသည် ဆိုသဖြင့် နမတော်များလည်း ပျော်မွေ့ပြီးသားပါ။ နတ်ဘုံနတ်နန်းမှာ စံစားနေရစေကာမူ မောင်တော်ဘုရား ငြီးငွေ့တော်မူပါလျှင် နမတော်များ ပျော်မွေ့နိုင်ရန် အကြောင်းမရှိပါ။

ဘုရင်　။ ။ သည်အထဲမှာ နမတော်မမြကလေးကတော့ အောက်သူ ဖြစ်လို့ သူတကာထက် တိုးပြီး ပျော်မွေ့တယ် မဟုတ်လား။

မြကလေး　။ ။ မှန်လှကြောင်းပါ ဘုရား၊ ဘုန်းတော်ကြီးလှသော အရှင် ၂ ပါးတို့၏ ကျေးဇူးတော်မြတ်ကြောင့် တန်ခိုးကြီးဘုရားတို့ကို ဖူးမြော်ပူဇော်ရတာ အလွန်တရာ ဝမ်းမြောက်လှပါသည်။ ကျေးဇူးတော်မြတ်ကို ဆပ်၍ကုန်နိုင်မည် မဟုတ်ပါ။ စေတနာသဒ္ဓါတရားလည်း အတိုင်းထက် အလွန် တိုးတက်လှပါ၍ ဒဂုန်ဆံတော်အရှင် ဘုရားကြီး အနောက်စောင်းတန်းတစ်ဆောင် လစ်လပ်ရှိသည်ကို ဆောက်လုပ်လှူဒါန်းတော်မူရန် ဘုရားနမတော်က သစ် ပျဉ် တန်ဆာ၊ ကိရိယာအဖိုး ကံကျွေးလက်ခငွေများကိုပါ အရှင် ၂ ပါးတို့အား ကုသိုလ်တော်များ ဆက်သလိုပါသည် ဘုရား။

ဘုရင်　။ ။ အင်း....နမတော် မြကလေးကတော့ အနောက်နန်း မိဖုရားမို့ အနောက်စောင်းတန်း ဆောက်လှူရန် ဝါသနာပါပေသကို၊ ပညတ်သွားရာ စာတ်သက်ပါ ဆိုသလို ဖြစ်နေပြီ။ ဘယ်နှယ်....မိဖုရားခေါင်ကြီးကော သဘောမျှတော် မူပါစ။

မိဖုရားကြီး　။ ။ အနောက်နန်းတို့က ကုသိုလ်အရာရာ ရှာရှာဖွေဖွေ၊ မြော်မြင်စိတ်ကူး ရပေသေးတယ်။ သာဓုခေါ်ရန်သာ ရှိကြောင်းပါ ဘုရား။

ဘုရင်　။ ။ ခေါင်ကြီးက သဘောမျှတော်မူတယ်တဲ့၊ နမတော်မြကလေးကသာ လိုအပ်သမျှ ဆက်သပေတော့။ နမတော်ကို အကြောင်းပြုလို့ ကောင်းမှုကုသိုလ်တော် ယူရတာပေါ့။

(မှူးမတ်များက နေရာဌာနများကို စနစ်ပုံစံနှင့်တကွ ရေးသား၍ ကုန်ကျရန် ငွေတော်စာရင်းများအတိုင်း မမြလေးက ဆက်သပြီးနောက် ပြာသိုလဆန်း ၁၅ ရက်နေ့တွင် သံဃာတော်များ ပင့်၍ အရှင်နှစ်ပါး ရေစက်သွန်းချ လှူဒါန်းတော်မူသည်။)

*

ဇလွန်မြို့ ဘုရားအမကြီး ဒေါ်ရွှေမယ်က မမြကလေး ကောင်းစားစဉ်က ရှင်ဘုရင်က မည်မျှမြတ်နိုးပုံကို ပြောပြရာ

www.burmeseclassic.com



တွင် 'ဟင်္သာတမြို့နှင့်စပ်လျက် တောင်ဘက်က လယ်တော်ရွာ ဆိုတာရှိတယ်။ မမြကလေးရဲ့မိခင် မယ်အိကို ၎င်းရွာမှ ထွက်တဲ့စပါးများ စားစေဆိုလို့ လယ်တော်ရွာလို့ ခေါ်တွင်တယ်။ သမီး ဘုန်းကြီးတော့ မအေပါ ဘုန်းကြီးတာပေါ့။ မိဖုရားခေါင်ကြီးက လွဲလျှင် အခြား မိဖုရားများထက် တိုး၍ မမြကလေးကို အခွင့်အရေး ပေးတော်မူတယ်။ မင်း တရားကြီး စိတ်တော် မကြည်သာတဲ့အခါ ဘောလယ် ပတ်ပျိုး သီချင်းများကို အဓိပ္ပာယ်ပါပါ၊ အသွားအလာ နွဲ့နွဲ့ပျောင်း ပျောင်း စီကုံးရေးသား၍ အတီးအမှုတ်နှင့်တကွ ရွှေနားတော်သွင်းစေတယ်။ မိမိကိုယ်တိုင်လည်း တစ်ခါတစ်ရံ သီဆို ဖြေဖျော်တယ်'ဟု ပါရှိ၏။

"သိင်္ဂါရွှေရောင်" ပတ်ပျိုးကို သာယာဝတီမင်း ဒဂုန်မြို့၌ စံတော်မူစဉ် အပျိုတော်နှင့် ရှံရွှေတော်တို့ နေပြည်တော်နှင့် မိဘရပ်ထံ လွမ်းဆွတ်ကြသည်ကို မမြကလေး သိရှိသောကြောင့် ဘုရင့်ရွှေနားတော် ကြားအောင် ရေးပေးသည်ဟု အဆိုရှိသည်။

သိင်္ဂါရွှေရောင်၊ တိမ်ဝါဝေပြောင်
နန်းဆောင်ဆောင်ခန်း၊ ဝင်းဝေလျှံ....
စိမ်းရောင်စုံ၊ တောင်ညိုကြ မှိုင်း
သီတာခွေလို့၊ ရေပတ်လည်ဝိုင်း....။

ထိုကဲ့သို့ ချစ်ခင်နှစ်သက်ဖွယ်ရာကို များစွာ ပြုတတ်ခြင်းကြောင့် ဘုရင်မင်းမြတ်သည် အနောက်နန်းမိဖုရား အဆောင်တော်တွင် သာ၍ စံပျော်တော်မူခြင်း ပို၍ များလေသည်။

၄။ သုံးဆယ်နှင့်ခြောက်၊ အရွယ်တော် ရောက်ခါမှ
မှောက်လေတဲ့ ကံ၊ ဘယ်လို စီမံလေဘိ
ဘုန်းလျှံသခင်၊ ရွှေနန်းရှင်လည်း
ကိုယ်တွင်ဗျာဓိ၊ ရောဂါတော် ဖိလို့မို့
မချိလေရာ၊ သည်အခါမှ
ညီညာပေါင်းစု၊ မကောင်းရယ် ပြုလို့
အမှုဆင်ကာ၊ ပြည်မင်းဘက်တွင်
ရောယှက်ပါတယ်လို့
မညာရက်စက်၊ အကြံငယ်ဆိုး
ရန်ငြိုးနှင့် ဖျက်တာကြောင့်
အသက်ကယ် ခန္ဓာ
ဘွားတော်ပါကြွေး၊ နှစ်ယောက်လုံးမှာဖြင့် ဆုံးရရှာ။

## ဝန်ကြီးနှစ်ပါး ဆွေးနွေးခန်း

မဟာမင်းခေါင် ။ ။ကျွန်ုပ်တို့၏ ရွှေဘိုမင်းတရားကြီး
နှလုံးတော် မကြည်လင်သော ဝေဒနာမှာ တိုးချည်တစ်လီ၊ ဆုတ်ချည်တစ်ဝနှင့် သက်သာလှသည် မရှိဘူးဗျ။ သက်သာတော်မူလို၍ ဒေးဝန်းရပ်ကို ယာယီပြောင်းရွှေ့ စံတော်မူခြင်းဟာ အချည်းနှီးလို ဖြစ်နေပြီ။

မင်းလှနော်ရထာ။ ။အင်း....ဆေးဝါးတို့ မည်သည်လည်း
ဓာတ်ကြီးလေးပါးကြောင့် ဖြစ်သော ရောဂါများကို ကုစားလို့ ရနိုင်တာကိုးဗျ။ ဝဋ်နာ ကံနာတို့ဖြင့် မည်သည့်ဆေးဝါးမျှ ကုစွမ်းနိုင်လိမ့်မည် မဟုတ်ဘူးဗျ။

ခေါင် ။ ။ကြက်ခေါင်းဆိတ် ခံလိုစိတ်မရှိတဲ့ ရွှေဘို
မင်းတရားအဖို့မှာ ရခိုင်နှင့် တနင်္သာရီများ အင်္ဂလိပ်လက် ရောက်ရပုံကို အနည်းငယ်မျှ အခဲမကျေဘူးဗျ။ သည်အတွင်း နောင်တော်ကြီး ဖန်နန်းရှင်ကို ကောင်းစွာ ပြုစုထားရှိသော်လည်း ရန်သူတော်တို့နှင့် ဆက်ဆံမည်ကို စိတ်ဝမ်းမချစရာ အချက်များလည်း ရှိသဗျ။ သည်အတွင်းများ ထိီးမွေနန်းမွေခံ သားတော်ကြီးများကလည်း အချင်းချင်း စောင်းချိတ် ငြူစူနေကြတော့ အဘယ်မှာ စိတ်လက်ကြည်သာမှု ဖြစ်နိုင်ပါတော့မတုံးဗျ။

လှ ။ ။ရွှေနန်းရှင်ဘုရား အနေနှင့် မိဖုရားခေါင်ကြီး
မှ ဖွားမြင်သော ပုဂံမင်းသားကို အိမ်ရှေ့အရာ နှင်းအပ်ရန် သဒ္ဓါတော်မူဟန် ရှိသဗျ။

ခေါင် ။ ။သို့သော် အလယ်နန်းမတော်၏ သားတော်
ပြည်မင်းသည် ပုဂံမင်းထက် ၂ နှစ် ပိုကြီးသည့်ပြင် ထက်မြက်ခြင်း၊ နှလုံးတည်ကြည်ခြင်း၊ သတ္တိဗျတ္တိ ပြည့်စုံခြင်း ထင်ရှားနေသဗျ။ ခမည်းတော် မင်းတရားရွှေဘိုမြို့ကို ရောင်တိမ်းခဲ့ရစဉ်က အလယ်နန်းဖွား သားတော် ၂ ပါးဖြစ်သော ပြည်မင်းသားနှင့် ပခန်းမင်းသား ညီနောင်တို့ သာလျှင် ရောဝတီ အရှေ့ဘက်နှင့် အနောက်ဘက် စစ်ကြောင်း ၂ ခု ခွဲဝေ ဦးစီးပြီး ခမည်းတော်ကို နန်းတင်ပေးနိုင်သည်အထိ စွမ်းပကား ပြည့်စုံသည်ကို တိုင်းပြည်အသိဖြစ်ချေဘိသည်။ ထိုမျှထင်ရှား စွမ်းပကားသည် ပင်လျှင် သတ္တိနည်းပါး ပုဂံမင်းသားအဖို့ စဉ်းစားတွေဝေ ကြောင့်ကြစေကြောင်းပါဗျ။

လှ ။ ။ဤသို့ စိုးရိမ်သည်နှင့်အမျှ မိမိ အိမ်ရှေ့အရာ

www.burmeseclassic.com



ရရေးတွင် အဟန့်အတား ဖြစ်မည်အထင်နှင့် ပြည်မင်းကို မှုခင်းရှာကြံမည်ကို စိုးရိမ်ရပေတယ်ဗျ။

ခေါင် ။ ။စိုးရိမ်ရပါသော်ကောဗျ၊ ပြည်မင်းသားကို ချိုးနှိမ်ရေးဟာ ပုဂံမင်းသား အဖို့သာမက သူ၏မယ်တော် တောင်ညာစံ မိဖုရားကြီး ကိုယ်တော်တိုင် အကွက်ကောင်းကို ချောင်းမြောင်းအစဉ် အမှုဆင်ခဲ့သည်မှာ ကြာပကောဗျ။

လှ ။ ။ပြည်မင်းရဲ့ညီတော် ပခန်းမင်းသားကလေး မောင်ဖေဖြူဟာ ယမန်နှစ်က ရောင်တခင်ကွယ်လွန်သွားရှာတာလည်း မသင်္ကာစရာပေါ့ဗျ။ အဆိပ်သင့်ပြီး ချက်ချင်းဆုံးတော့ ခမည်းတော်ကိုယ်တိုင် ယူကျုံးမရနှင့် သားတော်အိမ်ကို ကြွပြီး ထိုညမှာပဲ သူ့အိမ်တော်ခြံတွင် သင်္ဂြိုဟ်တော်မူတယ်။ အရေးတော်ပုံ ကာလမှာ ခမည်းတော်ရဲ့ ဘယ်လက်ရုံးအဖြစ် ဤသားတော် ညီနောင် ၂ ပါးကို အားထားခဲ့ရာမှာ ယခု ပခန်းမင်းသား ဆုံးတော့ တစ်ဖက်သော လက်ရုံးတော် ပြုတ်ကြွေခြင်းပေပ။

ခေါင် ။ ။မှန်ပေဗျား၊ ဝန်မင်း ရှင်းပြမှပဲ အတွင်းကျကျ သိရပေတော့တယ်။ ညီတော်တစ်ပါးပြုတ်တော့ နောင်တော်လည်း တစ်အားယုတ်တာပေါ့နော်။ ပုဂံမင်းသားကလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို ကြံတတ် စည်တတ်ပါပေတယ်။

လှ ။ ။အမှန်ဆိုတော့ ပုဂံမင်းသားက ပြောပစရာ အစွမ်းအစ မရှိရှာပါဘူး။ မိန်းမလျှာလို ချိုးခါ မွေးမြူပြီး ဘာသာလဝါ နေတယ်။ သူ့မယ်တော် ကျပင်းမင်းသမီး တောင်ညာစံကြီးက ပိုမို အစွမ်းထက်ပါတယ်။ သားတော်ပုဂံမင်းရဲ့ ကြံရည်ဖန်ရည်နည်းပုံကို မယ်တော်က မချင့်မရဲဖြစ်ကာ 'မင်းက မလိမ္မာလို့ ငါတို့မှာ ခေါင်းနှင့်ကိုယ် မြဲအောင် မနည်းဖန်တီးနေရတယ်။ နန်းတော်မှာ အဆင့်မနိမ့်အောင် အတွင်းကျိတ် ကြိုးစားနေရတယ်' စသည်ဖြင့် မကြာခဏ မြည်တွန်လေ့ရှိပုံများ ကြားရသဗျ။

ခေါင် ။ ။သြော်.... ဟုတ်ပေသဗျ၊ တစ်စွန်းတစ်စ အောက်ပြည်က အပြန်မှာ ကြားသိရတာက မင်းဘူးမြို့ ကမ်းစပ်မှာ စခန်းရပ်တဲ့ ညက ပြည်မင်းဟာ ညတွင်းချင်း ရွှေစက်တော်ကို သွားရောက် ဖူးမြော်မိပေတယ်။ နံနက် အရုဏ်တက်မှာ ဖောင်တော်ထွက် အချိန်မီ ပြန်လည် ရောက်ရှိပါသော်လည်း ခမည်းတော်ကို ခွင့်ပန်သမှု မပြုသည်ကြောင့် ရှေ့ဆောင်ဦးစီး တပ်မှူးကြီး အဖြစ်မှ အပြစ်ရ နုတ်သိမ်းခြင်း ခံရပေတယ်။ အဲသည်အတွက်မှာလည်း မိဖုရားကြီး လက်ချက်ပါဗျ။ လမ်းခရီး ကြုံကြိုက်လို့ ခြေတော်ရာ ဦးခိုက်ခြင်းကိုပင် 'ရှင်ဘုရင် ဖြစ်ချင်လို့ တမင်ဆုသွားတောင်းတာပါ'ဟု မိဖုရားကြီးက ကုန်းချောသတဲ့ဗျ။

လှ ။ ။အဲ့ ဝန်မင်း၊ ကြားသိချက်နှင့် လက်တွေ့အဖြစ်အပျက်များကလည်း တိုက်ဆိုင်ပေသဗျ။ မင်းတရားကြီးက အိမ်ရှေ့အိမ်တော် ဆောက်လုပ်ရန် အမိန့်ထုတ်ခဲ့ပြီးပေမို့ ထိုအိမ်တော်ပြီးစီးလျှင် သားတော်ကြီး ပြည်မင်းကို အပ်နှင်းရန် ရည်စူးခဲ့ပေသကိုး၊ ဒါကြောင့် နေပြည်တော် ပြန်မရောက်မီ ဒေါက်ဖြုတ်ဖို့က အရေးကြီးလာ၍ ဤကိစ္စကို မနှေးအပြီး မိဖုရားကြီးက ဖြေရှင်းဟန်တူပေသဗျ။

ခေါင် ။ ။မင်းတရားကြီး၏ ရောဂါ အခြေအနေကြောင့် မိဖုရားခေါင်ကြီးသာလျှင် အပါးတော်မှာ ဆေးဝါးဆက်သ ပြုစုခွင့် ရလေတော့ ရှင်ဘုရင်ကို သူတို့သားအမိသာလျှင် တင်လိုရာ တင်နိုင်ခွင့် ရနေတာပေါ့ဗျ။ တစ်နေ့က အမိန့်တော် ထုတ်ပြန်ရာမှာ ပုဂံမင်းသားနှင့် မင်းတုန်းမင်းသားကို လွှတ်တော်တက် မင်းသားကြီးများအဖြစ် အပ်နှင်းတော်မူကြောင်းတဲ့ ဗျ။

လှ ။ ။အလို ပြည်မင်းသားကိုတော့ လွှတ်တော်တက် မင်းသားကြီးနေရာမှာ မထားဘဲကိုး။ မင်းတုန်းမင်းသားက ပြည်မင်းအောက် အသက် ၅ နှစ်ခန့်ငယ်သည့်အပြင် သူ၏မယ်တော်ကလည်း တောင်ဆောင်တော် မိဖုရားမို့ တစ်ဆင့် ပိုနိမ့်ပေတယ်။ အလယ်နန်း သားတော်ကြီး ပြည်မင်းမှာဖြင့် အမျိုးမျိုး အနှိမ်ခံနေရပါပြီကော။

ခေါင် ။ ။အဲ အောက်ပြည်အောက်ရွာသို့ ရွှေစကြာဖြန့်ချိန်က ရေတပ်မတော်ကို သားတော်ကြီး ပြည်မင်းက ရှေ့ဆုံးမှ ကွပ်ကဲဦးဆောင် သမ္ဘာပြောင်ခဲ့ပေတယ်။ ပြည်တော်ပြန် ကျကာမှ အခြေမလှ ဖြစ်ရသဗျ။

လှ ။ ။ခမည်းတော်က သူ့ကို ရာထူးတိုးမပေးသော်လည်း အိမ်တော်မှာ နေမြဲ၊ နန်းတော်မှ အခစား ဝင်မြဲပင် ဖြစ်ပါသတဲ့။ သူ့ကို အကြီးဆုံးသားတော်မို့ "အစ်ကိုကြီး"လို့ ဘုရင်က ချစ်စနိုး ခေါ်ဆိုပါတယ်။ အစ်ကိုကြီးရဲ့ သားတော်ကြီး ၂ ပါး၊ သတိုးမင်းစောနှင့်



www.burmeseclassic.com

www.burmeseclassic.com



သတိုးမင်းဖျားကိုလည်း ပြည်တော် ပြန်ရောက်ချိန်မှာ ရှင်ဘုရင်က ရှင်ပြုမင်္ဂလာ ဆင်ယင်စေပါတယ်။

ခေါင် ။ ။ဤအတိုင်း မှန်လျှင် နန်းတွင်းရေး အခြေအနေဟာ စိုးရိမ်ဖွယ်ဖြစ်နေပြီဗျ။ တစ်ချိန်က အင်းဝရွှေနန်းမှာ ဖန်နန်းရှင် နာမကျန်းဖြစ်တော့ မိဖုရားခေါင်ကြီး မယ်နုနှင့် သူ့မောင်တော် မင်းသားကြီးဦးအိုတို့က အာဏာချုပ်ကိုင်ပြီး ဘုရင့်နာမတံဆိပ်ကို အလွဲသုံးစား ပြုကြရာမှ အရေးတော်ပုံ ပေါ်ပေါက်ခဲ့ရတယ် မဟုတ်ပါလား။ "ရာဇဝင်ဟူသည် ပုံတူ ဖြစ်တတ်စမြဲ" ဆိုသလို ရာသီဥတု အခြေကဖြင့် တောင်ဆီက ရွှေမိုးညိုနေပြီလို့ ဆိုသင့်သဗျ။

လု ။ ။အင်း ဤအတိုင်းမှန်လျှင် ပြည်မင်းအတွက် နှလုံးမသာ ဖြစ်စရာပဲဗျ။ တစ်ဖန်တုံလည်း ပြည်မင်းနှင့် အကျွမ်းတဝင်ရှိသော အနောက်နန်းမတော် မမြကလေးကိုပါ ထည့်သွင်း စဉ်းစားရမည့်ကိန်း ကြုံလာသဗျ။ အနောက်နန်း မမြကလေးက စာပေဂီတ ပညာရှင်ဖြစ်သည့်အပြင် ရုပ်ရည် လှပ တင့်တယ်ခြင်း၊ နှလုံးစိတ်ဝမ်း ဖြူစင်ဖြောင့်မတ်ခြင်း၊ မင်းတရားကြီး၏ အထူးမြတ်နိုးခြင်း ခံယူရသမို့ မိဖုရားခေါင်ကြီးနှင့် တကွ အခြားနန်းတွင်းသူအများက မနာလို ဝန်တို၍ မရှုဆိတ်သည့်အတွက် သည်အရေးအခင်းမှာ သူ့ကိုပါ ထည့်သွင်းကာ အဆင်းတွန်းစဖွယ် ရှိသဗျ။

ခေါင် ။ ။ဟုတ်ပါဗျ၊ စာတတ်ပေတတ် မိန်းမမြတ်ကို စာမတတ် ပေမတတ်နှင့် စာပေပညာ အထုံမပါတဲ့ နန်းတွင်းသူများက စောင်းမြောင်း ငြူစူကြသည်မှာ သံသရာ၌ သူတို့အား သနားဖွယ်သာ ဖြစ်တော့တယ်ဗျ။

လု ။ ။အင်း ဘူးတောင်းနစ်လို့ စောင်ခြမ်းပေါ်၊ မတော်သည့် ထိုခေတ်များ၊ ကျော်လွှားရန် ပဋ္ဌာနှင့် ပို့မေတ္တာ ပြုကြဦးစို့လား။

*

၅။ အမယ်မင်း–ချာချာခွေမူး

နန်းကြမ်းပြင်မှာ တင်တင်လူးလို့၊ ရှူးရတော့မယ်
လှိုက်ကာ ဖိုဆွေး၊ ရှိုက်ကာ ငိုကြွေးပါတဲ့
ကလေးငယ်ကို၊ မွေးမယ် မြင်လှည့်ပါ။
အမိုက်ကလေးမှာဖြင့်၊ ပိုက်ထွေးသူ မဲ့ခဲ့ပေါ့
ပြန်ခဲ့ပါဦး၊ မယ်ဘုရားရေ
နင်တို့လူမျိုး၊ အင်မတန် ဆိုးတယ်လို့
အငြိုးနှင့် မုန်းရှေ့သလား
မုန်းဆိုလည်း မုန်းထိုက်ပါရဲ့ မယ်ဘုရားရဲ့
တရားမှ ရှိကြတာ မဟုတ်ဘဲကလား။
ယုတ်လည်း ယုတ်မာ၊ မဟုတ်တာကို
လုပ်ကာကြံရက်၊ ဉာဏ်ဆိုးတွေ ဖက်တာက
အသက်တောင် ဆုံးပါပေါ့ကလား။
မုန်းဖို့စရာ၊ မုန်းထိုက်ပါလို့
မုန်းရှာသော်လည်း
သည်က ကောင်ကိုဖြင့် မယ်ဘုရားရေ
ကြဉ်ရှောင်လို့ လွဲခဲ့ပ၊ အသည်းနာဖွယ်
အို .... တစ်ဆွေလုံးကိုဖြင့် မုန်းသင့်တယ်။

ထိုအချိန်က ဖြစ်ပုံကို ဇလွန်မြို့ သူကြီးကတော် ဒေါ်ရွှေမယ်က ပြန်ပြောင်း ပြောပြသည်ကား–

'၁၂၀၇ ခုမှာ သားတော် ပြည်မင်းက ခမည်းတော် မကျန်းမာရှိနေစဉ် ပုန်စားပုန်ကန် ကြံစည်တယ်လို့ သတင်းဖြစ်ပွားတယ်။ ဟုတ် မဟုတ်တော့ဖြင့် မသိပါဘူး။ သူလည်း အလယ်နန်းမတော် မိဖုရားရဲ့ သားတော်ပေပဲ၊ ရှင်ဘုရင်တော့ ဖြစ်ချင်ရှာမပေါ့။ ခမည်းတော်ကို တော်လှန်ချင်လို့တော့ ဟုတ်မယ် မထင်ဘူး။ "ငါ့ခမည်းတော်ကြီးဖြင့် စိတ်မမှန်တော့ဘူး။ ဒီအချိန်မှာ အမှတ်တမဲ့ နေလို့ရှိရင်၊ သူ တစ်ပါးက အကြံဦးသွားရင် ငါတို့ သေရမည် မလွဲပင်။ သို့ကြောင့် သေရမည့်အတူတူ သူများထက် အရင်ဦးအောင် ကြံစည်တော့မယ်"ဆိုတဲ့ သဘောမျိုး ထင်ပါရဲ့။

'အဲသည်သတင်း ထွက်လာတော့ ပြည်မင်းနှင့် ကြံရာပါလို့ စွပ်စွဲပြီးတော့ အတွင်းဝန်နှင့် သံတော်ဆင့်များကို သားမယားများပါ ကွပ်မျက်တယ်။ ယင်းတောဝန်ကြီးကိုလည်း ဘုရင်ကိုယ်တိုင် လှံနှင့် ထိုးသတ်တယ်။ သွေးစိမ်းမြင်တော့မှ ဘုရင်ထိတ်လန့်ပြီး ရောဂါဆိုးပြန်တယ်။ စိတ်မကြည်ချိန်မှာ လုပ်မိလုပ်ရာ ဖြစ်ဟန်တူပါတယ်။ အဲဒီနေ့မှာ ပြည်မင်းအိမ်တော်ကို လူတစ်ထောင်နှင့် ဝိုင်းစေတယ်။ ပြည်မင်းက လူ ၂၀၀ ခန့်နှင့် အတင်း ထိုးဖောက် ထွက်တော်မူတယ်။

'အဲဒီလို ထိုးဖောက် လွတ်မြောက်သွားရာက နောက် ၂ လခန့် အကြာမှာ ရှမ်းပြည်မိုင်းလုံမှာ ပြည်မင်းကို ဖမ်းဆီးရမိလာတယ်။ ခမည်းတော် မင်းတရားကြီးအမိန့် ဆိုပြီး ပြည်မင်းနှင့် သားတော် ၄ ပါးကို ပုဂံမင်းက ဧ...တင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းထားတယ်။ အဲသည်တော့မှ မိဖုရား မမြကလေးနှင့် မယ်တော် မယ်အိတို့ အပေါ်မှာ မုန်းထားခဲ့သူများက ကောင်းကောင်းကြီး ကြံစည်ခွင့်၊ နှိပ်စက်ခွင့် ရရှိကြသပေါ့လေ။

'ဒီအကြောင်းတွေကို အဘွားက အကုန် သိတယ်။ မသိဘဲ ရှိပါ့မလား။ အဖွားရဲ့ လင်ကိုယ်တိုင် သူတို့ကဆွဲပြီး သူတို့ဘက်က သက်သေ အလုပ်ခိုင်းတယ်၊ နီးရာဓားကို ခိုကိုးရတာပေါ့။ သူတို့ ပြုတိုင်း၊ ပြင်တိုင်း ဖြစ်ရတာပေါ့။ မမြကလေးနှင့် မယ်တော်မယ်အိလည်း ကြံရာပါ စာရင်းသွင်းပြီး ကြိုလုပ်လိုက်ကြတယ်။ ပုဂံမင်းက အမှုစစ်ဆေးချိန်မှာ ဖြေ့ူက ဘယ်လို အစစ်ခံ၊ မေးညီက ဘယ်လိုပြောစသဖြင့် အမှုဆင်ပြီး လုပ်ကြတာကိုး။

'အဘွားရဲ့ခင်ပွန်း မြို့သူကြီး ဦးရွှေပွင့်ကို သက်သေလုပ်ခိုင်းပြီး ဘယ်ပုံဘယ်နည်း အစစ်ခံရမည် ပြောရာ မြို့သူကြီးကလည်း မယ်အိနှင့် မမြကလေးတို့မှာ မိမိနှင့်အတူနေထိုင်သူ ကျေးဇူးရှင်များဖြစ်၍ မသင့်လျော်ကြောင်း ငြင်းဆိုသော်လည်း ထိုသို့ အစစ်မခံလျှင် မနေရ၊ သတ်ပစ်မည်ဟု ချုပ်နှောင်နှိပ်စက်မှု များတော့ ဖွတ်နှစ်ပြီး သူတို့အလိုရှိရာ လိုက်ပါရတော့တယ်။

'သူတို့ သွန်သင်ပေးပုံကို ယခုတောင် နှုတ်က ရဲရဲ မပြောချင်ပါဘူး။ အင်မတန် ညစ်ညမ်းစုတ်ပဲ့ပါတယ်။ မယ်အိရဲ့ခင်ပွန်း မင်းပျံချီ ကွယ်လွန်ပြီးနောက်မှ မြို့သူကြီး ကိုယ်တိုင် မယ်အိနှင့် ဖောက်ပြန် ချစ်ခင်နေကြပါတယ်၊ ပြည်မင်းနှင့် မမြကလေးလည်း ချစ်ခင်ကြ၍ စကားကူးလူးဆက်ဆံကြတယ်၊ မသင့်လျော်တဲ့ ပုန်ကန်မှုလည်း ကြံစည်ပါတယ်လို့ ထွက်ဆိုရသတဲ့။

'ဒီလို မဟုတ်မမှန် အမှုဆင်ပုံတွေကို ရှင်ဘုရင်လည်း မသိရှာပါဘူး။ သူ့ခများမှာ ရောဂါတော် နှိပ်စက်နေတာကိုး။ နောင် သိတော်မူပြန်တော့လည်း ဘယ့်နှယ်မှ မတတ်နိုင်ရှာဘူး။ ပုဂံမင်းက ကြေးပြာသာဒ်မှာ ခမည်းတော်ကို စံစေတယ် ဆိုတာ အမှန်တော့ သံတိုင် သံကွန်ချာများနှင့် လှောင်အိမ်ထဲ ထည့်ထားတာပဲ။ ဒီတော့ ဘုရင့်ရောဂါ ပိုတိုးပိုဆိုး ဖြစ်လာတယ်။

*

၆။ သြော်.... မယ်မယ်နှင့်သာ၊ ဘယ်မကွာဘဲ
ရတနာဆန်းထွေ၊ နန်းရဝေတွင်
သန်းရွှေရုံခါ၊ စံပယ်တော်မူကြတုန်းက
ဘဝတွင်နော်၊ ဘယ့်လောက်များ ပျော်တယ်လို့
မယ်တော် ပိုက်ပွေ့၊ ရွှေရင်ငွေ့နှင့်
ဘယ်ခါမလစ်၊
သမီးကလေး တစ်ယောက်တည်းမို့
အားခဲလို့ ချစ်ရာထင့်၊ အပြစ်ကယ် မဆို
နွဲ့ချင်တိုင်း နွဲ့၊ မဲ့ချင်တိုင်း မဲ့ပါလို့
ဆူတဲ့အောင် ငိုစေတော့၊
နှုတ်ချိုသာယာ၊ ချော့မြှူခါနှင့်
လိုရာကြည့်ရှု
မျက်ချိုငယ်သွေး၊ အရေးတော် ပြုခဲ့ကြတယ်
ယခုမှာမူ၊ ဘယ်လို ဆူလော့
ဘယ်သူကမှ၊ အရေးပြုလို့
မရှုကြပြီဘ့
ယုယ သူငယ်၊ သည်ကလေးမှာဖြင့်
ဝေးတော့တယ်။
လိုင်ထိပ်ခေါင်တင် ။ ။မယ်တော်ဘုရား၊ "ရွှေလောင်းထိုက် သခင်စာဥ"ဆိုတဲ့ ပုရပိုက်ထဲက ဟောဒီ လေးဆစ်သဖြန်ကလေးကို သမီးတော် အင်မတန် နှစ်သက်မိတယ်။ ဆိုပြပါရစေနော်....။
မပိုင်ခင် စိုင်ပြင်ထွက်ပါဘိ
မဆိုင်လျှင် နိုင်ချင်ကြက်ကဲ့နှယ်
အားထက်ကတဲ့ ပါဘိတယ်
နှစ်ဖက် ကြေလျှင်ဖြင့်
လက်ရောပါကုလို့ ငန်းကြလျှင်
မွန်းရတော့မယ်။
လုံ့-လုံ့-လုံ့-လုံ့ မည်ခေတ်တွင်မှ
သုံ့-သုံ့-သုံ့-သုံ့ သည်စစ်လိုပ
ပုံသစ်လို့ ကြံကြတယ်
ကံငယ်သူ့တာပဲ။
လဂွန်းအိမ်
ဝကျွန်းစံကျော်စွာ လိမ်သည့်နှယ်
ဘုန်းကြီမ်ခဲ့နဲ့။ ။
မမြကလေး။ ။သမီးတော်က တော်ပါပေတယ်။ ဒီလေးဆစ်ကလေးကို ခွန်းတောက်လို မဆိုဘဲ သဖြန်လို ဆိုနိုင်တာက ထီးမှုနန်းဟန် အဲသလို ကျပြီးတယ် သမီးတော်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင် ။ ။ သည်ကဗျာကို မယ်တော် ရေးတာ ကြာပြီလား။

မြ ။ ။ အင်း၊ တင်တင့် ခမည်းတော် နန်းတက်တော်မူစ ၁၁၉၉ ခုက မြောက်အိမ်တော်မှာ စံနေစဉ် မယ်တော် ရေးခဲ့တယ်။ ၇ နှစ်လောက် ကြာခဲ့ပြီ။

လှိုင် ။ ။ သမီးတော်က အဲဒီကဗျာမှာ "လုံ့-လုံ့-လုံ့နှင့် သုံ့-သုံ့-သုံ့" အဖွဲ့ကို နှစ်သက်လွန်းလို့ပါဘုရား။

မြ ။ ။ သမီးတော်က ကဗျာအမြင် ရှိပေသကိုး။ တင်တင့် ခမည်းတော်က သူ ဘုရင်ဖြစ်လျှင် ဖြစ်ချင်း မယ်တော့်ကို မိဖုရားမြှောက်တော်မမူသေးဘူး၊ မြောက်အိမ်တော်မှာပဲ စံနေရသေးတယ်။ အင်းဝက မင်းရဲကျော်စွာဟာ ဟံသာဝတီက လဝွန်းအိမ်ကို လိမ်ညာသည့်ပမာ စီးချင်းတိုက်မည့်ဟန်နှင့် မြန်မာတွေက ဝိုင်းသတ်ကြသလို ကြုံရမည်လား မသိတတ်နိုင်၍ ဒီလေးဆစ်ကို ရေးခြစ်မိခြင်းပါ။

လှိုင် ။ ။ မယ်တော်ဟာ ဘယ်အတွက် တောင်နန်းစံ အဂ္ဂမဟေသီ မဖြစ်ရသလဲ။

မြ ။ ။ တောင်နန်းစံ တင်တယ် ဆိုတာ မဟာသွေး မဟာနွယ်ဖြစ်မှ တင်ရိုးရှိတယ်။ မယ်တော်ကတော့ သာမန်ဆင်းရဲသား၊ သာရဝေါက ပုံနင်းမျိုး ဖြစ်လေတော့ နန်းရမိဖုရား ဖြစ်ခြင်းပင်လျှင် မြင့်မြတ်လှပြီ ဆိုရမှာပေါ့ သမီးတော်ရယ်။

လှိုင် ။ ။ သမီးတော်ဖြင့် မင်းသမီး မဖြစ်ချင်ပေါင်၊ ဆင်းရဲသားပဲ ဖြစ်လိုတယ်။ ဆင်းရဲသားကမှ လွတ်လပ်သေးတယ်။ တင်တင်ဖြင့် ခမည်းတော်ကို ဖူးမြင်လိုတိုင်း မဖူးမြင်ရဘူး။ တင်တင်တို့ဆီလည်း ကြွမလာဘူး။

မြ ။ ။ ခမည်းတော် ကိုယ်စိတ်ကျန်းခဲ့တော်မမူလို့ပါ သမီးတော်ရယ်။

လှိုင် ။ ။ ဒီလိုမကျန်းမာလို့ မယ်တော်က ဆေးဝါး ဆက်သနိုင်ခွင့် မရဘူး။ သမီးတော်လည်း မပြုစုနိုင်ဘူး။ မွေးရပ်ဇာတိကို ပြန်ဖို့ ကောင်းပါတော့တယ်။ နန်းတော်ထဲမှာ မနေပျော်ပါဘူး။

မြ ။ ။ သမီးတော်လေး ပျော်ပြေအောင် မယ်တော် သီချင်း သီကျူး နှစ်သိမ့်ပါ့မယ်။ ဥက္ကလာပမှာ စံနေတော်မူတုန်းက စစ ဆက်သွင်းတဲ့ စိန်ကြယ်လင်း သီချင်းလေ။ မှန်သွား မှန်သံပဲ။

စိန်ကြယ်လင်း၊ ညီရောင်နွယ်
ရေယာဉ်နန်း၊ မြန်းစံပယ်။

*

၇။ သွယ်သွယ်ဝဝ၊ ကစားစရာ၊
ထားလိုက်ရှာတာက
ကြည့်စမ်းပါဦး၊ များပါလှတယ်။
သည်ကတော့ ရွှေလင်ပန်း၊
သည်တစ်ခန်းကတော့ ရွှေအိုးပုတ်
ရွှေရုပ်ကလေးတွေက အသွယ်သွယ်
ဇယ်ခပ်စရာတွေက ကျောက်သံပတ္တမြား
သြော်- ဟိုအခါကတော့၊ ဟိုအရာတွေနှင့်
ကစားရတာ
ပျော်ပါးလို့ မဆုံး၊ ယခုတော့ ကြည့်စမ်းပါလား
မယ်တော် ကင်းဝေး၊ သမ္မာ မေးပြီမို့
ဒါကလေးတွေက မှုန်းကြရော့ထင့်
နှလုံးမရွှင်၊ သူတို့ကို မြင်ရတာ
အရင်လို မဟုတ်၊ ပျော်ဖို့ရာ ထားပါဦး
စိတ်များတောင် ရှုပ်သေးတယ်
သည်အိုးပုတ်က မကြည်လေ
သည်ရွှေရုပ်က မရွှင်လန်း
သည်လင်ပန်းက မကြည်သာ
သည်ရတနာတွေက မနှစ်သက်
ကံဆိုးရယ် နှောင်တဲ့
တစ်ကောင်ကြွက်မို့၊ အဖက်မထင်
အလေးတစ်ခု၊ အရေးငယ်ပြု၊
မရှုချင်တယ်လို့ စိတ်ထင်မှတ်ကာ
သူတို့မုန်းလည်း မုန်းရတာပေါ့
မုန်းပါပေါ့လေ၊ မြူချိုမရ
အပူကို ဆွတာနှင့်၊ တူလှပေ။ ။



www.burmeseclassic.com

www.burmeseclassic.com



ဩော်.... သည်ရွှေအိုးပုတ်၊ ငွေအိုးပုတ်နှင့် ရွှေရုပ်ကလေးတွေဟာ ရှေးတုန်းကတော့ ငါ့စိတ်ကို အင်မတန်ပျော်ရွှင်အောင် ချော့တတ်မော့တတ်ကြပါပေတယ်။ ဖြေဖျော်တတ်ကြပါပေတယ်။ မယ်တော်မိဖုရား ရှေ့တော်မှာ ငါကတွတ်တီးတွတ်တာ ပြောပြီး ကစားနေတဲ့အခါ ပျော်လိုက်တာ မပြောနှင့်တော့။ မောလို့မှ မနား။

မယ်ဘုရားကလည်း အရိပ်တကြည့်ကြည့်နှင့်၊ စိတ်ရှိလက်ရှိ ဝမ်းသာတဲ့ လက္ခဏာနှင့် မျက်နှာတော် ကြည်ကြည်လင်လင်ဖြင့် ရွှင်ရွှင်ပျပျ ပြုံးကာရယ်ကာ နေရှာတဲ့အတွင်း ကစားရင်း ငြီးငွေ့လာပြန်ရင် မယ်ဘုရားရင်ခွင်ထဲ ဝင်ကာ 'မယ်ဘုရားက ဘာလို့ ရယ်တာလဲဟယ်၊ ဖျာ့သမီးတော် ကစားတာကို သရော်ပြီး ရယ်တာလား။ သမီးလေး တစ်ယောက်တည်း အိုးပုတ်တွေနှင့် စကားပြောနေလို့ ရယ်တာလား'ဟု ကန္ဒဲ့ကလျှနှင့် သူ့မျက်နှာကို မော့ကြည့်ပြီး မေးကိုလက်ကလေးနှင့် ကိုင်ဆွဲကာ တတွတ်တွတ် မေးမြန်းပြောဆိုနေရတဲ့ အခါများဟာ အင်မတန် ပျော်မွေ့လှပါတယ်။

ယခုမှာတော့ သည် ကစားစရာတွေက "နင့် မယ်တော်မှ မရှိဘဲ၊ နင်တစ်ယောက်တည်း ငါတို့ကို မကိုင်လာနှင့်၊ မကြည့်လာနှင့်၊ မကစားလာနှင့်"လို့ ဆီးပြီး ကြိမ်းဝါးမောင်းမဲကြသလို ငါ့စိတ်ထဲ ထင်လာအောင် ပြုနေကြပါပကော။ ငါက မကြည့်ချင်ပါဘူး၊ မကိုင်ပါဘူး။ နင်တို့ကို မြင်ရတာ အရင်ကလို မပျော်တဲ့အပြင် ငါ့ရင်ဝကို ဒိတ်ခနဲ အပူလုံးကြီးတွေ ဝင်မွှေ့လိုက်တာ။ နွေအခါမှာ လေပွေမွှေ့သလို ငါ့ကို မေ့ခနဲတောင် ဖြစ်သွားစေတယ်။

အမယ်လေး.... မယ်ဘုရားနှင့် ဘွားဘွားတို့ရေ၊ ကစားစရာ ရွှေအိုးပုတ်တွေက အနားမလာနှင့်၊ အသရေညှိုးယုတ်သတဲ့၊ ဆွေမျိုးပြုတ်တဲ့ ကံဆိုးသူကို၊ ရန်ငြိုးတစ်မူ မျက်ကြုတ်တွေ သွင်းလို့မို့ အဖက်လုပ်ခြင်းမှ မပြုကြဘူးတဲ့ ဘုရား။

*

၈။ အမယ်မင်း–ဖြေဆည်မရ။ နောင်ခါအရေး
မျှော်လို့ငယ်ထွေး၊ ဆွေးလှပါပေါ့
ည ညမှာဝယ်၊ ဘယ်သူပင် ဖက်ပါလို့
စက်ရမယ်.... ခက်လှတယ်၊
သည်ကလေးမှာဖြင့်
သည်အရေး သည်တွက်တာလေ့
ရွှေနန်းမြင့် ကနက်ဖွေမှာ
ကျက်သရေ သမ္မာပြောင်လို့
ဇာတာရောင် ကြည်စဉ်တုန်းမှာတော့
အုန်းအုန်းရယ် ညံ့ညံ့တိုလို့
ခြံရံသူ ခြွေရွေတွေ ပေါတာကြောင့်
သဘောတော်တော် ထင်ရာမူခဲ့တယ်။
ကြင်နာသူ ခုမှ ကင်းပြီမို့
အရှင်းရယ် ရွှင်မပျော်ဘု
မြဲ့တ်မယ်တော် မြန်မြန်ပြေးပါလို့
လှိုင်ထိပ်တင် အမိုက်ကလေးကိုလ
အမယ်လေး.... ပိုက်ထွေးတော်မူလှည့်ပါ။

ပြည်မင်းနှင့် သားတော် ၄ ပါးကို ကွပ်မျက်ပြီး ၂ ရက် အကြာ၌ အနောက် နန်းတော်ဆောင်သို့ မြို့ဝန်နှင့် အနောက်ဝန်တို့ လူတစ်ကျိပ်ခန့်နှင့် ရောက်လာသည်။ နံနက် ထမင်းစားပြီးအချိန် ဖြစ်သည်။ ပုဂံမင်းသား၏ အမိန့်တော် နာခံရန် မြောက်ဥယျာဉ်သို့ အခေါ်တော်ရှိခြင်း ဖြစ်၏။

ထိုအမိန့်တော် အတိုချုပ်ကား "သားတော် ပြည်မင်းသား ငဘောပုငယ် မသင့်လျော် ကြံစည်ရာတွင် ဖောက်ပြန်ပါဝင်သူ မိဖုရား မြကလေးနှင့် ၎င်းအမိ မိအိတို့ကို သွားမြဲလမ်း သွားစေ" ဟူ၏။

မယ်အိကား 'ဟင်း ပြုရက်ကြပါပေရဲ့'ဟု ဆိုကာ မေ့မြောသွားသည်။ လှိုင်မင်းသမီးကလေးက 'အမယ်လေး ဘွားဘွား သေပါပြီ' ဆိုကာ မိခင်ရင်ခွင်မှ ထ သွားကာ မယ်အိကို ဖက်ရင်း သူလည်း မေ့မြောသွားသည်။ မမြကလေးမှာ ခေတ္တ ကြက်သေသေလျက်ရှိရာမှ သတိရကာ 'အို သေတစ်နေ့ မွေးတစ်နေ့ပါ မေမေရဲ့၊ ဘာကြောက်ရသတုံး'ဟု မယ်တော်ကို သတိပေး၏။ သမီးတော်ကလေး၏ နဖူးကို နမ်းရှုပ်ကာ အာငွေ့ပေး၏။

အမိန့်တော်ပြန်ပြီးနောက် မကြာမီ 'ထုတ်စေ ထုတ်စေ'ဟု ဒိုင်းတော်များက အသံပြု၏။ မြို့ဝန်နှင့် အစောင့်လက်မရွံ့တို့က မယ်တော်ကြီးကို ခေါ်သဖြင့် ဒေါ်အိကထမည် အပြုတွင် လှိုင်ထိပ်ထားက မိခင်ရင်ခွင်မှ ဆင်းပြေးကာ ဘွားတော်၏ လည်ပင်းကို ဖက်ထားသည်။ 'ဘွားဘွား မလိုက်ရဘူး၊ ဘွားဘွားကို မခေါ်ကြပါနှင့်၊ တင်တင်ကို ပစ်ပြီး မသွားရဘူး'စသဖြင့် တစာစာ ငိုနေ၏။

မြို့ဝန်က မိဖုရား မမြကလေးကို ခေါ်ပြန်ရာ လှိုင်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားက အဘွားကို လက်လွှတ်၍ မယ်တော်ထံ ပြေးလာပြီး လည်ပင်းကို ဖက်ပြန်၏။ 'မလိုက်ရဘူး၊ မခေါ်ရဘူး' စသဖြင့် ငိုနေပြန်၏။ ထို့နောက် မယ်တော်နှင့် ဘွားတော် အလယ် ကြားကနေ၍ လည်ပင်း ၂ ခုကို လက်နှစ်ဖက်ဖြင့် ဖက်ထားပြီးလျှင် 'မခေါ်ရဘူး၊ မသွားရဘူး၊ မယ်မယ်တို့လည်း မလိုက်ရဘူး'ဟု တတွတ်တွတ် ဆိုမြည် ရှိုက်ငင်နေ၏။

မြို့ဝန်က 'ထိပ်ထားလေး သည်းခံတော်မူပါ၊ ခွင့်ပြုတော်မူပါ။ ရာဇဝတ်တော်အလျောက် ခေါ်ရခြင်းပါ' ဟု တောင်းပန်သော်လည်း 'ဟင့်အင်း မခေါ်ရဘူး၊ မလိုက်ရဘူး၊ တင်တင်ကိုပါ ခေါ်မှ လိုက်ရမယ်။ တင်တင် တစ်ယောက်တည်း ခွဲထားခဲ့လို့ ဖြစ်မလား၊ သုံးယောက်စလုံး သတ်ပါလား။ အသတ်ခိုင်းတဲ့ လူက ဘယ်သူလဲ၊ သူ့ကို သွားပြောပါဦးလား။ ခမည်းတော်ဘုရားက သတ်တော့ ဆိုသလား၊ မလိုသူတွေ လုပ်တိုင်း ခံရမလား။ တင်တင်ကိုပါ မသတ်ရင် ဘယ်သူ့ကိုမှ မသတ်ရဘူး'ဟုသာ ပြောဆိုနေတော့သည်။

ဒေါ်အိ။ ။ မြို့ဝန်မင်းရယ်၊ သုံးယောက်စလုံး သတ်ရအောင်သာ အမိန့်တော် ထပ်လို့ ခံပါတော့။ ခွဲလို့ဖြင့် ရမယ် မထင်ပါဘူး။

မြ။ ။ မယ်မယ့်သမီး ရှုမငြီးကလေးရယ်၊ သားအမိ ချစ်တုန်းခင်တုန်းမှာ ရင်ကွဲ ကွဲရတော့မယ်။ အသည်းနှလုံး ကြေပြတ်တာကို ကြာကြာ မခံပါရစေနှင့်တော့။ မြန်မြန်သေရင် မြန်မြန်အေးရမယ်။ သမီး ခွင့်လွှတ်ပါတော့ကွယ်။

သမီးတော်ကလေးက မည်သို့မျှ မပြောနိုင်ဘဲ မိန်းမောနေ၏။ ထိုမိသားစု သုံးဦးတို့ ဖြစ်ပုံကို မြင်ရကုန်သော နန်းတွင်းသူ နန်းတွင်းသားတို့မှာ ရှေးက မုန်းထားသူများပင် ဖြစ်လင့်ကစား ကရုဏာ၏ အာရုံတွင် တွေ့ကြုံတိုက်ဆိုင်သဖြင့် အနိုင်နိုင် မျိုသိပ်လျက် ယခင်က မနာလိုစိတ်ဖြင့် ပြုခဲ့ ကြံခဲ့မိသမျှ မှားလေခြင်းဟု မကောင်းသော နောင်တဖြင့် သနား ကရုဏာသာလျှင် ဖွားကြလေတော့သည်။

တဖြည်းဖြည်း ညနေစောင်းလာ၏။ တောင်စွယ်၌ နေကွယ်ချိန်ကား မဝေးတော့ပြီ။ လှိုင်ထိပ်ထားသည် ဘွားတော်၊ မယ်တော် နှစ်ယောက်ကြားမှ ဘယ်ကိုမျှ မသွားဘဲ ပူးတွဲ ကပ်ရပ် ငြိုငြင်လျက်သာ ရှိနေ၏။ မယ်တော်နှင့် မိဖုရား တင်ဆောင်ရန် လှည်းနှစ်စီး ရောက်လာ၏။

မြ။ ။ (သမီးတော်ကို နမ်းရှုပ်လျက်) တင်တင် တားဆီးပေမယ့် ရနိုင်တော့မယ် မဟုတ်ပါဘူး။ သူတို့က ပြောမရလျှင် တင်တင်ကို အတင်းဆွဲယူ ချုပ်တည်းထားကြလိမ့်မယ်။ အဲသလို သမီးဒုက္ခကို မယ်ဘုရားမြင်ခဲ့ရလျှင် မယ်ဘုရားတို့ ဘယ်မှာ အသေဖြောင့်နိုင်ပါတော့မည်လဲ။ ဆယ်ဆမက ထပ်ဆင့် သေရတာထက် ဆိုးတော့မပါ။ ဒါကြောင့် သမီး ခွင့်လွှတ်ပါတော့ကွယ်။

လှိုင်။ ။ (အတန်ကြာ တွေဝေပြီးမှ) အမယ်လေး ခက်လှချည်ရဲ့ မယ်ဘုရားရဲ့။ သမီးကို သတ်သွားကြပါလား။ ခုတော့ တစ်ယောက်တည်း ကျန်ရစ်တော့မှာပါကလား၊ အားထားစရာ မရှိတော့ပါကလား။ သွားတော်မူကြပေတော့၊ ကြွတော်မူကြပေတော့၊ မပြန်လမ်းကို မြန်းကြပေတော့။ မတတ်သာတဲ့ အရေးမို့ သမီးကလေး လက်လွှတ်ရပါတော့မယ်။ ဖျာသမီးတော် အကြိမ်ကြိမ် ကန်တော့လိုက်ပါရဲ့၊ အပြစ်ရှိသမျှ ခွင့်လွှတ်တော်မူပါ ဘုရား။

မိဖုရားလည်း မျက်ရည်ကိုသုတ်ကာ 'မေမေ့သမီး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ အေးမြ ရှိပါစေ'ဟု ဆုပေးရင်း မယ်တော်ကြီးနှင့်အတူ လှည်းပေါ်သို့ တက်ကြလေ၏။

လှိုင်ထိပ်ထားက 'အမယ်လေး တစ်ခါဖြင့် အဆုံး လမ်းကို မြန်းကြပါပေါ့' ဆိုငိုကာ လှည်းရှိရာသို့ ပြေးသွားလေသော် အစောင့်နန်းတွင်းသူတို့က အနီးအပါးမှ အမိန့်တော်အရ ရုတ်ခနဲထ၍ မင်းသမီးကလေးကို ပွေ့ယူပိုက်ဖက်ထားကြလေသည်။ ထိုအတွင်း လှည်းများကို အပြေး မောင်းနှင် ထုတ်ယူသွားကြလေသည်။

*

မိုးချုပ်၍ ခါတိုင်း ဘုရားရှိခိုးချိန်မှာ မယ်တော်နှင့် ယှဉ်တွဲ၍ ဘုရားရှိခိုးခြင်း၊ စက်တော်ခေါ်ချိန်မှာလည်း ထို့အတူ ယှဉ်တွဲကာ သားအမိ အိပ်ရာဝင်လေ့ရှိရာ ယနေ့မှာ အမိကြက်မကြီး ပျောက်သော ကြက်သူငယ်သည် မိခင်၏ရင်ငွေ့ လှုံနေကျ မလှုံရရှာဘဲ တညပ်ညပ်မြည်ကာ တမ်းတရှာသကဲ့သို့ လှိုင်ခများမှာလည်း တမ်းတ ငိုကြွေးလျက်သာ စက်တော်ခေါ်ရတော့သည်။

*

မိတဆိုးကလေး လှိုင်ထိပ်ခေါင်တင်သည် ဤကဲ့သို့ ပူဆွေးကာ၊ လွမ်းတငိုကြွေးကာ ပွဲတော်စာ မစားသုံးသဖြင့် ဖုန်းမှိုး



www.burmeseclassic.com

www.burmeseclassic.com



လဲ အခြေသို့ ဆိုက်ခဲ့၏။ ထိုသတင်းသည် တစ်ပင်တိုင်သမီးတော် စုဖုရားကြီး (စကြာဒေဝီ)ထံ ပေါက်ရောက်သွား၏။ "အစ်မကြီး အမိအရာ" ဆိုသကဲ့သို့ သူကပင် ဤကလေးကို ကောက်ယူ မွေးစားတော်မူမည်ဟု စိတ်ပိုင်းဖြတ်၏။

*

လှိုင်ထိပ်ခေါင်တင်သည် ၁၂ နှစ်သမီး အရွယ်၌ မယ်တော် မရှမလှ ကျဆုံးသဖြင့် အထူးတလည် ဝမ်းနည်းရသည်။

ထို့နောက် အသက် ၃၃ နှစ် အရွယ်၌ လင်တော်မောင် အိမ်ရှေ့ကနောင်မင်းကို မြင်ကွန်းမင်းက လုပ်ကြံကျဆုံးခဲ့ရာတွင် ယူကျုံးမရ ဖြစ်ခဲ့ရပြန်သည်။

၁၂၃၇ ခု အသက် ၄၂ နှစ် အရွယ်တွင် လှိုင်ထိပ်ခေါင်တင် နတ်ရွာစံသည်။

၁၂၄၀ ပြည့်နှစ်၊ သီပေါမင်း နန်းတက်ချိန်တွင် မင်းညီမင်းသား ၄၀ ကျော်တို့ စုပေါင်း စတေးခံရစဉ်က အိမ်ရှေ့မင်းနှင့် လှိုင်ထိပ်ခေါင်တင်တို့၏ သားတော် ထန်းတပင် မင်းသားလည်း ပါသွား၏။ ထိုသားတော် အသတ်ခံရခြင်းကို မမြင်စေလို၍ ဒုက္ခသည် လှိုင်မင်းသမီးကို နတ်သိကြားများက ၃ နှစ် ကြိုတင်၍ နတ်ပြည်သို့ ခေါ်ဆောင်သွားခြင်း ဖြစ်ဟန်တူသည်။

သူ့အဖို့ မယ်တော်နှင့် မောင်တော်တို့ ဆုံးရှုံးခဲ့ရပြီးနောက် ဤဘဝတွင် အပိုဒုက္ခ ခံနိုင်ဖွယ် မရှိချေ။

*

## [၆] မဟာလူရည်ချွန် ဦးဘိုးလှိုင်

ပြည်ဆရာတော်က ဦးဘိုးလှိုင်ကို အကဲဖြတ်ရာတွင် 'မင်းတုန်း ခေတ်၌ မောင်ဘိုးလှိုင်မှာ မဟော်သဓာကဲ့သို့ ဖြစ်သည်။ မင်းတုန်းမင်းကား ဝိဒေဟရာဇ်မင်းကြီးနှင့် တူ၏။ မြောက်နန်းမိဖုရားကား ဥဒုမ္ဗရဒေဝီနှင့် တူ၏' ဟု မိန့်တော်မူ၏။ ဤကား တိုတိုတုတ်တုတ်နှင့် အကောင်းဆုံး၊ အမှန်ဆုံး ဂုဏ်ပြုစကား မြွက်ကြားခြင်း ဖြစ်၏။

ဤကမ္ဘာ၌ ဗွယ်စုံ – ဘက်စုံ ပုဂ္ဂိုလ်ထူးကြီးများ ပေါ်ခဲ့ရာ ဥရောပတိုက်၌ ဘဝသစ်ခေတ် (Renaissance Period) အတွင်းက ပေါ်ပေါက်ခဲ့သော အီတလီပြည်မှ အိန်ဂျလို (Michael Angelo)နှင့် ဒါဗင်ချီ (Leonardo da Vinchi) ကဲ့သို့သော သုခမိန် အဆင့်အတန်း၌ ဦးဘိုးလှိုင် ပါဝင်ပေသည်။ ထို ပုဂ္ဂိုလ်ကြီးများသည် အနုပညာ၌ ကျွမ်းကျင်ရုံသာ မက သိပ္ပံဘက်၌လည်း စွမ်းအင် ထက်မြက်သည်။ အမှန်၌ အဘက်ဘက်တွင် ကျွမ်းကျင်သူများပင် ဖြစ်လေသည်။

ဦးဘိုးလှိုင် ပြုစုသော ကျမ်းတို့တွင် (၁) ကြေးနန်းရိုက်နည်း၊ (၂) ဗေဒင်တွက်နည်း၊ (၃) ဆေးဖော်နည်း၊ (၄) မြင်းမွေးနည်း၊ (၅) ဓာတ်ကျမ်း၊ (၆) ကမ္မဋ္ဌာန်းရှုနည်း၊ (၇) ကဗျာစပ်နည်း၊ (၈) တိုင်းပြည်အုပ်ချုပ်နည်း စသဖြင့် သူတစ်ဦးတည်းနှင့် တက္ကသိုလ်ကျောင်းတစ်ခု ထူထောင်နိုင်အောင် တတ်ကျွမ်းနေ၏။

*

ကနောင်မင်းသည် မန္တလေးမြို့၌ ဆရာမှတ်ကြီး၏ အင်္ဂလိပ်ကျောင်း၌ စာသင်ဖူး၏။ ဘာမဆို လက်တွေ့ကို နှစ်သက်သူဖြစ်၏။ ဦးဘိုးလှိုင်ကား နန်းတွင်းပုဏ္ဏားများနှင့် ကုလားအနှိပ်သည်များထံမှ အိန္ဒိယ ဘာသာရပ်များ လေ့လာသည်မှာ စာအုပ်များကို ဘာသာပြန်ဆိုနိုင်သည်အထိ တတ်မြောက်လေသည်။ မြန်မာပညာတော်သင်များမှ တစ်ဆင့်လည်း ဥရောပကျမ်းများကို လေ့လာ၏။ ပြင်သစ်ပြန် ဖန်ချက်ဝန် မောင်ရွှေအိုမှာ ဦးဘိုးလှိုင်၏တပည့် ဖြစ်၏။ ဓာတုဗေဒကျမ်းများကို ဖန်ချက်ဝန်က ဘာသာပြန်ပေးရာမှ ဦးဘိုးလှိုင်က လောကဓာတ်ဆေးကျမ်းကို ရေး၏။ ဦးဘိုးလှိုင် ရေးသော လိပိဒိပိကာကျမ်း ခေါ် ကြေးနန်းရိုက်နည်းကျမ်းမှာ မှတ်ဖွယ်ကောင်းလှ၍ အင်္ဂလိပ် သံအရာရှိ မက်မာဟွန် (Mcmahon)က မြန်မာဘာသာမှ အင်္ဂလိပ်လို ပြန်ကာ ဘိလပ်သို့ ပို့သည်။

*

ဤသို့ ကျမ်းမျိုးစုံ ပြုစုခြင်းဖြင့် အစွမ်းကုန်ပြီဟု မမှတ်ယူထိုက်ချေ။ မန္တလေးမြို့၌ မင်းတုန်းမင်း၏ နောက်ဆုံးကောင်းမှုဖြစ်သော အတုမရှိကျောင်းကြီးကို ကြီးကြပ်တည်ဆောက်သူမှာလည်း ဦးဘိုးလှိုင်ပင် ဖြစ်၏။ သူ၏ သီးခြားကောင်းမှုအဖြစ် မန္တလေးတောင်၏ အနောက်ဘက်၌ ယခုတိုင် ရှိနေသော "ယောမင်းကြီး အုတ်ကျောင်း" မှာလည်း သူ့လက်ရာပင် ဖြစ်၏။

*

ဦးဘိုးလှိုင်သည် ၁၁၈၁ တန်ခူးလဆုတ် ၁၀ ရက် သောကြာနေ့တွင် မြင်းခြံနယ် ရွာပုလဲ၌ ဖွား၏။ ဖခင်မှာ ယင်းတော



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး ဦးတုတ် (ရေနံချောင်းမြို့စား)ဖြစ်လျက်၊ မိခင်မှာ ဒေါ်ငြိမ်း ခေါ် မွန်အမျိုးသမီး ဖြစ်၏။ ဦးဘိုးလှိုင်က မိမိသည် ကုဝေရ နတ်ကြီးကဲ့သို့ မှူးမတ်မျိုးရိုး အနေဖြင့် ဘိုးစဉ် ဘောင်ဆက် ထီးနန်း စောင့်ရှောက်ခဲ့သည်ဟု ဂုဏ်ယူလေ့ ရှိသည်။

အဘိုး ဦးတောမှာ ဘိုးတော်မင်းတရား၏ လက်ဝဲဝင်းမှူး ဖြစ်၏။ ရွှေပြည်ဝန်လည်း ဖြစ်၏။ ဖခင်ဦးတုတ်မှာ ဘကြီးတော်မင်း လက်ထက်၌ စစ်သူကြီးဖြစ်၏။ သာယာဝတီမင်းနှင့် အတူ ဦးတုတ်သည် ရွှေဘိုသို့ လိုက်ပါခဲ့၏။ ထို့နောက် ဦးတုတ်ကို ၁၂၀၃ ခု၌ ဟံသာဝတီသို့ ကြိုတင် သွားရောက်ကာ ရှင်ဘုရင်၏ ရှေ့တော်ပြေးအဖြစ် အစစ အရာရာ စီစဉ်စေသည်။ မင်းတုန်းမင်း လက်ထက်၌ ဦးဘိုးလှိုင်သည် ရွှေပြည်ဝန် ဖြစ်လာသဖြင့်"ဘမျိုး–ဘိုးတူ" ဆိုသကဲ့သို့ အဘိုးရော၊ အဖေရော၊ သားရော ကြံခဲ့နိုင်လှသော ရာထူးကြီးတို့ကို ရှေ့ဆင့်နောက်ဆင့် ဆက်ခံခဲ့ကြသည်။

သူတို့ ၄ ဦးအနက် အဘိုးရွှေပြည်ဝန် ဦးတော၏ ဘဝမှာ ဘိုးတော်ဘုရားနှင့်အတူ အသာယာဆုံး ဖြစ်ခဲ့ပေသည်။ ဖခင် ယင်းတောဝန်ကြီးမှာ သာယာဝတီမင်း စိတ်နောက်ချိန်တွင် လုံနှင့် ထိုးသတ်ခံရသည်။

*

ဦးဘိုးလှိုင်ကား မင်းတုန်းနှင့် သီပေါခေတ်ကို လွှမ်းမိုးသော ပြုပြင်ရေးခေါင်းဆောင်ကြီး ဖြစ်လာ၏။ ကနောင်မင်းနှင့် အတူ မြန်မာပြည်ကို ခေတ်မီ စက်မှုလက်မှုနိုင်ငံ အဖြစ်သို့ ပြောင်းလဲရန် အခြေချခဲ့သည်။ ကင်းဝန်မင်းကြီးနှင့်အတူ အသက်ဦးဆံပိုင် အုပ်ချုပ်ရေးမှ ဒီမိုကရေစီဘောင်အတွင်း ဘုရင်စနစ်သို့ မြွေမသေ တုတ်မကျိုး ကူးပြောင်းရန် စီစဉ်ခဲ့သည်။ ဤသို့သော တော်လှန်ရေး ခေါင်းဆောင်အဖြစ် အန္တရာယ် တွေ့ရမည်မှာ သေချာ၏။ မင်းတုန်းမင်း လက်ထက်၌ မကြာခဏ ရာထူး ပြုတ်ခဲ့ရာမှ သီပေါခေတ်တွင် အပြီးအပိုင် နုတ်ထွက်ခဲ့ရလေသည်။ အသက်ဦးဆံပိုင် လက်ထက်၌ အသက်မသေ နေနိုင်ခဲ့သည်ပင် သူ၏ဂုဏ်ဒြပ် ကြီးမားမှုကို သက်သေခံလျက် ရှိပေသည်။

*

ဖခင် ယင်းတောဝန်ကြီးမှာ သာယာဝတီမင်း အပေါ်၌ သစ္စာအပြည့် ရှိခဲ့၏။ သို့သော် နန်းရံမင်းသားအဖြစ် ပြည်မင်းသားကို ပုဂံမင်းသားထက် လိုလားခဲ့သည်။ ပြည်မင်းမှာ သိက္ခာကောင်းမွန်တည်ကြည်လျက်၊ ပုဂံမင်းမှာ ချိုး ခါ ကြက် ငှက် တိုက်ပွဲများ၌ ဝါသနာထုံ၏။ မှူးကြီးမတ်ကြီး အများပင် ပြည်မင်းကို ပိုမို လိုလားကြရာတွင် ပုဂံမင်းအုပ်စုက စိတ်မတည်ငြိမ်သော ဘုရင်အား ကုန်းချောကြသဖြင့် ယင်းတော ဝန်ကြီး ကျဆုံးရလေသည်။

ထိုအချိန်၌ မိခင် ဒေါ်ငြိမ်းက အသက် ၁၇ နှစ်အရွယ် သား မောင်ဘိုးလှိုင်ကို မင်းတုန်းမင်းထံ အပ်နှံလေသည်။ မင်းတုန်းမင်းသားက ပြည်ဆရာတော်ထံ သာမဏေ ပြုစေရာမှ ဗားကရာဆရာတော်နှင့် မဲထီးဆရာတော်များ ထံ၌လည်း ပညာဆည်းပူးခဲ့သည်။

၁၂၁၄ ခုနှစ်တွင် မင်းတုန်းနှင့် ကနောင်မင်းသားတို့ ရွှေဘိုထွက်ကာ နောင်တော်ပုဂံမင်းကို တော်လှန်ရာတွင် စကြာဒေဝီ၏ တိုက်တွန်းချက်အရ မောင်ဘိုးလှိုင်သည် ရှင်လူ ထွက်ကာ လိုက်ပါသွားသည်။ လူမထွက်မီ မဲထီးကျောင်းအတွင်း၌ သူ့ကို ပုဂံမင်း၏ ပါးကွက်သားများက လိုက်ရှာရာ သိမ်ကျောင်းအတွင်း ပဋ္ဌာန်းတရားများ ရွတ်ဆိုနေသဖြင့် ရှာမတွေ့ ဖြစ်ကြသည် ဆို၏။

မောင်ဘိုးလှိုင်သည် ဝါးရင်းတုတ်ရွာတွင် မင်းတုန်းနှင့် ကနောင်မင်းသားတို့နှင့် ဆုံမိ၏။ ကနောင်မင်းက ရှမ်းပြည်သို့ သွားလို၏။ ငမြော ရွာသူကြီး မောင်တုတ်ကမူ နောက်တော်ပါများသည် "ချိုးသား တစ်ဝက်၊ လူသား တစ်ဝက်"ဖြစ်နေ၍ ကသည်းပြည်အထိ ချီတက်စေလိုသည်။ မောင်ဘိုးလှိုင်ကမူ ရွှေဘိုမြို့ဝန်ကို လူကြိုက်နည်းနေချိန်ဖြစ်၍ ထိုမြို့ကို အလွယ်တကူ ရနိုင်ကြောင်းနှင့် ရွှေဘိုအောင်မြေကို အခြေပြုသင့်ကြောင်း တင်လျှောက်၏။ ရေနံချောင်း မောင်စိုက ထောက်ခံ၏။ မင်းတုန်းမင်းက မောင်ဘိုးလှိုင်၏ အကြံပေးချက်ကို လက်ခံ၏။

မောင်ဘိုးလှိုင်သည် ကနောင်မင်းသားကိုလည်း တောင်ပြုံးမင်းညီနောင် နတ်ကွန်းသို့ ခေါ်ဆောင်သွား၏။ "ကောင်းစားလျှင် မမေ့ပါ"ဟု မင်းညီနောင်ကို ကတိပြုကြ၏။ နေဝင်ချိန်တွင် ပိုးပုဆိုးနှင့် မြင်းဖြူစီးကာ မောင်ဘိုးလှိုင်တို့ကို လိုက်ပို့သည်။ မင်းတုန်းမင်း နန်းတက်သည်မှ စ၍ တောင်ပြုံးပွဲ နှစ်စဉ် ကျင်းပခဲ့သည်။

*

ဖခင် ယင်းတောဝန်ကြီးမှာ ဘကြီးတော် စစ်ကိုင်းမင်းလက် ထက်၌ သူကြီးဖြစ်ခဲ့၍ တပည့်ဆွေမျိုး အင်အားကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအင်အားစုနှင့် ကျောက်မြောင်းတွင် ပေါင်းဆုံမိကာ တိုက်ပွဲများ၌ စတင် အနိုင်ရရှိလေသည်။ ထို့ကြောင့် မောင်လှိုင်၏ ဉာဏဗလသာမက မိတ္တဗလများ ပါဝင်သော ပွဲဦးထွက် တော်လှန်ရေး ဖြစ်လေသည်။

ကနောင်မင်းက အမရပူရသို့ ဦးဆောင်ချီတက်ရာတွင် မောင်လှိုင် လိုက်ပါသည်။ မြို့တော်တွင်းမှာ မကွေးမင်းကြီး ဦးကြာဥက ပုဂံမင်းလူများကို အညှဉ့်ခံစေရန် တိုက်တွန်းသဖြင့် အလွယ်တကူ အနိုင်ရလေသည်။ ထို့ကြောင့် ၁၂၁၄ ခု ပြာသိုလဆန်း ၈ ရက်နေ့က စတင်ခဲ့သော မင်းတုန်းမင်း၏ တော်လှန်ရေးသည် ၅ လ အကြာ ၁၂၁၅ ခု နယုန်လဆန်း ၁၂ ရက်၌ အလိုတော် ပြည့်လေသည်။

*

မင်းတုန်းမင်းသည် ရွှေဘိုမြို့သို့ စကြာဒေဝီကို ခေါ်ဆောင်ကာ တောင်ညာစံဒေဝီ တင်မြှောက်၏။ ညီတော် ကနောင်မင်းကိုလည်း ရွှေဘို၌ပင် လှိုင်ထိပ်ခေါင်တင်နှင့် ထိမ်းမြားကာ အိမ်ရှေ့နှင်း၏။ နောင်တော် ပုဂံမင်းကို နန်းချပြီးနောက် သူ၏မယ်တော် ကျပင်းမိဖုရားကြီး၏ တောင်းပန်ချက်အရ ဒဏ်မခတ်ဘဲ ကောင်းစွာ နေထိုင်ခွင့်ပြုသည်။

မောင်ဘိုးလှိုင်ကို ဘုရင်နှင့် မိဖုရားခေါင်တို့၏ မွေးစားသားအဖြစ် မင်းသား အဆောင်အယောင်နှင့် ယောမြို့စားခန့်အပ်လေသည်။ မင်းတုန်းမင်းက အမရပူရမြို့တော်သို့ မပြန်လိုချေ။ မင်းဖြစ်ပြီး ၂ နှစ်ကြာမှ ပြန်လာ၏။ ကနောင်မင်းနှင့် မောင်ဘိုးလှိုင်တို့ကိုသာ အုပ်ချုပ်ရေးတာဝန်များကို နေပြည်တော်၌ ရွက်ဆောင်စေ၏။

မင်းတုန်းမင်း အနေဖြင့် မန်းတောင်ရိပ် ခိုချင်၏။ မန္တလေးသို့ မပြတ် လာတော်မူသည်။ မန္တလေးဆိပ်ကမ်းအထက် ၂ မိုင်ခန့် အကွာရှိ အရက်သိမ်နေရာသို့ သွားရောက်ကာ မြို့တော်သစ်ဖန်တီးရေး စတင်တော်မူသည်။

*

၁၂၁၅ ခုတွင် မောင်ဘိုးလှိုင် (၂၄ နှစ်)အား မကွေးမင်းကြီးသမီး ခင်ဖြူနှင့် ဘုရင်၏ အလိုတော်အရ လက်ထပ်စေသည်။ ခင်ဖြူ အနေဖြင့် အမေးတော်ခံ ကတော်ကြီး ၄ ပါးတွင် အပါအဝင် ဖြစ်လာ၏။ အဝ ဈေးချိုတော်၏ အခွန်တော်ကို စားရ၏။

မကွေးမင်းကြီး ဦးကြာဥသည် မင်းတုန်းခေတ်၌ ပခန်းမင်းကြီးကဲ့သို့ ထိပ်တန်းဝန်ကြီး ဖြစ်၏။ သူနှင့် ပတ်သက်၍ "ကွေးကို လုံအောင်ထိုင်"ဟူသော နန်းတွင်း စကားပုံတစ်ခု ပေါ်ခဲ့သည်။ သာယာဝတီမင်း ရူးသွပ်သောအခါ ထိန်းသိမ်း ချုပ်ကိုင်သူများတွင် ဦးကြာဥက ထိပ်မှ ပါဝင်သည်။

ပုဂံမင်းကို နန်းချရာ၌လည်း ဦးကြာဥက အမရပူရမြို့တွင်းမှ ဖန်တီးပေးခဲ့သည်။ ထို့ကြောင့် ဤမကွေးဝန်ကြီးကို မေ့လျော့၍မဖြစ်။ သူ့ကို ဂရုတစိုက် ထားရှိနိုင်မှ ကိုယ်ကျိုးနည်းခြင်းမှ လွတ်ကင်းမည်ဟု အဓိပ္ပာယ်ရလေသည်။

*

ထိုခေတ်က "တိုင်ကပ်လျှင် ကင်းကိုက်မည်" ဆိုသော စကားပုံမျိုး ဖြစ်သည်။ တိုင်တားမင်းကြီးနှင့် ကင်းဝန်မင်းကြီးမှာ တစ်အုပ်စုစီ ဖြစ်၍ တစ်ဦးကိုကပ်လျှင် တစ်ဦးက အန္တရာယ်ပြုဖွယ် ရှိ၏။

ပုဂံမင်း လက်ထက်က စတင်ခဲ့သော ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲသည် ၁၂၁၇ ခုမှ မင်းတုန်းမင်းရှေ့တော်တွင် စေ့စပ်ပြီးစီးသည်။ အင်္ဂလိပ်တို့က ပဲခူးနယ်ကို သိမ်းပိုက်မည်ဟု ကြေညာခဲ့ပြီးနောက် ပဲခူးအထက် မိုင် ၁၀၀ ကျော်တွင် နယ်နိမိတ် သတ်မှတ်သည်။ မင်းဘူးမြို့နယ်တွင် မင်းတုန်းမင်း၏ ကံကျွေးဖြစ်သော မင်းတုန်းမြို့ကလေးကို ချန်လှပ်သတ်မှတ်ရန် မင်းတုန်းမင်းက များစွာ လိုလားလေသည်။ သို့သော် မိုင် ၁၀၀ ကျော် ပိုယူခြင်းကို မြန်မာက အသိအမှတ်ပြုကာ လက်မှတ်ရေးထိုးမှသာလျှင် မင်းတုန်းမြို့ကို ပေးနိုင်မည်ဟု အကျပ်ကိုင်လေသည်။ သို့နှင့် လက်မှတ် မထိုးဖြစ်ဘဲ သံသရာ ရှည်ခဲ့သည်။

*

ဦးဘိုးလှိုင်သည် ကုလားဝန်(ဝ)နိုင်ငံခြားရေးဝန်အဖြစ် ရွက်ဆောင်ရာတွင် အမေးအမြန်း ထူထပ်သည်ဟု နာမည်ရခဲ့၏။ သူက ဗဟုသုတ လိုလား၍ လည်းကောင်း၊ စုးစမ်းသော အလေ့ရှိ၍ လည်းကောင်း မေးခွန်းထုတ်သည်ကို ကြိုက်သူ၊ မကြိုက်သူများ ရှိ၏။ အင်္ဂလိပ်အရာရှိ ဝီးလား (Wheeler) ကမူ ကြိုက်၍ ဦးဘိုးလှိုင်နှင့် ရှည်လျားစွာ ဆွေးနွေးကြ၏။ အမေရိကန်ခရီးသည် ဗင်းစင့် (Vincent)ကမူ နိုက်လွင့်သည် ထင်၏။ ဗင်းစင့်က သူနှင့် စကားပြောသူမှာ အနောက်နိုင်ငံမှာ ထိပ်တန်း သိပ္ပံပါရဂူများနှင့် ပခုံးချင်းယှဉ်နိုင်သော မြန်မာသုခမိန်ကြီး ဖြစ်သည်ကို မရိပ်စားမိချေ။ ဦးဘိုးလှိုင်



www.burmeseclassic.com

www.burmeseclassic.com



သည် အင်္ကျီဖြူ၊ ပုဆိုးဖြူ၊ ခေါင်းပေါင်းဖြူနှင့် ရွှေစလွယ် ၁၂ ဆင့်ကို အမြဲ ဝတ်ဆင်တတ်လျက် ခဲ့သွားသည် ဆို၏။

ယောအတွင်းဝန် အနေဖြင့် နိုင်ငံခြားရေးဝန် ခေါ် ကုလားဝန်ရာထူးကို ခေတ္တမျှသာ ကိုင်၍ မန္တတ်ဆိုသူ ကပြား တစ်ဦးအား လွှဲပေးလိုက်၏။ ထိုရာထူးမှာ အနည်းအပါးမျှသော နိုင်ငံခြားသားများနှင့် ဆက်ဆံရေးဖြစ်၍ ယခုခေတ်ကဲ့သို့ အရေးကြီးသောဌာန မဟုတ်ချေ။

*

တိုင်းပြည်ကို ခေတ်မီနိုင်ငံ အဖြစ်သို့ ပြောင်းလဲရေးသည် ထိုခေတ်၏ အရေးအကြီးဆုံးတာဝန် ဖြစ်၏။ ထိုတာဝန်ကို အိမ်ရှေ့စံ ကနောင်မင်းက ဥက္ကဋ္ဌ၊ ဦးဘိုးလှိုင်က အတွင်းရေးမှူး အဖြစ် ထမ်းဆောင်ခဲ့ကြသည်။

ကနောင်မင်းက ဥရောပကို ယှဉ်ပြိုင်နိုင်ရန် ဥရောပလို လုပ်မှ ဖြစ်မည်ဟူသည့် သဘောတရားကို မြဝတီမင်းကြီး ဦးစ ထံမှ ခံယူခဲ့သည်။ ဦးစသည် စစ်တကောင်း တိုက်ပွဲ၌ အင်္ဂလိပ်များနှင့် ရင်ဆိုင်ခဲ့ဖူးသူ ဖြစ်၍ လက်နက်ကောင်းရှိမှ ခံနိုင်မည်ကို သိ၏။ မန္တလေးခေတ် အခြေအနေကို ကင်းဝန်မင်းကြီး သုံးသပ်ရာ၌ 'ကျုပ်တို့ တပ်မတော်သားတွေမှာ ကိုက် ၈၀၀ လောက်သာ ပစ်ခတ်နိုင်တဲ့ တူမီးသုံးခွေစွပ်တွေပဲ ရှိတယ်။ အဲဒါတောင် တပ်သားစေ့ မကိုင်နိုင်ဘူး။ အမြောက်ဆန်များကလည်း တစ်မိုင်ခရီးထက် ပိုမရောက်ဘူး။ အင်္ဂလိပ်လက်မှာတော့ ကိုက် ၁၅၀၀ သွားတဲ့ ဟင်ဒလီ ရိုင်ဖယ် သေနတ်တွေ၊ အမြောက်ဆန် တစ်ခါပစ်ရင် ၃ တိုင်ခရီး ရောက်နိုင်တဲ့ စက်ယန္တရားတွေ ကိုင်ဆောင် သုံးစွဲနေကြတယ်။ မြန်မာက ဘယ်လို သတ္တိကောင်းပေမယ့် မင်းကြီးဗန္ဓုလ ကျဆုံးသလိုပဲ ရှိမယ်။ ဟိုင်းကြီးကျွန်းက အင်္ဂလိပ်စခန်းကို ဝါးရင်းတုတ်နှင့် အနိုင်ဖြိုနိုင်ခဲ့တဲ့ အလောင်းမင်းတရားကြီး ခေတ်မျိုး မဟုတ်တော့လို့ စစ်ဖြစ်ရေးအတွက် အများကြီး စဉ်းစားရမယ်' ဟု ဆိုခဲ့သည်။

*

မင်းတုန်းမင်းသည် ဂျပန်ဘုရင် မိုမိဂျီနှင့် ထီးပြိုင်နန်းပြိုင် ဖြစ်ခဲ့သည်။ ဂျပန်ပြည်ကို ခေတ်မီနိုင်ငံဖြစ်ရန် ထိုခေတ်၌ စတင်ခဲ့ရာ နှစ် ၁၀၀ အတွင်း ယခု ကျွန်တော်တို့ မြင်တွေ့ရသည့်အတိုင်း ဂျပန်သည် သေးငယ်သော်လည်း ဤကမ္ဘာကြီး၏ ကြီး ၅ ကြီးထဲတွင် ပါဝင်နေ၏။ တစ်ခေတ်တည်း၊ တစ်ချိန်တည်း ခေတ်မီရေး (Modernization) အားထုတ်ချိန် ရခဲ့သော မြန်မာပြည်သည် အဘယ့်ကြောင့် နောက်ကျန်ခဲ့သနည်း။

ဖြေရန် မခက်ပါ။ ဂျပန်နှင့် မြန်မာတို့ တစ်ချိန်တည်း စခန်း ထ ခဲ့သည်ကား မှန်၏။ သို့သော် ထိုအချိန်၌ မြန်မာပြည်သည် မလွတ်လပ်တော့ချေ။ သုံးပုံ နှစ်ပုံမှာ အင်္ဂလိပ်နယ်ချဲ့ လက်တွင်းသို့ ကျရောက်ခဲ့လေပြီ။ အထက်မြန်မာပြည်တစ်ပိုင်းသာ မြန်မာမင်းလက်၌ ကျန်ရှိတော့ရာ ထိုနယ်မြေကို ကမ္ဘာနှင့် မဆက်မိစေရန် အင်္ဂလိပ်က ပိတ်ဆို့ပြီး ဖြစ်နေ၏။

ဒုတိယအချက်၌ မြန်မာတို့အနေဖြင့် မိမိကိုယ်ကိုသာ အပြစ်တင်ရန် ရှိသည်။ မြန်မာပြည်ကို ခေတ်မီနိုင်ငံ ဖြစ်ရန် မင်းတုန်းခေတ်၌ တာဝန်ယူသူ ကနောင်မင်းသားနှင့် ဦးဘိုးလှိုင်တို့က ပညာတော်သင် ၇၀ နိုင်ငံခြားသို့ ပို့ခဲ့၍ စက်ရုံပေါင်း ၅၀ မန္တလေး၌ ထူထောင်နိုင်ခဲ့ချိန်တွင် ကနောင်မင်းကို မြင်းကွန်းမင်းသားက လုပ်ကြံ၍ ကျဆုံးခဲ့သည်။ ဦးဘိုးလှိုင်ကို မင်းတုန်းမင်းက ၆ ကြိမ်မျှ ရာထူးမှ ဖြုတ်လိုက်၊ ခန့်လိုက် လုပ်ခဲ့သည်။ သီပေါမင်း လက်ထက်၌ အပြီးဖြုတ်ပစ်ခဲ့သည်။ စက်ရုံများ ကျိုးနှင့်ဖုတ်ဖုတ် ဖြစ်ခဲ့၏။ နယ်ချဲ့ ပယောဂကြောင့် မဟုတ်ပါ။

## အလုပ်ပြုတ်ချိန်၌ ခြံလုပ်

ဦးဘိုးလှိုင်သည် မင်းမှုထမ်းဘဝတွင် ရာထူးကျဖူး၍ လောကဓံ တရားကို ရိပ်စားမိပေမည်။ သာမန်ပုဂ္ဂိုလ် အနေဖြင့် အာဏာမဲ့သော ဘဝအခြေအနေကို လိုလားမည် မဟုတ်ပေ။ သူကား မိမိရာထူး ကျချင် ကျပါစေ၊ အာဏာ မဲ့ပါစေ၊ တိုင်းပြည်ကောင်းစားရေးသာ ရှေးရှုမည်ဟု ပိုင်းဖြတ်၏။ မင်းလို မင်းကြိုက် ဆောင်ရွက်နေလျှင် ရာထူးကျနိုင်စရာ အကြောင်းမရှိ၊ မှန်ရာကိုသာ လျှောက်တင်မြဲ ဖြစ်သည်။ ဘုရင်မျက်၍ ရာထူးကျလျှင် ဦးဘိုးလှိုင်သည် အမရပူရသို့ သွား၍ ခြံလုပ်နေသည်။ သူ့အတွေးအခေါ် အယူအဆကြောင့် ရာထူးကျနိုင်သည်ကို ကြိုတင်သိမြင်ပြီး ဖြစ်၏။ ရာထူးမဲ့ ဘဝ၌ ကုန်သည်လယ်လုပ် စသော သမ္မာအာဇီဝဖြင့် ရပ်တည်ရန် ခဲယဉ်းသူ မဟုတ်ချေ။ မိမိ ရာထူးလက်ရှိဘဝ၌ပင် သားမယားများကို ဈေးရောင်း၊ ရက်ကန်းရက် စသည်များကို သင်ထားသည်။ ရာထူးကျသောအခါ ဦးဘိုးလှိုင်က ခြံလုပ်သည်။ ဇနီး သားသမီးများက ဈေးရောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်၌လည်း နိုင်ငံနှင့် လူမျိုးအကျိုး စာပေကျမ်းဂန် ပြုစုခြင်းဖြင့် ရွက်ဆောင်သည်။

*

မုံရွေးဇေတဝန် ဆရာတော် ဦးဥတ္တမဗုဒ္ဓိသည် မန္တလေးမြို့၌ ဝက်မစွပ် ဝန်ကြီးနှင့် ဆုံတွေ့စဉ် မြန်မာတို့ ထီးသုဉ်း နန်းသုဉ်း ဖြစ်ရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးကြသည်ကား–

မုံရွေး။ ။တကာကြီးရယ်၊ ရှေးက ဝိဒေဟရာဇ်မင်းကြီးကို စူဠနီမင်းက စစ်တပ်ပေါင်း များစွာနှင့် ဝိုင်းတိုက်သော်လည်း တစ်ဦးတည်းသော လူစွမ်းကောင်း မဟော်သဓာကြောင့် လွတ်ကင်း ချမ်းသာရုံသာမက စူဠနီမင်းရဲ့ သမီးတော်ကိုတောင် ရလိုက်ပါသေးတယ်။ ယခု ကျုပ်တို့ ရှင်ဘုရင်ကို ကုလားက ဖမ်းတော့ ဦးကောင်းတို့၊ ဦးဘိုးလှိုင်တို့ဟာ ဘာမျှ မတတ်နိုင်ခြင်းကို ထောက်လျှင် အဟုတ် ပညာရှိ မဟုတ်ကြလို့လား တကာကြီးရဲ့။

ဝက်မစွပ်။ ။ဒီတော့ ဦးဘိုးလှိုင် မရှိရှာတော့ဘူး။ သို့သော် ရှေးရှေးကပင် ကြိုတင်ကာ နောင်၌ ထိုသို့ ဖြစ်လိမ့်မည်ကို ဦးဘိုးလှိုင်က မြော်မြင်မိရှာတယ်။ ဒါကြောင့် ထိုသို့ မဖြစ်စေရန် ကောင်းအောင် စီစဉ်ပေးရှာပါတယ်။ သို့သော် အရိပ်ကို ရန်သူထင်ပြီး ဦးဘိုးလှိုင်ကို ရာထူးက ချပစ်၊ နောက်မှာ သတ်ပစ်ဖို့တောင် လုပ်ကြသေးတယ်။ ပြောပဲ မပြောချင်ပါဘူး၊ ပြောရတာ တွေးမိတိုင်းလည်း ဝမ်းနည်းလှပါတယ်။

မုံရွေး။ ။နို့.... ဦးကောင်း ကကော။

ဝက်မစွပ်။ ။ဦးကောင်းကတော့ တပည့်တော်ရဲ့ ဆရာပါပဲ၊ ရှေ့ရေး နောက်ရေးများကို အတော်ကြီးကိုပဲ မြင်မြော်နိုင်သော ပညာရှိအစစ် မှန်လည်း မှန်ပါရဲ့။ အဆုံးမှာတော့ "သိန္နောမှန်ပါရဲ့၊ ခွာလိပ်သွားတယ်" ဆိုကြပါစို့။

မုံရွေး။ ။ဒီလိုဖြစ်ရတာ ဘုန်းကြီးနှင့်တကွ မြန်မာ တစ်ပြည်ထောင်လုံး အလွန်တရာ အနစ်နာကြီး နာနေရစ်ကြတော့တာပဲနော်။

ဝက်မစွပ်။ ။ဘုန်းကြီးတို့ကတော့ တော်ပါသေးတယ် ထားပါတော့ ဘုရား၊ တပည့်တော်တို့မှာတော့ အလွန် လုပတင့်တယ် ကျက်သရေ အသွယ်သွယ်နှင့် နေသော ပဥ္စရူပမှာ ချိုကျိုး၊ နားရွက်ပဲ့၊ မျက်စိကန်း၊ သွားကြိုး၊ လျှာပြတ်၊ အတောင်ကျွတ်၊ ခြေပြုတ်သလို အလုံးစုံကျက်သရေမဲ့ ဖြစ်ရပါတော့တယ်။ (ဝမ်းနည်းသံဖြင့် လျှောက်ထားရှာသည်)

မုံရွေး။ ။နို့ ဆရာကြီးရယ်၊ ဦးကောင်းက မြင်းကောင်း ခွာလိပ်မှန်း သိကြလျှင်လည်း ဘာပြုလို့ နောက်လူတွေက မစွန့်စားကြတာလဲ။

ဝက်မစွပ်။ ။အတိုချုပ် လျှောက်ရရင် အဲဒီတုန်းက နန်းတွင်းသူ နန်းတွင်းသား၊ မှူးတွေ မတ်တွေဟာ သူ့လူ၊ ငါ့လူနှင့် လူစုကွဲပြီး အဆုံးမှာ ဩဇာမကိုက်ကြဘဲ ဖြစ်နေကြတယ်။ ဒါကြောင့် အရေးတော် လစ်ဟင်းသွားရခြင်းပါပဲ ဦးပဥ္စင်းရယ်။

*

## [၇] ဆွေတော်မျိုးတော် ဒုက္ခသည်စခန်း

မြောက်သားတော် ပြည်မင်းနှင့် သားတော်များ ကွပ်မျက်ခံရသည့် အချိန်တွင် မယ်ပဥ္စာထက် ဆယ်ခါပြန် ကံဆိုးရှာသူ ပြည်ထိပ်ထား ခဲပေါင်မင်းသမီးသည် သူ့ကိုယ်သူပင် အဆုံးစီရင်ကာ သွားလေသူများနှင့်အတူ လိုက်ပါလိုလှသည်။ သို့သော် တစ်ပါးတည်း ကျန်ရစ်ရှာသည့် ၇ နှစ်သမီးလေးကို ငဲ့ညှာကာ ဘဝကို တွယ်တာလျက် ရှိခဲ့သည်။

၁၂၀၈ ခုနှစ် တန်ဆောင်မုန်းလထဲတွင် ရွှေဘိုမင်း နတ်ပြည်စံပြီးနောက် ပုဂံမင်းသား နန်းတက်လေသည်။ ထိုအခါ ပုဂံမင်း၏ နမတော် စုဖုရားကြီး (စကြာဒေဝီ)သည် ပြည်မင်းသားကြီး မိသားစုတွင် မရှုမလှ ကျန်ခဲ့ရှာသူ "အစ်မတော် ခဲပေါင်မဖုရား တစ်ပါးဖြင့် အင်မတန် ဒုက္ခရောက်နေပြီ"ဟု ကရုဏာသက်လှသောကြောင့် ရွှေလှည်းတော် စေလွှတ်ကာ သူ့အဆောင်တော်သို့ ပြောင်းရွှေ့ စံနေစေလေသည်။

တစ်ပင်တိုင်မင်းသမီး စကြာဒေဝီကား သူတစ်ပါး၏ အသက်သွေးခဲကို တည်မြဲချမ်းသာအောင် ကယ်တင်နိုင်သူ ဖြစ်သော်လည်း ပြည်မင်းတို့ သားအဖ ၅ ပါးကိုမူကား ကယ်ဆယ်ခြင်းငှာ မဖြစ်နိုင်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ပြည်မင်းကို ဖယ်ရှားသည့်အကြံမှာ မွေးမယ်တော် တောင်ညာစံ မိဖုရားခေါင်ကြီးနှင့် အစ်ကိုတော်ရင်း ပုဂံမင်းတို့၏ စီစဉ်ချက် ဖြစ်သောကြောင့်ပါတည်း။

ပြည်ထိပ်ထားတို့ ရောက်ရှိချိန်တွင် စကြာဒေဝီ၏



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းရိပ်ကို ခိုလှုံရန် ရောက်နှင့် နေကြပြီးသော ဘဝတူ ဆွေတော်မျိုးတော်များ ဦးရေ မနည်းလှပါ။ အောက်ပါ အတိုင်းပင်။

( ၁ ) မြတောင်မင်းသမီး၏ သမီးတော် အကြီး မင်းမြတ်စိုး (၂၃ နှစ်)၊
( ၂ ) မြတောင်မင်းသမီး၏ သမီးတော်အငယ် မင်းမြတ်လှ (၂၀ နှစ်)၊
( ၃ ) နန်းမတော် မယ်နု၏ သမီးတော် မယ်စု (အသက် ၁၉ နှစ်) [ နောင် ဆင်ဖြူမရှင် မိဖုရားကြီး ဖြစ်လာသူ ]၊
( ၄ ) မမြကလေး၏ သမီးတော် လှိုင်ထိပ်ခေါင် တင် (၁၃ နှစ်)၊
( ၅ ) စကြာမင်း၏ သမီးတော် ကန္နီထိပ်ခေါင်တင် (၁၂ နှစ်)၊
( ၆ ) ပခန်းမင်း၏ မြောက်သားတော် ခင်အုံးပွင့်၊
( ၇ ) ပခန်းမင်း၏ သမီးတော် မြင်းခုံတိုင် မင်း သမီး၊
( ၈ ) ပခန်းမင်း၏ သမီးတော် ကောင်းတုန် မင်း သမီး၊
( ၉ ) ပြည်ထိပ်ထား၊
( ၁၀ ) ပြည်ထိပ်ခေါင်တင် (၇ နှစ်)။

စကြာဒေဝီ၏ အဆောင်တော်ကား ကံနည်းသူတို့၏ ခိုလှုံရာ အေးရိပ်သာကြီး ဖြစ်ပါပေသည်။ ထိုမျှမက စကြာဒေဝီ၏ အကာအကွယ်ပေးမှုကြောင့် ချမ်းသာရသူတို့ စာရင်းတွင် မြဝတီဝန်ကြီး ဦးစနှင့် ယောအတွင်းဝန်လောင်း မောင်ဘိုးလှိုင် (အသက် ၁၆ နှစ်)တို့ နှစ်ဦးလည်း ပါရှိသေးသည်။ သို့သော် သူတို့ကား နန်းတွင်း၌ နေခွင့်ရသူများ မဟုတ်ပါ။

စကြာဒေဝီ မင်းသမီးကြီးသည်ကား ခိုလှုံသူတို့ကို သူ အစွမ်းဆောင်နိုင်ဆုံး ကြည့်ရှု စောင့်ရှောက်တော်မူ၏။

ရွှေဘိုမင်း၏ မိဖုရားခေါင်ကြီး အဖို့မှာကား အောင်မြင်ခြင်း၏ အထွတ်အထိပ် ရောက်နေ၏။ သားတော် ပုဂံမင်းလည်း ထီးဖြူဆောင်းလေပြီ။ သူ မနှစ်မြို့သော အနောက်နန်းမိဖုရား မမြလေးလည်း မင်းတို့တစ်စုတွင် မျက်ရာမှာ အဆစ်ပါ၍ သွားချေပြီ။ သား ရွှေအိုးထမ်းလာသည်ကို မြင်ရသည့်ပမာ နှလုံးစိတ်ဝမ်း ချမ်းသာပေလိမ့်မည်။ သို့တစေ သူ၏ သားတော်လက်ထက်တွင် ပြည်သူလူထု အများစုမှာ ကြီးပွားရန်က အလှမ်းဝေး၊ ဝမ်းရေးမှာ မဖူလုံသောကြောင့် လူစုံအောင် အတိဒုက္ခ ဖြစ်ရလေသည်ဟူ၏။

ပုဂံမင်းကား အပျော်အပါးကိုသာ အာရုံပြုလျက် ရှင်းရှင်းဆိုရသော် အရက်သမား၊ ကြက်သမား စင်စစ် ဖြစ်လေရာ သူ နန်းတက်ပြီ ဆိုကတည်းက သူနှင့် စရိုက်တူလူပေါ့လူသွမ်းများသာလျှင် နန်းတွင်းနန်းပြင်၌ တွင်ကျယ်ပြီးမြောက် ခရီးရောက်နေကြတော့သည်။ ဖခမည်းတော် လက်ထက်က အတိုင်ပင်ခံ အကြံပေးပညာရှင်၊ လက်ရုံးရှင် ပုဂ္ဂိုလ်များသည် အရှိန်အဝါ နိမ့်ပါးကြရလေသည်။

ပုဂံမင်း နန်းတက်စ အချိန်မှစ၍ ကုလားလူမျိုး ဘိုင်ဆပ် ဆိုသူကို အလွန် ယုံကြည်ရင်းနှီးစွာ မြှောက်စားထားလေ၏။ ဘိုင်ဆပ်မှာ ကြက် ငှက် ကိုင်တွယ်ရေး ကျွမ်းကျင်လျက် ကိုယ်ကျိုးရှာရာတွင် လောဘသတ်နိုင်သူ မဟုတ်ပါ။ ဘိုင်ဆပ်၏ အမျိုးမျိုးသော နှိပ်စက်ကလူ ပြုမူပုံများမှာ ယနေ့ထက်တိုင် သက်ကြီးစကား သက်ငယ်ကြား စနစ်ဖြင့် ပြည်သူတို့၏ အသည်းလှာတွင် စွဲမြဲစွာ မှတ်မိနေကြလေသည်။ ၎င်း ဘိုင်ဆပ်အား မြို့ဝန်အထိ သူကောင်းပြုထားခြင်းကို ထောက်လျှင် မည်မျှလောက်အထိ ပုဂံမင်း ခြေလှမ်းမှားကြောင်း သိနိုင်ရာ၏။

မြို့ဝန်ဘိုင်ဆပ်၏ လက်ပါးစေများက မငြိမ်းသာနှင့် သားကလေး ထိပ်တင်တုတ်တို့ ရွာကို ရှာဖွေ တွေ့ရှိသွားလေတော့သည်။ တောနယ်တစ်ခွင်တွင် တစ်ရွာပြီး တစ်ရွာ လှည့်ပတ် ပုန်းအောင်းနေရာမှ ၂ နှစ်ခန့် အကြာတွင် အမိခံရခြင်း ဖြစ်လေသည်။

ထိပ်တင်တုတ်ကို အထိန်းတော်နှင့်အတူ ဖမ်းဆီးရမိလာခြင်း သတင်းကို စကြာဒေဝီ မင်းသမီးကြီး၏ အဆောင်တော် (ဝါ) ဆွေတော်မျိုးတော် ဒုက္ခသည် စခန်းက ကြားသိကြရလေသည်။

ထိုအချိန်တွင် မင်းသားကလေး၏ မယ်တော် ပြည်ထိပ်တင်ထားမှာ ယူကျုံးမရ ဖြစ်လျက် 'သားတော်လေးရယ်၊ မောင့်ကို ဖမ်းမမိရင်လည်း တော်ပါသေးရဲ့၊ အခုလို မိလာပြန်တော့လည်း သူတို့က မောင့်ကို သွားမြဲလမ်း ပို့ကြဦးတော့မယ်။ အမယ်မင်း ထိပ်ထားမှာတော့ ဒုက္ခအဟောင်းတွေမှာ အသစ်တွေ ထပ်ဆင့်လို့ ဒုက္ခပုံကြီး မြင့်ရပါ

www.burmeseclassic.com



ကလား၊ ခံလို့ပဲ မဆုံးနိုင်ပါကလား’ ဟု မဆည်နိုင် မတားနိုင် ငေးငိုင် မိန်းမောရှာလေတော့သည်။

*

ဤတွင် စကြာဒေဝီ မင်းသမီးကြီးသည် မမြင်ရက်သောကြောင့် အစ်ကိုရင်း ရွှေနန်းရှင်၏ တောင်ညာစံ မိဖုရားခေါင်ကြီး မင်းရွှေကြုတ်ထံ အခစားဝင်လေ၏။ ‘အစ်မတော်ဘုရား၊ နံနက် ညီလာခံအချိန်တွင် ဤကလေးကို မြို့ဝန်ဘိုင်ဆပ်က လာရောက် အပ်နှံ ဆက်သမည်တဲ့ ဘုရား၊ အစ်မတော် အချိန်မီ ကယ်တင်နိုင်က ကောင်းမြတ်ပါမည်ဘုရား’ ဟု လျှောက်ထား တောင်းပန်လေ၏။

မိဖုရားခေါင်ကြီးက ‘ကောင်းပြီ၊ ညီမတော်များ စိတ်အေးအေး နေပါဘိ၊ အစ်မတော်ကိုယ်တိုင် ညီလာခံ တက်ပါမည်’ ဟု ကတိစကား မိန့်ကြားလိုက်လေသည်။

*

နောက်နေ့ ညီလာခံချိန်တွင် မြို့ဝန်ဘိုင်ဆပ်သည် ထိပ်တင်တုတ်ကလေးကို သွင်းလာပြီးလျှင် ‘ရန်သူတော်ကလေး မိလာပါပြီ ဘုရား၊ ရှုစားတော်မူပါ ဘုရား’ ဟု မျက်နှာလိုအားရ သံတော်ဦး တင်လေသော်၊ မိဖုရားခေါင်ကြီးက ‘ဘယ်က ရန်သူလဲ၊ ဒီကလေးက ငါတို့ တူတော်ကလေးပါကလား ကွယ်ရို့’ဟု ခပ်ပြတ်ပြတ် မိန့်ꟷကတ်မူလေ၏။

ဘိုင်ဆပ်က ‘ရွှေနား ဆင်တော်မူပါ၊ ꟷဘုရား၊ ဒီကလေးကို သီးခြားကွပ်မျက်ရန် မလိုသောကြောင့် ယꟷꟷရို ဆင်အောင်းသော လမ်းမှာ ချထားလိုက်ရုံပါပဲ ဘုရား’ဟု တစ်မျိုးလှည့်၍ တင်ပြန်သည်။ ဆင်များ သွားရာလမ်းတွင် ချထားပါက ကလေးကို ဆင်နင်း၍ သေမည် မလွဲဟု ဆိုလိုသည်။

သို့သော် မိဖုရားခေါင်ကြီး၏ စကားအလာကို နားသာတော်မူသော ပုဂံမင်းက ‘အိန်း... ရှိစေ၊ ရှိစေ၊ ဒီကျန်ရစ်သားကလေး ချမ်းသာပါစေကွယ်။ သူ့ကို ကောင်းကောင်းစောင့်ရှောက်ထားလိုက်ပါဘိ’ ဟူ၍ အဆုံးအဖြတ် ပေးတော်မူလေ၏။

သေကံ မရောက်သေးသော ထိပ်တင်တုတ်ကလေးမှာ ဤတစ်ကြိမ်လည်း သေကိန်း လွဲပြန်လေပြီ။ အကြံမအောင်သူ ဘိုင်ဆပ်မှာ ကလေးကို သတ်ခွင့် မရသောကြောင့် သူ့ကိုယ်ကျိုးသို့ ဤနည်းဖြင့် မဝင်လျှင် ထိုနည်းဖြင့် သွတ်သွင်းရန် တစ်မျိုး ကြံပြန်လေ၏။

*

မင်းညီမင်းသားကလေး ဖြစ်၍ သူ့အထိန်းတော် မငြိမ်းသာထံ၌ ရွှေ၊ ငွေ ဘဏ္ဍာ မုချ ပါရှိမည်ဟု ကောက်ချက်ချလေသည်။ မငြိမ်းသာက ‘ပါသမျှသော ရွှေတိုငွေစကလေးများထုခွဲ စားသောက်ခဲ့ရလို့ ကုန်ပါပြီ’ ဆို၏။ ထိုစကားကို အလကားထင်သူ ဘိုင်ဆပ်က သူ့အိမ်က ရွှေဖလားပျောက်သည်ဟု အသံပေးလိုက်သည်။

ဤအချက်မှာ မိမိအား လောင်မြိုက်မည့် စနက်တံဖြစ်မှန်း မငြိမ်းသာက ကောင်းကောင်း ရိပ်မိသည်။ “သည်လို ဆိုရင် မဖြစ်ပြီ၊ ဖမ်းဆီး ထိတ်တုံးခတ်ကာ ငွေအညှစ်မခံရမီ ထွက်နိုင်မှ ဖြစ်ချေမည်”ဟု တွေးကာ ခပ်သွက်သွက်ပြေးရရှာလေ၏။ ဤတစ်ကြိမ်ကား မင်းသားကလေး မပါတော့ပေ။

မင်းသားကလေး အတွက်မှာ အသက်အန္တရာယ်စိုးရိမ်ရန် မရှိသော အခြေသို့ ရောက်နေလေပြီ။

ဤတစ်ကြိမ် မငြိမ်းသာ ပြေးရရှာပုံမှာ သူ့ဇာတိရပ်ရွာဘက်သို့ မဟုတ်တော့ချေ။ လက်တံရှည်သူ ဘိုင်ဆပ်အလှမ်းမမီရာ အောက်မြစ်ရိုးတစ်လျှောက် ဝေးရာသို့ ရပ်ဖျောက် စုန်ဆင်း ထွက်ပြေးသည်။

မငြိမ်းသာ ထွက်ပြေးသွားကြောင်း သတင်းကို ပုဂံမင်း ကြားသိလေလျှင် ထိပ်တင်တုတ်အား သူ၏မယ်တော်ပြည်ထိပ်ထား ရှိရာသို့ ပို့လိုက်ရန် အမိန့်တော် ချမှတ်လေ၏။

*

ဤသို့လျှင် ပြည်မင်း၏သားတော် အငယ်ဆုံး ထိပ်တင်တုတ် မသေကောင်း၊ မပျောက်ကောင်း တောထဲတွင် နှစ်နှစ်မျှ ပုန်းအောင်း နေခဲ့ရပြီးမှ တစ်ဖန် ဘိုင်ဆပ်၏ ရန်ကိုကျော်ကာ မယ်တော်၏ရင်ခွင်သို့ ၁၂၀၉ ခုနှစ်တွင် ပြန်လည်ဝင်ရောက်ခွင့် ရတော့သည်။

ပြည်ထိပ်ထားသည် သားတော်လေးကို တင်းကျပ်စွာ ပွေ့ထား၍ ဝမ်းသာဝမ်းနည်း ကျမျက်ရည် မစဲနိုင်အောင်ရှိလျက် အသားမည်းညိုနေရှာသော သားတော်ကို အသေအချာ ရှုစားရင်း တစ်စုံတစ်ရာကို သတိတော်ရသဖြင့် ‘မှန်းစမ်း.... ငါ့သားမှာ မှဲ့ပါရဲ့လား’ဟု မေးလေ၏။

သားတော်က အင်္ကျီကလေးကို အသာလှပ်ကာ ‘သည်မှာ အမေ’ဟု လည်ပင်းမှ မှဲ့ရှင်ကို ပြနိုင်လေသည်။ တောသားလေး ထိပ်တင်တုတ်အား မူလကလို “သားတော်၊



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်”စသည့် နန်းသုံး ဝေါဟာရများ အသစ်တစ်ဖန် ပြန်လည်၍ သင်ကြားကြရပေဦးအံ့။

အသက် ၅ နှစ်သာ ရှိသေးသောကြောင့် သူ့အတွက် အထိန်းတော်အသစ် ရွေးချယ်ခန့်ထား ပေးကြသော်လည်း စင်စစ် အထိန်းတော်အသစ် လိုလှသည် မဟုတ်။ စကြာဒေဝီ မင်းသမီးကြီး၏ အဆောင်တော်တွင် မယ်တော် ပြည်ထိပ်ထား အပြင် အစ်မတော် ပြည်ထိပ်ခေါင်တင်လည်း ရှိနေသည်။

အခြားသော ဘဝတူ ခိုလှုံသူ မြင်းခုံတိုင်နှင့် ကောင်းတုံမင်းသမီးများ၊ ဆင်ဖြူမရှင်၊ လှိုင်ထိပ်ခေါင်တင် စသူတို့ကလည်း အငယ်ဆုံးသော သေတွင်းထွက် ကျန်ရစ်သားကလေး အဖြစ် များစွာ အလိုလိုက်ကြပေသည်။

စင်စစ် ကိုယ့်အကြောင်းနှင့်ကိုယ် အသီးသီး အသက်ဘေးမှ ပြေးလာကြရသော ဒုက္ခသည်များအဖို့ စကြာဒေဝီ မင်းသမီး၏ အဆောင်တော်ကြီးမှာ ပူပြင်းလောင်မြိုက်လှသော ဘဝသံသရာ ကန္တာရကြီး အလယ်မှ စိမ်းစိုလန်းအေး ရေကြည်အိုင် “အိုအေစစ်” သဖွယ် ဖြစ်ပါတော့သည်။ သက်ဦးဆံပိုင် စနစ်၏ ထိုးနှက်လိုက်သော ဒဏ်ရာ ဒဏ်ချက်များကို ကိုယ်စီကိုယ်င ခံစားကြရသည့် ကာလတွင် နတ်တို့ဖန်သည့် ဂိလာန ရိပ်သာကြီး ဖြစ်ချေသည်။

*

အထူးသဖြင့် မင်းမြတ်စိုးနှင့် မင်းမြတ်လှ ညီအစ်မတို့က ထိပ်တင်တုတ်ကို ယုယပိုက်ထွေး ရှိကြ၏။ မြတောင်မင်းသမီး၌ သားတော် ၂၊ သမီးတော် ၂၊ ထွန်းကားခဲ့ရာ ၁၂၀၀ ပြည့်နှစ်က စကြာမင်းနှင့် မြတောင်မင်းသမီးတို့ ကွပ်မျက်ခံရချိန် သားတော် မင်းမျိုးထွန်း (၁၂ နှစ်)နှင့် မင်းမျိုးညွှန့် (၁၀ နှစ်)တို့မှာ အောက်ပြည်အောက်ရွာသို့ ထွက်ပြေးကြသည်။ ဘယ်ဆီ ဘယ်မှာ မသိရပေ။

ထိပ်တင်တုတ်ကလေး ၅ နှစ်သား အရွယ် ပြန်လည် ရောက်ရှိလာချိန်၌ ပြည်ထိပ်ထားနှင့်အတူ နေထိုင်လျက် ရှိသော မင်းမြတ်စိုးတို့ ညီအစ်မအဖို့ ထိုဝရမ်းပြေးတောပြန်ကလေးကို ကြည့်ကာ မိမိတို့၏ မောင်တော်ကလေးများကို များစွာ သတိရ လွမ်းဆွတ်မိလေသည်။ တီတီတာတာ ချစ်စရာအရွယ် ထိပ်တင်တုတ်ကလေးကိုပင် ဝိုင်း၍ ချစ်နေကြလေတော့သည်။

မင်းမြတ်စိုး။ ။တို့မောင်ကလေးတွေသာ ထွက်မပြေးဘဲ နေခဲ့ရင်၊ ဟောဒီ ဖိုးတုတ်ကလေးလိုပဲ လွတ်ငြိမ်းချမ်းသာခွင့် ရမှာပေါ့၊ အဲသလိုဆိုရင် ငါတို့ မောင်နှမ ၄ ယောက် တစုတလုံးတည်း ရှိနေမှာပဲ။

မင်းမြတ်လှ။ ။အခြေအနေတွေက စိတ်ချရတယ်လို့ မရှိပါဘူး စိုးစိုးရယ်၊ ကြက်ဥအရောင် တိမ်တောင်သဖွယ် ဆိုသလိုပါပဲ၊ တစ်လောက ငညာဆိုသူက စကြာခေါင်းတုံး ဆိုပြီး ပုန်ကန်တယ်။ စကြာမင်းရဲ့ အနွယ်တော်လိုလို ဘာလိုလိုနှင့်၊ ကျွန်မတို့ ဘယ်လောက် အနေရခက်သလဲ။ နောက်တော့ အိမ်တော်ရာ ထီးတင်ပွဲမှာ သူတို့ကို လွှတ်ပစ်ပြီး ဘုရားကျွန်စာရင်း သွင်းလိုက်တယ်။

စိုး။ ။အေးဟယ်၊ တရုတ်မော်မင်းသား ထွက်ပြေးတုန်းကလည်း ငါတို့ကို အခြောက်တိုက် မျက်စောင်းထိုးခံရသေးတယ်။ မယ်မယ် (စကြာဒေဝီ)ရဲ့ အဆောင်တော်မှာ နေရလို့သာ တော်တော့သပေါ့။ ရက်စက်တယ်နော်၊ ဘထွေးတော် တရုတ်မော်နှင့်အတူ လူ ၁၀၀ ကျော် ကွပ်မျက်ခံရတယ်။

လှ။ ။မောင်လေးတို့တော့ ပြည်မြို့တစ်ဝိုက်မှာ ရှိကြမှာပဲနော်၊ ဘဘကြီးက ရွှေတောင်မြို့စားမို့ သူတို့ကို မစမည့်သူတွေ ရှိမှာပေါ့။ တစ်နေ့က လှိုင် (လှိုင်ထိပ်ခေါင်တင်)က ပြောတယ်၊ ဟသ်ာတက သူ့ဆွေမျိုးတွေဆီကိုမှာကြား စုံစမ်းပေးမယ်တဲ့၊ စိုးစိုးကိုလည်း သူပြောသားပဲ။

စိုး။ ။ခက်ပါတယ်အေ၊ ဒါမျိုးက “မေးလေ–ပြေးလေ၊ ဖော်လေ– ဖုံးလေ” ဆိုတာမျိုးပဲ၊ မောင်လေးတို့က ဇာတ်ဖျောက်ပြီး ရုပ်ဖျက်နေမှာပါ။ ငါတို့လည်း မယ်မယ် မသိဘဲ ဘာမျှ မလုပ်သင့်ဘူး၊ သူ့ခမည်းတော် လက်ထက်က အသက်ကယ်ဆယ်ခွင့် ရခဲ့သော်လည်း ဒီမင်းလက်ထက်မှာ ဆက်လက် မရတော့ဘူး။ ဒါကြောင့် ဖိုးတုတ်ကလေး အတွက်တောင် မိဖုရားကြီးက တစ်ဆင့် လျှောက်တင်ခဲ့ရတယ် မဟုတ်ပါလား။

*

ပုဂံမင်း နန်းတက်ပြီးနောက် သူ၏နှမတော် စကြာဒေဝီအား မယ်တော် ကျပင်းမိဖုရားကြီးထံ ပြောင်းရွှေ့ ပြုစု နေထိုင်စေ၏။ မယ်တော်ကြီးကိုလည်း သူကြိုက်ရာ အဆောင်၌ နေထိုင်ခွင့်ပြုရာ သာယာဝတီမင်း လက်ထက်က သူ စံတော်မူရင်း တောင်နန်းမတော်၌ပင် နေထိုင်လို၏။ စကြာဒေဝီနှင့် အတူ သူ၏ဒုက္ခသည် မိသားစုများ အတူပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ကြီးနှင့်အတူ နေကြရ၍ အားလုံးအတွက် အနေအထိုင် ကျပ်တည်းသလို ရှိ၏။ သို့သော် တောင်နန်းဆောင်ကား နန်းတော်ထဲတွင် အခမ်းနားဆုံး ဖြစ်ပေသည်။

စိန်ကြောင် ဖန်ရောင်ဆန်း
ရဝေနန်း၊ ထွန်းပထိန်
အာလိန်မြင့်ဘုံလယ်–
စံပယ်စိုးမြန်း၊ ဝေယံမိုးနန်း
သည်မှာ လွန်ထူးဆန်း။

မင်းကြီးကတော် ခင်ဆုံက နန်းတော်ဆောင်၏ ထွန်းပ ထူးဆန်းမှုကို အထက်ပါအတိုင်း ဖော်ထုတ်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ရာနှုန်းပြည့် မပျော်မွေ့နိုင်သော နန်းတွင်းသူတို့ အဖို့ကား စလင်းစုဖုရား ရေးသော တေးထပ်နှင့် ပိုမို နီးစပ်သည်ဟု ဆိုရပေမည်။

ကုသိုလ်ကံ ပေးသမျှနှင့်
အေးကြမှ တော်မယ်၊
ဘေးဘယ မပေါ်လွင်အောင်
မလော်လည်ချင်ဘူး၊
သက်တမ်းစေ့ မနောကြည်အောင်
သဘော်ချည်ဝတ်မယ့် စိတ်ကူး–
ပွဲတော်ချက် ဝက်သနီကို၊
ကြက်အဆီ မလူးတဲ့–
ဘူးဆိုမျှား ဟင်းချို
တစ်ပြားတန်ကြွယ် ထမင်းငယ်နှင့်
သည်လည်ပင်း ကြိတ်လို့သာမျို–
ရည်ရွယ်ရင်း စိတ်နဂိုမှာ
ဟိတ် မလိုချင်လှလို့–
မရွှင်ပျ မျက်နှာတော်
ကြွား၍ မမော်
ခုများဖြင့် မြူးမပျော်တယ်
လူခေါ်ရင် အ–ချင်ပလေး။

ပုဂံမင်း လက်ထက်၌ အလှူအတန်းနှင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ရာတွင် ရုံဖန်ရုံခါ မယ်တော်နှင့် နမတော် စကြာဒေဝီကိုပါ အလှူပွဲများသို့ လိုက်ပါတော်မူစေသည်။ ထိုအချိန်အခါ၌ တောင်နန်းဆောင်၌ အတူနေထိုင်သူ ဆွေတော်မျိုးတော် ဒုက္ခသည်များလည်း တစ်ပြုံလုံး နောက်တော်မှ လိုက်ပါကြရလေသည်။

၁၂၁၄ ခု ဝါဆိုလက ပုဂံမင်းသည် ထူးဆန်းသော ကုသိုလ်တစ်ရပ် ပြုလုပ်၏။ သူ၏ သရဖူ မကိုဋ်တော်ကို မဟာမြတ်မုနိဘုရားသို့ ကပ်လှူပူဇော်ခြင်း ဖြစ်သည်။

ထိုအလှူပွဲသို့လည်း စကြာဒေဝီနှင့် နောက်တော်ပါများ လိုက်ပါကြ၏။ မင်းမြတ်စိုးနှင့် မင်းမြတ်လှတို့က ပန်းရေချမ်းများ အထူးတလည် ပူဇော်ကြ၏။ ရခိုင်နိုင် အိမ်ရှေ့မင်းသားကြီးက ပင့်ဆောင်ခဲ့သော ဘုရားကြီး ဖြစ်သဖြင့် မိဆိုင် ဖဆိုင်ကဲ့သို့ မြတ်နိုးကြ၏။

သရဖူကို ဘုရားသို့လှူသော ထိုနှစ်၌ပင် ပုဂံမင်း နန်းကျလေသည်။ ထိုနှစ် နတ်တော်လတွင် ရှင်ဘုရင်က သူ့အထိန်းတော် မိရွှဲ၊ မိကဲတို့ အိမ်ကို စားပြတိုက်ရာတွင် ကနောင်မင်း၏လူများ ပါဝင်သည် စွပ်စွဲ၏။ ထို့ကြောင့် ညီတော် မင်းတုန်းမင်းနှင့် ကနောင်မင်းတို့မှာ ရွှေဘိုသို့ ရှောင်တိမ်း ထွက်ပြေးကြရသည်။ တစ်ချိန်က အင်းဝ၌ မင်းသားကြီးဦးအို၏ အကွက်ဆင်မှုကြောင့် သာယာဝတီမင်းသည် ရွှေဘိုသို့ ပြေးခဲ့ရသလိုပင် ဖြစ်၏။

မင်းတုန်းနှင့် ကနောင်မင်းသားတို့အဖို့ နောင်တော် ပုဂံမင်းက လိုတစ်မျိုး၊ မလိုတစ်မျိုး လုပ်သည်ဟု ခံပြင်းစရာ ပါပင်။ ပုဂံမင်း နန်းတက်ချိန်က ဘိသိက်ပွဲတွင် မင်းတုန်းမင်းသားက "ရာဇာဓိရာဇာ" ဘွဲ့တံဆိပ် နာမတော်ကို ဆက်သရ၏။ ညီတော်ငယ် ကနောင်မင်းသားက မိဖုရားကြီးသို့ "ရတနာဒေဝီ" တံဆိပ်နာမံတော်ကို ဆက်သရ၏။ နောင်တော်က ထိုမျှ အရေးပေး အမှုထားခဲ့သော ညီနောင် ၂ ပါးကို မိရွှဲတို့ ကုန်းချော ရန်လုပ်သဖြင့် ကန်ထုတ်သကဲ့သို့ ရှိချေသည်။

ထိုနှစ် ပြာသိုလတွင် ပြည်မြို့ကို အင်္ဂလိပ်စစ်တပ်များက သိမ်းယူလေသည်။ တပေါင်းလတွင် အမရပူရ နေပြည်တော်ကို မင်းတုန်းနှင့် ကနောင်မင်းသားတို့က သိမ်းယူသည်။

*

## [ ၈ ] ရောဝတီနှင့် ဒါလဟိုဇီ

The simple question is whether before all Asia, England will submit to Ava, desert its subjects and be driven out of the Irrawaddy; or whether,

www.burmeseclassic.com



protecting its subjects, it will enforce its treaty rights by arms (and) take possession of the Irrawaddy itself.

Lord Dalhousie,
Viceroy of India, 1852.

'ဒီအရေးမှာ အင်္ဂလိပ် တိုင်းရင်းသားများအား မြန်မာဘုရင်က ဖိနှိပ်စော်ကားမှုကို လက်ပိုက်ကြည့်နေမလား။ ဒီလိုဆိုရင် နောက်ဆုံးမှာ ကျွန်တော်တို့ အင်္ဂလိပ်လူမျိုးအားလုံး ဧရာဝတီ မြစ်ရိုးက မောင်းထုတ်ခံရမှာ သေချာတယ်။ တခြားနည်းကတော့ ကျွန်တော်တို့ အင်္ဂလိပ်များက လက်နက်အင်အား ကောင်းချိန်မှာ ဧရာဝတီမြစ်ကို အပြီးအပိုင်သိမ်းပြီး အင်္ဂလိပ်လူမျိုးတို့ရဲ့ ဂုဏ်သိက္ခာကို အဖတ်ဆယ်မယ်။ မြန်မာများကို စာချုပ်စည်းကမ်းအတိုင်း လိုက်နာစေမယ်'

အထက်ပါ လေသံက ဒုတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲကို ဖန်တီးသူ အင်္ဂလိပ် ဘုရင်ခံချုပ် ဒါလဟိုဇီရဲ့ အာဘော်ပဲဗျ။ ဧရာဝတီမြစ်ကို မြန်မာပြည်နှင့် ဒွန်တွဲသုံးစွဲခြင်း ပေပဲ။ ဧရာဝတီမြစ်ရိုး တစ်လျှောက်မှာ ရှေးပဝေဏီမှစပြီး မြန်မာတိုင်းရင်းသားများ မှီတင်းနေထိုင်ခဲ့ကြတော့ ဒီမြစ်နှင့် ဒီလူမျိုးကို ခွဲခြားမရတဲ့ သဘောပါပဲ။

ဇမ္ဗူဒီပါမှာ "မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ"ရယ်လို့ အကြမ်းအားဖြင့် ပြောဆိုကြရာမှာ တရုတ်ပြည်က ယန်ဆီကင်၊ မြန်မာပြည်က ဧရာဝတီ၊ အိန္ဒိယက ဂင်္ဂါ၊ ရုရှားပြည်က ဗော်လကာ၊ အီဂျစ်ပြည်က နိုင်းနဲ့ အမေရိကန်ပြည်က မစ္စစ်စပီမြစ်တို့ဟာ သူတို့တည်ရှိရာ တိုင်းပြည်လူမျိုးများနှင့် ခွဲမရပါဘူး။ တချို့မြစ်ကြီးများကတော့ တိုင်းပြည်တစ်ခု၊ မြစ်တစ်ခု မဟုတ်ဘဲ တိုင်းပြည်အသီးသီးကို ဖြတ်သန်းစီးဆင်းတယ်။ ဥပမာ မဲခေါင်မြစ်၊ ဗြဟ္မပုတ္တရမြစ်၊ ဒင်းညုမြစ်၊ ယူဖရိတ်တီမြစ်၊ ကွန်ဂိုမြစ် စသည်တို့ပါပဲ။

မြန်မာပြည်နှင့် ခွဲခြားမရတဲ့ ဧရာဝတီမြစ်ကို အင်္ဂလိပ် ဘုရင်ခံချုပ်က ကြိမ်းဝါးခြင်းဟာ ၁၈၅၂ ခုနှစ်က ဖြစ်ပါတယ်။ အဲဒီအချိန်က တရုတ်ပြည်ကြီးဟာ ဘိန်းစစ်ပွဲများမှာ ဆုံးရှုံးခဲ့လို့ အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက် မြို့ကြီးများဟာ နိုင်ငံခြားသြဇာခံ ဘဝကို ရောက်သွားတယ်။ အိန္ဒိယပြည်မှာလည်း နောက်ဆုံးတော်လှန်ကြတဲ့ ပန်ချာပီ လူမျိုးများကို အင်္ဂလိပ်များက နှိမ်နင်းပြီးစီးချိန်ဖြစ်တယ်။ စင်ကာပူဒေသကို အင်္ဂလိပ်များ ရရှိပြီးချိန်မှာ အာရှနယ်မြေ အများစုဟာ မြေပုံပေါ်မှာ အနီရောင်ခြယ်သတဲ့ အင်္ဂလိပ် ကိုလိုနီဘဝကို ရောက်ကုန်တယ်။

မြန်မာပြည်ဟာလည်း ၁၈၂၅ ခုနှစ်က ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲကြောင့် ရခိုင်ပြည်နယ်နှင့် တနင်္သာရီကို ပေးလိုက်ရပြီ ဖြစ်တယ်။ သို့သော် ကျန်ရှိတဲ့ မြန်မာနယ်မြေဟာ အနီရောင်မခြယ်သဘဲ ကျန်ရှိနေတာ အင်္ဂလိပ်က ဘယ်မှာ ရှုချင်မှာလဲ။ အောက်မြန်မာပြည်ကို ပြင်သစ်အစရှိတဲ့ တခြားသော နယ်ချဲ့များ ဝင်ရောက်ပြီး အင်္ဂလိပ်သင်္ဘောလမ်းကြောင်းများကို ပိတ်ဆို့နှောင့်ယှက်မှာလည်း စိုးရိမ်တယ်။ ဒါကြောင့် အင်္ဂလိပ်စစ်တပ်များက အားလပ်ချိန်မှာ မြန်မာပြည်ကို တစ်နည်းနည်းနှင့် အပြစ်ရှာပြီး တိုက်ခိုက် သိမ်းပိုက်ဖို့ လက်သားနေချိန် ဖြစ်တယ်။

အဲဒီခေတ်က ပင်လယ်ဆိပ်ကမ်းမြို့များဟာ နိုင်ငံတကာနှင့် ဆက်ဆံရာမှာ မည်သူမဆို လိုက်နာကြရတဲ့ စည်းကမ်းများ ရှိပါတယ်။ နိုင်ငံခြားသင်္ဘောများဟာ ဆိပ်ကမ်းကို ရောက်လျှင် တက်မကိုဖြုတ်ပြီး သက်ဆိုင်ရာ ဆိပ်ကမ်းရုံးကို အပ်နှံထားရတယ်။ ကုန်ပစ္စည်းများ တင်ပြပြီး ထုံးစံအတိုင်း အခွန်အကောက်များ ပေးရတယ်။ ဆိပ်ကမ်းပိုင်နက်အတွင်း ဖြစ်ပွားတဲ့ အမှုကိစ္စများကို ဆိပ်ကမ်းရုံးက စီရင် ဆုံးဖြတ်ချက်အတိုင်း လိုက်နာရတယ်။ အားလုံး ကိစ္စရပ်များ ပြေလည်ပြီးစီးချိန်မှာ ဆိပ်ကမ်းရုံးက သိမ်းထားတဲ့ တက်မကို မာလိန်မှူးထံ ပြန်လည်ပေးအပ်ပြီး ကောင်းစွာ ထွက်ခွာနိုင်တယ်။ မြန်မာပြည်နှင့် အခြား အာရှ ဆိပ်ကမ်းမြို့များမှာ ဒီအတိုင်း ကျင့်သုံးလေ့ ရှိခဲ့ကြပါတယ်။

"ကုန်သည်များက အကောက်ခွန်များ ကြီးလေးတယ်လို့ ပြောစမြဲ ဖြစ်သော်လည်း နိုင်ငံခြားသားများနှင့် ဆက်ဆံရာမှာတော့ မြန်မာများဟာ အင်မတန် လိုက်လျောပါတယ်" လို့ အင်္ဂလိပ် အရာရှိကြီးနှစ်ဦး (Symes and Pearn)တို့ ကိုယ်တိုင် မှတ်ချက်ချခဲ့ပါတယ်။ "အင်္ဂလိပ်နှင့် မြန်မာအစိုးရတို့ ဆက်ဆံရေး တင်းမာနေချိန်မှာပင် ကုန်သည်တို့နှင့် ပြေလည်အောင် အတတ်နိုင်ဆုံး ကြိုးစားကြပါတယ်"လို့ (Pearn) က **ရန်ကုန်သမိုင်း**မှာ ရေးသားခဲ့တယ်။

*

စစ်ဖြစ်တဲ့ အကြောင်းရင်းက မြန်မာနှင့် ပတ်သက်တယ် မဆိုနိုင်ပါ။ အင်္ဂလိပ် ကပ္ပိတန်က သင်္ဘောသား ဘင်္ဂါလီ တစ်ဦးကို သင်္ဘောပေါ်မှ ကန်ချလို့ ရေနစ်သေဆုံးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မြန်မာမြို့ဝန်ရုံးကို တိုင်ကြားရာမှာ ကပ္ပိတန်ကို ဒဏ်ငွေ ဆောင်စေလို့ အမိန့်ချမှတ်တယ်။ ထောင်ချခြင်း၊ ညှဉ်းပန်းခြင်း မရှိပါ။

အဲဒီနှစ် ၁၈၅၁ ခုမှာပဲ အခြား အင်္ဂလိပ်ကပ္ပိတန် တစ်ဦးက သင်္ဘောသားများကို လခ မပေးဘဲထားပြီး အလုပ်သမား တစ်ဦးကိုလည်း သတ်ပစ်တယ်။ အဲဒီ တိုင်ချက်အရ ကပ္ပိတန်ကို ဒဏ်ငွေ ၇၀၀ ကျပ် ဆောင်လျှင် အကျဉ်းမှ လွတ်စေ အမိန့်ချမှတ်တယ်။ မြန်မာမြို့ဝန် အမိန့်ကြောင့် သင်္ဘောသားများလည်း ကပ္ပိတန်ထံမှ ရသင့်ရထိုက်တဲ့ လခ အခွင့်အရေးများ ရရှိခဲ့ကြတယ်။

အင်္ဂလိပ်ကပ္ပိတန်ကို မြန်မာအစိုးရက ဒဏ်ရိုက်ခြင်း ဆိုတာကို ကာလကတ္တားမြို့မှာ ရုံးစိုက်တဲ့ အင်္ဂလိပ်ဘုရင်ခံချုပ် ဒါလဟိုဇီက မခံနိုင်ဘူး။ အာရှတိုက်သား လူမည်း မြန်မာအစိုးရက လူဖြူကပ္ပိတန်များကို တမင် ချိုးနှိမ်စော်ကားခြင်း ဖြစ်တယ်တဲ့။ ဒီလိုသာ အညံ့ခံနေရင် အင်္ဂလိပ် လူမျိုးများအဖို့ လုံခြုံမှု လုံးဝကင်းမဲ့ပြီး အာရှတိုက်မှ မြန်မြန် ထွက်ခွာကြဖို့သာ ရှိတော့တယ် တဲ့။

အင်္ဂလိပ် ကပ္ပိတန်နှစ်ဦးက မြန်မာမြို့ဝန်ထံမှ နစ်နာကြေးအဖြစ် စတာလင်ပေါင် ငွေ ၁၀၂၀ တောင်းဆိုချက်ကို တော့ ဘုရင်ခံချုပ် ကိုယ်တိုင်က များလွန်းတယ် သဘောရရှိလို့ ပေါင် ၁၀၀ လျှော့ပြီး ပေါင် ၉၂၀ သာ တောင်းဆိုစေတယ်။ သို့သော် "ငယ်သောအမှု ကြီးအောင်၊ ကြီးသောအမှု ပေါက်ကွဲအောင်" ဆိုတဲ့ သဘောနှင့် မိုက်ရူးရဲကပ္ပိတန် လင်းဘတ် (Lambert) ဆိုသူကို ရေတပ်သင်္ဘော ၃ စင်းနှင့် စေလွှတ်လိုက်တယ်။

ရန်ကုန် ရောက်တော့ လင်းဘတ်က သံတမန်လို မဟုတ်ဘဲ စည်းကမ်းအမျိုးမျိုး ချိုးဖောက်ပြီး အပေါ်စီးနှင့် ရာဇသံပေးသလို လုပ်တယ်။ သူ့အပြုအမူကို ဘုရင်ခံချုပ် အတိုင်ပင်ခံအဖွဲ့ကတောင် ရှုတ်ချမှတ်တမ်း ရေးတယ်။ ဘိလပ်ပါလီမန်ကို တင်ပြချိန်မှာတော့ အဲဒီမှတ်ချက်ကို ဖျောက်ဖျက်ထားကြတယ်။

မြန်မာရှင်ဘုရင်က ဒီအမှုနှင့် ပတ်သက်ပြီး အင်္ဂလိပ် များ တောင်းဆိုတဲ့ လျော်ကြေးကိုလည်း ပေးရန်၊ မြို့ဝန် အသစ်လည်း ခန့်အပ်ရန် သဘောတူခဲ့တယ်။ မြို့ဝန်အသစ် ရောက်ရှိချိန်မှာ လင်းဘတ်က သူ့တပည့်အချို့ကို မြင်းစီးပြီး မြို့ဝန်ထံ သွားစေတယ်။ ထုံးစံအရ မြို့ဝန်အိမ်ဝင်းအတွင်း ဘာမျှစီးနင်းခွင့် မပြုဘူး။ ဝင်းခြံဝမှာ မင်းညီမင်းသားများပင် ဆင်မြင်းမှ ဆင်းသက်ပြီး လှေကားအထိ ခြေကျင်သွားကြရတယ်။ မြို့ဝန် ဆိုပေတဲ့ ရှင်ဘုရင်ရဲ့ကိုယ်စားလှယ် ဘုရင်ခံ ပေကိုး။ မြို့ဝန်အသစ်မို့ သူက ဘာမျှ မလုပ်ရခင် သူ့ကို ဆိုးတယ်လို့လည်း မစွပ်စွဲနိုင်ဘူး။ လင်းဘတ်ရဲ့ တပည့်များ က မြို့ဝန်ရဲ့ ဝင်းခြံအတွင်း အိမ်ဦး လှေကားအထိ မြင်းစီး ဝင်ရောက်ကြတယ်။ ဒါကြောင့် မြို့ဝန်က သူတို့ကို တွေ့ဆုံရန် ငြင်းပယ်လိုက်တယ်။

အဲသလို တွေ့ဆုံခွင့် မပြုတဲ့အတွက် လင်းဘတ်ကို မြို့ဝန်က လူသိနတ်ကြား တောင်းပန်ရမယ်လို့ တောင်းဆို ပြန်တယ်။ မြို့ဝန်ထံမှ စကားပြန်မရမီ လင်းဘတ်က ရန်ကုန် မြစ်အတွင်းမှ မြန်မာအစိုးရပိုင် သင်္ဘောတစ်စင်းကို အတင်း လုယူပြီး ရန်ကုန်မြစ်တွင်းမှ စုန်ဆင်းသွားကြတယ်။ မြန်မာ သင်္ဘောကို လင်းဘတ်က ပင်လယ်ဓားပြဆန်ဆန် လုယူ သွားတော့ ဆိပ်ကမ်းစောင့် မြန်မာစစ်တပ်များကလည်း စတင် ပစ်ခတ်တော့တာပေါ့။

*

ဒီလို ပစ်ခတ်မှုများ ဖြစ်ရတဲ့အတွက် လင်းဘတ်သာလျှင် တရားခံ ဖြစ်တယ်လို့ ဘုရင်ခံချုပ် ဒါလဟိုဇီ ကိုယ်တိုင် မှတ်တမ်းရေးခဲ့တယ်။ သို့သော် လင်းဘတ်ကို ဘယ်လိုမျှ အရေးမယူခဲ့ဘူး။ ရန်ကုန်မြို့ဝန်က အင်္ဂလိပ်အစိုးရထံ ပေးပို့ တဲ့ ဖြေရှင်းချက်ကိုလည်း တစ်စုံတစ်ရာ ပြန်ကြားခြင်း မရှိဘူး။ ဒါလဟိုဇီက မိုးဦးမကျမီ ရန်ကုန်မြို့ကို သိမ်းပိုက်ဖို့ အပူတပြင်း စီစဉ်တယ်။ အမရပူရမြို့တော်ရှိ မြန်မာဘုရင် ပုဂံမင်းထံ အင်္ဂလိပ်ရာဇသံ နောက်ထပ် ပေးပို့ရာမှာ–

(၁) ရန်ကုန်မြို့ဝန် အသစ်ကိုလည်း ဘုရင်က အလုပ်မှ ဖြုတ်ပစ်ရန်၊

(၂) မြို့ဝန်က အင်္ဂလိပ်အရာရှိများကို လက်ခံတွေ့ဆုံခြင်း မပြုသည့်အတွက် မြန်မာလွှတ်တော် အမတ်ကြီးများ ကိုယ်တိုင် အရှေ့အိန္ဒိယကုမ္ပဏီ အစိုးရသို့ ဝမ်းနည်းကြောင်း တောင်းပန်ရန်၊

(၃) မြန်မာဘုရင်က အင်္ဂလိပ်ကပ္ပိတန်များနှင့်တကွ ရန်ကုန်မြို့တွင် ပစ်ခတ်မှုများကြောင့် ပျက်စီး နစ်နာသူများသို့ လျော်ကြေးအဖြစ် ပေါင်စတာ လင် ငွေတစ်သိန်း ပေးရန်၊



www.burmeseclassic.com

www.burmeseclassic.com



(၄) ရန္တပိုစာချုပ်၌ရှိသည့်အတိုင်း အင်္ဂလိပ်ကိုယ်စားလှယ် အရာရှိတစ်ဦး ရန်ကုန်မြို့၌ ထားရှိရန်။

ဒေါက်တာထင်အောင် ရေးတဲ့ ရာဇဝင်စာအုပ်မှာ အထက်ပါ တောင်းဆိုချက်များတွင် နောက်ဆုံးအချက်သာ ယုတ္တိရှိသည်လို့ ဆိုတယ်။ တခြား အချက်အားလုံးဟာ စော်ကားမော်ကားနှင့် အနုကြမ်းစီးခြင်း ဖြစ်တယ် တဲ့။

အဲဒီအချိန် (၁၈၅၂ ခု)က အင်္ဂလန်ပြည်မှာ ကော့ဘဒင် (John Cobden)ဆိုသူက အိန္ဒိယပြည်တွင် အင်္ဂလိပ်များ စစ်ပွဲဖန်တီးပုံ (How Wars Are Got Up In India) ခေါ် စာအုပ်ငယ်တစ်ခု ဖြန့်ချိတယ်။

ဒုတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲ ဖြစ်ပွားရာမှာ ဘုရင်ခံချုပ် ဒါလဟိုဇီက–

(၁) မြန်မာအစိုးရထံ ငွေတစ်ထောင် မပြည့်သော လျော်ကြေး စတင် တောင်းဆိုသည်။

(၂) ထို့နောက် ရန်ကုန်မြို့ဝန်ထံမှ အင်္ဂလိပ်အရာရှိများကို ကောင်းစွာ မဆက်ဆံသည့် အတွက် တောင်းပန်လွှာ ရေးစေသည်။

(၃) ထို့နောက် လျော်ကြေးငွေကို တစ်သိန်းအထိ တိုးမြှင့် တောင်းဆိုသည်။

(၄) ထို့နောက် မြန်မာပိုင်နက်ကို အတင်း ဝင်ရောက် တိုက်ခိုက်သည်။

(၅) ထို့နောက် လျော်ကြေးများ၊ တောင်းပန်လွှာများ အကြောင်းကို မပြောတော့ဘဲ ပဲခူးနယ်ကို အင်္ဂလိပ်လက်သို့ အပြီးအပိုင် လွှဲအပ်ပါက အားလုံး ပြေလည်မည် ဆိုသည်။

ကော့ဘဒင်က ဆက်လက်ရေးသားရာတွင် "ဒါမျိုး လုပ်တာကို တရားသောစစ်ပွဲဟု မခေါ်ဆိုနိုင်ပါ။ အင်အားချည့်နဲ့သော အောက်ကျနောက်ကျ နိုင်ငံတစ်ခုကို ယဉ်ကျေးသည်ဆိုသော ခေတ်မီနိုင်ငံကြီးက စစ်လက်နက် အပြည့်အစုံနှင့် ဝင်ရောက် သတ်ဖြတ် အနိုင်ကျင့်ခြင်းမှာ ဂုဏ်လည်းမရှိ သိက္ခာလည်း ကင်းမဲ့လျက် သတ္တိဟူ၍လည်း မဆိုနိုင်ပါ"လို့ ရှုတ်ချတယ်။

အမေရိကန် အထက်လွှတ်တော်တွင် ဗိုလ်ချုပ်ကပ်စ် (General Cass) ဆိုသူကလည်း ပြစ်တင်ရှုတ်ချသည်မှာ–

"အင်္ဂလိပ်တို့က မြန်မာပြည်ကို စစ်တိုက်သည်မှာ ငွေ ၉၂၀ တောင်းဆိုသည်ကို မရသောကြောင့် ဖြစ်၏။ ဤကိစ္စကြောင့် စစ်ကြေညာရသည် ဆိုခြင်းမှာ ယုံနိုင်စရာပင် မရှိချေ။ သို့သော် သက်သေ အခိုင်အမာ ရှိနေ၏။ ကမ္ဘာ့သမိုင်း၌ ဤမျှ မဖြစ်စလောက် ကိစ္စကြောင့် စစ်မက်ဖြစ်ပွားသည်ဟု မကြားဖူးပါ။ ယခုမူ မြန်မာတို့အဖို့ လွတ်လပ်ရေး ဆုံးရှုံး ပျက်စီးရတော့၏။ ဤသို့ ယုတ်မာ ရက်စက်သူ အင်္ဂလိပ်များက သူတစ်ပါးကို ရိုးသားမှုတစ္စာ ကျင့်သုံးသင့်ကြောင်း တရားဟောစရာ မလိုပေ။"

*

အမရပူရ နေပြည်တော်မှာ ပုဂံမင်း အနေနှင့် အင်္ဂလိပ်များကို အလျှော့ပေးသော်လည်း ကြာလေကဲလေ မန်းလေပြီလေ ဖြစ်တဲ့အတွက် နောက်ထပ် ဘာမှုပြန်ကြားချက် မပြုတော့ဘဲ စစ်တိုက်ဖို့ပဲ ဆုံးဖြတ်တယ်။ နောင်တော်ပြည်မင်းသားရှိစဉ်က 'အင်္ဂလိပ်တွေ မြန်မာပြည်ကို တစ်စတစ်စ သိမ်းပိုက်ဝါးမျိုမှာ အမှန်ပဲ။ ဒါကြောင့် သေရင် မြေကြီး၊ ရှင်လျှင် ရွှေထီး ဆောင်ပုဒ်အတိုင်း ဒီ မိစ္ဆာနယ်ချဲ့ကို မြန်မြန်ရင်ဆိုင် တိုက်ခိုက်ရမယ်'လို့ မိန့်ဆိုခဲ့တယ်။ အနောက်နန်းမိဖုရား မြကလေးကလည်း အဲဒီလမ်းစဉ်ကို ထောက်ခံတယ်။ ယခု သူတို့ပြောတဲ့အတိုင်း မှန်နေတယ်။ သူတို့ကား မရှိတော့။

ပုဂံမင်းဟာ ရာဇဝင်မှာ ကြက်တို့၊ ငှက်တို့ မွေးမြူတိုက်ပွဲဆင်နေသူ အဖြစ်နှင့် နာမည်ပျက်ခဲ့သော်လည်း အင်္ဂလိပ်ကို နောက်ဆုံးမှာ ခံချတဲ့ သတ္တိခဲပေပဲ။ သူ့ယောက်ဖတော် မင်းသား မောင်ကျောက်လုံးလည်း မြာပွေသူ ဖြစ်ပေမယ့် စစ်သားတစ်သောင်းနှင့် တောင်တွင်းကြီးမှ ဆီးဆို့တိုက်ခိုက်သူ ဖြစ်ပေတယ်။

အဲဒီ ဒုတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲမှာ ဘုရင်ခံချုပ် ဒါလဟိုဇီ ကိုယ်တိုင် ရန်ကုန်ကို လာရောက်ညွှန်ကြားရေးလုပ်ခဲ့တယ်။ ပုဂံမင်းရဲ့ စစ်ပရိယာယ်က မခေကြောင်း အောက်ပါအတိုင်း ဒါလဟိုဇီက မှတ်ချက် ရေးခဲ့တယ်။

Still no sign came from Amarapura. The King, it was reported, was "Cook-fighting, as usual". "This beats Nero's fiddling while Rome burnt" wrote Dalhousie in disgust. The situation in fact gravely perplexed him. "We can hear of no troops, no fortifications anywhere..... But the beasts don't give in and this sort of passive Resistance is embarrassing for I can't get a result. They give



www.burmeseclassic.com

www.burmeseclassic.com



and take no terms. To make our own terms, take Pegu, is what I desire to avoid; and yet to go away is to be practically expelled from Ava."

"ကျွန်တော်တို့ အင်္ဂလိပ်တပ်များက ရှည်ရှည်ဝေးဝေး စစ်တိုက်မနေဘဲ မြန်မာများကို မှတ်လောက်သားလောက် ဆုံးမပြီးစီးချိန်မှာ စစ်ပြေငြိမ်းချင်တယ်။ အမရပူရမှ အညှိခံဖို့ စစ်ရေးတောင်းသူများ ရောက်လာမယ်လို့ မျှော်နေခဲ့ကြတယ်။ သို့သော် ဘယ်လိုအရိပ်အခြည်မှ ပေါ်မလာဘူး။ မြန်မာဘုရင်က သူ့ဝါသနာအရ ခါတိုင်းလိုပဲ ကြက်တိုက်နေတယ်လို့ သတင်းရတယ်။ အဲဒါကတော့ ရောမဧကရာဇ် နီရိုးထက် မြန်မာမင်းက တစ်ထစ် သာသွားပြီ ဆိုရမယ်။ နီရိုးက သူ့နေပြည်တော် ရောမမြို့ကြီး မီးဟုန်းဟုန်းတောက်လောင်ချိန်မှာ တယောထိုးနေခဲ့တယ်လေ၊ ဘာမှ ဂရုမစိုက်ဘူး။ အခြေအနေက ကျွန်တော့်အဖို့ အင်မတန် စိတ်ရှုပ်စရာပဲ။ မြန်မာစစ်တပ်တွေက ဘယ်မှာ ခံတပ်လုပ်ပြီး ဘယ်လို ရင်ဆိုင်မလဲ ဆိုတာ သတင်းလုံးဝမရဘူး။ သူတို့က အလျှော့လည်း မပေးဘူး။ အဲသလို တုဏှိဘာဝေ တော်လှန်ရေးမျိုးကို ဘယ်လိုတိုက်ခိုက်မလဲ။ အရှုံးအနိုင်ပေါ်အောင် ဘယ်လိုလုပ်မလဲ။ သူတို့က ဘာမှ အပေးအယူ မလုပ်ဘူး။ ကျွန်တော်က ပဲခူးကို သိမ်းယူပြီး တစ်ဖက်သတ် လုပ်ချင်တိုင်းလည်း မလုပ်ချင်ဘူး။ အဲသလို မလုပ်ဘဲ မြန်မာပြည်က ပြန်လည်ထွက်ခွာသွားရမှာလည်း အခက်ပဲ။ သူတို့က အင်္ဂလိပ်များကို မြန်မာပြည်က မောင်းထုတ်လိုက်ပြီလို့ ဆိုမှာပေါ့"

ပုဂံမင်းရဲ့ သေနင်္ဂဗျူဟာက ဒါလဟိုဇီကို အဲသလောက် အူကြောင်ကြောင် ဖြစ်စေခဲ့တယ်။ သို့သော် အဲဒီအချိန်မှာ ညီတော်မင်းတုန်းနှင့် ကနောင်မင်းသားတို့ အရေးတော်ပုံ ပေါ်ပေါက်ပြီး နောင်တော် ပုဂံမင်း နန်းကျသွားတယ်။

## သုံးခြမ်းကွဲ မြန်မာပြည်

နွားကွဲတော့ ကျားကိုက်လို့ ပိုကောင်းတာပေါ့။ အင်္ဂလိပ်က မုတ္တမ၊ ရန်ကုန်နှင့် ပုသိမ်ကို အလွယ်တကူ သိမ်းပိုက်ပြီး သူတို့ရေတပ်က ပြည်မြို့အထိ ရောက်လာတယ်။ ပဲခူးနယ်ဆိုတာ သာရဝေါ အထိသာ ကျယ်ပြန့်သော်လည်း အင်္ဂလိပ်က ပြည်မြို့အထက် မိုင် ၅၀ ကွာတဲ့ မြေထဲမြို့ (ယခု အောင်လံမြို့)အထိ သူတို့ပိုင်နက် လုပ်လိုက်တယ်။ ပြည်နှင့်မြေထဲ စပ်ကြားမှာ သစ်တောကောင်းတွေ ရှိနေလို့တဲ့။ အရှေ့ဘက်မှာ ဆိုရင်လည်း ပဲခူးနယ်ကို တောင်ငူမြို့ရဲ့ မြောက်ဘက် ၂၆ မိုင်အထိ ပိုမိုတိုးချဲ့ သိမ်းယူတယ်။ အထက်နှင့်အောက် မြန်မာပြည် နယ်နိမိတ်ကို အင်္ဂလိပ်စိတ်ကြိုက် အဲသလို သတ်မှတ်လိုက်ကြတယ်။

ယခု ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်မှာ နှစ်ခြမ်းကွဲနိုင်ငံတွေ ခေတ်စားလာတယ်။ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား၊ တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ် (ယခု ပြန်လည်ပေါင်းစည်းပြီး)၊ အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီ (ယခု ပြန်လည်ပေါင်းစည်းပြီး) ဆိုတာတွေပေါ့။

အဲဒီနိုင်ငံတွေ အတွက်တော့ ဒုက္ခပါပဲလို့ ကြင်နာသနားပါတယ်။ သို့သော် မိမိရာဇဝင်ကို ပြန်ကြည့်မိတော့မှ ဒီရောဂါကို မြန်မာပြည်က သူများထက်အလျင် နှစ်ပေါင်း ၁၀၀ ကျော် စောစီးစွာ ခံခဲ့ရခြင်း ပါလားလို့ ရင်ထုမနာ ဖြစ်မိတယ်။

မင်းတုန်းမင်း အနေနှင့် သူ မင်းသားဘဝက ကံကြွေး အဖြစ်နှင့် မြို့စားလုပ်ခဲ့ရာ မင်းတုန်းမြို့ကလေးကို သံယောဇဉ် မပြတ်ရှာဘူး။ အင်္ဂလိပ်တို့က မြန်မာပြည် အထက် အောက် ပိုင်းခြားရာမှာ မင်းတုန်းမြို့က အောက်ပြည်ထဲ ပါသွားတယ်။

ဒါကြောင့် မင်းတုန်းမြို့နယ်ကလေးဟာ အင်္ဂလိပ်နယ်အတွင်း မိုင် ၃၀ လောက် ပါရှိနေသော်လည်း မြန်မာဘုရင်ရဲ့ မျက်နှာတော်ကို ထောက်ထားသောအားဖြင့် ဒီနယ်ကို မသိမ်းပိုက်ဘဲ ချန်လှပ်ထားစေလိုပါတယ်။ တန်ဖိုးရှိတဲ့ နယ်မြေ မဟုတ်သည့်အတွက် အသေးအဖွဲ ကိစ္စတစ်ခုသာ ဖြစ်ပါတယ်။

မင်းတုန်းမင်း အနေနှင့် မင်းသားဘဝမှာ လည်းကောင်း၊ နန်းတက်ပြီးချိန်၌ လည်းကောင်း အင်္ဂလိပ်များကို မဟာမိတ်အဖြစ် စေတနာရှေ့ထား ဆက်ဆံလေ့ရှိခဲ့လို့ ဒီအရေးကလေးမှာတော့ အင်္ဂလိပ်တို့က အလွယ်တကူ လိုက်လျောနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီလိုမှ မလိုက်လျောလျှင် အင်္ဂလန်ပြည်သားများက မြန်မာဘုရင်ကို အနည်းငယ်မျှ လေးစားခြင်းမရှိလို့ ယူဆဖွယ် ဖြစ်နေပါတယ်။ တောင်ငူနယ်နှင့် အခြားဒေသတွေမှာ အင်္ဂလိပ်များ သတ်မှတ်သည့်အတိုင်း ဘာမျှ မညည်းမညူ လက်ခံခဲ့ပြီဖြစ်လို့ မင်းတုန်းမြို့ကလေးကိုတော့ သူ နေမြဲအတိုင်း ထားစေလိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ ပြေလည်လျှင် အခြားပြဿနာ အရပ်ရပ်လည်း လွယ်ကူစွာ ဖြေရှင်း ပြီးပြတ်ပါလိမ့်မယ် စသဖြင့် ဘုရင့်ဂျိဘုန်းကြီး အဘိုးနား (Abbona) မှတစ်ဆင့် မေတ္တာရပ်ခံတယ်။

ဒါလဟိုဇီ၏ ကြိမ်းဝါးသံ

ဘုရင်ခံချုပ် ဒါလဟိုဇီရဲ့ အဖြေကတော့ 'မင်းတုန်းမင်း အနေဖြင့် အသေးအဖွဲ မြို့နယ်ကလေး တစ်ခုကြောင့် အင်္ဂလိပ်– မြန်မာ ချစ်ကြည်ရေး မပျက်သင့်ပါဘူး ဆိုတယ်။ ဒီလိုဆိုရင် အခု သတ်မှတ်ပြီးစီးတဲ့ နယ်နိမိတ်အတိုင်း စစ်ပြေငြိမ်းရေး စာချုပ်ကို သူက ဘာလို့ လက်မှတ်မထိုးလဲ။ သူကိုယ်တိုင် သဲဘောတူကြောင်း ဖွင့်ဟပြောဆိုပြီးတဲ့ ကိစ္စကို လက်မှတ်ရေးထိုးရေးဟာလည်း ဘာမျှ ဝန်လေးဖွယ် မရှိပါ။ အသေးအဖွဲ ကိစ္စတစ်ခုသာ ဖြစ်ပါတယ်'။ အဲသလို မိန့်ဆိုပြီး အောက်မြန်မာပြည် အုပ်ချုပ်ရေးမှူး အာသာဖယ်ရာ (Phayre)ကို နယ်နိမိတ်စာချုပ် အောင်မြင်စွာ လက်မှတ်ရေးထိုးစေဖို့ အစွမ်းကုန် မှာကြားလိုက်တယ်။

"Exhaust all your art to succeed, if you can, But bear in mind that for the King it is no song, no supper; no treaty, no Mindon-myo."

မြန်မာဘုရင် အတွက်မှာတော့ "လှောင်အိမ်ထဲက သာလိကာ ငှက်ကလေးပမာ" သီချင်းဆိုမှ အစာကျွေးမယ်။ စာချုပ်ကို လက်မှတ်ထိုးမှ မင်းတုန်းမြို့ကို ပေးမယ်။ ဒါပဲ။

ဒါလဟိုဇီထံမှ နောက်ထပ် ညွှန်ကြားစာ တစ်စောင်မှာ အောက်ပါအတိုင်း ပါရှိတယ်။ "ဘုန်းတော်ကြီး အဘိုးနားက ရှင်ဘုရင်ကို ပြောပြဖို့လည်း မှာလိုက်ချင်ပါတယ်။ အကယ်၍ မြန်မာတို့က အင်္ဂလိပ်ကို ဆက်လက်တိုက်ခိုက်ပါလျှင် မြန်မာနိုင်ငံ တစ်ရပ်လုံးကို အကုန်ဖျက်ဆီးပစ်မယ်။ မြန်မာပြည်ကို စိုးမိုးအုပ်ချုပ် မင်းလုပ်သူများကိုလည်း တွေ့ရာသချိုင်း လိုက်လံပစ်ခတ်မယ်။ သင်းတို့ကို ဤကမ္ဘာမြေပြင်မှာ ရပ်တည်ရာမရသော သူတောင်းစားများအဖြစ် ရောက်အောင် လုပ်ပစ်ဖို့ ကျွန်ုပ်က လေးနက်စွာ အဓိဋ္ဌာန်ပြုကြောင်း ပြောဖြစ်အောင် ပြောလိုက်ပါ"

"And you may tell Father Abbona from me, that be may tell it to the King, that I swear solemnly that if the Burmese nation renews war with us, I shall hold myself free to utterly destroy the Burma Kingdom, and to hunt down the race that rules over it, till I make them beggars upon the face of the earth."

မင်းတုန်းမင်း အနေနှင့် ဆက်လက်ကြိုးပမ်းချက် ပြုတာကတော့ အင်္ဂလိပ်နှင့် မြန်မာတို့ ချစ်ကြည်ရေး သံတမန်အဖွဲ့များ စေလွှတ်ကြရန် ဖြစ်တယ်။ ၁၈၅၄ ခု ဒီဇင်ဘာလမှာ ကာလကတ္တားမြို့ရောက် မြန်မာသံများကို ဘုရင်ခံချုပ် ဒါလဟိုဇီက လက်ခံ တွေ့ဆုံတယ်။

မြန်မာဝန်ထောက်။ ။မြန်မာသံအဖွဲ့က ဘုရင်ထံမှ လက်ဆောင် ပဏ္ဏာတော်များနှင့်တကွ ဘုရင်ခံချုပ် မင်းကြီးထံ ချစ်ကြည်ရေးပြုရန် ရောက်လာကြပါသည်။ အင်္ဂလိပ်နှင့် မြန်မာ ခေတ်အဆက်ဆက် မဟာမိတ်များ ဖြစ်ခဲ့ရာတွင် မကြာမီက စစ်မက်ဖြစ်ပွား၍ ဝမ်းနည်းဖွယ် ဖြစ်ပါသည်။ ယခုအခါ စစ်ပွဲပြီးစီး၍ ထုံးစံအတိုင်း အင်္ဂလိပ်တို့ သိမ်းပိုက်ထားသော နယ်ပယ်များကို မြန်မာဘုရင်ထံ ပြန်လည် ပေးသင့်ပါကြောင်း။

ဘုရင်ခံချုပ်။ ။ငြိမ်းချမ်းရေးအတွက် အင်္ဂလိပ်ပိုင် နယ်များကို ပြန်ပေးရမည် ဆိုလိုပါသလား။

အာသာဖယ်ယာ။ ။မြန်မာသံများက ရှေးဟောင်း ထုံးစံကိုသာ ဖော်ပြခြင်း ဖြစ်ပါသည်။

ဘုရင်ခံချုပ်။ ။ဤစစ်ကို အင်္ဂလိပ်က ဖန်တီးသည် မဟုတ်။ နယ်မြေ သိမ်းပိုက်ခြင်းမှာလည်း အင်္ဂလိပ်တို့၏ လုံခြုံရေးအတွက် ဖြစ်သည်။ မြန်မာသံအဖွဲ့သည် ယခုထွက်ပေါ်လျက်ရှိသော နေမင်းကို ကောင်းစွာ မြင်နိုင်ကြပေသည်။ ယခု အင်္ဂလိပ်တို့ သိမ်းပိုက်ထားသော နယ်မြေများကို ကောင်းကင်၌ ဤနေမင်း ထွန်းလင်းနေသမျှ ကာလပတ်လုံး အင်းဝဘုရင်ထံသို့ ဘယ်သောအခါမျှ ပြန်အပ်လိမ့်မည် မဟုတ်ပါ။

So long as the sun shines, which they see, these territories will never be restored to the Kingdom of Ava.

မြန်မာသံမှူး။ ။အင်္ဂလိပ်နှင့် စစ် စတင် ဖြစ်ပွားခဲ့သော ပုဂံမင်းမှာ ယခုအခါ နန်းကျသွားပါပြီ။ သူက ရက်စက် ဆိုးရွားပါသည်။ ယခု မြန်မာဘုရင်ကား သဘောပြည့်ဝသူ၊ ချစ်ကြည်ရေး လိုလားသူ ဖြစ်ပါသည်။

ဘုရင်ခံချုပ်။ ။စစ်တိုက်ရာတွင် လူတစ်ဦးချင်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ကြသည် မဟုတ်ပါ။ တိုင်းပြည်အနေဖြင့် စစ်တပ်များ ရင်ဆိုင်တိုက်ခိုက်ခြင်း ဖြစ်သည်။ လွန်ခဲ့ပြီးသော ကိစ္စများကို ပြန်လည်ပြင်ဆင်ရန် မဖြစ်နိုင်တော့။ ယခု မြန်မာဘုရင်နှင့် စစ်ပြေငြိမ်းရေးစာချုပ် ပြုလုပ်ကာ ချစ်ကြည်ရေးအစွန့်ရှည်နိုင်မည်ဟု မျှော်လင့်ပါသည်။ သင့်တင့်သောအချိန်ကာလတွင် အရေးပိုင် ဖယ်ယာ ခေါင်းဆောင်သော အင်္ဂလိပ်သံအဖွဲ့ မြန်မာမင်းထံ စေလွှတ်ပါမည်။

မင်းတုန်းမင်း အနေနှင့် စာချုပ် လက်မှတ်ရေးထိုးခြင်းကိုတော့ တစ်သက်လုံး ရှောင်ကြဉ်ခဲ့တယ်။ မြန်မာပိုင်နယ်မြေကို သူတစ်ပါးလက်သို့ လက်မှတ်ထိုးပြီး အပ်နံ့တဲ့ဘုရင်အဖြစ်နှင့် ရာဇဝင်ရိုင်းမှာကို သူ မလိုလားဆုံး ဖြစ်တယ်။ အင်္ဂလိပ်သံအဖွဲ့ သူ့ထံသို့ လာရောက်ချိန်မှာ ကောင်းစွာ ဧည့်ခံပြီး အင်္ဂလိပ် သတ်မှတ်တဲ့ နယ်နိမိတ်အတိုင်း လက်ခံကြောင်း ညီလာခံမှာ ဘုရင်ကိုယ်တိုင် ထုတ်ဖော်မိန့်ကြားရန် ဝန်မလေးပါ။ စာချုပ် လက်မှတ်ရေးထိုးရေးကိုတော့ မင်းတုန်းမြို့ထက် ပိုမိုကျယ်ပြန့်တဲ့ နယ်မြေများပြန်ပေးစေကာမူ ပြုဖွယ် မရှိပါ။ ဒါကြောင့် ဒါလဟိုဇီကိုယ်တိုင် တစ်ဦးတည်း လက်မှတ်ထိုးတဲ့ မှတ်တမ်းတစ်ခုပြုလုပ်ခဲ့ရတယ်။

## ရောဝတီ သင်္ဘောကုမ္ပဏီ

ဒါလဟိုဇီက အင်္ဂလန်ပြည် အစိုးရအဖွဲ့မှာ ကုန်သွယ်ရေးဝန်ကြီး လုပ်ဖူးတယ်။ ၁၈၄၈ ခုနှစ်က သူ ၃၆ နှစ် အရွယ်မှာ အိန္ဒိယဘုရင်ခံချုပ် ဖြစ်လာတယ်။ ၈ နှစ်ကြာ အုပ်ချုပ်ခဲ့ရာမှာ ပန်ဂျပ်ပြည်နယ်၊ ဥဒပြည်နယ် (Oudh) နှင့် မြန်မာပြည်တို့ကို အင်္ဂလိပ်ပိုင် နယ်မြေအဖြစ် သိမ်းပိုက်ခဲ့တယ်။

နယ်ချဲ့ အရာရှိပိုင်းက သူ့ကို ချီးကျူးရာမှာ သူ့လောက် ထက်မြက်တန်ခိုးကြီးတဲ့ အဓိပတိမျိုး အိန္ဒိယသမိုင်းမှာ မရှိဘူးတဲ့။ အာသောကတို့၊ အက္ကဘာတို့ထက် သာတယ်ပေါ့။

မြန်မာပြည်မှာတော့ ဧရာဝတီ သင်္ဘောကုမ္ပဏီကို စတင် ထူထောင်ပေးခဲ့သူအဖြစ် နယ်ချဲ့စနစ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေခဲ့လို့ အင်္ဂလိပ်ခေတ်က ကျေးဇူးတင်သူများ ရှိခဲ့ပေတယ်။ ရန်ကုန်မှ မြေထဲမြို့အထိ မိုင် ၃၀၀ လောက် ရေကြောင်းခရီး ရှိနေတော့ အဲဒီအတွက် လိုအပ်တဲ့ သင်္ဘော ၄ စင်းကို သူက ၁၈၅၂ ခုနှစ်မှာ စတင် ထူထောင်ပေးခဲ့တယ်။

အဲ့ဒီအချိန်မှ စပြီး မြန်မာတိုင်းရင်းသားများဟာ ကိုယ့်မြေကိုယ့်ရေမှ လွတ်လပ်စွာ စုန်ဆန် ကူးသန်းနိုင်ခွင့် မရှိတော့ဘူး။ အညာက ဘုရားဖူးများလည်း အောက်ပြည်ကို လှည့်လည် ကုသိုလ်ပြုဖို့ ခဲယဉ်းလာတယ်။ မြန်မာတွေဟာ ရေကြောင်းလမ်း ပိတ်ဆို့ပြီး ကမ္ဘာနှင့် အဆက်ပြတ်တဲ့ဘဝ ရောက်ခဲ့ရတယ်။

ကျွန်တော်များအဖို့ နယ်ချဲ့လက်အောက်မှ တော်လှန် လွတ်မြောက်ခဲ့ပြီမို့ သူတို့ကို အထူးတလည် ပုတ်ခတ်လိုစိတ် မရှိပါ။ ဒါလဟိုဇီ အဖို့မှာ သူတို့လူဖြူ အချင်းချင်းတောင် လက်မခံနိုင်ကြလို့ ရှုတ်ချခဲ့ပုံများ ကိုးကား ဖော်ပြခဲ့ပါပြီ။ ဒီထက် ဆိုးတာက ဒါလဟိုဇီရဲ့ ပါးစပ်မှ ထွက်တဲ့ဖရုဿဝါစာများကလည်း သူ ဘယ်လို လူစားဆိုတာ ထင်ရှားစေပါတယ်။ "ဝစီဗေဒ၊ ထိတိုင်းရှ" ဆိုသလို သူ့တံတွေးခွက်မှာပဲ သူ ပက်လက်မျောနေပါတယ်။

## နယ်ချဲ့၏ ဗီဇ

လူစင်စစ်မှ ဘာကြောင့် ဒီလောက် ယုတ်မာပက်စက်တဲ့ နယ်ချဲ့ဘီလူးများ ဖြစ်ကုန်ကြသလဲ ဆိုတာ သုတေသနလုပ်သင့်သဗျ။

ဂျာမဏီပြည်သား ဟန်းကောန် (Hans Kohn)ရဲ့ လေ့လာချက်အရ ဆိုလျှင် အင်္ဂလိပ်များဟာ နယ်ချဲ့ခေတ်ဦးဖြစ်တဲ့ ၁၆ ရာစု ကရွန်းဝဲ (Cromwell) အစိုးရလက်ထက်က စပြီး "ကမ္ဘာကို အုပ်စိုးဖို့ ထာဝရဘုရားက ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံရသူတို့မှာ အင်္ဂလိပ်လူမျိုးသာ ဖြစ်သည်"လို့ အစွဲဝင်လာသတဲ့။ အဲ့ဒီ Chosen People ဆိုသူများဟာ ယခင်က ဣသရေလ (Israelites) လူမျိုးများသာဖြစ်တယ်လို့ ဓမ္မဟောင်းကျမ်းမှာ လာတယ်။ အဲဒီဝါဒကို အင်္ဂလိပ်က မူပိုင်လုပ်ပြီး အင်ပါယာကြီး ထူထောင်ခဲ့တယ်။ ထာဝရဘုရားရဲ့ ဗျာဒိတ်တော် ရရှိသူများမှာ ဣသရေလလူမျိုးလည်း မဟုတ်တော့။ အခြား လူဖြူ ခရစ်ယာန်များလည်း ပါဝင်ခွင့် မရှိ။ "အင်္ဂလိပ်က လွဲလျှင် အခြားသောကမ္ဘာသူ ကမ္ဘာသားများဟာ ဖွဲ့နှင့်ဆန်ကွဲများသာ ဖြစ်သည်" ဆိုတဲ့ ဖက်ဆစ် မျိုးချစ်စိတ်မျိုး သွတ်သွင်းခဲ့တယ်။ အဲဒီက စပြီး "ဘုရားဗျာဒိတ်ခံသူများ ဘာလုပ်လုပ် မှန်သည်။ အခြား



www.burmeseclassic.com

www.burmeseclassic.com



လူမျိုး ဘာလုပ်လုပ် မှား၏" ဆိုတဲ့ ခံယူချက်ကို ကျင့်သုံးလာတယ်တဲ့။

ဒါလဟိုဇီဟာ ၁၈၅၆ ခုနှစ်မှာ ရာထူးသက်တမ်းကုန်ဆုံးပြီး အင်္ဂလန်ပြည်ကို ပြန်သွားတယ်။ အသက်မရှည်ဘဲ ၁၈၆၀ ခုမှာ ကွယ်လွန်သွားတယ်။ ယခု မဟာဗန္ဓုလလမ်းလို့ ခေါ်တဲ့ ရန်ကုန်မြို့လယ် လမ်းမကြီးကို ဒါလဟိုဇီလမ်းလို့ နယ်ချဲ့အစိုးရက မှည့်ခေါ် ဂုဏ်ပြုခဲ့တယ်။ မြေထဲနှင့် ရန်ကုန် ဆက်သွယ် ခုတ်မောင်းရန် ဒါလဟိုဇီက ထူထောင်ပေးခဲ့တဲ့ သင်္ဘော ၇ စင်းကို ၁၈၆၃ ခုမှာ အစိုးရက လေလံပစ်တယ်။ ရန်ကုန်မြို့ရှိ ဖင်လေ (Findlay) ကုမ္ပဏီက ငွေတစ်သိန်းခွဲနှင့် လေလံဆွဲတယ်။ ဧရာဝတီ ရေကြောင်းကုမ္ပဏီလို့ အသစ် ထူထောင် ဖွဲ့စည်းရာမှာ အင်္ဂလန်ပြည်ရှိ အရင်းရှင်များက စတာလင်ပေါင် တစ်သိန်း (မြန်မာ ၁၀ သိန်း) အစုပါကြတယ်။ ဂလပ်စဂို (Glasgow)မြို့မှာ ဌာနချုပ် ထားရှိတယ်။ အစုရှင်များအတွက် နှစ်စဉ် အမြတ်ငွေ ၄၀ ရာခိုင်နှုန်းလောက် ရရှိကြတယ်။ အဲဒီတော့ အင်္ဂလိပ်များ နှစ်ပေါင်း ၁၀၀ ကျော် အုပ်စိုးသွားရာမှာ ဧရာဝတီမြစ်ကြီးက အဘယ်မျှ အကျိုးပြုလိုက်ရသလဲ ဆိုတာ တွက်ကြည့်နိုင်ပါတယ်။

၁၉၃၀ ပြည့်လောက်မှာ သင်္ဘောကုမ္ပဏီရဲ့ အခြေအနေ အကောင်းဆုံးပဲ။ သင်္ဘောစင်းရေ ၂၆၇၊ ဆိပ်ကမ်းသမ္ဗန်ကြီးပေါင်း ၃၅၅၊ နှစ်စဉ် ခရီးသည်ပေါင်း ၉ သန်း၊ ရန်ကုန်မြို့ ပန်းဆိုးတန်းမှာ ဧရာဝတီရုံးချုပ် ရှိတယ်။ ထိပ်တန်း အရာရှိများကတော့ အားလုံး ဘိလပ်သား။ စာရေးစာချီပိုင်းမှာ မြန်မာအချို့ ပါဝင်ပြီး ကျန်တာတွေအားလုံး အိန္ဒိယ တိုင်းသားတွေချည်းပဲ။

၁၈၈၅ ခုနှစ်က တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲဖြစ်ပွားရာမှာ ဧရာဝတီ သင်္ဘောကုမ္ပဏီက နယ်ချဲ့စစ်သားတစ်သောင်းကျော်ကို မန္တလေးအထိ ပို့ဆောင်ဖို့ တာဝန်ခံယူတယ်။ အဲ့ဒီအချိန်က ကုမ္ပဏီပိုင် သင်္ဘောပေါင်း ၂၀၀၊ သမ္ဗန်ကြီးပေါင်း ၃၂၀ ရှိတယ်။ မန္တလေးမှာ သီပေါမင်းကို အလွယ်တကူ ဖမ်းပြီး သူရိယသင်္ဘောနှင့် တင်ဆောင်ခဲ့ကြတယ်။ အဲဒီအချိန်က ကုမ္ပဏီမန်နေဂျာကို ကျေးဇူးတင်လို့ ကန်တော်ကြီး တစ်နေရာကို ကင်နဒီစွန်း (Kennedy Point) လို့ မှည့်ခေါ် ဂုဏ်ပြုခဲ့တယ်။

ဧရာဝတီကုမ္ပဏီနှင့် အပြိုင်အဆိုင် ပေါ်ပေါက်ခဲ့တဲ့ အိန္ဒိယသူဌေးများ ပုသိမ်နှင့် ရန်ကုန်မှာ ပေါ်ခဲ့တယ်။ မြန်မာသူဌေးများလည်း မော်လမြိုင်မှာ ပေါ်ခဲ့တယ်။ ခရီးသည်များ တင်ဆောင်ရာမှာ အပြိုင်အဆိုင် ဈေးလျှော့ကြတယ်။ နောက်ဆုံးမှာ ပြိုင်ဆိုင်သူများက အရှုံးပေးပြီး သူတို့ပိုင် သင်္ဘောများကို ကုမ္ပဏီသို့ ရောင်းကြရတယ်။

## အင်္ဂလိပ် ပြေးရပြီ

ဧရာဝတီမြစ်ကြီး တစ်ခုလုံးကို တိုင်းရင်းသားများ လက်မှ တိုက်ခိုက်လုယူပြီး နယ်ချဲ့များ အုပ်စိုးနေခြင်းဟာ သဘာဝကျတဲ့ ရှုခင်း မဟုတ်ပါဘူး။ ဒီမတရားမှုမျိုးဟာ တစ်နေ့နေ့မှာ မရှုမလှ ကျဆုံးရမှာ အမှန်ပဲ။ ဒီလိုမှ မဟုတ်လည်း ဒီကမ္ဘာမှာ တရားရှိတယ်လို့ မဆိုနိုင်တော့ပါ။ အဲဒီနေ့ဟာ ၁၉၄၂ ခု ဇန်နဝါရီလ ၃၀ ရက်နေ့ ဖြစ်တယ်။ မော်လမြိုင်ကို ဂျပန်များ သိမ်းပိုက်တဲ့ နေ့ပဲ။

အဲဒီအချိန်က ဂျိုင်းမြစ်ထဲမှာ ခရီးသည်များ တင်ဆောင် ခုတ်မောင်းနေတဲ့ ကုမ္ပဏီပိုင် သင်္ဘောကို ဂျပန်လေယာဉ်ပျံက တိုက်ခိုက်လို့ နစ်မြုပ်ခဲ့တယ်။

ဒါကြောင့် မော်လမြိုင်က သင်္ဘောကိုယ်စားလှယ်ဟာ သင်္ဘော ၅ စင်းနှင့် ရန်ကုန်ဘက် ထွက်ပြေးပြီး ကျန်တဲ့ ကုမ္ပဏီပိုင် ပစ္စည်းအားလုံးကို ထုခွဲ ဖျက်ဆီးပစ်ခဲ့ရတယ်။

ရန်ကုန်နှင့် မြစ်ဝကျွန်းပေါ်ဘက်မှာ သင်္ဘောပေါင်း ၄၀၀ လောက်က ဘာလုပ်ရမှန်း မသိ ဖြစ်နေကြတယ်။ အစိုးရက မန္တလေးဘက်ကို ဆုတ်ခွာမှာမို့ ကုမ္ပဏီသင်္ဘောများလည်း အားလုံး လိုက်ပါရမယ်လို့ အမိန့်ထုတ်တယ်။ သင်္ဘော ၃ စင်းသာ ရခိုင်ပြည်ဘက်မှ စစ်တွေသို့ သွားခွင့်ပြုတယ်။ ဧရာဝတီကုမ္ပဏီပိုင် သင်္ဘောနှင့် သမ္ဗန် ၇၀၀ ကျော် အနက် အဲဒီ ၃ စင်းသာ နောက်ဆုံးမှာ လွတ်မြောက်သွားခြင်းပေပဲ။

ထိုအချိန်က ဧရာဝတီ သင်္ဘောကုမ္ပဏီမန်နေဂျာ မော်တင်ရဲ့ မှတ်တမ်းမှာ ပါရှိပုံကတော့-

*ဧပြီလ ၂၀ ရက်၊ ၁၉၄၂ ခု* ။ ။ မန္တလေးမှ မနေ့က မဟာမိတ်တပ်များ ဆုတ်ခွာကြတယ်။ ကျွန်တော်တို့ သင်္ဘောအဖွဲ့ဝင်တို့က နောက်ဆုံးမှ ထွက်တယ်။ စစ်တပ်များကို ဆမြိတ်ခုံရွာမှ ဧရာဝတီမြစ် တစ်ဖက်ကမ်းသို့ သင်္ဘောများနှင့် ပို့ပေးရတယ်။ သင်္ဘောများ ရန်သူ့လက် မရောက်အောင် မန္တလေးမှာပဲ စတင် စီစဉ်ရတယ်။ မြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းမှာ ရေနက်ရာ အရပ်ကို ရှာပြီး အားလုံး မြှုပ်ပစ်ဖို့ ပါပဲ။

မန္တလေးတစ်ဝိုက်မှာ သင်္ဘောအစင်း ၂၀၀ ကျော် မြှုပ်ခဲ့တယ်။ ကျွန်တော် ကိုယ်တိုင် သင်္ဘောအောက်ပိုင်းကို ဘရင်းဂန်းနှင့် ပစ်ခတ်ပြီး ရေဝင်နစ်မြုပ်အောင် လုပ်ရာမှာ ပါဝင်တယ်။

**ဧပြီလ ၃၀ ရက်** ။ ။ ကျောက်မြောင်းမှာ သင်္ဘောများ နောက်ထပ် မြှုပ်ပစ်ရပြန်တယ်။ ရန်ကုန်မှ လက်နက် ခဲယမ်းများ တကူးတကန့် သယ်ဆောင်လာကြတဲ့ သမ္ဗန်ကြီးများကိုလည်း စစ်သားများက အားလုံး မြှုပ်ပစ်ကြတယ်။ ကျွန်တော်တို့နှင့်အတူ စစ်ပြေးတွေလည်း အများကြီး ပါလာတယ်။ ကသာအထိ သွားကြမယ်။ ကသာမြို့ကို ရောက်ပြီးရင် သူတို့ရော၊ ကျွန်တော်တို့ရော ဘာဖြစ်မယ် မသိပါ။ ချင်းတွင်းမြစ်ဘက်ကို သွားကြရင် တမူးလမ်းကို ဂျပန်က သိမ်းပိုက်ပြီး ဖြစ်နေမယ်။

**မေလ ၃ ရက်** ။ ။ ကသာဆိပ်ကမ်းကို မြင်ရပြီ။ သင်္ဘောတွေ စီတန်းပြီး ဆိုက်ကပ်ထားတယ်။ တစ်တန်းမှာ ၁၀ စင်းစီ ရှိပါတယ်။ လူရယ်လို့ တစ်ယောက်မျှ မရှိဘူး။ မီးရထား ဘူတာရုံလည်း ပိတ်ထားတယ်။ မြို့ထဲမှာလည်း ကျီးနှင့် ဖုတ်ဖုတ်ပဲ။ ဆိပ်ကမ်းမှာ စီတန်းဆိုက်ကပ်ထားတဲ့ သင်္ဘောအားလုံး တစ်ခုမကျန် ဖျက်ဆီးမြှုပ်နှံဖို့ အမိန့်ထုတ်လိုက်တယ်။

**မေလ ၄ ရက်** ။ ။ မနေ့ညက အလုပ်သမားအားလုံးကို လခထုတ်ပေးတယ်။ တစ်ညလုံး သင်္ဘောတွေကို မြှုပ်ပစ်နေကြရတယ်။ နံနက် ၄ နာရီမှ လူစုပြီး တရေးတမော အိပ်ကြတယ်။ ပြီးတော့ မဏိပူရကို စုပေါင်း ချီတက်ကြတယ်။

## ပြည်သူပိုင် ရေဝတီ

၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲဖြစ်ပွားချိန်မှစပြီး ရေဝတီမြစ်ကြီးကို ဒါလဟိုဇီတို့ သိမ်းပိုက်ခဲ့ရာ နှစ်ပေါင်း ၁၀၀ တိတိ ကြာချိန် ၁၉၄၈ ခုမှာ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် မြန်မာ ဖဆပလ အစိုးရက ရေဝတီ ဖလိုတီလာ ကုမ္ပဏီကို ပြည်သူပိုင် လုပ်ပစ်လိုက်ပါတယ်။

ပြည်သူပိုင် ဘဝသစ်မှာ "ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့"လို့ ခေါ်ဆိုပါတယ်။ ဒါကြောင့် အဖွဲ့က အမြတ်အစွန်းများကို ဘိလပ်သို့ တင်ပို့စရာ မလိုတော့ဘဲ ပြည်ထောင်စုသားများ ဝေခွဲ သုံးစွဲကြပါတယ်။ ရန်ကုန်မြို့ရှိ ဒါလဟိုဇီလမ်းကိုလည်း "မဟာဗန္ဓုလလမ်း" လို့ နာမည် ပြောင်းလိုက်ပါတယ်။

အင်္ဂလိပ် –မြန်မာ ဆက်ဆံရေး သမိုင်းတစ်ကွေ့မှာ အဲသလို ကြုံရတော့ အင်္ဂလိပ်များအဖို့ သူတို့ဆရာကြီး ရှိတ်စပီးယားရဲ့ ဆောင်ပုဒ်ကို သတိပြုသင့်တယ်။

There is a Destiny that shapes our ends
Rough hew it how we will.
ကံတရားကား၊ ကြီးမားလေစွ
ဤလောကကို၊ မိဘပမာ
စောင့်ရှောက်ရာတွင် မကြာခဏ
လူဗာလတို့၊ ဆုံးစမမြင်
ကြမ္မာငင်ကာ၊ ဖွတ်ဝင်ဖီလာ
ပြုတတ်စွာတည့်။ ။ (*Shakespeare*)

**(ပုံ) မောင်သုမန**

**[ သောင်းပြောင်းထွေလာ မဂ္ဂဇင်းမှ ]**

အောက်ပါ စာအုပ်များကို မှီငြမ်း ကိုးကားပါသည်။

(1) Irrawaddy Flotilla by Macrae and Prentice
(2) Dalhousic Phayre Correspondence by D.G.E. Hall
(3) Peacocks, Pagodas and Professor Hall by M. Sankisyans
(4) A History of Burma by Dr. Htin Aung



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁၂ မန်းတောင်ရိပ် ခို

## [ ၁ ] သာစွ လေ

မင်းတုန်းမင်း လက်ထက်တော်သည် ကုန်းဘောင်ခေတ်၏ နိဂုံးပိုင်း၌ ပါဝင်၏။ ကုန်ဆုံးခါနီး ဆီမီးတိုင်သည် မငြိမ်း ချုပ်မီ ကာလ၌ အလျှံ ပိုမိုမြင့်တက် ထွန်းလင်းတတ်၏။ ထို့အတူ မြန်မာပြည်သည် ကျွန်ဘဝ တည်းဟူသော အမှောင်ခေတ်သို့ မရောက်မီ မြန်မာတို့၏ ယဉ်ကျေးမှု ဘုန်းကျက်သရေ အဖြာဖြာတို့သည် အန္တ ရာယ်များ ကြားမှ အားယူ တောက်ပခဲ့ချိန် ဖြစ်လေသည်။

မန္တ လေးတောင်ခြေတွင် ကျုံးမြို့ရိုးနှင့်တကွ နန်းဘုံ ဗိမာန်များ ပေါ်ပေါက်ခဲ့ပုံမှာ အမရပူရနှင့် အင်းဝနေပြည် တော်များထက် ပြန့်ပြူး သာယာ၏။ ထိုနေရာ၌ အမျိုး ဘာသာနှင့် ပတ်သက်သော ရိုးရာ ပွဲသဘင်များ ရာသီ အလိုက် မင်းတုန်းမင်းလက်ထက် တစ်လျှောက်လုံး မှုမပျက် ကျင်းပနိုင်ခဲ့သည်။

သာစွလေ၊ မြောက်လေပြန်စ
ကောင်းကင်လနှင့်၊ အသဝနီ
ပြည့်လှာညီသော်၊ ရာသီတူခွင်
ရေမြင်လှတင့်၊ ကြာမျိုးပွင့်၍
မြတ်ကျင့်ခေါင်ထွတ်၊ သီတင်းကျွတ်ကား
ရွှေလွှတ်တော်ပွဲ၊ တက်မြဲခင်းကျင်း
မြို့တွင်းမြို့ပြင်၊ ထွန်းတင်ညီးဝါ
မြို့လယ်မှာမူ၊ အချာဗဟို
မီးမြင်းမိုရ်လည်း၊ မဂ်ဖိုလ်ရှေးရှု
ပူဇော်လှူ၍၊ လူတို့ထွတ်ခြာ
စောနရာလျှင်၊ ရတနာဒုယင်
မကိုဋ်ဆင်လျက်၊ သဘင်ထွက်ကာ
စကြာချပ်ဆင့်၊ ရှစ်ဆိုင်ဖွင့်၍
စဉ်သင့်နေသား၊ ရာ့တစ်ပါးတို့
ဖလားရွှေစိုင်၊ ရွှေခိုင်မောက်မောက်
ထိုက်လျောက်မြတ်နိုး၊ အုပ်ထည်မျိုးနှင့်
ရှိခိုးလက်ဆောင်၊ မြားမြောင်ဆင်မြင်း
မကြွင်းလိုက်ဖက်၊ ရတ်ရက်မြှောက်ချီး
ထီးနှင့်တံခွန်၊ ခန့်ရန်ပူဇော်
အလှူတော်ကို၊ နှမော်စိတ်ထက်
ချရေစက်သည်၊ ဘဝဂ်မိုးထိ၊ သန်းတည့် လေး။
ပွင့်လင်းစည်သာ၊ ရွှေမန္တ လာ၊ နန်းတည့် လေး။

သီတင်းကျွတ်လတွင် သာသနာရေးနှင့် ပတ်သက် သော မြင်းမိုရ်ပွဲ၊ မီးထွန်းပွဲများနှင့်အတူ နိုင်ငံရေးဖြစ်သော တစ်ရာ့တစ်ပါး မင်းစိုးရာဇာ အပေါင်းတို့ကို မြန်မာဘုရင်က အကန်တော့ခံကာ လက်ဆောင်ပဏ္ဏာများ ဖလှယ်ပွဲဖြစ်၍ ရတနာပုံ နေပြည်တော်တွင် တောက်ပြောင် စည်ကားဆုံး သော ရာသီဖြစ်လေသည်။ ထိုရာသီ၌ စစ်ရေးစစ်ဟန်များ လုံးဝ မပါရှိချေ။ ခရစ်ယာန်တို့၏ ခရစ်စမတ်ပွဲ ကဲ့သို့ မိသားစု ဆုံစည်းကာ မေတ္တာလွှမ်းသောပွဲ ဖြစ်သည်။ မိသားစု အခြေအနေနှင့်အတူ တိုင်းပြည်၏ စည်းလုံးရေး မည်မျှ ရှိ မရှိကို ထိုအချိန်၌ အကဲခတ်နိုင်လေသည်။

### ရေစီး တစ်ခါ၊ ရေသာ တစ်လှည့်

ပုဂံမင်း နန်းကျ၍ မင်းတုန်းမင်း နန်းတက်သောအခါ ဆွေ တော်၊ မျိုးတော်တို့ အဖို့လည်း "ရေစီးတစ်ခါ၊ ရေသာ တစ်လှည့်" ဟူဘိသကဲ့သို့ အခါကောင်း ကြုံရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းက စကြာဒေဝီကို ရတနာသိမ်မြို့သို့ ခေါ်ယူကာ တောင်ညာစံ မိဖုရားကြီး တင်မြှောက်၏။ သူသာလျှင် ကောင်းစားသည် မဟုတ်၊ "စကြာဒေဝီ၏ ခြံပေါက်များ"ဟု ခေါ်ဆိုနိုင်သော မယ်နု၏သမီး ဆင်ဖြူမရှင်သည်လည်း မင်းတုန်းမင်း၏ အလယ်နန်းမိဖုရား ဖြစ်လာ၏။ မမြလေး၏သမီးတော် လှိုင်ထိပ်ခေါင်တင်သည်လည်း ရွှေဘိုမြို့ဥပင်ကနောင်မင်းနှင့် စုံဖက်ကာ အိမ်ရှေ့မိဖုရား ဖြစ်လာ၏။

"ကောင်းတူ ဆိုးဖက်" ဟူသကဲ့သို့ စကြာဒေဝီ၏ အခြားသော ခြံပေါက်များသည်လည်း ထိုအချိန်၌ ရာထူးဌာနန္တရများ ရရှိပုံကို ဒေါ်တင်တင်မေ၏ မှတ်ချက်၌ အောက်ပါအတိုင်း ရေးသား ဖော်ပြ၏။

"စကြာဒေဝီ၏ အဆောင်တော်တွင် နေထိုင်ရသည်မှာ ကျဉ်းကျပ် ချို့တဲ့မှု အလျှင်းမရှိဘဲ အလွတ်လပ်ဆုံး နေထိုင်ရခြင်း ဖြစ်သည်။ ထိုမင်းသမီး၊ မင်းသားများ ကောင်းစွာ ချီးမြှင့်ခံကြရသည်မှာ–

၁။ စကြာမင်း၏သမီးတော် ကန္တီထိပ်ခေါင်တင်သည် မင်းတုန်းမင်း၏ ကွမ်းတော် အုပ်တော်ကိုင်ရာထူးဖြင့် မှန်နန်းတော်တွင် ခစားခွင့် ရသည်။

၂။ ပြည်မင်း၏သမီးတော် ပြည်ထိပ်ခေါင်တင်ကိုလည်း ထိုရာထူး၌ပင် ခန့်၏။

၃။ ပခန်းမင်း၏ သမီးတော် မြင်းခုံတိုင် ထိပ်ခေါင်တင်ကိုလည်း ထိုရာထူး၌ပင် ခန့်ထားသည်။

၄။ မြတောင်မင်းသမီး၏ သမီးတော်ကြီး မင်းမြတ်စိုး ခေါ် သုစန္ဒာဝတီကို စကြာဒေဝီ၏ ကွမ်းတော်ကိုင် ခန့်ထား၏။

၅။ ငှင်းညီမတော် မင်းမြတ်လှ (သုကေသာဝတီ)ကိုလည်း ထိုရာထူးကို ခန့်ထား၏။

၆။ ပင်မြိုင်မင်းသမီး (ဦးမောင်မောင်တင်၏ အစ်မ) လည်း ထိုရာထူးပင် ရ၏။

၇။ ပြည်ထိပ်တင်တုတ် (ကျန်ရစ်သားလေး)ကို မြင်းမှူးမင်း ခန့်၏။

၈။ မောင်ဘိုးလှိုင်ကို ရွှေဘိုမြို့၌ပင် ယောမြို့စား ခန့်လျက် မင်းညီမင်းသား အဆောင်အယောင်များ အပ်နှင်း၏။

၉။ ပခန်းမင်းသမီးတော် ကောင်းတုံထိပ်ခေါင်တင်ကို မင်းတုန်းမင်း၏ ယောက်ဖတော် တပယ်မင်းသားနှင့် စုံဖက်၏။

အထက်ပါ မှန်နန်း အပျိုတော်တို့မှာ မှူးငယ် မတ်ငယ်တို့နှင့် တူညီသော လခများ ရရှိကြ၏။

## နန်းဓလေ့

မင်းတုန်းခေတ် နန်းဓလေ့နှင့် ပတ်သက်၍ **မြန်မာပြည်ဂေဇက်တီးယား** ၌ ပါရှိချက်ကို ဒေါက်တာသန်းထွန်းက ဘာသာပြန်ဆို ဖော်ပြသည်မှာ–

နှစ်စဉ် ဝါဆိုလဆန်း ၅ ရက်နေ့မှာ မြို့တော်တွင်းမှာ ဝါတွင်း ၄ လပတ်လုံး သားငါး မသတ် မစားရ၊ သီလ သီတင်း ဆောက်တည်စေ အမိန့်ကို မှူးမတ်တစ်ယောက် ဆင်ကျောပေါ်က မောင်းထုတ်ပြန်။

မင်းမိဖုရားကို မြေနန်းမှာ တစ်နှစ် သုံးကြိမ် ကန်တော့ လက်ဆောင်ဆက်။ သုံးကြိမ်မှာ (၁) နှစ်ဆန်း တစ်ကြိမ်၊ (၂) ဝါဝင် တစ်ကြိမ်၊ (၃) ဝါကျွတ် တစ်ကြိမ် ဖြစ်တယ်။ နှစ်သစ်နဲ့ ဝါဝင်ကန်တော့ပွဲမှာ မြို့နေတို့နဲ့သာဆိုင်တယ်။ ဝါကျွတ်ကျတော့ ဝေးနီးအရာရှိ စော်ဘွားတွေ ပါလာရတယ်။

မိန်းမတွေကို ကန်တော့အခမ်းအနားကို အနောက်ပွဲတက် ဇေတဝန်ဆောင်မှာ သီးသန့် လုပ်ရတယ်။

တစ်နေ့နှစ်ကြိမ် ညီလာခံကို လက်ဖက်ရည်ဆောင်မှာ လုပ်လေ့ရှိတယ်။ တစ်ခါတလေလည်း ဇောင်းတော်ဆောင်မှာ လုပ်တယ်။ အချိန်ကတော့ မနက် ၈ နာရီခွဲ၊ ညနေ ၃ နာရီ ဖြစ်တယ်။

မနက်ညီလာခံ ပိုပြီးအရေးပါတယ်။ တိုင်းရေးပြည်မှုနဲ့ ငွေကြေးအစီအမံတွေ တင်တယ်။ ညနေညီလာခံကတော့ အိပ်လှည့် အိပ်ဖန်ကျသူတွေနဲ့ ဆိုင်တယ်။ နန်းတွင်းရေးနဲ့ ကိုယ်ရေးကိုယ်တာတွေ အတင် များတယ်။

မင်းတုန်းမင်းက ည ၇ နာရီမှာ ညပိုင်း တာဝန်ကျသူတွေကို ထပ်ခေါ်ပြီး ၁ နာရီလောက် စကားပြောနေတတ်သေးတယ်။ အဲဒီမှာ သံတော်ဆင့်က ညအိပ်ကျသူ စာရင်းဖတ်တယ်။

ရှင်ဘုရင်ဟာ တစ်နေ့လေးကြိမ် ပွဲတော်တည်တယ်။ မိဖုရားနဲ့ မင်းသမီးတွေက စောင့်ပြီး ပွဲတော်တည်ခင်းရတယ်။ အချိန်တွေက မနက်ညီလာခံ မစမီ နေ့မွန်းတည့်၊ အမြတ်နိုးဆုံး မိဖုရား တစ်ဦးတလေကသာ မင်းကို စားပွဲတိုက်ရိုက် ကမ်းလှမ်း ဆက်သခွင့် ရှိတယ်။ တခြား မိဖုရား



www.burmeseclassic.com

www.burmeseclassic.com



တွေ မင်းသမီးတွေက ယပ်ခတ်၊ လက်ဆေးရေ လောင်းပေး ဆိုတာလောက်ပဲ လုပ်ရတယ်။

စားစရာ အားလုံးကို မင်းရှေ့မှာ မင်း မစားခင် စားပြရတယ်။ မင်း စားပြီးရင် အဲဒီနေ့ တာဝန်ကျ မိဖုရားနဲ့ မင်းသမီးတွေက ပွဲတော်ကျကို စားရတယ်။

ညပိုင်း စာပေကျွမ်းကျင်သူ အပျိုတော်က စာတော် ဖတ်ရတယ်၊ ရပ်နားခွင့် ပေးမှ ရပ်နားရတယ်။

စာတော်ဖတ်တွေဟာ အလဲအလှယ် ဖတ်ကြရ တယ်။ ဘုရင်ရဲ့ အိပ်ခန်း အပြင်ဘက်က ထိုင်ပြီး ဖတ်ရ တယ်။

## အဆောင်တော် ကူးခြင်း

နန်းရစက မင်းတုန်းမင်းဟာ မိဖုရားတစ်ပါးစီ ဆီကို တစ်လ တစ်ကြိမ် ရောက်အောင် အဆောင်လှည့်တယ်။ မြင်ကွန်း အရေးတော် (၁၈၆၆)ပြီးတဲ့နောက် ဒီလို မလှည့်တော့ဘူး။ မမာတဲ့ အခါသာ လူနာမေး သွားတော့တယ်။ ဒါပေမဲ့ မိဖုရားခေါင်ကြီးနဲ့ မိဖုရားကြီးလေးပါးအဆောင်မှာနေတုန်း မှူးကြီးမတ်ကြီး ကတော်တွေ ဝင်ထွက် ခစားတာကို လက်ခံ လေ့ ရှိတယ်။

ဘုရင်ကို အဝတ်တန်ဆာ လဲတဲ့အခါ၊ မျက်နှာသစ် တဲ့ အခါ၊ ခေါင်းဖြီးတဲ့အခါ မိဖုရားတွေက ပြုစုတယ်။

စာရင်းအလှည့်ကျတဲ့ မိဖုရားနဲ့ မင်းသမီးတွေဟာ ရှင်ဘုရင် ဘယ်သွားသွား၊ ဥယျာဉ်တော်ပဲ ထွက်ထွက် သူတို့ ပါရတယ်။ သူတို့က တစ်ဆင့် ခိုင်းစေဖို့ အပျိုတော်နဲ့ မိန်းမ စိုးတွေ ရှိတယ်။

မင်းနဲ့ ပတ်သက်တဲ့စည်းကမ်း ကြီးတယ်။ ကြိုတင် ခွင့်ပြုချက်၊ အမိန့်တော်ထားချက် မရဘဲ ဘယ်သူမှ ဘုရင်နဲ့ တွေ့ခွင့် မရှိ၊ ဘုရင်က စပြီး မမေးဘဲ ဘယ်သူမှ သူနဲ့ စပြီး စကားမပြောရ။ ဘုရင် အခန်းတစ်ခန်း ဝင်ရင်၊ ဥယျာဉ်ထဲ ထွက်ရင် နောက်ထပ် အခေါ်လွှတ်တဲ့လူက လွဲလို့ ဘယ်သူမှ အဲဒီအခန်း၊ ဥယျာဉ်ထဲကို မဝင်ရ။ ပါလာတဲ့ လူထဲကလည်း ဘယ်သူမှ ထွက်မသွားရ၊ ထိုင်နေရာမှ မပြောင်းရ၊ မင်း ထသွားမှ နေရာပြင်နိုင်သည်။ ဘုရင်ရှေ့မှောက်မှာ ဆေးလိပ် သောက်မနေရ။ မိဖုရားကြီး လေးပါးက လွဲလို့ ဘယ်သူမှ ဘုရင်ရှေ့မှာ ဖိနပ် စီးမထားရ။ ထီးဆောင်းတာမှာလည်း မိဖုရားကြီးလေးပါးသာ ဘုရင်အနားမှာ ထီးဆောင်းလိုက်ပါ ခွင့် ရတယ်။ ဒီအခွင့်အရေးကို နောက်တော့ အလယ်နန်း မိဖုရားက မွေးတဲ့ စုဖုရား မင်းသမီးတွေလည်း ရတယ်။ ဘုရင် အိပ်တဲ့ မှန်နန်းတော်ထဲက အိပ်ဆောင်အနားမှာ မိဖုရားကြီး လေးပါးရဲ့ အိပ်ဆောင်သီးခြားရှိတယ်၊ တခြား မိဖုရားတွေ မှန်နန်းတော်မှာ အိပ်ခွင့်မရ၊ ဘုရင်လက်ထဲကို ဘာပစ္စည်းပဲပေးပေး ရှိခိုးပြီးမှ ပေးရတယ်၊ ဘုရင်သုံးတဲ့ ပစ္စည်းအားလုံးကို တော် တပ်ပြီး ခေါ်ရတယ်၊ အဲဒီ တော်သုံး ပစ္စည်းကို မထိ မကိုင်ခင် ရှိခိုးရတယ်။ ဘုရင်တစ်ပါး ရောက် လာရင် သုံးကြိမ် ဦးတိုက်ရတယ်၊ ထွက်ခွာသွားရင်လည်း သုံးကြိမ် ဦးနှိမ်ရမယ်။ ဘုရင်နဲ့ စကားပြောတဲ့ အခါမှာ မရှိခိုးဘဲ လက်ပိုက်ပြီး ဝါကျဆုံးတိုင်း နဖူးမြေထိ မလုပ်ဘဲ မိဖုရားခေါင်ကြီး တစ်ပါးသာ နေနိုင်တယ်။ မင်းနှင့် မိဖုရား ကြီး ထွက်လာတာကို မြင်ရင် တခြား မိဖုရားအားလုံးနဲ့ မင်းသမီး အပျိုတော်တွေဟာ မြေမှာ ပုဆစ်ဒူးတုပ်ပြီး ရှိခိုး နေရတယ်။

## မိဖုရားကြီး

မိဖုရားကြီးနဲ့ မင်းသမီးတွေဟာ တစ်ဦးနဲ့တစ်ဦး ဆက်ဆံ တဲ့ အခါမှာလည်း ပုဆစ်ဒူးတုပ်ပြီး ဘုရားဆိုတဲ့ အသုံးအနှုန်း ကို သုံးပြီးမှ အပြန်အလှန် အဆင့်အတန်းအလိုက် အလေး ပေးပြီး ဆက်ဆံရတယ်။

မိဖုရားခေါင်ကြီး အပါအဝင် မိဖုရားတွေနဲ့ အရွယ် ရောက်ပြီး မင်းသမီးတွေဟာ ကိုယ့်ခန်းဆောင်မှာ ကိုယ့် အတွက် ရထားတဲ့ အပျိုတော်တွေ ပြင်ဆင်ပေးတဲ့ ထမင်းပွဲ ကို သီးခြား စားနေနိုင်တယ်။

မိဖုရား၊ မင်းသား၊ မင်းသမီး မဟုတ်ရင် နန်းတော် တွင်းမှာ ဘယ်သူမှ၊ ဘယ်တော့မှ ထီးဆောင်းခွင့် မရှိ။ နန်းတော် အုတ်ခုံပေါ်မှာလည်း သူတို့ပဲ ဖိနပ်စီးခွင့် ရှိတယ်။ နန်းတော်ဝန်းကျင်မှာ ဘယ်သူမှ မြင်းမစီးရ။ ရထား မမောင်း နှင်ရ။ စီးခွင့်ရသူတွေကလည်း ဘုရင် မမြင်သာတဲ့ နေရာ တွေမှာသာ စီးရတယ်။

ဘုရင် ရှိတဲ့ဘက်ကို ဘယ်သူမှ ခြေမဆင်းရ။ ည အခါ အိပ်ရာခင်းရင် ဘုရင် အိပ်ခန်းဘက်ကို ဦးခေါင်းပြုပြီး ခင်းရတယ်။

ညအခါ ယောကျ်ားမှန်ရင် အဆင့်အတန်း ဘယ် လောက်မြင့်မြင့် မိန်းမပိုင်း မသွားရ။ မိန်းမတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်နဲ့ မိဖုရားခေါင်ကြီး ခိုင်းစေချက် မဟုတ်ရင် ယောကျ်ား ပိုင်း မကူးရ။

ဘယ်မင်းသား၊ ဘယ်ဝန်မှ မိန်းမစိုးကြီးက တစ်ဆင့် ခွင့်မပန်ဘဲ ဘုရင်ကို ဝင်မဖူးရ။ အင်မတန် မိန်းမစိုးကြီး မရှိရင် မိန်းမစိုး တစ်ယောက်ယောက်ကို အခွင့်ရဖို့ လျှောက်ထားခိုင်းနိုင်တယ်။

မိဖုရား၊ မင်းသမီးနဲ့ အပျိုတော်တွေဟာ မင်းမိန့် မပါဘဲ နန်းပြင် မထွက်ရ။ အမိန့်ကို မိန်းမစိုးက အနောက်ဝန်၊ အနောက်ဝန်က ဝင်းတော်မှူးဆီကို ဘယ်သူ ဘယ်အချိန်အတွင်း အပြင်သွားခွင့် ပြုတယ်လို့ အကြောင်းကြားထားရမယ်။

နန်းမတော်ဘုရား၊ အလယ်နန်းတော်၊ မြောက်နန်းတော်နဲ့ အနောက်နန်းတော် ခေါ်တဲ့ မိဖုရားကြီးလေးပါးက မိမိဆိုင်ရာ အပျိုတော်ကို အပြင်ထွက်ခွင့် ပေးနိုင်တယ်။

မိဖုရားတွေနဲ့ အရွယ်ရောက်ပြီး မင်းသမီးတွေဟာ အဆင့်လိုက်ပြီး သီးသန့်အခန်း ရတယ်။ ရှမ်းစော်ဘွား သမီးဖြစ်တဲ့ သမီးကညာနဲ့ မှန်နန်းအပျိုတော် ဆိုတာတွေက ဘုရင့်အပါး ခစားရတဲ့ အပျိုတော်တွေ ဖြစ်လို့ သူတို့လည်း သီးခြားအခန်း ရတယ်။

## သမီးတော်

မိဖုရားကြီး လေးပါးနဲ့ မင်းသမီးကြီး လေးပါး (စလင်းစုဖုရား၊ စုဖုရားကြီး၊ စုဖုရားလတ်နဲ့ စုဖုရားကလေး) တို့အတွက် အပျိုတော်တွေဟာ နန်းတော်အနောက် ရေမြောင်းနဲ့ အတွင်း တံတိုင်းအတွင်းက တန်းလျားသီးခြားနဲ့ အဆောင်ရတယ်။ အဲဒီ အမျိုးသမီးတွေကိုပဲ အပျိုတော်လို့ ခေါ်တယ်။ တခြား မိဖုရားနဲ့ မင်းသမီးတွေရဲ့ အစေအပါး အမျိုးသမီးတွေကို အပျိုလို့ပဲ ခေါ်ပြီး သူတို့အတွက် နေရာ သီးခြား မရှိ။

မိဖုရားကြီး လေးပါးအဖို့ အစားဝင်ဖို့ အလှည့်စာရင်း မရှိ။ အချိန်မရွေး ခစားရမယ်လို့ ဆိုလိုတယ်။ တခြား မိဖုရားတွေကို လက်ဝဲ၊ လက်ယာစု ခွဲပြီး စာရင်းအရ အလှည့်ကျ နေ့ည ထမ်းရွက်ရတယ်။ လက်ဝဲစုကို မြောက်နန်းတော်၊ လက်ယာစုကို အနောက်နန်းတော်က ကြပ်မတ်ရတယ်။

မင်းသမီးတွေအတွက် အထူးအလှည့် မရှိ။ တစ်နေ့ နှစ်ကြိမ် သုံးကြိမ် အခစားဝင်ပြီး ကျရာတာဝန်ကို ထမ်းရွက်ရတယ်။ အပျိုတော်တွေနဲ့ မိန်းမစိုးတွေကတော့ စာရင်းအလှည့်အတိုင်း မပေါ့မလျော့ ခစား ထမ်းရွက်ရတယ်။ အမှုးအမတ် ကတော်မယားတွေဟာ တစ်နေ့ တစ်ခေါက် နန်းတော်ကို ဝင်ထွက် ခစားရတယ်။ အလုပ်သီးခြား မရှိ။

## အိမ်ရှေ့မင်း

အိမ်ရှေ့မင်းနဲ့ လက်ရှိဘုရင်ရဲ့ သားတော် မင်းသားတွေဟာ မြေနန်းလှေကားခုံထိ ဝေါယာဉ် စီးနင်းလာခွင့်ရတယ်။ အဲဒီနေရာအထိ အခွင့်ပြုပြီး ရွှေထီးဆောင်းခွင့် ရတယ်။ အိမ်ရှေ့မင်း လေးလက်၊ မင်းသားနှစ်လက် ရတယ်။ ဖိနပ်စီးခွင့်ကို တိုက်မရှာင်ထိ ရတယ်။ အမတ် အရာရှိ အားလုံး အိမ်ရှေ့မင်းကို ဒူးတုပ် ခစားရတယ်။

အမတ်နဲ့ အရာရှိတွေဟာ သူတို့ စီးနင်းဆောင်ရွက်လာတဲ့ လှည်း၊ မြင်း၊ ထီး ဆိုတာတွေကို နန်းတော်တံတိုင်း အပြင်က ထားခဲ့ရတယ်။ ဖိနပ်ကိုတော့ မြေနန်းလှေကားထစ် အထိ စီးရတယ်။ အစေအပါးတွေက ဒီနေရာထိ ခမောက်လိုက်ပြီး မိုးပေးခွင့် ရှိတယ်။ ခမောက် ဆိုပေမယ့် ထီးထက် အဝန်းအဝိုင်း ကျယ်ပြန့်နိုင်ပါသေးတယ်။

မြေနန်းအရှေ့ တံခါးနိုက အိမ်ရှေ့မင်းသား၊ မင်းသားတွေနဲ့ ဝန်ကြီးလေးပါးသာ ဝင်ရတယ်။ တခြားသူတွေ အားလုံး မလွယ်တံခါး (ဘေးတံခါး)ကို သုံးကြရတယ်။

မိဖုရားငယ်တွေနဲ့ မင်းသမီးတွေဟာ မှန်နန်းတော် ပေါက်အထိ ဖိနပ်စီးခွင့်ရတယ်။ အဲဒီအပေါက် ရောက်တော့ ထီး၊ ဖိနပ်နဲ့ အစားတွေပါ ထားခဲ့ရတယ်။ အဲဒီက စပြီး ကိုယ်ကွမ်းခွက်၊ လက်ဖက်ခွက်၊ ထွေးခံ၊ မှတ်တမ်း၊ ပုရပိုက် ဆိုတာတွေကို ကိုယ့်ဘာသာ သယ်ယူသွားကြရတယ်။

အပျိုတော်တွေကတော့ တာဝန်ကျ ထမ်းဆောင်ရမယ့် အဆောင်ပေါက်အထိ ဖိနပ်စီးခွင့် ရတယ်။

မှူးကြီး မတ်ကြီး ကတော်မယားတွေက သူတို့ ယောကျ်ား အမှူးအမတ်တွေလိုပဲ နန်းတော်တံတိုင်း မဝင်မီက ယာဉ်ရထားပေါ်က ဆင်းပြီး မြေနန်း လှေကားထစ်အထိ ခမောက်မိုးခံလို့ ခြေနင်း စီးနင်းလာနိုင်တယ်။

ပြောခဲ့ပြီးတဲ့ အလေ့အလာတွေဟာ ထီးနန်းအတွင်း အရေးပါတဲ့ ကိစ္စတွေ ဖြစ်ပါတယ်။ မလိုက်နာရင် အပြစ်ရနိုင်ပါတယ်။ အထူးသဖြင့် အနောက်ဆောင်အတွက် စည်းကမ်း ကြီးရပါတယ်။

*



www.burmeseclassic.com

www.burmeseclassic.com



## [၂] စကြာဒေဝီ

စကြာဒေဝီသည် အလုံးအဖန် ကောင်း၏။ အသားညို၏။ မျက်နှာတွင် ကျောက်ပေါက်အရာ ရှိသော်လည်း မျက်လုံး အလွန်လှ၏။

တွင်းသင်းမင်းကြီးသည် အသားဖြူထက် အသားညိုကို ပို၍ နှစ်သက်ဟန် ရှိ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ညို့နှင့်ပြာ ဟူသော စကားနှစ်လုံးကို ရေလဲနှင့် သုံးကာ အလွန် ယဉ်ကျေးသိမ်မွေ့စွာ ဖွဲ့ဆိုလေသည်မှာ–

(၁) ပြာထွားညက်ခြေ၊ တောင်နန်းနေ
(၂) နန်းမညာနေ၊ လှမြုတေ
(၃) ပြာစင်ညက်ဖြူ၊ ရွှေနန်းသူ
(၄) ရုပ်သွင်နွဲ့ပျို၊ လဲ့လဲ့ညို
(၅) ပျော်ရန်ချစ်ခင်၊
ကြင်လည်း ကြင်ဟောင်း
ပျောင်းလည်း ပျောင်းနွဲ့၊
လဲ့လည်း လဲ့ပြာ၊ မယားပါခဲ့။
(၆) အသားတော် ညိုပြာညက်၊ နန်းတော်ထက်ဖွား။

ထိုမင်းသမီးကို တောင်နန်းမတော် တင်ရေးတွင် ရုပ်ဆင်းအင်္ဂါထက် အရေးကြီးသည်မှာ ဇာတိဂုဏ်၊ ပညာဂုဏ် ဖြစ်လေသည်။ သူက မင်းတုန်းမင်းထက် အသက် ၂ နှစ် ပိုကြီး၍ မင်းတုန်းမင်းက သူ့ကို “အစ်မတော်”ဟု ခေါ်ရလေသည်။ သူ၏ဂုဏ်ကား အစစ အရာရာ ကြီးမားလေသည်။ သာယာဝတီမင်းနှင့် မိဖုရားခေါင်ကြီးမှ ဖွားမြင်ခဲ့သည်။ တစ်ပင်တိုင် မင်းသမီးအဖြစ် သတ်မှတ်ခဲ့ရာ နောက်တက်လာမည့်မင်းက သိမ်းပိုက်ရန် ဖြစ်၏။

စကြာဒေဝီ၏ ငယ်နာမည်မှာ စုဖုရားပင် ဖြစ်သည်။ သာယာဝတီမင်း၏ အဂ္ဂမဟေသီ ကျပင်းမင်းသမီးမှ ဖွားမြင်သည်။ မွေးချင်းအများ ရှိသည့်အနက် မောင်နှမ ၂ ဦးသာ အဖတ်တင်လျက် မောင်တော်မှာ ပုဂံမင်း ဖြစ်၏။ ငယ်စဉ်ကပင် အကျင့်သီလ သိက္ခာနှင့် ပြည့်စုံလျက် အထူးသဖြင့် ဗေဒင်ကျမ်းများကို မွေနှောက် ချောက်ချားနိုင်သည်။

### အသက်ကယ်ခွင့်

၁၁၉၉ တွင် သာယာဝတီမင်း ထီးနန်းရရာ မုဒ္ဒါဘိသိက် ခံခြင်းကိုမူ ၁၂၀၂ ခု အမရပူရမြို့သစ် ရောက်ပြီးမှ ပြုလုပ်ရန် သမီးတော်က အခါပေးသည့်အတိုင်း ခမည်းတော်က လိုက်နာခဲ့သည်။ ထို့ကြောင့် ခမည်းတော်က များစွာ လေးစားချစ်ခင်စွာဖြင့် တစ်ပင်တိုင်မင်းသမီး အဖြစ်ကို လည်းကောင်း၊ ဘုရင်က စိတ်လိုက်မာန်ပါ ရာဇဝတ်တော် ပေးမိသူများကို ရွေးနုတ်ခွင့်ကို လည်းကောင်း ပေးသနားခြင်း ခံရသူဖြစ်သည်။ နောင်အခါ သူသည် စကြာဒေဝီဘွဲ့ဖြင့် မင်းတုန်းမင်း၏ အဂ္ဂမဟေသီ ဖြစ်လာရာ အလားတူ လွတ်ငြိမ်းခွင့်များ ဆက်လက်သုံးစွဲခွင့် ရသည်။

အဆိုတစ်ခု၌ စကြာဒေဝီသည် ဘကြီးတော် စစ်ကိုင်းမင်းကိုလည်း ကယ်တင်နိုင်ခဲ့သည်။ သူ၏လျှောက်တင်ချက်အရ သာယာဝတီမင်းက နောင်တော် ဘကြီးတော်မင်းအား နန်းချုံသာချ၍ အသက်ကို ရန်မရှာဘဲ ဆက်လက်ပြုစုတော်မူခဲ့သည်။ သမီးတော်က ပိဋကတ်တော်နှင့် ဗေဒင်ကိန်းခန်းများ နားလည်သူဖြစ်၍ အဖနှင့်တူသော နောင်တော်ကို သတ်က ပိတုဃာတက ကံကြီးထိုက်ကာ အဇာတသတ်မင်းကဲ့သို့ ရာဇဝင်ရိုင်းဖွယ်ရှိကြောင်း လျှောက်ထားခဲ့သဖြင့် သာယာဝတီမင်း ထိတ်လန့်ခဲ့ရလေသည်။ သမီးတော်စကားကို နားထောင်ခဲ့ရသည်။

၁၂၀၃ ခု၌ အောက်ပြည် ဟံသာဝတီသို့ အခမ်းအနား ကြီးစွာနှင့် ရေကြောင်း စုန်တော်မူရာတွင် သမီးတော်ကြီး ပါရှိသည်။ ဒဂုန်ကုန်းတော် ဝတ္တကမြေအတွင်း သီဟိုဠ်ဗောဓိပင် စိုက်ခဲ့ကြောင်း သမိုင်းရှိရာ သမီးတော်ကြီး အဖွဲ့က ယခု ဗောဓိကုန်းအရပ်၌ ထိုညောင်ပင်ကို အောင်မြင်စွာ ရှာဖွေ တွေ့ရှိခဲ့သည်။ ခမည်းတော်က အနောက်နန်းမမြကလေးကို အနောက်မုခ် ဆောက်လုပ်ခွင့် ပြုခဲ့သည်။

သာယာဝတီမင်းသည် နောင်တော်ကို နန်းချပြီးနောက် ရှိသေစွာ ရာသက်ပန် ကောင်းစွာ ပြုစုထားရှိခြင်းမှာ သမီးတော်၏ ဟောကိန်းနှင့် တောင်းပန်ချက်အရ ဖြစ်သည်ဟု အင်္ဂလိပ် မှတ်တမ်း၌လည်း ဆို၏။ မည်သို့ပင်ဖြစ်စေ နောင်တော်က အင်္ဂလိပ်တို့နှင့် ဆက်သွယ်ကာ ထီးနန်းပြန်ရအောင် လျှို့ဝှက် ဆက်သွယ်မှုများ ရှိသော်လည်း သာယာဝတီမင်းက အရေးမယူခဲ့ချေ။

စကြာဒေဝီအား ရာဇဝတ်သား၏အသက်ကို အလှူခံနိုင်သော အခွင့်ထူးကို မင်းတုန်းမင်းက ဆက်လက် ခွင့်ပြုခဲ့သည်။

[ မှတ်ချက်။ ။ ‘စကြာဒေဝီ၌ ဤသို့သော အမွှေး



www.burmeseclassic.com

www.burmeseclassic.com



ထုး ရှိနေလျှင် အဘယ်ကြောင့် ဆွေမျိုးရင်းချာများဖြစ်သည့် စကြာမင်း၊ ပြည်မင်း၊ မြဲတောင်မင်းသမီးနှင့် မိဖုရား မမြ ကလေးတို့ကို မကယ်တင်ခဲ့သနည်း’ဟု ပြည်မင်းမှ ဆင်း သက်သူ ဒေါ်တင်တင်မေက သူ၏ဖခင် ဦးမောင်မောင်တင် အား မေးခွန်းထုတ်ခဲ့ဖူးသည်။ အဖြေကား ‘စကြာဒေဝီ အနေဖြင့် သူ၏ မယ်တော်နှင့် မောင်တော် ပုဂံမင်းတို့ ကိုယ်တိုင် စီစဉ်သော ကိစ္စများ၌ကား လွှန်ဆန်ခွင့် ရှိဟန် မတူပါ’ဟူ၏တည်း။ ပုဂံမင်းသည် ထီးနန်းမျှော်မှန်းသူ ဖြစ်ရာ သူ၏ ဆူးငြောင့် ခလုတ်များကိုကား ဖယ်ရှင်းလိုပေ မည်။ ထီးနန်းဆက်ခံရေး၌ နှမတော်၏ စွက်ဖက်မှုကို လက်ခံနိုင်ဖွယ် မရှိချေ။]

## အစ်မတော်

မောင်တော်ပုဂံမင်း လက်ထက်တွင် တစ်ပင်တိုင်မင်းသမီး အနေဖြင့် မင်းတုန်းမင်းသားနှင့် ဆက်သွယ် ရည်ငံရှိကြ သည်။ မင်းတုန်းမင်းနှင့် ကနောင်ညီနောင်တို့အား ဘုရင်က အပြစ်ရှာနေသည်ကို ဦးစွာ သတင်းပို့သူကား ကနောင်မင်း ၏ သမီးတော် စမ္မာနဂိုမင်းသမီးလေး ဖြစ်၏။ ထိုသတင်း ဟုတ် မဟုတ် အတည်ပြုရန် မင်းတုန်းမင်းသားက “မဖုရား” ထံ သွားရောက် တိုင်ပင်ရာ–

‘နောင်တော် ပုဂံမင်းတော့ ထီးသက်နန်းသက် ပြတ် တော်မူနေပါသည်။ နေပြည်တော်၌ မောင်ဘုရားတို့အတွက် အသက်အန္တရာယ် မြင်ပါသည်။ မောင်ဘုရား အနေနှင့် ရွှေဘိုကို အောင်မြေနင်းပြီး ကြံတော်မူပါက အရေးတော် လှနိုင်ပါကြောင်း၊ တိုင်ပင်တော်မူရန် သားတော် ငဘိုးလှိုင်ကို ခေါ်သွားပါဘုရား’ဟူသော မိန့်ဆိုချက်အတိုင်း မင်းတုန်းမင်း က နာခံ ထွက်ခွာလေသည်။

ရွှေဘို၌ တော်လှန်ရေး အောင်မြင်သောအခါ စကြာ ဒေဝီကို မင်းတုန်းမင်းက လည်းကောင်း၊ လှိုင်ထိပ်ခေါင်တင် ကို ကနောင်မင်းက လည်းကောင်း ခေါ်ဆောင် မိဖုရား မြှောက်၏။

ဘီးပုံတော် ခွေဆံပတ်ကယ်နှင့်
ကြွေမတတ် မူရာ
ရွှေနားကပ် မကူသာပေါင်
မဟူရာ ဆင်၍
သိမ်ရေကျ လျော့ရီးခြုံတယ်
ကြော့နည်းပုံ ဆန်းလိုက်ပါပေ့။
ဝတ်လဲတော် ကြိုးအဝါ
ခိုးနံ့သာ မသွေ့။
ရိုးရှာသည် ဓလေ့မို့
ပြကတေ့ ယဉ်ပြန်။
မျက်လုံးတော် တစ်မူသစ်တာက
ဇမ္ဗူရစ် သိန်းမကတန်။
ရွှေနန်းသူ ချောရှာဟန်မှာ
သောတာပန်မိသူ့ဒွေးကဲ့သို့
မြေးရှစ်ကျိပ် ရတောင်ကွယ်
ရှေးကထက် ငယ်
လေးဆယ်ပြည့် ဇရာရွယ်တောင်
ကညာမယ် သာဘူး ဖျာ့လေး။ ။

အထက်ပါ တေးထပ်၌ မိဖုရားကြီး အသက် ၄၀ ခန့် တွင် ရှင်ဘုရင် စပ်ဆိုဟန်တူ၏။ ရိုးရိုး ဝတ်ဆင်နေတတ် သည်။ ဘီးဆံပတ်ခွေနှင့် မဟူရာနားကပ်ကို ဝတ်ဆင်လေ့ ရှိသည်။ အဝတ်အထည်တို့တွင် အဝါရောင်ကို နှစ်သက်ဟန် တူသည်။ ပုသိမ်ပဝါဖွပ်ပြီးသားကို ဆင်တတ်သည်။ မျက်လုံး အလွန်လှဟန် တူသည်။ သားတော် သမီးတော် မထွန်းကား သဖြင့် အရွယ်တော် တင်သည်ဟု ဆိုရပေမည်။ မိဖုရားကြီး က ဘုရင်ထက် အသက် ၂ နှစ်ကြီး၍ “မဖုရား”ဟု ခေါ်ဝေါ် လေ့ ရှိ၏။ ဘုရင်၏ ဆံတော်သန့်ရှင်းခြင်းကို အခြား မိဖုရား ပြုလုပ်ပေးသည်ကို အလိုမရှိဘဲ နန်းမတော်ကိုယ်တိုင် ပြုလုပ် ပေးရသည်။

## သူပုန် နှိမ်နင်းရေး

ခရစ်သက္ကရာဇ် ၁၈၆၆ ခု မေလတွင် ပဒိန်းမင်းသားက ထကြွပုန်ကန်ရာ အင်အားကြီးမားစွာဖြင့် မန္တလေးမြို့တော် ကို အဝိုင်း ခံရမည်ကဲ့သို့ ရှိနေခဲ့လေသည်။ မင်းတုန်းမင်း သည် ထိတ်လန့်တုန်လှုပ်ကာ ထီးနန်းစွန့်လျှင် ကောင်းမည် လားဟု စကြာဒေဝီကို တိုင်ပင်၏။ ဗေဒင်ကိန်းခန်းများ တွက်စစ်ပြီးနောက် ‘ယခုအရေးတွင် သိက္ခာကျစရာ၊ နန်းကျ စရာ လုံးဝမမြင်၊ တပ်တော်များကို တက်ကြွစွာ ခုခံတွန်းလှန် နိုင်အောင် အားပေးရန် လိုအပ်ပါသည်’ဟု မိဖုရားခေါင်က တိုက်တွန်း၏။ အခြားသော မိဖုရားများကလည်း ထောက်ခံ ကြ၏။ အတန်တန် တောင်းပန်ကြခါမှ မင်းတုန်းမင်းက



www.burmeseclassic.com

www.burmeseclassic.com

# ရတနာပုံနေပြည်တော်



မန္တလေးမြို့တော်ကြီးကို တောင်ပေါ်မှ မြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com



မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား



မင်းတုန်းမင်း၏ အတုမရှိ အုတ်ကျောင်း



စန္ဒာမုနိဘုရားမှ ၁၇၇၄ ဆူသော
အဋ္ဌကထာ ကျောက်စာများ

www.burmeseclassic.com

www.burmeseclassic.com



မဏိရတနာရာမ မြတောင်ရွှေကျောင်းကြီး

ကျောင်းရေတွင်း





ကျောင်းအတွင်းရှုခင်း

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်း



ဘုန်းကြီးပျံ



ဘုန်းကြီးပျံ့ပြာသာဒ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတောင်ပေါ်မှ ကုသိုလ်တော်နှင့် အတုမရှိကျောင်း၊ ကျောင်းတော်ကြီး ရှုမြင်ကွင်း



မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



မန္တလေး နန်းမြို့ရိုး ရှုခင်း



၁၈၈၇ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်တော်သာသနာပိုင် ဆရာတော်ကြီးထံသို့
ဆာဖရက်ဒရစ် ရောဘတ်( မြန်မာပြည်စစ်တပ်များ၏ စစ်ဦးစီးချုပ်) နောက်ပါအခြံအရံများနှင့် သွားရောက်ဖူးတွေ့စဉ်။



မင်းတုန်းမင်း
နန်းသိမ်းပွဲ ကျင်းပစဉ်

www.burmeseclassic.com

www.burmeseclassic.com

# ရတနာပုံနေပြည်တော်

အနောက်ဆောင်





မြို့ရိုးရှေ့မှ မော်ကွန်းတိုင်

မြေနန်းပြာသာဒ်တော်



အာဠဝီတံခါး



www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်၏ ရှေ့ဘက်ရှုခင်း



စွယ်တော်စင်





www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်မင်းသားကို အင်းဝသို့ လည်းကောင်း၊ မက္ခရာ မင်းသားကို ပလိပ်သို့ လည်းကောင်း၊ သောင်ရမ်းမင်းသား ကို စစ်ကိုင်းသို့ လည်းကောင်း ချီစေ အမိန့်တော်ထုတ်၏။ ပဒိန်းမင်းသား၏ တပ်များ စောစောက အရေးသာသော် လည်း နောက်ပိုင်း၌ ဆုံးရှုံး ပျက်စီးကုန်ကြသည်။

*

၁၈၇၅ ခုက မှန်နန်းဆောင်တွင် သမီးတော်များ နားထွင်း မင်္ဂလာ ဆင်ယင်ရာတွင် ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့ ရာဇပလ္လင်မှ တက်ရောက် ရှုစားတော်မူကြသည်။ ထို အတောအတွင်း အလယ်နန်းမိဖုရား ဆင်ဖြူမရှင် (နန်းမ တော် မယ်နု၏ သမီးတော်)သည် မည်သူ့ကိုမျှ ခွင့်ပန်ခြင်း မရှိဘဲ ရာဇပလ္လင်သို့ တက်လာကာ ရှင်ဘုရင်နှင့် မိဖုရား ခေါင်တို့ ဘေးတွင် အတူ ထိုင်နေလေသည်။

မိဖုရားခေါင်ကြီးက ပွဲပြီးသည့်တိုင်အောင် ရာဇ ပလ္လင်ထက် ဆောင်နေတော်မူ၏။ သို့သော် များစွာ ဒေါသထွက် လျက် အဆောင်တော်သို့ အမြန်ပြန်ကာ ငိုကြွေးလေသည်။ မင်းတုန်းမင်းက လိုက်လံ ချော့မော့ပါ၏။ သို့သော် နန်း ဓလေ့ ထုံးတမ်း စည်းကမ်းတို့ကို ဤမျှ ရိုင်းပျစွာ ချိုးဖောက် ခြင်းမှာ ရှင်ဘုရင် ကိုယ်တိုင်က အားပေးအားမြှောက် လုပ်၍ သာလျှင် ဖြစ်သည်ဟု စကြာဒေဝီက စွပ်စွဲ၏။ ဆင်ဖြူမရှင် ကို ဆုံးမပါမည်ဟု ရှင်ဘုရင်က ကတိပြု၏။

ဆင်ဖြူမရှင် မိဖုရားမှာလည်း ပရိယာယ်များသူ ဖြစ်၍ 'မိမိသည် အနုညာတ မိဖုရား မဟုတ်၊ ရှင်ဘုရင်၏ မိဖုရားခေါင်မှ ပေါက်ဖွားသည်။ မိမိ၏ သမီးတော်ရင်းချာ များအတွက် ကျင်းပသော ပွဲဖြစ်၍ အခွင့်အရေးကို သုံးပိုင်ခွင့် ရှိသည်'ဟု ပြန်ငေါ၏။

## ခြေအိတ်ပြာ

၁၈၅၅ ခုနှစ်က ရတနာပုံနေပြည်တော်သို့ အင်္ဂလိပ်သံအဖွဲ့ တစ်ခု ရောက်ရှိရာ အောက်မြန်မာပြည်ဆိုင်ရာ အင်္ဂလိပ် မဟာမင်းကြီး အာသာဖယ်ရာက မိဖုရားကြီး စကြာဒေဝီ အတွက် မှန်ပြောင်းကြီး တစ်လက်နှင့် မြေပုံစာအုပ်များ၊ နက္ခတ်ကျမ်းများ သီးခြား ဆက်သသည်။ စကြာဒေဝီကို ပညာရှိ မြန်မာအမျိုးသမီးကြီး အနေနှင့် အင်္ဂလိပ်များက လေးစားကြသည်။ ဘုရင်ခံချုပ် ဒါလဟိုဇီ (Lord Dalhousie)က "မိဖုရားကြီးအတွက် ခြေအိတ်ပြာ တစ်စုံလည်း ဝယ်ပေးလိုက်ရမလား"ဟု ဖယ်ရာထံ ရေးစာ၌ ရယ်သွမ်း သွေးသည်။ ခြေအိတ်ပြာ ဆိုသည်မှာ အင်္ဂလိပ်ဝေါဟာရ၌ "မိန်းမ စာတတ်ပုဂ္ဂိုလ်" (Blue Stocking) ဟု အဓိပ္ပာယ် ရသည်။ အင်္ဂလန်ပြည်၌ အထက်တန်းပညာ ဆည်းပူးသော အမျိုးသမီးများကို ထိုခေတ်က အားပေးခြင်း မရှိဘဲ ပြက် ရယ် ပြုလေ့ ရှိခဲ့ကြသည်။ စာရေးဆရာမများသည် ယောကျ်ားကလောင်ဘွဲ့များ ယူ၍ ရေးတတ်ကြ၏။

စကြာဒေဝီသည် အင်္ဂလိပ်စာကိုလည်း မက္ခရာမင်း သားကြီး ထံမှ အတော်လေ့လာဖူးသည်။ ထိုမင်းသားကြီးမှာ သူ၏ဦးရီးတော် ဖြစ်သည့်အတိုင်း သူပြုစုသော စွယ်စုံကျမ်း နှင့် နိုင်ငံခြား အဘိဓာန်တို့တွင် စကြာဒေဝီက အထူး စိတ်ဝင် စားခဲ့သည်။ ဖယ်ရာတို့ သံအဖွဲ့တွင် အတူ ပါလာသော အင်္ဂလိပ်ပန်းချီဆရာက ဘုရင်နှင့် မိဖုရားကြီး ပုံတော်များ ရေးဆွဲခွင့်တောင်းရာ ခွင့်ပြုချက် မရခဲ့ချေ။

*

ကျွန်တော်တို့ အနေဖြင့် ယေဘုယျအားဖြင့် စကြာဒေဝီက မြဝတီဝန်ကြီး ဦးစကို ကယ်ဆယ်ခြင်း၊ လှိုင်ထိပ်ခေါင်တင် ကို ခေါ်ယူကြည့်ရှုခြင်း၊ ဖတဆိုး မောင်ဘိုးလှိုင် (ယော အတွင်းဝန်)ကို မွေးစားစောင့်ရှောက်ခြင်း စသဖြင့် သုံးလေး ဦးမျှလောက်သာ အကြောင်းတိုက်ဆိုင်၍ ကယ်တင်ခဲ့ပုံများ ကြားသိခဲ့ဖူးသည်။ ဒေါ်တင်တင်မေနှင့် ဆုံတွေ့မှပင် သုံး လေးဦးမျှ မကဘဲ ၁၄ ဦးမျှ (ဘကြီးတော်မင်း အပါအဝင်) စကြာဒေဝီက ကယ်တင် တာဝန်ခံယူခဲ့ကြောင်း တအံ့တသြ သိရှိရလေသည်။

*

## [ ၃ ] ရွှေသဇင်၊ ငွေသဇင်

မိဖုရားခေါင်ကြီး ရုံးနှင့် သက်ဆိုင်သော တာဝန်တစ်ခုမှာ ရာသီအလိုက် ဖူးပွင့်သော ပန်းသဇင်များကို ထိန်းသိမ်း ဖြန့်ဖြူးရေး ဖြစ်၏။ သဇင်ပန်းကို ပန်းတော်ဟု သမုတ် လျက် ထိုပန်းမျိုး၌ ရှားပါးသော ဂမုန်းတို့လည်း ပါဝင်သည်။ ထိုရာသီ၌ နန်းလုံး ကြိုင်သင်းတော့သည်။

စုံတစ်ခိုင်
ထုံညီနံ့သင်း
ရွှေနန်းသူ ပျော်ခလေ့ပေပ
ပန်းမွှေ့ရာ ခင်း။



www.burmeseclassic.com

www.burmeseclassic.com



**ပန်းမျိုးစုံ**

ပန်းကုံ့ကော်–ရွှေစံကား
ငွေသားနှ စံပယ်ပန်း
မုလေး ခတ္တာနှင့်
ရွှေရင်းမာ ကြာခဝဲ
ဖွံ့စဲလျှင် လျှံ
သဇင်ကျန်
ခွာတံပေါက်လဲ
ပွင့်ဝတ်ကယ် ရွှေဖီမင်း
သင်းထုံနံ့ ကဲ။ **( ကင်းဝန် )**

၁၀၇၆ စစ်တမ်းအရ ဆင်အိုင်၊ ပိန်ညှင်း ၂ ရွာမှ ပန်တော်ပန်းကိုသာ ဆက်ရမြဲ ဖြစ်၏။ ပန်းပေါ်ချိန်တွင် ဆက်ရမြဲ ဖြစ်သည်။ ၎င်းနယ်မြေရှိ လုပ်သားပြည်သူတို့မှာ အသေးအဖွဲ အခွန်များမှ ကင်းခွင့်ရကြလေသည်။

ပန်းတော်ဆက်သော ရွာတို့မှာ ၁၀၀ ခန့်ရှိလျက် တောင်ငူ၊ ရွှေကျင်၊ ပုသိမ်၊ မင်းတုန်း၊ ပုပ္ပါးနှင့် ရှမ်းပြည်နယ်တို့တွင် ရှိသည်။

**သန့်စင်ပန်း**

လွမ်း တပုံ့ပုံ့
ညည်းညူခန့် ဆွေးစဖွယ်သာ
လောင်းရွှေပွင့်ဝါ၊
သည်မာလာ ပင်မြင့်ဆုံး
သဇင်မင်း ရွှေခက်ကယ်
ပန်ချင်ပါတယ် ရွှေချည်စည်းကို
ရည်းဖြေလျော့ရှုံး။

သဇင်ပန်း ဝေါဟာရမှာ "သန့်စင်" ဟူသောစကားမှ ဆင်းသက်သည်။ မြေပေါ်၌ မပေါက်သည့်အတွက် အညစ်အကြေး ကင်းစင်၏။ မကောင်းသောအနံ့ နံလျှင်လည်း ထိုပန်းပင်များ သေတတ်၏။ သာသနာနှင့်ဆိုင်သော ဝတ္ထုကံမြေများ၌ မပေါက်တတ်ဟု ဆို၏။ လေသန့်သန့်နှင့် လူနှင့် ဝေးရာကို ကြိုက်တတ်သော ပန်းမျိုးဖြစ်သည်။

ရွှေသဇင် ငွေသဇင်
နန်းဝင်သည့် ပန်းတော်
မြေပေါ်မှာ မပွင့်
ရွှေသိုင်းနှင့် ဝင့်ရသည်
ပင်ဆင့်များ ကေရာဇ်
ဘုန်းရှိ၍ ဖြစ်ရမှာ.....

ရာမရကန် ဆရာ ဦးတိုးက သဇင်ပန်းကို မလေးမစား လုပ်က ရာဇဝတ် သင့်ပုံကို စပ်ဆိုထား၏။

တချို့က နီနီပြာ၊ တချို့က ဖြူဝါဝါ
တချို့မှာ ချိပ်ပွင့်၊ တချို့မှာ
ပန်းရင့်လို့
ပင်ဆင့် ပန်းပျံ့။
ဘွဲ့မည်ရည် ခံခြင်းတွင်
ဝေယန် နန်းမြင့်၊ ပင်တိုင်း တင့်မို့
မြို့ဝန်မင်းစာ၊ လိပ်မပါဘဲနှင့်
ကွယ်ရာဈေးပြင်၊ ရောင်းလို့များ မြင်ကလေ
သေချင် သေ၊ ရှင်ချင် ရှင်
အင်မတန့် အင်တန်
ရာဇဝတ်တော် ခံရသည်
မြတ်ပန်တော်ပန်း၊ ခိုင်လုံး လန်းကို
ဟိုလောင်းပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့် ဝင့်မလဲ
ဘုန်းနှင့် ကံနှင့် ရွှေသဇင်။

ရွှေမြို့တော် ဈေးတို့တွင် မြို့ဝန်၏ ခွင့်ပြုချက် ပါမှသာလျှင် သဇင်ပန်း ရောင်းနိုင်သည်။ အမရပူရ မြို့တော်၌ ၁၁၆၈ ခုက သဇင်ပန်းနှင့် ပတ်သက် အရေးယူပုံကို အောက်ပါ အထုး ပြန်တမ်း၌ ကြည့်ရှုနိုင်၏။

"သဇင်ပန်းတော်–ရွှေနန်းတော်သို့ မဆက်မသွင်းသေးသည်ကို မင်းသားများအိမ်သို့ ပန်းများ ရောက်ကြောင်းနှင့် မင်းတရားကြီး ကြားသိတော်မူရသည်။ ကျိုဝန်ကို တန်းမှာထားစေ၊ ပန်းဆက်လာသူတို့ကို ရအောင် တောင်း"ဟူ၍ ဖြစ်၏။

လွှတ်တော်က ထိုပညတ်ချက် ထုတ်ပြီးနောက် ဈေး၌ အမိန့်မရှိ ရောင်းသူများကို နာကျင်စွာ ရိုက်နှက် ဆုံးမ၏။

ပါရမီဂုဏ်၊ သင့်ရုံ ဟုတ်ဘူး
ကံထူးသည့် ပန်း
လမ်း ချဲ့ချဲ့–မချဲ့ချဲ့
ဆုတ်ဟဲ့ပဲ ဆိုဆို
မဆိုရဘဲ လာလာ
သူမို့ ပါလျှင်
ရွှေအာဏာခေါင်



www.burmeseclassic.com

www.burmeseclassic.com



သိုင်းပြောင်ပြောင်နှင့်
ရှောင်ရသည်၊ လွှဲရသည်
ပန်းပျံများ ဘုရင်ကို.....။

သဇင်ပန်းကို ဆင်မြန်းနိုင်သော ပင်တိုင်နန်းသူ ခင်ကြော့မှူးတို့တွင်ကား ထိုရာသီတွင် ကန့်ကလျ၊ အလှ ငွေဖော့၊ ဟန်ကြော့ကြော့နှင့် ရှိနေကြပုံကို စာဆိုတော် ရွှေတောင် နန္ဒသူက ဖွဲ့ဆိုပုံကား–

ဝတ်လဲတော် မခြုံ့တခြုံ့
ရင်သိမ်းတော် ပန်းပျော့က
လျော့တော့တော့ မလုံ့တလုံ
ဂန္ဓာမာ အနံ့က၊
သင်းပျံ့ပျံ့ မလုံ့တလုံ
ကုံကုမံ ပန်းနံ့က၊
လန့်လှအောင် ကြိုင်တလှိုင်လှိုင်
စိုင်ရှူးကြယ်ပြောင်
ယုဂန်တောင်က
ရောင်ဖြူလာ နံနက်ကို
နှစ်ခုပြိုင်ထွက်သည့်နှယ်။

ပန်းမြတ်များ မပွင့်မီကာလ၌ နန်းသူများသည် ခံပွင့်ကို ပန်ဆင်ကြရသည်ကို ဦးပုညက မြို့တော်နှင့်ကျေးတော ကွာခြားပုံ အနေဖြင့် ကွန့်ခဲ့သည်။

**စံပယ်ပန်း**

ပန်းစံပယ်
နန်းလယ် မပေါ်ခိုက်ဟာမို့
အလိုက်တော် တန်သင့်ရုံပ
ခံပွင့်ကို ကုံး၊
နန်းရဝေ
မန်းမြေမှာ စံပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွေ့တယ်
တောလေ့ရှာသုံး။

*

## [၄] ဝန်ကြီး ဦးရန်ဝေးနှင့် ဝန်ကလေး ဦးကောင်း

မင်းတုန်းမင်း လက်ထက်တွင် ချင်းတွင်းနယ်မြေမှ ဘုန်းကြီး လူထွက် ၂ ဦးတို့ ကောင်းစားကြ၏။ ကောင်းစားသည် ဆိုရာ၌လည်း နည်းနည်းနောနော မဟုတ်ဘဲ နေပြည်တော်တွင် ထိပ်တန်းဖြစ်သော မင်းကြီး ရာထူးများ ရရှိကြ၏။ သူတို့ ၂ ဦးမှာ ဖြစ်ရပ်ချင်း များစွာ တူညီကြသဖြင့် "ကံတူ အကျိုးပေး"ဟူ၍ပင် ဆိုလောက်ပေသည်။

တစ်ဦးကား ပခန်းမင်းကြီး ဦးရန်ဝေး ဖြစ်လျက်၊ တခြားပုဂ္ဂိုလ်မှာ ကင်းဝန်မင်းကြီး ဦးကောင်း ဖြစ်သည်။ သူတို့ ၂ ဦး၏ ခြားနားချက်မှာ ရှင်ဘုရင်က သူကောင်းပြု ခံယူကြပြီးနောက် ဦးရန်ဝေးက ရှင်ဘုရင်ကို အနိုင်ကျင့်လေ့ ရှိသဖြင့် သူ့ကို "ပခန်း ရှင်ဘုရင်ကြီး"ဟုပင် မင်းတုန်းမင်း က ခေါ်ဆိုလေ့ ရှိသည်။

ဦးရန်ဝေးမှာ ချင်းတွင်းအနောက်ဘက် ဗန့်ကျီနယ်၊ ဗဒ္ဓရွာသား ဖြစ်လျက် ၁၁၇၄ ခုဖွား ဖြစ်သည်။ ဦးကောင်း ကား ထိုရွာ၏အနောက် ၈ တိုင်ကွာ မှန်တိုင်ပင်ရွာ၌ ၁၁၈၃ ခုတွင် ဖွားသည်။

ဗဒ္ဓရွာကျောင်း ဘုန်းတော်ကြီး ဦးဥတ္တမသည် ဦး ရန်ဝေး၏ဦးရီး ဖြစ်၏။ ထိုကျောင်း၌ပင် ဦးရန်ဝေးသည် ဦးဝိသုဒ္ဓဘွဲ့ဖြင့် ခန်းနေဦးပဉ္စင်းကြီး ဖြစ်လာ၏။ မှန်တိုင်ပင် ရွာမှ မောင်ကောင်းလည်း သာမဏေ ဘဝ၌ ထိုကျောင်းသို့ လာရောက် တပည့်ခံ၏။

### နေပြည်တော်သို့

ပုဂံမင်း နန်းတက်ပြီးနောက် ဦးဝိသုဒ္ဓသည် နေပြည်တော်ရှိ ဗားကရာတိုက်သို့ ရောက်ရှိကာ ငွေရေးကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဖြစ်လာ၏။ ထိုအချိန်က လွတ်တော် မင်းသားကြီး ဖြစ်နေသူ မင်းတုန်းမင်းသားထံသို့ ဦးဝိသုဒ္ဓသည် မှန်မှန် ကြွရောက် တရားဟော သီလပေးခြင်း ပြုရသည်။

မကြာမီ မှန်တိုင်ပင်မှ ရှင်အာသဘ(မောင်ကောင်း) သည် ငယ်ဆရာ ဦးဝိသုဒ္ဓထံ ရောက်ရှိလာ၏။ အတွင်း တပည့်အဖြစ် နေထိုင်ကာ စာပေကျမ်းဂန် ပေါက်မြောက် အောင် သင်ယူ၏။

၁၂၁၁ ခုတွင် မင်းတုန်းမင်းသားက ပညာဗဟုသုတ အရာ လေ့လာရှာမှီးသူများ အလိုရှိကြောင်း မိန့်ကြားသဖြင့် ဦးဝိသုဒ္ဓက ရှင်အာသဘကို မင်းသားထံ ပို့ဆက်သရန် လူဝတ်လဲစေရ၏။ မင်းတုန်းမင်းသား တစ်နေ့သ၌ ရှင် ဘုရင် ဖြစ်မည်ကို ကြိုတင်သိမြင်သော ရှင်အာသဘကား 'အမှိ ကောင်းကြီးကို ရလေပြီ'ဟု ဝမ်းမြောက်စွာပင် [illegible] သိက္ခာ ချ၏။



www.burmeseclassic.com

www.burmeseclassic.com



## လူထွက်ကြပြီ

များမကြာမီ မင်းတုန်းမင်းသား၏ အထပ်ထပ် လျှောက်တင် တိုက်တွန်းသဖြင့် ဦးဝိသုဒ္ဓလည်း လူဝတ်လဲရလေသည်။ ဦးရန်ဝေးမှာ မင်းတုန်းမင်းသား၏ အကြီးတော်ရာထူး ရရှိလျက်၊ ဦးကောင်းမှာ အိမ်တော်ဘဏ္ဍာစာရေး ဖြစ်လာ၏။

မင်းတုန်းမင်းသား ထီးနန်းရရှိပြီးနောက် ဦးရန်ဝေးကို ပခန်းမင်းကြီးအဖြစ် ဝန်ကြီး ခန့်အပ်၏။ မိဖုရားကြီး စကြာဒေဝီနှင့် တိုင်ပင်၍ ခမည်းတော် သာယာဝတီမင်း၏ ကိုယ်လုပ်တော် သန်လျင်မြို့စားနှင့် ထိမ်းမြားပေးလေသည်။ နေ့စဉ် ပခန်းမင်းကြီး အိမ်တော်သို့ မင်းတရားကြီးက ပွဲတော်အုပ် ပေးပို့သည်။ လခတော်ငွေ ၂၀၀၀ ကျပ် ရရှိရာ မင်းကြီးကတော် ၁၀၀၀ ကျပ်၊ မိမိအတွက် ၅၀၀ ကျပ်၊ ငယ်သားများ အတွက် ၅၀၀ ကျပ် ဟူ၍ ဝေခွဲ သုံးစွဲလေသည်။

## ဝန်ကြီး၏ နှမ

တစ်ကြိမ်က ဦးရန်ဝေး၏နှမ ဒေါ်နီသည် မုဆိုးမ ဘဝ၌ နွမ်းပါးသဖြင့် မောင်ကြီးထံ လာရောက်ခိုလှုံ၏။ မင်းကြီးလည်း နှမဖြစ်သူကို ထောက်ပံ့ရန် နည်းလမ်းရှာရင်း ရွှေပန်းထိမ်တော်သားများထံ ရောက်ရှိသွား၏။ ရွှေပုခက်တစ်ခုကို စီခြယ်နေရာမှ ပိုလျှံသော ၄၅ ကျပ်သားရှိ ရွှေတုံးတစ်ခု တွေ့ရှိလေသည်။ 'နန်းတော်က မေးလျှင် ဤရွှေတုံးကို ငါ ယူသွားသည် ပြောလိုက်' ဟု မှာထားကာ ယူသွားလေသည်။ အိမ်သို့ ရောက်သောအခါ နှမမယ်နီသို့ ၎င်းရွှေတုံး ပေးလိုက်လေသည်။ နောက်နေ့တွင် ယောအတွင်းဝန် ဦးဘိုးလှိုင် လာရောက် မေးမြန်းရာ 'မောင်လှိုင်၊ ငါက မင်းတရားကြီးပိုင် ရွှေတုံးကို ယူလာတာ မှန်ပါသည်။ ငါ့မှာ ဆင်းရဲသော နှမတစ်ယောက်ကို ထောက်ပံ့ရန် တာဝန်ရှိနေတယ်။ ငါ ရရှိသည့် ရိက္ခာတော်က လောက်ငရုံပဲ ရှိတယ်။ လာဘ်တံစိုးလက်ဆောင်လည်း ငါ ဘယ်တော့မှ မယူခဲ့။ ဒါကြောင့် ခိုးခြင်း ခိုးလျှင် ငါ့အရှင်သခင်ရဲ့ ပစ္စည်းကို ခိုးပြီး နောင်သံသရာမှာလည်း အတုံ့အလှည့် ခံရပါလျှင် ကိုယ့်အရှင်သခင် အိမ်မှာပဲ ခွေးဖြစ်ဖြစ် ခံရတာက မြတ်တယ်လို့ ငါ အောက်မေ့ပြီး ယူခဲ့တာပဲ'ဟု ဖြေကြားလိုက်လေသည်။

ထိုစကားကို မင်းတုန်းမင်းကြီး ကြားတော်မူလျှင် များစွာ သဘောကျတော်မူလျက် ထိုရွှေတုံးကို နန်းတော်က ငွေတစ်ထောင် ပေး၍ ရွေးတော်မူစေ၏။ မင်းကြီးနှမ မယ်နီကိုလည်း အနောက်ဆောင် မိဖုရားများက ခေါ်တော်မူကာ ပြုစုကျွေးမွေး လက်ဆောင်တော်များ ပေးကြလေသည်။

## ဆင်ကြန်မယ်

မင်းတုန်းမင်းက ခမည်းတော်၏ မိဖုရားငယ် တစ်ဦးနှင့် ဦးရန်ဝေးကို ပေးစားရာတွင် ရှေ့သွားနောက်လိုက်ညီဟန် တူ၍ ရာဇဝင်၌ ဘာမျှ ကဲ့ရဲ့သံ မကြားရပါ။ သို့သော် ၁၂၁၃ ခုနှစ် ဦးကောင်းကို "ဆင်ကြန်မယ်"နှင့် အိမ်ထောင်ချပေးရာ၌ သတို့သားမှာ အသက် ၃၀၊ သတို့သမီးမှာ ၅၉ နှစ် ဇရာပိုင်း ရောက်နေသူ ဖြစ်လေသည်။ တရားသူကြီး ဦးဘိုး ကွယ်လွန်ရာ၌ ၎င်းကတော် မုဆိုးမ ဆင်ကြန်မယ်ကို လူပြန်တော် လူပျိုကြီး ဦးကောင်းက ယူစေခြင်းဖြစ်သည်။ ဦးကောင်းကို မင်းတုန်းမင်းက အနိုင်ကျင့်ခြင်းမှာ ထိုအချိန်မှ စတင်ဟန် ရှိ၏။ ဦးကောင်းက မလွန်ဆန်ဝံ့ပုံမှာ 'ရှင်ဘုရင် ကျေနပ်လျှင် ပြီးရော'ဟူသော သဘောနှင့် ဆင်ကြန်မယ်ကို မစုံမက်စေကာမူ ကောင်းစွာ ပေါင်းသင်း နေထိုင်ခြင်းက ထင်ရှားစေပေသည်။

ထိုအိမ်ထောင်ရေးနှင့် ပတ်သက်၍ ဦးကောင်းက ဘာမျှ မပြောစေကာမူ ဂယက်များကား ရှိခဲ့သည်။ ၁၂၂၄ ခုနှစ်တွင် ရတနာနဒီမြစ် တူးဖော်ပြီး၍ မန္တလေးမြို့အနီး ထိုမြစ်ကမ်း တစ်လျှောက်တွင် မှူးတော်မတ်တော်တို့အား ဥယျာဉ်ခြံများကို စိုက်ပျိုးစေ၏။ မင်းကြီးဦးကောင်းက သူ့ခြံအတွက် အုန်းပင်မျိုးကောင်းများ ရလို၍ မြောက်ထားဝယ် ဗိုလ် မောင်ပိန်ထံ မှာတရန် တောင်းခံ၏။ ဦးကောင်းနှင့် ဗိုလ်ပိန်မှာ မင်းတုန်းမင်းသား အိမ်တော်ပါများ ဖြစ်၍ အလွန် ရင်းနှီး ခင်မင်ကြသည်။ ဗိုလ်ပိန်ထံမှ အုန်းပင်ပေါက်များ ပေါ်မလာသဖြင့် ဦးကောင်းက လေ့တော်သံအလိုက် စားချိုးသည်မှာ–

သွေယွန်းလို့
ရွှေခွန်းလေ မမှန်မကန်
ပွေလွန်းလှပြန်၊
စိုက်ပျိုးရန် သစ်ပင်ပေးမယ်လို့
ရှေးလေး ဆိုရှာတဲ့
သူ့နှုတ်သံ–သွေဖောက်ပြန်၊
ဗိုလ်များမှန် ပိန်တာတူးရယ်



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဘူးနော် ငယ်ကညာဏ်
ဆယ်ဆဖန်။ ။

ဗိုလ်ပိန်မှာ နာမည်နှင့် လိုက်အောင် တကယ် ပိန်သေး ကြုံလှီသူ ဖြစ်သည်။ ကတိပျက်ပြယ်သော ငယ်ကျင့်ကို ယခုတိုင် ပယ်ဖျက်ခြင်းမရှိဘဲ ဆယ်ဆကဲနေပဟန် ကလိလိုက်ခြင်း ဖြစ်သည်။ ထိုအချိန်က စလေဦးပုညမှာ နန်းတော်တွင် လက်ဖက်ရည်တော်မှူးအဖြစ် ဆောင်ရွက်လျက်ရှိရာ ဗိုလ်ပိန်က လှူဒါန်း၍ အရိုက်ခိုင်းသည့် သဘောဖြင့် မင်းကြီးဦးကောင်းထံသို့ ပြန်စာ ရေးပေးစေခဲ့သည်။

ချဲ့ဟောင်းမို့
နွဲ့နောင်းလေး ကြင်ရန်ဆင်ကြန်
ဆယ်မီးလောက် လှန်
သိမ်းမွှေခဲ–လုံအမတ်က
မိုးနတ်စွဲ စိတ်ထင်
အာ့လိုက်ချင်။
အပြစ်တင်စာ မစုပါနှင့်
လာလုပ်ပြီ မျှော်လို့နေ
ဒေါ်အို့ဖေ။

"ကွယ်လွန်သူ ဦးဘိုးက သုံးစွဲပြီးသော အဟောင်းအမြင်းဖြစ်သူ ဆယ်မီးလောက် လှန်ပြီးသော ပစ္စည်းကို အလုံ ဝန်မင်းက သိမ်းကျုံး အမွေခံလိုက်ပြီးနောက် ထိုဆင်ကြန်မယ်ကို ဒေဝစ္ဆရာ နတ်သမီးကလေးတမျှ ယုယချော့မြှူနေခြင်းမှာ အ ၍၊ အူ ၍ ဖြစ်၏။ သူတစ်ပါးကို ပြစ်တင်စာ ရေးမနေပါနှင့်။ အုန်းပင်ပေါက်များ မကြာမီလာမည်ကို အဘွားအိုကြီး၏ လင်တော်မောင်က မျှော်လို့သာ နေပါတော့" ဟု ပြန်အုပ်၏။

နောက်တစ်ရက်တွင် ဗိုလ်ပိန် ထံမှ အုန်းပင်ပေါက် ၁၀၀၊ ကွမ်းသီးပင်ပေါက် ၁၀၀ စသဖြင့် ဦးကောင်းအိမ်သို့ အရောက် ပို့စေရာ ဆင်ကြန်မယ်က မှတ်ချက်ချသည်မှာ 'တကတဲတော်၊ ဗိုလ်မင်းက သစ်ပင်ပေးတာနှင့် အဆမတန်ဘူး။ တွေ့ကရာတွေ လျှောက်ပြီး ရေးပေးလိုက်လို့ မနေ့က နန်းတော်ဗိုလ်ရှုံခံမှာ သူ့စာကိုဖတ်ပြီး တဟားဟား ရယ်မောနေကြသတဲ့။ ရှက်စရာကြီး။ သူတို့ အချင်းချင်းသာ ရေးဖို့ကောင်းပါတယ်။ ကျွန်မကို ထည့်ရေးဖို့ မကောင်းပါဘူး။ ဗိုလ်မင်း ပေးပို့လိုက်တဲ့ သစ်ပင်ကလေးတွေ ကြည့်လို့ ကောင်းကြောင်း ပြောပြလိုက်ပါ'ဟူ၏။



ဗိုလ်ပိန်ထံမှ သရော်စာသည် ဦးကောင်း၏ဘဝကို ပြောင်းလဲစေ၏။ ထိုသို့ဖြစ်၍ မကြာမီ ဦးကောင်းသည် အလုံသို့ ပြန်ကာ ထိုမြို့သူကြီး၏ နှမ အသက် ၂၈ နှစ် အရွယ်ရှိ မရွှေမယ်ကို ဝန်ကတော် နံပါတ် ၂ အဖြစ် ကောက်ယူ သိမ်းပိုက်လေသည်။

ထိုအချိန်၌ ဦးကောင်း၏အသက် ၄၂ နှစ်၊ ဆင်ကြန်မယ်မှာ ၇၀ နှစ်၊ နောက်ဇနီး မရွှေမယ်မှာ ဦးကောင်းထက် ၁၄ နှစ် ငယ်သည်။ မယားကြီး ဆင်ကြန်မယ်ကို မယားငယ်က ပျပ်ဝပ်စွာဖြင့် ခြေဆုပ်လက်နယ် ဝတ်ပြုရ၏။ အမှန်မှာ ထိုအချိန်၌ မင်းကြီးဦးကောင်း ကိုယ်တိုင် ဆေးပေးမီးယူ ပြုစုသူ လိုအပ်နေပြီ ဖြစ်၏။ မင်းတုန်းမင်း ပေးစားခဲ့သူ မိခင်အရွယ် အမျိုးသမီးနှင့် ၁၀ နှစ်ကျော်မျှ မလွဲမသွေ ပေါင်းသင်း နေထိုင်ခဲ့ခြင်းမှာ သစ္စာမဏ္ဍိုင် မြဲခိုင်ကြောင်း ထင်ရှားပေသည်။ မင်းတုန်းမင်းက အပြစ်ဆိုဖွယ် မရှိပါချေ။

## ဆန် ပုစ္ဆာ

တစ်ချိန်က မင်းတုန်းမင်းက ပုစ္ဆာတစ်ခု ထုတ်ပြန်သည်မှာ 'ဆန်တစ်စေ့ကို အပြန် ၃၀ မည်သူ စားနိုင်မည်လဲ၊ စားနိုင်သူအား မြင်းတစ်ကောင်နှင့် ပုဆိုး ဆုတော်ချမည်'ဟူ၍ ဖြစ်၏။ ဦးကောင်းသည် မင်းလိုလိုက် မင်းကြိုက်ဖြစ်စေရန် စဉ်းစားဝေဖန်ခြင်း မပြုဘဲ ရုတ်ခြည်းပင် 'စားနိုင်ပါကြောင်း'ဟု လျှောက်တင်၏။

ဆန်တစ်စေ့၏ အပြန် ၃၀ မှာ အစေ့ပေါင်း ၁၇၃၊ ၇၄၁၊ ၈၂၄ ဖြစ်ကြောင်း တွက်ချက်ကြည့်မှ သိရ၍ ဦးကောင်း အလျှောက်မှားမှန်း သိရ၏။ ထို့ကြောင့် ဒဏ်ခတ်သည့် အနေဖြင့် ရေထမ်းကာ ဥယျာဉ်တော်အတွင်း သစ်ပင်များ ရေလောင်းရ၏။ ထိုဒဏ်မှ လွတ်လိုလျှင် မိမိ၏ အမှားကို ရုတ်ခြည်း စာစပ် တင်ဆက်ရမည် ဆို၍ ဦးကောင်း စာဆိုပုံကား–

ပုဆိုးနှင့် မြင်းပါ
ဆုတော်ခံမယ်လို့
ပြန်သုံးဆယ်ဆန်ကို စားတယ်
မှားချက်က နာ။
နောက်တစ်ခါ
ကြောက်ပါပေါ့ သက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ပွဲမှာဖြင့် အလွဲကဲချော်လို့
ဥယျာဉ်တော်မှာ ရေလောင်းမယ်
ငယ်ရင်းဟန်ကြွယ်တဲ့
ဆင်ကြန်မယ် ဖြူပြာနွဲ့ရယ်
မင်း ကူလှည့်အုံး။ ။

မင်းတုန်းမင်းက ဦးကောင်းကို အနိုင်ကျင့်ပုံနှင့် ဦးရန်ဝေးက မင်းတုန်းမင်းကို ခွလုပ်ပုံများကို ဖော်ပြရာဉ်ဝန်ကြီး ၂ ပါး တစ်လှည့်စီ ပွဲထွက်စေမှ ပိုကောင်းပေလိမ့်မည်။

ထိုအကြောင်းအရာများကို ကုန်းဘောင်ဆက် ဦးမောင်မောင်တင်၏ **ကင်းဝန်မင်းကြီး** **သမိုင်း**၊ မြကေတု၏ **နန်းစလေ့** နှင့် ရွှေသွေး၏ **နန်းတွင်းရေး** စာအုပ်များမှ ကိုးကားထားပါသည်။

## ဘုရင်၏အမိန့်ကို ဆုတ်ပစ်

ကရင်နီစော်ဘွားက မိမိ၏ပိုင်နက်ကို မင်းတုန်းမင်းက သိမ်းပိုက်တော်မူရန် လျှောက်တင်ချက်ကို ဘုရင်က သဘောတူ၍ သိမ်းယူရန် အမိန့်တော်ကို လွှတ်တော်သို့ တင်ပို့၏။ ပခန်းမင်းကြီးက 'မင်းတို့ဘုရင် တောင်နားမလည် မြောက်နားမလည်နှင့် ဤအမိန့်မျိုး ထုတ်ရသလား'ဟုဆိုကာ အမိန့်တော်ကို ဆွဲဆုတ်ပစ်လိုက်သည်။ ရှင်ဘုရင်က စိတ်ဆိုးသဖြင့် နန်းတော်သို့ ချက်ချင်းဝင်စေဆိုရာ 'မင်းတို့ဘုရင်က အားတိုင်းခေါ်လို့ ငါ မလာနိုင်ဘူး'ဟု ပြောလွှတ်ကာ ၅ ရက် ကြာမှ နန်းတော်သို့ ဝင်သည်။

ဘုရင်။ ။ အဘယ်ကြောင့် ငါ့အမိန့် ဖျက်သနည်း။

ပခန်း။ ။ ဤအရာသည် ဘုရင့်အလုပ် မဟုတ်။ လွှတ်တော်ဝန်ကြီးများသို့ ဘုရင်က မေးသင့်သည်။ ကရင်နီနယ်ကိုသိမ်းလျှင် ယိုးဒယားနယ်စပ်ဖြစ်သွားလိမ့်မယ်။ ကုလားဖြူများကလည်း ထကြွမည်။ လွှတ်တော် မတိုင်ပင်ဘဲ အရမ်းအမိန့်ထုတ်နေလျှင် လွှတ်တော်ကို အဘယ်ကြောင့် ထားသေးသနည်း။ ဖျက်သိမ်းသင့်တော့သည်သာ။

ထိုသို့ လျှောက်တင်ပြီးနောက် ညီလာခံမှ ဦးရန်ဝေးဆင်းသွားသည်။ အမှန်မှာ ညီလာခံကို ဘုရင်က သိမ်းမှသာလျှင် မှူးကြီးမတ်ကြီးများ ထွက်ခွာခွင့် ရှိသည်။

ကရင်နီနယ်သည် ယိုးဒယားနှင့် လည်းကောင်း၊ ကုလားဖြူများ သိမ်းပိုက်ထားသော အောက်မြန်မာပြည်နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေ၏။ ထိုအနေ၌ ကြားနယ်မြေ (Buffer State)အဖြစ် အင်အားကြီးသော တိုင်းပြည်များ တိုက်ရိုက်ထိပါးမှုများကို နည်းပါးစေလေသည်။ ထိုသို့သော ကြားနေနယ်မြေများ လိုအပ်ပုံကို ပခန်းမင်းကြီးက နားလည်ပြီး ဖြစ်၍ ကရင်နီစော်ဘွားက နယ်မြေ ဆက်သခြင်းကို ပယ်လိုက်ခြင်း ဖြစ်ပေသည်။

## သပြေငါးရှာ

၁၂၁၈ ခုတွင် ဦးကောင်းသည် ဘုရင်အမိန့်တော်အတိုင်း "တိတ္တိုက" ဇာတ်ကို ပို့သဘော ရေးသားတင်ဆက်၏။ ထို့ကြောင့် ဆုလာဘ်အဖြစ် ပခန်းကြီးခရိုင်ရှိ "သပြေငါးရှာစား" ခန့်အပ်၏။ ဦးကောင်းက ထိုဆုကို လက်မခံလိုဘဲ မိမိ၏ မူလ စားရာ ရွာသစ်ကြီး (စစ်ကိုင်းနယ်)ကိုသာ ဆက်လက် စားလိုကြောင်း တင်လျှောက်၏။ ထိုအခါ မင်းတုန်းမင်းက 'သပြေငါးရွာသည် ပညာရှိတို့ကိုမှ ပေးသောရွာဖြစ်သည်။ စားလိုရာ လျှောက်တင်ခွင့် ရှိသလော'ဟု ငေါက်ငမ်း မိန့်ဆိုသည်။ ဦးကောင်းသည် ကြောက်အားကြီးစွာဖြင့် 'ကျွန်တော်မျိုး အတင် အလျှောက် မှားပါကြောင်း' ဝန်ခံသံတော်ဦးတင်ရလေသည်။

## မသင့်သူကို ဖမ်းပို့

၁၂၂၈ ခု၊ မြင်ကွန်း မြင်းခုံတိုင် အရေးတွင် ပါဝင်သူများကို သူပုန်အဖြစ်ဖြင့် ဖမ်းဆီး၊ လွှတ်တော်သို့ ပို့အပ်ရမည်ဟု မင်းတုန်းမင်း အမိန့်တော်ရှိရာ အဝေးမြို့ဝန်၊ မြို့သူကြီးများက သူတို့ မလိုသူများအား သူပုန်အဖြစ် ရောနှောထည့်သွင်း ပို့ကြသောကြောင့် ထောင်နှင့်မဆံ့ ဖြစ်နေ၏။ ထို့ကြောင့် ပခန်းမင်းကြီးက 'နောက်ထပ် သူပုန် ဟူ၍ မဖမ်းစေနှင့်'ဟု အမိန့် ထုတ်ဆင့်လေသည်။ ဘုရင်က အမေးတော်ရှိရာ ပခန်းမင်းကြီးက 'ဤကိစ္စတွင် ရှင်ဘုရင် ဘာဝန်မကင်းဖြစ်သည်။ သူပုန်များသည် သားတော် မြင်ကွန်းစား၏ လူများဖြစ်ရာ သားမကောင်း၍ နီးရာစားကို ကြောက်ရပြီး လိုက်ပါရသည်။ သားသမီး မကောင်း မိဘခေါင်း ဖြစ်သည်။' အဝေးမြို့ဝန်တို့သည် ဤအချက်ကောင်းကို ယူပြီး ရှေးမှူး စည်းစိမ်တိုးတက်ရေး မျှော်ကိုးကာ မိမိနှင့် မသင့်မတင့်



www.burmeseclassic.com

www.burmeseclassic.com



သူများကို သူပုန်အဖြစ် ဆွဲထည့်နေကြသည်ကို ရှင်ဘုရင် နန်းတော်ထဲ နေပြီး ဘာသိလဲ' ဟုပြောပြီး နန်းတော်မှ ဆင်းသွားသည်။

### ရွှေထီးဆောင်းခွင့်

၁၂၂၃ ခုတွင် ဦးကောင်းကို အလုံမြို့ဝန် ခန့်လေသည်။ "ငါ့သခင်သည် ငါ့ကို သဒ္ဓါယုံကြည်တော်မူ၍ အလုံမြို့ကြီးကို ဝန်ခန့်လေပြီ။ ရွှေထီးဆောင်းခွင့် သနားတော်မြတ် ခံရလျှင် ကောင်းမည်"ဟု ယူဆကာ နံ့သာဖြူနန်းတော်၌ ဘုရင် စံတော်မူခိုက် သံတော်ဦးတင်၏။ မင်းတုန်းမင်းက 'ထီး၊ ဓား စသော အဆောင်အရွက် မြို့ရွာကျေးများကို မင်းကေရာဇ်က အရည်အချင်းအလျောက် ကြည့်ရှုပေးမြဲ ဖြစ်သည်။ ယခုကဲ့သို့ မှူးမတ်က အလိုရှိသည့် အရာကို တင်လျှောက် တောင်းဆိုရသည် မဟုတ်'ဟု ပြတ်ပြတ် မိန့်တော်မူလိုက်သည်။ ဤအကြိမ်၌လည်း ဦးကောင်းက အတင် အလျှောက် မှားကြောင်း ရှိခိုး ဝန်ခံလေသည်။

### မိန်းမ အပိုမယူရ

တစ်ခါသော် ဝန်စု မှူးစုတို့သည် သားမယား တစ်ယောက်မက အမြှောင်အပို ထားကြသည့်အတွက် ရရှိသော ရိက္ခာတော်ငွေနှင့် မလောက်မင ရှိကြသည်ကို မင်းတုန်းမင်း ကြားသိတော်မူ၍ သားမယား တစ်ယောက်ထက် အပို မယူကြရန် ဥပဒေလုပ်လိုသောဆန္ဒ ဖြစ်၏။ ပခန်းမင်းကြီးနှင့် တိုင်ပင်တော်မူရာ ဝမ်းမြောက်စွာ ထောက်ခံလေသည်။ သို့သော် ဤဥပဒေကို ဝန်ကြီး မှူးကြီးများ အတွက်သာ မထားဘဲ ရှင်ဘုရင်ကိုပါ ဤဥပဒေဘောင်အတွင်း နေတော်မူစေလျှင် များစွာ သင့်လျော်မည်ထင်ကြောင်း လျှောက်သဖြင့် မင်းတရားကြီး ဆိတ်ဆိတ်နေ၏။

### ဆွေမျိုးအတွက် ကင်းလွတ်ခွင့်

၁၂၃၈ ခုတွင် ဦးကောင်း၏ဇာတိ မုန်တိုင်ပင်ရွာ ဆွေမျိုးသားချင်းများ သူ့ထံ အလည်လာကြ၏။ ထိုအချိန်၌ ဦးကောင်းမှာ သေနတ်ဝန်ဖြစ်လျက် သူ့ဆွေမျိုး အချို့မှာ မြို့နယ်ဆိုင်ရာ သေနတ်စု အမှုထမ်းအဖြစ် စာရင်းဝေပုံကျ ပါဝင်ရသူများ ဖြစ်သည်။ ထိုသူတို့က 'သေနတ်အမှုထမ်းအဖြစ်မှ လွတ်ကင်းချမ်းသာစွာ နေရအောင် ကြည့်ရှုစောင်မပါ'ဟု ပန်ကြားကြ၏။ ထိုကိစ္စကို မင်းတရားကြီးအား လျှောက်တင်သောအခါတွင် 'ငါ၏ မင်္ဂလာအိမ်တော်ပါ ရိုးရင်းဖြစ်၍ သင့်အား အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် နေရာ၌ ခန့်ထား သူကောင်းပြုတော်မူခဲ့သည်။ ငါ့အမှုတော်ကို ဆတက်ထမ်းပိုး တိုးပြီး ထမ်းရွက်ကြအောင် အားထုတ် တိုက်တွန်းသင့်ပါလျက် အမှုထမ်းနေသူများကိုပင် အမှု မထမ်းရအောင် အမိန့်တော်ခံသည်မှာ မှားသလော၊ မှန်သလော' ဟု မေးတော်မူ၏။

ဤတွင်လည်း ဦးကောင်းသည် သူ၏ထိပ်ထက် မိုးကြိုးနှက် သကဲ့သို့ ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်လျက် မိမိသည် အမှားကြီး မှားပါကြောင်း ရှိခိုး တောင်းပန်ရပြန်၏။

### တခမ်းတနား ဝန်ကတော်

တစ်နေ့သော် ပခန်းမင်းကြီးသည် လောကမာရဇိန် ကျောက်တော်ကြီး ဘုရားပွဲသို့ သွားရာတွင် လမ်းခရီး၌ အတွင်းဝန်ကတော်တစ်ယောက်သည် လှည်းယဉ် ခြောက်စထောင်ကို စီးနင်းလိုက်ပါလျက် ရွှေထီးဆောင်းကာ အဆောင်ကိုင်များ ဝန်းရံ၍ တခမ်းတနား သွားလာနေသည်ကို မြင်ရလေသည်။ ထို့ကြောင့် ဦးရန်ဝေးက မိမိ၏ လှည်းသမားအား ထိုဝန်ကတော်ကို ကြိမ်လုံးဖြင့် ဆင်း၍ရိုက်ခိုင်းလိုက်ရာ အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်၏။ ဝန်ကတော်လည်း အရှက်ရပြီး နေအိမ်သို့ ပြန်သွား၏။ ဘုရင်ထံသို့ ထိုသတင်း ပေါက်ကြားပြီး ထိုည ညီလာခံတွင် ပခန်းမင်းကြီးအား 'အဘယ်ကြောင့် ဤသို့ ဆုံးမရကြောင်း' မေးတော်မူရာ မင်းကြီးက 'ဤဝန်ကတော်အား ဆင်းရဲသားများက မြင်လျှင် သူ့လင်သည် တံစိုးလက်ဆောင် ရ၍ ဤသို့ ခမ်းနားကြီးကျယ်စွာ သွားလာနိုင်သည်ဟု ထင်မှတ်ကြလိမ့်မည်။ သူ့လင်ကို ချီးမြှောက်သော ရိက္ခာထက် အဆမတန်အောင် စိတ်ကြီး ဝင်ကာ သွားလာနေသဖြင့် ရိုက်ရပါကြောင်း' တင်လျှောက်လေသည်။

### မိုးကုတ် စာချုပ်

၁၂၃၆ ခုနှစ်တွင် ဦးကောင်းသည် မြန်မာသံအဖွဲ့ ခေါင်းဆောင်ကာ ဥရောပတိုက်လှည့်လည်ရာမှ ပြန်ရောက်လာ၏။ ညီလာခံ၌ ရှင်ဘုရင်အား လျှောက်တင်ရာဝယ် ဗြိတိသျှကျွန်း၌ စက်မှုလုပ်ငန်း တိုးတက်ပုံ၊ စစ်သည်တော်များ လက်နက်ခေတ်မီပုံ၊ ဘုရင်မကြီးက မိုးကုတ်ကျောက်တွင်း အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အဝယ် ပြုလုပ်လို၍ အာမခံစာချုပ် ပြုခဲ့ပုံများ ပါရှိလေသည်။ မိုးကုတ်အကြောင်းကို ကြားရချိန်၌ ဘုရင်၏မျက်နှာတော် ရုတ်ခြည်း ညှိုးသွားသည်။

'မိုက်လှချေလား ကောင်းရဲ့၊ မောင်မင်းတို့ မိုးကုတ် ကျောက်တွင်း ရောင်းဝယ်နိုင်ခွင့် အာဏာ ငါက အပ်နှင်းတော်မူလိုက်သလား'

ဘုရင်၏ မိန့်မြွက်သံကို ဦးကောင်းမှာ တစ်စုံတစ်ရာ ပြန်လည် သံတော်ဦးတင်ရန် မဝံ့တော့ဘဲ ခေါင်းငိုက်စိုက် ငြိမ်ကျသွားလေတော့သည်။

ညီလာခံ ရုပ်သိမ်း၍ မင်းတုန်းမင်းတရားကြီး အတွင်းတော်သို့ ရောက်လျှင် မိဖုရားကြီးငယ်တို့ ခေါ်ယူ စုဝေးတော်မူကာ 'မမတို့ သည်တစ်ခါဖြင့် ဈေးတောင်း ခေါင်းရွက်၊ ရက်ကန်းရက်၊ ပဲပြုတ်ရောင်း အသက်မွေးဖို့ပဲ စိတ်ကူးကြတော့။ မင်းကြီးကောင်းက မိုးကုတ်ကျောက် တွင်းကို မဆင်မခြင် သူ့သဘောအတိုင်း အင်္ဂလိပ်ဘုရင်မထံ ရောင်းခဲ့ပြီ၊ စာချုပ်ခဲ့ပြီ။ ပြည်ပိုင်မင်း အချင်းချင်း လောဘ ဒေါသ နောက်ကို လိုက်မိကြရင် စစ်ဖြစ်ဖို့ပဲ ရှိတော့တယ်'ဟု မိန့်ကြား၏။

မိဖုရားအများ မတုန်မလှုပ် ကြားနာကာ ငိုင်နေကြ၏။ စကြာဒေဝီ မိဖုရားခေါင်ကြီးသာလျှင် ဣန္ဒြေမပျက် ပြန်လည် တင်လျှောက်ဖော် ရ၏။

'ပူပန်တော် မမူပါနှင့် မောင်တော်ဘုရား၊ ရောင်းတဲ့ လူက သူ့ဉာဏ်နှင့်သူ ရောင်းခဲ့ရင် အရောင်းအဝယ် ပျက် အောင် နည်းပရိယာယ်နှင့် ဖျက်တာပေါ့ မောင်တော်'

'အနို့... ဘယ်လိုစီမံရင် ကောင်းမည်လဲ'

'သားတော် ဘိုးလှိုင် ရှိသားကပဲ၊ သူ့ကို ခေါ်ယူ တိုင်ပင်ပါ ဘုရား'

ဤတွင်မှ ဦးခေါင်းမီးလောင်နေသော ရှင်ဘုရင်ကြီး မှာ ရာထူးကျ၍ အမရပူရတွင် အကျယ်ချုပ်နှင့်နေသော ယောအတွင်းဝန် ဦးဘိုးလှိုင်ကို သတိရကာ အမြန်ခေါ်စေ ၏။ ဦးဘိုးလှိုင်က 'ဤကိစ္စအတွက် စိုးရိမ်ကြောင့်ကြတော် မမူပါနှင့် ဘုရား၊ ကျွန်တော်မျိုး တာဝန်ယူ ဖြေရှင်းပါမည်။ မောက်ကျောက် အပါအဝင် နန်းစဉ် ရတနာကျောက် ၃ လုံးကိုသာ အဝယ်တော်များနှင့် အရေးဆိုရာ၌ အသုံးပြုပါ ရစေ ဘုရား' ဟု တင်လျှောက်၏။ မင်းတုန်းမင်းက ဦးဘိုးလှိုင်ကို အာဏာကုန် လွှဲအပ်လေသည်။

အချုပ်ကို ဆိုသော် အင်္ဂလိပ် ကိုယ်စားလှယ်များ ရောက်လာချိန်၌ ဦးဘိုးလှိုင်က 'စာချုပ်အတိုင်း ကတိမပျက် မိုးကုတ်ကျောက်တွင်းကို ရောင်းချမည်ဖြစ်ကြောင်း၊ တန်ဖိုး ကို ဆုံးဖြတ်နိုင်ရန် ထိုတွင်းထွက်ကျောက်များကို ဦးစွာ ဈေးဖြတ်ရန် လိုအပ်ကြောင်း' ပြောကြားကာ တရုတ်ရာပြတ် ကို သက်သေအဖြစ် ထားရှိလျက် အငယ်ဆုံး နန်းစဉ် ကျောက်ကို စတင်ပြသည်။ ဂွမ်းတစ်ပိသာ အလယ်ရှိ ကျောက်သည် ဂွမ်းပုံကို ဖောက်ထွင်းကာ အရောင် တဝင်း ဝင်းနှင့် မျက်တောင်ခတ်နေသယောင် ရှိ၏။

လှိုင် ။ ။ ဒီပတ္တမြား ဘယ်လောက်တန်သလဲ။

ရာပြတ်။ ။ တစ်တိုင်းပြည်တန် ကျောက် ဖြစ်ပါသည်။

ပြင်သစ်ကုန်သည်သို့ ယောအတွင်းဝန်က ပတ္တမြား ပြသစဉ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်များကို ဆက်လက်ပြသရာတွင် ဒုတိယ ပတ္တမြားမှာ ၃ ပြည်ထောင် တန်ဖိုးရှိကြောင်း၊ တတိယ ငမောက်ကျောက်မှာ ၇ ပြည်ထောင် တန်ကြောင်း ရာပြတ်က သတ်မှတ်လေသည်။ ငမောက်ကျောက်ကို ဝှမ်း ၇ ပိဿာ ဖုံးထားသော်လည်း နန်းတော်တစ်ဆောင်လုံး ထိန်ထိန်လင်း နေသည်။ အင်္ဂလိပ်များက တန်ဖိုးများလှ၍ ဘုရင်မကြီးနှင့် တိုင်ပင်ပါရစေ ဆို၏။

ဦးဘိုးလှိုင်က စာချုပ်ကို အင်္ဂလိပ်များလက်မှ တောင်းယူ ကြည့်ရှုပြီးနောက် 'ဒီ စာချုပ်သက်တမ်းဟာ ယနေ့ ကုန်ဆုံးသွားပြီ။ အဝယ်တော် မပြီးပြတ်မှုကြောင့်လည်း အင်္ဂလိပ် ဘုရင်မကြီး ဂုဏ်သိက္ခာ ကျစေပါတယ်'ဟု ဆိုပြီး အများရှေ့၌ပင် ထိုစာချုပ်ကို ဆုတ်ပစ်လိုက်သည်။

သို့လျှင် ဦးကောင်း၏ အမှားတော်ပုံကို ဦးဘိုးလှိုင်က အဖတ်ဆယ်ခဲ့ပေသည်။

### "မှားမိသမျှ" ရတုပိုဒ်စုံ

မင်းတုန်းမင်းက 'မောင်ကောင်းသည် မှားခဲ့သမျှကို ရတုကဗျာ ရေးသားဆက်သွင်းရမည်'ဟု အမိန့်တော်ရှိသဖြင့် ဦးကောင်းသည် "မှားခဲ့သမျှ ရတုပိုဒ်စုံ"ကို ရေးသားဆက်သွင်းရပြန်၏။ ထိုရတုမှာ မိမိကိုယ်ကို ဝေဖန်ရှုတ်ချရာ၌ အနိမ့်ဆုံးသို့ ရောက်သည် ဆိုရပေမည်။ ဦးကောင်း၏ အာဘော်မှာ "တက်တက်တိတိ၊ မှားမသိ" ဟူ၍ လည်းကောင်း၊ "ကျွန်ယုတ် လက္ခဏာ၊ မှန်လှစွာ" ဟူ၍ လည်းကောင်း၊ "မင်းပွဲမထိုက်၊ မိုက်မိုက်မှားမှား" ဟူ၍ လည်းကောင်း၊ "မိုက်ငြမ်း ငွားငွား"ဟူ၍လည်းကောင်း၊ "ယုတ်မာရှေ့က မိုက်လမ်းပြ၍"ဟူ၍လည်းကောင်း၊ သူ့ကိုယ်သူ တုံးအောက်က ဖား၊ ဖားအောက်က တီကောင်အဖြစ်မျိုး ရောက်အောင် ဝေဖန် ရေးသားထားပေသည်။

### မင်းကြီးဦးကောင်း၏ မှားခဲ့သမျှ

၁။ **လောဘမှောက်ဝေ**၊ ဖျောက်မပြေတည့်
သောက်လေငတ်ဘိ၊ ပမာရှိဟု
မာရဇီဖျား၊ တရားစက္ကရတ်
ရွှေခွန်းမြတ်ကို၊ တက်တက်တိတိ
မှားမှန်းသိ၍၊ ကပ်ငြိသက်နွယ်
ရက်စဖွယ်လျှင်၊ တွယ်တွယ်တာတာ
ဆန်–ထီး–ရှာကြောင့်၊ ရွှေဗျာတော်ခွန်း
မိန့်တော်ပန်းကို၊ ဦးစွန်းထိပ်တင်
ကြိမ်ကြိမ်ဘက်တည့်၊ ဆင်ရှက်ကြောက်ရွံ့
နောက်မဝံ့ဟု၊ ရောင်အံ့တကား
တင်လျှောက်ထားသည်၊
**အမှား ဆယ် ရာ ထောင် ဘုရား။**

၂။ **သောကနောက်မွေ**၊ တောက်လေလေတည့်
စေ့ရေဖန်ဖန်၊ မိုက်မှားဟန်ကို
မှန်ကန်စာနာ၊ ပြန်လှန်ရှာသော်
ဆန်–ရှာ–ထီးမှု၊ ယင်းသုံးခုနှင့်
ဖျင်းစုလွတ်ဟုတ်၊ ကျွန်ယုတ်လက္ခဏာ
မှန်လှစွာ၍၊ ခန္ဓာသက်ရှည်
တည်ရလျှင်ပင်၊ မမြင်နှုန်းလျော်
ကျေးဇူးတော်တည့်၊ ရှမျှော်စုံပေါင်း
သူကောင်းဖြစ်စာ၊ မရာလေဘဲ
မင်းပွဲမထိုက်၊ မိုက်မိုက်မှားမှား
ကျင့်မူထားသည်၊
**တရားပယ်ခွာရှောင် ဘုရား။**

၃။ **အောချလောက်ပေ**၊ ဖန်စေ့ရေတည့်
သုံးထွေသုံးချက်၊ အထက်ခြားသီး
အမှားကြီးတွင်၊ ထပ်ပြီးတစ်ဝ
စတုတ္ထတည့်၊ မိဘဆွေမျိုး
အကျိုးတော်ပြု၊ အမှုတော်ထမ်း
မရစွမ်းအောင်၊ မိုက်ငြမ်းငွားငွား
အမှားလှုလှု၊ တံခွန်ထုလျက်
အယူများစွာ၊ မှားစရာကို
ယုတ်မာရှေ့က၊ မိုက်လမ်းပြ၍
အစတွင်တွင်၊ အမျှင်များလျှား
တင်လျှောက်ထားသည်၊
**ကြားဖွယ်ရာအောင် ဘုရား။**

ပုံ – ဦးကောင်း။

*



www.burmeseclassic.com

www.burmeseclassic.com



## [၅] အင်္ဂလိပ်အတွက် မင်္ဂလာသုတ်

၁၂၂၄ ခု သီတင်းကျွတ်လတွင် အင်္ဂလိပ်အရေးပိုင် အာသာဖယ်ရာ (Arthur Phayre)နှင့် အကောက်ဝန် အက်ဒဝပ် (Edward)တို့အပြင် ဓာတ်ပုံကူးဆရာတို့ ပါဝင်သော သံအဖွဲ့ ရောက်ရှိရာ ဇေတဝန်ဆောင်၌ အဖူးမြော်ခံ၏။ ဖယ်ရာကို ၁၂ ဆင့် ရွှေစလွယ်နှင့် ကျန်အရာရှိတို့ကို လွန်းပုဆိုးများ သနားတော်မူသည်။

ထိုညီလာခံအကြောင်းနှင့် မင်းတုန်းမင်းက ဖယ်ရာနှင့် သီးခြား တွေ့ဆုံခန်းတို့ကို အင်္ဂလိပ်မှတ်တမ်းများ၌ အောက်ပါအတိုင်း တွေ့ရှိရ၏။

တံခါးနီသို့ ရောက်သောအခါ ကျွန်တော်တို့အင်္ဂလိပ်သံအဖွဲ့သည် စီးနင်းလာသော ဆင် မြင်းတို့မှ ဆင်းသက်ကြပါသည်။ ကျွန်တော် (ဆာအာသာဖယ်ရာ)က မင်းတုန်းမင်းသို့ ပေးအပ်ရန် အိန္ဒိယဘုရင်ခံချုပ်၏စာကို ကလပ်ပေါ်တင်၍ ကိုင်ဆောင်ပါသည်။ ကျွန်တော်၏ဝဲယာမှ နန်းမတော်ဝန်နှင့် ဝန်ထောက်ကြီးတို့ ခြံရံလိုက်ပါသည်။ ညီလာခံ နန်းပြာသာဒ်ကြီးသို့ ရောက်သောအခါ တစ်ဖက်ရှိ အုတ်လှေကားမှ ကျွန်တော်တို့ ဖိနပ်ချွတ်ပြီး တက်ကြပါသည်။ ထိုလှေကားနှင့် ကြမ်းပြင်တို့ကို အမှိုက်လှည်းမထားခဲ့ခြင်းမှာ ထိုနေ့၌ ကြုံရသော ချွတ်ယွင်းချက်ပင် ဖြစ်ပါသည်။

မြန်မာဘုရင်၏ ပလ္လင်ဆောင် ခန်းမကြီးမှာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး တစ်ခုအတွင်း ရှုခင်းနှင့်များစွာ ဆင်တူပါသည်။ ရာဇပလ္လင်မှာ ခရစ်ယာန်ဘုန်းကြီး တရားဟောသော စင်မြင့် ထားရှိရာ နေရာမျိုး၌ ရွှေချထားသော ကျွန်းတိုင်ကြီးများ အဆုံး၌ ရှိနေပါသည်။ ထိုပလ္လင်ရှေ့၌ မင်းခမ်းမင်းနား အသုံးအဆောင်များ ထားရှိသည်။ မင်းညီ မင်းသားများက ရှေ့ဆုံးနေရာများမှ ခစားခွင့်ရှိသည်။ ထိုနောက် မှူးကြီးမတ်ကြီးများမှာ ရွှေတိုင်ကြီးများ၏ အတွင်းဘက်မှ ခစားခွင့် ရှိ၏။ ကျွန်တော်တို့မှာ ထိုဝန်ကြီးများ အနီးအပါးတွင် နေရာရ၏။

မိနစ် ၂၀ ခန့် စောင့်ဆိုင်းပြီး မြန်မာတူရိယာသံများ ကြားရသည်။ ထို့နောက် ပလ္လင်တော်နောက်ခံ ရွှေတံခါးကလေး ပွင့်သွားသည်။ ရှင်ဘုရင်ကြီးသည် မင်းမြောက်တန်ဆာများ ဝတ်ဆင်လျက် တောက်ပြောင်စွာ ပလ္လင်နောက်ပိုင်း လှေကားမှ တက်လာသည်။ တန်ဆာတော်များမှာ လေးလံပုံရလျက် ရှင်ဘုရင်က ရွှေဓားတော်ကို ထောက်လျက် တက်တော်မူသည်။ လက်တစ်ဖက်၌ သားမြီးယပ်တောင် ပါရှိ၏။ ယခင် အင်္ဂလိပ်သံမှူး ကရောဖို့ လာစဉ်ကလည်း ထိုနည်းတူစွာ တွေ့မြင်ခဲ့ရသည်။

ရှင်ဘုရင်ကြီး နေရာယူပြီးနောက် မိဖုရားကြီး နောက်တော်မှ ထက်ကြပ်မကွာ တက်လာကာ လက်ယာဘက်တွင် နေရာယူ၏။ မိဖုရားကြီးက ရှင်ဘုရင်အား ယပ်တောင် ခတ်ပေး၏။ ထို့နောက် အသက် ၁၂ ခန့် မင်းသမီးကလေး တစ်ဦးက နောက်တော်မှ ဆက်သသော အသုံးအဆောင်တော် အချို့ကို မိဖုရားကြီးက လှမ်းယူကာ ရှင်ဘုရင်အနီး၌ ချထား၏။ မင်းခမ်းမင်းနားတို့ ရွှေရောင် ငွေရောင် စိန်ရောင် နီလာ စသော အရောင်မျိုးစုံနှင့် တောက်ပနေသောကြောင့် များစွာ ခမ်းနားပါပေသည်။ ထိုအချိန်၌ မိဖုရားကြီးက ဆေးလိပ် ဖွာနေသဖြင့် မီးခိုးတထောင်းထောင်း ရှိနေခြင်း တစ်ခုသာလျှင် ထိုရှုခင်းနှင့် မကိုက်ညီသလို ရှိပါသည်။

နောက်တော်မှ ခစားပါရှိသော သမီးတော်ကလေးမှာလည်း မိဖုရားကြီး၏ အဝတ်တန်ဆာမျိုးပင် ဝတ်ဆင်ထားသည်။ သူသည် အိမ်ရှေ့မင်း၏ သမီးတော် (စမ္ဗာနဂိုမင်းသမီး)ဖြစ်လျက် အတွင်းတော်၌ နေထိုင်သည်ဟု ကြားသိရပါသည်။

ခန်းမဆောင် အတွင်း၌ အလင်းရောင်မများလှသော်လည်း မင်းတုန်းမင်းဘုရင်၏ မျက်နှာတော်မှာ မကြုံစဖူး ခံ့ညားသော အသွင်ရှိကြောင်း ထင်ရှားပါသည်။ မိဖုရားခေါင်ကြီးမှာ ကျက်သရေရှိသော်လည်း လှပသူ ဟူ၍ကား မဆိုနိုင်ပါ။ မိဖုရား၏မကိုဋ်က ဆံပင်နှင့် နားရွက်တို့ကို အားလုံး ဖုံးမိထားသဖြင့် အနေရ ကျပ်တော်မူပေမည်။ ရှင်ဘုရင်၏ သရဖူမှာ စေတီပုံသဏ္ဌာန် အထက်သို့ ချွန်တက်နေသည်။ ဘုရင်နှင့် မိဖုရားကြီးတို့၏ ဝတ်လဲတော်များမှာ အခြားမြန်မာ လူမျိုးတို့ ဝတ်စားဆင်ယင်ပုံနှင့် လုံးဝခြားနားနေ၏။ အင်္ဂလိပ်ပြည် ပထမ အယ်လီဇဘက် ဘုရင်မ၏ခေတ် (၁၆ ရာစု) က ကြုံရသော အဆင်တန်ဆာတို့နှင့် ဆင်တူဟန် ရှိ၏။ မြန်မာ မင်းမြောက်တန်ဆာတို့မှာ စိန်ကျောက်များ အပြည့် စီခြယ်ထားသဖြင့် အောက်ခံ အဝတ်အထည်တို့၏ အရောင်အဆင်းကို ခန့်မှန်း၍ မရနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် နားခံတော်တစ်ဦးက ရှင်ဘုရင်၏ အလှူတော် ပစ္စည်းစာရင်းများကို ဖတ်ကြားသည်။ ထိုနောက် သံတော်ဆင့်တစ်ဦးက အင်္ဂလိပ်ဘုရင်ခံချုပ်၏ သဝဏ်လွှာနှင့် လက်ဆောင်တော်စာရင်းကို ဖတ်ကြားသည်။ ထိုနောက် အတွင်းဝန်တစ်ဦးက မေးရိုးမေးစဉ်ဖြစ်သော အင်္ဂလိပ်ဘုရင် ကျန်းမာရေး၊ လမ်းခရီး သာယာရေး စသည်တို့ကို မေးမြန်းပါသည်။ ဘုရင်ကိုယ်တိုင် ဘာမျှ ပါဝင်မိန့်ကြားခြင်း မရှိပါ။

ထိုနောက် ကျွန်တော်တို့ သံအဖွဲ့ဝင်များသို့ မင်းတုန်းမင်းက ပေးကမ်းသော လက်ဆောင်ပစ္စည်းများကို ဝေပြီးချိန်တွင် အရှင် ၂ ပါးတို့လည်း အတွင်းတော်သို့ ဝင်ပါသည်။ ထိုအချိန်ကျမှ ကျွန်တော်တို့လည်း မြန်မာထုံးစံအတိုင်း ဒူးတုပ်ထိုင်ရခြင်းမှ လွှပ်ရှားခွင့်၊ မိမိ စိတ်ကြိုက် နေထိုင်ခွင့် ရရှိပါတော့သည်။

## မင်းတုန်းမင်းနှင့် အင်္ဂလိပ်မင်းကြီး ဆွေးနွေးခန်း

ဘုရင် ။ ။မင်းကြီးက မြန်မာစာပေ လိုက်စားဖူးရဲ့လား။

ဖယ်ရာ ။ ။မှန်ပါ၊ အတော်အတန် လိုက်စားဖူးကြောင်းပါ။

ဘုရင် ။ ။မင်းကြီးအကြောင်းကို ကြားဖူးတာ ယခုဆိုရင် ၃ နှစ် ရှိပြီ၊ မင်္ဂလသုတ်ကို ဖတ်ဖူးရဲ့လား။

ဖယ်ရာ ။ ။မှန်ပါ၊ ဖတ်ဖူးကြောင်းပါ။

ဘုရင် ။ ။အဓိပ္ပာယ်ကို နားလည်ရဲ့လား။

ဖယ်ရာ ။ ။မှန်ပါ၊ မြန်မာလို အနက်ပြန်ဆိုချက်ကို ဖတ်ဖူးကြောင်းပါ။

ဘုရင် ။ ။မင်္ဂလာ အပြား ဘယ်နှပါး ရှိသလဲ။

ဖယ်ရာ ။ ။၃၈ ပါး ရှိပါတယ်။

ဘုရင် ။ ။မှတ်မိရဲ့လား။

ဖယ်ရာ ။ ။မင်္ဂလသုတ်ကို ဖတ်ခဲ့တာ အင်မတန် ကြာခဲ့တာမို့ ကောင်းကောင်း မမှတ်မိပါ။

ဤတွင် မင်းတရားကြီးက မင်္ဂလသုတ်၌ သူမိုက်နှင့် မပေါင်းအပ်ကြောင်း၊ ဒေါသ၊ မာန စသည်တို့ကို ပယ်သင့်ကြောင်းများကို ရွတ်ပြပါသည်။ ၅ မိနစ်ကြာမျှ မင်္ဂလာတရားများကို ရှင်းပြပါသည်။

အတူပါရှိသော အီတာလျံဘုန်းတော်ကြီး အက်ဘိုနာက 'အရှင်မင်းကြီး ရွတ်ဆိုမိန့်ကြားချက်တွေဟာ ကျွန်တော်များ ခရစ်ယာန်ကျမ်းစာမှာ ပါရှိချက်တွေနှင့် အတူတူပင် ဖြစ်ပါသည် ဘုရား'ဟု လျှောက်တင်၏။ ထိုနောက် ထိုဘုန်းကြီးက ကျွန်တော်(ဖယ်ရာ)ဘက်သို့ လှည့်က 'ဟုတ်ကဲ့ မဟုတ်လား၊ ကျုပ်တို့ သမ္မာကျမ်းစာမှာ ဒီအတိုင်းပဲ မဟုတ်ပါလား'ဟု ဆို၏။

အတူပါရှိသည့် ဝန်ထောက်မင်းအား ကျွန်တော်က တိုးတိုးပြောမိသည်မှာ 'ရှင်ဘုရင်နှင့် စကားပြောရာမှာ ကျွန်တော်က မကျွမ်းကျင်လို့ ပြောပုံပြောနည်း ချွတ်ယွင်းလျှင် အပြစ်လွှတ်စေချင်ပါတယ်'ဟူ၍ ဖြစ်၏။ ထိုစကားကို ဝန်ထောက်မင်းက ဘုရင်သို့ တင်လျှောက်သောအခါ မင်းတုန်းမင်းက 'သူ ပြောတတ်သလို ရဲရဲပြောပါစေ။ ငါ ခွင့်ပြုပါတယ်၊ ဘာမျှ စိုးရိမ်ခြင်း မရှိစေနှင့်'ဟု မိန့်ဆို၏။

ဘုရင် ။ ။ယခု အင်္ဂလိပ်မင်းကြီး ဒီမှာ နေရေးထိုင်ရေး သာယာပါရဲ့လား၊ သံအဖွဲ့ဝင်များ သက်သာချောင်ချိ ရှိကြပါစေ။

ဖယ်ရာ ။ ။ကျွန်တော်များ မြန်မာနယ်ပယ်ကို စတင်ရောက်ရှိချိန်မှ စပြီး ကျွန်တော်တို့ ပျော်ပျော်ရွှင်ရွှင် ရှိအောင် အစစအရာရာ ကြိုးပမ်း ရွက်ဆောင်ကြပါတယ်၊ ဟောဒီ ဝန်ထောက်မင်းရဲ့ ဂုဏ်ကျေးဇူး အလွန်ကြီးမားလှကြောင်းပါ။

ဘုရင် ။ ။ကောင်းတယ် ကောင်းတယ်၊ မြန်မာဘုရင်အနေနှင့် အင်္ဂလိပ်မင်းကို မေတ္တာရှေ့ထား ပေါင်းသင်းဆက်ဆံလိုတယ်။ ရှေးကလည်း မေတ္တာမပျက်ခဲ့ဘူး၊ နောင်ကိုလည်း ချစ်ကြည်ရေး အစွန့်ရှည်စေလိုတယ်။

ဖယ်ရာ ။ ။ဤအတိုင်း မှန်ပါကြောင်း။

ဘုရင် ။ ။အောက်ပြည်မှာ မြန်မာစစ်တပ်များကို အမြန်ရုပ်သိမ်းစေခဲ့တယ်။ ဟံသာဝတီနယ်မှာ တပ်မှတ်နေကြတယ် ကြားတော့ ရိက္ခာများ ဖြောင့်ဖြောင့်ဖြူးဖြူး တင်ပို့စေခဲ့တယ်။

ဖယ်ရာ ။ ။ဤအတိုင်း ဟုတ်မှန်ပါကြောင်း။

ဘုရင် ။ ။အဲ-သို့ကလိုဆိုလျှင် ချစ်ကြည်ရေးတရားများနှင့်အညီ ကျင့်သုံးကြောင်း ထင်ရှားပြည့်စုံနေပြီ မဟုတ်ပါလား။ နောက်ထပ် ဘာများ လိုသေးသလဲ။

ဖယ်ရာ ။ ။နောက်ထပ် ဘာများ လိုအပ်သလဲ ဆိုချက်ကို အနောက်နိုင်ငံ အယူအဆများအရ ရှင်းလင်း တင်ပြလိုကြောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင် ။ ။ဆိုစေဗျား...။

ဖယ်ရာ ။ ။အင်္ဂလန်ပြည်၊ ပြင်သစ်ပြည် အစရှိတဲ့ အနောက်နိုင်ငံကြီးများ ချစ်ကြည်ရေး ပြုလုပ်ကြရာမှာ တည်တံ့ခိုင်မြဲအောင် စာချုပ်များ နှစ်ဦးသဘောတူ လက်မှတ်ထိုးလေ့ ရှိကြပါသည်။ မြန်မာဘုရင်နှင့် အင်္ဂလိပ်မင်းတို့ ဆက်ဆံရေးဟွင် စာချုပ်ပြုလုပ်ရန် ကျန်ရှိနေကြောင်းပါ။

ဘုရင် ။ ။စာချုပ်ပြုလုပ်ရာမှာ နှစ်ဦးနှစ်ဝ အကျိုးရှိမှ ဖြစ်နိုင်တယ် မဟုတ်လား။

ဖယ်ရာ ။ ။မှန်လှပါသည်၊ အရှင် မင်းကြီးအတွက် အကျိုးကျေးဇူး ပါရှိမည် မဟုတ်ပါက ဤသို့ စာချုပ်ပြုလုပ်ရန် တင်လျှောက်မည် မဟုတ်ပါ။

ဘုရင် ။ ။စာချုပ်ခြင်း၏ အကျိုးကျေးဇူးများကို ပြောပြပါစေ။ (မင်းတုန်းမင်းက ကွမ်းစားရင်း ပြောသဖြင့် ကျွန်တော် ကောင်းစွာ မကြားရသဖြင့် ဝန်ထောက်မင်းကို မေးမြန်းရသည်)

ဖယ်ရာ ။ ။စာချုပ်မရှိရင် အင်္ဂလိပ်မင်းက ခဲယမ်းမီးကျောက် စသော စစ်ပစ္စည်းများ တင်သွင်းခွင့်ပြုမည် မဟုတ်ပါ။ စာချုပ်ရှိလျှင်ကား အနောက်နိုင်ငံ ထုံးတမ်းတို့နှင့် ကိုက်ညီသဖြင့် ယုံကြည်စိတ်ချမှု တိုးပွားကာ အစစ တင်သွင်းခွင့် ရရှိပါမည်။

ဘုရင် ။ ။မင်းကြီးဖယ်ရာ အကြောင်းကို ကြားခဲ့တာ ကြာပါပြီ။ စိတ်သဘောကောင်းကြောင်း၊ ဉာဏ်ပညာပြည့်စုံကြောင်းများ ကြားသိရသည်။ ဒါကြောင့် မင်းကြီးကို သူတစ်ပါးထက် ထူးခြားသော အခွင့်အရေးများ ပေးကမ်းပြုစုခြင်းပေပဲ။ သို့မဟုတ်လျှင် ထုံးစံအရ ဝတ်ကျေဝတ်ကုံသာ ဖြစ်မှာပ။ ယခုဆိုလျှင် မင်းကြီးဖယ်ရာနှင့် တွေ့ဆုံ ဆွေးနွေးရတာ "အစ ကောင်းတယ်"လို့ ဆိုရမယ်ပ၊ လောကီလူသားတို့ အချင်းချင်း ဆက်ဆံကြရာမှာ အစ အလယ် အဆုံး ဟူ၍ ၃ ပိုင်း ၃ ကဏ္ဍ ရှိစမြဲပေပဲ၊ ယခု အစပိုင်းမှာ သင့်မြတ်ကောင်းမွန်သည် ဆိုလောက်ပေပြီ။ ကျန်ရှိသော အလယ်ပိုင်းနှင့် အဆုံးပိုင်းများ အလားတူ ကောင်းမွန်ရန် လိုအပ်ပေသည်။

စာချုပ်ပြုလုပ်ရာ၌ နှစ်ဦးနှစ်ဝ အကျိုးရှိပါမှ အခွန့်ရှည်မည်ကို မြဲမြဲ မှတ်သင့်သည်။ သို့မဟုတ်ပါက တရားလမ်းမှန် မဖြစ်နိုင်၊ နှစ်နိုင်ငံ ကျေနပ်မှု အပြည့်အဝရှိရန် လိုအပ်၏။

ဘုရင် ။ ။အကယ်၍ မြန်မာအတွက် အကျိုးမဲ့သော စာချုပ်ကို ငါကိုယ်တော်အနေဖြင့် ခွင့်ပြုမိပါက ရာဇဝင်ရိုင်းမည် မလွဲပေ။ အလားတူစွာ အသင်အင်္ဂလိပ်မင်းကြီးကလည်း မိမိတိုင်းပြည်၏ ဂုဏ်သိက္ခာကို ညစ်နွမ်းစေသောအမှု ပြုမိပါက နောက်ကာလ အနှစ်တစ်ထောင်ကြာစေကာမူ ထိုအမည်းကွက်ကြောင့် နာမည်ပျက်သဖွယ် ရှိနေပေသည်။ ဤအချက်ကို လေးနက်စွာ စဉ်းစားပါ။

ဖယ်ရာ ။ ။အရှင်မင်းကြီး၏ မိန့်ဆို တိုက်တွန်းချက်တို့သည် သစ္စာတရားတို့နှင့် ကိုက်ညီမှန်ကန်ကြောင်း ကျွန်တော် ကောင်းစွာ သဘောပေါက်ပါသည်။ စာချုပ် ပြုလုပ်သင့်ကြောင်း တင်ပြရာ၌ နှစ်ဦးနှစ်ဝ အကျိုးရှိမှသာလျှင် တည်တံ့နိုင်ပါသည်။ သို့မဟုတ်က အချည်းနှီးဖြစ်ပါမည်။ မင်းတရားကြီးက ယခု ဆွေးနွေးချက်သည် အစ ကောင်းပြီဟု မှတ်ချက်ပြုခဲ့ရာ ဤစာချုပ်ကို အောင်မြင်စွာ ပြုလုပ် ချုပ်ဆိုနိုင်ပါက ကျန်ရှိသော အလယ်နှင့် အဆုံးတို့၏ ကောင်းခြင်းတို့လည်း အလိုလိုပြည့်စုံသွားမည် ဖြစ်ပါကြောင်း။

ဘုရင် ။ ။ကောင်းပေပြီ၊ ငါ၏ မိန့်ဆိုချက်ကို လေးနက်စွာ စဉ်းစား ချင့်ချိန်ပါလော့။

## နန်းတွင်းယိမ်း

***ဖိုက်၏မှတ်တမ်း။***

ဖယ်ရာကို ဆက်ခံသူ အရေးပိုင် ဖိုက်ချ (Fytche) အဖွဲ့ ဆိုက်ရောက်ချိန်က မှတ်တမ်းမှာလည်း အောက်ပါအတိုင်း ဖြစ်၏။

ထိုလ ၂၃ ရက်နေ့တွင် ဘုရင်မင်းမြတ်က အင်္ဂလိပ်သံအဖွဲ့ဝင် အားလုံးတို့အား ပွဲကြည့်ရန် ဖိတ်ပါသည်။ မိဖုရားများ၏ အိမ်တော်တို့၌ အပျိုတော်အဖြစ် အမှုတော်ထမ်းသူများ အသုံးတော်ခံသည့်ပွဲ ဖြစ်ပါသည်။

စနုဆောင် အနီးတွင် ယာယီဇာတ်ရုံတစ်ခု ဆောက်လုပ်ထားသည်။ လက်ဝဲဘက်တွင် ရှင်ဘုရင်ရှုစားရန် စင်မြင့်နှင့် သလွန် ထားရှိ၏။ ဇာတ်ရုံ နောက်ပိုင်း၌ တောဘောင်ကားလိပ်ကြီး ချထားသည်။ လက်ယာဘက် ဘေး၌ကား မိဖုရားကြီးနှင့် အင်္ဂလိပ်သံမှူး ကတော်တို့အတွက် နေရာ စီစဉ်ထားသည်။ ထိုနေရာတွင် အင်္ဂလိပ် မင်းကြီးကတော် မစ္စက်ဖိုက်ချနှင့် စစ်သံမှူးကတော် မစ္စက်လိုက်တို့ ထိုင်ကြပါသည်။

www.burmeseclassic.com



မကြာမီပင် မင်းတုန်းမင်းတရားကြီး ထွက်တော်မူလာသည်။ ကျွန်တော်တို့ သံအဖွဲ့အား ဥယျာဉ်တော်နှင့် အခြား နန်းတွင်းရှုဖွယ်တို့ကိုလည်း လွတ်လပ်စွာ ကြည့်ရှုနိုင်ကြောင်း၊ ယခုပွဲတွင်လည်း ဇာတ်ပွဲ သို့မဟုတ် ကပွဲကို ကြိုက်နှစ်သက်ရာ ရွေးချယ်ကြည့်ရှုနိုင်ကြောင်း မိန့်ကြား၏။ ကျွန်တော်များက မြန်မာအကကို ကြည့်လိုကြောင်း လျှောက်တင်သည်။ ရှင်ဘုရင်က ဆိုင်းဝိုင်းတော်ကိုလည်း ရှုကြပါဦး မိန့်ဆိုရာတွင် တီးမှုတ်သူ ဝိုင်းတော်သားအားလုံးမှာ အမျိုးသမီးများ ဖြစ်နေကြောင်း တအံ့တဩ သိရှိရပါသည်။ နန်းတွင်း အပျိုတော်များ၏ သီးခြား အနုပညာ အဖွဲ့ဝင်များ ထိုနေ့က အသုံးတော်ခံခြင်း ဖြစ်သည်။

ယိမ်းအဖွဲ့ ဦးစွာ ထွက်လာသည်၌ အမျိုးသမီး ၃၀ ခန့် စီတန်းထွက်လာကြသည်။ နောက် လခြမ်းပုံသဏ္ဍာန် နေရာယူကာ ရှင်ဘုရင်ကို ဦးချကြသည်။ ထဘီမှာ အနီနှင့် အစိမ်း စပ်ထဘီများဖြစ်၍ ခါးတောင်အင်္ကျီများမှာ ပိုးဖြစ်သည်။ ငွေချည်ကွပ်ထားသည်။ ခေါင်း၌ စည်းပုံများ ဆောင်းထားသည်။

ကန်တော့ခန်း ပြီးလျှင် ယိမ်းသမများက သိမ်မွေ့စွာ ဇာတ်ခုံကို လှည့်ပတ် ကခုန်ကြသည်။ ဆိုင်းချက်အရ ကနည်း ကဟန် ပြောင်းသည်။ ထိုနောက် ဒူးထောက်ထိုင်ကြပြန်သည်။ ဤအကြိမ်တွင် အမျိုးသမီးတစ်ဦးတည်း ရှေ့သို့ ထလာကာ ဘုန်းတော်ဘွဲ့ကို သာယာစွာ သီဆိုသည်။

အရှေ့တိုင်း နိုင်ငံများသို့ အင်္ဂလိပ်များ အကြိမ်ကြိမ် ရောက်ဖူးခဲ့ရာတွင် ဤမျှ ကောင်းမွန်သော ပွဲမျိုး တစ်ခါမျှ မမြင်ဖူး၊ မကြုံဖူးဟု ဆိုရပေမည်။

ဘုန်းတော်ဘွဲ့ ဆိုရာတွင် မြန်မာဘာသာဖြင့် ရတုပိုဒ်စုံ ၃ ပိုဒ် ပါဝင်လေသည်။ သီဆိုသူက စာသံနှင့် တစ်မျိုး၊ သီချင်းသံနှင့် တစ်ဖုံ၊ ရောနှော ဆိုကျူးပုံမှာ များစွာ မြိုင်ဆိုင်လှပေသည်။

ထိုအချိန်၌ စကြာဒေဝီ မိဖုရားခေါင်ကြီး ဝင်တော်မူလာ၏။ အပျိုတော်အများ ခြံရံပါရှိသည်။ ရှင်ဘုရင်အနီး သလွန်ပေါ်၌ပင် ကပ်လျက် နေရာယူတော်မူသည်။

ယိမ်းသမများက ဆက်လက် ကခုန်ကြပြန်သည်။ ဤအကြိမ်၌ သူတို့လက်တွင် တုတ်ချောင်းကလေးများ ကိုင်ထား၏။ သီချင်းဆိုရင်း လှည့်ပတ် ကခုန်ကြရာတွင် ထိုတုတ်ချောင်းများကို အကွက်ကျ စည်းဝါးပမာ အသုံးပြုကြသည်။

ပွဲပြီးချိန်တွင် ဘုရင်နှင့်နန်းမတော်ဖုရားတို့ ပြန်ကြွပြီးနောက် ကျွန်တော်တို့ကို လက်ဖက်ရည်နှင့် မုန့်များ တည်ခင်း ပြုစုသည်။ ထို့နောက် ကျွန်တော်တို့အဖွဲ့သည် ဆင်ဖြူတော်ရုံသို့ လည်းကောင်း၊ ကုသိုလ်တော်ဘုရားသို့ လည်းကောင်း သွားရောက် ကြည့်ရှုကြသည်။

မိဖုရားကြီး၏ စေတနာကောင်းပုံတစ်ရပ်ကို မှတ်တမ်းတင်လိုပါသည်။ ကျွန်တော်တို့ သံအဖွဲ့ မန္တလေးဆိပ်ကမ်းသို့ ရောက်ချိန်က သံမှူးကတော် မစ္စက်ဖိုက် စီးနင်းရန် ရွှေဝေါတော်တစ်စီး ပို့ပေးစေခဲ့ပါသည်။ ရွှေထီး ၂ လက်လည်း မိုးစေပါသည်။ ဆင်စီးရခြင်းထက် ပို၍ညင်သာသည်ဟု ဆိုပါသည်။ မိဖုရားကြီး၏ ချည့်ခန်းတွင် အလွန် ပျော်ရွှင်ခဲ့သည်ဟု သံမှူးကတော်က ပြောပြ၏။

*

## [၆] အလှူရေစက် လက်နှင့်မကွာ

မင်းတုန်းမင်း အနေဖြင့် "ပဥ္စမ သင်္ဂါယနာတင် မင်းတရား" ဘွဲ့ကို အမြတ်တနိုး ဆောင်တော်မူသည့်အတိုင်း အလှူဒါနကုသိုလ်ရေးကိစ္စတို့၌ မပြတ် လုံးပန်းလေ့ရှိရာ ဘုရင်နှင့် မိဖုရား၏ နန်းတွင်းအသိုင်းအဝိုင်းတို့မှာလည်း ထိုအရေးနှင့် အလုပ်ရှုပ်ကြသည်သာ များ၏။

၁၂၃၃ ခု တန်ခူးလပြည့်ကျော် ၁၂ ရက်တွင် မင်းတရားကြီးနှင့် မိဖုရားခေါင်တို့သည် မြေနန်းတော်၌ အခမ်းအနား ကြီးကျယ်စွာဖြင့် ပဥ္စမသင်္ဂါယနာတင် ပွဲတော် စတင်ကျင်းပ၏။ သံဃာတော် ၂၄၀၀ ကို သုဓမ္မာဆရာတော် ရှစ်ပါး အုပ်ချုပ်လျက် ၅ လကြာမျှ ပိဋကတ်သုံးပုံကို ရွတ်ဖတ် ပြုပြင်တော်မူကြသည်။

*

ပဥ္စမသင်္ဂါယနာတင်သည့် အခါ၌ မြန်မာပြည်အရပ်ရပ်၌ ရဟန်းတော် ၆ သောင်းရှိသည့်အနက် ပိဋကတ် ၃ ပုံကို နှုတ်ငုံ့ရွတ်ဆိုနိုင်သူ ၂၄၀၀ ကို ရွေးချယ်သည်။ သာသနာသက္ကရာဇ်နှင့် အကိုက် ဖြစ်သည်။ ထိုရဟန်းတော်တို့နှင့် တရားတော်များကို စိစစ်ကာ "မင်းတုန်းမှ" ကို တီထွင်လေသည်။ ကျောက်ထက်အက္ခရာတင်ရာတွင် အမှားတစ်လုံးတွေ့သူကို ဒေါင်းဒင်္ဂါးတစ်ပြား ဆုချ၏။



www.burmeseclassic.com

www.burmeseclassic.com



## သာသနာ့ ဒါယကာ၏ ကျေးဇူး

သာသနာပိုင် ရွေးချယ်ရာတွင် မိဖုရားခေါင်ကြီး မင်းသမီးဘဝက ကိုးကွယ်ခဲ့သော မောင်းထောင်ဆရာတော် ရှင်ညေယျဓမ္မကိုပင် ရွေးချယ်ခဲ့လေသည်။ ရှင်ညေယျကား သာယာဝတီမင်း လက်ထက်၌ သာသနာပိုင် ဖြစ်ခဲ့ဖူးသည်။ ပုဂံမင်းခေတ်၌ မင်းပြောင်းမင်းလွဲတွင် သူပြုတ်ကျကာ ဗားကရာ ဆရာတော်က သာသနာပိုင် ဖြစ်သွား၏။ တပည့်သံဃာတော်တို့က သူ့အတွက် မကျေမချမ်း ဖြစ်ကြသည်ကို လောကနီတိလာ အောက်ပါအတိုင်း ဆုံးမခဲ့ဖူး၏။

သုခါ ရုက္ခဿ၊ ဆာယာဝ
တတောညာတံ မာတာပိတု
တတောအာစရိယာ ရညော
တတောဗုဒ္ဓဿ နေကစာ

တပည့်တို့၊ လောက၌ အေးမြချမ်းသာတဲ့ အရိပ်အာဝါသကြီးများဟာ ရှိကြသည်သာ ဖြစ်တယ်။ သစ်ပင်၏ အရိပ်သည် ချမ်းသာ၏။ ထိုထက် ဆွေမျိုးဉာတိတို့၏အရိပ်သည် ချမ်းသာ၏။ ထိုထက် ဆရာ၏အရိပ်သည် ချမ်းသာ၏။ ထိုထက် တိုင်းပြည်သနင်း၊ မင်းတို့၏အရိပ်သည် ချမ်းသာ၏။ ထိုထက်လည်း အခါခပ်သိမ်းသာလျှင် သာသနာတော်၏ အရိပ်သည် ချမ်းသာ၏။

တပည့်တို့က မင်းပြောင်းမင်းလွဲ အချိန်အခါမို့ ငါတို့ဆရာ အရာကျရတယ် ဟူ၍ မင်းကို အပြစ်မတင်ကြလေနှင့်။ မင်း၏ အရိပ်အာဝါသဟာ ဆရာ၏ အရိပ်ထက် ချမ်းသာတယ်။ တပည့်တို့ကို ယခုလို အေးအေးချမ်းချမ်း စာသင်နိုင်တာက တိုင်းပြည်ကြီးကို ငြိမ်သက်ပိပြားအောင် မင်းက အုပ်ချုပ်နိုင်လို့သာလျှင် စာသင်နိုင်ကြတယ်။ ဒါဟာ စင်စစ် မင်း၏ ကျေးဇူးတွေပဲလို့ သဘောပေါက်ကြရမည် တပည့်တို့။

သို့လျှင် ဦးညေယျသည် မင်းတို့၏ ကောင်းကျိုးကို ညွှန်ပြကာ သံဃာတို့၏ စိတ်ဓာတ်ကို ကြည်လင်စေ၏။

*

ဦးညေယျကို သာသနာပိုင်ရွေးကြောင်း ကြားရလျှင် 'အိမ်း ... မင်းတုန်းရဲ့ ငယ်ဆရာ ငါလည်း သာသနာပိုင် မဖြစ်၊ မယ်သဲလည်း မိဖုရားခေါင်ကြီး မဖြစ်' ဟု ဦးစန္ဒိမာက မိန့်တော်မူ၏။ စကြာဒေဝီ၏ အကြံပေးချက်အတိုင်း ရွေးချယ်ခဲ့၍လည်း အချို့က 'ငါတို့ ဘုရားက မယားဘက်ခပ်ပါပါ'ဟု ဝေဖန်ခဲ့၏။

ရွှေမြို့တော်နှင့် အမရပူရမြို့ ပါ ကျောင်းတိုက်ပေါင်း ၂၁၇၊ ကျောင်းပေါင်း ၁၄၄၂၊ သံဃာတော် ၈၇၁၀၊ သာမဏေ ၆၆၄၈ တို့အတွက် တစ်လလျှင် ဆန်တော် တင်းပေါင်း ၂၀၄၆၂ လှူရ၏။ အဝေးရပ်ရွာရှိ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်ပေါင်း ၃၆၄ တို့ကိုလည်း လှူဖွယ်ပစ္စည်းများ လစဉ် ပေးပို့ရ၏။

## ဘုရင်ကိုယ်တိုင် ဆွမ်းလောင်း

နှစ်စဉ် သံဃာ့ဒါန ဆွမ်းလောင်းပွဲကို မြေနန်းတော်ဦး၌ ကျင်းပ၏။ ဘုရင်နှင့် မိဖုရားခေါင်နှင့်တကွ သားတော်၊ သမီးတော်တို့ စုံလင်စွာ ထွက်တော်မူကာ ကိုယ်တိုင် ဆွမ်းလောင်းကြ၏။ ရဟန်းတို့၌ တိစီဝရိတ်၊ သာမဏေတို့မှာ ဒွိစီဝရိတ် အစုံနှင့် သပိတ်၌ ဆွမ်းနှင့်ဟင်း အပြည့် ရှိပြီးသော် သပိတ်ပေါ်တွင် သင်္ကန်းတစ်စုံစီ တင်ကာ ပြန်ကြွကြ၏။ ထို "မဟာ အသဒိသ"ဟု ဆိုအပ်သော ဆွမ်းကြီးလောင်းတွင် ယိုးဒယားဆိုင်း၊ မွန်ဆိုင်း၊ တီးမျိုး၊ မှုတ်မျိုး၊ ပြိုင်းပြိုင်းငြိမ့်ကာ တာဝတိံသာ နတ်သဘင်မှာကဲ့သို့ သာယာသော အသံဖြင့် ပူဇော်ကြ၏။

*

တစ်လအတွင်း ၄ သီတင်း၌ ပဌာန်းကျမ်းကြီးကို ရွတ်ဖတ်သော ဓမ္မကထိက ရှစ်ပါးတို့အား ငွေ ၅၀၀ ကျပ်တန် ပဒေသာပင်များ ကပ်လှူ၏။ မန္တလေး တောင်ခြေရှိ ပဌာန်းဇရပ်တော်၌ ထိုပွဲ ကျင်းပသည်။

*

ထိုပဌာန်းဇရပ်၌ ပထမကျော် စာပြန်ပွဲများလည်း ပြုလုပ်သည်။ ပထမငယ်အတွက် ရွှေထီး ၂ စင်း၊ ပထမလတ် ၄ စင်း၊ ပထမကြီး ၆ စင်း၊ ပထမကျော် ၈ စင်း ဆောင်းစေသည်။ ပထမပြန် ဆိုနိုင်သော သာမဏေငယ်၊ ပဉ္စင်းငယ်တို့နှင့် စပ်သွယ်သမျှ ဆွေမျိုး ၇ ဆက်တို့အား အခွန်တော်မှ စ၍ အခွဲအခန့် အခိုင်းအစေတို့မှ လွတ်ငြိမ်းစေ၏။ ပထမကျော် အတွက်မူ ဆုတော်ငွေ ၅၀၀၀ကျပ် ရရှိစေ၏။

*

၁၂၂၄ ခု တန်ခူးလဆုတ် ၁၂ တွင် တောင်ဥယျာဉ်တော်၌ ရွှေမြို့တော်ရှိ ဒုက္ခိတ ကျား မ ၂၁၆ ယောက်တို့အား တစ်ဦးလျှင် ငွေ ၂၀ ကျပ်စီ အရှင်နှစ်ပါးတို့ကိုယ်တိုင် ပေးလှူသည်။

*



www.burmeseclassic.com

www.burmeseclassic.com



၁၂၂၇ ခု တပေါင်းလတွင် သာသနာပြု ဆရာတော်ကြီး ပျံတော်မူရာ မိဖုရားခေါင်ကြီးနှင့် အလယ်နန်း မိဖုရားတို့ ကျောင်းတော်သို့ လှူဖွယ်ပစ္စည်းများနှင့်အတူ သွားရောက်တော်မူကာ ရေစက်သွန်းချကြသည်။ ထူးသည်မှာ ဤမိဖုရားကြီး ၂ ပါး အတူတွဲဖက် ထွက်တော်မူခြင်းသည် ကြုံတောင့်ကြုံခဲ ဖြစ်သည်။ လှူဖွယ်ဝတ္ထုတို့လည်း များပေ၏။

(၁) သီးမျိုးစုံ ပဒေသာ ၇၁
(၂) သီးမျိုးစုံမှန်စီ ပဒေသာ ၁
(၃) ဧကသီထည်ရေ ၂၄၈၀
(၄) သင်းပိုင် ၇၈၉၂
(၅) ရှုံခါးပန်းကြိုး ၈၀၀၀
(၆) ရေစစ် ၃၈၆၁

## တစ်မူးဆု၊ တစ်မတ်ဆု

နေပြည်တော်၌ ပြည်သူလူထုတို့ ထာဝရ သီလဆောက်တည်နိုင်ရန် တရားတင်းကုပ် ၁၂ ဆောင် ဆောက်လုပ်တော်မူသည်။ ဓမ္မာရုံ ၁၁ ဆောင်လည်း ဖွင့်ကာ ညစဉ် ကြေးစည်နက်လျှင် အများ လာရောက် ဘုရားဝတ်တက်ကြသည်။

သီတင်းနေ့တိုင်း ဇောဓိပက္ခိယတရားများ ဆွေးနွေးသည်။ ရွှေနန်းတော် စာပုံနှိပ်တိုက်မှ ထုတ်ဝေသော သုတ္တန်ဒေသနာစာအုပ်များကိုလည်း လေ့လာ ကျက်မှတ်ကြသည်။ တရားဆွေးနွေးပွဲ၌ ပြန်ဆိုနိုင်သူ ယောကျ်ား၊ မိန်းမတို့ ဆုတော်ငွေ ဖလားမှ တစ်မတ်စီ ရကြ၏။ ဆုရရှိသူက ပရိသတ်အလယ်၌ မတ်စေ့ကိုကိုင်မြှောက်ကာ 'မည်သည့်အရပ်နေ၊ မည်သူမည်ဝါ၏၊ သမီး သား မည်သူသည်၊ နုနယ်သက်ဆစ်၊ ယခုမှ ၇ နှစ်သာ ရှိသေးသော်လည်း ဇောဓိပက္ခိယတရား တို့ကို ပရိသတ် အလယ်၌ မေးမြန်းရာ ခွဲဝေပြန်ဆိုနိုင်ခြင်းကြောင့် မနုဿတ္တဒုလ္လဘ လူ၏အဖြစ်ကို အရတော်ပေစွ တကား။ ကျွတ်ထိုက်သော ကလျာဏပုဂ္ဂိုလ် အဖြစ်သို့ ရောက်ပေ၏ တကား။ အမိုက်မှောင်ကို ထွင်း၍ အလင်းသို့ ဆိုက်ရောက်သော သူပေတကား။ ထို့ကြောင့် မတ်စေ့ ဆုတော်ခံစေ'ဟု ပါးစပ်က ကျယ်စွာသော အသံဖြင့် ဆိုရ၍ ပေးလေသည်။

ထိုတရားပွဲ၌ မေးမြန်းမရသူတို့ကား အသက်အရွယ်ပင် ကြီးသော်လည်း မူးစေ့တစ်စေ့ကို မြှောက်ကိုင်၍ 'မည်သည့် ရပ်နေ၊ မည်သသူသည်၊ ခန္ဓာယိုယွင်း၊ အိုမင်းမလှ၊ ကုန်းကွသက်ရွယ်၊ ရှစ်ဆယ်ခန့်မြောက်၊ စက်ဆုပ်လောက်အောင် ရှိခဲ့ပြီး၊ ချစ်ရည်ခန်းခြောက်၊ အိုရုပ်ရောက်သည်တိုင် ဇောဓိပက္ခိယ တရားကိုကား ယခုတိုင် ပြန်ဆိုနိုင်မည်ကိုဝေး၍ မေးမြန်း၍ မရမှုကြောင့် ပုထုဇဉ်မိုက်၊ မယားနောက်လိုက်၊ သားနောက်လိုက်၊ ရွှေငွေနောက်လိုက်၊ အပျော်အပါးကစားခုန်စား နောက်လိုက်၊ မကျွတ်ထိုက်သော အန္ဓပုဂ္ဂိုလ်အဖြစ်၌သာ ရှိရှာလေသေး၏ တကား။ အလွန်သနားစရာကောင်းသည်။ မူးစေ့တစ်စေ့ ဆုတော်ခံစေ'ဟု ပါးစပ်က ကျယ်စွာ ဟစ်အော်ပေးလှူရ၏။

## မြန်မာဟိုတယ်

နေပြည်တော်၏ လေးမျက်နှာတွင် ခရီးသွား အာဂန္တုများအတွက် အုတ်ဇရပ်ကြီးရှစ်ခု တည်ထား၏။ လာလာသမျှ ခရီးသည်တို့ သုံးဆောင်နိုင်ရန် အစာရိက္ခာတို့ကား စုံလှစွာ၏။

(၁) လက်ဖက်ရည်နှင့် တွဲဖက်စားသုံးရန် ထန်းလျက်ခဲ၊ ပဲလှော်ကို သုပ်စားနိုင်ရန် ဆားနှင့် ကြက်သွန်၊ နှမ်း။
(၂) ဆေးလိပ်ကို အလိုရှိသလို လိပ်သောက်နိုင်ရန် ဆေးဗန်း၌ ဆေး၊ ဆေးရိုး၊ ပြောင်းဖူးဖက်၊ သနပ်ဖက်၊ ကွမ်းသီးဖက်၊ ဘန့်ပွေးဖက်။
(၃) ဆေးမလိပ်လိုသူတို့အတွက် ဆေးတံ။
(၄) ကွမ်း၊ ကွမ်းသီး၊ ရှားစေး၊ ထုံး၊ လေးညှင်းပွင့်၊ ဇာတိပ္ဖိုလ်၊ ဖာလာ၊ သစ်ကြံပိုး၊ ကွမ်းညှပ်၊ ကွမ်းအစ်။
(၅) ယပ်တောင် အမျိုးမျိုး။
(၆) အညောင်းအညာ ပြေစေရန် အနှိပ်ဘုတုံး၊ သားရေကြိုးတပ်ထားသော တုတ်များနှင့် ညှပ်နှိပ်ခြင်း။
(၇) အမျိုးသမီးများအတွက် ဘီး၊ ဘီးစိပ်၊ ဘီးကျဲ၊ အုန်းဆီနှင့် နှမ်းဆီ၊ အလှဆီ၊ မှန်နှင့် မှန်တင်ခုံ၊ သနပ်ခါး၊ နံ့သာဖြူ၊ အကျော်စမွှာ၊ ကရမက်၊ မျက်နှာချေ၊ အစစ်မှုန့်၊ ပေါင်ဒါမှုန့်၊ မြမန်းခဲ၊ တို့ပတ်၊ မျက်ခုံးဆွဲမင်၊ မင်တံ၊ ကျောက်ပျဉ်။
(၈) သွားပွတ်တံ၊ သွားတိုက်ဆေး၊ တံပူ၊ ဆား၊ ဆပ်ပြာ၊ မျက်နှာသစ်ရေ။



www.burmeseclassic.com

www.burmeseclassic.com



(၉) ခေါင်းအုံး၊ သင်ဖြူး၊ ကော်ဇော၊ ခြုံစောင်။

(၁၀) နားဖာကော်၊ မွေးညှပ်၊ ဇာဂနာ၊ သင်တုန်း၊ အပ်နှင့် အပ်ချည်၊ ဓားမ၊ ပုဆိန်။

(၁၁) သောက်ရေအိုး၊ ခွက်၊ ဖလား၊ ရေမှုတ်။

(၁၂) ကိုယ်ဝန်ဆောင် မိန်းမများအတွက် နေ့လစေ့၍ ဖွားမြင်လိုက မီးနေအိမ်၊ မီးနေထင်း၊ ရေနွေးအိုး၊ မိဿလင်၊ ငရုတ်ကောင်း၊ အုတ်ခဲပိုင်း၊ နှမ်းထုပ်၊ အချင်းမြှုပ်ရန် တူးရွင်း၊ အချင်းချင်ခံဇုန်း၊ ဝမ်းဆွဲ မိန်းမ ၂ ယောက်၊ ဗိန္ဒောဆရာ ၂ ယောက်၊ မွေးဖွားပြီး ရက်လည်၍သွားလိုက ဆုငွေ ၅ ကျပ်နှင့် ဝတ်စုံတစ်စုံ လက်ဆောင်ပေးသည်။

မင်းတုန်းမင်း လက်ထက်၌ သူနာတိုက် ၅ လုံး၊ သူအိုတိုက် ၅ လုံး၊ သမားတော် ၃၊ အနှိပ်တော် ၃ ထားရှိသည်။ သူနာစရိတ်၊ သူအိုစရိတ် အလှူတော် ကောက်ခံစုဆောင်းခြင်းနည်း မရှိ။ ကုန်ကျစရိတ် အမျိုးမျိုးကို ဘုရင်က စိုက်ထုတ်ပေးသည်။ မင်းကျင့်တရား မချွတ်ယွင်းရုံသာလိုက်နာလေ့ရှိ၍ ကြီးကျယ်ခမ်းနားခြင်း မရှိချေ။ ဂုတ္တိလပျို့၌ မနော်ဒေဝ စပ်ဆိုသည်မှာ–

နွေပူမိုးစွတ်၊ ကင်းလွတ်စေကြောင်း
ပြည်နံ့တောင်းဝယ်၊ တန်ဆောင်းဇရပ်
မဏ္ဍပ်နေရာ၊ ပရိုင်းကာလျက်
သင်ဖျာနီးခေါက်၊ တစ်ယောက်တစ်ချပ်
တင်အပ်စေချင်၊ အုံးလက်တင်ဖြင့်
ရေစင်တကောင်း၊ ညှံ့ပျောင်းတံပူ
အဖြူစင်စင်၊ အမိုးတွင်နှိုက်
အခြင်မလပ်၊ မြင်ရုံချုပ်၍
ဖိနပ်နေကာ၊ ရေအိုးမှာလည်း
သင့်စွာစီရင်၊ ရေအိုးစင်ငယ်
မှုတ်လျှင်အပါ၊ အသင့်ထား၏
ဖလားလင်ပန်း၊ ဒေါင်းလန်းပန်းကန်
လက်ဆေးရန်မှ၊ ဇွန်းယောက်မနှင့်
အိုးမ အိုးဖို၊ သုံးရန်လိုသော်
စားဖိုအပါ၊ ဆောက်လုပ်ထား၍
နာဖျားသသူ၊ ရောက်လာမူလည်း
ကြည်ဖြူသနား၊ ဆေးသမားနှင့်
ကုစားပါလေ၊ အသင့်နေမှ
စွဲလေဂဗ္ဘ၊ ဖွားလိုကမူ
ဖွားကြပစေ၊ မီးရပ်နေမူ
သင့်စေ ရိပ်ငြိမ်၊ မီးနေအိမ်မှ
စ၍ မကြွင်း၊ သွားလာခင်းနှင့်–

သာလွန် မင်းတရားကြီး လက်ထက်မှ စ၍ ဖိုးသူတော်နှင့် မယ်သီလများကိုလည်း ရှင်ဘုရင်က ထောက်ပံ့သည်။ စာတတ်ပြီး ထင်ပေါ်နေသော ဖိုးသူတော်များကို ဒိသာပါမောက္ခဘွဲ့ လှူတော်မူ၏။ အိုးအိမ်များ ဆောက်ပေး၏။ မယ်သီလများကိုလည်း ထိုနည်း လှူဒါန်းသည်။

သူအိုသူနာနှင့် သူရူးများကိုလည်း ရှင်ဘုရင်က ပြုစုလေ့ရှိ၏။ သို့သော် မြို့နယ်တိုင်း အနှံ့အပြားမရှိ၊ နေပြည်တော်၌သာ ကွက်ကွက်မျှရှိသည်။ ဘိုးတော်မင်းတရား လက်ထက်၌ ၎င်းတို့ကို အနှိပ်သည် အတတ်၊ ဆေးဝါးကုသခြင်း အတတ်များကို သင်ပေးလေ့ရှိ၏။ မင်းသားကြီးများက ဦးစီးစောင့်ရှောက်ရသည်။

*

မင်းတုန်းမင်း လက်ထက်၌ စုစုပေါင်း အလှူတော်ငွေမှာ ၂၂ ကုဋေနှင့် ၆ သန်း ဖြစ်လေသည်။

## နဂါးမင်းက သာစုခေါ်

၁၂၃၅ ခု နတ်တော်လက ဘောဂဝတီပြည်မှ နဂါးမင်း၏ သံတမန်ဟု ဆိုသူ ပဲခူးမြို့သား မောင်ရဲ (အသက် ၄၀)သည် နေပြည်တော်သို့ ရောက်လာ၏။ မောင်ရဲက တံခါးနီမှ ဝင်ရာတွင် ကျေးကျွန်တို့ ဝင်ထွက်မြဲ မလွယ်ပေါက်မှ မဝင်ဘဲ တံခါးတော်မှသာ ဝင်သဖြင့် ဖမ်းဆီးရာ နဂါးမင်းထံမှလာသူဖြစ်၍ သံတမန် အဆင့်အတန်း၌ ထားရှိရန် တောင်းဆို၏။ ထို့ကြောင့် မောင်ရဲကို ဘုရင်၏ ခွင့်ပြုချက်ဖြင့် တံခါးတော်ကပင် ဝင်စေသည်။

နဂါးမင်း၏ မှာကြားချက်ကို မောင်ရဲက လျှောက်တင်ရာတွင် 'မင်းတုန်းမင်းမြတ်သည် မင်းကျင့်တရားနှင့်အညီ ရဟန်းရှင်လူတို့ကို အုပ်ချုပ်တော်မူလျက် သာသနာတော်ကို အလွန်အကြူး ချီးမြှောက်တော်မူသော မင်းတရားကြီးဖြစ်၍ နဂါးမင်းကိုယ်တိုင် ကျွန်တော်မျိုးခံ လာရောက်လိုသည်။ ရွှေနန်းတော်သို့ မောင်ရဲ ဆိုက်ရောက်သည့် နေ့မှ တစ်လခန့်ကြာလျှင် ရေ့တော်သို့ အဖူးအမြော် ကျင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဝင်မည်။ နဂါးတို့မည်သည် အသရေရှိသော အရပ်၌သာ နေမည်ဖြစ်၍ မင်္ဂလာရှိသော နေရာတွင် ကြာမျိုး ၅ ပါးနှင့် ပြည့်စုံသော ရေကန်ကြီးတစ်ခု ပြုလုပ်ထားစေသင့်ကြောင်း' များ ပါရှိလေသည်။ ဘဝရှင်က ယုံကြည်တော်မူသဖြင့် မန္တလေး တောင်ခြေတွင် ရေကန်သစ်ကြီးတစ်ခု တူးစေ၏။

မောင်ရဲက သူတင်လျှောက်သော နေ့ရက်အချိန်တိုင် ရောက်လျှင် မြေနန်းတော်နှင့် အရှင် မိဖုရားခေါင်ကြီး အဆောင်တော်တွင် ညအချိန်၌ နဂါး အခိုးအငွေ့များ လွှတ်၍ ပြသပါလိမ့်မည် ဆို၏။ သူက သုံးကြိမ်မြောက် တင်လျှောက်ပြီးချိန်တွင် ကြည့်ရှုကြရာ နဂါးအခိုးအရောင် တပြောင်ပြောင် မြင်ရကြောင်းများကို အမိန့်တော်မြတ် ခံကြသည်။ ရေကန်ကို "မောင်ရဲကန်"ဟု ခေါ်တွင်သည်။

*

## [၇] ဆရာမှတ်ကြီး၏ အင်္ဂလိပ်ကျောင်း

[ ဒေါက်တာမတ် (Dr. Marks) ရေးသော "မြန်မာပြည်ဝယ် နှစ်လေးဆယ်"မှ ]

၁၈၅၂ ခု မြန်မာနှင့် အင်္ဂလိပ်တို့ ဒုတိယစစ်ပွဲ ဖြစ်ချိန်တွင် စစ်ရေးမလှသော ပုဂံမင်းကို ညီတော် မင်းတုန်းမင်းက နန်းချကာ အမရပူရနေပြည်တော်ကို သိမ်းပိုက်ခဲ့သည်။ ပုဂံမင်းမှာ အလောင်းဘုရားမင်းဆက်တွင် အဆိုးဆုံး မင်းတစ်ပါး ဖြစ်သကဲ့သို့ မင်းတုန်းမင်းကား ထိုခေတ်တွင် အကောင်းဆုံးသော ဘဝရှင် မြန်မာဘုရင်တစ်ပါး ဖြစ်ပေသည်။

နန်းကျနေောင်တော်ကို မင်းတုန်းမင်းက ကွပ်မျက်သုတ်သင်ခြင်း မပြုဘဲ အိမ်ဖြူတော်နှင့် အသက်ထက်ဆုံး စံနေတော်မူစေသည်။

ကျွန်တော်သည် မင်းတုန်းမင်းနှင့် ဆက်ဆံခွင့် ရရှိခဲ့သူတစ်ဦး ဖြစ်ရာ သူ့ကို အလွန်တရာ ရိုသေလေးမြတ်ခဲ့ဖူးပါသည်။ ကျေးဇူးတင်စရာလည်း များစွာရှိပါသည်။ သူသည် ရှင်ဘုရင် ပီသသော ရုပ်လက္ခဏာနှင့် ပြည့်စုံလျက် ပညာကိုမြတ်နိုးသော သူတော်ကောင်းလည်း ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးရာတို့၌ကား ဉာဏ်အမြော်အမြင် ကျဉ်းမြောင်းသည်ဟု ထင်ပါသည်။

သူသည် ကမ္ဘာပေါ်ရှိ တန်ခိုးကြီးသော မင်းများနှင့် တန်းတူရည်တူ ရှိသူဟု ယူဆ၏။ သွေးထွက်သံယိုမှုများကို ရွံရှာလျက် ကိုယ်ကျင့်တရားကောင်းရေးကို တန်ဖိုးထား၏။ မည်သူနှင့် ဆက်ဆံရာ၌ ဖြစ်စေ သူ့ဘက်က အကျင့်စာရိတ္တ မပျက်အောင် ကိုယ်နှုတ်နှလုံး စောင့်ထိန်းတော်မူပေသည်။

ကလေးသူငယ်များကို သူက ချစ်တတ်၊ ခင်တတ်သဖြင့် ထိုကလေးတို့၏ မေတ္တာတုံ့ပြန်မှုကို ရရှိသူလည်း ဖြစ်၏။ ရယ်စရာ မောစရာ ပြောတတ်၏။ ဟက်ဟက်ပက်ပက်လည်း ရယ်မောတတ်၏။ မိဖုရားလည်း အမြောက်အမြား ရှိသည်။ ကွမ်းကို မပြတ်စားနေခြင်းက လွဲလျှင် သူ့၌ အကောင်းလက္ခဏာများသာ တွေ့ရတတ်၏။

သူ၏ အမြဲတမ်းယုံကြည်ချက်တစ်ခုမှာ ကမ္ဘာ့နိုင်ငံရေး ရှုပ်ထွေးလာလျှင် အင်္ဂလိပ်အစိုးရက သူတို့စစ်တပ်များကို ရုပ်သိမ်းကာ သူတို့သိမ်းပိုက်ထားသော နယ်မြေများကို မြန်မာဘုရင်လက်သို့ ပြန်အပ်ခဲ့လိမ့်မည်ဟု ယူဆပေသည်။ ထို့ကြောင့် အထက်မြန်မာပြည်ကို သူက ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် တရားနှင့်အညီ အုပ်ချုပ်ကြောင်းကို အင်္ဂလိပ်တို့ သိစေလို၏။ အင်္ဂလိပ်တို့၏ သဘောထားကြီးမှုနှင့် ရက်ရောမှုတို့ကို များစွာ မျှော်လင့်အားထားသူ ဖြစ်၏။ ထိုသို့ သူက တစ်ထစ်ချ ယုံကြည်ထားပုံကို ကျွန်တော့်အား တစ်ကြိမ်မက ဖွင့်ဟ ပြောတော်မူဖူး၏။

### ခရစ်ယာန်ကျောင်း အလိုရှိသည်

တစ်ချိန်က ဘုရင်၏သားတော် သုံးဆယ်မင်းသားသည် နန်းတွင်းအရှုပ်အထွေးတစ်ခုကြောင့် ရန်ကုန်မြို့သို့ ရောက်လာခဲ့၏။ ရန်ကုန်မြို့ရှိ မြန်မာပရိသတ်က ထိုမင်းသားကို အထူးလိုလားချစ်ခင်ကြ၍ မြို့ထဲတွင် ကြည့်စရာအကောင်းဆုံး နေရာများကို လိုက်လံ ပြသကြ၏။ ကျွန်တော် စတင်ထူထောင်ခဲ့သော စိန့်ဂျွန်းကောလိပ်သို့ မင်းသားကြွရောက်ရာ စာသင်ခန်း၌ မြန်မာလူငယ်များသည် လူဖြူဘုန်းကြီးနှင့် ချစ်ကြည်စွာ သင်ကြားနေယူနေပုံများကို အထူးသဘောကျသွားလေသည်။ သူသည် ဆာအာသာဖယ်ရာ (အောက်ပြည်မင်းကြီး)နှင့်အတူ မန္တလေးသို့ ပြန်သွားပြီးနောက် ခမည်းတော်နှင့် ပြန်လည် သင့်မြတ်သွား၏။ ရန်ကုန်မြို့၌ တွေ့မြင်ခဲ့ရပုံများကို ဘုရင်သို့ တင်လျှောက်ရာတွင် ကျွန်တော်တို့၏ သာသနာပြုကျောင်း အကြောင်းလည်း ပါရှိ၏။

များမကြာမီ ကျွန်တော့်ထံသို့ ဘုရင်မင်းမြတ်၏ ကုလားဝန် မာန္တတ်ထံမှ ပုရပိုက်တစ်ခု ရောက်ရှိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ဘုန်းကြီးကျောင်း၏ ကောင်းကျိုးဆောင်ရွက်ပုံများ ရေးသားပါရှိလျက် မန္တလေး ရွှေမြို့တော်သစ်တွင် အလားတူ ခရစ်ယာန်ကျောင်းတစ်ခု ဖွင့်လှစ် တည်ထောင်ပေးစေလိုကြောင်း ပါရှိ၏။ ထို့ကြောင့် ၁၈၆၈ ခု ဩဂုတ်လတွင် ကျွန်ုပ်၏ စိန့်ဂျွန်းကောလိပ်မှ အတော်ဆုံးတပည့် ၆ ယောက်နှင့်အတူ မီးသင်္ဘောနှင့် မန္တလေးသို့ ထွက်ခဲ့၏။

နေပြည်တော်သို့ ရောက်ရှိပြီးနောက် နန်းတော်သို့ လှည်းနှင့် သွားခဲ့ကြသည်။ မသက်မသာ ထိုနွားလှည်းစီးကြရာတွင် ပေါင်းမိုးအောက်မှ ဝါးကြမ်းခင်းသည် လှည်းဦးဘက်သို့ နိမ့်လျှောနေ၏။ ထို့ကြောင့် ကျွန်ုပ်မှာ နွားအမြီးဆီသို့ မကြာခဏ လျှောကျရသည်။ ပျဉ်ပြားထုထုကြီးများဖြင့် ပြုလုပ်သော လှည်းဘီးတို့မှာလည်း ဆောင့်လွန်း၍ ၎င်းတို့မှာ အဝိုင်း မဟုတ်ဘဲ လေးထောင့်များ ဖြစ်လေသလောဟူ၍ မှတ်ထင်ဖွယ် ရှိတော့၏။

မြို့ရိုး အပြင်ဘက်တွင် လမ်းများ အလွန်ဆိုး၏။ နန်းမြို့ရိုးအတွင်း ရောက်မှပင် အတော် အဆင်ပြေ၏။ ကိုယ်လက်များ နာကျင်နေ၍ အနိုပ်ခံချင်တော့သည်။ နန်းတွင်း၌ကား ကျွန်တော်တို့ လှည်းပေါ်မှဆင်း၍ ခြေကျင်လျှောက်ကြ၏။ ထီးဆောင်းခွင့် မရပါ။ ကျွန်တော် တစ်ဦးတည်းသာလျှင် ဘုန်းကြီးဖြစ်၍ တပည့်များက ဆန်ကောတစ်ချပ်နှင့် မိုးပေး၍ နေပူလောင်ခြင်းမှ သက်သာရာ ရခဲ့လေသည်။

နန်းတော်၏ စမုတ်လှေကားမှ ဖိနပ်ချွတ်ကာ မှန်နန်းဆောင်သို့ ကျွန်တော်တို့ တက်သွားကြ၏။ မှန်နန်းဆောင် ဆိုသည့်အတိုင်း တကယ်ပင် မှန်ချပ်ကြီးများ တပ်ဆင် ကာရံထားသော အဆောင်ကြီးဖြစ်သည်။ လုံးပတ်ထွားကျိုင်းသော ကျွန်းတိုင်ကြီးများကို ဟင်္သပဒါးနှင့် ရွှေများဖြင့် ထည်ဝါစွာ အကွက်ဖော်ထားသည်။ ကြမ်းပြင်တစ်ခုလုံး အဖိုးတန် ကော်ဇောတို့ဖြင့် ခန်းလုံးပြည့် ခင်းကျင်းထား၏။

စောစောရောက်ရှိနေသော ဝန်ကြီးများကို ကျွန်တော် နှုတ်ခွန်းဆက်ရ၏။ ဝန်ကြီးများကို ပုရပိုက်ကိုယ်စီ ဆောင်သော အတွင်းဝန်၊ စာရေးတော်ကြီးတို့ ခြွေရံလျက် ရှိ၏။ ဝန်ကြီးများသည် ဖော့လုံးခေါင်းပေါင်းနှင့်၊ ပိတ်ဖြူသိုရင်းအင်္ကျီနှင့် ဝတ်လုံရှည်ကြီးများကို ဖားလျား ဆင်မြန်းထား၏။

## ထွက်တော်မူသည်

ပြောရင်းဆိုရင်းပင် "ထွက်တော်မူသည်"ဟူသောစကားကို အချင်းချင်း တီးတိုးပြောကြ၏။ ပရိသတ်အားလုံး ကိုယ့်နေရာကို ရာထူးအဆင့် အဆင့်အတန်းလိုက် ယူကြရ၏။ ရှေ့နောက်တန်းစီကာ ဝပ်တွားနေကြသည်။ ကျွန်တော်အား သလွန်တော်၏ လက်ဝဲဘက်တွင် နေရာချထား၏။ ထိုင်ရာ၌ ခြေဖဝါးများ ပေါ်မနေစေရပေ။ ထိုင်နေကျ မဟုတ်၍ အလွန်ညောင်းညာ ကြွက်တက်စရာ ဖြစ်၏။

အဆောင်တော်တံခါးများ ရှေ့ဆင့်နောက်ဆင့် ပွင့်လာ၏။ ခပ်လှမ်းလှမ်း၌ တစ်ပါးတည်း ဣန္ဒြေ တည်တံ့စွာ ကြွလာသူကား မင်းတုန်းမင်းပင် ဖြစ်၏။ ရုပ်ရည်ခံ့ခံ့၊ အရပ်မြင့်လျက် တကယ်ပင် မြန်မာပီသသူ ဖြစ်၏။ အသက် ၅၂ နှစ်ခန့် ရှိ၏။ မျက်နှာမှာလည်း တည်ငြိမ် ကြည်လင်ပေသည်။ သူသည် ညောင်စောင်းပေါ်၌ မှီအုံးကို အသာမှီရင်း ထိုင်တော်မူလေသည်။

ရှင်ဘုရင်က နေရာတော်ယူပြီးနောက် မင်းညီ မင်းသားများလည်း တောက်ပြောင်သော တန်ဆာပလာတို့ဖြင့် အနိမ့်ဘက်တံခါးမှ ဝင်လာကြကာ ကျွန်ုပ်၏ အနီးတစ်ဝိုက်၌ပင် နေရာယူ ခစားကြ၏။ မင်းသားတစ်ပါးက ဘုရင့်ရှေ့တော်တွင် လေးဖက်ထောက် တွားသွားကာ ရွှေကွမ်းအစ်၊ ရွှေထွေးခံ စသော အသုံးအဆောင်တို့ကို သလွန်ရှေ့၌ ချထား၏။

## ထွေးခံလော၊ ပန်းအိုးလော

ထိုအချိန်၌ ကျွန်တော် သတိရမိသည်ကား တစ်ခါက ရွှေထွေးခံ တစ်လုံးကို မင်းတုန်းမင်းက အင်္ဂလန်ပြည် ဝိတိုရိယ ဘုရင်မကြီးထံသို့ ပဏ္ဏာတော် ပေးပို့ခဲ့သည်။ ဘုရင်မကြီးက ပြန်ကြားစာတွင် "မြန်မာမင်းမြတ် ပေးပို့လိုက်သော ရွှေပန်းအိုးကို ကောင်းစွာ ရရှိသဖြင့် ကျေးဇူးတင်လှပါသည်"ဟု ပါရှိခဲ့လေသည်။ မြန်မာ၏ထွေးခံကို အင်္ဂလိပ်က ပန်းအိုးဟု မှတ်ထင်ခြင်း ဖြစ်လေသည်။

ဘုရင်က မှန်ပြောင်းတစ်ခုကို ကောက်ယူကာ ရှေ့တော်ရှိ ပရိသတ်ကို ရှုစားတော်မူ၏။ ကျွန်တော်တို့ဘက်သို့ မှန်ပြောင်းလှည့်လာသောအခါ ကျွန်တော်နှင့်အတူ ပါလာသော မြန်မာကျောင်းသား သူငယ် ၆ ဦးတို့က ဘုရင့်သို့ လျှောက်တင်ရန် စပ်ဆိုထားသောစာကို သံပြိုင် ရွတ်ဆိုကြလေသည်။ ထိုလျှောက်တင်ချက်၌ (၁) ဘုရင်မင်းမြတ် အမိန့်တော်အတိုင်း ရန်ကုန်မြို့မှ လာရောက်ခဲ့ပါသည်။ (၂) ယခုအခါ ရွှေဖဝါးတော်အောက်သို့ ရောက်ပြီဖြစ်၍ အမိန့်တော်ကို ဆက်လက်နာခံရန် အသင့်ရှိနေကြပါပြီ ဟူ၍ဖြစ်

www.burmeseclassic.com



၏။ နောက်ဆုံး၌ ထုံးစံအတိုင်း "ဦးတင်ပါသည် ဘုရား" ဟူ၍ အဆုံးသတ်၏။

ဘုရင်က နှစ်လိုဖွယ်ရာ အသံဖြင့် ဖြေကြားတော်မူရာတွင် (၁) လမ်းခရီး သာယာပါ၏လော၊ (၂) အင်္ဂလိပ်သံတမ်း၌ တည်းခိုရာတွင် ပျော်ရွှင်ကောင်းမွန်ပါ၏လော၊ (၃) အဘယ်သို့သော ဆန္ဒလိုလားချက်များ ရှိသနည်း၊ (၄) တောင်းဆိုခြင်း မပြုမီပင် စေတနာတော်အလျောက် ပေးတော်မူလျက် တရားဟောသူအား လည်းကောင်း၊ ခရစ်ယာန် လုပ်ချင်သူကို လည်းကောင်း နှောင့်ယှက်တားမြစ်ခြင်း မရှိစေရဟု မိန့်တော်မူ၏။

(၅) မန္တလေးမြို့တော်တွင် ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ခု ဆောက်လုပ်လိုကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့က အဆောက်အအုံပုံစံ ပေးလျှင် ကုန်ကျငွေ အရပ်ရပ်ကို မြန်မာဘုရင်က တာဝန်ခံယူ ဆောက်လုပ်ပေးမည်ဟု မိန့်ဆို၏။

ကျွန်ုပ်က ထိုဗိမာန်အတွက် အင်္ဂလန်ပြည်ရှိ ခရစ်ယာန် ဘာသာရေး ရန်ပုံငွေတို့နှင့် ပြီးမြောက်နိုင်ပါကြောင်း လျှောက်ထားရာတွင် မင်းတုန်းမင်းက 'ငါက မင်းပဲ၊ ငါ၏ ကုသိုလ်ကောင်းမှုအတွက် ဘယ်သူ့ အကူအညီမျှ မလိုပါဘူး'ဟု မာနသံဖြင့် မိန့်တော်မူသည်။

သို့လျှင် ဘုရင်ကပင် ဘုရားရှိခိုးကျောင်းနှင့် စာသင်ကျောင်း ဆောက်လုပ်ရေးတို့ကို အားလုံး တာဝန်ခံယူပါသည်။ ဤသို့သော သဒ္ဓါရက်ရောမှုကို ဝိတိုရိယ ဘုရင်မကြီး ကြားသိရာတွင် အရောင်မျိုးစုံပါရှိသော ကျောက်သား ရေအင်တုံတစ်ခုကို လက်ဆောင်တော် ပေးပို့လိုက်၏။ ထိုတစ်ခုတည်းကိုသာလျှင် မင်းတုန်းမင်းက ခရစ်ယာန်တို့အား ကူညီမှုအတွက် လက်ဆောင်ပြန်အဖြစ် လက်ခံတော်မူသည်။

ဝိတိုရိယ ဘုရင်မကြီးနှင့် ပတ်သက်၍ စကားစပ်စဉ် အခြား အကြောင်းတစ်ခုကိုလည်း ပြောပြလိုပါသည်။ ထိုအချက်မှာ မန္တလေး၌ ခရစ်ယာန်ကျောင်း ဆောက်လုပ်ပြီးစီးချိန်၌ ဖြစ်ပေါ်ခဲ့သည်။ ကျောင်းဖွင့်ပြီး များမကြာမီ ဝိတိုရိယ ဘုရင်မကြီး၏ မွေးနေ့နှင့် ကြုံကြိုက်သဖြင့် ကျောင်းတစ်ရက် ပိတ်ပေးခဲ့ပါသည်။

သားတော်များ ကျောင်းမတက်ဘဲ နန်းတော်တွင်း၌ ရှိနေကြသည်ကို မြင်သောအခါ ကျွန်ုပ်ကို ခေါ်ယူကာ အဘယ်ကြောင့် ကျောင်းပိတ်သနည်းဟု အမေးတော် ရှိပါသည်။ အင်္ဂလိပ်ဘုရင်မကြီး၏ မွေးနေ့ဖြစ်၍ အင်္ဂလိပ်ကျောင်း မှန်သမျှ အားလုံး ထိုနေ့ (မေလ ၂၄)ကို ကျောင်းပိတ်ရက် အဖြစ် သတ်မှတ်ထားပါသည်ဟု လျှောက်တင်လိုက်သည်။

မင်းတရားကြီးက ခေတ္တစဉ်းစားဟန် ပြုကာ 'ဒါဖြင့် ဘာကြောင့် ငါ့မွေးနေ့ကို ကျောင်းပိတ်ရက် လုပ်မပေးသလဲ'ဟု မေးတော်မူသည်။ ကျွန်ုပ်က 'အရှင်၏ မွေးနေ့ကို မသိရလို့ပါ။ သိရလျှင် ကျောင်းပိတ်ရက်လုပ်ပေးဖို့ အသင့်ရှိပါသည်'။ ထိုအခါ မင်းတုန်းမင်းက 'ငါ့မွေးနေ့က အင်္ဂါနေ့ ကွယ့်၊ အင်္ဂါနေ့တိုင်းပါပဲ'ဟု မိန့်တော်မူပါသည်။

*

ဘုရင် ။ ။ ကျောင်းဆောက်ပြီးလျှင် မင်းညီမင်းသားများကို အင်္ဂလိပ်စာ သင်ပေးမည်လား။

ကျွန်တော်။ ။ မုချပင် သင်ပေးနိုင်ပါမည်။

ဘုရင် ။ ။ အသက်အရွယ် ဘယ်လောက်ရှိတဲ့ မင်းသားများကို ပို့ပေးရမည်လဲ။

ကျွန်တော်။ ။ အသက် ၁၂ နှစ်နှင့် ၁၄ နှစ် အရွယ်ရှိ မင်းသားငယ်နှင့်သာ သင့်လျော်ပါသည်။

ဘုရင် ။ ။ (တစ်ဖက်သို့ လှည့်တော်မူ၍) ဟဲ့ .... အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အတွင်း သားတော် အားလုံး ခေါ်ခဲ့စမ်း။

မကြာမီ ရှေ့တော်သို့ ထိုမင်းသားငယ်များ ရောက်လာကြပါသည်။ ကျွန်တော်က သားတော် သမီးတော် မည်မျှရှိသည်ကို မေးလျှောက်ရာ မင်းတရားကြီးက အဖြေမပေးဘဲ အားရပါးရ ရယ်မောပါသည်။ သူ့မှာ သားတော် သမီးတော် ပေါင်း ၁၁၀ တိတိ ရှိသည်ဟု သိရပါသည်။

ဘုရင်၏ အမိန့်တော်အတိုင်း နောက်နေ့တွင် နန်းတော်သို့ သွားကြရာတွင် အင်္ဂလိပ်သံမှူး စလေဒင် အတူပါလာသည်။ စလေဒင်မှာ ရာထူးကြီးသော်လည်း ကျွန်တော်တို့၏ အဖော်အဖြစ် ပါလာခြင်းဖြစ်၍ သူ့အဖို့ ဂုဏ်ငယ်သလို ရှိ၏။ ထိုအချိန်က ကျွန်တော်နှင့်အတူပါသော တပည့်တို့မှာ နောင်အခါ ကောင်းစားကြသည်သာ များပါသည်။ (၁) မောင်ကြီး–ကုန်သည်၊ (၂) မောင်ဘတူ–အရေးပိုင်၊ (၃) မောင်ဘအုန်း–ဝတ်လုံတော်ရ၊ (၄) မောင်စံလှ–ကျောင်းဆရာ၊ (၅) မောင်ဘိုးမင်း [ကွယ်လွန်]တို့ ဖြစ်ပါသည်။

ထိုနေ့၌ ရှင်ဘုရင်သည် မင်းမြောက်ဘန်ဆာ



www.burmeseclassic.com

www.burmeseclassic.com



အပြည့်အစုံ ဆင်မြန်းလျက် ရာဇပလ္လင်ထက်တွင် စံနေပါသည်။ မိဖုရားများနှင့် မင်းသမီးများ ခြံရံလျက် ယမန်နေ့ကထက် ပိုမိုတင့်တယ် သိုက်မြိုက်ပါသည်။

ကျွန်ုပ်၏ တပည့်များ၏ အကြောင်းကို တစ်ဦးစီ မေးမြန်းတော်မူသည်။ ဘာသာရေးနှင့် ပတ်သက်၍ ဆုံးမစကား မြွက်ကြားပါသည်။

ဘုရင် ။ ။ လူတွေဟာ မိမိ ဘာသာတရားကို မိမိနည်းနှင့် မိမိ ကိုးကွယ်ဆည်းကပ်နေကြသည်ကို ငါ့အနေနဲ့ လိုလားပါတယ်။ မူဆလင်များ၊ ဟိန္ဒူများ၊ ခရစ်ယာန်များကို ငါက ဗုဒ္ဓဘာသာ ဝင်ကြပါလားဟု ဘယ်သောအခါမျှ မတိုက်တွန်းခဲ့ပါ။ လွတ်လပ်စွာ ကိုးကွယ်ခြင်းကို သည်းခံတတ်ပါတယ်။ သို့သော် လူငယ်များဟာ မိမိအယူဝါဒကို အလွယ်တကူ ပစ်ပယ်ပြောင်းလဲခြင်း မပြုသင့်ဘူး။ ဘိုးဘွားက ဆင်းသက် ကိုးကွယ်လာသော ဘာသာကို မဆင်မခြင် အရမ်းမဲ့ မပြစ်မှားသင့်ပေဘူး။ ရတနာ ၃ ပါးကို မမေ့ကြနှင့်။

ကျွန်တော် ။ ။ (ကြားဝင်ကာ) အခြား ဘာသာတရားများမှာ ပါရှိတဲ့ တရားထူး တရားမြတ်များကိုလည်း လေ့လာသင့်ကြောင်းပါ။

ဘုရင် ။ ။ အို.... ဘုန်းတော်ကြီးကလည်း အဲဒီအချက်ကို သင်နှင့် ကျွန်ုပ်တို့ နှစ်ယောက်ထဲ ဆွေးနွေးတာပေါ့။

ကျွန်တော် ။ ။ လူတို့တွင် အမွန်မြတ်ဆုံးသော တရားမှုများကို ဘုရင်မင်းမြတ်နှင့် ဆွေးနွေးခွင့်ရလျှင် အထူး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါမည်။

ဘုရင် ။ ။ ဘုန်းတော်ကြီးနှင့်တပည့်များ ဟိုဟိုသည်သည် သွားလာလည်ပတ်ချင်လျှင် ကျွန်ုပ်ပိုင် မြန်မာသင်္ဘောများကို ဧရာဝတီတစ်လျှောက်မှာ ကြိုက်သလို စီးနင်းသွားလာကြပါ။ အခမဲ့ လက်မှတ်ထုတ်ပေးပါမည်။

ထိုသို့ နှစ်လို့ဖွယ်ရာစကားများ မိန့်ကြားပြီးနောက် ကျွန်ုပ်က ဘုရင်သို့ မှန်ပြောင်းတစ်လက် ဆက်သလိုက်ပါသည်။ တပည့်ငယ်များကလည်း မင်းသားငယ်များသို့ ကစားစရာ အင်္ဂလိပ်ပစ္စည်းများ လက်ဆောင်ပေးကြပါသည်။ တပည့်များအား ဘုရင်က ပုဆိုး ၂ ထည်စီ ဆုချပါသည်။

မိဖုရားခေါင်ကြီးအတွက် ရန်ကုန်မြို့ရှိ မစ္စက်ကွတ်၏ ကျောင်းသူများက ဆက်သလိုက်သော ဇာထိုးအပ်များ၊ ဇာချည်လုံးများ ပါရှိသော သေတ္တာတစ်ခုကိုလည်း တင်ဆက်လိုက်ပါသည်။ ထိုသေတ္တာထဲမှ ပစ္စည်းများကို ဘုရင်မင်းမြတ်က ကိုင်တွယ် စမ်းသပ်ကြည့်ပါသည်။ ထူးဆန်းဟန် ရှိပါသည်။ နောက်တော်ပါးရှိ အပျိုတော်များထံသို့ ထိုပစ္စည်းများကို ဘုရင်က ပစ်ပေးလိုက်ရာ အမျိုးသမီးတို့က များစွာ ကျေနပ် ဝမ်းမြောက်သွားကြလေသည်။

ထို့နောက် ကျွန်ုပ်တို့အား အခြားအခန်းတစ်ခုသို့ ခေါ်ဆောင်ကာ နံနက်စာကို အင်္ဂလိပ်ပုံစံအတိုင်း တည်ခင်းကျွေးမွေးပါသည်။ စားပွဲထိုင်ကြသောအခါ ကျွန်ုပ်၏ မြန်မာတပည့်များက လက်နှင့်မစားဘဲ ဇွန်း၊ ခက်ရင်းတို့ဖြင့် စနစ်တကျ စားသောက်ကြလေသည်။ မြန်မာ စားပွဲထိုးများက သူတို့ကိုကြည့်ကာ အံ့သြနေကြလေသည်။

ထိုသို့ စားသောက်နေကြစဉ် တပည့်များသည် ရုတ်တရက် ကုလားထိုင်မှဆင်းကာ ကြမ်းပေါ်တွင် ထိုင်ချလိုက်ကြလေသည်။ အကြောင်း အဘယ်သို့နည်းဟု ကျွန်တော်က မော့ကြည့်ရာ အသက် ၁၇ နှစ်ခန့် မင်းသားတစ်ပါး ဝင်လာသည်ကို တွေ့ရသည်။ ထိုမင်းသားမှာ ကျွန်ုပ်တို့ စားပွဲတည်ရာတွင် နေရာတကျ ပြည့်စုံလုံလောက်မှု ရှိ မရှိကို ဘုရင်က ကြည့်ရန် စေလွှတ်လိုက်သောကြောင့် လာရောက်ခြင်း ဖြစ်လေသည်။

နောက်နေ့တွင် စာသင်ကျောင်း ပုံစံများကို နန်းတော်သို့ သွား၍ ပြကြပါသည်။ အဆောက်အအုံဌာနဝန်ကြီးကို ရှေ့တော်သို့ခေါ်၍ အလုပ်ကို ချက်ချင်း စတင်ဆောက်လုပ်ရန် မိန့်ဆိုပါသည်။ မြန်မာဘုန်းကြီးကျောင်းသာလျှင် ဘုံ ၃ ဆင့် ဆောက်လုပ်ခွင့်ရှိ၍ အင်္ဂလိပ်ကျောင်းအမိုးကို ထိုသို့ မဆောက်ရဟု မိန့်ဆိုပါသည်။ ကျွန်တော်၏ နေအိမ်အတွက်မူ ပိုမိုထည်ဝါ ခံ့ညားအောင်ပင် ဆောက်လုပ်စေသည်။ ကျောင်းအတွက် ပရိဘောဂဝယ်ရန် ပေါင် ၁၀၀ ချီးမြှင့်ပါ၏။

ထိုနေ့ကလည်း ရှင်ဘုရင်က ကျွန်တော် မွေးစားသော တပည့်မောင်စံလှအား မိဘရိုးရာ ဗုဒ္ဓဘာသာကို မမေ့ရန် သွန်သင်နေပါသည်။

ကျွန်တော် ။ ။ ခရစ်ယာန် အယူဝါဒမှာ ထာဝရဘုရားသခင်ကိုသာ ကိုးကွယ်ရန် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင် ။ ။ ငါ့ကို သင်တို့ဘာသာရဲ့ရန်သူလို့ မထင်နဲ့နော်။ မိတ်ဆွေစိတ်ရှိလို့ သင့်ကို ရွှေမြို့တော်သို့ ဖိတ်ခေါ်တာပါ။ အကယ်၍ လူငယ်တွေကို သင်က ပြသပေးလို့ သူတို့သဘောနှင့် သူတို့ ယုံကြည်ရင်လည်း ငါက လုံးဝ ခွင့်ပြုပါတယ်။ ငါ့သားတော်များပင် ဖြစ်စေ၊ သူတို့ ခရစ်ယာန် လုပ်ချင်ပါတယ်ဆိုရင် ငါက အလုပ်ခိုင်းမှာပဲ။ ငါကိုယ်တော်မြတ်က စိတ်အနှောင့်အယှက် ရှိမည် မဟုတ်ဘူး။

ကျွန်တော်။ ။ စိတ်ထား မြင့်မြတ်တော်မူပါပေသည်။

ဘုရင် ။ ။ သင်တို့သာသနာတွင် မယ်သီလရှင်များ ရှိသလော။ အင်္ဂလိပ်အမျိုးသမီးများ မန္တလေးသို့ လာရောက်နိုင်လျှင် အသုံးဝင်မည် ထင်သည်။ သူတို့အတွက် လိုအပ်သော အကူအညီများ ပေးသနားပါမည်။

ကျွန်တော်။ ။ ကိစ္စအမျိုးမျိုးကို တစ်ပြိုင်နက် လုပ်သင့်သည် မထင်ပါ။

ဘုရင် ။ ။ ငါ့သမီးတော်များကို သင်ကြားပို့ချရန် ကျောင်းဆရာမများလည်း လိုအပ်သည် မဟုတ်ပါလား။

ကျွန်တော်။ ။ ဤသို့ဆိုလျှင်လည်း ထည့်သွင်း စဉ်းစားနိုင်ပါသည်။

ဘုရင် ။ ။ အဲ.... ငါက စာသင်ကျောင်းတွေ၊ ဘုရားရှိခိုးကျောင်းတွေ ဆောက်လုပ် ပေးပြီးခါမှ အင်္ဂလိပ် ဘုန်းတော်ကြီးတွေ ပေါ်မလာဘဲ ကလေးတွေလည်း စာသင်ခွင့်မရ ဖြစ်မှာ စိုးရိမ်မိတယ်။ အဲသလိုဖြစ်ရင် တိုင်းသူပြည်သားများက ငါ့ကို အရူးလို့ မှတ်ထင်ကြတော့မှာပဲ။

ကျွန်တော်။ ။ ဘုရင်မင်းမြတ် စိတ်မချမ်းသာမှု မဖြစ်စေရန် အဘက်ဘက်မှ ပြည့်စုံအောင် ဆောင်ရွက်ပါမည်။

ဘုရင် ။ ။ အင်္ဂလိပ်စာ သင်ကြားရာမှာ ကျောင်းသုံးစာအုပ်များ လိုအပ်လာပြန်တယ်။ စာသင်သားများ ဗဟုသုတ ပြည့်စုံအောင် အင်္ဂလိပ်စွယ်စုံကျမ်း (Encyclopaedia Brittanica)ကို မြန်မာဘာသာ ပြန်ဆိုလျှင် အင်မတန် သင့်လျော်မယ်။ အဲဒီကိစ္စကိုလည်း အမြန်လုပ်ချင်တယ်။ ရန်ကုန်မှာ စာတတ်ပုဂ္ဂိုလ် ၅၀ လောက် လာရောက်လုပ်ကိုင်စေလိုတယ်။ ယခု ဘုန်းတော်ကြီးနှင့်အတူ ပါလာသူ တပည့်များအထဲမှ ၂ ယောက်လောက် နေပြည်တော်မှာ နေခဲ့နိုင်ရင် ကောင်းမယ်။

ကျွန်တော်။ ။ တပည့်များမှာ ငယ်ရွယ်သေး၍ ကျွန်ုပ်နှင့်ခွဲ၍ နေရစ်ချင်သူ မရှိပါ။

*

၁၈၆၉ ခု နွေလ ၇ ရက်နေ့၌ မန္တလေးမြို့တော်သို့ ကျွန်တော် ပြန်လည်ရောက်ရှိချိန်၌ ကျောင်းအဆောက်အအုံများ အားလုံး ပြီးစီးနေချေပြီ။ ကျွန်တော်လည်း သံရုံးမှ ဘုရင့်ကျောင်းအုပ်ကြီး၏ သီးခြားအိမ်ကြီးသို့ ပြောင်းရွှေ့နေထိုင်ပါသည်။

ရှင်ဘုရင်၏ မေတ္တာ စေတနာမှာ ကြီးမားလှပေသည်။ ကျွန်ုပ်နှင့် အကြိမ်ကြိမ် ဆုံတွေ့၏။ အခမ်းအနားတစ်ခုတွင် သူ၏ သားတော်များကို ဝတ်ကောင်းစားလှဆင်ယင်စေလျက် ရှေ့တော်၌ ပုဆစ်တုပ် ခစားစေ၏။ ထို့နောက် ကျွန်တော့်ဘက်သို့ လှည့်တော်မူကာ 'သင်းတို့ကို ကျွန်ုပ်က ဤယနေ့မှစ၍ သင့်ထံ အပ်နှံလိုက်ပြီ'ဟု မိန့်တော်မူ၏။

မင်းသားများမှာ ၉ ပါးဖြစ်၍ တာဝန်ကြီးမားလွန်းသဖြင့် ၄ ပါးမျှသာ စတင် သင်ကြားလိုသေးကြောင်း အရဲစွန့်ကာ လျှောက်ထားလိုက်ပါသည်။ ရှင်ဘုရင်က သဘောတူညီတော်မူ၏။ သို့နှင့် (၁) ရွှေကူ၊ (၂) မင်းတုန်း၊ (၃) သီပေါနှင့် (၄) သာဂရ မင်းသား ၄ ပါးတို့သည် တနင်္လာနေ့မှ စ၍ ကျောင်းတက်ကြသည်။

ထိုနေ့နံနက်က တပည့်တစ်ယောက်သည် ကျွန်ုပ်ထံ ပြေးလာပြီး 'မင်းသားတွေ လာနေပြီ ဆရာ'ဟု ပြောပါသည်။ ကျွန်ုပ်က လှမ်းကြည့်လိုက်ရာ ဆင်တော် ၄ စီးတွင် ရွှေထီးများ မိုးလျက် နောက်တော်ပါ လူ ၄၀ ခန့် ခြံရံကာ မင်းသား ၄ ပါး ကြွလာနေကြသည်။ ကျွန်ုပ်၏ တံခါးဝတွင် ဆင်များ ဒူးထောက်ကာ မင်းသားများ ဆင်းသက်ကြသည်။ မင်းသားများကို ကျောင်းခန်းရှိရာသို့ ကျွန်ုပ်က ခေါ်ဆောင်သွားသည်။ မင်းသားများ ဝင်လာသည်နှင့် တစ်ပြိုင်နက် အခြားသော အရပ်သား ကျောင်းသားလူငယ် ၂၅ ဦးတို့က နေရာမှထ၍ ကြမ်းပြင်သို့ သက်ဆင်း ဝပ်တွားနေကြပါသည်။ မြန်မာတို့ ဓလေ့ထုံးစံအတိုင်း မည်သူမျှ မင်းသားရှေ့တွင် ရပ်နေခြင်း၊ ထိုင်နေခြင်း မပြုဝံ့ကြကုန်။

ကျွန်ုပ်က 'ကျောင်းသားများ နေရာမှာ ပြန်ထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ မင်းသားများ ယခုရောက်လာခြင်းမှာ ဘုရင့်သားတော်များ မဟုတ်၊ ကျောင်းသားအဖြစ် စာသင်ရန် လာရောက်ခြင်းပါ’ဟု ပြောရပါသည်။ သို့ရာတွင် ထိုစကားကို ကျွန်ုပ်က သုံးလေးခါ ဆက်၍ပြောသော်လည်း အကြောင်းမထူးပါ။ မည်သူမျှ နေရာက မရွေ့ရှားကြပါ။

ထိုအခါ ကျွန်တော်သည် ရှေ့သို့ထွက်ပြီး ဝပ်နေသော ကျောင်းသားတစ်ဦးကို ဆွဲထူလိုက်ပါသည်။ အလွန်ကြောက်ရွံ့နေဟန်ရှိသော ထိုကျောင်းသားကို မတ်တတ်ရပ်ခိုင်းပါသည်။ ထို့နောက် သူ့ကိုပင် အခြားကျောင်းသားတစ်ဦးကို ဆွဲထူရန် လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် သူသည် မသွားဘဲ ကြမ်းပြင်ပေါ်၌ပင် ပြန်၍ ဝပ်နေပြန်ချေတော့သည်။

အခြေအနေ ပိုဆိုးသကဲ့သို့ ရှိသည်မှာ အမှန်ပင်။ ဤအတိုင်းသာဆိုလျှင် တပည့်များကို ပညာသင်ကြားပေးရန်မှာ ဖြစ်နိုင်စရာအကြောင်း မရှိတော့ပေ။ ကျွန်ုပ်အဖို့များစွာ အကြံအိုက်နေ၏။ မင်းသားများဘက်သို့ လှည့်၍ကြည့်လိုက်ရာ သူတို့မှာ ရယ်မောနေကြသည်ကို တွေ့ရ၏။ ထို့ကြောင့် သူတို့အား ‘ကျေးဇူးပြု၍ ဤကလေးများ ဤသို့ဖြစ်နေရာမှ ထပြီး ကိုယ့်အလုပ် ကိုယ်လုပ်ကြဖို့ ပြောပေးပါ’ဟု တောင်းပန်ရတော့သည်။

ထိုအခါ အကြီးဆုံးဖြစ်သော ရွှေကူမင်းသားက ‘အို မောင်မင်းတို့၊ ငါတို့ကို မင်းတို့ ကြောက်မနေကြနှင့်၊ ငါတို့လည်း မင်းတို့လို ကျောင်းသားတွေပါ၊ ထကြ၊ ငါတို့ ဒီမှာ မရှိတုန်းကလိုပဲ ဆက်လုပ်ကြ’ဟု ပြောလိုက်သောအခါကျမှ

**ခရစ်ယာန်သာသနာပြု ကျောင်းအုပ်ကြီး ဒေါက်တာမတ်နှင့် တပည့်များ။**



သာလျှင် ကျောင်းသားများ တစ်ယောက်ပြီး တစ်ယောက် မိမိ၏ ခုံရှိရာသို့ ရိုသေကိုင်းညွတ်စွာ ထ လာကြပါတော့သည်။ ဤသို့ ကျင့်သားမရမီ တစ်ရက် နှစ်ရက်ခန့်၌ကား ဆရာရော တပည့်ပါ ကျောင်းလုပ်ငန်းတွင် အတော် အခက်အခဲ ကြုံတွေ့ခဲ့ကြရပါသည်။ မကြာမီ အားလုံး နေရာကျသွားပါသည်။

ဤ မင်းသားကလေးများလောက် သိမ်မွေ့ခြင်း၊ တတ်သိလွယ်ခြင်း၊ လိမ္မာယဉ်ကျေးခြင်းတို့နှင့် ပြည့်စုံသော တပည့်မျိုး ဘယ်အခါကမျှ ကျွန်တော် မတွေ့ခဲ့ရဖူးပါ။ ထို့ကြောင့် မင်းသား ၉ ပါးစလုံး ကျောင်းတက်နိုင်ပါကြောင်း ဘုရင့်ထံ လျှောက်တင်ရပေသည်။ သူတို့အားလုံး ကျောင်းတက်လာကြသောအခါ ဆပ်ကပ်ပွဲတစ်ခု လှည့်လာသည်နှင့် တူ၏။ အလွန် ဝမ်းသာစရာ ရှုခင်းတစ်ခုပါပေ။

မင်းသားများကို ပညာပေးရာ၌ အခွင့်ထူး မပါရှိစေဘဲ အခြားကျောင်းသားများနှင့် တစ်ပြေးတည်း သင်ကြားပေးရန် ဘုရင်က လိုလားတော်မူသည်။ ခရစ်ယာန် သင်ခန်းစာကိုပင် သင်ကြားပေးရမည်။ သို့မှ သူတို့ အရွယ်ရောက်သောအခါ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် အယူဝါဒတို့ကို နှိုင်းယှဉ် ဝေဖန်တတ်မည်ဟု မိန့်တော်မူပါသည်။

ကျွန်ုပ်၏ကျောင်းစည်းကမ်းမှာ နံနက်ကျောင်းတက်လျှင် ဘုရားကို ချီးကျူးသောသီချင်းများ သံပြိုင်ဆိုခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းတို့ကို ဦးစွာပြုပါသည်။ ထို့နောက်မှ အခြားသော ကျောင်းစာ သင်ရိုးသင်တန်းများကို သင်ကြား ပြသပါသည်။ မင်းတုန်းမင်းက ခရစ်ယာန် သင်ခန်းစာများ၌ အလွန် စိတ်ဝင်စားတော်မူ၍ သားတော်များ လေ့လာခဲ့သမျှကို နေ့စဉ် မေးမြန်းတော်မူသည်ဆို၏။

အားကစားနှင့် ပတ်သက်၍ ကရိကတ် (Cricket) ခေါ် အင်္ဂလိပ်တို့၏ ဘောလုံးရိုက်ပွဲကို ကြာသပတေးနှင့် စနေနေ့တိုင်း ကျင်းပရာ မင်းသားငယ်များ စိတ်အားထက်သန်စွာ ကျွန်ုပ်တို့နှင့်အတူ ပါဝင် ကစားကြသည်။

ကျောင်းတက်ကြသော နန်းတွင်းသားတို့တွင် “လက်ဖက်ရည်တော်ကိုင်”ခေါ်သော မှူးသားမတ်သားများလည်း ပါဝင်၏။ သူတို့ကား အရာရှိကြီးတို့၏ သားသမီးအဖြစ် ဘုရင်ကို အနီးကပ် ပြုစုနေထိုင်ခွင့် ရှိကြ၏။ သူတို့သည် အဝါရောင်ပိုးထီး ဆောင်းခွင့်ရှိ၏။ ကျောင်းတက်ရာတွင် တစ်ဦးလျှင် အခြွေအရံ တစ်ဒါဇင်ခန့် ခေါ်ဆောင်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ အများအားဖြင့် အသက် ၂၀ ကျော် အိမ်ထောင်သည်များ ဖြစ်သည်။

တစ်ချိန်တွင် ကျောင်းသားကြီး တစ်ဦးက ကျောင်းသားကလေး တစ်ဦးကို ကျောင်းဝင်းအတွင်း အနိုင်ကျင့် ရိုက်နှက်မှုတစ်ခု ဖြစ်ပွားရာ ကျွန်တော်က ကျောင်းသားကြီးကို ခေါ်ယူပြီး မမေးမမြန်းဘဲပင် ရိုက်၍ ဆုံးမလိုက်၏။

ကျွန်တော် ။ ။မင်းကို ဘာကြောင့် ရိုက်ရသလဲ ဆိုတာ သိရဲ့လား။

ကျောင်းသားကြီး ။ ။မသိပါ။

ကျွန်တော် ။ ။ငါ့ကျောင်းထဲမှာ လူကြီးက လူငယ်ကို နှိပ်စက်ကလူ မပြုရ ဆိုတာကို မင်း သိဖို့ ကောင်းပြီ။

ကျောင်းသားကြီး ။ ။(နာကျင် ရှုံ့မဲ့ရင်း) ဒါကတော့ ဆရာကြီးရယ်၊ သူက ကျွန်တော့် သားမို့ပါ။

ဤကား ကျောင်းအုပ်လုပ်သူ၏ ကိုယ်တွေ့ရှုခင်းများ ဖြစ်၏။ ကျောင်းသုံးခေါင်းလောင်းကြီးမှာ ကြေးပိဿာချိန် ၃၆၀ ရှိလျက် နန်းတွင်း၌ သွန်းလုပ်ခဲ့သည်။ ကျောင်းဝင်းထဲ၌ မင်းသားများသုံးရန် "အနေတော်"ခေါ် မင်းတဲ တစ်ခုလည်း ဆောက်လုပ်ထား၏။ ကျောင်းတက်လာကြရာတွင် မြင်းစီးသူ၊ လှည်းစီးသူ၊ ဆင်စီးသူနှင့် လူကြီးပခုံးကို စီးလာသူများ ပါဝင်၏။

*

သာသနာပြုကျောင်းနှင့်အတူ ဆောက်လုပ်ခဲ့သော ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာ ၁၈၇၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးပါသည်။ ထိုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ထို ဘုရားရှိခိုးကျောင်းကို မြန်မာမင်းက ခရစ်ယာန်များသို့ အပ်နှံလှူဒါန်းပွဲ (မြန်မာအခေါ် ရေစက်ချပွဲ) ပြုလုပ်ပါသည်။ မန္တလေးမြို့တော်ရှိ ဥရောပတိုက်သားများ၊ အထူးသဖြင့် အင်္ဂလိပ်လူမျိုးများ အပြင် အီတာလျံလူမျိုးများ တက်ရောက်ကြ၏။ မြန်မာဘုရင်၏ ကိုယ်စား (၁) ရွှေကူမင်းသား၊ (၂) ကင်းဝန်မင်းကြီး၊ (၃) ယောအတွင်းဝန်၊ (၄) မြို့တော်ဝန်၊ (၅) ကုလားဝန်တို့ ကြွရောက်ပါသည်။

ထိုပွဲ၌ ထုံးစံအတိုင်း ပရိသတ်ထံမှ အလှူငွေကောက်ခံရာ ရွှေဒင်္ဂါးပေါင်း ၄၀ ရရှိ၏။ ရွှေကူမင်းသားက ပေါင် ၁၀ ကုသိုလ်ပြုပါသည်။ မင်းသားနှင့် ဝန်ကြီးများ မပြန်မီ ကျွန်တော်က 'ဒီပွဲ ဘယ်လို သဘောရပါသလဲ' ဟုမေးရာ မင်းသားက 'သိပ်ကောင်းပါတယ်၊ သီချင်းဆိုကြတာလည်း နားထောင်လို့ ကောင်းပါတယ်၊ ဆေးလိပ်မသောက်ဘဲ အကြာကြီး နေရတာ တစ်ခုပဲ ပြောစရာ ရှိပါတယ်'ဟု ဆို၏။ ပွဲကျင်းပချိန်၌ သူနှင့် ဝန်မင်းများကို စင်မြင့်ပေါ်တွင် နေရာချထား ပေးသဖြင့် မပြီးမချင်း အပြင်ထွက်၍ ဆေးလိပ်ဖွာရန် အခွင့်မရရှာတော့ချေ။ ကျောင်းတွင်ကား သူသည် တစ်နာရီလျှင် တစ်ကြိမ်ခန့် အခွင့်တောင်းကာ အပြင်ထွက် ဆေးလိပ်သောက်လေ့ ရှိ၏။

အမေရိကန် သာသနာပြုဆရာကြီး ဒေါက်တာ မေဆင်က ပြောပြရာတွင် 'ခင်ဗျား၏ ကျောင်းဝင်းတွင် ဗိမာန်များသည် အလွန်ထည်ဝါ ခံ့ညားပါ၏။ သို့သော် မီးတောင် နှုတ်ခမ်း၌ ဆောက်လုပ်ထားသော အိမ်ကြီးရှင်နှင့် တူနေပြီ' ဟူ၍ ပုံခိုင်း ပြောဆိုလေသည်။

ထိုနေ့က ကျွန်တော် ကောင်းကောင်းကြီး စကားပြောမည်ဟု အားခဲထားသော်လည်း လုံးလုံး စကားမပြောနိုင်အောင် ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ ရည်ရွယ်ချက် အားလုံးတို့သည် မကြုံစဖူး ထူးခြားစွာ အောင်မြင် ပြည့်စုံခဲ့ပြီကို လက်တွေ့ ရှုမြင်ရကာ ဝမ်းသာလုံးဆို့၍ နေမိသောကြောင့် ဖြစ်ပါသည်။

ဤပွဲကို တက်ရောက်ရန် အိန္ဒိယပြည်မှ အထူးကြွလာသော ကာလကတ္တား ခရစ်ယာန်ဂိုဏ်းအုပ်ကြီး မီလမင်း (Bishop Millman)က ကျွန်တော်၏ကျောင်းတွင် 'ကူညီရန် ဘာများ လိုအပ်သေးသနည်း'ဟု မေးမြန်းရာ ကျွန်တော် ဘာမျှ မဖြေနိုင်ခဲ့ပါ။

ထိုဂိုဏ်းအုပ်ကြီး ကိုယ်တိုင်ပင် ဦးစီးကာ ကျွန်တော်တို့ကျောင်းတွင် စာမေးပွဲများ ပြုလုပ်ပြီးနောက် မင်းတုန်းမင်းထံသို့ အစီရင်ခံစာ တင်ဆက်ရာတွင် အောက်ပါအတိုင်းပင်။ "ကျွန်ုပ်သည် ဘုရင်မင်းမြတ်၏ ခရစ်ယာန်ကျောင်းကို ဂရုတစိုက် စစ်ဆေးရာ အလွန်ကောင်းသော ကျောင်းတစ်ကျောင်းဖြစ်သည်ကို တွေ့ရပါသည်။ အိန္ဒိယပြည်တွင် ရှိသော စာသင်ကျောင်း အားလုံးလောက်ကို ကျွန်ုပ် စစ်ဆေးခဲ့ပြီး ဖြစ်သည့်အတိုင်း ဤကျောင်းအပေါ်တွင် ပို၍ ယုံကြည်စိတ်ချလောက်သည်ဟု အတိအလင်း ပြောဝံ့ပါသည်။ ဤကျောင်းသည် လက်ရှိ ကျောင်းဆရာကြီး မက္ကာထွန်း (Mackertoon)လက်အောက်၌ သိသိသာသာကြီး တိုးတက်နေပါသည်။ ကျောင်းသား ၈၂ ယောက် ရှိလျက် အမြဲ

www.burmeseclassic.com



ဦးရေ တိုးတက်နေပါသည်။ ကျောင်းသားများ ပညာ ပြည့်စုံသောအခါ မြန်မာပြည်အဖို့ အသုံးဝင်သော သားကောင်းရတနာများ ဖြစ်လာကြပေလိမ့်မည်။ မင်းတရားကြီး၏ တိုင်းပြည်ကို များစွာ အကျိုးပြုမည်မှာ အမှန် ဖြစ်ပါကြောင်း။"

မင်းတုန်းမင်းက ဂိုဏ်းအုပ်ကြီး မီလမင်အား အဖိုးတန် ပတ္တမြားလက်စွပ်တစ်ကွင်း ချီးမြှင့်လိုက်လေသည်။

*

ထို့နောက် ၂ နှစ်ကြာမျှ ကျောင်းအခြေအနေမှာ အထစ်အငေါ့မရှိ ချောမော တည်တံ့ခဲ့၏။ ထိုနောက်တွင်မူကား ရှင်ဘုရင်၏ အမူအရာသည် အေးစက်စက် ဖြစ်လာသည်။ မဖြစ်စလောက် ကိစ္စကလေးများသည် အတန်ကြာလျှင် ကြီးထွား များပြားလာ၏။ ဘုရင်က ကျောင်းသို့ နေ့ကျောင်းသားရော၊ ဘော်ဒါများရော ပိုမို ပို့လွှတ်ခဲ့ပြီး ထောက်ပံ့ကြေးများကိုမူကား အချိန်မှန်မပေးဘဲ ပြတ်တောင်းဖြစ်လာ၏။ တစ်ကြိမ်တွင်မူ ငွေ ၅၀၀ ကျပ် ကြွေးကျန်ရှိသည်ကို ငွေ ၂၀၀ သာ ပေးပို့ခဲ့၏။ ကျွန်ုပ်ကလည်း ဤပညာရေးလုပ်ငန်းမှာ ကိုယ်ကျိုးမပါဘဲ ထောက်ပံ့ကြေး မပြည့်စုံလျှင် ဘာမျှ မတတ်နိုင်ကြောင်း သိရှိစေရန် ထိုငွေ ၂၀၀ ကျပ်ကို မယူဘဲ ပြန်ပို့လိုက်ပါသည်။

ရှင်ဘုရင်က စိတ်ဆိုးကာ ရက်အတန်ကြာ ကျွန်တော့်ကို မခေါ်ဘဲ နေခဲ့ပါသည်။ သို့သော် စိတ်ပြေတော်မူ၍ ကျွန်တော့်ကို အခေါ်လွှတ်ကာ ကောင်းကောင်း စကားပြောပါသည်။

ဘုရင်။ ။ ရှင်ဘုရင်ရဲ့ ငွေတော်ကို ပြန်ပို့တာ သင့်အမှားပဲ။ မြန်မာနန်းရင်းဝန် ပင်လျှင် ဒါမျိုးလုပ်က တစ်ခါတည်း နန်းတော်ထဲက ဆံပင်ဆွဲပြီး ထုတ်ပစ်လိုက်မှာပဲ။

ကျွန်တော်။ ။ ကျွန်ုပ်အား ထိုအပြစ်ဒဏ်မျိုး ခတ်လျှင် ခံယူလိုပါသည်။ သို့သော် ကျွန်ုပ်၏ ခေါင်းတုံးပြောင်ပြောင်တွင် ဘုရင်မင်းမြတ် ဆွဲစရာ ဆံပင်မရှိတာက ခက်ပါသည်။

ထိုအခါ ဘုရင်က အားရပါးရ ရယ်မောတော်မူပြီး မိဖုရားခေါင်ကြီးကို ခေါ်တော်မူကာ ကျွန်တော်၏ လျှောက်တင်ချက်ကို ပြန်ပြောလျက် ရယ်တော်မူကြပြန်ပါသည်။ ထို့နောက် ထောက်ပံ့ကြေးကျန်ငွေ အားလုံးကို ထုတ်ပေးတော် မူလိုက်ပါသည်။

သို့ရာတွင် ထောက်ပံ့ကြေး မှန်မှန် ထုတ်ပေးနေရခြင်းကိုကား နှစ်မြို့ဟန် မတူချေ။ ကျွန်ုပ်က မှန်မှန်ပေးဖို့ မကြာခဏ တိုက်တွန်း လျှောက်တင်နေရပါသည်။ ရှင်ဘုရင် အနေဖြင့် ကျွန်ုပ် မတတ်နိုင်သော လက်နက်ဝယ်ယူရေးကို သူ့အတွက် လုပ်ပေးရန် နားပူနားဆာ လုပ်နေပါသည်။

တစ်နေ့သောအခါ ကျွန်ုပ်အား နန်းတွင်း သီးသန့်အခန်း၌ ခေါ်ယူတွေ့ဆုံပြီး ကျွန်တော် တတ်နိုင်မည် ထင်သော သူ၏ စီမံကိန်းကို ဖွင့်ဟ တိုင်ပင်ပြန်ပါသည်။ "စစ်ဝဲယာဉ်ပျံ"အမည်ရှိ သူပိုင် ပင်လယ်ကူးသင်္ဘောနှင့် အင်္ဂလန်သို့ သွားစေလိုကြောင်း၊ ကျွန်တော်နှင့်အတူ ကြိုက်ရာ သားတော် နှစ်ပါး၊ သုံးပါးကို ခေါ်ဆောင်သွားစေလိုကြောင်း၊ လန်ဒန်သို့ရောက်လျှင် ဝိတိုရိယဘုရင်မကြီးသို့ မင်းတုန်းမင်း၏ စိတ်ထား ကောင်းမွန်ပုံကို လျှောက်တင်ပေးစေလိုကြောင်း၊ ယခုအချိန်၌ မြန်မာဘုရင်အတွက် ပင်လယ်ဆိပ်ကမ်းမြို့ တစ်ခုမျှမရှိ ဖြစ်နေ၍ ကုန်သန်းရောင်းဝယ်ရေး လွယ်ကူစေရန် ပုသိမ်မြို့ သို့မဟုတ် ရန်ကုန်မြို့ကို ပြန်လည်ပေးသနားစေလိုကြောင်း လျှောက်တင်ပေးစေလိုသည်ဟု မိန့်တော်မူပါသည်။

ဤကိစ္စမျိုး၌ ကျွန်ုပ် တတ်နိုင်စွမ်း မရှိကြောင်း၊ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်းကို အကျိုးနှင့်အကြောင်း ဆက်စပ်ရှင်းပြရာတွင် ဘုရင်က အလွန်တရာ စိတ်ဆိုးသွား၏။ 'ဒါဖြင့် သင်ဟာ ကျွန်ုပ်အတွက် အသုံးမဝင်ပါကလား' ဟူ၍လည်း လွှတ်ခနဲ မိန့်ဆို၏။

သို့သော် သူသည် စိတ်ပြေသွားပြီး အခြားကိစ္စများကိုသာ ဟန်မပျက် အကြည်အသာ ဆက်လက် ပြောဆိုနေပါသည်။

ထို့နောက်၌ကား ကျွန်ုပ်သည် ဘုရင်မင်းမြတ်အား မတွေ့ မမြင်ရတော့ပါ။

*

## [ ၈ ] ကနောင်မင်း၏ ခဲလေသမျှ

အင်္ဂလိပ်နှင့်မြန်မာတို့ စစ်ပွဲနှစ်ကြိမ်တိုက်ပြီးနောက် မင်းတုန်းခေတ်တွင် အိမ်ရှေ့စံ ကနောင်မင်းနှင့် မှူးကြီးမတ်ကြီးတို့သည် မြန်မာတို့၏ စစ်ရေး၊ စီးပွားရေးတို့၌ ရှေးသောအရိုးကျ အတိုင်း ဆက်လုပ်၍ မဖြစ်တော့သည်ကို သုံးသပ်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကနောင်မင်းသားက ဥရောပကိုယှဉ်ပြိုင်ရန် ဥရောပလို လုပ်မှ ဖြစ်မည် ဟူသည့် သဘောတရားကို မြဝတီမင်းကြီး ဦးစထံမှ ခံယူခဲ့သည်။ ဦးစသည် စစ်တကောင်းတိုက်ပွဲ၌ အင်္ဂလိပ်များနှင့် ရင်ဆိုင်ခဲ့ဖူးသူဖြစ်၍ လက်နက်ကောင်းရှိမှ ခံနိုင်မည်ကို သိ၏။ မန္တလေးခေတ် အခြေအနေကို ကင်းဝန်မင်းကြီး သုံးသပ်ရာ၌ "ကျုပ်တို့ တပ်မတော်သားတွေမှာ ကိုက် ၈၀၀ လောက်သာ ပစ်ခတ်နိုင်တဲ့ တူမီးသုံးခွေစွပ်တွေပဲ ရှိတယ်။ အဲတာတောင် တပ်သားစေ့ မကိုင်နိုင်ဘူး။ အမြောက်ဆန်များကလည်း တစ်မိုင်ခရီးထက် ပိုမရောက်ဘူး။ အင်္ဂလိပ်လက်မှာတော့ ကိုက်ပေါင်း ၁၅၀၀ သွားတဲ့ ဒင်ဒလီ ရိုင်ဖယ်သေနတ်တွေ၊ အမြောက်ဆန် တစ်ခါပစ်ရင် ၃ တိုင် ခရီး ရောက်နိုင်တဲ့ စက်ယန္တရားတွေ ကိုင်ဆောင်သုံးစွဲနေကြတယ်။ မြန်မာက ဘယ်လိုသတ္တိကောင်းပေမဲ့ မင်းကြီးဗန္ဓုလ ကျဆုံးသလိုပဲ ရှိမယ်။ ဟိုင်းကြီးကျွန်းက အင်္ဂလိပ်စခန်းကို ဝါးရင်းတုတ်နှင့် အနိုင် ပြိုင်နိုင်ခဲ့တဲ့ အလောင်းမင်းတရားကြီး ခေတ်မျိုး မဟုတ်တော့လို့ စစ်ဖြစ်ရေးအတွက် အများကြီး စဉ်းစားရမယ်"ဟု ဆိုခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်အား ခေတ်မီလက်နက်များဖြင့် ခုခံရန် လိုအပ်၏။ ကုန်ထုတ်လုပ်ငန်း၌ စက်မှုတပ်ဆင်ရန် လိုအပ်၏။ ထို့ကြောင့် မြန်မာပြည်၏ ခေတ်မီရေးကို အတတ်နိုင်ဆုံး ဦးစားပေး ဆောင်ရွက်ခဲ့ကြသည်။ ထိုအရေးတွင် ကနောင်မင်းသည် ဥက္ကဋ္ဌသဖွယ်ဖြစ်၍ ယောအတွင်းဝန် ဦးဘိုးလှိုင်ကား အတွင်းရေးမှူး ဖြစ်ခဲ့လေသည်။

၁၂၁၆ ခုနှစ်မှ စ၍ ထိုစီမံကိန်း အကောင်အထည်ဖော်ရာ၌ နိုင်ငံခြားသို့ မြန်မာပညာတော်သင်များ စေလွှတ်ခြင်း၊ နိုင်ငံခြား ပါရဂူများကို မန္တလေးသို့ ခေါ်ယူခြင်း၊ စက်ကိရိယာများ မှာယူတင်သွင်းခြင်း၊ တပ်မတော်အင်အားတောင့်စေရန် ခေတ်မီလက်နက်များ ထုတ်လုပ်ခြင်း၊ ခံတပ်များ ပြုပြင်ခြင်း၊ ဆက်သွယ်မှုကောင်းရန် ကြေးနန်းစနစ် ထူထောင်ခြင်း စသည်ဖြင့် အတော်ပင် အင်တိုက်အားတိုက် ကြိုးပမ်းခဲ့ကြသည်။

ကနောင်မင်းနှင့် ဦးဘိုးလှိုင်တို့သည် နိုင်ငံခြားသတင်းစာများ မှာယူကာ ဘာသာပြန်ဆိုသူများမှ တစ်ဆင့် ဥရောပ နိုင်ငံရေး၊ စစ်ရေးတို့ကို လေ့လာကြသည်။ ရတနာပုံသတင်းစာကိုလည်း ထူထောင်ကြသည်။ ခေတ်မီရေးမှာ ခေတ်နှင့် ရင်ပေါင်တန်း လိုက်နိုင်မှ ခေတ်နောက်ကျ မကျန်ရစ် ရှိနိုင်ပေမည်။

အောက်မြန်မာပြည် ဆိုင်ရာ အင်္ဂလိပ်မင်းကြီးအာသာဖယ်ရာသည် နေပြည်တော်သို့ လာရောက်ချိန်တွင် စစ်သားတစ်သောင်းကျော် ပါဝင်သော မြန်မာ့တပ်မတော်သားများက လက်နက်အပြည့်အစုံ ကိုင်ဆောင် ကြိုဆိုခဲ့ကြသည်။ 'မြန်မာ့အင်အားကို ပြသရာဝယ် သေနတ် မည်မျှများပြားကြောင်းကို ကျွန်ုပ်တို့အား သိရှိစေလိုဟန် ရှိပါသည်' ဟု ဖယ်ရာက မှတ်ချက်ချ၏။

နိုင်ငံခြားသို့ စေလွှတ်သော မြန်မာပညာတော်သင်ပေါင်း ၇၀ ကျော် ရှိခဲ့သည်။ မောင်မြူးသည် အင်္ဂလန်၌ မဲနယ်ချက်လုပ်ငန်း ကျွမ်းကျင်ခဲ့ပြီးနောက် ဓာတ်ရေအမျိုးမျိုး ပေါင်းစပ် ချက်လုပ်တတ်သည်။ မြန်မာပြည်သို့ ပြန်ရောက်သောအခါ မင်းလှမဟာစည်သူဘွဲ့နှင့် သံချက်ဝန်ထောက် ဖြစ်လာ၏။ ဖန်ချက်ဝန် ဦးရွှေအိုးနှင့် ပန်းတဉ်းဝန် ဦးရွှေတင်တို့မှာ ဘိလပ်ပြန် ပါရဂူများပင် ဖြစ်၏။

၁၂၁၆ ခုနှစ် (ခရစ် ၁၈၅၄)ခု၊ ဘင်္ဂလားသို့ သွားသော သံအဖွဲ့ခေါင်းဆောင် မင်းခေါင်ရာဇာသို့ သင်္ဘောရလျှင် ဝယ်ခဲ့ရမည်၊ မရလျှင် စက်ဆရာနှင့် စက်ကိရိယာများ ဝယ်ယူငှားရမ်းခဲ့ရမည် အမိန့်ချမှတ် ညွှန်ကြားလိုက်သည်။

၁၂၂၀ ပြည့်နှစ်တွင် ဦးကျီးညိုနှင့် ဦးရွှေအိုးတို့ကို ကြေးနန်းပညာတော်သင် စေလွှတ်ရာ ပြင်သစ်သို့ ရောက်သည်။ မြန်မာအက္ခရာဖြင့် ကြေးနန်းရိုက်နည်းကို ယောအတွင်းဝန် ဦးဘိုးလှိုင်က တီထွင်ခဲ့သည်။ လူအများနားလည်စေရန် "လိပိဒီပိကာ"ခေါ် မြန်မာဘာသာဖြင့် ကျမ်းပြုခဲ့သည်။ ၁၂၃၁ ခုတွင် ယခုခေတ်မှာလို လျှပ်စစ်ဓာတ်အားဖြင့် ကြေးနန်းရိုက်နိုင်သည်။

ဓာတ်အိုးများ သုံးသည်။ မန္တလေးကို ဗဟိုပြု၍ အထက်ပိုင်း ဗန်းမော်အထိ၊ အောက်ပိုင်း သရက်မြို့ နယ်ခြားအထိ ဧရာဝတီ မြစ်ရိုးတစ်လျှောက်တွင် ကြေးနန်းရုံများ ဖွင့်ထားသည်။ စစ်ရေး၊ အုပ်ချုပ်ရေးအတွက် ခံတပ်များ၊ ရုံးများ သုံးစွဲနိုင်သည်သာမက ပြည်သူလူထုလည်း ကြေးနန်းရိုက်နိုင်၏။

၁၂၂၅ ခုနှစ်က သံတော်ဆင့် ဦးရွှေတင်နှင့် စက်ဆရာ ဦးထွန်းတို့ကို ပွတ်စက်၊ ဖောက်စူးစက် စသည့် စက်ကိရိယာများ ဝယ်လာရန် ဘင်္ဂလားသို့ စေလွှတ်ခဲ့သည်။

ဒင်္ဂါးစက်ကို နန်းတွင်း၌ ဆောက်လုပ်ပြီး ၁၂၂[illegible] ခုနှစ် မှစ၍ ဒေါင်းဒင်္ဂါးများ ထုတ်လုပ် ဖြန့်ချိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလှိုင်သည် ကာလကတ္တားစက်ရုံမှ စည်းကမ်းများနှင့်တကွ သတ္တုရောစပ်နည်း၊ ငွေပြားပျော့ပျောင်းအောင်ဆေးရည်စိမ်ခြင်း စသည်တို့၌ ပါဝင် လုပ်ဆောင်ခဲ့၏။ မြန်မာများသာ ဦးစီးလုပ်ကိုင်သော ထိုစက်ရုံမှ နေ့စဉ် ဒင်္ဂါးပေါင်း တစ်သောင်းခွဲ ထုတ်လုပ်နိုင်၏။

၁၂၂၈ ခုနှစ်တွင် ဦးရွှေတင်၊ မောင်ညွှန့်နှင့် မောင်ထွန်းအောင်တို့ကို ပြင်သစ်ပြည်သို့ စက်ပစ္စည်းများ ဝယ်ယူရန် စေလွှတ်သည်။ သူတို့အားလုံး ပညာတော်သင်များ ဖြစ်ခဲ့ဖူးသည်။ နယ်ချဲ့တို့က ထိုအဖွဲ့သည် အမြောက်ဆန်၊ ဗုံးဆန်များ လုပ်နိုင်သော စက်များ ဝယ်ယူရန် ရည်ရွယ်သည်ဟု စွပ်စွဲ၏။ အင်္ဂလိပ်ကိုယ်စားလှယ်က သူနှင့် မတိုင်ပင်ရကောင်းလား ဆိုကာ စိတ်ဆိုးသည်။ ထို အဝယ်တော်အဖွဲ့ ပြင်သစ်ပြည်သို့ မသွားဖြစ်အောင် ခြေထိုးကြသဖြင့် ဦးရွှေတင် အဖွဲ့မှာ ရန်ကုန်မှ လှည့်ပြန်ခဲ့ရသည်။

၁၂၂၉ ခုတွင် တော့ဖင်ဒလေကုမ္ပဏီမှ ဝန်ချီစက်၊ ရွှေပေါ်စက်၊ ပွတ်ခုံစက်၊ သံပြားကြိတ်စက်၊ မီးအားပေးစက်များ အဖိုးငွေ ၂ သိန်းကျော်နီးပါး ဝယ်ယူပေးသွင်းသည်။

၁၂၃၃ ခုတွင် ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကုမ္ပဏီ အမျိုးမျိုးနှင့် စာချုပ်ပြုလုပ်ကာ သိန်းပေါင်း ၄၀ ဖိုးခန့် လက်နက်ပစ္စည်းနှင့် သံဖိုစက်ရုံ ဝယ်ခဲ့သည်။

ဝယ်ယူသော ပစ္စည်းများ၏ တန်ဖိုးကို ပေးဆပ်ရာတွင် ငွေသား သော်လည်းကောင်း၊ မြန်မာပြည်ထွက် သစ်၊ ဝါဂွမ်း၊ ကြက်ပေါင်စေး၊ ရှား စသော ပစ္စည်းချင်း ဖလှယ်၍လည်းကောင်း၊ နိုင်ငံခြားသားများကို မြန်မာပြည်အတွင်း သစ်ခုတ်ခွင့်၊ ရေနံတူးခွင့် စသော အခွင့်အရေးများ ပေးခြင်းဖြင့် သော်လည်းကောင်း ခုနှိမ်ပြေလည်စေခဲ့သည်။

## စက်ရုံပေါင်း ၅၀

ကနောင်မင်း တည်ဆောက်သော စက်ရုံတွင် ဒင်္ဂါးစက်၊ အထည်စက်၊ ဆန်စက်၊ ဆီစက်၊ လက်နက်စက်ရုံ၊ လွှစက်၊ ကျည်ဆန်စက်၊ မဲနယ်စက် စသည်ဖြင့် ၅၀ ကျော် ရှိသည်။ စက်ရုံ ဆောက်လုပ်ရေး၊ အုပ်ချုပ်ရေး စသည်တို့အတွက် အောက်မြန်မာပြည်ရှိ ကျွမ်းကျင်သော နိုင်ငံခြားသားများကို ခေါ်ယူ ခန့်ထားသည်။ စက်ရုံကြီးကြပ်ရေးတွင် ကနောင်မင်း၊ ယောအတွင်းဝန်၊ ဗန်းမော်ဝန်၊ မြတောင်ဝန်တို့ ပါဝင်သည်။

နိုင်ငံခြား ပညာရှင်များအား လခအသားတင် ၄၀၀ဝ မှ ၆၀၀ဝ အထိပေးကာ ခရီးစရိတ်လည်း ပေးရသည်။ ထိုသူအချို့က အင်္ဂလိပ်သူလျှို လုပ်၏။ အချို့က အရက်မူးကာ အလုပ်သမားကို နှိပ်စက်တတ်၏။ ထို့ကြောင့် ထိုသူများ ခေါ်ယူလုပ်ကိုင်စေခြင်းမှာ ငွေကုန်ကြေးကျ များသလောက် မတွင်ကျယ်ခဲ့ချေ။ နောက်ပိုင်း၌ မြန်မာပညာသည်များပင် ဦးစီး ကွပ်ကဲကြရသည်။

စစ်လက်နက် ထုတ်လုပ်ရေးကို ကနောင်မင်းက ပြင်သစ်နှင့် အီတလီဆရာများနှင့် လုပ်ခဲ့သည်။ အင်္ဂလိပ်တို့၏ အနှောင့်အယှက် အမျိုးမျိုးကြားမှ လုပ်ဆောင်ခဲ့ရသည်။

## ပညာတော်သင်၏ ချို့ယွင်းချက်

၁၂၃၆ ခုက ဝန်ထောက် မဟာမင်းလှဇေယျသူ ကြီးမှူးကာ အိန္ဒိယပြည် ကာလကတ္တားမြို့သို့ စေလွှတ်သော ပညာတော်သင်များ အကြောင်းကို ရေးပုရပိုက်၌ မှတ်ချက်တွေ့ရသည်မှာ "ရှေးက လွှတ်သော ပညာတော်သင် အချို့သည် အသုံးတော်ခံရလောက်အောင် ပညာမတတ်မြောက်မီ မြန်မာနိုင်ငံသို့ ပြန်လာကြသည်။ ပညာတတ်မြောက်ပါပြီ ဆို၍ ပြန်လွှတ်ရာ မတတ်မြောက် အသုံးမဝင်ခြင်း စသော မပြေပြစ်မှုများ ကြုံတွေ့ရသဖြင့် ဝန်ထောက်မင်းက အင်္ဂလိပ်ဘုရင်ခံနှင့် ဆွေးနွေးစီစဉ်ကာ မြန်မာဘုရင်ထံ အစီရင်ခံရ၏။ ပညာတော်သင်ကို ဆရာကောင်းထံ ရွေးချယ်အပ်နှံပြီး အမြဲမပြတ် မေးမြန်းကြည့်ရှုကာ တတ်မြောက်ကြောင်း သက်သေခံ တံဆိပ်လက်မှတ်ရမှ ပြန်လွှတ်ရန် အစီအစဉ်များ ပြုလုပ်ရသည်"ဟူ၍ ဖြစ်၏။

မိမိနိုင်ငံအတွက် ခေတ်မီရေးပြုလုပ်ရာတွင် ကမ္ဘာနှင့် ယှဉ်ကာ သိပ္ပံအတတ်နှင့် စက်မှုတည်ဆောက်ရန် အရေးကြီးပုံကို ကနောင်မင်း ကောင်းစွာ သိရှိ၏။ တိုင်းပြည်ထွန်းကား ခေတ်မီရေးအတွက် စက်ရုံအမျိုးအစားပေါင်း ၅၀ တည်ထောင်ရာတွင် သူကိုယ်တိုင် အုတ်မြစ်ချပေးခဲ့သည်။ မန္တလေးသင်္ဘောကျင်းမှ သင်္ဘောများ ဆောက်လုပ်ပြီးစီးချိန်တွင် အင်္ဂလန်ပြည်မှာ ကျင်းပသကဲ့သို့ အခမ်းအနားနှင့် ဧည့်ပရိသတ် စုံလင်စွာ ဖိတ်ခေါ်ကာ ရေချပွဲ ပြုလုပ်သည်။

အလျားပေ ၁၆၅၊ အနံ ၂၈ ပေရှိ တိုက်သင်္ဘော တစ်စင်းကို မန္တလေး၌ ဆရာရှမ်းက အလုပ်သမား ၂၀၀



www.burmeseclassic.com

www.burmeseclassic.com



နှင့် ၅ လအတွင်း အပြီး ဆောက်လုပ်နိုင်ခဲ့၏။ ထိုသူတို့မှာ မော်လမြိုင်မှ အလုပ်သမားများ ဖြစ်သည်။ အင်္ဂလိပ် အရေးပိုင်က သူတို့ကို အထူး ချီးကျူး၏။

၁၈၇၅ ခုဌ် ခရီးသွားသဘော်တွင် မြန်မာတပ်မတော်အမြောက် ၁၂ လက် တပ်ဆင်ကာ စစ်ရေးလေ့ကျင့်သည်။ ဗန်းမော်အထိ ဆန်တက်ခဲ့၏။ ၁၇၈၁ ခုနှစ်မှ စ၍ သင်္ဘော ၁၈ စင်း ဆောက်လုပ် ပြီးစီးခဲ့သည်။

မင်းတုန်းမင်း လက်ထက် စက်မှုလုပ်ငန်းများ စတင်တီထွင်စဉ်က မြန်မာတို့ချည်း လုပ်ကိုင်ခဲ့ကြသည် မဟုတ်ချေ။ ယခင်အခါများကပင် ပေါ်တူဂီလူမျိုးတို့ မြန်မာပြည်သို့ ရောက်ရှိကာ သူတို့ကို စက်မှုလက်မှု၌ မြန်မာမင်းတို့က အသုံးပြုခဲ့ကြလေသည်။

## လူမျိုးခြား အမှုထမ်း

မြန်မာဘုရင်ထံ၌ အမှုတော်ထမ်းသူများတွင် တိုင်းရင်းသားများနှင့်တကွ လူမျိုးခြား အမှုထမ်းများလည်း ပါဝင်ခဲ့ကြလေသည်။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ သုတေသနပြုချက် အရ ရှေးမှတ်တမ်းတစ်ခု၌ ပါရှိသည်မှာ–

၁။ ဆရာဝန်ကလေး ဟယ်ဒင်မစင်
၂။ ဆရာဝန်ကြီး မာဖီပန်တော်ဆက်
၃။ တောင်ငူဝန် မုက္ကဒတ်
၄။ အကောက်ဝန် မကျော်ဒယ်
၅။ သစ်တောဝန် အန်တော်နီ
၆။ သူဌေးသား ကာလကတိ
၇။ ရေနံ့အုပ် မူလာအိဗြ
၈။ ဆီမီးထွန်းမှူး အီဗရာဟင်
၉။ စက်ဝန် မူလာအီစမန်
၁၀။ စက်ဗိုလ် ဂျီလန်ဘား
၁၁။ စက်ဆရာ ဘီဒရီ
၁၂။ နှင်းဆီချက် စူလထန်
၁၃။ စာသင်ဆရာ ဒေါက်တာမှတ်
၁၄။ လက်နက်ဆရာ မစ္စတာဟက်

နိုင်ငံခြားအမှုထမ်းတို့တွင် ပြင်သစ်လူမျိုး အမြောက်အမြား ရှိသည်။ သူတို့သည် တတိယမြောက် နပိုလီယံဘုရင်လက်ထက်၌ မြန်မာပြည်သို့ ရောက်ရှိပြီးနောက် ပြင်သစ်အရေးတော်ပုံ ပေါ်ပေါက်ကာ အုပ်ချုပ်ရေးသည် သမ္မတစနစ်သို့ ပြောင်းလဲသွားသောအခါ ပြင်သစ်နိုင်ငံသို့ မပြန်တော့ဘဲ မင်းတုန်းမင်းထံ၌ ဆက်လက်ခစားကြသည်။

## ကုလားပျို အဖွဲ့

မြန်မာ–မွတ်စလင်ဖြစ်သော ကုလားပျို အဖွဲ့ဝင် ၁၀၀၀ ခန့် တို့က (၁) ရန်ပြိုအမြောက်၊ (၂) ရန်ပုံခွင်း အမြောက်၊ (၃) ရန်ကင်း အမြောက် စသော အမြောက်တပ်စု၌ ပါဝင်ထမ်းရွက်ကြသည်။ ထို့ကြောင့် မင်းတုန်းမင်း ကိုယ်တော်တိုင် ဗလီများ ဆောက်လုပ်လှူဒါန်းခဲ့၏။

ကသည်းလူမျိုးတို့မှာ မြင်းစီးသူရဲကောင်း၊ လေ့တော်မှုထမ်း၊ ဆတ္တာတော်၊ ခဝါတော်၊ အနှိပ်တော်၊ ရေကြည်တော် စသည်ဖြင့် ရွက်ဆောင်ကြ၏။

မြေတူးကုလားတို့သည် ကင်းအဖွဲ့များ၊ စစ်သည်တော်များ ဖြစ်ကုန်၏။

ကလယ် အမှုထမ်းတို့မှာ ပန်းပဲအလုပ်၊ ဆင်မြင်းစောင့်ရှောက်ရေး၊ ကြေးသွန်းနှင့် ပန်းတဉ်းလုပ်ငန်းတို့၌ ပါဝင်၏။

ဝေသာလီ အမှုထမ်းတို့ကား ဖျာရက်ခြင်း စသော ဝါးပစ္စည်း ထုတ်လုပ်ရေး၌ ကျွမ်းကျင်ကြ၏။

ရှမ်းတို့မှာ ကတူးရှမ်း၊ ယွန်းရှမ်း၊ ခနှရှမ်း၊ ကောင်ဟန်ရှမ်း စသည်ဖြင့် ရှိကြရာ လက်နက်ကိုင် စစ်မှုထမ်းကြသည် များ၏။

ပလောင် အမှုထမ်းတို့မှာ လက်ဖက်၊ သစ်သီးဝလံစိုက်ပျိုးရေးနှင့် ကျောက်လုပ်ငန်းတို့၌ ပါဝင်ကြ၏။

တရုတ် အမှုထမ်းတို့မှာ စားတော်ဆက်၊ လက်သမား၊ ကျောက်သွေးလုပ်ငန်းများ လုပ်ကိုင်ကြ၏။

ယိုးဒယားတို့ကား အချက်အပြုတ်၊ ရေကြည်တော်ခပ်နှင့် ဇာတ်သဘင်တို့၌ အသုံးတော်ခံကြ၏။

## ကပ္ပလီ ၄ ဦး

ထိုခေတ်က ရတနာပုံ မီးသတ်ဌာနတွင် ကပ္ပလီလူမျိုး ၄ ဦး ပါဝင်လျက် သူတို့နာမည်များမှာ (၁) ပိတ်စ၊ (၂) စံပယ်၊ (၃) နှင်းဆီ၊ (၄) ဖြူလိပ် ဟူ၍ ဖြစ်၏။ အသားမည်းကပ္ပလီနှင့် သူတို့နာမည်များမှာ တခြားစီဖြစ်နေ၍ ရယ်မောကြရသည်။ မင်းတုန်းမင်းက နံနက်တိုင်း သံဃာ ၁၀၀ ဆွမ်းလောင်းရာတွင် တိုးဝှေ့ကြရာ ထိုကပ္ပလီတို့ ရောက်

www.burmeseclassic.com



သပိတ်ထမ်းကာ ထိန်းသိမ်းပေးမှ စည်းကမ်းတကျ ရှိသော ဟူ၏။

## ရေမြှုပ်ဗုံး အောင်ပြီ

၁၂၄၀ ပြည့်နှစ်က အင်္ဂလိပ်အရာရှိ မှတ်တမ်းတွင် "သတင်းပေးသူ ၂ ဦးထံမှ ကြားရသည်မှာ မြန်မာတို့သည် ရိုင်ဖယ်သေနတ်များနှင့် တော်ပီဒို ရေအောက်ဗုံးများ လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း"ဟု ဆို၏။ ၎င်းတို့မှာ အောင်ပင်လယ်ကန်တွင် ကနောင်မင်း စမ်းသပ်အောင်မြင်ခဲ့သော ရေမြှုပ်ဗုံးများ ဖြစ်သည်။ ထိုဗုံး စမ်းသပ်သောနေ့ကို မြကေတု၏ **နန်းမလေး** စာအုပ်၌ ဤသို့ ဖော်ပြသည်။

ကနောင်မင်း။ ။ဘယ့်နှယ်လဲ ရွှေပြည်ဝန်ကြီး (ဦးဘိုးလှိုင်)ရဲ့၊ ဒီကနေ့ကိစ္စ အောင်မြင်ရင် ကျုပ်တို့ ဘယ်လူမျိုးမှ ကြောက်ဖွယ်မမြင်ဘူး မဟုတ်ပါလား။

ဦးဘိုးလှိုင်။ ။မှန်လှပါ၊ အောင်မြင်ဖွယ် ရှိကြောင်းပါ။ အထောက်တော်များ ပေးပို့လိုက်တဲ့ ကုလားဖြူများရဲ့ ဖော်စပ်နည်းအတိုင်း မလွဲမသွေ ပြုလုပ်ခဲ့သောဗုံး ဖြစ်ပါသည်။

ကနောင်။ ။အိမ်း၊ ညီတော် သုံးဆယ်မင်းသား ယမ်းစပ်ဖော်နည်းကလည်း အတော်ကောင်းသဗျ။ လက်နက် ပညာတော်သင် ငရွှေသားလည်း ပြန်လာတော့မှာမို့ မကြာခင် မြန်မာနိုင်ငံကို လက်နက်တပ်ဆင်ပြီး ကုလားဖြူတွေကို မောင်းထုတ်နိုင်မယ်ဗျ။

ဦးဘိုးလှိုင်။ ။မှန်ပါ၊ ကိုယ်တော်ကြီးစက်ရုံမှာ တစ်နေ့က ပြီးစီးထွက်မြောက်ခဲ့တဲ့ "ဝဇီရာဝုဓ"အမြောက်ကြီး ၄၀ အပြင် ဗထက်ခြိုက် သေနတ် ၂၀၀၀ ထွက်နေပြီမို့ ကုလားဖြူများကို ကြောက်ဖွယ် မရှိပါ။

ကနောင်။ ။ဒါနဲ့ မင်းကြီးရဲ့၊ ဒီကနေ့ နောင်တော် ဘုရားက သံဃဒါန ဆွမ်းကျွေးပွဲကြီး ခင်းကျင်းတဲ့နေ့ပါကလား။ ရွှေနန်းရှင်ကဖြင့် သာသနာရေးကိုသာ အကဲပေးတော်မူတယ်။ တိုင်းပြည်ရဲ့ ရန်စွယ်ရန်ငြောင့်တွေကိုဖြင့် တစ်ဆိတ်လောက်မျှ အောက်မေ့တော် မမူဘူး။

ဦးဘိုးလှိုင်။ ။မှန်ပါ၊ အရွယ်တော်က ထောက်လာတော့ သာသနာအရိပ် ခိုလှုံတော်မူရှာတာပါ ဘုရား။

ကနောင်။ ။အဲသလို တိုင်းပြည်ကိုပစ်ထားလို့လည်း ဘယ်မှာတော်ပါ့မလဲ၊ ကျုပ်မှာတော့ နောင်တော်ဘုရားကို သစ္စာတော်မြဲ အသက်နှင့်လဲပြီး တိုင်းပြည်အရေး ရှက်ဆောင်နေရတယ်။ ဒီအထဲ မြင်ကွန်းညီနောင်က နေရာတကာ မောက်မောက်မာမာ ဝင်ရှုပ်ချင်သေးတယ်။ အချိန်တော် ကျပြီလား ကန္တီစစ်ကဲတော်မင်းရဲ့။

ကန္တီဝန်။ ။မှန်ပါ။

ကနောင်။ ။ကဲ၊ ကိုယ်တော်ကွပ်ကဲတဲ့ တော်ပီဒိုဗုံးကို ဖွဲ့ဆော် စမ်းကြည့်မယ်။ နောက်ပြီး ယောမင်းကြီး စီရင်တဲ့ ရေမြှုပ်ဗုံးကို စမ်းကြ မောင်မင်းများ။

အချိန်ကား နံနက် ၂ မောင်း (၇ နာရီ)ခန့် ရှိလေပြီ။ အောင်ပင်လယ် တစ်ဝိုက်တွင်ကား တိတ်ဆိတ်လျက် ရှိ၏။ ကနောင်မင်းက တော်ပီဒိုစနက်တံကို မီးရှို့၍ အားကုန်လွှဲကာ ကန်တွင်းသို့ လွှင့်ပစ်လိုက်၏။ "ဒိုင်း"ဟူသော အသံကြီးမှာ စကြဝဠာ တစ်ခုလုံးကို တုန်ရိုက် မြည်ဟည်းသွား၏။ အောင်ပင်လန်ကန်ကို မီးခိုးဖုံးလွှမ်းသွား၏။

ကနောင်။ ။'ဟား... ဟား အောင်ပြီ၊ ကမ္ဘာတစ်လွှားမှာ မြန်မာ ကြွားနိုင်ပြီဟေ့၊ မြန်မာကို အထင်သေးရင် ကုလားဖြူ ရင်လေးမဟေ့ နော်။

ဝန်မင်းများ။ ။အောင်ပြီ ဘုရား။

ကနောင်။ ။နောင်တော်ဘုရား ကြားရင် အားရတော်မူမယ်။

## နောင်တော်၏ အမိန့်

အိမ်ရှေ့အိမ်တော်သို့ မြင်းနှင့်ပြန်လာသော ကနောင်မင်း၏ ရွှေစိတ်တော်မှာ ကောင်းကင်တိမ်ဖျား၌ လွင့်ပါး ပျော်မြူးနေ၏။ မြောက်ဥယျာဉ်အနီး လက်နက်ရုံမှ တုသံ ပေသံတို့သည် အောင်ပွဲရ အိမ်ရှေ့မင်းသားအား သံစုံဝိုင်းဖြင့် ဆီးကြိုဟန် ရှိတော့၏။ အိမ်ရှေ့ လှေကားမှ စောင့်ကြိုနေသော မိဖုရား လှိုင်ထိပ်ခေါင်တင်သို့ လှမ်း၍ မေးတော်မူရာတွင်–

ကနောင်။ ။ဒီမနက် နှမတော် နန်းတော်ကြီးကို ရောက်လား။

လှိုင်။ ။မှန်ပါ၊ အလှူတော်ပွဲ မစဲခင် ပြန်လာကြောင်းပါ၊ မောင်ဘုရားရဲ့ ဗုံးသံကြောင့် တစ်နန်းတော်လုံး အုန်းအုန်းကျွက်ကျွက် ဆူညံသွားပါကြောင်း ဘုရား။

ကနောင်။ ။နောင်တော်က ဘယ်လိုများ မိန့်ဆိုသတုံး။

လှိုင်။ ။ဗုံးသံကြားတော့ သာသနာပိုင် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး ဆွမ်းစားရာက ဆက်လက်ဘုဉ်းမပေးတော့ဘဲ လက်ဆေးတော်မူလို့ ရွှေနန်းရှင် စိတ်မကောင်းပါဘုရား။

ဆရာတော်က သတ္တဝါအများ သေကျေပျက်စီးမှာမို့ ဆွမ်းစားမဝင်ကြောင်း မိန့်ကြားပါတယ်။

ကနောင်။ ။ အင်း၊ ကုလားဖြူ ဘုန်းကြီးများ ဆိုရင် ဒီထက် စားလို့ မဝင် ဖြစ်ကြမှာပေါ့။ (ထိုအတော အတွင်း ယောအတွင်းဝန် ဦးဘိုးလှိုင် အခစား ဝင်လာ၏) ဘယ့်နှယ်လဲ ယောမင်းကြီးရဲ့၊ လက်နက်သံ မကြားချင်ကြ ရင် ဒီနိုင်ငံ ကြာကြာ ခံနိုင်ပါ့မလား။

ယော။ ။ မှန်ပါ၊ နှစ်မွန်းဖို့ အကြောင်းပါပဲ ဘုရား။

ကနောင်။ ။ အင်း၊ နောင်တော်ရဲ့ သဘောတော်က ဘယ်လိုတဲ့တုံး။

ယော။ ။ ညီတော်ကို လက်နက်စွန့်လွှတ်ရေး ဖျောင်းဖျ မေတ္တာရပ်ခံ ပေးပါမယ်လို့ သာသနာပိုင်ကြီးထံ တာဝန်ခံယူလိုက်ပါသတဲ့ ဘုရား။

ကနောင်။ ။ ဟိုက် ကိုယ်ကျိုးနည်းပြီ မင်းကြီး၊ တိုင်းပြည်တော့ ဆုံးပြီ။

## နယ်ချဲ့နှင့် မြင်ကွန်း

ကင်းဝန်မင်းကြီး ဘိလပ်သို့သွားစဉ်က ဝိတိုရိယ ဘုရင်မကြီး က မြန်မာမင်းကို အိန္ဒိယပြည်၏ မဟာရာဇာများ ကဲ့သို့ ထားပါမည်ဟု အတွင်းစကား ရ၏။ ကနောင်မင်း အနေဖြင့် အင်္ဂလိပ်လက်အောက်၌ ခေတ်မီရေးလုပ်ငန်းများ ရပ်စဲရမည် ကို လက်ခံနိုင်ဖွယ် မရှိချေ။

ကင်းဝန်မင်းကြီးက အင်္ဂလန်မှ အပြန်ခရီးတွင် ပြင် သစ်ပြည်သို့ ဝင်ခဲ့သည်။ ပါရစ်မြို့၌ ရောက်ရှိနေသော ဖန် ချက်ဝန်က ပြင်သစ်နှင့် မဟာမိတ်စာချုပ် ပြုလုပ်စေချင်၏။ ကင်းဝန်မင်းကြီးကလည်း သဘောတူ၏။ အင်္ဂလိပ်ကမူ ထိုကိစ္စကို အတတ်နိုင်ဆုံး နှောင့်ယှက် ဖျက်ဆီးလေသည်။ မန္တလေး၌ စလေဒင်တို့က မြင်ကွန်းမင်းသားကို မြှောက်ပေး ကာ ခေတ်မီရေး၏ ဗိသုကာကြီးများဖြစ်သော ကနောင်မင်း နှင့် ယောအတွင်းဝန်ကို သုတ်သင်စေ၏။

ထိုအချိန်က ယောအတွင်းဝန်မှာ ရာထူးပြုတ်ကာ အမရပူရသို့ ပို့ထားသဖြင့် လွတ်မြောက်သွားခြင်း ဖြစ်သည်။ မြင်ကွန်းမင်း အရေးနိမ့်ချိန်တွင် အင်္ဂလိပ်ပိုင်နယ်သို့ ထွက် ပြေးရန် သဘောအဆင်သင့် ဖြစ်နေပုံသည် ထင်ရှားသော နယ်ချဲ့ ပယောဂ အထောက်အထားတစ်ခု ဖြစ်၏။

## ဂျပန် နမူနာ

ဂျပန်ပြည်က မိကျိုမင်းနှင့် မင်းတုန်းမင်းတို့သည် ခေတ်ပြိုင် ဖြစ်၏။ ဂျပန်ပြည်၏ ခေတ်မီရေး (Modernization)ကို မိကျိုခေတ်မှ သာလျှင် စတင်ခဲ့ရာ ယခုအခါ ဂျပန်သည် ဥရောပနှင့် အစစ အရာရာ တန်းတူဖြစ်နေ၏။ တစ်ချိန် တည်း စခန်းထခဲ့ကြပါလျက် အဘယ့်ကြောင့် မြန်မာက နောက်ကျ ကျန်ရစ်ပါသနည်း။

ဂျပန်သည်လည်း နိုင်ငံခြား ပညာတော်သင်များ စေလွှတ်ကာ စက်မှုထူထောင်ခြင်းဖြင့် တိုးတက်လာသူ ဖြစ် သည်။ လုပ်နည်းလုပ်ဟန် ဘာမျှမခြားချေ။ မြန်မာတို့အဖို့ အင်္ဂလိပ်လက်သို့ တိုင်းပြည် ၃ ပုံ ၂ ပုံ ကျဆုံးပြီးခါမှ ခေတ်မီရေး စတင်ခဲ့ရခြင်း ဖြစ်၏။

နယ်ချဲ့၏ ပိတ်ဆို့မှု၊ နှောင့်ယှက်မှု အမျိုးမျိုး အကြားမှ ဖန်တီးခဲ့ရခြင်း ဖြစ်၏။ ဂျပန်တို့ အဖို့ကား လွတ်လပ်ရေး အပြည့်အဝဖြင့် မင်းနှင့်ပြည်သူ တညီတညွတ် အားထုတ်နိုင်ခဲ့ကြလေသည်။ ထို့ကြောင့် လွတ်လပ်သော ဂျပန်ပြည်သည် တစ်ဟုန်တည်း တိုးတက်သွားချိန်၌ မြန်မာ တို့မှာ တစ်ပိုင်းတစ်စ လွတ်လပ်ရာမှ ကျွန်ဘဝသို့ လုံးဝ ကျဆင်းသွားခဲ့သည်။

*

## [ ၉ ] နန်းတွင်းသူများ ပြေးကြ လွှားကြ

ထိုနေ့က နေ ၂ ချက်တီး လွှတ်တော်တက်ချိန်တွင် အိမ်ရှေ့ မင်းသည် မြောက်အိမ်တော်မှ ဆင်တော်သို့ တက်သည်တွင် အိမ်ရှေ့မိဖုရား လိုက်ထိပ်ထားက 'ဖောင်းတော်လည်း ကျွတ် ၍ မြေဝယ်ခပါသည်။ ဦးခေါင်းတော်ရိပ်လည်း မမြင်ပါ'ဟု တင်လျှောက်၏။ ဤတွင် အိမ်ရှေ့မင်းက 'ငါ့ကို ရန်ပြုနိုင်သူ မမွေးသေး'ဟု ဆိုလျက် ဆင်စီးကာ ထွက်တော်မူသည်။

## တူတော်က လက်ဦးပြီ

လွှတ်တော်သို့ရောက်လျှင် ကိုယ်ရံတော်တပ်သား လူတစ်ရာ ကို ဝင်းတော်ပြင်က ထားခဲ့၍ လွှတ်တော်တက်သည်တွင်



www.burmeseclassic.com

www.burmeseclassic.com



'ယနေ့ တူတော်မင်းသားများကို အကျပ်အတည်း လက်ပြန်ကြိုးချည်၍ ခေါ်ခဲ့ကြရမည်'ဟု မိန့်တော်မူ၍ ခေါ်ကြရ၏။

ထိုအခါ တူတော် မြင်ကွန်းနှင့် မြင်းခုံတိုင်မင်းသားတို့က 'ငါတို့မင်းသားတို့မှာ ဤကဲ့သို့ ထုံးစံမရှိ'ဟုဆိုကာ အမိန့်တော်ကို ဖီဆန်၏။ ထို့နောက် ညီတော်၊ နောင်တော် ရန်ဖြစ်သောအယောင်ဆောင်၍ ညီတော်က ဓားကိုင်လျက် ပြေးသည်ကို နောင်တော်က ဓားနှင့်လိုက်ရာ အိမ်ရှေ့မင်း မြင်လျှင် တူတော်များ ရန်ဖြစ်လာသည် ထင်မှတ်တော်မူ၍ 'ဟဲ့... သီလဝ၊ ဖိုးထင်ကို ချမ်းသာပေးပါ'ဆိုစဉ် အနီးရှိ သူရဲဝန်ဦးရွှေလုံးက မှုမမှန်သည်ကို ရိပ်စားမိ၍ 'ရန်သူတော်ပါ ဘုရား၊ ဟန်မရပါ၊ ရှောင်တော်မူပါ'ဟု သတိပေးကာ၊ 'ဟဲ့...ကိုယ်ရံတော်များ၊ သေနတ်တော်ကို ခဲယမ်းထိုးကြ'ဟု အမိန့်ထုတ်ရင်း လွှတ်တော် လှေကားက ဆင်းကြ၏။ ထိုလှေကား အဆင်း၌ပင် သူရဲဝန်ကို မြင်ကွန်းမင်းက ခုတ်သတ်၏။ မြင်းခုံတိုင်မင်းသားက ဦးရီးတော်အား 'ကိုးနှစ်သားက အငြိုး' ဟု ဆိုကာ ခုတ်ရာ ကိုယ်တခြား ခေါင်းတခြား လွင့်စဉ်ကာ နတ်ရွာစံလေသည်။ ဤတွင် မြင်းခုံတိုင်မင်းသားက 'ဘထွေးတော် ဓားပြီးတယ် ဆိုတာ ဘူးသီးကို ခုတ်ရသလောက်တောင် ဝန်မလေး'ဟု မိန့်ဆို၏။

ထိုအချိန်၌ အိမ်ရှေ့မင်းအမိန့်နှင့် ဆင့်ခေါ်သော မင်းသား ၃ ပါး (မလွန်၊ ပြင်စည်နှင့် စကု)တို့ လွှတ်တော်သို့ ရောက်ရှိလာရာ မြင်ကွန်းမင်းသားက ဆီး၍ ခုတ်ရာတွင် လွန်တော်မူကြသည်။

## မင်းတုန်းမင်းနှင့် ငပိုက်ကြီး

မင်းတုန်းမင်းသည် ယာယီစံနန်းတော်၌ ထိုသတင်းကို ကြားသိတော်မူရာ မက္ခရာမင်းသားကို တွဲ၍ ရှောင်တခင် ထွက်တော်မူခဲ့သည်။ အနောက်တံခါးသို့ ရောက်လျှင် မြင်ကွန်းမင်းသားက အစောင့်ထားသူ ငပိုက်ကြီးကို တွေ့တော်မူ၏။ ငပိုက်ကြီးကား ဘုရင်ကိုလုပ်ကြံရန် စေလွှတ်ထားသူ ဖြစ်သော်လည်း ဘုန်းတော်ကြောင့် မလုပ်ကြံဝံ့၊ လက်နက်ချ၍ ပုဆစ်တုပ် ဝပ်ပြီးလျှင် ရှိခိုးသည်ကို မြင်တော်မူရာ 'မောင်မင်း... ဘယ်သူလဲ'ဟု မိန့်တော်မူ၏။ 'ငပိုက်ကြီး' ဖြစ်ကြောင်း လျှောက်ရာ 'ငါ့အမှုတော်ကို ထမ်းဆောင်ရမည်' ဟု ဆို၏။ ထို့နောက် ငပိုက်ကြီးထံမှ ဓားလက်နက်ကို မက္ခရာမင်းသားက သိမ်းယူ၏။ ငပိုက်ကြီးက ဘုရင်ကို ကျောပိုးကာ၊ သားတော် မက္ခရာမင်းသားက နံဘေးမှ ကပ်လျက် ခမည်းတော်ကို ထိန်းကာ ခပ်သွက်သွက် လှမ်းခဲ့ကြ၏။

ထိုအခိုက် စကုမင်းသား၏ မြင်းထိန်း မောင်မြို့သည် မြင်းစီးလာသည်ကို မြောက်ဘက်ကျုံးထိပ်၌ ကြုံတော်မူသဖြင့် ဘုရင်သည် မြင်းသို့ ပြောင်းစီးကာ ရွှေမြို့တော် မြောက်မျက်နှာ မန်းဦးတံခါးက ဝင်တော်မူ၏။

နန်းတော်သို့ရောက်လျှင် ငပိုက်ကြီးအား 'သွားလိုကသွား၊ နေလိုက နေ' ရန် အမိန့်တော်ရှိရာ ငပိုက်ကြီးလည်း သူ့သခင် မြင်ကွန်းမင်းသား အရေးသာမည်မှတ်၍ ဘုရင်ကို ဦးချပြီး ထွက်သွားလေသည်။

မြင်ကွန်းရှိရာသို့ ရောက်သောကာလ 'ဟဲ့...ငပိုက်ကြီး၊ ခမည်းတော် ဘယ်မှာ စံတော်မူသလဲ' မေးတော်မူလျှင် 'ရွှေနန်းတော်ကြီး၌ စံတော်မူလျက်ရှိကြောင်းပါ'ဟု လျှောက်သော် မြင်ကွန်းမင်းက 'ပေး...နင့်ခေါင်း'ဟုဆိုကာ စကားပြော မပြီးခင်ပင် ငပိုက်ကြီးခေါင်းကို ဖြတ်လိုက်၏။

## လွှတ်တော်ကို သူပုန်စီး

ထိုအချိန်၌ မြင်ကွန်းမင်း၏ သူပုန်များမှာ နန်းမြို့တွင်း လွှတ်တော်ကို စီးမိနေကြ၏။ ရှင်ဘုရင်မှာ စစ်သည် ၇၀ ယောက်နှင့် မြေနန်းတော်မှ ခုခံလျက် ရှိသည်။ သူပုန်တို့ နန်းတော် အရှေ့မုခ်နှင့် မလှမ်းမကမ်းရှိ တံခါးနီကို တိုက်ဖွင့်လျက် နေကြ၏။

မြင်ကွန်းမင်းသားက မက္ခရာမင်းသား ရှိရာသို့ လှမ်း၍ အော်ပြောသည်မှာ 'ဟေ့... မောင်မျိုးတူ၊ မင်းက သုံးစလောင်း ကုန်၍မှ ပြောင်းဆန်မှန်း မသိသေးဘူးလား'ဟု ဖြစ်၏။ မက္ခရာမင်းသားက သူ့ဗိုက်ကို ပုတ်ပြသည်။ 'ငါ့ဗိုက်ထဲမှာ ခမည်းတော်ရဲ့ထမင်း ရှိသည်'ဟု ဆိုလိုက်၏။

ထိုအချိန်၌ မြင်ကွန်းမင်းသားက ပုရပိုက်တွင် လျှောက်တင်စာရေး၍ ပုသိမ်ပဝါနှင့်ပတ်ကာ တံခါးနီတော် အတွင်းသို့ ပစ်ချလိုက်၏။ ထိုစာလွှာကို တံခါးမှူး ငရေချမ်းမှ တစ်ဆင့် ဖောင်ဝန်မင်းသို့ ဆက်ရာ ဘုရင်ကိုယ်တော်တိုင် ဖတ်ရှုသည်ကား "အရှင်ဘုရား၏ သားတော်များ ဘုန်းလက်ရုံး အစွမ်းသတ္တိ ပြည့်စုံသည်အတိုင်း ဘထွေးတော်နှင့် တကွ ဗိုလ်မှူး အမှုထမ်းအပေါင်းကို ယခုအောင်မြင်ပြီ ဖြစ်ပါ၍ ခမည်းတော်ဘုရား အမိန့်တော်ရှိရာ နာခံမည့်အကြောင်းပါ ဘုရား"ဟု ပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းက မြင်ကွန်း၏ မယ်တော် တောင်ရွှေ ရေးဆောင် မိဖုရားကိုခေါ်တော်မူကာ ‘နှင့်သားများကို နင် ကိုယ်တိုင်သွား၍ ငါ့ကို ရန်မမူနှင့် ပြောချေ’ဟု စေတော်မူ ၏။ မယ်တော်မိဖုရားကို လွှတ်၍ အုတ်မြို့ရိုးပေါ်သို့ ရောက် သောအခါ သားတော် ၂ ပါးက ‘လင်ချစ်မကြီး…မလာခဲ့နှင့်’ ဗားကိုပြကာ အော်သည်တွင် မယ်တော် ပြန်လာခဲ့သည်။

## လူ ၇၀ နှင့် ခုခံ

မင်းတုန်းမင်းသည် အတွင်းတော်၌ လူ ၇၀ ကျော်မျှနှင့် ခံနေရသည်မှာ အင်အားနည်းသည် မှတ်ယူတော်မူ၏။ နန်းမြို့တော်၏ အတွင်းအပြင် လူတို့လည်း သူ့လူချည်း ဖြစ်ကုန်ပြီဟု မှတ်ထင်တော်မူ၏။ ထို့ကြောင့် မက္ခရာ မင်းသားက လျှောက်တင်သည်မှာ ‘သူတို့လည်း ခမည်း တော်ဘုရား သားတော် ဖြစ်သည်။ ကျွန်တော်လည်း ခမည်း တော်ဘုရား၏ သားတော်ပင် ဖြစ်သည်။ ခမည်းတော်၏ ထမင်းကို စား၍ အတူတူ ကြီးလာကြသူများ ဖြစ်သည်။ သူတို့ နတ်ဖြစ်၍ နတ်သြဇာစားသည် မဟုတ်ပါ။ ကြောင့် ကြမဲ့သာ စံနေတော်မူပါ။ လုပ်ရေးကြံရေးမှာ ဤသားတော် တာဝန်ယူလျက် ရှိနေပါပြီ’ဟု နှစ်သိမ့်တော်မူ၏။

ထိုအခါ မင်းတုန်းမင်းက အားရတော်မူလျက် ‘ငါ့ သား ထီး၊ ငါ့သား နန်း’ဟူ၍ အပ်တော်မူ၏။

## သူပုန်မင်းသား ပြေးရပြီ

မြင်ကွန်းနှင့် မြင်းခုံတိုင်တို့လည်း တံခါးနီကို အတင်း တိုက်ခိုက်ကြရာ အတွင်းကလည်း မက္ခရာမင်းသား ကိုယ် တိုင် အုပ်စီးကြပ်မတ်ချက် ပြင်းထန်လှသောကြောင့် မတိုးနိုင် ရှိနေ၏။ ထိုအတွင်း ဘထွေးတော် အိမ်ရှေ့မင်း၏ ကိုယ်ရံ တော် တပ်သားများ မီလာကြ၏။ မြင်ကွန်းမင်းသားက လက်ဝဲတံခါးကို အစောင့်ချထားသော ဇော်ဂျီဗိုလ်နှင့် လူသုံးဆယ်တို့ကို သတ်ဖြတ်ဝင်လာကြခြင်း ဖြစ်၏။ ထိုတပ် သားများ အတင်း ဝင်လာသည်ကို မြင်လျှင် မြင်ကွန်း ဘက်တော်သားများ လွှတ်တော်၏ တောင်လှေကားမှ ဆင်းကာ ဆုတ်ခွာကြ၏။

ရွှေနန်းတော်အတွင်းမှ ဝန်ကြီးနှင့်အတွင်းဝန်တို့က အသက်ကို အသက်မမှတ်ဘဲ ကြိုးပမ်းခုခံဆဲတွင် ရဟန်း တော်တစ်ပါး ရုတ်တရက်ရောက်လာ၍ ‘ဤအင်းကို တံခါး တော်၌ ကပ်ထားပါ’ဆိုသဖြင့် တံခါးနီ၌ကပ်ရာ ထိုအခါမှ စ၍ ပစ်ခတ် ထိုးဖောက်၍ မရချေ။ အသေအပျောက် အပျက်အစီး များလှသည်နှင့် သူပုန်မင်းသားတို့မှာ နောက်ပါ လူ ၄၀ ခန့်နှင့် ထွက်ပြေးကြတော့သည်။ ဇေတဝန်ဆိပ်ကမ်း မှာ ဆိုက်ကပ်ထားသည့် “မြမန်းစကြာ”သင်္ဘောတော်တွင် ကပ္ပိတန် ခရာသီတို့ကို ဓားမိုးကာ အောက်ပြည်သို့ ခုတ် မောင်း စုန်ဆင်းစေလေသည်။

မလွန်မြို့မှ လူသူတို့ကို စည်းရုံး စုပေါင်း ဆန်တက် လာပြီး မြင်းခြံဆိပ်ကမ်းမှ ရပ်တည်ကာ ရွှေမြို့တော်သို့ ဆန်တက်တိုက်ခိုက်ရန် စေပြန်သည်။ နောက်တစ်ဖန် မခံနိုင် ၍ ဆုတ်ခွာကာ အင်္ဂလိပ်နယ်အရောက် ပြေးလေတော့သည်။

*

၁၂၉၅ ခုနှစ်က ယင်းခဲမောင်မောင် ရေးသော **မန္တလေးတောင် သမိုင်း** တွင် မြင်ကွန်းအရေးတော်ပုံနှင့် ပတ်သက်၍ လူသိ နည်းသော အချက်အလက်တို့ ပါရှိ၏။ ထိုအချက်အလက် တို့ကို “ရွှေနန်းတော်တွင်းရှိ မင်း၊ မိဖုရားတို့နှင့် သားတော်၊ သမီးတော်တို့မှ တစ်ဆင့်စကား ကြားသိဖူးသည်ကို ရေးပြ ပါအံ့” ဟု နိဒါန်းပျိုးခဲ့သည်။

## နန်းတွင်းသူများ ဗရိုဗရဲ

မြင်ကွန်းမင်းသား ညီနောင်တို့က လွှတ်တော်၌ အိမ်ရှေ့ကိုယ် တော်ကို လုပ်ကြံချိန်၊ မင်းတုန်းမင်းတရားကြီးကို သုတ်သင် ရန် ရှာဖွေနေချိန်တွင် မန္တလေးတောင်ခြေရှိ “နန်းမြေ ဘုံသာ” ခေါ် ယာယီစံနန်းတော်၌ နေထိုင်လျက်ရှိကြသော နန်းတွင်းသူများက အရေးတော်ပုံ ဖြစ်ပွားနေသည်ကို လုံးဝ မသိကြချေ။

မိဖုရားနှင့် သမီးတော်များသည် အချို့က သနပ်ခါး လိမ်းတုန်း၊ အချို့က မှန်နှင့်ပန်းများ ပန်ဆင်တုန်း၊ အချို့က သနပ်ခါးကို ဖျက်၍ မင်နှင့် မျက်ခုံးမွေးကို ပြင်ဆင်ဆွဲငင် တုန်း၊ အချို့က စိတ်ချလက်ချ နံ့နက်စာ ပွဲတော်တည်တုန်း နှင့် တစ်ပိုင်းတစ်စ ရှိကြလေသည်။

အချို့က သောက်ရေအိုး၌ ရေသောက်တုန်း၊ အချို့ က မြစ်ပယ်ရုံ၊ လလယ်ယုန် စသော ဆံထုံး၍ မပြီးတပြီး။ ယင်းသို့ရှိစဉ်တွင် အရေးတော်ပုံကြီး ဖြစ်ပွားရာ ရုတ်တရက် မပြေးတတ်၊ မလွှားတတ် ရှိနေကြသည်။

ရှင်ဘုရင်ကြီးသည် မြို့တွင်းနန်းတော်သို့ ငှက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



က ကုန်းပိုးကာ ထွက်ခွာသွားတော်မူမှန်း မသိလိုက်ကြချေ။ ယာယီ နန်းမြေဘုံသာစံနန်း၌ တော်ကြီးဘုရား မရှိတော့သည်ကို အတပ်သိမှသာလျှင် အူယားဖားယား ဖြစ်ကုန်ကြ၏။ မယ်တော်နှင့် သားတော်၊ သမီးတော်များ တကွဲတပြားစီ ဖြစ်ကုန်၏။ စောစောက အလှပြင်ဆင် ဝတ်စားမှုတို့ကို ပယ်ဖျက်ကာ မီးသွေး၊ မြေမှုန့် စသည်တို့ဖြင့် နယ်ခြေလိမ်းကျံကာ ရုပ်ပျက်ဆင်းပျက် ပြုမူကြကုန်၏။ လူသူမမှတ်မိအောင် ထိုသို့ပြုပြင်ပြီးမှ မြို့ရိုးအတွင်း နန်းတော်ကြီးဆီသို့ အပြေးအလွှား လိုက်ပါကြရာ ရှင်ဘုရင်ကြီးကို နန်းတော်သို့ ရောက်မှပင် ဖူးတွေ့ကြရသည်။

ယင်းမှတ်တမ်း၌ ထိုသို့ပါရှိရာ စကြာဒေဝီ မိဖုရားကြီးနှင့်တကွ သူနှင့် အိမ်တော်ပါ ဆွေတော်မျိုးတော် စကြာမင်း၏ တူမတော်များ၊ ပြည်မင်းနှင့် ပခန်းမင်း၏ သမီးတော်များမှ စ၍ အားလုံးပင် လိုက်ဖိုပင်ပန်း ရှိကြမည် မလွဲပေ။ ဤအတွင်းရေး ဇာတ်လမ်းသည်လည်း သူတို့ အတွင်းမှ ထွက်ပေါ် သိရှိရခြင်း ပေတည်း။

### အိမ်ရှေ့မင်း၏ ရာဇပန

မင်းတုန်းမင်းကြီးက သွေးအလိမ်းလိမ်း ဖြစ်ခဲ့ရသော မြေနန်းဘုံသာ ယာယီနန်းတော် ရှင်းလင်းစေ၏။ ဝါဆိုလပြည့်ကျော် ၉ ရက်နေ့တွင် အိမ်ရှေ့မင်း၏ အလောင်းတော်ကို လွှတ်တော်ပလ္လင်ထက်၌ ထားရှိရာမှ နန်းမြေဘုံသာသို့ ပြောင်းရွှေ့ကာ ထီးဖြူတော် ဝဲယာလေးစင်းနှင့် အစောင့်အနေ ထားကာ ဆင်ယင်စေ၏။ ၁၂၂၉ ခု နယုန်လဆန်း ၅ ရက်နေ့၌ အိမ်ရှေ့မင်းကို သဂြိုဟ်ရာတွင် သားတော် ၃ ပါး (မလွန်၊ စကုနှင့် ပြင်စည်)တို့ကိုလည်း အနီးအပါး၌ ဂူများ စီတန်း မြှုပ်နှံလေသည်။ ပြီးလျှင် နန်းမြေဘုံသာစံနန်းတော်ကို ဖျက်သိမ်း၍ ထိုနေရာ၌ စန္ဒာမုနိရုပ်ပွားတော်ကို အမရပူရမြို့တော်မှ ပင့်ဆောင်ကာ ဂန္ဓကုဋီတိုက် ထားရှိကိုးကွယ်တော်မူသည်။

ထိုအချိန်က အိမ်ရှေ့မင်းသားကို အကြောင်းပြု၍ လှိုင်ထိပ်ခေါင်တင်၏ ငိုချင်းသည် မှတ်ဖွယ် ကောင်းလှပေသည်။

(လှိုင်ထိပ်ထားသည် ကနောင်မင်း လုပ်ကြံခံရပြီးနောက် ပြင်ဆင်ထားသော ရုပ်ကလာပ်ကို စိန်းစိန်းရှုကာ ရင်ထဲတွင် လှိုက်ဖိုလာသည့်အတိုင်း အပါးတော်ရှိ အပျိုတော်ခင်ဆိုင်ကြီးကို ပုရပိုက်တွင် ရေးမှတ်စေလျက် နှုတ်တန်းဖွဲ့နွဲ့ ရွတ်ဆိုတော်မူသည်။)

*

အပုပ်ချိန် ကိုယ်တော်ကျပြီမို့
ရုပ်အိမ်တော် ညိုကာ ကြွသော်လည်း
ငိုကာမှ မယ် မငို။

မကြံတတ်လေဘ
ဇရုပ်မှာ ဧည့်သည်ဆုံးသည်သို့
ဘုန်းပြုသကို။

ထီးဖြူတော် ရှစ်ချက်ကျင်းပါလို့
ကျောက်နီတွင် ရွှေတည်းရယ်နှင့်
အမယ်မင်း သခင့်ကိုယ်
ရွှေဖိုနှင့် တင်ချင်သား။

ကြောင်းမခိုင်
မပေါင်းပိုင် အခြေဆိုက်တာကြောင့်
နှစ်လောင်းပြိုင် သေပါလိုက်ချင်ရဲ့
သောင်းထိုက်ညာဖွား။

*

### မက္ခရာမင်းသား

၁၂၂၈ ခုနှစ်တွင် မြင်ကွန်းအရေးနှင့် ပတိမ်းမင်းသားတို့ အရေး ပြီးဆုံးသည့်နောက် သားတော်များကို စိတ်မချရသည့်အလျောက် သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသား၊ မက္ခရာမင်းသားတို့မှ စ၍ အရွယ်ရောက်သည့် သားတော်များထံ အခြားသူများ အဝင်အထွက် မရှိစေနှင့်ဟု စည်းကမ်းသစ် ပြဋ္ဌာန်းတော်မူ၏။ သားတော်တို့ စေခိုင်းရန် အဆောင်ကိုင် တို့ကိုလည်း အလှည့်ကျ ခစား ထမ်းရွက်စေသည်။

မက္ခရာ မင်းသား၏ စွန့်စား စွမ်းဆောင်မှုကို ယုံကြည်တော်မူသည့် အလျောက် ၁၂၃၄ ခု နယုန်လတွင် ကနောင်မင်း အုပ်ချုပ်စီမံခဲ့သော စက်ရုံတော်ပေါင်း ၅၀ ကို ထိုမင်းသား (သုသီရိ မဟာဓမ္မရာဇာ)သို့ အပ်တော်မူသည်။ ရက်ကန်းစက်၊ ဆန်စက်၊ လက်နက်စက်ရုံ၊ ဒင်္ဂါးစက်ရုံ စသည်တို့ အားလုံး ပါဝင်၏။



www.burmeseclassic.com

www.burmeseclassic.com



## စလင်း စုဖုရား

ထိုမှတစ်ပါး မက္ခရာမင်းသားကို တစ်ပင်တိုင်သမီးတော် စလင်းမြို့စားနှင့် စုလျားရစ်ပတ် လက်ထပ်တော်မူမည်ဟု မင်းတုန်းမင်းက ရည်မှန်းတော်မူသည်။ စလင်းစုဖုရားကား ခမည်းတော်၏ အချစ်တော်တည်း။ မင်းတုန်းမင်းက သူ၏ မယ်တော်ဝင်စားသူ ဟူ၍ တစ်ထစ်ချ ယုံကြည်တော်မူ၏။ ကလေးသူငယ် အရွယ်ကပင် သူ့အပြောအဆို၊ အမူအရာတို့မှာ မယ်တော်ကြီးနှင့် အသွင်တူနေ၏။ မယ်တော်ကြီးသာ သိနိုင်သော အဖြစ်အပျက်များကို သူက မှတ်မိနေ၏။ ၄ နှစ် အရွယ်တွင် မယ်တော်မိဖုရားကြီး အဆောင်တော်သို့ ဝင်ရောက်ကြည့်ရှုစေရာ 'ဟိုဗီရိုထဲမှာ ကြည့်ပါ၊ ထိပ်ထားအကြိုက်ဆုံး ပိုးထည်တွေ ရှိတယ်'ဟု ပြောနိုင်လေသည်။ ရှာကြည့်သောအခါ သူ ပြောသည့်အတိုင်း ဖြစ်နေသည်။ ထို့ကြောင့် သူ့အား တစ်ပင်တိုင် မင်းသမီးဟု သမုတ်ကာ နောက် နန်းတက်မည့်သူ၏ မိဖုရားအဖြစ် ကြိုတင်ရည်မှန်းထားခြင်း ခံရသူ ဖြစ်သည်။

မင်းတုန်းမင်းက မက္ခရာမင်းသားနှင့် စလင်းစုဖုရား၏ ဇာတာတော်များကို ပုဏ္ဏားတော်များအား စစ်ဆေးစေ၏။ နေ့ နံ စန်း လဂ်တော် တူ၍ သင့်မြတ်ကြောင်း တွေ့ကြရသည်။ ဤဇာတာတော်ရှင် နှစ်ပါးကို စုလျားနှင်းအပ်လက်ထပ်တော်မူပါက ဇမ္ဗူဒိပ်ကျွန်းအလုံးကို စိုးမိုးနိုင်သော ဘုန်းကံရှင်များသာ ဖြစ်နေကြောင်း လျှောက်တင်ကြ၏။ ထို့ကြောင့် ရှင်ဘုရင်က မက္ခရာမင်းသားကို အိမ်ရှေ့နှင်းမည့်ဆဲဆဲ ဖြစ်သည်။

သို့ပါလျက် မည်သည့် အကြောင်းကြောင့် မသိ၊ သမီးတော် စလင်းမင်းသမီးက ခမည်းတော် သက်တော်ရှည်သမျှ ကာလအတွင်း သီလ သီတင်းသာ ဆောက်တည်နေလိုပါကြောင်း ခွင့်တောင်းသည်။

## သားတော်များကို မယုံတော့

ထို့ပြင် အခြား အကြောင်းရပ်များလည်း ကြားရသည်။

(၁) မင်းတုန်းမင်းက ရေဝတီမြစ်ဆိပ်ကမ်းရှိ သရက်မှော်စံနန်းတော်သို့ ထွက်တော်မူမည် ရှိရာ ထိုသရက်မှော်နန်းတော်အနီး တစ်လျှောက်တွင် မက္ခရာမင်းသားက ဓား လက်နက်များ မြှုပ်နှံထားသည် ဆိုသော သတင်း ထောက်လှမ်းရရှိသည်။

(၂) မြင်ကွန်း မြင်းခုံတိုင် အရေးကြောင့် သားတော်များကို ခါတိုင်းကဲ့သို့ လွတ်လပ်စွာ လှုပ်ရှားခွင့်မပြုဘဲ အသွားအလာ အဝင်အထွက်တို့ကို စောင့်ကြပ်စေခဲ့ရာ ထိုကာလအတွင်း မြို့အုပ် မောင်ကြီး ဆိုသူက မက္ခရာမင်းထံ ဝင်ရောက်ခစားသည်။ မင်းသားက အထည်အလိပ်များ ဆုချလိုက်သည်ကို ဝမ်းသာအားရရှိသော မြို့အုပ်မောင်ကြီးက သူ၏ယောက္ခမ မင်းလက်ဝါး ခေါ် မဟာသမိန်ဗရမ်းသို့ ပြောပြလေသည်။ ထိုအချိန်က မင်းလက်ဝါးသည် အလုံမြို့နှင့် အမြင့်မြို့ကို ဝန်မင်းအဖြစ် ပူးတွဲအုပ်ချုပ်ချိန် ဖြစ်သည်။ မြင်ကွန်းမင်းက လွှတ်တော်လှေကားရင်း၌ ခုတ်သတ်ခံရသူ သူရဲဝန်ဦးရွှေလုံးမှာ မင်းလက်ဝါး၏ ယောက်ဖတော် ဖြစ်သည်။

ဘုရင်၏ အမိန့်တော်နှင့် မင်းသားများကို ချုပ်ချယ်ထားချိန်၌ သမက်ဖြစ်သူ မြို့အုပ်မောင်ကြီးက ဘုမသိ ဘမသိဖြင့် မက္ခရာမင်း အိမ်တော်သို့ ဝင်ရောက်ခဲ့ခြင်းမှာ ရာဇဝတ်ဒဏ် သင့်နိုင်သည်ကို မင်းလက်ဝါးက မြင်လေသည်။ ထို့ကြောင့် မက္ခရာမင်းက ပေးသော ထည်မျိုးအုပ်မျိုးတို့ကို မသုံးစွဲစေဘဲ ရှေ့တော်သို့ ပို့ကာ ဘုရင်၏ အမိန့်တော်မြတ် ခံယူစေသည်။ ဤတွင် မြို့အုပ်မောင်ကြီးကို ရာထူးမှနုတ်၍ မိုးကောင်းအကျဉ်းထောင်သို့ ပို့တော်မူစေသည်။ မြို့ဝန် မင်းလက်ဝါးကိုကား ကျေးဇူးသစ္စာတော်ကို စောင့်ထိန်းသူအဖြစ် "မင်းကြီး မဟာသက်တော်ရှည်" ဘွဲ့ ချီးမြှင့်တော်မူသည်။

(၃) သားတော် မက္ခရာမင်းကိုကား မြင်ကွန်းအရေးတွင် အပါးတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့၍ ရာဇဝတ်တော်ကို ချမ်းသာပေး၏။ ခါတိုင်းကဲ့သို့ ဝင်ထွက်ခစားစေ၏။ သို့သော် အိမ်ရှေ့မင်း အဖြစ်ကိုကား မရတော့ချေ။

*

# [ ၁၀ ] ဘိသိက်နှင့် ဒိမိုကရေစီ

မင်းတုန်းမင်းသည် ၁၂၁၄ ခုနှစ်တွင် နန်းတက်သည်။ သို့သော် ၁၂၁၆ ခု နယုန်လကျမှ သာလျှင် မိဖုရားခေါင် စကြာဒေဝီနှင့်အတူ မုဒ္ဓါဘိသေက ခံယူသည်။ ထိုအချိန်၌



www.burmeseclassic.com

www.burmeseclassic.com



နန်းစံ ၂၂ နှစ်ကြာ ရှိလေပြီ။ ရိုးရိုး ဘိသိက်ကိုကား နန်းတက်ချိန်က ပုဏ္ဏားများနှင့် သွန်းခဲ့ပြီးလေပြီ။ သို့သော် မုဒ္ဒါဘိသိက် ဟူသည်မှာ ရှေးမဟာသမ္မတမင်းများ လက်ထက်၌ စတင်ခဲ့သော ထုံးစံဖြစ်၍ ထိုဘိသိက် ပြုလုပ်မှသာလျှင် ဘုရင် စစ်မှန်သည်ဟု ယူဆလေသည်။ ထိုဘိသိက်မျိုး ကောင်းစွာ ကျင်းပနိုင်ရန် ဦးဘိုးလှိုင်က ၁၂၃၄ ခုနှစ်တွင် "မဟာသမ္မတ ဝိနိစ္ဆယ စာတမ်း"ကို ရေးသား၏။

## အင်္ဂလိပ် မဟာစာချုပ်

နယ်ချဲ့ခေတ် တစ်လျှောက်လုံး ကျွန်တော်တို့သည် ကမ္ဘာ့ရာဇဝင်နှင့် နိုင်ငံရေးသမိုင်းများကို လေ့လာကြရာ၌ အင်္ဂလိပ်တို့က ခရစ်သက္ကရာဇ် ၉၂၀ လောက်၌ ရွာစား၊ မြို့စားတို့ ပူးပေါင်းကာ (King John)သူတို့ ဘုရင်ထံမှ ကတိဝန်ခံချက် တစ်ခု တောင်းဆိုခဲ့ပုံကို လက်ညှိုးထိုးပြ ဂုဏ်ဖော်လေ့ရှိ၏။ ယင်းကို "မဟာစာချုပ်ကြီး"(Magna Charter)ဟု ခေါ်ဆိုလေသည်။ ထိုစာချုပ်၌ "ရှင်ဘုရင်က ကျွန်ုပ်တို့ကို ထိုက်ထိုက်တန်တန် ကြည့်ရှု စောင့်ရှောက်သော် ကျွန်ုပ်တို့က ဘုရင်၏ ကျေးဇူးသစ္စာကို စောင့်သိ ရိုသေပါမည်"ဟူသော ကျမ်းကျိန်ချက် ပါရှိ၏။ တိုင်းပြည်ထူထောင်ရာတွင် ဘုရင်နှင့် ပြည်သူတို့က မိမိနှင့် သက်ဆိုင်သော ဝတ္တရားများကို အပြန်အလှန် စောင့်ထိန်းကြရမည် ဟူသော ကတိပင် ဖြစ်၏။

အနောက် ဒီမိုကရေစီစနစ်မှာ ထိုစာချုပ်မှ ပြန့်ပွားလာခြင်း ဖြစ်သည်။ ထို့မှစ၍ ပြင်သစ်ပြည် စာရေးဆရာကြီး ရှုဆိုး၏ "လူသည် မွေးစက လွတ်လပ်သော်လည်း ယခုအခါ နေရာတကာ နှောင်ကြိုးတုပ် ခံနေရ၏" ကြွေးကြော်သံနှင့် အမေရိကန်တော်လှန်ရေး၌ ပေါ်ခဲ့သော "ဘုရင်က အခွန်တော်လိုချင်ရင် အမတ်ရွေးကောက်ပွဲ လုပ်ပေးပါ" ဟူသော ကြွေးကြော်သံအထိ ဒီမိုကရေစီ သဘောတရားများ ပျံ့နှံ့ခဲ့သည်။ အာရှနိုင်ငံတို့၌ ထိုသို့ လွတ်လပ်မှု ပြန့်ပွားရေး မဖန်တီးတတ်ကြ။ အသက်ဦးဆံပိုင် ဘဝရှင်များကို အနောက်နိုင်ငံများမှာကဲ့သို့ မချုပ်ကိုင်တတ်ကြ။ ပြည်သူ့အခွင့်အရေး တိုးတက်စေသော အုပ်ချုပ်ရေး စနစ်သစ်များ မလုပ်တတ်ကြဟု ကဲ့ရဲ့လေ့ ရှိခဲ့သည်။

## နေမျိုးနွယ်၊ လ မျိုးနွယ်

စာရေးဆရာ မောင်ထင်၏ သုံးသပ်ချက်အရ "ကျွန်ုပ်တို့အဖို့မှာကား မြန်မာနိုင်ငံသို့ ဗုဒ္ဓယဉ်ကျေးမှု ပျံ့နှံ့လာသည်က စ၍ မဟာသမ္မတ မင်းမြှောက်ခြင်း ဝါဒသည် တိုးတက်ပြန့်ပွားလာခဲ့သည်။ သို့သော် တိုင်းသူပြည်သားတို့ အသိပညာ တိုးတက်သော ကာလတို့၌သာလျှင် ဘုရင်လုပ်သူတို့က ထိုမဟာသမ္မတဝါဒကို တိုးတက် ပြန့်ပွားစေခဲ့သည်။ တိုင်းသူ ပြည်သားတို့ အသိပညာနည်းပါးသော ကာလတို့၌ ဘုရင် လုပ်သူတို့က ထိုမဟာသမ္မတဝါဒ သဘောတရားများ မေ့လျော့ပြီးလျှင် အချုပ်အခြာ အာဏာ ဟူသမျှကို တိုင်းသူပြည်သားတို့ထံမှ သိမ်းယူလေ့ ရှိသည်။ ရှင်ဘုရင်တို့က လူကြားကောင်းအောင် သူတို့ နေမျိုးနွယ်၊ လ မျိုးနွယ် စသည်ဖြင့် အာဒိစ္စဝံသနှင့် စန္ဒာသူရိယတို့မှ ဆင်းသက်သည်ဟု သူတို့ကိုယ်တိုင် သိဒ္ဓိတင်ကြလေသည်။ တချို့သော မင်းတို့ကား ဗောဓိသတ် ဟူသော ဘွဲ့ကိုပင်လျှင် ခံယူကြသည်။ ဥရောပတိုက်၌ ထာဝရဘုရားက ခန့်သော ဘုရင်ဝါဒ (Divine origin)နှင့် ခပ်ဆင်ဆင် တူလေသည်"ဟု လာရှိ၏။

ယောအတွင်းဝန်၏ မဟာသမ္မတ စာတမ်းအရ ဆိုလျှင် ဘုရင်နှင့်ပြည်သူတို့ အပြန်အလှန် တာဝန်ထမ်းဆောင်ရန် ရှိနေကြောင်းမှာ အနောက်မှလာသော အယူအဆ မဟုတ်ဘဲ အာရှတိုက်၌ ရှေးပဝေသဏီမှ စတင်ကျင့်သုံးခဲ့ကြပုံ ထင်ရှားနေ၏။ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်း၌ မဟာသမ္မတမင်းမြှောက်ပုံကို အောက်ပါအတိုင်း ဖော်ပြ၏။

## မြန်မာနှင့် မဟာသမ္မတ စနစ်

အသိတရားရှိသော လူတစ်စုသည် မနု ဟူသော သုခမိန်ကို မဟာသမ္မတ တင်မြှောက်ကြသည်။ "ငါတို့အပေါ်တွင် အရှင်က အစိုးရပြုလုပ် အုပ်ချုပ်ပါ။ ကဲ့ရဲ့သင့်သူ၊ ချီးမြှောက်သင့်သူတို့အား တရားအတိုင်း စီမံပါ။ အုပ်ချုပ်ရေးကို ထမ်းဆောင်သည့်အတွက် ပြည်သူတို့ လုပ်ကိုင်ရရှိသော ပစ္စည်းဥစ္စာမှ ဆယ်ဖို့တစ်ဖို့၊ ဆယ်ခိုင်တစ်ခိုင်၊ ဆယ်ပွင့်တစ်ပွင့်ကို အချိန်နှင့် အခန့်သင့် ပေးဆက်ကြသည်ကို ခံယူပါ"ဟု တိုက်တွန်း ပြောဆိုကြကုန်သည်။

သို့လျှင် မင်းလုပ်မည့် သူနှင့် တင်မြှောက်သူတို့ အပြန်အလှန် ပဋိညာဉ် ခံဝန်ကတိစကား ထားကြပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ မင်းလျာမင်းလောင်းဖြစ်သော သုခမိန်ကို သုံးပါးသော ဘိသိက် သွန်းလောင်းခြင်းဖြင့် မင်းမြှောက်ကြကုန်သည်။ မုဒ္ဒါဘိသိက် သွန်းလောင်းသည့် လူအမျိုးအစား ၃ ပါးတို့၏ ကိုယ်စားလှယ်များ ပါဝင်ရသည်။ (၁) မင်းမျိုး၊ (၂) ပုဏ္ဏားမျိုးနှင့် (၃) သူကြွယ်မျိုးတို့ ဖြစ်သည်။ အောက်ပါအတိုင်း ရွတ်ဆိုရသည်။

## မင်းနှင့်ပြည်သူ အပေးအယူ

"အရှင်မင်းမြတ်၊ အရှင်အား အလုံးစုံသော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး အပေါင်းတို့သည် မိမိတို့ကိုယ်ကို စောင့်ရှောက်စေခြင်းငှာ အရှင်အား အဘိသိက် သွန်းလောင်းပါ၏။

"အရှင်မင်းမြတ်သည် တရားနှင့်အညီ မင်းပြုတော်မူလော့။ ကျွန်ုပ်တို့အား ရွှေရင်နှစ်တော်ကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့် စီးပွား တိုးတက်စေလိုသော စိတ်ရှိတော်မူပါ။ မေတ္တာစိတ်လည်း ရှိတော်မူပါလော့။ အမျိုး ၃ ပါးကို စောင့်ရှောက်တော်မူပါလော့။

"အရှင်မင်းမြတ်သည် ကျွန်ုပ်တို့ ဆိုသည့်အတိုင်း မင်းပြုသော် ကောင်းမြတ်၏။ ထိုသို့ မပြုခဲ့သော် အရှင်၏ ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်ဖြာ ကွဲစေသတည်း" ထိုသို့ ***ရာဇသေဝကကျမ်း***၌ လာရှိ၏။

အထက်ပါ ကျမ်းသစ္စာပြုပွဲ၌ ဘုရင်နှင့်ပြည်သူတို့ အပေးအယူ တာဝန်ဝေခွဲကြပုံမှာ အနောက်နိုင်ငံ၌ အလားတူထားရှိကြသော ကတိခံဝန်ချက်တို့နှင့် သဘောတရားချင်း တူညီနေသည် မဟုတ်ပါလော။ အာရှတိုက်သားတို့၏ မဟာသမ္မတစနစ်မှာ အနောက်နိုင်ငံမှာထက် နှစ်ပေါင်း သုံးလေးထောင်မျှ ပိုမိုအလျင်ကျနေခြင်းသာ ထူးခြားသည် မဟုတ်လော။ ဤသို့ဆိုလျှင် အဘယ်ကြောင့် အင်္ဂလိပ် အစရှိသော အနောက်နယ်ချဲ့တို့က မုဒ္ဒါဘိသိက်ခံ ရှင်ဘုရင်များကို အရိုင်းအစိုင်း၊ ဒီမိုကရေစီကို နားမလည်သူများဟု ပြောဆိုခွင့် ရှိသနည်း။

## မင်းတုန်း၏ ထူးသောဘိသိက်

၁၂၃၆ ခုနှစ်၌ မင်းတုန်းမင်းသည် မုဒ္ဒါဘိသေက ခံယူတော်မူသည်။ ဦးစွာ "သိရိပဝရမဟာရာဇာဓိရာဇာ" ဟူသောဘွဲ့ကို ခံယူပြီးနောက် မင်းမျိုးမင်းနွယ်တို့၏ကိုယ်စား သမီးတော် ရမည်းသင်းမြို့စား စုဖုရားက တင်လျှောက်ကာ ဘိသိက်ရေကို သွန်းလောင်းသည်။

'အရှင်မင်းကြီး၊ ရှေးဦးစွာ ကမ္ဘာအစ၌ ဖြစ်သော မဟာသမ္မတ မင်းကောင်း မင်းမြတ်တို့ ကျင့်တော်မူသော တရားတို့ကို မြဲစွဲစွာ ကျင့်ဆောင်တည်တော်မူပါလော့။

'အရှင်မင်းကြီး၊ ခပ်သိမ်းသော ပြည်ထောင်မင်းတို့ကို အမျက်မလွန်စေခြင်း၊ ခပ်သိမ်းသောသူတို့ကို ချီးမြှောက်ခြင်း၊ ခပ်သိမ်းသောသူတို့အား ရင်ဝယ်သားအမျှ ချစ်သနားခြင်း၊ စီးပွားကို ဆောင်ခြင်းနှင့် ခပ်သိမ်းသော သူတို့၏ အသက်ကို ကိုယ်တော်၏ အသက်ကဲ့သို့ ထင်မှတ်တော်မူပါလော့။

'အရှင်မင်းကြီး၊ ကျက်သရေရှိသော အမှုကိုသာ ပြုခြင်း၊ ကျက်သရေရှိသော စကားကိုသာ ဆိုခြင်း၊ ကျက်သရေရှိသော လုံ့လအကြံကိုသာ ကြံခြင်းတို့ကို ပြုတော်မူပါလော့'

ပုဏ္ဏားဝန်က လျှောက်တင်ခန်း၌ အထက်ပါ စကားတို့ အပြင်–

'အရှင်မင်းကြီး၊ သာသနာတော် ပွင့်လန်းအောင် ပြုတော်မူပါလော့။ တရားစောင့်ခြင်း၊ ပညာရှိများ စကားကို နာလွယ်ခြင်းများကို အမြဲ စောင့်ထိန်းတော်မူပါလော့'ဟု ဖြည့်စွက် လျှောက်တင်သည်။

သူဌေးများကိုယ်စား မဟာသီရိဇနရာဇာက ဖြည့်စွက် လျှောက်တင်သည်ကား–

## ကောင်းလျှင် စံ

'အရှင်မင်းကြီး၊ ပြည်သူ့ဥစ္စာ အခွန်ဘဏ္ဍာ ခံယူရာ၌ တရားနှင့်လျော်ညီအောင် စောင့်ထိန်းခြင်း၊ တရားမသိသော ဗြိန်းဖျင်း သွမ်းသွင်းသူတို့ကို ရှောင်ခြင်း၊ ပဏ္ဍိတ လိမ္မာသော သူတို့၏ စကားကို နာလွယ်ခြင်းများကို ပြုတော်မူပါလော့' ဟူ၍ ဖြစ်၏။

ဤအစီအစဉ် ပြီးသော် သူဌေးရှစ်ယောက်တို့က 'အရှင်မင်းကြီး၊ ကျွန်ုပ်တို့ သွန်းလောင်းသော ရေစက်ကို ခံတော်မူ၍၊ ကျွန်ုပ်တို့ ဆိုသော စကားအတိုင်း ကျင့်ဆောင်တော်မူ၍၊ ပြည်သူ့လုပ်ခွန် ဆယ်ဖို့ တစ်ဖို့ကို ခံယူ စားသုံးတော်မူ၍ မင်း၏စည်းစိမ်ကို ခံစားပြီးသော် တိုင်းပြည်ကို တရားသဖြင့် စောင့်တော်မူပါလော့။

'အရှင်မင်းကြီး၊ ကျွန်ုပ်တို့ ဆိုသော စကားအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကုန်းဘောင်ရှာပုံတော်

ကျင့်တော်မူပါသော်ကား ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုး တက်တိုးလေလျက် တက်သစ်သော နေ၊ ဆန်းသစ်သော လ ကဲ့သို့ တစ်နေ့တခြား ကျက်သရေတော် ပွင့်လင်း၍ ပြည်ထောင်မင်းအပေါင်း၊ ဦးခေါင်းညွှတ်လာ၊ သဒ္ဒါပြည့်ဖြိုး၊ သူခိုးဓားပြ၊ ငြိမ်းချမ်းသာယာ၊ သာသနာတော်တည်ထွန်း၊ ရေစာမရှား၊ မင်းအားပြည်သူ၊ ဆုယူနေ့တိုင်း၊ ကောင်းချီးပေးလျက်၊ သက်တော်ရာကျော် စံတော်မူရသည် ဖြစ်စေသောဝ်။

## မကောင်းလျှင် ခံ

'အရှင်မင်းကြီး၊ ကျွန်ုပ်တို့ စကားအတိုင်း မတည်မူ၍ မင်းကောင်းမင်းမြတ်တို့ ဝန်ခံသော ဘိသိက်သစ္စာ ပျက်ပချေသော်၊ ကမ္ဘာဆူဝေ၊ လေမုန်တိုင်းဆင်၊ လျှင်တော်လည်း၊ မြေကြီးကွဲ၍၊ ငရဲမီးလျှံ၊ ဝင်းဝင်းပြောင်ပြောင်၊ တောက်လောင် ကြေညက်၊ သူပျက်သူလောင်၊ ထောင်ထောင်ထားထား၊ ခိုးသားတန္တ၊ စသည်ထွေထွေ၊ နေလတံခွန်၊ ငှက်ပျံငှက်ယုတ်၊ စုန်းဖုတ်တစ္ဆေ၊ နန်းထက်နေ၍၊ မွှေမွှေလှန့်ခြောက်၊ မြွေဟောက်ငန်းကျား၊ တက်၍စားသည် ဖြစ်စေသောဝ်'

ထိုမုဒ္ဓါဘိသိက်ကား ပြည်သူတို့က ဘုရင်မင်းမြတ်အား ကတိပဋိညာဉ်ပေးသော သဘောဖြစ်၏။ ရှင်ဘုရင်အနေဖြင့် ငမ်းငမ်းတက် အာဏာမက်နေသူ ဖြစ်ပါက သူ့အား ချုပ်ကိုင်သော အထက်ပါ ဘိသိက်စကားများကို လက်ခံနိုင်ဖွယ် မရှိ။

## ဘုရားက ခန့်သည် မဟုတ်

"ငါသည် ထာဝရဘုရားက ခန့်အပ်သူဖြစ်၍ ဘုရားနှင့်သာ တိုက်ရိုက်ပြောဆိုဖွယ် ရှိသည်။ လူသားတို့က ငါ့အား ချုပ်ချယ်ရန် မလို"ဟု ဘိလပ်ဘုရင်များ ယူဆမြဲတည်း။ အာရှဘုရင် နေမျိုးနွယ်တို့လည်း နတ်တို့နှင့် နီးနှောရန် ဆိုကာ သီးခြားနန်းဆောင်များ ထားရှိခဲ့သည်။ ဤကား ပဒေသရာဇ်တို့၏ သဘာဝသည် ကမ္ဘာအရပ်ရပ်၌ အတူတူပင်ဖြစ်သည်။ သို့သော် အာရှ၌ ထိုသို့သော ဘဝရှင်များကို ပြည်သူလူထုက လက်ပိုက်ကြည့်နေခဲ့သည် မဟုတ်။ ပဒေသရာဇ်တို့ကို ဆုံးမမှု၊ တော်လှန်မှု ရာဇဝင်အဆက်ဆက် သူ့နည်းသူ့ဟန်နှင့် ရှိခဲ့သည်ချည်းပင်။

မင်းတုန်းမင်းသည် နတ်ရွာမစံမီ ၄ နှစ် အလိုတွင်မှ



မင်းတုန်းမင်း၏ အုတ်ဂူသချိုင်းတော်

မုဒ္ဓါဘိသိက် ခံယူခြင်း ဖြစ်သည်။ သူ့အဖို့၌ တစ်သက်လုံး စိတ်ထားမှန်ကန် မြင့်မြတ်သူဖြစ်၍ ဘုရင်ကောင်းတစ်ပါးအနေဖြင့် ထင်ရှားပြီး ဖြစ်သည်။ သို့သော် သူသည် ရိုးရာကို မြတ်နိုးသဖြင့် တိုင်းရင်းသား ထုံးစံများ အစွန့်ရှည်စေရန် ထိုဘိသိက် ခံယူခြင်း ဖြစ်သည်။

## မင်းလက်မှ ပြည်သူလက်သို့

မင်းတုန်းမင်း လက်ထက်မှ စ၍ မှူးကြီးမတ်ကြီးတို့သည် အသက်ဦးဆံပိုင် ဘုရင်၏လက်ဝယ် ချုပ်ကိုင်ထားသော အာဏာတို့ကို မိမိတို့ထံသို့ တစ်စတစ်စရောက်ရန် ဥပဒေဘောင်အတွင်း ကြိုးစားခဲ့ကြသည်။ မင်းတုန်းမင်းကလည်း သဘောပြည့်ဝသော ဘုရင်ဖြစ်၍ တိုင်းပြည်၏ခေတ်မီရေး စီမံချက်များကို အတိုင်းအထွာနှင့် ခွင့်ပြု၏။ မြန်မာပြည်၌ ကူးသန်းရောင်းဝယ်ရာတွင် ကုန်ချင်းဖလှယ်သော (Barter System)ကို ပယ်ဖျက်၍ ငွေဒင်္ဂါးများ ထုတ်လုပ် သုံးစွဲစေခဲ့သည်။ အခွန်တော်ကောက်ခံနည်း စနစ်ကို ရှေးဓမ္မသတ်အတိုင်း ၁၀ ပုံ ၁ ပုံသာ ကောက်ခံစေသည်။ ထိုပြုပြင်ချက်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရန် အထက်မြန်မာပြည်ကို နယ်ကြီး ၄ နယ် ပိုင်းခြား အုပ်ချုပ်စေသည်။ ၁၂၃၆ ခုနှစ်မှ စ၍ ရတနာပုံနေပြည်တော် သတင်းစာကို စတင်ထုတ်ဝေရာ အယ်ဒီတာမှာ ဖိုးဝဇီရ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁၃ ကုန်းဘောင်ကွင်းဆက်

## [၁] မြင်းမျိုးမင်းသား ထိပ်တင်တုတ်

မင်းတုန်းမင်းသည် ခမည်းတော် ရွှေဘိုမင်း လက်ထက်၌ လွှတ်တက်စီရင် ခန့်ခွဲခွင့်ရသော မင်းသားကြီးတစ်ပါး ဖြစ်သည်။ ပုဂံမင်းသားက ပြည်မင်းသားကြီးကို နန်းလျှာနေရာမှ အမှုရှာပြီး ဖယ်ရှင်းသည့် လုပ်ရပ်ကို မင်းတုန်းမင်းသား အတပ် သိသော်လည်း နောင်တော်များ ဖြစ်၍ မည်သို့မျှ မကယ်နိုင်ဘဲ ကြည့်နေခဲ့ရသည်။ ယခု သူကိုယ်တိုင် ရာဇ ပလ္လင်ပေါ် ရောက်သည့်အခါတွင်မူ မုဆိုးမဖြစ်ရရှာသူ မရီး တော် ပြည်ထိပ်ထားအား သီးခြား ဝန်တော်အိမ်နှင့် ဂုဏ် မငယ်ရအောင် အစစ ချီးမြှောက် မ စ ထားတော်မူသည်။

တူတော် ကျန်ရစ်သားလေး ထိပ်တင်တုတ်ကိုလည်း သူ၏သားတော်များနှင့်အတူ ရှင်ပြုပေးသည်။ ထိပ်တင်တုတ် ကလည်း မင်းသား မည်ကာမတ္တ မဟုတ်ချေ။ သူသည် ရှင်လူထွက်ချိန်က စပြီး အစွမ်းအစ ဓာတ်ပြခဲ့သည်။ အဋ္ဌာ ရသ ပညာရပ်များကို အခြားမင်းသားများနှင့်အတူ တက် ရောက် သင်ကြားခဲ့ရာ အတန်းချင်း၊ အရွယ်ချင်း တူလျှင် သူကသာ ဆုတံဆိပ်များ ရခဲ့သည်ချည်း ဖြစ်လေသည်။ ထိုခေတ်က အစဉ်အလာအရ မင်းညီမင်းသားများ၊ စစ်သူ ကြီးများ အရည်အသွေး ပြရာဖြစ်သော နှစ်စဉ် ကျင်းပမြဲ ဖြစ်သည့် မြင်းခင်းသဘင်၊ ဂူလီရိုက်ပွဲသဘင်တို့၌ ထိပ်တင် တုတ်၏ အစွမ်း ပြမြဲ ဖြစ်သည်။

ခါးပတ်တော်မှာ ရွှေချည်စုံ
မိုင်းလုံး ရွှေဝတ်လုံ
မလုံသာ ချမ်းအေးမြ
မိုးသောက်က ရောင်နီလာကို
ထိပ်ပန်ငယ်မြင်းခင်း ကြွပါလို့လေး။
မယ့်ထိပ်တဲ့ မြင်းဖြူရှင်
သျှောင်တွင်လေ တင့်ဆုံး
နားမှာ ပန်းကြက်ရုန်းငယ်နှင့်လေး။

*

ပင်းယခေတ် တစ်စီးရှင်မင်း လက်ထက်တွင် မြင်းခင်းသဘင် စတင် ကျင်းပခဲ့သည်။ ထိုသဘင်၌ ပါဝင်ဆင်နွှဲသူ မင်းသား တစ်ပါး၏ ဝတ်ဆင်ပုံကို အထက်ပါ ကြိုးသီချင်း၌ ကြေးမုံ အသွင် ဖော်ပြထားရာ ထိပ်တင်တုတ်တို့၏ မန္တလေးခေတ် ဤအသွင်တိုင်းပင် ရှိပါမည်။ ပြာသိုလ ချမ်းအေးသောရာသီ တွင် ကျင်းပခြင်းဖြစ်၍ ကတ္တီပါ ရွှေဝတ်လုံကို ဆင်မြန်းထား သည်။ မောင်တော်သည် မြင်းဖြူကြီးကို စီးလျက် အောင် နိမိတ် ဖြစ်သော ကြက်ရုန်းပန်း ပန်ဆင်ထားသည်။

### လှည့်ကို ဆွဲထုတ်

"ခါးပတ်တော်မှာ ရွှေချည်စုံ" ဟူရာ၌ ထိုသဘင်တွင် ပါဝင် သူတိုင်း အဝတ်တန်ဆာများကို တင်းကျပ်စွာ ချည်နှောင် ထားရသည်။ ခေါင်းပေါင်းကျွတ်ခြင်း၊ ပုဆိုးကျွတ်ခြင်း၊ ဓားကျွတ်ခြင်း စသော ချွတ်ယွင်းချက်များ မရှိရချေ။ မြင်းက ကြိုး တစ်စုံတစ်ခု ပျက်ယွင်းခြင်း၊ မြင်းနှင့်လူ ကင်းကွာခြင်း၊ ပစ်မှတ်တိုင်သို့ လှံဖြင့် မှန်အောင် မပစ်နိုင်ခြင်း စသည်တို့ကို ချက်ချင်းဒဏ်ခတ်ရန် အင်္ဂျီနီ၊ ဦးထုပ်နီ ဆင်မြန်းသော သွေးသောက်ကြီးတို့က အရန်သင့် စောင့်ကြပ်နေကြသည်။ လှည့်များကို မြင်းပေါ်မှဆွဲချရန် လက်ကိုင်ကောက်ကြီးများ ကို ဆောင်ထားကြ၏။ လွတ်ပြေးသော မြင်းကို ဖမ်းရန် မြင်းတော်ခံများလည်း အဆင်သင့် ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်နှင့်တကွ မင်းပရိသတ် အစုံ ရှေ့တော်တွင် မြင်းစီး အစွမ်းပြိုင်သူများ သပ်သပ်ရပ်ရပ် ရှိစေရန် လို၏။ အစွမ်းပြနေဆဲ အဝတ်အစား ကျွတ်ခြင်းသည် ဣန္ဒြေမဲ့၏။ ကိုးရိုးကားရား ရှိခြင်းသည်လည်း သူရဲကောင်းတို့၏ ဓလေ့ မဟုတ်။ ထို့ကြောင့် ချို့ယွင်းသူများ ချက်ချင်း ဆွဲထုတ်ကာ နေလှန်းခံရ၏။

မြင်းခင်းသဘင်တွင် စိန်ဆိုင်းဝိုင်း၊ မြဆိုင်းဝိုင်းတို့က မြင်းရေး ၃၇ ချင်းတို့ကို တီးမှုတ်ကြသည်။ ထိုသီချင်းသံ စည်းချက်ကျကျနှင့် ဘုရင့်ရှေ့တော်မှောက်တွင် မြင်းသည်တော်များ စီတန်း၍ မြင်းရေးပြကြရသည်။ မြင်းရေးတစ်ခု အတွက် သီချင်းတစ်ပုဒ် ဆိုင်းတော်မှ တီးသည့်အခါ ဆိုင်ရာ မြင်းများ ရှေ့တော်သို့ ထွက်၍ သီချင်းအလိုက် အလှည့် အကွေ့ အဝိုက်တို့ စုံလင်စွာ စီးပြရသည်။ ပယ်ဆုပ်စီးနည်း၊ ပယ်ခွဲစီးနည်း စသဖြင့် တစ်ခုပြီးတစ်ခု စီးပြရာ နောက်ဆုံး "သိကြားတန်ဆောင်တိုင်" စီးနည်းဖြင့် ၃၇ ချင်း ပြည့်စုံလေသည်။ မြင်းရေးပြချိန်၌ တီးသော ဆိုင်းတော်မှာ ထိုအရေးတွင် ကျွမ်းကျင်သောဆိုင်း ဖြစ်ရသည်။

## မင်းသားနှင့် ထိုးကွင်း

စက်ကွင်း လှံထိုးပွဲသို့ မင်းညီမင်းသားများ၊ မှူးမတ်များ အားလုံး လာရောက် စွမ်းရည်ပြရသည်။ ပုန်းအောင်းခိုကပ်၍ မရချေ၊ မရောက်လာလျှင် အရည်အချင်း မရှိသူအဖြစ် အထင်သေး ခံရ၏။ မင်းသားချင်း ပြိုင်ရသည်။ မှူးမတ်ချင်း ပြိုင်ရသည်။ မင်းသားဖြစ်သောကြောင့် ပျော့ပျောင်းနုနယ်နေ၍ မရပေ။ ကြမ်းသည့်နေရာတွင် ကြမ်းရမည်။ တစ်နေ့သော် ဘုရင်ဖြစ်လာမည့်ပုဂ္ဂိုလ် ဖြစ်သောကြောင့် စစ်ရေးစစ်ရာ၌ ကျွမ်းကျင်ရလေသည်။

စကားပုံတစ်ခုတွင် "မင်းသားကို ချော့၍ ထိုးကွင်း ထိုးပေးရသည်"ဟု ပါရှိ၏။ မင်းသား ဟူသည် ကြမ်းတမ်း ရဲရင့် ရှိရမည်။ ကြောက်ရွံ့ အသည်းကြောင်နေ၍ မဖြစ်။ မိန်းမလျာကဲ့သို့ မဖြစ်သင့်။ ချော့မော့ပြီး ထိုးကွင်းထိုးပေး ရလျှင် အသုံးကျမည့်မင်းသား မဟုတ်တော့ဟု ဆိုလိုပေသည်။

မင်းတုန်းမင်း၏ သားတော်များတွင် သုံးဆယ်မင်းသားနှင့် မက္ခရာမင်းသားတို့သည် ဓားခုတ် လှံထိုး စစ်ရေး စစ်ရာတို့၌ ကျွမ်းကျင်ကြသည်။ မြင်းရေး ၃၇ တွင်လည်း သူမတူအောင် ထူးချွန်ကြ၏။ မက္ခရာမင်းသား မြင်းပေါ် တက်တော့မည် ဆိုလျှင် ပုဆိုးကို ခါးတောင်းကျိုက်နေသည် မဟုတ်၊ မြင်းအတက်တွင် ခြေဖျားနှင့် အောက်ပုဆိုးစကို ခတ်ကာ ခုန်တက်လိုက်သည်။ ထို့ကြောင့် မက္ခရာမင်းသား မြင်းပေါ်တက်တော့မည် ဆိုလျှင် အနီးအနားရှိ သူများက မျက်စိကျွတ်ကျမတတ် ကြည့်ကြသည် ဆို၏။

မြင်းခင်းသဘင် ပွဲတော်ကို နန်းတော်၏ မြောက်ဘက် ကွင်းပြင်ကြီးတွင် ပြုလုပ်၏။ အလျား တစ်မိုင် နှစ်ဖာလုံခန့် ရှိ၏။ ဘုရင်နှင့် မိဖုရား၊ သားတော်၊ သမီးတော်များ ရှုစားရန် ယာယီမဏ္ဍပ်များ ရှိရသည်။ မြင်းစီးရင်း လှံနှင့်ပစ်ရန် ပစ်မှတ်စက်ကွင်းတိုင်များ ရှိသည်။ အမြင့် ၂၅ တောင်၌ စက်ခွက်တစ်ခု၊ အတောင် ၄၀ ၌ တစ်ခု၊ အတောင် ၆၀ ၌ တစ်ခု၊ အဆင့်ဆင့် ရှိသည်။ စက်ခွက် အလယ်၌ အနီဝိုင်းတစ်ခုရှိရာ ထိုအတွင်း ထိမှန်ပါမှ အမှတ် ရသည်။

မြင်းကို စိုင်းနှင်ရင်း စက်ကွင်းရှိ အနီကွက်ကို လှံဖြင့် ပစ်ထိုးရန်မှာ လွယ်ကူသည့်အရာ မဟုတ်ချေ။ စက်ကွင်း ထိုးရာတွင် မြင်းကို ဒုန်းမစိုင်းရချေ။ ကွင်းတစ်ပတ် လေးဖက် လှလှ အသားကျအောင် စီးပြပြီးမှ အတောင် ၂၅ ရှိ စက်ကွင်းကို ထိုးရသည်။ ထိုးတိုင်းလည်း ထိသည် မဟုတ်။ လှံများမှာ အရိုးမရှည်လှချေ။ ၅ တောင်ခန့် ရှိ၏။ အဖျားတွင် ပန်းဖွားများ တပ်ဆင်ထား၏။ လှံကို လွှတ်လိုက်သည့်အခါ ထိုးတက်သွားပုံမှာ အလွန်ကြည့်ကောင်း၏။ စက်ကွင်းကို လှံစွဲသည့်အခါတွင် တစ်ကွင်းလုံး တစ်ခဲနက် သြဘာ ပေးကြသည်။ သို့သော် ၁၀ ကြိမ် ပစ်၍ တစ်ချက်မျှ မစွဲသူကား အရှက်ရလေသည်။

## လှေတပ်သား ပေါ်ကောင်း

စက်ကွင်းအမြင့် ၂၅ တောင်ကိုကား တော်ရုံတန်ရုံ အစွမ်းဖြင့် ထိုးနိုင်ကြသည်သာ။ သို့သော် အမြင့် အတောင် ၄၀ ထိုးရာတွင် ခက်ခဲလာ၏။ အမြင့် အတောင် ၆၀ ကိုမူကား သာမန်သူရဲကောင်းများ အနားမျှပင် မကပ်နိုင်ကြ။ ထိုစက်ခွက်ကို မော့ကြည့်ရာ၌ပင် မျက်စိ သီဝေလာတတ်သည်။

နေ့ခင်း စက်ကွင်းပစ်ပွဲ ခေတ္တရပ်နားချိန်တွင် လှေတပ်သား တစ်ယောက်က 'တစ်ချက်လောက် စမ်းပါရစေ' ဆိုကာ ဝင်လာ၏။ ပွဲမှူးက ထိုသူ၏ အင်္ဂါရပ်ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးစွာဖြင့် ခွင့်ပေးလိုက်၏။ ငပါကောင်း ခေါ် လေ့တော်သားက မဆိုင်းမတွ တစ်ဟုန်ချင်းပြေး၍ လှံကိုလွှတ်ရာ အတောင် ၆၀ စက်ခွက်တွင် လှံစွဲသွား၏။ ထိုအခိုက် မင်းတုန်းမင်းတရားကြီးက စက်ခွက်တွင်စွဲနေသော လှံကိုမြင်၍ အမေးတော်ရှိရာ 'ရွှေတုံးလေ့တော်သား ငပါကောင်း ဖြစ်ပါကြောင်း' လျှောက်ထားသည်နှင့် ထိုသူကို ခေါ်ကြည့်တော်မူသည်။ အပြင်အလျာကို သဘောတော်ကျသဖြင့် လေ့တပ်မှ နုတ်၍ မြင်းတပ်တွင် ဖြည့်တော်မူသည်။ ရာထူးလည်း ချက်ချင်း တိုးတက်သွား၏။

ထိုအခါ ဓားခုတ်ပြိုင်ကြရသည်။ မြင်းစီးရင်း ဘုရင့်ရှေ့တော်၌ စိုက်ထားသော ငှက်ပျောပင်၊ ကြံပင်များကို ဓားဖြင့် ဘယ်ပြန် ညာပြန် ခုတ်ရသည်။ တိတိရိရိ ပြတ်အောင် ခုတ်ရသည်။ ရေအိုးငယ်များ တင်ထားသော ငှက်ပျောပင် ငုတ်တိုများကို အပင်မလဲ၊ အိုးမမှောက်ဘဲ တည်ရှိနေလျှင် ဆုရကာ ဩဘာပေးကြသည်။

မြင်းဒုန်းစီးလာရင်း ဘုရင်၏ရှေ့တော်သို့ ရောက်သော် ရောက်သီးလုံးကို အထက်သို့မြှောက်၍ ပစ်ပေးလိုက်သည်။ မင်းသားက မြင်းစီးရင်းပင် လှံနှင့်ထိုး၍ ယူလိုက်သည်။ တစ်နည်းမှာလည်း မင်းသားများ မြင်း ၆ စီးတွဲ၊ ၇ စီးတွဲ ထွက်လာချိန်တွင် ရောက်သီးများ မြေပေါ်သို့ လှိမ့်ပေးလိုက်သည်။ ထိုရောက်သီးများကို မြင်းပြေးရင်းပင် မင်းသားများက လှံနှင့် ထိုးကောက်ယူကာ အထက်သို့ မြှောက်ပစ်လိုက်ရသည်။

အောက်သို့ကျလာသော ရောက်သီးများကို လှံဖျားဖြင့် ခံ၍ စိုက်ဝင်အောင် လုပ်ရသည်။ တစ်ခါတစ်ရံ လှံဖျားတွင် ပုတီးစေ့ သီထားသကဲ့သို့ ရောက်သီး ၁၀ လုံး၊ ၁၂ လုံး အထိ ရကြသည်။ ထိုသူများကို ဆုပေးတော်မူသည်။

**ပဝါဆု**

ဆုရသူများသို့ တစ်ပွဲပြီးလျှင် တစ်ကြိမ် ဆုပေးသည်။ ဆုရသူ၏ ရှေ့သို့ ရွှေဖလား၊ ငွေဖလား၊ သဇင်ပန်း စသည်တို့ကို ပစ်ပေးသည်။ တစ်ခါတစ်ရံ မိဖုရားကြီးကိုယ်တိုင် ပစ်ပေးသည်။ မိဖုရားကြီးပေးသော ရွှေကျင်ခပ် ပဝါကို ၃ ကြိမ်တိုင် ရသူသည် ထိုပွဲ၌ ချန်ပီယံပင် ဖြစ်သည်။ ပဝါကို ၃ ဆင့် အထက်အောက် စည်း၍ ထွက်လာသူအား တစ်ကွင်းလုံး ဆူညံသွားအောင် ဩဘာပေးကြသည်။

သဇင်ပန်းများကို မင်းသမီးများက ပစ်ပေးလိုက်သည့်အခါ ကောက်ယူ၍ နားတွင် ပန်ကြ၏။ သဇင်ပန်းမှာ နန်းသုံး တော်ဝင်ဖြစ်၍ သဇင်ပန်း ရသော မင်းသားသည် ထူးကဲသူပင် ဖြစ်၏။

မင်းညီမင်းသားများအတွက် အလွန်အရေးကြီးသော ပွဲ ဖြစ်၏။ ထိုပွဲတွင် မင်းတရားကြီး သဘောကျတော်မူပါက ဆုလာဘ်များသာ မက မြို့စား၊ ရွာစားလည်း ချက်ချင်း ခန့်အပ်တတ်သည်။ တစ်ခါတစ်ရံ မိဖုရားများက သဘောတော် ကျပါက သမီးတော်များနှင့် လက်ထပ်ထိမ်းမြားပေးပါရန် ရှင်ဘုရင်သို့ လျှောက်ထားတတ်၏။

ထိုအခါ သူရဲကောင်းကို ချီးမြှောက်ရမြဲ အစဉ်အလာ အတိုင်း မိဖုရားခေါင်ကြီး စကြာဒေဝီ၏ ရတနာ ၇ ပါး စီခြယ်သော ရွှေခါးစည်းကြီးဆုကိုလည်း ခံယူ ရရှိဖူးသည်။ စကြာဒေဝီ မိဖုရားခေါင်ကြီးသည် သူ၏ဝတ္တရားအရ ချန်ပီယံ သူရဲကောင်းကို စည်းကမ်းနှင့်အညီ ဆုချီးမြှင့်ရသည်တွင် သူ၏အဆောင်ထွက် မွေးစားသားတော်ကလေး ထိပ်တင်တုတ်အား ပေးနှင်းရသောအခါ အထူး နှစ်မြို့ဝမ်းသာခြင်း ရှိပေသည်။ ရွှေပွဲလာ နန်းတွင်းသူ အပျိုစင် မင်းသမီးကလေးတို့၏ ပါးစပ်ဖျားတွင်လည်း ရေပန်းစားလှသည်။

**မြင်းမှူးမင်းသား**

ထိုကဲ့သို့ အရည်ပြည့်မီသူ တူတော်ကလေးအား မင်းတုန်းမင်းကြီးက ၁၂၂၂ ခု၌ မြင်းမှူးမင်းသား ခန့်ထားတော်မူ၏။ ထိုအချိန်တွင် ထိပ်တင်တုတ်မှာ ၁၈ နှစ်သားအရွယ် ရှိလေပြီ။ မြင်းမှူးမင်းသားတိုင်း မြင်းစီးတော်ကြသည် မဟုတ်သော်လည်း ထိပ်တင်တုတ်မှုကား မြင်းစီး အလွန် ကျွမ်းကျင်လိမ္မာသည် ဟူ၏။ နောင် ၃ နှစ် အကြာတွင် မြင်းမှူးမင်းသား အဖြစ် ထူးချွန်ခြင်းကြောင့် "မင်းရဲသီရိရာဇာကျော်" ဘွဲ့ထူး ချီးမြှင့်ခံရသည်။

မြင်းမှူးမင်းသား၏ တာဝန်မှာ စစ်မက်အရေး ပေါ်ပေါက်လျှင် မြင်းတပ်တစ်တပ်ကို အုပ်ချုပ်မှူးကွပ်၍ ချီတက်တိုက်ခိုက်ရသည်။ မြင်းတပ်တို့မှာလည်း ကသည်းမြင်း၊ အဏ္ဏပတ်မြင်း၊ ရှမ်းမြင်း၊ ရဲဘက်မြင်း၊ နောက်တော်ပါးမြင်း စသဖြင့် ဖွဲ့စည်း မှည့်ခေါ်ထားရာ ၎င်းတို့အနက် တစ်တပ်ကို ဦးစီးတာဝန်ယူရခြင်း ဖြစ်၏။ မင်းညီမင်းသားတို့ကိုသာ ခန့်အပ်ခြင်းဖြစ်၍ မြင်းမှူးမင်းသားဟု ခေါ်တွင်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်မက် မရှိချိန်တွင် မြင်းမှူးမင်းသား၏ တာဝန်မှာ ဘုရင်မင်းမြတ်ရှေ့တော် ဝင်ရောက်ခစားခြင်း၊ ဘုရင် ထွက်တော်မူသည့်အခါ မြို့တွင်းက မြို့ပြင်သို့ ဦးစွာ ထွက်နှင့်ရသည်။ ဝင်တော်မူလျှင်လည်း မင်းမြတ် ရွှေနန်းတော်ရောက်ကြောင်း အမြောက်သံ ၃ ချက် ကြားရပြီးမှ မြို့တွင်းသို့ ဝင်ရသည်။

တစ်နှစ်လျှင် ဘုရင်က ညီလာခံပွဲတော် ၃ ကြိမ် ပြုလုပ်ရာသို့ မပျက်မကွက် ကန်တော့ဝင်ရ၏။ နယုန်လတွင် သုဓမ္မာဇရပ်အတွင်း ပါဠိစာပြန်ပွဲ ကျင်းပရာသို့ သွားရောက် ကြားနာရ၏။

အင်္ဂလိပ် ဂန္ထဝင်တွင် စာရေးဆရာကြီး ဝါလတာ စကော့ (Sir Walter Scott)ရေးသော အိုင်ဗင်ဟိုး (Ivanhoe) ခေါ် ရာဇဝင် ဝတ္ထုတစ်ပုဒ် ရှိသည်။ ထိပ်တင်တုတ်သည် အိုင်ဗင်ဟိုးကဲ့သို့ မြင်းခင်းသဘင် (Tournament)များတွင် အစွမ်းကောင်းသော မင်းပျိုမင်းလွင် ဖြစ်သည်။ ပိုလိုရိုက်ပွဲခေါ် ဂူလီသဘင်၊ ငှင်းပြင် သေနတ်ပွဲ၌ အတောင် ၁၀၀ အကွာတွင် ငွေဒင်္ဂါးကို ထောင်ထား၍ မှန်အောင်ပစ်ရသော ပွဲများလည်း ပါရှိရာ ထိုပွဲများ တစ်လကြာမှ ပြီးဆုံး၏။ တိုင်းပြည်အတွက် လွန်စွာ အရေးပါ အရာရောက်သော လူတော်လူကောင်း ရွေးပွဲသာလျှင် ဖြစ်၏။ ဤပွဲတို့မှ ထွက်ပေါ်လာသော မြန်မာ လူစွမ်းကောင်းတို့၏ သတ္တိဖြင့် မြန်မာပြည်သည် နှစ်ပေါင်း တစ်ထောင်ကျော် ကိုယ့်မင်းကိုယ့်ချင်းဘဝနှင့် နေနိုင်ခဲ့ခြင်း ဖြစ်သည်။

## ဦးတွန်၏ မြေး

ထိပ်တင်တုတ်သည် သူ၏မိခင်ဘက်မှ အလောင်းမင်းတရား၏ ရဲဘော် ၆ ကျိပ်ဝင် ထိပ်တန်းခေါင်းဆောင် ဦးတွန်ခေါ် မင်းခေါင်နော်ရထာမှ ဆင်းသက်သူ ဖြစ်ရာ ထိုသို့ အစွမ်းအစ ပြကာ အမျိုး၏ဂုဏ်ကို ဆယ်တင်နိုင်ခဲ့ပေသည်။ သူ၏ခမည်းတော် ပြည်မင်းသည်လည်း ဘုရင်၏သားတော် ဖြစ်သည်သာမက ထိုလူစွမ်းကောင်းကြီး ဦးတွန်၏ မြစ်တော် ဖြစ်၏။ ပြည်မင်းသားနှင့် ညီတော် ပခန်းမင်းသားတို့သည် ခမည်းတော်အတွက် စစ်ကြောင်း ၂ ခုဖွင့်ကာ နောင်တော်က စစ်ကိုင်းဘက်၊ ညီတော်က ရွှေကြက်ယက်ဘက်သို့ ရွှေဘိုမှ ချီတက် တိုက်ခိုက်ခဲ့ကြသည်။ ဤတွင် ဦးရီးတော် စစ်ကိုင်းမင်း (ဘကြီးတော်)နန်းကျကာ သာယာဝတီမင်း နန်းတက်ခဲ့သည်။

တစ်ချိန်က အင်းဝဘုရင် မင်းခေါင်၏ သားတော် မင်းရဲကျော်စွာသည် အသက် ၁၃ နှစ် အရွယ်၌ မင်းသားဗိုလ်မှူး လုပ်ကာ ရှုပ်ရှုပ်ချွံချွံ စစ်ရေးတာဝန်များ ထမ်းဆောင်ခဲ့၏။ ထိုအတိုင်းပင် ပြည်မင်း၏သားတော် သတိုးမင်းစော (အသက် ၁၇ နှစ်)နှင့် သတိုးမင်းဖျား (အသက် ၁၅ နှစ်) တို့မှာ ငယ်ရွယ်ချိန်၌ပင် တပ်မှူးတာဝန်ကို ထမ်းဆောင်ခဲ့ကြ၏။ ဦးတွန်၏မြေး၊ မြစ်များ ဖြစ်သည်ကို အထူးဂုဏ်ယူလေ့ရှိသည်။ 'ဦးတွန်ရဲ့ မြေး မြစ်တွေမို့ စစ်တိုက် တော်တာကွ' ဟု ချီးမွမ်းကြသည်။

ထိပ်တင်တုတ်မှာ နောင်တော်များ တပ်မှူးလုပ်ချိန်က ၃ နှစ်သားသာ ရှိသေးသည်။ သူတို့ကား ခမည်းတော် ပြည်မင်းနှင့်အတူ ကွပ်မျက်ခံကြရသဖြင့် မန္တလေးခေတ်တွင် အိမ်ရှေ့ ကနောင်မင်းသားကြီး သာလျှင် စစ်ရည်ဝသူ ကျန်ရှိတော့သည်။

*

ထိပ်တင်တုတ်ကို အင်္ဂလိပ်ဇာတ်လိုက် အိုင်ဗင်ဟိုးနှင့် နှိုင်းယှဉ်ခဲ့ရာတွင် မြင်းစီးတော်ရုံသာမက ချစ်ရေးကြိုက်ရေး၌လည်း မည့်မှုသာလျှင် ဇာတ်လိုက် ပီသပေမည်။ ဤအရည်အချင်းနှင့် ပတ်သက်၍လည်း ဇာတ်လမ်းပမာ တင်ပြစရာများ ရှိနေပေသည်။

သကြၤန်တော် အတာပွဲသဘင်၌ နန်းတွင်း တောင်ဥယျာဉ်တော်၌ မင်းသား၊ မင်းသမီးများ ရေပက်ကစားကြလေ့ ရှိသည်။ နန်းတွင်း အစဉ်အလာအရ စည်းလွတ် ဝါးလွတ် ကစားကြရသည် မဟုတ်ချေ။ အလယ်တွင် ကြိုးတန်းခြားလျက် တစ်ဖက်က မင်းသားအုပ်စုများနှင့် တစ်ဖက်က မင်းသမီးအုပ်စုများ မျက်နှာချင်းဆိုင် ပဝါတစ်ကမ်း အနေအထားတွင် ရေကစား ဖျန်းပက်ကြရခြင်း ဖြစ်သည်။ ဤနေရာတွင်လည်း ထိပ်တင်တုတ်တို့ လက်သွက်လှသည်။ မင်းသားအများစုတွင် သူက ကဲဟန်တူသည်။ တစ်ခုသော ရေသဘင်တွင် မင်းသမီးအုပ်စုမှ မင်းတုန်းမင်း၏သမီးတော် ချွန်းတောင်းထိပ်ခေါင်တင်ကမူ 'ဒီမင်းသားကဖြင့် ခေါင်ခေါင့်ကိုပဲ ငြီးပက်နေတော့တာပဲ' ဟူ၍ ညည်းညူဖူးသည်ဆို၏။ ထိပ်တင်တုတ်သည် မင်းသားပျိုများထဲတွင် ရုပ်ရည်သန့်ခြင်း၊ မြင်းစီးကျွမ်းခြင်း၊ အားကစား ထူးချွန်ခြင်းများကြောင့် ပေါ်လွင်ထင်ရှားသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## မာရီနာ ခေါ် မယ်ခင်

မင်းတရားကြီးနှင့် တောင်နန်းမတော် မိဖုရားခေါင်ကြီးတို့ ပွဲတော်တည်ချိန်တွင် အပါး၌ မင်းသား၊ မင်းသမီး၊ အပျိုတော်များ စသဖြင့် အလှည့်ကျခစားလျက် ပွဲတော်လိုက်ကြရသည်။ နိုင်ငံခြားဖြစ် သစ်သီးယိုစုံ၊ မုန့်မျိုးစုံတို့ကို ကလပ်နှင့် တင်လျက် ဆက်သကြရသည်။ နိုင်ငံခြား အပျိုတော်များအနက် အာမေနီယန် အမျိုးသမီး မာရီနာ (မြန်မာအမည် မယ်ခင်)ဆိုသူမှာ အသက်အငယ်ဆုံးဖြစ်၍ ထိပ်တင်တုတ်နှင့် မတိမ်းမယိမ်း ရှိလေသည်။ ၎င်းအပျိုတော်သည် ဂါဝန်ရှည်နှင့် မြန်မာဝတ်စုံကို ကြိုက်သလို ဝတ်ဆင်ခွင့် ရှိခဲ့သည်။

တစ်နေ့တွင် ဘုရင့်ရှေ့တော်၌ ခစားကြသော မင်းသားပျိုများ အချင်းချင်း လက်တို့ကာ၊ မျက်ရိပ်ပြကာ 'ဟိုကောင်မလေး ဘယ်သူ စ ရဲသလဲ'ဟု တစ်ဦးက စိန်ခေါ်သည်။ ဤတွင် ထိပ်တင်တုတ်က 'နောင်တော်တို့ အသာနေ၊ ညီညီ စ ပြမယ်'ဟု လက်ညှိုးထောင်ပြသည်။ ခဏကြာလျှင် မယ်ခင်တို့ ပြန်ကြလေသော် ထိပ်တင်တုတ် မင်းသားချောသည် မယောင်မလည် ထလိုက်သွား၏။ မတော်တဆလိုလိုနှင့် မာရီနာ၏ဂါဝန်အဖျားကို တမင် တက်နင်းထားလေ၏။

ဟန်ပျက်သွားသူ မယ်ခင်က 'ဒီမင်းသားက ဘယ်နှယ်ဟာလဲ၊ ကြည့်နင်းပါလား'ဟု မျက်စောင်းဖြင့် ကြိမ်းမောင်းလေသော် 'မတော်တဆပါ ခင်ရယ်၊ ခွင့်လွှတ်ပါ'ဟု ကပျာကယာ တောင်းပန်ကာ ဂါဝန်နားကို ဖုန်သုတ်၍ ပေးလေသည်။ ဤနည်းအားဖြင့် သူတို့ချင်း မိတ်ဆွေဘဝ၌ အခြေတည်မိလေတော့သည်။

မယ်တော်ပြည်ထိပ်ထားက စိတ်မကောင်းရှာချေ။ သားတော်သည် အသက် ၂၀ ရှိပြီဖြစ်၍ အိမ်ထောင်ပြုချိန်ရောက်ပြီ။ မတော်သူများနှင့် ဖြစ်မသွားစေချင်။ နိုင်ငံခြားသူများကို ရှောင်နိုင်က ရှောင်စေချင်သည်။

ပြည်ထိပ်ထား။ ။ လူလေးရယ်၊ နိုင်ငံခြားသူ မာရီနာ ဆိုတာနဲ့ ဘာလိုလို ကြားရတာ ဟုတ်သလား။

ထိပ်တင်တုတ်။ ။ ဟုတ်ပါတယ် မယ်မယ်၊ ဒါပေတဲ့ မင်းသားကြီးတွေက မြှောက်ပေးလို့ပါ။ ကစားကြတာပါ။

ထိပ်ထား။ ။ အေးကွယ်၊ ငါ့သားလေး အိမ်ထောင်ပြုချိန် ရောက်လာပြီ ဆိုတာတောင် မေမေက မေ့နေတယ်။ အမျိုး ဘာသာ ကွဲပြားသူနှင့်တော့ မဖြစ်စေချင်ဘူးပသားရယ်။

တုတ်။ ။ အလကားပါ ဆိုနေမှပဲ၊ လူငယ်ချင်း ကစားကြတာပါ၊ သားက မယ်မယ် စိတ်မချမ်းသာအောင် တစ်သက်လုံး မလုပ်ပါဘူး။

ထိပ်ထား။ ။ သာဓုကွယ်... သာဓု။

တုတ်။ ။ ဒါပေတဲ့ နန်းတော်ထဲမှာ နိုင်ငံခြားသူ မိဖုရားတွေလည်း ရှိနေတာပဲ။

ထိပ်ထား။ ။ ရှင်ဘုရင်က သိမ်းပိုက်တော့ တစ်မျိုးပ သားရယ်၊ အမျိုး ဘာသာ တိုးပွားရေး ဖြစ်လာတယ်။

တုတ်။ ။ ဒါမျိုးက မင်းသမီးများသာ သတိထားဖို့ကိစ္စ မဟုတ်လား မယ်မယ်ရယ်။ ဥပမာ–ရွှေအိမ်သည် မင်းသမီးက ပဋိက္ခရားကို ယူရင် မြန်မာပြည်ဟာ ကုလားနိုင်ငံဖြစ်သွားမှာမို့ ကျန်စစ်မင်းကြီးက တားဆီးခဲ့ရတယ်။ မင်းညီမင်းသားတွေ အတွက်တော့ သိပ်ဆင်ခြင်စရာလို့ မထင်ပါဘူး။ ဘိုးတော်၊ ဦးရီးတော်တို့ လက်ထက်မှာ ဝေသာလီပြည်၊ ကသည်းပြည်၊ တရုတ်ပြည် စတဲ့ မိဖုရားအဆောင်တော်တွေ ခပ်များများ ဖွင့်လှစ်ခဲ့ကြတယ် မဟုတ်ပါလား။

## ဆွေချင်းဆက်

ထိပ်ထား။ ။ ငါ့သားလေးကလည်း စကားကြွယ်လှပါပကော၊ မယ်တော့်စကားကို နားထောင်မယ် ဆိုရင်တော့ ရက်ကန်းတော်အုပ် မင်းသားကြီးရဲ့ သမီးတော်လေး "ထိပ်တင်ညွှန့်"နှင့် ဆွေချင်းမျိုးချင်း နေရာချထားချင်တယ်ကွယ်။

တုတ်။ ။ မယ်မယ် စိတ်ချမ်းသာမယ် ဆိုရင် သားတော်က ဘာမဆို လိုက်နာမှာပေါ့။ မင်းသမီးလေးက ချောတော့ ပိုကောင်းတာပေါ့။

ရက်ကန်းတော်အုပ် မင်းသားကြီးမှာ ဘိုးတော်ဘုရားမှ ဆင်းသက်၍၊ မြောက်သားတော် သုံးဆယ် မင်းသမီး ခင်အိုမှာ ဟံသာဝတီပါ အင်းဝမင်းတရားကြီးမှ ဆင်းသက်၏။ ခင်အို၌ ခင်ကောက်နှင့် ခင်ပု (ရွှေဘိုဝန်ကတော်) ခေါ် ညီမ ၂ ယောက် ရှိ၏။

မင်းတုန်းမင်း၏ အလယ်နန်းမတော် ဆင်ဖြူမရှင်ကိုယ်တိုင် စကား ကမ်းလှမ်းပေးချက်အရ လည်းကောင်း၊ ထိပ်တင်တုတ်မှာ ရာထူးလက်ရှိ ဘွဲ့ရမင်းသားဖြစ်၍ လည်းကောင်း ထိပ်တင်ညွှန့်၏ မိဘများက အလွယ်တကူပင် လက်ခံလိုက်ပါသည်။ ရွှေနှင့်မြ၊ နေနှင့်လ ဟူသကဲ့သို့ မြူ



www.burmeseclassic.com

www.burmeseclassic.com

# ဝိသာခါဖက်ရှင်



မလ္လိကာတန်ဆာ



သီပေါမင်းနှင့် စုဖုရားလတ်



ညောင်ရွှေစော်ဘွားကြီးနှင့် မဟာဒေဝီ

www.burmeseclassic.com

www.burmeseclassic.com



# သီပေါမင်းတရား

သီပေါမင်းသား

သီပေါမင်းနှင့် စုဖုရားလတ်



www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းတရား၊ စုဖုရားလတ်နှင့် ညီမတော် စုဖုရားကလေး

မန္တလေးကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် မကြာမီ ရိုက်ကူးခဲ့သည့်
ဟမ္ဗရှိုင်းယား ရဲဂျီးမင့် စစ်တပ်၏ ဓာတ်ပုံ (၁၈၈၅)



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်း၏ သမီးတော်
သီရိသုကေသာဒေဝီ ပင်းမြို့စား ထိပ်ခေါင်တင်



မင်းတုန်းမင်း၏ သမီးတော် ပင်တိုင်စံ
သီရိသုမြတ်စွာ ရတနာဒေဝီ စလင်းမြို့စား စုဖုရား



တိုင်တားထိပ်ခေါင်တင်



မိတ္ထီလာ စုဖုရား

www.burmeseclassic.com

www.burmeseclassic.com



မသမ်းသော ထိုမင်္ဂလာဆောင်ကို ကျင်းပရုံသာ ရှိချေတော့သည်။ မင်္ဂလာမဏ္ဍာပ်ပင် ပန္နက်ရိုက်နေလေပြီ။ ထိုအချိန်တစ်နေ့သော နံနက်ခင်းတွင် သုံးဆယ်မင်းသမီးကြီးသည် ပန်းခူးရာမှ ပြန်အလာ အပြင်းအထန် ဖျားနာကာ ရုတ်ခြည်းကွယ်လွန်သွား၏။ ထို့ကြောင့် မင်္ဂလာပွဲကို အကန့်အသတ်မရှိ ရက်ရွှေ့လိုက်ရသည်။

## ရည်းစားလုဘက်

သတို့သား ထိပ်တင်တုတ်မှာ ထိုအချိန်ပိုင်းတွင် အတော်ပင်နေမထိ၊ ထိုင်မသာ ယောင်ချာချာ ဖြစ်ရသည်။ ထိုအချိန်က တောင်ပြင်တွင် နေထိုင်လျက် ရှိနေသူ အာမေနီယန် အပျိုတော်ကလေး မယ်ခင် အိမ်သို့ အပျင်းပြေ အလည်သွားရောက်မိသည်။ မယ်ခင် ခေါ် မာရီနာမှာ နိုင်ငံခြားသူပီပီမြန်မာမကလေးများနှင့် မတူ၊ တစ်မူထူးသော အလှပိုင်ရှင်ဖြစ်လေရာ ကာလသား လောကတွင် စန်းပွင့်ချိန် ဖြစ်ပေမည်။

မန္တလေးမြို့ တောင်ပြင် သူဌေးသားကလည်း မယ်ခင်ထံ အချိန်မှန်လာ၍ လူပျိုလှည့်လေ့ရှိရာ တစ်ညသ၌ ထိပ်တင်တုတ်အဖွဲ့နှင့် ရင်ဆိုင်တွေ့ကြတော့သည်။ သူကားနန်းတွင်းမှ တိတ်တဆိတ် ခိုးထွက်လာရသူ ဖြစ်ရာ အခြွေအရံ နည်းနည်းသာ ပါရှိသည်။ ဤသို့လျှင် မင်းသားနှင့် သူဌေးသားတို့သည် ရည်းစားလုဘက် ဘဝ၊ "မ"ကိစ္စတွင် မလွှဲမသွေ ရန်ပွဲခင်းကြလေရာ ယင်းအချိန်က အခြွေအရံနည်းပါးသူ မင်းသားဘက်မှ အရေးနိမ့်ရလေ၏။

ထိုသတင်းမှာ ဖုံးဖိ၍မရဘဲ မင်းတုန်းမင်းကြီး ရွှေနားတော် ကြားလတ်သော် ထိပ်တင်တုတ်အား ကြေးတိုက်၌ ချုပ်နှောင်ထားစေသည်။ တူတော် မြင်းမှူးမင်းသားသည် မင်းသားပီပီ လူရိုသေအောင် မနေတတ်ဘဲ အရပ်ထဲ သွားရှုပ်သည်ကို ခွင့်မလွှတ်နိုင်ချေ။ ဘုရင့်အမိန့်တော်ဖြစ်၍ မယ်တော်နှင့် အစ်မတော်တို့မှာ ကျိတ်၍ မျက်ရည်ကျရုံမှအပ ဘာမျှ မတတ်နိုင်ပေ။

## လူပါး၀တဲ့ သူဌေးသား

ထိုရက်အတောအတွင်း မာနတံခွန်လွှင့်လိုသူ တောင်ပြင်သူဌေးသား၌ နောက်ထပ် တစ်မူ ပေါ်ပေါက်ပြန်လေ၏။

ဤတစ်ကြိမ် ရန်ပွဲ၌ သူဌေးသားနှင့် တွေ့သူမှာ နန်းတွင်းအထိန်းတော်ကြီးတစ်ဦး၏ သားဖြစ်သည်။ ထိုရန်ပွဲတွင် သူဌေးသားက အထိန်းတော်ကြီးသားအား ကြိမ်းမောင်းသည်မှာ 'ငါက မောင်မင်းကို သျှောင်ဆွဲလှည့်ပြီး တံတောင်နှင့် ထောင်းဆုံးမဖို့ ကောင်းသော်လည်း ငါ့တံတောင် သနသွားလိမ့်မည်။ ငါ့တံတောင်သည် အညတရ မဟုတ်၊ ရှင်ဘုရင့် တူတော်ကိုသာ ထောင်းဖို့ ထိုက်တန်သည်။ မောင်မင်းလောက်မျှကို မထောင်းလိုသေး' ဆို၏။ ထိုအခါ အဆိုခံရသူ၏ မိခင် အထိန်းတော်ကြီးက မခံမရပ်နိုင်ဖြစ်ကာ မင်းတုန်းမင်းကြီး ထံဘော်မှောက်၌ ခြေတော်စုံကိုဖက်၍ 'ဘုရားကျွန်မခံပြင်းလှပါတယ် ဘုရား၊ ဒီသူဌေးသားက ရှင်ဘုရင့်တူတော်မှ ထောင်းချင်သတဲ့ ဘုရား၊ ဖျားကျွန်မသားနဲ့ အဖက်မတန်ဘူးတဲ့' စသဖြင့် ငိုယို လျှောက်ကြားလေ၏။

ထိုအချိန် မင်းတုန်းမင်းကြီး၏ အပါးတော်တွင် အနောက်နန်းမိဖုရားကြီး ခစားလျက်ရှိနေရာ 'ယင်းအချက်များ မှန်ပါကြောင်း၊ ထိပ်တင်တုတ်နှင့် ရန်ပွဲမှာလည်း ထိပ်တင်တုတ်ဘက်က အလွန်မဟုတ်ကြောင်း၊ ဒီသူဌေးသားကိုက မိုက်ရိုင်း စော်ကားတတ်ကြောင်း'များကို ထောက်ခံလျှောက်ထားလေ၏။

ဤတွင် မင်းတရားကြီးက 'မိမိတို့က အခုမှ လျှောက်တင်တာကိုး၊ ကောင်လေး အခု မြန်မြန်လွှတ်လိုက်ပြီး အခစား ၀င်ပါစေ'ဟု မိန့်တော်မူလေသည်။

ထိပ်တင်တုတ်သည် ကြေးတိုက်မှ ချက်ချင်းထွက်ရပြီး ရှေ့တော်သို့ ၀င်ရလေ၏။ ဘုရင်က ဖြစ်ပျက်ပုံ အလုံးစုံကို မေးမြန်းတော်မူပြီးနောက် 'နှုတ်ရော လက်ပါ စော်ကားလွန်ကျူးသူ တောင်ပြင်သူဌေးသားအား မောင်းကျော်၍ ဆုံးမစေ'ဟု အမိန့်ချမှတ်တော်မူလေ၏။

ထိုအမိန့်မှာ တရားခံကို နှောင်ကြိုးတည်းကာ လေးပြင် လေးရပ် မောင်းတီးကြေညာ၍ ရိုက်နှက်ဆုံးမစေခြင်းဖြစ်သည်။ သူဌေးသားကို ထိုသို့ဒဏ်ခတ်ရာ လမ်းဆုံလမ်းခွ ၄ နေရာခန့်တိုင် ရောက်လျှင် အသက်ပျောက်လေ၏။ မာန်မာန ထန်သလောက် နှုတ်ဖွေဆိုးခြင်း၏ ရလဒ်ပေတည်း။

## နာမည်ပျက် မင်းသား

ထိပ်တင်တုတ်သည် သတို့သားလောင်း ဖြစ်သောကြောင့် စေ့စပ်ပြီး သတို့သမီးအိမ်သို့ ၀င်ထွက်လည်ပတ်ရန် အခွင့်အရေးရှိခြင်း မှန်ပါ၏။ သို့သော် ယခုကဲ့သို့ တောင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားနှင့် လူသိရှင်ကြား အမူဖြစ်ပွားလေရာ သူ့နာမည်ကို အမည်းစက် တင်သွားရတော့သည်။ ဘုရင်ကိုယ်တော်တိုင် စီရင်ပေးသောကြောင့် သူ့၌ အပြစ်ကင်းကြောင်း ပေါ်လွင်သော်လည်း သူ့နာမည်သည် ချက်ချင်း ပြန်ကောင်း မလာပါချေ။

ဤအချိန်တွင် သူ၏ ယောက္ခမလောင်း ရက်ကန်းတော်အုပ် မင်းသားကြီး ထိပ်တင်ဖိုးက တစ်ပင်လဲမှ တစ်ပင်ထူသည့်မူအတိုင်း ကွယ်လွန်သူ သုံးဆယ်မင်းသမီးကြီး၏ ညီမလတ် (ခင်ကောက်)နှင့် လက်ဆက်သည်။ ထိပ်တင်ညွှန့်၏ အဒေါ်ရင်း အနေမှ ဒုတိယမိခင်ဘဝ ရောက်လာသော ခင်ကောက်သည် ပင်ကိုက တူမလေးကို ချစ်ခင်ခဲ့ခြင်း မှန်၏။ သို့တစေ မိထွေးနှင့် လင်ပါသမီး အဖြစ်တွင်မူကား မူလ စိတ်ရင်းက ပြောင်းလွဲသွားလေပြီ။

ခင်ကောက်သည် စိတ်ရင်းကလည်း ခပ်ကောက်ကောက် ဖြစ်လေမည်လား မသိ။ တူမသမီး ကြီးပွားမည်ကို မရှုဆိတ်နိုင်ပေ။ ထိုအခါ 'ဒီမင်းသားက မိန်းမမှုပွေတယ်၊ ရေရှည်ဆိုရင် သမီးလေး စိတ်ဆင်းရဲမှာပဲ။ သူနဲ့ လွဲကာသည့်ထက်သာသူ ရှာပေးစားမှာပေါ့'ဟူသော စကားမျိုးသုံးကာ အကျိုးလိုဟန်ဖြင့် အဆိုးကို ဖန်လေ၏။

ရက်ကန်းတော်အုပ် မင်းသားကြီးမှာ သမီးလေး၏ အိမ်ထောင်ရေးတွင် ပြတ်သားသူ မဟုတ်ပါ။ သူဌေးသားနှင့် ဟိုးလေးတကျော် အမူဖြစ်ထားသော သမက်လောင်း ဝင်ထွက်နေခြင်းကို ရှက်မိသည့်အပေါ်တွင် နောက်ဇနီးက အပြီးမလိုလားကြောင်း ပြောလေသော် 'ဒီမင်းသားနဲ့ မပေးစားနိုင်တော့ဘူး'ဟု ဆုံးဖြတ်တော့သည်။

## ကယ်တင်ရှင် ဒေါ်ပု

ဤအကြောင်းများကို ရပ်ဝေးမှ ကြားသိရသော ရွှေဘို ဝန်ကတော် ဒေါ်လေးခင်ပုသည် မန္တလေးသို့ အပြေးလိုက်လာသည်။ သူ့သဘောက တစ်မျိုးတည်း။ 'အားလုံး အပြီးအစီးသေချာပြီးခါမှ ဒီလိုဖြစ်ရရင် မိန်းကလေး နစ်နာမှာပေါ့။ ထိပ်တင်တုတ် အပျိုတော်ဆီ လည်ပတ်တာက အပျော်ပေါ့၊ ရှိပါစေ၊ အကြောင်း မဟုတ်ဘူး။ တူမလေး နာမည်အပျက် မခံနိုင်ပါ။ ဒီအရေးကို အစ်မတော်ကိုယ်တိုင် စီစဉ်ခဲ့တာ'ဟု သူ့အာဘော်ကို ဖွင့်ဟသည်။

တူမချော၏အတွင်းသဘောကို တီးခေါက်ကြည့်ပြန်သော် "ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ထိပ်တင်တုတ်" အပေါ်တွင် ထားမိသည့် မေတ္တာမဏ္ဍိုင်မှာ ရွေးမှ မလျော့သေးကြောင်း အမှန်အတိုင်း ရိပ်မိလေ၏။

ဤတွင် 'စီစဉ်ပြီးအတိုင်း ပေးစားကြမှ ဖြစ်မှာပေါ့၊ အစ်မတော် သဘောတူခဲ့ပြီးတာကို ကဖျက်ယဖျက် မလုပ်ကြပါနဲ့၊ ခင်ပုတဲ့... တစ်ပုတည်း ရှိတယ်၊ ပြောမရရင်တော့ မင်းတရားကြီး ရှေ့တော်အထိ တက်မယ်၊ ဒါပဲ'ဟု ကြိမ်းမောင်းလေ၏။

ရက်ကန်းတော်အုပ် မင်းသားကြီးနှင့် ဇနီး ခင်ကောက်တို့မှာ နေ့စဉ် နန်းတော်ကြီးသို့ အခစား ဝင်ကြရလေရာ ညီမတော်ခင်ပုကလည်း ထိုကဲ့သို့ ကြိမ်းဝါးနေ၍ ဘာလုပ်ရမည် မသိချေ။ သမီးကို အခန်းတွင်း၌ သော့ခတ်ထားပြီး ဝတ္တရားအရ နန်းတော်သို့ သွားကြ၏။

တစ်ပုတည်းရှိသော ရွှေဘိုမြို့ဝန်ကတော် ခင်ပုသည် ယင်းအခန်းသော့ကို ရအောင်ယူပြီး ထိပ်တင်ညွှန့်ကို လွတ်မြောက်စေသည်။ အလွန်ခြေသွက်သော ဆင်တစ်စီးသည် ထိပ်တင်တုတ်နှင့် ထိပ်တင်ညွှန့်တို့ကို သယ်ဆောင်ကာ မတ္တရာလမ်းမှ ရွှေဘိုမြို့သို့ အပြင်း ချီတက် ထွက်ပြေးကြောင်း ကြားသိကြလေသတည်း။

## ရွှေနားတော်ကြား

ညနေမှ နန်းတွင်းမှ ပြန်ရောက်လာကြသော ထိပ်တင်ညွှန့်၏ မိဘများသည် အကြောင်းစုံကို အချိန်နောက်ကျစွာ သိရပြီး ဆွေမျိုးများနှင့် တိုင်ပင်ရင်း နေဝင်သွားလေသည်။ ထိုအတောအတွင်း ထိပ်တင်တုတ်တို့ အကျိုးတော်ဆောင် အနောက်နန်း မိဖုရားကြီးသည် မင်းတုန်းမင်းကြီးထံ ဦးစွာ ဝင်ရောက်ရင်း သတင်းအစုံကို လျှောက်ထားနေလေပြီ။

ဘုရင်။ ။ သူ့မိခင်က သဘောတူခဲ့ပြီးလား။

အနောက်နန်း။ ။ မိခင် သုံးဆယ်မင်းသမီးကိုယ်တိုင် သဘောတူစီစဉ်ပေးပြီးမှ ကွယ်လွန်သွားရခြင်းပါ။ ဖခင်နှင့် မိထွေးက ယခုမှ မပေးစားနိုင်ဘူး ဖြစ်နေလို့ ရွှေဘိုက ဒေါ်လေးခင်ပုကိုယ်တိုင် လာပြီး ဆောင်ရွက်ခြင်းပါ။

ဘုရင်။ ။ မအေက သဘောတူခဲ့ပြီးတာကို ငါ့ဆီကို ဘာတင်စရာလိုသလဲ၊ ငါ့တူတော်ကိုများ ဒင်းတို့ ငြင်းစရာလား။

အထက်ပါအတိုင်း မင်းတရားကြီးက မိန့်မြွက်တော်



www.burmeseclassic.com

www.burmeseclassic.com



မှုခြင်းကို သတို့သမီးဘက်မှ ကြားသိလေသော် ဆင်နှင့်ပြေးသူများအား 'ပြန်လာကြပါ၊ ပေးစားပါမည်'ဟူသော ကတိစကားနှင့် အမြန် လိုက်ခေါ်ရလေသည်။

ထိပ်တင်တုတ်နှင့် ထိပ်တင်ညွှန့်တို့၏ မင်္ဂလာအခမ်းအနား ကျင်းပချိန်တွင် ရေပန်းစားသော ပြက်လုံးစကားရပ်ကား–

"လူတကာ လင်နေတော့ ရွှေနားတော် မကြား၊ မဖုန်းသာ လင်နေမှ ရွှေနားတော်ကြား"ဟူသော အရပ်စကားကို မရပ်မနား ပြောကြ၏။ ဆိုလိုသည်မှာ အများသူငါ ထိမ်းမြားမင်္ဂလာ ပြုကြသော်ငြား ဘာမျှ မထူးခြား၊ ဘုန်းကံသာသူ ထိပ်တင်ညွှန့်၏ အချစ်ရေး ကျခါမှ ဘုရင့်ရွှေနားတော် ကြားတော့သည် ဟူ၏။

*

## [၂] အမေငြိမ်း ပြန်လာပြီ

ထိပ်တင်တုတ်အား ကလေးဇာတ်လိုက် အသွင်ဖြင့် တစ်မျိုး၊ မြင်းမှူးမင်းသားအဖြစ်နှင့် တစ်ဖုံ မြင်တွေ့ခဲ့ရလေပြီ။ ကုန်းဘောင်ခေတ် အဆက်ဆက်တွင် တကယ့်မင်းသားအစစ် မဟာသွေး မဟာနွယ်များသည် ရာဇဝင်ဇာတ်ခုံပေါ်၌ ရသမျိုးစုံ ပါဝင်သော အလွမ်း၊ အကြမ်း၊ အနု၊ အညှု၊ အတိုက်၊ အခိုက်၊ အမိုက်၊ အရမ်း စသော ဇာတ်လမ်းမျိုးစုံ ခင်းကျင်းခဲ့ကြပေသည်။ ထီးမွေ နန်းမွေ လုယက်ရာတွင် ထိပ်တင်တုတ်အနေဖြင့် မပါဝင်သော်လည်း သူသည် ထိုခေတ်၊ ထိုစနစ်၏ သားကောင်အဖြစ်နှင့်ကား တဝကြီး ခံလိုက်ရပေသည်။

"ကိုယ်တွေ့သည် လုပ်ဇာတ်လမ်းထက် ဆန်းကြယ်သည်" (Truth Is Stranger Than Fiction) ဟူသော အင်္ဂလိပ် စကားပုံအရ "ကုန်းဘောင်နန်းတွင်း ဇာတ်တော်မဟာ" တွင် အရေးမကြီးလှသော ထိပ်တင်တုတ်၏ အတ္ထုပ္ပတ္တိမှာ အခြားသော မင်းသား ဇာတ်လိုက်များထက် လျှို့ဝှက်သည်းဖို ရသပိုလျက် ရှိပေသည်။ ယခုလည်း သူ့အကြောင်း ဆက်ရန် ရှိပေသေးသည်။

ပဒေသရာဇ်ခေတ်၏ သဘောစရိုက်သည် ကမ္ဘာအရပ်ရပ်၌ အသွင်တူညီသည့်အတိုင်း ဥရောပ၌ Noblese Oblige ဟုခေါ်သော "သခင်တို့၏ဝတ္တရား"ကို အရှေ့နိုင်ငံတို့၌လည်း ခံယူကျင့်သုံးကြသည်ကို တွေ့ရ၏။ အရှင်သခင် လူတန်းစားနေရာကို ယူထားသူများသည် တိုင်းပြည်၌ အန္တရာယ်ရှိသောအခါ ထိပ်တန်းမှနေ၍ ပြည်သူလူထုကို ကာကွယ် စောင့်ရှောက်ရပေမည်။ သာမန်ကာလ၌ကား "မကောင်းသူ ပယ်၊ ကောင်းသူ ကယ်" ဆိုသော ဆောင်ပုဒ်နှင့်အညီ တရားမျှတမှုနှင့် ငြိမ်ဝပ်ပိပြားရေးကို အားပေးကြရပေမည်။ ခေါင်းဆောင်ပိုင်း၌ ထိုဆောင်ပုဒ်နှင့်အညီ လူတော်လူကောင်းများ တိုးပွားစေရန် ရှေးခေတ်က မြင်းခင်း၊ ဆင်ခင်း သဘင်များ ကျင်းပခြင်း ဖြစ်လေသည်။

ကုန်းဘောင်ခေတ် နောက်ပိုင်းတွင် ကမ္ဘာအရပ်ရပ်၌ လှည်းခေတ်၊ လှေခေတ်၊ ဓားခေတ်၊ လှံခေတ်တို့မှ စက်မှုလက်မှု ခေတ်သစ်သို့ ကူးပြောင်းလျက် ရှိနေချေပြီ။ ထို့ကြောင့် မြန်မာတို့၏ ရှေးမူရှေးဟန် ပြပွဲပြိုင်ပွဲတို့မှာ မင်းတုန်းမင်းခေတ်တွင် ရိုးရာမပျက်သေးသော အတောက်ပဆုံးအချိန် ဖြစ်ခဲ့၏။ ထိပ်တင်တုတ်သည် မြင်းခင်း၊ ဆင်ခင်းပွဲများ မဖျက်သိမ်းမီ နောက်ဆုံး မြင်တွေ့ရသော မြင်းမှူးမင်းသားဟူ၍လည်း မှတ်ယူထိုက်၏။

အမေရိကန်ပြည်သို့ လူဖြူများ ဆိုက်ရောက်လာသောအခါ တိုင်းရင်းသား လူနီတို့၏ ရိုးရာယဉ်ကျေးမှုများ ပျက်ပြားကုန်၏။ မွန် မြန်မာတို့လည်း နယ်ချဲ့ခေတ်၌ ဤအတိုင်းပင်။ အမေရိကန်၌ ပြူဘလိုအုပ်စု (Pueblo)၊ အိရိုကီအုပ်စု (Iroqui) စသဖြင့် တိုင်းရင်းသား လူမျိုးစုများရှိရာ မိုဟီကင်အုပ်စု (Mohican)ကမူ စိတ်ဓာတ်မကျဘဲ ဝံသာနုလမ်းစဉ်ကိုသာ ကျင့်သုံးနေခဲ့သည်။ ထိုသဘောထားကို "ကူးပါး"ဆိုသူ လူဖြူ စာရေးဆရာက သဘောကျကာ "အထီးကျန် မိုဟီကန်"(The Last of The Mohicans)ခေါ် စာအုပ် ရေးခဲ့၏။

*

စကြာဒေဝီ မိဖုရားခေါင်ကြီးနှင့်တကွ သူ၏ဒုက္ခသည်စခန်းခြံပေါက်များအားလုံး ကောင်းစားသွားချိန်တွင် တစ်ချိန်က "ကလေးကို ပိုက်၍ ပြေးရသူ" ဒေါ်ငြိမ်းသာကား ဘယ်ရောက်နေပြီနည်း။ ကျန်ရစ်သားကလေး ထိပ်တင်တုတ်၏ အထိန်းတော်ကား မင်းပြစ်မင်းဒဏ်သာမက ကုလားဘိုင်ဆပ်၏ ရန်ငြိုးကိုလည်း ကြောက်လန့်ကာ ဒုတိယမွိ သူတစ်ကိုယ်တော်ပင် ကိုယ်လွတ်ရုန်းခဲ့ရရှာသည် မဟုတ်လော။

ဒေါ်တင်တင်မေ၏ ပြောပြချက်အရ ရွှေဘိုဒေါ်မိမိကြီး ရေးမှတ်သော ထိပ်တင်တုတ်၏ စွန့်စားခန်းများကို ဇာတ်လမ်းပမာ နိဂုံးချုပ်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်တုတ်သည် အိမ်ထောင်သည် ဖြစ်လာပြီး နောက် သူ့ဘဝမှာ ပိုမို တည်ငြိမ်သလို ရှိသည်။

မြင်းမှူးမင်းသားအဖြစ် နေ့စဉ် နန်းတွင်းညီလာခံသို့ တက်ရောက်ရသည်။ ထိပ်တင်ညွှန့်နှင့် စုံဖက်ပြီး ၃ နှစ်ခန့် ကြာသော် သမီးဦးကလေး ဖွားမြင်လေ၏။

မယ်တော် ပြည်ထိပ်ထားမှာ မိဖုရားခေါင်ကြီး စကြာဒေဝီ၏ တောင်နန်းမတော်ဆောင် အနီးတွင် အဆောင်ရသောကြောင့် သမီးတော် ပြည်ထိပ်ခေါင်တင်နှင့် အတူ စံနေရသည်။ ပြည်ထိပ်ခေါင်တင်မှာ ကန္နီမင်းသမီး၊ ပခန်းမင်းသမီးများနှင့်အတူ မင်းတုန်းမင်းတရားကြီး၏ အလှည့်ကျ ကွမ်းအုပ်တော်ကိုင်များ ဖြစ်သောကြောင့် တာဝန်ကျရာ အချိန်တွင် အတွင်းတော်၌ ခစားကြရသည်။

ထိုနည်းအတူ မြတောင်မင်းသမီး၏ သမီးတော်များ ဖြစ်ကြသော မင်းမြတ်စိုးနှင့် မင်းမြတ်လှတို့မှာလည်း ပင်မြိုင်ခင်လေး (ကုန်းဘောင်ဆက် မဟာရာဇဝင်ရေးသူ ဦးမောင်မောင်တင် K.S.M., A.T.M ၏ အစ်မ)နှင့် အတူ တောင်နန်းမတော် မိဖုရားခေါင်ကြီး၏ ကွမ်းအုပ်တော်ကိုင်များ ဖြစ်ကြ၍ နန်းတွင်း၌ပင် နေထိုင်ကြလေသည်။

ယင်းတို့သည် နန်းမြို့တွင် နေကြသူချည်း ဖြစ်၍ တစ်အိမ်နှင့်တစ်အိမ် လွန်စွာ မဝေးကြပေ။ ပြည်ထိပ်ထားသည် သားတော် ပြည်ထိပ်တင်တုတ်၏ အိမ်သို့ မကြာခဏ အလည်ရောက်လာကာ မြေးမကလေးကို ယုယစွာ ချီပိုးလေ့ ရှိပေသည်။

ဘဝ၏ ထိုးနှက်ခဲ့သော ဒဏ်ရာဒဏ်ချက်များကား ယခုအချိန်တိုင် အကင်းမသေသေးပါ။ ပကတိ မပျောက်သေးပါ။ အချိန်တည်းဟူသော ဆေးသမားသည် ပြည်ထိပ်ထား၏ စိတ်နှလုံးကြေကွဲမှု ဒဏ်ရာအတွက် ဆေးကောင်း တစ်လက် ဖြစ်သော မြေးကလေးဖြင့် ကုစားပေးလေရာ များစွာ သက်သာရ ရပေသည်။

သူတို့ သား မယ်တော်တစ်စု ဆုံမိကြလျှင် ရံဖန်ရံခါ မငြိမ်းသာအကြောင်းကို ပြန်ပြောင်း ပြောမိကြလေသည်။ ပြည်ထိပ်ထားက 'သားတော်ကို မယ်တော်က မွေးခဲ့သော်လည်း မငြိမ်းသာ အသက်စွန့် ကယ်လိုသာ ချမ်းသာရတော့သည်။ ဒါကြောင့် သင်းပေးသည့်အသက်သာ ကျန်ရှိကြောင်းနှင့် ယခုထိ သင်း မြုပ်ချက်သား ကောင်းသည်မှာ ရှိမှ ရှိဦးမည်လား'ဟု ကရုဏာဖြင့် မြွက်ကြားလေ့ရှိသည်။

ပြည်ထိပ်ထား ယူဆသကဲ့သို့ မငြိမ်းသာ မသေသေးပါ။ ကျန်းမာစွာ ရှိပါသည်။ ရှင်ဘုရင်ထက် ပိုမိုကြောက်ရသော ဘိုင်ဆပ်ကြောင့် မငြိမ်းသာ ပြေးလိုက်သည်မှာ နေပြည်တော်နှင့် အဝေးကြီး ရောက်သွားတော့သည်။ သို့သော် နေပြည်တော်မှ သတင်းများကို ထာဝစဉ် နားစွင့်နေသောကြောင့် ထိပ်တင်တုတ်သည် သူ၏မယ်တော်ရင်ခွင် ပြန်ရောက်သွားကြောင်း၊ ပုဂံမင်း၏ ရာဇပလ္လင်ကို မင်းတုန်းမင်း ထိုင်တော်မူကြောင်းများ အားလုံး ကြားသိပြီး ဖြစ်ချေသည်။

သို့တစေ ပြည်ထိပ်ထား မိန့်မြွက်သလို ပျောက်ချက်သား ကောင်းနေသည်မှာကား အမှန်ပင် ဖြစ်တော့သည်။ မင်းခစား ဘဝ၏ အသက်အန္တရာယ် နီးကပ်လှပုံကို ကြောက်ဒူးတုန်နေ၍ပင်လော၊ သို့တည်းမဟုတ် အရွယ်ကောင်း ရှိသေးသည့် မိန်းမသားဖြစ်၍ သူ့ဘဝ တစ်ဆစ်ချိုး ခရီးကလေးများ အတွေ့အကြုံ ရခြင်းကြောင့်လော ဟူသည်မှာ တွေးတောစရာကလေးများပင် ဖြစ်သည်။

မည်သို့ဆိုစေ မငြိမ်းမှ အမေငြိမ်းသာ အရွယ် ဖြစ်လာချိန်အထိ ငယ်စဉ်က ကျင်လည်ကျက်စားခဲ့ရသော

ကလေးပိုက်၍ ပြေးရသူ။





www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းခလေ့တို့ကို မမေ့သေးပါ။ သံယောဇဉ် ငြိဆဲပင်။ တစ်ခါတစ်ရံ "ဪ ငါ့သားကလေး ခုနေဆို လူပျိုစို့ကလေး ဖြစ်ရော့မယ်၊ အမေငြိမ်းကို တွေ့ရင် အရင်ကလို ချစ်မှ ချစ်ခင်ပါဦးမလား" စသည်ဖြင့် သူ ရောက်ရာအရပ်မှ တွေးစ ရှည်လျားမိတတ်သေးသည်။

ဒေါ်ငြိမ်းသာသည် မင်းနေပြည် အမရပူရ ရွှေမြို့တော်တွင် ငယ်စဉ်က နှစ်ရှည်လများ နေခဲ့ဖူးသူ ဖြစ်လေရာ တောရွာများမှ ဆွေမျိုးမိတ်သင်္ဂဟတို့အတွက် နေပြည်တော်ကြီးနှင့် နန်းတွင်းမှ ဖြစ်ရပ် ဇာတ်လမ်းတို့ကို ဗဟုသုတ ဖြန့်ဖြူးပေးသည့်သူ ဖြစ်နေရတော့သည်။

အမရပူရမြို့တော်မှ မန္တလေးရတနာပုံ နေပြည်တော်သို့ ထီးနန်းရွှေ့ပြောင်း စိုက်ထူသော မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် ရှေးကနှင့်မတူ တစ်မူခြားနားစွာ စက်ရုံတော် အမျိုးမျိုး၊ မီးခိုတလူလူဖြင့် ကုန်မျိုးစုံ ထုတ်လုပ်လျက် ရှိနေကြောင်း၊ ရှေးက မမြင်ဖူးသည်များကို ရင်သပ်ရှုမော အံ့သြစဖွယ် မြင်တွေ့ကြရကြောင်း စသဖြင့် ဒေါ်ငြိမ်းတို့ ဒေသရပ်ရွာအထိ သတင်းစကား ကြားသိရသည်။

ထိုအခါ ရွှေမြို့တော်ကြီးကို ဘုရားဖူးရင်း လည်ပတ်ရန် သွားရောက်လိုသော သားချင်း ဆွေမျိုးတစ်သိုက်ကို ဒေါ်ငြိမ်းက ခေါင်းဆောင်ကာ တစ်ခုသော မိုးနှောင်းရာသီ၌ လာရောက်ကြလေသည်။

သူတို့အုပ်စုသည် မဟာမြတ်မုနိ ဘုရားကြီးနှင့် မန္တလေးတောင်ပေါ်ရှိ ဘုရားများကို လှည့်လည်ဖူးမျှော်ကြပြီးနောက် အမေငြိမ်းက နန်းမြို့တွင်းသို့ဝင်ကာ ကြည့်ရှုလေ့လာကြရန် ပြောပြသည်။ ဤတွင် သူ၏နောက်ပါး ဘုရားဖူး အဖွဲ့မှာ တောသူတောင်သားများ ဖြစ်ကြသည့်အတိုင်း ဘုရင့် ရွှေအိမ်ရွှေနန်း အနီးသို့ ချဉ်းကပ်ရန် မဝံ့ဘဲ "ဖြစ်ပါ့မလား" ဟု ကြောက်အားပိုကြလေသည်။ သူတို့အဖို့ ရတနာပုံ မင်းနေပြည်တော်ကြီးမှ ရှုမြင်ခဲ့ရပြီးသော မြင်ကွင်းအဖုံဖုံကပင်လျှင် အလွန် ကျေနပ်အားရပြီး ဖြစ်တော့သည်။

အမေငြိမ်းကား သူ ကံကောင်းလျှင် သားကလေး ထိပ်တင်တုတ်ကို တွေ့ကြုံနိုင်သည်။ မတွေ့ရသော်လည်း အနည်းဆုံး သတင်းအစအနတော့ ရနိုင်လိမ့်မည်ဟု မျှော်လင့်ထားလေသည်။ ထို့အပြင် သူနေခဲ့ရသည့် အမရပူရမြို့တော်ထက် ပိုမို၍ ကြီးကျယ်ခမ်းနားသည် ဆိုသော နန်းမြို့တွင်း အဆောက်အအုံများနှင့်တကွ ပဟိုရ်စင်၊ စွယ်တော်စင်၊ နန်းမြင့်ကြီး စသည်များကို သူနှင့်အတူ ဆွေမျိုးများအား မြင်တွေ့စေချင်လှပါသည်။

ထို့ကြောင့် သူ့အဖွဲ့အား သွေးဆောင်အားပေးကာ တစ်သိုက်ကြီး နန်းမြို့အတွင်းသို့ ဝင်ရောက်လာကြလေသည်။ သူတို့ မြင်ရလေသမျှ ရှုခင်းနှင့် အဆောက်အအုံများသည် တစ်ခုထက် တစ်ခုက သာ၍ သားနားခမ်းနားသည်ကား ဘယ်ဟာက အကောင်းဆုံးဟု မဆုံးဖြတ်နိုင်အောင် အံ့သြ ကုန်နိုင်ဖွယ် အထိ ဖြစ်ကြရလေတော့သည်။

ရွှေနန်းတော်ကြီး၏ မြောက်ဘက်ပိုင်း၌ မင်းညီ မင်းသားများ နေထိုင်ရန် အိမ်တော်နှင့် ခြံဝင်းကြီးများကား အစီအရီ၊ စနစ်တကျ ကျယ်ဝန်းသန့်ပြန့်စွာ ရှိပြီးလျှင် ဆေးနီသုတ်ထားသော ဝင်းထရံဖြင့် ပန်းသင့်လှပေသည်။ တစ်ခုသော အိမ်တော်၏ အပြင်ဘက် ဝင်းတံခါးကြီး အနီးတွင်ကား ထနောင်းပင်ပျို ဝိုင်းဝိုင်းအုပ်အုပ်ကလေးသည် လှပစွာ တည်ရှိ၏။ ယင်းထနောင်းပင်ပျို၏ အောက်တွင် ဝင်းထရံနှင့် ကပ်လျက် ရေအိုးစင်နှင့် ဝါးကြမ်းစိမ်းစိမ်း ခင်းထားသည့် ကွပ်ပျစ်ကလေး တစ်ခုသည် ခရီးသွားတို့အား "နားလှည့်ကုန်၊ ရေသောက်လှည့်ကုန်"ဟု ဖိတ်ခေါ်နေသည့်သဖွယ် ရှိတော့သည်။

ဒေါ်ငြိမ်းနှင့် သူ့အဖွဲ့သည် ယင်းကွပ်ပျစ်တွင် ဝင်ရောက်နားနေ အပန်းဖြေကြသည်။ ထိုအခိုက်တွင် အိမ်တွင်းမှ မင်းလုလင်အချို့ ထွက်လာပြီး ခြံဝင်းတံခါးကြီးကို ဖွင့်ကြသည်။ မကြာခင် အင်္ဂါရုပ် ကြည်လင်သန့်ပြန့်သော မင်းသားတစ်ဦးသည် နောက်လိုက်နောက်ပါ ထီး၊ ဓား၊ လက်စွဲများနှင့်တကွ ဖောင်းဝတ်မြင်းကြီးကို ခပ်မှန်မှန်စီးကာ ခံ့ညားစွာ ထွက်လာလေ၏။

အမေငြိမ်းသည် မင်းသားမျက်နှာကို ကောင်းစွာ မမြင်လိုက်ရချေ။ အသွင်ကို ခန့်မှန်းလျက် "ငါ့သားလေးဆိုရင် ဒီအရွယ် ဖြစ်မှာပဲ"ဟု တွေးတောရင်း မင်းသားလေး ချီတက်သွားရာသို့ မျက်စိတစ်ဆုံး ငေးမောကာ ကျန်ရစ်ရှာသည်။

အတော်လှမ်းသွားမှ သတိပြန်ဝင်ကာ တံခါးဖွင့်သူအား 'ဒီမင်းသားက ဘယ်သူပါလဲ မောင်ရင်'ဟု စုံစမ်းမိတော့သည်။

တံခါးဖွင့်သူထံမှ 'ပြည်မင်းသားလေးလေ'ဟူသော အဖြေရလျှင် စိတ်တွင်းမှ "ငါ့စိတ်ထဲမှာ သူပါပဲလို့ဆင်

www.burmeseclassic.com



သား” ဟု အောက်မေ့ပြန်သည်။ ဤတွင် ပါလာသော အဖော်များက ဒေါ်ငြိမ်းသာ၏ အင်္ကျီစကို ဆွဲကာ–

အဖော်။ ။ အမေငြိမ်း... သွားကြစို့။

ငြိမ်း။ ။ ငါ မလိုက်တော့ဘူး၊ ညည်းတို့ပဲ ပြန်ကြပေတော့။

အဖော်။ ။ ဟင် မျက်ရည်တွေနဲ့ပါလား၊ ဘာဖြစ်လို့လဲ၊ ဘာတွေ ပြောနေတာလဲ။

ငြိမ်း။ ။ ငါ့သားလေး တွေ့ပြီ၊ ရှာကိုတော့ ငါ နေရစ်ခဲ့ပြီလို့သာ ပြောလိုက်ကြပေတော့။

သူ့အဖော်တစ်စုသည် ဒေါ်ငြိမ်းသာကို အံ့သြစွာ ဝိုင်းကြည့်ကြပြီး တဖြည်းဖြည်း သဘောပေါက်လာကာ ‘အမေငြိမ်း စောင့်နေရစ်ခဲ့လေ၊ ကျုပ်တို့ ဘုရားဖူး ဆက်သွားကြဦးမယ်’ဟု ဆိုကာ အများစုက ထွက်ခွာသွားကြလေသော် အမေငြိမ်းနှင့်အတူ မိန်းကလေးနှစ်ဦးသာ ကျန်ရစ်ခဲ့လေ၏။

ငှင်းနောက် မွန်းတည့်ချိန်၌ ထွက်သွားသည့် ပုံအတိုင်း မင်းသားသည် ညီလာခံမှ မြင်းစီးလျက် ပြန်လာလေ၏။ ဒေါ်ငြိမ်းသာကား သူ့ကို အဝေးမှပင် တစိမ့်စိမ့် စိုက်ကြည့်ကာ ငေးနေမိပြန်သည်။

မင်းသားသည် ခြံတံခါးအနီးသို့ ရောက်သည့်တိုင် ကွပ်ပျစ်ရှိလူစုကို ဂရုပြုမိပုံ မရချေ။ အခါတိုင်းလို အပန်းဖြေနားနေသူများဟု ထင်ပုံရသည်။ ဝင်းတံခါးသို့ ဝင်ခါနီးမှ ဒေါ်ငြိမ်းသာက မြင်းဆီသို့ ချဉ်းကပ်ကာ ‘သား... အမေငြိမ်းသာလေ၊ အမေ့ကို မှတ်မိသေးရဲ့လား’ဟု မျက်ရည်လွှမ်းသော်လည်း ဝမ်းမြောက်သည့် မျက်နှာပေးဖြင့် ခပ်ဖြည်းဖြည်း နှုတ်ခွန်းဆက်သလေ၏။

ထိပ်တင်တုတ်မှာ အံ့သြဝမ်းသာဖြစ်ကာ မြင်းပေါ်မှ ဆင်းပြီးလျှင် အမေငြိမ်း၏ပခုံးကို ဖက်ထားလေ၏။ ပြီးမှ ‘အမေ တစ်ယောက်တည်းလား၊ ဘယ်သူတွေ ပါသေးလဲ’ဟု မေးလျှင် ‘တစ်ယောက်တည်းပါ၊ ဒီကောင်မလေးတွေက ဘုရားဖူးလိုက်လာကြတာပါ သားရယ်’ဟု ဖြေ၏။ မင်းသားသည် မိန်းကလေးများဘက်သို့ လှည့်ရှင်း ‘အေး ဟုတ်တယ်၊ ဒါဟာ ငါ့အမေပဲ’ဟု ဆိုကာ သူ့အမေကို ဖက်တွဲကာ အိမ်တော်သို့ ခေါ်ဆောင်သွားလေ၏။

အိမ်တော်ပေါက်ဝတွင်မူ ကလေးချီလျက် စောင့်ကြိုနေသူ ထိပ်တင်ညွန့်အား ‘ညွန့်ရေ.... ညွန့်ရေ၊ ဟောဒါ မောင်မောင် ပြောပြောနေတဲ့ အမေငြိမ်းလေ၊ အမေရင်းလို စောင့်ရှောက်ပါကွယ်၊ အသက်သခင် မောင့်ကျေးဇူးရှင်ကြီးပါ’ဟု ပြောဆို မိတ်ဆက်ပေးလေသည်။

လင်သား၏ စိတ်အလိုကို ငြင်းခြင်း မရှိ၊ လိုက်လျောတတ်သူ၊ လိမ္မာရေးခြားရှိသူ ထိပ်တင်ညွန့်က ‘ဟင်.... ဟုတ်လား မောင်မောင်၊ ဝမ်းသာလိုက်တာ၊ ညွန့်မှာ အမေမရှိတော့တာနဲ့ အမေငြိမ်း ရောက်လာတာ အတော်ပဲ၊ ဟောဒါ အမေ့ မြေးလေးပါ’ဟု သမီးတော်ကလေးကို ပြလေသတည်း။

*

## [၃] မင်းသား ရာဇဝင်ဆရာ

ဦးမောင်မောင်တင် (ကုန်းဘောင်ဆက် ရာဇဝင်)ကို ၁၂၂၈ ခု ဝါခေါင်လဆန်း ၁၀ ရက်တွင် မန္တလေး နန်းမြို့တွင်း၌ သူ၏ ဘိုးတော်ဖြစ်သော နေရာတော်ခင်း မင်းသားကြီးအိမ်တော်၌ ဖွားမြင်သည်။ အင်္ဂလိပ်ခေတ်တွင် ထိုအိမ်တော်ကို လူဖြူ ဖို မ တို့ ပျော်ပါးရာ ကပွဲရုံ လုပ်ထားသည်။

အလောင်းဘုရား၏ ဒုတိယသားတော် (ဆင်ဖြူရှင်) မြေဒူးမင်းသည် ရဲရင့်ထက်မြက်သည်။ သူ့လက်ထက်၌ မြန်မာတို့သည် မဏိပူရစစ်ပွဲ၊ ယိုးဒယားစစ်ပွဲ၊ တရုတ်စစ်ပွဲတို့၌ အားလုံးပင် အနိုင်ယူခဲ့သည်။ ယိုးဒယားဘုရင်၏ သမီးတော် ကျောက်ဖွားစော (ခေါ်) သခင်ဥကို ဆင်ဖြူရှင်မင်းက သိမ်းပိုက်ခဲ့၏။ ထိုအဆက်မှ ဦးမောင်မောင်တင်ကို ပေါက်ဖွားသည်။

ဦးမောင်မောင်တင်၏ဖခင်မှာ မြင်းမှူးမင်းသား ထိပ်တင်မောင် ဖြစ်၍၊ မိခင်မှာ ယိုးဒယားအနွယ်တော် ခင်ယုတို့ ဖြစ်၏။ သူ၏ မွေးချင်းတို့မှာ (၁) ပင်မြိုင်မင်းသမီး၊ (၂) မောင်မောင်တင်၊ (၃) ချွန်းတောင်မင်းသမီးတို့ ဖြစ်၏။

၇ နှစ်မှ ၁၀ နှစ်သားအထိ မင်းတုန်းမင်း၏ အပါးတော်၌ သူငယ်တော်အဖြစ် ခစားရသည်။ အပါးတော်၌ နေ့ ည အလှည့်ကျ ခစားကြရသူများမှာ အန္တ ရာယ်မပြုနိုင်သည့် ကလေးသူငယ် အရွယ်များသာ ဖြစ်၏။ အပါးတော်၌ ဒေါင်းမြီး ယပ်ခတ်ရသည်။ ဘုရင်က ခိုင်းသမျှ သွက်လက်စွာ ရွက်ဆောင်ရသည်။ ဘုရင် ထွက်ကြွချိန်တွင် ဖိနပ်တော်ခင်းပေးရသည်။ ဘုရင်က ရွေးချယ် အခိုင်းအစေ ခံရသော သူငယ်တော်အား ဘုရင်ကြီး အဆောင်တော်သို့ ပြန်ခင်လာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ အဆောင်ဝတွင် ဆွဲချိတ်ထားသော အရုပ်မျိုးစုံတို့မှ အရုပ်တစ်ရုပ်ကို ဖြုတ်၍ ပေးသနားတော်မူသည်။ ထို့ကြောင့် ကလေးတို့၏ဘဝ နေ့စဉ် အရုပ်ဆု မျှော်ကိုး၍ ဘုရင်မင်းမြတ် အခိုင်းတော် ခံရပါမည့်အကြောင်း အမြဲမပြတ် အကဲခတ်နေကြရသည်။

အသက် ၁၀ နှစ်တွင် မင်းတုန်းမင်း၏သားတော်၊ တူတော်များနှင့်အတူ ရွှေကျင်တိုက်တွင် ရှင်သာမဏေ ပြုသည်။ အသက် ၁၅ နှစ်တွင် ခရစ်ယာန်သာသနာပြု ဆရာမှတ်ကြီး (Mr. Marx)၏ သင်္ချိုင်းကျောင်းတွင် အင်္ဂလိပ်စာ သင်ယူသည်။ သို့သော် ဖခင် ထိပ်တင်မောင်၏ စိတ်တွင် အင်္ဂလိပ်စာကြောင့် မိစ္ဆာဒိဋ္ဌိ အယူသို့ ကူးပြောင်းသွားလေမည်လောဟု စိုးရိမ်သောကြောင့် ကြာရှည်စွာ သင်ခွင့် မရရှိချေ။

ပါတော်မူရာတွင် မြန်မာဘုရင်၊ မိဖုရားနှင့် မိမိ၏ ဆွေမျိုးများပါ ကုလားဖြူစစ်တပ်များက သင်္ဘောနှင့် ခေါ်ဆောင်သွားပုံကို ကိုယ်တိုင်မြင်တွေ့လိုက်ရသော ဦးမောင်မောင်တင် အဖို့ မခံမရပ်နိုင် ဖြစ်ရလေသည်။ ရသမျှ လူသူ လက်နက် စုဆောင်းကာ ဝန်းသိုအရပ်၌ ခို၍ ပုန်ကန်လေတော့သည်။

အင်္ဂလိပ်အစိုးရက မန္တလေးမြို့ရှိ ဆွေတော်မျိုးတော်များမှ တစ်ဆင့် လက်နက်ချစေရန် မြှူဆွယ်၏။ သူ့ကို ဖမ်းမိလျှင် အရှင် ရက ဆုငွေ ၃၀၀၀ ကျပ်၊ အသေ ရက ဆုငွေ ၁၀၀၀ ကျပ် ပေးမည် ကြော်ငြာ၏။

ရက်လ ကြာရှည်သော် တောတွင်း၌ ငွေကြေးနှင့် ခဲယမ်းမီးကျောက်တို့ ချို့တဲ့ကာ ရိက္ခာလည်း ပြတ်လပ်သဖြင့် သူပုန်ဘဝဖြင့် ကြာရှည်ရပ်တည်ရန် ခဲယဉ်းလာ၏။ နောက်လိုက်နောက်ပါတို့က မိဝေးဘဝေးဖြစ်၍ စိတ်ဓာတ်ကျဆင်းကြသည်။ အချို့သော သစ္စာဖောက် နောက်လိုက်များကလည်း ဦးမောင်မောင်တင်အား ဖမ်းဆီးပြီး ဆုငွေ ယူရန်ကိုပင် အကြံရှိလာကြောင်း ရိပ်မိသောအခါ အဖော်တစ်ယောက်နှင့် တောလမ်းမှ မန္တလေးသို့ ပြန်ဝင်ခဲ့လေသည်။

မြို့သို့ပြန်ခိုရာ၌ မိဘများအား ရုတ်တရက် ရှာမတွေ့ဖြစ်ရပြန်၏။ အင်္ဂလိပ်စစ်တပ်က နန်းမြို့တွင်းကို အပိုင်စီးကာ ထိုအတွင်းမှ ဆွေတော်မျိုးတော်များနှင့်တကွ မှူးကြီးမတ်ကြီးများပါ မကျန် မြန်မာအားလုံးတို့ကို နန်းမြို့ပြင်သို့ မောင်းထုတ်ခဲ့၏။

မြို့နောက်ပိုင်း အာဠဝီရပ်တွင် ဖခင် မြင်းမှူးမင်းသား ထိပ်တင်မောင်တို့မိသားစု ဖြစ်သလို နေထိုင်ကြသည်ကို တွေ့ရ၏။ သားပြန်လာ၍ ဝမ်းမြောက်သော်လည်း မင်းပြစ် မင်းဒဏ် မကင်းရှိနေ၍ လွတ်မြောက်ရေး ကြံဖန်ရ၏။ သားမောင်ကို အိမ်တွင်မထားဘဲ ပုဂံမင်း၏ မိဖုရားခေါင်ကြီးထံ သွားရောက် အပ်နှံလေသည်။ တစ်ကြိမ်က အမရပူရတွင် မြို့ဝန်ဘိုင်ဆပ် လက်မှ ပြည်ထိပ်တင်တုတ်ကို စကြာဒေဝီ၏ တိုက်တွန်းချက်အရ ကယ်ဆယ်ခဲ့သော မိဖုရားကြီးပင် ဖြစ်သည်။

မိဖုရားကြီးက ကင်းဝန်မင်းကြီးနှင့် တိုင်ပင်ကာ မင်းသားမောင်မောင်တင်သည် သူ့ထံ၌ ရောက်ရှိနေကြောင်း သဝဏ်ပါးလိုက်လေသည်။ ဤတွင် မန္တလေးတိုင်းမင်းကြီးက မိဖုရားကြီးနှင့် မင်းသားငယ်တို့ သူ့ထံသို့ ဖိတ်ခေါ်အအပ်ခံလေသည်။ တိုင်းမင်းကြီးက ကောင်းစွာဧည့်ခံလျက် မိဖုရားကြီးသို့ အကြံပြုသည်မှာ ‘ရန်ကုန်သို့ ရွှေတိဂုံဘုရားဖူးရန် သွားရောက်လိုပါက မီးသင်္ဘောဖြင့် ပို့ဆောင်ပေးပါမည်။ မိဖုရားကြီး ခေါ်လိုသည့် ဆွေတော်မျိုးတော် နောက်လိုက် နောက်ပါများနှင့် တူတော်မင်းသားကိုလည်း လိုက်ပါရန် ဖိတ်ကြားပါသည်’ ဆို၏။

ရန်ကုန်မြို့ရှိ ဆွေတော်မျိုးတော်တို့ကို တွေ့လိုလှသဖြင့် မိဖုရားကြီးက ထိုဖိတ်ကြားချက်ကို ဝမ်းမြောက်စွာ လက်ခံလိုက်လေသည်။ တူတော်မောင် အပါအဝင် ဆွေမျိုး အခြံအရံ လူ ၂၀ ဖြင့် သင်္ဘောစီးကာ စုန်ဆင်းကြသည်။ ရန်ကုန်၌ လင်ကတ်စတာလမ်း(နဝဒေးလမ်း)နေ မိဖုရားကြီး၏ ညီမတော် သရစိမ်း မိဖုရားအိမ်တော်၌ တည်းခိုကြသည်။ အင်္ဂလိပ် အစိုးရက အစောင့်အရှောက်များနှင့် သွားလာရန် ဘာဂီမြင်းရထားမှ စ၍ လိုလေသေးမရှိ ပေးထား၏။

အင်္ဂလိပ်အရာရှိများက များစွာ ဂရုစိုက် ဧည့်ခံသဖြင့် မောင်မောင်တင်၏ တင်းမာသောစိတ်ဓာတ်များ ပျော့ပျောင်းနူးညံ့သလို ရှိလာ၏။ ရန်ကုန်မြို့ရှိ ဆွေတော်မျိုးတော်များကို အစိုးရက အထိုက်အလျောက် ပင်စင်ရိက္ခာများ ပေးကမ်းစောင့်ရှောက်ထားခြင်းကိုလည်း သဘောကျ၏။ ထိုစဉ်က ဦးသိန်း၊ ဦးရှိန်၊ ဦးဖိန်းတို့သည် အင်္ဂလိပ်စကားပြန်များ အဖြစ် တွေ့ခဲ့ရသည်။

ရွှေတိဂုံ အနောက်မုခ်ရှိ အင်္ဂလိပ်စစ်တပ် အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တင်ကို ဖိတ်ခေါ်ကာ လက်နက်မျိုးစုံတို့ကို လိုက်လံ ပြသသည်။ မျက်နှာဖြူ စစ်ဗိုလ်များ ကိုယ်တိုင် ပစ်ပုံပစ်နည်း ပြသကာ မေးသမျှကိုလည်း ကျနစွာ ဖြေသည်။ အင်္ဂလိပ်တို့ကား ပရိယာယ် ကြွယ်ဝကြပေ၏။ မောင်မောင်တင် အဖို့ မိမိ တိုက်ပွဲဝင်ခဲ့သော လက်နက်များနှင့် များစွာ ကွာခြားသည်ကို တွေ့မြင်ရသည်။ ဤမျှ အင်အားကြီးသော ရန်သူတို့ လက်တွင်းမှ မြန်မာလူမျိုးတွေ မည်သို့ လွတ်မြောက်နိုင်ပါမည်နည်းဟု တွေးတော ဝမ်းနည်းမိသည်။

မန္တလေးသို့ ပြန်ချိန်တွင် အင်္ဂလိပ်အတွင်းဝန်က လာရောက်နှုတ်ဆက် မှာကြားရာတွင် 'တူတော်မောင် အလုပ် လုပ်လိုလျှင် လည်းကောင်း၊ စာပေသင်ကြားလိုလျှင် လည်းကောင်း မန္တလေးတိုင်းမင်းကြီးက လိုအပ်သော အကူအညီ ပေးပါလိမ့်မည်'ဆို၏။ သို့သော် မန္တလေးသို့ ပြန်ရောက်ပြီး အတန်ကြာအောင် ဘာမှမလုပ်ဘဲ အေးဆေးစွာ နေသောအခါ မောင်မောင်တင်ကို စုံထောက်များ အမြဲမပြတ် ထောက်လှမ်းနေသဖြင့် အနေအထိုင်ပင် ကျဉ်းမြောင်းလာ၏။ ထို့ကြောင့် အန္တရာယ်ကင်းစေရန် မြေတိုင်းကျောင်းသို့ ဝင်ရောက် ပညာခံယူလေသည်။ ၆ လအတွင်း ပညာစုံ၏။

၁၂၅၃ ခုတွင် မြို့အုပ်ရာထူးနှင့် အလုပ်ဝင်၏။ ထိုနှစ်၌ပင် မြင်းမှူးမင်းသား ထိပ်တင်တုတ်၏သမီး ပြည်ထိပ်တင်ဆင့်နှင့် လက်ထပ်၏။

၁၂၆ဝ ပြည့်၌ စဥ့်ကိုင်မြို့ပိုင်အဖြစ် ဆောင်ရွက်စဉ် "ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး"ကို စတင်ရေးသား ပုံနှိပ်သည်။

၁၂၇၄ ခုနှစ်တွင် ကျက်သရေဆောင် ရွှေစလွယ်ရမင်း (K.S.M)ဟူသောဘွဲ့ ရရှိ၏။ ၁၂၈၄ ခုတွင် မုံရွာမြို့၌ ဒုတိယအရေးပိုင်အဖြစ် ဆောင်ရွက်ရင်း ပင်စင်ယူခဲ့၏။

မုံရွာနယ်၌ အမှုထမ်းစဉ် နာမည်ကျော် သံချိုဆရာ ဦးကျော်လှ (မောင်းထောင်) နှင့် ဝန်ထောက်မင်း ဦးမောင်မောင်တင်တို့ အပြန်အလှန် ကဗျာ ရေးသား ပေးပို့ခဲ့ကြသည်။

ဦးကျော်လှက သူသည် အသက် ၈ဝ အရွယ် အိုမင်းမစွမ်း၍ သဿမေဓ အခွန်ငွေ ၂ ကျပ်မှ လွတ်ငြိမ်းခွင့်ပြုရန် လျှောက်၏။ ကျေးရွာ သမာဓိများက ဦးကျော်လှသည် မြေယာပိုင်သူဖြစ်၍ အခွန်ဆောင်နိုင်စွမ်း ရှိသည် ဆို၏။

ဝန်ထောက်မင်းက နောက်ဆုံး၌ သူကပင် စာဆိုတော်ကြီးအတွက် စိုက်ထုတ်ပေးပါမည် ဆို၏။ သို့သော် ထိုငွေ အချိန်မီ မရောက်လာသဖြင့် ရွာသူကြီးများက ဦးကျော်လှပင် ဆောင်စေသည်။ နောက်မှ အရေးလည်သွားသည်။

**ဦးကျော်လှ ဆို။**

* မြေပထဗျာ ကြွေကာပြုန်းလို့၊
ကမ္ဘာဆုံးတိုင် ရာဇဝင်ပြောင်မည့်၊
ပြည်ကုန်းဘောင် နွယ်တော်ဆက်တွင်မှ၊
ဘုန်းကျက်သရေ နေလိုလျှံတဲ့၊
ရွှေဘိုးစံ ဘေးတော်ဓမ္မရာဇ်၏၊
မြေးတော် မြစ်နေတွာရာ။

* သက္ကရာဇ်အရွယ်၊ ရှစ်ဆယ်နီးချိန်ပေါ့၊
မယ်ကြီးအို ဘိုးအိုနှင့် ဖွားကြတဲ့၊
ကိုယ်သားတွေအပါး နေမရှိချေဘု၊
စုတ်ကာဝိညာဉ် ချုပ်နှင့်လို့၊
ချက်ပြုကာ ရေပူအေးနှင့်၊
လုပ်ကျွေးသူ ပေးလာကန်တော့၊
ဒုက္ခိတ အလွန်ရောက်သော်ကြောင့်၊
ဝန်ထောက်တော် ပညာရှိတဲ့၊
ဇာတိအခြေ နေညွှန့်သွေးပေမို့၊
နှစ်ကြေးငွေ သဿမေဓကို၊
တစ်ကျေးတစ်ရွာ မပြေးမခွာနိုင်ကြဘု၊
အေးစာစောင် ရေးကာသလို့၊
ပေးမ ပါကြောင်း။

**ဝန်ထောက် ဖြေ။**

* မန်းဇေယျာ ရွှေဘုံကနက်၊
ငွေရွက်ဖြူ ရှစ်ဆိုင်ဖွင့်စဉ်က၊
ပလ္လင်ဒီပါလျှံသည့်၊
သီဟာဝံဘုရင်တို့ သုံးသူပ–
ရိုပင်ကို ဉာဏ်ဇဝန၊
ကြံရလျှင် တခ်ကျပ်ကယ်နှင့်
စင်ရုပ်ကာ လက်တန်းဆီက၊



www.burmeseclassic.com

www.burmeseclassic.com



ကျေးသဒ္ဒါ ရွှေစာကျွမ်းသူမို့၊
သီကျမ်းဂန် ဝိဂြိုဟ်ဝစနတ်တွေနှင့်၊
ရှိသလို ညှိဆိုတတ်ပါ၍၊
မြန်မာတွင် ကဗျာအစပ်မှာတော့၊
ဖိုးမဖြတ်နိုင်။

* အကြောင်း ဆင်ခြေလာတဲ့၊
သခ်ေပါ ဓမ္မသဘောကိုဖြင့်၊
မနောတွင် အမှန်ကျသော်လည်း၊
လောကဝယ် ဂုဏ်မရှိပြန်တော့၊
နံ့ချည့်သည့် လူတကာက၊
ဓမ္မူမှာ သူငါမဲ့ပါ၍၊
ကဲ့ရဲ့မည့် အရပ်စကားတွေကြောင့်၊
နှစ်ကျပ်ပြားငွေ ဒုက္ခအရေးကိုဖြင့်၊
စပ်ကြားနေ ကျုပ်က ပေးရော့မယ်၊
အေးတော့ နှစ်တိုင်း။

*

ဦးမောင်မောင်တင်သည် ရာဇဝင်ဆရာ ဖြစ်သော်လည်း ကဗျာအရာ၌ ပါရဂူများနှင့် ပြောင်မြောက်စွာ ပြိုင်ဆိုင်နိုင်သူ ဖြစ်ကြောင်း ထင်ရှား၏။

၁၂၈၇ ခုတွင် ဦးမောင်မောင်တင်အား မြန်မာပြည်ဘုရင်ခံက "မဟာဒါန်ဝန်"ရာထူး ခန့်အပ်၏။ ၁၅ နှစ်ကြာ ထိုရာထူးကို ထမ်းရွက်စဉ် သာသနာတော် သန့်ရှင်းရေး၊ ကြီးပွားရေးများကို အားစိုက်ခဲ့သည်။

ညောင်ရမ်း ဆရာတော်ကဲ့သို့ အရှင်မြတ်တို့အား "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်များ အပ်နှင်းသည်။ နှစ်စဉ် ပထမပြန်စာမေးပွဲ၊ သုဓမ္မာစာမေးပွဲ၊ အိမ်တော်ရာ စာပြန်ပွဲများ ကူညီ ကျင်းပခြင်းများ ဆောင်ရွက်သည်။

မန္တလေးမြို့တွင် သာသနာရေးရာများ အခြေစိုက် ဆောင်ရွက်နေရင်း ဒုတိယကမ္ဘာစစ်ဖြစ်ပွားရာ အာဠဝီလမ်းရှိ သူ့အိမ်နှင့် အဖိုးတန် ပိဋကတ်တိုက်၊ ပြတိုက်တို့ကို တရုတ်စစ်သားများက မီးရှို့ ဖျက်ဆီးသွားလေသည်။

မေမြို့ (ပြင်ဦးလွင်)သို့ ပြောင်းရွှေ့ နေထိုင်စဉ် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ သခင်ဗစိန်၊ သခင်ထွန်းအုပ်နှင့် ဂျပန်ခေတ် ခေါင်းဆောင်များက အထက်မြန်မာပြည်သို့ လာကြသောအခါ ဦးမောင်မောင်တင်အား တွေ့အောင် ရှာကာ လေးစားစွာ လာရောက်နှုတ်ဆက်ကြသည်။ မကြာမီ မြန်မာပြည် လွတ်လပ်တော့မည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောပြသောအခါ ဦးမောင်မောင်တင်မှာ များစွာ ဝမ်းသာအားရ ဖြစ်သည်။

မကြာမီ ရန်ကုန်မြို့မှ မြန်မာ့လွတ်လပ်ရေး ကြေညာသောအခါ 'ငါတို့ မသေမီ ကျွန်ဘဝက လွတ်လပ်ပေပြီ'ဟု နှစ်ခြိုက်စွာ ကျူးရင့်ခဲ့ပေသည်။

ဦးမောင်မောင်တင် ရေးသားပြုစုသော "ရွှေနန်းသုံးဝေါဟာရ အဘိဓာန်"၌ နိဒါန်းရေးသူ ဦးချမ်းသာ (မဟာသရေစည်သူ)က နိဂုံးချုပ် ဖော်ပြသည်မှာ "ဦးမောင်မောင်တင်သည် မင်းသား မလုပ်လို။ မင်းသား ပင်စင်ကိုပင် မလျှောက်မယူ။ မင်းသားဟုပင် အခေါ်မခံချင်သော်လည်း ကုန်းဘောင်ခေတ် မင်းညီမင်းသား ဆွေတော်မျိုးတော်တို့နှင့် မတူသော ထူးခြားချက် ရှိ၏။ မင်းညီမင်းသားများမှာ အများအားဖြင့် လက်ရုံးရည်ဖြင့်သာ အချိန်ကုန်ခဲ့သည်။ စာပေဘက်တွင် တတ်မြောက်ကြသော်လည်း ထူးချွန်သူ နည်းပါးကြောင်း တွေ့ကြလိမ့်မည်။

သီပေါမင်းသည် ပိဋကတ်တော်ကို မင်းသားဘဝက ပြန်ဆိုနိုင်၍ သာသနာရေးဘက်တွင် ထူးချွန်၏။

မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး စကြာဒေဝီသည် ဗေဒင်ဘက်တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်၍ ထူးချွန်ပေသည်။

ပြင်စည်မင်းသား၊ ပခန်းမင်းသား၊ ပြည်မင်း၊ မမြကလေး၊ လှိုင်ထိပ်ခေါင်တင် စသည်တို့သည် အနုစာပေ သီချင်းကဗျာတို့၌ ထင်ပေါ်ကျော်စော၏။ သို့သော် အရေအတွက်ကား နည်းလှပေသည်။

ဦးမောင်မောင်တင်ကား လက်နက် ကိုင်ဆွဲရာမှ ကလောင်တိုက်ပွဲသို့ ကူးပြောင်းကာ အမျိုးသားစိတ်ဓာတ်၏ ရေသောက်မြစ်ဖြစ်သော မြန်မာ့သမိုင်း ရာဇဝင်ကို ပြုစုပျိုးထောင်ပေးသူတည်း။ တိုင်းပြည်နှင့်လူမျိုး၏ တိုးတက်ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်သည်ပင် အခြေခံကြီး မဟုတ်ပါလော။

*



www.burmeseclassic.com

www.burmeseclassic.com



## [၄] နောက်ဆုံး ရွှေစင်ရုပ်

၁၂၇၇ ခု အောက်တိုဘာလတွင် စကြာဒေဝီ နာဖျားတော်မူသည်။ မိဖုရားခေါင်ကြီး၏ သက်စေ့ အကျဉ်းသမား ၆၅ ဦးကို ထောင်မှလွှတ်၏။ သို့သော် ဝေဒနာမှ သက်သာခြင်း မရှိဘဲ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကံတော်ကုန်၏။ ရတနာပုံ သတင်းစဉ် အယ်ဒီတာ ဖိုးဝဇီရ ရေးသော မိဖုရားကြီး နတ်ရွာစံသတင်းကို မင်းနှင့်ပြည်သူတို့ နှစ်သက်ကြ၏။ မြောက်ဥယျာဉ်တော်၌ ခမ်းနားစွာ ဂူသွင်းသဂြိုဟ်တော်မူ၏။

မင်းတုန်းမင်း အနေဖြင့် အစစ အရာရာ တိုင်ပင်ဖော် ရလျက် အထူးအားကိုးရသူ တိမ်းပါးတော်မူသည်ကို ယူကျုံးမရ ရှိတော်မူ၏။ ထိုအချိန်မှစ၍ မင်းမြောက်တန်ဆာများ မဆင်မြန်းတော့ဘဲ ပိတ်ဖြူအဝတ်ကိုသာ အသက်ထက်ဆုံး သုံးတော်မူ၏။ နေ့စဉ် စကြာဒေဝီ၏ဂူသို့ သွားရောက်ကာ ထီးရေးနန်းရေး ရှက်ဆောင်ချက်များကို အစီရင်ခံ၏။ ပုတီးစိပ် အမျှဝေ၏။ ရွှေသားရုပ်တုကြီး ပြုလုပ်ထား၏။ ဂူအနီး၌ စံနန်းတော်တစ်ခု ဆောက်လုပ်စေ၍ ရက်လရှည်စွာ သွားရောက် စံနေတော်မူ၏။

### စကြာဒေဝီ၏ မှာတော်ပုံ

စကြာဒေဝီ မိဖုရားကြီး နတ်ရွာစံချိန်၌ မင်းတုန်းဘုရင်မှာ တရားသဘောကို နှလုံးမသွင်းနိုင်ဘဲ သောကပရိဒေဝမီး တောက်လောင်နေ၏။ မိဖုရားကြီးအလောင်းအပါးမှ မခွာဘဲ သဂြိုဟ်ခြင်း မပြုနိုင်မှု ရှိနေ၏။ မြတ်နိုးတော်မူလှသော မိဖုရားကြီးလည်း ဖြစ်၊ အစ်မတော်လည်း ဖြစ်၍ အထူး ပူဆွေး လွမ်းဆွတ်လေသည်။ မှူးကြီးမတ်ရာတို့က သဂြိုဟ်တော်မူရန် တင်လျှောက်ကြရာ မင်းတရားကြီးက တရားလက်လွတ် ဖြစ်ကာ ဒေါသနှင့် 'မင်းအမေကို သွားပြီး သဂြိုဟ်ပါလား'ဟု ငေါက်ငမ်း တိုင်းထွာလေသည်။

ကြံရာမရသော မှူးမတ်တို့က အမရပူရ၌ အကျယ်ချုပ်နှင့် ရာထူးချခံနေရသော ယောအတွင်းဝန် ဦးဘိုးလှိုင်ကို သတိရကြ၏။ မင်းချင်း စေလွှတ် အကြောင်းကြားရာ ဦးဘိုးလှိုင်ထံမှ အကြံပေးစကားနှင့်အတူ ဘုရင်သို့ ဆက်သရန် အောက်ပါစာကို ရေးပေးလိုက်သည်။

"မရဏာလမ်းကြောင်းသို့ လိုက်ရမြဲ ဓမ္မတာအတိုင်း ဘဝနတ်ထံ စံမြန်းတော်မူသော ကျေးဇူးတော်ရှင် စကြာဒေဝီ မိဖုရားခေါင်ကြီး၏အလောင်းတော်ကို ကျွန်တော်များ ကောင်းမွန်စွာ ဖူးမြော်ကန်တော့ပြီးလျှင် လုပအောင် သဂြိုဟ်ခွင့်ပြုပါမည့် အကြောင်း ခြေဖဝါးတော်အောက် လျှောက်ထားသံတော်ဦးတင်ပါသည် ဘုရား။"

(ပုံ) တိုင်းသူပြည်သား
ကျွန်တော်မျိုးများ

ထိုစာအရ မင်းတုန်းမင်းသည် တရားသဘောကို ဆင်ခြင်မိကာ သောကမီး အေးငြိမ်းလာလေသည်။ စာသွားစာလာမှာ ဦးဘိုးလှိုင် လက်ရာမှန်း ရိပ်စားတော်မူမိသည်။

တိုင်းသူပြည်သား ရှင်လူအများသို့ မိဖုရားကြီး၏ အလောင်းတော်ကို ဖူးမြော်ကန်တော့ရန် ပိတ်ဖြူများ ထုတ်ပေးစေ၊ ဝတ်ဖြူစင်ကြယ် ဝတ်၍ မသာတော် အခမ်းအနားသို့ ဝင်စေဟု မိန့်တော်မူ၏။

ထိုအချိန်တွင် "ဘိုးလှိုင်ကို ရာထူးပြန်ခန့်မှ တော်မည်"ဟု စဉ်းစားတော်မူမိ၍ မင်းတရားကြီးက 'ဘိုးလှိုင်–ဘုရင်ထံပါး မခစားချင်သေးဘူးလားလို့ မေးချေစမ်း'ဟု အမိန့်တော် မှတ်လိုက်သည်။

ဦးဘိုးလှိုင်မှာလည်း မိဖုရားခေါင်ကြီး မရှိတော့၍ စိတ်ညစ်ညစ်ဖြင့်–

'ဘယ်နေရာက ခစားရမလဲလို့ ပြန် သံတော်ဦးတင်လိုက်ကွာ'ဟု မင်းချင်းသို့ ဆိုလိုက်၏။

ဘုရင်ကြီးက ဦးဘိုးလှိုင်၏ စောဒကတက်ချက်ကို ဒေါသထွက်ထွက်နှင့်–

'နင့်အမေ့သင်္ချိုင်းက ခစား'ဟု ပြန်ပြောစေ၏။

နောက်နေ့ မိဖုရားဂူသို့ ဘုရင်ကြီး သွားရာလမ်း၌ စာတစ်စောင် ချထားရာ၌ ပါရှိသည်မှာ–

"မောင်တော်ဘုရား၊ သားမိုက် ဘိုးလှိုင်ကို မဖုရား မရှိသော်ငြားလည်း ရှိဘိသကဲ့သို့ မူလ ချီးမြှောက်ပြီး ရာထူးအတိုင်း ပြန်လည်ချီးမြှင့်ရန် လျှောက်ထား သံတော်ဦးတင်ဝံ့ပါသည် ဘုရား။"

(ပုံ) စကြာဒေဝီ

မင်းတုန်းမင်းသည် ထိုစာကိုဖတ်ပြီးနောက် အတိုင်း ရှိရာသို့ ကြည့်လိုက်ရာ ဦးဘိုးလှိုင်မှာ ဂူဘေးတွင် ပြားပြား



www.burmeseclassic.com

www.burmeseclassic.com



ဝပ်လျက် ခစားနေသည်ကို မြင်တွေ့တော်မူလေသည်။ သူ့စာသည် ရှင်ဘုရင်၏ စိတ်ကို ကြေကွဲဝမ်းနည်းစေ၏။

ဘုရင်။ ။ဟဲ့.... ဘိုးလှိုင်၊ မင်း ဒီနေရာ လာပြီး ဘာလုပ်နေတာလဲ။

လှိုင်။ ။အရှင်ဘုရားက 'အမေ့သချိုင်းက နေပြီး ခစားရမယ်' အမိန့်တော်မှတ်လို့ ခစားရကြောင်းပါ ဘုရား။

ဘုရင်။ ။မင်းကွယ်၊ တော်တော်ပေကတ်ကတ်နိုင်တဲ့ အကောင်ပဲ။ သွား....သွား၊ မင်း အိမ်တော် မင်းပြန်၊ အဆောင်အယောင်နှင့် မင်းရာထူး မင်း ပြန်ယူစေ။

တစ်ချိန်က ဘိုးတော်မင်းတရားနှင့် အမတ်ကြီး ဦးပေါ်ဦးတို့၏ ဆက်ဆံရေးကဲ့သို့ ဦးဘိုးလှိုင်ကား မင်းတုန်းဘုရင်ကို ရာဇမာန်ရှအောင်လည်း လုပ်ရဲ၏။ ကြေကွဲအောင်လည်း လုပ်တတ်၏။ ဦးဘိုးလှိုင် အနေဖြင့် မိဖုရားခေါင်ကြီးအား ရှင်ဘုရင်ထက် ပိုမိုချစ်ကြောက် ရိုသေဟန်ရှိ၏။ သူ၏ ကျေးဇူးရှင် မွေးစားမယ်တော်ကြီး မဟုတ်ပါလော။

## ခေါင်းမဖြီးတဲ့ ရှင်ဘုရင်

အ နော် မာ ကမ်း စ ငွေ သောင်
မယ် ယ သော် ထုံး တဲ့ ရွှေ သျှောင်

အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်ရာ၌ သျှောင်တော်ဆံထုံးကို ပယ်ဖြတ်အံ့ ပြုတော်မူချိန်တွင် အထက်ပါ အတိုင်း ချစ်ဇနီး ယသော်မယာကို သတိရတော်မူမိသည်။ မင်းတုန်းမင်းသည်လည်း သာကီနွယ် ထုံးတမ်းစဉ်လာ အတိုင်း မိမိ၏ ဦးထိပ်ဆံပင်ကို ချစ်မြတ်နိုးသူ စကြာဒေဝီမှ အပ မည်သူမျှ ကိုင်တွယ်ပြုပြင်ခြင်း မခံယူခဲ့ချေ။

စကြာဒေဝီ ကွယ်လွန်သော အခါ၌လည်း ခေါင်းဖြီးခြင်း၊ ခေါင်းလိမ်းခြင်း စသော တာဝန်များကို မည်သူမျှ လွှဲအပ်ခြင်း မပြုခဲ့ချေ။ ဝတ်ဖြူစင်ကြယ် ဝတ်လျက် မိဖုရားခေါင်ကြီး၏ ဂူသချိုင်းအနီး ယာယီတဲနန်း ဆောက်လုပ်ကာ ပုတီးစိပ် အမျှဝေနေတော်မူ၏။

နေ့စဉ် မိမိ ရွက်ဆောင် ကြုံတွေ့ရသမျှ တိုင်းရေးပြည်ရေး အကြောင်းအရာတို့ကိုလည်း မိဖုရားကြီး အသက်ရှိစဉ်ကလိုပင် တင်ပြ တိုင်ပင်သကဲ့သို့ ပြုနေတတ်၏။

အလယ်နန်းမတော် ဆင်ဖြူမရှင်က–

'အရှင့်ကို ပြုစုမည့်သူ ကျုပ်တို့လည်း ရှိပါသေးတယ် ဘုရား'ဟု လျှောက်ရာ မင်းတုန်းမင်းက ဂရုမစိုက်ချေ။ ဆင်ဖြူမရှင်က မိဖုရားခေါင်ကြီး၏ အဆောင်တော်သို့ ပြောင်းရွှေ့ချင်သည်ကိုလည်း ခွင့်ပြုတော် မမူချေ။

ထိုအဆောင်၌ စကြာဒေဝီ ရှိတော်မူစဉ်ကလိုပင် အစစ တရိုတသေ ထားရှိစေလျက် ဘုရင်မှတစ်ပါး မည်သူမျှ ဝင်ခွင့် မရှိချေ။

မိဖုရား အဆင့်အတန်း တိုးမြှင့်ရရှိလိုသူ အလယ်နန်းမတော်သို့ ဆင်မတစ်ကောင် ပေးသနားကာ "ဆင်ဖြူမရှင်" ဘွဲ့ ခံယူစေ၏။

ဤသည်ကိုပင် စကြာဒေဝီ၏ မှာကြားချက်အရ ချီးမြှင့်ခြင်း ဖြစ်သည်ဟု မိန့်တော်မူ၏။

မင်းတုန်းမင်းအနေဖြင့် ဦးဆံဖြီးလိမ်းခြင်း မပြုသဖြင့် အတန်ကြာသော် ဦးခေါင်း၌ သန်းများ ပွားလျက် များစွာ ယားယံခြင်း ဖြစ်လေသည်။ ထိုအခါမှ သမီးတော် တစ်ပင်တိုင် မင်းသမီး စလင်းမြို့စားအား သန်းရှာ၊ ခေါင်းဖြီးစေ၏။ သန်းများ မသေစေလို၍ မိဖုရား တစ်ဦးလျှင် သန်းတစ်ကောင်စီ ယူ၍ မွေးစေလိုကြောင်း ဆန္ဒပြုတော်မူ၏။

ထိုအခါ မိဖုရားတို့က ဝမ်းမြောက်ဝမ်းသာ လက်ခံကြသဖြင့် မိဖုရား မောင်းမ မိဿံ ဦးရေက ဘုရင်၏ဦးခေါင်းမှ ရရှိသော သန်းဦးရေထက် ပိုမို များပြားနေသည်ကို တွေ့ရှိကြရလေသည်။

## ကျောင်း ရေစက်ချ

မွေးစားသားတော် မောင်ဘိုးလှိုင်ကို ရာထူးပြန်လည်ပေးအပ်ပြီးနောက် မင်းတုန်းမင်းက မဟာအတုလဝေယံ ကျောင်းတော်ကြီးကို သူ့အား အပြီးသတ်ရန် တာဝန်လွှဲအပ်တော်မူသည်။ အတုမရှိကျောင်း ဟုလည်း ခေါ်သော ထို အုတ်ကျောင်းကြီးကား မြန်မာပြည်တွင် ထုထည်ကြီးမား ခံ့ညားဆုံးပင် ဖြစ်၍ နာမည်နှင့် လိုက်အောင်လည်း အံ့မခန်းဖြစ်ပေသည်။

နန်းတော်၏ အရှေ့မြောက်ဘက်တွင် ကုသိုလ်တော်စေတီနှင့် မလှမ်းမကမ်း တည်ရှိ၏။ မြေမှပေါက်သော အုတ်ပြာသာဒ်ကြီးသဖွယ် ဖြစ်လျက် ပစ္စယံပေါင်း ခုနစ်ဆင့် ရှိသည်။

ကျောင်းကြီးအတွင်း ခန်းမကြီးက ဘောလုံးကွင်း



www.burmeseclassic.com

www.burmeseclassic.com



တမျှ ကျယ်ပြန့်လျက် မျက်နှာကြက်တို့မှာလည်း တစ်ထပ်ထက် တစ်ထပ် မြင့်မားကုန်၏။ ကျွန်းတိုင်၊ အုတ်တိုင်ကြီးများလည်း ရတနာမျိုးစုံတို့ဖြင့် တောက်ပနေ၏။

မင်းတုန်းမင်းက သူ၏ခမည်းတော် သာယာဝတီမင်း စံပယ်တော်မူခဲ့သော ရာဇပလ္လင်ကို အမရပူရမှ ယူဆောင်ကာ ထိုကျောင်းခန်းမကြီးထိပ်တွင် ဘုရားစင်အဖြစ်ထားရှိစေ၏။ ထိုရုပ်ပွားတော်၏ သင်းကျစ်တော်၌ အဖိုးတန်စိန်ကြီးတစ်လုံး ပူဇော်ထားရာ ရောင်ခြည်တော် ကွန့်မြူးသကဲ့သို့ တောက်ပနေ၏။

နိုင်ငံခြားသားများက "ဤအုတ်ကျောင်းကြီးလောက် ခမ်းနားသည်မှာ မြန်မာပြည်၌သာမက ကမ္ဘာတွင်လည်း မတွေ့မြင်ဖူးပါ" ဟု မှတ်ချက်ချသည်။ နယ်ချဲ့အင်္ဂလိပ်တို့ကလည်း သူတို့ဘုရင်ခံချုပ် မြန်မာပြည်သို့အလည်လာလျှင် ဤခန်းမကြီး၌ ညှိခံပွဲ ပြုလုပ်သင့်သည်ဟု တေးထားကြ၏။

တစ်နှစ်ခန့်အကြာ ၁၂၂၈ ခု၌ ထိုအတုမရှိကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးရာ မင်းတုန်းမင်းကိုယ်တိုင်ထွက်တော်မူ၍ ရေစက်သွန်းချရန် စီစဉ်လေသည်။ ကြုံကြိုက်ခဲသော ပွဲကြီးပွဲကောင်းဖြစ်၍ နန်းတွင်းသူတို့နှင့်တကွ မြို့မိမြို့ဖများ စုံလင်စွာ တက်ရောက်ကြသည်။

မင်းတုန်းမင်းသည် အခမ်းအနားနှင့် ကရဝိက်ဖောင်ကို စီးနင်းထွက်တော်မူလာ၏။ ကျုံးထောင့်တွင် သစ်ငုတ်တစ်ခုနှင့် တိုက်မိရာ ဖောင်တော်ပြာသာဒ် ယိမ်းယိုင်တုန်လှုပ်သွား၏။

သို့သော် ပြာသာဒ် လဲပြိုခြင်းကား မရှိချေ။ မင်းတရားကြီး အတန် ချောက်ချားသွား၏။

သို့သော် ပွဲတော် အစီအစဉ် မပျက်စေဘဲ ကျောင်းတော် အရှေ့လှေကားမှ တက်တော်မူ၏။ လှေကား ထက်ဝက်ခန့် အရောက်တွင် မင်းတရားကြီးသည် မူးမော်သလိုဖြစ်ကာ လဲလုမတတ် ဖြစ်သွား၏။ အပါး၌ သမီးတော်စလင်းမင်းသမီး၏ ပခုံးကို အချိန်မီ တွဲမှီနိုင်၍သာလျှင် သိက္ခာတော်မပျက် ရှိလေသည်။

မင်းတုန်းမင်းသည် ကျောင်းတော်ကို နှစ်ခြိုက် ကြည်ဖြူစွာနှင့် ရေစက် သွန်းချတော်မူ၏။ မိဖုရားခေါင်ကြီးကိုလည်း အမှျဝေ၏။

သို့သော် ထိုနေ့ တစ်နေကုန် ကျောင်းတော်တွင် နားနားနေနေ ဖျော်ဖြေရန် အစီအစဉ်များကို ရုပ်သိမ်းကာ နန်းတော်သို့ အမြန် ပြန်ကြွလေသည်။ ဤကား နန်းမြို့ရိုး အပြင်သို့ နောက်ဆုံး ထွက်တော်မူခြင်းတည်း။

မိဖုရားခေါင်ကြီး မရှိသည့်နောက် စိတ်လည်း မကောင်း ဖြစ်ခဲ့ရာ နောက်တစ်နှစ်အကြာတွင် ရှင်ဘုရင်ကြီးမှာလည်း မရဏာလမ်းသို့ မြန်းရတော့မည် ဖြစ်လေသည်။

## မိခင် အားကိုး

ဤလောက၌ မိဘနှစ်ပါးဟူ၍ မိခင်နှင့်ဖခင်တို့ ရှိစမြဲဖြစ်ရာ သားသမီးတို့က မိခင်ကို ပို၍ ချစ်တတ်ကြသည်လည်း ရှိ၏။ ဖခင်ကို ချစ်သည်မှန်သော်လည်း အိမ်ထောင်ထိန်းသူအဖြစ် တာဝန်ဝတ္တရားအလျောက် ဆုံးမသွန်သင်ရပေရာ သားသမီးတို့က ကြောက်ရလေသည်။

မိခင်ကား ထိုသို့ မဟုတ်၊ မိခင်တို့မည်သည် သားသမီးတို့ အပေါ်၌ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မလျော့သော မေတ္တာဖြင့် အလိုလိုက်တတ်၏။ မိခင်၏ မေတ္တာဟုန်၌ သားသမီးတို့ အမြဲပင် စိတ်ချလက်ချ ခိုလှုံနိုင်ပေသည်။

ထို့ကြောင့်ပင် ဤလောက၌ လူမျိုး အသီးသီးတို့သည် ဘုရားအမျိုးမျိုး ကိုးကွယ်ကြသော်လည်း ဘာသာတိုင်း၌ပင် ဖခင် ဘုရားသာမက မိခင် မယ်တော်ကြီးများကိုလည်း သီးခြား ပူဇော်လျက် ရှိကြပေသည်။

ခရစ်ယာန်တို့သည် မယ်တော်မာရီကို လည်းကောင်း၊ ဟိန္ဒူတို့က ကာလီကို လည်းကောင်း ကိုးကွယ်ကြ၏။

စကြာဒေဝီ၏ ဘဝဖြစ်စဉ်ကို ကျွန်ုပ်တို့ ပြန်လည်သုံးသပ်ရာတွင် နန်းတွင်းအရေးတော်ပုံများ ပေါ်များလျက်သွေးစွန်းသော ကုန်းဘောင်နောက်ပိုင်းတွင် သူတစ်ဦးသာလျှင် အသက်ထက်ဆုံး ဘေးမသီ ရန်မခဘဲ စည်းစိမ်မပျက်သီလအပြည့်နှင့် ဖြောင့်ဖြူးစွာ စခန်းသွားနိုင်ခဲ့သူပေတည်း။

အလောင်းဘုရား၏ မိဖုရားကြီး ခင်ယွန်းစံမှာ လွန်စွာ အသက်ရှည်လျက် သားတော်ဦးဝိုင်း လက်ထက်မှ နတ်ရွာစံ၏။ သို့သော် လင်သေခြင်းနှင့် သားတော်အချင်းချင်း သတ်ဖြတ်ပုံများ ကြုံတွေ့ရ၍ ကုသိုလ်ကောင်းသည်မဆိုနိုင်ပေ။

စကြာဒေဝီကား ထူးခြားသော ပါရမီရှင်ကြီး ဖြစ်ပေ၏။ အသက်ပေါင်း များစွာကို ကယ်တင်သူအဖြစ်နှင့်လည်း မယ်တော်ကြီးအဆင့်နှင့် ထိုက်တန်သူ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကရုဏာရှင်

မြန်မာရာဇဝင်၌ ပုဂံခေတ်က မိဖုရားစော၊ ဟံသာဝတီခေတ်တွင် ရှင်စောပု ဟူ၍ လိမ္မာရေးခြား ထင်ရှားမြင့်မြတ်သော မိဖုရားကြီးများ ရှိခဲ့ပါ၏။ သို့သော် သူတို့ကား စကြာဒေဝီလို ကရုဏာရှင်များ မဟုတ်ခဲ့ပါပေ။

ကုန်းဘောင်ခေတ် နောက်ပိုင်း၌ မင်းညီမင်းသားများ ထီးနန်းလုကြသဖြင့် မြန်မာ့သမိုင်းတွင် သွေးချောင်းစီးခဲ့သည်။

စကြာဒေဝီ အနေဖြင့် ဘုရင်၏သမီးတော် ဖြစ်သော်လည်း မိန်းမသားတစ်ဦး အနေဖြင့် များစွာ မတတ်နိုင်ချေ။ အပေါ်စီးဖြင့် အနိုင်ကျင့်နေသူများမှာလည်း အခြားမဟုတ်။ သူ့ခမည်းတော် သာယာဝတီမင်းနှင့် မောင်တော်အရင်း ပုဂံမင်းတို့ ဖြစ်လေသည်။ သူ့အဖို့ မိဘဆွေမျိုးတို့ကို စောင့်ရှောက်ရမည့် ဝတ္တရားရှိသလို တစ်ဖက်တွင် တရားတော်နှင့် ဆန့်ကျင်သော အပြုအမူများ၊ တိုင်းပြည်ကို ရာဇဝင်ရိုင်းစေမည့် လုပ်ရပ်များကိုလည်း ဥပေက္ခာပြုနေရန် မသင့်ချေ။

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအလံ လွှင့်ထူရာ မြန်မာနိုင်ငံတော်တွင် အဘယ်ကြောင့် အဇာတသတ်ဇာတ်ထုပ်များ ထပ်တလဲလဲ ခင်းကျင်းနေကြသနည်း။ ထို့ကြောင့် စကြာမင်းနှင့် အရီးတော် မြတောင်မင်းသမီးတို့ကို ရေချပြီးချိန်၌ ကျန်ရစ်သူ သမီးတော်များကို စကြာဒေဝီက သူ့အိမ်သို့ ခေါ်ထား၏။

နန်းမတော်မယ်နု၏ ဩဇာလွှမ်းချိန်က စကြာဒေဝီ မိသားစုတို့ကို အခါခပ်သိမ်း ဖိနှိပ်ခဲ့သည်။ သို့သော် မယ်နုကို ကွပ်မျက်ချိန်၌ အတူပါလာသော သမီးတော်ကလေး ဆင်ဖြူမ ရှင်ကို စကြာဒေဝီကပင် လူသတ်သမားတို့ လက်မှ ဆွဲခေါ်ထားလိုက်သည်။

တစ်ဖက်၌ ခမည်းတော်နှင့် မောင်တော်တို့က သူတို့အဖို့ အန္တရာယ်ရှိသည် ဆိုသူများကို ဖယ်ရှင်းပြီးနောက် အဘယ်ကြောင့် ကျန်ရစ်သူများအား တစ်သက်လုံး ညှိုးနွမ်းနစ်မွန်းစေမည်နည်း။

ပဒေသရာဇ်ခေတ်၌ ဘဝရှင်၏ မျက်မာန်တော်သည် နဂါး၏ မျက်စောင်းကဲ့သို့ ပြင်းပြစွာ၏။ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ပျက်ပြုန်းစေနိုင်၏။ ကျူပင်ခုတ် ကျူငုတ်မကျန်စေရဟုလည်း ဆို၏။ မသေကျန်ရှိသူများအဖို့ အပြစ်တစ်စုံတစ်ရာ မရှိစေကာမူ ရာဇဝတ်ဘေးကြောင့် ခေါ်ပြော ဆက်ဆံဝံ့သူများ ရှားပါးကုန်၏။

မိဘမောင်ဖွားတို့က မျက်မုန်းကျိုးသူများကို စကြာဒေဝီက သူ့အိမ်တော်သို့ စုပေါင်းခေါ်ဆောင် ခိုလှုံစေသည်မှာ မျက်နှာပြောင်တိုက်သကဲ့သို့ ရှိချေ၏။ သို့သော် တရားတော်ဘက်မှ ဆင်ခြင်လျှင် သူက မှန်နေ၏။ တရားပျက်ချိန်၌ တရားစောင့်သူလည်း ရှိရမည် မဟုတ်လော။ ဟိန္ဒူအယူ၌ သိဝနတ်ကြီးက ကမ္ဘာကို ဖျက်သောအခါ ဗိဿနိုးနတ်ကြီးက အားလုံး ပျက်ပြားမသွားအောင် ထိန်းသိမ်းပြုစု အဖတ်ဆယ်တတ်သည် မဟုတ်လော။

မိဖုရားကြီးများ လောက၌ စကြာဒေဝီနှင့် ယှဉ်ပြိုင်နိုင်သူများ ရှားသောကြောင့် သူ့မှုသူ့ဟန်ကို သဘောပေါက်ကြစေရန် သူရဿတီ ပိဋကတ် မယ်တော်ကြီးနှင့် လည်းကောင်း၊ တရုတ်မယ်တော်ကြီး ကွမ်ရင်နှင့် လည်းကောင်း နှိုင်းယှဉ်ရပေမည်။

သာမန် အမျိုးသမီးကြီးများ လောက၌ကား ဥရောပတွင် အကျဉ်းထောင်များကို ပြုပြင်ခဲ့သော မစ္စဖရိုင်း (Mrs. Fry)၊ သူနာပြုခေါင်းဆောင်ကြီး မစ္စနိုက်တင်ဂေး (Miss Nightingale) နှင့် ယမန်နှစ်က နိုဘယ်ဆု ရရှိသော၊ အိန္ဒိယပြည်၌ လူစဉ်မမီသော ကလေးများ၏ မိခင်ကြီး တီရေစာ (Mother Teresa) တို့သည် စကြာဒေဝီ ကဲ့သို့သော ကရုဏာရှင်များ ဖြစ်ကြ၏။

## ဓမ္မဒိန္နာ ဥပမာ

စကြာဒေဝီသည် ဗုဒ္ဓဘာသာဝင် အမျိုးသမီးကြီးဖြစ်၍ သူ့အား ဗုဒ္ဓဝင်လောကမှ ထင်ရှားသော ရှေးခေတ် ဒါယိကာမကြီးများနှင့် နှိုင်းယှဉ်လျှင် ပို၍ သဘာဝကျပေမည်။ မြတ်စွာဘုရား ကိုယ်တော်တိုင် မြွက်ကြားသော ဓမ္မဒိန္နာဇာတ်ကိုပင် ကိုးကားရပေမည်။

ဗာရာဏသီမင်းသား တစ်ပါးသည် ညောင်ပင်ကြီး တစ်ပင်သို့ ချဉ်းကပ်၍–

'အရှင် ညောင်စောင့်နတ်မင်း၊ ခမည်းတော် ကွယ်လွန်ချိန်တွင် အကျွန်ုပ် ထီးနန်းရရှိအောင် မ တော်မူပါ။ ထီးနန်းရသောအခါ မင်း ၁၀၁ ပါးတို့၏ လည်ချောင်းသွေးနှင့် အရှင်နတ်မင်းကို ဗလိနတ်စာ တင်ဆက်ပါမည်'ဟု ကတိပေး၏။

သူ့ခမည်းတော် ကွယ်လွန်ချိန်၌ ထိုမင်းသားပင် ကံအားလျော်စွာ ဘုရင်ဖြစ်လေရာ ကတိအတိုင်း ရှင်ဘုရင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရန် အားထုတ်၏။ ထို့ကြောင့် မင်းများကို တစ်ပါးပြီးတစ်ပါး ၁၀၁ ပါးပြည့်အောင် ဖမ်း၏။ ဖမ်းပြီး မင်းတို့အား ဗလိနတ်စာ တင်ဆက်ရန် ညောင်ပင်ကြီးအောက်သို့ ခေါ်ခဲ့၏။ ဥဂ္ဂါသေနမင်း၏ မိဖုရား ဓမ္မဒိန္နာမှာ ကိုယ်ဝန်ရင့်မာ ရှိသဖြင့် ချန်လှပ်ထားခဲ့၏။

ညောင်စောင့်နတ်မင်းက ထိုမင်းမိုက်၏ အမှားကို တားမြစ်လို၏။

'ဒီမင်းမိုက်သည် ကံအားလျော်စွာ ဘုရင်ဖြစ်တာကို ငါ့တန်ခိုးကြောင့်လို့ အထင်မှားပြီး မင်း ၁၀၁ ပါးနှင့် မိဖုရားတွေကို သတ်ဖြတ် ယစ်ပူဇော်မယ်၊ သူ့အကြံသာ အောင်ရင် ဇမ္ဗူဒီပါကျွန်းမှာ မင်းဆက် ပြတ်ရတော့မယ်၊ သူတို့ လည်ချောင်းသွေးနှင့် ဗလိနတ်စာပွဲ လုပ်တော့ ငါ့ညောင်ပင်ဟာလည်း သွေးအလိမ်းလိမ်း ကပ်ပြီး မသန့်ရှင်း မစင်ကြယ်ဖြစ်မယ်'

ညောင်စောင့်နတ်က သိကြားမင်းထံမှ အကြံတောင်းခံ၏။ သိကြားမင်းက–

'သူပြုတဲ့ ဗလိနတ်စာကို လက်မခံနိုင်ဘူး ပြောပါ၊ ဥဂ္ဂါသေနရဲ့ မိဖုရား ဓမ္မဒိန္နာ ပါဝင်မှ လက်ခံမယ် ပြော'ဟု မှာကြားလိုက်၏။

ထိုအတိုင်း ညောင်စောင့်နတ်က ပြောရာ ဗာရာဏသီ မင်းက–

'မင်း ၁၀၁ ပါးနှင့် မိဖုရား ၁၀၁ ပါး ပြည့်အောင် ဓမ္မဒိန္နာကိုပါ ထည့်သွင်း ပူဇော်ပါမည်'ဟု ဆို၏။

ထို့ကြောင့် ဓမ္မဒိန္နာကို ခေါ်ဆောင်ခဲ့၏။ ဓမ္မဒိန္နာ ရောက်သော် သူ့လင် ဥဂ္ဂါသေနသို့သာ ဦးချလျက် ရှင်ဘုရင်ကို အလေးမပြုချေ။ မေးလျှင် သူ့လင်မှာ သူ့ကျေးဇူးရှင် ဖြစ်၍ ရှိခိုးသည်၊ ရှင်ဘုရင်နှင့် ဘာမျှ မတော်စပ်၊ ကျေးဇူးတင်စရာလည်း အကြောင်းမရှိ၍ မရှိခိုးဟု ဆို၏။

နတ်မင်းကို အဘယ့်ကြောင့် မရှိခိုးသနည်းဟု မေးပြန်ရာ 'ဤမင်းနှင့် မိဖုရားတို့ကို နတ်မင်းက ဖမ်းယူခြင်း မဟုတ်၊ ရှင်ဘုရင်၏ လုပ်ရပ်သာ ဖြစ်သည်။ နတ်မင်းမှာလည်း တန်ခိုးရှိသူ မဟုတ်၍ ယခု သူ့ညောင်ပင်ကိုင်းတစ်ခု မီးလောင်နေသည်ကိုပင် ငြိမ်းသတ်နိုင်ခြင်း မရှိ'ဟု ဆို၏။

ရုက္ခစိုးနတ်က 'မှန်ပေသည်'ဟု ဆို၏။ ပြောရင်းဆိုရင်း ဓမ္မဒိန္နာက ငိုခြင်း၊ ရယ်ခြင်းကို ပြု၏။

'ငိုခြင်းကား ရှေးက ဆိတ်တစ်ကောင်ကို ခေါင်း

ဖြတ်၍ စားခဲ့ဖူးရာ ထိုဆိတ်၏ အမွေးအရေအတွက်ရှိသော ဘဝပေါင်းများစွာ ခေါင်းဖြတ်ခံရသော ဝဋ်လိုက်ခံရပုံကို

---

**သမီးတော်ကလေး**





www.burmeseclassic.com

www.burmeseclassic.com



သတိရ၍ ဖြစ်သည်။ ယခုလည်း ဗာရာဏသီမင်း ဤသို့ ဝင်ခွံခံရတော့မည်ကို မြင်၍ ဖြစ်သည်။ ရယ်ခြင်းကား ကျွန်မ အဖို့ ဤဒုက္ခဆင်းရဲတို့မှ လွတ်မြောက်ခဲ့ပေပြီဟု တွေးတော ဝမ်းသာခြင်း ဖြစ်သည်'ဟု ရှင်းပြ၏။

ဓမ္မဒိန္နာ မိဖုရား၏ စကားများကို ကြားနာရသော ဘုရင်သည် များစွာ ထိတ်လန့်ကာ ဝင့်ကြွေးသဘောကို တစ်မုဟုတ်ချင်း နားလည်သတိရသဖြင့် ဖမ်းဆီးထားသော မင်းနှင့် မိဖုရားတို့အား လွှတ်လိုက်၏။

သို့လျှင် ဓမ္မဒိန္န မိဖုရားသည် မိမိ ပညာစွမ်းဖြင့် များစွာသော လူသတ္တဝါတို့၏ ဇီဝိတဒါန အသက်အလှူကို ပြုခဲ့၏။ စကြာဒေဝီသည်လည်း ကုန်းဘောင် နောက်ပိုင်း ခေတ်၌ အလားတူ ဒါနပြုခဲ့လေပြီ။ ထို့ကြောင့် စကြာဒေဝီ၏ ဂုဏ်ကျေးဇူးတို့ ပိုမို ထင်ရှားပီပြင်လာ၏။ သာမန် မိဖုရား ခေါင်မျိုး မဟုတ်တော့ဘဲ ကုန်းဘောင်ခေတ်၏ မယ်တော်ကြီးဟု ခေါ်ထိုက်ပေ၏။ အမျိုးသမီးလောက၌ ထူးခြားသော မိန်းမမြတ်ကြီး ဖြစ်နေ၏။

## စကြာဒေဝီ၏ ရွှေရုပ်တု

***ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ***

"တရားစောင့်သော သူကို တရားသည်
မလွဲမသွေ စောင့်ရှောက်သည်သာတည်း။"

*

စကြာဒေဝီ၏ ရွှေရုပ်တုကို ထုလုပ်ပြီးစီးသောအခါ မူလရှိခဲ့ပြီးသော ကုန်းဘောင်မင်းဆက် မင်း၊ မိဖုရားတို့တွင် ရွှေရုပ်တစ်ခု တိုးလာခဲ့၏။ ထိုရွှေရုပ်ကား နောက်ဆုံးပင် ဖြစ်တော့၏။ မင်းတုန်းမင်း မရှိသည့်နောက်၌ ရွှေရုပ်တု ပူဇော်ပွဲ ဆက်လက်ကျင်းပခြင်း မရှိတော့ချေ။

မင်းတုန်းမင်းနှင့်တကွ နန်းတွင်း ဆွေတော်မျိုးတော်များသည် စကြာဒေဝီရုပ်တု ပူဇော်ပွဲကို လစဉ် တောင်နန်းတော် အတွင်း၌ မှန်မှန်ကျင်းပကြ၏။ ထိုပူဇော်ပွဲ၌ ရွတ်ဆိုကြသော ဂါထာများကား–

အနောတတ္တော၊ ဒကံယသာ
သံသန္တတိ၊ သမုဒ္ဒကံ
ယာထာပုတ္တာ၊ ဒီနံမေတ္တာ
တဝိဒေဝိ၊ နမေသဒါ

**အနောတတ္တော**–အနောတတ်အိုင်ရေသည်၊ **သမုဒ္ဒကံ**–မဟာသမုဒ္ဒရာသို့၊ **သံသန္တတိယတာ**– စီးသကဲ့သို့၊ တထော–ထို့အတူ၊ **ယသာ**– အကြင်စကြာဒေဝီမယ်တော်၏၊ **မေတ္တာ**–မေတ္တာတည်းဟူသော ရေသည်၊ **ပုတ္တဒါနံ**–သားတော်သမီးတော် အစရှိသော ဆွေတော်မျိုးတော်တို့အား၊ **သံသန္တတိ**– စီး၏။ **တံပိဒေဝိ**– ထိုမဟေသီ မိဖုရားကြီးအား **သဒါ**–အခါခပ်သိမ်း၊ **နမေနမာမိ**– ရှိခိုးပါ၏။

ပုတ္တာ နတ္တာ ဒီကောကာသေ
ဥဠုရာဇာဝ ဒိဗ္ဗတု၊
ဤတိပတ္တေသိ ဘုဒ္ဒတ္တာ
မဟေသီတသကံ နမေ၊

**တသ**– ရတနာပုံမင်းတရားကြီး၏၊ **သုဒ္ဒတ္တာ**– စင်ကြယ်သောနှလုံးရှိသော၊ **ယာမဟေသီ**– အကြင် မိဖုရားခေါင်ကြီးသည်၊ **ပုတ္တနတ္တဒီကော**– သားတော် မြေးတော် ဆွေတော် မျိုးတော် အစရှိသူတို့အား၊ **အာကာသေ**–ကောင်းကင်၌၊ **ဥဠုရာဇာဝ**– လမင်းကဲ့သို့၊ **ဒိဗ္ဗတု**– တန်ခိုးရောင်ဖြင့် ရန်မှောင်ကင်းပျောက် တောက်ပစေသတည်း။ **တံ**– ဤသို့၊ **ပတ္တေသိ**– တောင့်တတော်မူ၏။ **တံ**– ထိုစကြာဒေဝီ မိဖုရားခေါင်ကြီးကို၊ **နမေနမာမိ**– ရှိခိုးပါ၏။

သဒါဗြဟ္မဟာရေန၊
အသန္တုဋ္ဌေနမံဏ္ဍာဝ၊
ဘာဝေသိ ဓမ္မစရိယာ၊
သိနေရုက ဂုဏာနမေ၊

**ဓမ္မစာရိ**– တရားကို ကျင့်လေ့ရှိသော၊ **ယာမတာ**– အကြင်မယ်တော် စကြာဒေဝီသည်၊ **မံ**– ငါ့ကို၊ **ဤမ**– ဤလူ၏ အဖြစ်ဖြင့်၊ **အသန္တုဋ္ဌေန**– မရောင့်ရဲနိုင်သော၊ **ဗြဟ္မာဝိဟာရေန**– ဗြဟ္မစိုရ်တရားဖြင့်၊ **သဒါ**–အခါခပ်သိမ်း၊ **ဘာဝေသိ**– ပွားများစေတော်မူပြီ။ **သိနေရုကဂုဏံ**– ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ်သဖွယ် ကြီးကျယ်မြင့်မြတ်သော ကျေးဇူးတော်ရှိထသော၊ **တံမတရံ**– ထိုမယ်တော် စကြာဒေဝီကို၊ **နမေနမာမိ**– ရှိခိုးပါ၏။

*



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁၄ လငပုပ် လာပြီ

## [၁] လခစား ဘုရင်စနစ်ကို တင်ပြသူ

မင်းတုန်းမင်းနှင့် သီပေါမင်း ခေတ်တို့၌ ထွန်းပေါ်ခဲ့သော ယောအတွင်းဝန် ဦးဘိုးလှိုင်ကို မြန်မာ့စွယ်စုံကျမ်း၌ "ယခုခေတ် လူတို့သည် ယောအတွင်းဝန်အား နှလုံးရည် တော်လှန်ရေး ခေါင်းဆောင်တစ်ဦး အနေနှင့် ပူဇော်သက္ကာရ ပြုလျက် ရှိကြသည်" ဟု အကဲဖြတ်ထား၏။

"နှလုံးရည် တော်လှန်ရေး" ဟူရာ၌ အတွေးအခေါ် တော်လှန်ရေး၌ အကျုံးဝင်လျက်ရှိ၏။ ထိုစွယ်စုံကျမ်း၌ပင် ဆက်လက်ပါရှိသည်မှာ "ဦးဘိုးလှိုင်သည် ရှေးနီတိကျမ်းတို့၌ ဖွင့်ဆိုသော ရှေးရိုးစဉ်လာ မြန်မာ့အတွေးအခေါ် အယူအဆ တို့ကို နိုင်ငံခြားနှင့် ကူးလူးဆက်ဆံရာမှ ရရှိအပ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အသိတရားများနှင့် နှိုင်းဆ၍ ထိုခေတ် မြန်မာနိုင်ငံသားတို့အား အမြင်သစ် တစ်ရပ် ပေးခဲ့သည်။

ဦးဘိုးလှိုင် ရေးသားစီရင်သော **ရာဇဓမ္မ သင်္ဂဟကျမ်း** သည် ဤအချက်ကို သက်သေပြု၏။ ထိုကျမ်း တစ်စောင်နှင့်ပင် သူ့ကို နိုင်ငံရေးသုခမိန် ခေါ်ထိုက်၏။ စင်စစ် ဦးဘိုးလှိုင်သည် သက္ကတ၊ ပါဠိ၊ မြန်မာ စာပေတို့၌သာ နှံ့စပ်သည် မဟုတ်။ အနောက်တိုင်း ဝိဇ္ဇာနှင့် သိပ္ပံပညာတို့၌လည်း နှံ့စပ်သည်။

သို့ဖြစ်၍ အနောက်တိုင်းမှ ရအပ်သော ပညာဗဟုသုတတို့ကို မြန်မာပစ္စည်း ဖြစ်အောင် ကြံဆောင်ရင်းနှင့် မြန်မာ့ရိုးရာကိုလည်း ထိန်းသိမ်းပေးသည်။

ဤ၌ နိုင်ငံခြားဗဟုသုတ ပြန့်ပွားအောင် ပြု၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုတို့ကိုလည်း ပြန်လည် ဖော်ထုတ်သော မြဝတီဝန်ကြီး ဦးစ၏ အစဉ်အလာကို ယောအတွင်းဝန်က ဆက်လက် ထိန်းသိမ်းသည်ဟု ဆိုရမည် ဖြစ်၏။" (**စွယ်စုံကျမ်း**)

### ပထမအုပ်ချုပ်ရေး စည်းမျဉ်း

ဦးဘိုးလှိုင်က မြန်မာတို့၏ ရာဇဝင်ကိုယ်တွေ့နှင့် လက်ရှိ ဥရောပအခြေအနေတို့ကို သုံးသပ်ညှိနှိုင်းကာ "ပထမ မြန်မာ့အခြေခံ အုပ်ချုပ်ရေးစည်းမျဉ်း" ကို ရေးဆွဲခဲ့ပေသည်။ ထိုမူကြမ်းကို "ရာဇဓမ္မသင်္ဂဟကျမ်း" ဟု ခေါ်၏။

သီပေါမင်း နန်းတက်သော ၁၂၄၀ ပြည့်နှစ်၌ပင် ရေးသားပြီးသော ထိုကျမ်း၌ နိုင်ငံတော် အုပ်ချုပ်ရေးကို အသက်ဦးဆံပိုင် ဘုရင်စနစ်မှ ဥပဒေဘောင်အတွင်း၌ စိုးစံသော ဘုရင်စနစ်သို့ ပြောင်းလဲရန် စီစဉ်လေသည်။ ဘုရင်နှင့် မိဖုရားကို အင်္ဂလိပ် ရှင်ဘုရင်များကဲ့သို့ လခ ရိက္ခာတော် ပေးထားပြီး ဘဏ္ဍာတော် အသုံးစရိတ် အရပ်ရပ်ကို လွှတ်တော်ဝန်ကြီးများက ပြည်သူ့ကိုယ်စား ချုပ်ကိုင်ထားရန် ရည်ရွယ်သည်။

### အင်္ဂလိပ် နမူနာ

အင်္ဂလန်ပြည်တွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ထားရှိသကဲ့သို့ မြန်မာပြည်၌လည်း (၁) မျိုးရိုးစဉ်လာ အတိုင်း မှူးကြီးမတ်ကြီး၊ ဆွေတော်မျိုးတော်တို့က တစ်သင်း၊ (၂) ပြည်သူပြည်သားတို့က သဘောတူ တင်မြှောက်သည့် လူကြီးစုက တစ်သင်း ဟူ၍ ဘိလပ်ပါလီမန် ဖွဲ့စည်းထားရှိသလို စံထားလိုလေသည်။

ဤကား အင်္ဂလိပ်ကို အစစ အထင်ကြီး၍ သူတို့ လုပ်နည်းများကို ခိုးချခြင်းဟု မယူဆအပ်ပေ။ အင်္ဂလိပ်ကို

www.burmeseclassic.com



အနိုင်တိုက်လိုလျှင် အင်္ဂလိပ်၏ လုပ်ရပ်များကို ဦးစွာ လေ့လာ၍ ထိုထက် သာလွန်ကောင်းမွန်သော စနစ်များ တီထွင်နိုင်ရပေမည်။ လက်နက်ကောင်းများလည်း သူတို့နှင့် ပြိုင်ဆိုင် ထုတ်လုပ်နိုင်ရမည်။ ဘဏ္ဍာရေးလည်း သူတို့ထက် တောင့်တင်း ခိုင်လုံမှု ရှိစေရမည်။

ထို့ကြောင့် ဘုရင်နှင့်မိဖုရားတို့၏ အဆီးအတားမရှိ သုံးဖြုန်းမှုတို့ကို ဘောင်ခတ်ရန် လိုအပ်လေသည်။

## မြွေ မသေ၊ တုတ် မကျိုး

တစ်ကြောင်းမှာလည်း ဥရောပတိုက်သည် အသက်ဦးဆံပိုင် ဘုရင်စနစ်မှ သူတို့ကိုယ်တိုင် သွေးထွက်သံယို တော်လှန်ကာ ဒီမိုကရေစီခေတ်သို့ အတင်း ကူးပြောင်းခဲ့ရသည်။

အင်္ဂလန်ပြည်တွင် ၁၆၀၀ ပြည့်နှစ်လောက် (မြန်မာတို့၏ တောင်ငူခေတ်)မှ စ၍ လွှတ်တော်နှင့် ရှင်ဘုရင်တို့ အတိုက်အခံ ဖြစ်ခဲ့ရာမှ တိုက်ပွဲများ ဖြစ်ခဲ့ရသည်။ အနိုင်ရသော ပါလီမန်ခေါင်းဆောင် ကရွမ်းဝဲ (Cromwell)က သူတို့၏ဘုရင် ချာလီ (Charles 1) ကို သေဒဏ်ပေးကာ ခေါင်းဖြတ်သတ်ခဲ့သည်။

၁၇၈၀ ပြည့်လောက် (ဘိုးတော်ဘုရားခေတ်)၌ ပြင်သစ်အရေးတော်ပုံကြီး ဖြစ်ပွားရာ သက်ဦးဆံပိုင် လူဝီဘုရင် (Louis 14) ကို ပြည်သူ့လွှတ်တော်ကပင် စက်တိုင်တင်ခဲ့ရာ မိဖုရားလည်း အတူ ခေါင်းဖြတ်ခံခဲ့ရလေသည်။

မြန်မာပြည်၌ သီပေါခေတ်တွင် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်နှင့် ကင်းဝန်မင်းကြီးတို့ ဦးဆောင်ကာ ဥရောပမှာကဲ့သို့ လခစား ဘုရင်စနစ်သို့ ကူးပြောင်းရန် ကြိုးစားခြင်းမှာ အခြေအနေကို စေတနာရှေ့ထား၍ ကြိုးပမ်းခြင်းဖြစ်သည်။

အခြား နိုင်ငံတို့၌ ရှင်ဘုရင်ကို ခေါင်းဖြတ်ပြီးမှ ပြောင်းလဲဖြစ်သော ကိစ္စမျိုးကို ဦးဘိုးလှိုင်နှင့် ဦးကောင်းတို့က မြန်မာပြည်၌ "မြွေ မသေ၊ တုတ် မကျိုး" စီမံလိုလေသည်။

## လွှတ်တော် နှစ်ရပ်၊ သတင်းစာ နှစ်မျိုး

ဦးဘိုးလှိုင်၏ ပြုပြင်ရေးစီမံကိန်းတွင် "ဤသို့ မှူးမတ်လူကြီး နှစ်သင်းတို့ တိုင်းရေးပြည်မှု လုပ်ဆောင်မည် ညှိနှိုင်းသည့် ကာလ သတင်းစာဆရာတို့လည်း ညှိနှိုင်းရာသို့ဝင်၍ နားထောင်စေပြီးလျှင် ပြောဆိုသမျှ စကားစုကို သတင်းစာရိုက်၍ နေ့စဉ် နိုင်ငံကို ထုတ်ဝေစေမည်။ နိုင်ငံသားတို့က မှူးမတ်တို့ စည်းဝေးတိုင်ပင်ကြရာတွင် ကြိုက်သည်၊ မကြိုက်သည်တို့ကို မိမိတို့ကိုယ်တိုင် ထုတ်ဝေသော နိုင်ငံသားတို့ ပုံနှိပ်သည့် သတင်းစာမှ ပြန်လည် ဝေဖန်ရမည်။ ဤသို့ မှူးမတ်နှင့် ပြည်သူတို့ တစ်ဖန် ညှိနှိုင်းပြီးမှသာလျှင် လူကြိုက်များသော ဆုံးဖြတ်ချက်ကို မင်းဇေယျာဇိထံ သွင်းသည့်ကာလ သဘောတူ လက်မှတ်ထိုး၍ အမိန့်တော်အနေဖြင့် နိုင်ငံသို့ ထုတ်ပြန်ရသည်။"

သို့လျှင် ဦးဘိုးလှိုင်က (၁) အထက်လွှတ်တော်နှင့် အောက်လွှတ်တော်၊ (၂) အစိုးရ သတင်းစာနှင့် ပြည်သူ့ သတင်းစာ၊ (၃) ညှိနှိုင်း၍ အများသဘောတူရာကို ရှင်ဘုရင်က လက်မှတ်ထိုးကာ အတည်ပြု ဟူသော ထုံးစံသစ်ဖြင့် အုပ်ချုပ်ရေး၌ အားလုံး စုပေါင်း ပါဝင်နိုင်သော မူသစ်ကို ချပေးလေသည်။

## ယစ်နတ် ပူဇော်ခြင်းကို ပယ်

ဘုရားလက်ထက်က လိစ္ဆဝီမင်းတို့သည် အပရိဟာနိယ တရား ၇ ပါးကို အဓိကထား၍ ကျင့်သုံးကာ မင်းနှင့်ပြည်သူ အကျိုးစီးပွားကို ရှာခဲ့၏။ မဟာပရိနိဗ္ဗာနသုတ်၌ မြတ်စွာဘုရားက ထိုတရား ၇ ပါးကို ဖော်ပြတော်မူသည်ကား–

(၁) စည်းဝေးတိုင်ပင်ခြင်း၊
(၂) အညီအညွတ် ဆောင်ရွက်ခြင်း၊
(၃) ဥပဒေအတိုင်း ကျင့်ခြင်း၊
(၄) လူကြီးတို့၏ အဆုံးအမ၌ တည်ခြင်း၊
(၅) အမျိုးသမီးအား မနှိပ်စက်ခြင်း၊
(၆) ယဇ်နတ် ပူဇော်ခြင်း၊
(၇) ရဟန္တာတို့အား စောင့်ရှောက်ခြင်း။

အပရိဟာနိယသည် "မဆုတ်မယုတ် မပျက်စီးနိုင်ခြင်း"ဟု အဓိပ္ပာယ်ရ၏။ ဗုဒ္ဓဘာသာ မြန်မာမင်း အဆက်ဆက်တို့သည် ဤမင်းကျင့်တရားကို ဦးထိပ်ထားခဲ့ကြသည်။

ဦးဘိုးလှိုင်က ခေတ်နှင့်လျော်ညီအောင် ထိုတရား ၇ ပါးတို့၌ တစ်ပါး အပါအဝင်ဖြစ်သော "ယဇ်နတ် ပူဇော်ခြင်း"ကို ပယ်ဖျက်လို၏။ ဦးဘိုးလှိုင်က 'နိုင်ငံမှာ ကောင်းရာကောင်းကြောင်း နည်းဥပဒေသစ် ပြုလုပ်မည်ရှိလျှင် အပရိဟာနိယတရား ပျက်လိမ့်မည် ထင်မှတ် ပြောဆိုနေကြသည့် ဤစကားကို အလျှင်း မမှတ်အပ်'ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့သဘောအရ "ဟောင်းသော်လည်း ပယ်သင့်မှ ပယ်မည်၊ သစ်သော်လည်း လိုက်သင့်မှ လိုက်မည်"ကို တွေ့ရသည်။

အပရိဟာနိယ တရား ၇ ပါး၌ ၆ ပါးကို ဆက်လက်ကျင့်သုံးကာ ယဇ်ပူဇော်ခြင်းကိုသာလျှင် ခေတ်နှင့် မဆီလျော်တော့၍ ပယ်ရန်ဆိုခြင်း ဖြစ်၏။

ထိုသို့ ပူဇော်ရာတွင် ရိုးသားစွာ ရှာစောင့်နတ်၊ အိမ်စောင့်နတ်များကို ဆီမီးခဲဖွယ် ပူဇော်ခြင်းကို မဆိုလို။ လူကို စတေး၍ လည်းကောင်း၊ တိရစ္ဆာန်များကို သတ်၍လည်းကောင်း ယဇ်ပူဇော်ခြင်းကို ဆိုလိုသည်။

ဤအရေး၌ ပုဂံခေတ်တွင် အနော်ရထာမင်းသည် လည်းကောင်း၊ တောင်ငူခေတ်တွင် ဘုရင့်နောင်သည် လည်းကောင်း ဤအလေ့အထဆိုးကို ပိတ်ပင် ဖိနှိပ်ခဲ့ပြီး ဖြစ်လေသည်။

သို့သော် ခေတ်အဆက်ဆက်တို့၌ အဟောင်းသမား (Conservatives)နှင့် အသစ်သမား (Radicals)တို့သည် နိုင်ငံရေး လောက၌ အတိုက်အခံ အခြေအတင် ပြုစမြဲ ဖြစ်ရာ တစ်ဦးကိုတစ်ဦး ဆိုလို အပေါက်ရှာ၍ ကန့်ကွက်စမြဲ ဖြစ်သည်။

ဦးဘိုးလှိုင်က အပရိဟာနိယ ၇ ပါး၌ တစ်ပါးပယ်ရန် ပြောသည်ကိုပင် "အားလုံး ပျက်ကုန်ပြီ" စသဖြင့် ဝေဖန်ကြသည်။ သို့သော် ထိုအယူဝါဒကို ဦးဘိုးလှိုင်က ဘုရားဟော ပါဠိတော် အကိုးအကားများ အလုံအလောက် တင်ပြကာ ပယ်ခဲ့သည်။

*

နိုင်ငံရေးနှင့် ပတ်သက်သော ဦးဘိုးလှိုင်၏အရပ်ရပ် သုံးသပ်ချက်တို့မှာ ပူအိုက်သော ပဒေသရာဇ် ရာသီတွင် လေပြည်လေအေး တိုက်ခတ်သကဲ့သို့ စိတ်ချမ်းသာစရာ ဖြစ်၏။

## ဘုရားလည်း အလုပ် လုပ်ရသည်

လောက၌ လူတို့သည် အမိမွေးသည့်အတိုင်း ဖြစ်၍ မိမိ၏ ဝီရိယဖြင့် မသုတ်မသင် မရှင်းမလင်းထားလျှင် ခြေသည်း၊ လက်သည်း၊ ဆံပင်၊ အမွေးတို့သည် ရှည်၍ လူနှင့်မတူ၊ မျောက်ကဲ့သို့ ဖြစ်လိမ့်မည်။

လောက၌ လူတို့ စားသောက်ရန်ကိုလည်း လုံ့လဝီရိယထုတ်၍ မလုပ်ဆောင်လျှင် လယ်ယာ မဖြစ်ထွန်း။ စားသောက်ရန် ဆန်စပါးမရှိ ဖြစ်လိမ့်မည်။ ဝတ်ဆင်ရန်ကိုလည်း လုံ့လထုတ်၍ မရက်လုပ်လျှင် အဝတ်ပုဆိုး ဝတ်ဆင်ရန် မရှိ။ အချည်းအနှီး ဖြစ်လိမ့်မည်။ နေထိုင်ရန် မြို့ရွာ အိမ်ကျောင်းကိုမှ သော်လည်း မဆောက်မလုပ်လျှင် လွင်တီးခေါင်မှာ ထီးတည်းနေရလိမ့်မည်။

ဧကန် ဘုရားဖြစ်မည့် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသော်လည်း လုံ့လထုတ်၍ ဒုက္ကရစရိယာ ကျင့်ခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းများကို ပြုမှ ဘုရားဖြစ်နိုင်သည်။

### တစ်ကိုယ်ကောင်းနှင့် အများကောင်း

(၁) လောကကို ကောင်းအောင် ပြုလုပ်ရာ၌ တစ်ယောက်၊ နှစ်ယောက် ပြုလုပ်၍ မကောင်း၊ အများနှင့် ပြုမှ ကောင်းသည်။

လောကုတ္တရာ အရေး၌ မဂ်ဖိုလ်ရအောင် ပြုလုပ်လျှင်လည်း တစ်ယောက်တည်း ပြုလုပ်မှ ကောင်းသည်။

တရားဆိုသည်မှာ ဆေးကဲ့သို့ ဖြစ်၏။ ရင်ဘတ်နာဆေးသည် ရင်ဘတ်နာကို ပျောက်စေနိုင်၏။ အဖျားကို မပျောက်စေနိုင်။ အဖျားဆေးသည် အဖျားကို ပျောက်စေနိုင်၏။ ရင်ဘတ်နာကို မပျောက်စေနိုင်။

ထို့အတူ တရားသည်လည်း လောက ကောင်းကြောင်း ကျင့်လျှင် ပစ္စုပ္ပန်၌ ကောင်းသည်။ လောကုတ္တရာ၌ မကောင်း။

လောကုတ္တရာ ကောင်းကြောင်း တရားကိုကျင့်လျှင် လောက၌ မကောင်း၊ နိဗ္ဗာန်မဂ်ဖိုလ်ကား ရ၏။

လောကကောင်းကျိုး အကျင့်နှင့် လောကုတ္တရာ ကောင်းကျိုးအကျင့်တို့သည် မုချဆန့်ကျင်ဘက် ဖြစ်သည်။

ဤကား လက်ရှိ ဆိုရှယ်လစ်လောက တည်ဆောက်နေချိန်၌ မြန်မာပြည်တွင် လက်တွေ့ ကြုံကြိုက်နေရသော ပြဿနာများကို ဦးဘိုးလှိုင်က ကိုယ်တိုင် ရင်ဆိုင်ခဲ့ရသကဲ့သို့ ရှိ၏။

မြန်မာအစိုးရက ယခု အချိန်တွင် ငါးမွေးမြူရေး၊ ကြက်ဘဲ မွေးမြူရေး စသည်တို့ကို တိုင်းပြည်၏ စီးပွားရေး ဖူလုံမှုအတွက် အားပေးလျက်ရှိရာ ဗုဒ္ဓဘာသာဝင်တို့အတွက် နားဝင်မချိုပါချေ။ သို့သော် ဤကား လောကီရေးဖြစ်သောကြောင့် ဦးဘိုးလှိုင် ကဲ့သို့သာ သုံးသပ်သင့်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ထိုက်တန်အောင် မပေးလျှင် ထိုက်တန်အောင် မလုပ်

သီပေါမင်းခေတ်၌ အုပ်ချုပ်ရေးပိုင်းမှ ကုန်သည်လယ်လုပ်တို့၏ အကျိုးစီးပွား မသယ်ပိုးနိုင်သဖြင့် လူပေါင်းများစွာတို့သည် အောက်ပြည်အောက်ရွာ ရေကြည်ရာ မြက်နုရာသို့ ရွှေ့ပြောင်းသွားကြသည်။

မြန်မာဘုရင်နယ်မြေကို စွန့်ခွာကာ အင်္ဂလိပ်လက်အောက်သို့ ရောက်သွားကြလေသည်။ ဦးဘိုးလှိုင်က ထိုအခြေအနေကို မနှစ်သက်၍ အောက်ပါအတိုင်းသုံးသပ်ခဲ့၏။

"လောက၌ အလုပ်ကိစ္စများ ဆောင်ရွက်ရာတွင် အစိုးရပင် ဖြစ်စေကာမူ ထိုက်တန်လောက်အောင် ပေး၍ မခိုင်းလျှင် မည်သည့်အရာကိုမျှ နေရာကျအောင် ပြုလုပ်မည့်သူ မရှိ။ အကယ်၍ အစိုးရ၏ ဂုဏ်အာဏာနှင့် နှိပ်စက်၍ ခိုင်းလျှင် လှန်ပြန်နိုင်က လှန်ပြန်လိမ့်မည်။ မလှန်ပြန်နိုင်လျှင် ထွက်ပြေး တိမ်းရှောင်လိမ့်မည်။"

## အစုစပ်လုပ်ငန်း ကောင်း၏

စီးပွားရေး၌ အစုစပ် (ဝါ) ကုမ္ပဏီများ ထူထောင် ကူးသန်းရောင်းဝယ်ရေးကို ဦးဘိုးလှိုင်က သဘောကျ၏။ "ကုမ္ပဏီဖွဲ့စည်းဆောင်ရွက်သဖြင့် သိုးဆောင်း ဥရောပသားများ သာမက ကုလား၊ တရုတ်လူမျိုးတို့သည်လည်း ယခုအခါ စည်းစိမ်ဥစ္စာ များစွာတိုးတက်သည်ကို မျက်မြင် ကိုယ်တွေ့ပင် ဖြစ်သည်"ဟု ဆို၏။

## ချစ်ခင်အောင် လုပ်တတ်ရာ၏

"ကုန်သည် လယ်လုပ်တို့၏ စိတ်နှလုံးသည် အခြား နိုင်ငံက မှူးမတ်အရာရှိတို့ကို အားကိုးခြင်း မရှိစေဘဲ ကိုယ့်နိုင်ငံက မှူးမတ်တို့ကိုသာ ချစ်ခင်စုံမက်အောင် မြန်မာအစိုးရက သူတို့၏ စိတ်နှလုံးကို ကျော့ကွင်းနှင့် ချည်သကဲ့သို့ ပြုလုပ်တတ်ရာ၏။"

## ငွေကို သူ့နေရာနှင့်သူ သုံးစွဲပါ

"ကောင်းရောင်းကောင်းဝယ်နှင့် လယ်ယာလုပ်ဆောင်ရေးအတွက် သုံးသင့်သောငွေကို အလိုရှိရာ အခြားတစ်ပါးသို့ ပေးကမ်းလှူဒါန်းခြင်း မလုပ်သင့်။ မင်း၊ မှူးမတ်၊ ရဲမက်၊ လက်နက်ကိုင်တို့သည် တိုင်းပြည်ကို စောင့်ထိန်းရန် အခွန်ဘဏ္ဍာမှ လခ ရရှိသူများ ဖြစ်၍ ကူးသန်းရောင်းဝယ် လုပ်ဆောင်နိုင်အောင် ဧကန် စောင့်ရှောက်သင့်သည်။

"ထိုသို့ မစောင့်ရှောက်ဘဲ အလိုရှိရာ လှူဒါန်းပေးကမ်း သုံးစားပါက ခိုးခြင်း ၂၅ ပါးတို့တွင် (၁) လိမ်လည်လှည့်စား၍ယူသော ကူဋ္ဌာပဟာရ၊ (၂) နှိပ်စက်၍ ယူသော ပသယှာဝဟာရတို့မှ လွတ်ကင်းရန် အကြောင်းမရှိ။

"ကုန်သည် လယ်လုပ်တို့ကို ကူးသန်းရောင်းဝယ် အားရှိအောင် အပိတ်အပင်မရှိ ဖွင့်၍ ပေးခြင်း၊ စောင်မသင့်သမျှ စောင်မ ကြည့်ရှုခြင်း၊ အရင်းအနှီး မရှိသူများကို အတိုး မရှိ ရင်းနှီးငွေ ပေးကမ်း မ စခြင်းသည် သမ္မာပါသ မည်၏။"

## ဂါထာရွတ်၍ ရွှေမိုးငွေမိုး မရွာ

အလုပ်မလုပ်ဘဲ ဂါထာမန္တရားများကို အားကိုးတတ်သူများကိုလည်း "ဤမန္တန်ကို ရွတ်လျှင် ရွှေမိုး ငွေမိုး ရွာသည်၊ အကာလ ဖလမန္တန်ဖြင့် ရေကိုမန်း၍ သစ်ပင်ကို ပက်လျှင် အချိန်မဟုတ်ဘဲ အသီး သီးသည်။ ပထဝီဇယ မန္တန်ကို ရွတ်လျှင် ရန်အပေါင်း အောင်သည်။ ပဒက္ခ မည်သော ဂါထာကြောင့် ပေါရိသာဒ မင်းသည် လေကဲ့သို့ လျင်မြန်သည်။ ဖုတ်သွင်းသော မန္တန်ကို ရ၍ ကျားသေကို ဖုတ်သွင်းရာ ကျားထ၍ ကိုက်သည်။ ရှေးအခါက မန္တန်တန်ခိုးရှိပုံများ ကျမ်းဂန်တို့၌ ဆိုသည်။ ယခုအခါမူကား ဤသို့ စွမ်းသော မန္တန်တို့ကို မတွေ့ မမြင်ဖူးကြလေ"ဟု ဆိုခဲ့၏။

## ပြည်ပသို့ ငွေမထွက်စေနှင့်

သီပေါမင်းလက်ထက် နန်းတွင်း အခြေအနေကို ယောအတွင်းဝန် ဦးဘိုးလှိုင်က မနှစ်သက်ချေ။ နန်းတွင်း၌ နိုင်ငံခြားသားများ မပြတ် ဝင်ထွက် သွားလာနေကြသည်။ ညစဉ်ပင် နိုင်ငံခြား ဖာရစီကပွဲ၊ ပြပွဲများ ခင်းကျင်းလျက် ဆုတော်ငွေများ မပြတ်ပေးနေသည်။

"မိမိနိုင်ငံမှ ငွေများ နိုင်ငံခြားသို့ မထွက်စေအောင်၊ ကိုယ့်နိုင်ငံက ငွေဖြင့် ကိုယ့်နိုင်ငံ ကြီးကျယ်စည်ပင်အောင် လုပ်ဆောင်မှ နိုင်ငံတော် အင်အားတောင့်ပေမည်။ ရှင်ဘုရင်ကို သတိပေးသင့်သည်" ဟု ဦးဘိုးလှိုင်က ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



## သူ့ရဲ့ကောင်းက နမ်းချင်စရာ

ထို့ပြင် နယ်ချဲ့များအန္တရာယ် နီးကပ်စွာရှိနေချိန်တွင် အစစအရာရာ သတိနှင့် နေသင့်သည်။ အထူးသဖြင့် အမှုထမ်း၊ အရာထမ်းများသည် ဝံ့ဝံ့စားစား ရဲစွမ်းသတ္တိနှင့် ပြည့်စုံရမည်။ ဝတ်စားဆင်ယင်ပုံများ ယောကျ်ားပီသရမည်။ သူတစ်ပါး ရိုသေခံ့ညားသောအသွင် ရှိရမည်။ သီပေါမင်းလက်ထက်၌ ထိုသို့ မဟုတ်ချေ။ တစ်နေ့သ၌ ဗြဲတိုက်တော်သို့ ရောက်ရှိရာတွင် ဦးဘိုးလှိုင်က 'ယခင် တော်ကြီးဘုရား (မင်းတုန်းမင်း)လက်ထက်က လက်သုံးတော်ကြီးများကို ကြည့်လိုက်ရလျှင် ယောကျ်ားပီပီ ခွန်အားဗလနှင့် သူတို့ကို မြင်သော် အလွန် ကြောက်ရွံ့ခံ့ညားဖွယ် ဖြစ်သည်။ ယခု ရွှေလက်ထက်ကလေး (သီပေါမင်း)မှာ လက်သုံးတော်ကလေးများကို ကြည့်လိုက်လျှင် ရွှေကျင်ခပ် ခေါင်းပေါင်းနှင့်၊ ထိုင်မသိမ်း အင်္ကျီနှင့်၊ တို့ပတ်နှင့်၊ ပန်းပေါင်းနားတောင်းကို ပန်လျက်နေကြသည်ကို မြင်ရတော့ ဖက်ပြီး နမ်းချင်စရာသာ ကောင်းတော့သည်'ဟု ဆို၏။

## ဘုရင့်သုံးငွေ သိန်း ၄၀

သီပေါမင်းနန်းတက်ပြီး ၄ နှစ်အကြာ ၁၂၄၄ ခု အတွက် နိုင်ငံတော်ဘတ်ဂျက် ဘဏ္ဍာတော်ငွေစာရင်းကား အောက်ပါအတိုင်း ဖြစ်၏။

| | ကျပ် | |
|---|---|---|
| ဝင်ငွေ – | ၉,၅၉၈,၁၈၂ | ၂ မူး |
| ထွက်ငွေ– | ၅,၄၇၄,၅၅၆ | အမှုထမ်းလခ |
| ကျန်ငွေ= | ၄,၁၂၃,၆၂၆ | ၂ မူး ဘုရင်သုံး |

ထိုကျန်ငွေကို ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ပိုင်ဆိုင်သည်ဟု ယူဆစမြဲ ဖြစ်၏။ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ အထိန်းတော်၊ အပျိုတော်များသို့ ချီးမြှင့်ငွေများ ပါဝင်၏။ ထိုမှ ပိုလျှံသည်တို့ကို ကျောင်း၊ ဘုရား၊ စာပေ ပိဋကတ် ရဟန်းသံဃာတို့ကို လှူဒါန်း ပြုစုတော်မူသည်။

## နားသမင်္ဂလာ ၂၁ သိန်း

မင်းတုန်းမင်းလက်ထက်က သမီးတော်သုံးပါး (စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားထွေး)တို့ကို နားသမင်္ဂလာ ပြုရာတွင် တစ်ဦးလျှင် ငွေခုနစ်သိန်းစီ ဘဏ္ဍာတော်မှ ထုတ်ပေးခဲ့သည်။

စုဖုရားလတ်က မိဖုရား ဖြစ်လာသောအခါ ပွဲထဲက လူပြက်ကို ငွေ ၁၀၀၀ ကျပ် ဆုချသည်။ ဤသို့သော အသုံးစရိတ်ကို မှူးကြီး မတ်ကြီးများက သဘောမကျချေ။

ပုဂံဦးတင်၏ ထုတ်ဖော်ချက်တွင် "မည်သည့်အခါမျှ စာရင်းပါသည့်အတိုင်း ဘဏ္ဍာတိုက်၌ လက်ကျန်မရှိ။ လာမည့်နှစ်အတွက် တင်ကူး၍ တောင်းခံရခြင်း၊ ချေးငှားရခြင်း စာရင်းများလည်း သီးခြား ရှိသေးသည်"ဟု ဆို၏။

## နားခေါင်းရှည်များ လာလိမ့်မည်

ဝန်ကြီးများ အစည်းအဝေး၌ ဦးဘိုးလှိုင်ကပင် 'သားတော်၊ သမီးတော်တို့ကိုလည်း ဝန်စု၊ မှူးစု၊ မှုထမ်းရာထမ်းများကဲ့သို့ လခနှင့်ထားရန် ဥပဒေပြုသင့်ကြောင်း၊ ပိုလျှံငွေကို ဘဏ်တိုက်ဖွင့်၍ ရန်ပုံငွေအဖြစ်ဖြင့် ဆောင်ထားသင့်ကြောင်း၊ သို့မှသာလျှင် အရေးကြုံက သုံးရန်ငွေ အဆင်သင့် ရှိမည်။

**ကုန်းဘောင်ခေတ် မင်းခမ်းမင်းနား ပုရပိုက်တော်– ရေးဆွဲသူ နန်းတွင်းပန်းချီကျော် ဦးကြာညွန့် (မျက် ၃၆၄ မှ ၃၇၉ အထိ)**



www.burmeseclassic.com



ထိုငွေတို့ဖြင့် နယ်စပ်ဆိုင်ရာတပ်များ ခိုင်ခံ့ရန် လက်နက်များ လုပ်ကိုင်၍ စစ်သည်များ စုဆောင်း သင်ကြားထားသင့်ကြောင်း၊ လက်နက်အင်အား ပြည့်စုံမှ ရန်သူတို့ ကြံဝံ့မည် မဟုတ်၍ တိုင်းပြည် စည်ကားတိုးတက်မည်၊ ဤသို့ မဟုတ်လျှင် နှာခေါင်းရှည် သိုးဆောင်းလူမျိုးခြားတို့က မြန်မာအမျိုးသမီးတို့ကို နမ်းရှုပ်ခြင်း ပြုမည်ဖြစ်ကြောင်း၊ ဤအကြံအစည်အတိုင်း ပြုပြင်ပြောင်းလဲပါက ငါးနှစ်အတွင်း မြန်မာနိုင်ငံကို ရှေးက ပိုင်သည့်အတိုင်း ဖြစ်အောင် ကြံဆောင်နိုင်မည်'ဟု ရှင်းလင်းတင်ပြသည်။

ဤသို့ ဘဏ္ဍာရေး ပြောင်းလဲရန် ဦးဘိုးလှိုင်က တင်ပြကြောင်းကို သီပေါမင်းနှင့် မိဖုရားတို့ ကြားသိရာတွင်–

'ခက်ကုန်ပြီ၊ ငါတို့ ပိုင်တဲ့ငွေကို ငါတို့ သဘောအတိုင်း မသုံးရ၊ သုံးလိုလျှင် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ထံ အမိန့်ခံပြီးမှ သုံးစွဲရတော့မည်။ သည်အတိုင်းမှန်လျှင် ငါတို့ကို ရှင်ဘုရင်အဖြစ်က ချတာပဲ'ဟု အမျက်တော်ရှိလေသည်။

### ဘိုးလှိုင် ပေးမှ စားရမှာလား

ယခု မျက်မှောက်ခေတ်တွင် စိန်မဟာသဘင်အဖွဲ့က သီပေါမင်း ပါတော်မူဇာတ်ကို တင်ပြရာ အတော်ပင် လူကြိုက်များ၏။

ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်က အခြေခံစည်းမျဉ်းသစ် မူကြမ်းပါရှိသော **ရာဇဓမ္မသင်္ဂဟကျမ်း**ကို အရှင်နှစ်ပါးသို့ တင်ဆက်ခန်း၌ စုဖုရားလတ်က ရာဇမာန်ရှလျက်–

'သယ်.... ဘိုးလှိုင်က ရာရာသသ၊ သူက မုန့်ဖိုးပေးမှ ငါတို့ စားရမှာတဲ့ လား'ဟု အော်ဟစ် ငေါက်ငမ်းပြီး ဦးဘိုးလှိုင်အား ထိုစာအုပ်နှင့်ပင် ကိုင်ပေါက်ကာ ကားလိပ်ချသွားလေသည်။

ထိုနောက် မကြာမီပင် အရှင်နှစ်ပါး ပါတော်မူခန်းနှင့် ဇာတ်သိမ်းကားလိပ်ကို နောက်ဆုံး ချသွား၏။

အဖြစ်မှန် ရတနာပုံသမိုင်း အတွေ့အကြုံတို့မှာ ဤအတိုင်းပင် ဖြစ်လေသည်။

*

## [၂] ချစ်သူကြင်ဖက်၊ အာဏာ ဖျက်

'သီပေါမင်း၏ နန်းသက် ခုနစ်နှစ်မှာ ဘာမျှကြာလိုက်သည် မထင်ရ'ဟု စုဖုရားလတ်က ပါတော်မူချိန်တွင် မိန့်ဆို၏။

သူ့အဖို့ တိုတောင်းသော အချိန်ကာလ ဖြစ်စေကာမူ တိုင်းသူပြည်သားတို့ အဖို့ကား ဒုက္ခသံသရာ ရှည်လွန်းစွဟု မှတ်ထင်ကြပေမည်။

မြတ်စွာဘုရား ကိုယ်တော်တိုင် ထိုအခြေအနေမျိုးကို ဥဒါဟရုဏ် ပေးဖူးသည်မှာ–

(၁) အိပ်၍မပျော် နိုးကြားနေသူအတွက် ညဥ့်သည် ရှည်လျားလှပေ၏။

(၂) ခရီးပန်းလာသော သူအဖို့ တစ်ယူဇနာခရီးသည် ဝေးလံလှပေ၏။

(၃) သူတော်ကောင်းတရားကို မသိကုန်သော သူမိုက်


www.burmeseclassic.com

www.burmeseclassic.com



တို့ အတွက် ကျင်လည်မှုပေါ်ရာ သံသရာသည် အလွန် ဝေးလှသည်သာတည်း။

**မင်းတုန်းမင်း၏ ဝင်္ဂကြွေး**

သီပေါမင်းသားသည် နန်းတွင်းအရှုပ်အထွေးများ ကြားမှ မင်းတုန်းမင်း၏ အရိုက်အရာကို ဆက်ခံခဲ့၏။

၁၂၄၀ ပြည့်နှစ် တော်သလင်းလဆုတ် ၁ ရက်နေ့ မှူးကြီးမတ်ကြီးများ အစည်းအဝေးအရ မင်းတုန်းမင်းက သီပေါမင်းသားကို နန်းလျာထားလိုသည်။

သို့သော် အခြားသော မင်းသားများက ပုန်ကန်ဖွယ် ရှိသည်။ ထို့ကြောင့် သူတို့ကို ဖမ်းဆီး ထိန်းသိမ်းထားသင့်သည်ဟု ဆုံးဖြတ်၏။

မက္ခရာ၊ ဝန်းသို၊ မလွန်၊ သုံးဆယ် စသော မင်းသားငယ်တို့ကို ခမည်းတော်က ခေါ်ဆိုဟန်ဖြင့် ဖမ်းဆီးလိုက်ကြသည်။

သီပေါမင်းကို တစ်ပတ်အကြာတွင် အိမ်ရှေ့စံခန့်စာ ထုတ်ပြန်သည်။

ထိုနောက် လင်ပန်းမိဖုရား၊ သက်ပန်းမိဖုရား၊ ခုနစ်ရွာ မိဖုရားနှင့် မြောက်ရွှေရေးမိဖုရား လေးဦးတို့က သလွန်ပေါ်မှ မထနိုင်သော မင်းတုန်းမင်းထံ ဝင်၍ သားတော်များ ဖမ်းဆီး ချုပ်နှောင်ခံနေရကြောင်း တင်ပြသဖြင့် မင်းသားများကို လွှတ်စေသည်။

ထိုမင်းသားများကို ရှေ့တော်သို့ခေါ်ကာ တိုင်းပြည်ကို လေးပိုင်းခွဲလျက် ဘုရင်ခံ ရာထူးများ ခန့်အပ်၏။

သီပေါမင်းက ထီးနန်းဆက်ခံပြီးနောက် သုံးဆယ်မင်းသားက ချင်းတွင်းနယ်၊ မက္ခရာမင်းသားက တောင်တွင်းကြီး၊ ညောင်ရမ်းမင်းသားကို အောက်မြစ်စဉ်ခရိုင် ဟူ၍ သတ်မှတ်ကာ ဆိုင်ရာ အရပ်များသို့ အမြန်ထွက်စေ၏။

သို့သော် ဘုရင်၏ရှေ့တော်မှ ထွက်ခဲ့သော မင်းသားများကို ချက်ချင်းပင် ဆင်ဖြူမရှင်နှင့် မှူးမတ်တို့က ထပ်မံဖမ်းဆီးသည်။

ထိုသားတော်သုံးပါးမှာ မင်းတုန်းမင်းအတွက် အားကိုး ခဲ့ရပြီး ဖြစ်သည်။

မြင်ကွန်းနှင့် ပန်းတိမ်းမင်းသားတို့ ပုန်ကန်ထကြွ ချိန်က ထိုမင်းသား သုံးပါးပင် စစ်မျက်နှာသုံးခု ဖွင့်ကာ တိုက်ခိုက် အောင်မြင်ခဲ့ကြသည်။

မင်းတုန်းမင်းသည် သူ၏ နောက်ဆုံးအစီအစဉ် နေရာကျနေပြီဟု မှတ်ထင်ကာ သားတော်ကြီးများ ယခုအချိန်တွင် သဘော်ဆိပ်သို့ ထွက်ကြပြီ၊ ယခု ခရီးထွက်ကြပြီ၊ ယခုဆိုလျှင် ရွှေကြက်ယက်နှင့် နီးပြီ စသည်ဖြင့် ထင်ယောင်မြင်ယောင် စိတ်ကူးယဉ်မိ၏။

'ငါ သူတို့အတွက် အချိန်မီ စီစဉ်ပေးလိုက်လို့ သူတို့ တစ်တွေ အဖြစ်ဆိုးက လွတ်သွားကြပြီ' ဟု ဘဝင်ကျသလို လိုနှင့် ဇီဝိန် ချုပ်ရရှာလေသည်။

ရွှေသွေး ရေးသော **နန်းတွင်း လုပ်ကြံမှုကြီး** ၌ မင်းတုန်းမင်းကို ဆင်ဖြူမရှင် ကိုယ်တိုင် အဆိပ်တိုက်ကာ သတ်ပစ်သည် ဆို၏။

"သားတော် သမီးတော်ပေါင်း ၄၀ ကျော်ကို ထပ်မံ



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ထားပြန်ကြောင်း လျှောက်တင်ရန် မိဖုရားတစ်ပါး ဝင်လာစဉ် ရှုမြင်ရသည်မှာ အထူး မသတီစရာ ဖြစ်၏။ ဆင်ဖြူမရှင်က လူမမာအား ဖွတ်အတင်း ဆေးတစ်ခွက် တိုက်နေသည်။ မင်းတုန်းမင်းက မသောက်လို၍ သွားစေ့ထားသော်လည်း မရ။ မြင်ကွင်းမလှသော ထိုရှုခင်းကြောင့် မိဖုရားငယ်က လန့်ဖျပ်ကာ ဟစ်အော်ရာ သူ့ကို ဖေးမတွဲယူကာ အပြင်သို့ ခေါ်ဆောင်ခဲ့ကြရသည်။ မယ်နု၏သမီး မယ်စု လုပ်ကြံ၍ မင်းတရားကြီး ရေတိမ်နစ်ရသည်" ဟု ရေးသားပါရှိ၏။

## နာလန်ထလျှင် ခက်မည်

စာရေးဆရာ ရွှေသွေးက ထိုမိဖုရား၏အမည်ကို ထုတ်ဖော်ခြင်း မပြုသော်လည်း ယုတ္တိကား များစွာရှိပေသည်။ အမရပူရ၌လည်း သာယာဝတီမင်း စိတ္တဇရောဂါ စွဲကပ်၍ သံလှောင်အိမ်နှင့် ထားရစဉ် သူ့မိဖုရားကြီးနှင့် သားတော်ပုဂံမင်းတို့က သူ့ကို ခေါင်းအုံးနှင့် ဖိသတ်သည်ဟု အင်္ဂလိပ်မှတ်တမ်းများ၌ ပါရှိ၏။ မန္တလေး၌ ကြုံရသော ဖြစ်ရပ်နှင့် ထပ်တူထပ်မျှ ဖြစ်နေ၏။

မင်းတုန်းမင်းကြီး၏ ရောဂါအခြေအနေ သက်သာကောင်းမွန်လာပါက သားတော်များအကြောင်းကို အဖြစ်မှန်အတိုင်း သိရှိပါလျှင် ဆင်ဖြူမရှင်နှင့်တကွ ကြံရာပါ မျိုးမတ်အပေါင်းတို့အတွက် သက်သာဖွယ် မရှိချေ။

တစ်သက်လုံး သဘောကောင်းခဲ့သော ရှင်ဘုရင်ကြီးသည် ဤတစ်ကြိမ်၌ကား မည်သူ့ကိုမျှ ခွင့်လွှတ်မည်မဟုတ်။ ရောဂါသက်သာချိန်က သူကိုယ်တိုင် သားတော်ကြီး သုံးပါးကို ဘုရင်ခံကြီးများအဖြစ် ရာထူး ဝေခွဲအပ်နှင်းခဲ့ပြီ မဟုတ်လော။

အမရပူရ "ဘုရင့်အမိန့်" ဟု ဆိုကာ စိတ္တဇရောဂါ စွဲကပ်နေသော သာယာဝတီမင်းကို ဘာမျှ အသိမပေးဘဲ အနောက်နန်း မမြကလေးနှင့် ပြည်မင်းသားတို့ကို မိဖုရားကြီးနှင့် သားတော် ပုဂံမင်းတို့က အလစ်တွင် ကွပ်မျက်စေခဲ့၏။

နောင်သောအခါ သာယာဝတီမင်းသည် သူ၏ရောဂါ သက်သာပါက သူ့သားတော်ကြီးနှင့် အချစ်တော်မိဖုရားမြကလေးတို့ ဘယ်မှာလဲဟု မေးလျှင် မခက်ပါလော။

ထို့ကြောင့် အလောင်းစည်သူမင်းကို သားတော်နရသူက ခေါင်းအုံးနှင့် ဖိသတ်သော ထုံးဟောင်းကို မလွှဲမရှောင်သာ ကျင့်သုံးကြသည်။

မထူးတော့ပြီ။

"ကြောက်လျှင် လွှဲ၊ ရဲမှ မင်းဖြစ်။"

## မင်းကြီးတာက ထွက်

ပုဂံဝန်ထောက်မင်း ဦးတင်၏ သုံးသပ်ချက်၌ "သီပေါမင်းလက်ထက်တွင် မြို့ရွာအုပ်ချုပ်ရေး ဥပဒေများသည် တည်တံ့ခိုင်မာခြင်း မရှိရုံမက သဲရေကျအနေ၊ ရေထဲမှာ စိုက်သောတိုင်၊ မခိုင်မာသော နည်း၊ ပြီးရင်းဖျက်ရင်းဖြစ်ပုံ စည်းလုံးညီညွတ်ခြင်း မရှိပုံ" တို့မှာ များလှပေ၏။

၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လ၌ တောင်ဥယျာဉ်



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးက ဝန်ကြီးဌာန ၁၄ ခု ထားရှိရန် သတ်မှတ်ဆုံးဖြတ်သည်။

ထိုနှစ် တပေါင်းလတွင် ထိုဝန်ကြီးဌာန ၁၄ ခုကို ရုပ်သိမ်း ပယ်ဖျက်လိုက်သည်။

ထိုနှစ် ဝါခေါင်လတွင် ဝန်ကြီးဌာနများ တစ်ဖန်ပြန်၍ ဖွဲ့စည်းရာ ၉ ဌာနသာ ကျန်၏။ ထို ၉ ဌာနမှာလည်း အချို့သာ တည်၍ အချို့မှာ မတည်နိုင်။

ဇနကဇာတ်၌ ဇနကမင်းက တောင်ဇေးနှင့် မြေကြီးပေါ်တွင် စည်းသား ရေးသားသည်ကို သိဝလိဒေဝီ လူးလိမ့်သည့်အတွက် ပျက်ရသော သဘောသွားနှင့် အလားတူပင်ဖြစ်သည်။

ဇနကပျို့၌—

အာဏာကြီးမြတ်၊ လောကနတ်တို့
ထိမ်းမှတ်တောင်ဇေး၊ ထိုအရေးကို
ကျော်သေးခက်မွေး၊ အရေးသခင်
လျှင်ဖျက်သော်သာ၊ ဖျက်ပိုင်ရာ၏
အာဏာပိုင်သ၊ ရှင်မှတစ်ပါး
အခြားသသူ၊ လူမည်ဆန်းကာ
မဖျက်ရာတည့်၊ အာဏာသခင်
ရှင်နှင့်ထပ်တူ၊ ချစ်သူကြင်ဖက်
ဆွေပြာညက်တို့၊ ဖျက်လည်း အာဏာ
ပျက်လေရာ၏၊ ပုဗ္ဗာပရ
ဒေါသတွင်ပြစ်သန့်သတည်း......။

အထက်၌ စပ်ဆိုပုံနှင့် တစ်ပြေးတည်း ညီဘိသကဲ့သို့ရှိသည်။

၁၂၄၂ ခု ဝါခေါင်လတွင် အတည်ပြုသော ဥပဒေသည် ၁၂၄၂ ခု တန်ခူးလတွင် ပျက်စပြု၍ စတင်ဖျက်ဆီးသူမှာ ဘုရင်ပင် ဖြစ်၏။

**အိမ်တော်ပါ အရာရှိလောက**

၁၂၄၅ ခုတွင် ဝန်ကြီးဌာန ၁၀ မျိုး ပိုင်းခြားပြန်၏။ ဌာနချုပ် အရာရှိများလည်း ပြောင်းလဲကုန်၏။

ဤသို့ ပြီးရင်း ပျက်ရင်း၏ အမြစ်အခြေမှာ (၁) အခွန်တော်ငွေများကို ရှင်ဘုရင်နှင့် မိဖုရား အလိုရှိရာသဘောအတိုင်း သုံးစွဲ ဖြုန်းတီးလိုခြင်း၊ (၂) နိုင်ငံတော် အုပ်ချုပ်ရေးတွင် အိမ်တော်ပါ လူငယ်များ ပါဝင်စေလိုခြင်းအတွက် ဖြစ်သည်။

နန်းတော်တွင်း၌ ရွှေငွေပစ္စည်း မျိုးစုံတို့ကို စုပုံထားပြီးလျှင် အရှင်နှစ်ပါး လိုလားသူတို့အား နှစ်ကြိမ်သုံးကြိမ် အလိုရှိရာ ကောက်ယူစေခြင်း၊ အဝတ်အထည် မျိုးစုံတို့ တောင်ပုံရာပုံ စုပုံထားပြီး ယောကျ်ားမိန်းမတို့ကို အလိုရှိသမျှ ဆောင်ယူ၊ သယ်ပိုးနိုင်သရွေ့ ပိုက်ပွေ့ ထမ်းဆောင်ယူစေခြင်း စသည်တို့မှာ အခွန်တော်ငွေများကို ထင်သလိုသုံးစွဲသည် ဟူ၍ ယူဆရန်သာ ရှိတော့သည်။ အချို့သော သံတော်ဆင့်များ၊ ဝန်မင်းများက ထိုသို့ သုံးစွဲပုံများကို ချီးမွမ်းမြှောက်ပင့် ရေးသားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘုရင်နှင့် မှူးကြီးမတ်ကြီးတို့ မညီမညွတ် ဖြစ်ကြပြီးသော် ညီလာခံကို ရံဖန်ရံခါသာ လုပ်သည်။ လုပ်လျှင်လည်း ခဏကလေးမျှသာ ထွက်ပြီးလျှင် ဝင်တော်မူသည်။

မှူးမတ်ကြီးတိုင်း ရှင်ဘုရင်နှင့် တွေ့ခွင့်မရ။ နောက်သော် နှလုံးတုန်ရောဂါ ရှိတော်မူသည် ဆိုကာ ညီလာခံသို့ ထွက်တော်မမူတော့ဘဲ လက်သုံးတော်များကိုသာ အမိန့်တော် ပြန်စေသည်။

ထိုမှစ၍ အိမ်တော်ပါ လူငယ်များ အုပ်ချုပ်ရေးတွင် ပါဝင်လာကြလေတော့သည်။

အစိုးရဌာနများ၌ ရှင်ဘုရင်၊ မိဖုရားတို့နှင့် အကပ်သင့်သူတို့ ပါဝင်လာရာ အရိုးအစဉ် ပျက်ပြီးလျှင် ဘုရင်၏ လက်ကိုင်များသာ ဖြစ်ကုန်သည်။

လွှတ်ရုံးငါးရပ် အရာရှိများလည်း ခန့်ထားမြဲထက် ပိုမိုကုန်သည်။ အစေခံ အရာရှိများ အပြောင်းအလဲ လွန်စွာ များကုန်၏။

မြို့သူကြီး၊ ရွာသူကြီးများ တစ်မြို့ တစ်ရွာလျှင် အရာရသူ နှစ်ဦး သုံးဦး ဖြစ်ကုန်သည်။

ရာထူးခန့်ထားရာ၌ လက်သုံးတော်များ ပြုလုပ်ပုံမှာ ငြေုကို မည်သည့်သူကြီး ခန့်စေဟု ဘုရင်အမိန့်တော်မှတ်ပြီး ဖြစ်သော်လည်း ငြေုထက် မေည်းက သာလွန်ပေးကမ်းနိုင်သော် ငြေုအမည်ကို မေည်းပြောင်းနိုင်သည်။

သည်ကဲ့သို့ ဖြစ်နေပြီးနောက် ၁၂၄၂ ခု ကျမှ ရှင်ဘုရင် သိတန်သမျှ သိလာသည်။

ဝန်ကြီး ၉ ဌာန ရှိရာတွင် (၁) သာသနာရေး၊ (၂) ပညာရေး၊ (၃) တရားရေး၊ (၄) ဥပဒေရေးရာ ဌာနများသာ ငြိမ်ဝပ်စွာရှိ၍ အခြားဌာနများမှာ ရှင်ဘုရင်နှင့် အကျွမ်းဝင်သူ အရာရှိကြီး သုံးလေးဦး၊ အပျိုတော်နှင့် လက်သုံးတော်များ၊ မိန်းမစိုးများ ရောစွက် နှောင့်ယှက်လျက်ပင် ရှိလေသည်။

## ကြေးတင်လျှင် ရှင်ဘုရင် ဆပ်

ဥပမာဆိုသော် အကောက်အခွန်ဌာန၌ အခြားအရာရှိများက ဝင်ရောက်ကောက်ခံ သုံးစွဲနေကြသည်။ အမိန့်တော်နှင့်ဆို၍ တောင်းခံသူအား ပေးဆောင်ရပြီး ငွေရကြောင်း တာဝန်ခံ ပြေစာလက်မှတ်လည်း မရှိ၊ ဘုရင့်ထံ၌လည်း လက်ခံစာရင်း မရှိ။ ရှင်ဘုရင်သို့လည်း မမေးနိုင်။ ရှင်ဘုရင်ထံ ဆက်ပြီးဟု ပြောရုံနှင့် ကိစ္စ ကုန်ဆုံးတော့သည်။

ဌာနဆိုင်ရာ အရာရှိများက ဤအကြောင်းအရာတို့ကို သိသော်လည်း အမှန်ကျအောင် မစီစဉ်နိုင်ကြချေ။

ရှင်ဘုရင်က သူနှင့်ရင်းချာသော ယောကျ်ား၊ မိန်းမတို့ကို သနားလွန်းအားကြီးသည့် အတွက်ပင်တည်း။

ထိုရင်းချာသူတို့ လာဘ်စားမှုများ ပေါ်ပေါက်လာလျှင် ရှင်ဘုရင်က စိုက်ထုတ် ပေးလျော်တော်မူလေ့ ရှိသဖြင့် အကမ်းတက်ကြလေသည်။

ထို့ကြောင့် ငွေစားမှုများကို စီရင်ရန် ပြဋ္ဌာန်းထားသော ဥပဒေများသည် ရေဖြစ်သွားကုန်၏။

ဥပဒေရေးရာဝန်ကြီး ဦးကောင်းမှာ အသာထိုင်၍ ငေးမှိုင် ပူဆွေးနေရုံမက "တာရှည်ခံတော့မည် မဟုတ်"ဟု အတွင်းလူများ ရှေ့တွင် ညည်းတွားလေ့ရှိ၏။



www.burmeseclassic.com



မင်း၊ မိဖုရားထံ အကြောင်းသင့်အောင် မှီခိုကပ်ရပ်သူတို့က သူတို့အလိုရှိရာ ကုန်းတိုက်တင်လျှောက်ကာ မလိုသူတို့ကို ဖိစီးနှိပ်စက်သည်။

ထိုအခါ မခံနိုင်သူတို့က သခင်အသစ် ရှာခြင်း၊ ပုန်ကန်ခြင်းများ တစ်နေ့တခြား ပေါများလာသောကြောင့် "တာရှည်ခံတော့မည် မဟုတ်"ဟု ညည်းခြင်းတည်း။

မင်းညီ မင်းသား ၄၀ ကျော်တို့ကို နန်းတွင်း အချုပ်ထောင်၌ ညအခါ စုပြုံသတ်ဖြတ်ခဲ့ရာ၌ ခေါင်းဆောင်သူ ရနောင်မင်းသား မောင်တုတ်နှင့် ၎င်း၏ညီ မောင်ပြောင် (ခေါ်) ပင်းသာ မင်းသားတို့လည်း မကြာမီ ဝင့်လည်ကာ ၁၂၄၃ ခုတွင် တူသောအကျိုး ခံစားကြရလေသည်။

သူတို့ မရှိတော့သဖြင့် တရားသဖြင့် အုပ်ချုပ်ခွင့်ရတော့မလို ဖြစ်ပြီးနောက် ၁၂၄၄ ခုတွင် လှေသင်းအတွင်းဝန်နှင့် တိုင်တားမင်းကြီးတို့ ဘုန်းကြီးလာပြန်၏။ မြို့ရွာ မငြိမ်မသက်၊ ဓားပြ ထကြွကာ ကျွက်ကျွက်ဆူ ဖြစ်ကုန်ပြန်သည်။

## ဓားပြကို ကျောင်းပို့

တိုင်တားမင်းကြီးက ဓားပြ လူဆိုးများ တရားနာစေရန် ဆိုကာ သာသနာပိုင်ကျောင်းသို့ ပို့သည်။ ဘုရင့်အမိန့် ရှိမရှိကို မသိရ။

သာသနာပိုင်ကလည်း ဓားပြများ မဆိုးရအောင် တရားမဟောနိုင်။ လူဆိုးများသည် ဘုန်းကြီးကျောင်းမှ သူတို့ရပ်ရွာသို့ ပြန်၍ တစ်ဖန် တိုက်ခိုက် ဆိုးသွမ်းကြပြန်လေသည်။

ထိုအခါ ဓားပြလူဆိုးများကို လှေသင်းအတွင်းဝန်က သွားရောက်နှိမ်နင်းရန် ဘုရင်က ခွင့်ပြုသည်။ တိုင်တားဝန်ကြီးက သူ့လူများကို နှိမ်နင်းရပါမည်လားဟု လှေသင်းအတွင်းဝန်နှင့် ကွဲပြဲပြန်၏။

ထို့ကြောင့် နန်းတွင်း၌ သုံးစုကွဲသွား၏။ တစ်စုမှာ ကင်းဝန်အဖွဲ့ ဖြစ်လျက် ၎င်းတို့ မျက်နှာမရသည်မှာ ကြာချေပြီ။

မှူးကြီးမတ်ကြီးများ အသင်းကွဲနေသည်ကို သီပေါမင်း သိရှိရာ နန်းတွင်းစည်းဝေးပွဲများ ပြန်လည်ကျင်းပ၏။ အစ၌သာ ထိုညီလာခံသို့ မှန်မှန်လာကြ၍ ခဏကြာသော် မညီမညွတ်ပင် ဖြစ်ကြပြန်သည်။

ထို့ကြောင့် သီပေါမင်းက မိန့်တော်မူရာတွင် 'မှူးမတ်ချင်း ဝန်တိုမိစ္ဆာ ရှိနေပုံ၊ ညီလာခံသို့ မှန်မှန်မလာ၊ လာပြန်လျှင် စိတ်မပါဘဲ ငိုက်မျဉ်းနေတတ်ပုံ၊ မင်းနှင့် မှူးမတ် ညီညွတ်ရန် လိုအပ်ပုံ၊ ရှင်ဘုရင့်စကားကို မှူးမတ်များ နားမထောင်ပုံများ' ပါရှိ၏။

ဝန်ကြီးများ ကွဲပြားထွေးရှုပ် အလုပ်ထဲ၌ စိတ်မပါခြင်းသည် နိုင်ငံပျက်တော့မည့် အကြောင်းတစ်ပါးပေတည်း။

## တိုင်ကပ်လျှင် ကင်းတုပ်

မန္တလေးနန်းတော်၌ သီပေါမင်းလက်ထက်တွင် (၁) တိုင်ကပ်၍ ကင်းတုပ်သည်၊ (၂) တိုင်ကို ကင်းမတက်နိုင်ရန် ရေနံသုတ်ထားသည်၊ (၃) တိုင်ကွယ်နေ၍ မမြင်ရ စသဖြင့် နန်းတွင်းအခြေအနေကို စကားဖန်ထိုး၍ ပြောလေ့ရှိခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



မှူးကြီးမတ်ကြီးများဖြစ်သော ကင်းဝန်မင်းကြီး ဦးကောင်းနှင့် တိုင်တားမင်းကြီး ဦးဖိုးတို့ အုပ်စုနှစ်စု ကွဲပြဲနေသည်များကို အမျိုးမျိုး ဝေဖန်ကြပုံ ဖြစ်၏။

တိုင်ကပ်၍ ကင်းတုပ်သည် ဟူရာ၌ တိုင်တားမင်းကြီးကို ကပ်ရပ်သူများကို ကင်းဝန်က မလိုလား၍ အုပ်မည်၊ ဆော်မည် မလွဲ။ တစ်ဖန် တိုင်တားမင်းကြီးက ရေနံချောင်းဝန်ကြီးနှင့်ပေါင်းကာ ကင်းဝန်ကို နှိပ်ရာ၌ တိုင်ကို ရေနံသုတ်ထားသကဲ့သို့ ဖြစ်၏။

သူခိုး ဓားပြများသည် တိုင်ကွယ်က ရှင်ဘုရင်က မမြင်ရ (ဝါ) အရေးမယူနိုင်တော့ဘဲ အမှုပပျောက်လေသည်။

ထိုဝန်ကြီးနှစ်ဦး အချင်းချင်း ခြေထိုးပုံ၊ ချောက်တွန်းပုံမှာ–

(၁) ကင်းဝန်မင်းကြီးက ဥရောပတိုက်သို့ ရောက်ဖူးသဖြင့် သီပေါမင်းကိုလည်း နိုင်ငံခြား ဗဟုသုတ ရစေရန် ဥရောပလှည့်လည်ရေး တိုက်တွန်း၏။

ယိုးဒယားဘုရင်သည် ထိုသို့ပြုလုပ်ရာမှ ဥရောပဘုရင်များနှင့် တန်းတူစွာ တိုက်ရိုက်ဆက်ဆံနိုင်ခဲ့ရာ အရှေ့အိန္ဒိယကုမ္ပဏီ လက်အောက်ခံ ကိုလိုနီဘဝမှ လွတ်မြောက်ခဲ့လေသည်။

မင်းတုန်းမင်းခေတ်၌ ကင်းဝန်ကိုယ်တိုင် သံကြီးတမန်ကြီးအဖြစ် သွားရောက်ကာ ထိုအဆင့်အတန်းရအောင် ကြိုးပမ်းခဲ့ရာ မအောင်မြင်၍ ယခုကဲ့သို့ ဘုရင်ကိုယ်တိုင် တိုင်းခန်းလှည့်လည်စေလိုသည်။

သို့သော် မိဖုရားကြီး စုဖုရားလတ် အပါအဝင် တိုင်တားအုပ်စုက ဘုရင် ဥရောပသို့သွားစဉ် အခြားမင်းသားတစ်ပါးက နန်းလုပွဲ လုပ်လျှင် မခက်ပါလား ဆို၍ ထိုစီမံကိန်း ပျက်၏။

(၂) အင်္ဂလိပ်တပ်များ မန္တလေးသို့ ချီတက်လာချိန်တွင် တိုင်တားအုပ်စုက ဘုရင်ကို ရွှေဘိုသို့ တိမ်းရှောင်နေစေလို၏။

ထို့ကြောင့် အထုပ်အပိုး စသည်တို့ ပြင်ဆင်ပြီးခါမှ ကင်းဝန်မင်းကြီးက မိဖုရားကြီး ဆင်ဖြူမရှင်မှ တစ်ဆင့် ထိုအစီအစဉ်ကို ပယ်ဖျက်စေသည်။

စုဖုရားလတ်သည် ကိုယ်လေးလက်ဝန် ဖြစ်နေ၍ လည်းကောင်း၊ အင်္ဂလိပ်တို့က လိုရာစာချုပ် ပြုလုပ်ပြီးလျှင် ပြန်သွားမည်ဖြစ်၍ လည်းကောင်း တင်ပြသဖြင့် ရွှေဘိုသို့ မသွားဖြစ်ဘဲ ပါတော်မူရလေသည်။

ကင်းဝန်မင်းကြီးကို သေနတ်ဝန်ရာထူးမှ ချခံရ၏။ သို့သော် ရနောင်မောင်မောင်တုတ်တို့ ကွယ်လွန်သောအခါ ထိုရာထူး ပြန်ရ၏။

သို့သော် ကုန်းကြောင်းဆိုင်ရာ စစ်တပ်များကို တိုင်တားက ကိုင်ထားလေသည်။

ကင်းဝန်က သူ့ညြဏကျချိန်တွင် ဘုရင်ထံ အခစားဝင်ခြင်း နည်းပါး၍ သီပေါမင်းက မေးမြန်းရာတွင် 'မှန်ပါ ...ခစားပါသည် ဘုရား၊ သို့သော် တိုင်ကွယ်နေ၍ မမြင်ပါဘုရား' ဟု လျှောက်တင်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



**သမက်၏ မျက်ရည်**

အင်္ဂလိပ်ကုန်သည်များ သစ်ခိုးမှုပေါ်လာသောအခါ ကင်းဝန်မင်းကြီးက ပြေလည် ကျေအေးစေလိုသည်။

တိုင်တားကမူ အင်္ဂလိပ်ခုံရုံး၏ ဆုံးဖြတ်ချက်ကို လိုက်နာရန် မလို၊ သူ့လူများကို အောက်ပြည်သို့ လွှတ်ထားပြီး ဖြစ်၍ စစ်ပွဲစလျှင် အောက်နိုင်ငံ၌ အနှံ့အပြား ပုန်ကန်ကြမည် ဆိုလေသည်။

ရှင်ဘုရင်နှင့် မိဖုရားက တိုင်တားမင်းကြီးကို သဘောကျ ထောက်ခံသည်။

ကင်းဝန်မှာ ယောက်ျားမပီသဟု မိဖုရား၏ ရှုတ်ချခံရသည်။

ကျောက်မြောင်းအတွင်းဝန်ကား တိုင်တားမင်းကြီး၏ သမက်ဖြစ်သော်လည်း စစ်ဆင်ရေးကို လုံးဝ သဘောမတူချေ။

သူ့ယောက္ခမ တိုင်တားဝန်ကြီးမျက်နှာကို စေ့စေ့ကြည့်ပြီး 'ဒီတစ်ခါ နိုင်ငံပါ ဆုံးတော့မည်'ဟု ဆို၍ ငိုမြည်တမ်းမိရှာလေသည်။

*

## [၃] ဝိသာခါ ဖက်ရှင်

ကုန်းဘောင်ခေတ် နန်းတွင်းသူတို့ အဆင်တန်ဆာမှာ ဗုဒ္ဓခေတ်တွင် သူဌေးကတော်ကြီး ဝိသာခါ ဆင်မြန်းခဲ့သည်မှ တိုက်ရိုက် ဆင်းသက်ခဲ့သည်။

မိဖုရားများ၊ မင်းသမီးများ ဝတ်ဆင်ထားသော ထိုတန်ဆာများကို ယခုအခါ ယဉ်ကျေးမှုဌာန အမျိုးသားပြတိုက်၌ ရှုမြင်နိုင်၏။

ပဒေသရာဇ်ခေတ် ကုန်ဆုံး၍ ထိုတန်ဆာပလာမျိုး နောက်ထပ်ချုပ်လုပ်ခြင်း မရှိသော်လည်း မြန်မာဇာတ်သဘင်များ၌ လည်းကောင်း၊ ရှင်ပြု နားသ မင်္ဂလာပွဲများ၌ လည်းကောင်း ထိုပုံစံများ ရှုမြင်နိုင်သေးပေသည်။

အမျိုးသမီးတို့၏ ဦးခေါင်း၌ ဆင်မြန်းသော "စည်းပုံ" မှာကား ဝိသာခါခေတ်အတိုင်း ဒေါင်းရုပ်လွှမ်းလျက် ရှိနေပေသည်။

ရတနာပုံခေတ်အထိ နန်းတွင်းသူတို့ အဆင်တန်ဆာတွင် (၁) မိဖုရားကြီးများ၏ မဟာလတာတန်ဆာ၊ (၂) မင်းသမီးများ၏ ဃနမတ္တကတန်ဆာ၊ (၃) အပျိုတော်ကြီးနှင့် ကတော်ကြီးများ၏ မလ္လိကာတန်ဆာတို့သည် ထိပ်တန်း ဖက်ရှင်အဖြစ်၌ ရပ်တည်ခဲ့ကြသည်။

ထူထဲဝင်းပြောင်၊
အလင်းရောင် ထွေထွေထပ်ထပ်၊
ရွှေပုစဉ်း အတောင်မတပ်ဘဲ၊
လျှပ်ခနဲ၊ ဖြုတ်ခနဲ၊ မပြတ်မစဲ၊
နတ်ကပဲ ထင်ရအောင်၊
မြင်သမျှ ဓာတ်ဖွဲလျှော်သော
ဝတ်လဲတော် အယဉ်အလှ.....

ပုဂံဝန်ထောက်မင်း ဦးတင်သည် တစ်ချိန်က ရန်ကုန်မြို့ လင်ကတ်စတာလမ်း(နဝဒေးလမ်း)တွင် နေထိုင်



www.burmeseclassic.com



သော သရစိမ်း မိဖုရားကြီး၏ သမီးတော် နှောင်မွန်မြို့စား မင်းသမီးထံမှ ဃနမတ္တက တန်ဆာတော်၏ ပုံစံကို တောင်းခံလျှာ တင်ဆက်ရာတွင် အထက်ပါအတိုင်း စပ်ဆို ရေးသားခဲ့သည်။

ထိုတန်ဆာကို ဆင်မြန်းခွင့်ရသော မင်းသမီး ဆယ်ပါးတို့တွင် ထိုမင်းသမီး ပါရှိခဲ့သည်။

**နန်းတွင်း အဆင်တန်ဆာ ခြားနားပုံ**

၁။ မဟာလတာတန်ဆာ ဆင်မြန်းခွင့်ရသူ မိဖုရားကြီး–၁။

၂။ ဃနမတ္တက တန်ဆာ ဆင်မြန်းခွင့်ရသူ မင်းသမီး– ၁၀။

၃။ မလ္လိကာ (အမြီးပေါက်) တန်ဆာ ဆင်မြန်းခွင့်ရသူ မင်းသမီး – ၈။

၄။ မလ္လိကာ (ရိုးရိုး) ဆင်မြန်းခွင့်ရသူ မြို့စား အပျိုတော်ကြီး – ၈။

၅။ ဖဲဝတ်လုံဇာ ဆင်မြန်းခွင့်ရသူ ၃ ဆင့် အပျိုတော်များ – ၄၄။

၆။ ဖဲလုံဝတ်ကြယ် ဆင်မြန်းခွင့်ရသူ ၃ ဆင့် အပျိုတော်များ – ၁၁။

၇။ ဖဲအင်္ကျီဇာ ဆင်မြန်းခွင့်ရသူ ၃ ဆင့် အပျိုတော်များ – ၄၀။

၈။ မာသရာဘက်ကြယ်ထိုးအင်္ကျီ ဆင်မြန်းခွင့်ရသူ အပျိုတော်များ – ၈။

စုစုပေါင်း ၁၂၉ ယောက် ဖြစ်၏။

မင်းမိန်းမများနှင့် ပတ်သက်သော တန်ဆာများမှာ မည်သည့်တန်ဆာကို မည်သည့် အခမ်းအနားတွင် ဝတ်ဆင်ဟု ခွဲခြားထားလေ့ မရှိ။ အခမ်းအနားရှိသည့်အခါ အခွင့်ရရာ တန်ဆာကို ဆင်ယင်လေ့ ရှိကြသည်။ မဟာလတာမှာ အမြင့်ဆုံး ဖြစ်သည်။

၁၂၂၈ ခုနှစ်က အင်္ဂလိပ်သံအဖွဲ့ ရွှေတော်သို့ ဝင်ရာတွင် အရှင်နှစ်ပါးတို့သည် မင်းမြောက်တန်ဆာ အပြည့်အစုံ ဆင်မြန်းကာ အဖူးမြော်ခံသည် ဆို၏။

ထိုအချိန်က စကြာဒေဝီ ဆင်မြန်းသည်မှာ မဟာလတာ တန်ဆာ ဖြစ်ရာသည်။ ၁၂ နှစ်အရွယ် သမီးတော်ကလေးကလည်း အလားတူတန်ဆာ ဝတ်ဆင်ကာ နောက်တော်၌ ခစားသည်ဆိုရာ အိမ်ရှေ့မင်း၏ သမီးတော် စမွာနဂိုရ် မင်းသမီးလေး ဖြစ်သည်ဟု အင်္ဂလိပ်မှတ်တမ်း၌ ပါရှိ၏။

ထို့ကြောင့် ထိုတန်ဆာမှာ အရွယ်ရောက်သူများအတွက်သာလျှင် မဟုတ်ဘဲ မင်းသမီးကလေးများအတွက်လည်း ကြည့်၍ ကောင်းသဖြင့် စောစောစီးစီး သနားတော်မြတ် ခံရသည်လည်း ရှိခဲ့ပေသည်။

**ဝိသာခါမှ အစ**

ဝိသာခါခေတ်က မြတ်စွာဘုရား သက်တော်ထင်ရှား ရှိခဲ့သည်။ ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်း စိုးစံချိန်ဖြစ်သည်။

ထိုမင်းလက်ထက်၌ သူဌေးကြီး ငါးဦးရှိရာ– (၁)



www.burmeseclassic.com

www.burmeseclassic.com



မေဏ္ဍက၊ (၂) ဇောတိက၊ (၃) ဇဋိလ၊ (၄) ပုဏ္ဏကနှင့် (၅) ကာကဝလ္လိယတို့ ဖြစ်၏။ ဝိသာခါကား မေဏ္ဍက၏ မြေးဖြစ်၏။ ဓနဥ္စယ သူဌေးကလေးနှင့် သုမနဒေဝီတို့မှ ဖွားသည်။

ဝိသာခါ အရွယ်ရောက်သော် သာဝတ္ထိပြည်မှ မိဂါရ သူဌေးသားနှင့်-စေ့စပ်ကြောင်းလမ်း၏။ ထိုမင်္ဂလာပွဲ၌ သတို့သမီး ဆင်မြန်းရန် မဟာလတာတန်ဆာကို ပန်းထိမ်ဆရာ ၅၀၀ တို့ ထုလုပ်ကြရာ လေးလကြာမှ ပြီး၏။

ထိုတန်ဆာအတွက် ရွှေပိဿာ ၅၀၀၊ စိန်--ကျောက် တစ်ပြည်၊ ပုလဲ သုံးပြည်၊ သန္တာ ငါးပြည်ခွဲ၊ ပတ္တမြား ရှစ်ပြည် ထည့်သွင်း လုပ်ဆောင်၏။

မဟာလတာတန်ဆာ ဟူသည် တစ်ကိုယ်လုံးကို လွှမ်းခြုံဝတ်ရုံရသော တန်ဆာဖြစ်၏။ ရွှေငွေတို့ကို နန်းဆွဲထားသည့် ရွှေချည်ငွေချည်တို့ဖြင့် ရက်လုပ်ကာ အဖိုးတန်ကျောက် စိန်များ ခြယ်လှယ်ထား၏။

ထိုတန်ဆာကို ဦးခေါင်းမှစွပ်၍ ဆင်ယင်လိုက်လျှင် ခြေဖမိုးတိုင်အောင် ရောက်၏။ ရွှေချည်ငွေချည်တို့၌ သွင်းနှံ ရက်လုပ်ထားသော ရတနာခုနစ်ပါးတို့၏ အရောင်များသည် တဖိတ်ဖိတ် တလက်လက် တောက်ပ ကွန့်မြူးကြကုန်၏။

## ဥဒေါင်းရုပ်

မဟာလတာတန်ဆာတွင် အထူးခြားဆုံး၊ အထွတ်မြတ်ဆုံးကား ထိပ်အုပ်ဥဒေါင်းရုပ် ဖြစ်၏။ တန်ဆာကို ဆင်မြန်းလိုက်သောအခါ ဥဒေါင်းရုပ်သည် ဝတ်ဆင်သူ၏ ဦးထိပ်ပေါ်၌ တည်နေ၏။ ပကတိ ဥဒေါင်းတစ်ကောင်သည် ရတနာခုနစ်ပါး အရောင်နှင့် တောက်ပြောင်ဝင်းလက်စွာ ဦးထိပ်၌ နားနေသည်နှင့် တူ၏။

ထိုဥဒေါင်းတောင်ပံနှစ်ဖက်တို့တွင် ရွှေနီဖလံဖြင့် ပြုလုပ်အပ်သော အတောင်ရိုးတံ ၅၀၀ စီ ရှိကြ၏။

ထို ဥဒေါင်းရုပ်၏ နှုတ်သီးသည် သန္တာဖြစ်၏။ မျက်လုံးသည် ပတ္တမြားဖြစ်၏။

ထိုဥဒေါင်းရုပ်၏ သဏ္ဌာန်သည် ဝိသာခါ၏ ဦးထိပ် အလယ်၌ တောင်ထွတ်တွင် နား၍ ကနေသော ပကတိ ဥဒေါင်းငှက်ကဲ့သို့ ထင်ရ၏။

တောင်ပံနှစ်ဖက်ရှိ ၁၀၀၀ သော ရိုးတံတို့မှ တူရိယာ ငါးပါး တီးမှုတ်သကဲ့သို့ သာယာနာပျော်ဖွယ် အသံများ ထွက်လေသည်။

ထို မဟာလတာ တန်ဆာ၏ တန်ဖိုးမှာ ကိုးကုဋေ ဖြစ်လျက် လက်ခမှာ ငွေတစ်သိန်း ပေးရသည်။

ဝိသာခါ သတို့သမီးသည် ထိုမဟာလတာ တန်ဆာကို ဆင်မြန်းလျက် အမိုးဖွင့်ထားသော ရထားဖြင့် သာဝတ္ထိပြည်သို့ ဝင်လေ၏။

မြို့သူ မြို့သားများ ရင်သပ်ရှုမော အံ့သြချီးမွမ်း၍ မဆုံးနိုင်အောင် ဖြစ်ကြသည်။

ဝိသာခါသတို့သမီး ရောက်ရှိလာပြီးနောက် ယောက္ခမ သူဌေးကြီးအား မြတ်စွာဘုရားထံ ပို့ဆောင်ကာ ဗုဒ္ဓအဆုံးအမ၌ တည်စေခဲ့သည်။

မိဂါရသူဌေးကြီးက "ငါ့ချွေးမရဲ့ကျေးဇူး ကြီးလှပေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့အတွက် စိတ်ချမ်းသာဖွယ် လက်ဆောင်ပေးရမယ်။ ယခု သူ့မှာရှိတဲ့ မဟာလတာတန်ဆာဟာ လေးလံလှတဲ့အတွက် အမြဲ ဆင်မြန်းရန် မသင့်၊ သူ့ဖို့ အသစ်တစ်ခု ငါ လုပ်ပေးမှ တော်မည်”ဟု ကြံစည်ကာ အဖိုးတစ်သိန်းထိုက်သော ဃနမတ္တက တန်ဆာကို ပြုလုပ်စေလေသည်။

## ဃနမတ္တက

မိဂါရသူဌေးလည်း ထိုအဆင်တန်ဆာ ပြုလုပ်ပြီးသောအခါ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့ကို ပင့်ဖိတ်ကာ ရိုသေစွာ ဆွမ်းကပ်၏။ ထို့နောက် ဝိသာခါကို နံ့သာရည်အိုးတို့ဖြင့် ရေချိုးစေလျက် ဘုရားသခင်၏ မျက်မှောက်၌ပင် ဃနမတ္တက တန်ဆာကို ဆင်ယင်ကာ ကန်တော့စေ၏။ ဘုရားရှင်က ဝမ်းမြောက်စွာ အနုမောဒနာ ပြုတော်မူ၏။

ဝိသာခါအဖို့ ဖခင် ဓနဥ္စယ သူဌေးက ပေးသော မဟာလတာ တန်ဆာနှင့် ယောက္ခမ မိဂါရ သူဌေးက ပေးသော ဃနမတ္တကတန်ဆာ ဟူ၍ နှစ်စုံသော ဝတ်ရုံများ ရှိနေချေပြီ။

ထိုအချိန်က သာဝတ္ထိပြည် ပွဲလမ်းအခမ်းအနားတို့၌ ဝိသာခါ ပါမှ ပွဲစည်သကဲ့သို့ ရှိ၏။ ထို့ကြောင့် သူ့ကို ဒါယကာများက အထူးတလည် ဖိတ်မန္တက ပြုကြ၏။ ပွဲတစ်ခုမှ အပြန်ခရီး၌ မြတ်စွာဘုရားကျောင်းတော်သို့ ဝင်ရောက်မည် ရှိရာ မဟာလတာ တန်ဆာမှာ တောက်ပြောင်လွန်းသဖြင့် အဆင်သင့် ပါရှိသော ဃနမတ္တက ဝတ်ရုံကို ပြောင်းလဲ ဆင်မြန်း၏။ မဟာလတာကို ထုပ်ပိုးကာ လက်ပါးစေတစ်ဦးသို့ အပ်နှံ၏။

## အထည်ရောင်း၍ ကျောင်းဆောက်

ကျောင်းတော်တွင် မြတ်စွာဘုရား၏ တရားတော်ကို နာခံပြီးနောက် ပြန်လာရာ မဟာလတာ အထုပ်ကို သတိမရဘဲ မေ့လျော့ကာ ကျောင်းတော်တွင်ပင် ကျန်ရစ်ခဲ့သည်။

ရှင်အာနန္ဒာသည် တရားနာပရိသတ် စဲ၍ မေ့လျော့ကြွင်းကျန်သည့် ပစ္စည်းများကို ကြည့်ရာ ထိုအထုပ်ကို တွေ့သဖြင့် စောင်းတန်းနံဘေး၌ ဆွဲချိတ်ထားလိုက်၏။

ဝိသာခါသည် အိမ်ပြန်ရောက်မှ သတိရ၍ လက်ပါးစေအား ကျောင်းတော်သို့ ပြန်လည်စေလွှတ်၏။ မှာလိုက်သည်ကား 'အကယ်၍ ထိုအထုပ်ကို ရှင်အာနန္ဒာ ကိုင်တွယ်သိမ်းဆည်းလျှင်ကား ပြန်မယူခဲ့နှင့်၊ အရှင်မြတ်တို့၏ လက်တော်ဖြင့် ထိကိုင် သုံးသပ်ပြီးသော ဘဏ္ဍာတော်ကို အရှင်မြတ်တို့အား လှူဒါန်းဖွယ်သာ ဖြစ်သည်' ဟူ၍ ဖြစ်၏။

အရှင်အာနန္ဒာက လက်ပါးစေအား 'ငါသည် ထိုပစ္စည်းကို တစ်ခုသော စောင်းတန်း၏ နံပါး၌ ထားခဲ့၏။ သွားယူချေလော့' ဟု မိန့်ကြားရာ ထိုအကြောင်းကို ဝိသာခါသို့ ပြန်ကြားလေသည်။

ထိုအခါ ဝိသာခါက 'ငါ့အရှင်သခင် အာနန္ဒာလက်တော်နှင့် ထိကိုင် သုံးသပ်ပြီး ပစ္စည်းကို ငါ မဆင်ယင်တော့ဘူး၊ ငါ လှူဒါန်းလိုက်ပါပြီ။ အဲသလို စွန့်လွှတ်လှူဒါန်း



www.burmeseclassic.com



လိုက်ပေမယ့် ထိုအဝတ်တန်ဆာကို အရှင်မြတ်တို့ သိမ်းဆည်း စောင့်ရှောက်ဖို့ ခဲယဉ်း ပင်ပန်းတော်မူကြလိမ့်မယ်။ သည်တော့ ထိုပစ္စည်းကို လှူဒါန်းမည်၊ မဟာလတာတန်ဆာကို ကျောင်းတော်မှ ပြန်ယူချေ' ဟု ဆုံးဖြတ်၏။

ပန်းထိမ်ဆရာများ ဈေးဖြတ်သည့် အတိုင်း ထိုတန်ဆာကို ကိုးကုဋေနှင့် စည်တီးကြေညာကာ ရောင်းချစေရာ ဝယ်မည့်သူ မရှိချေ။

ထို့ကြောင့် ဝိသာခါကပင် ထိုဈေးနှုန်းဖြင့် ဝယ်ယူ၏။ ထိုငွေအသပြာကို ဝိသာခါပင် မြတ်စွာဘုရားထံ သွားရောက် လှူဒါန်းဆက်သ၏။

မြတ်စွာဘုရားက 'ချစ်သမီး ဝိသာခါ၊ ဤငွေဖြင့် သာဝတ္ထိမြို့ အရှေ့တံခါး၌ သံဃာများ သီတင်းသုံးရန် ကျောင်းဆောက်လော့' ဟု မိန့်ကြား၏။

ထို့ကြောင့် ကျောင်းတော် ဆောက်လုပ်ရာတွင် ရှင်မောဂ္ဂလ္လာန်၏ ကူညီဆောင်ရွက်မှုကြောင့် လွယ်ကူလျင်မြန်စွာ ပြီးစီးလေသည်။ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းကြီးပေတည်း။

အောက်ထပ်၌ အခန်း ၅၀၀၊ အထက်ထပ်၌ အခန်း ၅၀၀ ရှိ၏။ ပတ်လည်တွင် ကမ္မဋ္ဌာန်းကျောင်း ၅၀၀၊ ဇရပ် ၅၀၀ တို့လည်း ဆောက်လုပ်၏။

မြတ်စွာဘုရားသည် ဝိသာခါ၏ တောင်းပန်ချက်အရ ဇေတဝန်ကျောင်းမှ ဝိသာခါကျောင်းသစ်သို့ ကြွရောက် သီတင်းသုံးတော်မူလေသည်။

### မအိုသေးသူ

ဝိသာခါတွင် သားတစ်ကျိပ်၊ သမီးတစ်ကျိပ်၊ မြေး ၄၀၀၊ မြစ် ၈၀၀၀ ရှိ၏။

ခုနစ်နှစ်သမီး အရွယ်ကပင် သောတာပန် တည်လျက် ဒေါသ၊ မောဟ ကင်းစွာဖြင့် အသက် ၁၂၀ တိုင်အောင် နေရ၏။ သက်ရွယ် ကြီးရင့်သော်လည်း ဆံဖြူသွားကျိုးခြင်း မရှိ။ အဘယ်မျှ ပျိုမျစ်နုနယ်တင့်တယ် လှပသနည်း ဟူမူ သမီးများ၊ မြေးမြစ်များနှင့် ရောနှောသွားလာရာတွင် မည်သူသည် ဝိသာခါ ဖြစ်သည်ကို မသိနိုင်လေကုန်ဟု ဆိုရိုးစကား ရှိ၏။

မြန်မာနန်းတွင်း အဆင်တန်ဆာ သုံးမျိုးတို့၌ မဟာလတာနှင့် ဃနမတ္တက ဟူသော ထိပ်တန်းနှစ်မျိုးမှာ ဝိသာခါ အမွေအနှစ်များ ဖြစ်၏။

တတိယ အမျိုးအစားဖြစ်သော မလ္လိကာတန်ဆာကား ဗာရာဏသီပြည် ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာမှ ဆင်းသက်ခြင်း ဖြစ်သည်။

သို့လျှင် ယနေ့တိုင် ကျွန်တော်တို့ မြန်မာ အလှူပွဲများ၌ မြင်တွေ့နေရသော မကိုဋ်နှင့် စည်းပုံတို့၏ သမိုင်းကား မသေးပါချေ။

ဝိသာခါ ဖက်ရှင်သည် ယခုတိုင် ခေတ်စားလျက် ရှိနေသည် ဆိုရပေမည်။



www.burmeseclassic.com



**နောင်မွန် ထိပ်ခေါင်တင်သို့**
**ပုဂံဦးတင်၏ စာသဝဏ်**

အင်္ဂလိပ်ခေတ် အတွင်းက ပုဂံဝန်ထောက်မင်း ဦးတင်က ဃနမတ္တက တန်ဆာတော်ပုံကို ရရှိရန် နောင်မွန်ထိပ်ခေါင်တင် ထံသို့ အသနားတော်ခံလွှာမှာ မြန်မာသံ ပီသလှသဖြင့် အောက်ပါအတိုင်း ကိုးကား ဖော်ပြပါသည်။

[ ၁ ]

မန္တလာမန်း၊ စံရာနန်းက၊
သာဆန်း ပထမ၊ သတ္တဌာန်ပါ၊
မြတ်ဉာဏ်ဖြာ၍၊ ဖန်ကာသပေသည့်ပြင်–

[ ၂ ]

ရှင်စောသတ္တာ၊ မြတ်သာသနာကို၊
ဖြာဖြာရောင်ခြည်၊ ပြောင်ပြောင်လည်၍၊
မှောင်နည်ကင်းစင်၊ ငါးထောင်သာသနာ
ပွားဆောင်ရာလျှင်၊ မြားမြောင်စွာ၊
ထေရ်အရှင်တို့နှင့် တကွ
ပဉ္စမသင်္ဂါယနာ သဘင်၊ ဆင်ယင်တော်
မူပေသော–

[ ၃ ]

အရှင် ဘဝရှင်မင်းတရားကြီးဘုရားနှင့်
မြောက်သားတော် ရတနာ၊
မြို့သာမြို့ပါ အဆီအခွန် ခံသိမ်း၍၊
သရစိမ်းတိုက်ကြီးကို ထိးမိုးရည်ခံ၊
ကံကျေးတော်ခံရပေသော၊
ဒေဝီစံ မိဖုရားတို့၊
သည်းချာရင်နှစ်၊ သမီးစစ်အကြီး၊
ချစ်မငြီး မူရာ၊
ဇာတ်တစ်နည်းပုံလာ။
ဥမ္မာဒန္တီ၊ ပုံပမာဟန်ညီ၊
ကြုံလာပြန်သည်ဟု ဉာဏ်မီသမျှ၊
စံရည်ချရည်စူး၍ ကြည်နူးရရှုံမက–

[ ၄ ]

ကံပါရမီ၊ ဖန်လာညီသဖြင့်၊
သာကီယဇာတ်၊ ဇာတိတော်မြတ်လှ၍၊
ဃနမတ္တက တန်ဆာမြတ်၊
ဥဂ္ဂတ်တော် ယဂင်စိုက်၊
ဆင်ယင်ရန် အခွင့်ဆိုက်သဖြင့်၊
မြင့်မြတ်သော ကုသိုလ်တော်
အခိုက်ကြောင့်၊
၁၂၄၆ ခု၊ သက္ကရာဇ်၊
ရွယ်သက်တော်စစ်၊ ၂၅ နှစ် ပြခါဝယ်–

[ ၅ ]

ထူရာတွင်ထပ်လျှင် လေးသည်၊
ဖြူရာတွင် ဖွပ်လျှင် ဖွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ရှေးပညာရှိတို့ စကားပုံအတိုင်း–
ကြုံရပြန်သဖြင့်၊
ယဉ်လှသူ ဒြပ်အထည်သည်၊
မြင်ရသူ ရပ်မတည်အောင်၊
နတ်ပြည်က နတ်သမီး၊
ကိတ္တပတ်အရောင်ပင်လားဟု၊
အမှတ်တစ်သီး စိတ်ယောင်ထင်မှားရသော၊
ထိပ်ခေါင်တင်ဖုရားကြီး စံတော်မူရာ၊
သဥ္ဇာထူးသို့၊
သံတော်ဦးတင်လျှာ ယဉ်စွာကျူး၍၊
မင်္ဂလာညွှန့်ဖူး ဉာဏ်သစ်ပွားလျက်၊
လန်ကစ္စတာ ကွန်းစက်ရာသို့၊
ညွှန်းမြွက်ကာ ဆင်သ၍၊
လွမ်းဆက်စာ တင်ရပါတော့သည်။
မြင်မြင်သမျှ၊
ဘဝင် ကြွရသော၊
အယဉ်အလှ စံတစ်ဆူ–

[ ၆ ]

မြန်ဇမ္ဗူ မော်ကွန်းတွင်၊
လျှံလူလူ အရောင်ထွန်းလျက်၊
နောင်မော်ကွန်း သာယာရှင်းအောင်၊
မြန်မာမင်း အုပ်ချုပ်ပုံ၊
စာအုပ်ပြုလုပ်နေဆဲ၊
အချက်တွင် ရွှေလက်တော်ရှိ၊
အတိမဟာတ္တ၊ ဃနမတ္တက၊
အမည်တွင်သော၊
အဆင်တန်ဆာတော်မြတ်၊
ဥဂ္ဂတ်ယဂင်စိုက်စာမူကို၊
သဒ္ဒါဖြူ လိုင်ရှင်၍၊
အပိုင်ပင် ယူစေရာ၊
ခိုင်သဇင်တုမသွေတဲ့၊
ရွှေနှုတ်တော်ထား တံဆိပ်က၊
ဗွေထုတ်ဖော်ပြန်ကာ ဟိတ်ကို၊
ဗျာဒိတ်တော် ကျူပေါ်လျှင်–

[ ၇ ]

ထူထဲဝင်းပြောင် အလင်းရောင်၊
ထွေထွေထပ်ထပ်၊
ရွှေပုစဉ်းတောင် မတပ်ဘဲ၊
လျှပ်ခနဲ၊ ဖျတ်ခနဲ၊ မပြတ်မစဲ၊
နတ်ကပဲ ထင်ရအောင်၊
မြင်သမျှ ဓာတ်စွဲလျော်သော၊
ဝတ်လဲတော်အယဉ်အလှ အထည်ထူးကို၊
ဘဝင်က ရည်စူးလျက်၊
ကြည်နူးရွှင်လန်းစွာ၊ သဒ္ဒါပြည့်ဖြိုး၊
သတိမျိုးနှင့်၊ ရှိခိုးကန်တော့၊
လက်ဆောင်တော် ဆက်သရန် အကြံနှင့်၊



www.burmeseclassic.com

www.burmeseclassic.com



အရန်သင့် ပြင်ဆင်လျက် ရှိသည်ကို၊
သိတော်မူပါရန်၊ တစ်ပါးတော်နတ်သို့
သနားတော်မြတ် ခံရပါတော့သည်။

[ ၈ ]

ကံပါရမီ အခါညီ၍၊
သာကီယဇာတ် မြတ်လှသောဘဝတွင်၊
မနောမယ အမျက်ပတ္တမြားသို့၊
တစ်ဖက်သား သနားခံသူ အလိုကျအောင်၊
နဂိုလှထိပ်ခေါင်တင် မြတ်ဖုရားသည်၊
နတ်အလား စံမြန်းတဲ့၊
မှန်နန်းလို ကွန်းဗွေညာက၊
ခွန်းရွှေဗျာ စာသံ့ကို၊
အလာင့် မျှော်လင့်သူသို့၊
ပွင့်မဥ္ဇူရန့် အေး၍၊
လျစ်လျူကာ၊ ကြန့်မနေးဘဲ၊
ပျံ့မွေးတော် မှုဖျ၊
ဘူနာထ ရင်သွေးတော်။

(ပုံ) ပုဂံ ဦးတင်

*

## [ ၄ ] စုဖုရားလတ် မြေလှူးခန်း

[ ၁၈၉၇ နှစ်တွင် မြန်မာ့သစ်တော အရေးပိုင်အဖြစ် အမှုထမ်းသူ "ဖီးလ်ဒင်းဟော" (H,. Fielding Hall) က "သီပေါ၏ မဟေသီ" (Thibaw's Queen ) ခေါ် စာအုပ်ကို ရေးသားထုတ်ဝေခဲ့၏။ ထိုအချိန်က သီပေါမင်းနှင့် စုဖုရားလတ်တို့ ပါတော်မူသည်မှာ ၁၂ နှစ်မျှ ရှိရာ၊ ရတနာဂီရိ၌ အရှင်နှစ်ပါးစလုံး သက်တော်ထင်ရှား ရှိနေကြ၏။ ဖီးလ်ဒင်းဟောက ထားဝယ်သူ တရုတ်ကပြား အပျိုတော်ကလေး၏ နန်းတွင်းကိုယ်တွေ့များကို မေးမြန်း ရေးသားခဲ့ခြင်း ဖြစ်သည်။ ဆရာပါရဂူ၏ ဘာသာပြန်ချက်မှ "နောက်ဆုံးအရေး" အခန်းကို ဖော်ပြပါသည်။ ]

### နောက်ဆုံး အရေး

"အဲဒီညက ကျွန်မတို့ ကြောက်ရွံ့ ထိတ်လန့်နေကြတဲ့အတွက် တစ်ညလုံး ကောင်းကောင်း အိပ်မပျော်ကြဘူး။ ဘာဖြစ်လို့လဲဆိုလျှင် အင်္ဂလိပ်တွေ ရောက်လာကြတော့မယ်၊ ဘာတွေ ဖြစ်ဦးမယ် ဆိုတာ ဘယ်သူမျှ မပြောနိုင်ဘူး။ ဂနာမငြိမ် ဖြစ်နေကြတယ်။ ထိတ်လန့်စိုးရွံ့ နေကြတယ်။ ကောလာဟာလ သတင်းတွေကလည်း အမျိုးမျိုးပဲ။ ကျွန်မတို့ကတော့ ထိုင်စောင့်ရုံပဲ ရှိတော့တယ်။ ဘုရင်မင်းတရားကြီးနဲ့ မိဖုရားကြီးတို့ဟာ တစ်နေ့လုံး လိုလိုပဲ ထိုင်ပြီး တစ်ဦးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ကြည့်နေကြတယ်။ စကားလည်း တစ်ခွန်းမျှ မပြောဘူး။ ဆိတ်ဆိတ်ပဲ နေကြတယ်။

"ညနေပိုင်းရောက်လာတော့ အင်္ဂလိပ်တွေ နောက်နေ့ ရောက်လာတော့မယ်၊ နောက်နေ့ မနက်ခင်းမှာပဲ ရောက်လာတော့မယ် ဆိုတဲ့ သတင်းကို ကျွန်မတို့ ကြားရတော့တယ်။ အဲဒီညက အုံ့ဆိုင်း တွေဝေနေတာနဲ့၊ ကြောက်ရွံ့ထိတ်လန့်နေတာနဲ့ ကျွန်မ တစ်ညလုံး အိပ်မပျော်တော့ဘူး။ ဘာတွေများ ဖြစ်ဦးမှာလဲ။ အဲဒီညတော့ မန္တလေးမြို့တွင်းမှာရော၊ နန်းတော်ထဲမှာရော တစ်ယောက်မျှ အိပ်လို့ မပျော်ပါဘူး။ တစ်မြို့လုံးမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်နေတယ်။ တစ်ခါတလေလည်း အမြောက်ပစ်သံကို ကြားနေရတယ်။ တစ်ခါတစ်ရံလည်း ဆူဆူညံညံနဲ့ အော်သံ ဟစ်သံတွေကို ကြားနေရတယ်။ ကောင်းကင်တစ်ခွင်မှာတော့ မီးအရှိန် မီးခိုးများ တက်နေတဲ့အတွက် ညစ်ပုပ်ပုပ် ဖြစ်နေတယ်။

"ပူပန်ကြောင့်ကြနေတဲ့အတွက် ကျွန်မဟာ လျောင်းနေပေမဲ့ အိပ်မပျော်ပါဘူး။ တစ်မျှော်တစ်ခေါ်ကြီး စဉ်းစားနေမိတယ်။ ကျွန်မရဲ့အခန်းဖော်ဖြစ်တဲ့ အပျိုတော်က လာပြီး မိဖုရားကြီးအပါး သွားခစားဖို့ ကျွန်မကို ခေါ်တော့ ကျွန်မ အတော်ပဲ ဝမ်းသာသွားတယ်။ ဒါနဲ့ ကျွန်မလည်း အဝတ်အစား လဲပြီး လိုက်သွားတယ်။ မိဖုရားကြီးဟာ အဆောင်တော် တစ်ခုထဲမှာ ထိုင်ပြီး ဥယျာဉ်တော်ဘက်ကို ငေးမျှော်ရှုစားနေတယ်။ သူ ရှုစားနေတဲ့ ဥယျာဉ်တော်တစ်ဝိုက်မှာတော့ အလင်းရောင် ရောက်မလာသေးဘူး။ အမှောင်လွှမ်းနေတုန်းပဲ ရှိသေးတယ်။ အဲဒီအချိန်မှာ ဘုရင်မင်းတရားကြီးကတော့ မိဖုရားကြီးနှင့်အတူ ရှိမနေဘူး။ မိဖုရားကြီးအပါးမှာ မိဖုရား မယ်တော်ကြီး စံနေတော်မူတာပဲ တွေ့ရတယ်။

"နွေရာသီနန်းတော်မှာ ကျင်းပခဲ့တဲ့ ညီလာခံသဘင်က စပြီး မိဖုရားကြီးဟာ သူ့မယ်တော်ကြီးကို စကားမပြောဘူး။ ဒါပေမဲ့ အခု အရေးကြုံလာတဲ့ အခါကျတော့ သားအမိနှစ်ဦးဟာ ပြန်တည့်သွားကြတယ်။ သူတို့နှစ်ဦးဟာ ကျွန်မတို့ရဲ့ ရှေ့မှာ ထိုင်ပြီး ဥယျာဉ်တော်ဘက်ကို လှမ်းမျှော်ကြည့်နေကြတယ်။ သူတို့ရဲ့ မျက်လုံးအိမ်တွေထဲမှာလည်း မျက်ရည်အပြည့်နဲ့။ တစ်ဦးနဲ့ တစ်ဦးလည်း ဖက်ထားကြတယ်။ ကြိုးကြားကြိုးကြား စကားလည်း ပြောနေကြတယ်။

"သူတို့ ဘာတွေပြောကြသလဲ၊ ညည်း ကြားရဲ့လား၊ အပျိုတော်တွေ တစ်ဦးနဲ့တစ်ဦး မေးမြန်း စုံစမ်းနေကြတယ်။ ဒါပေမဲ့ တစ်ယောက်မျှ မကြားဘူး။ အဲဒါနဲ့ အပျိုတော်တွေက ကျွန်မကို အနားတိုးပြီး နားထောင်ခိုင်းကြတယ်။

"ကျွန်မက ကလေးပဲ ရှိသေးတယ် မဟုတ်လား။ ဒါကြောင့် မှောင်ထဲမှာ အသာကလေး တွားသွားပြီး သားအမိ နှစ်ယောက် ဘာတွေ ပြောနေတယ်ဆိုတာ နားထောင်ကြည့်တယ်။

"'ခုနစ်နှစ် ခုနစ်မိုးကလည်း ခုနစ်ရက်လောက်ပဲ ရှိတယ်။ ခုနစ်နှစ် ခုနစ်မိုးကလည်း ခုနစ်ရက်လောက်ပဲ ရှိတယ်'

"အဲဒီ စကားကိုပဲ သားအမိနှစ်ယောက် တစ်ဦးကို တစ်ဦး ထပ်တလဲလဲ ပြောနေကြတယ်။ 'ခုနစ်နှစ် ခုနစ်မိုးကလည်း ခုနစ်ရက်လောက်ပဲ ကြာတယ်'

"အဲဒီလိုနဲ့ မိဖုရားကြီးနဲ့ မိဖုရားမယ်တော်ကြီးတို့ဟာ နောက်ဆုံးပိတ်အရုဏ်ကို စောင့်နေနေကြတယ်။ ဟိုအလှမ်းဝေးလှတဲ့ ရှမ်းတောင်တန်းကြီးများရဲ့ နောက်ဘက်က နံနက် နေအရုဏ်ဟာ ပြတ်ပြတ်သားသား ကြည်ကြည်လင်လင် ပေါ်ထွက်လာတယ်။ ဘော်ငွေရောင်က ရွှေဝါရောင် အဖြစ် ပြောင်းလဲသွားတယ်။ ရွှေဝါရောင်က ပန်းရောင်၊ ကြက်သွေးရောင်အဖြစ် ပြောင်းလဲသွားတယ်။

"ကျွန်မတို့ စောင့်ကြည့်နေဆဲမှာပဲ အရုဏ်ရောင်ဟာ ဥယျာဉ်တော်တွေထဲမှာ တဖြည်းဖြည်း တောက်ပတောက်ပ လာတယ်။

"နောက်ဆုံးကျတော့ ရှည်လျား ဖြာထွက်လာတဲ့ နေရောင်ခြည်ဟာ ကောင်းကင်တစ်ခွင်မှာ ပျံ့နှံ့သွားပြီး နန်းပြာသာဒ်ဆောင်ပေါ် ကျလာတယ်။ နန်းပြာသာဒ်ကြီးကို မီးလျှံကြီးဖြစ်သွားအောင် အရောင် ဖျန်းပက်လိုက်တယ်။ ရောင်ခြည်များဟာ အနိမ့်ပိုင်းကို ကျသထက် ကျဆင်းလာလိုက်တာ ကမ္ဘာလောကကြီး တစ်ခုလုံး အလင်းရောင် ပြည့်သွားတဲ့ အထိပါပဲ။

"ဥယျာဉ်တော်ထဲမှာ ကျေးငှက်များဟာ သစ်ပင်တစ်ပင်နဲ့တစ်ပင် ကူးလူးပျံသန်းပြီး ရွှင်မြူးစွာ တွန်ကျူးနေကြတယ်။ ငါးကလေးတွေကလည်း ရေကန်ထဲမှာ ခုန်ပျံနေကြတယ်။ ပန်းပွင့်တွေကလည်း ကားကားစွင့်စွင့် ပွင့်လာကြတယ်။ ကျွန်မတို့ တစ်တွေဟာ ထိုင်ပြီး အရုဏ်တက်တဲ့ ရှုခင်းကို ကြည့်ရှုနေကြတယ်။ ကျွန်မတို့ရဲ့ ခုနစ်နှစ် ခုနစ်မိုးဟာဖြင့် ခုနစ်ရက်လောက်ပဲ ကြာတယ် ထင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရားကြီးက ကျွန်မတို့ကို အင်္ဂလိပ်စစ်သားများ ရောက်မလာခင် ခပ်မြန်မြန် နန်းတော်က ထွက်ခွာသွားကြဖို့ မိန့်တော်မူတယ်။ 'အင်္ဂလိပ်စစ်သားတွေ ရောက်လာတဲ့အခါ ဘာဖြစ်မယ် ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ မဖုရားရဲ့ အပျိုတော်တွေထဲက ဘယ်အပျိုတော်ပဲ ဖြစ်ဖြစ် ဘေးအန္တရာယ် တစ်စုံတစ်ရာ ဖြစ်ခဲ့လို့ရှိရင် မဖုရား စိတ်ဆင်းရဲရလိမ့်မယ်။ မယ်မင်းတို့ ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ကြပေတော့။ ခိုကိုးစရာရှိတဲ့ အပျိုတော်တွေက ကိုယ့်ခိုကိုးစရာရှိတဲ့ ဆီကို သွားကြတော့။ ဒီနန်းတော်ထဲမှာ မဖုရား မယ်မင်းတို့ကို အကာအကွယ် မပေးနိုင်တော့ဘူး။ တခြား ဘယ်နေရာပဲ ဖြစ်ဖြစ် ဒီနန်းတော်ထက်တော့ ကောင်းလိမ့်ဦးမယ်။ ခိုကိုးစရာ လုံးလုံး မရှိတဲ့ လူတွေကတော့ မဖုရားနဲ့အတူ နေနိုင်တယ်။ မဖုရားကတော့ မောင်တော် အရှင်မင်းတရားကြီးနဲ့ အတူ စံနေရမှာပဲ'လို့ အဲဒီလို မိဖုရားကြီးက အမိန့်ရှိတယ်။

"ကျွန်မတို့ဟာ မိဖုရားကြီးကို ခွဲသွားချင်တဲ့စိတ် မရှိကြဘူး သခင်။ မိဖုရားကြီးနဲ့ အတူနေဖို့ စိတ်မကူးတဲ့ လူတွေကတော့ စောစောကတည်းက ထွက်သွားကုန်ကြပါပြီ။ ဒါပေမဲ့ အခု မိဖုရားကြီးနဲ့ အတူပဲ ရှိနေသေးတဲ့ ကျွန်မတို့တစ်တွေကတော့ မိဖုရားကြီးနဲ့အတူ ဆက်နေကြတုန်းပါပဲ။ ဒါကြောင့်မို့ ကျွန်မတို့ သူနဲ့ပဲ အတူနေပါရစေလို့ တိုးလျှိုး တောင်းပန်ကြတယ်။

"ဒါပေမဲ့ မိဖုရားကြီးက သဘောမတူဘူး။ ကျွန်မတို့ သွားရမယ်၊ ကျွန်မတို့ထဲက ဘယ်သူတွေ ဘယ်ဝါတွေဟာ ဖြင့် သွားရမယ်လို့ နာမည်ကိုပြောပြပြီး မိန့်တော်မူတယ်။ သူက ကျွန်မတို့ နာမည်တွေကို အားလုံးသိနေတယ် မဟုတ်လား။ စစ်တပ်တွေ ဆိပ်ကမ်းရောက်ပြီလို့ ကြားရတာနဲ့ တစ်ပြိုင်နက် ကျွန်မတို့ ထွက်ခွာသွားရမယ်လို့ အမိန့် ရှိတယ်။

"မိဖုရားကြီး အမိန့်ပေးလိုက်တဲ့အခါ ဘယ်သူမှ ပြန်လှန် မလျှောက်တင်ဝံ့တော့ဘူး။ ဘယ်သူမှ သူ့အမိန့်ကို မလိုက်နာဘဲ မနေဝံ့တော့ဘူး။ ဒါကြောင့်မို့ ကျွန်မလည်း ဘာမှ ပြန်လှန် မလျှောက်တင်တော့ဘူး။ ဒါပေမဲ့ ဝမ်းနည်းကြေကွဲလွန်းလှတဲ့အတွက် ကျွန်မလည်ချောင်းဟာ တစ်ဆို့ဆို့ကြီး ဖြစ်နေတယ်။ ကျွန်မ သူ့ကို သိပ်ချစ်ခင်မြတ်နိုးတယ် သခင်။

"နံနက်စာ ထမင်းစားပြီး နေ့လယ်မွန်းမတည့်မီ တစ်နာရီလောက် အလိုမှာ အိန္ဒိယအစိုးရသင်္ဘောတွေ မန္တလေး ရောက်လာပြီ ဆိုတဲ့ သတင်းဟာ နန်းတော်ရင်ပြင် တစ်ခုလုံး ပျံ့နှံ့သွားတယ်။ မင်းချင်းတစ်ယောက်က မိဖုရားကြီးဆီ အဲဒီသတင်း ဆောင်ကြဉ်းလာတယ်။ အဲဒီ သတင်းကို ကြားသိရတာနဲ့ တစ်ပြိုင်နက် မိဖုရားကြီးဟာ ထိုင်နေရာက ထ လိုက်တယ်။ ပြီး စနုဆောင်တွေနဲ့ နန်းဆောင်တွေကဖြတ်ပြီး နန်းမြင့်အောက်မှာရှိတဲ့ မြေကွက်လပ်ကို ကြွသွားတယ်။ နန်းမြင့်ဟာ ကျွန်မအဖေ ဆောက်လုပ်ထားတဲ့ အဆောက်အအုံဖြစ်တယ်။ နန်းမြင့်ပေါ်မှာ မျှော်စင်ရှိတယ်။

"အစောင့်တစ်ယောက်ဟာ နန်းမြင့်ထိပ်ပေါ် တက်ပြီး တစ်နေ့လုံး တစ်ညလုံး စောင့်ကြည့်နေရတယ်။ နန်းမြင့်ပေါ်ကနေ ကြည့်ရင် အရပ်လေးမျက်နှာ တစ်ခွင်ကို မြင်ရတယ် မဟုတ်လား။ နန်းမြို့ရိုးတွေပေါ်က ဆီးပြီးကြည့်ရင် မန္တလေးမြို့တွင်းကို မြင်ရတယ်။ မန္တလေးမြို့ကို ရံနေတဲ့ မန္တလေးမြို့ရိုးပေါ်က ဆီးပြီး ကြည့်လိုက်ရင် ခရီး အတော်လှမ်းတဲ့ အရပ်ဒေသအထိ လှမ်းမြင်ရတယ်။

"အရှေ့ဘက်မှာဆိုရင် ရှမ်းပြည်တောင်တန်းများရဲ့ တောင်ခြေဒေသဆီ အထိ လှမ်းမြင်ရတယ်။ မြောက်ဘက်နဲ့ တောင်ဘက်မှာ ဆိုရင်လည်း ခရမ်းရောင်ထနေတဲ့ ဒေသတစ်ခွင်ကို တစ်မျှော်တစ်ခေါ်ကြီး လှမ်းမြင်ရတယ်။ လူဦးရေထူထပ်ပေါများတဲ့ မန္တလေးမြို့ပေါ်က ဆီးပြီး အနောက်ဘက်ကို ကြည့်လိုက်ရင်လည်း မန္တလေးမြို့နဲ့ မိုင်းညိုညို့ စစ်ကိုင်းတောင် အကြားမှာ စီးနေတဲ့ နှစ်မိုင်ကျော်ခန့် ကျယ်ပြန့်တဲ့ ဧရာဝတီမြစ်ကြီးကို တွေ့မြင်ရတယ်။

"မိဖုရားကြီး နန်းမြင့်အောက်က ကွက်လပ်နေရာကို ကြွသွားတော့ ကျွန်မတို့လည်း နောက်တော်ပါးက လိုက်သွားကြတယ်။ ကျွန်မတို့ နန်းမြင့်ပေါ် လှမ်းကြည့်လိုက်တဲ့ အခါ အနောက်ဘက်ကို လှမ်းမျှော်ကြည့်နေတဲ့ အစောင့်ကို တွေ့ရတယ်။ အစောင့်ဟာ ကင်းစောင့်နေတဲ့ပုံမျိုး လှမ်းမျှော်ကြည့်နေတယ်။

"မိဖုရားကြီးက မရွှေနှင်းကို အစောင့်ဆီ လှမ်းခေါ်ခိုင်းလိုက်တယ်။ မရွှေနှင်းက အစောင့်ကို လှမ်းခေါ်လိုက်တယ်။ အစောင့်က အောက်ကို ငုံ့ကြည့်တယ်။ မိဖုရားကြီးက အစောင့်ကို 'ဘာမြင်ရသလဲလို့ လှမ်းမေးကြည့်စမ်း'လို့ အပျိုတော်ကို အမိန့်ပေးပြန်တယ်။ မိဖုရားကြီးရဲ့ အမိန့်အရ အပျိုတော်က အစောင့်ကို လှမ်းမေးလိုက်ပြန်တယ်။ အစောင့်



www.burmeseclassic.com

www.burmeseclassic.com



က ရန်သူသင်္ဘောတွေ ဆိပ်ကမ်းဆီ ခုတ်မောင်းလာတာကို တွေ့မြင်ရတယ် ဆိုတဲ့ အကြောင်းကို ပြန်ပြောတယ်။ သင်္ဘောစင်းရေ အများကြီး တွေ့ရကြောင်း၊ စက်ကုန်ဖွင့်ပြီး အလျင်အမြန် ခုတ်မောင်းလာတာကို တွေ့ရကြောင်းကိုလည်း အစောင့်က ပြောပြတယ်။

“မိဖုရားကြီးဟာ ခဏ စောင့်ဆိုင်းနေပြီး အစောင့်မြင်တွေ့သမျှကို မကြာခဏ အောက်ဘက် လှမ်းအကြောင်းကြားရမယ်လို့ အမိန့်ပေးလိုက်ပြန်တယ်။

“အစောင့်က ချက်ချင်းဆိုသလိုပဲ သင်္ဘောတွေ ဆိပ်ကမ်းကို ဆိုက်ကြပြီဆိုတဲ့ အကြောင်းနဲ့ မြို့နေသူ လူထုက အင်္ဂလိပ်သင်္ဘောတွေကို ဝိုင်းအုံကြည့်ရှုနေကြတယ် ဆိုတဲ့ အကြောင်းကို ပြောပြန်တယ်။ သင်္ဘောက အမြောက်နဲ့ ပစ်သလားလို့ မိဖုရားကြီးက မေးတဲ့အတွက် အစောင့်က ‘မပစ်ပါ’လို့ ပြန်လည်ပြောပြတယ်။

“အဲဒီသတင်းဟာ ရုတ်ခြည်းပဲ နန်းရင်ပြင်တစ်ခုလုံး ပျံ့သွားတယ်။ အဲဒါကြောင့် အတွင်းဝန်များနဲ့ တခြား မင်းချင်းများဟာ သတင်းနားထောင်ရန်အတွက် နန်းမြင့်အောက်ကို စုဝေး ရောက်ရှိလာကြတယ်။

“နန်းမြင့်အောက်မှာ လူစုလူဝေးကြီး ဖြစ်နေတယ်။ ဒါပေမဲ့ မိဖုရားကြီးရဲ့ အနီးမှာရှိတဲ့ ကွက်လပ်နေရာကိုတော့ သူ့ကို ခစားနေတဲ့ ကျွန်မတို့မှတစ်ပါး တခြား ဘယ်သူမှ မလာရဲဘူး။ ဘုရင်မင်းတရားကြီး ဘယ်ဆီ ရောက်တယ်ဆိုတာတော့ ကျွန်မ မသိဘူး။ အဲဒီမနက်က ကျွန်မ ဘုရင်မင်းတရားကြီးကို မတွေ့ဘူး။

“အကြာကြီး စောင့်နေရပြန်တယ်။ ပြီးတော့ မိဖုရားကြီးက ဘာမြင်ရသေးသလဲလို့ တစ်ခါ ထပ်မေးလိုက်ပြန်တယ်။

“အစောင့်က စစ်သားတွေ ဆိပ်ကမ်းပေါ် ဆင်းနေကြပြီ ဆိုတဲ့အကြောင်း၊ မြင်းတွေ၊ အမြောက်တွေနဲ့ စစ်သားတွေ အမြောက်အမြား ဆိပ်ကမ်းကို ဆင်းလာကြပြီ ဆိုတဲ့အကြောင်း၊ စစ်သားတွေဟာ နန်းတော်ဝ တံခါးဝကို တန်းပြီး ရောက်လာတဲ့ လမ်းမကြီးပေါ်မှာ စတင်ချီတက်လာပြီ ဆိုတဲ့ အကြောင်းတို့ကို ပြောပြတယ်။

“အင်္ဂလိပ်တွေ လမ်းမတွေက ဖြတ်ပြီး ရွှေနန်းတော်ဆီကို ချီတက်လာကြပြီဆိုတဲ့ အကြောင်းကို ကြားရတာနဲ့ တစ်ပြိုင်နက် မိဖုရားကြီးဟာ တစ်ခါဖြင့် အားလုံး ဆုံးပြီဆိုတဲ့ အကြောင်းကို သိရှိ ရိပ်မိလာတယ်၊ အဲဒီအချိန် မတိုင်မီအထိ မိဖုရားကြီးဟာ မျှော်လင့်ချက် ထားသင့်သလောက် ထားသေးတာနဲ့ တူပါတယ်၊ ဖြစ်နိုင်သလောက် ဖြစ်နိုင်စရာ အလားအလာ ရှိသေးတယ်လို့ တွက်ထားတာနဲ့ တူပါတယ်။ ဒါပေမဲ့ အခုတော့ အားလုံး ဆုံးပြီ။ လုံးဝ မျှော်လင့်ချက် မရှိတော့ဘူး။ မန္တလေး ရွှေမြို့တော်ကြီးလည်း ကျသွားပြီ။ ဘုရင်မင်းတရားကြီးနဲ့ မိဖုရားကြီးရဲ့ ကံကြမ္မာလည်း ရွှေမြို့တော်ကြီးနဲ့ ထပ်တူထပ်မျှ ဖြစ်နေပြီ။ အင်္ဂလိပ်စစ်တပ်တွေ နန်းတော်တွင်း ရောက်လာတဲ့အခါ ဘာတွေ ဖြစ်ဦးမယ် ဆိုတာ ဘယ်သူ ပြောနိုင်မလဲ။

“မိဖုရားကြီးဟာ ရုတ်တရက် သူ့ကိုယ်သူ ကျောက်ပြားပေါ် မှောက်လျက် လှဲချလိုက်တယ်။ သူ့ဆံပင်တွေက သူ့မျက်နှာတစ်ဝိုက်မှာ ပြန့်ကြဲနေကြတယ်။ ရှိုက်ကြီးတငင်နဲ့လည်း ငိုကြွေးနေရှာတယ်။

“အဲဒါကို မြင်တွေ့ရတော့ လူတွေအားလုံး တခြား ထွက်သွားကြတယ်။ နန်းမြင့်အောက်က ကွက်လပ်ထဲမှာ မိဖုရားကြီးနဲ့ ကျွန်မတို့မှတစ်ပါး အခြား ဘယ်သူမှ မရှိတော့ဘူး။

“မိဖုရားကြီးဟာ ဒူးထောက်ပြီး ထ လိုက်တယ်။ ပြီးတော့ သူ့ရင်ဘတ်ကို သူ့လက်နဲ့ ထုတယ်။ ဘုရင်မင်းတရားကြီးနဲ့ တိုင်းပြည်နိုင်ငံအပေါ် ကံဆိုးမိုးမှောင်ကျအောင် လုပ်မိလေခြင်း ဆိုပြီး ဟစ်အော် ငိုကြွေးရှာတယ်။

“‘ငါ့မောင်တော်ဖြစ်တဲ့ ဘုရင်မင်းတရားကြီးနဲ့ ငါ့တိုင်းသူပြည်သားတွေ ကံဆိုးမိုးမှောင်ကျအောင် လုပ်တာ တခြားလူ မဟုတ်ဘူး။ ငါ....ငါ’ ဆိုပြီး ငိုကြွေးရှာတယ်။

“ပြီးတော့ တစ်ဖန် ကျောက်ပြားပေါ် မှောက်လျက် လှဲချလိုက်ပြန်တယ်။ သမံတလင်းကိုလည်း လက်နဲ့ ထုနေတယ်။ သူ့တစ်ကိုယ်လုံးကတော့ ရှိုက်ကြီးတငင် ဖြစ်နေတဲ့ အတွက် လှုပ်ခါနေတယ်။

“ကျွန်မတို့လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြတယ်၊ ဘာလုပ်ရမှန်း မသိတော့ဘူး။ မိဖုရားကြီး အဲဒီလို အခြေအနေမျိုး ဖြစ်နေတာကို တွေ့ရတော့ ကျွန်မတို့ အသည်းနှလုံးတွေလည်း ကွဲအက်ကုန်ကြတယ်။

“ဒါပေမဲ့ ကျွန်မတို့ ဘာလုပ်နိုင်မှာလဲ၊ ကွက်လပ်မှာ ခင်းထားတဲ့ ကျောက်ပြားပေါ်မှာ မိဖုရားကြီး မှောက်ပြီး ငိုနေတာဟာ ထမင်းတစ်အိုး မကျက်တကျက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြာမယ်။ ဒါပေမဲ့ တစ်နှစ်လောက် ကြာသွားတယ်လို့ အောက် မေ့ရတယ်။

"နောက်ဆုံး တွေ့လိုက်ရတဲ့ မိဖုရားကြီးကို ကျွန်မ သတိရနေတယ်။ ကျောက်ပြားပေါ်မှာ မှောက်လျက်လှဲပြီး ကျဆုံးသွားပြီ ဖြစ်တဲ့ သူ့တိုင်းနိုင်ငံနဲ့ လူညွန့်တုံးသွားပြီ ဖြစ်တဲ့ သူ့မောင်တော် မင်းတရားကြီးအတွက် ရှိုက်ကြီး တငင် ငိုကြွေးနေရှာတဲ့ မိဖုရားကြီးဟာ ကျွန်မ မျက်စိထဲက ပျောက်ကွယ် မသွားတော့ဘူး သခင်။

"ပြီးတော့ မိဖုရားကြီးဟာ မှောက်လှဲနေရာက ထ လိုက်တယ်၊ အပျိုတော်တစ်ယောက်က သူ့ဆံပင်ကို ထုံးပေး တယ်၊ ဖရိုဖရဲဖြစ်နေတဲ့ သူ့အဝတ်အစားကိုလည်း နေသား တကျ ဖြစ်အောင် ပြန်ပြုပြင်ပေးတယ်။ ဖုန်မှုန့်တွေကို ခါပေး လိုက်တယ်။ မိဖုရားကြီးဟာ လှမ်းကြွတော့မယ် လုပ်လိုက် တယ်။

"ဒါပေမဲ့ လှမ်းကြွတော့မယ် လုပ်လိုက်စဉ်မှာပဲ သတိတစ်ခု ရလာတယ်၊ သူ ကျွန်မတို့ကို သတိရလာတယ်၊ သူ့အပျိုတော်တွေကို သတိရလာတယ်။

"မိဖုရားကြီးက ကျွန်မတို့ဘက် လှည့်ပြီး မိန့်တော် မူတယ်။ 'အင်္ဂလိပ်တွေ နန်းတော်ထဲ ရောက်လာတော့မယ်၊ မယ်မင်းတို့ ကံဆိုးမိုးမှောင်ကျနေတဲ့ ဒီနန်းတော်က ထွက် ပြေးဖို့ အချိန်ရှိသေးတယ်၊ မယ်မင်းတို့ ထွက်သွားကြဖို့ မဖုရား အမိန့်ပေးပြီးပြီ၊ ခပ်မြန်မြန် ခပ်သုတ်သုတ်သာ ထွက် သွားကြပေတော့။ မဖုရားရဲ့ ရဲရှေတော်တွေ အစော်ကား ခံရတဲ့အတွက် မဖုရားရဲ့ဒုက္ခ ထပ်မပွားရပါစေနဲ့ မယ်မင်း တို့'

"မိဖုရားကြီးဟာ အဲဒီလို အမိန့်ရှိပြီး လက်တွေ့ယမ်း ပြတယ်၊ ပြီးတော့ သူနဲ့အတူ ကျန်ခဲ့တဲ့ အပျိုတော် အနည်း ငယ်နဲ့အတူ ကြွသွားတော်မူတယ်။

"ကျွန်မတို့ သူ့ကို တိုက်နန်းတော် ကျော်လွန်သွား တဲ့အထိ၊ ရေပန်းဖွားများ ကျနေတဲ့ ရေတံခွန် ကျော်လွန်သွား တဲ့အထိ၊ နန်းတော်တွင်းက အဆောင်တော်ထဲ ဝင်ရောက် ပျောက်ကွယ်သွားတဲ့ အထိ ရပ်ကြည့်နေကြတယ်။

"မိဖုရားကြီးဟာ မျက်ရည်တွေ ဆေးကြောပစ်ဖို့ အတွက်၊ ရတနာတန်ဆာတွေ ဆင်မြန်းဖို့အတွက် ကြွသွား တယ်။ ဒါမှ စစ်နိုင်သူများရဲ့ ရှေ့မှောက်မှာ မိဖုရားကြီးအဖြစ် နဲ့ ထည်ဝါစွာ စံနေနိုင်မယ်။

"မိဖုရားကြီးဟာ ကျွန်မတို့ရဲ့ မျက်စိအောက်က ကွယ်ပျောက်သွားပြီ၊ ကျွန်မတို့ အကြာကြီး ငိုင်တိငိုင်တိုင် ဖြစ်နေကြသေးတယ်၊ ပြီးမှ ကျွန်မတို့လည်း လူစုခွဲလိုက်ကြ တယ်"

*

## [၅] သီပေါမင်း၏ သတင်းစာကွန်ဖရင့်

ပါတော်မူချိန် ၁၈၈၅ ခု နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်တွင် သီပေါမင်းအား အင်္ဂလိပ်ဗိုလ်ချုပ် ပရင်ဒါဂတ် အပြင် အခြား ပုဂ္ဂိုလ်တစ်ဦးကလည်း လူကိုယ်တိုင် တွေ့ဆုံ မေးမြန်းခဲ့ သည်။

အင်္ဂလိပ် စစ်ဆင်ရေးအဖွဲ့နှင့်အတူ အင်္ဂလိပ်သတင်း စာ ဆရာ တစ်ဦးလည်း ပါလာရာ ၎င်းတို့အထဲတွင် လန်ဒန် တိုင်း (London Times) သတင်းစာတိုက်မှ ရန်ကုန် သတင်း ထောက် မွိုင်လင် (E.K. Moylan)လည်း ပါသည်။

မွိုင်လင်အား အင်္ဂလိပ်ဗိုလ်ချုပ်က ကောင်းစွာ လက်ခံကာ သီပေါမင်း နန်းကျကြောင်းကို ပြည့်စုံစွာ သတင်းရနိုင်ရေးအတွက် အထူး အခွင့်အရေး ပေးထား ခဲ့သည်။

မွိုင်လင်သည် ဗိုလ်မှူးကြီး စလေဒင်နှင့်လည်း ခင်ခင်မင်မင် ဖြစ်နေ၍ ထိုနေ့ နံနက်တွင် သတင်းယူရန် စလေဒင်နှင့် အတူ သီပေါမင်းရှိရာ ရွှေနန်းဆောင်တော်အိမ်သို့ အတူ ပါလာခဲ့ခြင်း ဖြစ်သည်။

ထိုသတင်းသည် ဒီဇင်ဘာလ ငါးရက်နေ့ထုတ် လန် ဒန်တိုင်း သတင်းစာတွင် ပါခဲ့ရာ အတော် စိတ်ဝင်စားဖွယ် ဖြစ်သည်။

ရွှေနန်းဆောင်တော်အိမ်တွင် သီပေါမင်း၊ စုဖုရားလတ်၊ စုဖုရားကြီး၊ ၎င်းတို့မယ်တော်နှင့် ဘုရင့်နှမတော်တို့ ရှိကြ သည်။

စကားပြန်မှ တစ်ပါး အခြား မည်သူမျှ မရှိကြပေ။ သတင်းယူချိန်တွင် စလေဒင်နှင့် မွိုင်လင် နှစ်ဦးစလုံးတို့သည် မတ်တတ် ရပ်လျက်သာပင် ရှိကြသည်။

မွိုင်လင် ပို့လိုက်သည့်သတင်း၌ စလေဒင်သည် မြန်မာဘုရင်အား ပထမဆုံးအကြိမ် ဖိနပ်စီးလျက်သား ဒူး မတုပ်ရဘဲ တွေ့ခွင့်ရသူဟု ဖော်ပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်သည် ဘုရင့်ဘေးတွင်ထိုင်ကာ အပြန်အလှန် ပြောနေသမျှကို ဂရုတစိုက် နားထောင်နေပြီး တစ်ခါတစ်ရံတွင်လည်း သူမကိုယ်တိုင် ဝင်ပြောလေသည်။

မှိုင်းလင်၏ အမြင်တွင် "သီပေါမင်းသည် ကြံ့ခိုင်တောင့်တင်းသည်၊ သိမ်မွေ့သည့် မျက်နှာထားရှိသည်၊ ငယ်ရွယ်သူ လူချောတစ်ဦး ဖြစ်ပြီး အသက် ၃၀ ခန့် ရှိသည်။ ကုန်းဘောင်နွယ်တို့၏ ထူးခြားချက် လက္ခဏာတစ်ခု ဖြစ်သည့် နောက်သို့ လျှောကျသွားသော မဟာနဖူးမျိုး မရှိသူ" ဖြစ်သည်။

ရန်သူ့လက်သို့ ကျရောက်ရာတွင် အကြမ်းဖက်မှုကို စိုးရိမ်စရာ မရှိမှန်း သိနေပြီးဖြစ်၍လည်း ဘုရင်သည် ချောက်ချားမှု ပြေကာ တည်ငြိမ်သော ကာယိန္ဒြေ ရှိနေပေသည်။

**စလေဒင်** ။ ။ လန်ဒန်တိုင်းသတင်းစာတိုက်မှ သတင်းထောက်ကြီး မစ္စတာမှိုင်းလင်က အရှင်နှစ်ပါးတို့ကို အလေးပြုပါတယ်၊ မိန့်တော်မူလိုသော အကြောင်း အရာများကိုလည်း မှတ်သားပြီး သတင်းစာမှာ ထည့်သွင်း ဖော်ပြလိုပါတယ်။

**သီပေါမင်း** ။ ။ လန်ဒန်တိုင်း သတင်းစာ အကြောင်းကို ကောင်းကောင်းသိပါတယ်၊ မြန်မာ ဝန်ကြီးများက အင်္ဂလိပ်ပြည်သူတို့ရဲ့ သဘောထား အယူအဆများကို သိရှိလေ့လာချင်လို့ အဲဒီသတင်းစာကို လွှတ်တော်က မှန်မှန် မှာယူ ဖတ်ရှုပါတယ်၊ ယခုလိုအချိန်မှာ မြန်မာဘုရင်ရဲ့ သဘောထားဆန္ဒများကို အင်္ဂလိပ်ပရိသတ်များ ကြားနာကြစေလိုပါတယ်၊ လန်ဒန် သတင်းထောက်ကြီးကလည်း ဘုရင့်စကားကို ကြားနာရသမျှ တစ်လုံးမကျန် ရေးသား တင်ပြဖို့ မေတ္တာရပ်ခံပါတယ်။

(သတင်းထောက် မှိုင်းလင်က မေတ္တာရပ်ခံသည့်အတိုင်း ဘုရင် ပြောသမျှ လိုက်ရေးသည်။ ၎င်းရေးပြီးသော မှတ်စုကိုလည်း ဘုရင့်အား ပြန်ဖတ်ပြလေသည်။)

**သီပေါမင်း** ။ ။ ကျုပ်က ပါးစပ်ပိတ် နေချင်ပါတယ်၊ ကျုပ်မှာ ရှိသမျှကို အင်္ဂလိပ်တွေကို ပေးပြီးပြီ၊ ဒီနိုင်ငံကို ယခုအချိန်မှာရော အနာဂတ်မှာရော ဗိုလ်မှူးစလေဒင်ပဲ အုပ်ချုပ်စေချင်ပါတယ်။ ကျုပ်ကတော့ ဘုရင်အဖြစ်နဲ့ မကောင်းတဲ့ အကြံဉာဏ်များ အပေးခံရသူပါ၊ ကျုပ်ဝန်ကြီးအဖွဲ့မှာ သစ္စာ သမာဓိရှိသူ၊ အမြော်အမြင်ရှိသူ ရယ်လို့ အင်မတန်ရှားပါတယ်။ သူတို့ အသုံးမကျလို့ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်ရတယ်၊ အင်မတန် နာကြည်းစရာပါပဲ။

**စုဖုရားလတ်**။ ။ (စကားပြန်ဘက်သို့ လှည့်၍) သူတို့ကို ပြောလိုက်စမ်းပါ၊ တစ်နေ့က ကျုပ်မှာ အပျိုတော် ၃၀၀ ရှိခဲ့တယ်၊ မနေ့ညနေကျတော့ ၁၆ ယောက်ပဲ ရှိတော့တယ်။ ကျုပ်တို့မှာ အသက်ရှင်နေတဲ့ ကလေးနှစ်ယောက်ရှိတယ်၊ သုံးယောက်ကတော့ မြောက်ဉယျာဉ်မှာ မြှုပ်ခဲ့ရပြီ။

**သီပေါမင်း** ။ ။ ခင်ဗျားတို့ အင်္ဂလိပ်တွေက ဆွေတော်မျိုးတော် မင်းညီမင်းသား အားလုံးကို ကျုပ်သတ်တယ်လို့ ထင်ကြတယ်။ ဒီလို မဟုတ်ပါဘူး။ ကျုပ်ကိုလည်း အစောင့်တွေ ချထားတာပဲ၊ သူတို့အားလုံးဟာ လူသတ်သမားလက်ချက်နဲ့ ကျဆုံးကြရခြင်းပါ။ ကျုပ်ကိုယ်တိုင် အသတ်မခံရတာက ကျုပ်ဟာ အင်မတန် အေးတဲ့ သားတော်ပါလို့ ရှင်ဘုရင်ကြီး နတ်ရွာမစံခင်က မိဖုရားကြီးကို ပြောကြားခဲ့တဲ့ စကားကြောင့်ပါ။ ပုဏ္ဏားတော်တွေ ဇာတာဖွဲ့ကြတော့ ကျုပ်ဇာတာက ရှေ့ဆုံးက ထွက်လာတာပဲ။ ဘုရင်ဖြစ်ပြီးလို့ ၇လ ကြာတဲ့အထိ ကျုပ်ဟာ ဘယ်အထဲမှာမှ မပါရပါဘူး။ ကျုပ်ကို ဘိသိတ်တောင် မမြှောက်ဘူး၊ ရဟန်းဝတ်နဲ့ပဲ နေခဲ့ရတယ်။ 'ဆွေတော်မျိုးတော်တွေကို မသတ်ပါနဲ့၊ အကျဉ်းပဲ ချထားပါလို့' ကျုပ်က အမိန့်ပေးပါတယ်။ ဒါက နိုင်ငံမှာ ဆူဆူပူပူ မဖြစ်အောင်လို့ဘဲ။ မင်းညီမင်းသားတွေကို သတ်ဖို့ ဝန်ကြီးတွေက အမိန့်ပေးတော့ ကျုပ်က အိပ်ရာထဲမှာ အိပ်နေတာပါ။ ၈ လ ကြာတဲ့အခါမှာ မင်းညီမင်းသားတွေကို သတ်ခဲ့တဲ့ ရနောင်မင်းသားကြီးက ကျုပ်ကို သတ်ဖို့ ကြိုးစားသေးတယ်။

ခင်ဗျားတို့ အင်္ဂလိပ်တွေက ဘာမဆို ကျုပ်လုပ်တာလို့ အများအားဖြင့် အထင်ရှိနေကြတယ်။ ကျုပ်နောက်မှာ ဘာတွေဖြစ်နေတယ် ဆိုတာကိုတော့ ဘာမှ မသိကြဘူး။

ကျုပ်ဟာ နန်းတော်က တစ်ခါမှ အပြင်ကို မထွက်ခဲ့ဘူး။ ကျုပ် အရက်သမား မဟုတ်ဘူး ဆိုတာ အင်္ဂလိပ်တွေ သိစေချင်ပါတယ်။ ကျုပ်ဟာ ဘာသာတရားကို ကိုင်းရှိုင်းတဲ့ ဗုဒ္ဓဘာသာဝင် တစ်ယောက်ပါ။

ယခုအချိန်မှာ ကျုပ်ဟာ နန်းစဉ်ကျောက်မျက် ရတနာတွေကို အားလုံး လက်လွှတ်လိုက်ပြီ၊ လူမျိုးခြားတွေ ဖြစ်တဲ့ အင်္ဂလိပ်တွေဟာ ကျုပ်လက်စွပ်နဲ့ ကျုပ်မိဖုရားရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဝတ်တန်ဆာတွေကို ကျုပ်တို့လက်ဝယ် ဆက်လက်ထားရှိဖို့ကိုတော့ မကန့်ကွက်ပေဘူးလို့ ယူဆပါတယ်။

(ထိုသို့ ပြောဆိုရင်း သီပေါမင်းက သူ့လက်ဝယ်ဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်ကို ပြသလျက် စုဖုရားလတ်၏ စိန်ဘယက်ကိုပါ ညွှန်ပြသည်။)

**စလေဒင်** ။ ။ အရှင်နှစ်ပါး ဆက်လက် ဆင်မြန်းတော်မူကြပါ၊ အင်္ဂလိပ်များက ဘာမျှ မကန့်ကွက်ပါ။

**သီပေါမင်း** ။ ။ လန်ဒန် သတင်းထောက်ကိုလည်း နောက်ထပ် တွေ့ဆုံ လိုပါသေးတယ်၊ ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်နဲ့အတူ နောက်တစ်ခေါက် လာစေချင်ပါတယ်။

သတင်းထောက် မွိုင်လင်က နောက်တစ်ခေါက်သွားရာတွင် ထိုနေ့ညနေပိုင်းတွင် နေပြည်တော်မှ သီပေါမင်း ထွက်ခွာပုံကို ရေးသားဖော်ပြသည်။

ထိုသို့ ရေးသားရာတွင် အင်္ဂလိပ်စစ်တပ်များ ရောက်ရှိလာသည်က စ၍ မဖွယ်မရာ ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်များကို သတင်းစာဖတ် ပရိသတ်များ စိတ်နှလုံး ထိခိုက်လောက်အောင် သူ၏မျက်မြင်ကိုယ်တွေ့ ထုတ်ဖော်တင်ပြလေသည်။

သို့တင်ပြရာတွင် ထိုနေ့ညနေက ရွှေနန်းတော်တွင်းသို့ အမျိုးသမီးများအား အနောက်တံခါးမှ ဝင်ခွင့် ထွက်ခွင့်ပြုသော အမိန့်တစ်ရပ်ကို အင်္ဂလိပ် ဗိုလ်ချုပ်က ထုတ်ပြန်ခဲ့သည်။

ထိုကြောင့် မြို့ပေါ်မှ ရာပေါင်း များစွာသော အမျိုးသမီးများ နန်းတွင်းသို့ ဝင်ရောက်လာပြီး နန်းတွင်း ပစ္စည်းများကို တစ်ညလုံး ယူငင် သယ်ပိုးကြကြောင်း၊ ဗိုလ်မှူးစလေဒင်ကြောင့်သာ နန်းစဉ် ရတနာများ ပါမသွားခြင်းဖြစ်ကြောင်း။

ဆက်လက် ဖော်ပြရာတွင်–

"ယမန်နေ့ ညက မန္တလေးမြို့ပေါ်တွင် အင်္ဂလိပ်များအဖို့ ရှက်ဖွယ်ကောင်းသည့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့ရာ စစ်ပွဲတစ်ခုလုံးတွင် ကျဆုံးခဲ့သော အသေအပျောက် စာရင်းထက်ပင် တစ်ညတာ သွေးထွက်သံယိုမှုများက ပိုမိုဆိုးရွားများပြားခဲ့ပေသည်။

ကုလားစစ်သားများက မြို့သူ လူထုလုအုပ်အတွင်းသို့ သေနတ်နှင့် တရကြမ်း ပစ်ခတ်ခဲ့ကြသည်။

အနောက်ပြင်တွင် အီတာလျံသံရုံးနှင့်တကွ အခြား ဥရောပသားတို့၏ အိမ်ရာများ တိုက်ခိုက်ခံကြရသည်။

ညအချိန်တွင် လမ်းမကြီးများကို လက်နက်ကိုင် မြန်မာတို့က အုပ်စီးထားကြသည်။

ဘုရင့် ဆွေတော်မျိုးတော် မင်းသမီးများပင် လမ်းပေါ်၌ လုယက် နှိပ်စက် ခံကြရသည်။

ဘုန်းကြီးကျောင်းများကိုလည်း ဓားပြတိုက်ကြသည်။ မန္တလေးမြို့ ကာကွယ်ရေးအတွက် အင်္ဂလိပ်စစ်ဘက်မှ စီစဉ်မှု အလွန် ညံ့ဖျင်း၏။

စစ်ဌာနချုပ်မှာ သုံးမိုင်ကွာ မီးသင်္ဘောပေါ်၌ ဖွင့်လှစ်ထားသည်။

မြို့ပြအုပ်ချုပ်ရေးကို ထိရောက်စွာ မဆောင်ရွက်နိုင်ပါက ဆိုးရွားသော အကျိုးဆက်များ ပေါ်လာပြီး မြန်မာတစ်ပြည်လုံး ပြိုပျက်သွားဖွယ် ရှိလေသည်။

ကျွန်ုပ် စာရေးနေစဉ်မှာပင် ကျွန်ုပ်၏အိမ်အနီးတွင် လူနှစ်ဦးသည် နေ့ခင်းကြောင်တောင်၌ပင် ဓားပြသတ်၍ သေရရှာပြီ။

မြို့၏ အရှေ့မြောက်ဘက်ရှိ အတုမရှိကျောင်းတော်ကြီးရှိ ရုပ်ပွားတော်မှ ဥဏ္ဏာလုံမွေးရှင်သင်းကျစ်တော်၌ ဆင်မြန်းသော စိန်ကောင်းကြီးတစ်လုံးကိုလည်း အင်္ဂလိပ် အစောင့်စစ်သားများက ခိုးယူကြသည်။"

စသဖြင့် ပါရှိ၏။

ထိုသို့ မွိုင်လင် ရေးသား ပေးပို့သည့် မန္တလေးကိုယ်တွေ့သတင်းတို့ကို ၁၈၈၅ ခု ဒီဇင်ဘာလ ၅ ရက်နေ့ထုတ် လန်ဒန်တိုင်း သတင်းစာတွင် ဖော်ပြပါရှိရာ အယ်ဒီတာကလည်း ခေါင်းကြီးပိုင်း၌ အောက်ပါအတိုင်း ပြင်းထန်စွာ ဝေဖန် ရေးသားခဲ့သည်။

"မြန်မာပြည် စစ်ဆင်ရေးကား ပြီးဆုံးခဲ့လေပြီ။ ဗိုလ်ချုပ်ပရင်ဒါဂတ်၏ အောင်မြင်မှုကြောင့် ရရှိလာသည့် အခြေအနေကို ယခု ကျွန်ုပ်တို့ သုံးသပ်နိုင်ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





သီပေါမင်းနှင့် စုဖုရားလတ်၊ စုဖုရားကလေး



စုဖုရားလတ်နှင့် အပျိုတော်များ

www.burmeseclassic.com

www.burmeseclassic.com

# ပါတော်မူ ပန်းချီနှစ်မျိုး



အများ မြင်ဖူးသော ဆရာချို၏ ပါတော်မူ ပန်းချီကား



နန်းတော်နှင့် သင်္ဘောများ အတူပါရှိသော ပါတော်မူ ပန်းချီကား

www.burmeseclassic.com

www.burmeseclassic.com



တောင်ဥယျာဉ်တွင်း၌ ပါတော်မူ ရှုခင်း

ယိုကွက်ဟာကွက် မရှိအောင် ကောင်းမွန်လှသည့် အစီအစဉ်များကို ဝမ်းနည်းဖွယ်ရာ အဖြစ်အပျက် တစ်ခုက အစွန်းထင်စေခဲ့သည်။

သီပေါဘုရင် နန်းကျချိန်တွင် မရေမရာသော စစ်မိန့်တစ်ရပ်ကြောင့် ရာပေါင်းများစွာသော အမျိုးသမီးတို့သည် နန်းတော်တွင်းသို့ ဝင်ရောက်လုယက် ယူငင်ကြသည်။

ဤ ကြားကာလအတွင်း ကြောက်ခမန်းလိလိ ပရမ်းပတာ ဖြစ်ခဲ့သည်။

မန္တလေး မြို့တော်ကြီးတွင် တစ်နေ့နှင့်တစ်ညတိတိ အဓိကရုဏ်းများ၊ သွေးချောင်းစီးမှုများ ဖြစ်ပွားခဲ့သည်။

ကြံ့ခိုင်သော အုပ်ချုပ်ရေးအဖွဲ့ တစ်ခုကို အမြန် တည်ဆောက်နိုင်မှ ကောင်းမည် ဆိုသည်မှာ ရှင်းနေပါသည်။

လက်ရှိ မင်းမဲ့စိုးမဲ့ အခြေအနေနှင့်စာလျှင် သီပေါမင်း အုပ်ချုပ်နေသည်ကပင် သာ၍ ကောင်းပေသေးသည်။”

လန်ဒန်တိုင်း သတင်းစာ၌ ထိုသို့သော ရေးသားချက်များ ပါရှိသဖြင့် သတင်းထောက် မို့င်လင်အား အင်္ဂလိပ်ဗိုလ်ချုပ်ကြီးက ရန်ကုန်သို့ ချက်ချင်း ပြန်သွားရန် ဒီဇင်ဘာလ ၉ ရက်နေ့၌ နှင်ထုတ်လိုက်လေသည်။

*

[ ကုန်းဘောင်ခေတ်အတွင်း၌ ပထမအကြိမ် ရှာပုံတော်ထွက်ခြင်း ဤတွင် ပြီးဆုံးပါသည်။ ]

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အာဇာနည် ပုဂ္ဂိုလ်တို့၏ အကြောင်းကို ကြားနာ လေ့လာရခြင်းသည်
မင်္ဂလာရှိ၏။ အမြဲတစေ စိတ်အား တက်ကြွ စေ၏။
မိမိဘဝနှင့် တိုင်းပြည်၏ သမိုင်းကို ပို၍ လေးနက်အဓိပ္ပာယ်ရှိစေ၏။
အလောင်းမင်းတရားသည် မြန်မာပြည်ကြီးကို
သူ့ခေတ် သူ့အခါက ကယ်တင်ခဲ့၏။
နှစ်ပေါင်း ၁၃၀ တည်ခဲ့သော ကုန်းဘောင်ခေတ်ကြီးကို စတင်ဖွင့်လှစ်ခဲ့၏။
ဤမြေ ဤရေကို ကုန်းဘောင်အာဇာနည်တို့၏ သွေး ချွေး တို့ဖြင့်
သွန်းလောင်း ပြုစု ပံ့ပိုး စေခဲ့သည်။
သူတို့ အသံ သူတို့အကြောင်းကို ကြားနာရခြင်းသည် ကျွန်တော်တို့ အဖို့
စိတ်သစ်မွေးကာ အားသစ်လောင်းသကဲ့သို့ ဖြစ်တော့သည်။



WIN MYINT OO 2005

www.burmeseclassic.com